

# ကြဖို

ဝတ္ထုတိုပေါင်းချုပ်

# မာတိကာ

(၁) ဟိုချိုသည်ချို မန်ကျည်းချို

(၂) ဖားပါလျှင် တစ်ကောင်ပေးပွဲ

(၃) အင်းလေလံ

(၄) ငါးရစ်တက်ချိန်

(၅) ဥပုသ်သည်

(၆) ပိုက်သမား

(၇) မိုးနှောင်းကာလ

(၈) နတ်ကနားပွဲ

(၉) ငါးနောက်သွား

(၁၀) ဘိန်းပုန်းစား

(၁၁) အထင်တော်လွဲလို့ရယ်

(၁၂) မြစ်တွေး ကွန်သံ လန့်တည့်လေး

(၁၃) အပေဟာသုခံ

(၁၄) သူတို့ဂေဟာ

(၁၅) ငါးဆီ

(၁၆) စိုးလုပါတယ်

(၁၇) ဗိုလ်ကျွန်းအင်းသားကြီး ဖိုးရွှေသီး

(၁၈) နာခေါင်းနှင့် ကျည်ပွေ့

(၁၉) လင်းလုပါပြီ

(၂၀) ခွပ်လိုက်ကြစို့ သူငယ်ချင်းရယ်

(၂၁) အကွီအင်းသွားရေလား

(၂၂) အကွီအင်းမှ ရှုခင်း

(၂၃) ဘုန်းကြီးကျောင်းသား

(၂၄) ခဲဖိုး

(၂၅) မွေးမေလေးတော် သူ စိတ်ဆိုးလို့

(၂၆) ပုထုဇ္ဇနော ဉမ္မတ္တကော

# ဟိုချီ ဒီချီ မန်ကျည်းချီ

(၁)

ညနေချမ်းဖြစ်၍ နေညိုညိုတွင် လေချိုသွေးနေသည်။ သစ်ပင်များထက်တွင် ကျေးငှက်များသည် ဘာသာဘာဝ အော်မြည် ရင့်ကျူးကာ အိပ်တန်းတက်ကုန်ကြပြီ။ သစ်ပင်ထက်တွင် အချင်းချင်း နေရာလုပဟန်ဖြင့် တစ်ကောင်နှင့် တစ်ကောင် ထိုးဆိတ်ရင်း ဆူညံနေကုန်သည်။

ကိုဒေါင်းစိန်သည် ဖွဲနုတောင်းကို ထမ်းကာ လျှောက်လာ၏။ သူသည် ရွာကို ကျော်လွန်သည်အထိ မရပ်မနား ဆက်လက်၍ သွားနေ၏။ ရွာနှင့် အတော်လှမ်းလှမ်း နေရာသို့ ရောက်မှ ကမ်းထိပ်တွင် ထိုင်ကာ ဖွဲနုတောင်းကို ချလိုက်၏။ သူ့မျက်စိရှေ့မှာတော့ ရှည်လျားကောက်ကွေ့သော ချောင်းရိုး သည် စင်းစင်း ရှိနေသည်။ ဤချောင်းရိုးအတွင်း ကမ်းစပ်တစ်လျှောက် မှာမူ ငါးများခိုအောင်းရန် ပြုလုပ်ထားသော ချုံများသည် တစ်ခုနှင့်တစ်ခု ဆက်ကာ ဆက်ကာ ရှိနေသည်။ ဟိုချုံဒီချုံ အားလုံးသော ချုံများမှာ မန်ကျည်း ချုံများသာ ဖြစ်သည်။

ကိုဒေါင်းစိန်သည် သူ့ရှေ့တည့်တည့်ရှိ ကမ်းစပ်မှ ရေလယ်သို့ ထိုးထွက်နေသော သူ့ချုံကိုသာ စိုက်ကြည့်နေ၏။ သူ့ချုံမှာလည်း အများသော ချုံများနည်းတူ မန်ကျည်းချုံပင် ဖြစ်ပါသည်။ မန်ကျည်းပင် အကိုင်းအခက်နှင့် မကျည်းတုံးများကို ရေထဲနစ်မြုပ်ထားပြီး အပေါ်မှ ဗေဒါပင်များနှင့် ဖုံးအုပ်ထားသော မန်ကျည်းချုံပင် ဖြစ်ပါသည်။ အနံ့အလျား စတုရန်းလေးထောင့် ပတ်လည်အငန်းလေးဆယ် လယ်တစ်ကွက်ခန့်ရှိမည်ထင်၏။

သူသည် ဖွဲနတောင်းကု ခါးစောင်းတင်ကာ ကမ်းစပ်သို့ ဆင်းသွား၏။ ဖွဲနတောင်းထဲမှ ဖွဲန လက်တစ်ဆုပ် နှိုက်ယူပြီးနောက် ချုံ၏ အလယ်တွင် ဗေဒါပင်များ မရှိသဖြင့် ရေပြောင်ဖြစ်နေသော နေရာသို့ လှမ်းပက်ဖြန့်လိုက်၏။ နောက်ထပ်လည်း တစ်ဆုပ်ပြီးတစ်ဆုပ် နှိုက်ယူကာ ထိုနေရာ သို့ပင် လှမ်းပက် ဖြန့်နေ၏။ ဖွဲနမှုန်ကလေးများမှာ ချုံ၏ အလယ်ရေပြောင်တွင် ပျံ့ဝဲကျလာပြီး နောက် ပေါလော မျောနေ၏။

သူ့တောင်းထဲတွင် ဖွဲနများကုန်မှ သူ ကမ်းထိပ်သို့ ပြန်တက်လာကာ ရပ်ကြည့်နေ၏။ ရေပေါ်တွင် ပေါလောမျောနေသော ဖွဲနများအား ငါးကလေးများ ထိုးဟပ် စားနေသည်ကို မြင်၍ သူ့ရင်တွင်း၌ ပီတိ ဖြစ်နေ၏။ တစ်နေရာ တည်းတွင် မဟုတ်ဘဲ နေရာအနှံ့အပြားမှ ငါးအမြောက်အများ ထပွက်ကာ ဖွဲနကလေးများကို ထိုးဟပ်စားနေသည်ကို မြင်ရ၍လည်း ကျေနပ်နေမိ၏။ တစ်ချီတစ် ချီတွင် ငါးကြီးများက ဖွဲန စားနေသော ငါးကလေးများအား ဝုန်းခနဲ ထိုးဟပ်လိုက်သည့် အခါတွင်မူ သူ့မျက်နှာသည် ပြုံးပြုံးကြီး ဖြစ်သွားတတ်၏။ အား... ငါ့ချုံထဲမှာတော့ ငါးကြီးရော ငါးလေးရော အတော်များများ ရောက်နေ ပါပေါ့ကလား။

ပင်ပန်းကျိုးဖြင့် နပ်တော့မည်။ ဝမ်းမြောက်ခြင်းဖြင့် ပြုံးမိသည်။ ကမ်းစပ် တစ်လျှောက် ချုံတွေက ပေါများလှသည်ဖြစ်ရာ ငါးတွေမှာလည်း အပျံ့ပျံ့အနှံ့နှံ့ ဖြစ်နေသည်။ သို့သော် သူ့ချုံမှာ အစာ မှန်မှန်ကျွေးနေသော ချုံဖြစ်၍ အခြားချုံမှ ငါးများပင် သူ့ချုံတွင်းသို့ ကူးပြောင်းကာ ပျော်ပိုက်စွာ ခိုအောင်းနေခြင်းဖြစ်ရမည်။ ပြီးတော့ သူ့ချုံနေရာမှာ ငါးများ နှစ်ခြိုက်စွာ ခိုအောင်းနေတတ်သော အိုင်ရှိသည့် ကမ်းစပ်တွင် ဖြစ်၍လည်း ချောင်းရိုးတစ်ခုလုံးမှ ငါးများအားလုံး သူ့ချုံထဲ၌သာ ခိုအောင်း နေရမည် ဟုပင် လောဘတကြီး တေးမိသည်။ ပင်ပန်းကျိုးဖြင့် နပ်တော့မည်။ ဝမ်းမြောက်ခြင်းဖြင့် ပြုံးမိသည်။

"ဝုန်း ... ဝုန်း ... ဖွမ်း"

ငါးပတ်ကြီး တစ်ကောင်က ဖွဲနစားနေသော ငါးကလေးများကို ထိုးဟပ်လိုက်ရာ ရေပေါ်သို့ တစ်တောင်ခန့် မြောက်တက် လာသဖြင့် ငါးပတ်ကြီးကို သူမြင်လိုက်ရ၏။ ချစ်သူ ရည်းစားကလေးအား ပထမဆုံးအကြိမ် နမ်းဖူးတွေ့ ဒူးတွေ့ တွေ့ဆုံလိုက်ရသလို သူ့ရင်ထဲ၌ ဒိတ်ခနဲ ဖိုခနဲ နေအောင် ပီတိတွေ ထသွား၏။ မယ်စိန်ရေ တို့ချုံထဲ ခုလို ငါးပေါပုံမျိုးနဲ့ ဆိုရင် ဒီနှစ် တို့တော့ ကြွေးကြီး ဆပ်ပေ့ါကွယ်။

အတွေးဖြင့် ကျေနပ်နေစဉ်မှာပင် ငါးရံ့ကြီးတစ်ကောင်က ရေထဲမှ ဝုန်းခနဲ နေအောင် ထခုန်လိုက် ပြန်၏။ ထိုငါးရံ့ ထခုန်လိုက်သော အရှိန်ဖြင့် ငွေရောင်ဖွေးနေသော ငါးဖယ်အောင်း သုံးလေးကောင်က လန့်ဖျပ်ပြီး ခုန်လိုက် ပြန်ရာ ရေမျက်နှာပြင်ပေါ်မှ ဖွဲနကလေးများကို စားနေသော ငါးကလေးများ မှာလည်း ကြောက်လန့်တကြား ကူးသန်း တိမ်းရှောင်သွားကြရာ ရေမျက်နှာ ပြင်မှာ တည်ငြိမ်ရာ မရရှာဘဲ တသဲသဲ လှုပ်ရှား သွား၏။

သူ့ချုံထဲ၌ ငါး အနည်းအများကို သည်မျှလောက် အကဲခတ်လျှင် လုံလောက်ပေပြီ။ ယခု သူ့ချုံတွင်း၌ ငါးအတော် ကလေးများနေပြီကို ဒိဋ္ဌသိရပြီ ဖြစ်ရာ နက်ဖြန်ကို ပိတ်ဆို့ဖမ်းဖို့ အချိန်တော်ပေပြီ။

သူသည် ကျေနပ်သော စိတ်ထားဖြင့် နေအိမ်သို့ လမ်းလျှောက် ပြန်လာ၏။ ရင်ကိုကော့၍ ခေါင်းကို မော့ကာ ခြေလှမ်း မှန်မှန်နှင်းပြီး ခပ်ကြွားကြွား လျှောက်ပြန်ခဲ့၏။ ကိုလေးဖိုးကွန့်တို့ အခါတိုင်းနှင့် မတူ တစ်မူ ထူးနေသော သူ့အား ကိုလေးဖိုးကွန့်က ခပ်ပြုံးပြုံး လှမ်းကြည့်နေရင်းမှ “ဒေါင်းစိန် တစ်ယောက်တော့ သူ့ချုံထဲ ငါးတော်တော်တွေ့လာတယ် ထင်တယ်ဟေ့” ဟု အိမ်နီးချင်းများအား ခပ်ကျယ်ကျယ် ပြောလိုက်သံကို သူကြားလိုက်ရသော်လည်း မကြားသလို မသိသလို ဟန်မပျက် လျှောက်လာခဲ့၏။ သူ့အိမ်ရှေ့ အရောက်တွင် အိမ်တွင်းသို့ ရုတ်တရက် မဝင်ဘဲ လမ်းမ၌ပင် စုံရပ်ကာ အိမ်နီးချင်းများ ကြားလောက်သော အသံဖြင့် မယ်စိန်အား အော်ဟစ် ပြောလိုက်လေသည်။

"ဟော့ မယ်စိန်၊ ရွာလယ်က ကိုပေါက်တူးရဲ့ ဂုံနီပိုက်ကို သွားငှားစမ်း၊ နက်ဖြန်ကို ချုံဆိုဖို့ သေချာပြီလို့။ ဂုန်နီပိုက်ကို ဘယ်သူ့မှ လက်မကူးပါနဲ့လို့။ နက်ဖြန်ကို မငှားနိုင်သေးဘူး၊ စောင့်ပါဦး၊ ဘာညာ ဆိုရင် မစောင့်နိုင်ဘူး၊ ချုံထဲမှာ ငါးအတော်များနေတုန်း အမိဖမ်းရမှာမို့ နက်ဖြန်ဆက်ဆက်ရမှ ဖြစ်မယ်လို့ ပြော။ ဒါနဲ့မှ ချေးများနေသေးရင် ပိုက်ခကို ငွေတစ်ဆယ် မဟုတ်ဘူး၊ တစ်ဆယ့်ငါးကျပ် အထိ ပေးမယ်လို့ ပြောကွာ။ ရေငုပ်သမားနှစ်ဦးနဲ့ ပိုက်ရှင်ကိုလည်း အရက်အဝတိုက်မယ်လို့ ပြော၊ ကြားလား၊ နက်ဖြန်ဆိုရင် နက်ဖြန်နော်၊ သန်ဘက်ဖိန်းနွဲ့ မဖြစ်ဘူး"။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

(၂)

ဘုန်းကြီးကျောင်းမှ အရုဏ်တက် ဝတ်တက် အုန်းမောင်းခေါက်သံ ကြားရသောအခါ ကိုဒေါင်းစိန် လန့်နိုးလာ၏။ ခါတိုင်းခါတိုင်း ဆိုလျှင် ဒီအချိန် အိပ်ကောင်းတုန်း အချိန်ဖြစ်၍ အိပ်ရာမှ ထဖို့ စိတ်ကူးပင် မထည့်ခဲ့။ သို့သော် ယခုတစ်ကြိမ်တွင်မူ သူသည် အိပ်ရာထဲ၌ အပျင်းမဆန့်ဘဲ ချက်ချင်းပင် ထလိုက်၏။ ယနေ့ကား သူ့ချုံကို ပိတ်ဆို့၍ ငါးများကို ဖမ်းယူရမည့် နေ့ဖြစ်၏။ သူ့ချုံအတွင်း၌ ငါး အတော်များများ မြင်ခဲ့ရသည် ဖြစ်သော ကြောင့်လည်း ချုံဆို့မည့်နေ့နှင့် ဤချုံဆိုမည့် အချိန်ကို သူ စိတ်စောနေခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် တစ်ခါမျှ မနိုးဖူးသော အချိန်တွင် နိုး၍ တစ်ခါမှ မထဖူး သောအချိန် သူ ထလိုက်ခြင်း ဖြစ်၏။

သူ့ချုံကို ပိတ်ဆို့ဖို့မှာ အားလုံးအသင့် ဖြစ်နေလေပြီ။ ညဦးကတည်း ကပင် အသပြာငွေ တစ်ဆယ်နှင့် ငှားလှေရှိသော ကိုပေါက်တူး၏ ဂုန်နီပိုက်ကို တစ်ဆယ့်ငါးကျပ်အထိ တိုးပေးကာ မရမနေ ငှားရမ်းခဲ့ ပြီး သူ့ချုံရှိရာ ကမ်းစပ်သို့ အရောက် ပို့ထားပြီးခဲ့ပြီ။ ကိုလေးဖိုးကွန့်နှင့် ကိုလူမောင်ကိုလည်း သူ့ချုံ ဆိုသည့် အခါတွင် ကူညီညာလုပ်ကိုင်ရန် ဖိတ်ကြားထားပြီးပြီ။ ယခုဆိုလျှင် ကိုလေး ဖိုးကွန့်နှင့် ကိုလူမောင်ကို နှိုးကာ သူ့ချုံ ကို သွားရောက်ပိတ်ဆို့ရန် အချိန်တန်ပြီ။

အမှတ်မထင်ပင် ညတုန်းက ကိုလူမောင်နှင့် သူ အငြင်းပွားခဲ့ရသော ကိစ္စတစ်ခုကို သွား၍ သတိရမိ၏။ ကိုလူမောင်က သူ့ချုံကို မိုးစင်စင်လင်းမှ ပိတ်ဆို့ဖို့ အကြံပေး၏။ သူက ထိုအကြံပေးချက်ကို လက်မခံဘဲ မိုးမလင်းမီ

ဝေလီဝေလင်း အချိန်ကစ၍ ပိတ်ဆို့မည်ဟု တစ်ထစ်ချ ဆုံးဖြတ်ထားသော အသံဖြင့် ပြောခဲ့၏။ သူ ခွပြောခြင်း မဟုတ်။ သူ့၌ လုံလောက်သော အကြောင်း ရှိသည်။ တကယ်ဆိုတော့ သူ့ချုံအကြောင်း သူ ပိုသိသည်။ သူ့ချုံတွင်း၌ ငါးမျိုးစုံ ရှိရုံသာမက ငါးဖယ်ကလည်း အတော်များသည်။ ဤငါးဖယ်များမှာ မိုးလင်း သည်နှင့် တစ်ပြိုင်နက် ချုံထဲ၌ မနေတော့ဘဲ အပြင်သို့ အစာရှာ ထွက်တတ်ပြီး မိုးချုပ်မှ ချုံထဲသို့ ပြန်ဝင်သည်။ အကယ်၍ မိုးစင်စင်လင်းမှ သူ့ချုံကို ပိတ်ဆို့ ပါက ဤငါးဖယ်များကို မိလိုက်တော့မည် မဟုတ်။ မိုးမလင်းမီ ဝေလီဝေလင်း အချိန်က စ၍ ပိတ်ဆို့မှသာ ဤငါးဖယ်များပါ တစ်ပါတည်း မိနိုင်မည်။ ဤအချက်ကို မသိသော ကိုလှမောင်ကပင် သူ့ကို ငေါ့လိုက်သေးသည်။ "အေး မင်းချုံမို့ မင်းဟာ မင်း ဘယ်အချိန်ပိတ် တို့က အကြံပေးရုံအပြင်က ဘာတတ်နိုင်ဦးမှာလဲ" တဲ့။ သူက ဘာနားလည်လို့လဲ။

သူသည် တစ်ချက်မျှ သမ်းဝေလိုက်ပြီးနောက် သူ့အနီး၌ အိပ်မော ကျနေသော မယ်စိန်ကို ပုတ်နိုး လိုက်၏။ မယ်စိန် နိုးလာသော အခါတွင် ထမင်းဟင်းကို စောစောချက်ပြီး ပို့ရန် မှာထားခဲ့ပြီးနောက် အိမ်ပေါ်မှ ဆင်းကာ ကိုလေးဖိုးကွန့်နှင့် ကိုလှမောင်ကို သွားနှိုး၏။ ကိုလေးဖိုးကွန့်မှာ အလွယ်တကူနှင့် နိုး၍ ချက်ချင်းပင် ထလိုက်လာခဲ့သော်လည်း ကိုလှမောင်ကိုမူကား အချိန်အတော် ကြာအောင် နှိုးယူရသည်။ ထလာ ပြန်တော့လည်း ပျင်းရိရိနှင့် အီလေးကြီးဆွဲလို့၊ စိတ်မရှည်စရာ။

ပြာသိုလမို့ ခိုက်ခိုက်တုန်အောင် ချမ်းလှသဖြင့် သုံးယောက်သား စကားမပြောအားဘဲ ခပ်ကုပ်ကုပ် ကလေး လျှောက်လာ၏။ ကိုဒေါင်းစိန်၏ ချုံရှိရာ ကမ်းစပ်သို့ ရောက်သောအခါ မိုးစင်စင် လင်းလုပါပြီ။

ကိုဒေါင်းစိန်ကား အချိန်ကို အနည်းငယ်ကလေးမျှ မဖြုန်းဝံ့တော့ဘဲ ချက်ချင်းပင် ပိတ်ဆို့ရန် ပြင်ဆင်ရ၏။ မိုးလင်းသွားပါက သူ့ချုံထဲမှ ငါးဖယ်များ ထွက်သွားတော့မည် ဖြစ်ရာ နှောင့်နှေးနေ၍ မဖြစ်တော့။

သူသည် ကိုလေး ဖိုးကွန်းနှင့် ကိုလူမောင်အား ယခုချက်ချင်း ပိတ်ဆို့တော့မည် ဖြစ်ကြောင်း ကြေညာလိုက်ပြီးနောက် ချုံအနီးတွင် ဆိုက်ကပ်ထားသော လှေကြီးတစ်စင်းပေါ်သို့ လှမ်းတက်လိုက် သဖြင့်၊ ကိုလေး ဖိုးကွန့်နှင့် ကိုလူမောင်လည်း ထိုလှေကြီးပေါ်သို့ တက်လိုက်လာရ၏။ ထိုလှေကြီး ပေါ်တွင် ကား ကိုပေါက်တူး ထံမှ တစ်ဆယ့်ငါးကျပ်ပေး၍ ငှားထားရသော ဂုန်နီ ပိုက်ကြီးကို အသင့်တင် ထားပြီးရှိနေသည်။

ကိုလူမောင်သည် ပဲ့ကိုင်ပေး၍ ကိုဒေါင်းစိန်နှင့် ကိုလေးဖိုးကွန့်က လေးလံ လှသော ဂုန်နီပိုက်ကြီးကို ချုံပတ်လည် တစ်လျှောက်ရှိ ရေထဲသို့ ဆွဲချကာ ပိတ်ဆို့ ဝန်းဝိုင်းလိုက်သည်။ ဂုန်နီပိုက်ကြီးမှာ ချုံ၏ အနံ့အလျား နှင့် တိုင်းထွာ ပြုလုပ်ထားသည် ဖြစ်ရာ ချုံပတ်လည် တစ်လျှောက်ကို ဝိုင်းပတ် ပိတ်ဆို့နိုင်အောင် ကိုက် ၆၀ ခန့်ရှည်လျား၏။ ထိုဂုန်နီပိုက်၏ အောက်ခြေတွင် ခြေမခန့် အလုံးအထည်ရှိ၍ ကိုက် ၆၀ ခန့်ပင် ရှည်လျားသော သံကြိုးကြီးကို အောက်နားအဖြစ် တပ်ချည်ထားသည်ဖြစ်ရာ၊ ရေ အောက်ရှိ မြေကြီးနှင့် ထိုသံကြိုး တပ်ချီထားသော ဂုန်နီပိုက်အောက်ခြေမှာ စရွေးကိုက်အောင် မြဲမြဲ ထိကပ်လျက် ရှိသဖြင့် ငါးများသည် ရေအောက်မှ တိုးထွက်နိုင်တော့မည် မဟုတ်။

ပြီးတော့ ဂုန်နီ ပိုက်၏ အစောက် (အမြင့်) မှာလည်း ငါးတောင် ငါးတောင်စီ အနံရှိသော ဂုန်နီချောနစ်ခုကို စပ်ချုပ်ထားရုံမျှမက အပေါ်မှ ၆ တောင်ခန့် အစောက်ရှိသော ကျင်သီကြိုး ပိုက်ကွက်ကို တပ်ဆင် ထားသေးသည် ဖြစ်ရာ အားလုံး ဂုန်နီပိုက်၏ အစောက်မှာ ၁၆ တောင်ခန့်မြင့်မားနေ၏။

ရေ၏ အစောက်မှာ ၈ တောင်ခန့်ထား၍ ဂုန်နီပိုက် တင်းတင်းရင်းရင်း မရှိဘဲ အိုက်ကျနေသည့် အတွက် ၂ တောင်ခန့်ထားလျှင် ကျန်ရှိသည့် ဂုန်နီပိုက်၏ အစောက် ၆ တောင်ခန့်မှာ ရေမျက်နှာပြင် ပေါ်သို့ မြင့်တက်လျက် ရှိရမည် ဖြစ်သဖြင့်၊ ချုံထဲမှ ငါးများသည် ပိုက်ကို လွတ်အောင် ခုန်တက် နိုင်တော့မည်မဟုတ်။ သည်နည်းဖြင့် ချုံထဲမှ ငါးများသည် ဝန်းပတ်ထားသော

ဂုန်နီပိုက်အတွင်းမှ လွတ်ကင်းအောင် မည်သည့် နည်းနှင့်မျှ ဖောက်ထွင်းထွက်နိုင်လိမ့်မည် မဟုတ်တော့။

ကိုဒေါင်းစိန်သည် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ကာ ပိုက်နံဘေးတွင် လက်နားတိုင်များကို ခိုင်ခိုင် မြဲမြဲဖြစ်အောင် လိုက်၍ စိုက်ထူနေ၏။ ဤလက်နားတိုင်များကို စိုက်ထူ၍ ဂုန်နီပိုက် အထက်ဖျားနှင့် လက်နားတိုင်ကို ပူးတွဲချည်နှောင် ထားမှသာလျှင် ပိုက်သည် အောက်သို့ လျှောကျမလာဘဲ ခပ်တင်းတင်း ခပ်ဆန့်ဆန့်နှင့် ခပ်မတ်မတ် ရှိနေမည်ဖြစ်သည်။ ဒိုက် နံဘေး တစ်လျှောက် လက်နား တိုင် ၁၀ တိုင်ခန့် စိုက်ထူ၍ ပိုက်အထက်ဖျားနှင့် လက်နားတိုင်ကို ပူးတွဲချည်နှောင်ပြီးမှသာလျှင် သူ ကျေနပ် ရပ်နားလိုက်၏။

အသည်နောက်၌ကား သူတို့အဖို့ ခေတ္တအားလပ်ခွင့် ရသွားတော့သည်။ ချုံကို ဂုန်နီပိုက်ဖြင့် ပိတ်ဆို့ ဝန်းဝိုင်းပြီးလျှင် ပိုက်တွင်းရှိ ချုံထဲမှ ဗေဒါပင်များ၊ မန်ကျည်းပင် အကိုင်းအခက်များနှင့် မန်ကျည်းတုံးများကို ကမ်းစပ်ကုန်းပေါ်သို့ သယ်တင်ရမည် ဖြစ်သည်။ သို့သော် ဤလို စောစော စီးစီး အချိန်တွင် ဤဟာများကို ရေထဲဆင်းပြီး သယ်တင်ရမည်မှာ လွန်စွာပင် ချမ်းလိမ့်မည်။ နေထွက်ချိန်အထိ သူတို့ စောင့်ဆိုင်း နေရဦးမည်။ သည်ကြားထဲ ကိုလေးဖိုးကွန့်နှင့် ကိုလူမောင်တို့ လုပ်အားရှိသွားအောင် အရက်ဝိုင်း ဖွဲ့လိုက်ကာ မကောင်းပါလော၊ အချမ်းပြေလေးပေါ့လေ။

သူတို့သည် ပျော်ရွှင်ရယ်မောစွာပင် အရက်ဝိုင်းဖွဲ့ရန် ကုန်းပေါ်သို့ ပြန်တက်လာကြသည်။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၃)

ဆောင်းလေသည် တဝိုးဝိုးနှင့် အပြင်းတိုက်ခတ်နေသည်။ ချောင်းထဲ၌ လှိုင်းတံပိုးတို့သည် ထကြွ သောင်းကျန်းနေသည်။ မြူနှင်းကလေးများလည်း ဆောင်းလေကို ခိုစီးကာ ပျံဝဲနေသည်။ ချမ်းအေး လှသည့် ဆောင်းလပြာသို။

ကိုဒေါင်းစိန်၏ ချုံရှိရာ ကမ်းထိပ်၌ ကြီးမားသော ကုက္ကိုပင်ကြီး တစ်ပင်ရှိသည်။ အကိုင်းအခက်များမှာ ဝေဆာစည်ကားလှသဖြင့် သဘာဝက ဖန်တီးထားသော ထီးကြီးပမာ အရိပ်အာဝါသ ကောင်းလှသည်။ တဝိုးဝိုး တိုက်ခတ်နေသော ဆောင်းလေကြောင့် သစ်ရွက်ကလေးများက တေးဂီတကို သီကျူး၍ နွဲ့လျသော အကိုင်း အခက်များက ယိမ်းကနေကြသည်။ သို့သော် ကြီးမားတုတ်ခိုင်လှ သောပင်စည် ပင်မကြီးမှာမူ ရင့်ကျက်သော ဣန္ဒြေဖြင့် တည်ငြိမ်စွာ ရပ်တည်ရှုစားနေသည်။

ကိုဒေါင်းစိန်တို့ လူစုကား ချမ်းလွန်းလှသဖြင့် လေကွယ်ရာ ကုက္ကိုပင်ကြီး၏ နံဘေးသို့ ပြေးကပ်ကြရ၏။ နောက် သစ်ကိုင်းအခြောက်များဖြင့် ကောက်ရိုးများကို စုပေါင်းကာ မီးဖိုပြီး မီးထိုင်လှုံကြ၏။

"ဟေ့ ဒေါင်းစိန်ရဲ့၊ တကယ် ချမ်းပြီလို့ဆိုရင် စောင်ခြုံလို့လည်း မလုံဘူး၊ မီးလှုံလို့လည်း မလှုံဘူး၊ ဒါတွေက အပြင်အပက အအေးကိုသာ နွေးအောင် တတ်နိုင်ပေမဲ့ အတွင်းက စိမ့်ပြီး ချမ်းလာတဲ့ အချမ်းကိုတော့ ဒါတွေနဲ့ မရဘူးကွ ဒီတော့ ထုံးစံအတိုင်း အလုပ်ရှိတာကို ခပ်မြန်မြန် လုပ်ပေါ့ကွာ"

ကိုလေးဖိုးကွန့်က အေးစက်လျက်ရှိသော သူ့လက်ဖဝါးနှစ်ဖက်ကို မီးတောက်ဝယ် ကင်မြိုက်ရင်း ကိုဒေါင်းစိန်သို့ လှမ်းပြောလိုက်၏။ ကိုလေးဖိုးကွန့်၏ စကားများထဲမှ "ထုံးစံအတိုင်း" ဟူသော စကားမှာ အင်မတန် အဓိပ္ပာယ် လေးနက်သည်။ မည်သူ၏ ချုံကိုပင် ပိတ်ဆို့ ပိတ်ဆို့၊ ထိုပိတ်ဆို့သောနေ့တွင် ချုံရှင်က ကူညီသော လုပ်ကိုင်သူများနှင့် ရေငုပ်သမား နှစ်ဦးကို အရက်အဝ တိုက်ရသော ထုံးစံရှိသည်။ ကိုလေးဖိုးကွန့်၏ ထုံးစံအတိုင်းကား ဤထုံးစံကို ရည်ရွယ်၍ ပြောခြင်း ဖြစ်သည်။ ကိုဒေါင်းစိန်ကလည်း ချက်ဆိုလျှင် နားခွက်က မီးတောက်သူ ဖြစ်ပါသည်။

"ဟုတ်ကဲ့ စိတ်ချပါ၊ ရပါစေ့မယ်၊ ဒီနေ့ဒီရက် ချုံဆို့တော့မယ် ဆိုတာ သေချာနေလို့ ညတုန်းက အမှိုင်ရဲ့ ဘုံဆိုင်မှာ အရက်ခြောက်ပုလင်းကို ချုပေါ်ပေးနဲ့ အကြွေးယူပြီး လုံခြုံတဲ့ နေရာမှာ ဝှက်ထား ပြီးသားပါ၊ အခုပဲ သွားယူပေးပါ့မယ်"

ပြောပြောဆိုဆိုပင် ကိုဒေါင်းစိန်သည် ပေါ့ပါးစွာ ထရပ်လိုက်ကာ အနီးရှိ ချုံနွယ် ပိတ်ပေါင်းများအကြားတွင် သူဝှက်ထားသော အရက် ၆ ပုလင်းအနက်မှ အရက်တစ်ပုလင်းနှင့် ဟင်းသောက် ပန်းကန်လုံး တစ်လုံးကို သွားယူလာ၏။

"ဒါမျိုးကျတော့ ကျွန်တော်လည်း လက်နှေးတဲ့လူ မဟုတ်ပါဘူးဗျာ၊ အရက်သောက်ချင်တာ ကြာလှပြီဗျ၊ ဒါပေမဲ့ အလွတ်မဲ့ သွားသောက်ရင် မယ်စိန် ဆူမှာစိုးလို့ ဒီချုံဆို့မယ့်နေ့ကို စောင့်ရတာ ကြာပြီ ကောဗျာ။ ခုလို အလုပ်ကလေး အကိုင်ကလေးနဲ့ ငွေဝင်လမ်းလေး ရှိတုန်းအခါမျိုး၊ အလုပ်ကို ပင်ပင် ပန်းပန်းလုပ်ရမယ့် အခါမျိုးမှာ သောက်ရင်တော့ မယ်စိန် မဆူပါဘူး"

သူသည် အရက်ပုလင်းနှင့် ဟင်းသောက် ပန်းကန်လုံးကို ကိုလေး ဖိုးကွန့်နှင့် ကိုလှမောင်တို့ အကြားတွင် ချပေးရင်း ပြောလိုက်၏။ ကိုလေး

ဖိုးကွန့်နှင့် ကိုလူမောင်လည်း "မင်းအကြောင်း သိပါတယ်ကွာ" ဟူသော သဘောမျိုးဖြင့် ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ပြုံးဖြဲဖြဲသာ လုပ်နေကြ၏။

တစ်ယောက် တစ်ခွက်ဖြင့် ခွက်လှည့် သောက်ချလိုက်ရာ တစ်ခဏ အတွင်းမှာပင် အရက်တစ်ပုလင်းလုံး တက်တက်ပြောင်တော့၏။ ကိုလူမောင်က အာသာမပြေသေးသလို ကိုဒေါင်းစိန်ကို လှမ်းကြည့်ကာ လွတ်နေသော ပုလင်းခွံကို မျက်စ ပစ်ပြလိုက်၏။ သို့သော် ကိုဒေါင်းစိန်က ခပ်အင်အင်။

"အခုတော့ အမြည်းမရှိ ဘာမရှိနဲ့မို့ အချမ်းပြေ ဒါလောက် တဲလိုက်ရရင် တော်ရောပေါ့ဗျာ၊ နောက် ရေငုပ်သမားတွေ ရောက်လာတဲ့ အခါမှ အမြီးနဲ့ အကျအန တစ်ချီထပ်ပြီး လှည့်ကြသေးတာပေါ့" ကိုဒေါင်းစိန်ကား အင်မတန် ဝေါဟာရ ကြွယ်သူဖြစ်သည်။ အရက်သောက်သည်ဟူသော ဝေါဟာရကိုပင် "အရက်ကလေး တဲလိုက်ရအောင်" ဟူ၍လည်းကောင်း၊ "အရက်ကလေး လှည့်လိုက် ရအောင်" ဟူ၍လည်းကောင်း အမျိုးမျိုး လှည့်ပတ်ပြီး သုံးစွဲနိုင်သူဖြစ်သည်။

မိုးစင်စင်လင်းပေပြီ။ သို့သော် လေထန်နေ၍ လည်းကောင်း၊ နှင်းကလေးများ တဖွဲဖွဲကျနေ၍ လည်းကောင်း ချမ်းလွန်း လှသဖြင့် သူတို့ မီးပုံအနီးမှ မခွာနိုင်ကြသေး။ နေအထွက်ကိုသာ စောင့်နေကြ၏။ ကိုလေးဖိုးကွန့်က မီးရှိန် လျော့သွားသော မီးပုံကို ထိုးဆွကာ သစ်ကိုင်း ခြောက်များ ထပ်ထည့်ပေး နေရင်းမှ ကိုဒေါင်းစိန်သို့ လှမ်း၍ "ဟေ့ ဒေါင်းစိန်၊ မင်း ချုံသုံးချုံကို အားလုံး အရင်းဘယ်လောက် ဝင်သလဲ" ဟု မေးလိုက်၏။

"ရွာဖျားက ကိုသာဂိရဲ့ မန်ကျည်းပင်ကြီးကို ငွေအစိတ် ပေးဝယ်ပြီး ချုံချတာ၊ အဲဒီချုံ သုံးချုံရတယ်၊ အဲဒီ မန်ကျည်းပင်ကြီးကို လှဲပြီး အကိုင်း အခက်တွေကို ဖြတ်၊ မန်ကျည်းတုံးတွေကို လှေနဲ့ဖြတ်ပြီး ဒီအရောက် သယ်ယူရာမှာ ကူညီပြီး လုပ်ဖို့ လူတစ်ယောက်ကို ငါးကျပ်ပေး ငှားရတော့

အားလုံး သုံးဆယ်လောက်ပဲ အရင်းဝင်ပါတယ်။ ဒါပေမဲ့ တောင်သူ လယ်သမားတွေက ကျွန်တော်တို့ ချုံသမား တွေဟာ ဖေဒါပင်တွေကို မွေးထားလို့ ဖေဒါပင်တွေ တစ်နေ့တခြား ပွားများလာပြီး တစ်နေ့ကျရင် ဒီဖေဒါပင်တွေဟာ သူတို့ လယ်ယာတွေကို ဖျက်ဆီးပစ်ပါလိမ့်မယ် ဆိုပြီး လယ်သမား အစည်းအရုံး ကတစ်ဆင့်ရုံးမှာ တရားစွဲလိုက်လို့ ကျွန်တော်တို့ ချုံသမားတွေကို ရုံးက ဆင့်ခေါ်ပြီး တစ်ချုံကို ဒဏ် ငွေတစ်ဆယ် တပ်လိုက်တယ်လေ။ ကျွန်တော်က သုံးချုံကို ငွေသုံးဆယ် ဆောင်လိုက်ရတော့ အားလုံး ငွေခြောက်ဆယ် အရင်းဝင် သွားတာပေါ့ဗျာ။

"အေး တို့ချုံသမားတွေကလည်း စည်းကမ်းမရှိဘူးကွ၊ ကိုယ့် ချုံကိစ္စ ပြီးတယ်ဆိုရင် ဖေဒါပင်တွေကို ကုန်းပေါ်ဆွဲတင်၊ အခြောက်ခံ၊ မီးပုံရှို့ပြီး အစတုံး လုပ်ပစ်လိုက်ပါလား။ အခုတော့ ဒီလို မဟုတ်ပေါင်ကွာ၊ ကိုယ့်ကိစ္စပြီးရင် ပြီးရော၊ ဘယ်သူ ဘာဖြစ်ဖြစ် ဆိုပြီး ဖေဒါပင်တွေကို ချောင်းရိုးထဲ မျှောလွှတ် လိုက်တော့ အဆမတန် ပွားကုန်တာပေါ့ကွ၊ မိုးတွင်းလည်း ရောက်ရော ဒီဖေဒါပင်တွေဟာ လယ်ကွင်းထဲဝင်ပြီး ကောက်ပင်တွေကို ဖျက်ဆီးပစ်ရော၊ ဒီတော့ လယ်သမား မျက်နှာကို ကြည့်ပြီး အလုပ်လုပ်နေရတဲ့ အစိုးရကလည်း လယ်သမားကို ထိတော့ တို့ကိုမညှာဘဲ တွယ်တော့မှာပေါ့ကွ၊ ဘယ်သူမပြု မိမိမှုလို့ အိမ်က ငါ့မိန်းမ မပြားကြီး ခဏခဏ ပြောတဲ့ အတိုင်းပေါ့ကွာ"

မိုးစင်စင်လင်းရုံမျှမက နေကလေးပင် ထွက်ပြူစ ပြုပြီဖြစ်သောကြောင့် သူတို့ စကားလက်စဖြတ် လိုက်ကြကာ အလုပ်လုပ်ရန် ပြင်ဆင်ကြသည်။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

(၄)

နေကား ထွက်ပြူ၍ လာပေပြီ။ ထွက်ပြူစ ဖြစ်ရုံမျှမက ဆောင်းနေမို့ နေခြည်မှာ နုလှပါသေးသည်။ ဤနေခြည်နုကလေးမျှဖြင့် ကိုဒေါင်းစိန်တို့အား အအေးဓာတ်မှ ကာကွယ်နိုင်စွမ်း မရှိပါ။ သို့သော် ကိုဒေါင်းစိန်တို့မှာ မီးလှုံလိုက်ရသဖြင့် အချမ်းများ ပြေပျောက်သွားပါပြီ။ မီးတောက် အရက်ကလေးကိုသောက်လိုက် ရ၍လည်း ရင်ထဲ ဝမ်းထဲ၌ ပူနွေးနေပါပြီ။ ထို့ကြောင့် သူတို့ကား အအေးဒဏ်ကိုဖြင့် ဘာမထီ။ အချမ်းကိုလည်း ခံနိုင်ပါပြီ။

သုံးယောက်သား ဂုန်နီပိုက်ဝိုင်းထားသော ချုံအတွင်း ရေထဲသို့ ဆင်းကာ ဖေဒါပင်များကို ကုန်းပေါ် ပစ်တင်ကြ၏။ မူလက သစ်ကိုင်းသစ်ခက်နှင့် သစ်တုံးများ အကြားတွင် ငြိမ်သက်စွာ ခိုအောင်းနေ ကြသော ငါးများမှာလည်း ဤကဲ့သို့ လူဆင်း၍ မွှေလိုက်သောအခါတွင် ခိုအောင်းနေရာမှ ထွက်ကာ တဝုန်းဝုန်း ထခုန်နေကြသဖြင့် ဆူညံနေသည်။

"ဟ ဒေါင်းစိန်ရဲ့၊ မင်းချုံထဲက တကယ်များတာပါလား၊ မနေ့တုန်းကတော့ မင်း ကြွားနေတာမှတ်လို့၊ အခုမှ ငါး တကယ်များမှန်း လက်တွေ့သိရတယ်၊ မင်းတော့ ကော်ပြီ"

ကိုလေးဖိုးကွန့်က တဝုန်းဝုန်း ထခုန်နေသော ငါးများကို ကြည့်ကာ ပြောလိုက်သဖြင့် ကိုဒေါင်းစိန် ကခပ်ကြွားကြွားလေး ပြုံးလိုက်ကာ "ငါးများမှာပေါ့ဗျ၊ ကျွန်တော့် ချုံက သူများချုံတွေလို သစ်ကိုင်း လေးတစ်ခက် နှစ်ခက်၊ သစ်တုံးလေး တစ်တုံး နှစ်တုံးလောက်နဲ့ ဖြစ်ကတတ်ဆန်း ချထားတဲ့ ချုံ

မဟုတ်ဘူးဗျ၊ သစ်ကိုင်းသစ်ခတ် အလုံအလောက်နဲ့ ချထားတဲ့ ချုံမို့ ငါးများများ ခိုအောင်းနေနိုင်တာ ပေါ့ဗျ။ ပြီးတော့ ကျွန်တော်က ချုံကို အစာ မှန်မှန်လည်း ကျွေးတယ်၊ ကျွန်တော် ချုံချတဲ့ နေရာကလည်း ငါးမကြိုက်တဲ့ ပြန့်မှ မဟုတ်ဘဲ၊ ငါးတွေ သဘောကျတဲ့ အိုင်ရှိတဲ့ ကျင်းစပ်မှာ ဆိုတော့ ငါးမ များဘဲ နေနိုင်ရောလားဗျ"

ဗေဒါပင်များ အကုန်အစင် ကုန်းပေါ်သို့ ပစ်တင်ပြီးသော အခါ မန်ကျည်းကိုင်းနဲ့ မန်ကျည်းတုံးများကို ရေထဲ၌ စမ်းသပ်ရှာဖွေကာ ကုန်းပေါ်သို့ သယ်တင်ကြပြန်၏။ မန်ကျည်းကိုင်းနှင့် မန်ကျည်းတုံးများ အားလုံး သယ်တင်၍ ပြီးစီးသွားသည့် အခါတွင်မူကား ငါးများမှာ ခိုအောင်းရန် နေရာမကျန်ရှိတော့ သဖြင့် ကုန္ဓြေရရ မနေနိုင်တော့၊ တဖြောင်းဖြောင်းနေအောင် ထခုန်နေကြ၏။ အချို့မခုန်နိုင်သော ငါးများကား ပွစိပွစိဖြင့် ရေမျက်နှာပြင်ပေါ်၌ ထပွက်နေကြရာ ဤငါးပွက်များကို ကြည့်ရင်း ကိုဒေါင်း စိန်၏ ရင်ထဲ၌ ဖိုးကြိုင်းတုတ် ဖြစ်နေတော့၏။

ချုံထဲ၌ရှိသော ဗေဒါပင်များနှင့် သစ်ကိုင်း သစ်တုံးများ အားလုံး အကုန်သယ်တင်ပြီး ဖြစ်၍ သူတို့ ကုန်းပေါ်သို့ ပြန်တက်လာကြ၏။ သူတို့ တစ်ကိုယ်လုံး ရေစိုနေရုံမျှမက နွံနစ်များ ပေကျံလျက်ရှိသဖြင့် ရှုမကောင်းအောင် အရုပ်ဆိုးနေသည်။ ချမ်းလွန်း၍လည်း ခိုက်ခိုက်တုန်နေကြ၏။ သူတို့သည် နောက်ထပ် အရက်တစ်ပုလင်းကို ဆွဲ၍ မီးပုံအနီးတွင် ထိုင်ကြပြန်သည်။

ကိုဒေါင်းစိန်သည် သူ့ခါးပိုက်ထောင် အိတ်ထဲမှ ပုဇွန်တုပ်ကြီး ၅ ကောင်ကို ထုတ်လိုက်သည်။ ဤပုဇွန်တုပ်ကြီး ၅ ကောင်မှာ ချုံထဲမှ သစ်ကိုင်း သစ်ခက်များကို စမ်းသပ် ရှာဖွေရင်းမှ ဖမ်းမိထားသော ပုဇွန်တုပ်ကြီး များဖြစ်သည်။ ပုဇွန်တုပ်ကြီးများကို မီးဖုတ်ပြီး အရက်နဲ့ မြည်းလိုက်ရရင် ဇိမ်ပေါ့။

သူသည် ပုဇွန်တုပ်ကြီးများကို မီးပုံထဲ ပစ်ထည့်ကာ မီးဖုတ်နေသည်။ ထိုအချိန်တွင် ပိုက်ရှင် ကိုပေါက်တူးနှင့် ရေငုပ်သမားနှစ်ဦး ရောက်လာကြရာ သူတို့၏ အရက်ဝိုင်းမှာ စည်ကားသွားသည်။

မီးဖုတ်ထားသော ပုဇွန်တုပ်ကြီးများမှာ နီရောင် သမ်းလာ၍ အနံ့ ကလေးလည်း သင်းပျံ့လာသည်။ ခပ်စန့်စန့် ရှိနေသော ပုဇွန်တုပ်ကြီးများ၏ ကိုယ်ကာယများမှာလည်း ကွေးညွတ်လာသည်။ ဤကား ကျက်ပြီ ဟူသော အထိမ်းအမှတ်ကို ပြသလိုက်ခြင်းပင် ဖြစ်သည်။ မှန်သည်။ "ပုဇွန်အကွေး ငါးအနွေး" ဟု စာဆို ရှိသည် မဟုတ်လော။

ကိုဒေါင်းစိန်သည် ပုဇွန်တုပ်ကြီးများကို မီးပုံထဲမှ ဆယ်ယူ၍ တစ်ယောက် တစ်ကောင်စီ လိုက်ဝေ၏။ ကိုလေးဖိုးကွန့်၊ ကိုလူမောင်၊ ပိုက်ရှင် ကိုပေါက်တူးနှင့် ရေငုပ်သမား (၂) ဦး၊ ပေါင်း (၅) ယောက်ကို တစ်ယောက် တစ်ကောင်စီ ဝေလိုက်ရာ သူ့အတွက်ပင် မကျန်တော့ပေ။ သို့သော် ရှိပါစေတော့၊ သူ့မှာ ကာယကံရှင် ဖြစ်၍ နေရာတကာတွင် အနာခံရမည်။

အရက်တစ်ပုလင်းနှင့် သည်လူ ခြောက်ယောက်ဆိုလျှင် ဆင့်ပါးစပ်ထဲ နှမ်းပက်သလောက်သာ ရှိမည် ဖြစ်၍၊ ကိုဒေါင်းစိန်သည် ကျန်နေသော အရက်လေးပုလင်းကိုပါ ယူထုတ်လာရ၏။ သူက ကာယကံရှင် ဖြစ်နေ၍ တစ်ယောက် တစ်ခွက်စီ လိုက်ငှဲ့ ပေးနေရ၏။ ရေငုပ်သမားနှစ်ဦးမှာ ပို၍ အရေးကြီးသည် ဖြစ်၍ အရက်ကို ပိုတိုက်ရ၏။ ပို၍လည်း မျက်နှာချိုသွေးနေရ၏။

"သောက်နိုင်သလောက် အဝသောက်ကြနော်၊ ဘာမှ အားမနာကြနဲ့၊ ကုန်ရင် အမှိုင့်ဆိုင်မှာ ထပ်ပြီး သွားယူပေးဦးမယ်၊ အဲ ကျွန်တော့်ချုံကို သိမ်းရာမှာသာ စေ့စေ့စပ်စပ်နဲ့ ငါးတစ်ကောင် တစ်မြီးမှ မလေမလွင့်ရအောင် သိမ်းပေးပါနော်"

ကိုဒေါင်းစိန်က ရေငုပ်သမား ၂ ဦးအား တစ်ယောက် တစ်လှည့်စီ ငွေ့ပေးနေရင်းမှ ပြောလိုက်၏။ ရေငုပ် သမား ၂ ဦးကလည်း ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသော မျက်နှာထားဖြင့် ကိုဒေါင်းစိန် အားပြန်ကြား လိုက်၏။

"ဒီအတွက်တော့ မပူစမ်းပါနဲ့ ဒေါင်းစိန်ရယ်၊ တို့ရဲ့ သတင်းကို မင်းလည်း အကြားသား မဟုတ်လား၊ အင်မတန် အသိမ်းရခက်တဲ့ ငါးကျည်း၊ ငါးခူပေါ်တဲ့ ချုံကိုတောင် တစ်ကောင်မှ မလွတ်အောင် သိမ်းလာခဲ့တဲ့ သူတွေပါကွ။ ဟော့ ရေငုပ်တဲ့ နေရာမှာ၊ ပိုက်သိမ်းတဲ့ နေရာမှာဆိုရင် ဗိုလ်မထားဘူးကွ၊ တစ်မိုးအောက် တစ်ယောက်လို့သာ မှတ်ထင်ထားလိုက်ကြပါ"

သူတို့၏ စကားမှာ အားရစရာ ကောင်းသလောက် သူတို့ ရုပ်သဏ္ဍာန်မှာလည်း အားရစရာ ကောင်းလှပါသည်။ တစ်ကိုယ်လုံး မည်းနက်၍ တုတ်ခိုင် သန်စွမ်းလှပုံမှာ ကျွဲပေါက်လေး တစ်ရှဉ်းလားဟုပင် ထင်မှား လောက်သည်။ ဘဝတွင် ခပ်ကြမ်းကြမ်း စားသောက် နေထိုင်လာခဲ့ရ၍ ထုသားပေသား ရနေကြ ပုံရှိသည်။ ကျန်းမာ သန်စွမ်းလှသော သူတို့အဖို့ သက်လုံကောင်းပုံလည်း ရှိကြသည်။ ပါရမီပေစွ။

ဤ ရေငုပ်ပိုက်သိမ်းသော အလုပ်မှာ အင်မတန် ခဲယဉ်းပင်ပန်းသော အလုပ်ဖြစ်ရာ ခြသေ့်လို ခွန်အားမျိုးနှင့် ကျန်းမာသန်စွမ်းပြီး သက်လုံ ကောင်းနိုင်မှလည်း ဖြစ်မည်။ ရေတစ်ခါငုပ်လျှင် ၁၅ မိနစ်၊ မိနစ် ၂၀ ခန့်ကြာအောင် ရေအောက်၌ ငုပ်လျှိုး နေနိုင်မည်ဖြစ်ရာ သက်လုံ မကောင်းသူ အဖို့ စိတ်ကူး ပင်မထည့် ရဲသော အလုပ်မျိုးဖြစ်သည်။

ပြီးတော့ တစ်ခါတစ်ရံ ငုပ်ရခြင်းမျိုး မဟုတ်ဘဲ ပိုက်သိမ်း၍ မပြီးမချင်း တစ်နေ့လုံးလိုလို ရေထဲဆင်းပြီး ငုပ်နေရသည် ဖြစ်ရာ တော်ရုံတန်ရုံ လူဆိုလျှင် ခံနိုင်ဖွယ် အကြောင်းမရှိ။ ရေငုပ်ပြီးနောက်လည်း ဂုန်နီပိုက် အောက်ခြေရှိ သံကြိုးကို ငါးများကို လွတ်မထွက် နိုင်အောင် မြေကြီးနှင့် ထိကပ်ပြီး ကမ်းစပ်သို့

တဖြည်းဖြည်း ဆွဲကာ ပိုက်ကို ကျဉ်းလာရသည်။ ဤလို အခါမျိုးတွင် ငါးကျည်း၊ ငါးခူ စသော အောက်ငါး များကလည်း သူတို့အနီးတွင် ဝန်းရံကာ သံကြိုးအောက်မှ တိုးထွက်နိုင်ရန် အပြင်းအထန် ကြိုးစားတတ်ကြသည်ဖြစ်၍ ဤငါးများကို လက်နှင့် ဖယ်ရှားပြီး အလုအယက် သိမ်းလာကြရသည်။ ထို့ကြောင့်လည်း သူတို့ တစ်ကိုယ်လုံး ငါးကျည်း များစူးထားသော ဒဏ်ရာများ မွမွကျဲနေတတ်ကြသည်။ ဤဟာများကိုလည်း ခံနိုင်ရည် ရှိရမည်။ ဆောင်းတွင်းဖြစ်၍ တစ်နေ့လုံး ရေထဲ ဆင်းနေရသော အအေးဒဏ် ကိုလည်း ကြံ့ကြံ့ ခံနိုင်ရသည်။ အား... တကယ်ပင် မလွယ်သော အလုပ်ပါတကား။

~~~~~~~~~~~~~
~~~~~~~~~~~~~

(၅)

နေကား တဖြည်းဖြည်း မြင့်တက်လာပြီ ဖြစ်ရာ နေခြည်မှာလည်း ရင့်သည်ထက် ရင့်လာသည်။ တဖွဲဖွဲနှင့် ထူထပ်စွာ ကျလာနေသော မြူနှင်းများသည် ဖရိုဖရဲနှင့် ပြိုကွဲပျောက် လွင့်ရချေပြီ။ အအေးဒီဂရီမှာ တဖြည်းဖြည်း ကျဆင်းနေ၍ အပူဒီဂရီက တဖြည်းဖြည်း မြင့်တက်လာနေသည်။

ကိုဒေါင်းစိန် ချုပေါ်ပေးဖြင့် အကြွေးယူထားသော အရက် ၆ ပုလင်းကား တက်တက်ပြောင်လေပြီ။

ထို့ကြောင့် သူတို့လုပ်ငန်းကို စရန် ပြင်ဆင်ကြ၏။ လုပ်ငန်း တာဝန်ကိုလည်း ခွဲဝေကြ၏။ ရေငုပ်သမားနှစ်ဦးက ရေငုပ်ကာ ပိုက်ကို ကျဉ်းလာချိန်တွင် ပိုက်ရှင် ကိုပေါက်တူးနှင့် ကိုဒေါင်းစိန်က ပိုက်လက်နား တိုင်များကို လိုက်ပေးရမည်။ ကိုလေးဖိုးကွန့်နှင့် ကိုလူမောင်တို့ ကတော့ အတိုအထွာ လိုအပ်သော နေရာများ၌ ဖြည့်စွက် ကူညီပေးကြရမည်။ ဤသို့ လုပ်ငန်း တာဝန်ကို ခွဲဝေ သတ်မှတ် ထားကြ၏။

ချမ်းအေးလှသည့် ဆောင်းကာလ နံနက်ခင်း၌ပင် အကျီမဝတ်ဘဲ ကျောပြောင်ကြီးများနှင့် ဖြစ်နေကြသော ရေငုပ်သမားနှစ်ဦးသည် ခါးတောင်းကို မြှောင်လှအောင် ကျိုက်၍ ပိုက်ဝိုင်းထားသော ချုံအတွင်း ရေထဲသို့ ခုန်ဆင်းလိုက်ကြ၏။ နောက် ရေလယ် ဘက်ဆီ၌ ရှိနေသော ဂုန်နီပိုက် အစပ်သို့ ကူးယက်သွားကာ ရေအောက်သို့ စုပ်ခနဲ ငုပ်သွားကြ၏။ ချက်ချင်းပင် ရေလယ် ဘက်မှ ဂုန်နီပိုက်အစပ်မှာ တဆတ်ဆတ် ယိမ်းထိုး လှုပ်ရှား နေပြီးနောက်

ကမ်းစပ်ဘက်သို့ တဖြည်းဖြည်း ရွေ့မှန်းမသိ ရွေ့လာ၏။ ပိုက်ဝိုင်း ထားသော ချုံအပြင်ဘက် ရေထဲတွင်ကား လှေကြီး တစ်စင်းပေါ်တွင် ကိုဒေါင်းစိန်က ပဲ့ကိုင်ပေး၍၊ ပိုက်ရှင် ကိုပေါက်တူးက လှေဦး၌ရပ်ကာ ရွေ့လျားသွားသော ဂုန်နီပိုက်အနီးမှ လက်နားတိုင်ကို နုတ်ပြီး ဂုန်နီပိုက် ရွေ့လျား သွားသလောက် လက်နားတိုင်ကို အလိုက်သင့် ရွှေ့ပြောင်း စိုက်ထူပေးနေရ၏။

၁၅ မိနစ်ခန့်ကြာမှ ရေငုပ်သမားနှစ်ဦးမှာ တစ်ကြိမ် ပြန်ပေါ်လာ၏။ သူတို့သည် အောင့်ထားရသော ဝင်သက်ကို အဝရှူသွင်းလိုက်ပြီးနောက်မှ ဂုန်နီပိုက် အပြင်ဘက်၌ ရှိနေသော ကိုဒေါင်းစိန်အား အော်ဟစ် ပြောလိုက်၏။

"ဟေ့ ဒေါင်းစိန်ရဲ့၊ မင်းချုံထဲ ငါးမျိုးကို စုံလို့ပါကလားကွယ့်၊ ခါတိုင်း ပါနေကျ ငါးပတ်၊ ငါးရံ့၊ ဒိုး၊ ခေါင်းပြတ်နဲ့ ကောင်သေးငါးတွေကိုတော့ ဖယ်ထားလိုက်ပါဦး၊ ငါးဖယ်တွေကလည်း အောတိုက်နေ တာပဲကွ၊ ငါးကျည်းတွေ ဆိုတာလည်း ပိုက်အောက်ခြေက သံကြိုးနားမှာ ပိုစုနေလို့ ပိုက်သိမ်းရတာ တယ်မလွယ် ဘူးကွာ၊ အခုပဲ တို့လက်ကို ငါးကျည်းနှစ်ချက်စီလောက် အစူးခံလိုက်ရပြီကွ၊ မင်း ကော်သလောက် တို့ ရေငုပ် သမား နှစ်ယောက်တော့ ခိုက်မှာပါပဲကွာ"

သူတို့သည် စကားအဆုံးတွင် "ဒီမှာ ကြည့်စမ်းပါဦး" ဟု နောက်ဘက် တွယ်ကပ်တက်ကာ ငါးကျည်း စူးထား သဖြင့် သွေးရဲရဲဖြစ်နေသော သူတို့ လက်များကို မြှောက်ပြလိုက်၏။ ကိုဒေါင်းစိန်ကား ရေငုပ်သမား နှစ်ဦး အတွက် စိတ်မကောင်း ဖြစ်သွားသော်လည်း သူ့ချုံထဲ ငါးမျိုးစုံရှိရုံမက ငါးပေါ မျှားကြောင်း သိရ၍ ဝမ်းသာ သွားမိ၏။ ဝမ်းသာရာမှပင် ငါးကျည်းစူး၍ ပိုက်ကို ပြီးစလွယ် သိမ်းလိုက်မည်ကိုလည်း တစ်ဖက်မှ စိုးရိမ် မကင်းဖြစ်လာ ပြန်သောကြောင့် အရေးတကြီး တောင်းပန်လိုက်ရ၏။

"ငါးကျည်းစူးလို့ဆိုပြီး အဲဒီငါးကျည်းတွေကို မလွှတ်ပစ်ခဲ့ပါနဲ့ဗျာနော် အဲဒီ ငါးကျည်းတွေပါ ပါအောင် တစ်ဆိတ်ကလေး စေ့စေ့စပ်စပ် သိမ်းပေးပါလားဗျာ၊ ခင်ဗျားတို့ အတွက်လည်း မနည်းစေ ရပါဘူး။ ခါတိုင်း ချိုတစ်ချိုကို ခင်ဗျားတို့ ရေငုပ်ခ ပိုက်သိမ်းခ ငွေနှစ်ကျပ်ရတယ် မဟုတ်လား၊ အခု ကျွန်တော်က တစ်ဦးကို ငါးကျပ် အထိ တိုးပေးပါ့မယ်၊ အရက်ကိုလည်း အဝတိုက်ပါ့မယ်ဗျာ"

ရေငုပ်သမား နှစ်ဦးက သူ့စကားကို သဘောကျသွားသလို ဟက်ဟက် ပက်ပက် ရယ်လိုက်ကြ၏။

သူ၏ စိုးရိမ်စိတ်ကလေး ပျောက်ကင်းသွားအောင်လည်း ချက်ချင်းပင် စကားပြန်ကြားလိုက်၏။

"ဟေ့ ဒေါင်းစိန်ရဲ့၊ တို့နှစ်ယောက်ရဲ့ နာမည်ကို မင်းမေ့သွားပြီထင်တယ်၊ မှတ်ထားကွ၊ တစ်ယောက်က "တင်ကြီး" တဲ့၊ တစ်ယောက်က "နံ့ကရိုင်း" တဲ့။ တင်ကြီး ငှက်များဟာ ရေငုပ်သန် ပြီး ငါးဖမ်းကျင်လည်သလို၊ နံ့ကရိုင်း အမည်ရှိတဲ့ ကျွဲသတ္တဝါများဟာလည်း အင်မတန် ရေကြိုက်တဲ့ အကောင်မျိုးဆိုတဲ့ သဘောနဲ့ ဒီနာမည်တွေကို တို့နှစ်ယောက် ယူထားကြတာပဲကွ။ ငါးကျည်းစူးလို့ ငါးကျည်းကို အရှုံးပေးရမယ်ဆိုရင် ရာဇဝင်ရိုင်းတော့ မပေါ့ကွာ၊ မြွေဆေး ထိုးတဲ့နေရာမှာ နာမည်ကျော်တဲ့ ဦးသြဘာသရဲ့ တပည့်အစစ်တွေမို့ ငါးကျည်းအဆိပ် လောက်တော့ အပျော့ထားတယ်ကွ။ ဒါကြောင့်မို့ မင်း စိတ်အေးအေးသာ ထားနေ၊ တစ်ကောင်တစ်မြီးမှ မကျန်အောင် သိမ်းပေးမယ်၊ ရေငုပ် ပိုက်သိမ်းခကိုလည်း တိုးပေးဖို့ မလိုပါဘူး၊ ခါတိုင်း ပေးနေကျ တစ်ယောက် နှစ်ကျပ်ပဲ ပေးပါ၊ ဒါပေမဲ့ အရက်ကိုတော့ အဝတိုက်ရလိမ့်မယ်ကွ၊ ခုလို အေးပုံမျိုး၊ ခုလို ငါးကျည်း စူးပုံမျိုးနဲ့ဆိုရင် အရက်မကူဘဲ မဖြစ်ဘူးဆိုတာ မင်း သိတဲ့အတိုင်းပဲ ဟေ့"

"အို စိတ်ချ၊ အရက်ဆိုတာ ဆန်းတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ လိုသလောက် ရပါစေ့မယ်၊ ပြောနေရင် ကြာတယ်ဗျာ၊ ဖျို့ ကိုလူမောင်၊ အမှိုင့်ဆိုင်မှာ ကျွန်တော်ကလို့ ဆိုပြီး အရက် ငါးပုလင်း လောက်ထပ်ပြီး သွားယူထားလိုက်စမ်းပါဗျာ"

ကိုဒေါင်းစိန်က သူတို့အား ကတိပေးရုံမျှမက လက်တွေ့ပင် လုပ်ပြလိုက်သဖြင့် ရေငုပ်သမားနှစ်ဦးမှာ ကျေနပ်သွားကာ ရေအောက်သို့ စုပ်ခနဲ ငုပ်သွားကြပြန်၏။ သူတို့ တစ်ကြိမ်ငုပ်လျှင် ပိုက်မှာလည်း ကမ်းစပ်သို့ အနည်းငယ် ရွေ့လျား လာသည်ဖြစ်ရာ ပိုက်လက်နားတိုင်ကိုလည်း တစ်ကြိမ် ထပ်လိုက်ပေးရ၏။ သည်လိုနှင့် ရေငုပ်လိုက်၊ ပိုက် အနည်းငယ်ရွေ့လိုက်၊ လက်နားတိုင်ကို လိုက်ပေးလိုက်နှင့် ပိုက်အဝိုင်းမှာ တဖြည်းဖြည်းနှင့် ကျဉ်းမြောင်း လာသည်။

ပိုက်အဝန်းအဝိုင်း ကျဉ်းမြောင်းလာလေလေ ငါးများက လန့်ဖျပ်ပြီး ခုန်လေလေ ဖြစ်နေရာ တဖြောင်း ဖြောင်းနှင့် ဆူညံနေသည်။ အထူးသဖြင့် ငါးပေါ် ငါးလွှင့်များ ဖြစ်ကြသော ငါးပတ်၊ ငါးဖယ် အောင်း၊ ငါးမြစ်ချင်း၊ ငါးဒိန်းလုံးက ပို၍ခုန်သည်။ တန်းမြင့်ခုန် ပြိုင်ပွဲတွင် ဗိုလ်ဆွဲနေသော ငါးပတ် များမှာ တစ်ခါတစ်ရံ ပိုက်ကို ကျော်လွှန်အောင် ခုန်နိုင်စွမ်းသဖြင့် ပိုက်အပြင်ဘက် ရေထဲသို့ကျကာ လွတ်မြောက်သွား၏။ ထို့ကြောင့် ကိုလေးဖိုးကွန့်က ပိုက်ပတ်လည် တစ်လျှောက် လှေကြီးများ ဆိုက်ကပ်ထားကာ ခုန်စင်အဖြစ် ခံထားရ၏။ ပိုက်ကိုကျော်လွှန်ပြီး ကျလာသော ငါးပတ်များမှာ ထိုလှေကြီးများ ထဲသို့ ရောက်ကာ ရိုက်နှက်ဖမ်းဆီးခြင်း ခံရတော့၏။

ဤနည်းဖြင့် ငါးပတ်ဆယ်ကောင်ခန့် ရမိထားသည်။ ဤငါးပတ်များထဲမှ အကြီးဆုံး တစ်ကောင်ကို ရွေးချယ်၍ ကိုဒေါင်းစိန်က သူ့သား ဒီလုံးနှင့် မယ်စိန်ထံ အပို့လွှတ်လိုက်သည်။ ဤငါးပတ်ကို ဟင်းကောင်းကောင်း ချက်ပြီး ယူလာရန် လည်း အမိန့်ပေးလိုက်သည်။

(၆)

နေကား အတော်မြင့်တက်လာပေပြီ။ ခန့်မှန်းခြေအားဖြင့် နံနက် ၁၀ နာရီလောက် ရှိပြီဟု သူတို့ ခန့်မှန်း ကြသည်။ ရေငုပ်သမား နှစ်ဦးကား ပန်းလှချေပြီ။ နံနက် ၇ နာရီလောက်က စ၍ ယခု ၁၀ နာရီခန့်အထိ ၃ နာရီ လုံးလုံး အေးမြလှသော ရေထဲသို့ဆင်းကာ တငုပ်တည်း ငုပ်နေကြရသည် ဖြစ်ရာ၊ သူတို့ တစ်ကိုယ်လုံး အေးစက်၍ သူတို့နားမှာ မခံမရပ်နိုင်အောင် ကိုက်ခဲ လျက်ရှိချေပြီ။ ငါးကျည်းစူးတာလောက်တော့ အပျော့ဟု ဆိုသော်လည်း ငါးကျည်းအထပ်ထပ် အကြိမ်ကြိမ် စူးထားသဖြင့် သူတို့တစ်ကိုယ်လုံး ထုံကျဉ် ကိုက်ခဲ စေသည်။ သူတို့ကား ပန်းလှပါပြီ။ သူတို့၏ ကြိုးစားလုပ်ဆောင်မှုကြောင့် ပိုက်အဝန်းအဝိုင်းမှာ အတော်ပင် ကျဉ်းမြောင်းလာပြီ ဖြစ်၍ သူတို့အဖို့ အနားယူရန် အချိန်တန်နေပါပြီ။

ရေငုပ်သမား နှစ်ဦးနှင့် ပိုက်လက်နားတိုင် လိုက်နေသော ကိုပေါက်တူးနှင့် ကိုဒေါင်းစိန်၊ ငါးပတ်ခုန် စင်ခံနေကြသော ကိုလေးဖိုးကွန့်နှင့် ကိုလူမောင်တို့ပါ အနားယူကြရန် ကုန်းပေါ် တက်လာကြ၏။ ရေငုပ် သမားနှစ်ဦး မှာ မီးပုံအနီးသို့ ပြေးကာ မီးထိုင်လှုံရင်း "အရက်ပေးပါ ... အရက်ပေးပါ" ဟု အော် ဟစ်နေကြ၏။ ကိုဒေါင်းစိန်ကလည်း အလိုက်သိစွာပင် ကိုလူမောင် ယူလာသော အရက်ငါးပုလင်းထဲမှ နှစ်ပုလင်းကို ချက်ချင်း ယူပေးလိုက်၏။

နှစ်ယောက်သား စကားတစ်ခွန်းမှ မပြောနိုင်ဘဲ တဆတ်ဆတ် တုန်နေသော လက်များဖြင့် အရက် ပုလင်းကိုကိုင်က ပုလင်းလိုက် မော့ချကြ၏။

ဤမျှ ပြင်းလှသော မီးတောက်အရက်ကိုပင် အရပ် အနားမရှိဘဲ တစ်ရှိန်တည်း တစ်ပုလင်းလုံး ပြောင်အောင် ပုလင်းလိုက် မော့ချနိုင်ခြင်းမှာ အံ့ဖွယ် ကောင်းလေစွ။ မော့ပြီး၍ လွတ်သွားသော ပုလင်းခွံကို ပစ်ချလိုက်ပြီးနောက် မေးဖျားမှ ယိုစီးကျ လာသော အရက် အနည်းငယ်ကို လက်နှင့်သုတ်ပစ်ရင်း "ဟား" ဟုပြိုင်တူ သက်မကြီး ချလိုက်ကြ၏။

သည်တော့မှ သူတို့နှစ်ဦးမှာ နေသာထိုင်သာ ရှိသွားပုံရကြ၏။ သူတို့ တစ်ကိုယ်လုံး နှံ့နှစ်များ ပေကျံလျက် ရှိသဖြင့် နွံလူးထားသော ကျွဲကြီးများလားဟု ထင်မှားလောက်သည်။

ကိုဒေါင်းစိန်ကတော့ ယခုထက်တိုင် ထမင်းပို့ မရောက်သေးသော မယ်စိန်အား မျှော်တော်ဇောနှင့် မောနေရ၏။ ထမင်းဆာလှ၍ မယ်စိန်အား မျှော်ခြင်း မဟုတ်။ တဖြောင်းဖြောင်း တဝုန်းဝုန်းဖြင့် ဆူညံ နေအောင် ငါးပေါများလှသော သူ့ချုံကို မယ်စိန်အား ပြကာ ကြွားချင်လှ၍ ဖြစ်သည်။

သူ မျှော်နေခိုက်မှာပင် မယ်စိန်သည် ထမင်းတောင်းကို ခေါင်းတွင် ရွက်ကာ သုတ်သီးသုတ်ပျာ ရောက်ရှိလာသည်။ သူက မယ်စိန်ခေါင်းပေါ်မှ ထမင်းတောင်းကို အောက်သို့ ချပေးပြီးသည်နှင့် တစ်ပြိုင်နက်၊ မယ်စိန်သည် ပိုက်ဝိုင်းထားသော ချုံရှိရာသို့ အပြေးသွားကြည့်ပြီးနောက် ကျေနပ်သွား သလို မျက်နှာမှာ ပြုံးပြုံးကြီး ဖြစ်သွား၏။

ထမင်းပွဲကို ပြင်ဆင်ကာ ဝိုင်းဖွဲ့၍ စားကြ၏။ မယ်စိန် ပန်းကန်ပြား မရှိသဖြင့် ငှက်ပျောရွက်များကို ခင်းကာ ထမင်းပုံပြီး စားကြ၏။ မယ်စိန်က ငါးပတ်ချဉ်ရည် ဟင်းကလေး ချက်လာသည်။ သူတို့သည် ဟင်းရည်ကို လက်ကြားမှ ယိုကျသည့် တိုင်အောင် ခပ်များများဆမ်းကာ ကြီးစွာသော အလုပ်အလွေးဖြင့် မြိန်ရှက်စွာ စားသောက်ကြသည်။

ထမင်းစားသောက် ပြီးကြသောအခါ ခေတ္တမျှ ထမင်းလုံးစီရင်း အနားယူကြပြီးနောက် လုပ်ငန်းကို ဆက်ကြပြန်၏။ ရေငုပ်သမားနှစ်ဦးက ရေထဲ ခုန်ဆင်းကာ ရေငုပ်၍ ပိုက်ကိုသိမ်း၏။ ကိုဒေါင်းစိန်နဲ့ ကိုပေါက်တူးက ပိုက်လက်နားတိုင် လိုက်ဖော်၏။ ကိုလေးဖိုးကွန့်နှင့် ကိုလူမောင်က ခုန်ထွက်လာသော ငါးပတ်ကြီး များကို ဖမ်းရန် ခုန်စင်ခံကြ၏။

ထိုအချိန်တွင် ဂုန်နီပိုက်အနီးသို့ ကွန်လှေနှစ်စင်း ရောက်လာသည်။ ဤကွန်လှေ နှစ်စင်းကား ပိုက် သိမ်းရာတွင် ပါမသွားဘဲ လွတ်ကျန်ရစ်သော ငါးများကို ပိုက်အပြင်ဘက်မှနေ၍ ကွန်ဖြင့် ပစ်ဖမ်းရန် ရောက်ရှိ လာခြင်း ဖြစ်သည်။

ကွန်လှေ နှစ်စင်းမှ ကွန်သမားနှစ်ဦးသည် သူတို့၏ ကွန်များကို ဝင့်၍ ဂုန်နီပိုက်အနီးသို့ ကပ်ကျသွားအောင် ပစ်ကြဲလိုက်ကြသည်။ သူတို့၏ ကွန်များကို အတန်ကြာအောင် ရေထဲ၌စိမ် ထားပြီးနောက်မှ တဖြည်းဖြည်း ဆွဲဖော် လိုက်ကြသည်။ သို့သော် သူတို့၏ မျှော်မှန်းချက်နှင့်ကား ကွာဝေးလှသည်။ သူတို့၏ ကွန်ထဲတွင် ငါးကျည်း သုံးလေးကောင်နှင့် အခြားငါး အနည်းအကျဉ်းမှ တစ်ပါး ဟုတ်ဟုတ်ညားညား မမိကြ။ သူတို့သည် မကျေနပ်၍ နောက်တစ်ကြိမ် ပစ်ကြဲလိုက်ကြ ပြန်သည်။ သို့သော် သူတို့၏ ကွန်ထဲတွင် ငါး အလျှင်းပင် မပါတော့။

ဤအဖြစ်ကို သိလိုက်သော ရေငုပ်သမားနှစ်ဦးက ပိုက်အတွင်းမှ နေ၍ တဟားဟား အော်ရယ်လိုက် ပြီးနောက် "ဟေ့ ကွန်သမားတွေရဲ့၊ တင်ကျီးနဲ့ နံကရိုင်း နှစ်ယောက် ရေငုပ်ပြီး ပိုက်သိမ်းတဲ့ချိုမှာ မင်းတို့ ကွန်သာပစ်လို့ ဘယ်ငါးမိ နိုင်မလဲကွ၊ တို့က တစ်ကောင်တစ်မြီးမှ မကျန်အောင် ဂရုတစိုက် သိမ်းလာတာမို့ မင်းတို့ ကွန်သမားတွေအဖို့ ဘာငါးမှ ကျန်ရစ်မှာ မဟုတ် ဘူးကွ။ ဒါကြောင့် ဒီမှာ အလကားအချိန်ကုန် ခံ မနေဘဲ တခြားချိုတွေမှာသာ သွားပစ်ကြပါကွာ" ဟု အော်ပြောလိုက်၏။

ဤတွင် ကွန်သမားနှစ်ဦးမှာ စိတ်ပျက်သွားကြတာ "ဩ... ဒီချုံမှာ ရေငုပ်ပိုက် သိမ်းတဲ့လူက "တင်းကျီးနဲ့ နံကရိုင်း" ကိုး၊ ကျုပ်တို့က ဒီလိုမှန်း မသိလို့ပါဗျာ၊ ခင်ဗျားတို့နှစ်ယောက် ပိုက်သိမ်းတဲ့ ချုံ ဆိုရင် ကျုပ်တို့ ကွန်သမားတွေ တစ်ခါမှ ငါးမမိဖူးဘူး၊ အင်မတန် ပိုက်သိမ်းစေ့စပ်တဲ့ လူတွေပဲ" ဟု ပြော၍ ထွက်ခွာသွားကြ၏။

ကိုဒေါင်းစိန်ကတော့ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်၏။ ရေငုပ်သမား နှစ်ဦးအားလည်း ပြေမပြနိုင်အောင်ပင် ကျေးဇူးတင်သွားမိ၏။ ဤရေငုပ်သမား နှစ်ဦး ပိုက်ကို စေ့စေ့စပ်စပ် သိမ်းသလား၊ ပြီးစလွယ် သိမ်းသလားဆိုတာ ဤဂုန်နီပိုက် အပြင်ဘက်၌ လာ၍ ပစ်ကြဲကြသော ကွန်သမားများ၏ ကွန်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ သူတို့၏ ကွန်ထဲ ငါးများများမိလျှင် ရေငုပ်သမား နှစ်ဦးသည် ပိုက်ကို ပြီးစလွယ် သိမ်းသောကြောင့် ငါးများ ပိုက်တွင်းမှ ထွက်ပြီး သူတို့၏ ကွန်ထဲ လာမိကြောင်း ခန့်မှန်း သိရှိနိုင်သည်။ အကယ်၍ သူတို့၏ ကွန်ထဲ၌ ငါး ပြောပလောက် အောင် မပါရှိလျှင်ကား ရေငုပ်သမား နှစ်ဦးသည် ပိုက်ကို စေ့စေ့စပ်စပ် သိမ်းသွားသောကြောင့် ငါး များပိုက်တွင်း၌ တလုံး တစည်းတည်း ပါသွားသည့်အတွက် သူတို့၏ ကွန်ထဲ၌ ငါး မပါမရှိကြောင်း ရိပ်မိ သိရှိနိုင်သည်။ ယခုလာ၍ ပစ်ကြဲကြသော ကွန်သမားများ၏ ကွန်ထဲ၌ ငါး မပါရှိပုံကို ထောက် လိုက်လျှင် ပိုက်ကို စေ့စေ့စပ်စပ် သိမ်းသွားကြောင်း ထင်ရှား နေသည်။ ထို့ကြောင့် ရေငုပ်သမား နှစ်ဦးအား သူက ကျေးဇူးတင်လိုက်ရသည်။

ဤရေငုပ်သမား နှစ်ဦးသည် ကိုယ့်ပစ္စည်း ကိုယ့်လုပ်ငန်း မဟုတ် သောကြောင့် အပင်ပန်းမခံဘဲ ပိုက်ကို ပြီးစလွယ် သိမ်းသွားသည် ဆိုလျှင်လည်း သူ ဘာမျှတတ်နိုင်မည် မဟုတ်။ သို့သော် သူတို့ နှစ်ဦးကား ဤသို့ မဟုတ်ကြ။ ကိုယ့်ပစ္စည်း၊ ကိုယ့်လုပ်ငန်းလို သဘောထားပြီး ငါးကျည်းအစူးခံကာ ဖွဲနပဲနှင့် စေ့စေ့စပ်စပ် သိမ်းပေးကြသည်။ သူက ဤအတွက် ရေငုပ်ခ တိုးပေးမည် ဆိုသည်ကိုပင် လက်မခံဘဲ ငြင်းပယ်ကြသည်။ သူတို့ကား အခွင့်အရေးကို

မကြည့်ဘဲ သူတို့ အလုပ်ကိုသာ တန်ဖိုး ထားကြသည်။ သူတို့ လုပ်လိုက်သော လုပ်ငန်းသည် သေချာစေ့စပ်စွာ ပြီးစီးသွားသည်ဟူသော အလုပ်ဂုဏ်ကိုသာ မြတ်နိုးလိုလားကြသည်။ ကြည့်ညို လေးစားဖွယ် ကောင်းပေစွ။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၇)

ညနေ ၃ နာရီခန့် အချိန်တွင် ဂုန်နီပိုက်အောက်ခြေရှိ သံကြိုးကို ကမ်းစပ်ကုန်းပေါ်သို့ ဆွဲတင်နိုင် သည့်အထိ ပိုက်အဝန်းကို ကျဉ်းမိကြ၏။ ငါးများမှာ အကျဉ်းအကျပ်ထဲ ရောက်နေသဖြင့် တစ်ကောင်နှင့် တစ်ကောင် တိုးဝှေ့ကာ ပွက်လောရိုက်နေသည်။ ယခု ထိုငါးများကို ခြင်းတောင်းနှင့် ခပ်ယူကာ ပိုက်သိမ်းရုံသာ ရှိတော့သဖြင့် ရေငုပ်သမားနှစ်ဦး၏ တာဝန်မှာ ပြီးဆုံးသွားပေပြီ။

ရေငုပ်သမား နှစ်ဦးသည် ယိုင်တိုင်တိုင် ခြေလှမ်းများဖြင့် ကုန်းပေါ်သို့ တက်လာကြကာ မီးပုံအနီးတွင် ခြေပစ်လက်ပစ် လဲလျောင်းနေကြ၏။ သူတို့ တစ်ကိုယ်လုံး နွံနစ်များ ဖုံး၍ ငါးကျည်းစူးထားသော ဒဏ်ရာ ဒဏ်ချက် များမှာလည်း မွမွကြဲနေသည်။ သူတို့နှစ်ဦးကား အတော်ပင် ဖားသွားချေပြီ။

ကိုဒေါင်းစိန်သည် အလိုက်သိစွာပင် ကျန်ရှိသော အရက်သုံးပုလင်းကို သူတို့အနီး၌ ချထားပေးလိုက်သည်။

ကိုဒေါင်းစိန်၊ ကိုလူမောင်နှင့် ကိုလေးဖိုးကွန့်တို့သည် ကျဉ်းမြောင်း လှသော ပိုက်ဝိုင်းအတွင်း၌ မိနေသော ငါးများအား ခြင်းတောင်းနှင့် ခပ်ကာ လှေကြီး တစ်စင်းထဲသို့ လောင်းထည့်ကြ၏။ ငါးဖယ်များကိုမူ ဖောက်သည်ငါး (ငါးစိမ်းငါး) အဖြစ်ဖြင့် ငါးစိမ်းသည်မကြီး မမယ်ရင်အား ချိန်ရောင်းရန် သီးခြား ရွေးထုတ်ကာ ရေထဲတွင် ချထားသော "ပုံလုံ" ထဲသို့ ထည့်၍ လှောင်ထားသည်။ ငါးရံ့နှင့် ငါးပတ်များကိုမူ တဝုန်းဝုန်း ထခုန်နေကြသဖြင့် လွတ်မြောက် သွားမည်

စိုးသောကြောင့် ခေါင်းကို တုတ်ဖြင့် ရိုက်ကာ လှေကန့် တစ်နေရာတွင် သီးခြား ပုံထား၏။

ပိုက်ဝိုင်းထဲမှ ငါးများကို ခြင်းတောင်းဖြင့် အကြိမ်ပေါင်းများစွာ ခပ်ယူလိုက် သောအခါ ပိုက်ဝိုင်းထဲတွင် ငါးအနည်းငယ်မျှသာ ကျန်ရစ် တော့သည်။ ထိုအခါ သူတို့သည် ပိုက်ကို မ ယူကာ ကျန်ရှိနေသော ငါးများအား လှေထဲသို့ လောင်းထည့် လိုက်ကြသည်။ ကြီးမားလှသော လှေကြီးမှာ ငါးများ မောက်နေအောင် ပြည့်သိပ်သွားတော့သည်။ ကိုဒေါင်းစိန်ကား ငါးများများ ရမိလိုက်သဖြင့် အူမြူးနေသည်။ မယ်စိန်၏ မျက်နှာမှာလည်း တပြုံးပြုံး ဖြစ်နေသည်။ ကိုဒေါင်းစိန်သည် ရေငုပ်သမား နှစ်ယောက် မသောက်နိုင်သဖြင့် ချန်ထားခဲ့သော အရက် တစ်ပုလင်းကို ကိုလေးဖိုးကွန့်၊ ကိုလှမောင်တို့နှင့်အတူ ခွဲဝေ၍ သောက်လိုက် ပြီးနောက် ငါးလှေ ပေါ်သို့တက်ကာ လှော်ပြန်လာသည်။

သူက လှေပဲ့မှ လှော်၍ ကိုလေးဖိုးကွန့်နှင့် ကိုလှမောင်က ဦးမှနေ လှော်ကာ၊ မယ်စိန်ကတော့ လှေလယ်တွင် ထိုင်လိုက်လာသည်။

ကိုဒေါင်းစိန်သည် ငါးများများရ၍ အူမြူးနေသည့်ကြားထဲ အရက်ကလေးကိုလည်း သောက်ထား ပြန်သောကြောင့် အနည်းငယ်ကလေးမျှ ဂနာမငြိမ်ဘဲ တစ်ကိုယ်လုံး ကြွကြွရွရွ ဖြစ်နေသည့်တိုင် မြူးနေတော့၏။ သူသည် လှော်တက်ကို ရေထဲနစ်ကာ အားစိုက်၍ လှော်ယက်ရင်းမှ လှေဦးမှ ကိုလေးဖိုးကွန့်သို့ လှမ်းကာ "ဗျို့ ကိုလေးဖိုးကွန့်၊ ကျွန်တော့်ချျထဲ ငါးမျိုးစုံပြီး ငါးအတော်များများ ရှိတယ်လို့ ကျွန်တော် ပြောတုန်းက ခင်ဗျားတို့ ကြွားတယ်လို့ ထင်တယ် မဟုတ်လား။ အခုတော့ ဘယ့်နယ်ရှိစ၊ ဒါကြောင့်မို့" ဟိုချျ ဒီချျ ကင်ပွန်းချျ၊ တိုက်စောင်ခြံချျတဲ့ အမေ့ချွေးမ" ဆိုတဲ့ သံချပ်ကိုတောင် ကျွန်တော်က တစ်မျိုး ပြင်လိုက် ချင်သေးတယ်"

"ဆိုစမ်းပါဦးကွ၊ မင်းက ဘယ်လိုများ ပြင်ချင်လို့လဲ"

"ဟိုချုံ ဒီချုံ မန်ကျည်းချုံ၊ ငါးမျိုးစုံတဲ့ ဒေါင်းစိန်ချုံဗျ" လို့ ပြင်လိုက်ချင်တာပေါ့၊ အနို့မဟုတ်ဘူးလားလို့"

"ဟုတ်ပါ့သဗျား၊ မှန်ပါသဗျား" ဟု ကိုလေးဖိုးကွန့်က သဘောကျသွားသလို ဟက်ဟက်ပက်ပက် ရယ်ရင်းက ပြောလိုက်ရာ၊ မယ်စိန်က" ကာလနာကတော့ လုပ်ပြီ" ဟု ရေရွတ်ရင်း မျက်စောင်း ချိတ်လိုက်သည်။

"ကဲဟေ့ ဒေါင်းစိန်၊ မင်းသံချပ်ကို မင်းက တိုင်ပေး၊ တို့က လိုက်မယ်" ဟု ကိုလေးဖိုးကွန့်က ပြောလိုက်ရာ ကိုဒေါင်းစိန်က "အဟီး" ဟု အူကြောင်ကြောင် တစ်ချက် ရယ်လိုက်ပြီးနောက် "ဟိုချုံ ဒီချုံ မန်ကျည်းချုံဟေ့" ဟု တိုင်ပေးလိုက်ရာ ကိုလေးဖိုးကွန့်နှင့် ကိုလူမောင်က "ငါးမျိုးစုံတဲ့ ဒေါင်းစိန် ချုံဗျ" ဟု သံပြိုင် လိုက်ပေးကြ၏။ သို့ဖြင့် အတိုင်အဖောက် ညီစွာ အော်ဟစ် ဆူညံသွားကြရာ ကိုဒေါင်းစိန်တို့ အိမ်ဆိပ်ရောက်မှ ရပ်လိုက်ကြ၏။

သူတို့သည် ကိုဒေါင်းစိန်၏ အိမ်အနီး မြေကွက်လပ်တွင် ယင်းများကို ခင်းပြီးနောက် လှေထဲမှ ငါးများကို ခြင်းများနှင့် သယ်တင်ကာ ထိုယင်းပေါ်သို့ လောင်းချကြ၏။ ကိုလေးဖိုးကွန့်၏ မိန်းမ မပြားကြီးနှင့် ကိုလူမောင်၏ မိန်းမ မဖွားသက်တို့လည်း ရောက်လာကြကာ မယ်စိန်နှင့်အတူ ယင်း ပေါ်မှ ငါးများကို သူ့အမျိုးအစားနှင့်သူ သီးသန့်ခွဲခြား ရွေးထုတ်နေကြ၏။ ကူညီလုပ်ကိုင်သူများလှသဖြင့် မမှောင်မီပင် လှေဝမ်းထဲမှ ငါးများအားလုံး သယ်တင်ပြီး ဖြစ်ရုံမျှမက သူ့အမျိုးအစားနှင့်သူ လည်းခွဲခြား ရွေးထုတ်ပြီး ဖြစ်နေ၏။

ဤအချိန်တွင် ငါးများကို ကုန်လုပ်ပြီး ရောင်းချကြမည့် ကုန်သည် ကလေးနှစ်ဦး ရောက်လာကြကာ ဤငါးများကို ရောင်းမည်လောဟု လာမေးကြ၏။ မယ်စိန်က ငါးကျည်းများကို သူ့ဟာသူ ကျပ်တိုက်ပြီး ငါးကျည်းခြောက် ဖြစ်မှ ရောင်းမည်။ ကောင်သော ငါးများကိုလည်း သူ့ဟာသူ ငါးပိလုပ်၍ ငါးပိဖြစ်

မှ ရောင်းမည်။ ကျန်ရှိသည့် ငါးပတ်၊ ဒိုး၊ ခေါင်းဖြတ်နှင့် ချောမီးနီများကိုမူ ငါးစိမ်းအတိုင်း ရောင်းမည်ဟု ကြေညာ လိုက်၏။

ဤအချိန်တွင် ကုန်သည်ကလေးနှစ်ဦးသည် အပြိုင်အတိုင် ဈေးပိုတင်ပြီး သူ့ထက်ငါ ကောင်းလုဝယ် ကြရ မယ်စိန်တို့ ခန့်မှန်းသည့် ဈေးထက် ပို၍ရ၏။ ငါးပတ်မှာ ၇၅ ဈေး။ ဒိုးခေါင်းဖြတ် ချောမီးနီများမှာ ၆၅ ဈေးအထိ ရရှိလိုက်၏။ ပေါက်ဈေး ၇၀ ကျပ်နှင့် ၆၀ကျပ် ဈေးသာရှိရာ အချိန်တစ်ရာကို ငါးကျပ်ပို၍ ရလိုက်၏။ သူတို့သည် ရာဇူကို ဆင်ကာ ချိန်ပေးပြီး ငွေ ရှင်းယူလိုက်ကြသည်။ ငါးဖယ်များကိုမူ ငါးစိမ်းသည်မကြီး မမယ်ရင်အား ချိန်ရောင်းလိုက်ကြသည်။

မယ်စိန်ကား ကိုဒေါင်းစိန် တစ်နေ့လုံး ပင်ပန်းထားသည်ကို သိ၍ ကျန်ရှိနေသော ငါးရံ့၊ ငါးကျည်းနှင့် ကောင်သေးငါးများကို သူ့ဟာသူ လုပ်တော့မည်။ ကိုဒေါင်းစိန် အနားယူလိုက ယူဟု ခွင့်ပြုလိုက်၏။ ထို့ကြောင့် ကိုဒေါင်းစိန်သည် အိမ်ပေါ်သို့ တက်လာကာ အိပ်ရာထဲ ထိုးလှဲလိုက်၏။ အိပ်ရာထဲတွင် လှဲနေရင်းမှ သူ့လုပ်ငန်း၏ အကျိုးအမြတ်ကို တွက်ကြည့်၏။ သူ ချုံချရန် မန်ကျည်းပင်ငယ် ငွေအစိတ်၊ မန်ကျည်းပင်ကို လှည်းရ၊ ဖြတ်ရ၊ ချုံချမည့် နေရာသို့ သယ်ရသည့် အတွက် လူငှားခက ငွေငါးကျပ်၊ ပေါင်းသုံးဆယ်။

လယ်သမားတွေက တရားစွဲလို့ အစိုးရကို ဒဏ်ငွေ ဆောင်ရတာက သုံးဆယ်ဆိုတော့ ပေါင်း ခြောက်ဆယ်။ ကိုပေါက်တူးရဲ့ ဂုန်နီပိုက်ငှားခ တစ်ဆယ့်ငါးကျပ် ထပ်ထည့်လိုက်တော့၊ ခုနစ်ဆယ့် ငါးကျပ်ဖြစ်ရော။ ရေငုပ်သမား နှစ်ဦးအား ပေးရသည့် ငွေလေးကျပ်နှင့် အရက်ဖိုး ကုန်ကျငွေများပါ ထည့်လိုက်ဦး၊ အားလုံးအရင်းငွေ တစ်ရာထက် ပိုမကုန်နိုင်။ ယခု သူ့ချုံမှ ငွေနှစ်ရာခန့် ရရှိမည်ဟု ခန့်မှန်းနိုင်ပြီဖြစ်ရာ ငွေတစ်ရာ အသားတင် မြတ်မည်။ ပြီးတော့ မပိတ်ဆို့ရသေးသော ချုံနှစ်ချုံ ကျန်ရှိနေသေးရာ ဤချုံနှစ်ချုံမှာလည်း အနည်းဆုံး အသားတင် ငွေတစ်ရာ့ငါးဆယ်တော့ ရဦးမည်။ နောက်ပြီး ထင်းဆိုက်ရန် မန်ကျည်း တုံးများ၊ မန်ကျည်းကိုင်းများလည်း ရှိနေသေးရာ

ဤဟာများလည်း မြတ်ကျန်ရစ်ဦးမည်။ ပင်ပန်းရ ကျိုးတော့ဖြင့် နပ်တော့မည်။ ဝမ်းမြောက်ခြင်းဖြင့် ပြုံးမိသည်။

သူ့အကျိုးအမြတ်ကို တိတိကျကျ ခန့်မှန်းနိုင်ပြီးသည်၏ အခြားမဲ့၌ လှူစိတ်နလုံးမှာ တည်ငြိမ်သွား၍ သူ့အတွေးများလည်း ရပ်ဆိုင်းသွားကာ သူ့မျက်လုံးများမှာလည်း မှေးငိုက်လာတော့၏။ အိမ်အပြင် မှ မယ်စိန်၊ မဖွားသက်၊ မပြားကြီးတို့၏ ငါးခုတ်သံ၊ စကားပြောသံများကို ကြားရတစ်ချက်၊ မကြားရ တစ်ချက်ဖြင့် မှောက်မျဉ်း အိပ်ပျော်နေရာမှ နောက်ဆုံး လုံးဝ မကြားရတော့သည့် တိုင် အိပ်မောကျသွားလေတော့သည်။

ကိုဒေါင်းစိန်ကား အိပ်မက်ထဲတွင် ဟက်ဟက်ပက်ပက် ရယ်မောကာ ပျော်ရွှင်မြူးထူး နေရှာလေသတည်းဟု နိဂုံးချုပ်ကာ အဆုံးသတ်လိုက်က လွဲမှား နိုင်ပါမည်လော။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

# ဖားပါလျှင် တစ်ကောင်ပေးပါ

(၁)

ဘာတစ်ခုမှ တည်မြဲခြင်း မရှိသော သင်္ခါရ လောကကြီး၌ ညအမှောင်သည်လည်း တည်တံ့ခိုင်မြဲစွာ တည်နေလိမ့် မည်တော့ မဟုတ်ပါ။ ညအမှောင်ကုန်ဆုံးသည်နှင့် တစ်ပြိုင်နက် နံနက်မိုးသောက် အလင်း ရောက်ရမည်မှာ ဓမ္မတာပင် မဟုတ်လား။ ဒါပေမဲ့ အမှာင်မှ အလင်ကို ချက်ချင်း ကူးပြောင်းသည်လို့တော့ မဆိုလိုပါ။ ဤကာလနှစ်ခု စပ်ကူးမပ်ကူး ကြားကာလသည် ရှိနေပါသေးသည်။ အရုဏ်ဦး ရောင်နီ ...။

ဟုတ်ပါပေသည်။ ဆွေးမြည့် ဟောင်းနွမ်းနေပြီဖြစ်သော ညဥ့်ကာလ အမှောင်ထုသည် စည်းကမ်း သေဝပ်စွာ တရွေ့ရွေ့ ဆုတ်ခွာနေစဉ်မှာပင် အလင်း၏ ရှေ့တော်ပြေး တပ်ဦးအဖြစ် အရုဏ်ဦး ရောင်နီသည် လွန့်လူး ထွက်ပြူကာ အလင်းကို ကြိုဆိုစပြုနေပါပြီ။ တာဝန်ကို လေးစားသော ကြက်ဖကြီးများသည် တောင်ပံကို တဖျတ်ဖျတ် ရိုက်၍ တွန်လိုက်ကြ၏၊

အြော် ... ကြက်ဦးတောင် တွန်ပေါ့။

ကိုဒေါင်းစိန်သည် လုံချည်တစ်ထည်ဝတ်၊ တစ်ထည်ခြုံ၍ ကွေးနေရာမှ ထထိုင်၏။ သို့သော် သူသည် ပြုလုပ်ဖွယ် ရှိသော ဗာဟီရများကိုတော့ ချက်ချင်း ထ၍ မပြုလုပ်လိုသေးပါ။ နည်းနည်းတော့ နပ်နေ လိုက်ချင် ပါသေးသည်။ တကယ်လို့ စာဖတ်သူသည် မြို့ကြီးသားတစ်ယောက် ဖြစ်နေ ပါက "နပ်နေလိုက်ချင်သည်" ဟူသော သူတို့ ရပ်ရွာသုံး ဝေါဟာရကို နားမလည်မှာ စိုးမိပါသည်။

အိပ်ရာနိုးနေပြီ ဖြစ်သော်လည်း ချက်ချင်းမထသေးဘဲ အိပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ မှိန်းနေသည် ဟူ၍ မဆိုဘဲ၊ ဘာကြောင့် နပ်နေသည်ဟု ပြောဆိုသနည်း။

ဒါကိုတော့ သူတို့ တိတိ ကျကျ အဖြေမပေးတတ်ပါ။ ဒါပေမဲ့ စာဖတ်သူသည် သူတို့ လက်ဖက်ရည်ကြမ်းအိုး မီးထိုး နေသည့် နေရာကို သွားကြည့်လျှင်တော့ ဤနပ်နေသည်ဟူသော ဝေါဟာရကို သဘောပေါက်နိုင်ပါလိမ့်မည်။ သူတို့သည် ရေဆူလျှင် လက်ဖက်ခြောက် ခပ်၍ ချက်ချင်း မသောက်သေးဘဲ၊ မီးခဲရဲရဲဖြင့် ပြန်၍ နပ်ထားလိုက်ကြသေး၏။ ဒါကို တင်စား၍ အိပ်ရာမှ နိုးနေသော်လည်း ချက်ချင်း မထသေးဘဲ ပြန်၍ မှိန်းနေခြင်းကို နပ်နေသည်ဟု ခေါ်ကြောင်း သဘောရမိပါသည်။

ကိုဒေါင်းစိန်သည် ဖင်ချ၍ ဆောင့်ကြောင့်ထိုင်နေရာမှ ထောင်ထားသော ဒူးနှစ်လုံးကို လက်နှစ်ဖက် ဖြင့် သိမ်းဖက် လိုက်၍ ဒူးနှစ်လုံးကြားထဲသို့ ခေါင်းကို ငိုက်စိုက်ချကာ နပ်နေ၏။ သူ့အနားမှ အသက်ကို မှန်မှန်ကြီး ရှူ၍ ဟောက်နေသော မယ်စိန်၏ ဟောက်သံကို ကြားသည့်အခါ ကြား၏။ မကြားသည့်အခါ မကြားလိုက်။ တစ်ချက် တစ်ချက်တွင် သိမေ့ သိမေ့နှင့် မျောက်မျဉ်း အိပ်ပျော်သလို ဖြစ်နေ၏။

"တုံ ... တုံ ... တုံ ... တုံ"

ဗျင်းဘွဲ့ ဘုန်းတော်ကြီးကျောင်းမှ (အချို့အရပ်များက အုန်းမောင်းဟု ခေါ်သည့်) ကလတက်ခေါက် သံသည် ချက်မှန်မှန် ထွက်ပေါ်လာ၏။ ကိုဒေါင်းစိန်သည် အိပ်မက်တိုင်းပြည်မှ ဖျတ်ခနဲ လန့်နိုးကာ ခေါင်းထောင်၍ ကလတက် ခေါက်သံကို နားစွင့်နေ၏။ ကလတက် ခေါက်သံသည် ချက်မှန်မှန် ထွက်ပေါ် လာရာမှ တဖြည်းဖြည်း မြန်လာ၏။ ပိုမြန်လာ၏။ အို ... ပိုမြန်လာ၏။

ပေါဇ့ျာ တဖြည်းဖြည်း နေးသွားပြန်၏။ ပိုနေး သွား၏။ အို ... ပိုနေးသွား၏။ ပေါဇ့ျ ရပ်သွားပါပကော။

အရှက်လာပြီလေ။

ကိုဒေါင်းစိန်သည် ခြုံထားသော လုံချည်ကို ခေါင်းပေါ်အရောက် ဆွဲခြုံလိုက်ကာ ထိုင်ရာမှ ထလိုက်၏။ ရေနွေး တည်သောက်မယ် ဆုံးဖြတ်ချက်နှင့် အတူ အိမ်ရှေ့သို့ ထွက်လာကာ၊ လက်ဖက်ရည် အိုးကို လိုက်စမ်း နေ၏။ သူသောက်နေကျ မြေအိုးကိုတော့ တွေ့ပါပြီ။ ဒါပေမဲ့ ဘယ်မှာလဲ မီးခြစ်။

မီးခြစ် ... မီးခြစ်၊ ဘယ်တုန်းကတော့ မီးခြစ်ကို ဆောင်ထားဖူးလို့လဲ။ သူသည် သူ့အိမ်၏ ပတ်ဝန်းကျင်ကို လှည့်လည်၍ မျက်စိ ကစားနေ၏။ ပေါ တွေ့ပြီလေ။ ကိုလေး ဖိုးကွန့်တို့အိမ်က မီးတထိန်ထိန်နဲ့ပါလား၊ ကေန္တ ကိုလေးဖိုးကွန့်ရဲ့ မိန်းမ မပြားကြီး ရေနွေးအိုး တည်နေတာပဲ၊ ငါ့မိန်းမ မယ်စိန်ကတော့ ခုထိ အိပ်တုန်း။ ဟယ် ... တတ်နိုင်ပါဘူး၊ ငါ့ဘာသာပဲ မီးသွားကူးပြီး တည်သောက်လိုက်ပါ့မယ်။

သူသည် အိမ်အောက်သို့ ခုန်ဆင်းလိုက်ကာ မြေကြီးကို တွင်းတူး၍ မီးဖို လုပ်ထားသော မီးဖိုဘေးမှ ဝါးခြမ်း သုံးပြားကို ဆွဲ၍ ကိုဖိုးကွန့်တို့ အိမ်ဘက် လျှောက်လာ၏။ ကိုဖိုးကွန့်တို့ အိမ်ရှေ့အရောက် တွင် "ဝုတ်ခနဲ" ထိုးဟောင် လိုက်သော ခွေးဟောင်သံနှင့် အတူ "ဟဲ့ ခွေး" ဟူသော မပြားကြီး၏ အသံ ထွက်ပေါ် လာကာ တစ်ဆက် တည်း "ဘယ်သူလဲ" ဟူသော မေးခွန်းပါ နောက်ဆက်တွဲ ပါလာ၏။

"ကျုပ်ပါဗျ၊ ရေနွေးအိုး တည်မလို့ မီးကူးချင်လို့ပါ"

သူသည် ပြောပြောဆိုဆိုနှင့်ပင် အိမ်ပေါ်သို့ လှမ်းတက်လိုက်ကာ မီးဖိုဆောင်ဘက်သို့ လျှောက်သွား၏။ သူတို့၏ ပတ်ဝန်းကျင်၌ ကိုဖိုးကွန့်တို့

မိသားစုတစ်စုကား တော်တော် ချောင်လည်၏။ အိမ်မှာ ဝါးအိမ် သက်ငယ်မိုးပင် ဖြစ်သော်လည်း အတန်ပင် ကျယ်ဝန်း၏။ တောင့်တင်း၏။ သပ်ရပ်၏။ မီးဖိုးဆောင် ကိုပင် သီးခြား ဆောက်လုပ်ထားနိုင်၏။

"ဟယ် နင့်နယ် ဒုက္ခရှာပြီး တည်မနေပါနဲ့တော့။ ဒီမှာပဲ တို့နဲ့အတူတူ သောက်ပေ့ါ"

သူ မီးဖိုဆောင်ထဲ လှမ်းဝင်လိုက်ရာတွင် မပြားကြီးက မီးကူးရန် ယူလာသော သူ့လက်ထဲမှ ဝါးခြမ်းများကို ကြည့်ရင်း ပြောဆိုလက်၏။ တဟုန်းဟုန်းနှင့် တောက်လျက် ရှိသော မီးဖိုပေါ်မှ ရေနွေးအိုးကား ဆူသံ ပေးနေ လေပြီ။ ဆွမ်းလောင်းရန် ရည်မှန်း၍ ချက်ထားသော ဆွမ်းအိုးကိုမူ မီးဖိုတစ်နေရာ၌ မီးခဲရဲရဲအပေါ်တွင် တင်နပ် ထား၏။

"အင်းဗျာ၊ ဒါဖြင့် ဒီမှာပဲ သောက်တော့မယ်။ ကိုလေး ဖိုးကွန့်ကော မနိုးသေးဘူးလား"

"နိုးတော့ နိုးနေပါပြီ။ စောက်ပျင်းစထူတဲ့ လူဆိုတော့ နပ်နေ ရသေးတယ်လေ"

"ဟဲ့ စောက်ကန်းမ၊ ဘာလဲ စောက်ပျင်းထူတဲ့ လူဆိုတာက နင်က ငါအိပ်နေတယ် မှတ်လို့လား"

"ဟာဗျာ ခင်ဗျားတို့ကလည်း စောစောစီးစီး ရန်ဖြစ်နေကြပြန်ပြီ"

ဘုန်းကြီးကျောင်း ပရိဝုဏ်အတွင်းရှိ သစ်ပင်များပေါ်မှ ကျီးများကား တအာအာ အော်မြည်ကာ ပျံသန်းကြလေပြီ။ လင်းကြက်များလည်း သော့လေပြီ။

နွေဦး နံနက်ခင်းဝယ် ကျီးအာသံ၊ ကြက် တွန်သံများ နှင့်အတူ တံငါရွာကလေး၏ ကဗျာတစ်ပုဒ်ကို သည်လိုပဲ ကာရန်မညီစွာ ကြားကြရပေ မည်။

ဩ ... တော်ပါသေးရဲ့။

ကိုဖိုးကွန့်တို့ အိမ်ရှေ့အိမ်မှ ဦးဖိုးဂေါင်း၏ ဘုရားရှိခိုးသံနှင့်အတူ သာယာလှသော ကြေးစည်သံ ကလေးက သည်လို အရုပ်ဆိုးလှသော တံငါရွာကလေး၏ မိုးသောက်ကဗျာတစ်ပုဒ်ကို ဖုံးလွှမ်းသွား ပါပြီ။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၂)

ကိုဖိုးကွန့်တို့ မီးဖိုထဲ၌ရှိသော ကြက်အိပ်တန်းမှ ပြာမီးခိုးရောင် တိုက်ကြက်ကြီး တစ်ကောင်သည် မိုးသောက် ကဗျာတစ်ပုဒ်ကို တွန်ကျူး လိုက်ပြီးနောက် အိပ်တန်းထက်မှ ခုန်ဆင်းလိုက်၏။ သူ့ အမူအရာမှာ တစ်ခါတုန်းက တစ်ကမ္ဘာလုံးကို လွှမ်းမိုးမည်ဟု ကြုံးဝါးခဲ့သော ဂျာမန်အာဏာရှင် ဟစ်တလာလောက်နီးနီး ကြွားကြွား နိုင်လှ၏။ ခွပ်လက် ရထားသဖြင့် သူ့လည်ပင်း၊ ရင်အုပ်နှင့် ပေါင်တံများသည် အမွေးများ ပြောင်နေကာ အခေါက်ထူကြီး ဖြစ်နေ၏။ ဤပြောင်နေသော နေရာ လပ်များသည် ဆေးဆိုး ထားသော မြို့ကြီးသူ အပျိုမ၏ ပါးကလေးလို နီမြန်းနေ၏။

သူသည် ဘာကိုမှ ထီမထင်သော ဟန်ဖြင့် ခြေလှမ်းကို ဘယ်ညာမှန်မှန် နင်းလာပြီး နောက်၊ အိမ်ထက်မှ မြေပြင်သို့ ခုန်ဆင်းလိုက်၏။ မြေကြီးကို သူ့ခြေသည်းများဖြင့် ယက်လိုက်၍ ခေါင်းခါခါ လည်ခါခါနှင့် အစာကို ကောက်စားရန် ဟန်ပြုကာ၊ တော့ ... တော့ ... တော့ ဟူသော မယ်ဘွဲ့ကဗျာကို သီကျူးနေ၏။ ကြက်မတမ်းမကလေး သုံးကောင်သည် သူ့ကဗျာဝယ် ယစ်မူးကာ သူ့အနီးသို့ ပြေးလာကြ၏။ သူသည် အတောင်နှစ်ဖက် ဖြန့်၍ ကိုယ်ကို စောင်းကာ ကြက်မကလေး သုံးကောင်အား ပတ်ချာလည့် ရစ်နေ၏။

တံငါရွာကလေး၏ မိုးသောက် ပန်းချီကားတစ်ချပ်။

ဒါကို လက်ဖက်ရည်ဝိုင်းမှ ကိုဒေါင်းစိန်သည် အငွေ့တထောင်းထောင်း ထနေသော လက်ဖက်ရည် ကြမ်းအိုးပန်းကန်ကို လက်မှကိုင်ရင်း အငေးသား ကြည့်ရောမှ ကိုးဖိုးကွန့်ဘက်သို့ ဖျတ်ခနဲ လှည့် လိုက်ကာ

"ကိုလေးဖိုးကွန့်၊ ခင်ဗျား ပြာမီးခိုးကို ကညင်ကုန်းက ဖောင်းကလေးနဲ့ တိုက်ရအောင် ချိန်းထား တယ် မဟုတ်လား၊ ဒီလိုသာ ပေါက်ကရ လွှတ်ထားလို့ ကြက်မတွေကို လျှောက်လိုက်နေရင် ခွပ်ရာမှာ အမောမလုံဘဲ နေမယ်"

"အေးကွာ၊ ငါလည်း အလုပ်ကတစ်ဖက်နဲ့မို့ သူ့ချည်းပဲလည်း ဂရုမစိုက်နိုင်ဘူး၊ မနက် မနက်ကို ရေမှန်မှန်တောင် မပေးနိုင်ဘူး။ ဒါပေမဲ့ ချိန်းရက်က ဝေးပါသေးတယ်ကွာ"

ကြက်ပေါက် တစ်ကောင်သည် စောစောက ထွက်ပြေးသွားသော ကြက်မနှစ်ကောင်အနက် တစ်ကောင်ကို အတင်းလိုက်လေရာ၊ ထို ကြက်မသည် ကိုဖိုးကွန့်၏ တိုက်ကြက်ကြီးရှိရာသို့ "ကတော် ... ကတော်" ဟု အော်ရင်း ပြေးလာ၏။ ကိုဖိုးကွန့်၏ တိုက်ကြက်ကြီးသည် ကြက်ပေါက်အား အတင်း လိုက်ခွပ်ရာ ကြက်ပေါက်ခမျာ ပြန်ပြေးရရှာလေပြီ။

ဒါကို ကိုဖိုးကွန့်က မြင်၍ "ဟဲ ... ဟဲ၊ ငါ့ကြက်က ဒီနားတစ်ဝိုက်မှာ ဗိုလ်ကွ" ဟု ကြွားလိုက်၏။ မပြားကြီးသည် ဆီမပါသော ငါးရံ့ခြောက်ဖုတ်ကို လက်ဖက်ရည်ဝိုင်းသို့ လာချ၏။ ကိုဒေါင်းစိန်သည် ငါးရံ့ခြောက်ဖုတ်ကို ဈေးဦးဖောက် ဖဲ့၍ စားလိုက်၏။

"ဒါ ခင်ဗျားတို့ တော်လှတ် ဂရက်က ရတဲ့ ငါးခြောက်လား"

"အေးပေါ့ကွ"

"ဘယ့်နဲ့လဲ၊ ဟန်ပုံပေါ်ရဲ့လား"

"ဟန်လိမ့်မယ် မထင်ပါဘူးကွာ၊ ဒီဘေးမဲ့ ဂရက်ကလေးကို ပက်ရဖို့ အရေး အင်ဇဘက်ကို ၅ဝ တောင် ပေးရတာကွ၊ ခန္တိထိုးဖို့ လူးငှားခတို့ ဘာတို့နဲ့ ခု အိုင်ထဲမှာ ငါးလုံးပေါ်လို့ မြင်ရတဲ့ငါးနဲ့ တွက်ကြည့်လိုက်ရင် ပင်ပန်းတာ အဖတ်တင်မှာပဲ"

"ဒါပေမဲ့ဗျာ အမြတ်မကျန်ပေမဲ့ အလုပ်က လုပ်ရင်း စားသွားရတယ် ဆိုရင် တော်သေးတာပေါ့။ ကျွန်တော်တော့ ဒီည ဖားလိုက်ရှာပြီး ဗျင်းဘွဲကြီး အင်းချောင်းထဲ ဖားသွားဆွဲမယ်လို့ စိတ်ကူးတာပဲ"

"ကြည့်လည်း လုပ်ပါ ဒေါင်းစိန်ရာ၊ စံကပင် အင်းပိုက်နက်ထဲ ပိုက်သွားချလို့ ပိုက်သိမ်းခံရပြီး လူပါ အရိုက်ခံရသလို ဖြစ်နေပါဦးမယ်"

ကိုဒေါင်းစိန်သည် အတိတ်ကို ပြန်တွေးမိသလို ခပ်ငေးငေး ဖြစ်သွားရာမှ သက်ပြင်းတစ်ချက်ကို ခပ်လေးလေး ချလိုက်ရင်း

"ဒီလို အရိုက်ခံရမှာ ကြောက်လို့ မစွန့်ဝံ့ရင်လည်း ငတ်မှာပဲဗျာ၊ ဘေးမဲ့ချောင်းရိုးကြီးထဲ လျှောက် မျှားလို့ တစ်နေ့ကို နှစ်ကောင်တောင် မရချင်ဘူး။ အင်းချောင်းထဲမှာဆိုရင် တစ်ညကို ငါးရံ့ အကောင် အစိတ် သုံးဆယ်တော့ ရသဗျ"

မိုးစင်စင် လင်းလေပြီ။ နှင်းမြူများကား ပို၍ လှလာ၏။ ပို၍ သိပ်သည်းလာ၏။ တံငါရွာကလေး၏ မိုးသောက်ပန်းချီကားချပ်သည် ထူခဲ သိပ်သည်းသော နှင်းမြူများ အကြားဝယ် ပျောက်ကွယ်လေပြီ။

"ဆွမ်းတော် ... ဖို့"

ဆွမ်းခံ ကြွလာကြောင်း အသံဖြင့်သာ သိရသည်။ ကိုယ်တော်လေး များကား နှင်းမြူများ အောက်ဝယ် ပျောက်နေကြ၏။ အရာအားလုံး ပျောက်ကွယ်

တိမ်မြုပ်နေကာ၊ ဘယ်ကိုပဲ ကြည့်ကြည့် နှင်းမြူနှင့် နှင်းမြူများကိုသာ တွေ့ရသည်။

"ရပ်တော်မူပါဦး ဘုရား"

မပြားကြီးသည် လုံချည်ပေါင်း တစ်ထည်ကို ပခုံးပေါ်တင်၍ ဆွမ်းခွက်ကို ယူကာ အိမ်ပေါ်မှ ဆင်းလိုက်၏။ တာလမ်းနားသို့ ချဉ်းကပ်မိမှ ဆွမ်းအတွက် ငံ့လင့်၍ ရပ်တော်မူနေသော ကိုရင် ကလေးသုံးပါးကို ဖူးမြင်ရ၏။ သူမသည် ဆွမ်းခွက်ထဲမှ ကြေးဇွန်းကြီးဖြင့် ဆွမ်းခပ်နေစဉ် ရှေ့ဆုံးမှ ကိုယ်တော်ကလေးကား သပိတ်ဖုံးကို ဖွင့်ပေးကာ ငံ့လင့်၏။ သူမသည် ကိုရင်ကလေး၏ သပိတ်ထဲ၌ ဆွမ်းတစ်စေ့မျှ မမြင်ရ၍ အတော် စိတ်မကောင်း ဖြစ်သွား၏။

သူမသည် ရှေ့ဆုံးမှ ကိုရင်ကလေး၏ သပိတ်ထဲသို့ ခပ်ထားသော ဆွမ်းကို လောင်းထည့်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုယ်တော်ကလေးက သပိတ်ဖုံးကို ပြန်ဖုံးလိုက်ပြီး ရှေ့သို့ ဆက်လက် ကြွသွား၍၊ ဒုတိယ ကိုယ်တော် ကလေးက သပိတ်ကို ဖွင့်ကာ ငံ့လင့်ပြန်၏။ နောက် တတိယ ကိုယ်တော်လေး။

သူမသည် ဆွမ်းခွက်ထဲ ကျန်ရှိသမျှ ဆွမ်းများကို နောက်ဆုံး ကိုရင်လေး၏ သပိတ်ထဲသို့ အကုန်အစင် လောင်းထည့်လိုက်ပြီးနောက် အိမ်ဘက်သို့ ပြန်လျှောက်ခဲ့၏။ ဆွမ်းခွက်၌ ကပ်ကျန်ရစ်သော ဆွမ်းစေ့များကို မြေကြီးပေါ်သို့ ယက်ချလိုက်ရာ ကိုဖိုးကွန်၏ တိုက်ကြက်ကြီးနှင့် ကြက်မတမ်း မကလေး သုံးကောင် ပြေးလာ၍ အလုအယက် ကောက်စားနေကြ၏။ ကိုဖိုးကွန်၏ တိုက်ကြက်ကြီးကမူ အစာကို ဟုတ်တိပတ်တိ မစားဘဲ အစာကိုမဲ၍ စားနေသော ကြက်မများအား လျှောက်ရစ်နေ၏။

"ဒေါင်းစိန်တို့များ တစ်ခါမှ ဆွမ်းလောင်းတာ မတွေ့ဘူး။ ကိုယ်ရဲ့ အတိတ်ကံ မကောင်းလို့ ခုဘဝမှာ ဒီလို တံငါအရပ်မှာ လူလာဖြစ်ရတာ

မဟုတ်လား၊ နောက်ကို ဒီလိုဘဝမျိုး ပြန်မရောက်ရအောင် ဒါနမျိုးစေ့ချပြီး အကျိုးဆက်ပေးဦးမှပေါ့"

စောစောက ကိုရင်ကလေး၏ သပိတ်ထဲတွင် ဆွမ်းလောင်းသူ မရှိ၍ ဆွမ်းတစ်စေ့မျှ မမြင်ရသောကြောင့် စိတ်မကောင်း ဖြစ်လျက်ရှိသော မပြားကြီးသည် ဆွမ်းခွက်ကို ဆေးနေရာမှ နေ၍ လက်ဖက်ရည်ဝိုင်းမှ ကိုဒေါင်းစိန်အား လှမ်းပြောလိုက်ခြင်း ဖြစ်၏။

"ဩော်ဗျာ၊ ကျွန်တော်တို့ အဖြစ်ကို မပြားကြီးလည်း အသိသားနဲ့ဟာ။ ကျွန်တော်တို့တောင်မှ ထမင်းနပ်မှန်အောင် မစားရတာ ဘယ်လိုလုပ်ပြီး ဆွမ်းလောင်းနိုင်မလဲ၊ ခက်ပါတယ်ဗျာ။ ကျွန်တော်တို့လို ကပ်ပါးသမား တွေဟာ နေရေးလည်းခက်၊ သေရေးလည်း ခက်၊ နောက် တမလွန်ရေးလည်း ခက်၊ အကုန်လုံး ခက်တာပါပဲ"

"ခက်နေရုံနဲ့ မပြီးသေးဘူးကွ၊ ငါတော့ ဂရက်ထဲ ဆင်းလိုက်ဦးမယ်"

ကိုဖိုးကွန့်က သူတို့စကား၌ စိတ်မဝင်စားသလို နောက်ဆုံး ထိုင်ရာမှ ထလိုက်သဖြင့်၊ ကိုဒေါင်းစိန် ကလည်း "ကျွန်တော်လည်း ဖားရှာဖို့ ကိုလူမောင်နဲ့ သွားတိုင်ပင်ဦးမယ်ဗျ" ဟု ပြောကာ လက်ဖက် ရည်ကြမ်းဝိုင်းမှ ထလာခဲ့၏။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

(၃)

ကိုဒေါင်းစိန်သည် ကိုလူမောင် အိမ်ဘက်သို့ ထွက်ခဲ့ရာ နှင်းများကား ကျမြဲကျနေ၏။ အဆင်သင့် ပင် ကိုလူမောင်ကို သူ့အိမ်၌ လက်ဖက်ရည်ကြမ်း တစ်အိုးနှင့် တွေ့ရ၏။

"လာဟေ့ ဒေါင်းစိန်၊ ရွက်သစ် လက်ဖက်ခြောက်ကလေး ကောင်းလွန်းလို့ လာမြည်းစမ်းပါဦး၊ မနေ့က ရေလဲရွာက လာရောင်းတဲ့ ခေါင်းရွက် သည်တွေ ဆီက ဝယ်ထားလိုက်တာကွ။ အရောင် ကလေးကိုက စိမ်းဖန့်ဖန့်နဲ့၊ နီလာစိမ်းရောင် ငှက်ခါးတောင်ဆိုတာ ဒါမျိုးပေါ့ကွ၊ သောက်လိုက်ရင် ပါးစပ်ထဲကို စီးသွားတာပဲ"

ကိုလူမောင်က လက်ဖက်ဆီ ကပ်နေသဖြင့် နီရဲနေသော လက်ဖက်ရည် ပန်းကန် တစ်လုံးထဲသို့ ကိုဒေါင်းစိန် အတွက် ရည်စူး၍ ငှဲ့ထည့်ပေးရင်း အားရပါးရ မြိန်မြိန်ရှက်ရှက်ကြီး ပြောလိုက်သဖြင့် ကိုဒေါင်းစိန်လည်း လက်ဖက်ရည်ဝိုင်း၌ ဝင်ထိုင်လိုက်၏။

"ကျွန်တော်လည်း ခုပဲ ကိုလေးဖိုးကွန့်တို့ အိမ်က သောက်ပြီး ထလာတာ၊ ညကို ဖျင်းဘွဲ့ကြီး အင်းချောင်းထဲ ဖားသွားဆွဲရအောင်လို့ ခင်ဗျားကို အဖော် လာစပ်တာပဲ"

"မင်းက ခုမှလာပြီး အဖော်စပ်နေ၊ ငါက လက်နက် ကိရိယာတွေတောင် ပြင်ဆင်ပြီးပြီ။ ငါးစာ အတွက် ဖားရှာဖို့ပဲ လိုတော့တယ်"

ဟုတ်ပေသည်။ ကိုလှမောင်၏ အိမ်ခေါင်၌ အလျားလိုက် ကြိုးနှင့် ဆိုင်းထားသော ငါးမျှားတံကို မြင်နိုင်ပါသည်။ ငါးမျှားတံမှာ ထီးရိုးဝါးဖြစ်၍ အရှည်မှာ ၁၄တောင်ခန့်ရှိ၏။ ငါးမျှားကြိုးမှာမူ လေထီးကြိုးကို ဖျက်၍ ပြန်ကျစ်ထားသော ကြိုးပင်ဖြစ်ကာ အဖျား၌ အမေရိကန်လုပ် (၈) နံပါတ် ငါးရဲ့မျှားသော ငါးမျှားကြီး တပ်ထား၏။

"ကျွန်တော်လည်း အားလုံး အဆင်သင့်ပါပဲ၊ ဖားရှာဖို့ တစ်ခုတည်း ကျန်ပါတော့တယ်။ အဲဒါ ဘယ်မှာ သွားရှာကြမလဲ"

ဖားပဲ ရှားရှားပါးပါး လုပ်လို့ဟု မထင်လိုက်ကြပါနဲ့ ခင်ဗျား။ အချိန်မှာ နွေရာသီကြီးဖြစ်၍ ရှားပါ သည်။ တကယ့် ကို ရှားပါသည်။ ပြီးတော့ သူတို့ အလိုရှိသည့် ဖားမှာ ဖားပြုတ်တို့၊ ဖားခုံညင်းတို့ မဟုတ်ဘဲ ခြေမခန့်ရှိ စားဖား အသေးစားကလေးများ ဖြစ်ရာ သာ၍ ရှာပါးသေးသည်။

"ဟ ကောင်ရ၊ ထုံးစံအတိုင်းပေါ့ကွ၊ ညကျ မီးအုပ်နဲ့ ကွင်းပြင်ထဲ ထွက်ပြီး တော်လွတ် ဂရက်ထဲ လျှောက်ရှာတာပေါ့"

"ဟာဗျာ၊ ဒီလိုရှာလို့ တစ်ညကို လေးငါးကောင်ရဖို့ အရေး ရှာလိုက်ရတာ သေလုရော၊ ကျွန်တော် တို့အလုပ်က တစ်ညကို ဖားဆယ်ကောင်လောက် ကုန်မယ် မဟုတ်လား၊ နောက်ပြီး ဒီညမှ သွားရှာရင် ဒီည ဖားဆွဲဖို့ အချိန်ရမှာ မဟုတ်ဘူး။ ဖားရှာရတာနဲ့ အချိန်ကုန်မှာပဲ"

"နို့ မင်းက ဘယ်လိုများ လုပ်ဦးမလို့လဲ၊ ဘာလဲ၊ ကျုံပိုင်က ဖားကုန်သည်တွေဆီ အကောင်တစ်ရာ သုံးကျပ်နှုန်းနဲ့ သွားဝယ်မလို့များ ကြံနေလို့လား"

"ဒီလိုလည်း မဟုတ်ပါဘူး။ ခနဖြူမြို့မှာ ရေတွင်းတွေ ရှိတယ် မဟုတ်လား၊ အဲဒီ ရေတွင်းတွေဘေးမှာ ညဘက်ဆိုရင် ကျွန်တော်တို့ လိုချင်တဲ့

စားဖား အသေးစားလေးတွေ အများကြီး ရှိတယ်ဗျ။ အဲဒါ ကျွန်တော်တို့ရွာက မြို့ပေါ်ပြောင်းသွားတဲ့ အောင်ရင်ကို ရှာထားလိုက်စမ်းပါလို့ မှာလိုက်တာ။ အခု အကောင် ၂၀ လောက် ရနေပြီ၊ လာယူလည့်ပါလို့ လူကြုံနဲ့ မှာလိုက်လို့ ခင်ဗျားနဲ့ ကျွန်တော် သွားယူ ရအောင်လေ”

“အေး၊ ကောင်းသားပဲ၊ ဒီလက်ဖက်ရည်တစိုး ကုန်ရင် သွားကြတာပေ့ါ၊ ကိုင်း သောက်လိုက်အုံးဟော့၊ အေးကုန်မယ်”

နေသည် နှင်းထုအား တိုက်စစ်ဆင်နေရာ နှင်းမြူတို့သည် တဖြည်းဖြည်းနှင့် ကစဉ့်ကရဲ ဆုတ်ခွာရလေပြီ။ ပရိယေသန ဝမ်းရေးအတွက် တာလမ်းပေါ်၌ လှုပ်ရှားသွားလာနေသော လူများသည် တဖြည်းဖြည်း များလာလေပြီ။ ငါးရံ့ခြောက် လှမ်းသောစင်ပေါ်၌ ငါးရံ့ခြောက် လှမ်းနေကြသူများ၊ ငါးပိ နှင်းနေသူများ၊ ငံပြာရည် ချနေသူများဖြင့် ပြွမ်းတီးသော တံငါရွာကလေး၏ ပန်းချီကားချပ်သည်လည်း ပြတ်ပြတ်သားသား ပေါ်ထွက်နေလေပြီ။

လက်ဖက်ရည်တစ်အိုးလည်း ကုန်ရော၊ ကိုဒေါင်းစိန်သည်လည်း ကိုလှမောင် အိမ်မှ သူ့အိမ်စုတ်ကလေးသို့ ပြန်ခဲ့သည်။ မယ်စိန်ကား အိမ်ပေါ်၌ ထိုင်ကာ နံနက်စာအတွက် ဘယ်သူ့ ဆီမှ ဆန်သွားချေးလျှင် ရနိုင်ပါ့မလဲဟု စိတ်ကူးထုတ်နေ၏။

“မယ်စိန်ရေ၊ ငါနဲ့ ကိုလှမောင်နဲ့ ဒီညှ ဖျင်းဘွဲကြီးအင်းချောင်းထဲ ဖားသွားဆွဲမလို့ကွ၊ အခု ငါးစာအတွက် ငါမှာထားတဲ့ ဖားကို ခနဖြူမြို့မှာ သွားယူလိုက်ဦးမယ်။ အိမ်မှာ ချက်စရာ ဆန်မရှိရင် အရှောင့်ဆိုင်မှာ ငါးရံ့ခြောက်ပေးနဲ့ အကြွေးသွားယူပေ့ါ”

ကိုဒေါင်းစိန်သည် တစ်ပတ်နွမ်း ကာကီရှပ်လက်တိုကို ဝတ်ကာ ဖားထည့်ရန် ပလုံးကလေးကို ဆွဲယူ၍ ဆင်းလာခဲ့၏။ ကိုလှမောင်ကလည်း

ပလုံးတစ်လုံးနှင့် အသင့်စောင့်နေ သဖြင့် နှစ်ယောက်သား ရွာလယ် တံတားမှ တစ်ဖက်ကမ်းသို့ ကူးကာ သူတို့ရွာမှ ၇ မိုင်ခန့် ဝေးသော ခနေဖြူမြို့သို့ ဇရေးရှု ထွက်ခွာလာ၏။ စက်တပ်ဆင်ထားသလို လျင်မြန်သော သူတို့၏ ခြေထောက် များသည် ဤ ၇ မိုင်သော ခရီးကို နှစ်နာရီအတွင်း ပေါက်ရောက် စေ၏။ ခနေဖြူသို့ ရောက်သောအခါ နံနက် ၁၀ နာရီထိုးလေပြီ။

သူတို့သည် ခနေဖြူရှိ လူဆင်းရဲရပ်ကွက်ဖြစ်သော ဘောကွင်းမှ အောင်ရင်၏ အိမ်သို့ ရောက်သောအခါ အောင်ရင်က ခရီးရောက်မဆိုက် ဆိုသလို သူတို့နှစ်ဦးအား ဖားများ ထားရာ နေရာကို လိုက်ပြ၏။ ဖားများကို တွင်းတစ်တွင်း ထဲတွင် ရေကလေး အနည်းငယ်နှင့် လှောင်ထားရာ မျက်လုံးကြောင် တောင်တောင်နှင့် ဖားကောင်များကား ရေကလေး စပ်စပ်တွင် ခုန်ဆွ ခုန်ဆွ လုပ်နေကြ၏။

ကိုဒေါင်းစိန်သည် ဖားများကိုကြည့်ရင်း နှစ်ခြိုက်စွာ ပြုံးလိုက်မိ၏။ ဒီဖားကို ရဖို့အတွက် ၇ မိုင်ခရီးကို အပြင်း လျှောက်ခဲ့ရသည်။ ပြီးတော့လည်း ဒီဖားများကို ယူပြီး ၇ မိုင်ခရီးကိုပင် ပြန်လျှောက် ရဦးမည်ဆိုသော် လျှောက်ပါ ရစေတော့၊ သူအလိုရှိသည့် ဖားများကို ရပြီးသည့်နောက် ဘယ်လောက်ပဲ လျှောက်ရ လျှောက်ရ သူ မမှုပါ။

အောင်ရင်ခမျာ အကောင်တစ်ရာ သုံးကျပ်နှင့် ရောင်းစားနေသော ဖားများကို သူတို့အား အလကား ပေးရုံမျှမက သူတို့နှစ်ဦးကိုလည်း အခမဲ့ ထမင်းကျွေးလိုက်ရသေး၏။ ထမင်းစားပြီးသော အခါ လက်ဖက် ရည်ကြမ်းအိုး တစ်လုံးနှင့် အချိန်ဖြုန်းနေကြပြီး နေ့လည် တစ်နာရီခန့်တွင် ပြန်ရန် ပြင်ဆင်ကြ၏။ သူတို့ ယူဆောင်လာသော ပလုံးထဲသို့ ဖားများကို ဖမ်းထည့်၏။ ဖားများ၏ ကိုယ်မှ အနံ့ကား ညှီလှ၏။ သူတို့သည် လူတစ်ယောက်လျှင် အကောင်တစ်ရာစီ ခွဲဝေယူကြပြီးနောက် ပလုံးကိုယ်စီ ဆွဲ၍ နေပူကျဲကျဲတွင် ပြန်ခဲ့ကြ၏။

တပေါင်းလ နေကား ပူပြင်းလှသည်။ အပူရှိန် ကျရောက်နေသော မြေကြီးပေါ်တွင် ဖိနပ်မပါဘဲ လျှောက်ရသည်မှာ မီးကင်ထားသော သံပြားပေါ်တွင် လျှောက်ရသလို ပူပြင်းလှသည်။ ဒါပေမဲ့ ကျင့်သားရနေသော သူတို့နှစ်ဦး၏ ခြေဖဝါးများကိုမူကား ပူလောင်စေရန် တတ်စွမ်းနိုင် လိမ့်မည် မဟုတ်ပါ။

"ချီးတဲ့မှပဲ၊ နေကလည်း ပူလိုက်တာကွာ၊ ပလုံးထဲက ဖားတွေကလည်း ကျပ်တောင့်နေ၊ နေကလည်း ပူဆိုတော့ ဖားတွေသေကုန်မှာ စိုးရတယ်ကွ"

ကိုလူမောင်က နဖူးမှ ချွေးများကို လက်ဖြင့်သပ်ချရင်း ညည်းညည်း ညူညူ ပြောလိုက်ရာ ကိုဒေါင်းစိန်က သူ့ပလုံးကို မြှောက်ကြည့်ရင်း -

"အိုဗျာ၊ မသကာသေလှ လေးငါးကောင်ပေါ့၊ သေတဲ့ဖားတွေကို ဒီညအတွက် ငါးစာလုပ်ပြီး ကျန်တဲ့ ဖားတွေကို လှောင်ထားတာပေါ့"

"ဟော့ ဆယ်ရက်လောက်များ အနှောင့်အယှက်မရှိဘဲ ဆွဲလိုက်ရရင် တို့နှစ်ယောက်တော့ ပွမှာပဲ"

"ဒါပေါ့ဗျာ၊ ဆယ်ရက်လောက်နဲ့ ငွေတစ်ရာကိုးဆယ် ဘက်ခနဲ ရလိုက်မှာ၊ တစ်လလောက် သာဆိုရင်တော့ ဘာပြောကောင်းမလဲ"

တဖြည်းဖြည်းနှင့် သူတို့သည် ၃ မိုင်ခန့် ခရီးပေါက်၍ ခင်မတွတ် ရွာနားရှိ သောက်ရေအိုးစင်သို့ ရောက်လာကြသည်။ ပြင်းထန်သော နေမင်း၏ အပူရှိန်သည် သူတို့၏ အည်းများအား ခြောက်သွေ့စေသည်။

"လာဗျာ .... ရေအိုးစင်ထဲ ရေဝင်သောက်ရင်း တစ်အောင်နားကြဦးစို့"

ကိုဒေါင်းစိန်က ပြောပြောဆိုဆိုနှင့်ပင် လှည်းလမ်းဘေး ကုက္ကိုပင် ရိပ်တွင် ဆောက်လုပ်ထားသော ရေအိုးစင်ကို ဝင်လိုက်ရာ ကိုလူမောင်လည်း ဝင်လိုက်လာ၏။ ရေအိုးစင်၌ "ခင်မတွတ်ရွာမှ ဒေါ်ရွှေမ ကောင်းမှု၊

ယဂွင်းဆက်ရွာမှာ ဦးသံချောင်း ကောင်းမှု၊ နတ်လူသာစု ခေါ်စေသော်” စသည်ဖြင့် သက်ဆိုင်ရာ အလှူရှင်များ၏ နေရပ်နှင့်နာမည်တို့ကို ကမ္ပည်း ရေးထိုးထား၏။

ရေအိုးဘေးပတ်လည်သည် တစ်လျှောက်၌ မြေကြီးကို ခပ်ပါးပါး ခင်း၍ စပါးများ စိုက်ထားသဖြင့် စိမ်းလန်းသော စပါးများ ပေါက်နေ၏။ သည်လိုစိမ်းလန်းသော စပါးပင်များ၏ အလယ်၌ ရေများ အပြင်သို့ စိမ့်ထွက်နေသော ရေအိုးများကို တွေ့မြင်ရခြင်းသည် နေပူထဲမှ ဝင်လာသူတိုင်း၏ စိတ်နှလုံးကို ရွှင်ပြုံး အေးမြစေ၏။

ကိုဒေါင်းစိန်နှင့် ကိုလူမောင်တို့သည် အုန်းမှုတ်ခွက်ကို လက်ကိုင်ရိုး တပ်ထားသော ရေမှုတ်ဖြင့် ရေကို ခပ်၍ တဝစီသောက်ကြပြီးနောက် ခရီးသွားများ နားနေရန် ပြုလုပ်ထားသော ကွပ်ပစ်ပေါ်၌ ထိုင်လိုက်ကြ၏။

ဦးခေါင်းကို မော့၍ ကြော့ကြော့ကလေး ပြေးနေသော နွားပေါက် နှစ်ကောင် ကသည့် လှည်းယဉ် ကလေး တစ်စီးသည် ရေအိုးစင်ဘေး လှည်းလမ်းပေါ်မှ ဖြတ်၍ မောင်းသွားရာ ဖုန်များသည် ရေအိုးစင် ထဲသို့ လိမ့်ဝင်လာ၏။ အတော်ဝေးဝေးသို့ ရောက်သောအခါ လှည်းယဉ်ကလေးကို မမြင်ရ။ တစ်ထောင်း ထောင်းထ ကျန်ရစ်သော ဖုန်များကြား၌ လှည်းယဉ်ကလေးကား ပျောက်သွားလေပြီ။

နွေဦးမှ လေရူးကလေးတစ်ချက် ဝှေ့လိုက်ရာ ရေအိုးစင်ဘေးရှိ ကုက္ကိုပင်မှ ညောင်ရွက် များသည် ချာလည် ချာလည်နှင့် မြေသို့ ခရုရာလေပြီ။ ရမ်းကားသော လေပွေသည် ဖုန်များ၊ ကောက်ရိုး အစအနများနှင့် အတူ ညောင်ရွက်များကို ဝှေ့ယမ်းကစားပြီးနောက် အပြေးကလေး သယ်ဆောင်သွားရာ၊ ချာလည် ချာလည်နှင့် မြောက်တက် ပါသွားရရှာ ပြန်လေပြီ။

“ဟေ့ ဒေါင်းစိန်၊ ဒီနေ့ လဆုတ် ဘယ်နရက်နေ့လဲကွ”

"ဒီနေ့ တပေါင်းလဆုတ် ၁၀ ရက်နေ့ လဗျာ"

"ဒါပေ့ါဗျ၊ ည ၈ နာရီလောက်ကစပြီး ကြက်ဦးတွန်အထိ ဆွဲလိုက်ရင် ငါးရံ့ အကောင် အစိတ်သုံးဆယ်တော့ ဘယ်ပြေးမလဲ"

ကိုဒေါင်းစိန်တို့နှင့် ခဲတစ်ပစ်လောက်ဝေးသော ညောင်ပင်အောက်၌ လျောင်းစက် နေသော နွားအုပ်ကြီး ရှေ့မှ မိတ်နွားမ တစ်ကောင်သည် အမြီးကလေးထောင်ကာ ဖြတ်ပြေးလေရာ၊ နွားအုပ်ထဲမှ နွားသိုးများနှင့် နွားပေါက်ကလေးများက ထလိုက်ကြ၏။ အလိုက်ဦး၍ ရှေ့ဆုံးမှ ရောက်နေသော နွားပေါက်ကလေးသည် မိတ်နွားမကို မီကာနီးတွင် သူ့နောက်မှ ရောက်လာသော နွားသိုးက တအား ပြေးဆောင့်လိုက်သဖြင့်၊ နွားပေါက် ကလေးခမျာ ဘေးအောင့်၍ ကျန်ရစ်ရှာ၏။ သို့သော် ဖွဲကောင်းစွာနှင့် နောက်မှ ဆက်လိုက်ရာ တောစပ် အကွေ့ဝယ် ပျောက်ကွယ်သွားလေပြီ။

"ကိုင်းဟေ့၊ လျှောက်ကြဦးစို့၊ ကြာကြာနေရင် ဖားတွေ သေကုန်မှာ စိုးရတယ်ကွ"

နှစ်ယောက်သား ဆက်၍ လျှောက်ကြပြန်၏။ သူတို့၏ ရှေ့ဝယ် တံလျှပ်များသည် တရိပ်ရိပ်တက်နေကြ၏။ ပူပြင်း ခြောက်သွေ့သော လဟာပြင်ဝယ် လှည်းလမ်းကြောင်း တစ်လျှောက် ဖွဲကောင်းစွာနှင့် လျှောက်ခဲ့ကြရာ ညနေ ၄ နာရီခန့်တွင် ရွာဝင်တော့၏။

~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~

(၄)

ဆည်းဆာသည် ရုက်သွေးရောင် လျှမ်းနေသော အပျိုပေါက်၏ မျက်နှာကလေးလို နီမြန်းနေသည်။ သည်လို ဆည်းဆာချိန်ဝယ် သစ်ပင်ကို ကြည့်ကြည့် တာလမ်းကလေးကိုပဲ ကြည့်ကြည့် လက်မြောက်သော ဆည်းဆာ၏ အနီရောင် စုတ်ချက်ကြောင့် အရာဝတ္ထုတိုင်းပင် ရှုမငြီးဖွယ် တင့်တယ်လှပါသည်။

သည်လို ဆည်းဆာအချိန်မှာပင် တောသူလေး တစ်သိုက်သည် ရေအိုးကလေး ကိုယ်စီရွက်ကာ ရွာနောက်မှ ရေကန်သို့ ရေခပ်ရန် သွားနေကြ၏။ လူပျိုပေါက်တစ်စုသည် ကန်ပေါင်ရိုး၌ ထိုင်၍ ပလွေကလေး မှုတ်ကာ မှုတ်ကာနှင့် ရေခပ်ရန် လာနေကြသော တောသူ ပျိုဖြူ တစ်သိုက်အား ကြိုနေကြ၏။ ကလေး တစ်ယောက် မှာမူ အိပ်တန်းတက်ရန် ပျံလာကြသော ဖွေ့ဗျိုင်းဖြူများကို သားရေခွတစ်လက်နှင့် ပစ်နေ၏။ နွားကျောင်းသား တစ်ဦးသည် နွားတစ်အုပ်ကို ကွင်းပြင်မှ မောင်းလာကာ နွားခြံထဲ သွင်းနေ၏။ သည် နွားအုပ်ထဲမှ နွားသိုးတစ်ကောင်သည် "ဝပ်ထရိန်း"ဟု တွန်သံပေးကာ၊ အကြောင်းမဲ့ ဒေါသကြီး နေသဖြင့် နွားကျောင်းသားက စုတ်သပ်၍ ချော့နေရ၏။

သည်လို တံငါရွာကလေး၏ ဆည်းဆာ ပန်းချီကားချပ် ကလေးဝယ် ပေါက်တူး တစ်လက်နှင့် တွင်းတူး နေသော ကိုဒေါင်းစိန်ကိုလည်း တွေ့မြင်နိုင်ပါသည်။ ဓနုဖြူမြို့မှ ယူဆောင်လာသော ဖားများကို ရက်ကြာကြာ လှောင်ထားနိုင်ရန် တွင်းတူးနေခြင်း ဖြစ်ပါသည်။ ပြီးလျှင် သူသည် လက်ဆွဲပုံးနှင့် ရေဆွဲကာ တွင်းထဲသို့ လောင်းထည့်လိုက်၏။ သို့သော် နွေရာသီဖြစ်၍

ခြောက်သွေ့နေသော မြေကြီးသည် သူလောင်းထည့် လိုက်သော ရေများ အကုန်ခန်းအောင် စုပ်ပစ်လိုက်၏။ သူက ထပ်၍ လောင်း၏။ မြေကြီးက ထပ်၍ စုပ်ပစ် လိုက်၏။ ထပ်၍လောင်း၊ ထပ်၍ စုပ် ....။

လောင်းဖန်များတော့ မြေကြီးသည် စုပ်အားမရှိ။ ဒါကြောင့်ပဲ တွင်းထဲတွင် ရေအနည်းငယ် ဝပ်ကျန်ရစ်သည်။ သူသည် ပလုံးထဲမှ ဖားကလေးများအား တွင်းထဲသို့ လောင်းထည့်လိုက်ရာ၊ ဖားများသည် ပလုံစွပ် ပလုံစွပ်နှင့် တွင်းထဲ၌ ခုန်ဆွ ခုန်ဆွ လုပ်နေကြ၏။ သို့သော် တစ်တောင့် ထွာခန့် နက်သော တွင်းပေါ်သို့ ရောက်အောင် မခုန်နိုင်ကြပါ။

ကိစ္စပြီးစီးလျှင် ကိုဒေါင်းစိန်သည် ကိုလူမောင်တို့ အိမ်ဘက်သို့ ထွက်လာခဲ့၏။ အဆင်သင့်ပင် ကိုလူမောင်အား သူ့အိမ်၌ တွေ့ရ၏။

"လာဟေ့ ဒေါင်းစိန်၊ ငါလည်း ခုပဲ ဖားလျှောင်ပြီးလို့ ထိုင်နေရုံ ရှိသေးတယ်၊ မင်းကော ကိစ္စပြီးပြီလား"

"ဟုတ်ကဲ့၊ ပြီးသွားပါပြီ"

"ကဲ ဒါဖြင့် လာကွာ၊ အမှိုင့်ဆိုင် သွားရအောင်"

"အမှိုင့်ဆိုင် ဘာသွားလုပ်မလို့လဲဗျ"

"ချီးထဲမှပဲ၊ အမှိုင့်ဆိုင် ဆိုတဲ့နောက် အရက်သွားသောက် မလို့ပေါ့ကွ"

"ဟာဗျာ ကျွန်တော် မသောက်ချင်ဘူး၊ ပိုက်ဆံလည်း မရှိဘူးဗျ"

"ဟ ပိုက်ဆံမရှိ ဘာအရေးလဲ၊ ငါးရံ့ခြောက်ပေးနဲ့ သောက်တာပေါ့ကွ၊ ဒါပေမဲ့ မင်းအထဲက မပေးရပါဘူး၊ ငါက ဒကာခံမှာပါကွ၊ တို့ ဒီညတစ်ညလုံး ဖွားဆွဲတဲ့အခါ အချမ်းလုံအောင်လို့ပါ"

ကိုလှမောင်ကား တစ်ကိုယ်တည်း သမားဖြစ်၍ ရအောင်ရှာ၊ ကုန်အောင် သုံးကာ ပျော်ပျော်ကြီးနေသူ ဖြစ်၏။ မယားလည်း သေပြီ၊ သားသမီးလည်း မကျန်ရစ်ခဲ့။ မုဆိုးဖို တစ်ကိုယ်တည်းဖြစ်၍ နောင်ရေးအတွက် ငဲ့ကွက်စရာ သံယောဇဉ် မရှိသောကြောင့်ပင် ထင်သလို နေ၏။

ကိုလှမောင် အတင်းဆွဲခေါ်သဖြင့် ကိုဒေါင်းစိန်လည်း မငြင်းလိုဘဲ လိုက်ပါသွားသည်။ သူကား အရက်ကို ကြိုက်လှသည်လည်း မဟုတ်၊ မကြိုက်ဘူးဟုလည်း မဆိုသာ။ အပေါင်းအသင်းနှင့် တွေ့၍ အတင်းတိုက်လျှင် သောက်၏။ သူ့ဘာသာတော့ ဘယ်တော့မှ ဝယ်မသောက်။

အမှိုင့်ဆိုင်ရှေ့သို့ ရောက်သောအခါ ကိုလှမောင်သည် မဝင်သေးဘဲ အတန်ကြာအောင်ပင် ရပ်တန့် စဉ်းစား နေပြီး နောက်မှ -

"လာကွာ၊ ရွာကလေးဘက်ကမ်းကို ကိုဖိုးကျော်အိမ် သွားမယ်၊ အမှိုင့်က မင်းဂရုဘုံဆိုင် (အစိုးရထံမှ လေလံ ဆွဲဝယ်ထားသော အရက်ဆိုင်) မှာ ဝယ်ပြီး ရောင်းတဲ့ အရက်မို့ ကောင်းမှာ မဟုတ်ဘူးကွ၊ ခနဖြူ ဘုံဆိုင်အရင်မှ ကောင်းတာ၊ ကိုဖိုးကျော်က ခနဖြူဘုံဆိုင်က ယူရောင်းတာကွ၊ ဒါကြောင့် သူ့ဆီ သွားမယ်"

သူတို့သည် ရွာလယ်တံတားမှ ရွာလေးဘက်ကမ်းသို့ ကူးခဲ့၏။ ကိုဖိုးကျော်၏ အိမ်ငယ်သို့ ရောက်သောအခါ အရက်သောက်နေကြသော ကွန်သမားများ၊ အင်းကူလီများ စသော လူပေါင်းစုံကို တွေ့မြင်ရ၏။ သူတို့ရပ်ရွာ၌ လူကုံထံဟု အသိအမှတ်ပြုထားသော အင်းသားကြီး သားများက လူမြင်မှာ စိုး၍ ကိုဖိုးကျော်အိပ်ခန်း ပြုလုပ်ထားသော ထရံပေါင်းတစ်ချပ်ကို ကာရံထားသည့် အခန်းထဲ၌ သောက်ကြ၏။ ကိုဖိုးကျော်ကလည်း သူတို့လို မျက်နှာကြီးများအား အထူး အခွင့်အရေးပေးကာ သူ့အိပ်ခန်းထဲ၌ပင် သောက်စေ ရုံမျှမက ငါးရံ့ခြောက်ဖုတ်စသော အမြည်းကလေးကိုလည်း ရှာဖွေတည်ခင်း ပြုစုရသေး၏။

"ဗျို့ ကိုဖိုးကျော်၊ အရက်တစ်ပုလင်း ပေးဗျို့"

ကိုဖိုးကျော်က အင်းသားကြီး သားများကို အရေးတယူ ပြုစုနေရ၍ မအားလပ်သဖြင့် ကိုဖိုးကျော်၏ သမီး အေးစိန်က အရက်တစ်ပုလင်း လာချပေးရ၏။

"အရက်ဖိုးတော့ နောက်မှ ငါ ငါးရံ့ခြောက် လာပေးမယ်၊ ကြားလား"

သူတို့၏ ကတိမှန်သော ဖောက်သည်များအနက် ကိုလှုမောင်လည်း တစ်ယောက် အပါအဝင် ဖြစ်သဖြင့် အေးစိန်သည် အလွယ်တကူပင် ခေါင်းညိတ်လိုက်၏။

"ကဲ သောက်ပေဟ့ ဒေါင်းစိန်"

ကိုလှုမောင်က အရက်ထည့်သောက်ရန် ထုတ်ပေးထားသော ဟင်းသောက် ပန်းကန်လုံးထဲသို့ အရက်ကို ငှဲ့ထည့် ပေးရင်း ပြောလိုက်သဖြင့် ကိုဒေါင်းစိန်လည်း လှမ်းယူမော့ချ လိုက်၏။

"ဘယ့်နှယ်လဲဟေ့၊ အရက်က တော်တော်ကောင်းရဲ့လား"

ကိုလှုမောင် အရက်သောက်အပြီးတွင် မျက်နှာကို ရှုံ့မဲ့၍ ပါးစပ်မှလည်း ရှူး ...ဟဲ နှင့် လုပ်နေသော ကိုဒေါင်းစိန်အား ကြည့်ကာ မေးလိုက်၏။

"ဟာ ကောင်း မကောင်းတော့ မပြောတတ်ဘူး၊ လည်ချောင်းထဲမှာတော့ မီးစကြီး ထိုးသွင်း လိုက်သလို ပူဝင် သွားတာဗျ၊ ဒီအရက် မီးတောက်လိမ့်မယ် ထင်တယ်"

"ဟဲ ... ဟဲ၊ ဒါမှ ကောင်းတာကွ၊ ကဲ မီးတောက် မတောက် သိရအောင် လက်တွေ့ စမ်းကြည့်ရသေးတာပေါ့ကွာ"

ကိုလှုမောင်သည အသင့်ပါလာသော မီးခြစ်အိမ်ထဲမှ မီးခြစ် တစ်ချောင်းကို ထုတ်ကာ ရှဲခနဲ ခြစ်လိုက် ပြီးနောက် ကိုဒေါင်းစိန် မော့ပြီး

အနည်းငယ် ကျန်နေသေးသော ပန်းကန်လုံးထဲမှ အရက်ကျန်ကို တို့လိုက်၏။ ချက်ချင်းပင် ဓာတ်ဆီကို မီးတို့လိုက်သလို "ဟုတ်" ခနဲ ထ တောက်ကာ အနည်းငယ်ခန့် လျှောက်လောင်ပြီးနောက် ပြန်ငြိမ်းသွား၏။

"ဟဲ ဟဲ၊ အရက်ဆို ဒီလိုမှပေါ့ကွ၊ ချက်အရက်မဟုတ်ဘဲ ဘုံဆိုင် အရက်ပေမဲ့ ပင်ရင်းက လာတဲ့ အတိုင်း ဆိုရင် မီးတောက်ပါတယ်ကွ။ ခွေးမသား အမှိုင့်ကတော့ မင်းဂရု ဘုံဆိုင်ကလည်း ယူရောင်းသေး၊ ရေလည်း ရောတော့ ဘယ်သောက်သုံးကျတော့မလဲ"

အရက်မသောက်ခင်ကပင် အာဝဇ္ဇန်း ရွှင်နေသော ကိုလူမောင်အား ကိုဒေါင်းစိန်က တစ်ဖန် ပြန်၍ ထည့်ပေးလိုက်ရာ ကိုလူမောင်က လှမ်းယူမော့ချ လိုက်ပြန်၏။ ကိုဒေါင်းစိန်ကို နောက်ထပ်သောက်ရန် ကိုလူမောင်က တိုက်တွန်း၏။ သို့သော် အူရိုင်းမဟုတ်သော်လည်း ဝါနုလှသော ကိုဒေါင်းစိန်မှာ တစ်ခွက်တည်းနှင့် မူးနေပြီဖြစ်သဖြင့် အတင်း ငြင်းဆန်နေသောကြောင့် ကိုလူမောင်တစ်ယောက်တည်း ကုန်အောင် သောက်ပစ် လိုက်ရ၏။

~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~

(၅)

"ဟဲ့ သေနာကောင်ကြီး၊ အရက်တွေ သောက်လာတယ် မဟုတ်လားဟင်၊ အိမ်မှာ ဘယ်လောက် ကျပ်တည်း နေတယ်ဆိုတာ သိလျက်သားနဲ့ ဘယ်သူ မြှောက်ပေးလို့ ဒီစောက်ရေတွေကို သောက်လာတာလဲ"

ကိုလှမောင်နှင့် အရက်သောက်ပြီးခဲ့၍ မီးထွန်းချိန် အိမ်ပြန်အရောက်တွင် မျက်နှာကြီး နီနေသော ကိုဒေါင်းစိန်အား မြင်၍ မယ်စိန် ရိပ်မိကာ ဆူပွက်နေခြင်းဖြစ်၏။

"ကိုလှမောင်က ဖားသွားဆွဲတဲ့ အခါမှာ အချမ်းလုံအောင်ဆိုပြီး အတင်းတိုက်လို့ပါကွ၊ မများပါဘူး၊ နည်းနည်းလေးပါ"

မယ်စိန်က သီးရင့်စွာ ပြောသော်လည်း သူကတော့ အေးအေးပဲ ပြန်ပြောသည်။ ဟုတ်သည်၊ သူ့လို လူအေး တစ်ယောက် အဖို့ အရက်သောက်လာလျှင်လည်း ခပ်အေးအေး၊ မသောက်လျှင်လည်း ခပ် အေးအေး။ သူ နဂိုမူ ကတော့ အရက်သောက်သည့်အတွက် ထူးခြားပြောင်းလဲလာမည် မဟုတ်ပါ။

"ဆာလှပြီ မယ်စိန်ရဲ့၊ ထမင်း ခူးပေးပါဦး"

"တော့်ဟာတော် သွားဆို့ချေ၊ ကျုပ် မခူးနိုင်ဘူး"

ကိုဒေါင်းစိန်သည် ဘာမှ ပြန်မပြောတော့။ သူ အရက်သောက်လာ၍ မယ်စိန် စိတ်ဆိုးနေကြောင်း သိသဖြင့် သူ့ဟာ သူပင် ခူးခပ်စားနေ၏။

ထမင်းစားပြီး၍ မယ်စိန် စိတ်ကျေနပ်အောင် ချော့ပြီးမှ ဖားသွားဆွဲမည်ဟု ကြံရွယ်ထား၏။

သတ္တုပြန်းကန်ပြား တစ်ချပ်ထဲတွင် ထမင်းရော ဟင်းပါ ပလုတ်ပလောင်း စားသောက်နေရာမှ မယ်စိန်က မသိမသာ အကဲခတ်နေ၏။ မယ်စိန်ကား စိတ်ဆိုး မပြေသေးသည့်ဟန်ဖြင့် နှုတ်ခမ်းကို စူထားကာ တစ်ချက် တစ်ချက်တွင် သူ့ဘက်သို့ မျက်စောင်းလှည့်၍ ထိုး၏။

စားသောက် ပြီးစီးသောအခါ စပ်ဖြဲဖြဲ မျက်နှာပေးဖြင့် မယ်စိန်အနီး၌ ဝင်ထိုင်ရာ၊ မယ်စိန်က မျက်စောင်း ထိုး၍ တစ်ဖက်သို့ လှည့်နေလိုက်သေး၏။ သည်အမူအရာကို သူသိပါသည်။ သည်လို မယ်စိန် သူ့အပေါ် စိတ်ကောက်သည့် အခါတိုင်း သူချော့နေကျဖြစ်၍၊ ယခုလည်း မိန်းမ ဓမ္မတာအတိုင်း သူ့ချစ်လင်၏ ချော့မော့ ယုယခြင်းကို ခံယူလိုသောကြောင့် စိတ်ကောက်နေခြင်း မဟုတ်ပါလော။ သည်လိုအခါမျိုးမှာ သူ ချော့နေကျ တာဝန်ကို မေ့လျော့ကာ ထွက်သွားမိသဖြင့် မယ်စိန်တော့ ဘယ်လောက် အသည်းနာရှာမလဲ။

"အဟီး၊ မယ်စိန်ကလဲကွာ၊ အလုပ်သွားရမယ့်လူ စိတ်မကောင်းအောင် မလုပ်ပါနဲ့။ မြေမျိုရစေရဲ့၊ နင် စိတ်ဆိုးမှာ စိုးလို့ ငါ များများ မသောက်ခဲ့ပါဘူး"

မယ်စိန်၏ ဝမ်းထဲ၌ကား ကျိတ်၍ ကျေနပ်လျက်ရှိ၏။ တကယ်ဆိုတော့ မယ်စိန်အဖို့ သည်လို အချော့ခံရသည့် အရသာလောက် ထူးကဲတဲ့ အရသာကို ဘယ်မှာ ရှာတွေ့နိုင်မတုံး။ ဒါပေမဲ့ သူမသည် သည်အရသာ ကို အစွမ်းကုန် ခံစားချင်ပါသေးသည်။ ဒါကြောင့် မဟုတ်လော၊ စိတ်ကျေနပ်ပြီး ဖြစ်ပါလျက် ပို၍ စိတ်ဆိုးနေဟန် ဆောင်နေသေး၏။

"သွားပါ ကာလနာကြီး၊ ကျုပ်ကတော့ အိမ်အတွက် ပူလိုက်ရတာ၊ သူကတော့ အရက်ကလေး သောက်ကာ သောက်ကာနဲ့၊ သူ့ကိုယ်သူ သူဌေးသားမှတ်နေသလား မသိဘူး"

"ကိုလှုမောင်က ဒဏာခံပြီး အတင်းတိုက်လို့ပါ မယ်စိန်ရ၊ ငါ့ဘာသာ ငါဆိုရင် ဘယ်တုန်းက သောက်ဖူးလို့လဲ၊ ကဲ နင် မကျေနပ်ရင် နောက်ကို ငါဘယ်သူ တိုက်တိုက် မသောက်ဘူး၊ ကျေနပ်ပြီ မဟုတ်လား။ ကျေနပ် လို့ရှိရင် ဒီည ဖားဆွဲရမှာမို့ ကြက်ဦးတွန်လောက်မှ ပြန်နိုင်မှာ"

ကိုဒေါင်းစိန်သည် စကားဆက်ရမှာ ခက်နေသဖြင့် "အဟီး" ဟုသာ ရှုးကြောင်ကြောင် ရယ်လိုက်ကာ ပြုံးဖြဲဖြဲကြီး လုပ်နေ၏။

"မြွေပွေးကိုက်၊ အလုပ်ဖြင့် လုပ်မယ် မကြံသေးဘူး၊ အရက် သောက်ချင်ရတာနဲ့၊ သွားခါနီး ရိက္ခာယူ ချင်ရတာ နဲ့၊ သူ ဒါပဲ တတ်တယ်"

မယ်စိန် စိတ်ပြေသွားပြီဖြစ်ကြောင်း ရိပ်မိသဖြင့် ကိုဒေါင်းစိန်သည် အနီးရှိ ထိုင်နေသော ဒီလုံးနှင့် ကလေး များအား အိမ်အောက်၌ သွားကစားရန် ပြောဆိုနှင်ထုတ်လိုက်၏။ ကလေးများ အိမ်အောက် ဆင်းသွား သည်နှင့် တစ်ပြိုင်နက် ကိုဒေါင်းစိန်သည် ရေနံဆီမီးခွက်ကို ဖူးခနဲ မှုတ်လိုက်၏။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

(၆)

လဆုတ်ရက်မို့ ညသည် မှောင်နေလေသည်။ လက်လက် လက်လက်နှင့် တောက်နေသော ကြယ်ကလေး များ၏ အလင်းရောင်သာ ရှိသည်။ တော်ပါသေး၏။ မှောင်မည်းမည်းညသည် ကြယ်ကလေးများ၏ အလင်းရောင်ကြောင့် မှုန်ဝါးဝါးတော့ လင်းနေပါသည်။

ကျက်သရေ ရှိလှသော ဖိုးရွှေလကို မသာလည်းတ သာလည်းတနှင့် လူတိုင်းပင် တောင့်တကြသည်။ နှုတ်ခမ်းနီမ ကလေးသည် လမင်းကို ကြည့်၍ ချစ်သူကို သတိရနေချင်သည်။ လူကြီးသူမများကလည်း သည်လို လသာသာဝယ် ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်နေလို ကြသည်။

ဒါပေမဲ့ ကိုဒေါင်းစိန်တို့လို အင်းချောင်းထဲ၌ ဖားခိုးဆွဲရမည့် သူများကတော့ လကို အလိုမရှိပါ။ ကြယ်များကိုပင် မုန်းတီးပါသည်။ ပိန်းပိတ်အောင် မှောင်နေပါစေ၊ မိုးမှောင်ကြီး ကျပါစေ၊ သူတို့ နှစ်သက် ပါမည်။

လသာတော့ ငါး မဟပ်ပါ။ ငွေလရောင်အောက်ဝယ် သူတို့အရိပ်ကို မြင်သည်နှင့် တစ်ပြိုင်နက် ငါးများသည် ဝေးရာသို့ ပြေးတော့သည်။ ပြီးတော့ ချောင်း၍ လိုက်နေသော အင်းသားကြီးနှင့် သူ့ တပည့် လူမိုက် များကိုလည်း ကြောက်ရပါသေးသည်။ မှောင်မည်းမည်းဆိုတော့ ငါးများရော အင်းသားကြီးပါ သူတို့ကို မမြင်နိုင်ပါ။ ဒါကြောင့်လည်း သူတို့ လ ကိုမတောင့်တကြပါ။ မုန်းတီးပါသည်။

လဆန်းရက် ဆိုလျှင် ညဦး လသာနေတုန်း သူတို့သည် အိမ်၌ တစ်ရေးတမော အိပ်နေပြီး လ ဝင်မှ ဖားသွား ဆွဲရသည်။ လဆုတ်ရက် ဆိုလျှင်လည်း ညဦး လမိုက်နေတုန်း ကမန်းကတန်း ဖားဆွဲ၍ လထွက် လာသည်နှင့် တစ်ပြိုင်နက် ပြန်အိပ်ရတော့သည်။ တစ်ညလုံးလိုလို ဖားဆွဲရသည့် ရက်ကား နည်းလှပါသည်။ လဆုတ် ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်များမှ လဆန်း ၁၊ ၂၊ ၃၊ ၄ ရက်များအထိလောက်သာ လ မိုက်ချိန်က ပိုများသောကြောင့် တစ်ညလုံး လိုလို ဖားဆွဲရပါသည်။

ယနေ့ညသည်လည်း တပေါင်းလဆုတ် ၁၀ ရက်နေ့ည ဖြစ်၍ လသည် ကြက်သီးတွန်လောက်မှ ထွက်မည်ဖြစ်ရာ၊ ကိုဒေါင်းစိန်တို့အဖို့ ဖားဆွဲချိန် အတော်များများ ရှိမည့်ည ဖြစ်ပါသည်။ ဒါကြောင့်လည်း ယခုလို ည ၈ နာရီလောက်ကတည်းက ကိုဒေါင်းစိန်နှင့် ကိုလူမောင်တို့ ဖျင်းဘွဲကြီး အင်းချောင်းရိုး တစ်ဖက်ကမ်းသို့ အသင့် ရောက်နေကြခြင်းဖြစ်ပါသည်။

ရောက်လျှင် ရောက်ချင်းပင် နှစ်ဦးစလုံး ငါးများတံကို ရှေ့ချကာ မတ်တတ် ရပ်လိုက်ကြ၏။ သူတို့၏ လက်ထဲ၌ အသင့်ပါလာသော ကွမ်းယာ ကလေးကို ကိုင်မြှောက်ရင်း သူတို့၏ နှုတ်မှလည်း "ကွင်း ပိုင်ရှင်ကြီး ခင်ဗျား၊ တပည့်သားမြေးများက ကွမ်းယာကို တင်မြှောက်ပသပါတယ်၊ တပည့်သားမြေး များကို သနားသော အားဖြင့် သားငါးများ ဖောဖောသီသီရအောင် မစတော်မူပါ၊ ပိုးမွှား တိရစ္ဆာန်နှင့်တကွ အင်းသားကြီး ဘေးရန် ကပါ လွတ်ကင်းအောင် စောင်မတော်မူပါ အရှင်ကြီးခင်ဗျား" ဟု ရွတ်ဆိုနေကြ၏။

ဟုတ်သည်။ သူတို့သည် ဘာလုပ်လုပ် အလုပ်မစမီ ဆိုင်ရာပိုင်ရာ ကွင်းပိုင်များအား တင်မြှောက် ပသ လိုက်ရမှ သံသယရှင်းသည်။ သူတို့နှင့် တစ်ဖက်ကမ်းရှိ ကွမ်းကို "အမေ မယ်ဘာလ" ဟု ခေါ်သော မိန်းမ ကွင်းပိုင်က စိုးပိုင်၏ဟု သူတို့ အသိအမှတ်ပြုသည်။ ယခု သူတို့ ဖားဆွဲမည့်နေရာရှိ ကွင်းကိုမူ "ဦးဖိုးကလုံ" ဟု ခေါ်သော ကွင်းပိုင်ရှင်ကြီးက စိုးပိုင်သည်ဟု ခေါ်သော

အောက်လမ်းဆရာ ဘဝမှ ကွယ်လွန်၍ ယခု ဤကွင်းကို ပိုင်စိုးသည်ဟု မှတ်ယူ၏။ သူ့ကို တင်မြှောက်ပသလျှင် သားငါးများ ဖောဖောသီသီ ရအောင် မ စသည်။ ပိုးမွှားတိရစ္ဆာန်နှင့် အင်းသားကြီးဘေးရန်မှ လွတ်ကင်းအောင်လည်း ကာကွယ်ပေးသည်ဟု စွဲလမ်း ထားကြသည်။

ယခု သူတို့ ဖားဆွဲမည့် ဗျင်းဘွဲ့ကြီးအင်းကား အင်းဖိုးငွေ ၅၀၀၀ိ၊ ၆၀၀၀ိ ပေးဆွဲရသော အင်းကြီး ဖြစ်ပါသည်။ ချောင်းရိုးကို ကန့်လန့်ဖြတ်၍ အထက်အောက် ညှပ်ကာ ယင်းများကို ကာထား၏။ ဒါကို အင်းသား အခေါ် အားဖြင့် ဆယ် (ဆည်) တားသည်ဟု ခေါ်၏။ ဤကဲ့သို့ အထက်အောက် ညှပ်ကာ ယင်းများဖြင့် တားဆီး ပိတ်ဆို့ထားသောကြောင့် ဤအတွင်း ချောင်းရိုးမှ ငါးများသည် အပြင်ချောင်းရိုး (ဝါ) ဘေးမဲ့ချောင်းရိုးသို့ မထွက်နိုင်တော့။ ဤပိတ်ဆို့ထားသော အင်းပိုင်နက်အတွင်း ချောင်းရိုး၌ ကွင်းနှင့် ဆက်သွယ်သော ရိုးကလေးတစ်ခုရှိရာ ဆောင်းလယ်လောက်ရောက်၍ ကွင်းထဲ၌ ကုန်းပေါ်လာသောအခါ ကွင်းထဲမှ ငါးများသည် ရိုးကလေးအတိုင်း အင်းပိုင်နက် အတွင်း ချောင်းရိုးထဲသို့ စုပြုံဝင်လာကြ၏။ ထိုအခါ ကြိုတင်၍ ပိတ်ဆို့ ထားသော အင်းပိုင်နက် ချောင်းရိုးအတွင်း၌ ချောင်ပိတ်မိနေကြ၏။

ဤသည်ကို ထောက်ခြင်းအားဖြင့် ကိုဒေါင်းစိန်တို့သည် ဘာ့ကြောင့် ဘေးမဲ့ချောင်းရိုးထဲ၌ အေးအေး ဆေးဆေး မရှာဖွေဘဲ သူတစ်ပါး အင်းပိုင်နက်ထဲ ခိုးကြောင်ခိုးဝှက်နှင့် စွန့်စား ဖားဆွဲရ သည်ကို သဘော ပေါက်နိုင် ပါလိမ့်မည်။ ဤသို့ အင်းသားကြီးများက ကွင်းထဲမှ ငါးများကို ဆည် အတန်တန်ဖြင့် ပိတ်ဆို့ ဝန်းဝိုင်းထားသောကြောင့် ကွင်းငါးများမှာ ဘေးမဲ့ချောင်းရိုးထဲ၌ မူလရှိရင်း စွဲ ငါးများသာရှိရာ၊ ရှည်လျားလှသော ဘေးမဲ့ ချောင်းရိုးကြီးတစ်လျှောက် ပါးရှား၍ အပုံ့အနှံ့ဖြစ်နေ သောငါးများကို ရှာဖွေ ရသည်မှာ မလွယ်ကူလှပါ။ ခါးလှဖို့ ဝေး၍ ဝမ်းဝဖို့ပင် ခဲယဉ်းပါသည်။

ဒါကြောင့်ပဲ သူတို့သည် ငါးများစုပြုံနေသော အင်းပိုင်နက်အတွင်း ချောင်းရိုးထဲ၌ စွန့်စားဖားဆွဲရန် ကြံစည် နေခြင်းကား တကယ်ဆိုတော့ မဆန်းလှပါ။

ကိုဒေါင်းစိန်က အထက်ဆည်နား၌ နေရာယူ၍ ကိုလူမောင်က အောက်ဆည်နား၌ နေရာယူ၏။ ကိုဒေါင်းစိန်သည် ဖားပလုံးကိုဖွင့်၍ ဖားတစ်ကောင်ကို ဆွဲထုတ်ကာ ပလုံးကို ပြန်ပိတ်ထား၏။ သူ့လက်ထဲ၌ ရုန်းကန်သော ဖားကလေးကို အနီးရှိ အုတ်ခဲနှင့် ဆွဲထုလိုက်ရာ ဖားကလေးမှာ အနိစ္စ သဘောနှင့် ကိစ္စချော ရှာလေပြီ။

သူသည် ဖားသေကို ငါးမျှားချိတ်၌ ချိတ်၏။ ငါးမျှားအကွေးအတိုင်း ဦးခေါင်းမှနေ၍ ငါးမျှားအသွားကို ထိုးသွင်းလိုက်ကာ ဖင်၌ ငါးမျှားအထစ်ကလေး ပေါ်နေသည်တိုင် ဖောက်ထွက် လာစေ၏။ ဒါမှသာ ငါးရံ့ သည် ဖား၏ အညှီနံ့ကို ရ၍ အစာငတ်ငတ်နှင့် တစ်ရှိန်ထိုး ထိုးဟပ်လိုက်လျှင် ဖားသည် အရှိန်နှင့် ငါးမျှား ကြိုးတန်း တစ်လျှောက် မြောက်တက်သွားကာ၊ ငါးရံ့ သာလျှင် ငါးမျှား၌ တန်လန်းကြီး မိနေလိမ့်မည်။ သည်နည်းဖြင့် သူသည် ဖားတစ်ကောင်လျှင် ငါးရံ့ လေး ငါးကောင် ရနိုင်သည်။

သူသည် ငါးမျှားချိတ်၌ ဖားကို စိတ်ကျေနပ်အောင် ချိတ်ပြီးသောအခါ လက်မှ လွှတ်လိုက်၍ ငါးမျှားတံကို ကောက်ကိုင်၏။ မတ်တတ်ရပ်၍ ငါးမျှားတံကို လက်နှစ်ဖက်ဖြင့်စုံကိုင်ပြီး ဆန့်တန်း လိုက်သောအခါ ငါးမျှားကြိုးရှိ ငါးမျှားမှ ဖားကလေးသည် ရေလယ်လောက်ဆီ၌ တွဲလောင်းကလေး ဖြစ်နေ၏။ ငါးမျှားတံကို အနည်းငယ် နိမ့်ချ၍ ရေနှင့် ဖား ထိလောက်ပြီဟု အထင်ရှိသောအခါ၊ ငါးမျှားတံကို ရှေ့ထိုးနောက်ငင်နှင့် ဆန်ကောဝိုင်း ဝှေ့ယမ်းနေ၏။ သည်လို ဝှေ့ယမ်းနေသော အရှိန်ကြောင့် ငါးမျှား၌ ချိတ်ထားသော ဖားကလေး သည် ငါးကလေးတစ်ကောင် ရေပေါ်၌ ရုပ်ကူးနေသလို တဖျတ်ဖျတ်အသံဖြင့်

ရေပေါ်၌ ပတ်ချာ လည်နေ၏။ ချက်ချင်းပင် ငါးရံ့ တစ်ကောင်သည် ဝုန်းခနဲ နေအောင် ထိုးဟပ်လိုက်ရာ ကိုဒေါင်းစိန်သည် ငါးမျှားတံကို ဆွဲသုတ် လိုက်၏။

အလိုလေး၊ ဝမ်းသာစရာ ကောင်းလိုက်ပါဘိ၊ ကိုဒေါင်းစိန် ဆွဲသုတ်လိုက်သော ငါးမျှားတံသည် ပေါ့ပေါ့ ပါးပါး နှင့် မဟုတ်ဘဲ ငါးမျှား၌ တစ်စုံတစ်ခု ချိတ်၍ ပါလာသလို လေးလေးပင်ပင်နှင့် အားရ ပါးရ ရှိနေသည်ကို သူ့အာရုံ၌ တွေ့ထိ ခံစားလိုက်မိ၏။ သူသည် ငါးမျှားတံကို မြေကြီးပေါ်၌ ထောက်၍ ထောင်ကာ၊ တွဲလောင်း ဖြစ်နေသော ငါးမျှားကြိုးကို လှမ်းဆွဲလိုက်၏။ ကြိုးသည် သူ့လက်တွင်း၌ အငြိမ်မနေ၊ လှုပ်ခါလျက်ရှိ၏။ ဟုတ်ပေပြီ၊ ငါးမျှား၌ ငါးရံ့သည် ချိတ်လျက်ပါလာကြောင်း သူ အတတ်သိပြီ။

သူသည် ကြိုးအဆုံးကို ဆွဲယူလိုက်ကာ ငါးမျှားတံ ကိုင်ထားသော လက်ကို လွှတ်လိုက်ပြီး၊ ကြိုးအဆုံး၌ ငါးမျှား၌ ချိတ်မိနေ၍ ယက်ကန် ယက်ကန်ဖြင့် ရုန်းကန်နေသော ငါးရံ့၏ ဇက်ကို ကိုင် ဖမ်းလိုက်၏။ ပြီးတော့မှ ကြိုးကို ကိုင်ထားသော အခြားလက်တစ်ဖက်ကို လွှတ်လိုက်ပြန်ကာ ငါးရံ့ ဦးခေါင်းကို ပြောင်းကိုင်၏။ ဇက်နှင့် ခေါင်းကို လက်တစ်ဖက်စီ ခွကိုင်ပြီး အားစိုက်၍ ချိုးလိုက်ရာ ငါးရံ့မှာ ဇက်ကျိုး၍ ငြိမ်သက် သွားရှာလေပြီ။

သူ၏ လွတ်မြောက်ရေးအတွက် ရုန်းကန်တွန်းလှန်ရန် သန်စွမ်းလှသော ငါးရံ့ကို သည်နည်းဖြင့် အပြီးသတ် ချိုးနှိမ်လိုက်ပြီးမှ ငါးရံ့၏ ပါးစပ်မှ ငါးမျှားကို ဖြုတ်၏။ ပြီးလျှင် ခါးကြားမှ သီတံကို ဆွဲထုတ်၍ ငါးရံ့၏ ပါးစပ်ကို ဖြဲပြီး သီတံကို ထိုးသွင်းလိုက်ကာ ပါးဟက်မှ ဖောက်ထွက်လာစေ၏။ သီတံဆိုသည်မှာ လက်သန်းလုံးခန့် ဝါးချောင်းကို တစ်ထွာခန့်ဖြတ်၍ အဖျား၌ ချွန်ထားပြီး အရင်း၌ အပ်နဖားပေါက်ကဲ့သို့အပေါက်ကလေး ဖောက်ထား၏။ ထိုအပေါက်မှ ကြိုးတစ်ချောင်းကို ထိုးသွင်း ပြီး အစ နှစ်ဖက် အညီထား၍ ပြန်ကျစ်လိုက်ကာ ကြိုးအဆုံး၌ ထုံးထားလိုက်၏။ သည်နည်းဖြင့် သီတံနှင့် ကြိုးသည် ဆက်စပ်လျက် ရှိနေ၍ သီတံမှ ထိုးသွင်းလိုက်သော ငါးသည် ကြိုးအဆုံးသို့တိုင် လျှောကျ

သွားကာ၊ ထုံးထားသော ကြိုးအဆုံးသို့ ရောက်သော အခါ ထစ်ခံနေ၏။ သူ ဖမ်းမိသော ငါးရံ့များကို သည်နည်းအတိုင်း တစ်ကောင်ပြီးတစ်ကောင် သိထားရန် ဤသီတံကို သူ အသုံးပြုရခြင်းဖြစ်၏။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၇)

သန်းခေါင်ကြက် တွန်လေပြီ။

နေပူလို့ ညချမ်းတပေါင်းလ သရမ်းဟူသည်နှင့်အညီ ကိုဒေါင်းစိန်လည်း ချမ်းစ ပြုလာပြီ။ ဆယ့်လေးတောင်ခန့် ရှည်သော ငါးမျှားတံကို အမြဲကိုင်မြှောက် နေရသဖြင့် သူ့လက်များလည်း ညောင်းညာ နေပေပြီ။ ငါးစာအတွက် ဖားလေးကောင်ပင် ကုန်ခဲ့ပြီ။

သူသည် ခေတ္တမျှ အနားယူကာ ကိုလူမောင်နှင့် စကားစမြည် ပြောလိုသဖြင့် ကိုလူမောင်ရှိရာ အောက်ဘက်သို့ လျှောက်လာ၏။" အလို မြတ်စွာဘုရား" သူ့ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီး၏ အလင်းရောင်သည် ချောင်းကိုဖြတ်ကာ သူတို့ရှိရာ ကမ်းဘက်သို့ ရောက်လာ၏။ တော်ပါသေး၏။ အလင်းရောင်သည် သူ့ဆီသို့ အရင်မကျရောက်ဘဲ သူ့ရှေ့ ၁၅ ကိုက်ခန့် အကွာရှိ လက်ပံပင်ကြီးဆီသို့ ကျရောက် လင်းထိန်နေ၏။ မုချ အင်းသားကြီးသည် မသင်္ကာ၍ တစ်ဖက်ကမ်းမှ လက်နှိပ် ဓာတ်မီးဖြင့် ထိုးကြည့်နေပေပြီ။ ဓာတ်မီး၏ အလင်းရောင်သည် တဖြည်းဖြည်း သူ ရှိရာဘက်သို့ ရွေ့လျား လာ၏။ သူပုန်းကွယ်ရာ နေရာ ရှာမှ ဖြစ်တော့မည်။

သူသည် သူ့နောက်ဘက် မနီးမဝေး၌ရှိသော ကောက်ရိုးပုံဆီသို့ ပြန်ပြေးကာ ကောက်ရိုးပုံ၏ နောက်ကွယ်တွင် ပုနေအောင် ဝပ်နေလိုက်၏။ ချက်ချင်းပင် အလင်းရောင်သည် ကောက်ရိုးပုံသို့ ရောက်လာ၏။ သို့သော်

ကောက်ရိုးပုံကို ဖောက်ထွင်း၍ သူ့ကို မြင်နိုင်ရန် တတ်နိုင်စေလိမ့်မည်တော့ မဟုတ်ပါ။

အတန် ကြာအောင်ပင် ဟိုထိုး သည်ထိုးနှင့် ထိုးနေပြီးနောက် လက်နိပ်ဓာတ်မီးရောင်သည် ပျောက် သွားတော့၏။ အချိန်အတော်ကြာသည့်တိုင် အလင်းရောင် ပြန်ပေါ်မလာ၍ သူ ပုန်းကွယ်နေရာမှ ထလိုက်ရာ သူ့အနီးသို့ ရောက်နေသော ကိုလူမောင်ကို တွေ့ရ၏။

"ဟေ့ ဒေါင်းစိန်၊ ခုန မင်း ဒီကောက်ရိုးပုံနောက်မှာ ပုန်းနေသလား ငါလည်း ဆည်နားမှာရှိတဲ့ တွင်းထဲ ခုန်ချပြီး ဝပ်နေရတယ်ကွ။ ဘယ့်နယ်လဲ၊ ငါးရဲ့ တော်တော်ဟပ်ပြီလား၊ ငါတော့ ၅ ကောင်လောက်တော့ ရပြီ ထင်ပါရဲ့"

"ကျွန်တော်လည်း ဒီလောက်တော့ ရပါပြီ၊ ဒီအတိုင်းသာဆိုရင် ကျွန်တော်တို့တော့ ဟန်မှာပဲဗျ၊ ခက်တာက ရေရှည် ဆိုရင် ဖားမလောက်မှာ စိုးရတယ်"

"ဖားကုန် တဲ့ အခါကျပြန်တော့လည်း ဒီလိုပဲ ရှာဖွေရတာပေါ့ကွာ၊ အခုထဲက တွေးပူနေစရာ မလိုပါဘူး"

"တောက် မိတ္ထီလာကန်ကြီးကိုသာ ဒီအရောက် ရွှေ့ထားလိုက်ချင်တော့တာပဲ"

"ဘာလုပ်ဖို့လဲကွ"

"လူကလေးရဲ့ ချော့စရာ၊ မိတ္ထီလာ ကန်တော်အောက်က ဖားကောက် ခဲ့ပါ၊ ဖားပါရင် တစ်ကောင် ပေးပါ၊ မျက်လုံးငယ် ကြောင်တောင်တောင်နဲ့ ဖားကောင်ကသေး" ဆိုတဲ့ သားချော့ သီချင်းကို ခင်ဗျား မကြားဖူး ဘူးလားဗျ။ ဒီသီချင်းအတိုင်းသာဆိုရင် မိတ္ထီလာကန်ထဲမှာ ဖားတော်တော် ပေါလိမ့်မယ် ထင်တယ်၊ ဒီကန် ကိုသာ ဒီကို ရွှေ့ထားလိုက်ရရင် ကျွန်တော်တို့ ဖားအတွက်

ဘာပူစရာ လိုတော့မလဲဗျ။ ဒါပေမဲ့ မိတ္ထီလာ ဆိုတာ ဘယ်ဆီမှာ ရှိမှန်းအောင် မသိတာ ခွ ကျတယ်"

သူ့စကားအဆုံးတွင် ကိုလူမောင်က သဘောကျသွားသလို ဟက်ဟက် ပက်ပက် ရယ်လိုက်သဖြင့် ကိုဒေါင်းစိန် က "တိုးတိုးဗျ တိုးတိုး၊ အင်းသားကြီး ကြားသွားလို့ ဒုက္ခများကုန်မယ်" ဟု သတိပေး လိုက်ရ၏။

ညဥ့်နက်လေ အချမ်းဓာတ် ပိုကဲလေ ဖြစ်လာ၏။ အပူကြားရော အအေးကြားရော ဖွတ်နှစ်တိုးခဲ့ကြ သူများ ဖြစ်၍ ထုသား ပေသား ရနေသောကြောင့်သာ သည်လို ချမ်းအေးလှသည့် အခါ၌ပင် အင်္ကျီ မပါ ဗလာ ကိုယ်တည်း ကျောပြောင်ကြီးများနှင့် နေနိုင်ကြခြင်းဖြစ်၏။ ကိုလူမောင်သည် ချမ်းလွန်း၍ ကြက်သီး ထသွား သလို ပခုံးနှစ်ဖက်ကို တွန့်၍ ကိုယ်ကို လှုပ်ခါလိုက်ရင်း -

"ဒီလိုချမ်းတော့ ညနေက သောက်ခဲ့တဲ့ မီးတောက် အရက်ကလေးကို သတိရသေးတော့ကွာ၊ တစ်ပုလင်းလောက် အပိုဆောင်လာရ အကောင်းသား၊ တကယ် ချမ်းပြီလို့ဆိုတော့ စောင်ခြုံလို့ မလုံဘူး၊ အရက်ခြုံ မှ လုံတယ်ကွ"

"စောင်ခြုံလို့ လုံရင်ကော ခင်ဗျားမှာ ခြုံစရာစောင် ရှိလို့လား"

"အဟီး မင်းကလည်း ချမ်းသာတာတွေ လူသိကုန်ပါဦးမယ်၊ စောင်မခြုံနိုင်လို့ ပုဆိုးခြုံပြီး ကွေးခဲ့ ရတာ ဘယ်လောက် ကြာပြီလဲကွ"

"ဒါနဲ့များ စောင်ခြုံရင် မလုံဘူးလေး ဘာလေးနဲ့ လုပ်နေရသေးတယ်၊ ဘေးကလူတွေ ကြားသွားရင် ဒီကောင်တွေ စောင်ခြုံဖူးတဲ့ လူတွေလို့ အထင်ကြီးကုန်ပါဦးမယ်"

နှစ်ယောက်သား ကျိတ်၍ ရယ်လိုက်ပြန်၏။ ရယ်နိုင်ကြပါပေသည်။ စောင် မခြုံနိုင်လောက်အောင်ပင် ဆင်းရဲမွဲတေလှသော သူတို့၏ အဖြစ်ဆိုးကိုပင်

ပွဲကျသော ပြက်လုံးကဲ့သို့ ရယ်မော ပြောဆိုနိုင် သည့်အာဂ လူတွေပင်။ ဆင်းရဲဒုက္ခကို မထီမဲ့မြင်နှင့် ပြက်ရယ်ပြုနိုင်ကြသည့် တကယ့် သူရဲကောင်းများကို ပြပါ ဆိုလျှင် သူတို့ကိုသာ လက်ညှိုးထိုး၍ ပြရပေလိမ့်မည်။

အတန် ကြာအောင်ပင် ထင်မိထင်ရာတွေ လျှောက်ပြောနေကြပြီးနောက် လူချင်းခွဲလိုက်ကြပြန်ကာ၊ ဆက်လက် ၍ ငါးများ၌ ဖားကို ချိတ်၍ ရေထဲ ချလိုက်လျှင်ပင် ငါးရံ့များမှာ အငမ်းမရ ဟန်းခနဲ ထိုးဟပ် နေသဖြင့် ငါးကို ချက်ချင်းဖြုတ်၊ သီတံနှင့်သီ၊ နောက် ဖားကို ပြန်ချိတ် စသည်ဖြင့် မအား အောင် အလုပ်များ နေကြ၏။

ဤကဲ့သို့ ငါးရံ့များ အငမ်းမရ ဟပ်နေခြင်းမှာ အင်းချောင်းအတွင်း၌ "ဂျမ်းတိုက်" ပြီးပြီဖြစ်၏ ငါးရဲ့များ၏ အစာ ဖြစ်သော ငါးလေးများ ရှားပါးသွားသဖြင့် အစာငတ်နေစဉ်နှင့် ကြုံကြိုက်နေ၍ ဖြစ် ပါသည်။ ဤ၌ "ဂျမ်းတိုက်သည်" ဟူသော အင်းသား ဝေါဟာရကို စာဖတ်သူများ သဘောပေါက်အောင်ရှင်းပြဖို့ လို လိမ့်မည်ဟု ထင်ပါသည်။

သို့သော် ဂျမ်းတိုက်ပုံကို စာနှင့် သရုပ်ပေါ်အောင် ဖော်ရလျှင် အတော်ရှည်လျားစွာ ရေးရလိမ့်မည်။ သူ့ချည်း တစ်ပုဒ်သတ်သတ် ရေးနိုင်မှ သရုပ်ပေါ်ပါလိမ့်မည်။ သို့ဖြစ်၍ ဂျမ်းတိုက်သည်ဟူသော ဝေါဟာရကို အကြမ်းအားဖြင့် သိထားရန်မှာ အင်းသားကြီးများက အင်းချောင်းထဲမှ ငါးများကို ပိုက်စိပ်တိုက်၍ ယူခြင်းပင် ဖြစ်သည်။ သို့သော် ငါးရံ့၊ ငါးပတ် စသော ငါးကြီးများမှာ ဂျမ်းတိုက်သော ယင်းများအပေါ်မှ ခုန်ထွက်၍ လည်းကောင်း၊ ငါးခူ၊ ငါးကျည်း စသော အောင်ငါးများမှာ ဂျမ်းယင်း အောက်နွံများထဲမှ တိုးထွက်၍ လည်းကောင်း၊ ဤသို့သော ငါးမျိုးကို အနည်းအကျဉ်းသာ ရပြီး ငါးခုံးမ၊ ငါးဘဲ၊ ငါးသံချိတ် စသော ကောင်သေးငါး များနှင့် ငါးမြစ်ချင်း၊ ငါးဖယ်အောင်း စသော ငါးလတ်များသာ အင်းချောင်းရိုးထဲ၌ ကုန်သလောက် နီးပါးနီး ရရှိပါသည်။ ထိုအခါ ဂျမ်းတိုက် ရာ၌ မပါဘဲ လွတ်ကျန်ရစ်သော ငါးကြီးများမှာ သူတို့၏ အစာဖြစ်သည့်

ကောင်သေးငါးများ ဂျမ်းတိုက်ရာ၌ ပါသွားသောကြောင့်၊ အစာငတ်၍ အငမ်းမရ ဖြစ်နေစဉ် ဖားဆွဲပါက ငါးရံ့ပို၍ ဟပ်သည်ကိုသာ ပြဆိုလိုရင်းဖြစ်ပါသည်။

~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~

(၈)

ကြက်ဦးပင် တွန်လေပြီ။

ကိုဒေါင်းစိန်ကား ချမ်းလွန်း၍ ခိုက်ခိုက်တုန်နေ၏။ လက်များကိုလည်း မသယ်ချင်လောက်အောင် ညောင်းညာ၍ လက်အန်ပင် သေနေ၏။ သို့သော် ဤအတွက် သူ စိတ်မပျက်ပါ။ ငါး အတော်ရလိုက်၍ အကြီးအကျယ် ဝမ်းသာနေပါသည်။

လ ထွက်မလာသေးသော်လည်း လ ထွက်တော့မည်ဟူသော အထိမ်းအမှတ်ဖြင့် ရှေ့ပြေး အလင်း ရောင်ကလေး များ သမ်းစ ပြုနေပါပြီ။ လ ထွက်လာလျှင် ငါးလည်း ဟပ်တော့မည် မဟုတ်။ အင်းသားကြီး များလည်း သိသွားလိမ့်မည်။ ယခုကပင် ပြန်ရန် အချိန်တန်ပြီ။

သူသည် ငါးမျှားတံအဖျား၌ ချည်နှောင်ထားသော ငါးမျှားကြိုးကို ငါးမျှားတံ အရင်းပိုင်းဆီသို့ ဆွဲဆန့် လာ၏။ ငါးမျှားကြိုးအဆုံးမှ ငါးများနှင့် အလောတော် နေရာ ငါးမျှားတံ၌ တပ်ဆင်ထားသော ကွင်း ကလေးတွင် ငါးမျှားကို ချိတ်လိုက်၏။ ထိုအခါ ငါးမျှားကြိုးသည် မျဉ်းပြိုင်ဆန့်တန်း၍ တင်းတင်းရင်းရင်း ဖြစ်နေသဖြင့် အကိုင်အတွယ် လွယ်ကူသက်သာမည်။

သူသည် ငါးသီတံကိုယူ၍ သီထားသော ငါးရံ့များကို ရေတွက်နေ၏။ တစ်ကောင်၊ နှစ်ကောင် စသည်ဖြင့် ခပ်တိုးတိုး ရေတွက်နေရာ ၂၄ ကောင်အပြီး နောက်ထပ် ရေတွက်ရန် ၂၅ ကောင်မြောက် ငါးသည် မရှိတော့။ ဟုတ်ပေသည်။ သူ့ သီတံ၌ အားလုံးပေါင်း ငါးရံ့ ၂၄ ကောင် ရှိ ပေသည်။

"ဟော့ မင်း ဘယ်နကောင် ရသလဲ"

ကိုလူမောင် သည် ငါးမျှားတံကို ထမ်း၍ သီတံနှင့် ပလုံးကိုဆွဲပြီး သူ့အနီးသို့ ရောက်လာကာ မေးမြန်း လိုက်ခြင်း ဖြစ်သည်။

"၂၄ ကောင် ရတယ်ဗျ၊ ခင်ဗျားကော"

"အမယ် မင်းက ငါ့ထက် ၂ ကောင်တောင် ပိုသေးတယ်၊ ငါက ၂၂ ကောင်ထဲ ရတယ်၊ ကိုင်း လ ထွက်စ ပြုနေပြီကွ၊ ပြန်ကြမယ်"

သူသည် ငါးရံ့များ သိထားသော သီတံကြိုးကို ကွေးလိုက်ကာ အစနှစ်ဖက်ကို ပူးတွဲချည်နှောင် လိုက်၏။ ထိုအခါ ငါးရံ့များ သိထားသော သီကြိုးသည် ဝ သဏ္ဌာန် ဝိုင်းဝန်းသွားကာ ကြိုးကွင်း တစ်ခုလို ဖြစ်သွား၏။ ပြီးလျှင် သူသည် ထိုသီတံကွင်းကို ကိုင်မြှောက်ကာ ချိန်ဆကြည့်၏။ တစ်ဆယ့်လေးပိဿာထက်တော့ ဘာအောက် လိမ့်မလဲ၊ အစို ဆယ်လေးပိဿာဆိုလျှင် ငါးရဲ့ခြောက် အောက်ထစ် ငါးပိဿာရမယ်၊ ပေါက်ဈေး လေးရာဈေးဆိုတော့ လေးငါးလီ နှစ်ဆယ်၊ ငွေ နှစ်ဆယ် ရမယ်၊ ဘယ်လောက် ဟန်ကျသလဲ။

သူသည် နှစ်နှစ်ခြိုက်ခြိုက်ကြီးကို ပြုံးပစ်လိုက်ကာ ကြိုးကွင်းသဖွယ် ဖြစ်နေသော ငါးရံ့ သီတံကို ငါးမျှားတံ၌ စွပ်လိုက်၍ ဘယ်ဘက်ပခုံးထက်တွင် တင်ထမ်းလိုက်၏။ ပြီးတော့မှ ပလုံးကို ညာလက် နှင့်ဆွဲကာ ကိုလူမောင်နှင့် အတူ လျှောက်ပြန်ခဲ့၏။ သူ ဝမ်းသာခြင်း အထွတ်အထိပ်သို့ ရောက်နေ သောကြောင့် သူ့ဘေးနားမှ ကိုလူမောင်ကိုပင် စကားမပြောမိဘဲ ခပ်သွက်သွက် လျှောက်နေ၏။

အိမ်ရောက်လျှင် ချစ်ဇနီး မယ်စိန်သည် ငါးအများကြီးရလာသော သူ့အား ရွှင်ပြုံးစွာ ကြိုဆိုလိမ့်မည်။ ပြီးတော့ ငါးများကို ချက်ချင်းယူ၍ အကြေးထိုး၊ ခေါင်းဖြတ်၊ ကျောမှနေ၍ ဓားနှင့်ခွဲ၊ ငါးရံ့ဆီထုတ်၊ ဓားနှင့်ပေါက်၍ အမြှောင် အမြှောင်လုပ်၊ မိုးလင်း၍ နေထွက်လျှင် အသင့်ထုတ်လှန်းရန် ဆားနှင့်

ထပ်ထား... စသည်ဖြင့် ဖျတ်လက်ပေ့ါပါးစွာ ပြုလုပ်လိမ့်မည်။ ဒါတွင်မက သူ့ကို စေတနာ ဗရဝနှင့် ငါးရံ့ခေါင်းပြုတ်ပေး၍ ငါးရံ့ဆီကိုလည်း ချက်ကျွေး ပေဦးမည်။ အို ... ဘယ်လောက် ပျော်စရာ ကောင်းတဲ့ ညလဲလို့။

လ သည် ထွက်ပြူလာလေပြီ။ ကြည်လင်အေးမြသော ငွေရောင်သည် တော၊ တောင်၊ ရေ၊ မြေ များဖြင့် ပြီးသော သဘာဝလောကပေါ်သို့ ယိုဖိတ်ကျလာ၏။ ယိုဖိတ်ကျလာသော ငွေရောင်ဝယ် ပြုံးနေသော ကိုဒေါင်းစိန်၏ မျက်နှာကိုလည်း တွေ့မြင်နိုင်ပါသည်။ တက်ကြွသော အပြုံး၊ ဝင့်ကြွား သောအပြုံး။

ဟုတ်သည်။ မုန်တိုင်းထဲမှ အပြုံးလည်း ရှိပေသေးမည်။ သူ့ဘဝသည် အစဉ်သဖြင့် မုန်တိုင်း ထန်သော ဘဝဖြစ်သည်။ သို့သော် ဤအထဲမှ တစ်စက္ကန့်မျှသော လေပြည်လေညင်းသည် သူ့အဖို့ အပြုံးဖြစ်သည်။ ကုန်သည်ကြီးကမူ ပေါ်နေသော ကုန်ကို လှောင်ထားကာ ရှားပါးသည့် အဖြစ် ရောက်အောင် ဖန်တီးပြီး ဈေးကြီးကြီးနှင့် ပြန်ရောင်း၍ မတန်တဆ မြတ်လျှင် ပြုံး၏။ နိုင်ငံရေးသမားသည် ဝန်ကြီးဖြစ်၍ စတူဒီဘေကာ ကားကြီးကို စီးရလျှင် ပြုံး၏။ ဂုဏ်သရေရှိ မျက်နှာ ကြီးသူခိုးသည် ပြည်သူပိုင်ပစ္စည်းကို ခိုးထုတ်၍ စီးပွားဖြစ်လျှင် ပြုံး၏။

သူ့အဖို့က ဤမျှလောက် ရည်ရွယ်ချက် မကြီးမားပါ။ သူ ပင်ပန်းကြီးစွာ ရှာရသော သားငါးများ ဖောဖောသီသီရ၍ ထမင်းနပ်မှန်အောင် စားရလျှင် ဒုက္ခဟူသမျှ မေ့ပြီး ပြုံးဖို့ အသင့်ပင် ဖြစ်ပါသည်။

ဩော် ... ကိုဒေါင်းစိန်ရယ် ဘယ်တော့များမှ ထာဝစဉ် ပြုံးနိုင်ကြပါမလဲ။

စာဖတ်သူများ ခင်ဗျာ၊ ဒီအတိုင်းသာဆိုရင် ကိုဒေါင်းစိန်တစ်ယောက် ဖားကောက်နိုင်မည် မဟုတ်ပါ။ တကယ်လို့ စာဖတ်သူသည် မိတ္ထီလာမြို့ကို

ရောက်ပါက ကိုဒေါင်းစိန်ကို သနားသော အားဖြင့် မိတ္တီလာ ကန်တော်အောက်က ဖားကောက်ခဲ့ကြပါခင်ဗျား။

ဖားပါရင် တစ်ကောင်ပေးပါ၊ မျက်လုံးငယ် ကြောင်တောင်တောင်နဲ့ ဖားကောင်ကသေး....။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

# အင်းလေလံ

(၁)

ကိုဘမြိုင်သည် ဟစ်လို့သာ ငိုချင်နေ၏။

ဟုတ်သည်။ တကယ်ဆိုတော့လည်း သူ့အဖို့ ဟစ်လို့သာ ငိုဖို့ ကောင်းတော့သည်။ ကြည့်စမ်းပါဦးတော့။ သူ နှစ်နှစ် တိတိ လုပ်ခဲ့သော "ဆင်ကူး" အင်းကလေးကို သည်နှစ် အင်းလေလံတွင် သူကြီးမင်းက သူ့ ယောက္ခမကို ဆွဲခိုင်းမလို့တဲ့။ အရပ်ထဲမှာ သတင်းပြေးနေပါသည်။ ဒါကြောင့်ပဲ သူသည် ဟစ်လို့သာ ငိုချင် နေ၏။

သူ့အင်းကို လုဆွဲမည့်သူသည် သာမာန် လူတစ်ယောက်သာ ဖြစ်ပါက သူမမှုပါ။ အခုတော့ သူကြီး ရင့်မကြီး တစ်ယောက်လုံး ဖြစ်နေ၍ သူ ငိုချင်နေပါသည်။ သူကြီး၊ သူကြီး၊ သူကြီးဆိုတာ နယ်နယ်ရရ ပုဂ္ဂိုလ် မဟုတ်။ အင်း အင်စပက်တာနှင့်လည်း ကျွမ်းသည်။ မြို့ပိုင်နှင့်လည်း ရင်းနှီးသည်။ ဝန်ထောက်နှင့်လည်း ခင်မင်သည်။ အရေးပိုင်အထိပင် ဝင်ဆံ့သည်။ သည်လို သည်လို ပုဂ္ဂိုလ်ကြီးတွေသည် အရေးကြုံလျှင် သူ့ဘက် မှာ အမြဲတမ်းရှိရန် ငွေကို ရေလိုသုံး၍ ပေါင်းထားသည့် သူကြီးမင်း ဖြစ်သည်။ ဒါကြောင့်လည်း အင်းကြီး အင်းကောင်း မှန်သမျှ သူ့ဆွေမျိုး ညာတိ တစ်စု၏ လက်ထဲမှာသာ ရှိသည်။

အတိုက်အခံဂိုဏ်းကား ပေါ်လေပြီ။ ဤအတိုက်အခံ ဂိုဏ်သား များကလည်း အင်အားမသေးလှပါ။ ဆွေမျိုး အင်အား တောင့်တင်းသည်။ ငွေအားလိုက်နိုင်သည်။ သူကြီးမင်းကဲ့ သို့ပင် အရာရှိကြီးများကို ငွေထိုး၍ ပေါင်းနိုင်သည့် လူလယ်များလည်း ပါဝင်သည်။ သူကြီးမင်း ကိုယ်တိုင်

လန့်နေရသော သတ္တိခဲစားပြ လူဆိုး တစ်ယောက်ပင် ပါဝင်သေးသည်။ သူကြီးဆွေမျိုး အင်အားစုကို အပြုတ်ဖြုတ်နိုင်ရေးအတွက် သူတို့ ဆွေမျိုး သားချင်းများကို စုစည်းကာ တပ်ပေါင်းစု တည်ဆောက်ထားခြင်း ဖြစ်သည်။

သူတို့လည်း ခေသူများမဟုတ်။ မျိုးနှင့်ရိုးနှင့် နာမည်ကြီးသူများ ဖြစ်သည်။ တရားရုံး၌ ရှုပ်နိုင် ပွေနိုင်သည့်ဘက်တွင် မျိုးနှင့်ရိုးနှင့် နာမည်ကြီး၏။ ဓားပြတိုက်၊ သူသတ်ရာ၌ မျိုးနှင့်ရိုးနှင့် နာမည်ကြီးသည်။ ဒါတွင်မက လှေပြိုင်ပွဲ၊ နွားပြိုင်ပွဲ၊ ကြက်တိုက်ပွဲ စသော ပြိုင်ပွဲအမျိုးမျိုးတွင် နည်းအမျိုးမျိုးနှင့် ရှုပ်နိုင် ပွေနိုင်သည့် ဘက်တွင်လည်း မျိုးနှင့်ရိုးနှင့် နာမည်ကြီးသေးသည်။

ဒါကြောင့်လည်း ဤအတိုက်အခံ ဘက်သားများသည် မနှစ်က အင်းလေလံ၌ သူကြီးဆွေမျိုး အင်အားစု လက်ထဲမှ "ယင်မောင်သေ" ဆိုသော အင်းကြီးကို ရအောင် ဆွဲဝယ်နိုင် ခဲ့သည်။ ဒါတွင်မျှမက သူကြီးမင်း၏ ဆွေမျိုး သားချင်းတစ်ဦးလုပ်သော "အစွန်" အင်းငယ်ကလေးကိုလည်း မနှစ်က အင်းလေလံတွင်ပင် လုဝယ်နိုင်ခဲ့သည် မကသေး။ သူကြီးမင်းများ လုပ်သော အခြားအင်းများကိုလည်း အင်းဖိုး မတန်မဆ ကြီးအောင် အဖျက်လုပ်ငန်း သဘောနှင့် လိုက်၍ လုဆွဲလိုက်သေးသည်။

အတိုက်အခံ ဘက်သားများ ပြိုင်နိုင်ကြသလောက် သူကြီးဆွေမျိုး သားချင်းများ၏ အသည်းတွင် ကျွဲခတ်သလို အခံရခက်တော့သည်။ သို့သော် လူလိမ္မာအမျက် အပြင်မထွက်ဆိုသလို တစ်ဖက်ကို မုန်းတီးသည့် စိတ်ကို ဝမ်းထဲတွင်သာ မျိုသိပ်ထားကာ သည်နှစ် အင်းလေလံတွင်မူ မချစ်သော်လည်း အောင့်နမ်းကြ ရတော့သည်။ တစ်ဖက်နှင့်တစ်ဖက် စေ့စပ်ရေး လုပ်ကြသည်။ တစ်ဖက်မှ အင်းကို တစ်ဖက်က လိုက်၍ လုမဆွဲ စတမ်း။ သူကြီးသားချင်းများ လုပ်သည့်အင်းများကို အတိုက်အခံ ဘက်သားများက လိုက်မရှုပ်ရ။ အတိုက်အခံ ဘက်သားများ၏ အင်းများကိုလည်း သူကြီးသားချင်းတစ်စုက ဝင်ရှုပ်၊ တစ်ဖက်မှ အင်းကို တစ်ဖက်က လိုက်ရှုပ်၍ အပြိုင်အဆိုင် လုဆွဲရလျှင် နှစ်ဖက်စလုံးမှ

အင်းဖိုးများ ကြီးကျန်၍ မည်သူမှ သက်သာ လိမ့်မည် မဟုတ် ဟူသော သဘောတရားကို နှစ်ဖက်စလုံးမှ လိမ္မာပါးနပ်စွာ ကျင့်သုံးကြ တော့သည်။

သူတို့ နှစ်ဖက် နားလည်မှုရသည့်တိုင် အခြားသူတစ်ဦး ဝင်ရှုပ်မည်ကို မကြောက်ရဘူးလားဟု မေးစရာ ရှိပါသည်။ ကြောက်ရန် မလိုပါ။ ကြားနေ အင်းသားကြီးများမှ အင်းငယ်ကလေးများကိုသာ ဆွဲဝယ် နိုင်သည့် အင်းသားကြီး ပေါက်စများသာဖြစ်၍ သူတို့ကို တုမပြိုင်နိုင်။ တကယ်လို့ တုပြိုင်နိုင်သည့်တိုင် မတုပြိုင်ရဲကြ။ တစ်ဖက်မှ သူကြီးမင်း အာဏာစက်ကို ကြောက်ရ၍၊ အခြားတစ်ဖက်မှ လူသတ်ဝံ့သော မိုက်ဂုဏ်ကို လန့်နေကြ ရသည်။

ဤအင်းသားကြီး ပေါက်စကလေးများမှာ သူတို့ အင်းသားနှစ်ကို တုပြိုင်ဖို့ မဆိုထားဘိ။ ဤအင်းအားစု နှစ်စုမှ သူများက သူတို့၏ အင်းငယ်ကလေးများကို လာရောက် ထိပါးမည်ကိုပင် လန့်နေကြရရှာသူများ ဖြစ်ပါသည်။ ဤအင်းအားစု နှစ်စုသည် တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် လုမဆွဲစတမ်းဟူ၍ စေ့စပ် ကျေအေး ထားကြသောကြောင့် ၎င်းတို့က အင်းအားစု နှစ်စု၏ မြားဦးသည် သူတို့လို ဆင်းရဲနွမ်းပါးရှာသော အင်းသားကြီး ပေါက်စများပိုင် အင်းငယ်များဘက်သို့ လှည့်လာမည်ကို အချိန်နှင့်အမျှ တွေးတော ပူပန် နေရရှာ သူများ ဖြစ်ပါသည်။

ဟုတ်သည်။ ယခု ဆင်ကူး အင်းသားကြီးဆိုသော ကိုဘမြိုင်မှာလည်း ဆင်းရဲနွမ်းပါးသော ကြားနေ အင်းသားကြီး ပေါက်စကလေး ဖြစ်၍ သူတို့ အင်းအားစု နှစ်ခု၏ စေ့စပ်ကျေအေးခြင်း သတင်းကို ကြားရသည်နှင့် တစ်ပြိုင်နက် နေမထိ ထိုင်မသာ ပူမီးတွေ ဝေဖြာလျက်ရှိစဉ်၊ သူကြီးမင်းက သူ့ယောက္ခမအား ဆင်ကူးအင်းကို ဆွဲဝယ်နိုင်းလိမ့်မည်ဟူသော သတင်းကို ထပ်မံကြားသိရပြန်ရာ သူ့ခမျာ ဟစ်လို့သာ ငိုလိုက်ချင် အောင် စိတ်သောက ရောက်ရတော့၏။

အင်းလေလံ ဆွဲဝယ်ရာ၌ အင်းဖိုးငွေ၏ ၂၀ ရာခိုင်နှုန်းကို အင်းဆွဲ၍ ရသည်နှင့် တစ်ပြိုင်နက် ပေးဆောင်ထားရ၍ ကျန်သည့်ငွေကို လှေ၊ လှည်း၊ နွား၊ အိမ်၊ လယ် စသော ပစ္စည်းများကို တန်ဖိုးထား၍ အာမခံ ပစ္စည်းအဖြစ် ခံဝန်ပေးထားရသည်။ အင်းမဆွဲခင်ကပင် မိမိဆွဲမည့် အင်းတန်ဖိုးအလိုက် ခံဝန် ပစ္စည်းများကို ဖော်ပြ၍ အင်းဆွဲဝယ်ခွင့်ပြုပါရန် လျှောက်လွှာ တစ်စောင် ရေးရသည်။ ပထမ သူကြီးမင်းက ထိုခံဝန်ပြထားသော ပစ္စည်းများမှာ အင်းဆွဲဝယ်မည့် သူပိုင်ပစ္စည်းမှန် ဖြစ်ကြောင်းကို လျှောက်လွှာတွင် လက်မှတ် ရေးထိုးရသည်။ နောက်မြို့ပိုင်က တစ်ဖန် လက်မှတ် ရေးထိုးသည်။ ဤလက်မှတ်များ ရမှ အင်းဆွဲဝယ်နိုင်မည်။

ထို့ကြောင့် အင်းလေလံဆွဲရာ၌ သူကြီးသည် ပထမဆုံး အရေးပါသူ ဖြစ်သည်။ သူနှင့် မတည့်သူ များကိုဖြစ်စေ၊ သူ့သားချင်းများ ဆွဲဝယ်မည့်အင်ကို ဆွဲဝယ်ရန် ကြံသူများဖြစ်စေ ဘယ်လောက်ပင် ခံဝန် ပစ္စည်း တင်ပြနိုင်စေကာမူ သူသည် လက်မှတ် မရေးထိုး၊ မခိုင်လုံသည့် အကြောင်းများကို ပြကာ ညစ်ပတ် ထားလေ့ရှိသည်။ သို့သော် သူ့ကို ဖော်လံဖားသူများနှင့် သူ့သားချင်းများကိုမူ ဘာပစ္စည်းမျှမရှိဘဲ မဟုတ် တရုတ်တွေ လျှောက်ရေးစေကာမူ သူလက်မှတ် ထိုးသည်။

ယခုလည်း သူလုပ်နေသည့် ဆင်ကူးအင်းကို သူကြီးမင်းသည် သူ့ယောက္ခမအား ဆွဲဝယ်ခိုင်းမည်ဟု ကြံစည်နေရာ မှချသူ့အား လက်မှတ် ထိုးပေးလိမ့်မည် မဟုတ်။ ခါတိုင်းနှစ်ကတော့ သူပြထားသော ခံဝန် ပစ္စည်းများ မလုံလောက်စေကာမူ သူကြီးမင်းသည် ဘာမှ အနှောင့်အယှက် မပေးဘဲ လက်မှတ် ထိုးပေးသည်။ နောက် မြို့ပိုင်မင်းက ဝန်ခံပြထားသော ပစ္စည်း မှန်မမှန် ကွင်းဆင်း၍ စစ်ဆေးသည့်အခါမှ မဟုတ်မမှန် လုပ်ကြံ၍ ပြထားသော ခံဝန်ပစ္စည်း များအတွက် မြို့ပိုင်မင်းအား အင်းခွန် ငွေတစ်ရာလျှင် တစ်ဆယ်နှုန်းကျ ငွေထိုး လိုက်လျှင် ကိစ္စပြီး နိုင်သည်။ ဒါကတော့ သူတို့လို

ခံဝန်ပစ္စည်းအဖြစ် မပြည့်စုံ၍ (ဝါ) မရှိ၍ မဟုတ်မမှန် လုပ်ကြံကာ ခံဝန်ပစ္စည်းအဖြစ် ပြထားသော သူများသာ ပေးရသည်မဟုတ်၊ ခံဝန်ပစ္စည်း အလုံအလောက် ပြနိုင်သည့် သူများလည်း အင်းခွန် ငွေတစ်ရာလျှင် တစ်ဆယ်နှုန်းကျ ပေးရမြဲ ဖြစ်သည်။

သည်လိုမှ မပေးလျှင် မြို့ပိုင်မင်းသည် ခံဝန်ပြထားသော ပစ္စည်းကို အမွေဆိုင်မို့ ဥပဒေနှင့် မညီညွတ်ဟူ၍လည်းကောင်း၊ ပစ္စည်းတန်ဖိုးကို အလွန်အမင်း လျှော့တွက်၍ အင်းဖိုးနှင့် ခံဝန် ပေးထားသည့်ပစ္စည်း မမျှလို့ ခံဝန်ပစ္စည်း ထပ်ပေးပါဦးဟူ၍ လည်းကောင်း အမျိုးမျိုး နှောင့်ယှက်လေ့ ရှိသည်။ ဒါကြောင့် ခံဝန်ပစ္စည်း ပေးစရာမရှိ၍ မဟုတ်မမှန် လုပ်ကြံကာ ခံဝန် ပြထားသူပဲဖြစ်ဖြစ်၊ ခံဝန် ပစ္စည်း အလုံအလောက် ပြနိုင်သူပဲဖြစ်ဖြစ် မြို့ပိုင်မင်းကိုတော့ အင်းခွန်တစ်ရာလျှင် တစ်ဆယ်နှုန်းကျ ပေးရမြဲဖြစ်သည်။ ဒီနည်းနဲ့ မြို့ပိုင်မင်းအဖို့ တစ်နှစ် တစ်နှစ်လျှင် အင်းဖိုးငွေ လေးငါးသောင်း တန်ဖိုး ရှိသော သူတို့နယ်မှ ငွေလေးငါးထောင် သပိတ်ဝင် အိတ်ဝင်ဖြစ်သွားသည်။

ထို့ကြောင့် ခံဝန်ပစ္စည်း တကယ်ရှိ မရှိက အကြောင်းမဟုတ်၊ သူကြီးမင်း လက်မှတ်ထိုးလျှင် ကိစ္စ အရပ်ရပ် ပြီးနိုင်သည်ဖြစ်ရာ၊ သူကြီးမင်း၏ လက်မှတ်သာလျှင် အဓိကဖြစ်သည်။ ယခုလို သူလုပ်နေသည့် ဆင်ကူးအင်းကို သူကြီးမင်းက သူ့ယောက္ခမ တစ်ဦးတည်း အေးအေးဆေးဆေး အဖိုးနည်းနည်းနှင့် ဆွဲဝယ်ရန်အတွက် သူ့အား လက်မှတ် ထိုးပေးလိမ့်မည်မဟုတ်၊ ဒါကြောင့်ပဲ သူသည် ဟာစ်လို့သာ ငိုချင်နေ၏။

ဩော်... သို့ပေမဲ့ နည်းလမ်းတော့ ရှိပါသေးသည်။ တခြားတိုက်နယ်မှ သူကြီး တစ်ဦးဦးကို ခင်အောင် ပေါင်း၍ လက်မှတ်ထိုးခိုင်းလိုက်လျှင်လည်း ကိစ္စပြီးနိုင်ပါသည်။ သူကြီးမင်း၏ အတိုက်အခံ အင်အားစု များလည်း သည်နည်းကိုပဲ အသုံးပြုကြပါသည်။ ဒါပေမဲ့ ရွာသူကြီးမင်းက တိုက်နယ်မှ သူကြီးက လက်မှတ်ထိုး ကြောင်းကို ဖော်ပြ ကန့်ကွက်နိုင်ပါသေးသည်။

ဒါကိုလည်း ကြိုတင် ကာကွယ်နိုင်ပါသည်။ သူ့ကို လက်မှတ်ထိုးပေးမည့် တိုက်နယ်မှ သူကြီးနှင့် နားလည်မှု ယူ၍ ထိုသူကြီး၏ တိုက်နယ်မှ လူတစ်ယောက်ကို အင်းဂရန်တွင် တွဲထည့်ထားခြင်း အားဖြင့် သည်အရေးကို ကြိုတင်၍ ကာကွယ် နိုင်ပါသည်။

ဒါပေမဲ့ ဒီလိုဖြစ်ဖို့ သိပ်မလွယ်လှပါ။ သူ့လို ဆင်းရဲနွမ်းပါးသော မျက်နှာငယ်တစ်ယောက် အတွက် သူ့ကို လက်မှတ်ထိုး ပေးမည့် သူကြီးသည် သူတို့ရွာမှ သူကြီး၏ အမှန်းကိုခံ၍ လက်မှတ်ထိုးပါမည်လော၊ ဒါကလည်း တွေးပူစရာပင် ဖြစ်ချေသည်။ ဒါကြောင့်ပဲ သူသည် ဟာစ်လို့သာငိုချင်နေ၏။

~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~

(၂)

ကိုဘမြိုင်သည် ဖော့ဦးထုပ် အဟောင်းကို ဆွဲဆောင်း၍ ရွာလယ်သို့ ရောက်ခဲ့၏။ သူမဖြေရှင်းနိုင်သော ပြဿနာ ရပ်များအတွက် ဆွေးနွေးတိုင်ပင်ရန် သူ့လိုပင် ကြားနေအင်းသားကြီး ပေါက်စဖြစ်သော "ကျုံပက်" အင်းသားကြီး ကိုမောင်ဘအိမ်သို့ ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

အဆင်သင့်ပင် ကိုမောင်ဘအား သူ့အိမ်၌ လက်ဖက်ရည်ကြမ်းအိုး တစ်အိုးနှင့် တွေ့ရ၏။ ကိုအေး ဆိုသူ ကိုလည်း ထိုလက်ဖက်ရည်ကြမ်းဝိုင်း၌ပင် တွေ့မြင်ရ၏။ သည်ကိုအေးဆိုသူများ နာမည်သာ ကိုအေး ဖြစ်သော်လည်း မဟုတ်မခံ မိုက်သတ္တိ ရှိသူဖြစ်ကာ၊ ရန်ကုန်သို့ပင် တက်၍ မိုက်ကြေးခွဲစားနေရာမှ ရပ်ရွာသို့ ပြန်ရောက်သည်မှာ မကြာသေးပေ။ သူတို့နှင့် အလွန်ချစ်ခင်သော ငယ်ပေါင်း သူငယ်ချင်းလည်း ဖြစ်၏။

"လာဟေ့ ဘမြိုင်၊ ရေနွေးနည်းနည်းတော့ ကျန်သေးတယ်"

ကိုမောင်ဘက သူ့ကို မြင်လျှင်မြင်ချင်းပင် လှမ်း၍ ဖိတ်ခေါ်လိုက်၏။ ကိုအေးကတော့ သူ့ကို ခပ်ပြုံးပြုံးပဲ ကြည့်နေ၏။ သူသည် လက်ဖက်ရည်ကြမ်းဝိုင်း၌ ဖြည်းညင်းစွာ ဝင်လိုက်၏။

"လေလံကို ဘယ်တော့သွားကြမလဲ"

ခပ်ပြုံးပြုံးလုပ်နေသော ကိုအေးက သူတို့နှစ်ဦးကိုမကြည့်ဘဲ လမ်းမကို ငေးကာ မေးလိုက်ရာ၊ ကိုမောင်ဘ မဖြေခင် ကိုဘမြိုင်က ဦးအောင် ဖြေလိုက်သည်။

"လေလံကို သွားဖို့ထက် သူကြီးလက်မှတ်ရဖို့က အရေးကြီးနေတယ်ကွ။ အဲဒီအတွက် ငါလည်း စိတ်ညစ်ညစ်ရှိတာနဲ့ ဒီကိုထွက်လာခဲ့တာပဲ"

"အောင်မလေးကွာ၊ သူကြီးလက်မှတ်ပဲ ဆန်းတာလိုက်လို့၊ နေပါဦးကွ၊ မင်းတို့ရွာက သူကြီးက မင်းအတွက် လက်မှတ်ထိုးမပေးဘူး ဆိုလို့လား၊ ခါတိုင်း နှစ်ကတော့ မင်းအတွက် သူလက်မှတ်ထိုးတယ် မဟုတ်လား"

"ခါတိုင်းနှစ်ကတော့ ငါ့အင်းစုတ်လိုဟာမျိုးကို သူတို့ဆွဲဖို့မှ မကြံဘဲ ကိုးကွ၊ ဒီနှစ်တော့ သူ့ယောက္ခမကို ငါလုပ်နေတဲ့ ဆင်ကူးအင်းကလေးကို အဆွဲခိုင်း မလို့တဲ့ကွ၊ ဒီတော့ ခါတိုင်းနှစ်လို ငါ့ကို လက်မှတ်ထိုးပေးပါဦး တော့မလား"

"ဘာဖြစ်လို့ မထိုးပေးရမှာလဲကွ၊ သူ့ယောက္ခမပဲ ဆွဲဆွဲ၊ ဘယ်သူပဲဆွဲဆွဲ မင်းလို အင်းခွန်နဲ့ ပတ်သက်ပြီး နာမည်ပျက်မရှိတဲ့ လက်ရှိ အင်းသားကြီး ပောင်းကို ဘာကြောင့် လက်မှတ်မထိုးဘဲ နေရမှာလဲ၊ ဘာပစ္စည်းတစ်ခုမှ မည်မည်ရရ မပြနိုင်အောင် ဆင်းရဲတဲ့ သူ့ယောက္ခမကို လက်မှတ်ထိုးနိုင်ရင် မင်းလိုလှေကလေး၊ နွားကလေးရှိတဲ့သူကို ဘာကြောင့် ထိုးမပေးနိုင်ရမှာလည်း"

"ဘာကြောင့် ထိုးမပေးနိုင်ရမှာလဲဆိုတော့ ငါ့ကို လက်မှတ် ထိုးပေး လိုက်လို့ သူ့ယောက္ခမနဲ့ ပြိုင်ဆွဲရင် သူ့ယောက္ခမ အင်းဖိုးကြီးသွားမှာ စိုးလို့ပေါ့ကွ၊ သူ့ယောက္ခမက လွဲရင် ဘယ်သူ့မှ လက်မှတ်ထိုးမပေးရင် အင်းလေလံမှာ သူ့ယောက္ခမတစ်ဦးတည်း ဆွဲရတော့ အင်းဖိုးနည်းနည်းနဲ့ ရမယ်မဟုတ်လား။ မင်းကလည်းကွာ၊ ဒါတွေ သိသားနဲ့"

ဤတွင်ကိုအေးသည် ပြင်ထန်စွာ တောက်တစ်ချက် ခေါက်လိုက်၍ အတန်ကြာ အောင်ပင် စကားမပြောနိုင်ဘဲ အတန်ကြာအောင်ပင် စကား မပြောနိုင်ဘဲ တွေနေပြီး၊ နောက်မှ -

"သူကြီးက ခုထက်ထိ ဒီစောက်ကျင့်တွေကို မဖျောက်သေးဘဲကိုးကွ၊ ဘာမှ မပူပါနဲ့ကွာ၊ မင်းအတွက် ငါပဲ လိုက်ပြောပေးပါ့မယ်၊ ဒါနဲ့မှ လက်မှတ်ထိုး မပေးရင် ကြီးချောင်း သူကြီးအပိုင်က လူတစ်ယောက်နဲ့ ဂရန်တွဲပြီး ကြီးချောင်း သူကြီးရဲ့ လက်မှတ်နဲ့ဆိုရင်လည်း ကိစ္စပြီးနိုင်ပါတယ်ကွာ၊ ငါနဲ့ကြီးချောင်း သူကြီး နဲ့က မနိုင်ရင်ကန်လူတွေပါ၊ မင်းစိတ်အေးအေးသာနေ၊ ငါတစ်နည်းနည်းနဲ့ ဖြစ်အောင် လုပ်ပေးပါ့မယ်"

ကိုဘမြိုင်ကား ခုမှပင် စိတ်အေးသွားရာ၏။ ကိုအေးလို လူရည်လည်၍ နံ့စပ်သော သူတစ်ယောက်က သူ့အခဲယဉ်းဆုံးဟု ယူဆထားသော သူကြီး လက်မှတ်အတွက် လုံးဝ တာဝန်ယူလိုက်သဖြင့် ပြောမပြ နိုင်အောင်ပင် အားရှိ သွား၏။ ငအေး၊ ငအေး၊ ဘုန်းကြီးလို့ အသက်ရှည်မည့် ငအေး၊ သူငယ်ချင်းရဲ့ အခက်အခဲ ကို တတ်နိုင်သလောက် ကူညီဖော်ရသော ငအေးတစ်ယောက် ရှေ့လျှောက်ပြီး ကြီးပွား ပါစေဗျာ။

အတန်ကြာအောင်ပင် အတွေးကိုယ်စီနှင့် ဆိတ်ငြိမ်နေကြ၏။ ထိုအချိန်အထိ စကားတစ်ခွန်းမှ ဝင်မပြောဘဲ သူတို့ပြောနေသည်ကိုသာ ငေးမော နားထောင်နေသော ကိုမောင်ဘက ကိုဘမြိုင်၏ ပေါင်ကို ဖျတ်ခနဲ လှမ်းပုတ် လိုက်ကာ -

"ဟော့ မင်းတစ်ယောက်တည်း စိတ်ညစ်နေတယ်လို့ မထင်လိုက်ပါနဲ့၊ ငါ့ကျုပက် အင်းကလေးကိုလည်း သူကြီးမင်းရဲ့ ရန်သူတော်အဖွဲ့က လုဆွဲမလို့ တဲ့ကွ။ ဒါပေမဲ့ ငါက မင်းလို လက်မှတ် အတွက်တော့ မပူရ ဘူးပေါ့ကွာ၊ သူကြီးက သူ့ရန်သူနဲ့ ငါနဲ့ ပြိုင်ဆွဲရမှာမို့ ငါ့ကိုတော့ အားပေးမှာပါပဲ။ ဒါပေမဲ့ ဒီကောင်တွေက

ငွေအား တောင့်တော့ သူကြီးရဲ့ ဆွေမျိုးတွေရဲ့ လက်ထဲက အင်းကြီးတွေကိုတောင် ရအောင် ဆွဲနိုင်ခဲ့ သေးတာ၊ ငါ့အင်းကလေးကိုတော့ သူတို့ ဘာဂရုစိုက်လိမ့်မလဲကွာ၊ ငါတော့ ဒီနှစ် အင်းလက်လွတ် ဖြစ်မှာပါပဲ”

“အေးကွာ၊ သူတို့နှစ်ဖွဲ့ကလည်း အင်းကြီးအင်းကောင်း မှန်သမျှ သူတို့လက်ထဲမှာချည်း ရှိတာတောင် မကျေနပ်သေးဘဲ တို့လို ဆင်းရဲသားတွေ လုပ်စားတဲ့ အင်းငယ်ကလေး တွေကိုတောင် လိုက်ရှုပ် နေသေးတယ်၊ သူတို့ လောဘချည်းပဲ”

စကားအဆုံးတွင် နှစ်ယောက်သား ပြိုင်တူ “ဟင်း” ဟူ၍ လေရှည်ကြီးဆွဲကာ သက်မကြီးများ ချလိုက်ကြ၏။ သူတို့၏ မသက်သာလှသော အမူအရာကို ကိုအေးက ခပ်ပြုံးပြုံးနှင့်ပင် ကြည့်နေပြီး၊ အတန်ကြာမှ -

“ကဲဟေ့၊ မဖြစ်ခင်က တွေးပူနေတာ အပိုပဲ၊ လေလံကို ဘယ်တော့သွားဆွဲကြမလဲ ဆိုတာသာ ပြော၊ ငါလည်း လိုက်မယ်”

“နက်ဖြန်သွားမယ်ကွ၊ သူကြီးသားချင်းတစ်စုနဲ့ သူကြီးရန်သူတော်တစ်စုတော့ ဒီနေ့ပဲ သွားကုန်ကြပြီ၊ တို့လည်း နက်ဖြန်ကို ဆက်ဆက်သွားမှ ဖြစ်မယ်၊ လေလံရက်က တစ်ခူးလပြည့်ကျော် ၇ ရက် ဆိုတော့ ကြား သုံးရက်ပဲ လိုတော့တာကွ။ လက်မှတ်အတွက် လိုက်ရမှာနဲ့၊ အင်းဆွဲဆိုက ရွှေပေါင်ရမှာနဲ့၊ တခြား ကိစ္စဝိစ္စတွေ အတွက်ပါ အဆင်သင့်ဖြစ်အောင် နက်ဖြန်ကာ ကြိုပြီးသွားမှ အဆင်ပြေမယ်”

ကိုဘမြိုင်၏ အဆိုကို အားလုံးကပင် အတည်ပြုကာ သဘောတူညီကြသဖြင့် သုံးယောက်သား လူချင်း ခွဲခဲ့ ကြတော့၏။

(၃)

ကိုဘမြိုင်သည် အိပ်ရာမှ စောစီးစွာ နိုးလျက်ရှိ၏။ သို့သော် အိပ်ရာမှ ချက်ချင်း မထေသေးဘဲ အိပ်ရာ ထဲ၌ပင် ခွေနေကာ သူတို့လို အင်းသား ကလေးများ၏ ဆိုးဝါးလှသောဘဝကို ပြန်လည်သုံး သပ်နေ၏။ သူ့ဇနီး မတင်မေသည် သူ မြို့သို့လေလံအတွက် မသွားမီ သောက်သွားနိုင်ရန် ရေနွေးအိုး ထ တည်နေ လေ၏။

သူ ဆင်ကူး အင်းကလေးကို လုပ်ခဲ့သည်မှာ ၂ နှစ်ရှိပြီ။ တစ်နှစ်က ရှုံး၍ မနှစ်က မမြတ်ခဲ့။ တခုတော့ ရှိသည်၊ လုပ်ရင်းကိုင်ရင်း အင်းမှ စားသွားရသည်။ ငွေရှင်များကလည်း အင်းလက်ကိုင်ရှိတော့ ယုံကြည် ကြသည်။ ဒါကြောင့်ပဲ ရှုံး၍ မမြတ်သော အင်းကို သူတို့ လက်မလွှတ်ခဲ့။ အင်းသာ လက်လွှတ်ခဲ့လျှင် ငွေရှင် များက ယုံကြည်တော့မည် မဟုတ်။ သူတို့လည်း ငတ်ရပေလိမ့်မည်။

သည်လို ရှုံး၍ မမြတ်သည်မှာ သူတို့ ညံ့ဖျင်းမှုကြောင့် မဟုတ်ပါ။

စပြီး အင်းဆွဲချိန်မှစ၍ အင်းပြီးသည်အထိ အမျိုးမျိုးသော ခေါင်းပုံဖြတ်မှု များကို ခံနေရ၍ ဖြစ်ပါသည်။ အင်းဆွဲမည့် ကြံလျှင် ကြံချင်း ကိုယ်ပိုင် ငွေရင်းဟူ၍ မရှိသော သူတို့အဖို့ အင်းခွန် ၂၀ ရာခိုင်နှုန်း ဆောင်ထားရန် ရှိစုမဲ့စု ရွှေကလေးနှင့် ငှားရမ်းထားသော ရွှေကလေးကို အပေါင်ဆိုင်၌ လည်းကောင်း၊ ငွေရှင်များထံ၌ လည်းကောင်း အတိုးနှုန်းကြီးစွာဖြင့် ပေါင်ထားကြရသည်။ အင်းဆွဲ၍ ရပြန်သည့်အခါ၌လည်း မရှိဘဲနှင့် လိမ်ပြထားသော ခံဝန် ပစ္စည်းများ အတွက် မြို့ပိုင်မင်းအား ငွေဆို့ရပြန်သည်။ နောက် အင်းစရိတ်အတွင်

ငွေလိုပြန်၍ ကုန်သည်များထံ၌ အင်းပေါ် ငါးပေးဖြင့် ယူရပြန်သည်။ အပေါင်ပစ္စည်း မပေးဘဲ ငွေယူရသည်ဖြစ်၍ အခွင့်အရေးကိုလည်း အများဆုံး ပေးရတော့သည်။ ရှစ်ဆယ်ဈေးပေါက်သော ငါးကို လေးဆယ်ဈေး လောက်နှင့်သာ အရှင်းခံရသည်။ တစ်ဖန် ပြုရိုကရက်အရာရှိများ စားပေါက်ထွင်ရန် လမ်းဖွင့်ထားသော အင်းဥပဒေ အမျိုးမျိုးကြောင့် အင်းအင်စပက်တော်အား အင်းပြီးသည်အထိ တပေးတည်း ပေးနေရပြန်သည်။ သူတို့မှ မဆင်းရဲလျှင် ဘယ်သူတွေဆင်းရဲတော့အံ့နည်း။

တကယ်လို့ သူတို့ကိုသာ သည်လို ခေါင်းပုံဖြတ်မှုများ မခံရပါက လူလိုနေထိုင်နိုင်သော အဆင့် အတန်း၌ ရှိပါသည်။ ခုတော့ နေရာတကာ ခေါင်းပုံဖြတ်ခံနေရ၍၊ လူလူချင်း ဗိုလ်ကျခံရ၍ သူတို့ မှာသာ တစ်နှစ် တစ်နှစ် ဘယ်လိုမှ ထူးခြားမလာဘဲ တဖြည်းဖြည်းနှင့် လုံးပါး ပါးခဲ့ရပါသည်။ သို့သော် သူတို့ အပေါ် ခေါင်းပုံဖြတ်ရာ၌၊ ဗိုလ်ကျရာ၌ ထိပ်သီးဖြစ်သော အင်းအင်စပက်တော်မှာမူ ဓနုဖြူမြို့ပေါ်၌ ထည်ဝါ သပ်ရပ်လှသော ကျွန်းသစ်အိမ်ကြီးတစ်အိမ်ကို အဆောင်ဆောင် အခန်းခန်းဖြင့် ဆောက်လုပ် ထားနိုင်၍ မယားပေါင်း ၁၀ ယောက်ခန့်ကိုလည်း သူ့အဆောင်နှင့် သူထား၍ ပျော်ပါးနိုင်ခဲ့သည်။

ငွေတိုးကြီးစား ငွေရှင်များ၊ ပွဲစားများ၊ ကုန်သည်များလည်း တစ်နှစ်ထက်တစ်နှစ် စီးပွားဖြစ်၍ အခြေအနေ မြင့်တက်သွားကြ၏။ သူတို့မှာကား အင်းလုပ်တုန်းက ဖောဖောသီသီကလေး စားလိုက်ရ၍ အင်းပြီးသည်နှင့် တစ်ပြိုင်နက် လက်ထဲ၌ တစ်ပြားမှမကျန်ရစ်ဘဲ ကြွေးပတ်လည်ဝိုင်းလျက် ရှိခြင်းသာ အဖတ်တင်တော့၏။

သို့ဖြစ်၍ ဤမျှလောက် ကောင်းကျိုးမပေးသော အင်းကို ဘာကြောင့် လုဆွဲနေကြသနည်း။ မှန်၏ လုဆွဲကြရပေမည်။ အင်းထက် ပိုကောင်းသော လုပ်ငန်း မရှိ။ အင်းလုပ်ငန်းသာ အဓိကဖြစ်သော သူတို့ ရပ်ရွာအခြေအနေအရ

အင်းမှ မလုပ်လျှင် ဘာသွားလုပ် ကြရမည်နည်း။ ဒါကြောင့်ပဲ အချိန်တန်လျှင် အင်းကို လုဆွဲကြရသည်။

ဒါကတော့ ဆင်းရဲနွမ်းပါး၍ အင်းငယ်ကလေးများကိုသာ ဆွဲဝယ်နိုင်ရှာသည့် အင်းသားကြီး ပေါက်စ ကလေးများ အဖို့ကိုသာ ဆိုလိုပါသည်။ သူကြီးမင်း ဆွေမျိုး အင်းအားစုနှင့် သူ့အတိုက်အခံ ဆွေမျိုး အင်အားစုလို အင်းကြီး အင်းကောင်းများ ဆွဲဝယ်နိုင်သူများကား ဤအထဲ၌ မပါပါ။ သူတို့ကား ငွေအားနိုင်၍ လည်းကောင်း၊ အင်းအရာရှိများနှင့် ပူးပေါင်း၍ ကလိမ်ကျနိုင်သောကြောင့် လည်းကောင်း၊ သူတို့၏ အခြေအနေ သည်လည်း တစ်နှစ်ထက် တစ်နှစ် မြင့်တက်လာသူများ ဖြစ်ကြ၍ သူတို့ကကိုတော့ လုံးဝ အချယ် အလှယ်ခံ လူတန်းစားဖြစ်သော အင်းသားကလေးများနှင့် ရောထွေး၍ မဖြစ်နိုင်။ တစ်ဖက်မှ အထက်အရာ ရှိများ၏ အခြယ်အလှယ်ကို ခံရ၍၊ တစ်ဖက်မှ အင်းသားကလေးများ အပေါ် ပြန်ခြယ်လှယ် သော လူတန်းစားအဖြစ် မှတ်ယူမှ သဘာဝ ကျနိုင်ပေမည်။

ဒီလို နစ်နာမှုတွေကို သိပေမဲ့ ကိုဘမြိုင်တို့ကတော့ အင်းကို လက်မလွှတ် နိုင်ခဲ့ပါ။ ကံကောင်းလို့ ဒီနှစ်မှာ ငါးပိုပြီးတက်လိုက်ရင် ဟူသော မျှော်လင့်ချက်ကလေးနှင့်သာ နောက်မဆုတ်နိုင်ဘဲ ဖြစ်နေရသည်။ သို့သော် ငါးများကား သူတို့ မျှော်လင့်သလို တစ်နှစ်ထက် တစ်နှစ် ပေါ်မလာဘဲ တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ရာ သူတို့ အခြေအနေမှာ ပိုလို့သာ ဆိုးရတော့၏။

မတင်မေ ရေချွေးအိုး လာချမှ သူ့အိပ်ရာက ထ၏။ ချက်ချင်း မျက်နှာသစ်၍ ဆေးပြင်းလိပ် တစ်လိပ်ကို မီးညှိပြီး လက်ဖက်ရည်အိုးဘေး ဝင်ထိုင်၏။ မတင်မေက လက်ဖက်ရည် ပန်းကန်ထဲသို့ အဆင်သင့် ငှဲ့ထား သဖြင့် အငွေ့ တထောင်းထောင်း ထနေသော လက်ဖက်ရည် ပန်းကန်ကို ဆွဲယူကာ တရှူးရှူး မှုတ်သောက် နေ၏။

"အင်းကိုတော့ ရအောင်ဆွဲပါ ကိုဘမြိုင်ရယ်၊ နို့မဟုတ်ရင် ဒီနှစ် တို့တော့ ငတ်ကြမှာ။ အင်း လက်ကိုင် ရှိတော့ ငွေရှင်တွေက ယုံတယ်၊ ဒီတော့ အင်းက ရှုံးဦး၊ ဒီငွေနဲ့ တစ်နည်းတစ်လမ်း ကြံနိုင်တယ်၊ လုပ်ငန်း မရှိရင် ဘယ်သူမှ ယုံမှာ မဟုတ်လို့ သက်သက် ထိုင်ရင် ငတ်နေကြမှာပဲ"

မတင်မေက လက်ဖက်ရည်ကို တရှုံးရှုံး မှုတ်သောက်နေသော သူ့ချစ်လင်အား စူးစူး စိုက်စိုက် ကြည့်ကာ ပြောဆိုလိုက်၏။ သူတို့နှစ်ဦးမှာ ငယ်ပေါင်း သူငယ်ချင်းဘဝမှ ညားလာကြသူများ ဖြစ်၍ "ဘမြိုင်" "တင်မေ" "နင်" "ငါ" ဟူသော အသုံးအနှုန်းမှာ ပြင်မရဘဲ နှုတ်ကျိုးနေကြ၏။

"အေးပါဟာ၊ ငါရအောင် ဆွဲမှာပေါ့၊ ဒါပေမဲ့ ဒီနှစ်တော့ သူကြီး ယောက္ခမနဲ့ ပြိုင်ဆွဲရမှာမို့ ငါတော့ စိတ် ခပ်လေးလေး ပဲ၊ သြော် ဒါထက် နင့်ဆွဲကြိုးလေး ဘာလေး ရှိသေးတယ် မဟုတ်လား"

"အင်း လုပ်ပြီ သူကဖြင့်၊ ရှိတဲ့ ဆွဲကြိုးနဲ့ လက်ကောက်ကလေးဟာ မနှစ်က အင်းလေလံတုန်းက အပေါင်ဆိုင်မှာ ပေါင်ထားတာ ဘယ်မှာ ပြန်ရွေးနိုင်လို့လဲ၊ အင်းက စရိတ်ကျေရုံသာရှိလို့ အဆုံးခံလိုက်ရပါကောလား၊ ဒါပေမဲ့ အဖေဆီကနဲ့ အဒေါ်တို့ဆီက ခဏပေါင်ပါရစေလို့က ဆိုပြီး ယူလာတဲ့ ရွှေထည်လေးတော့ ရှိပါတယ်၊ အားလုံးပေါင်ရင် သုံးကျပ်သားလောက်တော့ ရှိတယ်"

သည်တော့မှ သူ သတိရမိ၏။ ဟုတ်သည်၊ သူတို့ လက်ထပ်စဉ်အခါက နှစ်ဖက်မိဘများ ခန်းဝင် ပစ္စည်း အဖြစ် ထည့်လိုက်သော ဆွဲကြိုးကလေး၊ လက်ကောက်လေးအစ ရွှေကလေး လေးကျပ်သားခန့်မှာ မနှစ်က အင်းလေလံတွင် ပေါင်လိုက်ရသည် မဟုတ်လား။ နောက်ပြီး အင်းက စရိတ်ကျေရုံသာ ရှိလို့ ဘယ်မှာ ပြန်ရွေးနိုင် လို့လဲ။ ဒါကိုတောင် မေ့နေရအောင်

ငါ့စိတ်တွေဟာ ဘယ်လောက် ကယောင်ချောက်ချား ဖြစ်နေ သလဲ။ ဩော် ... ဒုက္ခ၊ ဒုက္ခ။

ဒါပေမဲ့ တော်ပါသေးသည်။ ကြည့်စမ်းပါ၊ လိမ္မာလှသော သူ့ဇနီး မတင်မေသည် သူချစ်လင် အင်းဆွဲ သည့်အခါ အလွယ်တကူဖြစ်စေရန်၊ သူမ၏ ဖခင်နှင့် အဒေါ်ထံမှ ရွှေကလေးများကို အဆင်သင့် ချေးငှား ထား၏။ တော်လိုက်တဲ့မိန်းမ၊ လင့် အခက်အခဲကို သိတတ်တဲ့ မိန်းမ၊ တခြားမိန်းမတွေနဲ့ ဘယ်လောက် ကွာခြားသလဲ။

သူသည် သူ့ဇနီး၏ အပြုအမူကို အနူးအညွတ် ဂုဏ်ယူနေသည်။

"အေး... ဒါလောက်ဆိုရင် တော်ပြီ တင်မေရေ၊ စိတ်သာချ၊ ငါရအောင် ဆွဲခဲ့မယ်"

သူသည် သူ့ဇနီး စိတ်အေးအောင်သာ ပြောလိုက်ရသည်။ သူ့စိတ်ထဲ မှာတော့ တထင့်ထင့်။ ဒါကြောင့်ပဲ နောက်ထပ် စကားမဆက်တော့ဘဲ လက်ဖက်ရည်ကိုသာ တစ်ခွက်ပြီး တစ်ခွက် ကျုံးသောက်နေ၏။

မတင်မေကလည်း စကားထပ်ဆက် မနေတော့ဘဲ သူ့ချစ်လင် လက်ဖက်ရည်ကြမ်းနှင့် သောက်သွားရန် မီးဖိုထဲမှ မီးလက်စနှင့် ကြော်ပစ်ခဲ့သော ထမင်းကြမ်းကြော်ကို သွားကြည့်၏။ အလောတော် လောက်ရှိပြီဟု ထင်၍ ဆီအနည်းငယ် လောင်းထည့်လိုက်ကာ၊ ဆားအနည်းငယ် ဖြူးပြီး အတန်ကြာ ယောင်းမနှင့် မွှေနေ၏။ ပြီးလျှင် မီးဖိုပေါ်မှ ချ၍ ပန်းကန်ပြားတစ်ချပ် ဆေးပြီး ထည့်ယူလာခဲ့၏။

ထမင်းကြော်ပန်းကန်လည်း လက်ဖက်ရည်ကြမ်းဝိုင်းတွင် ချပြီးရော၊ ကိုအေးနှင့် ကိုဘမောင်တို့လည်း ရောက်လာသဖြင့် လက်ဖက်ရည်ကြမ်းဝိုင်းမှာ စည်ကားသွား၏။

"ဘမြိုင်ကတော့ ဟန်ကျနေတာပေါ့ကွ၊ မိုးလင်းပြီဆိုရင် လက်ဖက်ရည်က အဆင်သင့်၊ ထမင်းကြော် အဆင်သင့်နဲ့ လုပ်ပေးမယ့်သူ ရှိနေတာကိုး။ ငါ့မိန်းမတော့ ငါ့ဒဏ် မခံနိုင်လို့ ပြန်ပြေးသွားကတည်းက ငါတစ်ယောက်တည်း ဖော်ကွာဝေးဖြစ်ပြီး အစားကောင်းမစားရ၊ အိပ်ကောင်းခြင်း မအိပ်ရနဲ့ အတော်ကသီလင်တ ဖြစ်နေတာ ကြာပြီကောကွာ။ မင်းကို မြင်ရပြန်တော့ ငါ့စိတ်ထဲ အားကျသလိုလိုနဲ့ နောက် တစ်ယောက် ထပ်ယူချင်တဲ့စိတ်တောင် ပေါ်နေတယ်၊ ဟဲ ... ဟဲ"

ကိုအေးက ထမင်းကြမ်းကြော်ကို ပလုတ်ပလောင်း စားသောက်ရင်း ရယ်မော ပြောဆိုလိုက်၏။ ကိုဘမြိုင်၊ မတင်မေ၊ ကိုမောင်ဘတို့ကတော့ ဘာမှ ပြန်မပြောဘဲ ပြုံးလို့သာ နေကြ၏။ သိခဲ့ပြီပဲကွယ်၊ ကိုအေးဟာ ဘယ်လို လူစားလဲဆိုတာကို။

သူကား မိန်းမ လေးဆက်ရှိပြီး ဖြစ်၏။ ဘယ်သူနှင့်မှ အတည်မကျ။ သူ၏ မိုက်ဂုဏ်ကို အကောင်း ထင်နေသော သူသည် အားနွဲ့သော မိန်းမသားများကိုပါ ညှာတာရမှန်း မသိဘဲ မိုက်စွမ်း ပြလှသောကြောင့် တစ်ယောက်မှ ကြာရှည်မနေနိုင်၊ ပြေးရချည်းသာဖြစ်၏။ ဒါကိုပင် သူက မရှက်မကြောက် ဂုဏ်ယူ တတ်သေး၏။

ယခု နောက်ဆုံး ပြန်ပြေးသွားသော မိန်းကလေးကား သုံးဆယ်မြို့မှ မီးရထားရုံပိုင်၏ သမီး ကုလားကပြား မလေးပင် ဖြစ်၏။ သူမ၏ မိဘများနှင့် ရန်ကုန်အလာ ကိုအေးနှင့် ဆုံမိ၍ လူကြီးများ အလစ်တွင် မိန်းကလေး သဘောမတူဘဲ အတင်းခိုးပြေးလာခဲ့ခြင်း ဖြစ်၏။ မူလကပင် မချစ်မနှစ်သက်ဘဲ ယူရပြန်၊ စရိုက်ချင်း ကလည်း မတူပြန်၊ အလွန်အမင်းလည်း ညှဉ်းဆဲလွန်းလှပြန်သောကြောင့် ရွာသို့ရောက်ပြီး တစ်လလောက် အကြာတွင် ကိုအေး ကြက်ပွဲ၌ မဲနေတုန်း ထွက်ပြေးသွားခြင်းဖြစ်သည်။ သို့သော် ကိုအေးကား အပြုံး မပျက်၊ ငကန်းသေ ငစွေ ပေါ်လိမ့်မယ်တဲ့။

သုံးယောက်သား စားရင်း သောက်ရင်းနှင့် သောင်းပြောင်းထွေလာ ပြောနေကြရာမှ လင်းကြက်အသော့တွင် ကိုဘမြိုင်က မတင်မေထံ ရွှေထည်နှင့် သူ့၌ အချမ်းသာဆုံ ငွေကလေး ငါးဆယ်ကို တောင်း ၍ ထွက်လာခဲ့ကြ၏။ ရွာလေးဘက်ကမ်းသို့ ရောက်သောအခါ ကိုမောင်ဘ၏ လှည်းနှင့် နွားကို တပ်ဆင် ၍ ခနဖြူသို့ ရှေးရှုမောင်းနှင်ခဲ့ကြ၏။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၄)

နံနက် ၈ နာရီအချိန်တွင် ဓနုဖြူမြို့သို့ ရောက်၏။ ပထမဆုံး လုပ်ရန် အလုပ်မှာ ခံဝန်ပစ္စည်းစာရင်းကို ဖော်ပြ၍ အင်းဆွဲဝယ်ခွင့် ပြုပါရန် လျှောက်လွှာ တစ်စောင်ကို လျှောက်လွှာစာရေးထံ၌ ငွေတစ်ကျပ်ပေး၍ ရေးခိုင်းရန် ဖြစ်ပါသည်။ အို ဒါထက်အရေးကြီးတဲ့ ပထမဆုံးလုပ်ရန် အလုပ်ရှိသေးသည်။ သွားရာ လာရာ၊ ပြောရာ ဆိုရာ၌ ဖျတ်ဖျတ်လတ်လတ်နှင့် ရဲရဲတင်းတင်းရှိရန် ခေါက်ဆွဲဆိုင်သွား၍ အရက်သောက်ရန်ပင် ဖြစ်ပါ သည်။

သူတို့ သုံးယောက်သည် မဲခွဲမနေဘဲ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ခေါက်ဆွဲဆိုင်သို့ မြန်းကြတော့၏။ ရောက်လျှင် စားပွဲတစ်လုံး၌ ဝင်ထိုင်ကြ၍ ကိုဘမြိုင်က အရက်တစ်ပုလင်းနှင့် ခေါက်ဆွဲကြော် တစ်ခွက်ကို မှာလိုက်၏။ ခေါက်ဆွဲ ကြော်နေစဉ် အရက်တစ်ပုလင်းနှင့် ဖန်ခွက်သုံးလုံးကို အရင် လာချပေးသဖြင့် ခေါက်ဆွဲကြော် ကို စောင့်မနေဘဲ တစ်ယောက် တစ်ခွက်စီ ငှဲ့သောက်လိုက်ကြ၏။ ဒါမှလည်း ခေါက်ဆွဲကြော် ကို စောင့်ရင်း စကားပြောရာ၌ ပြောလို့ ဆိုလို့ကောင်းမှာကိုး။

"ဟေ့ ဘမြိုင်ရဲ့၊ လက်မှတ်အတွက်ကိုတော့ ပူမနေပါနဲ့ကွ၊ တို့ ဗျင်းဘွဲ့သူကြီး လက်မှတ် မထိုးရင် ကြီးချောင်း သူကြီးရဲ့ လက်မှတ်ကိုတော့ ကျိန်းသေ ရပါတယ်ကွ၊ လက်မှတ်ရပြီးတဲ့နောက် လေလံမှာ ပြိုင်ဆွဲလို့ မင်းမလိုက်နိုင်ရင်တော့ ငါလည်း မတတ်နိုင်ဘူးပေါ့ကွာ"

"အိုကွာ လက်မှတ်သာ ရပါစေ၊ သူကြီးယောက္ခမ ဘာမို့လဲကွ၊ ငါက အင်း တန်ဆာပလာတွေ လက်ကိုင် ရှိတဲ့ အင်းသားကြီးပောင်းမို့ စရိတ် သိပ်ကုန်မှာ မဟုတ်ဘူး၊ သူက အသစ်ထူထောင်ရမယ့်လူမို့ အင်းရ သည့်တိုင် စရိတ်က အတော်ကုန်ဦးမှာ၊ ဒီတော့ သူပေးနိုင်ရင် ငါကဘာဖြစ်လို့ သူ့ထက် ပိုမပေးနိုင်ရမှာလဲ"

အရက်တစ်ခွက်သာ သောက်ရသေးသည်။ ကိုဘမြိုင်၏ စိုးရိမ်စိတ်၊ သံသယစိတ်ကလေးများ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်၍ အတော် ကလေး ရဲရင့်လာ၏။ သွက်လက်လာ၏။ သည်အမူအရာကို ကြည့်၍ သဘောကျသွားသလို ကိုမောင်ဘက ပြုံးလိုက်ကာ -

"မင်းက သိပ်ပြီး ဖင်ခေါင်းကျယ်မနေနဲ့ဦး၊ သူကြီး ယောက္ခမက ဒီနှစ်မှ စလုပ်ပေမဲ့ သူကြီးသားချင်း တစ်စုမှာ တန်ဆာပလာအပောင်း တွေက လက်ကိုင် ရှိပြီးသားကွ၊ ဒီတော့ မင်းပေးနိုင်သလောက်တော့ လိုက်ပေးမှာပဲ"

"အိုကွာ ဘာဖြစ်ဖြစ် ငါ့အင်းကိုတော့ ငါလက်မလွှတ်ဘူး၊ နောက်မှ ရှုံးရုံမကလို့ လူပါ လိုက်ရ လိုက်ရ ရအောင် ဆွဲယူမယ်"

ကိုဘမြိုင်၏ ဒေါကလေးကို ကိုမောင်ဘရော ကိုအေးပါ သဘောကျ သွားသဖြင့် တဟားဟားနှင့် ရယ်လိုက် ကြ၏။ ထိုအချိန်တွင် ခေါက်ဆွဲကြော် လာချပြီဖြစ်၍ အရက်ကို ထပ်ငှဲ့ကာ ခေါက်ဆွဲကြော်နှင့် မြည်းကြ ပြန်၏။

နောက်ထပ် ခေါက်ဆွဲကြော် တစ်ခွက်နှင့် အရက်တစ်ပိုင်း ကုန်ပြီးသည့် နောက်၌ကား သုံးယောက်စလုံးအဖို့ အတော်ကလေး ရေချိန် ကိုက်သွားကြပြီး ဖြစ်၍ ကျသင့်ငွေကို ရှင်းပေးခဲ့ပြီး ထွက်လာ ခဲ့ကြ၏။ "တောင်ပိုင်းရပ် ကိုဇမန်း လျှောက်လွှာစာရေး" ဟူသော ဆိုင်းဘုတ် ချိတ်ဆွဲ ထားသည့် အိမ်ထဲသို့ ဝင်သွားကာ ကိုဘမြိုင်အတွက် လျှောက်လွှာ တစ်စောင်ရေးခိုင်းနေ၏။

ပြီးသောအခါ တစ်စောင်လျှင် တစ်ကျပ်ကျဖြင့် နှစ်စောင်အတွက် ငွေနှစ်ကျပ်ကို အသီးသီး ထုတ်ပေးကာ သူကြီးမင်း တည်းခိုရာ ပွဲစားကြီး အိမ်သို့ ထွက်လာခဲ့ကြ၏။ ပွဲစားကြီး အိမ်အနီးသို့ ရောက်သောအခါ ကိုမောင်ဘ က ကိုဘမြိုင်တို့နှင့် လမ်းခွဲထွက်သွား၏။ တကယ်လို့ ကိုဘမြိုင်တို့နဲ့ အတူလိုက်သွားမိ၍ သူကြီးမင်းက သူတို့ပါ စိတ်ကွက်ပြီး လက်မှတ် မထိုးဘဲ နေပါက မခက်ပါလား။ ဒါကြောင့် သူသည် အားနာစွာနှင့်ပင် ကိုဘမြိုင်တို့နှင့် ခွဲခွာရေး လုပ်ရခြင်းဖြစ်သည်။

အဆင်သင့်ပင် ပွဲစားကြီးအိမ်၌ သူကြီးမင်းကို ပွဲစားကြီးနှင့် အတူ တွေ့မြင်ရ၏။ သူကြီးမင်းက သူတို့ နှစ်ဦး ကို မြင်သောအခါ သဘောမကျသလို မျက်နှာတော် ညိုသွား၏။

"ဘာကိစ္စလဲဟေ့ ဘမြိုင်"

သူကြီးမင်းက လာရင်းကိစ္စကို သိလျက်နှင့်ပင် မသိဟန်ဆောင်ကာ မေးနေ၏။ သူကား ကိုဘမြိုင်နှင့်အတူ ကိုအေး ပါလာသည့်အတွက် အတော်ကြီးကို မနှစ်သက်ဟန် ပြနေ၏။ ကိုအေးက သည်အမူအရာကို ရိပ်မိသော်လည်း ဂရုမစိုက်ဟန်ဖြင့် ကိုဘမြိုင်အစား ဝင်ဖြေလိုက်၏။

"ဆင်ကူးအင်း အတွက် သူကြီးလက်မှတ် လာယူတာပဲ"

"ဟေ့ ဘမြိုင် လျှောက်လွှာ ပေးလိုက်ကွာ"

"ငါ လက်မှတ် မထိုးနိုင်ဘူး"

"ဘာဖြစ်လို့ လက်မှတ် မထိုးနိုင်တာလဲ"

ကိုအေး၏ အသံကား ဒေါသကြောင့် တုန်နေ၏။ သူသည် စိတ်ကို အတော်ချုပ်တည်း ထားရဟန် ပေါ်နေ၏။ သူ့မျက်နှာကား ဒေါသကြောင့် နီနေ၏။

"မင်းတို့ လျှောက်လွှာထဲမှာ ရေးထားတဲ့ ခံဝန်ပစ္စည်းတွေဟာ မင်းတို့မှာ တကယ်ရှိတာ မဟုတ်လို့ ငါလက်မှတ် မထိုးတာဘဲ"

သူကြီးမင်းကာ မထောက်မညှာ လုပ်နေလေပြီ၊ ခါတိုင်းနှစ်က သည်လိုပဲ မရှိတဲ့ ခံဝန်ပစ္စည်းတွေ ရေးထားပေမဲ့ သူလက်မှတ် ထိုးတယ် မဟုတ်လား။ ဒီနှစ်မှ သူ့ယောက္ခမ တစ်ဦးတည်း ဆွဲနိုင်ရန် ဆင်ခြေ များ နေသည်။ ကိုအေးကား ကိုပူ ဖြစ်လေပြီ။

"ကောင်းပြီ၊ ခင်ဗျား ယောက္ခမကိုတော့ ခင်ဗျား ဘာကြောင့် လက်မှတ်ထိုးသလဲ၊ သူ့ထံမှာ ခံဝန်ပြစရာ ပစ္စည်း ဆိုလို့ လူနေတဲ့ တဲစုတ်တစ်လုံးပဲ ရှိတာနဲ့ ခင်ဗျား လက်မှတ် ထိုးပေးတာက ခင်ဗျား ယောက္ခမ မို့လား"

ဒေါသထွက်ထွက်နှင့် ပြောလိုက်သော တိကျမှန်ကန်လွန်းလှသည့် စကားများကို သူကြီးမင်း တစ်ခွန်းမှ ပြန် မချေနိုင်တော့။ ဒါကြောင့်ပဲ သူသည် ဒီလို လူစားတွေနှင့် ဖက်ပြီး စကားမပြောလိုဟူသော အမူအရာဖင့် ထိုင်ရာမှထ၍ အပေါ်သို့က အေးအေးဆေးဆေး တက်သွား၏။ ထိုအခါ သူကြီးမင်း သားချင်းများ၏ အင်းမှ ကုန်များကို သူ့ပွဲရုံသို့သာ အပ်သဖြင့် သူကြီးမင်းအပေါ် အထူး ကျေးဇူးတင်နေသော ပွဲစားကြီးက ကိုအေး တို့အား ဒေါသဖြစ်ဖြစ်နှင့် ဝင်နက်လိုက်၏။

"ဟေ့ စကားပြောတာ ကြည့်ပြီး ပြောပါကွ၊ ဒါ မင်းတို့ ဗျင်းဘွဲ့မဟုတ်ဘူး။ ခနဖြုံကွ ... ခနဖြုံ"

သည်လိုပြောလိုက်သော ပွဲစားကြီး၏ စကားသည် ကိုအေး၏ ဒေါသအား အထွတ်အထပ်သို့ ရောက်အောင် သရဖူ ဆောင်းပေးလိုက်၏။ ဒါကြောင့်ပဲ ကိုအေးသည် ထိုင်ရာမှ ဝုန်းကနဲ ခုန်ထလိုက်၏။ ပွဲစားကြီးပင် လန့်ဖျပ်၍ နောက်သို့ တွန့်သွား၏။

"ဒီမှာ ခင်ဗျားတို့ ခနဖြုတ်ကို မဆိုထားနဲ့၊ ရန်ကုန်တောင် ကျုပ်က ( × ) ထင်ခဲ့တဲ့ လူဗျ"

ကိုဘမြိုင်ကား ကြာကြာနေလျှင် အင်းမဆွဲရဘဲ ဂုတ်တဲ၌သာ စံမြန်းရမည်ကို အတတ်သိ၍ ကိုအေးအား ချော့မော့ကာ အတင်းဆွဲချလာရ၏။ ကိုအေးလည်း ရုန်းရင်း ကန်ရင်းနှင့်ပင် ကိုဘမြိုင် ဆွဲခေါ်ရာသို့ ပါလာရ တော့၏။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၅)

နောက်တစ်နေ့ နံနက် ၁၀ နာရီအချိန်ဖြစ်သည်။

ကိုဘမြိုင်သည် ခုမှပင် ပြုံးနိုင်တော့၏။ ကိုအေးနှင့်အတူ ခနဖြူမှ ရှစ်မိုင်ခန့်ဝေးသော ကြီးချောင်းရွာသို့ သူကြီး လက်မှတ် အတွက် လိုက်ခဲ့ရာ ရှောရှောရှူရှူနှင့်ပင် ကိစ္စပြီးစီးခဲ့၏။ ခုဆိုလျှင် လျှောက်လွှာကို မြို့ပိုင်ရုံးတင်၊ မြို့ပိုင်လက်မှတ်ရပြီး ဘီးလစ်စာရေးကြီးဆီသွား၊ သူတို့လျှောက်လွှာကို ဘီးလစ်ကြီးက တံဆိပ်ခေါင်းဖိုး အတွက်ဟု အကြောင်းပြသော ငွေသုံးကျပ်ကို ထုတ်ပေး၊ သူတို့လျှောက်လွှာ ယူထားပြီး အခြား သီးသန့် ထုတ်ပေးသော အင်းဆွဲဝယ်ခွင့် လက်မှတ်ကို ဘီးလစ်စာရေးကြီးထံမှ ရပြီးသည့် နောက်၌ကား အင်းဆွဲဝယ်နိုင်သော အခွင့်အရေးကို သူ ရပေတော့မည်။

သူနှင့် ကိုအေးသည် ရပ်နားခြင်း မရှိဘဲ ပြုဖွယ်ကိစ္စများကို တစ်ခုပြီး တစ်ခု ဆက်တိုက်ပြုလုပ်ခဲ့ရာ နေ့လည် တစ်နာရီခန့်တွင် အင်းဆွဲဝယ်ခွင့် လက်မှတ်ကို ဘီးလစ်စာရေးကြီးထံမှ ရရှိခဲ့တော့၏။ ကိုဘမြိုင်ကား ခုမှပင် စိတ်အေးရတော့သည်။ သို့သော် ကျွတ်ကျွတ်လွတ်လွတ် စိတ်မအေးနိုင်သေး။ လေလံမှာ ငါ အင်းမှ ရပ့ါမလား၊ ရပြန်ရင်လည်း အင်းဖိုးများ သိပ်ကြီးနေမလား ဟူသော စိုးရိမ်စိတ်က တစ်ဖက်မှ နှောင့်ယှက်နေသည်။

နောက်တစ်နေ့ ဆယ်နာရီဆိုလင် လေလံလွှတ်တော့မည် ဖြစ်၍ တောမှ အင်းသားကြီး၊ အင်းသားလတ်၊ အင်းသား ကလေးများ အားလုံး ခနဖြူသို့ ရောက်နေကြပေပြီ။

ခေါက်ဆွဲဆိုင်၌လည်း သူတို့ကို တွေ့ရသည်။ ကာက်ဝိုင်း၊ ဖဲဝိုင်းများ ၌လည်း မြင်ရသည်။ အပေါင်ဆိုင်၌လည်း ကြိတ်ကြိတ်တိုးနေသည်။ ဈေးရုံထဲ ၌လည်း ရောင်၍ မလွတ်။ သည်အထဲ၌ ကိုဘမြိုင်နှင့် ကိုအေးကို အပေါင်ဆိုင်၌ တွေ့နိုင်သည်။ ကိုဘမြိုင်ယူလာသော ရွှေသုံးကျပ်သားကို အပေါင်ဆိုင်တရုတ်က တစ်ဆယ်တိုးပဲဖြစ်ဖြစ် မပေါင်ဘဲတော့ မနေနိုင်။

အပေါ်လက်မှတ်တွင် ကိုဘမြိုင်၏ လက်မ ပုံစံကို နှိပ်ယူထား၏။ ဒါမှ သက်သေခံ ခိုင်လုံမည်။ ကိုဘမြိုင်၏ လက်ထဲမှ အပေါင်လက်မှတ် ဖြတ်ပိုင်းတွင်မူ ရန်သူမျိုးငါးပါး ဖျက်ဆီးလျှင် အပေါင်ဆိုင်မှ တာဝန်မခံတဲ့။ ဩော် ....။

အပေါင်ဆိုင်မှ ထွက်လာပြီးသည့်နောက် သူတို့၌ ပြုဖွယ်ကိစ္စ မကျန်တော့ပေ။ ဩ အရက်သောက်ဖို့ ကျန်ပါသေးသည်။ တစ်နေ့လုံးကို ကိုယ်ရော စိတ်ရော မအားအောင် ပင်ပန်းခဲ့သည့် ဒဏ်ကို အရက်နှင့် ဖြေရပေဦးမည်။ သူတို့၏ ခြေထောက်များသည် သူတို့အား ခေါက်ဆွဲကြော် ဆိုင်ထဲသို့ သယ်ဆောင် သွားကြသည်။

"ဆရာကီး ဘာစားမီလဲ"

သူတို့ နှစ်ဦးစားပွဲတွင် ထိုင်မိလျှင် တရုတ်တစ်ယောက်က လာမေး၏။ ဒီနေ့ ဒီရက်တွင် သူတို့ ဝင်လမ်း ဖြောင့်နေသဖြင့် သူ့အသံမှာ ရွှင်မြူးနေ၏။ သူ့ဟန်မှာ ဖျတ်လတ်နေ၏။ ခေါက်ဆွဲကြော်သည့် ဖိုမှာတော့ တရှဲရှဲနှင့် မအားအောင် ကြော်နေရ၏။ ဆိုင်ထဲမှ စားပွဲများတွင်မူ အရက်ပုလင်း ကိုယ်စီနှင့် အင်သား များ စီရရီ တွေ့မြင်ရ၏။

"ခေါက်ဆွဲကြော် နှစ်ခွက်၊ အရက်တစ်ပုလင်း"

အရက်တစ်ပုလင်းနှင့် ဖန်ခွက်နှစ်လုံးကတော့ ချက်ချင်းရောက်လာ၏။ မှာသူများ၍ ခေါက်ဆွဲကြော် ကိုတော့ အတော်ကြာကြာ စောင့်ရဦးမည်။ သူတို့ အလျင် ရောက်နေသည့် ကိုမောင်ဘနှင့် သူတို့နှင့် ရင်းနှီးသော အခြားအင်းသားကြီး အချို့ကပါ သူတို့စားပွဲ၌ လာပေါင်းကာ သောက်ရင်း စားရင်းနှင့် သောင်းပြောင်း ထွေလာ စကားတွေ ညံနေကြ၏။ ဖာအကြောင်းလည်း ပါ၏။ ဖဲအကြောင်းလည်းပါ၏။ အင်းလေလံ၊ အရက်၊ အို ... စုံတကာ့ကို စုံရော။

သည်အထဲမှာ စိတ်ဝင်စားဖွယ် သတင်းတစ်ခုကတော့ ကိုဘမြိုင် ကြားလိုက်ရသည်။ သူကြီးမင်း သားချင်း တစ်စုနှင့် အတိုက်အခံ အင်းအားစုတို့ အင်းကို လုမဆွဲစတမ်း စေ့စပ်ထားကြသည်ကို အင်း အင်စပေက်တာနှင့် လေလံလွှတ်ရန် ရောက်လာကြသော အရေးပိုင်၊ အင်း အခွန်ဝန် စသော ပုဂ္ဂိုလ်ကြီးများ သိရှိသွား၍၊ အင်း အင်စပက်တာကို ကိုယ်စားလှယ်အဖြစ် စေလွှတ်ကာ ထိုနှစ်ဂိုဏ်းမှ အင်းသားကြီးများနှင့် အရေးဆိုခိုင်း၏။ ဘယ်လိုပင် အချင်းချင်း နားလည်မှုနှင့် လုမဆွဲကြစေကာမူ အင်းဖိုးနည်းလျှင် အရေးပိုင်က မလွှတ်ပဲ ပိတ်ထားလိမ့်မည်။ ဒါကြောင့် အင်းတစ်အင်းလျှင် ငွေငါးရာစီ ပေးပါက ပိတ်မထားဘဲ ဆွဲသူမရှိ၍ အဖိုး နည်းနည်းဖြင့် လွှတ်ပေးမည်ဆို၍ အင်းကြီးလေးအင်းအတွက် ငွေနှစ်ထောင် ပေးလိုက်ရကြောင်း ဟူသော သတင်းပင်ဖြစ်သည်။

သတင်းမှာ စိတ်ဝင်စားဖွယ် သတင်းဖြစ်သော်လည်း အမှန်ကတော့ ရိုးနေပါပြီ။ အင်းလေလံချိန် ရောက်တိုင်း ကြုံနေကျ ကြားနေကျ သတင်းပင် ဖြစ်ပါသည်။ အင်းသားကြီးများ အဖို့ ဆိုလျှင်လည်း အလွယ် တကူပင် ပေးနိုင်ကြပါသည်။ သည်လို အချင်းချင်းကလည်း လုမဆွဲ၊ အင်းအရာရှိများ ကိုလည်း ငွေကလေး ဆို့ထားက လေး ငါးထောင် တန်ဖိုးရှိသော အင်းကို

နှစ်ထောင် သုံးထောင်မျှလောက်နှင့် ရနိုင်သည်ဖြစ်၍ ငွေငါးရာကိုတော့ အလွယ် တကူပင် ပေးနိုင်ကြပါသည်။

ဒီသတင်းကြားရသော ကိုဘမြင့်သည် သူ့အင်းကလေးကိုတော့ ဒီနည်းမျိုး မဖြစ်နိုင်သည့်အတွက် အတော်ပင် စိတ်မချမ်းသာ ဖြစ်သွားသည်။ သူ့အင်းကလေးမှာ လုဆွဲမည့် သူကြီးယောက္ခမလည်း ရှိသည်။ ပြီးတော့ မနစ်က တန်ဖိုးမှာ ခြောက်ရာရှိသော သူ့အင်းသိမ် အင်းငယ်ကလေးလို ဟာမျိုးကိုလည်း အရေးပိုင်မင်းက မူးစားပဲစားနှင့် နာမည်ပျက်ခံပြီး စားလိမ့်မည် မဟုတ်။ ဒါကြောင့်ပဲ သူသိပ်ကို စိတ်ပျက် သွားသည်။

သိပ်စိတ်ပျက်တော့ အရက်ကို သိပ်သောက်၏။ သိပ်သောက်တော့ သိပ်မူးပြီး သိပ်ရမ်း၏။ ခေါက်ဆွဲထည့်သော ပန်းကန်ကို ပေါက်ခွဲ၏။ အရက်ပုလင်းကို ရိုက်ခွဲပစ်၏။ ကုလားထိုင်ကို ရိုက်ချိုး၏။ သူ့နားရှိ မမူသေးသော ကိုအေးက လိုက်ဆွဲသော်လည်းမရ။ အရမ်းကို ကြမ်းနေ၏။ ကြာတော့ ကိုအေးလည်း မတတ်နိုင်။ တရုတ်ထဲမှ အရက်ကို ထပ်လောင်း၍ တစ်ခွက်ပြီး တစ်ခွက် ဆင့်တိုက်လိုက်မှ သတိလစ်၍ လဲတော့၏။ သူ့ကို သနားလည်းသနား၊ ချစ်လည်း ချစ်သော ကိုအေးက ကုန်ကျသမျှ အရက်ဖိုး နှင့် ခေါက်ဆွဲကြော် ဖိုးများပင်မက ပျက်စီးသွားသော ပစ္စည်းများ အတွက်ကိုပါ သူ့အိတ်ထဲမှ စိုက်ထုတ် ပေးခဲ့ပြီး တည်းအိမ်သို့ တွဲလာရတော့၏။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

## (၆)

လေလံရက်မို့ လေလံလွှတ်မည့် ဓနဖြူမြို့ အရှေ့ရုံးကြီး ပတ်ဝန်းကျင်၌ လူစည်ကားနေ၏။ ကိုဘမြိုင်မှာမူ ညက အသောက်လွန်သွား၍ ခေါင်းထဲအုံကာ ရင်ထဲမှလည်း တလှပ်လှပ်ဖြင့် နေမထိထိုင်မသာ ဖြစ်နေ၏။ (ဝါ) အရက်နာ ကျနေ၏။ သည်အရက်နာ ပျောက်သွားအောင် အရက်တစ်ခွက်လောက် သောက်လိုက်ရန် ကိုအေးက အကြံပေးသော်လည်း အရက်ကို မြင်ရုံနှင့် အော့အန်ချင်နေ၍ အတင်းပင် ငြင်းဆန်နေ၏။ နောက်ဆုံး မခံမရပ်နိုင်အောင် ခေါင်းကိုက်လာ၍ အရက်ကို ဖွတ်မိုတ်သောက်ချလိုက်မှ နေသားကျသွား၏။ ဟုတ်ပေသည်။ အရက်နာကို အရက်ဖြင့်ပင် ကုစားရပေသည်။

သူတို့နှစ်ဦးကား နံနက် ၈ နာရီထိုးပြီးထဲက ထမင်းစားပြီးကာ လေလံလွှတ်မည့် အရှေ့ရုံး အောက်၌ ရောက်နေကြ၏။ ရုံးကြီးပတ်ဝန်းကျင်၌မူ အင်းသားများ ခြေချင်းလိမ်နေကြ၏။ အင်းသားတစ်ယောက်က အခြား တစ်ယောက်ကို တစ်နေရာသို့ လက်တို့ခေါ်သွားကာ စကားတိုးကျိတ်နေကြ၏။ ကိုဘမြိုင်၏ အနီးတွင် ဖြစ်သဖြင့် သူတို့ပြောသမျှကို ကိုဘမြိုင် ကြားနေရ၏။

"ဟေ့ မင်း ငါ့အင်းကို ဝင်လုပြီး မဆွဲပါနဲ့ကွာ၊ မင်းကို ငွေတစ်ရာပေးမယ်"

"ဟာ ဘယ်ဖြစ်မလဲဗျ၊ ကျွန်တော် ငွေလိုချင်လို့မှ မဟုတ်ဘဲ၊ အလုပ်မရှိ အကိုင်မရှိနဲ့မို့ ဒီအင်းကလေးကို ရမှဖြစ်မှာဗျ"

"ကဲဒီလိုဆိုရင် မင်းဝင်မဆွဲနဲ့၊ မင်းနဲ့ငါ လုဆွဲရင် အင်းဖိုး သိပ်ကြီးပြီး ဘယ်သူရရ သက်သာမှာ မဟုတ်ဘူး၊ ဒီတော့ ငါတစ်ယောက်တည်း ဆွဲပြီး

အင်းရတော့မှ ဒီအင်းပိုက်နက်ထဲက ဒေါင့်ကြီးဂရက်ကို အတွက်ကျနဲ့ မင်းကို ခွဲပေးမယ်။ ဒီလိုဆိုရင် မင်းလည်း အလုပ်ရ၊ ငါလည်းအလုပ်ရ၊ အင်းဖိုးလည်း သက်သာမယ်။ မကောင်း လား"

"ဒီအတိုင်း ဆိုရင်တော့ ကောင်းတာပေါ့ဗျ။ ဒါပေမဲ့ ခင်ဗျား တစ်ယောက်တည်း ဆွဲပြီး အင်းရတော့မှ ကတိအတိုင်း မဟုတ်ဘဲ ကွိကွ လုပ်နေရင် ကျုပ်အချောင်ကျန်ရစ် ဖြစ်နေမှာပေါ့"

"အို ဒါတော့ မင်းစိတ်ချ၊ တို့ရွာက လူကြီးတွေရှေ့မှာ သက်သေထားပြီ ကတိစာချုပ် လုပ်ထားပေးမယ်"

"ကဲ ဒါဖြင့် လာဗျာ"

နှစ်ယောက်သား ထသွားကြ၏။ ကိုယ့်လုပ်ငန်းကလေးမှ ထိုက်သင့်သော အကျိုးခံစား ခွင့်ရရှိနိုင်ရန် နည်းအမျိုးမျိုးဖြင့် လုံးပန်းနေရရှာသော ထိုသူနှစ်ယောက်အား ကိုဘမြိုင်သည် ငေးကြည့်နေမိ၏။ သူ့ မှာတော့ ဒီနည်းမျိုးလည်း မသုံးနိုင်၊ အင်းကိုပဲ လက်လွှတ်ခံမလော၊ သို့မဟုတ် အရှုံးခံပြီး မတန်တဆ အဖိုးနှုန်းနဲ့ပဲ ရအောင် ဆွဲယူမလား။ ဒီအဆိုနှစ်ခု အနက် အဆိုး တစ်ခုကိုတော့ ရွေးချယ်ရတော့မည်။ အကောင်း ကတော့ ဘယ်နည်းနဲ့မှ ဖြစ်နိုင် လိမ့်မည် မဟုတ်တော့။

၁၀ နာရီ ထိုးပြီဖြစ်၍ အင်းလေလံ လွှတ်တော့မည့်အကြောင်း အင်း အင်စပက်တာက ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် အင်းသားကြီးများသည် ရုံးပေါ်သို့ သူ့ထက်ငါ လုတက်ကြတော့၏။ ရုံးခန်း က ကျဉ်း၍ အင်းသားက များလှသဖြင့် လူများ ပြည့်ကျပ်နေ၏။ ကိုဘမြိုင်နှင့် ကိုအေးလည်း ပြည့်ကျပ် လျက် ရှိသော လူများကြားတွင် ညပ်နေကြ၏။

ရုံးခန်းထပ်၌မူ စားပွဲ ကုလားထိုင်များဖြင့် အရေးပိုင်၊ အင်းအခွန်ဝန်၊ နယ်ပိုင်၊ မြို့ပိုင်၊ အင်းအင်စပက်တာ စသော အရာရှိများသည် ခံ့ညားစွာ ထိုင်လျက် ရှိကြ၏။ အင်းသားများ စုံညီပြီဟု အထင်ရှိ၍ အင်းအင်စပက်တာသည် အရေးပိုင်မင်း၏ စားပွဲရှေ့ရပ်ကာ ခနေဖြူမြို့နယ်၌ ရှိသော အင်းများ၏ အမည်ကို အစီအစဉ် အတိုင်း ပုံနှိပ်ထားသည့် စာရွက်ကို ကိုင်ပြီး အင်းများကို တစ်အင်းပြီး တစ်အင်း စတင် လွှတ်တော့၏။

ကိုဘမြိုင် ကတော့ သူ့အင်းရောက်ဖို့ အတော်လိုသေးသည် ဖြစ်၍ အပြိုင်အဆိုင် လုဆွဲ နေကြသူများ ကိုသာ ငေးကြည့်နေ၏။ အင်း အင်စပက် တာက လေလံလွှတ်မည့် အင်းအမည်ကို ခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာ အင်းသားများသည် မတ်တတ်ရပ်လိုက်၍ အပြိုင်အဆိုင် ပေးကြတော့၏။ နောက်မလိုက် နိုင်သူက ထိုင်လိုက်ကာ၊ အင်းရသူက အရေးပိုင်ထံမှ လက်မှတ်ကို ယူ၍ အင်းဖိုးငွေ၏ ၂၀ ရာခိုင်နှုန်းကို ပေးဆောင် ထားရန် ငွေတိုက်သို့ သွားရ၏။ ပြီးတော့မှ နောက်တစ်အင်း ဆက်လွှတ်၏။ သည်လိုနဲ့ နောက်တစ်အင်း၊ နောက်တစ်အင်း။

လူများလွန်းလှ၍ ကိုဘမြိုင် ငြီးစီစီကြီး ဖြစ်နေ၏။ ဒါကြောင့် သူသည် ခေါင်းကို အောက်သို့ ခေတ္တမျှ ငုံ့ထားစဉ် ဆူဆူညံညံ အသံများ ကြားသဖြင့် ခေါင်းမော့ကြည့်လိုက်၏။

"ဩော်.... လက်စသတ်တော့ ဒီလိုကိုး"

ဗျင်းဘွဲ့ကြီးအင်းကို လူနှစ်ဦး အပြိုင်အဆိုင် လုဆွဲကြရာတွင် တစ်ဦးက အခြားတစ်ဦးအား ထိုသူမှာ အင်းခွန်နှင့် ပတ်သက်၍ ပေးဆောင်ရန် ပျက်ကွက်ခဲ့သဖြင့် ထောင်ကျဖူးသော နာမည်ပျက် ရှိသူဖြစ်သောကြောင့် အင်းဆွဲ ဝယ်ယူခွင့် မပြုပါရန်ကန့်ကွက်လိုက်သဖြင့် ထိုသူမှာ ဆွဲဝယ်ခွင့် မရတော့ဘဲ ထိုင်ချ လိုက်ရတော့၏။ ဟုတ်ပေသည်၊ အင်း ဥပဒေအရ အင်းမှုနှင့်

ထောင်ကျဖူးသော နာမည်ပျက်ရှိသူ ဖြစ်ပါက သုံးနှစ်အတွင်း အင်းဆွဲဝယ်ခွင့် မရှိချေ။

တဖြည်းဖြည်းနှင့် သူကြီးမင်း သားချင်းတစ်ဦး လုပ်သော ဖျိုင်းကျွန်း အင်းရောက်လာ၏။ ကြိုတင်၍ စည်းလား ရိုက်ထားသဖြင့် သူကြီးသားချင်းမှ တစ်ပါး အခြားလုဆွဲမည့်သူ မရှိခြင်းကား မဆန်းပါလော။ ထားပါဦး၊ လုဆွဲသူ မရှိပေမဲ့ ဘယ်အင်း ဘယ်လောက်မြတ်၍၊ ဘယ်အင်း ဘယ်လောက်ရှုံးသည်ကို အင်း အင်စပက်တာမှ တစ်ဆင့်နှောကျေအောင် သိထားသော အရေးပိုင် မင်းသည် သည်လို အကြီးအကျယ် မြတ်ခဲ့သော အင်းကို နည်းပါးလှသော အဖိုးနှင့် လွှတ်ပါမည်လော။ လွှတ်ပါသည်။ ကုန်ခဲ့သည့်နှစ်က အင်းဖိုး လေးထောင် ရှိသော အင်းကို ယခု သူကြီးသားချင်းက နှစ်ထောင်သာ ပေးပါသည်။ အင်းဖိုး လေးထောင်နှင့် လုပ်သည့် မနှစ်ကပင် ရှစ်ထောင်ခန့် မြတ်ပါလျက် သည်နှစ်တွင် နှစ်ထောင်တည်းသာ ပေးသောအင်းကို အရေးပိုင်မင်း သည် မရောင်းဘဲ ပိတ်ထားပါသလား။ မပိတ်ပါ၊ နှစ်ထောင်နှင့်ပင် ရောင်းလိုက်ပါ သည်။

"ဩော်.... ငွေငါးရာ ... ငွေငါးရာ"

ဒါကိုကြည့်ပြီး ကိုဘမြိုင်သည် အတော်ပင် မကျေမနပ် ဖြစ်မိသည်။ ဘာကို မကျေနပ်တာလဲ ဆိုတာကိုတော့ သူ ထုတ်ဖော် မပြောတတ်။ သည်လိုနဲ့ တစ်အင်းပြီး တစ်အင်း လွှတ်ခဲ့ရာ ကိုမောင်ဘ၏ ကျုံပက် အင်းကလေးသို့ ရောက်လာခဲ့၏။ သူကြီးမင်း အတိုက်အခံ အင်အားစုမှ သားချင်းတစ်ဦးနှင့် ကိုမောင်ဘတို့ အပြိုင်လုဆွဲကြရာ မနှစ်က အင်းဖိုး ခုနစ်ရာ၊ ယခု ထောင့်နှစ်ရာသို့တိုင် ရောက်လာသဖြင့် ကိုမောင်ဘခမျာ မျက်နှာကလေး ငယ်ငယ်ဖြင့် အရှုံးပေးထိုင်ချ လိုက်ရရှာလေပြီ။ သူ၏ ဘဝတူ မိတ်ဆွေ တစ်ယောက် ကျဆုံးသွားသည်ကို မြင်နေရသော ကိုဘမြိုင်သည် သူ့အတွက် ကိုလည်း သိပ်ပြီး မျှော်လင့်ချက် မထားတော့ဘဲ စိတ်အားကို လျှော့ထား

လိုက်မိ၏။ သို့သော် သူ ချက်ချင်းပင် စိတ်ကို ပြန်တင်း လိုက်ကာ၊ နားထင် ကြောကြီးများ ထောင်ထလာအောင် အံကို ကြိတ်ထား၏။

"ဆင်ကူး … ဆင်ကူး"

"ဟော သူ့အင်းနာမည်ကို ခေါ်နေပါသလား။ သူ့ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွား၏။ ဝမ်းသာလို့လား၊ ကြောက်လို့လား ဆိုတာကိုတော့ သူမခွဲခြားတတ်။ ပြင်းထန်သော တိုက်ပွဲကို ရင်ဆိုင်တိုက်ရမည့် ဆဲဆဲ စစ်သားသစ်ကလေးလို သူ့ရင်ထဲ၌ လှုပ်ရှားနေ၏။"

သူသည် ထိုင်ရာမှ အလောသုံးဆယ် ထ ရပ်လိုက်ရာ၊ တစ်ဖက်မှ ထရပ်လိုက်သော သူကြီး ယောက္ခမနှင့် ပြိုင်တူကျသွား၏။ တစ်ယောက်ကို တစ်ယောက် ခပ်စောင်းစောင်း ကြည့်လိုက်၍ အင်း အင်စပက်တာဘက် ပြန်လှည့် လိုက်၏။

"ခြောက်ရာ ပေးမယ်"

တစ်ဖက်မှ သူကြီးယောက္ခမက စတင် ပေးလိုက်၏။ မနှစ်က ခြောက်ရာနှင့် လုပ်ခဲ့ရာ မမြတ်မှန်းကို သိလျက်နှင့် စလျှင်စချင်း မနှစ်က အင်းဖိုးငွေကို လိုက်ပေးနေလေပြီ။ ကိုဘမြိုင်သည် တော်တော်ကြီးကို ဒေါသ ထွက်သွား၏။ အေရိုးကြီး … ငါ ဘယ်လို လူစားလဲဆိုတာ သိအောင် ပြလိုက်ရဦးမယ်။

"ခုနစ်ရာ"

သူသည် ငါးဆယ်လောက်ကပင် မခွာဘဲ တစ်ရာတိတိ ခုန်၍ ပေးလိုက်၏။ ဒါမှ သူကြီးယောက္ခမသည် သူ့ကို သိ၍ လန့်သွားပေမည်။ ဟော ဒါပေမဲ့ … ။

"ခုနစ်ရာ့ ငါးဆယ်"

"သူကြီးယောက္ခမသည် သူ ထင်သလို လန့်မသွားဘဲ ဣန္ဒြေရစွာနှင့်ပင် သူ့ထက် ငါးဆယ် ပို၍ ပေးလိုက်၏။ သူ ဒေါသထွက်ထွက်နှင့် ဆုတ်ဆိုင်းခြင်း မရှိဘဲ လျင်မြန်စွာ ပြန်အော်လိုက်၏။"

"ရှစ်ရာ ငါးဆယ်"

ဒီတစ်ခါတွင်မူ လန့်သွားသူမှာ သူကြီးယောက္ခမ မဟုတ်ပဲ သူ ဖြစ်နေ၏။ စောက်ကျိုးနည်း ပါပြီ၊ ဘယ်ထိအောင်များ လိုက်ဆွဲနေအုံးမလဲ။

"ကိုး ... ရာ"

သူ့အသံမှာ စောစောကလို မသွက်လက်တော့၊ အုပ်ဆိုင်းဆိုင်း ဖြစ်နေ၏။ အင်းဖိုးခြောက်ရာနှင့် လုပ်တာ တောင် မမြတ်သော အင်းသည် ယခု ကိုးရာဖြစ်နေလေပြီ။ အချိန်တန်လို့ အင်းခွန်ကို ပြေလည် အောင် မပေးနိုင်လျှင် သူ ထောင်ကျခံရလိမ့်မည်။ ဘုရား ... ဘုရား ... ရှေ့ဆက်ပြီး မပေးပါစေနဲ့။

"ကိုးရာ့ငါးဆယ်"

သူ သံသယစိတ်ဖြင့် ဆုတ်ဆိုင်းနေစဉ် အင်း အင်စပက်တာသည် ဝမ်းနင် ပေးနေလေပြီ။ နှစ်ခါမှ သုံးခါသို့တိုင် သူ တိုးမပေးက အင်းလက်လွတ် ဖြစ်ရတော့မည်။ ဆုံးဖြတ်ရန် အချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းဖြစ်၍ အဆိုးနှစ်ခုအနက် အဆိုးတစ်ခုကို ချက်ချင်း ရွေးချယ်ရတော့မည်။ အင်းကိုပဲ လက်လွှတ် ခံမလား...။ အရှုံးခံပြီး မတန်တဆ အဖိုးနဲ့ပဲ ရအောင် ဆွဲယူမလား...။ ဟယ်... နောက်မှ ဘာဖြစ်ဖြစ်။

"တစ်ထောင်"

သူသည် ပေးပြီးမှ အပေးများသွားသလား သံသယဖြစ်လာကာ အကြောက် ဝင်လာပြန်၏။ ငါ တိုးမပေးဘဲ အရှုံးပေးလိုက်ရ အကောင်းသား တစ်ထောင်ဆိုလျှင် မနှစ်ကထက် လေးရာပိုးကြီး နေပြီ။ အင်းဖိုး သိပ်များနေရင်

ငါ လိုက်မဆွဲဘူး၊ အရှုံးပေးလိုက်မယ်၊ ဘုရား သိကြားမလို့ဗျာ သူကြီး ယောက္ခမ လိုက်ဆွဲ ပါစေဦး။

"တစ်ထောင် ... တစ်ခါ"

သူကြီး ယောက္ခမကား ဆက်မပေးတော့ဘဲ ထိုင်လိုက်လေပြီ။ သူ့ရင်ထဲ၌ ဗလောင်ဆူသွား၏။ သူ့မျက်စိထဲ၌ ဘာကိုမှ မမြင်ရဘဲ ပြာဝေနေ၏။ သူ့နားထဲ၌ ဘာကိုမှ မကြားရဘဲ အူနေ၏။ ခက်ချေပြီ၊ မုချ ရှုံးရမည် ဖြစ်သော အင်းကိုမှ သူ မလွှဲမရှောင်သာ လက်ခံရတော့မည်။ အမှားကိုတော့ဖြင့် ပြင်မရတော့ပြီ။

"တစ်ထောင်...နှစ်ခါ"

သေချာပါပြီ။ အဆိုးလေးကို လက်လွှတ်၍ အဆိုးကြီးကိုမှ ရင်ဆိုင်ရတော့မည်မှာ သေချာသလောက် ဖြစ်နေပါပြီ။ ဝမ်နင်ပေးသည်မှာ နှစ်ခါရှိပြီ ဖြစ်သည့်တိုင် ဘယ်သူမှ တုတ်တုတ်မလှုပ်။ မထူးတော့ပါဘူး အင်စပက်တာ မင်းရယ်၊ မြန်မြန်သာ သုံးခါလို့ ပြောလိုက်ပါတော့။

"တစ်ထောင်... သုံးခါ"

သူသည် အဆိုးကြီးကို ရဲရင့်ပြတ်သားစွာဖြင့် မဟုတ်ဘဲ ဝမ်းနည်း အားငယ်စွာ ခံယူလိုက်ရ ပေပြီ။ သူ့မျက်စိထဲ၌ အကျဉ်းထောင်၊ လက်ထိပ်၊ ရုံး၊ ဂါတ်၊ ပုလိပ်စသော အ မင်္ဂလာ ရုပ်ပုံလွှာများ သည် တစ်ခုပြီးတစ်ခု ပေါ်လာကာ၊ သူ၏ အားငယ်နေသော စိတ်ကလေးကို ပို၍ အားငယ်အောင် ချောက်လှန့် နေကြ၏။

နောက်ဆုံးတွင် ကိုအေး ဆွဲခေါ်သွား၍သာ ပါသွားရသည်။ ဘယ်သွား၍ ဘာလုပ်နေသည် ကိုပင် သတိမရှိ။ သူ သတိ ပြန်ဝင်လာသည့်အခါမှ အင်းဖိုးငွေ

၂၀ ရာခိုင်နှုန်းကျနှင့် အင်းဖိုးတစ်ထောင်အတွက် ငွေနှစ်ရာကို ငွေတိုက်၌ပေးချေနေကြောင်း သိရတော့သည်။

အင်းကို ရအောင် ဆွဲနိုင်ခဲ့သည့်အတွက် ရွာအပြန်တွင် မော်နိုင်ပါပြီ။ သူ့ဇနီး မတင်မေကိုလည်း သူကြီးယောကျာ်းမအား အပြုတ်တိုက်ပြီး အင်းကို ရအောင် ဆွဲနိုင်သူတစ်ယောက် အဖြစ်ဖြင့် ကြွားနိုင်ပါပြီ။ ဒါပေမဲ့ အင်းဖိုး ဘယ်လောက်လဲလို့ မေးပါက သူ ဘယ်လို ဖြေရပ်ါ။

~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~

(၇)

ကိုဘမြိုင်သည် ဟစ်လို့သာ ငိုချင်နေ၏။

ဟုတ်သည်။ တကယ်ဆိုတော့လည်း သူ့အဖို့ ဟစ်လို့သာ ငိုဖို့ ကောင်းတော့သည်။ ကြည့်စမ်း ပါဦးတော့၊ မနှစ်က သူခြောက်ရာနှင့် လုပ်ခဲ့သော အင်းကလေးသည် ဒီနှစ် သူကြီးယောက္ခမ ဝင်ရှုပ်သည့်အတွက် တစ်ထောင် ဖြစ်သွားရ၏။ မနှစ်က မမြတ်လျှင် ဒီနှစ် အကြီးအကျယ် ရှုံးရမည်ကား ဗေဒင် မေးဖို့ မလိုတော့။ ရှုံးသော်လည်း ငွေလိုက်နိုင်၍ အင်းခွန်ကို ပြေလည်အောင် ပေးဆပ်နိုင်လျှင်ကား တော်ပါသေး၏။ ခုတော့ .. အမယ်လေး၊ ခုတော့ ... ဒါကြောင့်ပဲ သူသည် ဟစ်လို့သာ ငိုချင်နေ၏။

မှန်ပါသည်။ အနာဂတ်အတွက် မျှော်လင့်ချက် မရှိဘဲ ဆုံးရှုံးမှုကိုသာ ရင်ဆိုင်ရမည်ကို ဒိဋ္ဌသိနေသော ကိုဘမြိုင်ကတော့ တကယ့်ကိုပဲ မရယ်နိုင်ပါ။ လူ့ဘဝသည် ငိုခြင်းနှင့် ရယ်ခြင်း၏ အကြား၌ တည်ရှိ၏လို့ တရုတ် စကားပုံက ဆိုသည်မှာ ဟုတ်ကောင်း ဟုတ်ပါလိမ့်မည်။ ဒါပေမဲ့ ကိုဘမြိုင်တို့ ဘဝမှာတော့ ရယ်ခြင်း မရှိသလောက် နည်းပါးပြီး၊ ငိုခြင်းနှင့်သာ မိတ်ဖွဲ့နေပါကလား။ အမှန်ကတော့ သူတို့အဖို့ လူ့ဘဝသည် ငိုခြင်းနှင့် ငိုခြင်း၏ အကြား၌ တည်ရှိ၏လို့ ဆိုလိုက်လျှင် ဘယ်လောက်များ သဘာဝ ကျလိုက် မလဲ။

ဟုတ်သည်။ ကိုဘမြိုင်တို့၏ ဘဝသည် ငိုခြင်းနှင့် ငိုခြင်း၏ အကြား ၌သာ တည်ရှိ၏။

# ငါးရစ်တက်ချိန်

(၁)

တန်ခူးကုန်၊ ကဆုန်ဆန်း အင်းလေသံ ပြီးဆုံးသည့် အချိန်ပင် ဖြစ်ပါသည်။

နွေနှောင်း၏ အပူဒီဂရီကား မခံမရပ်နိုင်အောင်ပင် ပူပြင်းလှသည်။ အိုက်စပ်စပ် ပူလောင်လောင်နှင့် တစ်မျိုးကို အခံရ ခက်စရာကောင်းလှပါသည်။ တစ်ချီတစ်ချီတွင် လေရူးကလေး တသုန်သုန် သုတ်ဖြူး လိုက်သော်လည်း နွေနှောင်း၏ အပူငွေ့များကို သူနှင့်အတူ ခေါ်ဆောင်လာခဲ့သာကြောင့် ပို၍ပင် ထိုင်းမှိုင်း ငြီးငွေ့ဖွယ် ကောင်းနေပါသည်။

ကိုဒေါင်းစိန်သည် မမိုးရသေးသော အိမ်ခေါင်ကို မော့ကြည့်ကာ နွေဥတု ကုန်ဆုံးသွားမည်ကို တွေးပူနေသည်။ နွေဥတု ကုန်ဆုံးလျှင် မိုးရာသီရောက်လို့ မိုးဖြိုင်ဖြိုင်ရွာမှဖြင့် မမိုးရသေးသော အိမ်ခေါင်နဲ့ဆိုလျှင် မခက်ပါလား၊ ဒါကြောင့် သူကတော့ ဒါလောက် ပူပြင်းတဲ့ နွေဥတုကိုပင် မကုန်ဆုံးစေချင်သေးပါ။

ဒါပေမဲ့ မိုးဦးကျ မိုးကလေး တစ်ဖြိုက်နှစ်ဖြိုက် အကျတွင် ငါးတွေ မြူးထူးပျော်ပါးပြီး ချောင်းမကြီးမှ ချောင်းလက်တက်ကလေးသို့ တက်ကာ အရှေ့လိုက်သည့် ငါးရစ်တက်ချိန် ကိုလည်း မြန်မြန်ပဲ ရောက်စေ ချင်နေပါသေးသည်။ သည်လို ငါးရစ်တက်ချိန်မှာ ချောင်းလက်တက် ကလေး၏ အဝမှ ပိတ်ဆို့ပြီး ဖမ်းလိုက် ရရင် ဥတွေနှင့် ဖောင်းနေသော ငါးများကို တော်တော် များများ ရတတ်သည်။ အထူးသဖြင့် ငါးပတ်ကြီးတွေ လေးငါးကောင် စုပြုံပြီး အရှေ့လိုက်နေစဉ် ဆောင်းနဲ့အုပ်ပြီး ဖမ်းရတာ သိပ်ကို ပျော်ဖို့ကောင်းပါတယ်။

ဒါကြောင့် ငါးရစ်တက်ချိန် မိုးဦးကျ အချိန်ကိုလည်း မြန်မြန်ပဲ ရောက်စေချင်နေပါသေးသည်။

ဩော် ခက်လည်း ခက်လိုက်ပါတဲ့ ကိုဒေါင်းစိန်ရယ်၊ အိမ်ခေါင် မမိုးရသေး၍ နွေဥတုကို လည်း မကုန် စေချင် သေးပါဘူးတဲ့၊ ဒါပေမဲ့ ငါးရစ် လုပ်ချင်လှလို့ ငါးရစ်တက်ချိန်ဖြစ်တဲ့ မိုးဦးကျ အချိန်ကိုလည်း မြန်မြန်ပဲ ရောက်စေ ချင်ပါသတဲ့။ သဘာဝဓမ္မက ပြတ်သားခြင်းမရှိတဲ့ ကိုဒေါင်းစိန်ရဲ့ အလိုကို ဘယ်လိုလုပ်ပြီး ဖြည့်နိုင် ပါမလဲကွယ်။

နွေဦးတုန်းက သူတစ်ပါးအင်းချောင်းထဲ စွန့်စွန့်စားစားနှင့် ဖားခိုး ဆွဲခဲ့သည့်အတွက် စားစား သောက်သောက် အပြင် ငွေပိုငွေလျှံကလေး ငါးဆယ်တော့ ရှိပါ၏။ ဒီငွေကလေး ငါးဆယ်နဲ့ သက်ငယ် ဝယ်ပြီး အိမ်မိုး ပစ်လိုက်လျှင် ငါးရစ်တက်ချိန် ရောက်တော့ သူငါးရစ်လုပ်ရတော့မည် မဟုတ်။ ငါးရစ် လုပ်ရတာ ကာပေမယ့် ငွေမကုန်ဘဲနှင့် မပြီး။ အစိုးရမင်းများက ငါးရစ်ကို လုပ်ခွင့် မပြုပါ။ ငါးများဥနေစဉ် အချိန် ဖြစ်၍ သည်ဥနေသည် ငါးတွေကို ဖမ်းခွင့်ပြုလိုက်လျှင် ငါးမျိုးတုံးသွား မည်စိုးသောကြောင့် လုပ်ခွင့် မပြုခြင်း ဖြစ်သည်။

ဒါကို သူတို့က ရှိတဲ့ငွေနှင့် လုပ်ခွင့်ရအောင် ကြံဆောင်ရမည် ဖြစ်သည်။ နည်းလမ်း ကတော့ လွယ်ပါသည်။ အင်းအင်စပက်တာနှင့် စကားတိုးကျိတ်ပြီး လက်သိပ်ထိုးငွေကလေး ဆို့လိုက်က ကိစ္စပြီးနိုင်သည်။ သို့သော် ကိုဒေါင်းစိန်တို့ ကိုယ်တိုင် အင်စပက်တာနှင့် တိုက်ရိုက် ဆက်သွယ်ရသည် မဟုတ်ပါ။ အင်း အင်စပက်တာ ထံ၌ ချောင်းရိုကြီး တစ်ခုလုံးအတွက် ချုံ၍ ဝယ်ယူ နိုင်လောက် အောင် အင်အားရှိသူက ဆက်သွယ်ခြင်း ဖြစ်ပါသည်။ ထိုသူ့ထံကမှ တစ်ဆင့် ချောင်းလက်တက်ကလေးများကို ကိုဒေါင်းစိန်တို့က ပြန်လည် ဝယ်ယူရခြင်း ဖြစ်သည်။

သည်နည်းနဲ့ ချောင်းရိုကြီးတစ်ခုလုံးကို ခြုံ၍ ဝယ်ယူထားသောသူအဖို့ ချောင်းလက်တက် ကလေးများကို ပြန်ရောင်းခြင်း အားဖြင့် အရင်းကျေပြီး ချောင်းမကြီးကိုမူ သူ အလကား လုပ်စား ရသည်။ ကိုဒေါင်းစိန်တို့လို ချောင်းလက်တက်ကလေးများ ဝယ်လုပ်နေသည့် သူများအဖို့ ဆိုလျှင်လည်း မိုးဦးကျ၌ အလုပ်လက်မဲ့ မဖြစ်ရတော့ဘဲ အလုပ်ကလေးတစ်ခု မည်မည်ရရ ပြနိုင်အောင် ဟန်ကျပန်ကျ ဖြစ်သွားရသည်။ ရှုံးတာ မြတ်တာ ကတော့ ကံပေါ့လေ၊ အလုပ်ရလျှင် ပြီးတမ်းပဲ။

အင်းအင်ပက်တာအဖို့ ဆိုလျှင်လည်း အလကားနေရင်း သူက ဘက်ဂျတ်၌ ဝင်ငွေဘက်တွင် စာရင်း ပိုပြရသည်ဖြစ်၍ ကျေနပ်ဖွယ်တည့် ကျေနပ်ဖွယ် ဖြစ်သည်။ သို့သော် သည်ဝင်ငွေကို လက်ခံရာ၌ အင်းအင်စပက်တာသည် အထူးပင် သတိထားပြီး လက်ခံရပါသည်။ အကြောင်းမူကား သူနှင့် မတည့်သူများက အထက် အရာရှိထံ ပေါက်ပေါက်ရောက်ရောက် တိုင်ကြားက ကိစ္စများနိုင်သည် ဖြစ်သောကြောင့်တည်း။

ဒါပေမဲ့ တံငါလုပ်သားနှင့်ပက်သက်လျှင် လာဘ်ပင်မက ဟိုးအထိ မြင်ထား၍ နေကောနော နေသော အင်စပက်တာသည် စ၍ ငွေပေးငွေယူ စကားပြောကတည်းက ကာကွယ်ရေး အစီအစဉ် များကို ကြိုတင် ပြုလုပ်ပြီး ဖြစ်နေပါသည်။ ထိုချောင်းမကြီးကို ဝယ်ယူမည့်သူက အချိန်တန်လျှင် တရားခံ တစ်ယောက် ရှာပေးရန် တာဝန်ယူရသည်။ အချိန်ရောက်လျှင် သူက ငါးရစ် ခိုးလုပ်မှုဖြင့် ထိုတရားခံကို ရုံးတင် တရားစွဲ ဆိုလိုက်သည်။ ရုံးတော်မှ စစ်ဆေးပြီး၍ ဒဏ်ငွေတပ်လိုက်သည့် အခါတွင် အင်းအက်စပက်တာမင်းက သူစားထား သောငွေများထဲမှ ထုတ်နုတ်၍ ထိုမဖြစ်စလောက် ဒဏ်ငွေကို တရားခံအား ပေးဆောင်စေသည်။ သည်နည်းဖြင့် အထက်အရာရှိများ အမြင်၌ သူသည် ငါးရစ်ခိုးလုပ်သူများကို ကြိုးစားထောက်လှမ်းကာ ပြင်းပြင်းထန်ထန်

အရေးယူနေသူ တစ်ယောက်အဖြစ်အထင် ရောက်စေတော့သည်။ ကိုင်း ဘယ်လောက် တော်သည့် အင်း အင်စပက်တာမင်း ပါလဲ။

သည်နှစ်တော့ ကမြော့ချောင်းမကြီး တစ်ခုလုံးအတွက် ငါးရစ် လုပ်စားခွင့်ရရန် ကိုလေးဖိုးကွန့်က အင်း အင်စပက်တာအား ငွေလေးရာ ပေးပြီးကြောင်းကို မနေ့က ကိုလှမောင် သူ့အားပြောသွားသည်။ ဤသတင်း ကြားပြီး ထဲက သူသိပ်ကို စိတ်ကူးယဉ်နေသည်။ သူကျစ်ကျစ် ပါအောင် ထုပ်ထားသော ငွေကလေး ငါးဆယ်နှင့် ကိုလေးဖိုးကွန့်ထံမှ ကမြော့ချောင်းမ ကြီး၏ ချောင်းလက်တက် တစ်ခုဖြစ်သာ ကျုံပက် ချောင်းရိုးကလေးကို ဝယ်ယူမည်ဟု သူကြံစည် ထားသည်။ ဒါကြောင့် မိုးရာသီ နီးလျက်နှင့် အိမ်ခေါင် ကို မမိုးဘဲ ထားခြင်းဖြစ်သည်။ ဒါကြောင့်ပင် အိမ်ခေါင်ကို မမိုးရသေးဘဲနဲ့ မိုးဦးကျအချိန်ကို မြန်မြန် ရောက်စေချင်နေခြင်း ဖြစ်သည်။

ငါးရစ်လုပ်ရာ၌ မိုးနှင့်ရေ အဆင်သင့်လျှင် ငါးများအရမ်းတက်၍ ဖော်ဖော်သီသီ ရတတ်သောကြောင့် သူ ငါးရစ်လုပ်ရန် စိတ်အား ထက်သန် နေခြင်း ဖြစ်သည်။ ဒါပေမဲ့ ရေနှင့်မိုး အဆင်မသင်ဘဲ နေ့စဉ်ရက်ဆက် နေပူပြီး ရွာမယ့်ရွာတော့ သဲသဲမဲမဲနှင့် မစဲအောင် ရွာချ၍ တစ်ချိုတည်းနှင့် ကွင်းမြုပ် သွားသည့် အခါတွင်မူ ငါးဟင်းစား လောက်သာ ကျေနပ်ပြီး ပြန်ခဲ့ရ၍ ခွက်ခွက် လန်ရသည့် အခါနှင့်လည်း ကြုံတတ်သေးသည်။ ထို့ကြောင့် အရှုံးအမြတ်မှာ သဘာဝဓမ္မ အပေါ်တွင်လည်း လုံးလုံးတည်းနေသည်ဖြစ်၍ ကံကိုသာ ပုံချ ထားခြင်းမှာ မမှားလှပါ။

ရှုံးချင်ရှုံး၊ မြတ်ချင်မြတ် သူကတော့ ငါးရစ်ကိုလုပ်ရမှာ ဖြစ်မည်။ သူတို့ရပ်ရွာ၌ သည်အချိန် သည်အခါမှာ သည်အလုပ်သာ အလုပ်ကောင်း ရှိသည်ဖြစ်၍ လုပ်ဖြစ်အောင် လုပ်ရမည်။ ညက သူ့ဇနီးသည် မယ်စိန်ကို တိုင်ပင်တော့ မယ်စိန်ကလည်း သဘောတူသည်။ အနူးအညွတ် ထောက်ခံသည်။ ကိုလှမောင်က သူလည်း ချောင်းလက်တက် တစ်ခု ဝယ်မည်ဟု ပြောသွားသည်။

ဒါကြောင့် ယနေ့ပင် ကိုလူမောင်ကို ခေါ်၍ ကိုလေး ဖိုးကွန့်ဆီ သွားစကား ပြောမည်။

သူသည် ချက်ချင်းပင် ထရပ်လိုက်၍ လုံချည်ဟောင်း တစ်ထည်ကို ခေါင်းပေါင်းနေစဉ်မှာပင် ဗျင်းဘွဲ့ရှာ ဘုန်းတော်ကြီး ကျောင်းမှ နေ့လယ် မွန်းတည့်ချိန်ရောက်ပြီဟူသော အထိမ်းအမှတ်ဖြင့် စည်ကြီးကို ၁၂ချက် တိတိ ရိုတ်ခတ်လိုက်၏။

သူသည် လုံချည်ဟောင်းကို ခေါင်းပေါင်း၍ ပြီးသည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်မှ ခုန်ဆင်းလိုက်ကာ ကိုလူမောင်တို့ အိမ်ဘက်သို့ ထွက်ခဲ့၏။ ကိုလူမောင်ကား သူ့အိမ်ကလေးထဲ၌ ခြေပစ်လက်ပစ်နှင့် အိပ်မော ကျနေ၏။ သူသည် အိပ်နေသော ကိုလူမောင်၏ ဘေး၌ ဝင်ထိုင်ဖို့ သင့်မသင့် ချိန်ဆနေ၏။ နောက်ဆုံး၌ နိုးမည်ဟု ဆုံးဖြတ်ကာ "ကိုလူမောင်...... ကိုလူမောင်" ဟုခေါ်ရင်း ကိုလူမောင်၏ ကိုယ်ကို ပုတ်၍ နိုး၏။

အတော်ကြီး ကြာအောင် နိုးမှ ကိုလူမောင်နိုးလာကာ မျက်လုံး ဖွင့်ကြည့်ပြီးနောက် ပြန်ပိတ်၍ အိပ်၏။ သူသည် ထပ်မံ၍ နိုးရကောင်းမလား၊ သည်အတိုင်း ထိုင်နေရမလားဟု မဝေခွဲ နိုင်ဘဲ ဒွိဟစိတ်ဖြင့် ချီတုံ ချတုံဖြစ်နေ၏။ သူကား စိတ်အားပျော့၍ လူတစ်ဖက်သားအား အလွန်အားနာတတ်သူ ဖြစ်၏။ ကိုလူမောင်လို ရင်းနှီးသည့် လူတစ်ယောက်အား အိပ်ရာမှ နိုးဖို့အရေး၌ပင် ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခြင်း မရှိဘဲ ချီတုံ ချတုံ လုပ်နေ၏။

သူ ချီတုံချတုံ ဖြစ်နေစဉ်မှာပင် ကိုလူမောင်သည် အလိုလို နိုးလာကာ မျက်လုံးကို ဖွင့်ကြည့်ပြီးနောက် "ဩော် ဒေါင်းစိန်ပါလား၊ ရောက်နေတာ အတော်ကြာသွားပြီလား" ဟုမေးကာ ထထိုင်၏။

"ဟုတ်ကဲ့ တော်တော်လေး ကြာသွားပြီ၊ ခင်ဗျားကို နိုးတော့ မျက်လုံးဖွင့်ကြည့်ပြီး ပြန်အိပ်နေတာနဲ့ ကျွန်တော်လည်း ထိုင်နေတာပဲ"

"အေးကွာ၊ ညက အိပ်ပျက်တာနဲ့ တော်တော်လေး အိပ်မောကျသွားထင်ပါရဲ့၊ ခဏနေဦးကွာ၊ မျက်နှာသစ်လိုက်ဦးမယ်"

ကိုလူမောင်သည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် ရေအိုးစင်သို့ ထ၍သွားကာ မျက်နှာသစ်နေ၏။ ကိုဒေါင်းစိန်ကမူ ညအလုပ် မရှိဘဲနဲ့ ညက အိပ်ပျက်လို့ ဟူသော ကိုလူမောင်၏ စကားကို စဉ်းစားနေ၏။ သူဘယ်များသွားပြီး ဘာလုပ်နေလို့ပါလိမ့်ဟူ၍ ဉာဏ်မီသမျှ စစ်တမ်း ထုတ်ကြည့်သော်လည်း နီးစပ်သော အဖြေကို မရ၍ လက်လျှော့လိုက်ရတော့၏။

ထိုနောက် သူ့မျက်လုံးများသည် ကိုလူမောင်၏ အိမ်တွင်းသို့ အနှံ့အပြား လှည့်လည် ကျက်စားနေ၏။ ကိုလူမောင်အိပ်ရာမှ ဖျာဟောင်း တစ်ချပ်ကို ခင်းထား၍ ဖျာပေါ်မှ အစွပ်မရှိသော ခေါင်းအုံးကား ချေးများဖြင့် မည်းနက်နေသော ချုပ်ရိုးမှ အနည်းငယ် ပြဲနေသဖြင့်လည်း လဲမှိုများ အပြင်သို့ ထွက်ပြူနေ၏။ အိပ်ရာ ဘေးတွင်မူ လုံချည်ဟောင်းတစ်ထည်မှ ခါးမှ ချွတ်ချထားသည့် အတိုင်း ပုံလျက်သား ကလေး ရှိနေတာ၊ တစ်ထည်ကတော့ ခြေရင်းဘက်တွင် အလျားလိုက် အညောင်းဆန့်နေ၏။ ပိုက်ချရာ၌ ဝတ်ဆင်သော အဖာရာ ဗရဗျစ်နှင့် အင်္ကျီစုတ်တစ်ထည်မှာမူ အိပ်ရာထက်ရှိ ဝါးလုံးတန်းပေါ်တွင် တင်းတင်းရင်းရင်း ညီညီညာညာ လှန်းထားခြင်းမျိုး မဟုတ်ဘဲ ဖြစ်ကတတ်ဆန်း ထိုးတင်ထားသလို တွန့်ရှုန့် တွဲရရွဲကျနေ၏။ အစတစ်ဖက်မှာ သုံးပုံတစ်ပုံခန့်သာ ကျနေသဖြင့် အားချင်းမညီမျှသောကြောင့် အောက်သို့ ခုန်ချမည့်ပုံပေါ်နေ၏။

သူ့မျက်စိများသည် အိပ်ရာမှ မီးဖိုဘက်ဆီသို့ ရောက်နေကြပြန်၏။ အမှန်ကတော့ အိပ်ခန်း၊ မီးဖိုခန်း ဟူ၍ ခွဲခြား ကာရံထားခြင်းလည်း မရှိဘဲ ပေခြောက်ဆယ်ခန့် ပတ်လည်ရှိ တဲအိမ်ကလေးတွင် ခေါင်းရင်းဘက်၌ အိပ်ရာ၊ ခြေရင်းဘက်၌ မီးဖိုဟူ၍ သတ်မှတ်ထားရှိခြင်း ဖြစ်သောကြောင့် ဟာလာ

ဟင်းလင်း ဖြစ်နေသဖြင့် တစ်အိမ်လုံးတွင် ဘယ်ကနေကြည့်ကြည့် ကွက်ကွက်ကွင်းကွင်း မြင်နေရပါ၏။

မီးဖိုမှာ အောက်မှ သွပ်ပြားဟောင်း တစ်ချပ်ကိုခံ၍ အပေါ်က အုတ်ပြား သုံးချပ်ကို အလျားလိုက် ထောင်ကာ ဖိုခုံလောက်ဆိုင် တည်ထား၏။ မီးဖိုဘေးပတ်လည် တစ်လျှောက်တွင် ပြာများသည် ဖိတ်တချို့ စဉ်တချို့နှင့် ဖြစ်ချင်တိုင်း ဖြစ်နေသည်။ အနားပဲ့နေသော မြေရေတ်ဆုံ တစ်ခုမှာ မီးဖိုဘေးတွင် တုံးလုံး လျောင်းနေသည်။ ဟင်းစဟင်းနများဖြင့် ပေကျံနေသော သံပန်းကန်ပြား တစ်ချပ်နှင့် ကြွေပန်းကန်လုံး တစ်လုံးမှာ မီးဖိုဘေး တစ်ဖက်တစ်ချက်တွင် လက်ဝဲရံအဖြစ် နေရာယူထားသည်။ မီးဖိုရှေ့၌ မြေထမင်းအိုး တစ်လုံးသည် ကျိုးများ ထိုးသုတ်ထားသည့်ပုံဖြင့် အဖုံးက အောက်ကျနေသော ထမင်းလုံးများသည် ပြန့်ကျဲ နေသည်။ အိမ်ရှင်မမရှိသဖြင့် ဤမျှအထိ ပစ်စလက်ခတ်နိုင်လှသော ကိုလှမောင်၏ အခြေအနေကို လက်တွေ့ မြင်နေရသော ကိုဒေါင်းစိန်က ကိုလှမောင်အား သနားနေမိသည်။

ကိုလှမောင်သည် မျက်နှာသစ်ပြီး၍ ဝင်ထိုင်ကာ မီးမွှေးလေ၏။ ကိုဒေါင်းစိန်ကတော့ ကိုလှမောင် လုပ်သမျှကိုသာ ထိုင်ကြည့်နေ၏။ မီးတောက်လျှင် မြေလက်ဖက်ရည်အိုးကို ယူ၍ ရေထည့်ကာ ဖိုပေါ်တင်ထားလိုက်ပြီးနောက် ကိုဒေါင်းစိန် အနားလာထိုင်၏။

"အလည်သက်သက်ပဲလားဟေ့ ဒေါင်းစိန်၊ အရေးကြီးတဲ့ ကိစ္စကော ရှိသေးသလား"

ကိုလှမောင်က ကိုဒေါင်းစိန်အား အကဲခတ်သလို တစ်ချက် ကြည့်လိုက်ကာ မေးလိုက်၏။ ကိုဒေါင်းစိန်ကလည်း ညက အိပ်ပျက်လို့ဆိုသော ကိုလှမောင်အား အကဲခတ်သလို ပြန်ကြည့် လိုက်ရင်း-

"ဟုတ်ကဲ့၊ ငါးရစ်အတွက် ကိုလေးဖိုးကွန့်ဆီ ချောင်းလက်တက်ဝယ်ဖို့ အရောင်းအဝယ် စကားသွားပြော ရအောင် ခင်ဗျားကို အဖော်လာညှိတာပဲ"

"ကိုလေးဖိုးကွန့် မရှိဘူးကွ၊ မြို့တက်သွားတယ်၊ ဒီအတွက် ငါမနေ့က ညနေဘက် ကိုလေးဖိုးကွန့်ကို ပြောထားပြီးဖြစ်လို့ မင်းသွားပြောဖို့ မလိုတော့ ပါဘူး၊ ရေသပြုချောင်း ကလေးက ၇၅ ကျပ် အဖိုးထားပြီး ငါ့ကိုပေးမယ်တဲ့၊ မင်းကိုတော့ ကျုံပက်ချောင်းရိုးကို ၅၀နဲ့ ပေးမယ်တဲ့၊ သူ မနေ့က သေသေချာချာ ကတိ ထားလိုက်ပါတယ်"

"ဒါဖြင့်လည်း ပြီးရောပေါ့ဗျာ၊ ကိုလေးဖိုးကွန့်က ကမျော့ ချောင်းရိုးကြီး အတွက် အင်စပက်တာကို ငွေ ၄၀၀ တောင် ပေးနိုင်တာ ထောက်တော့ တော်တော်ချောင်လည်ပုံ ရတယ်နော်"

"ချောင်လည်ဆို နဂိုထဲက ငွေရင်းကလေး အခံရှိထားတဲ့ လူမို့ ဟိုစပ်စပ် ဒီစပ်စပ် လုပ်နိုင်တော့ ချောင်လည်တာပေါ့ကွ၊ ပြီး သူ့မိန်းမ မပြားကြီးကလည်း အတော်စေ့စပ်တဲ့ မိန်းမကြီးကွ၊ လုပ်လို့ရတဲ့ ကုန်တွေကို ဒီမှာတင် မရောင်းဘူး၊ မြို့ကို တက်ရောင်းနိုင်တဲ့ သတ္တိရှိတော့ ရသင့်ရထိုက်တဲ့ ဈေးကိုရလို့ ပိုပြီး ချောင်လည်တာပေါ့၊ ဒီလိုသူတို့ ချောင်လည်တော့ တို့လည်း အားကိုး တစ်ခု ရတာပေါ့ကွာ၊ အလုပ် ကလေး ဘာလေးရှိရင်လည်း ချေးနိုင် ငှားနိုင်တာပေါ့ကွာ"

ကိုလူမောင်သည် စကားလည်းဆုံး၊ မီးဖိုဘက်သို့လည်း လှည့်ကြည့် လိုက်၏။ သူ မွေးပစ်ခဲ့ သောမီးများ ငြိမ်းနေသည်ကိုတွေ့ရ၍ ထသွားကာ ဝါးခြမ်း အတိုအထွာများကို ထပ်ထည့်ပြီး မှုတ်ပေးနေ၏။ သူတို့သည် ဝါးခြမ်းများကို ထင်း အဖြစ် အသုံးပြုရသည်ဖြစ်၍ ခု တဟုန်းဟုန်း တောက်နေသော်လည်း တော်တော် ကြာ ပြန်ပြီး ငြိမ်းသွားတတ်သည်ဖြစ်ရာ သည်တစ်ကြိမ်တော့ မီးဖိုနားမှ စောင့်၍ မီးမှုတ်ပေးနေ၏။

ဂရုတစိုက် မီးထိုးပေးသောကြောင့် ရေနွေးအိုးမှာလည်း တပွက်ပွက် ဆူလာရပေပြီ။ သူသည် မီးဖိုနားမှ စီးကရက်သံဘူး အဟောင်းကလေးကို ဆွဲယူ၍ အဖုံးဖွင့်ကာ လက်ဖက်ခြောက် တစ်ခါခတ်လောက်ကို နှိုက်ယူပြီးနောက် ရေနွေးအိုးထဲ ထည့်ခတ်လိုက်၏။ နောက်အတန်ကြာ အောင် နပ်ထားပြီးမှ ရေနွေး အိုးရော အောက်ခံ ကရွတ်ကိုပါ ဆွဲယူပြီး ကိုဒေါင်းစိန်အနား လာချ၏။ လက်ဖက်ရည် ပန်းကန်နှစ်လုံးကား စောစောကပင် ကိုဒေါင်းစိန်အနီး၌ ရှိနေ၏။

"သောက်ဟေ့ ဒေါင်းစိန်၊ ဒီလို ပူအိုက်တဲ့ရာသီမှာ လက်ဖက်ရည်ကြမ်းနဲ့ အလိုက်ဆုံးပေါ့ကွာ၊ ပူပူကလေး မှုတ်သောက်လိုက်ရရင် သောက်ရင်း သောက်ရင်းနဲ့ ချွေးကလေးပြန်လာပြီး သူ့ချွေးနဲ့သူ တစ်ကိုယ်လုံး အေးနေတာပဲ၊ လူလည်း တစ်ခါတည်းကို လန်းလန်းဆန်းဆန်း ဖြစ်သွားတာပေါ့။ အဲဒီနောက် လက်ဖက်ရည် သောက်ပြီးလို့ ပါးစပ်ထဲ ဖန်တံတံ အရသာလေး စွဲနေတဲ့အခါမှာ အကွက်ကိုလည်ပြီး အနံ့ကလေးကို ချဉ်နေတဲ့ ကွမ်းယာ ဆေးကလေးများ ငုံလိုက် ရရင်တော့ .... ဟေ့ ဘာပြောကောင်းမလဲ၊ လောကကြီးကို အမေ့ပေါ့"

ကိုလူမောင်က အားရပါးရ မြိန်မြိန်ရှက်ရှက်ကြီး ပြောနေသည်ကို ကိုဒေါင်းစိန်က ပြုံး၍သာ နားထောင် နေရာမှ လက်ဖက်ရည်အိုးကို ဆွဲယူလိုက်၍ လက်ဖက်ရည်ပန်းကန် နှစ်လုံးစလုံးထဲသို့ ငှဲ့ထည့်ရင်း -

"နေပါဦး ကိုလူမောင်၊ ခင်ဗျားစောစောက ပြောတဲ့စကားမှာ ညက အိပ်ပျက်လို့ဆိုတာ... ညက ခင်ဗျားဘာလုပ်နေလို"

ကိုဒေါင်းစိန်က စစ်မေးလိုက်သော စကားကို သဘောကျသွားသလို ကိုလူမောင်က ပြုံးပြုံးကြီး လုပ်နေ၏။ ပြုံးပြုံးကြီး လုပ်နေရာမှ "ဟီး" ဟု တမင်ဖျစ်ညှစ် ရယ်ချလိုက်ကာ -

"ညကလား၊ ညက လေ၊ အဟီး....ဟာကွာ....မင့် ပြောလို့မဖြစ်ပါဘူး"

ကိုလူမောင်ကား ဆက်ပြောတော့ မလိုလိုနှင့် နောက်ဆုံး ဆက်မပြောတော့ဘဲ ဈေးကိုင်ထားလိုက်ကာ လက်ဖက်ရည် ပန်းကန်ကိုသာ ဆွဲယူပြီး တရှူးရှူး မှုတ်သောက်နေသဖြင့် ကိုဒေါင်းစိန်မှာ ပို၍ သိချင်စိတ် ပြင်းထန်လာ၏။ ကိုလူမောင် ညက အိပ်ပျက်ခြင်း၌ ထူးခြားသော အကြောင်းရင်း ရှိရမည်ဟုလည်း စိတ်ဝင်စား လာမိ၏။

"ပြောစမ်းပါဗျ၊ ခင်ဗျားကလဲ၊ ကျွန်တော် ဘယ်သူ့မှ ပြန်မပြောပါဘူး။ နို့ပြီး ခင်ဗျားနဲ့ ကျွန်တော်ဟာ လုပ်ဖော် ကိုင်ဖက် တိုင်ပင်ဖော် တိုင်ပင်ဖက်တွေပဲ မဟုတ်လားဗျ"

ကိုဒေါင်းစိန် စကားကို ကြားရသောအခါ၌ မူလကပင် ဖိုးပြောချင် ဖြစ်နေသော ကိုလူမောင်မှာ ထပ်မံ၍ ဈေးကိုင် မနေတော့ဘဲ သောက်၍ ကုန်သွားသော လက်ဖက်ရည်ပန်းကန်ကို ပြန်ချကာ အသသစ်ထပ်ငှဲ့ရင်း -

"အေးပါကွာ၊ ငါကလည်း ချက်ချင်းဖွင့်ပြောရမှာ ရှက်သလိုလို ဖြစ်နေလို့ ဟန်လုပ် နေတာပါ၊ မင့်ကိုတော့ ဖွင့်ပြောမှာပါပဲ။ ဒီလိုလေ ငါ့မှာ တစ်ယောက်တည်းမို့ အလုပ်က တစ်ဖက်၊ အိမ်မှာ ချက်ရပြုတ်ရတာ တစ်ဖက်နဲ့၊ ဘယ်လောက် ကသီလင်တ ဖြစ်နေတယ်ဆိုတာ မင်းမျက်မြင်ပဲ မဟုတ်လား၊ အိမ်ထောင်ကို ထိန်းသိမ်းမယ့် အိမ်ရှင်မ မရှိလို့ ငါ့ရာသမျှဟာ အိတ်ပေါက်နဲ့ ဖားကောက်သလို ဘာမှအဖတ်မတင်ဘူးကွ၊ နောက်ပြီး ခုတလော ငါ့မှာ တစ်ယောက်တည်း နေရတာ ဟာတာတာ ပေါ့ပျက်ပျက်နဲ့မို့ မိန်းမယူချင်တဲ့စိတ် သိပ်များ နေတယ်ကွ"

ကိုလူမောင်သည် စကားကို ခေတ္တရပ်နားလိုက်၍ လက်ဖက်ရည် ပန်းကန်ကို ဆွဲယူလိုက်ကာ အလောသုံးဆယ် သောက်နေပြန်၏။ ဤတွင် ကိုလူမောင်၏ စကား၌ စိတ်ဝင်စား နေသော ကိုဒေါင်းစိန် ကလည်း

လက်ဖက်ရည် ပန်းကန်ကို လှမ်းယူ၍ မော့ချလိုက်ပြီးနောက် နှစ်ပန်းကန်စလုံး ထဲသို့ ပြန်ငှဲ့ ထည့်ရင်း -

"နေပါဦးဗျ၊ ခင်ဗျား မိန်းမ လိုချင်နေတာနဲ့ ညက အိပ်ပျက်ကာ ဘာဆိုင်လို့လဲ"

"ဟ ဆိုင်ပါသော်ကောကွ၊ မင်းက သိပ်လောတာကိုး၊ အခုဟာက ညကို အိပ်ပျက်တဲ့ ဇာတ်လမ်း ရောက်အောင် ပဏာမပျိုးနေတာကွ၊ အဲဒါနဲ့ ဘယ်သူ့ ယူရကောင်းပါ့မလဲလို့ လိုက်ကြည့်တာ တောင်ပိုင်းက မုဆိုးမ ဖွားသက်ကို သွားတွေ့တယ်ကွ၊ အဟီး"

ကိုလှမောင်သည် စကားကို ရပ်ထားလိုက်၍ ကိုဒေါင်းစိန်အား စိတ်မလုံးသလို လှမ်းကြည့်ကာ အကြောင်းမဲ့ သက်သက် ရယ်လိုက်၏။ ကိုဒေါင်းစိန်ကလည်း မုဆိုးမ ဖွားသက်ဟု ကြားလိုက်ရ၍ အတော် အံ့သြနေ၏။ မဖွားသက်၏ လင် ဆုံးသည်မှာ တစ်လကျော်ကျော်လေး ရှိသေး၍ ခြောက်နှစ်ရွယ် သားကလေး တစ်ယောက် ကျန်ရစ်၏။ ထို့ကြောင့် ရှေ့ဆက်မည့် ဇာတ်လမ်းကိုပို၍ စိတ်ဝင်စားဖွယ် စောင့်မျှော် နေသည်။

"ဖွားသက်ကို စိတ်ကူးမိတယ်ဆိုရင်ပဲ အရှည်ကြီး ဆိုင်းမနေတော့ဘဲ ဖွားသက်အိမ်ကို ခဏခဏသွားပြီး ခါတိုင်းထက် လူချင်းရင်းနှီးအောင် နေရာက တစ်ချီတစ်ချီ မထိတထိကလေး ပြောနဲ့ပေ့ါကွာ၊ နေလာ လိုက်တာ။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကမှ ငါပြောင်ဖွင့်ပြောတာပဲ။ ဖွားသက်ရယ်၊ နင့်မှာ အားကိုရတဲ့ ယောကျ်ားသနာ မရှိလို့ သားလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေတာ ငါမကြည့်ရက် နိုင်ပါဘူးဟယ်၊ ငါ့မှာ ဆိုရင်လည်း အိမ်ထောင် ထိန်းသိမ်းမယ့် အိမ်ရှင်မ မရှိတော့ ရှာသမျှ အဖတ်မတင်ဘဲ အလဟဿ ဖြစ်ကုန်လို့ အတော်ကို ကသီလင်တ ဖြစ်နေရတယ်၊ ဒီတော့ တို့နှစ်ယောက်ဟာ ကံတူအကျိုးပေးမို့ တို့

နှစ်ယောက် ပေါင်းလိုက်ရင် ဒီဒုက္ခတွေ ပျောက်ကုန်မှာပဲ၊ အဲဒါနင်ဘယ်လို သဘောရသလဲလို့ မေးလိုက်တော့ သူက ဘာပြန်ပြောတယ် မှတ်သလဲ”

ကိုလှမောင်ကား ကောင်းခန်းရောက်ခါနီးမှ စကားကို တမင်ဖြတ်ကာ လက်ဖက်ရည် သောက်နေပြန်သဖြင့် ကိုဒေါင်းစိန်မှာ မချင့်မရဲနှင့် စောင့်မျှော်နေရပြန်၏။ ကိုလှမောင်ကား လက်ဖက်ရည်ကို နှစ်ခွက်ဆင့် သောက်ပြီးမှ သူ့ဇာတ်လမ်းကို ပြန်ဆက်၏။

“အဲဒါနဲ့ ဖွားသက်ကလေ၊ သေချင်းဆိုးကြီးတဲ့၊ သူများမှာ လင်သေတာ တစ်လကျော်ရုံလေး ရှိသေးလို့ အလွမ်း မပြေနိုင် ရသေးတဲ့ကြားထဲ သူကလာပြီး မိတ်လိုက်ချင်နေ တယ်တဲ့၊ အိုကွာ ငါ့နားထဲကို စိမ့်သွားတာပဲ၊ ဒါနဲ့ ငါကလည်း မလျှော့တဲ့ ဖွဲနဲ့အကျိုးသင့် အကြောင်းသင့် ပြောတော့ သူက မဖြစ်နိုင်ပါဘူးတဲ့၊ လင်သေတာ တစ်လကျော်ရုံလေး ရှိသေးလို့ တော်ကြာ လူပြောစရာ ဖြစ်နေမယ်တဲ့။ ငါကလည်း ဖွတ်ပဲဆိုပါတော့ကွာ၊ ကဲ့ရဲ့ ဘာဖြစ်သလဲ၊ သူတို့ ကဲ့ရဲ့နိုင်လှ မသကာ ခုနစ်ရက်ပေါ့၊ နင့်လင်သေတာ တစ်လကျော် ရုံလေး ရှိသေလို့ နင်လွမ်းနေပေမဲ့ နင်လင်လည်း ပြန်လာမှာ မဟုတ်ပါဘူး၊ အဲဒီ တစ်လကျော် အချိန်ဟာ နင့်မှာ အလကားပဲ၊ ဟာတာတာကြီး ဖြစ်မနေဘူးလေ၊ ငါက နင့်ကိုသနားလို့ပါ၊ ဘာညာ နဲ့ပေါ့လေ။ ဖွတ်ပြော ဖွတ်ဆွဲတော့ သူလည်း တွေ့ဖူးကြုံဖူးနေတဲ့ သူတစ်ယောက်မို့ ဘယ်မှာ ကြာရှည် ငြင်းအား ရှိတော့မလဲ၊ အဲဒီညကစပြီး ငါအိပ်ပျက်ခဲ့တာ ညကပါနဲ့ဆိုရင် ဆယ်ညရှိပြီ ဆိုပါတော့ကွာ”

ကိုလှမောင်က သူ့ဇာတ်လမ်းကို နိဂုံးချုပ်လိုက်တော့မှ ကိုဒေါင်းစိန်မှာ ဇာတ်ကွက် လည်ကာ ကိုလှမောင် အိပ်ပျက်ခြင်း အကြောင်းရင်းမှာလည်း ရှင်းလင်းသွားတော့သည်။

"နို့ခင်ဗျား ဒီလိုပဲ ညသွားသွားအိပ်နေတာနဲ့ ပြီးရောလားဗျ၊ မြန်မြန်ဆန်ဆန် တင့်တင့် တယ်တယ် ဖြစ်အောင် စီမံလိုက်ပါတော့လား။ အခု ခင်ဗျား အိမ်မှာကြည့်ပါဦး၊ အိမ်ရှင်မ မရှိလို့ ပစ်စလက်ခ ဖြစ်ချင်တိုင်း ဖြစ်နေတာကိုး"

"ဟ ငါကလည်း မြန်မြန် တင့်တင့်တယ်တယ် ဖြစ်အောင် စီမံချင်လိုက်တာမှ အူကိုယားလို့ပေါ့၊ ဖွားသက်ကလည်း မြန်မြန်ကိစ္စပြီးဖို့ တစ်ပြောတည်း ပြောနေတာပဲ။ ဒါပေမဲ့ မင်းစဉ်စားကြည့်စမ်း၊ အိမ်ထောင်သစ် ထူမယ်ဆိုရင် အိုးခွက်ကစပြီး ဖျာ၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်အထိ အားလုံး အသစ်ထူထောင်ရမှာကွ၊ ဒါကြောင့် လက်ထဲမှာ ငွေတစ်ရာ ကိုးဆယ်မျိုး ရှိမှ ဖြစ်မှာမို့ ငါးရစ်လုပ်ပြီးတဲ့ အချိန်အထိ ဆိုင်းပါဦးလို့ ပြောထားရတယ်။ တကယ်လို့ ငါးရစ်ပြီးတဲ့ အချိန်မှာ ဝါတွင်းဖြစ်နေရင်လည်း သီတင်းကျွတ်ပေ့ါကွာ၊ အခု ငါလုပ်မယ့် ရေသပြုချောင်းလေးကို မနှစ်က ကိုဖိုးထွန်းလုပ်တာ မိုးနဲ့ရေ အဆင့်သင့်တော့ ငွေလေးငါးရာ တက်လိုက်တယ်၊ အဲဒီလို အချက်ကောင်းမျိုး ဝင်တိုးလိုက်ရင်း တစ်ခါတည်း ကိစ္စပြီး ရောပေါ့"

စကားစပြတ်၍ အတွေးကိုယ်စီနဲ့ လက်ဖက်ရည်ကိုသာ ကျုံးသောက်နေကြ၏။ ဘုန်းကြီး ကျောင်းမှ စည်ကြီးက ၃ချက်စည်တော် ရိုက်ဆော်လိုက်ကာ ညနေ၃နာရီ အချိန်ရောက်ပြီ။ ပြုလုပ်ဖွယ်ရာက တာဝန် များကို ပြုလုပ်ကြလော့ဟု သတိပေး ကြွေးကြော်လိုက်သဖြင့် ကိုဒေါင်းစိန်လည်း ကိုလူမောင်ကို နှုတ်ဆက်၍ ပြန်ခဲ့တော့၏။

~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~

(၂)

ကဆုန်လဆန်း ၆ ရက်နေ့ဖြစ်သည်။

နွေနှောင်း၏ မွန်းတိန်း မွန်းတည့်နေကား စည်းလွတ် ဝါးလွတ်နှင့် ရမ်းကား ရိုင်းပျစွာ ပူပြင်းလှသည်။ ကွင်းထဲမှ မြေကြီးတို့သည် နေ၏ အပူရှိန်ကို မခံမရပ်နိုင် သည့်အလား ပပ်ကြားအက်ကွဲကာ ထိုမြေကြီးပေါ်မှ မြက်ပင် တို့သည်လည်း ခြောက်သယောင်း နေကြ ကုန်သည်။ မြေကြီးမှ အခိုးအလျှံ တို့သည် တထောင်း ထောင်းထနေကြသည်။ သစ်ပင်ကြီးငယ် တို့မှာလည်း ပူပြင်းသော အထိအတွေ့ကြောင့် ငိုက်မျဉ်း နေကြကုန်သည်။ တစ်ချီတစ်ချီ လေသရမ်းကလေး ဝင်တိုးသည့်အခါမှ တရှဲရှဲဖြင့် သက်မကြီးများ ချလိုက် ကြသည်။

အေးချမ်းသော အဓိပ္ပာယ်ကို ဆောင်သည့် ချောင်းရေပင်လျှင် ပူနွေး နေသည်။ ထိုနည်းတူ အေးမြသော အဓိပ္ပာယ်ပင် ဆောင်သည့် လေမှာလည်း လေနုအေး မဟုတ်တော့ဘဲ လေပူနွေးကြီး ဖြစ်နေသည်။ တကယ် ဆိုတော့ တောတောင် ရေမြေနှင့်တကွ ပတ်ဝန်းကျင်ရှုခင်း တစ်ရပ်လုံးကား မိမိတို့၏ မူလသဘာဝတ္တကို ခေတ္တ စွန့်ပယ်ထားရကာ နွေနှောင်း၏ သရုပ်ကို ဖော်ထုတ် ပြသ နေရခြင်းပဲ ဖြစ်သည်။

သည်လို ပူပြင်းခြောက်သွေ့လှသော နွေနှောင်းရှုခင်းဝယ် ကိုဒေါင်းစိန် တစ်ယောက် ဘာများ လုပ်နေပါလိမ့်။

အလိုလေး.... ကြည့်ကြစမ်းပါဦး၊ အရပ်ကတို့၊ သည်လောက်တောင် ပူပြင်းလှတဲ့ မွန်းတည့် ရှိန်ရှိန်ကြီးမှာ ကိုဒေါင်းစိန်တို့တစ်တွေ ကျောပြောင်ကြီးတွေနဲ့ ပင်ပန်းကြီးစွာ ခန္ဓာထိုးနေကြပါကလား။

အမှန်ကတော့ မမျှတတဲ့ လောကကြီးမှာ လုံလောက်တဲ့အစာကို ရရှိရေးအတွက် အဆ မတန်သော လုပ်အားကို လက်နက်လုပ်ကာ တိုက်ပွဲဝင်နေရခြင်းသာ ဖြစ်ပါသည်။ ဟုတ်တယ်လေ၊ လူ့ဘဝသည် အမြဲတမ်း တိုက်ခိုက်နေရသော တိုက်ပွဲများသာ ဖြစ်သည်ဆိုတဲ့ စကားဟာ သူတို့အဖို့သာပဲ မဟုတ်လား။

သူဝယ်ထားသော ကျုံပက်ရိုးကလေးကို ငါးရစ်မလုပ်မီ ရေပြန်ချုပ်တစ်ချီ ပက်နေခြင်း ဖြစ်သည်။ ဤ၌ ရေပြန်ချုပ်ဟူသော ဝေါဟာရကို ရှင်းလင်းရန် လိုလိမ့်မည်ဟု ထင်ပါသည်။ ဤအင်းချောင်းရိုး ကလေးထဲ၌ မူလက ရှိပြီး ငါးများကို အင်းပိုင်ရှင် အင်းသားကြီးက စစ်စစ်ပေါက် ပေါက် ပက်ယူဖမ်းဆီးပြီးဖြစ်သည်။ နောက် အင်းလေလံရက် ကုန်၍ အင်းသားကြီးနှင့် မဆိုင်တော့သော ဤအချိန်တွင် မိုးရေလည်း မကျ၊ မြစ်ရေ လည်း မထောက်ဘဲနှင့် ကဆုန်ရေရှူး ရေဦးရေလွှင် ရေသမင်ကလေး ပြန်ကြွတတ်သည်။ ဒါကို သူတို့ အင်းသားများက ရေသမင်လာသည်ဟု ဆိုကြ၏။

ရေသမင်ဟု ဆိုလိုက်၍ နားကလော သွားပါသလား စာဖတ်သူခင်ဗျား။ ဟုတ်ကဲ့၊ ကျွန်တော်လည်း ပထမတော့ နားကလေ သွားပါသည်။ အဓိပ္ပာယ်မရှိ ထင်မိထင်ရာ ပေးထားသော နာမည်ဟုပင် ပေါ့ပေါ့ ဆဆ မှတ်ချက်ချမိပါသည်။ ဒါပေမဲ့ တကယ်တော့ ဘယ်ဒီလို ဟုတ်ပါ့မလဲ ခင်ဗျာ။ မာန်လည်ဆရာတော် ဘုရားကြီးလို နာမည်ကျော် ပုဂ္ဂိုလ်ကြီးတစ်ဦးကပင် ဤရေသမင် ဟူသော ဝေါဟာရကို အဓိပ္ပာယ်ရှိရှိနှင့် သုံးနှုန်းဖူး ပါသည်။ ပို၍ ထင်ရှားစေရန် (မာန်လည်ဆရာ တော်၏ မာဃဒေဝ လင်္ကာသစ်၊ ပုတ္တောဝါဒခန်း၊ စာမျက်နှာ ၁၆၉ သို့ လှန်ကြည့်ကြပါစို့)

"ပမာထင်ရှား၊ သူကောင့်သားမူ၊ ယဉ်ပါးအဟုတ်၊ သူယုတ်၏သား၊ ရမ်းကားတတ်စွ၊ မိုက်မာနနှင့်၊ ဒေါသ ဟုန်ဟုန်၊ တဖျင်သုန်ဖြင့်၊ နယုန်ရေရှူး၊ ရေဦးရေလွှင်၊ ရေသမင်သို့၊ လျှင်လျှင် ဟုတ်ဟုတ်၊ သိမ်းချုပ်မတည်း၊ လိမ္မာနည်း၏" ဟု စပ်ဆို သုံးနှုန်းထားပါသည်။ ကွဲလွဲချက်တစ်ခုမှာ မာန်လည် ဆရာတော်က ရေသမင်၏ အဓိပ္ပာယ်ကို "နယုန်ရေရှူး၊ ရေဦးရေလွှင်၊ ရေသမင်" ဟု ဖွင့်ဆို၍ သူတို့က "ကဆုန်ရေရှူး၊ ရေဦးရေလွှင်ကို ရေသမင်" ဟု အသိအမှတ် ပြုထားခြင်းပဲ ဖြစ်သည်။ ဤမျှဖြင့် ရေသမင်၏ အဓိပ္ပာယ်ကို သဘောပေါက် လောက် ပါပြီ။

ဤရေသမင်လာသည့် အခါတွင် ငါးများပါလာတတ်၍ မူလက ဖမ်းဆီးပြီး ဖြစ်သဖြင့် တစ်ကောင်တစ်မြီးမှ မကျန်ရစ် တော့သော ချောင်းရိုး ကလေးထဲ၌ ငါးများ ပြန်ရောက် နေတတ်သည်။ ဤအခါ၌ သူတို့သည် ရိုး၏ အဝမှ ယင်းများဖြင့် ကာရံပိတ်ဆို့ထားလိုက်၍၊ ငါးများ ပြန်မလွတ်နိုင်တော့ဘဲ ရိုးထဲ၌ ဝဲလည်နေစဉ် သူတို့ သည် ရိုး၏ အဝမှ ရွှံ့စေးများ၊ မြေကြီးများဖြင့် အသေ ပိတ်ဆို့လိုက်ကြ၏။ ဒါကို တမံတုတ်သည် ဟုခေါ်၏။ ထိုအခါ ရိုးနှင့် ချောင်းမကြီးသည် အဆက်အစပ် မရှိတော့ဘဲ တမံဖြင့် ခြားနား နေစဉ်၊ ရိုးထဲမှ ရေများအား တမံကို ကျော်လွှားကာ ချောင်းမကြီးထဲသို့ ပက်ထုတ်၍ ရေကုန်သော အခါ ငါးများကို ဖမ်းယူကြ၏။ ဒါကို သူတို့က ရေပြန်ချုပ် လုပ်သည်ဟုဆိုကြ၏။

အမှန်က ကိုဒေါင်းစိန်လုပ်သည့် ကျုံပက်ရိုးကလေးသည် ရေပြန်ချုပ် ကိုသာ အားကိုးရ၍ ငါးရစ်အတွက်မူ မပြောပ လောက်ချေ။ မယ်စိန်၏ အကြံပေးချက်အရ အကြံကြီးကြံမိသည့် ကိုဒေါင်းစိန်ကား ကျုံပက် ငါးရစ် အတွက် ငွေငါးဆယ်ကို နောက်မှ ပေးပါရစေဟု ကိုလေးဖိုးကွန့်အား တောင်းပန်ထားကာ သူ့ရှိသည့် ငွေငါးဆယ်ကို ပေးလိုက်ရ၏။ ရေပြန်ချုပ်သည် ငါးရစ်ထဲ အပါအဝင် ဖြစ်သော်လည်း ပါးနပ်သော အင်း အင်စပက်တော်မင်းက ရေပြန်ချုပ်သတ်သတ်၊ ငါးရစ်သတ်သတ်ဖြင့် တသတ်စီခွဲခြား၍ ငွေစကား

ပြောတတ်၏။ ထို့ကြောင့်ပင် ကိုဒေါင်းစိန်ခမျာ ငါးရစ်အတွက် ငွေငါးဆယ်ကို ခေတ္တ ဆိုင်းငံ့ထားရ၍ ရေပြန်ချုပ် အတွက် ငွေငါးဆယ်ကို အင်း အင်စပက်တော် လွှဲအပ်ထားသော ကိုယ်စားလှယ်အား သတ်သတ် ထပ်ပေး ရခြင်းဖြစ်သည်။

သို့သော် ပေးရပါစေ၊ ရေပြန်ချုပ်ရော၊ ငါးရစ်ပါ ဆက်လုပ်ရသဖြင့် ကံကောင်း ထောက်မလျှင် သူ တစ်ချီတည်းနှင့် ပွမည်။ ကိုလူမောင်၏ ရေသပြုချောင်းကား ငါးရစ်အတွက်သာ ကောင်း၍ ရေပြန်ချုပ် မလုပ်နိုင် သဖြင့် ကိုဒေါင်းစိန်၏ ရေပြန်ချုပ် လာရောက် ကူညီနေ၏။ ယခု သူတို့သည် တမံတုတ်ပြီး၍ မိုးလင်းကတည်းက မနွဲလေးလုံး ဆင်ကာ ပက်ခဲ့ကြရာ ယခု နေမွန်းတည့်အချိန်၌ အကန့်တစ်ကန့်ပင် ပေါ်ပေတော့မည်။

ရိုးမှာ အတော်ကလေး ရှည်လျား၍ အကန့်များ ခွဲခြားသတ်မှတ်ခြင်း မပြုဘဲ ပက်လျှင်တော်တော်နှင့် ပေါ်လိမ့်မည် မဟုတ်။ သို့ဖြစ်၍ အကန့် ၆ ကန့်မျှ ခွဲခြားထားရ၏။ အကန့်တစ်ခုလျှင် တမံတစ်ခုဖို့ ထားရ၏။

သို့ဖြစ်၍ သည်အကန့်မှ ရေနှင့် ထိုအကန့်မှ ရေတို့သည် တမံခြားနေ သဖြင့် ဆက်စပ်ခြင်း မရှိသော ကြောင့်ပင် နေ့ဝက်မျှ ပက်ရုံနှင့် ပထမအကန့် ပေါ်ပေတော့မည်။ ဤအကန့်ပေါ်ပြီးသည့် နောက်၌ကား အခြား အကန့်များ အဖို့ လွယ်သွားတော့သည်။ ဒုတိယအကန့်မှ တမံကို ချိုးလွှတ်လိုက်လျှင် ဒုတိယ အကန့်မှရေများသည် ရေတစ်စက်မှ မရှိတော့သော ပထမအကန့်ထဲသို့ တစ်ရှိန်ထိုး စီးဆင်းလာရသည်။ သို့ဖြင့် ပထမအကန့်ထဲမှ ရေကို ချောင်းမကြီးထဲသို့ ပယ်ထုတ်လိုက်၍ ငါးများ ဖမ်းပြီးသည့်နောက် ဒုတိယ အကန့်မှ ရေကို ပထမအကန့်သို့ တမံချိုး၍ ပြောင်းလိုက်ခြင်းဖြင့် ဒုတိယအကန့်မှာ မပက်ရဘဲနှင့် အလိုလိုပေါ် တော့သည်။ သို့သော် ဒီလို ဒုတိယအကန့်မှ ရေကို ပထမအကန့်သို့ လွှတ်ရာ၌ ငါးများ ပါမသွားစေရန် ယင်းများ ကာထားရသည်။ သို့မှသာ ရေချည်း သတ်သတ်၊ ခပ်စိပ်စိပ်

ကျစ်ရက်ထားသော ယင်း များကြားမှ တိုးထွက်သွား၍ ငါးများမှာမူ ယင်းနှင့်တိုက်ပြီး ကျန်ရစ်ခဲ့သည်။

ဤမျှဖြင့် ကိုဒေါင်းစိန်၏ ရေပြန်ချပ် လုပ်ငန်းကို သဘောပေါက်လောက်ပြီ ထင်ပါသည်။ ယခု ကိုဒေါင်းစိန်တို့ ခန္ဓထိုး နေသည့် နေရာသို့ အာရုံပြောင်းလိုက်ကြပါစို့။

တမံနောက်နားရှိ ရေထဲ၌ ခန္ဓစင်ဆောက်၍ ခန္ဓလေးလုံး ဆင်ထားသည်။ ခန္ဓစင်ဆိုသည်မှာ တမံ နောက်နားရှိ ရေထဲ၌ ခန္ဓအရေအတွက်ကို လိုက်၍ အကွာအဝေးကို ခန့်မှန်းချင့်တွက်ကာ ဝါးလုံးတိုင် နှစ်တိုင်ကို စိုက်ထူထားရ၏။ ထို့နောက် ဝါးလုံးတိုင်နှစ်တိုင်၏ အကွာအဝေးနှင့် ညီမျှသော ဝါးလုံးတန်း တစ်ခုကို အပေါ်မှနေ၍ တန်းပစ်ကာ စိုက်ထူထားသော ဝါးလုံးတိုင်နှစ်တိုင်နှင့် ပူးတွဲ ချည်နှောင်ထား၏။ ခန္ဓထိုးသည့်အခါ ယိမ်းယိုင်ခြင်းမရှိစေရန်လည်း ကျားကန်ပေးထားရ၏။ ဤမျှဖြင့် တမံနောက်နားရှိ ရေထဲ၌ စိုက်ထူ ထားသော ဝါးလုံးတိုင် နှစ်တိုင်ကို အပေါ်မှ ဝါးလုံးတန်း တစ်ခုဖြင့် ဆက်သွယ်ချည်နှောင်၍ ကျားကန် ထားသော ခန္ဓစင်၏ ပုံသဏ္ဍာန်ကို စာဖတ်သူ၏ အာရုံ၌ ထင်မြင်နိုင်လောက်ပေပြီ။

ခန္ဓစင် ဆောက်လုပ်ပြီးနောက် ခန္ဓကို တပ်ဆင်ရပေဦးမည်။ ခန္ဓ ဆိုသည်မှာကား ရေနံဆီပုံးလွတ်ကို ထိပ်ဝ ဖွင့်လိုက်လျှင် ဖင်ပိတ်နှင့် စတုရန်း လေးထောင့်ပတ်လည် အပိတ်ရှိသော ရေထမ်းပုံး၏ သဏ္ဍာန်သို့ ကူးပြောင်း လိမ့်မည်။ ဤရေထမ်းပုံး၏ သဏ္ဍာန်ကို တုံးလုံးလှဲလိုက်၍ အပေါ်ဘက်က အပိတ်ကို အလယ်မှ လေးပုံသုံးပုံခန့်ကွက်၍ လှပ်ပစ်လိုက်လျှင် ခန္ဓပုံး၏ ပုံသဏ္ဍာန်သို့ ကူးပြောင်း သွားလိမ့်မည်။ နောက် တုံးလုံးလှဲထားသည့်အတိုင်း ဖင်ပိတ်ဘက်မှ အရှည်ခြောက်တောင်ခန့်ရှိသော ဝါးလုံးနှင့် လက်ကိုင်ရိုး တပ်လိုက်လျှင် ခန္ဓ၏ ပုံသဏ္ဍာန်သည် ပြည့်စုံခြင်း အဖြစ်သို့ ရောက်ပေပြီ။

ဤ ခနွဲကို ခနွဲစင်၌ တပ်ဆင်လိုက်လျှင် ရေပက်ဖို့ အသင့်ပဲ ဖြစ်တော့မည်။ တပ်ဆင်ပုံမှာ ခနွဲလေးလုံး ဆိုလျှင် ကြိုးလေးချောင်းကို ခနွဲစင်မှ ဝါးလုံးတန်း၌ ချည်၍ အောက်သို့ တွဲလောင်းကျနေရသည်။ ဤကြိုး၏ အောက်ဘက်အစကို ခနွဲ၏ လက်ကိုင်ရိုး အလယ်လောက်၌ ချည်နှောင် လိုက်လျှင် ခနွဲ၏ ပုံသဏ္ဍာန်သည် ပြည့်စုံခြင်း အဖြစ်သို့ ရောက်ပေပြီ။

ဤခနွဲကို ခနွဲစဥ်၌ တပ်ဆင်လိုက်လျှင် ရေပက်ဖို့ အသင့်ပဲ ဖြစ်တော့မည်။ တပ်ဆင်ပုံမှာ ခနွဲလေးလုံးဆိုလျှင် ကြိုးလေးချောင်း ကို ခနွဲစင်မှ ဝါးလုံးတန်း၌ ချည်၍ အောက်သို့ တွဲလောင်းကျနေရသည်။ ဤကြိုး၏ အောက်ဘက်အစကို ခနွဲ၏ လက်ကိုင်ရိုး အလယ်လောက်၌ ချည်နှောင် လိုက်လျှင် ခနွဲသည် တွဲလောင်း ဖြစ်နေ၍၊ လက်ကိုင်ရိုးက မိုးသို့မျှော်ကာ ခနွဲပုံးမှာမူ ရေထဲ၌ ဇောက်ထိုး ကျနေလိမ့်မည်။

ဤခနွဲစင် နောက်၌ ခနွဲထိုးသူ (ဝါ) ခနွဲဖြင့် ရေကို ပက်ထုတ်မည့်သူ ရပ်နေနိုင်ရန် ရိုးကိုဖြတ်၍ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းကို တံတားခင်းထားသည်။

ဤနည်းဖြင့် ရှေ့မှ တမံအလယ်တွင် ရေထဲ၌ ဆောက်လုပ်ထားသော ခနွဲစင်၊ နောက်ဘက်မှာမူကား ခနွဲ ထိုးမည့် သူသည် တံတားပေါ်၌ ခြေဖဝါးနှစ်ခုကို ရှေ့နောက် ချ၍ရပ်ကာ ခနွဲ၏ လက်ကိုင်ရိုးကို ဆွဲယူ လိုက်လျှင် ခနွဲနှင့် ကြိုးသည် ပုခက်လွှဲသကဲ့သို့ နောက်ဘက်သို့ အလိုက်သင့် မြောက်၍ ပါလာလိမ့်မည်။ နောက် သူ့အရှိန်နှင့်သူ ရှေ့သို့ပြန်၍ တွန်းထိုးလိုက်လျှင် ခနွဲပုံးသည် ရေထဲသို့ ဝုန်းခနဲ ကျသွားကာ ရေများ ခပ်ပြီး ဖြစ်နေရုံမျှဖြင့် ရပ်မနေသေးဘဲ တမံကိုကျော်၍ မြောက်တက်သွားကာ တစ်ဖက် ချောင်းမကြီးထဲသို့ ရေကို သွန်ချပြီးသည်အထိ ဆောင်ကြဉ်းသွားလိမ့်မည်။ နောက် သူ့အရှိန်နှင့်ပင် ဆွဲယူလိုက်၊ ပြန်တွန်းလိုက်ဖြင့် ရိုးထဲမှ ရေမကုန်မချင်း ပက်ထုတ်ရသည်။

ကိုဒေါင်းစိန်၊ ကိုလူမောင်နှင့် လူငှားနှစ်ယောက်တို့သည် လက်ညီညီဖြင့် ခန္ဓွထိုးနေကြသည်။ တညီတညာတည်း ခန္ဓွကို ဆွဲယူလိုက်၊ နောက် တညီတညာ တည်းပင် ရှေ့သို့ပြန်၍ တွန်းထိုးလိုက်ဖြင့် စိတ်ဝင်စားစွာ ပက်နေသည်မှာ ဇာတ်ခုံပေါ်တွင် ညီညီညာညာ ကနေကြသော ယိမ်းသမလေးများကို ကြည့်ရ သကဲ့သို့ တစ်မျိုးပင်ကြည့်၍ ကောင်းသေးသည်။ ခန္ဓွပုံး ရေထဲသို့ ကျသည့် အခါနှင့် ခန္ဓွပုံးထဲ မှ ရေကို တစ်ဖက် ချောင်းမထဲသို့ သွန်ချသည့်အခါတွင် ကြားရသော ဝုန်းခနဲ ဝုန်းခနဲ ရေသံက သူတို့၏ ယိမ်းကို ညီညာ စေရန် စည်းလိုက်ပေးနေသည်။

နေကား ရက်ရက်စက်စက်ကို ပူနေပါသည်။ သူတို့၏ ကျောပြောင် ကြီးများကား ချွေးများဖြင့် ပြောင် လက်နေ၏။ ကိုဒေါင်းစိန်၏ နဖူးပေါ်မှ ချွေးသီး ချွေးပေါက်များသည် စီရရီ တန်းနေကြ၏။ နောက် ချွေးပေါက်တစ်ပေါက်သည် မျက်ခုံး နှစ်ဖက်ကြားမှ နှာခေါင်းရိုးတစ်လျှောက် စီးဆင်းလာကာ နှာသီး ဖျားတွင် ယီးလေးခို နေ၏။ နောက်ထပ် စီးဆင်းလာသော ချွေးပေါက်တစ်ပေါက်က တွန်းချ လိုက်၍ မြေပေါ်သို့ တောက်ခနဲ ကျသွား၏။ နောက်ထပ်လည်း တစ်ပေါက်ပြီး တစ်ပေါက်၊ တစ်ပေါက်ပြီး တစ်ပေါက်ဖြင့် မြေပေါ် သို့ တောက်ခနဲ တောက်ခနဲ ကျနေ၏။

ဒါပေမဲ့ ကိုဒေါင်းစိန်သည် မောရမှန်းလည်း မသိ၊ ပင်ပန်းသည်လည်း အမှတ်မထားမိ။ သည်အကန့် ပေါ်လျှင် ငါးရတော့မည် ဟူသော ဇောက သူ၏ ကိုယ်စိတ် နှစ်ပါးစလုံးအား ဖျတ်လတ် တက်ကြွနေစေသည်။ ရိုးထဲ၌ ရေလက်ကျန် နည်းသွားပြီဖြစ်၍ ငါး အနည်းအများ အကဲခတ်နိုင်လောက်အောင် ငါးလုံးပေါ်နေပြီဖြစ်ရာ၊ ခဏ ခဏ လှည့်ကြည့်၍ အကဲခတ်ရသည်မှာလည်း အမောပင်။

ငါးကား အတော်အသင့်များပုံရ၏။ ရေလက်ကျန် နည်းသွားပြီဖြစ်၍ ရေကလေးစပ်စပ်တွင် ငါးများမှာ ထွက်ပေါက် ရှာမရဘဲ လုံးထွေးနေ၏။ တစ်ချီ

တစ်ချီတွင် ငါးရံ့ကြီးများက ဝုန်းခနဲ ဝုန်းခနဲ ထခုန်ကြ၏။ ကိုဒေါင်းစိန်က ပျော်၍မဆုံး တပြုံးပြုံးပင်။ သူ ကာလကြာမြင့်စွာကပင် မျှော်မှန်းတောင့်တခဲ့သော အိမ်သစ်ကလေးနှင့် စောင်၊ ခြင်ထောင်၊ အင်္ကျီပိတ် အသစ်ကလေးများကို သူ့မျက်စိထဲတွင် မြင်ယောင်လာ၏။ ဒီတစ်ချီတော့ လွဲနိုင်ဦးမလား။

သူသည် ခန္ဒထိုးနေရာမှ တစ်ချက် တစ်ချက်တွင် မိုင်ဝက်ခန့်ဝေးသော ဗျင်းဘွဲရွာဘက်သို့ မျှော်ကြည့်မိ၏။ မယ်စိန်ခမျာ မနက်က သူတို့အား တောက်တိုမည်ရ ကူညီလုပ်ကိုင်ပေးပြီး နေမြင့်မှ ထမင်းချက် ပြန်သွား ရသည်။ ခုထိ ထမင်းပို့ မလာနိုင်ရှာသေး။ သို့သော် မယ်စိန်ကို မျှော်နေခြင်းကား ထမင်းဆာ လို့တော့ဖြင့် မဟုတ်ပါ။ သူ့ရိုးထဲ၌ ငါး အတော်လေးများသည်ကို မယ်စိန်အား မြင်စေပြီး၊ သူနှင့်အတူ ခွဲဝေ ဝမ်းသာ စေချင်၍ ဖြစ်ပါသည်။ ပေါ်လာခဲလှသည့် မယ်စိန်ရယ်။

နောက်တစ်ချီ ရွာဘက်သို့ သူ မျှော်အကြည့်တွင် ထမင်းတောင်း ကလေးကို ခေါင်းပေါ်တွင်ရွက်၍ ခပ်ဝေးဝေးမှ လာနေသော မယ်စိန်အား မြင်ရလေပြီ။ သူသည် ခန္ဒကို ချက်မှန်မှန်ထိုးပေးရင်း။ မျက်စိကမူ ရွာဘက်မှ လျှောက်လာနေသော မယ်စိန်အားသာ စူးစိုက်ကြည့်နေ၏။ သူ့မြင်ကွင်းမှ မယ်စိန်သည် တဖြည်းဖြည်းနှင့် အဝေးမှ အနီးသို့ ရောက်လာသလောက် မယ်စိန်၏ ရုပ်သွင်သည် လည်း အသေးမှ အကြီးသို့ တဖြည်းဖြည်း ပြောင်းလာ၏။ ရင်ရှားထားသော မယ်စိန်၏ ကိုယ်အထက်ပိုင်းကား ချွေးတလုံးလုံးဖြင့် အတော် ကလေး ပင်ပန်းနေပုံရလေသည်။

မယ်စိန်သည် ကမ်းထိပ်၌ ဆောက်လုပ်ထားသော ငါးရစ်တဲကလေး ပေါ်သို့ ထမင်းတောင်းကို တင်လိုက်ပြီး နောက်၊ သူမ၏ ပခုံးပေါ်၌ တင်လာသော ကိုဒေါင်းစိန်၏ လုံချည်ဟောင်းကလေးဖြင့် သူမ၏ မျက်နှာမှ ချွေးများကို သုတ်နေ၏။ နောက် ရိုးထိပ်သို့ လျှောက်လာကာ ရိုးထဲသို့ ကြည့်လိုက်ပြီးသည့် နောက်၌ကား နွမ်းနယ် နေသော သူ၏ မျက်နှာသည် ဝင်းလက်သွား၏။

"အလို ... ငါး အတော်များပါလား၊ ဒီနှစ်တော့ ကော်လိမ့်မယ် ထင်တယ်ဟေ့"

မယ်စိန်အား မျက်ခြည်မပြတ် စောင့်ကြည့်နေသော ကိုဒေါင်းစိန်သည် မယ်စိန်၏ ဝမ်းမြောက်ဝမ်းသာဖြစ် သွားသော အမူအရာနှင့် အံ့သြ ဝမ်းသာ သွားသော အသံဖြင့် ပြောဆိုလိုက်သော စကားများကို မြင်ရ ကြားရ သည့်အခါ ၌ကား ပြောမပြနိုင်အောင်ပင် ကြည်နူးနှစ်သိမ့်နေမိ၏။

"မယ်စိန်ရေ၊ အလုပ်နားတဲ့အခါ ထမင်းမစားခင် သောက်ရအောင် လက်ဖက်ရည် တစ်အိုးလောက် တည်ထား လိုက်ပါကွယ်"

မယ်စိန်သည် သွက်လက်စွာပင် ငါးရစ်တဲပေါ်သို့ တက်ပြီးနောက် မီးမေး၍ ရေနွေးအိုးတည်နေ၏။ ကိုဒေါင်းစိန်တို့ ခန္ဓထိုးနေသူများကား မည်သူမျှ စကားမပြောနိုင်ကြဘဲ လက်ညီညီဖြင့် ထိုးပက်နေကြရာ နာရီဝက် ခန့်အကြာတွင် ရေများ ခန်းသွားပြီဖြစ်၍ ခန္ဓထိုးခြင်း ရပ်နားလိုက်ကြကာ ဒယ်မ်းဒယိုင် ခြေလှမ်း များဖြင့် ငါးရစ်တဲပေါ်သို့ တက်လာကြ၏။ မယ်စိန်ကား မီးဖိုပေါ်၌ လက်ဖက် ခြောက် ခတ်၍ နပ်ထားသော လက်ဖက်ရည် အိုးကို သူတို့ရှေ့သို့ လာချပေး၏။

ကိုလူမောင်နှင့် လူငှားနှစ်ယောက်မှာ နေပြင်းလွန်း၍ ရေငတ်လှသော ကြောင့် လက်ဖက်ရည်ကြမ်းကို ငုံ့ကာ အေးအောင်ပင် မစောင့်နိုင်ဘဲ တရှူးရှူး မှုတ်သောက်နေကြသော်လည်း၊ ကိုဒေါင်းစိန်မှာမူ မသောက်နိုင် သေးဘဲ ပေါ်နေသော ရိုးထဲသို့သာ ကြည့်ကာ ကြည့်ကာဖြင့် ငါးအနည်းအများကို အကဲခတ်နေ၏။ ငါးကျည်း၊ ငါးခူ စသော အောက်ငါးများမှာ နွံကြားထဲတွင် တလိမ်းထိုးနေကြ၏။ မျက်မြင် ခန့်မှန်းရမည်ဆိုလျှင် ငါးများမှာ သိပ်များ သည်ဟု မဆိုသာသော်လည်း နည်းသည် ဟူ၍ လည်းအတပ် မပြောနိုင်၊ အတော်အသင့် များလိမ့်မည်ဟု ခန့်မှန်းရ၏။

"ဘယ့်နှယ်လဲ ကိုလူမောင်၊ ငါးတော်တော်များပုံ ရရဲ့လား၊ အကဲခတ်ကြည့်စမ်းပါဦး"

ကိုဒေါင်းစိန်ကား သူတစ်ဦးတည်း၏ ခန့်မှန်းချက်ကို စိတ်မချသေးသည့်ပုံဖြင့် ကိုလူမောင်၏ ထင်မြင်ချက်ကိုပါ တောင်းခံနေ၏။ ကိုလူမောင်ကား လက်ဖက်ရည်ကြမ်းကို မဲ၍ သောက်နေရာမှ ရိုးထဲသို့ အတန်ကြာအောင်ပင် ကြည့်ရှု အကဲခတ်လိုက်ပြီးနောက် -

"အတော်အသင့်တော့ ဟန်ပါလိမ့်မယ်ကွ၊ မနှစ်က ငသော်တို့ရဲ့ စံချိန်တော့ ဘယ်မီမလဲကွာ၊ သူတို့တုန်းက ငါးကျည်းချည်းပဲ အချိန်ခြောက်ရာကျော်တောင် တက်တာကွ၊ ဒီအချိုးမျိုးက တစ်သက်မှာ တစ်ကြိမ်လောက် ကြုံတာဖြစ်လို့ ဒါနဲ့တော့ သွားနှိုင်းလို့ ဘယ်ဖြစ်မလဲကွာ၊ ဒါပေမဲ့ သူတို့ စံချိန်ကို မမီတောင် နီးနီး ကပ်ကပ်တော့ လိုက်ကောင်းပါရဲ့။ ကြည့်ပါလားကွ၊ နှံထဲမှာ ငါးတွေ တလိန်းထိုးနေတာကို ...."

သူ၏ ခန့်မှန်းချက်နှင့် ကိုလူမောင်၏ ထင်မြင်ချက်မှာ ကွာခြားခြင်း မရှိသဖြင့် သူ့ရိုးထဲ၌ ငါး အတော်အသင့်များ၍ အသင့်အတင့် အကျိုးခံစားခွင့်ရမည်မှာ သေချာသလောက် ဖြစ်နေပါပြီ။ တွေ့ဖူးကြုံဖူး လုပ်ဖူးကိုင်ဖူး သူများဖြစ်ခြင်းကြောင့်လည်း သူတို့၏ ခန့်မှန်းချက်မှာ လွဲခဲလှပါသည်။ သူသည် စိတ်အေးသွားပြီဖြစ်၍ လက်ဖက်ရည်ကြမ်း တစ်ပန်းကန်ကို ဆွဲယူကာ သောက်နေ၏။

"ဩော် ဒါထက် မင်းရိုတဲ့ ငွေငါးဆယ်ကို ရေပြန်ချုပ်အတွက် အင်းအင်စပက်တော်ရဲ့ ကိုယ်စားလှယ်ကို ပေးလိုက်ရတော့ ခန္တီစရိတ်တို့၊ လူငှားခတို့က မင်း ဘယ်ကရလဲ"

ကိုလူမောင်က လက်ဖက်ရည်သောက်နေရာမှ ရုတ်တရက် ကောက်ခါ ငင်ခါ မေးမြန်းလိုက်၏။ ဒါပေမဲ့ ဒါကို ကိုဒေါင်းစိန်က မဖြေခင် မယ်စိန်က ဝင်ဖြေလိုက်၏။

"အမယ် သူ့မေးလို့ ပိုနေမှာပေါ့၊ သူက အလုပ်လုပ်ချင်တာပဲ ရှိတယ်၊ အဲဒီအလုပ် လုပ်နိုင်အောင် ငွေရှာဖို့ကိုတော့ သူ ဘာမှ နားမလည်ဘူး၊ ကျုပ် တစ်ယောက်တည်း ဒိုင်ခံရှာရတာပဲ။ အခု ရေပြန်ချုပ် လုပ်ဖို့ စရိတ် အတွက် ငွေလိုတော့ ဦးဘမောင်ဆီက ငါးရံ့ခြောက်ပေးနဲ့ ငါးခူပေး ငွေငါး ဆယ်ရအောင် ကျုပ်ပဲ ရှိခိုးဦးချ သွားပြောရတယ်။ နောက်ပြီး ငါးကျည်း ကျပ်တိုက်မဲ့ လူတွေဆီကလည်း ငါးကျည်းပေးနဲ့ တစ်ဦးကို တစ်ဆယ်ဆွဲ၊ ဆယ့်ငါးကျပ်ဆွဲနဲ့ ငွေငါးဆယ်လောက် ရသေးတယ်၊ ဒါကြောင့် ဒီရေပြန်ချုပ်ကို လုပ်နိုင် တာပေါ့"

"တောက် ဒေါင်းစိန်တို့များ အဲဒါတွေ တို့ထက် သာတာပဲ၊ မယ်စိန်က မယား တစ်ယောက်အနေနဲ့ ထမင်းလည်း ချက်ကျွေးတယ်၊ ညကျလည်း ချော့သိပ်တယ်။ ပြီးတော့ လုပ်ဖော်ကိုင်ဖက် တစ်ယောက် အနေနဲ့လည်း ငွေရှာကြေးရှာရော၊ လုပ်ခန်းကိုင်ခန်းမှာရော ကူဖော်လောင်ဖက် ရပြန်တော့ သိပ်ဟုတ်တာပေါ့၊ အင်း … ငါလည်း မင်းတို့ကို အားကျတာနဲ့ မြန်မြန်ကြီး မိန်းမယူချင် လှပါပြီ"

ကိုလူမောင်၏ စကားကို ပွဲကျသွားသလို လူငှားများက ဝါးခနဲ ထရယ်လိုကကြ၏။ ဤရယ်သံကို လွှမ်းမိုး သွားအောင် မယ်စိန်က ခနစ်သံချီ၍ ဟစ်လိုက်၏။

"ကာလနာကြီး … ကွင်းထဲမှာ တွေ့ကရာတွေ လျှောက်ပြောမနေနဲ့၊ တော်ကြာ ကွင်းပိုင်ရှင်က သူ့ကို မလေးမခန့် လုပ်ရမလားလို့ ဖမ်းစားလိုက်ရင် ကော့နေဦးမယ်"

~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~

(၃)

နေကား မွန်းတည့်ချိန်ကို ဖြတ်ကျော်လာခဲ့ပြီဖြစ်၍ "ကျနေ" ဟူသော ဝေါဟာရသို့ ကူးပြောင်းကာ အနောက်ဘက်သို့ တရွေ့ရွေ့ ကျဆင်းစပြုနေ၏။ အခေါ်အားဖြင့်သာ ကျနေဟူ၍ ခေါ်ဝေါ်ရသော် လည်း အမှန်ကတော့ တက်နေ၊ မွန်းတည့် နေတို့ထက် ပို၍ ပူပြင်း၏။ ခနော်ခနဲ့နှင့် ချည့်နဲ့စွာ ဆောက်လုပ်ထားသော ကိုဒေါင်းစိန်၏ ငါးရစ်တဲကလေးသည်ပင် ပူပြင်းလှသော ကျနေ၏ ရောင်ခြည် ကွန်ရက်ဝယ် အမိခံနေရသလို မလှုပ်မယှက်နှင့် ငြိမ်သက်စွာ ရပ်တည်လျက် ရှိ၏။ နေက အနောက်ဘက်သို့ တရွေ့ရွေ့ကျဆင်းနေသလောက် ငါးရစ်တဲကလေး၏ အရိပ်သည်လည်း တဖြည်းဖြည်းနှင့် အရှေ့ဘက်သို့ ငိုက်၍ ငိုက်၍ ကျလာ၏။

တစ်မနက်ခင်းလုံး မည်သည့် အာဟာရကိုမှ မစားရသေးဘဲ ခန္ဓာကိုသာ အပြင်းအထန် ထိုးခဲ့၍ ခြေကုန်လက်ပန်းကျနေသော ကိုဒေါင်းစိန်တို့ တစ်သိုက်မှာ ငါးရစ် တဲကလေးထဲ၌ ခြေပစ်လက်ပစ်နှင့် အနားယူနေကြ၏။ သို့သော် ကြာရှည် အနားယူလို့တော့ ဖြစ်လိမ့်မည် မဟုတ်။ နံနက်ထမင်းကို အမြန်စားပြီး ပေါ်နေပြီ ဖြစ်သော ရိုးထဲမှ ငါးများကို ညမမှောင်ခင် အချိန်မီ ပြီးစီးအောင် လက်စသိမ်း ဖမ်းရပေဦးမည်။

မယ်စိန်ကား အိမ်မှ ချက်ယူလာသော ထမင်းပွဲကို ပြင်ဆင်နေ၏။ ပြီးလျှင် ကိုဒေါင်းစိန်တို့အား ထမင်းစားရန် ဖိတ်ခေါ်လိုက်ရာ၊ ကိုဒေါင်းစိန်တို့မှာ

ရွှံ့အလူးလူးနှင့် လက်များကိုမှ ဆေးမနေတော့ဘဲ ထမင်းဝိုင်းသို့ ဝင်ထိုင်ကြကာ ပလုတ်ပလောင်း စားသောက်နေကြ၏။

ဟင်းကား ငါးခူကို ရေကျဲကျဲဖြင့် ချဉ်ရည်ထည့်၍ ချက်ထားသော ငါးခူး ချဉ်ရည်ဟင်း ဖြစ်သည်။ ငါးပိ ချက်နှင့် အဖက် တို့စရာကား ဘူးသီးပြုတ် ဖြစ်သည်။ ဟင်းနှင့် အတို့မှာ အစပ်တည့်သွားသောကြောင့်လည်း ကိုဒေါင်းစိန်တို့ တစ်တွေ ခံတွင်းတွေ့နေကြသည်။ ငါးခူးချဉ် ရည်ဟင်းကို အရည်သောက်ကလေး ချက်ထားသော ကြောင့်လည်း တစ်ခါတစ်ရံ ထမင်းပွဲထဲ ဟင်းရည်ဆမ်းထည့်ကာ နယ်ဖတ် စားသောက်၍ လည်းကောင်း၊ တစ်ခါတစ်ရံ သည်ချဉ်ရည်ဟင်းကိုပင် ဟင်းချိုအမှတ်ဖြင့် တရှုတ်ရှုတ် သောက်၍ လည်းကောင်း မြိန်ရှက်စွာ စားသောက်နေကြ၏။

"ကိုလူမောင် ထည့်စားနော်၊ ဘာမှ အားနာမနေနဲ့၊ ငါးခူချဉ်ရည်ဟင်းကို အရည်သောက်ကလေး ချက်ထားတာ ကောင်းတယ် မဟုတ်လား၊ ချဉ်ရည် ဆိုပေမဲ့ မန်ကျည်းရည် သိပ်ထည့်ရင် ချဉ်စူးစူး ကြီးဖြစ်နေမှာမို့ မန်ကျည်းရည် ပျက်သိကာလောက်ကလေး ထည့်ပြီး အရည်သောက်ကလေး ချက်လိုက်တာပဲ၊ ဒါမှ အခုလို နေပြင်းတဲ့ရာသီမှာ ချဉ်ဖြုံ့ဖြုံ့ ဟင်းရည်ကလေးကို သောက်ပြီး စားလိုက် ရတော့ အမောပြေ သွားမှာပေါ့၊ ဟဲ့ ... ဟိုသူငယ်နှစ်ယောက်လည်း ထည့်စားနော်"

မယ်စိန်က စေတနာဗရပွဖြင့် အားမနာတမ်း စားဖို့ တိုက်တွန်းနေ၏။ သို့သော် မယ်စိန် မတိုက်တွန်းလည်း အဝ တုပ်ကြမည့် သူတွေပင်။ ထမင်း ခြောက်လုံးချက် တက်တက်ပြောင်မှ သူတို့ ဝကြ၏။ ဟုတ်သည်။ အလုပ်ကြမ်း သမားတွေမို့ အစားလည်း ကြမ်းကြရှာသည်။

ထမင်းစားပြီးသောအခါ မယ်စိန် နောက်ထပ်ချပေးသော လက်ဖက်ရည် ကြမ်းကို သောက်နေကြပြန်၏။ မယ်စိန်ကား သူတို့ လက်ဖက်ရည် သောက်ပြီး

လျှင် အဆင်သင့် ငါးဖမ်းနိုင် ရန် လိုအပ်သော တန်ဆာပလာများဖြစ်သည့် ခြင်းတောင်းလေးလုံး၊ သတ္တုပန်းကန်ပြား လေးချပ်နှင့် ပေါက်စူး လေးချောင်းတို့ကို အသင့်ပြင်ထား၏။

"ကိုင်းဟေ့ သောက်ကြ၊ ဒီလက်ဖက်ရည် တစ်အိုးကုန်ရင် အချိန်ရှိတုန်း ငါးဖမ်းလိုက်ကြရအောင်"

ကိုဒေါင်းစိန်က အနားမှ လောဆော်ပေးနေ၏။ အားလုံး စကား မပြော အားကြဘဲ လက်ဖက်ရည်ကိုသာ ကုန်းသောက်နေကြရာ တစ်ခဏအတွင်းမှာပင် လက်ဖက်ရည် တစ်အိုးလုံး တက်တက်ပြောင် တော့၏။ သူတို့သည် ငါးရစ် တဲပေါ်မှ ခုန်ဆင်းလိုက်ကြကာ တစ်ယောက်လျှင် ခြင်းတောင်းတစ်လုံး၊ သတ္တု ပန်းကန်ပြားတစ်ချပ်၊ ပေါက်စူး တစ်ချောင်းစီ ယူ၍ ရိုးကလေးထဲသို့ ဆင်းခဲ့ကြ၏။

ငါးများဖြင့် တလိမ်းထိုးထိုးနေသော ရိုးထဲမှ နွံများကား ပူနွေးသော အထိအတွေ့ဖြင့် သူတို့အား ဆီး၍ နှုတ်ဆက်ကြ၏။ သို့သော် သူတို့အဖို့ ပူတယ်၊ အေးတယ်ဟု ရွေးချယ်မနေအား။ ပူချင်ပူ၊ အေးချင်အေး သူတို့ လုပ်စရာ ရှိသည်များကိုတော့ ဖွတ်လုပ်ကြမှ ဝမ်းရေးဝကြသူများ ဖြစ်ကြ၍ သည်လောက် ပူပြင်းလှသည့် နေမင်း၏ အရှိန်အဝါကိုပင် မထီမဲ့မြင်ပြုကာ တမံအနီးရှိ နွံစပ်သို့ ဖွတ် ဆင်းကြပြီး လေးယောက်သား တန်းစီလိုက်ကြ၏။

ကိုဒေါင်းစိန်က လက်ဝဲဘက်၊ ကိုလှမောင်က လက်ယာဘက်၊ လှငှား နှစ်ယောက်က အလယ်မှ နေရာယူကာ တန်းစီပြီးပေပြီ။ နွံများကြားထဲတွင် သူတို့၏ ခြေထောက်များမှာ ဒူးဆစ်အထက်နား ရောက်အောင် မြုပ်နေ၏။ သူတို့ လေးယောက်ကား နွံများကို စစ်စစ်ပေါက်ပေါက် မွှေနှောက်ကာ ငါးများကို ရှာဖွေဖမ်းဆီးရင်း တဖြည်းဖြည်းနှင့် ငန်းတိုက်၍ ရှေ့တက်သွားရမည်ဖြစ်သည်။ စာဖတ်သူသည် ရွှံကျင်နေသူများအား မြင်ဖူးပါလိမ့်မည်။ ဗန်းတစ်ချပ်ထဲသို့ မြေကြီးများရော ကျောက်ခဲသလဲများပါ စုပြုံထည့်ပြီး ရေထဲ၌ လှုပ်ကာ ဆေးကာ

ရွှေတိုစများကို ရှာဖွေနေသူများကဲ့ သို့သူတို့လည်း နွံထဲမှ ငါးများကို ကတ်ကတ်သတ်သတ်နှင့် ခဲယဉ်းပင်ပန်းစွာ ရှာဖွေယူရမည် ဖြစ်သည်။

ဖမ်းရမည့် ငါးများမှာလည်း အများအားဖြင့် ငါးကျည်းများသာဖြစ်၍ တကယ့်ကို မလွယ်ပါ။ သူတို့၏ ဆူးတောင်များဖြင့် ဖမ်းမည့်သူအား ခတ်တတ်၍ အခတ်ခံရသူများမှာ မသက်သာလှ။ ဆူးတောင်၌ အဆိပ်ရှိသည်ဖြစ်၍ စပ်ဖျဉ်းဖျဉ်း အောင့်တောင့်တောင့်ဖြင့် အသည်းကြောင်သူများသာ ဆိုလျှင် ထိုင်ငိုရ၏။ ကိုင်းသည်လောက်တောင် အန္တရာယ်ပြုတတ်တဲ့ ငါးတွေကို မြင်မြင် ထင်ထင်မှာ ဖမ်းရ သည်မဟုတ်ဘဲ၊ နွံကြားထဲတွင် ရှာဖွေဖမ်းဆီးရသည်မှာ ဘယ်လောက် စိတ်ပျက်ဖို့ ကောင်းပါသလဲ။

ဒါပေမဲ့ ကိုဒေါင်းစိန် အဖို့တော့ စိတ်မပျက်မိသည့်အပြင် ငါးရတော့မှာမို့ ပို၍ပင် စိတ်အားထက်သန် နေသေးသည်။ ငါးကျည်း စူးချင်စူးပါစေ၊ သူ မကြောက်ပါ၊ ကျင့်သားရပြီး ဖြစ်သောကြောင့် တစ်ကြောင်း၊ ဦးပဥ္စင်း တစ်ပါးထံမှ မြွေဆေး ထိုးထား၍ ငါးကျည်းအဆိပ်လောက်တော့ အပျော့ဟု သဘော ထားသောကြောင့် တစ်ကြောင်း သူ မကြောက်ခြင်းဖြစ်သည်။

လေးယောက်သား လုပ်ငန်းကို အစပြုကြ၏။

ခြင်းတောင်းကို နံဘေး၌ ချကာ သတ္တုပြန်းကန်ပြားဖြင့် နွံကို အသာကလေး ယက်လိုက်လျှင် ငါးကျည်း၊ ငါးခူ၊ ငါးဖျင်းသလက်၊ ငါးပြေမ၊ ငါးရံ့လုံး စသော အောက်ငါးများမှာ ဖလပ် ဖလပ်ဟူသော အသံဖြင့် နွံပေါ်၌ ခုန်ပျံနေကြ၏။ အားလုံးထဲ၌ ငါးကျည်းက အများဆုံးဖြစ်သည်။ သူတို့သည် နွံပေါ်၌ ခုန်ပျံနေသော ထိုငါးများကို သတ္တုပြန်းကန် ပြားဖြင့်ခပ်၍ ခြင်းထောင်း ထဲသို့ထည့်၏။ အတော်ကြီး၍ သတ္တုပြန်းကန်းပြားဖြင့် ခပ်မရသော ငါးခူး၊ ငါးကျည်းများကိုမူ ပေါက်စူးဖြင့် ခေါင်းကိုပေါက်၍ ခြင်းတောင်းထဲသို့ ထည့်ရ၏။ ငါးရံ့ကြီးများကိုမူ ခေါင်းကို တုတ်ဖြင့် ရိုက်ကာ ဖမ်းဆီးယူရ၏။

"ဟေ့ ဒေါင်းစိန်ရဲ့၊ မင်းတော့ ကော်တာပဲဟေ့၊ တို့ ခန့်မှန်းတာ ထက်တောင် ပိုချင် ပိုဦးမယ်"

ကိုလူမောင်က ငါးများကို မဲ၍ ခပ်နေသော ကိုဒေါင်းစိန်အား လှမ်းပြောလိုက်၏။ ကိုဒေါင်းစိန်ကမူ ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးပြလိုက်ကာ ငါးကိုသာ တွင်တွင်ခပ်နေ၏။ တကယ်ဆိုတော့ သူလည်း သိပါသည်။ သတ္တုပန်းကန်ပြားဖြင့် နွံကို ယက်လိုက်လျှင်ပင် ငါးများမှာ တစ်ကောင်ပေါ် တစ်ကောင်ထပ်၍ နွံကြားထဲတွင် အလုအယက် တိုးဝှေ့ ခုန်ပျံနေသည်ကို ကြည့်ခြင်းအားဖြင့် သူ့ရိုးထဲ၌ ငါးအတော်များသည်ကို သူ သိရပါသည်။ သူမျက်နှာကား ကျေနပ်ခြင်း၊ တက်ကြွခြင်း၊ ဝင့်ကြွားခြင်း အရိပ်အယောင်များ ယှက်သန်းနေ၏။

ငါးများ ခုန်ကြ၊ ပျံကြသောကြောင့် လည်းကောင်း၊ ငါးရံ့များကို တုတ်ဖြင့် ရိုက်ရသောကြောင့် လည်းကောင်း၊ သူတို့မျက်နှာနှင့် တစ်ကိုယ်လုံးမှာ ရစရာ မရှိအောင်ပင် ရွှံ့နွံများလွင့်စဉ် ပေကျံကုန်၏။ အမှတ်မဲ့ကြည့်လိုက်လျှင် နွံထဲလူး နေသော ကျွဲကြီးများလားဟု ထင်မှားလောက်အောင်ပင် ရယ်စရာကောင်း နေသည်။ ရယ်ချင်ရယ်ကြပေရော့၊ ကိုဒေါင်းစိန်တို့ကတော့ ငါးဖမ်းရာ၌သာ စိတ် ဝင်စားနေသဖြင့် ဘယ်သူ့ကိုမျှ ဂရုမစိုက်နိုင်ရှိး အမှန်ပါ။

ကိုဒေါင်းစိန်တို့ လေးယောက်သည် နွံများကို စစ်စစ်ပေါက်ပေါက် မွှေနှောက်ကာ ငါးများကို ရှာဖွေ ခပ်ယူရင်း တဖြည်းဖြည်းနှင့် နွံများကို တိုးဝှေ့ကာ ရှေ့တိုးလာကြ၏။ ကိုဒေါင်းစိန်သည် လက်ထဲမှ သတ္တုပန်းကန်ပြားဖြင့် မွှေနှောက်ခြင်း မပြုရသေးသော နွံကိုယက်လိုက်၍ နွံကြားထဲမှ တိုးထွက် လာသော ငါးကျည်းတစ်ကောင်ကို သတ္တုပန်းကန်ပြားဖြင့် ဝှေ့၍ခပ်လိုက်၏။ သတ္တုပန်း ကန်ပြားထဲ ရောက်လာသော ငါးကျည်းသည် သူ၏ ဘေးကို မမြင်မိ သဖြင့် အငြိမ်မနေဘဲ ဆူးတောင်ကိုကား၍ လူးလှိမ့်ခုန်ပျံနေရာ၊ ကိုဒေါင်းစိန်၏ လက်မကို ငါးကျည်းဆူးတောင်ဖြင့် ခတ်မိ၏။ သို့သော် ကိုဒေါင်းစိန် ဂရုမစိုက်ဘဲ

ငါးကိုသာ ခြင်းတောင်းထဲအရောက် ထည့်လိုက်၏။ ပြီးမှ သူ့လက်မကို ပြန်ကြည့်လိုက်ရာ ဟက်တက်ကွဲ၍ သွေးများ ထွက်နေသည်ကို မြင်ရ၏။ သူသည် မထီတရီ အပြုံးမျိုးကို ပြုံးလိုက်ကာ လက်မှ နွံများကို ဖယ်ရှားပစ်ပြီး ပါးစပ်ထဲသို့ ထည့်၍ ငုံထား၏။

"မယ်စိန်ရေ ... တောင်းပြည့်နေပြီဟေ့၊ လာယူလှည့်"

သူသည် ငါးရစ်တဲပေါ်မှ မယ်စိန်အားလှမ်း၍ ဟစ်လိုက်၏။ မယ်စိန်သည် ဘယ်တုန်းက ရောက်နေသည်ကို မသိရသေးသော အဖော်မိန်းမ တစ်ယောက်နှင့် ဆင်းလာကာ၊ ငါးများဖြင့် ပြည့်နေသော တောင်းများကို လှမ်းယူ၏။ သူသည် မယ်စိန်အား ကြင်နာစွာ ကြည့်၍ -

"ငါးတော့ တော်တော်ပဲများတယ် မယ်စိန်ရေ၊ တို့တော့ ဒီနှစ် အိမ်ကလေးကိုလည်း အသစ်ပြန်ဆောက် နိုင်မယ်၊ ခြင်ထောင်ကလေး၊ စောင်ကလေးလည်း ဝယ်နိုင်ကောင်းပါရဲ့။ ဒီတစ်ချိန်မှ မဝယ်နိုင်ရင် ဘယ်တော့မှ ဝယ်နိုင်မှာ မဟုတ်ဘူး"

"ငါးများမှပဲ ဖြစ်မယ်တော်ရေ့၊ ခြင်ထောင်ကလေး၊ စောင်ကလေး ဝယ်ဖို့ထက် တစ်မိုးတွင်းလုံး စားသွားဖို့ အရေးကြီးက ရှိသေးတယ်။ သူများလို ဝမ်းစာ စပါးထားနိုင်တဲ့လူတွေ မဟုတ်လို့ မိုးတွင်း ရောက်လာမှာများ ကျူပ်ဖြင့် တွေးပြီး ကြောက်နေရတယ်။ အခု ရေပြန်ချုပ်နဲ့ ငါးရစ်က ငါးအတော် တက်လို့ ကိုယ်ပိုင် ငွေရင်းကလေး အနည်းအကျဉ်းလောက် လက်ကိုင်ထားရင်တော့ ဟိုဟာ ဒီဟာလေး မတောက်တစ်ခေါက် လုပ်ရင်းနဲ့ အလျဉ်မီသွားနိုင်တာပေါ့"

သူတို့ဇနီးမောင်နှံ အပြန်အလှန် ပြောဆိုနေသော စကားကို ကြားရသော ကိုလှမောင်သည် နွံထဲမှ ငါးများကို ကုန်း၍ ခပ်နေရာမှ ခါးဆန့်၍ ရပ်လိုက်ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရင်း -

"ဒါတွေ ပူမနေပါနဲ့ဟ မယ်စိန်ရ၊ ဒီနှစ်တော့ နင်တို့ ကြက်ကန်း ဆန်အိုးတိုးတဲ့ ကိန်းဆိုက်ဖို့ သေချာတယ်။ ငါ ထင်လိုက်ရင် ဘယ်တုန်းက လွဲဖူးဖို့လဲ၊ ညနေ အလုပ်သိမ်းရင် သောက်ရအောင်ငါပဖို့ အရက်တစ်ပုလင်းသာ ဝယ်ထားလိုက်ပါ၊ ငါးကျည်းစူးလွန်းလို့ လူတစ်ကိုယ်လုံး ဖိန်းတိန်းတိန်းကြီး ဖြစ်နေတဲ့အတွက် အရက်သောက် ရမှဖြစ်မယ်။ ငါ တစ်နေ့လုံး ကူညီလုပ် နေတာဟာ အရက်တစ် ပုလင်းမကတော့ တန်ပါတယ်ဟာ"

"အချိန်မီ ပြီးအောင်သာလုပ်ပါ၊ တစ်ပုလင်းမက သောက်ချင်သလောက် သောက်ရပါစေ့မယ်"

ပြောပြောဆိုဆိုပင် မယ်စိန်နှင့် အဖော်မိန်းမသည် ခြင်းတောင်းကို တစ်ယောက်တစ်ဖက် ဆွဲ၍ တမံရှေ့ရှိ ချောင်းမထဲသို့ ယူသွားကာ လှုပ်ခါ၍ ဆေးနေ၏။ နွံများစင်ကြယ်၍ ငါးချည်းသန့်သန့် ကျန်ရစ်ခဲ့မှ ရေထဲ၌ ငါးလှောင်ရန် ပြုလုပ်ထားသော မြုံးထဲသို့ လောင်းထည့်လိုက်၏။

အချိန်ကား တဖြည်းဖြည်း ရွေ့လျားလာရာ သူတို့ရပ်ရွာ အခေါ်အားဖြင့် နေဝင်ဆည်းဆာဟု ခေါ်သော အချိန်သို့ ရောက်ခဲ့လေပြီ။ ကိုဒေါင်းစိန်တို့ တစ်တွေလည်း နွံထဲမှ ငါးများကို စစ်စစ်ပေါက် ပေါက်နှင့် အိတ်သွန်ဖာမှောက် ဖမ်းဆီးပြီးဖြစ်၍ အနားယူရန် ကုန်းပေါ် တက်လာကြလေပြီ။ ပထမတစ်ကန့်မှာ လုံးဝပြီးစီးခဲ့ပြီဖြစ်၍ အနားယူရန် ကုန်းပေါ်တက်လာကြလေပြီ။ ကျန်သည့် အကန့်များအဖို့ ပက်နေရန် မလိုတော့ဘဲ တမံကိုချိုး၍ ရေကိုလွှတ်ကာ ငါးဖမ်းရုံသာ ရှိတော့သဖြင့် သူတို့၌ အတော်ပင် ဝန်ပေါ့သွားလေပြီ။ တစ်နေ့လုံး အပြင်းအထန် လုပ်ကိုင်ခဲ့ရသည့် ဒဏ်ကြောင့် သူတို့တစ်ကိုယ်လုံး မလှုပ်ချင် မရှားချင်လောက် အောင်ပင် ပင်ပန်းနွမ်းနယ်နေကြပေပြီ။

သို့သော် မယ်စိန် အသင့်ဝယ်ထားသော အရက်ပုလင်း နှစ်လုံးကား သူတို့၏ ပင်ပန်းခြင်းကို ဖြေဖျောက်မည့် မဟာဩသဓ နတ်ဆေးကြီးပေတည်း။

အလျှင့်အလျင်က ကိုဒေါင်းစိန် အရက်သောက်၍ ဆူခဲ့ပူခဲ့ဖူးသော မယ်စိန်သည် ယခုလို အလုပ်ကလည်း ဟန်ပုံပေါ်၊ အလွန့် အလွန်လည်း ပင်ပန်းနေပုံ ရသောကြောင့် ကိုလူမောင်နှင့် သူ့ချစ်လင်လည်း သောက်ချင်သောက်ပါ စေဟူသော စေတနာဖြင့် အရက်နှစ်ပုလင်းကို အသင့် ဝယ်ယူထားခြင်းဖြစ်သည်။ အမြီးအတွက်ပင် ငါးရှူကြီး နှစ်ကောင်ကို တံစိုးထိုး၍ အသင့်ကင် ထားပြီး ဖြစ်နေသည်။

ရေမိုးချိုးပြီးသောခါ သူတို့သည် ငါးရစ်တဲပေါ်၌ ဝိုင်းဖွဲ့၍ထိုင်ကာ အရက်ကလေး သောက်လိုက်၊ ငါးရှူကင် ကလေး မြည်းလိုက်ဖြင့် တစ်နေ့လုံး ပင်ပန်းခဲ့သမျှ အတိုးချ ဖိမ်ယူနေ၏။ တဖြည်းဖြည်းနှင့် နေလုံးပျောက်၍ အမှောင်ရောက်လာရာ၊ ကိုဒေါင်းစိန်တို့ ငါးရစ်တဲကလေးပင် အမှောင်က ဝါးမျို လိုက်ပြီဖြစ်၍ သူတို့၏ တစ်နေ့တာ ဝမ်းရေးတိုက်ပွဲ ဇာတ်လမ်းကလေးမှာလည်း ပြည်ဖုံးကားချ၍ ကွယ်ပျောက်ရလေပြီ တကား...။

~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~

(၄)

ယနေ့ကား မယ်စိန် ထဘီရင်ရှားကို ဖြတ်၍ အင်္ကျီဝတ်ဆင်သော နေ့ပေတည်း။ မကသေး၊ ထူးထူးခြားခြား သနပ်ခါး အဖွေးသားကလေးနှင့် ဖြစ်နေသော နေ့လည်း ဖြစ်ပါသေးသည်။ သို့သော် ကျောက်ပြင်နှင့် သနပ်ခါးတုံး သူမ၏ အိမ်၌ရှိလို့ လိမ်းနိုင်ခြင်းတော့ မဟုတ်ပါ။ ကိုလေးဖိုးကွန့်ရဲ့ မိန်းမ မပြားကြီးအိမ်မှာ သွားလိမ်းရခြင်းဖြစ်ပါသည်။ ဟုတ်တယ်လေ၊ ဒီနေ့ဟာ ဦးဘမောင်ဆီမှာ စာရင်းသွားရှင်းရမယ့်နေ့ မဟုတ်လား။ ဦးဘမောင်လို သူကုံထံ ကုန်သည်ကြီးထံကို သွားရမှာဆိုတော့ သပ်သပ်ရပ်ရပ် ဖီးလိမ်း ဝတ်စား သွားမှာဖြစ်မှာပေါ့။

ကိုဒေါင်းစိန်သည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် တစ်မျိုးပင် ထည်ဝါနေသော သူ့ဇနီးသည်အား စူးစိုက်စွာ ကြည့်နေမိ၏။ အမြဲပင် ထဘီရင်ရှားနှင့် မြင်နေရ၍ ရိုးနေသော မယ်စိန်အား ခုလို ပိတ်အင်္ကျီ ကလေးဝတ်၍ သနပ်ခါးဘဲကျား ရိုက်ထားသည့် အပြောင်းအလဲနှင့် မြင်လိုက်ရသောအခါ သူ့စိတ်ကလေးမှာ ကြည်နူးလာ၏။ ရေပြန်ချုပ်မှ ငါးအတော်တက် လိုက်၍ အူမြူးနေရာတွင် သည်လို ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် မယ်စိန်အား ကြည်နူးဖွယ်ရာ မြင်လိုက်ရပြန်သည့် အခါ၌ကား သူ့စိတ်တွင်းမှ ပျော်သလိုလို ဘာလိုလိုနှင့် မရိုးမရွ ဖြစ်လာ၏။ ထပဲ ကလိုက်ချင် သလို၊ သီချင်းပဲ ဟစ်ဆိုလိုက်ရတော့မလိုလို။ သို့သော် မယ်စိန်ကား ပိတ်အင်္ကျီကို လုံးချင်းသာ ဝတ်ထား၍ အတွင်းမှ ချွေးခံအင်္ကျီပင် မပါရှာပါတကား။

"ဟဲ ဟဲ မယ်စိန်က ခုလို ဖြီးလိုက်လိမ်းလိုက်တော့ အတော်ထက်လာတယ်ပေ့ါ ဟို ဇာတ်မင်းသမီး တောသူမ ခင်ကြည်လောက် နီးနီး ငယ်မူငယ်သွေးကလေး ပေါ်ထွက်လာတာပဲ။ ငါ့စိတ်ထဲမှာတော့ မရိုးမရွနဲ့ ဖိုးသာဝတို့ ခြံထဲက နွားသိုးကြီးလို လေးဖက်ထောက်ပြီးသာ တွန်လိုက်ချင်တော့တာပဲ၊ နေ့ခင်း ကြောင်တောင် ကြီးမို့ လူသူလေးပါး မြင်သွားမှာစိုးလို့"

ကိုဒေါင်းစိန်က သူ့စိတ်အတွင်း၌ ရိုးတိုးရွတ ဖြစ်နေသည်များကို မျိုသိပ်မထားနိုင်ဘဲ ဖော်ထုတ်လိုက်၏။ ဒါကို မယ်စိန်က မျက်စောင်းတစ်ချက် ပစ်ထိုးလိုက်ရင်း -

"ဟင်းနော်၊ သချိုင်းကုန်းကြီး၊ တော် နန့်ကြောဆွဲဖို့ ကျုပ် ဖြီးလိမ်းထားတာ မဟုတ်ဘူး၊ ဦးဘမောင်ဆီ စာရင်း ရှင်း သွားရအောင်လို့ ဖြီးလိမ်းထားတာ ကိုင်း ... တော်လည်း အဝတ်အစားလဲလေ"

"ဟဲ ဟဲ အဝတ်အစား လဲလေတဲ့၊ လဲစရာ အဝတ်အစားတွေက တစ်ပုံတစ်ခေါင်းကြီးကို"

"ဩော် ... ရှိတဲ့ဟာပဲ ဝတ်လိုက်ပေ့ါ"

"အိုကွာ ... ငါ မလိုက်ချင်ပါဘူး၊ မင်းပဲ သွားရှင်းပေ့ါ၊ မင်းရှင်းခဲ့လည်း ကိစ္စပြီးတာပဲဟာ"

ကိုဒေါင်းစိန်ကား အင်တင်တင် လုပ်နေ၏။ သူကား စိတ်အားပျော့သော ဂုဏ်ငယ်သောသူ တစ်ယောက်ပီပီ ငွေရှင် ကြေးရှင်များ၊ လူကုံထံများနှင့် မျက်နှာချင်းဆိုင်ရမည်ကို ကြောက်တတ်၏။ မလွဲမရှောင်သာလို့များ ရင်ဆိုင်ရသည့်တိုင် သူ ရသင့် ရထိုက်သော အခွင့်အရေးများအတွက် ခုခံပြော ဆိုရဲသူ မဟုတ်ပေ။ ငွေရှင် ကြေးရှင်များ ရှင်းပေးလိုက်သလိုသာ ခေါင်းငုံ့ကျေနပ်ပြီး

ပြန်လာတတ်သူ ဖြစ်သည်။ ထို့ကြောင့် ငွေရှင် ကြေးရှင်များနှင့် ဆက်သွယ်ရာတွင် ဆတ်ဆတ်ကြဲ မယ်စိန်ကချည်း တာဝန်ယူ ဆက်သွယ်ရသည်။

"အင်း ... နေရာတကာ ကျုပ်ကိုချည်းပဲ လွှတ်၊ တော်ကတော့ တစ်သက်လုံး အဲဒီလို လူတော မတိုးဝံ့ဘဲ နေသွား၊ ကျုပ်က မသွားချင်လို့ ကတ်တွက်နေတာ မဟုတ်ပါဘူး၊ အိမ်ဦးနတ်ဖြစ်တဲ့ ကိုယ့်လင်သားရယ်လို့ ဒီလို အလုပ်ကိစ္စတွေမှာ ရှေ့က ထားပြီး ဂုဏ်တင်ပေးချင်လို့ပါ။ ဟိုကျရင် တော် ဘာမှ မပြောချင်နေပါ၊ ကျုပ်တစ်ယောက်တည်း ပြောသွားပါ့မယ်၊ တော်က ဣန္ဒြေရရနဲ့ ထိုင်နေရုံကလေးပါ"

မယ်စိန်ပြောတာလည်း ဟုတ်လှသည်။ ဟိုလူ့ဆီ ငွေထုတ်ပေးဖို့ သွားပြောလည်း မယ်စိန်၊ ဒီလူ့ဆီ စာရင်း သွားရှင်းလည်း မယ်စိန်၊ ငွေရှင်တွေက မတန်တဆ အခွင့်အရေးတွေကို ယူထားလို့ အော်ကျယ် ဟစ်ကျယ် ပြောလည်း မယ်စိန်။ သို့သော် သူမကား သူ့ချစ်လင်အား ငြူစူခြင်း မရှိခဲ့ဖူးပါ။ ကတ်တွက်ခြင်း မရှိခဲ့ဖူးပါ။ ဒီနေ့လို သူမတို့အဖို့ တကယ့်အလုပ်အကိုင်ကြီးဟု ခေါ်လောက်သည့် ရေပြန်ချုပ် ပြီးဆုံးလို့ စာရင်းရှင်းရမည့် အခါတွင်မှ သူမ၏ ချစ်လင်ကို ရှေ့ကထားပြီး ဂုဏ်တင်ပေး ချင်လွန်းလို့ မရအရ ခေါ်နေခြင်း သာဖြစ်ရာ သည်။ ကိုဒေါင်းစိန်ကား ဆက်လက်ငြင်းဆန်ရန် မတတ်နိုင်တော့။

"အေးပါကွာ ... ဒီလိုဆိုရင်လည်း လိုက်ပါ့မယ်"

သူသည် ဒါပဲသာ ပြောပြီး သူ၏ မရိုးနိုင်သော တပတ်နွမ်း ကာကီ ရှပ်လက်တိုကို ယူဝတ်၍ မယ်စိန်နှင့်အတူ လိုက်ခဲ့၏။ လမ်းလျှောက်လာရင်း သူ အတွေးနယ်ချဲ့မိသဖြင့် မယ်စိန်အား စကားပင် မပြောမိ။ ငါးရစ်၏ ရှေ့တော်ပြေး ဖြစ်သော ရေပြန်ချုပ်ကား ပြီးခဲ့လေပြီ။ ငါး အတော်လေး ရလိုက်ပါ၏။ ငါးခူနှင့် ငါးရံ့ခြောက်ကို ဦးဘမောင်သို့ လည်းကောင်း၊ ငါးကျည်းများကို ငါးကျည်းကျပ် တိုက်သူများအား လည်းကောင်း အသီးသီး ချိန်ပေးလိုက် ရ၍ ဈေးကိုတော့

မဖြတ်ရသေး။ ဒါကြောင့် သူ့ရှိုးမှ ရသည့် ငါးအချိန်ကိုသိပြီး ဖြစ်သော်လည်း ငွေ ဘယ်လောက် ရမည်ဟုကား မသိနိုင်သေး။ ဈေးဖြတ်ပြီး၍ စာရင်းများ ရှင်းပြီးသည့်အခါတွင်မှ ငွေ ဘယ်လောက် ရမည်ကို သူ သိရမည်။ သူကား အမြန်ဆုံး သိချင်လှပါပြီ။

"နေပါဦး၊ ဦးဘမောင်ကို တို့ချိန်ပေးလိုက်တာ ငါးရှူးက ဘယ်လောက်၊ ငါးရံ့ခြောက်က ဘယ်လောက်လဲ"

ကိုဒေါင်းစိန်က သူ့ဘေးနားမှ မယ်စိန်အား ရုတ်တရက် လှည့်၍ မေးလိုက်၏။ ကျောင်း၌ ဂဏန်းသင်္ချာ မသင်ဖူး ပါဘဲနှင့် မိန်းမတွက် (ဝါ) နှုတ်တွက်တွင် အလွန်လျင်မြန်၍ သတိကောင်းသော မယ်စိန်က နှုတ်ဆိုင်း နေခြင်း မရှိဘဲ ချက်ချင်းပင် ဖြေကြားလိုက်၏။

"ငါးရှူက ခြောက်ဆယ့်လေး ပိဿာ၊ ငါးရံ့ခြောက်က တစ်ဆယ့်လေး ပိဿာ။ အခု ပေါက်ဈေးနဲ့ဆိုရင် ငါးရှူက အချိန်တစ်ရာကို တစ်ရာ့နှစ်ဆယ် ဈေးဆိုတော့ အချိန်ငါးဆယ်ကို ငွေခြောက်ဆယ်၊ အချိန် တစ်ဆယ်က တစ်ဆယ့် နှစ်ကျပ်၊ ပေါင်း ခုနစ်ဆယ့်နှစ်ကျပ်။ ကျန်တဲ့ လေးပိဿာဖိုးက လေးကျပ်ရယ်၊ သုံးမတ်ရယ်၊ ငါးကျပ် မတ်တင်း။ အားလုံးပေါင်း ခုနစ်ဆယ့် ခုနစ်ကျပ် မတ်တင်းရမယ်၊ ငါးရှု ခြောက်ဆယ့်လေး ပိဿာ ဖိုးငွေ ခုနစ်ဆယ့်ခုနစ်ကျပ် မတ်တင်းကို ခဏမှတ်ထားစမ်းပါ"

"အေး ငါးရှု ခြောက်ဆယ့်လေးပိဿာဖိုး ခုနစ်ဆယ့် ခုနစ်ကျပ် မတ်တင်း၊ ကဲ ... မှတ်ပြီးပြီ"

"ငါးရံ့ခြောက် ဆယ့်လေးပိဿာက အခုပေါက်ဈေး ခြောက်ရာဈေး ဆိုတော့ တစ်ဆယ်က ခြောက်ဆယ်၊ လေးပိဿာက နှစ်ဆယ့် လေးကျပ်။ ပေါင်း ရှစ်ဆယ့်လေးကျပ်။ ခုန ငါးရှူးဖိုးက ဘယ်လောက်လဲ"

ကိုဒေါင်းစိန်သည် မေ့သွား၍ ချက်ချင်း ပြန် မပြောနိုင်သေးဘဲ အတော်ကလေး ကြာမှ သတိပြန် ရလာ ဟန်ဖြင့် "ခုနစ်ဆယ့် ခုနစ်ကျပ် မတ်တင်း" ဟု ဖြေလိုက်၏။

"ရှစ်ဆယ့်လေးကျပ်ရယ်၊ ခုနစ်ဆယ်ရယ်ဆိုတော့ တစ်ရာငါးဆယ့် လေးကျပ်၊ ခုနစ်ကျပ်မတ်တင်း ပြန်ထည့်၊ အားလုံးပေါင်း တစ်ရာခြောက်ဆယ့် တစ်ကျပ် မတ်တင်း ရမယ်"

"ဒါကတော့ နင်က ခုပေါက်စျေးနဲ့ တွက်နေတာကိုးဟ၊ ဦးဘမောင်က ငွေထုတ်ပေးထားရတဲ့သူမို့ ပေါက်စျေး ဘယ်ပေး မလဲ၊ တကဲယုတ်စျေးပဲ ချေမှာပေါ့"

(မှတ်ချက်။ ။ တကဲယုတ်စျေး ဆိုသည်မှာ စျေးနှုန်းတန်ဖိုး တစ်ရာလျှင် ငွေတစ်ဆယ် လျှော့၍ တွက်ခြင်း ဖြစ်သည်။ ဥပမာ ငါးရာစျေးရှိသော ကုန်ကို တစ်ရာ တစ်ဆယ်ကိန်းဖြင့်၊ ငါးရာကို ငါးဆယ်လျှော့၍ လေးရာ့ငါးဆယ် စျေးသာ ရှင်းပေးခြင်းကို ဆိုလိုသည်။)

"သူ့ငွေ ယူထားတာက ငါးဆယ်ထဲကို၊ ငါးဆယ်အတွက်သာ တကဲယုတ်စျေးနဲ့ အရှင်းခံနိုင်မှာပေါ့တော်၊ အကုန်လုံး လိုက်ပြီး တကဲယုတ်စျေးနဲ့ အရှင်းခံနိုင်ပါ့မလား။ နောက်ပြီး သူ့ငွေကိုယူတာ ရက်ကြာတာမှ မဟုတ်ဘဲ၊ ခြောက်ရက်လောက်ပဲ ကြာတာ၊ ဒါလောက်ဆို တော်ရောပေါ့"

"ဒါက တို့ဘက်ကသာ ကြည့်ပြီး ပြောတာကိုးဟ၊ သူ့ဘက်က ပြန်ကြည့်တော့လည်း ဒါလောက် အခွင့်အရေးလေးကို မြင်တာနဲ့ တို့လို ဘာပစ္စည်းတစ်ခုမှ အာမခံ မပေးနိုင်တဲ့ လူစားတွေကို ငွေငါးဆယ် ရင့်မကြီး ထုတ်ပေး ပါ့မလားဟ"

"တော်က ဒါလောက်ပဲ သိတာကိုး၊ သူက တကဲယုတ်ဈေးနဲ့ လျှော့ပေးရလို့ အခု လက်ငင်းလည်း မြတ်နေပြီ၊ နောက် ကုန်ပြန်ရောင်း တော့လည်း မြတ်ဦးမယ်၊ နှစ်ထပ်ကွမ်း မြတ်နေတာမို့ သူက ဘာများ နာစရာ ရှိရမှာလဲ"

ပြောရင်း ဆိုရင်းနှင့်ပင် ဦးဘမောင် တည်းခိုသော အိမ်ရှေ့သို့ ရောက်လာခဲ့ကြသည်။ သူတို့သည် အိမ်တွင်းသို့ ဝင်လာရာ ဦးဘမောင်မှာ သူငွေပေးထားသော အင်းသားကြီးအချို့နှင့် စာရင်းရှင်းနေကြ ခိုက်ဖြစ်၍ သူတို့ နှစ်ဦးမှာ ဖိနပ်ချွတ်တွင် ကျုံ့ကျုံ့ယုံ့ ယုံ့ကလေး ထိုင်စောင့်နေကြရသည်။

ကိုဒေါင်းစိန်သည် ဖိနပ်ချွတ်တွင် ထိုင်နေရာမှ အိမ်ရှေ့ဘက်သို့ လှမ်းကြည့် လိုက်သည်။ အိမ်ရှေ့၌ စီတန်းစိုက်ထူထားသော ရာဝင်အိုး အလုံး နှစ်ဆယ် ခန့်ကို တွေ့မြင်နေရသည်။ အိုးထဲ၌ ငါးခူ ငါးပိကောင်၊ ငါးပတ် ငါးပိကောင်၊ ခေါင်းဖြတ် ငါးပိကောင်များကို သူ့အိုးနှင့်သူ ခွဲခြားထည့်သို ထားသည်။ အိုးများ ဘေး၌ ငှက်ပျောရွက် စိမ်းများနှင့် ငါးပိထည့်သော ပုတ်များကို မြင်ရခြင်းအားဖြင့်လည်း မကြာမီအတွင်း မြို့သို့ တင်ပို့ရန် စီစဉ်ထားကြောင်း သိနိုင်သည်။ နောက် သူသည် အိမ်တွင်းသို့ လှည့်၍ စူးစမ်းပြန်၏။ ငါးရံ့ခြောက်လိပ်များ၊ ငါးကျည်း ကျပ်တိုက်ခြောက်များ၊ ဘူးခြောက်အိတ်များကို အများအပြား တွေ့ရ၏။ ဒါတွေက ဦးဘမောင် အခြေအနေကို ဖော်ပြနေသည်။ တစ်နွေလုံး ဈေးနှုန်း သက်သာစွာဖြင့် ဝယ်လှောင် ထားသော ကုန်များအား ယခု ရာသီရောက်၍ ဈေးအတက်တွင် ရန်ကုန်မှ သူ့ပွဲရုံသို့ တင်ပို့ကာ ဈေးကောင်း ကောင်းနှင့် ရောင်းပေတော့မည်။

"ဩော် ... ဒေါင်းစိန်နဲ့ မယ်စိန်ပါလား၊ စာရင်း လာရှင်းကြတယ် ထင်ပါရဲ့"

အင်းသားကြီးများ စာရင်းရှင်း၍ ပြီးပြတ်သွားဟန်ဖြင့် ထပြန်သွားမှ ဦးဘမောင်က သူတို့အား စိတ်ဝင်စားကာ သူတို့နှစ်ဦး၏ လာခြင်းအကြောင်း ရင်းကို စူးစမ်းလိုက်၏။ နှစ်ဦးသား "ဟုတ်ကဲ့" ဟု သံပြိုင် အဖြေပေး လိုက်သည်နှင့် တစ်ပြိုင်နက် ဦးဘမောင်သည် သူ၏ စာရင်းစာအုပ်ကြီးကို လှန်လှော၍ ကိုဒေါင်းစိန်တို့ စာရင်းကို ရှာဖွေနေ၏။ နောက် တွေ့သွားသည့်ပုံဖြင့် စာမျက်နှာ တစ်နေရာ ဆီသို့ စူးစိုက် ကြည့်ကာ နှုတ်မှလည်း ထုတ်ဖော် ဖတ်ကြားနေ၏။

"ငါးရူက ခြောက်ဆယ့် လေးပိဿာ၊ ငါးရံ့ခြောက်က တစ်ဆယ့်လေး ပိဿာ၊ နှစ်ရပ်ပေါင်း သင့်ငွေက တစ်ရာ့ လေးဆယ့်တစ်ကျပ်။ မင်းတို့ ယူငွေက ငါးဆယ်ဆိုတော့ ငါးဆယ်နုတ်၊ ကျန်ငွေ ကိုးဆယ့်တစ်ကျပ်။ မင်း တို့ကို ငါက ကိုးဆယ့်တစ်ကျပ် ထပ်ပေးရင်ပြီးရော ..."

မယ်စိန်နှင့် ကိုဒေါင်းစိန်ကား ငြိမ်သက်စွာပင် စဉ်းစားနေ၏။ ဦးဘမောင် သည် ဘယ်ဈေးနှုန်းထား၍ ရှင်းလင်းပေးသည်ဟု ဖော်မပြဘဲ သင့်ငွေကိုသာ ဖော်ပြ၍ လုံးထွေး ပြောလိုက်၏။ ပေါက်ဈေးဖြင့် သူတို့ တွက်ကြည့်စဉ်က သင့်ငွေမှာ တစ်ရာ့ခြောက်ဆယ့် တစ်ကျပ်ဖြစ်၍၊ ယခု ဦးဘမောင်က သင့်ငွေမှာ တစ်ရာ လေးဆယ့် တစ်ကျပ်ဖြစ်သည်ဟု ဆို၏။ ငွေနှစ်ဆယ်တောင် ကွာနေ သည်။ သူ့ ငွေငါးဆယ်ကို ခြောက်ရက်လောက် ယူသုံးမိတာနဲ့ ငွေနှစ်ဆယ် အတိုးယူထားသော သဘောဖြစ် သည်။ ငါးကျပ်တစ်ဆယ် လောက်ဆိုရင်တော့ သူတို့ ဘာမှ မပြောလိုပါ။ သူ ငွေထုတ်ပေးလို့သာ သူတို့ ဒီလို အလုပ်လုပ်နိုင်တာ မဟုတ်လား။ ဒါပေမဲ့ နှစ်ဆယ်တောင် ကွာနေတော့ ငြိမ်ခံမနေနိုင်။

"နေပါဦး၊ ငါးပိက ဘယ်ဈေး၊ ငါးရံ့ခြောက်က ဘယ်ဈေးထားပြီး ရှင်းပေးလို့လဲ"

မယ်စိန်က အမေးတွင် ဦးဘမောင်သည် စာရင်းစာအုပ်ကို ပြန်ကြည့်ပြီး -

"ငါးပိက တစ်ရာဈေး၊ ငါးရံ့ခြောက်က ငါးရာ့ငါးဆယ်ဈေးလေ" ဟု ဖြေလိုက်၏။

"ငါးရံ့ခြောက်က ပေါက်ဈေး ခြောက်ရာဈေးဆိုတော့ တကဲယုတ်နဲ့ ဆိုရင် ငါးရာ့ငါးဆယ်ဈေးထားပြီး ရှင်းတာကတော့ ထားပါတော့၊ ငါးပိက ပေါက်ဈေး တစ်ရာ့နှစ်ဆယ်ဈေး ရှိတာမို့ တစ်ရာဈေးဆိုတော့ မနည်းလွန်း ဘူးလား၊ နောက်ပြီး ယူငွေက ငါးဆယ်ထဲမို့ ငါးဆယ် အတွက်သာ တကဲယုတ် ထား ရှင်းရမယ် မဟုတ်လား၊ အခုလို ကုန်ဖိုးငွေအကုန်လုံး တကဲယုတ် ထားရှင်းလို့ ကျွန်မတို့ သိပ်နစ်နာမှာပေါ့"

"အေး နင်တို့က နစ်နာတယ်ဆိုရင် ငါ ဘယ့်နှယ်မှ မတတ်နိုင်ဘူး၊ နင်တို့လို ခြောက်ပြား တစ်ပဲ သမား တွေတင် မဟုတ်ဘူး၊ အင်းသားကြီး တွေလည်း ဒီလိုပဲ ရှင်းပေးလိုက်တာပဲ။ နင်တို့ ငွေယူစဉ်ကတော့ မျက်နှာ ကလေး ငယ်ငယ်နဲ့ ငါးရရင် ကြိုက်သလို ထားရှင်းပါ၊ ဘာညာနဲ့ပြောပြီး၊ နောက် ငါးလည်းရရော စကားများလာရော၊ ကိုယ်အလုပ် လုပ်နိုင်အောင် ငွေထုတ်ပေး ထားရတဲ့ ကျေးဇူးကို ဘယ်တော့မှ မထောက်မျှော် တော့ဘူး"

ဦးဘမောင်ကား ခပ်ပြတ်ပြတ်ပင် ပြောနေလေပြီ။ သူ့ကိုပင် ပြန်၍ ကျေးဇူးတင် ရဦးတော့မလိုလို ပြောဆိုနေ၏။ ထပ်ပြော၍လည်း အကျိုးထူး တော့မည် မဟုတ်သည်ကို ကိုဒေါင်းစိန် ရိပ်မိ၏။ မထူးတော့သည့် အတူတူတော့ အမုန်းအဖတ်တင်မခံဘဲ အေးအေးပင် ထပြန်သွားက နောင်အခါ ငွေလိုလျှင် အပြောရ လွယ်မည် မဟုတ်ပါလော။ သူသည် မယ်စိန်အား အကဲခတ်သလို ကြည့်လိုက်၏။ မယ်စိန်ကတော့ ကျေနပ်ပုံ မရ။ သူမက အတိုက်အခံပြောရန် အားယူနေဟန်ရှိ၏။ သူမ၏ စကား ထွက်မလာခင် သူက ရှေ့မှ အုပ်အုပ် ဆိုင်းဆိုင်း ပြောပြီး အမြန် ထ ပြန်မှ ဖြစ်မည်။

"ဟုတ်ကဲ့၊ ဦး ငွေထုတ်ပေးလို့သာ ကျွန်တော်တို့ ဒီလို အလွယ်တကူ အလုပ် လုပ်နိုင်တာမို့ ကျေးဇူး တင်ပါတယ်၊ နောက်ကိုလည်း ငွေလေး ဘာလေး လိုရင်လည်း မစပါ ခင်ဗျာ၊ ယခု ရှင်းပေးလိုက်တဲ့ အတိုင်းပဲ ကျန်ငွေ ကိုးဆယ့်တစ်ကျပ်သာ ပေးပါခင်ဗျာ"

သူ သည်လို ပြောလိုက်သည့်အတွက် မယ်စိန် သူ့အား မျက်စောင်း ထိုးလိုက်သည်ကို သူ သိလိုက် သော်လည်း မသိဟန် ဆောင်နေ၏။ ဦးဘမောင် ထုတ်ပေးသော ငွေကို မယ်စိန့်လက်သို့ အမြန် အပ်ကာ -

"ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်" ဟု ဦးဘမောင်အား ကတိုက်ကရိုက် နှုတ်ဆက်၍ ခပ်သုတ်သုတ် ထွက်ခဲ့သဖြင့် မယ်စိန်မှာ အောင့်သက်သက်နှင့် ထလိုက်ခဲ့ရ၏။

"နေပါဦး၊ တော်က တော့်ယောက်ဖမို့ ဒါလောက်တောင် အလျှော့ပေးနေ ရတာလား၊ သူ့ကို ဂုဏ်ပေး ချင်လို့ ခေါ်လာ မိတာ ငါးပါးမှောက်တဲ့ ဇာတ်ခင်း မိသလို ဖြစ်တာပဲ"

မယ်စိန်က ခပ်သွက်သွက် လျှောက်နေသော ကိုဒေါင်းစိန်အား အမီလိုက်လာကာ မကျေနိုင် မချမ်း နိုင်သော လေသံဖြင့် ပြောလိုက်၏။ ဒါကို ကိုဒေါင်းစိန်က သူ့ဝါဒအတိုင်း လေအေးကလေးဖြင့် ဖျောင်းဖျ ပြောဆို လိုက်၏။

"မဟုတ်ဘူး မယ်စိန်ရဲ့၊ အော်ကျယ်ကျယ် ပြောတိုင်းလည်း ကောင်းတာ မဟုတ်ဘူး၊ ရှေ့ရေးကို ကြည့်ရ သေးတယ်၊ အခု တို့ပြန်ပြီး ပြောနေလည်း အကြောင်းထူးမှာ မဟုတ်ဘူး၊ အကြောင်းမထူးမဲ့ အတူတော့ အမုန်းခံပြီး ပြောနေလို့ ပိုနေမှာပေ့ါ၊ နောက်လုပ်ငန်းတစ်ခု လုပ်စရာရှိလို့ ငွေလိုတဲ့ခါ အပြောရ ခက်မနေ ဘူးလား၊ ဒါကြောင့် ငါက ဒီလို အုပ်အုပ်ဆိုင်းဆိုင်း လုပ်ပြီး ထ ပြန်လာတာပါ"

မယ်စိန်ကား အမှားကို ဝန်ခံနေသလို ဘာမှ ပြန်မပြောတော့ဘဲ ငြိမ်သက်နေ၏။ ဟုတ်သည်၊ ဦးဘမောင်လို အမြတ်နှင့် အမြတ်ကိုသာ အဓိကထားတဲ့ ကုန်သည်ပွဲစားကြီး တစ်ဦးအား ဈေးတိုးပေးဖို့ ပြောနေလို့ အကြောင်းထူး နိုင်ပါမည်လား။ သည်လို ရသင့်ရထိုက်တဲ့ ဈေးကို မပေးလို့ကော သူတို့က ဘာတတ်နိုင် မှာတဲ့လဲ၊ ဘာမှ မတတ်နိုင်တဲ့ အတူတူတော့ အကြောင်းမထူးတဲ့ စကားကို ပြောမနေဘဲ သည်လို ငြိမ်သက်စွာ ပြန်လာခြင်းက ပို၍ကောင်းသည်မဟုတ်လား။ ဒါ ကြောင့် မယ်စိန်ကလည်း ငြိမ်နေ လိုက်ခြင်း ဖြစ်ပါသည်။

အိမ်သို့ ရောက်သောအခါ ကိုဒေါင်းစိန်သည် ငါးရစ်တဲကို သွားရန် ပြင်ဆင်ရင်း "မယ်စိန်ရေ၊ ငါ ငါးရစ်တဲကို ဆင်းလိုက်ဦးမယ်ဟေ့၊ နောက်ဆိုရင် မိုးရွာတော့မှာမို့ နင်တို့မိသားတစ်စုလည်း ကိုလူ မောင်အိမ်ကို ခဏပြောင်း နေဦးနော်၊ ငါးရစ်ပြီးမှပဲ အိမ်ကို အသစ်ထပ်ဆောက်နိုင်မယ်"

ပြောအပြီးတွင် သူသည် ရွာနှင့် မိုင်ဝက်ခန့်ဝေးသော ငါးရစ်တဲရှိရာသို့ ထွက်ခဲ့တော့၏။ ဟုတ်သည်၊ ငါးရစ်၏ ရှေ့တော်ပြေး ရေပြန်ချုပ် ပြီးပြီဖြစ်လို့ ငါးရစ်ကို ဆက်လုပ်ရန် ပြင်ဆင်ရဦးမှာပါတကား။

~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~

(၅)

နေ့တို့သည် တစ်နေ့ပြီးတစ်နေ့၊ တစ်နေ့ပြီး တစ်နေ့ဖြင့် တရွေ့ရွေ့ ကုန်လွန်လာခဲ့ရာ ကဆုန် လဆန်းမှသည် ကဆုန်လပြည့်ကျော်ခဲ့ပြီး၊ ကဆုန် လဆုတ်၏ နောက်ဆုံးရက်ဖြစ်သော ကဆုန်လ ကွယ်သို့ပင် ရောက်ခဲ့လေပြီ။

ကဆုန်လကွယ်၏ ညဦးမို့ အမှောင်သည် မင်းမူနေပါသည်။ တစ်ခဲနက် အုံ့မှိုင်းနေသော မိုးသားများက မင်းမူနေသော အမှောင်အား ပို၍ အားကောင်းစွာ မင်းမူနိုင်ရန် အားပေးအားမြှောက် ပြုနေပါသည်။ တစ်ချက်တစ်ချက်တွင် လျှပ်က ဝင်းခနဲ ဝင်းခနဲ ပြက်လိုက်၍ မိုးကြိုးက ဂျရိန်းခနဲ ဂျရောင်းခနဲ ပစ်လိုက်သည်။

ဖားများကား "အုံ အမ်" ဟူသော မိုးဘွဲ့ ကဗျာကို သီကျူးကာ မိုးဦးကို ကြိုဆိုနေကြသည်။ ပုရစ် ကလေးများနှင့် ပိုးမွှား တိရစ္ဆာန်ကလေးများသည်လည်း အားကျမခံ ညဥ့်ဘွဲ့ ကဗျာများကို သံပြိုင် သီဆိုနေကြသည်။ မိုးချုန်းသံကြောင့် လန့်၍ ပျံသန်းလာဟန်ရှိသော တစ်တီတူးငှက် တစ်ကောင်က "တစ်တီတူး တစ်တီတူး" ဟု အော်မြည်ကာ ညဥ့်ဘွဲ့ကဗျာကို ကာရန်ဖြည့်ပေးနေသည်။

တစ်ချက် တစ်ချက်တွင် စိတ်ချောက်ချားဖွယ်ရာ မြေခွေးတွန်သံကလည်း စူးစူးဝါးဝါး ထွက်ပေါ်လာ တတ်သေးသည်။ ချောင်းမထဲ၌ မိုးသံကြား၍ အူမြူးနေဟန်ရှိသော ငါးများ၏ ထပွက်သံကိုလည်း အတိုင်းသား ကြားနိုင်သည်။

သည်လို မိုးဦးညဥ့်ကဗျာနှင့် ဂီတကို စိတ်ချောက်ချားဖွယ်ရာ ကြားနိုင်သော်လည်း မိုးဦးညဥ့်၏ ပန်းချီကားချပ် ကိုမူကား အမည်းရောင်

စုတ်ချက်ဖြင့် တစ်ရောင်တည်း မှုန်းခြယ်ထားသောကြောင့် အမည်းနှင့် အမှောင်မှ တစ်ပါးအခြားဘာကိုမျှ မမြင်ရ။

လျှပ်တစ်ချက် ပြက်လိုက်လေသည်။ မိုးဦးညဥ့်၏ ပန်းချီကားချပ်ပေါ်တွင် တစ်ရောင်တည်း မင်းမှု နေသော အမည်းရောင်ကို သည်နည်းဖြင့် လျှပ်ရောင်က ချေဖိုက်လိုက်ကာ မိုးဦးညဥ့်၏ ပန်းချီကားချပ်ကို အခိုက်အတန့်မျှ သရုပ်ဖော်ကြည့်လိုက်သည်။ လျှပ်ရောင် အောက်တွင် ပေါ်ထွက်လာသော မိုးဦးညဥ့်၏ ပန်းချီ ကားချပ်ထဲမှာတော့ ခနော်ခနဲ့နှင့် ချည့်နဲ့စွာ ဆောက်လုပ်ထားသော ငါးရစ်တဲ ကလေးတစ်လုံး၊ ပြီးတော့ တဲအတွင်း၌ ကိုဒေါင်းစိန်နှင့် လူငှားတစ်ဦး၊ ဒါပဲ။

နောက် လျှပ်ရောင်က ကွယ်ပျောက်သွားရာ အမည်းနှင့် အမှောင်က ပြန်၍ မင်းမှုလိုက်ပြန်သည်။ ကိုဒေါင်းစိန်နှင့် လူငှားတို့သည် မှောင်ထဲ၌ ငုတ်တုတ် ထိုင်နေရသည်။ တစ်ယောက်နှင့် တစ်ယောက် စကား မပြောဘဲ ကိုယ့် အတွေးနှင့်ကိုယ် ငြိမ်နေကြ၏။ ခြင်ကတော့ ပေါလွန်းလှလို့ လက်နှင့် သပ်ချ ရသည်။ ကိုဒေါင်းစိန်သည် မိုးရိပ်မိုးခြည်ကို အကဲခတ်နေ၏။ ယနေ့ညတော့ မိုးသည် မုချ ရွာပေလိမ့်မည်။ သူက မိုးကို စိတ်အား ထက်သန်စွာ စောင့်မျှော် နေသူဖြစ်၍ မိုးရွာမည်ကို ဝမ်းသာနေ၏။

အိမ်ခေါင် မမိုးရသေးသည့် အတွက်လည်း ပူစရာမလိုပါ။ မယ်စိန်နှင့် ကလေးများအား ကိုလူမောင် အိမ်သို့ ခေတ္တ ပြောင်းရွှေ့စေခဲ့ပြီ ဖြစ်၍၊ မိုးရွာ လျှင်လည်း သူ့မှာ နောက်ဆံတင်းစရာ အကြောင်းမရှိတော့ပါ။ ရေပြန်ချပ်မှ ငွေလေးရာခန့် ရလိုက်သည်ဖြစ်ရာ စရိတ်စက နုတ်ပြီး အသားတင် သုံးရာ နီးပါးခန့် ရလိုက်သည်ဖြစ်၍၊ အိမ်ကို မိုးရုံမျှမက အသစ်ပြန်ဆောက်မည် ဆိုလျှင်လည်း ဆောက်နိုင်ပါပြီ။ သို့သော် ရေပြန်ချပ် အပြီး မိုးလိုက်လာပြီဖြစ်၍ ငါးရစ် ဆက်လုပ်ရဦးမည်ဖြစ် သောကြောင့် နောင် ငါးရစ်ပြီးမှ အေးအေး

ဆေးဆေး အသစ်ပြန်ဆောက်မည်ဟု ကြံရွယ်ကာ၊ မယ်စိန်တို့ မိသားတစ်စုအား လူမရှိသော ကိုလူမောင် အိမ်သို့ ခေတ္တ ပြောင်းရွှေ့ခိုင်းထားရခြင်း ဖြစ်သည်။

လေက ခပ်ကြမ်းကြမ်း တိုက်လာသည်။ လျှပ်တို့ကလည်း ပိုပြက်၍ တဝူးဝူး အော်မြည်က မြည်ကာ မြင်မြင် သမျှ အရာဝတ္ထုများအား ဖွဲ့ယမ်း တိုက်ခတ်နေသည်။ ကိုဒေါင်းစိန်၏ ငါးရစ်တဲကလေး သည်ပင် ဒေါသဖြင့် ဟိန်းဟောက်နေသော လေမင်းအား ကြောက်ရွံ့သလို သိမ့်ခနဲ တုန်နေ၏။ အမှန်ကတော့ တဲကလေး မခိုင့်တခိုင်မှာ လေတိုးလို့ ယိုင်နေရှာခြင်းသာ ဖြစ်သည်။ ကိုဒေါင်းစိန်ကတော့ ပြုံးနေ၏။ ဟုတ်သည်၊ လေသည် တောင်လေ ဖြစ်၍ သူလာလျှင် မိုးလည်း ပါလာရမည် မဟုတ်လား။

မများပါ။ မကြာမီအတွင်း တဖြန်းဖြန်းနှင့် ပတ်ကြမ်းတိုက် ရွာချ လိုက်သော မိုးသံသည် ပတ်ဝန်းကျင်ကို လွှမ်းမိုး သွားတော့သည်။ လေသံ မိုးသံနှင့် ဆူညံနေစဉ်မှာပင် သူသည် ခမောက်ကို ဆွဲဆောင်း၍ လူငှား ကိုခေါ်ကာ ငါးရစ်တဲပေါ်မှ ခုန်ဆင်းလိုက်ပြီး ငါးရစ်တည်ဘက် လျှောက်လာ၏။ ဟုတ်ပေ သည်၊ မိုးအရှာတွင် မိုးရေ နှင့်မြူးပြီး တက်လာမည်ဖြစ်သော ငါးများအား သူ့ငါးရစ်ဆည်တွင်းသို့ ဝင်ခွင့်ပြုရန် လမ်းပေးရဦးမည်။ ဤ၌ ငါးရစ်ဆည်၏ သဏ္ဍာန်ကို သရုပ်ဆောင်ရပေဦးမည်။

ရေပြန်ချုပ်အပြီးတွင် တမံကို ချိုးပစ်လိုက်၍ ရိုး၏ အဝမှ ယင်းများဖြင့် ပိတ်ဆို့ထား၏။ ဒါကို ဆည်တားသည်ဟု ခေါ်၏။ အောက်ဘက်မှလည်း ဆည်တစ်ခု တားထားရသေး၏။ အထက်ဆည်ကို "ချုပ်ဆည်" ဟု ခေါ်၍ အောက်ဆည်ကိုမူ "ခံဆည်" ဟု ခေါ်၏။ ဤဆည်နှစ်တန်၏ အတွင်းရိုးကို "ကတစ်" ဟု ခေါ်၏။ အထက်ဆည် (ဝါ) ချုပ်ဆည်တွင် ချောင်းမမှ တက်လာမည့် ငါးများကို "ကတစ်" အတွင်းသို့ သွင်းရန် "ရှော" ဟု ခေါ်သော ငါးဝင်ပေါက်ကို အရှင်တပ်ဆင်ထားသည်။ ငါးသင်းခါနီး တွင် ထို "ရှော" ကို နင်းမြုပ်လိုက်၍ ဝါးလုံးနှင့် ထောက်ထားလျှင် "ရှော" သည် မြုပ်နေလိမ့်မည်။ ချောင်းမကြီးမှ

ငါးများသည် မြုပ်နေသော ထို "ရော" ပေါ်မှ ကျော်ဖြတ်၍ "ကတစ်" အတွင်းသို့ ဝင် လိမ့်မည်။ အချိန်စေ့၍ ငါးအဝင် တန့်သွားသောအခါ ထောက်ထားသော ဝါးလုံးကို ဖြုတ်လိုက်လျှင် "ရော" သည် ပြန်ပေါ်လာလိမ့်မည်။ ထိုအခါ "ကတစ်" ထဲသို့ ဝင်ရောက်ပြီးသော ငါးများသည် ချောင်းမထဲသို့ ပြန်မထွက်နိုင်ဘဲ ဆည်နှစ်တန်အကြား "ကတစ်" ထဲ၌ ချောင်ပိတ် မိနေတော့၏။

ဆည်နှစ်တန်အကြား "ကတစ်" ထဲကိုတော့ ငါးတွေ ရောက်လာပြီ။ သည်ငါးတွေကို ဘယ်လို ဖမ်းယူမလဲ။ သည်ငါးတွေကို ဖမ်းယူရန် အောက်ဆည် (ဝါ) "ခံဆည်" တွင် ထွက်ပေါက်ပေးထား၍ ဤထွက်ပေါက်နှင့် တပည့်တည့် အပြင်ဘက်မှ "ရင်ကွဲ" များကို တပ်ဆင်ထား၏။ "ရင်ကွဲ" ဆိုသည်မှာ မြုံးနှင့် တစ်သဘောတည်း ဖြစ်သည်။ သို့သော် မြုံးက ငါးလတ်များနှင့် ငါးကြီးများကို ထောင်ဖမ်းရန်ဖြစ်၍ "ရင်ကွဲ" က ငါးသံချိတ်၊ ငါးဘဲ၊ ငါးမြွေထိုး စသော ကောင်သေးငါးများကို ထောင်ဖမ်းရန် ဖြစ်သည်။ "ကတစ်" အတွင်း၌ ထွက်ပေါက် ရှာမရဘဲ ဝဲလည်နေသော ငါးများသည် "ခံဆည်" ၌ ထွက်ပေါက် တွေ့၍ ထွက်လာပါက ထွက်ပေါက်၏ အဝ၌ တပ်ဆင်ထားသော "ရင်ကွဲ" အတွင်းသို့ ရောက်သွား ပေလိမ့်မည်။ ထို "ရင်ကွဲ" ကို ဖော်၍ ငါးများကို ယူရသည်။ ဒါကိုပင် ငါးရစ်လုပ်သည်ဟု ဆိုသည်။

ကိုဒေါင်းစိန်သည် ချောင်းမမှ ငါးများကို သွင်းရန် ချုပ်ဆည်မှ ရောကို နင်းမြှုပ်၍ ဝါးလုံးနှင့် ထောက်ထားလိုက်၏။ ချက်ချင်းပင် မိုးရွာ၍ မြူးနေသော ရောပေါ်မှ ကတစ်တွင်းသို့ ခုန်ကာ ပျံကာနှင့် အငမ်းမရ ဝင်နေကြ၏။ သို့သော် ငါးကြီးများ မဟုတ်ဘဲ ငါးသံချိတ်၊ ငါးဘဲနှင့် ငါးမြွေထိုးများသာ ဖြစ်သည်။

ကိုဒေါင်းစိန်က အားမလို အားမရ ဖြစ်မိ၏။ ဒီနေရာမှာတော့ သူ့ကျုံပက် သည် ကိုလူမောင်၏ ရေသပြုချောင်းနှင့် ကွာခြားပေသည်။ ရေသပြုချောင်းကား ငါးပတ်ကြီးများ၊ ဥတွေနှင့် ဖောင်းနေသော ငါးဒိန်းလုံးများ၊ ကုန်သည်များက

"ချော"ဟု ခေါ်သော ငါးခုံးမ အကြီးစားများ စသည့် ငါးကြီးနှင့် ငါးလတ်တွေ အများအပြား ရတတ်သည်။ လုပ်နည်းမှာလည်း သူ့ကျုံပက်နှင့်ကွာသည်။

"ဟေ့ ၊ မင်း ဒီမှာ ငါးစောင့်သွင်းနေပေတော့၊ ငါ ကိုလူမောင်ရဲ့ ရေသပြု ချောင်းကို သွားလိုက်ဦးမယ်"

သူသည် လူဌားအား အမိန့်ချလိုက်ပြီးနောက် တဲပေါ်မှ ငါးဆောင်းသော ဆောင်းကိုယူ၍ လှော်တက်ကိုပါဆွဲပြီး လှေရှိရာ ကမ်းဆိပ်သို့ ဆင်းခဲ့၏။ မှောင်လွန်းလှ၍ မကြာခဏ ခလုတ်တိုက်မိသဖြင့် စမ်း၍ စမ်း၍ ဆင်းရ၏။ လှေပေါ်တွင် ဆောင်းကိုတင်၍ သူ့ကျုံပက်နှင့် နှစ်ဖာလုံမျှ ဝေးသော ကိုလူမောင်၏ ရေသပြုချောင်းသို့ ရှေးရှုလှော်ယက်ခဲ့၏။

မိုးကား အားကောင်းစွာနှင့် ရွာလျက်ပင် ရှိလေသည်။ လေကတော့ ငြိမ်သွားပေပြီ။ သည်လောက် မိုးအားကောင်းပုံနှင့် ဆိုလျှင် ရေသပြု ချောင်းရိုး ထဲသို့ ငါးအရမ်းတက်ပေလိမ့်မည်။ ငါးပတ်ကြီးများသို့ တက်၍ အရွေ့ လိုက်နေစဉ် သူက ဆောင်းနှင့် အုပ်ဖမ်းမည်။ သည်လို ပျော်ချင်လှလို့ သူ့ကျုံပက်ကို လူဌားနှင့် ပစ်ထားခဲ့ကာ ကိုလူမောင်၏ ရေသပြုချောင်းသို့ သူ လာခဲ့ခြင်းဖြစ်သည်။

ရေသပြုချောင်းသို့ သူ ရောက်သောအခါ ငါးရစ်တဲပေါ်၌ ကုတ်ချောင်း ချောင်းကလေး ထိုင်နေသော ကိုလူမောင်အား လျှပ်အပြက်တွင် တွေ့မြင် လိုက်ရ၏။ သူ့ဘေးနား၌လည်း ငါးဆောင်းသမားများသည် ဝိုင်းဖွဲ့ စောင့်ဆိုင်း နေသည်ကို တွေ့ရသည်။ မည်သူမျှ စကားမပြောကြ။ ဟုတ်သည်၊ ရိုးထဲသို့ ငါးဝင် နေစဉ် စကားမပြောရ။ မီး မထွန်းရ။ ဆေးလိပ်ပင် မသောက်ရ။ ကိုက်နေသော ခြင်များကိုပင် ခပ်ကျယ်ကျယ် မပုတ်ရ။ ချောင်းမမှ ရိုးထဲသို့ မိုးရေဖြင့် အရမ်းတက်နေသော ငါးများ လန့်သွား၍ အတက် ရပ်သွားမည်ကို စိုးရိမ်သော ကြောင့်ဖြစ်သည်။

ကိုဒေါင်းစိန်သည် ကိုလှမောင်၏ ဘေးနား၌ ဝင်ထိုင်ကာ ရိုးထဲသို့ ငါးဝင်နေပုံကိုသာ အာရုံစူးစိုက်နေ၏။ ကိုလှမောင်၏ ရေသပြုချောင်းကား သူ့ကျုံပက်လို ယင်းများဖြင့် ဆည်တားထားခြင်း မပြုရ။ ရိုးတစ်လျှောက်လုံး အပိတ်အဆို့မရှိ၊ ဒလဟာကြီး ဖွင့်ထားရသော ချောင်းမမှ ငါးများအား ရိုးထဲသို့ အဆီးအတားမရှိ ဝင်ခွင့်ပြုရသည်။ တစ်ခါတစ်ရံ သန်းခေါင်လောက်၊ တစ်ခါတစ်ရံ အရက် တက်လောက်တွင် ငါးအတက် တန့်သွားမှ ရိုးဝမှနေ၍ ယင်းများဖြင့် ပိတ်ဆို့ကာ ဆည်တားလိုက်ရ၏။ ထိုဆည်တွင် ထွက်ပေါက်ပေးထား၍ ထိုထွက်ပေါက်မှ မြုံးများကို တပ်ဆင်ထား၏။ နောက် ဆောင်းသမားများက ရိုးတစ်လျှောက် ဆောင်းများဖြင့် လိုက်ဆောင်း၍ မွှေနှောက် ခြောက်ထုတ် လိုက်သောအခါ ငါးများမှာ လန့်ဖျပ်ပြီး ချောင်းမသို့ ပြန်အထွက်တွင် မြုံးထဲ၌ မိနေတော့၏။ ငါးပတ်များမှာမူ ချောင်းမသို့ ပြန်အထွက် ဆည်နှင့်တိုက်ပြီး ထ အခုန်တွင် ဆည်၏ အပြင်ဘက်၌ ဂုန်နီနှင့် အသင့်လုပ်ထားသော ခုန်စင်ပေါ်သို့ ကျကာ ဆက်လက် မခုန်နိုင်ဘဲ အမိခံရသည့်ဘဝ ရောက်ရတော့၏။ ဒါက သူ့ကျုံပက်နှင့် ခြားနားသော ကိုလှမောင်၏ ရေသပြုချောင်း ငါးရစ် လုပ်ပုံ သရုပ်တည်း။

ခုနစ်စင်ကြယ်ပြောင် အမြီးထောင်က သန်းခေါင်ချိန်သို့ ရောက်သည်ဟု သူတို့ အမှတ်အသား ထားရှိသော်လည်း၊ မိုးသားများ တစ်ခဲနက် ပိတ်ဆိုင်း နေသော ကောင်းကင်ပြင်တွင် ကြယ်တစ်ပွင့်ကိုမျှ မမြင်နိုင်၍ အချိန်ကို မခန့်မှန်းနိုင်ပေမဲ့ အဝေးမှ ကြက်တွန်သံသဲ့သဲ့က သန်းခေါင်ကြက်ဖြစ်ကြောင်း သူတို့ သိနိုင်ပါ သေးသည်။ သို့သော် မိုးကား ရွာဆဲ။ ငါးများလည်း အတက် မရပ်သေး။

ကိုဒေါင်းစိန်၊ ကိုလှမောင်နှင့် ဆောင်းသမားများကား ချမ်းလွန်း၍ ခိုက်ခိုက်တုန်နေ၏။ အံ့ဩဖို့ ကောင်းတာက ဆောင်းသမားများ ဖြစ်သည်။ ရိုးထဲ၌ ရသည်။ ခါတိုင်းနှစ်တွေကတော့ လောကဇာတ် ခုံတွင် ကိုဒေါင်းစိန်လည်း

ဆောင်းသမား ဘဝဖြင့်သာ ပါဝင် ကပြခဲ့ရသည်။ ဒီနှစ်မှာမှ ဖားခိုဆွဲခဲ့သည့်အတွက် ငွေကလေး အတော်အသင့် စုမိသောကြောင့် လည်းကောင်း၊ သူတို့ ကိုလေးဖိုးကွန့် ချောင်းမကြီးကို ခြံ၍ ဝယ်ယူသော နှစ်ဖြစ်သောကြောင့် လည်းကောင်း၊ ကုန်သည်ကြီး ဦးဘမောင်နှင့် ဆက်သွယ်မိ သောကြောင့် လည်းကောင်း ဆောင်းသမားဘဝမှ တစ်ဆင့် ငါးရစ်လုပ်နိုင်သူဖြစ် လာရသည်။

တဖြည်းဖြည်းနှင့် နောက်တစ်ကြိမ် ကြက်တွန်သံကို ကြားရပြန်ပြီ။ သြ ကြက်ဦးတွန်။ မိုးသည် တဖြည်းဖြည်းနှင့် စဲစပြု၍ ငါးများလည်း အတက်တန့် သွားချေပြီ။ တက်ပြီးသားငါးများ ချောင်းမသို့ ပြန်မဆင်းခင် ရိုးဝမှ နေ၍ ယင်းများဖြင့် ပိတ်ဆို့လိုက်ရန် အချိန်တော်ပြီ။ ကိုလူမောင်သည် လှုပ်ရှားစ ပြု၏။ ထိုနည်းတူ ကိုဒေါင်းစိန်နှင့် ဆောင်းသမားများလည်း လှုးလွန့်စပြုလာကြ၏။

ကိုဒေါင်းစိန်နှင့် ဆောင်းသမားများ၏ အကူအညီဖြင့် ရိုးဝ၌ ယင်းများနှင့် ပိတ်ဆို့ပြီး၊ မြုံးများလည်း တပ်ဆင်ပြီးချေပြီ။ ခုန်စင်လည်း ခံပြီးပြီ။ ခုဆိုလျှင် ရိုးထဲသို့ ဆန်တက်သွားသော ငါးများကို ချောင်းမသို့ တစ်ဖန် ပြန်၍ ခြောက်ထုတ်ရမည်။ "ကိုင်း...ဆောင်းသမားများ ဆောင်းကြတော့ဟေ့" ကိုလူမောင်က ကြွေးကြော် လိုက်၏။ ချက်ချင်းပင် တိတ်ဆိတ်လျက်ရှိသော ပတ်ဝန်းကျင်သည် စကားပြောသံ၊ ရေထဲ၌ ပြေးလွှား လှုပ်ရှားသံများဖြင့် ဆူညံသွားတော့၏။

ကိုဒေါင်းစိန်ကား ရှေ့ဆုံးမှနေ၍ ဆောင်းဖြင့် တဝုန်းဝုန်း လိုက်ဆောင်း နေသည်။ ရေစပ်စပ် တစ်နေ ရာတွင် ဖြူဖွေးဖွေး သဏ္ဍာန်များကို မှုန်ဝါးဝါး မြင်လိုက်ရသဖြင့် သူသည် ဝမ်းသာအားရ ဆောင်းနှင့် အုပ်ချလိုက်၏။ အရက်ဦး ဖြစ်သော်လည်း မိုးအုံ့မှိုင်းနေသောကြောင့် ပတ်ဝန်းကျင်တွင် မှောင် မည်းမည်း ဖြစ်နေသည်မှာ မှန်ပါ၏။ သို့သော် ပြင်းထန်အားကောင်းသော ဇောဖြင့် စူးစိုက်လျက်ရှိ သောသူတို့၏ အာရုံဝယ် ပြေးလွှား လှုပ်ရှားလျက်ရှိသော ငါးများ၏ သဏ္ဍာန်သည် အကောင်အထည်အားဖြင့် ရုပ်လုံးပေါ် မပေါ်သော်လည်း

အရိပ်အယောင် အားဖြင့်မူကား ထင်မြင် လာနိုင်ရသည်။ ဒါကြောင့် ပတ်ဝန်းကျင်သည် မှောင်မည်းမည်း ဖြစ်နေပေမဲ့ နီးကြားလျက်ရှိသော သူတို့၏ အာရုံဝယ် ပြေးလွှား လှုပ်ရှားလျက်ရှိသော ငါးများ၏ သဏ္ဍာန်သည် အကောင်အထည် အားဖြင့် ရုပ်လုံးပေါ် မပေါ်သော်လည်း အရိပ်အယောင် အားဖြင့်မူကား ထင်မြင် လာနိုင်ရသည်။ ဒါကြောင့် ပတ်ဝန်းကျင်သည် မှောင်မည်းမည်း ဖြစ်နေပေမဲ့ နီးကြားလျက်ရှိသော သူတို့၏ အာရုံဝယ် ပြေးလွှား လှုပ်ရှားလျက်ရှိသော ငါးများ၏ သဏ္ဍာန်ကို ထင်မြင်နိုင်ပါသည်။ မှန်သည်၊ သူတို့၏ နားကား ပါးလှသည်။ သူတို့၏ မျက်စိကား လျင်လှသည်။

ကိုဒေါင်းစိန်သည် သူ အုပ်ချထားသော ဆောင်းထဲသို့ လက်ထိုး မွှေလိုက်၏။ သူ့တွက်ကိန်း မလွဲပါ။ ဆောင်းထဲ၌ ပက်လက်လန်လျက်ရှိသော ငါးပတ်မကြီး တစ်ကောင်အား ဘေးမှ ငါးပတ်ဖိုကလေး သုံးကောင်က ပါးစပ်ဖြင့် အတင်းကိုက်ကာ နသားပါးယားနေစဉ် အုပ်မိထားပါပြီ။ သူသည် ငါးပတ်မကြီး၏ ဇက်ကို ကိုင်ဖမ်း၍ သီတံနှင့် ထိုးသီလိုက်၏။ ငါးပတ်မကြီးကား ငါးပတ်ဖိုကလေးများ၏ နန့်ကြောဆွဲမှု ဒဏ်ကြောင့် ပန်းလျလျ ဖြစ်နေဟန်ဖြင့် လုံးဝ လှုပ်ရှားခြင်း မရှိဘဲ ငြိမ်နေ၏။ နောက်မှ ငါးပတ်ဖိုကလေး သုံးကောင်ကို တစ်ကောင်ပြီး တစ်ကောင် ဖမ်း၍ သီတံနှင့် ထိုးသီလိုက်၏။

ကိုဒေါင်းစိန်နှင့် အလားတူ အခြားဆောင်းသမားများလည်း ရိုးတစ်လျှောက်တွင် တဝုန်းဝုန်းဖြင့် လိုက်ဆောင်း နေကြသည်။ ရေသပြု ချောင်းရိုးသည် ကိုလူမောင် ဝယ်ယူထားသော ချောင်းရိုး ဖြစ်သော်လည်း ဆောင်းသမား များသည် ကိုယ်ဆောင်း၍ ရသော ငါးများကို ကိုယ် ယူနိုင်သည်။ သူတို့ သည်လို ဆောင်းပေး မှလည်း ငါးများသည် လန့်ဖျပ်၍ ချောင်းမသို့ ပြန်ထွက်မည်။ သည်လို ပြန်ထွက် မှလည်း ဆည်အပြင်ဘက်တွင် အဆင်သင့် တပ်ထားသော မြုံးထဲသို့ ဝင်နေမည်။ ဒါကြောင့် ကိုလူမောင်သည် သူတို့ကို လွတ်လပ်စွာ ဆောင်းခွင့် ပေးထားရသည်။

(၆)

မိုးသည် စဲသွားပြီဖြစ်၍ အရက်ပြာမှ ရောင်ခြည်ဦးကလေးသည်လည်း လွန့်လူး ထွက်ပြူလိုက်ကာ မိုးသောက်ရောင်ခြည်သို့ ကူးပြောင်းစ ပြုနေပါပြီ။ တစ်ကောင်ပြီးတစ်ကောင် အဆက်မပြတ် တွန်ကျူး နေသော ကြက်တွန်သံများမှာလည်း ဟိုမှသည်မှ ထွက်ပေါ်လာကြပါသည်။ မကြာမီ မိုးစင်စင် လင်းပေတော့မည်။

ကိုလှမောင်၏ ငါးရစ်တဲကလေး၌ကား လူသံသူသံဖြင့် ဆူညံနေ၏။ မြို့ဈေးသို့ ငါးများကို တင်ပို့ ရောင်းချမည့် ငါးစိမ်းသည်များ ရောက်လာကြပြီဖြစ်၍၊ သူတို့အချင်းချင်း တစ်ယောက်တစ်ပေါက် ပြောဆို ဆူညံ နေကြခြင်းဖြစ်သည်။ ကိုလှမောင်သည် မြုံးများကို ဖော်၍ မိသော ငါးများကို ငါးစိမ်သည်များအား ချိန်ပေးရသည်။

သူသည် ကိုဒေါင်းစိန်ကို အကူအညီခေါ်ကာ မြုံးများကို ဖော်၏။ မြုံးထဲ၌ကား ဥများဖြင့် ဖောင်းနေသော ငါးဒိန်လုံး၊ ငါးဖယ်အောင်၊ ငါးခုံးမများသည် တဖျတ်ဖျတ် ခုန်နေကြ၏။ သူတို့သည် မြုံး၏ ထိပ်ဝကို ဖွင့်ပြီးလျှင် မြုံးထဲမှ ငါးများကို လှေထဲသို့ လောင်းနေ၏။ လှေထဲမှ တစ်ဖန် ခြင်းတောင်းများဖြင့် ငါးရစ်တဲရှေ့ မြေကွက်လပ်တွင် ခင်းထားသော ယင်းတစ်ချပ်ပေါ်သို့ သယ်တင်၏။ ခုန်စင်ပေါ်ကလည်း ငါးပတ် တော်တော် များများ ရလိုက်သေးသည်။ ကိုလှမောင်ကား တပြုံးပြုံးနှင့်။ ဟုတ်သည်၊ ငါးရစ်အပြီးတွင် မှဆိုးမ မဖွားသက်ကို သူ တင့်တင့်တယ်တယ် ယူနိုင်တော့မည်။

"ဟော့ ဒေါင်းစိန် ရဲ့၊ ဖွားသက်ကို ယူနိုင်ဖို့တော့ သေချာပြီကွ"

သူ၏ ဘဝတူ မိတ်ဆွေတစ်ဦးထံမှ ဝမ်းမြောက်မှုကို ကိုဒေါင်းစိန်လည်း ခွဲဝေ ဝမ်းသာကာ အလိုလို ပျော်နေ၏။ သူသည် သွက်လက်စွာဖြင့် ငါးစိမ်းသည်များအား ချိန်ပေးရန် ကိုလူမောင်၏ "ရာဇူ" တိုင်မှ "ရာဇူ"ကို ပြင်ဆင်နေ၏။ "ရာဇူ" ဆိုသည်မှာ သစ်သားချိန်ခွင်ပင် ဖြစ်၏။ "ရာဇူ" လျှာမှ အစ အားလုံး သစ်သားကြီး ဖြစ်၏။ သူတို့ အင်းသူ အင်းသားများကား အရောင်းအဝယ် ချိန်တွယ်ရာ၌ ဤရာဇူကို အသုံးပြု၏။

သူသည် ရာဇူချိတ်နစ်ခု၌ "ဆိုင်း" နစ်ခုကို ချိတ်လိုက်၏။ သည်ဆိုင်းနစ်ခုကား ချိန်ခွင်ခွက် နစ်ခုပင် ဖြစ်သည်။ သူသည် တစ်ဖက်သော ဆိုင်းကိုဖြဲ၍ ငါးထည့်ချိန်မည့် ခြင်းတောင်းကို တင်လိုက်ရာ ရာဇူလျှာမှာ တစ်ဖက်သို့ စောင်းထွက်လာ၏။ ထိုအခါ သူသည် ကျန်သည့်ဆိုင်းပေါ်သို့ ထင်းချောင်းများ ထည့်၍ မဲတင်းပေးရာ၊ ရာဇူလျှာ ညီမျှမှ ခြင်းတောင်းကိုချ၍ ငါးထည့်၏။ နောက် ငါးများဖြင့် ပြည့်နေသော ခြင်းတောင်းကို ကိုလူမောင်နှင့် နစ်ယောက် ဤဆိုင်ထဲသို့ ပြန်ထည့်ကာ တစ်ဖက်တိုင်းထဲသို့ ဆွဲဝက်လေး ဟုခေါ်သော အချိန်ဆယ့်နစ်ပိဿာ ငါးဆယ်ရှိသည့် ကျောက်ဖြူ အလေးကြီးကို တင်၍ လက်လွှတ်လိုက်၏။ ချိန်နေကျဖြစ်၍ လက်မှန်းကောင်းလှသဖြင့် ချိန်ခွင် လျှာမှာ အနည်းငယ်သာသည်ဟု ဆိုရရုံကလေးရှိ၏။ သူသည် သွက်လက် စွာပင်" တစ်ဆွဲ"ဟု အော် လိုက်ကာ ငါးခြင်းတောင်းကို ဆွဲချလိုက်၏။

"သာသာယာယာ ချိန်ပါတော့၊ ကတဲ ငါးချိန်တာကလည်း ရွှေချိန်တာကျနေတာပဲ"

" ဟုတ်သားပဲတော်၊ ချိန်ခွင်ပေါင်ကို ပိတ်လို့၊ လျှာတောင် မထွက်ဘူး"

ငါးစိမ်းသည် များက တစ်ယောက်တစ်ပေါက် ဝိုင်းပွက်နေကြသဖြင့် ကိုလူမောင်က ငါး လေးငါးကောင် ထပ်ထည့် ပေးလိုက်ရ၏။ သည်လိုနှင့်

တစ်ဆွဲပြီး တစ်ဆွဲ ချိန်လိုက်ရာ ဆယ်ဆွဲအပြီး ငါးစိမ်းသည်များ လူစေ့သွားပြီ ဖြစ်၍ ပိုနေသော ငါးများအား ငါးပိကုန်သည်များကို ချိန်ပေးရန် ငါးရစ်တဲပေါ်သို့ တင်ထားလိုက်၏။

ကိုလူမောင်၏ ရိုးထဲ၌ ငါးဆောင်း၍လည်း ပြီးပြီ။ ကူညီစရာ ရှိသမျှ ကိုလည်း ကူညီ၍ ပြုလုပ်ပြီးခဲ့ပြီ။ ယခု သူ့ကျုံပက်သို့ပြန်၍ "ရင်ကွဲ" များကို ဖော်ကာ ဖမ်းမိသော ငါးသံချိတ်၊ ငါးဘဲနှင့် ငါးမြွေထိုးများအား အချို့ကို ငါးစိမ်းသည်များသို့ လည်းကောင်း၊ အချို့ကို ငါးပိကုန်သည်များသို့ လည်းကောင်း ချိန်ရောင်းရဦးမည်။

"ကိုလူမောင်ရေ၊ ကျွန်တော် ပြန်လိုက်ဦးမယ်ဗျို့"

သူသည် ကိုလူမောင်အား နှုတ်ဆက်ပြီးနောက် သူ ဆောင်း၍ရသည့် ငါးပတ်၊ ငါးဒိန်းလုံး၊ ငါးဆယ်အောင် များကို ယူကာ လှေထဲသို့ ဆင်းခဲ့၏။ သူဆောင်း၍ ရသည့် ငါးများမှာ အချိန် တစ်ဆယ့်ငါးပိဿာခန့်ရှိ၏။ ဒီ ငါးများကို ငါးပိကောင် လုပ်ထား၍ မိုးတွင်းကျမှ ဖိမ်နှင့်စားမည်။

သူသည် လှော်တက်ကိုဆွဲ၍ ခပ်သွက်သွက် လှော်ထွက်ခဲ့၏။ မိုးလင်းပြီဖြစ်၍ ငါးစိမ်းသည်များသည် ငါးချိန်ရန် သူ့အား စောင့်နေကြတော့မည်။ သို့သော် သူ ရောက်သွားသည့် အခါ၌ကား သူ့တပည့်သည် ငါးစိမ်းသည် များ၏ အကူအညီဖြင့် ရင်ကွဲများကို ဖော်ပြီး ဖြစ်နေရုံမျှမက၊ ငါးစိမ်းသည်များကိုပင် ငါးချိန် ပေးပြီး ပေပြီ။

" ဘယ့်နှယ်လဲဟေ့၊ ငါး တော်တော် တက်ရဲ့လား"

သူသည် သူ့တပည့်အား ခရီးရောက်မဆိုက်ပင် ကောက်မေးလိုက်၏။ မေးလို့သာမေးရသည်။ ယင်း တစ်ချပ် ပေါ်တွင် ပုံထားသော ငါးများကို ကြည့်ခြင်းအားဖြင့် ငါးတက်မနည်းကြောင်း သူ သိပြီးပါပြီ။

"ဟုတ်ကဲ့၊ ငါးတော်တော်လေး တက်သားပဲ၊ ဒီည တစ်ညတည်း ငါးနစ်ရာလောက် တက်လိုက်တယ်"

သူကား အတော်ပင် ကျေနပ်သွား၏။ သူ့ကျုပက်သည် ငါးရစ် သိပ်မကောင်းဟု ဆိုသော်လည်း ခုအတိုင်း ဆိုရင်တော့ ငါးရစ်အပြီးတွင် အသားတင် တစ်ရာ့လေးငါးဆယ်တော့ ကျန်ရမည်။ ရေပြန် ချပ်က သုံးရာလောက် ရလိုက်တာနဲ့ ဆိုရင်တော့ သည်ငါးရစ်တက်ချိန် တစ်ချိန်လုံး သူ့အဖို့ လေးငါး ရာလောက် ရမည်ဖြစ်၍ သူ ငါးရစ်လုပ်ရကျိုး နပ်ပေပြီ။ အပင်ပန်းခံရကျိုး နပ်ပေပြီ။ အဟောသုခံ ... ဩော် ချမ်းသာစွ၊ ဩော် ချမ်းသာစွ။

သူ့တစ်ကိုယ်လုံး ပီတိတွေဖုံး၍ သူ့မျက်နှာမှာလည်း ပြုံးပြုံးကြီး ဖြစ်နေသည်။ သို့သော် သူကား နုံးလှပါပြီ။ တစ်ညလုံး အိပ်ပျက်ခဲ့သောကြောင့် လည်းကောင်း၊ ခြင်ကိုက်ထဲတွင် ဒုက္ခရစရိယာ ကျင့်ခဲ့ ရသောကြောင့် လည်းကောင်း သူသည် နွမ်းနယ်နေပါပြီ။ အခုနေခါမှာ အသနားယူ အိပ်စက်လိုက်ရန် အကောင်းဆုံး မဟုတ်ပါလော။

"ဟော့ ... မင်းတော့ မယ်စိန် ထမင်းလာပို့မှပဲ အိပ်ပါတော့ကွာ၊ ငါတော့ ပင်ပန်းလွန်းလို့ ခုပဲ အိပ်ပါ ရစေတော့"

သူသည် သူ့တပည့်အား ဒါပဲသာပြောပြီး ငါးရစ်တဲပေါ်သို့ တက်၍ လုံချည်အစိုကို အခြောက်နှင့် လဲလှယ်ဝတ်ဆင်ကာ တစ်ခါတည်း ထိုးလှဲလိုက်၏။ သို့သော် သူကား ချက်ချင်းအိပ်ပျော်၍ မသွား၊ ဝါးအိမ် ခနိမိုး အိမ်သစ်ကလေး၊ သူတို့မိသားတစ်စု အတူအိပ်နိုင်မည့် သုံးမိုးခန့် ပိတ်ခြင်ထောင်ကြီး၊ ကုလားစောင်၊ ကုလားရက်လုံချည်၊ သူ့မျက်စိထဲ ဒါတွေ လာပေါ်နေသည်ဖြစ်၍ တော်တော်နှင့် အိပ်လို့မရ။ သို့သော် -

သို့သော် သူကား နွမ်းနယ်လှပါပြီ။ တဖြည်းဖြည်းနှင့် မျက်တောင်များသည် စင်း၍ စင်း၍ ကျလာ၏။ မျက်ခွံမှာလည်း လေး၍ လေး၍ လာကာ

မျက်လုံးမှာလည်း မေး၍ မေး၍လိုက်လာ၏။ နောက်တော့ သူ့ အသက်ရှူသံသည် လေးလေးနှင့် မှန်မှန်ကြီး ထွက်ပေါ်လာတော့သည်။

ဪ ကိုဒေါင်းစိန်ရယ်လေ၊ သာယာတဲ့ အနာဂတ်ကို တွေးရင်း ကြည်နူးစွာ အိပ်ပျော်သွားရှာပါပြီ ကော။

~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~

(၇)

ရက်တို့သည် တစ်ရက်ပြီးတစ်ရက်၊ တစ်ရက်ပြီး တစ်ရက်ဖြင့် ဟောင်းနွမ်းသော အတိတ်၌ တရိပ်ရိပ် ကျန်ရစ်ခဲ့ကြသလို၊ သစ်ဆန်းသော ရက်တို့ကလည်း တစ်ရက်ပြီး တစ်ရက်ဖြင့် သစ်လွင်သော အနာဂတ် ကာလမှ အစားထိုးပေါ် ပေါက်နေကြသည်။

ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဟု ဆိုရိုးစကား ရှိသော်လည်း ဝါဆိုလဆန်းစမို့ ရေဖောင်ဖောင် မဟုတ်၊ မဟုတ်သေးပေမင့် ကွင်းထဲမှာတော့ ရေဖွေးဖွေးဖြစ်နေပါပြီ။ နှစ်ရက်တိတိ ဆက်တိုက် ရွာချလိုက်သော မိုးသည် ရေပါလှသဖြင့် ကွင်းသည် စုံးစုံးမြုပ်၍ သွားပေပြီ။ ပတ်ဝန်းကျင် မြင်ကွင်း တစ်ရပ်လုံးကတော့ ရေနှင့် ရေသာပဲ ဖြစ်တော့သည်။

ကိုဒေါင်းစိန်သည် ကြက်ဦးတွန်လောက်ကပင် ထ၍ သူ့ ငါးရစ်တဲ ကလေးထဲ၌ ရေနွေးအိုးတည်နေ၏။ မီးဖိုနား၌ မီးထိုင်လှုံရင်း မီးစောင့် ထိုးပေးနေသည် ဖြစ်သောကြောင့် ရေနွေး အိုးမှာလည်း သိပ်မကြာဘဲ ဆူလာပေပြီ။ သူသည် လက်ဖက်ခြောက်ခတ်၍ ဖိုပေါ်၌ပင် နပ်ထားသော နေရာမရွေ့ဘဲ မီးလှုံမြဲ လှုံနေ၏။ နောက် လက်ဖက်ရည်ပန်းကန်ကို ယူ၍ မီးဖိုနား၌ပင် မီးလှုံရင်း ထိုင်သောက်နေ၏။

ကွင်းမြုပ် သွားပြီ ဖြစ်သည်နှင့်အမျှ ငါးရစ်ချိန်မှာလည်း ကုန်ဆုံးပြီဖြစ်ရာ၊ ငါးရစ်လုပ်ငန်းမှာလည်း လက်စ သိမ်းပေပြီ။ လက်ဖက်ရည်တစ်အိုး ကုန်လျှင်

အအိပ်ကြီးလှသော သူ့တပည့်ကို နှိုးကာ ငါးရစ် တဲနှင့် ငါးရစ်ဆည်ကို ဖျက်၍ လှေပေါ်တင်ပြီး အိမ်ပြန်ရပေတော့မည်။

သူ ကြိုတင်ခန့်မှန်းထားသည့် အတိုင်းပင် ငါးရစ်မှ သားတင်ငွေ တစ်ရာ့ငါးဆယ်ခန့် ရလိုက်ပါပြီ။ ရေပြန်ချုပ်ပါဆိုလျှင် ငွေလေးရာကျော်ခန့် သူပိုက်မိပေပြီ။ မိုးတွင်းအတွက် ဝမ်းစာ ငါးပိကိုလည်း သိုမှီး ထားနိုင်ခဲ့ပေပြီ။ ဝမ်းစာ စပါးကိုတော့ မထားနိုင်။ စပါးသစ်ပေါ်ချိန်က ကွင်းမှာ စပါးဈေး တစ်ရာ့ငါးဆယ်ဈေးသာ ရှိပေမင့် လက်ထဲမှာ ငွေမရှိလို့ ဝယ်မထားနိုင်။ ဟော အခုလို လက်ထဲမှာ ငွေ ရှိပြန်တော့လည်း စပါးဈေးက သုံးရာဈေးဖြစ်နေလို့ မဝယ်နိုင်။ ရှိတဲ့ငွေက အိမ်လည်း ဆောက်ရဦးမည်။ ခြင်ထောင် ကလေး၊ စောင်ကလေးလည်း ဝယ်ရဦးမည်။ နောက်ပြီး တံငါလုပ်ငန်းနှင့်သက် ဆိုင်ရာ ကိရိယာ တန်ဆာ ပလာများကိုလည်း ဝယ်ရဦးမည်။ အို … ဝယ်စရာတွေပြည့်လို့။

ဝမ်းစာစပါး မရှိလည်း အရေးမကြီးပါ။ လက်ထဲမှာ ငွေရှိရင် ချည်လုံးဝယ်၍ ပိုက်ထိုးကာ၊ ပိုက်ချရင်းနှင့် ဆန် ကိုတော့ အလျဉ်မီအောင် ဝယ်စားသွားနိုင်မည်။ ဝမ်းစာစပါးလည်း မထားနိုင်၊ လက်ထဲမှာလည်း ငွေပို ငွေလျှံ မရှိမှသာ မိုးတွင်းမှာ ဒုက္ခရောက်နိုင်သည်။ ကုန်ခဲ့သည့်နှစ်က သည်လို အခြေ အနေမျိုးကို ရင်ဆိုင် တိုးခဲ့ရ၍ အတော် ဒုက္ခ ရောက်ခဲ့သည်။ သည်နှစ်တော့ ဝမ်းစာ စပါးမထားနိုင်ပေမဲ့ မနှစ်ကလို အခြေ မဆိုးနိုင်တော့။ သူတို့ လက်ထဲမှာ ငွေရှိနေပြီ။

သူသည် ဝိဒေဟရာဇ် ပုတ်သင်လို မာနလျှမ်းသည့် အပြုံးမျိုးဖြင့် ပြုံးလိုက်ကာ လက်ဖက်ရည်ကို "ရှုရှုးခနဲ ရှုရှုးခနဲ"နှင့် အသံမြည်အောင် မှုတ်သောက်လေ၏။ သို့ တက်ကြွစိတ်ဖြင့် ကြည်နူးနေစဉ် ပြုန်းခနဲ ကိုလူမောင်ကို အမှတ်ရလာ၏။ ဟုတ်သည်၊ သူနှင့်ဘဝတူ မိတ်ဆွေ ကိုလူမောင်။

ကိုလှမောင်လည်း အတော်ကလေး ဟန်လိုက်ပါ၏။ သူ့ ရေသပြုချောင်းမှာလည်း ငွေလေးရာကျော်လောက် တက်လိုက်၍ အသားတင်သုံးရာလောက် ကျန်၏။ သူနှင့် မဖွားသက်ကား ဝါမဝင်ခင် ကိစ္စပြီးဖို့ သေချာပေပြီ။ သူကား သူကိုယ်တိုင်၏ ဝမ်းသာမှုအပြင် သူ့မိတ်ဆွေ၏ ဝမ်းသာမှုကိုပင် ခွဲဝေ ခံစားလိုက်ရခြင်းကြောင့် သူ့ဝမ်းသာခြင်းမှာ အထွတ်အထိပ်သို့ ရောက်သွားတော့၏။ လက်ဖက်ရည်တစ်အိုး ကုန်သောအခါ သူ့တပည့်ကို နှိုး၍ ပထမဆုံး ငါးရစ်ဆည်ကို ဖျက်၏။ ဖျက်၍ရသော အတိုအထွာများနှင့် ယင်းများကို အသင့်ငှားထားသော လှေကြီးပေါ်၌ တင်၏။ ငါးရစ်ဆည်ကို ဖျက်ပြီးမှ ငါးရစ်တဲကို ဖျက်၏။ တစ်ခဏအတွင်းမှာပင် ကိုဒေါင်းစိန်၏ ငါးရစ်တဲနှင့် ငါးရစ်ဆည်ကလေးမှာ ပျောက်ကွယ်သွား၍ ရေဖွေးဖွေး ကွင်းပြင်ကြီး သာလျှင် ဟာလာဟင်းလင်း ကျန်ရစ်တော့၏။ နေရစ်တော့ ကွင်းပြင်ကြီးရေ ...။

ဝါးလုံး အတိုအထွာများမှ အစ အားလုံးသော ပစ္စည်းများကို လှေပေါ်၌ ကျကျနန နေရာချပြီးသည်နှင့် တစ်ပြိုင်နက် ကိုဒေါင်းစိန်က လှေဦးမှ၊ သူ့တပည့်က လှေပဲ့မှ နေရာယူကာ ရွာဘက်သို့ ဦးတည်၍ လှော်ထွက်ခဲ့၏။ ကိုဒေါင်းစိန်သည် သူ လူမှန်းသိသည့် အရွယ်ကစ၍ ရင်းနှီးစွာ ပေါင်းဖော်လာခဲ့သောသူ၏ ငယ်ပေါင်း မိတ်ဆွေ ကွင်းပြင်ကြီးအား ခွဲခွာခဲ့သည့်အတွက် လွမ်းသလိုလို ဖြစ်နေမိ၏။ သူသည် နောက်ပြန်လှည့်၍ ကွင်းပြင်ကြီးအား စူးစူးစိုက်စိုက် ကြည့်ကာ ဒုတိယမ္ဘိ နှစ်ကြိမ်မြောက်လည်း ထပ်မံ နှုတ်ဆက်လိုက်ပြန်၏။ နေရစ်တော့ သူငယ်ချင်းရေ...။

ရေသပြုချောင်းသို့ ရောက်သောအခါ ရေသပြုချောင်း ငါးရစ်ဆည်နှင့် ငါးရစ်တဲကို ဖျက်ပြီး၍ လှေတစ်စင်းနှင့် အသင့် စောင့်ဆိုင်းနေသော ကိုလှမောင်နှင့် ပေါင်းမိသွား၏။

"ဖွားသက်ကလေး ကိုကွယ်... မောင်က ခိုးမယ်လို့... လူဆိုးတွေနဲ့ မောင်တိုင်ပင်။ မန်းမြို့တောင် ညောင်ပင်ကြီးမှာကွယ်... မြင်း...ကိုယ်စီပြင်။

လထွက်ကလေးရယ်တဲ့မှ မြင်းပေါ်တင်၊ လ ဝင်လျှင် မန်းတောင် ရောက်အောင် ကွယ် ... မြင်း ဝေါက်လို့မောင်း ...”

ကိုလှမောင်က သူတို့ကို မြင်လျှင် မြင်ချင်း၊ သီချင်းဆို၍ သူတို့ကို နှုတ်ဆက်လိုက်၏။ နဂိုကမှ အူမြူး လျက်ရှိသော ကိုဒေါင်းစိန်မှာ သည်လို ကိုလှမောင်၏ ရွှင်မြူးလှသည့်ဟန်ကို မြင်လိုက်ရသည့် အခါ၌ကား မရိုးမရွနှင့် ထ ကချင်သလိုပင်ဖြစ်၏။

“ဟော့ ဒေါင်းစိန်ရေ၊ မုဆိုးဖိုမျက်နှာကို ဝ အောင်သာ ကြည့်ထား လိုက်တော့ကွယ်၊ မင်းလူတော့ မကြာခင် တစ်ဖြစ်လဲပြီး ချစ်ပွဲဝင်ရတော့ မယ်ကွယ်”

ကိုလှမောင်က ဇာတ်မင်းသား စတိုင်မျိုးဖြင့် လှမ်းရွတ်နေ၏။ ဒါကို သူကလည်း အားကျမခံပြန်ဟစ် လိုက်၏။

“ဟုတ်ကဲ့ ကိုလှမောင်ရေ၊ တဲစုတ်ပိုင်ရှင် ဒေါင်းစိန်ရဲ့ မျက်နှာကိုလည်း ဝ အောင်သာ ကြည့်ထား လိုက်တော့ဗျ၊ မကြာခင် တစ်ဖြစ်လဲပြီး အသစ်တဲနဲ့ နေရတော့မယ်ဗျာ”

ပြောရင်း နောက်ရင်း၊ ပျော်ရင်း ရွှတ်ရင်းနှင့်ပင် လှေနှစ်စင်းသည် ရွာထဲသို့ ဝင်လာပေပြီ။ ကိုလှမောင်၏ မျက်စိထဲ၌ ဝါမဝင်ခင် မဖွားသက်နှင့် တူစုံတွဲ၍ နွဲပျော်ရမည်ကို မြင်ယောင်နေသလို၊ ကိုဒေါင်းစိန်၏ မျက်စိထဲ၌လည်း ဝါးခနီမိုး အိမ်သစ်ကလေး၌ သုံးမိုးခန့် ပိတ်ခြင်ထောင်ကြီးကို ထောင်ကာ ကုလားစောင် ကိုယ်စီခြုံ၍ မိသားတစ်ခု ကျကျနန အိပ်စက်ရမည်ကို မြင်ယောင်ကာ ပျော်မြူးနေ၏။

လှေသည် အိမ်ဆိပ်နှင့် တည့်တည့်သို့ ရောက်လာပေပြီ။ မယ်စိန်ကား ကမ်းထိပ်၌ရပ်ကာ သူ့ချစ်လင်အား ပြုံးရွှင်သော မျက်နှာနှင့်ကြိုဆိုနေပါသည်။

ကိုဒေါင်းစိန်သည် သူ့ဇနီးသည်ကို စိုက်ကြည့် နေ၏။ မည်းညစ်နေသော ထဘီကို ရင်ရှားထားသည့် မယ်စိန်အားကြည့်ရင်း မယ်စိန်၏ ရုပ်ပုံလွှာ သည်ရုပ်ရှင် ထဲမှာလို ဟုတ်ခနဲ ပြောင်းလဲသွား၏။ သရက်ထည် လုံချည်အသစ်ကလေးနှင့် အညာရက် ဖျင်အင်္ကျီရင်ဖုံး ကလေးဝတ်ကာ သနပ်ခါးအဖွေးသားနှင့် မယ်စိန်သာ သူ့ကို ကြိုဆိုနေသည် ဟုထင်လိုက်၏။

စိတ်ကူးယဉ်လှချည့် ကိုဒေါင်းစိန်လေး ... ။

ငါးရစ်တက်ချိန်ကား ကုန်ဆုံးလေပြီ။ ငါးရစ်လုပ်ငန်းလည်း လက်စသိမ်း ပေပြီ။ ငါးရစ်တက်ချိန် တစ်ချိန်လုံး ပင်ပန်းခဲ့ရသည့် အကျိုးအမြတ်ကိုလည်း သူ ခံစားရပေတော့မည်။ ဟိ သင့်စွ ... သင့်စွ၊ အဟောဝတ ... သြော် ... ကောင်းလေစွ တကား။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

# ဥပုသ်သည်

"မယ်စိန်ရေ၊ ဝါဆိုလပြည့်နေ့ကျရင် ဝါဆိုဥပုသ် တစ်ဥပုသ်လောက်တော့ စောင့်ကြဦးစို့ကွာ၊ တို့များ အုမ မတောင့်လို့ သီလ မစောင့်နိုင်တာ ခြောက်နှစ်လောက် ရှိသွားပြီကွ၊ အခုလို ဝမ်းရေးအတွက် အသက်ရှူသာခွင့်ကလေး ရသွားလို့ စိတ်လက် ကြည်ရွှင်နေတုန်း အချိန်မှာ ဒီလို ဝါဆို ဥပုသ်ကိုတော့ ဆက်ဆက် စောင့်လိုက်ကြ ရအောင်နော်"

"အို တော်၊ အိမ်မှာ ဖာဟီရက်ကိစ္စတွေနဲ့ နေ့မအား ညမအား ဖြစ်နေတာ၊ ဒီဥပုသ်ကို စောင့်မနေ နိုင်သေးပါဘူး"

"ဩော် … ဒီအလုပ်တွေကို တစ်ရက်တလေ မလုပ်ဘဲ နေလိုက်ရလို့ ဘာဖြစ်သွားမှာလဲကွယ်၊ တို့ မနှစ်က မိုးတွင်းကလို အခြေမဆိုးနိုင်တော့ပါဘူး၊ အမြဲတမ်း အကုသိုလ် အလုပ်နဲ့ အသက်မွေးနေပြီး တစ်ဖက် တစ်လမ်းက ကောင်းမှု ကုသိုလ်ကလေးမှ ပြန်ပြီး အကျိုးဆက်မပေးရင် နောင်သံသရာမှာ တို့ရဲ့ ဘဝဟာ တွေးဝံ့ စရာတောင် မရှိဘူးကွယ်"

"အောင်မယ်၊ တော်က ကြီးကျယ်လိုက်တာ၊ သံသရာတွေ၊ အကုသိုလ်တွေ၊ ကုသိုလ်တွေနဲ့၊ အကုသိုလ်ရွာမှာ လူလာဖြစ်နေမင့်ဟာ အကုသိုလ် အလုပ်မှ မလုပ်ရင် ဘာသွားလုပ်မလဲ။ တော် သံသရာကို ကြောက်ရင် တော့်ဟာတော် သွားစောင့်ချေ။ ကျုပ်တော့ သံသရာကိုလည်း တွေးပြီး ကြောက်မနေနိုင်ပါဘူး၊ အခု လက်ငင်း ထမင်းငတ်မှာသာ တွေးကြောက်တယ်"

"မိုက်ပါဘိ မယ်စိန်ရယ်"

ကိုဒေါင်းစိန်သည် ဒါပဲသာ ညည်းနိုင်တော့၏။ သူကိုယ်တိုင်မှာလည်း သိမ်မွေ့လှသော ဘုရား၏ တရားတော်ကို ကောင်းကောင်းနားလည်သူ မဟုတ်သဖြင့် မယ်စိန် နားဝင်အောင် တရားသဖြင့် ဆွဲဆောင်ခြင်း မပြုနိုင်ရှာ။ သူ့အဖို့ကတော့ အကုသိုလ်လုပ်လျှင် ငရဲကြီး၍ ကုသိုလ်ကောင်းမှုပြုလျှင် နောင်သံသရာမှာ ကောင်းကျိုးချမ်းသာ ခံစားရမည်ဟူသော လူပြိန်းအသိမျိုးဖြင့် ဥပုသ်စောင့်လျှင် ကုသိုလ်ရမည်ဟု နားလည်ထားကာ ဥပုသ်ကို စောင့်လိုလှခြင်း ဖြစ်သည်။

နောက်ဆုံးတွင် သူသည် ထုံးစံအတိုင်း အလျှော့ပေးလိုက်ရပြန်ပြီး အိမ်ရောက်မှ မပြားကြီးကို အကူအညီတောင်းကာ မယ်စိန်အား နားချမည်ဟု ကြံရွယ်ထားလိုက်ရ၏။ မပြားကြီးမှာ အားအားရှိလျှင် တရားစာအုပ် ကလေးများ ဖတ်နေတတ်၍ လည်းကောင်း၊ သင်္ဂြိုဟ်ကိုးပိုင်း သရုပ်ကို ကျေပွန်ပြီး အဘိဓမ္မာ မပါဘဲ စကားမပြောတတ်သော ရွာထဲမှ ဦးဖောင်အား အိမ်သို့ အမြဲပင် ပင့်ဖိတ်ကာ ဦးဖောင်၏ အဘိဓမ္မာကို နာယူ လေ့ရှိသူ ဖြစ်ခြင်းကြောင့် လည်းကောင်း မယ်စိန် နားဝင်အာင် ဖျောင်းဖျ ပြောဆို နိုင်စွမ်း ရှိလိမ့်မည်ဟု သူ ယုံကြည်ထား၏။

သူ့အဖို့ကတော့ မယ်စိန် မပါလျှင်မဖြစ်။ မယ်စိန်ကို အပါခေါ်ဖို့ အရေးကြီး၏။ ဖြစ်လေရာ ဘဝတွင် သူနှင့် ဆိုးတူ ကောင်းဖက် ဖြစ်စေရန်အတွက် လည်းကောင်း၊ သူတစ်ယောက်တည်းဆိုလျှင် ဥပုသ် မစောင့်စဖူး စောင့်ရမည် ဖြစ်သဖြင့် ရှီးတိုးရန့်တန့် ဖြစ်နေမည့်ဒဏ်ကို ခံယူနိုင်စွမ်းရှိမည် မဟုတ်သောကြောင့် လည်းကောင်း မယ်စိန်ကို သူ အပါခေါ်ရမည်။ မယ်စိန် ပါလျှင်တော့ ဘာကိုမျှ သူ ဂရု မစိုက်ပါ။ သြော် ... ဥပုသ်စောင့် ရာမှာပင် မယ်စိန် မပါဘဲ မပြီးတဲ့ ကိုဒေါင်းစိန်ပါကလား။

~~~
~~~

ဝါခဆိုလပြည့်နေ့သို့ ရောက်ခဲ့လေပြီ။

ကိုဒေါင်းစိန်သည် စောစီးစွာ နိုးလျက်ရှိ၏။

သို့သော် မယ်စိန်က သူ့ထက်ပို၍ စောကာ ဆွမ်းပင်လျှင် ချက်နေပေပြီ။ သူသည် အိပ်ရာထဲမှနေ၍ မယ်စိန် ချက်ပြုတ် ဆေးကြောရာမှ ထွက်ပေါ်လာသော ဖွန်းသံ၊ ပန်းကန်သံများကို နားထောင်ရင်း သူ့ဘဝကို သူ ကျေနပ်ကြည်နူးနေ၏။ ယနေ့ကား သူ ခြောက်နှစ်ကျော်ကြာမျှ ပျက်ကွက်ခဲ့ရသည့် ဥပုသ်ကို ပြန်စောင့်ဖို့ အခွင့်ကြုံသည့် နေ့ထူး နေ့မြတ်ပါတကား။

ညက မပြားကြီးကို သူ အကူအညီ တောင်းဆိုချက်အရ မပြားကြီး လာရောက်ကာ မယ်စိန်အား တရားချ၏။ အထူး သဖြင့် ဒါနနှင့် သီလ၏ အကျိုးအာနိသင်ကို အကျယ်တဝင့်ပြောပြ၏။ ပန်းတစ်ပွင့်ကို လှူမှု၊ ဥပုသ် တစ်ကြိမ် စောင့်မှုစသော ကောင်းမှုကြောင့် ဘဝများစွာ ဒုဂ္ဂတိသို့ မလားရဘဲ နိဗ္ဗာန်တိုင်အောင် ပေါက်ရောက် ရကြောင်းများကို ပုံသက်သေ သာဓကဖြင့် ပြဆို၏။ သိကြားမာဃ၏ ကြင်ရာတော် သုဇာတာ ဖျိုင်းမ ကလေးဖြစ်စဉ်က ငါးအရှင်များကို မစားဘဲ အဝတ်ခံ၍ သီလဆောက်တည်ခဲ့ခြင်းဖြင့် သေလွန်သော အခါ သိကြားမင်း ကြင်ရာတော်အဖြစ် ကူပြောင်းရပုံများကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြ၏။

ဒါနတွင်လည်း စေတနာဒါန၊ ဝတ္ထုဒါနဟူ၍ သရုပ်ခွဲပြလိုက်သေး၏။ ပုဗ္ဗ-မုဉ္စ-ပရ စေတနာသုံးတန် ကိုအနက်အဓိပ္ပာယ်ဖြင့် ဖွင့်ပြ၏။ ဟီနဒါန - မဇ္ဈိမဒါန - ပဏီတဒါန ဟူ၍လည်း ခွဲခြားရှင်းလင်း ပြ၏။ သီလ တွင်လည်း စာရိတ္တသီလ၊ ဝါရိတ္တသီလ ဟူ၍ လည်းကာင်း၊ ဟီနသီလ၊ ပဏီတသီလ ဟူ၍ လည်းကောင်း ခွဲခြမ်း စိတ်ဖြာ၍ ပြလိုက်၏။

နောက်ဆုံးတွင် သယံကာရ၊ ပရံကာရ၊ သာဟတ္ထိက၊ အာဏတ္တိက၊ သမ္မုဇာနက၊ အသမ္မုဇာနက ဟူသော ပုညာယုဟနတရား ၆ ပါးကို လိုလိုချင်ချင်နှင့် မိမိသဘောအလျောက် အားထုတ်ပြုလုပ် အပ်သော

ကုသိုလ်သည် သယံကာရမည်၏ ဟူ၍ လည်းကောင်း၊ သူတစ်ပါးတို့ ပြုလုပ်သည်ကို မြင်၍ အားထုတ် ပြုလုပ် အပ်သော ကုသိုလ်သည် ပရံကာရမည်၏ ဟူ၍ လည်းကောင်း၊ မိမိကိုယ်တိုင် တတ်အားသမျှ အားထုတ် ပြုလုပ်အပ်သော ကုသိုလ်သည် သာဟတ္တိကမည်၏ ဟူ၍ လည်းကောင်း၊ သူတစ်ပါးအား စေခိုင်း၍ အားထုတ်ပြုလုပ်အပ်သော ကုသိုလ်သည် အာဏတ္တိကမည်၏ ဟူ၍ လည်းကောင်း၊ ကံ ကံ၏ အကျိုးကို ယုံကြည်၍ အားထုတ်ပြုလုပ်အပ်သော ကုသိုလ်သည် သပ္ပဇာနက မည်၏ ဟူ၍ လည်းကောင်း၊ ကံ ကံ၏ အကျိုးကို မယုံကြည်ဘဲ အားထုတ်ပြုလုပ်အပ်သော ကုသိုလ်သည် အသမ္ပဇာနက မည်၏ ဟူ၍ လည်းကောင်း အနက်အဓိပ္ပာယ်နှင့်တကွ သရုပ်ခွဲပြကာ၊ သူ တိုက်တွန်းသည့် အတွက် အားထုတ် ပြုလုပ်ရသော ကုသိုလ်အဖြစ်မျိုး မရောက်စေဘဲ မိမိကိုယ်တိုင် ကံ ကံ၏ အကျိုးကို ယုံကြည်၍ လိုလိုချင်ချင်နှင့် အားထုတ် ပြုလုပ်သော ကုသိုလ်မျိုးဖြစ်ရန် ကြိုးစားဖို့ အဆုံးသတ် သတိပေးလိုက်၏။ မပြားကြီး၏ တရားအဆုံးတွင် မယ်စိန်က ဥပုသ် စောင့်ပါတော့မည် ဟုကတိပေးလိုက်၏။

ကိုဒေါင်းစိန်ကား မယ်စိန်အား တရားသဘောဖြင့် ဆွဲဆောင်နိုင် လောက်အောင် တတ်သိနားလည် နေသော မပြားကြီးအား အတော်ပင် အံ့သြနေမိ၏။ သို့သော် မယ်စိန် ဥပုသ်စောင့်ဖို့ ကတိပေး လိုက်ခြင်းမှာ မပြားကြီး၏ တရားကို သက်ဝင် သဘောပေါက်၍ မဟုတ်ဘဲ မပြားကြီးကို အားနာ၍ သာဖြစ်ကြောင်း သူ မသိလေ။ ဩော် ... သူ မသိရာလေ...။

သူသည် ကိုယ်ကို တစ်ဖက်သို့ စောင်းလိုက်ရာ ကုလားစောင် အသစ်ကလေး တစ်ထည်ကို လေးဦးသား မျှမျှတတ ခြုံရင်း ကွေးနေကြသော သူ့ရင်သွေးကလေးများကို ကိုင်စမ်းမိ၏။ သူနှင့် မယ်စိန်က တစ်ထည်ခြုံရ၏။ နောက်သူသည် ပက်လက်လှန်၍ ခြင်ထောင်အမိုးကို စိုက်၍ ကြည့်ပြန်၏။ သုံးမိုးခန့် ပိတ်ခြင်ထောင်ကြီးမှာ ကြီးကျယ်လွန်းလှ၍ သူတို့ အိပ်ခန်းဖွဲ့ထားသော

အခန်းတစ်ခန်းလုံး ပြည့်နေ၏။ ယခု လက်ရှိ ရင်သွေးလေးဦးနှင့် သူတို့ ချစ်ဇနီးမောင်နှံအပြင် နောက်ထပ် ကလေး ထပ်ရပါကလည်း ဤခြင်ထောင်ကြီး အတွင်း၌ အတူတကွ အိပ်နိုင်လောက်အောင်ပင် ကျယ်ဝန်း၏။ ဤခြင်ထောင်၊ ဤစောင်၊ ဤ အိမ်သစ် ကလေးများကား သူ ကာလကြာမြင့်စွာကပင် အိပ်မက် မက်ခဲ့ရသော အရာများ ဖြစ်သည်။ ယခုတော့ သူ လက်ရှိ ပိုင်ဆိုင်နေနိုင်ပြီ။

သူသည် အတန်ကြာအောင် ဖိမ်ယူနေပြီးနောက်မှ အိပ်ရာမှ ထလာရာ မယ်စိန်သည် ဆွမ်းဟင်းရံများကို ချက်ပြုတ်ပြီးစီးပြီးဖြစ်၍ ရေချိုးဆင်းရန် ပြင်ဆင်နေခိုက် ကြုံကြိုက်နေသဖြင့် သူလည်းတစ်ပါတည်း ရေချိုးဆင်းခဲ့၏။ ရေချိုးပြီး၍ တက်လာခဲ့သောအခါ မယ်စိန်သည် သူ့မ ခနဖြူမှ ဝယ်ခြမ်း ချုပ်လုပ်လာသော အဝတ်အထည် သစ်များ ယူထုတ်လာ၏။ ဟုတ်သည်၊ သည်အဝတ်အထည်သစ်များကို သည်နေရာမှာမှ မဝတ်လျှင် ဘယ်မှာ သွားဝတ်ဦးမည်နည်း။

ကိုဒေါင်းစိန်က အညာရက် လုံချည်အသစ်နှင့် ပိတ်ဖြူ ရှပ်လက်ရှည် အင်္ကျီအသစ်ကို ဝတ်လို့။ မယ်စိန်က ခေါက်လက်မှာ "ခေါက်လက်" မဟုတ်ဘဲ "လက်ရိုး" ဖြစ်၏။ မယ်စိန်က ခေါက်လက်မှာ ကလက်၍ လက်ရိုးက ဣန္ဒြေ ရသည်ဟု ဆိုကာ ချုပ်ပေးသည့်အတိုင်း သူဝန်ရခြင်းဖြစ်သည်။ မယ်စိန်ကတော့ သရက်ထည် အညိုရောင် ပွင့်ရိုက်လုံချည် အသစ်ကလေးနှင့် အညာရင် ဖျင်အင်္ကျီရင်ဖုံးကလေး ဝတ်လို့။ ထုံးစံအတိုင်း အတွင်းမှ ချွေးခံအင်္ကျီမပါ။ မယ်စိန်က ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် တစ်မျိုးပင် ထည်ဝါနေသော ကိုဒေါင်းစိန်အား ကျေနပ်သောအပြုံးဖြင့် စိုက်ကြည့်၏။ ကိုဒေါင်းစိန်က မလုံမလဲသော အပြုံးတို့ဖြင့် တုံ့ပြန်၏။

နံနက် ၇ နာရီခန့်တွင် မပြားကြီးတို့စုံတွဲ၊ မပြားကြီး၏ ဆော်သြချက်အရ လိုက်ပါလာသော ကိုလူမောင်တို့ စုံတွဲ၊ ကိုဒေါင်းစိန်တို့ စုံတွဲသည် ဥပုသ်ဇရပ်သို့ ရေးရှူထွက်ခွာလာခဲ့ကြ၏။ မပြားကြီး၏ ခေါင်းပေါ်၌ကား "ဘုရားမတင်၊ ခေါင်း

မဆင်၊ လူတွင် ဆယ်ပွင့်ပန်း" ဟူသော စကားနှင့်အညီ ရှေးဟောင်း သုခမပညာ၏ အမွေအနှစ်ဖြစ်သော ပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သည့် "ပန်းယွန်း" ပညာ၏ လက်ရာ ဖြစ်သော "ဆွမ်းတောင်း" ကို ရွက်လာ၍ သူမ၏ ညာလက်တွင်မူကား အတော်ပင် ဟောင်းနွမ်းနေပြီ ဖြစ်သော သားရေဖုံး "ဇိနတ္ထပကာသနီ" ကျမ်းစာအုပ်ကြီးကို ကိုင်လာသည်။

မပြားကြီးသည် ဤ "ဆွမ်းတောင်း" နှင့် ဤစာအုပ်ကို သူမ၏ မိဘများထံမှ အမွေဆက်ခံ ရရှိလိုက်သည်။ "ဆွမ်းတောင်း" မှာ "ကျောက်ကာ" အစစ်ဖြစ်၍ ခိုင်ခန့်လှသည့်အပြင် ဘာသာတရား၌ ကိုင်းရှိုင်းသော သူမ ကလည်း ဤပစ္စည်းကို အမြတ်တနိုး သိမ်းဆည်းထားသည့်အတွက် ယခုတိုင်အောင် မပျက်မစီး တည်ရှိနေခြင်း ဖြစ်သည်။ သင်္ကြန်ဥပုသ်နှင့် ဝါဆိုဥပုသ်တိုင်း သူမသည် ဤ "ဆွမ်းတောင်း"ကို ရွက်၍၊ ဤ "ဇိနတ္ထ ပကာသနီ" ကျမ်းကို လက်တွင် ကိုင်ဆွဲကာ ဥပုသ်စောင့် သွားလေ့ရှိသည်။

မယ်စိန်နှင့် မဖွားသက်တို့ကတော့ လင်ပန်းတစ်ချပ်ထဲတွင် ဆွမ်းထမင်း နှင့် ဆွမ်းဟင်း ပန်းကန်များအပြင် ဆွမ်းဆန်များပါ ထည့်ယူခဲ့ရ၍ အဖုံးအအုပ်ပင် မပါချေ။ ကျီးထိုးသုတ်မည် စိုးသည့်အတွက် သူမတို့နှစ်ဦး၏ လက်ထဲ၌ ထုတ်ချောင်းကလေး ကိုယ်စီ ကိုင်ကာ ခေါင်းပေါ်ဝေ့ယမ်းလာရ၏။

ဥပုသ်ဇရပ်သို့ ရောက်သောအခါ ဥပုသ်စောင့်ရန် ရောက်နေသူ လူပေါင်းနှစ်ဆယ်ခန့်မျှသာ တွေ့ရ၏။ ယခင် ဆယ်နှစ်လောက်တုန်းကဆိုလျှင်၊ သင်္ကြန်ရက်နှင့် ဝါဆိုလပြည့်နေများ၌ ရွာလုံးကျွတ်လိုလို ဥပုသ်စောင့် ကြသည့်အတွက် လေးပင်သုံးခန်း ဇရပ်သုံးဆောင်တွင် လူမဆံ့၍ တန်ဆောင်း ထဲရော ဘုန်းကြီးကျောင်း အောက်၌ပါမကျန် လူများ ပြည့်လျှံနေတတ်၏။ အကျွေးအမွေးကလည်း ပေါများလှ၏။ ယခုတော့ ဇရပ်တစ်ဆောင် ပြည့်အောင်ပင် စောင့်သူမရှိ။ ဩော်... တဖြည်းဖြည်းနှင့် ဝမ်းရေးက ကျပ်တည်း

ကျဉ်းမြောင်းလာကြလို့ ဘာသာရေးကိုပင် လစ်လျူရှုကုန်ကြပြီထင့်။ အင်း.... အူမတောင့်မှလည်း သီလ စောင့်နိုင်ကြပေမကိုး။

ဥပုသ်စောင့်သူ နည်းပါးလှသည့်အတွက် မပြားကြီး ဝမ်းနည်းခြင်း ဖြစ်ရသလို၊ ကိုဒေါင်းစိန်လည်း စိတ်မကောင်း ဖြစ်သွား၏။ သူတို့ ငယ်စဉ်ကနှင့် နှိုင်းယှဉ်ကာ ရပ်ရွာလူထု၏ တဖြည်းဖြည်း ကျပ်သည်ထက် ကျပ်၊ ငတ်သည်ထက် ငတ်လာခြင်းကို သူသည် ဆင်ခြင်မိ၊ နလုံးသွင်းမိ၏။ သို့သော် အကြောင်းတရား ကိုတော့ သူမရှာ၊ ဩော်... ရှာစရာမလိုအောင်လည်း တွေ့မြင်သိရှိထားမှကိုး။ တခြား ဟုတ်ရိုးလား၊ ကံအကြောင်း တရားပေါ့။ ဘာဖြစ်သလဲ၊ ဆင်းရဲသလား၊ ချမ်းသာသလား၊ သေသလား၊ ရှင်သလား၊ ရှုံးသလား၊ မြတ်သလား၊ အားလုံးကံအကြောင်းသာ ဖြစ်သည်။ တခြား ဘာများ ရှာနေဖို့ လိုပါသေးသလဲ။ အင်း...။

ကိုဒေါင်းစိန်သည် ဇရပ်ပေါ်တွင် ထိုင်ရင်း သူတို့ အလျင်ရောက်နှင့် နေသူများကို သေချာစွာ လိုက်လံစေ့ငုနေ၏။ ဇရပ်ခေါင်းရင်းဘက်ရှိ ဝိုင်းတွင် ထိပ်ဆုံးမှ ထိုင်နေသူကား သူကြီးမင်း၏ ဦးကြီးတော်သူ တစ်ဦးဖြစ်၍၊ ငါးထောင်ခြောက်ထောင်တန် အင်းကြီးတစ်အင်းကို နှစ်စဉ် လုပ်ကိုင်သူဖြစ်သည်။ ထိုမျှမက သူပိုင် လယ်ကေ တစ်ရာခန့်ကိုလည်း လူငှားများနှင့် နှစ်စဉ် လုပ်ကိုင်သူဖြစ်သည်။ သူကြီးမင်း၏ အရှိန်အဝါကို အသုံးပြု၍ ဆင်းရဲသား လယ်သမားများနှင့် ရောကာ အမတော်ကြေး ထုတ်ယူပြီး ပြန်မဆပ်ဘဲ နေသူလည်း ဖြစ်သည်။ နောက်နှစ်များတွင် အမတော်ကြေး ပြန်မဆပ်သူများအား ဆက်လက်ထုတ်ပေးခွင့် မပြုသော အခါများ၌လည်း အမြော်အမြင် ကြီးစွာဖြင့် သွတ်သွင်းထားသော မြေးတော်သူ ပါတီဝင်တစ်ဦး၏ အရှိန်အဝါဖြင့် ဆက်လက် ထုတ်ယူနိုင်ခဲ့သည်။

မုန့်ပဲ သရေစာနှင့် အခြားကုန်စုံကလေးများ ရောင်းချစား သောက်ရသော ခေါင်းရွက်သည်ကလေးများထံမှ အမြဲပင် အကြွေးဝယ်ယူလေ့ ရှိပြီး ပြန်ဆပ်ရန် သတိမေ့တတ်သူလည်း ဖြစ်သည်။

သို့သော် သူသည် ဘာသာရေးဆိုင်ရာ ဆွေးနွေးပွဲဝိုင်းများ၌ ထိပ်ဆုံးမှ နေကာ၊ တရားသဘာဝများကို ပုံသက်သေ သာဓကနှင့် ပြောဆိုတတ်၏။ လူအပေါင်းအား တရားစောင့်ကြဖို့၊ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြည်ဖို့ ပြောဟောသော်လည်း ကိုယ်တိုင်ကား မြေပိုင်ရှင်စိတ် ပေါက်နေကာ၊ လယ်လုပ်သူသာ လယ်ပိုင်ရေးနှင့် ပတ်သက်သော နိုင်ငံရေး စကားပြောတတ်သူ လူငယ်များအား သူတစ်ပါးပစ္စည်းကို အဓမ္မယူအောင် လှုံ့ဆော်ပေးနေတဲ့ သာသနာဖျက်တွေ၊ မိစ္ဆာဒိဋ္ဌိတွေဟု ဆိုကာ ရှုံ့မုန်းတတ်၏။

ကိုဒေါင်းစိန်၏ မျက်လုံးများသည် ဇရပ်၏ ခြေရင်းဘက်ဆီသို့ ရောက်လာပြန်၏။ ဤဝိုင်းတွင်ကား ဦးဖောင်နှင့် ဦးကုလားသည် ထိပ်မှထိုင်လျက် ရှိ၍၊ ဆင်းရဲသော်လည်း ဘာသာတရားကို ရိုသေ ကိုင်းရှိုင်းသည့် အတွက် ကြိုးစား၍ ဥပုသ်စောင့် လာရောက်သော ဆင်းရဲသားများကား ဦးဖောင်နှင့် ဦးကုလားကို ဝိုင်းဖွဲ့နေကြ၏။ သူတို့နှစ်ဦးကား သင်္ဂြိုလ်ကိုးပိုင်း ပါဠိရော သရုပ်ကိုပါ လည်းကောင်း၊ အခြား ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်များကို လည်းကောင်း ကြိုးစားကျက်မှတ်ကာ ဆင်းရဲသားများ၏ အသုဘတွင် လည်းကောင်း၊ ဥပုသ်ဇရပ်တွင် လည်းကောင်း သူတို့ ကျက်မှတ်ထားသမျှ ပြန်လည် ဟောပြောတတ်ခြင်းအားဖြင့် ဆင်းရဲသားများ၏ ကြည်ညိုလေးစားမှုကို ခံယူရရှိ ထားသူ နှစ်ဦးဖြစ်သည်။

နောက် သူ့မျက်လုံးများသည် တစ်ယောက်တည်း အေးဆေးစွာ ထိုင်လျက်ရှိသော လူငယ်တစ်ဦးဆီသို့ ရောက်သွားပြန်၏။ ထိုလူငယ်ကား ခေတ်ပေါ် စာအုပ်စာတမ်းများနှင့် သတင်းစာ၊ ဂျာနယ်များကို သိမ်းကျုံးဖတ်ရှု၍ ရင့်ကျက်ခြင်း မရှိသေးသူပီပီ သူ ဖတ်ရှုရသမျှ နိုင်ငံရေးစကားများကို နေရာမရွေး

အာပေါင်အာရင်း သန်သန်နှင့် ပြောဟောတတ်သူဖြစ်၏။ ထို့ကြောင့်ပင် ခေါင်းရင်းဘက်ဝိုင်းမှ သူကြီးမင်း ဦးကြီး၏ မုန်းတီးမှုကို ခံယူရ၍ သူကိုယ်တိုင်ကလည်း သူကြီးမင်း ဦးကြီးအား လယ်ဇော ကလေး တစ်ရာလောက် ပိုင်ရုံနှင့် အလကား မြေပိုင်ရှင်ကြီး၊ ဖြူရိုကရက် လက်ပါးစေကြီး၊ ဖောက်ပြန်ရေး သမားကြီးဆိုကာ မုန်းတီးနေသူဖြစ်၏။ သို့သော် ဦးဖောင်၊ ဦးကုလားနှင့် ထိုလူငယ်မှာကား လေပေးဖြောင့်ကြ၏။ ဦးဖောင်နှင့် ဦးကုလားတို့၏ ဘာသာရေး အယူအဆကို ထိုလူငယ်က အတိုက်အခံ မလုပ်ဘဲ နာယူသလို၊ ထိုလူငယ်၏ နိုင်ငံရေး စကားများကိုလည်း ဦးဖောင်နှင့် ဦးကုလားက ဆိတ်ငြိမ်စွာ နားထောင်လေ့ရှိ၏။

ကိုးနာရီထိုးခန့် ရှိသောအခါ ဦးပဥ္စင်းတစ်ပါး သီလပေးရန် ဇရပ်သို့ ကြွရောက်လာ၏။ သီလယူမည့် ဆွမ်းဆန်များ၊ ဖယောင်းတိုင်များ၊ ငှက်ပျောသီး ခိုင်များ အစရှိသော ပစ္စည်းများကို ဦးပဥ္စင်းရှေ့နား၌ စုပုံ ချထား လိုက်၏။ နောက် ဦးပဥ္စင်းက အဋ္ဌင်္ဂသီလကို ပေး၍ သူတို့က ခံယူ၏။

သီလပေးပြီး၍ ဦးပဥ္စင်းပြန်ကြွသွားသောအခါ သူတို့သည် နံနက် ထမင်းစားရန် ပြင်ဆင်ကြ၏။ ကိုဒေါင်းစိန်နှင့် မပြားကြီးတို့ လူအုပ်က ဦးဖောင်နှင့် ဦးကုလားကြီးတို့ ဝိုင်းသို့ ဝင်ပေါင်းလိုက်ကြ၏။ ဟင်းခွက်များကို အလဲအလှယ် လုပ်ကြ၏။ တစ်ဦး၏ ဟင်းခွက်ကို တစ်ဦးအား မျှတ၊ အပြန်အလှန် လဲလှယ်ပြီး ဝိုင်းဖွဲ့၍ပင် စားကြ၏။ စားနေရင်းမှလည်း သူ့ဟင်းကို စားပါဦး၊ ငါ့ဟင်းကို စားပါဦး စသည်ဖြင့် စေတနာ ထက်သန်စွာ တိုက်တွန်းနေကြ၏။ ထမင်းဝိုင်း အပြီးတွင် လက်ဖက်ရည်ကြမ်းဝိုင်း တည်ခင်း လိုက်ပြန်၏။

သည် လက်ဖက်ရည်ကြမ်းဝိုင်းမှာပင် ဘာသာရေး ဆွေးနွေးပွဲကား စလေပြီ။

"အပာမ်း… ဒုစရိုက် ၁၀ ပါးကို အကျယ်တဝင့် ရှင်းလင်းပြောချင်တယ်ကွယ်၊ ဒုစရိုက်ဆိုတဲ့ အဓိပ္ပာယ်ကတော့ မကောင်းတဲ့ အကျင့်ပေါ့ကွယ်၊ တချို့ကတော့ အကုသလ ကမ္မပထ တရား ၁၀ ပါးလို့လည်း ခေါ်တယ်။ အပါယ်ရောက်ဖို့ လမ်းကြောင်း ဖြစ်တဲ့ အကုသိုလ်ကံ ၁၀ ပါးလို့ အဓိပ္ပာယ်ရတယ်၊ အဲ ဘာလဲဆိုတော့ တတ္ထ အကုသလံ ကာယကမ္မံ၊ ဝဇီကမ္မံ၊ မနောကမ္မဉ္စေတိ၊ ကမ္မဒွါရ ဝသေန တိဝိဓံ ဟောတိလို့ သင်္ဂြိုဟ်ဝီထိမုတ်ပိုင်းမှာ အဲသလိုဆိုတယ်။ အကုသိုလ်ကံဟာတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ရယ်လို့ သုံးပါးအပြားရှိတယ်တဲ့"

ဦးကုလားက စကားစလိုက်ပြီးနောက် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ယူသောက်နေလိုက်၏။ ကိုဒေါင်းစိန်တို့ တစ်တွေကား ငြိမ်သက်စွာပင် နားထောင်နေကြ၏။ ကိုလူမောင်နှင့် မယ်စိန်တို့ နှစ်ဦးသာလျှင် ဦးကုလား၏ စကား၌ စိတ်မဝင်စား သလို ဇရပ်နောက်ရှိ ချောင်းရေကို ငေးကြည့်နေသည်။ ကိုဒေါင်းစိန်ကတော့ ဒုစရိုက်ကို ကြားဖူးသော်လည်း ဘယ်နှပါး အပြားရှိ၍ ဘယ်လို အနက်အဓိပ္ပာယ်ရှိသည် ဆိုတာကိုတော့ သူမသိ။ မကောင်းတာ မှန်သမျှအား "ဟေ့ မင်းဟာ၊ ဘုရား မကြိုက်တဲ့ ဒုစရိုက်အလုပ်ကြီးတွေပါကွာ"ဟု ပြောလေ့ ရှိသည်ကို ထောက်၍ မကောင်းမှုမှန်းတော့ သူသိသည်။ သူသည် အခွင့်ကြုံခိုက် မှတ်သားထားလိုက်ရန် ကြိုးစားနားစိုက်နေ၏။

"ကထံ၊ ပါဏာတိပါတော၊ အာဒိန္နဒါနံ၊ ကာမေသုမိစ္ဆာစာရောစေတိ၊ ကာယဝိညတ္တိ သင်္ခါတေ၊ ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော၊ ကာယကမ္မံနာမ။ အဲသလို သင်္ဂြိုဟ်ပါဠိလာသည်နှင့်အညီ ပါဏာတိပါတ၊ အာဒိန္နဒါန၊ ကာမေသု မိစ္ဆာစာရ၊ အဲဒီ သုံးပါးကို ကာယကံသုံးပါးလို့ခေါ်တယ်၊ ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့ ကံပေါ့ကွာ"

ဦးကုလားသည် စကားကို တစ်ထောက် ရပ်နားယူပါသော်လည်း ဦးကုလား၏ စကားများကို ကောင်းကောင်း နာမရှင်းပေ။ ဦးကုလားသည်

နိုင်ငံခြား ဘာသာဖြင့် ပြောနေခြင်း မဟုတ်ဘဲ မြန်မာ စကားဖြင့် ပြောနေမှန်းတော့ သူသိသည်။ သို့သော် မြန်မာတစ်ယောက်ဖြစ်သော သူ နားမလည်ခြင်း အတွက် ဦးကုလားကိုပင် အပြစ်တင်ရမလား၊ သူ့ကိုယ်သူပဲ ပြန်ပြီး အပြစ်တင်ရမလားဟု ဝေခွဲမရ ဖြစ်နေ၏။

"ကဲ ပထမဆုံး အဲဒီ ကာယကံသုံးပါးကို အကျယ်တဝင့် ရှင်းပြမယ်၊ ပြီးတော့မှ ဝစီကံ လေးပါး၊ မနောကံ သုံးပါးကို ဆက်ပြီး ရှင်းပြမယ်။ ကာယကံ သုံးပါးအနက် နံပါတ် (၁) ပါဏာတိပါတ ဆိုတာကတော့ ပရမတ္ထအားဖြင့် ရုပ်၊ နာမ်၊ ဇီဝိတိန္ဒြေကို၊ ပညတ်အားဖြင့်တော့ သတ္တဝါကို သူ့အလိုအလျောက် အချိန်ကျမှ သေရမည်ကို အချိန်ကအောင် မနေစေဘဲ အလျင်အမြန် သေအောင် သတ်ခြင်းကို ပါဏာတိပါတလို့ ခေါ်တယ်။ အဲဒီ ပါဏာတိပါတကံမှာ ကမ္မပထမြောက်ဖို့ အင်္ဂါ ၅ ပါးရှိတယ်။ (၁) သတ္တဝါလည်း ဖြစ်စေ၊ (၂) သတ္တဝါမှန်းသိသည်လည်း ဖြစ်စေ၊ (၃) သတ်လိုသော စိတ်စေတနာ ရှိသည်လည်း ဖြစ်စေ၊ (၄) သတ်ဖြတ်မှု လုံ့လတစ်ခုခုကိုလည်းပြုစေ၊ (၅) ထိုလုံ့လကြောင့် သေသည်လည်းဖြစ်စေ၊ အဲဒီ အင်္ဂါ ၅ ပါးစုံရင် ပါဏာတိပါတ ကမ္မပထ မြောက်တယ်၊ ရှေးအင်္ဂါလေးပါး ပြည့်စုံပေမဲ့ နောက်ဆုံးအင်္ဂါ ချို့တဲ့ရင် (ဝါ) သတ္တဝါ သေကျေပျက်စီးခြင်းမရှိရင် ပါဏာတိပါတ ကမ္မပထ မမြောက်ဘူး၊ အဲ ကမ္မပထ မြောက်လို့ ရှိရင်တော့ အပါယ်ရောက်ဖို့ တန်းနေတာပေါ့ကွာ"

သည်စကားရပ်များကိုတော့ ကိုဒေါင်းစိန် ရှင်းရှင်းနားလည်လိုက်ပါ၏။ နားလည်သလာက်လည်း တံငါအလုပ်ဖြင့် သူ ငါးများကို သတ်ဖြတ်ခဲ့ရာ၌ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံနေပါသလားဟု စိုးရိမ်တကြီး စစ်တမ်းထုတ်ကြည့်၏။ သူသတ်ခဲ့သော ငါးများမှာ သက်ရှိသတ္တဝါလည်း မှန်ပါသည်။ သတ်လိုသော စိတ်စေတနာတော့ မရှိပါ။ မရှောင်သာတဲ့ ဝမ်းရေးကြောင့်သာ သတ်ခဲ့ရပါသည်။

အို... မဟုတ်သေးပါ၊ ပထမတော့ မရှောင်သာတဲ့ ဝမ်းရေးကြောင့် သတ်ခဲ့တာ မှန်ပေမဲ့ နောက်တော့ အထုံဖြစ်လာပြီး ဒီငါးတွေကို

သတ်ဖြတ်ဖမ်းဆီးဖို့သာ သူ စိတ်ဝင်စားနေတယ် မဟုတ်လား။ ဒီလို သတ်ဖြတ်ဖမ်းဆီးရတာကိုပဲ သူပျော်မွေ့လာတယ် မဟုတ်လား။ နောက်ပြီး သတ်ဖြတ်မှု လုံ့လ တစ်ခုခုကိုလည်း ပြုစေတဲ့... မှန်ပါသည်။ သူ လုံ့လ စိုက်ထုတ် ပြုလုပ်ခဲ့ပါသည်။ အဲဒီ လုံ့လကြောင့် ငါးတွေ သေတာလည်း မှန်ပါသည်။ အင်္ဂါငါးပါးနဲ့ ပြည့်စုံပြီး ကမ္မပထ မြောက်နေပါပေါ့လား။

သူသည် တုန်လှုပ်စွာဖြင့် မယ်စိန်အား လှမ်းကြည့်လိုက်၏။ မယ်စိန်ကတော့ မည်သို့မျှ မထူးခြားသလိုပင် အခြေမပျက်ပင် ရှိကာ သူမ၏ ဘေးမှ မဖွားသက်နှင့် အိမ်အကြောင်း ပြောဆိုနေကြ၏။ အကြောက်တရားက သူ့ဦးနောက်ကို ပွက်ပွက်ဆူစေ၏။ ကမ္မပထမြောက်လျှင် အပါယ်လားမယ်တဲ့။ အပါယ်လားမယ်ဆိုတာ ငရဲခံရမယ်လို့ ဆိုလိုတာပဲ ဖြစ်မှာပါပဲ၊ ငရဲဆိုတာကိုတော့ ငယ်စဉ်က လူကြီးသူမများ ပြောသံ ကြားဖူးသည်။ ငရဲထိန်းများက ပွက်ပွက် ဆူနေသော ဆီပူအိုးထဲသို့ အရှင်လိုက် ထိုးထည့်တတ်သတဲ့။ မီးဖုတ်ထားသော အလျှံတပြောင်ပြောင် ရဲရဲတောက်လောင်နေသော သံတံကျင်နှင့် စအိုမှ ထိုးသွင်းတတ်သတဲ့။ အို... မြတ်စွာဘုရား၊ ကယ်တော်မူပါ။

ကိုဒေါင်းစိန်၏ စိတ်အခြေအနေကို ရိပ်မိသော စောစောက လူငယ်သည် အားပေးသလို ကိုဒေါင်းစိန်၏ လက်ကို အသာအယာ ဆုပ်ကိုင်ကာ ပြုံးပြ လိုက်ပြီးနောက်၊ ဦးကုလားဘက်သို့ လှည့်၍ "ကျွန်တော် တစ်ခု မေးပါရစေ"ဟု ခွင့်တောင်းလိုက်၏။

"မေးပါ မောင်၊ မေးပါ"

"စစ်မဖြစ် ဖြစ်အောင် ဖန်တီးပြီး လူ့အသက်ပေါင်းများစွာကို စစ်သင်္ချိုင်းမှာ မြှုပ်နှံပစ်နေတဲ့ စစ်ဝါဒီတွေ၊ အဏုမြူဗုံး စတဲ့ ကြောက်မက်ဖွယ်ရာ လူသတ် လက်နက်တွေနဲ့ လူတွေကို သိန်းသန်းချီပြီး သတ်ပစ်နေတဲ့ စစ်ရာဇဝတ် ကောင်တွေ၊ အဲဒီ စစ်ဝါဒီ စစ်ရာဇဝတ် ကောင်တွေကို ထောက်ခံအားပေး

ရေးသားနေကြတဲ့ သတင်းစာဆရာတွေ၊ ကိုယ်အကျိုးစီးပွားကို ကာကွယ်ဖို့အတွက် ကိုယ့်ဟာကိုယ် ရေးဆွဲထားတဲ့ ဥပဒေတွေနဲ့ လူတွေကို သေဒဏ်ပေးနေတဲ့ အစိုးရတွေ၊ လူ့လောကကို ကျေးဇူးပြုမယ့် လူသုံးကုန်တွေကိုတော့ မထုတ်လုပ်ဘဲ လူ့လောကကို ဖျက်ဆီးပစ်မယ့် လူသတ်လက်နက်တွေကိုသာ အမြောက်အမြား ထုတ်လုပ်ရောင်းချနေတဲ့ အရင်းရှင်ကြီးတွေ၊ အဲဒီလူတွေအားလုံး ပါဏာတိပါတကံ ထိုက်မထိုက်၊ ထိုက်လို့ရှိရင်လည်း ဟောဒီကိုဒေါင်းစိန်လို့ မရှောင်သာတဲ့ ဝမ်းရေးကြောင့် သားငါးများ ရှာဖွေဖမ်းဆီးပြီး အသက်မွေးနေရတဲ့ တံငါသည်တွေနဲ့ ဘယ်သူက အပြစ်ပိုကြီးတယ်ဆိုတာ သိပါရစေ”

“အေး အဲဒီမေးခွန်းဟာ မေးထိုက်တဲ့ မေးခွန်းပေပဲကွ၊ အဲဒီမေးခွန်းတွေကို ပြေလည်အောင် ဖြေနိုင်ဖို့၊ သတ်တဲ့အခါမှာ ပယောဂလုံ့လစိုက်ထုတ်မှုဆိုတဲ့ ပယောဂခြောက်မျိုးကို ပထမ နားလည်ထားရလိမ့်မကွ။ သာဟတ္ထိကော၊ အာဏတ္တိကော၊ နိဿဂ္ဂိယောစ ထာဝရော၊ ဝိဇ္ဇာမယော၊ ဣဒ္ဓိမယော၊ ပယောဂါ ဆဟိ မေမတာ ဆိုတဲ့အတိုင်း ဓားနှင့်ခုတ်၊ တုတ်နှင့်ရိုက်စသဖြင့် ကိုယ်ထိလက်ရောက် သတ်ပုတ်မှုကိုသာ ဟတ္တိက ပယောဂလို့ခေါ်တယ်။ အာဏာဖြင့် စေခိုင်း၍ သတ်စေခြင်းကို အာဏတ္တိက ပယောဂလို့ခေါ်တယ်။

မင်းပြောတဲ့ အစိုးရတွေ၊ နောက်ပြီး ဘာတဲ့... စစ်ဝါဒီတွေဆိုတာ အဲဒီ အာဏတ္တိယ ပယောဂ အရ ပါဏာတိပါတကံ ထိုက်တာပေါ့။ အဲဒီ အာဏတ္တိက ပယောဂထဲမှာ နှုတ်ဖြင့်ဖြစ်စေ၊ စာရေးသား၍ ဖြစ်စေ၊ အရိပ်နိမိတ်ပြ၍ ဖြစ်စေ အသတ်ခိုင်းမဟောလည်း အကျုံးဝင်သွားတာမို့ ခုဏကပြောတဲ့ လူသတ်ကောင် စစ်ဝါဒီတွေကို ထောက်ခံအားပေး ရေးသားနေတယ်ဆိုတဲ့ သတင်းစာဆရာတွေလည်း အာဏတ္တိက ပယောဂအရ ပါဏာတိပါတကံ ထိုက်တာပေါ့ကွယ်။ လေး၊ သေနတ်၊ အမြောက် စသည်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကို

နိဿဂ္ဂိပယောဂလို့ ခေါ်တယ်၊ သေစေလိုသော စေတနာဖြင့် လူသတ်လက်နက်များ ပြုလုပ်ရာ၌ အဲဒီလက်နက်များရဲ့ ပယောဂဖြင့် သတ္တဝါများ သေကျေပျက်စီးရင် အဲဒီ လက်နက်လုပ်သူဟာ ထာဝရ ပယောဂအရ ပါဏာတိပါတကံ ထိုက်တယ်။ ဒါကြောင့် မင်းပြောတဲ့ လက်နက်လုပ်ရောင်းတဲ့ အရင်းရှင်တွေဆိုတာ အဲဒီ ထာဝရ ပယောဂအရ ပါဏာတိ ပါတကံ ထိုက်တာပေါ့"

"ဟုတ်ကဲ့၊ အပြစ်အကြီးအငယ် ဆုံးဖြတ်ချက်ကို ကြားပါရစေဦးခင်ဗျား"

"အပြစ် အကြီးအငယ် ဆုံးဖြတ်ဖို့ကတော့ သတ္တဝါ အကြီးအငယ်ကို လိုက်၍ လည်းကောင်း၊ သတ္တဝါ၏ အကျင့်သိက္ခာကို လိုက်၍ လည်းကောင်း ဆုံးဖြတ်ရတယ်။ သတ္တဝါက အကောင်အထည်ကြီးရင် ထိုသတ္တဝါ၏ ဇီဝိတကလာပ်များစွာကို ဖျက်ဆီးရာကျတဲ့အတွက် အပြစ်ပိုကြီးတယ်၊ သီလသိက္ခာရှိသူကို သတ်လျှင် ထိုသူ၏ သိက္ခာဂုဏ်ကြောင့် အပြစ်ပိုကြီးတယ်၊ မိဘ၊ ရဟန္တာကို သတ်လျှင် အနန္တ ရိယကံတောင် ထိုက်တယ်။ ဒီတော့ ငါးသတ္တဝါနဲ့ လူကို ယှဉ်လိုက်လျှင် လူက ငါးသတ္တဝါထက် အကောင်အထည်အားဖြင့်ရော အကျင့်သိက္ခာအားဖြင့်ပါ ပိုမိုတဲ့အတွက် လူတွေကို သတ်ဖြတ်နေတဲ့ ဒင်းတို့က ဝမ်းရေးအတွက် ငါးကို သတ်နေရတဲ့ ဒေါင်းစိန်တို့ထက် မနှိုင်းယှဉ်သာအောင် ပိုပြီး အပြစ် ကြီးတာပေါ့ကွ"

"ကြားလား... ကိုဒေါင်းစိန် မှတ်ထားနော်၊ ကဲ အဒိန္နာဒါနရဲ့ အဖွင့်ကို ကြားပါရစေဦး ခင်ဗျာ"

"ဥစ္စာရှင်တို့က စာရေးသား၍ဖြစ်စေ၊ ကိုယ်လက်လှုမ်း၍ဖြစ်စေ၊ "ရော့ ယူတော့"ဟု နှုတ်ဖြင့်ဖြစ်စေ မပေးအပ်သော သူ့ဥစ္စာကို ခိုး၍၊ ဓားပြတိုက်၍၊ လိမ်လည်၍၊ ညာဝါးပြောဆို၍ ယူမှု ဟူသော ကာယပယောဂ၊ ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာကို အာဒိန္နာဒါနလို့ခေါ်တယ်။ အဲဒီ အာဒိန္နာဒါန

ကံမှာလည်း ကမ္မပထမြောက်ဖို့ အင်္ဂါ ၅ ပါး ရှိတယ်၊ (၁) သူတစ်ပါး ဥစ္စာလည်း ဖြစ်စေ၊ (၂) သူ့ဥစ္စာဟု သိသည်လည်း ဖြစ်စေ၊ (၃) ခိုးယူလိုသော စိတ်လည်း ရှိစေ၊ (၄) ခိုးယူကြောင်း ကိုယ်မှု လုံ့လ တစ်ခုခု ကိုလည်း ပြုစေ၊ (၅) ထိုလုံ့လဖြင့် ခိုးယူခြင်းကိစ္စ အထမြောက်သည်လည်း ဖြစ်စေ၊ ဤအင်္ဂါ ၅ ပါးနဲ့ ပြည့်စုံရင် အဒိန္နာဒါနကံ အထမြောက်တယ်"

"မေးလက်စနဲ့ မေးပါရစေဦး ခင်ဗျာ၊ မတော်လောဘစိတ်နဲ့ သူတစ်ပါး တိုင်းပြည်ကို အဓမ္မသိမ်းပိုက်ပြီး စီးပွားရေးကို လက်ဝါးကြီးအုပ်ထားတဲ့ နယ်ချဲ့ အရင်းရှင်ကြီးတွေ၊ သိန်းလေးဆယ်ကို အပျောက်ရိုက်သွားတဲ့ ဝန်ကြီး သူခိုးမျိုးတွေ၊ တိုင်းပြည်ပိုင် ပစ္စည်းကို အကန့်အသတ်မရှိ ခိုးထုတ်နေတဲ့ မျက်နှာကြီး သူခိုးတွေ၊ အာဏာနဲ့ ခြိမ်းခြောက်ပြီး မတရားလာဘ်စားနေတဲ့ အရာရှိသူခိုးတွေ၊ ရစရာရှိတဲ့ လယ်ထောက်ခကို ယူရာမှာ တင်းမှန်း တောင်းမှန်ကို မသုံးဘဲ "ဒီယ"လို့ခေါ်တဲ့ မတရားတင်းကြီးတွေနဲ့ ချင်ယူတဲ့ မြေပိုင်ရှင် သူခိုးတွေ၊ ကုန်ပစ္စည်း မှန်မှန်ကို မရောင်းဘဲ ကုန်ညံ့ ကုန်ပုပ်တွေနဲ့ ရောရောင်းပြီး အလေးတင်းတောင်း ကျတော့လည်း ကောက်ကျစ်စဉ်းလဲထားတဲ့ ကုန်သည်သူခိုးတွေ၊ အဲဒီ လူတွေအားလုံးဟာလည်း အဒိန္နာနကံ ထိုက်မှာပေါ့နော်"

"ဟ အရင်းကြီးပဲ၊ ကံထိုက်တာပေါ့ကွ၊ ထိုက်ရုံတောင် မကသေးဘူးဟေ့၊ အပြစ်အကြီးအငယ် ဆုံးဖြတ်တဲ့အခါမှာ ပစ္စည်းဥစ္စာ၏ တန်ဖိုးကို လိုက်၍ လည်းကောင်း၊ ဥစ္စာရှင်၏ သီလသိက္ခာကို လိုက်၍လည်းကောင်း ဆုံးဖြတ်ရတာ ဖြစ်လေတော့ မင်းပြောသလိုဆိုရင် မင်းလူတွေ ခိုးတဲ့ ပစ္စည်းက နန်နဲနောနော ပစ္စည်းမှ မဟုတ်ဘဲကလားကွ၊ ပြောမဖြစ်အောင်ကို အပြစ်ကြီးတာပေါ့။ ပြီး မင်း ခုနပြောတဲ့အထဲမှာ ဘာတဲ့၊ တိုင်းပြည်ပိုင်ပစ္စည်းကို ခိုးတယ်လို့ ဆိုသမှုတ်လား၊ တိုင်းပြည်ပိုင်ဆိုတော့ သံဃိက ပိုင်ပေါ့၊ ပုဂ္ဂလိကပိုင်ပစ္စည်းထက် သံဃိကပိုင် ပစ္စည်းကို ခိုးတာက ပိုပြီး အပြစ်ကြီးတာပေါ့"

"ကြားလား ကိုဒေါင်းစိန်၊ ကျွန်တော်တို့ရွာမှာ ထဘီစုတ်ခိုး၊ ငါးပိခိုး၊ ငံပြာရည်ခိုး၊ ကြက်ဘဲခိုးနဲ့ ခိုးပြီး အသက်မွေးနေတဲ့ သူခိုးထွန်းစိန်တို့၊ စိန်အေးတို့ကိုသာ သူခိုးလို့ မထင်နဲ့၊ ခုနက ကျွန်တော်ပြောခဲ့တဲ့ လူကြီးလူကောင်း သူခိုးတွေလည်း အများကြီးရှိသေးတယ်ဗျ။ ဒါပေမဲ့ သူခိုးထွန်းစိန်တို့၊ စိန်အေးတို့ကတော့ ဘာအကာအကွယ်မှ မရှိတော့ လူတိုင်း မြင်နိုင်တာပေါ့ဗျာ၊

လူကြီးလူကောင်းသူခိုးတွေ ကတော့ အကာအကွယ်တွေ အဆောင် အယောင် တွေနဲ့ဆိုတော့ လူတိုင်း မမြင်ရဘူးဗျ။ ပဒကုသလ ငိုချင်းချသလိုဆိုရင် "အကြံ့ရခက်ပါသနော်၊ သန်လျက်တော် ယူဆောင်တဲ့ သူခိုးကိုလ၊ ဘုရင့်အမျိုးကို ထုတ်ဖော်လို့ ပြောရမှာဖြင့်၊ ဓား ကုပ်ပေါ်မှာ ဝဲ" ဆိုသလို သူခိုးကို ထုတ်ဖော်ပြောလို့ ပြောရမှာက ဓားကုပ်ပေါ်မှာ ဝဲနေတဲ့အတွက် လူတိုင်းမသိရ တာဘဲဗျ။

နောက်ပြီး သူတို့မှာ ငွေရှိတယ်၊ ဝါဒထဖြန့် လက်နက် ကိရိယာတွေရှိတယ်၊ သူတို့ကို အကာအကွယ် ပေးနေတဲ့ စနစ်ကြီးထဲမှာလည်း ဖြစ်နေပြန်တော့ သူတို့ကို သူခိုးဆိုပြီး စွဲချက်တင်ဖို့က မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ သူခိုးထွန်းစိန်တို့လို ဘာမှ အဖိုးမတန်တဲ့ ထဘီစုတ်၊ ငါးပိ၊ ငံပြာရည်ခိုးနေတဲ့ လူတွေကိုတော့ ရေးကြီးခွင်ကျယ်လုပ်ပြီး ခိုးမှုနဲ့ ခဏခဏ ထောင်ထဲ ဆွဲချလိုက်တာပဲ။ ဒါမှလည်း လူတွေရဲ့စိတ်ထဲမှာ သြော်... သူခိုးဆိုတာ ဒီထွန်းစိန်တို့လို လူစားမျိုးကို ဆိုလိုတာပါကလားလို့ အထင်ရောက်စေပြီး၊ သူတို့ သူခိုးကြီးတွေကိုတော့ မျက်ခြည်ပြတ်သွားအောင် မျက်လှည့်ပြလိုက်တဲ့ နည်းပေါ့ ဗျာ"

"ဟေ့ သူငယ်၊ ဒါ ဥပုသ်ဇရပ်ကွယ့်၊ နိုင်ငံရေး တရားဟောတဲ့ စင်မြင့် မဟုတ်ဘူး၊ ဥပုသ်သည်တွေ ကြားထဲမှာ မင်းရဲ့ အကျိုးမရှိတဲ့ သမ္ဖပ္ပလာပ စကားတွေကို လာပြောမနေပါနဲ့"

သူကြီးမင်း၏ ဦးကြီးတော်က ထိုလူငယ်အား စက်ဆုပ်သော မျက်နှာထားဖြင့် ကြည့်ကာ လှမ်းပြောလိုက်၏။ ထိုလူငယ်ကလည်း သူကြီးမင်း ဦးကြီးအကြည့်ကို ရဲဝံ့စွာပင် တုံ့ပြန်ကြည့်ရှုကာ -

"ဟုတ်ကဲ့၊ ကျွန်တော်ပြောနေတဲ့ စကားတွေဟာ နိုင်ငံရေးစကား မဟုတ်ဘဲ ဘာသာရေးစကားတွေ ဖြစ်တယ်ဆိုတာ ဦးမင်း နားမလည်နိုင်ပေမယ့် ဟောဒီက ဦးကုလားတို့၊ ကိုဒေါင်းစိန်တို့ကတော့ နားလည်ကြပါတယ်၊ ကျွန်တော် ဟာလည်း ဦးမင်းနဲ့ ဆွေးနွေးနေတာ မဟုတ်ဘဲ သူတို့နဲ့ ဆွေးနွေး နေတာမို့ ဦးမင်း ကျွန်တော်ကို ပိတ်ပင်ဖို့ ဘာမှ အခွင့်အာဏာမရှိပါဘူး။ ကဲဆက်လိုက်ကြ ဦးစို့ ကိုဒေါင်းစိန်ရေ၊ ခုနပြောခဲ့တဲ့ လူသတ်မှု တရားခံတွေ၊ သူခိုးကြီးတွေဟာ ဘာသာတရားနဲ့ ကြည့်ရင် အင်မတန် အပြစ်ကြီးပါလျက်နဲ့ လောကဥပဒေက သူတို့ကို ခွင့်လွှတ်ထားတယ်။ ခွင့်လွှတ်ထားမှာပေါ့၊ ဒီဥပဒေတွေက သူတို့ အကျိုးကို ကာကွယ်ဖို့၊ သူတို့စိတ်ကြိုက် ရေးဖွဲ့ထားတဲ့ ဥပဒေတွေကိုး၊ ပြီး သူတို့ကပဲ တစ်ပြန်စီး ဘာသာရေး တရားဓမ္မကို အသံကျယ်ကျယ်နဲ့ ဟစ်နေ လိုက်ကြသေးတယ် ဘာသာရေးကို အရေခြုံပြီး ထင်တိုင်း ကျင့်နေကြတယ်၊ ဘာသာရေးကို အကာအကွယ်ယူပြီး ဘာသာရေးကိုပဲ လက်နက်လုပ် တိုက်နေကြတယ်။

ဘာသာရေး ဆိုင်ရာ ပွဲတွေမှာ သူတို့မျက်နှာတွေဟာ ရှေ့ဆုံးက ချည့်ပေါ့ဗျာ၊ သူတို့အသံဟာလည်း အကျယ်ဆုံးပေါ့ဗျာ၊ ကျုပ်တို့ဟာ သူတို့ ခြုံထားတဲ့ ဘာသာရေးအရေကို ဆွဲဆုတ်ပစ်ပြီး သူတို့ရဲ့ လူသတ်မှု တရားခံရုပ်၊ သူခိုးရုပ်ကို အမှန်အတိုင်း ဖော်ထုတ်ပြရမယ်။ ပြီးတော့မှ ဘာသာရေးအရရော၊ လောက ဥပဒေအရရော သန့်ရှင်းမွန်မြတ်ပြီး ပြည်သူတို့ရဲ့ အားထားရာ တကယ့်မှုမှန် ဘာသာရေး စစ်စစ် ဖြစ်လာမယ်"

ကိုဒေါင်းစိန်သည် လူငယ်တို့၏ စိတ်အားထက်သန်ခြင်းမျိုးဖြင့် စိတ်ပါ လက်ပါ ပြောဆိုနေသော လူငယ်အား ငေးကြည့်နေ၏။ လူငယ်၏ စကားအချို့ကို

နားမရှင်းသော်လည်း ဆိုလိုချက်ကိုကား နားလည်လိုက်ပါ၏။ သူ မသိသော လောကပြင်ကျယ်ကြီးထဲ၌ ဤမျှ ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်နေပါ ကလားဟုလည်း အံ့သြနေမိ၏။ ကြည့်ပါ၊ လူကြီး လူကောင်းတွေဆိုပြီး... ထူးဆန်းတဲ့ လက်နက်တွေနဲ့ လူတွေကို သိန်းသန်းချီပြီး သတ်ပစ်နေတယ်တဲ့၊ နောက်ပြီး ငွေတွေကိုလည်း သိန်းသန်းချီပြီး ခိုးယူ နေတယ်တဲ့။ ဘယ်လောက် ဆန်းကြယ် ရှုပ်ထွေးတဲ့ လောကကြီးပါလဲ။

"ကျွန်တော်ပြောတာ နားလည်ရဲ့လား ကိုဒေါင်းစိန်၊ ဟိုလူတွေနဲ့ စာလိုက်ရင် ခင်ဗျားအပြစ်က မပြောပလောက်ပါဘူးဗျာ၊ ခင်ဗျားမှာ ဘာသာရေး အရ အပြစ်ရှိတယ် ဆိုနိုင်ပေမဲ့ လောကီမျက်စိနဲ့ ကြည့်ရင်လူ့လောကကို အထောက်အပံ့ပြုတဲ့ လူသုံးကုန်ကို ဖန်တီးပေးနေသူ တစ်ယောက်အဖြစ် ဂုဏ်ယူ နိုင်ပါသေးတယ်ဗျာ။ ဟိုလူတွေကတော့ ဘာသာရေးအရဆိုရင်လည်း အဝီစိကို ဖောက်ထိုးဆင်းမယ့် တစ်လမ်းသွားတွေဖြစ်ပြီး လောကီမျက်စိနဲ့ ကြည့်ပြန် ရင်လည်း လူ့လောကကို အကြီးအကျယ် ဖျက်ဆီးနေတဲ့ လူတွေပါဗျာ၊ ဒီတော့ ဒါတွေနဲ့ နှိုင်းယှဉ်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလိုက်စမ်းပါ၊ ကိုယ့်အပြစ်ကို တွေးကြောက်ပြီး နေမထိ ထိုင်မသာ ဖြစ်မနေဘဲ အချိန်ရခိုက် တရားဘာဝနာ ကိုသာ ကြိုးစားပွားများ ပေးပေါ့ဗျာ"

စကားလည်းဆုံး၊ လူငယ်လည်း ထသွားတော့၏။ ဦးကုလားသည် ကျန်နေသေးသော ဒုစရိုက်တရားများကို ဆက်လက် ရှင်လင်းလျက်ရှိ၍ ခေါင်းရင်း ဘက်ဝိုင်းမှ သူကြီးမင်း ဦးကြီးကလည်း ရှေးခေတ်နှင့် ယခုခေတ် ကွာခြားပုံ ယခုခေတ် လူငယ်များ ထောင့်မကျိုး၊ အပိုးမသေပုံ၊ ကလိယုဂ် ဆုတ်ကပ်ကြီး ဖြစ်၍ လူငယ်များ ထောင့်မကျိုး၊ အပိုးမသေပုံ၊ မလိယုဂ် ဆုတ်ကပ်ကြီးဖြစ်၍ လူငယ်များ အယူ လွဲပြီး မိစ္ဆာဒိဋ္ဌိတွေ ဖြစ်ကုန်ကြပုံ၊ ဤမိစ္ဆာဒိဋ္ဌိလူငယ်တွေကြောင့် ခေတ်ကြီး ကသောင်းကနင်းနှင့် ပျက်စီးခြင်း မလှ ပျက်စီးရပုံ စသည်တို့ကို ရှည်လျားစွာ ပြောဆိုနေ၏။

ကိုဒေါင်းစိန်သည် ဆက်လက် နားထောင်မနေတော့ဘဲ အချိန်ရရိုက် စိပ်ပုတီးစိပ်ရန် မပြားကြီးထံမှ ငှားထားသော စိတ်ပုတီးကိုယူ၍ အကျအန ဆောက်လုပ်ထား၍ ကမ်းခြေမှ တံတားဖြင့် ဆက်သွားထား၏။ ဤသိမ်ပေါ်၌ ဆိုလျှင် လူသူကလည်း ကင်းရှင်း၊ လေကလည်း တညင်းညင်းမို့ ပုတီးစိပ်ရာ၌ စိတ်လည်း ငြိမ်ပြီး သမာဓိကို ဖြစ်စေနိုင်မည်ဟု ယူဆကာ ခင်းထားသော တံတားပေါ်မှ နေ၍ သိမ်ပေါ်သို့ လျှောက်လာခဲ့၏။

သင့်မြတ်စွတကား...။ သိမ်ပေါ်တွင် လေကလေးကလည်း ညင်းတည့် ညံ့။ ခပ်ဝေးဝေးကို မျှော်ကြည့်လိုက်လျှင် စိတ်ကြည်နူးဖွယ်ရာ စိမ်းလန်းသော တောတန်းကလေးများ။ တစ်ဖက်ကမ်းကို ရှုစားလိုက်ပြန်တော့လည်း တရား သံဝေဂ ယူဖွယ်ရာ သင်္ချိုင်းမြေပုံနှင့် အုတ်ဂူကလေးများ။ သိမ်အောက် ဝန်းကျင် မှာတော့ ကြည်လင်သော ချောင်းရေ။ သူတော်စင်တို့ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ဌာနပါတကား။ ဟိ သင့်စွ၊ သင့်စွ။

သူသည် သိမ်ပေါ်၌ ကျကျနန ထိုင်၍ ချောင်းရေကို စူးစိုက်ကြည့်ကာ ပုတီးစိပ်ရင်း လက္ခဏာရေးတရား သုံးပါးကို ပွားများစ ပြုတော့၏။ အနိစ္စဟု ရွတ်လိုက်၍ အမြဲမရှိဟု အနက်ဖွင့်ကာ ပုတီးတစ်လုံးချလိုက်၏။ သို့သော် ဘာမမြဲတာလဲ။ ဒီရုပ်အတ္တဘောကြီးက မမြဲတာလား၊ ရုပ်ကို ဖြစ်စေတတ်သော ကံ စိတ် ဥတု အာဟာရ ဟူသော ဇနကအကြောင်းနှင့် ရုပ်ကို ထောက်ပံ့ တတ်သော ကံ စိတ် ဥတု အာဟာရ ဟူသော ဥပတ္ထမ္ဘက အကြောင်းနစ်ရပ်က မမြဲတာလား သူမသိ။ နောက် ဒုက္ခဟု ရွတ်လိုက်လျှင် ဆင်းရဲခြင်းဟု အနက်ဖွင့်ကာ ပုတီးတစ်လုံးချလိုက်ပြန်၏။ သို့သော် ငါမဟုတ်ရင် ဘာလဲ၊ ခန္ဓာငါးပါးတို့၏ အပေါင်းအစု လား၊ ရုပ်နာမ်နှစ်ပါးတို့၏ ပေါင်းစပ်ထားမှုလား၊ ဓာတ်လေးပါး တို့၏ အစုအဝေးလား.... သူ မသိ။

သူသည် ကြက်တူရွေး စာအံသလို ကိုယ်တိုင် သဘောမပေါက်ဘဲ လူကြီးများ သင်ပေးထားသည့်အတိုင်း လျှောက်ရွတ်ကာ ပုတီးကို တစ်လုံးပြီး

တစ်လုံး ချနေ၏။ ကိုယ်တိုင် မိမိရရ သဘောပေါက်ခြင်းမျိုး မဟုတ်သော ကြောင့်လည်း လက္ခဏာရေးတရား ၃ ပါး၌သာ အာရုံစူးစိုက်ခြင်း မပြုနိုင်ဘဲ သူ့မျက်စိ စူးစိုက်ရာ ချောင်းရေပြင်ထက်မှ လှိုင်းတွန့်ကလေးများ၌ လည်းကောင်း၊ ဗေဒါပင်ကလေးများ၌ လည်းကောင်း သူ့စိတ်ရောက်နေကာ တစ်ချီတစ်ချီ တွင်လည်း တကယ့်လူကြီး လူကောင်းများကို လူသတ်မှု တရားခံဟူ၍ လည်းကောင်း၊ သူခိုးဟူ၍ လည်းကောင်း ရဲဝံ့စွာ စွပ်စွဲနေသော လူငယ်၏ အသံကို ကြားယောင်နေ၏။

သို့ဖြင့် လက်က ပုတီးကို တစ်လုံးပြီး တစ်လုံး ချနေသလောက် နှုတ်က လက္ခဏာ ရေးတရား ၃ ပါးကို တွင်တွင် ရွတ်ဆိုကာ မျက်စိနှင့် အာရုံကမူ ရေညင်းညှံ့ညှံ့မို့ လှိုင်းတွန့်ကလေးများမှာလည်း ကြည့်၍ လှပရုံ အတွန့်လိုက် အတွန့်လိုက်ဖြင့် ရေမျက်နှာပြင်ပေါ်ဝယ် လိုက်တမ်းပြေးတမ်း ကစားနေကြ၏။ ရှေ့မှ လှိုင်းတွန့်က ပြေး၍ နောက်မှ လှိုင်းတွန့်ကလေးများက ရှေ့နောက် အစဉ်လိုက်တန်းကာ လိုက်ဖမ်းကြ၏။ မိလု မိခင် ... မိလု မိခင်နှင့်မမီ။ ရှေ့လှိုင်းတွန့်ကလေးမျာ ပြေးစရာနေရာ မရှိ၍ ကမ်းစပ်သို့ ဖျတ်ကနဲ တက်ကပ် လိုက်မှ နောက်က လှိုင်းတွန့်ကလည်း ဖျတ်ခနဲ ဖျတ်ခနဲဖြင့် တက်ဖမ်းကြ၏။ အားလုံးသော လှိုင်းတွန့် ကလေးများမှာ သည်ကမ်းစပ်မှာပင် ဆုံစည်းမိကြကာ ချုပ်ငြိမ်းကြရ၏။

သူ့မျက်စိများသည် ကမ်းစပ်မှ ရေလယ်ဆီသို့ ပြန်တုံ့လာပြန်၏။ တောက်ပနေသော နေရောင်အောက်ဝယ် ချောင်းရေမျာ တဝင်းဝင်း တလက် လက်နှင့် အရောင်လျှပ်နေသည်။ နောက်တစ်ခဏတွင် အရောင်လျှပ်နေသော ရေမျက်နှာပြင်ပေါ်သို့ ရေပလုံစီကလေးများ တက်လာပြီး ငွေရောင်သည် ဝင်းခနဲ လက်သွားရာ လှိုင်းတွန့်ကလေးများမှာလည်း ခါးလယ်မှ အဆက်ပြတ်သွားပြီး မျက်နှာပြင် သည်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ အမှန်ကတော့ ငါးဖယ် တစ်ကောင် ထပွက်လိုက်ခြင်းသာ ဖြစ်သည်။

ကိုဒေါင်းစိန်၏ နှုတ်မှ ရွတ်ဆိုနေသော လက္ခဏာရေးတရား ၃ ပါးသည် ရုတ်တရက် ရပ်ဆိုင်းသွားသလို ကိုဒေါင်းစိန်၏ လက်မှ စိပ်နေသော ပုတီးသည်လည်း ရပ်တန့်သွား၏။ သူ့အာရုံသည်လည်း တန့်ခနဲ ရပ်သွားကာ သူ့ရင်၌လည်း ဖိုခနဲ ဖြစ်သွား၏။

"တောက်၊ ကွန်ကျဲနဲ့ တစ်ချက်လောက် ပစ်ဖမ်းလိုက်ရရင်တော့"

သည်ကျောင်းအိုင်ထဲ၌ ငါးဖယ် အတော်ပေါများသည်။ ဘုန်းတော်ကြီး၏ မေတ္တာရပ်ခံချက်အရ ကွန်သမားများသည် ဤကျောင်းအိုင်ထဲ၌ ကွန်ပစ်ခွင့် မရသည့် အတွက် အခြားနေရာများမှ ကွန်သမား များကို လန့်ပြီး ပြေးလာသော ငါးဖယ်များသည် ဤကျောင်းအိုင်ထဲ၌သာ ဘေးရန် ကင်းရှင်းစွာ ခိုလှုံ နေကြသည်။ ထို့ကြောင့်ပင် ဤကျောင်းအိုင်ထဲ၌ တိတ်တိတ်ခိုး၍ ကွန်ပစ်ခဲ့ဖူး၏။ တစ်ချက်တည်း ပစ်ရုံနှင့် ငါးဖယ်များမှာ ဖြုတ်လို့ မနိုင်နိုင်အောင် မိခဲ့ဖူး၏။

ယခုလည်း ကွန်ကျဲနဲ့ တစ်ချက်လောက် ပစ်ဖမ်းလိုက်ရရင်တော့လား။ အို ... ငါ ဘာတွေ လျှောက်တွေးနေသလဲ။

သူသည် သူ့လက်ထဲမှ သူ့ပုတီးကို မြင်လိုက်၍ သူ့ဥပုသ်ကို သတိရကာ လန့်သွားတော့၏။ သူ့ စိတ်အခြေအနေကို အကဲခတ်မိသူများ ရှိနေသလား ဟုလည်း မလုံမလဲ ဖြစ်လာသဖြင့် ပတ်ဝန်းကျင်ကို မျက်စိပျက် မျက်နှာပျက်ဖြင့် လှည့်လည်ကြည့်ရှု လိုက်၏။ သူတစ်ယောက်မှအပ အခြား မည်သူမှ မရှိကြောင်း သိရမှ စိတ်အေးသွား၏။ သို့သော် ဥပုသ်များ ကျိုးသွားပြီလား။

သူသည် သူ့ဥပုသ်ကို သံသယဖြစ်လာကာ အတော်ပင် စိတ်မကောင်း ဖြစ်သွား၏။ သူ့ကိုယ်သူလည်း ခွင့်လွှတ်၍ မရအောင် ဒေါသထွက်လာမိတော့၏။

ဩော်… တို့များ တယ်အကုသိုလ်ကြီးပါကလားနော်၊ တစ်နေ့တလေ ဥပုသ်စောင့်ခွင့် ကြုံလို့ စောင့်ရမှာတောင် မကျိုးမပေါက်အောင် မစောင့်ထိန်းနိုင်ဘူး။ ဒီအကုသိုလ် အလုပ်တွေဆီသာ စိတ်ရောက်နေတယ်။

သူသည် သိမ်မှ ဖဲခွာလာခဲ့၍ လူရှင်းသည့် သစ်ပင်ရိပ်တစ်ခု၌ ပင်စည်ကိုမှီကာ ပုတီးစိပ်ပြန်၏။ ညနေ ၅ နာရီလောက်ရောက်မှ ဥပုသ်ဇရပ်သို့ ပြန်ခဲ့ကာ မယ်စိန်ကို ခေါ်၍ ကျောင်းပရိဝုဏ်အတွင်းရှိ မြေစိုက် ဘုရား ၃ ဆူအနက် အလယ်မှ ရွှေရောင်ဝင်းနေသော စေတီတွင် ဘုရားရှိခိုးကြ၏။ သို့သော် မည်သည့် ဘုရားရှိခိုး တစ်ပုဒ်တလေကိုမျှ မရသဖြင့် ဦးသုံးကြိမ်ချပြီးသာ ထ ပြန်လာခဲ့ကြရ၏။

လမ်းတွင် မယ်စိန်က ကိုဒေါင်းစိန်အား “ကာလနာ၊ တစ်နေ့ခင်းလုံး ဘယ်ပျောက်နေသလဲ” ဟု ပြောပြီးမှ ဥပုသ်ကို သတိရ၍ လျှာကို တစ်လစ်ကလေး ထုတ်ကာ မျက်လုံးမျက်ဆန် ပြူးသွားတော့၏။ သို့သော် သူမကား ကိုဒေါင်းစိန်လို အတွေးခေါင်သူ မဟုတ်သဖြင့် တွေးကြောက်နေခြင်းမရှိဘဲ၊ ဤသို့ မှားပြောမိသည့် အတွက် သဘောကျသွားသလို ဟက်ဟက်ပက်ပက် ရယ်နေလိုက်သေး၏။

ထိုညတွင် ကိုဒေါင်းစိန်သည် အိပ်မက်ထဲ၌ ငရဲထိန်းများက သူ့အား အတင်းဖမ်းဆီးကာ ပွက်ပွက်ဆူ နေသော ဆီပူအိုးထဲသို့ ပစ်ထည့်သည်ဟု အိမ်မက် မြင်မက်ပြီး လန့်နိုးရာ တစ်ညလုံး အိပ်မပျော်နိုင်အောင် အကြောက်ကြီး ကြောက်နေရှာသည်။

သို့သော် သူ့အဖို့ စိတ်ဖြေစရာ တစ်ချက်တော့ ရှိပါသေးသည်။ ဩော် ငါမနေရလို့ ငရဲခံရသည့်တိုင် ငါတစ်ယောက်တည်း မဟုတ်ဘဲ ငါ့ထက် ဆိုးတဲ့ ဂုဏ်သရေရှိလူကြီး လူကောင်းတွေ အများကြီး ရှိပါသေး ကလားရယ်လို့ …။

# ပိုက်သမား

ဝါဆိုလ ကုန်ဆုံး၍ ဝါခေါင်လသို့ ရောက်ခဲ့ပြန်လေပြီ။

ကိုဒေါင်းစိန်သည် သူ့အိမ်ကလေး၏ သဘော်ကြီးခေါ် အထပ်ခိုး ကလေးတွင် ကျကျနန သိမ်းဆည်း ထားသော ပိုက်များကို ပြင်ဆင်စ ပြုတော့၏။ သူ့အိမ်၏ သဘော်ကြမ်းပေါ်၌ကား တံငါအလုပ်နှင့် သက်ဆိုင်သော ငါးဖမ်းသည့် လက်နက်ကိရိယာ တန်ဆာပလာ အမျိုးမျိုးကို စုံလင်စွာ တွေ့ရှိနိုင်ပေပြီ။ ပိုက်စိပ်၊ ပိုက်ကျဲ အမျိုးမျိုး၊ ကွန်စိပ် ကွန်ကျဲ အမျိုးမျိုး၊ ငါးထိုးသည့် "ဆောင်ပုံ"၊ ငါးဆောင်းသော "ဆောင်း"၊ ရေပက်သော ခန္ဓဲပုံးများ၊ ငါးမျှားတန်းချရန် ငါးမျှားများ၊ ဖားဆွဲသော ငါးမျှားတံ စသည့် ပစ္စည်းများကို သူ့နေရာ နှင့်သူ သပ်သပ်ရပ်ရပ် တွေ့မြင်နိုင်ပေပြီ။

ယခုအခါ ငါးထိုးသော ဆောင်ပုံသည် အသုံးမဝင်တော့ပြီ။ သူ၏ အသုံးမှာ ဝါဆိုလ တစ်လတည်း သာဖြစ်၍ နောင်နှစ် ဝါဆိုလမှပင် အသုံးဝင်ပေတော့မည်။ ယခု ကွင်းထဲ၌ ရေအတော် တက်နေပြီ ဖြစ်၍ ပိုက်ချရမည့်အခါ ဖြစ်ပေသည်။ ခေါင်းဖြတ်ပိုက် ပိုက်ကျဲမဟုတ်၊ "ချောပိုက်" ပိုက်စိပ်သာ ဖြစ်သည်။

ချောပိုက်တွင်လည်း "ယမ်းဝက်"၊ "ယမ်းချိုး" ဟူ၍ နှစ်မျိုးရှိသေး၏။ မီးခြစ်ဆံတစ်ချောင်းယူ၍ မီးခြစ်ဆံထိပ်ရှိ ယမ်းတည်ရှိသည့် နေရာကို တစ်ဝက်ချိုးပစ်လိုက်ပြီး ကျန်ရှိသည့် အချောင်းနှင့် ညီမျှသော ပိုက်ကွက် ရှိပိုက်ကို "ယမ်းဝက်" ပိုက်ဟုခေါ်သည်။ မီးခြစ်ဆံထိပ်ရှိ ယမ်းတည်ရှိရာ နေရာ

အားလုံး ချိုးပစ် လိုက်၍ ကျန်ရှိသည့် အချောင်းနှင့် ညီမျှသော ပိုက်ကွက်ရှိ ပိုက်ကိုမူ "ယမ်းချိုး" ပိုက်ဟု ခေါ်သည်။

"ယမ်းဝက်" က "ယမ်းချိုး" ထက် ပိုက်ကွက် အနည်းငယ်ကျယ်သည်။ ထို့ကြောင့် "ယမ်းဝက်" ပိုက်မှာ ချောငါး အကြီးစား များတိုး၍ "ယမ်းချိုး" မှာမူ ချောငါးအသေးနှင့် အလတ်များသာတိုးသည်။

ရေဦးတွင် ချောငါးအသေးနှင့် အလတ်သာများ၍ ယမ်းချိုးပိုက်က ငါးအတိုးများသည်။ ရေလယ်တွင်မူ ချောငါးများ တဖြည်းဖြည်း ကြီးလာပြီဖြစ်၍ "ယမ်းချိုး" ပိုက်တွင် အတိုးနည်းကာ "ယမ်းဝက်" ပိုက်မှာ အတိုးများသည်။ ရေနှောင်းတွင် ချောငါးများ ရှားသွားကာ ခေါင်းဖြတ်ငါးများပါလာသည့် အချိန်ဖြစ်၍ "ခေါင်းဖြတ်ပိုက်" ပိုက်ကဲ့ကို အသုံးပြုရပြန်သည်။ သူ့အချိန် သူ့အခါကို လိုက်၍ သူ့ပိုက်နှင့် အလဲအလှယ် သုံးသွားရသည်။

ကိုဒေါင်းစိန် အဖို့မှာမူ "ယမ်းချိုး" ပိုက်၊ "ယမ်းဝက်" ပိုက်ပင်မက "ခေါင်းဖြတ်" ပိုက်ပါ အသင့်လက်ကိုင် ရှိပြီးဖြစ်၍ ရေဦး၊ ရေလယ်၊ ရေနှောင်း သုံးချိန်စလုံး ပိုက်အလဲအလှယ်နှင့် ချသွားနိုင်ပေပြီ။ ယခု ရေဦးဖြစ်၍ ယမ်းချိုးပိုက်ကိုသာ သူ ပြင်ဆင်နေခြင်းဖြစ်သည်။ ရှိသမျှ ပိုက်စိပ် ပိုက်ကဲ့၊ ကွန်စိပ် ကွန်ကဲ့များကို ချည်လုံးမှ ပိုက်ကွန်အဖြစ်သို့ မယ်စိန် တစ်ဦးတည်း ဒိုင်ခံထိုးခဲ့ခြင်း ဖြစ်သည်။ သြော် ... နေရာတကာ အားကိုးရတဲ့ မယ်စိန်။

သူသည် ယမ်းချိုးပိုက်ကို ပြင်ဆင်ရင်းမှ သင်္ဘောကြမ်းထိပ်ရှိ ခေါင်တွင် စီရရီ ဆွဲချိတ်ထားသော မယ်စိန်၏ လက်ရာ ပိုက်ကွန်များကို ကြည့်ရင်း မယ်စိန်အားသာ ကျေးဇူးတင်နေမိ၏။ သူ့ဘဝတွင် မယ်စိန်သည် အရေးပါသော အခန်းမှ ပါဝင်ခဲ့သည်။ မယ်စိန်သာ မရှိလျှင် သူ့ဘဝသည် အဓိပ္ပာယ်ပင် ရှိလိမ့်မည်မဟုတ်။ သူတစ်ယောက် တည်းသာဆိုလျှင် ဤရက်စက်ကြမ်းကြုတ် လှသော ကမ္ဘာမြေကြီးပေါ်တွင် ကိုယ်ပိုင် ခြေထောက်နှင့် ရပ်တည်နိုင်စွမ်း

ရှိအံ့မထင်။ ထို့ကြောင့်ပင် သူက တိုးတိုးကလေး ဆုတောင်းလိုက်ရာ၏။ ဩော် ... မနေလို့ သေရမယ်ဆိုရင် မယ်စိန် မသေဘဲ ငါသာ အလျင်သေပါစေလို့။

"ဒေါင်းစိန်ရေ ... ပိုက်ချ သွားကြစို့ ဟေ့"

ကိုလှမောင်သည် ပိုက်ချသွားရန် သူ့အား ခေါ်နေပေပြီ။ သူသည် "ယမ်းချိုးပိုက်" ၅ ထည်ကို ယူ၍ သဘော်ကြမ်းပေါ်မှ ဆင်းခဲ့၏။ မယ်စိန်ကား သူ ပိုက်ချသွားရာသို့ ယူဆောင်သွားရန် ထမင်းပွဲနှင့် လက်ဖက်ရည်အိုး၊ မီးဖို စသည်တို့ကို အသင့် ပြင်ဆင်ထားပြီးပေပြီ။ ထမင်းပွဲ ဇလုံတစ်လုံးထဲတွင် ထမင်းကို ထည့်၍ ဟင်းပန်းကန်ကို ထမင်းအလယ်တွင် မြှုပ်ကာ အပေါ်မှ ကြွေရည်သုတ် သံပန်းကန်ပြား တစ်ချပ် အုပ်ထား၏။

သူသည် ထမင်းပွဲနှင့် ပိုက်ကို အလျင်ယူ၍ ကမ်းဆိပ်သို့ ဆင်းခဲ့ကာ လှေပေါ်၌ နေရာချထားလိုက်၏။ ကမ်းဆိပ်၌ ကိုလှမောင်သည် လှေတစ်စင်းနှင့် သူ့အား အသင့်စောင့်နေသည်ကို တွေ့မြင်ရ၏။ နောက်တစ်ကြိမ် ပြန်တက်၍ လက်ဖက်ရည်အိုး၊ မီးဖိုနှင့် ထင်းချောင်းများကို ယူရင်း မယ်စိန်ကို "ငါ သွားတော့ မယ်နော်" ဟု ပန်ကြားခဲ့၏။ ဒါကတော့ သူ၏ ထာဝစဉ် တာဝန်ဖြစ်သည်။ မယ်စိန်အား မပန်ကြားဘဲနှင့် သူသည် အလုပ်ကို သွားလေ့မရှိ။ မယ်စိန် မရှိခိုက်နှင့် ကြုံကြိုက်နေလျှင် အိမ်နီးချင်းများအား မယ်စိန်ပြန်လာလျှင် သူ သွားပြီလို့ ပြောလိုက်ပါဟု မှာကြားခဲ့တတ်၏။ စင်စစ် သူ မမှာခဲ့လည်း သူ အလုပ်သွားမည်ကို မယ်စိန်က သိထားပြီး ဖြစ်ပါလျက် ပန်ကြားပြီးသွားရမှ အလုပ်ကို စိတ်ဖြောင့်ဖြောင့် လုပ်နိုင်သော သူ့ဉာဉ်ကြောင့် အမြဲပင် ပန်ကြားရခြင်းဖြစ်သည်။

သူနှင့် ကိုလှမောင်သည် လှေနှစ်စင်းကိုယှဉ်၍ ကွင်းဘက်သို့ ဦးတည်လှော်ထွက်ခဲ့၏။ အချိန်မှာ နံနက် ၇ နာရီခန့်ရှိပြီ ဖြစ်သော်လည်း

မိုးအုံ့နေသောကြောင့် ပတ်ဝန်းကျင် မြင်ကွင်းမှာ သာယာ ကြည်လင်ခြင်းမရှိဘဲ မှိုင်းမှိုင်းနေသည်။ သို့သော် လေငြိမ်နေ၍ တော်ပါသေးသည်။

ကွင်းထဲသို့ ရောက်သောအခါ အခြား ပိုက်လှေများနှင့် ပေါင်းမိသွားပြီး တပျော်တပါးကြီး ဖြစ်သွားကြ၏။ ကိုဒေါင်းစိန်သည် သူ ကြိုတင်၍ ခုတ်ထွင် ရှင်းလင်းထားသော ပိုက်လမ်းကလေးရှိရာသို့ လှေကို လှော်ထွက်ခဲ့၏။ ရောက်သောအခါ သူသည် အရှည် ၆ တောင်ခန့်ရှိသော ဝါးလုံးတစ်လုံးကိုယူ၍ မြေကြီးသို့ ထိုးစိုက်သည့် အောက်ခြေဘက်မှ နေကာ အထက်ဘက်သို့ နှစ်တောင်ကွာ တိုင်းထွာပီး ပိုက်လက်နား ကြိုးကို ချည်လိုက်၏။ ထိုအခါ နှစ်တောင် အစောက်ရှိသော ပိုက်၏ အောက်ခြေနှင့် ဝါးလုံး၏ အောက်ခြေသည် တညီတည်း ရှိနေ ပေသည်။

နောက် သူသည် ဝါးလုံးကိုယူ၍ ငါးတောင်အစောက်ရှိသော ရေထဲသို့ ထိုးစိုက်လိုက်၏။ ဤတွင် ဝါးလုံးတိုင်၏ အောက်ခြေနှင့် တညီတည်းရှိနေသော ပိုက်အောက်ခြေသည် မြေကြီးနှင့် ထိကပ်နေရုံမျှမက ဝါးလုံးမှာ မြေကြီးထဲသို့ တစ်မိုက်တစ်ထွာခန့်မျှ စူးဝင်သွားသည့်အတွက် ပိုက် အောက်ခြေမှာလည်း မြေကြီးပေါ်တွင် တစ်မိုက်တစ်ထွာခန့် ပုံကျနေရသည်။ ရေက အစောက် ငါးတောင်၊ ဝါးလုံးက ခြောက်တောင်ဖြစ်၍ ဝါးလုံးမှာ ရေပေါ်၌ တစ်ထွာ သာသာသာ နစ်မြုပ်နေသည်။ ဤသို့ ပိုက်ကို ရေအောက်၌ မြှုပ်၍ ချရခြင်းကား ချောင်းများသည် ရေပေါ်၌ ရုပ်၍ သွားလာတတ်သော ငါးမျိုး မဟုတ်ဘဲ ရေအောက် မြေကြီးမှ ကပ်၍ သွားလာတတ်သော ငါးမျိုး ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ပိုက်လက်နား ကြိုးချည်ထားသော ဝါးလုံးတိုင်ကို စိုက်ပြီးသည်နှင့် တစ်ပြိုင်နက် သူသည် လှေကို ရှေ့သို့ လှော်ယက်ကာ လှေပေါ်၌ စုပုံနေသော ပိုက်ကိုလည်း ရေထဲသို့ ဆွဲဆွဲချရင်း တစ်ဖက်သို့ အလျားလိုက် ဆန့်တန်းလာ၏။ ပိုက် ၅ ထည်စလုံးကို ပိုက်လက်နားကြိုး နေရာများမှ တစ်ဆက်တည်း ဆက်ချည်

ထားသဖြင့် အတော်ပင် ရှည်လျားနေပေသည်။ လွန်မင်းစွာ ရှည်လျားသော ကြိုး တစ်ချောင်းကို တစ်ဖက်နှင့်တစ်ဖက် ဆွဲဆန့်လိုက်သည့်အခါ၊ တင်းတင်းရင်းရင်း မရှိဘဲ အလယ်မှ အိုက်ကျနေတတ်သည့် နည်းတူ ယခု ရှည်လျားသော ပိုက်မှာလည်း အလယ်မှ အိုက်၍ မြေကြီးသို့ ပုံကျနေတတ်သည်ဖြစ်ရာ ဤအဖြစ်ကို ကာကွယ်ရန် ပိုက် တစ်ထည်လျှင် အရှည် လက်လေးသစ် ခန့်ရှိသော ဖော့သုံးလေးလုံးခန့်ကို ပိုက်ခေါင်းကြိုး၌ ပိုက်က အောက်သို့ လုရင်းဖြင့် လျော့ခြင်း၊ အိုက်ခြင်း၊ ပုံကျခြင်း ရှိမနေဘဲ ရေအောက်တွင် အထက်အောက် ဆန့်တန်းနေပေမည်။

နောက်ဆုံး ဝါးလုံးစိုက်ခါနီးတွင် သူသည် ဝါးလုံးတိုင်နှင့် နှစ်လက္ခာခန့်ရှိ ပိုက်လက်နားတွင် အုန်းဆံ ကြိုးတစ်ချောင်းကို "လက်သွယ်ကြိုး" အဖြစ် တပ်ဆင် ချည်နှောင်၍ ကြိုး၏ အခြားတစ်ဖက် အစ၌ ဖော့တစ်ခု တပ်ဆင် ချည်နှောင်ထားခြင်းအားဖြင့် ရေအောက်မြုပ်နေသော ပိုက်ကို ရေထဲ ဆင်းငုပ်ပြီး လိုက်ရန်မလိုဘဲ၊ ဖော့တပ်ထား၍ ရေပေါ် ပေါ်နေသော "လက်သွယ်ကြိုး" ကို ဆွဲယူလိုက်ခြင်း အားဖြင့် "လက်သွယ်ကြိုး" နှင့် ဆက်သွယ်ထားသော ပိုက်လက်နား ကြိုးနှင့်အတူ ပိုက်ခေါင်းကြိုးသည် အလိုက်သင့် ပေါ်တက် လာလိမ့်မည်။ ထို့နောက် မိသော ငါးများကို ဖြုတ်ပြီး ပြန်ချလိုက်လျှင် ပြန်မြုပ်သွားလိမ့်မည်။

သူသည် ပိုက်ချပြီးဖြစ်၍ အခြားပိုက်လှေများ စုဝေးနေရာသို့ သူ့လှေကလေးကို လှော်ခဲ့၏။ ပိုက်သမားများကား မိမိတို့ ချထားသော ပိုက်ကို လှမ်း၍ မြင်နိုင်သည့် နေရာများ၌ လှေများကို ဝိုင်းဖွဲ့ကာ လှေပေါ်၌ အသင့်ပါလာသော မီးဖိုတွင် လက်ဖက်ရည်အိုး တည်သူကတည်၊ ချက်သူက ချက်၊ စကားဝိုင်းဖွဲ့သူက ဖွဲ့ဖြင့် တပျော်တပါးကြီး ရှိနေကြ၏။ ကိုလူမောင်ကတော့ အိမ်မှ ထမင်းကိုသာ ချက်ယူလာ၍ ဟင်းပါမလာသဖြင့် ကွင်းထဲရောက်မှ အသင့်ပါလာသော ငါးများနှင့် မျှား၍ ရသော ငါးကို ချက်ပြုတ်နေ၏။

ကိုဒေါင်းစိန်လည်း လှေအုပ်ထဲသို့ ဝင်ပေါင်းကာ ကိုလူမောင်၏ လှေကြီးနှင့် သူ့လှေကြီးကို ပူးတွဲ ချည်နှောင်ထားလိုက်၏။ နောက် သူသည် သူ့မီးဖိုဌ မီးမွှေး၍ လက်ဖက်ရည်အိုးကို ရေထည့်ကာ တည်ထားလိုက်၏။

"ဟော့ကောင်တွေ၊ စောက်စကားချည့် များမနေကြနဲ့ကွ၊ အင်စပက်လှေ လာသလားလို့လည်း တစေ့ တစောင်းကြည့်ဦး၊ ဒီခွေးမသား အင်စပက်က ပထမ အင်စပက်လို မဟုတ်ဘူးကွ၊ ပထမ အင်စပက်တုန်းက ငွေစားရဲတယ်လို့ နာမည်ကြီးပေမဲ့ ပြောင်းလာတဲ့ အင်စပက်က ငွေပေးပေမဲ့ မယူရဲဘူးတဲ့ ခင်ဗျ၊ ကွင်းထဲမှာ ပိုက်ချတာတွေ့ရင် ဖမ်းမှာပဲတဲ့၊ ဒါကြောင့် စကားချည့် များမနေဘဲ ဘေးဘီကိုလည်း ကြည့်ပေးကြဦးကွ"

ကိုလူမောင်က ထမင်းချက်နေရာမှ စကားဝိုင်းဖွဲ့နေသူများအား လှမ်းပြောလိုက်၏။ မှန်သည်။ မြို့ပေါ်၌ အင်း အင်စပက်တော် အပြောင်းအလဲ ရှိနေပါသည်။ ပထမ အင်စပက်တော်၏ ငွေစားရဲသည်ဟူသော သတင်းမှာ ထိန်းမနိုင် သိမ်းမရဘဲ အုံကြွပွင့်ထွက်လာရာ မူလက သဘောတူ ဝါးစေ ဝေစား လုပ်ပြီး မြုံ၍ နေသော အရာရှိများမှာ မနေနိုင်တော့ဘဲ အင်စပက်တော်အား အလုပ်ဖြုတ်ပြီး "အင်ကွာတီ" လုပ်ကြရတော့သည်။ သူ့နေရာ၌ နောက် တစ်ယောက် လူစားခန့်လိုက်ရာ ထိုသူမှာ ပထမ အင်စပက်တော်၏ အထိနာသွား ခြင်းကို မြင်ပြီး ဖြစ်သဖြင့် ငွေမစားရဲဘဲ ဖြစ်နေသဖြင့် ကိုလူမောင်နှင့် ကိုဒေါင်းစိန်တို့ ပိုက်သမားများမှာ ဝမ်းမသာမိသည့်အပြင် "ကြုံသေးတယ် ကုန်းဆွေးဗျာ ထုကြွယ်"အဖြစ်မျိုးသို့ ဆိုက်ရောက်ကုန်ကြ၏။

သည်လို သူတို့ထံမှ ငွေစားသော အင်စပက်တော်ကို ဖြုတ်ပစ်၍ ခြောက်ပစ်ကင်း အင်စပက်တော်အား ခန့်ထားလိုက်သော အထက်အရာရှိ များအား ကိုဒေါင်းစိန်တို့သည် ကျေးဇူးမတင်မိသည့်အပြင် သူတို့အားလုံး ဝတ်ပြုတ်ပြီး သေကုန်အောင် လုပ်သူများအဖြစ် ပို၍ပင် မုန်းတီးမိပါသေးသည်။ ခုပဲ ကြည့်ပါ။ ပထမ အင်စပက်တော်တုန်းကမူ ငွေထိုးပြီးနောက် သူတို့၏

အငတ်ပြဿနာကို ကွင်းထဲ၌ ပိုက်ဖြင့် လွတ်လပ်စွာ ဖြေရှင်းနိုင်သော်လည်း ယခု ခြောက်ပစ်ကင်း အင်စပက်တော်ကမူ ငွေလည်း မစားဘူးတဲ့၊ ကွင်းထဲမှာလည်း ပိုက်မချရ၊ ချရင် ဖမ်းမယ်တဲ့။ ဒါသည် ပိုက်မှ မချရရင် ဘာမှ လုပ်စရာမရှိသော သူတို့လို ကပ်ပါးဖမ်းမယ်တဲ့။ ဒါသည် ပိုက်မှ မချရရင် ဘာမှ လုပ်စရာမရှိသော သူတို့လို ကပ်ပါးသမားတွေ အားလုံး ငတ်ပြတ်ပြီး သေကုန်အောင် စီမံလိုက်တာပဲ မဟုတ်လား။

အမှန်စင်စစ် သူတို့ အလိုရှိသည်မှာ ငွေစားသော အင်စပက်တော်နှင့် ငွေမစားသော အင်စပက်တော် အပြောင်းအလဲ မဟုတ်ပါ။ သူတို့လို လူများစု ကပ်ပါးသမားများ အားလုံး ငတ်ပြတ်ပြီး သေကုန်အောင် ရေးဆွဲအတည်ပြု ထားသော (ဝါ) လက်တွေ့နှင့် ဟပ်၍ မရအောင် မဖြစ်နိုင်သော အချက်အလက်တွေကို ရေးဆွဲထားပြီး၊ ဖြစ်အောင် လုပ်ချင်ရင် သက်ဆိုင်ရာ အရာရှိများအား ငွေပေးပြီးလုပ်ဟု အဓိပ္ပာယ် သက်ရောက်နေသော လက်ရှိ တံငါဥပဒေ အဟောင်းအဆွေးကြီးအား ပြင်ဆင်ခြင်း၊ ဖာထေးခြင်းများ လုပ်မနေဘဲ တစ်အုပ်လုံး ပြာကျသွားအောင် မီးရှို့ပစ်ပြီး၊ သူတို့၏ ဘဝမှန်ကို ပိုင်နိုင်စွာ သိထားသော အသိမှ ပေါက်ဖွားလာသော ထောက်ထား စာနာစိတ်ဖြင့် အသစ်ထပ်မံရေးဆွဲသည့် ဥပဒေကိုသာသူတို့ အလိုရှိပါသည်။

နံနက် ၁၀ နာရီခန့်တွင် သူတို့သည် ဟင်းများကို အပြန်အလှန် လဲလှယ်ပြီး ထမင်းစားကြသည်။ ထမင်းစားပြီးနောက် လက်ဖက်ရည်အိုး ကိုယ်စီဖြင့် စကားဝိုင်းဖွဲ့ကြပြန်၏။ သူတို့၏ စကားများမှာ အကြောင်းအရာ စုံလင်လှသော်လည်း အထူးအဆန်းများ မဟုတ်ကြ။ ဘယ်သူ၏ သမီးသည် ဘယ်ဝါ၏ သားနှင့် လင်နောက်လိုက်ပြေးကြောင်း၊ ဘယ်သူ၏ သမီးသည် လင်ကောင် မပေါ်ဘဲ ကလေးမွေး၍ ဘယ်ဝါ၏ သမီးကတော့ အနိုပ်သည် မငွေယုံကို ခေါ်ပြီး ဖျက်ချလိုက်ကြောင်း စသော ရပ်ရွာရေးနှင့် ဘိန်းဆိုင်ရှင် အောင်သိန်းက ဘိန်းဖိုးကြွေးကို မပေးရင် ပိုက်ကို သိမ်းမည်ဆို၍ ယခု

ပိုက်ချ၍ရသော ငါးဖိုးငွေကို ပေးဆပ်ရမည်ဖြစ်ကြောင်း၊ အရက်ဆိုင်မှ ဦးဘိုးကျော်က လက်ဦးကျွေးဟောင်းကို မရှင်းလျှင် နောက်ထပ် အရက်ကို အကြွေးမရောင်းဟု ဆိုသဖြင့် ကြွေးဟောင်းကို ဆပ်ဖို့ အရေးကြီးကြောင်း စသော ကိုယ်ရေးကိုယ်တာ ကိစ္စများ၊ ပိုက်ချရာ၌ ဘယ်ကွင်းက ငါးအတိုးများ၍ ဘယ်ကွင်းက ငါးအတိုး နည်းသည်။ ဘယ်ကွင်းက ဘာငါးပေါ်၍ ဘယ်ကွင်းက ဘာငါးရှာသည် စသော လုပ်ငန်းဆောင်တာ အကြောင်း များသာဖြစ် သည်။

အတန်ကြာသောအခါ လှေအုပ်ကို အတန်ခွဲလိုက်ပြီး ပိုက်လိုက်ရန် ပိုက်ချထားရာ နေရာများသို့ လှော်ခဲ့ကာ ဖော့တပ်ထားသဖြင့် ရေပေါ်တွင် ပေါလောပေါ်လျက်ရှိသော "လက်သွယ်ကြိုး" ကို လှမ်းဆွဲ၍ ပိုက်ကို ဖော်လိုက်၏။ နောက်ပိုက်၌ မိနေသော ငါးများကို လှေထဲသို့ ဖြုတ်ထည့်ပြီး လှေကို ရှေ့သို့ ဆက်လှော်ရင်း အစဉ်လိုက် လျှောက်ဖြုတ်လာ၏။ ငါးများမှာ ပိုက်ခေါင်းကြိုးနား ကပ်၍ ချည်မိသဖြင့် သူ့ပိုက်သည် တင်းတင်းရင်းရင်း မရှိဘဲ မြေကြီးအနီး ရောက်အောင် အိုက်ကျနေကြောင်း သူ သိရသည်။ အကြောင်းမူကား ချောင်းငါးများသည် ရေအောက် မြေကြီးမှ ကပ်၍ သွားလာတတ်သော ငါးမျိုးဖြစ်ရာ အကယ်၍ပိုက်သည် အထက်အောက် တင်းတင်းရင်းရင်း ဆန့်တန်းနေပါက ငါးသည် ပိုက်အောက်ခြေ၌ သို့မဟုတ် အလွန်ဆုံး ပိုက်အလယ်၌ တိုးရမည် ဖြစ်သော်လည်း ယခု ပိုက်သည် မြေကြီးနားရောက်အောင် အိုက်ကျနေ သည့် အတွက်သာ မြေကြီးနားမှ ကပ်သွားသော ငါးသည် ပိုက်ခေါင်းကြိုးအနီး၌ ဖော့ကို ပိုတပ်ပေး လိုက်၏။

ပိုက်အစမှ အဆုံးအထိ မိသော ငါးများကို လိုက်ဖြုတ်ပြီးနောက် သူသည် ပိုက်ကို နေထားတကျ ပြန်ချပစ်ခဲ့ကာ လှေအုပ်များ စုဝေးနေရာသို့ ပြန်လှော်ခဲ့၏။ သူ့ပိုက်မှ ငါးအတော်ကလေး ရလိုက်၏။ နေ့လယ် နှစ်နာရီတွင် တစ်ကြိမ် ညနေ ခြောက်နာရီခန့်တွင် တစ်ကြိမ် ပိုက်လိုက်၍ မိသော ငါးများ ကိုဖြုတ်ပြီး နောက်မှ ပိုက်ရုပ်ကာ အိမ်ပြန်ရပေမည်။

ပိုက်လှေများ စုဝေးနေရာသို့ ရောက်သောအခါ လှေတစ်စင်းနှင့် ငါးချိန်ရန် ရောက်နေသော ကုန်သည်ကြီး ဦးဘမောင်၏ ကိုယ်စားလှယ်ကို တွေ့မြင်ရ၏။

ဦးဘမောင်က ရန်ကုန်က သူ့ပွဲရုံမှာ ရှမ်းပြည်နယ်သုံး "ချောလုံးသီး" ငါးပိကောင် ကားနှစ်စီး အပြည့် အပ်မယ်လို့ ရှမ်းကုန်သည်တွေကို လက်ခံထားတယ်တဲ့။ ပြီးတော့ အညာကုန်သည် တစ်ဦးကိုလည်း အထက် အညာသုံး "ချောဝမ်းခွဲ" ငါးပိကောင် ကားတစ်စီးစာ အပ်မယ်လို့လည်း လက်ခံထားသေးတယ်တဲ့။ အဲဒီ ရှမ်းကုန်သည်နဲ့ အညာကုန်သည်တွေကို အပ်ဖို့ အရေးကြီးနေလို့ ခင်ဗျားတို့ ချောပိုက်ကို ကြိုးစား ချကြပါတဲ့။ ရသမျှ ငါးများကို သူ့ဆီသာ လာချိန်ပေးပါ၊ ဒီပြင်လူတွေထက် ဈေးပိုပေးပါ့မယ်တဲ့။

ဦးဘမောင်၏ ကိုယ်စားလှယ်က ရောက်လျှင် ရောက်ချင်း ဦးဘမောင်၏ မှာကြားချက်ကို သူတို့အား ပြောပြလိုက်၏။ ယခင်နှစ်က သူတို့သည် ဦးဘမောင်ထံမှ ငွေယူ၍ ပိုက်ထိုးရသည့်အတွက် သူတို့ ပိုက်ချ၍ ရသမျှ ငါးများမှာ ဦးဘမောင်အဖို့ သူကြိုက်သော ဈေးဖြင့် သပိတ်ဝင် အိတ်ဝင် ဖြစ်နေသောကြောင့် ဤသို့ တကူးတက ပိုက်သမားများ ရှိရာသို့ ငါးလိုက်ချိန်ရန် မလိုသော်လည်း၊ သည်နှစ်တော့ ကိုယ့်ပိုက်နှင့် ကိုယ်ချကြသော ပိုက်သမားများ သည့်အတွက် အခြား ကုန်သည်များထံ ငါးရောက်သွားမည်စိုး၍ ဤသို့ သူတို့ ရှိရာသို့ လိုက်ချိန်ရုံမျှမက သူတစ်ပါးထက် ဈေးပိုပေးပါမည်ဟူသော စကားဖြင့်လည်း နောက်ငါးများ လက်မလွှတ်နိုင်အောင် ဖမ်းအုပ်ထားလိုက်ခြင်း ဖြစ်သည်။

ကိုဒေါင်းစိန်ကား ရှမ်းပြည်နယ်သုံးအတွက် ချောငါးပိကောင်များကို ရှမ်းကုန်သည်များအား အပ်ရမည် ဟူသော စကားကို စဉ်းစားနေ၏။ သူတို့ ဖန်တီး ထုတ်လုပ်လိုက်သော ငါးမှတစ်ဆင့် အသွင်ပြောင်း သွားသော ငါးပိကောင်မှာ ရှမ်းပြည်နယ်သူ ပြည်နယ်သားများ သုံးစားဖို့ ဖြစ်သည်ကို သူ သိရ၍ အတော်ပင်

ဝမ်းမြောက် နေမိ၏။ အကြောင်းမှုကား သူတို့ မြတ်နိုးနှစ်ခြိုက်စွာ သောက်နေသော လက်ဖက်ခြောက်မှာ ရှမ်းပြည်နယ်မှ လာကြောင်း ကြားဖူးနား၀ ရှိထားသဖြင့်၊ သူတို့အတွက် လက်ဖက်ခြောက်ကို ထုတ်လုပ် ပေးရှာသော ရှမ်းပြည်နယ်တောင်သူများအား သူတို့က တစ်ဖန် ချောငါးပိကောင်ဖြင့် အတုံ့အလှည့် ပြန်ပြုလိုက်ရခြင်း အတွက် ဝမ်းမြောက်နေခြင်း ဖြစ်သည်။

ဦးဘမောင်၏ ကိုယ်စားလှယ်အား ငါးများကို ချိန်ပေးလိုက်ပြီးနောက် သူတို့သည် လက်ဖက်ရည်အိုး ကိုယ်စီဖြင့် စကားဝိုင်းဖွဲ့ကြပြန်၏။ သည်တစ်ကြိမ်တွင်တော့ ကိုလူမောင်က ရပ်ရွာ ပညာရှိများထံမှ သူ တစ်ဆင့်ကြားနာ ဘူးသော ကာမသျှုတ္တရကျမ်းပါ အကြောင်းများကို တစ်တစ်ခွခွ ပြောပြနေ၏။ သရက်ရွက်လည်း ပါ၏။ မုန့်ပေါင်း လည်းပါ၏။ ဆင်ဦးကင်းလည်းပါ၏။ ခရုသင်းလည်း မလွတ်။ အို ... စုံလို့။

ဤမျှဖြင့် မပြီးသေးဘဲ သူ့ဇနီး မဖွားသက်သည် ကာမသျှုတ္တရကျမ်းပါ အချက်အလက်များအနက် ဘယ်အချက်နှင့် ညီညွတ်၍ ဘယ်အချက်နှင့် ကွဲလွဲနေကြောင်း စသည်ဖြင့်လည်း ဝေဖန် ဆန်းစစ်၍ ပြနေလိုက် သေး၏။ နောက်ဆုံးတွင် ကိုဒေါင်းစိန်က ကွင်းထဲ၌ တွေ့ကရာ ပေါက်ကရ စကားများ မပြောရန် သတိပေး လိုက်မှ ရပ်နားတော့၏။

နေ့လယ် နှစ်နာရီခန့်တွင် ပိုက်တစ်ကြိမ်လိုက်ရန် လှေအုပ်ကို ခွဲလိုက်ကြပြန်၏။ သူတို့အားလုံး ပိုက်မှမိသော ငါးများကို မဲ၍ ဖြုတ်နေစဉ် "ဟော့ကောင်တွေ မပြေးနဲ့" ဟူသော အာဏာရှင်ဆန်ဆန် အသံကို ကြားလိုက်ရသဖြင့် သူတို့အားလုံး လှည့်ကြည့်လိုက်ကြရာ၊ လူသုံးယောက်လှော်လောင်းလှေကလေး၏ အလယ်မှနေ၍ သူတို့အား သေနတ်ဖြင့် ချိန်ထားသော အင်း အင်စပက်တော်အား အံ့အားသင့်စွာ မြင်လိုက်ကြရ၏။ မည်သူမျှ မလှုပ်ဝံ့တော့။ သူတို့ကား အဖိုက်မိသွားချေပြီ။ သူတို့ ငါးများကို မဲ၍ဖြုတ်နေစဉ်

အင်း အင်စပက်တော်သည် အလစ်ဝင်ဖမ်း လိုက်ချေပြီ။ တရားပိုင် စီရင်သမျှ ခံကြရတော့အံ့။

အင်း အင်စပက်တော်နှင့်တကွ သူ့နောက်တော်ပါ ကျွန်များက သူတို့၏ ပိုက်များနှင့်တကွ ငါးများကို ပါသိမ်းယူကြတော့၏။ ပြီးနောက် သူတို့အားလုံး၏ အမည်၊ နေရပ်နှင့် အသက်အရွယ်မကာ မိဘနာမည် များပါ ရေးမှတ်ပြီး ရွာဘက်သို့ ဦးတည် ခေါ်ဆောင်လာခဲ့၏။ အားလုံးပင် မျက်နှာသေကလေး များဖြင့် အင်စပက်တော်၏ လှေနောက်မှ လော်လိုက်ခဲ့ကြရတော့သည်။

ကိုဒေါင်းစိန်ကား အင်းအင်စပက်တော်၏ လှေနောက်မှ သူ့ လှေကလေးကို လော်လိုက်ရင်း သူ၏ ရှေ့ရေးကို ရင်လေးစွာဖြင့် မျှော်မှန်းကြည့်ရှာ၏။ သည်လိုသာ ပိုက်ချတိုင်း အင်း အင်စပက်တော် လိုက်၍ နှောင့်ယှက် နေမည် ဆိုပါက သူတို့၏ ရှေးရေးမှာ တွေးဝံ့စရာပင်မရှိ။ ယခုပင် ပိုက်လည်းဆုံး၊ တရားလည်းစွဲဦးမည်ဖြစ်၍ အနည်းဆုံး ဒဏ်ငွေတော့ အတပ်ခံ ရပေဦးမည်။ ဘယ်ပုံ ကြံ ဘယ်ပုံဖန်ရပ့်။ မကြံပါနိုင်၊ ယိမ်းယိုင် ခွေကာ နွမ်းပါ ပေါ့။ မှန်သည်။ ဘယ်လိုမှ မကြံနိုင်ပါ။

တစ်ခုတော့ ရှိပါ၏။ အင်စပက်တော်မင်းရယ်၊ တရားစွဲရင်တော့ စွဲပါ။ ဈေးသုံးကလေး အနည်းအကျဉ်းယူပြီး ပိုက်ကလေးများကိုတော့ ပြန်ပြီး သနားခဲ့ပါ။ တရားစွဲတဲ့ အခါကျတော့ ပိုက်စုတ် တစ်ထည်လောက်ကို သက်သေခံပစ္စည်း အဖြစ် ရာကြံတင်ပြလိုက်ရင် ဖြစ်နိုင်ပါတယ်။ အဲသလို အသနားခံရင်တော့ ဘယ်လို နေမည် မသိ။ သို့ပေမဲ့ အင်စပက်တော်မင်းက လာဘ်မစားဘူးတဲ့ကွယ့်၊ လာဘ်မစားဘူးတဲ့၊ အရပ်ထဲမှာ သတင်း ပြေးနေတယ်။ တချို့ကတော့လည်း လာဘ်မစားပေမဲ့ ကိုးတော့ စားပါတယ်ကွာတဲ့။ နည်းနည်း လောက် ပိုပေးကြည့်စမ်းပါ။ မင်းလူ ဘုရားသားမို့ မစားဘဲနေမှာလားတဲ့။ ဒီလိုသာ လာဘ်မစားဘူးဆိုရင် အင်္ဂလိပ်မင်း ဆီက ဆက်ခံလိုက်တဲ့ ထုံးတမ်းစဉ်လာကြီး

တစ်ခုလုံးဟာ ကမောက်ကမ ဖြစ်ကုန်မှာ ပေါ့တဲ့။ တတ်နိုင် ဘူးလေ၊ ရွာရောက်မှ အများနဲ့အတူ မီးစင်ကြည့် က ရမှာပဲ။

ရွာထဲရှိ အင်စပက်တော်၏ ဒလန်၊ သို့မဟုတ် နိုင်ငံရေးစကားဖြင့် ပြောရလျှင် အင်စပက်တော်၏ လက်ဝေခံအိမ်သို့ ရောက်သောအခါ အင်စပက်တော် မင်းက သူသည် ပိုက်များကို သက်သေခံပစ္စည်း အဖြစ် ရုံးတင်ထား တရားစွဲဆိုမည်ဖြစ်၍ တရားဆိုင်ရမည့် နေ့ရက်ကို ရပ်ရွာသူ ကြီးမှ တစ်ဆင့် အကြောင်းကြား လိုက်မည် ဖြစ်ကြောင်း၊ ယခု တရားခံများသည် တရားဆိုင်မည့် နေ့ရက်တွင် ရှောင်တိမ်း မနေဘဲ ဆက်ဆက် လာပါစေ့မည်ဟု တာဝန်ခံယူနိုင်သော လူကြီး လူကောင်း တစ်ဉီးဉီးကို အာမခံပေးပြီး ပြန်သွား နိုင်ကြောင်း ပြောပြသဖြင့်၊ အသီးသီး မိမိတို့ နီးစပ်ရာ လူများကိုခေါ်၍ အာမခံ ယူစေပြီးနောက် ပြန်ကြမည် အပြုတွင် အင်စပက်တော်၏ ဒလန်က ပိုက်ကို ပြန်လိုချင်လျှင် ငွေ ဘယ်လောက် အကုန် ခံနိုင် မလဲဟု သူတို့အား သွေးတိုးစမ်းလာ၏။ သူတို့ကလည်း မိမိတို့ အကုန်ခံနိုင်သည့်ငွေကို ပြောကြား လိုက်သည် နှင့်တစ် ပြိုင်နက် ဒလန်သည် အင်းစပက်တော်ထံသို့ သွား၍ အစီရင်ခံ၏။

နောက်ဆုံးတွင် အင်စပက်တော်၏ ဒလန်က ကြားထဲမှနေ၍ လော်လည် ပေးမှုကြောင့် ပိုက်သမား များသည် တစ်ဉီးကို ငွေတစ်ဆယ်၊ တစ်ဆယ့်ငါးကျပ်၊ နှစ်ဆယ် စသည်ဖြင့် ပိုက်များသည့်သူကို များသလိုပေးရကာ မိမိတို့ ပိုက်များကို ယူပြီး ညှိုးနွမ်းသော မျက်နှာများဖြင့် ပြန်ခဲ့ကြ၏။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

ကန်ရာသီ တော်သလင်းလ၏ တစ်နေ့သော နံနက်စောစောအချိန် ဖြစ်ပါသည်။

ကိုဒေါင်းစိန်သည် အိမ်ရှေ့ဘက်တွင် ထွန်းထားသော မီးခွက်ရှေ့၌ ငုတ်တုတ်ကလေးထိုင်ကာ လက်ဖက်ရည် သောက်နေလေသည်။ အချိန်မှာ စောလွန်းလှသေး၍ ပတ်ဝန်းကျင်တွင် လူသံ သူသံများ ဆိတ်သုဉ်း နေပါ၏။ သို့သော် သူတို့ရပ်ရွာတွင် သည်အချိန် သည်အခါ၌ ကြားရမြဲဖြစ်သော ဘုရားရှိခိုးသံ၊ ကြေးစည်သံ ကလေးများကိုကား ကွက်တိ ကွက်ကျား ကြားရစ ပြုပေပြီ။

သူ့အိမ်နှင့် မျက်စောင်းထိုးအိမ်မှ ဦးဘိုးဂေါင်သည် ဘုရားရှိခိုးပြီးနောက် အမျှပေးဝေကာ မေတ္တာပင် ပို့နေလေပြီ။ ဆိတ်ငြိမ်သော အရုဏ်ဦးအချိန်ဝယ် သာယာနာပျော်ဖွယ်သော ဦးဘိုးဂေါင်၏ မေတ္တာ တေးသံသည် ပျံ့ဝဲနေလေပြီ။ ဒုက္ခဒေါမနဿ၊ သောက ပရိဒေဝ မီးတို့ဖြင့် တောက်လောင်လျက်ရှိ သော လူအပေါင်းအား ဦးဘိုးဂေါင်သည် သူ၏ မေတ္တာရေစင်ဖြင့် ပက်ဖျန်းနေလေပြီ။ သို့သော် လူ အပေါင်းအား တောက်လောက် လျက်ရှိသော အနိဋ္ဌာရုံ မီးတောက်များသည် ငြိမ်းသွားပါ၏လော။ ခြော် … မငြိမ်းပါသေး။

ငြိမ်းသည်ဖြစ်စေ၊ မငြိမ်းသည်ဖြစ်စေ။ ဦးဘိုးဂေါင်ကတော့ သူ့ယုံကြည် ချက်အရ မေတ္တာကိုသာ နေ့စဉ် ပို့ပါသည်။ သူ့ပတ်ဝန်းကျင်၌ အနိဋ္ဌာရုံ မီးတောက်များ ပို၍ တောက်လောင်နေသည်ကို မြင်ရလေလေ၊ သူက မေတ္တာ ကိုသာ ကြိုးစား ပို့လေလေ ဖြစ်သည်။

ကိုဒေါင်းစိန်ကား သောက်မည်ဟု ပါးစပ်ဆီသို့ မြှောက်ယူလာသော လက်ဖက်ရည် ပန်းကန်ထဲမှ လက်ဖက်ရည်ကို မသောက်မိဘဲ ငိုင်နေမိသည့် တိုင်အောင် ဦးဘိုးဂေါင်၏ မေတ္တာတေးသံဝယ် ယစ် မူးနေလေပြီ။ နေ့စဉ် နေ့တိုင်း ကြားနေရခြင်း ဖြစ်သောကြောင့် မေတ္တာပို့ထဲ၌ ပါဝင်သော ဆိုလိုသည့် အနက် အဓိပ္ပာယ်များကို နားလည်နေသည့်တိုင် နားရည်ဝကာ နားယဉ်နေပေပြီ။ မျက်မှောက်တွင် ရင်ဆိုင် နေရသော ဒုက္ခ ဒေါမနဿ၊ သောက ပရိဒေဝတို့ကို ခေတ္တမျှ မေ့လျော့ သွားသည့်တိုင် ဦးဘိုးဂေါင်၏ မေတ္တာ တေးသံဝယ် ကြည်နူးနေမိရာမှ မေတ္တာတေးသံသည် ပျောက်ကွယ်သွား၍ မျက်မှောက်ကို ပြန်၍ မျက်နှာမူ လိုက်သည့်အခါ၌ ဟစ်လို့သာ ငိုလိုက်ချင်အောင် ဖြစ် သွားရပြန်၏။

ဦးဘိုးဂေါင်က သတ္တဝါ အပေါင်းတို့သည် ရန်မရှိကြပါစေနဲ့တဲ့။ သို့သော် သူတို့၌ ဘေးရန်များသည် ပိုင်းပတ်လျက် ရှိကြပါ၏။ အင်းအင်စပက်တော်၏ ရန်၊ သူကြီးမင်း ရန်၊ အင်းသားကြီး ရန်၊ ရန်မျိုးစုံလို့။ နောက်ပြီး ဆင်းရဲခြင်း အပေါင်းမှ ကင်းလွတ်ကြပါစေ သတည်းတဲ့။ သို့သော် သူတို့ သည် ဆင်းရဲခြင်း နွံအတွင်း ၌ နစ်သထက် နစ်နေရပါသည်။ ပြီးတော့လည်း စိုးရိမ်ကြောင့်ကြခြင်း မရှိကြပါစေကုန် သတည်းတဲ့။

သို့သော် သူတို့သည် အမြဲတစေ စိုးရိမ်ပူပန်နေ ကြရပါသည်။ ငတ်မှာကို စိုးရိမ်နေကြရသည်။ အင်စပက်တော်မင်း ပိုက်ဖမ်းမိသွားမှာကို စိုးရိမ်နေ ကြရသည်။ ခုပဲ အင်စပက်တော်မင်းက ကွင်းထဲမှာ ပိုက်ချမှုနှင့် ရုံးတင် တရားစွဲဆိုထားလို့ မနေ့က သူကြီးမင်းက နက်ဖြန် တရားသွားဆိုင်ရမည်ဟု သူတို့အား လာအကြောင်း ကြားသွားသည့်အတွက် ယနေ့ မြို့တက်ပြီး တရားဆိုင် ရမည်။ ဒဏ်ငွေများ ဘယ်လောက် တပ်မလဲ၊ ထောင်များ ချနေဦးမှာ လားဟုလည်း စိုးရိမ်နေရသည်။ သူ့ရင်သွေး နှစ်ဦးမှာလည်း ဘာကစပြီး ဘယ်လို ဖြစ်သည်မသိ။ တစ်ညလုံး ဝမ်းသွားပြီး တညည်းညည်း တညူညူဖြစ်နေရာ

မယ်စိန်မှာ တစ်ညလုံး မအိပ်ရဘဲ ပြုစု နေရသည်။ လက်ထဲမှာရှိသော ငွေကလေးများလည်း တစ်တိတစ်တိနှင့် ကုန်ပြီဖြစ်ရာ ဆရာကောင်း သမားကောင်း မခေါ်နိုင်၍ တစ်စုံတစ်ခု ဖြစ်သွားမှာ စိုးရိမ်ရသည်။

သူသည် သက်ပြင်းကိုသာ အကြိမ်ကြိမ် ချနေမိတော့သည်။ ငါးရစ်ပြီးစအချိန်နှင့် အိမ်သစ်ကလေး ဆောက်ပြီးစ အချိန်၌ သူ အမျိုးမျိုး စိတ်ကူးယဉ်ထားသော စိတ်ကူးယဉ် အိပ်မက်များမှာ လွင့်ပျောက် သွားလေပြီ။ စိတ်အားပျော့သူ တစ်ယောက်ပီပီ ဝမ်းသာရမည့်အခါ အကြီးအကျယ် ဝမ်းသာပစ်လိုက်သလို၊ ဒုက္ခနှင့် ရင်ဆိုင်ရသည့်အခါများ၌လည်း မကြံတတ် မစည်တတ်အောင်ကို ဝမ်းနည်းအားငယ်နေမိသည်။

"ဒေါင်းစိန်ရေ၊ သွားကြစို့ဟေ့"

ကိုလှမောင်နှင့်တကွ အခြားပိုက်သမားများသည် မြို့သို့ တရားဆိုင် သွားရန် သူ့အားခေါ်နေပေပြီ။ သူသည် မီးခွက်ကိုယူ၍ ထိုင်ရာမှ ထလိုက်ကာ "ဟုတ်ကဲ့ လာမယ်ဗျို့၊ ခဏကလေး ဆိုင်းပါဦး" ဟု လှမ်းဟစ် လိုက်ပြီးနောက် အိပ်ခန်းထဲသို့ ဝင်ခဲ့၏။ အိပ်ခန်းထဲရှိ အိပ်ရာပေါ်တွင်ကား မယ်စိန်သည် ခြေပစ် လက်ပစ်နှင့် အိပ်မောကျနေလေပြီ။ တစ်ညလုံး ဝမ်းတပြစ်ပြစ် သွားနေသော ကလေး နှစ်ဦးအား မအိပ်မနေ ပြုစုခဲ့ရ၍ ယခုမှ ပင်ပန်းနွမ်းနယ်လွန်းလှသဖြင့် ဟန်မဆောင်နိုင်ဘဲ အိပ်ပျော်သွားဟန် တူပါ၏။ သူသည် မယ်စိန်အား နှိုးရမည်ကိုပင် မနှိုးရက်အောင်ဖြစ်ကာ ငိုင်နေမိ၏။ မယ်စိန်၏ ဘေးမှာတော့ ဒီလုံးအောက် ၈ နှစ်ရွယ် နှင့် ၆ နှစ်ရွယ် ကလေးနှစ်ဦးသည် ဝမ်းသွားလွန်း၍ အားအင်များ ဆုတ်ယုတ်နေဟန်ဖြင့် မှိန်းနေကြ၏။

နောက်ဆုံးတွင် ဒေါင်းစိန်သည် မနှိုးမဖြစ်တော့၍ မယ်စိန်ကို လှုပ်ကာ လှုပ်ကာ နှိုးရတော့၏။ အတန်ကြာအောင် နှိုးမှပင် မယ်စိန်သည် မျက်လုံးပြူးတူး ပြိတ်ဖြင့် ထထိုင်၏။ သူက ခနဖြူသို့ တရားဆိုင် သွားတော့ မည်ဖြစ်ကြောင်း

ပြောကြားလိုက်ရာ မယ်စိန်သည် ဦးဘမောင်ထံမှ ငါးပေးဖြင့် ယူထားသော ငွေတစ်ဆယ်ကို ထုတ်ပေးလိုက်၏။

"မယ်စိန်ရေ၊ ကလေးနှစ်ယောက်အတွက် မပေါ့နဲ့ကွာ၊ ဦးဘမောင်ဆီက ငါးပေးနဲ့ ငွေထပ်ယူပြီး ဆရာလေး ဘာလေး ခေါ်ပါ၊ အင်စပက် နောက်ယှက်လို့ နေ့ခင်းဘက် ပိုက်မချနိုင်ရင် ညဘက်ကို ချပြီး ဆပ်လိုက်တာ ပေါ့နော်"

"အို တော်သာ ပိုက်မှုကို ကိစ္စပြီးအောင် ကြည့်လုပ်ခဲ့ပါ၊ ဒီကလေးနှစ်ယောက် အတွက်တော့ ကျုပ် ကြည့်ပြီး စီမံမှာပေါ့၊ ဒီနေ့ပဲ အရပ်ဆရာ ကိုတုတ်ပေါက်ကို ခေါ်ကုမယ်လေ၊ ဒီအနီးအနားမှာ တခြား ဆရာကောင်း သမားကောင်း ဆိုလို့လည်း ရှိမှ မရှိဘဲကိုး"

မယ်စိန် ပြောတာ ဟုတ်လှသည်။ သူတို့ရွာ၌ ကောင်းလျှင် အရပ်ဆရာ ကိုတုတ်ပေါ၊ မကောင်းလျှင်လည်း အရပ်ဆရာ ကိုတုတ်ပေါ။ သည် ကိုတုတ်ပေါကိုသာ ရေလဲနှင့် သုံးနေရသည်။ သူ ကု၍ မတော်တဆ ပျောက်ကင်း သွားသူလည်းရှိသည်။ သို့သော် သူ သတ်၍ သေသူက သူ ကု၍ ပျောက် ကင်းသူထက် ရာခိုင်နှုန်း အားဖြင့် ပိုများသည်။ သို့လျက်နှင့်လည်း အရေးကြုံလျှင် သူ့ကိုသာ ဆွဲထုတ်ကြရသည်။ အခြား နာမည်ကြီးသော ဆရာပုတို့၊ ဆရာညွန့်တို့လို ဆေးဆရာများမှာ သူတို့ ရွာနှင့် ၆ မိုင်ခန့် ဝေးသော ရွာ၌ ရှိပါသော်လည်း တကူးတက ဖြစ်နေသောကြောင့် လည်းကောင်း၊ ကြေးကြီး သောကြောင့် လည်းကောင်း တော်ရုံတန်ရုံနှင့် မခေါ်ဖြစ်ကြ။ အရပ်ဆရာ ကိုတုတ်ပေါမှာမူ ပေးသမျှယူ၍ မရှိသေးလို့ နေလိုက်ပါဦး ဆိုလျှင်လည်း နေသူဖြစ်၏။ ထို့ကြောင့် ပင်သူ့အကြောင်းကို သိလျက်နှင့် သူ့ကိုသာ ဆွဲထုတ်ကြရခြင်းဖြစ်သည်။

"အေးကွယ်၊ မင်း တော်သလိုသာ ကြည့်လုပ်လိုက်ပေါ့၊ ကဲ ဒါဖြင့် ငါ သွားတော့မယ်နော်၊ ကမ်းနား မှာ ကိုလူမောင် တို့ စောင့်နေရတာ အားနာစရာ"

မယ်စိန်က ခေါင်းညိတ်ပြလိုက်သဖြင့် သူသည် ခမောက်တစ်လုံးကို ဆွဲဆောင်း၍ တက်တစ်ချောင်းကိုပါ ဆွဲပြီး ကမ်းနားသို့ ဆင်းခဲ့၏။ ကမ်းနားတွင်ကား ကိုလူမောင်နှင့် အခြားပိုက်သမား သုံးယောက်သည် လှေတစ်စင်းနှင့် သူ့အား စောင့်နေသည်ကို တွေ့မြင်ရ၏။ ဥပုသ်ဇရပ်၌ နိုင်ငံရေးစကားများကို အာပေါင် အာရင်း သန်သန်နှင့် ပြောဟောခဲ့သော လူငယ်ကို လည်းလှေထဲ၌ တွေ့မြင်ရ၏။ ထိုလူငယ်ကား ရွာရှိ စာကြည့်တိုက်မှူးဖြစ်၍ နောက်ဆုံးပေါ် စာအုပ်များကို ဝယ်ရန် မြို့သို့ လိုက်မည်ဟု ဆိုသည်။

လှေကို ကမ်းစပ်မှ ခွာလေပြီ။ ကိုလူမောင်က လှေပဲ့မှ လှော်၍ ကိုဒေါင်းစိန်နှင့် အခြား ပိုက်သမား များက လှေဦးအနီးရှိ ကန့်များမှ ထိုင်၍ လှော်ကြ၏။ လူငယ်မှာမူ လှေလယ်၌ ငုတ်တုတ်ကလေး ထိုင်၍ လိုက်ပါလာသည်။ မည်သူမျှ စကားမပြောကြ။

အရှေ့အရပ်ဝယ် ထွန်းသစ်အံ့သော ရောင်ခြည်သည် ထွက်ပြူစလာသေးသော်လည်း ရွှေပြေး ရောင်ခြည်မျှင်ကလေးများကား သမ်းစ ပြုနေပေပြီ။ လှေလှော်သူများကား ခိုကပ်နေခြင်း မရှိဘဲ တစ္စပ်စွပ် တက်သံ ပေး၍ တက်ရေးညီညီဖြင့် လှော်နေကြပေပြီ။ လှေလှော်ကျင့်သား ရထားသော ယောက်ျားကြီး လေးယောက် လှော်ခတ်ခြင်း ဖြစ်သောကြောင့် လှေကလေးမှာ ရေပေါ် ရုပ်၍ တရိပ် ရိပ်ပြေးနေလေပြီ။ ဒိုက်ဖောင်များ၊ ဗေဒါပင်အုပ်များကို တိုးဝှေ့သွားရသည့်အခါ၌ လှေအရှိန်သည် တန့်သွား၏။ ထိုအခါမျိုးဝယ် "ယောက်ျားဘသား" ဟု သံပြိုင်ကြွေးကြော် အားယူ၍ "ရီလေး လေး" သံတိုင်ညှိကာ တိုး၍ပင် အားစိုက်လှော်ကြသောကြောင့် အတားအဆီးများမှာ လွင့်စဉ်ရှောင်ဖယ် သွားရ၏။ သည်လိုနှင့် နေကလေး အပြူတွင် သူတို့ သွားရာလမ်းကြောင်း၏ တစ်ဝက်ခရီးဖြစ်သော "မယ်ဘာလ" ညောင်ပင်သို့ ရောက်ခဲ့ပြီလေ။

"ဟော့ကောင်တွေ၊ ပါလာတဲ့ ကွမ်းယာကလေးများနဲ့ အမေ" မယ်ဘာလ" ကို တင်မြှောက်ပသပြီး တရားဆိုင်တဲ့အခါမှာ ရှောရှော ရှူရှူနဲ့ ကိစ္စပြီးသွားအောင် ကူညီဝိုင်းလို့ မှိုင်းမ ပါလို့ ဆုမွန်ကောင်းများ တောင်းကြကွ"

လှေပွဲမှ ကိုလူမောင်က လှေဦးမှ လူများအား လှမ်း၍ သတိပေးလိုက်ပြီးနောက် သူကိုယ်တိုင်လည်း အင်္ကျီအိတ်တွင်းမှ အသင့်ယာလာသော ကွမ်းယာကလေးကို ယူထုတ်လိုက်၏။ ဤတွင်မှ ကိုဒေါင်းစိန်နှင့် တကွ အခြားသူများလည်း မိမိတို့ ယူဆောင်လာသော ကွမ်းယာကလေးများကို အသီးသီး ကိုင်မြှောက်၍ "အမေ မယ်ဘာလခင်ဗျား၊ တပည့်သားမြေးများက ကွမ်းယာကို တင်မြှောက်ပသ ပါတယ်၊ တရားဆိုင် တဲ့အခါမှာ အေးအေး ချမ်းချမ်းနှင့် ကိစ္စပြီးသွားအောင် ကူညီဝိုင်းလို့ မှိုင်းမတော်မူပါ အမေ မယ်ဘာလ ခင်ဗျား" ဟု ရွတ်ဆိုနေကြ၏။

ကွင်းပိုင်ရှင် မယ်ဘာလ မှီခိုနေထိုင်ရာ ညောင်ပင်ဟု သူတို့ အစွဲပြုထားသော ညောင်ပင်မှာ ဘေးမှ ညောင်ပင်ငယ် လေးငါးပင် ဝိုင်းရလျက် ရှိ၍ အလယ်မှ ညောင်ပင်ကြီးတစ်ပင်က ထီးထီးကြီး အုပ်မိုးလျက် ရှိပါသည်။ ထိုညောင်ပင် အောက်၌ နတ်စင်တစ်စင်ရှိ၍ အတွင်း၌ အမျိုးအမည် မခွဲခြားနိုင်သော နတ်ရုပ် လေးငါးရုပ် ရှိသည်။ မယ်ဘာလ အမည်ရှိသော မိန်းမ တစ်ယောက်ကို ကုလားသတ်၍ သေရာမှ ဤညောင်ပင်၌ နတ်စိမ်း ဖြစ်နေသည်ဟု အယူရှိကာ "မယ်ဘာလ" ဟု ခေါ်တွင် ခြင်းဖြစ်သည်။ ကုလားသတ်၍ သေရခြင်း ဖြစ်သောကြောင့် ကုလားများကို စိတ်နာလျက်ရှိသူ ဖြစ်သဖြင့် သူ့ပိုင်နယ် အတွင်း၌ ကုလားစကားပြောလျှင် အမျက်ထွက်ပြီး ဖမ်းစားတတ်သည်ဟု အဆိုရှိသည်။ သို့သော်လည်း ညောင်ပင်နှင့် မနီးမဝေး၌ ကုလားများသည် ဘေးရန်ကင်းစွာဖြင့် လယ်ယာလုပ်ကိုင်နေထိုင်ကြပေသည် တကား။

ရေလမ်းခရီး သွားသူများကလည်း လှိုင်းလေထန်ခြင်း မရှိဘဲ ခရီးလမ်း သာယာစေရန် ရည်မှန်းပသ ကြသည်။ တရားဆိုင် သွားသူများကလည်း တရားနိုင်ရန် ရည်မှန်းပသကြသည်။ နွားပျောက်သူကလည်း ပျောက်သော နွားကို ပြန်တွေ့ရန် ပသကြသည်။ တံငါသည်များကလည်း သားငါးများ ပို၍ ရှာဖွေရနိုင်ရန် ပသ ကြသည်။

လှေလယ်၌ ငြိမ်သက်စွာ လိုက်ပါလာသော လူငယ်ကား သူတို့၏ အပြုအမူကို သရော်လိုသော အပြုံးမျိုးဖြင့် ပြုံးကြည့် နေရာမှ နောက်တွင် လူကြီးက ကလေးအမိုက်အမဲများအား သနားကြင်နာစွာ ကြည့်နေပုံမျိုးသို့ ပြောင်းလဲ သွားသည်။ သူက အမှန်တရားကို ရှာဖွေနေသော ခေတ်လူငယ်ပီပီ မြေကြီးနှင့်ဝေးကွာနေသော နတ်ကို အယုံအကြည်ရှိသူ မဟုတ်ပေ။

"ဗျို့ ကိုဒေါင်းစိန်တို့ ကိုလူမောင်တို့၊ ခင်ဗျားတို့ မယ်ဘာလဟာ အလကား မယ်ဘာလဆိုတာ ကျုပ် လက်တွေ့ ပြရင် ခင်ဗျားတို့ ယုံမလား"

မည်သူမျှ ပြန်မဖြေဘဲ လူငယ်အားသာ မျက်လုံးဝိုင်းကြီးများဖြင့် ကြည့်နေကြ၏။ ဤတွင် လူငယ်သည် ထိုင်ရာမှ ထ လိုက်၍ "ခင်ဗျားတို့ အဆိုရှိတယ် မဟုတ်လား။ ဟော ကျုပ်က မယ်ဘာလကို ကုလားမယားလို့ ကုလားနဲ့ ပေးစားပြီး၊ ဟောဒီလို ကုလားသီချင်းဆို၊ ဟောဒီလို ကုလားက က ပြလိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် လူငယ်သည် "ရမ်မာပူလေးလေး တေလေဆပ်၊ ဘောလေဆပ်" ဆိုကာ ကုလားမ လေးများ က သကဲ့သို့ ဘယ်လက်ကို တင်ပါးဆုံတွင် ထားပြီး ဘယ်လက်ကို မြှောက်၍ လက်ညှိုး ကလေးထောင်က ဟိုဟို ဒီဒီ ဝှေ့ယမ်းရင်း ခါးကို အချက်ကျကျ ဘယ်ညာယိမ်းနွဲ့၍ ကနေ၏။ ကိုဒေါင်းစိန် တို့ကား မယ်ဘာလကို ကြောက်လျက်နှင့်ပင် အောင့်အည်း မနေနိုင်ဘဲ အားရ ပါးရ ရယ်မော နေကြ၏။

အတန်ကြာ၍ လှေကို ဆက်လက် လှော်ထွက်လာခဲ့ကြရာတွင် လူငယ်သည် လှေလယ်မှထိုင်၍ နတ်၊ စုန်း၊ ကဝေ၊ တစ္ဆေ၊ အင်းအိုင် မန္တရား၊ လက္ခဏာ၊ ဗေဒင် စသော ပဒေသရာဇ် ယဥ်ကျေးမှု လောင်းရိပ်ကြီးသည် တောရွာရှိ တောသူ တောင်သားများအား အမြင်မှန်မရအောင် ပိတ်ဖုံးထားပြီး တိုးတက်မှု မရှိအောင်လည်း ကာဆီး ထားကြောင်း၊ ဤပဒေသရာဇ် ယဥ်ကျေးမှု အစဥ်အလာ အစွဲ အလမ်းများကို အမြစ်ပါလှန်ပြီး ဖြိုဖျက်ပစ်နိုင်မှ တောသူ တောင်သားများ တိုးတက်နိုင်မည် ဖြစ်ကြောင်း စသည်ဖြင့် ကိုဒေါင်းစိန်တို့ ကောင်းကောင်း နားမလည်သော စကားကြီးများကို သုံးကာ ဟောပြောရင်း လိုက်ပါလာ၏။ တောရွာရှိ တောသူ တောင်သားများ၏ လူတန်းစေ့ မနေနိုင်ပုံ၊ အသိပညာ ကင်းမဲ့ပုံတို့ကို ဟောရင်း ပြောရင်းဖြင့် ကိုဒေါင်းစိန်တို့၏ ဆိုးဝါးလှသော တံငါသည် ဘဝသို့ စကားစ ရောက်လာ၏။

"အဲဒီ လူတန်းစေ့ မနေနိုင်တဲ့ တောသူ တောင်သားတွေထဲမှာ ခင်ဗျားတို့ တံငါသည်တွေက အဆိုး ဆုံးဆို ပါတော့ဗျာ၊ အပင်ပန်းဆုံး လူတွေဖြစ်ပြီး အဆင်းရဲဆုံး လူတွေ ဖြစ်နေရတယ်။ တံငါသည် တွေဆိုပြီး လက်ရှိ လူ့အဖွဲ့အစည်း ထဲမှာ ပါဝင်ခွင့်မရအောင် ဝိုင်းပယ်ထားခြင်း ခံနေရတယ်။ ဒီ တိုင်းပြည်အဖို့ အထူးလိုအပ်တဲ့ လူသုံးကုန်တွေကို ထုတ်လုပ်ပေးနေတဲ့ လူတွေဖြစ်ပါလျက်နဲ့ ထိုက် သင့်တဲ့ အကျိုးခံစားခွင့်ကို ခင်ဗျားတို့ မမျှော်လင့် နိုင်ဘဲ မိုက်ရိုင်းတဲ့ တုံ့ပြန်မှုကိုသာ ခံယူနေရတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ ကျုပ်တို့ အကြောင်းရှာ ရမယ်"

လူငယ်၏ မျက်နှာပေါ် လူငယ်တို့၏ စောစောက ကလေးကလက် အမူအရာများ လုံးဝ ပျောက်ကွယ်သွား၍ လူငယ်တို့၏ စိတ်အား ထက်သန်ခြင်း မျိုးဖြင့် သွေးရောင်လျှမ်းနေသော မျက်နှာတွင် မျက်မှောင်ကြီးကို ကုတ်ထားကာ စိတ်ပါလက်ပါ ပြောဆိုနေ၏။ စောစောက စကားများတွင် စိတ်မဝင်စားသော ကိုဒေါင်းစိန် တို့မှာလည်း ယခု သူတို့၏ ဘဝနှင့် ဟပ်မိ၍ သူတို့ လက်ရှိ

ခံစားနေရသော ဝေဒနာကို ထုတ်ဖော် ပြောကြားလိုက်သည့် အခါ၌ကား လေ့လော့ကို တန်ရပ်ကာ နားထောင်မိသည်အထိ စိတ်ဝင်စား လာကြ၏။

"အဲဒီအကြောင်းရင်းက ဘာလဲ၊ ခင်ဗျားတို့ လူစဉ်မမီအောင် လူချင်းမတူအောင် စုတ်ချာ ငတ်ပြတ် နေရတဲ့ အကြောင်းရင်းက ဘာလဲ"

လူငယ်သည် သူ့စကားကို ပြန်ကောက်၍ ပြောလာရာမှ ဤနေရာတွင် ခေတ္တ ရပ်တန့်လိုက်ကာ ကိုဒေါင်းစိန် တို့ထံမှ အဖြေများ ရနိုင်မလားဟု သူတို့အားလုံး၏ မျက်နှာကို တစ်ဦးစီ လိုက်လံစူးစမ်း ကြည့်ရှု နေ၏။ အတန်ကြာ၍ မည်သူ့ထံကမှ အဖြေရရှိပုံ မပေါ်မှ သူ့စကားကို ပြန်ဆက်၏။

"အဲဒီအကြောင်းရင်းဟာ ကံမဟုတ်ဘူး၊ နတ်သိကြား မဟုတ်ဘူး၊ ဇာတာနဲ့လည်း မဆိုင်ဘူး၊ လက္ခဏာ ဗေဒင်နဲ့လည်း မပတ်သက်ဘူး၊ ခင်ဗျားတို့ ဆင်းရဲရတာ အဲဒီဟာတွေကြောင့်ပါလို့ ခင်ဗျား တို့စွဲမှတ် ထားတာကတော့ အုပ်စိုးတဲ့ လူတန်းစားက သူတို့အပြစ်ကို ဖုံးကွယ်လိုတဲ့ သဘောနဲ့ အဲဒီမှုမမှန်တဲ့ အကြောင်းပြချက်တွေကို သုံးပြီး တွင်တွင်ကြီး မှိုင်းတိုက်ထားလို့ ဖြစ်တယ်။ အဲဒီမှိုင်းတွေကို လွင့်စင် သွားအောင် တအား မှုတ်ထုတ်ပစ်လိုက်ပါ၊ ခင်ဗျားတို့ မျက်စိရှေ့မှာ မငြင်းသာအောင် ခိုင်လုံတဲ့ တကယ့် မှုမှန် အကြောင်းရင်းဟာ ဘွားဘွားကြီး ပေါ်လာပါလိမ့်မယ်၊ အဲဒီအကြောင်းရင်းကတော့ ခင်ဗျားတို့ တံငါသည်ကြီးပဲ"

လူငယ်သည် သူ့စကားကို ရပ်နားလိုက်ပြန်၍ သူ့စကားလုံးများသည် ကိုဒေါင်းစိန်တို့အား ဆွဲငင် နိုင်စွမ်း ရှိ မရှိ အကဲခတ်သော သဘောဖြင့် လူစေ့ တက်စေ့ လိုက်လံကြည့်ရှု နေပြန်၏။ ကိုဒေါင်းစိန်တို့ တစ်တေကား လူငယ်၏ စကားကို စိတ်ဝင်စားစွာ နားထောင်လျက် ရှိကြသော်လည်း လူငယ်၏ စကားများကို အဓိပ္ပာယ် တိကျပြတ်သားစွာ ကောက်ယူနိုင်စွမ်းမရှိသလို သူတို့၏

မျက်နှာပေါ်တွင် တွေ့ဝေသော အရိပ်အယောင်ကလေးများ ယှက်သန်းနေ၏။ ဒါကို လူငယ်ကလည်း ရိပ်မိသလို အနည်းငယ် ပြုံးလိုက်ကာ -

"ခင်ဗျားတို့ ကောင်းကောင်း နားမရှင်းကြဘူး ထင်တယ် ... ဟုတ်လား၊ ရှင်းရမှာပေါ့လေ၊ ခင်ဗျားတို့ နားလည်ထားပြီး ဖြစ်နေတဲ့ ခင်ဗျားတို့ ဘဝနဲ့ ဟပ်မိတဲ့ အကိုးအကား အထောက်အထားတွေနဲ့သာ ကျုပ် ရှင်းပြမှာမို့ ကွင်းကွင်း ကွက်ကွက်ကို ရှင်းလင်းသွားစေရမယ်။ ကဲ ဒီတော့ လက်ရှိ တံငါ ဥပဒေတွေကို ခင်ဗျားတို့ရဲ့ လက်တွေ့အလုပ်နဲ့ ဟပ်ပြီး ခွဲခြမ်းစိတ်ဖြာ ကြည့်ကြရအောင်၊ ဥပမာ ဆိုပါတော့ဗျာ၊ ခင်ဗျားတို့ အထဲက ဂရက်ပက်ချင်တဲ့ လူတစ်ယောက်ဟာ အစိုးရ လွှတ်တဲ့ လေလံမှာ ဂရက်တစ်လုံးကို ဝယ်ယူလိုက်တယ် ဆိုပါတော့ဗျာ၊ ဒီတော့ အဲဒီဂရက် ပက်မယ့်လူ လိုက်နာ ရမယ့် အချက်တွေကို တံငါဥပဒေက ဘယ်လိုများ ညွှန်ကြားထားပါသလဲ"

"ဂရက်ပက်ဖို့ တမံတုတ်တဲ့အခါမှာ "လက်ဆည်" တမံသာ ဖြစ်ရမယ်။ တမံဘေးက နားပင်းတိုင် မစိုက်ရ၊ ဂန်မကာန်ရတဲ့ကွ"

လူငယ်၏ အမေးကို ကိုလူမောင်က ဝင်ဖြေလိုက်၏။ လူငယ်သည် သူ လိုချင်သော အဖြေဖြစ်ကြောင်း ဖော်ပြသည့် အလား လက်ဖျစ် တစ်ချက် တွက်လိုက်ကာ -

"ရှေ့၊ ဟုတ်လိုက်လေ၊ အဲဒီလို တမံရဲ့ ဘေးနှစ်ဖက်က နားပင်းတိုင်များကို ညှပ်ပြီး စိုက်မထားဘဲနဲ့၊ နောက်ပြီး ဂန်လို့ခေါ်တဲ့ ကျားကန်မပေးဘဲနဲ့ ရိုးရိုးလက်နဲ့ ဆည်ဖို့ထားတဲ့ တမံကို အသုံးပြုပြီး ခင်ဗျားတို့ ရေပက်လို့ ဖြစ်နိုင်ရဲ့လား"

"ဟ ဘယ်ဖြစ်နိုင်မလဲကွ၊ ဒီလို နားပင်းတိုင် မစိုက်၊ ဂန်မကာန်ဘဲ ရိုးရိုးလက်ဆည် တမံကလေးနဲ့သာ ဆိုရင် ဆည်ထားတဲ့ တမံအတွင်းက ရေအားကို မခံနိုင်ဘဲ ဒီတမံ ကျိုးပေါက်သွားမှာပေါ့ကွ"

"ဒီတော့ ဖြစ်နိုင်အောင် ဘယ်လို လုပ်ရမလဲ"

"တမံ နှစ်ဖက်က နားပင်းတိုင်များကို ညှပ်စိုက်ပေးပြီး ဘေးတစ်ဖက် တစ်ချက်ကနေပြီး ဂန်ကန်ပေး ရမှာပေါ့ကွ၊ ဒါမှသာ တိုးဝှေ့တဲ့ ရေအားကို မကျိုးမပေါက်အောင် ဒီတမံ တောင့်ခံနိုင်မှာပေါ့"

"နို့ ... ဥပဒေက အဲဒီဖြစ်နိုင်တဲ့ အချက်ကို ခွင့်မပြုဘဲ မဖြစ်နိုင်တာကို ခွင့်ပြုထားတယ် မဟုတ်လား၊ ဒီတော့ ဥပဒေရဲ့ ခွင့်ပြုချက်ရအောင် ခင်ဗျားတို့ ဘယ်လို လုပ်ကြသလဲ"

"အို ... ဒါ အရှင်းကြီးနဲ့ အလွယ်ကလေးပဲကွ၊ အင်စပက်ကို ငွေပေးပြီး လုပ်ရတာပေါ့"

"အဲ တွေ့ပြီ မဟုတ်လား၊ ခင်ဗျားတို့ကို စော်ကားထားတဲ့ ဥပဒေကို ခင်ဗျားတို့ ပြောသလို အရှင်းကြီးနဲ့ အလွယ်ကလေးပါပဲ ခင်ဗျ၊ ဟော တို့ကတော့ မဖြစ်နိုင်တာတွေကို လျှောက်ပြီး ရေးဆွဲ ထားတာပဲကွ၊ အဲဒါ မင်းတို့ဖြစ်အောင် လုပ်ချင်ရင် သက်ဆိုင်ရာ အရာရှိတွေကို ငွေပေးပြီး လုပ်ကြပေါ့လို့ အဓိပ္ပာယ် သက်ရောက်တဲ့ စကားမျိုးနဲ့ ခင်ဗျားတို့ကို စော်ကားထားတဲ့ လက်ရှိ တံငါ ဥပဒေကို ခင်ဗျားတို့ တွေ့ပြီ မဟုတ်လား။ ဒါနဲ့တင် ပြီးရောလားတဲ့၊ ဘယ်ဟုတ်မလဲဗျာ၊ "ကတုံးတန်း" လုပ်ကိုင်ခြင်းနဲ့ ပတ်သက်တဲ့ တံငါ ဥပဒေမှာရော၊ အင်း လုပ်ကိုင်ခြင်းနဲ့ ပတ်သက်တဲ့ တံငါဥပဒေမှာရော၊ အို တံငါလုပ်ငန်းနဲ့ ပတ်သက်တဲ့ လုပ်ငန်းရပ်တိုင်းမှာလည်း အဲဒီလို မဖြစ်နိုင်တဲ့ အချက်အလက်တွေ ရေးဆွဲထားပြီး ဖြူရိုကရက် အရာရှိတွေ စားပေါက်ထွင်ဖို့ အထူးပြောဖို့တောင် မလိုပါဘူး။ နောက်ဆုံး ကျုပ်ပြောချင်တာက ခင်ဗျားတို့လို ကပ်ပါးသမားတွေနဲ့ ပတ်သက်တဲ့ တံငါ ဥပဒေပဲ"

လှုငယ်သည် သူ့စကားကို ရပ်နားလိုက်ပြန်၍ ကိုဒေါင်းစိန်တို့အား စူးစမ်းသော မျက်လုံးများဖြင့် လိုက်လံကြည့်ရှု နေပြန်၏။ ကိုဒေါင်းစိန်တို့၏

မျက်နှာပေါ်တွင် စောစောက တွေဝေနေသော အရိပ်အယောင်များသည် လွင့်ပျောက်သွား၍ အလင်းရောင်ကလေးများ သမ်းလာသည်။ စင်စစ် လူငယ် ပြောပြနေသော အချက်အလက်များသည် သူတို့ သိပြီးသား အချက်အလက်များ ဖြစ်နေသော်လည်း စူးစမ်းလေ့လာပြီး ဝေဖန် ဆန်းစစ်ကာ သိထားခြင်းမျိုး မဟုတ်ဘဲ၊ အမှုမဲ့ အမှတ်မဲ့ သိထားခြင်းမျိုးသာ ဖြစ်ပါသည်။ ထိုအချက်များကိုပင် လူငယ်က ဝေဖန်ဆန်းစစ်ကာ တင်ပြ လိုက်သည့်အခါ၌ ဩော် ... ဒီလိုပါကလားဟု သဘောပေါက်သွားခြင်းမျိုးဖြစ်၏။

"အစိုးရလွှတ်တဲ့ လေလံမှာ တက်ပြီး အင်းတို့ အိုင်တို့ကို ဆွဲဝယ်နိုင်စွမ်း မရှိတဲ့ ခင်ဗျားတို့လို ကပ်ပါး ရပ်စား သမားတွေအတွက် လုပ်ကိုင်စားသောက်ဖို့ တံငါ ဥပဒေက ဘယ်လို အခွင့်အရေး ကလေးများ ပေးသနားထားပါသလဲ"

လူငယ်သည် ပြတ်သွားသော သူ့စကားကို ပြန်ဆက်ကာ ကိုဒေါင်းစိန် တို့အား မေးခွန်းထုတ်လိုက်၏။ ထိုမေးခွန်းကိုတော့ အခြားသူများ မဖြေခင် ကိုဒေါင်းစိန်က ဦးအောင် ဝင်ဖြေ လိုက်၏။

"ကွင်းကို အစိုးရပိုင်သည့်ရက်တွင် ဆင်းရဲသားများသည် ဆောင်း တစ်လုံး၊ မှိန်းတစ်လက်၊ ငါးမျှားတံ တစ်ချောင်းဖြင့် ကွင်းထဲ၌ ရှာဖွေ စားသောက်နိုင်၏တဲ့။ နောက်ပြီး ဘေးမဲ့ ချောင်းရိုးကြီးထဲမှာလည်း "ဒဂီးကျ မက်ကွန်" နဲ့ ရှာဖွေစားသောက်နိုင်၏တဲ့ ကွ"

"အဲ ဟုတ်ပြီ၊ ဒီတော့ ကွင်းထဲမှာ ဆောင်းတစ်လုံးနဲ့ ငါးလိုက်ဆောင်းရုံနဲ့၊ ငါးမျှားတံ တစ်ချောင်းနဲ့ ငါးမျှားရုံနဲ့၊ မှိန်းတစ်လက်နဲ့ ငါးလိုက်ထိုးရုံနဲ့ ခင်ဗျားတို့ အိမ်ထောင်စုရဲ့ ဝမ်းရေးပြဿနာကို ဖြေရှင်း နိုင်ကြရဲ့လား"

"ဝေးပါသေးရဲ့ကွာ၊ ဆောင်းတစ်လုံးနဲ့ ငါးလိုက်ဆောင်းတာက နယုန်လ တစ်လပဲ ဆောင်းရတယ်၊ မှိန်းတစ်လက်နဲ့ ငါးလိုက်ထိုးတာက ဝါဆိုလတစ်လပဲ ထိုးရတယ်၊ ကျန်တဲ့ ဝါခေါင်၊ တော်သလင်း လတွေ ရောက်တော့ ပိုက်မှ မချရရင်

ထိုင်ပြီး ငတ်ပေါ့။ အငတ်မခံနိုင်လို့ ပိုက်ဆင်းချပြန်ရင်လည်း အင်စပက် မိသွားရင် ပိုက်လည်းဆုံး၊ တရားလည်း စွဲဦးမှာမို့ အနည်းဆုံး ဒဏ်ငွေတော့ အတပ်ခံဦးပေါ့ကွာ။ အစိုးရပိုင် ရက်ကုန်လို့ တော်သလင်းလပြည့်ကျော် တစ်ရက်က စပြီး အင်းသားကြီးပိုင် ရက် ရောက်ပြန်ရင်လည်း သူ့ပိုင်နက် အတွင်း ပိုက်ခိုးချ၊ ငါးမျှားတံ ခိုးဆွဲမှ မလုပ်ရင် ငတ်ပေါ့။ အငတ်မခံနိုင်လို့ ခိုးချပြန်ရင်လည်း မိသွား လို့ ရှိရင် ပိုက်လည်းဆုံး၊ လူလည်း အရိုက်ခံရပေါ့ကွ"

"တွေ့ပြီ မဟုတ်လား၊ ခင်ဗျားတို့ရဲ့ ဘဝကို၊ ခင်ဗျားတို့ကို နာလန်မထူအောင် စော်ကားထားတဲ့ လက်ရှိ တံငါဥပဒေကို ခင်ဗျားတို့ တွေ့ပြီ မဟုတ်လား၊ ကဲ ဒါလည်း ခဏ ထားလိုက်ပါဦး၊ မိုးဥတု ကုန်ဆုံးလို့ ဆောင်းဥတု ရောက်လာပြန်တော့ ဘေးမဲ့ ချောင်းရိုးကြီးထဲမှာ ခင်ဗျားတို့ ကွန်ပစ်ပြီး သားငါးများ ရှာဖွေကြတယ် မဟုတ်လား၊ အဲဒီအခါမှာ အစိုးရ ခွင့်ပြုထားတဲ့ "ဒင်္ဂါးကျမက်ကွန်" နဲ့ ခင်ဗျားတို့ ပစ်ကြသလား"

"ဘယ်ဟုတ်မလဲကွ၊ ဒင်္ဂါးကျမက်ကွန် ဆိုတာက ငွေဒင်္ဂါးတစ်ပြားကို ချလိုက်ရင် တိုးလျှိုပေါက် ကျနိုင်လောက်အောင် ကျယ်တဲ့ အကွက်ရှိတဲ့ ကွန်ကျဲကို ဆိုလိုတာမို့ ငါးကြီးများသာ မိနိုင်တဲ့ ကွန်မျိုး ပေါ့လကွာ၊ ဘေးမဲ့ချောင်းရိုးထဲမှာ အဲဒီကွန်ကျဲနဲ့ မိနိုင်တဲ့ ငါးမျိုးက မရှိသလောက် ရှားပြီး ကွန်စိပ်နဲ့ မိနိုင်တဲ့ ငါးကလေးများသာ ပေါများတာကွ၊ ဒါကြောင့် ကွန်စိပ်နဲ့ ပစ်ရတာပေါ့"

"ဥပဒေက မဖြစ်နိုင်တဲ့ "ဒင်္ဂါးကျ မက်ကွန်" နဲ့သာ ရှာဖွေ ခွင့်ပြုတယ် မဟုတ်လား၊ ဒီလို ကွန်စိပ်နဲ့ ပစ်နိုင်ဖို့ ဥပဒေ ခွင့်ပြုချက်ရအောင် ခင်ဗျားတို့ ဘယ်လို လုပ်ကြသလဲ"

"အင်စပက်ကို ငွေထိုးပေးပြီး ကွန်စိပ်နဲ့ ပစ်ရတာပေါ့ကွ၊ ငွေမထိုးနိုင်တဲ့ အခါမှာ တိတ်တိတ်ခိုး ပစ်ပေါ့ကွ။ မိသွားရင် ကွန်လည်းဆုံး၊ လူကိုလည်း ရိုက်ပြီး တရားစွဲ၊ ဒဏ်ငွေတပ်၊ မဆောင်နိုင်ရင် လည်း ထောင်ချလိုက်တာပေါ့ကွာ"

"အဲ ခင်ဗျားတို့ လူစဉ်မမီ လူချင်းမတူအောင် စုတ်ချာငတ်ပြတ်ရတဲ့ အကြောင်းကို တွေ့ပြီ မဟုတ်လား၊ အရင်းကြီးနဲ့ အလွယ်ကလေးပါ ခင်ဗျာ၊ အဲဒီလောက် ရှင်းနေတဲ့ အကြောင်းရင်းကို တွေ့နေရပါလျက်ကနဲ့ ဒီအကြောင်း ရင်းဖြစ်တဲ့ ခင်ဗျားတို့ကို စော်ကားထားတဲ့ တံငါဥပဒေကိုတော့ တိုက်ဖျက်ဖို့ မလုံးပန်းဘဲ အဓိပ္ပာယ်မရှိတဲ့ အဖြေတွေကိုသာ ယိုးမယ်ဖွဲ့ရင်း၊ နတ်ကိုသာ ပသရင်း၊ ဇာတာကို စစ်ဆေးရင်း၊ ဗေဒင်ကိန်းခန်းများကို ကြည့်ရှုရင်း၊ ယတြာချေရင်းနဲ့ ငတ်ကြ၊ မွဲကြ၊ သေကြ ဦးပေါ့ဗျာ"

လူငယ်သည် စိတ်လိုက်မာန်ပါ ပြောဆိုရာမှ နောက်ဆုံးတွင် ကိုယ့်ဘဝကိုပင် ကိုယ် မသိတတ်နိုင် ရန်ကော ဟူသော ကရုဏာဒေါသောဖြင့် သူ့စကားလုံးများမှာ မောက်မာကြမ်းတမ်းလာ၏။ သို့သော် စေတနာ ရှေးရှုသော ကရုဏာ ဒေါသောဖြစ်၍ ကိုဒေါင်းစိန်တို့မှာ လူငယ်အား စိတ်မဆိုး အပြစ်မယူကြပါ။ လူငယ်၏ ရှင်းလင်းချက်အရ သူတို့၏ ဘဝမှန် အခြေအနေမှန်ကို သိလာရသော်လည်း တံငါဥပဒေကို တိုက်ဖျက်ရမည်ဆိုသော လူငယ်၏ စကားကိုမူ သူတို့၏ နားထဲ၌ ကလော၍ နေပါသည်။ ဩော် ... တကယ်ဆိုတော့လည်း တိုင်းပြည်ခေါင်းဆောင်တို့၏ တာဝန် မဟုတ်ပါလား လူငယ်ရယ်။

နံနက် ၈ နာရီခန့်တွင် ခနဖြူသို့ ရောက်ကြတော့၏။ သူတို့ တရားဆိုင်ရမည့် ရုံးအောက်၌ ဝိုင်းဖွဲ့ စောင့်ဆိုင်းရင်း သူတို့အား ခေါ်သံကိုသာ နားစွင့်နေကြ၏။

အတန်ကြာ၍ သူတို့၏ နာမည်ကို ခေါ်သံကြားရသောအခါ သူတို့သည် ရှေ့နောက် အစဉ်လိုက် တန်း၍ ရုံးပေါ်သို့ တက်သွားကြ၏။ ကိုဒေါင်းစိန်ကမူ ရှု့ဆုံးမှသွားရန် မဝံ့သဖြင့် တမင်ချန်ရစ်ပြီး နောက်ဆုံးမှ ကပ်လိုက်သွား၏။

ရုံးပေါ်တွင် မြို့ပိုင်မင်း၏ စားပွဲရှေ့၌ စီတန်းရပ်ကြရ၏။ မြို့ပိုင်မင်းက "ခင်ဗျားတို့ အစိုးရပိုင် ရက်မှာ ကွင်းထဲဆင်းပြီး ပိုက်ချတယ်လို့ အင်စပက်တော်မင်းက သက်သေခံပစ္စည်းတင်ပြပြီး တရားစွဲဆိုထားတယ်၊ အဲဒါ ခင်ဗျားတို့ ငြင်းကွယ်ချင်ကြသေးသလား" ဟု မေး၏။

သူတို့ကား အင်စပက်တော်မင်း သက်သေခံ ပစ္စည်းအဖြစ် တင်ပြထားသော ပိုက်စုတ်နှစ်ထည်သည် သူတို့ပိုက် မဟုတ်ပါဟူသော အချက်မှ တစ်ပါး ငြင်းကွယ်ရန် အကြောင်းမရှိပါ။ သို့သော် ဤပိုက်စုတ် နှစ်ထည်ကို တင်ပြရခြင်းမှာလည်း သူတို့ထံမှ ငွေစားပြီး သူတို့ပိုက်ကို ပြန်ပေးခဲ့၍ဖြစ်ရာ ဤအချက်ကို ငြင်းကွယ်နေပါက အကြောင်းမထူးသည့်အပြင် သူတို့၌လည်း အပြစ် မလွတ်ကင်းချေ။ ထို့ကြောင့် "မငြင်းကွယ်လိုပါ၊ ကွင်းထဲမှာ ပိုက်ချမိတာမှန်ပါသည်" ဟု ဖြောင့်ဆိုဝန်ခံကြရတော့သည်။

"ကွင်းထဲ ပိုက်ချရင် ဒီလိုပဲ အဖမ်းခံရပြီး တရားစွဲခံရမယ်ဆိုတာ သိလျက်သားနဲ့ ဘာ့ကြောင့် ပိုက်ချရသလဲ"

"မှန်လှပါ ... ဆင်းရဲလွန်းလို့ အလုပ်အကိုင်ကလည်း မရှိတာနဲ့ ကြံမိ ကြံရာ ကွင်းထဲမှာ ပိုက်ချမိ ပါတယ် ဘုရား"

တိကျဖြောင့်မှန်လှသော အကြောင်းပြချက်ပင် ဖြစ်ပါသည်။ သို့သော် ဆင်းရဲလွန်း၍ ပိုက်ချ ပိုက်ချ။ ငတ်လို့ပဲ ပိုက်ချ ပိုက်ချ၊ ပိုက်ချရင် အပြစ်ပေးလိုက်ဟု ဥပဒေက ညွှန်ကြားထားသည့်အတိုင်း မြို့ပိုင် မင်းက အမိန့်ချမှတ်လိုက်သည်။

"အစိုးရပိုင်ရက်အတွင်း ကွင်းထဲမှာ ပိုက်ချကြောင်း ထင်ရှားသည့်အတွက် မောင်မင်းတို့ တစ်ဦးလျှင် ဒင်္ဂါးငွေ တစ်ဆယ်စီ ပေးဆောင်စေ၊ မပေးဆောင်နိုင်က ထောင် ..."

မြို့ပိုင်မင်း၏ အမိန့် မဆုံးသေးမီမှာပင် ကိုလူမောင်က စောဒက ဝင်၍ အသနားခံလိုက်၏။

"ဘုရား ကျွန်တော်မျိုးများ ဆင်းရဲလှပါတယ်ဘုရား၊ ဒင်္ဂါးငွေ ငါးကျပ်လောက် လျှော့ပေါ့ပြီး ငါးကျပ် လောက်သာ ပေးဆောင်ခွင့်ပြုပါ ဘုရား"

"ဟေ့ ရုံးတော်ကွ ... ငါးစိမ်းတန်းမှတ်လို့ ဈေးဆစ်နေကြတာလား၊

ကျုပ်မှာ တခြားအမှုအခင်းတွေ စစ်ဆေးစရာ အများကြီး ရှိသေးတယ်၊ ဒါကြောင့် ဒင်္ဂါးငွေ တစ်ဆယ်စီ ပေးဆောင်စေ၊ မပေးဆောင်နိုင်က ထောင် ..."

"ပေးဆောင်ပါ့မယ် ဘုရား ...."

သူတို့သည် မြို့ပိုင်မင်း၏ အမိန့်ကို ဆုံးအောင် နားမထောင်ဝံ့ကြရှာဘဲ ငါးပေးဖြင့် လည်းကောင်း၊ အခြားနည်းအားဖြင့် လည်းကောင်း ရှာဖွေ ယူဆောင်လာခဲ့ရသော ငွေကလေး တစ်ဆယ်စီကို အသီးသီး ပေးဆောင်လိုက်ကြရလေသတည်း။

~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~

# မိုးနှောင်းကာလ

## (၁)

ညဥ့် ၆ နာရီ အချိန်တွင် ဖြစ်ပါသည်။

ကိုဒေါင်းစိန်သည် မှေးမှိန်စွာ တောက်လောင်လျက် ရှိသော ရေနံဆီမီးခွက်၏ အလင်းရောင်ဖြင့် အသက်ကို ဖုတ်လှိုက် ဖုတ်လှိုက်နှင့် ခဲယဉ်းပင်ပန်းစွာ ရှူရှိုက်နေသော သူ့ရင်သွေးကလေး နှစ်ဦး အား ငေးစိုက်ကြည့်နေမိ၏။ သူတို့ ခနဖြူသို့ တရားဆိုင်သွားသည့်အချိန်၌ မယ်စိန်သည် အရပ်ဆရာကိုတုတ်ပေါ်အားခေါ်၍ ဝမ်းသွား လျက်ရှိသော ရင်သွေးနှစ်ဦးအား ပြသ၏။ ကိုတုတ်ပေါ်သည် ဝမ်းပိတ်ဆေးကို တိုက်ကျွေးရာ ဝမ်းမှာ ပိတ်သွားသော်လည်း ရင်ကို တက်ကိုင်ပြီး ရင်အင့်ကာ အသက်ရှူကျပ်လာသည်။ ကိုတုတ်ပေါ်မှာ ဖြေဆေး မပေးနိုင်ဘဲ ရှိသည့်အတွက် ကိုဒေါင်းစိန်တို့ မြို့ကမှ ပြန်လာသည့်အခါတွင်မှ သူတို့ရွာနှင့် ၆ မိုင်ခန့် ဝေးသော ကံထောင်ရွာသို့ ကိုလူမောင်နှင့် အခြား လူငယ်တစ်ယောက်ကို စေလွှတ်ကာ ဆရာပုအား အပင့်ခိုင်း လိုက်ရ၏။ ယခု အထိ မရောက်လာကြသေး။ သို့သော် မကြာမီ ရောက်လာလိမ့်မည်ဟုကား မျှော်လင့်ရပါ၏။

ကိုဒေါင်းစိန်ကား အသက်ရှူကျပ်လျက် ရှိသော ရင်သွေးနှစ်ဦးအား ငေးစိုက်ကြည့်နေရ၏။ မယ်စိန်ကတော့ ရင်သွေးကလေး နှစ်ဦးအား ကိုယ်ဖိ ရင်ဖိ ပြုစုနေ၏။ ကိုယ်ဖိရင်ဖိ ပြုစုနေရခြင်း ကြောင့်လည်း ကိုဒေါင်းစိန်လို ဘာမှ အကူအညီ ပေးဖော်မရဘဲ အလကားနေရင်း စိတ်မောနေခြင်းမျိုး သူမ၌ မရှိ။

သို့သော် ကလေး နှစ်ယောက် တစ်စုံတစ်ခုများ ဖြစ်သွားမလား ဟူသော စိုးရိမ်စိတ်ကလေးကမူ သူမ၏ မျက်နှာပြင်၌ အရိပ်လို ထင်နေ၏။

ညဉ့် ၇ နာရီခန့်တွင် ဆရာခေါ်လွှတ်လိုက်သော ကိုလူမောင်တို့ ပြန်ရောက်လာပြီး ဆရာပုပါ ပါလာ၏။ ကိုဒေါင်းစိန်က ဆရာအားကိုးဖြင့် လွန်စွာ အားတက်လာကာ သွက်လက်ဖျပ်လတ်စွာပင် ဖျာတစ်ချပ်ကို အိပ်ခေါင်းရင်း၌ ခင်း၍ ဆရာပုအား ဖိတ်ခေါ်နေရာချထားလိုက်ပြီး ဆရာ မရောက်မီ ကပင် အသင့်ရှာဖွေ ပြင်ဆင် ထားသော ကွမ်းအစ်ကို တည်ခင်းလိုက်၏။

ဆရာပုသည် ခင်းထားသော သင်ဖျာထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလေ၍ စကားတစ်ခွန်းမျှ မဆိုမမိန့်သေးဘဲ ကွမ်းညှပ်ဖြင့် ကွမ်းသီးကို ညှပ်နေလေ၏။ သူ့အသက်ကား ၄၀ ကျော်ခန့်ရှိ၍ လူပုံဟန် အတော်ကောင်း သူဖြစ်၏။ မည်မျှလောက် ဆိုးဝါးသော ရောဂါပင်ဖြစ်စေ၊ တစ်ခဏအတွင်း လက်နှင့် ယူပစ်သလို ပျောက်ကင်းစေရမည် ဟူသော အဓိပ္ပာယ်ကို သူ့ဟန်အမူအရာဖြင့် သရုပ်ဆောင် နိုင်သူ ဖြစ်သည်။

ကိုဒေါင်းစိန်ကား ဆရာပု၏ လူပုံဟန်ကိုကြည့်ကာ အတော်ပင် အားရှိသွား၏။ ဘုရားလက်ထက်တော် အခါက သမားကျော် ဇီဝကကို တွေ့လိုက်သလို သူ ဝမ်းမြောက်နေ၏။ ဤဆရာသာ ကုလိုက်ရရင်တော့ သူ့ရင်သွေး နှစ်ဦးအား ဖိစီးလျက်ရှိသော ရောဂါသည် ပိန်းကြာရွက်တွင် ရေမတင် သကဲ့သို့ လျင်စွာ လျှောကျချမ်းသာရ ရလိမ့်မည်ဟု ယုံကြည်ထား၏။

ဆရာပုသည် ကွမ်းတစ်ယာ စားပြီးသောအခါ လူနာကို ကြည့်ရှုရန် ကိုဒေါင်းစိန်၏ အိပ်ခန်းထဲသို့ ထလာခဲ့ရာ ကိုဒေါင်းစိန်က နောက်မှ မီးခွက်ဖြင့် လိုက်ပြရ၏။ အသက်ရှူကျပ်လျက် ရှိသော ကလေးငယ် နှစ်ဦး၏ ဘေးတွင် ဆရာပု ဝင်ထိုင်ကာ သေချာစွာ စူးစမ်းကြည့်ရှုနေ၏။

လက်ကို သွေးစမ်းကြည့်၏။ အသက်ကိုရှိုက်၍ ရှိုက်၍ ရှူသဖြင့် ပိန်ချည်ဖောင်းချည် ဖြစ်နေသော ရင်အုပ်ပေါ်သို့ လက်ကို အသာအယာတင်ကာ စမ်းကြည့်နေ၏။ သူ့အလုပ်၌ လုံးဝ စိတ်ဝင်စားနေဟန်ဖြင့် မျက်ခုံး နှစ်ဖက်ကိုချီ၍ မျက်မှောင်ကို ကုတ်ထား၏။ တစ်ခါတစ်ရံလည်း လေးလေးနက်နက် စူးစိုက်ဆင်ခြင် နေဟန်ဖြင့် တစ်နေရာရာကို စူးစိုက်ကြည့်ရှု နေတတ်၏။ နောက်ဆုံးတွင် လူနာ၏ ရောဂါ အခြေအနေကို ရိပ်မိသိရှိပြီ ဟူသော သဘောမျိုးဖြင့် ခေါင်းတညိတ်ညိတ်လုပ်ကာ အိမ်ရှေ့သို့ ပြန် ထွက်လာသဖြင့် ကိုဒေါင်းစိန်လည်း နောက်မှ လိုက်လာခဲ့ရ၏။

မူလနေရာတွင် ပြန်ထိုင်မိသောအခါ ဆရာပုသည် ဆေးပြင်းလိပ် တစ်လိပ်ကို ထုတ်၍ မီးညှိလိုက်ပြီးနောက် ပါးစောင်တွင် မာန်ပါပါခဲကာ ခါးကိုလည်း တည့်မတ်သွားအောင် ဆန့်လိုက်ရင်း "ကဲ ဖြစ်ပုံ ကို ပြောကြစမ်းပါဦး" ဟု မေးလိုက်၏။

ကိုဒေါင်းစိန်၏ အနီး၌ ထိုင်နေသော မယ်စိန်က ကလေးနှစ်ယောက် တစ်ညလုံး ဝမ်းသွားပုံ၊ မိုးလင်း၍ အရပ် ဆရာ ကိုတုတ်ပေါက်ကို ခေါ်၍ ကုရာ၌ ဝမ်းပိတ်သွားသော်လည်း ရင်ကို တက်ကိုင်ပြီး ဤကဲ့သို့ အသက်ရှူ ကျပ်နေရပုံများကို ပြောပြလိုက်ရာ ဆရာပုကား ခေါင်းတညိတ်ညိတ်ဖြင့် နား ထောင်နေ၏။

"တောက် ... မင်းတို့ ဖြစ်ဖြစ်ချင် ငါ့မှ လာမခေါ်ဘဲကိုးကွ၊ ဆရာဆိုတိုင်း တွေ့ကရာ ဆရာကို ခေါ်လို့ ဖြစ်တာ မဟုတ်ဘူး၊ သမားဂုဏ်အင်္ဂါနဲ့ ကိုက်ညီသည် မကိုက်ညီဘူး ဆိုတာ ကြည့်ရှုစစ်ဆေးပြီး ခေါ်မှပေါ့"

ဆရာပုသည် ကိုဒေါင်းစိန်တို့အား ဆရာခေါ် နောက်ကျသည့်အတွက် အပြစ်တင်စကား ပြောလိုက် ပြီးနောက် သူသာလျှင် သမားဂုဏ်နှင့် ပြည့်စုံသော ဆရာဖြစ်ကြောင်း ဖော်ပြသော ဟန်မူရာမျိုးဖြင့် ပခုံး၌ လွယ်ထားသော ဆေးလွယ်အိတ်ကို ဟန်ပါပါ ဖြုတ်ယူလိုက်ကာ သူ့ရှေ့၌ ချထားလိုက်ရင်း -

"ဆရာဆိုတာ သမားဂုဏ်နဲ့ ပြည့်စုံရမယ်လို့ ဆရာ ပြောပြသည့်အတွက် ကျွန်တော် ကျွန်မတို့ နားလည်ပါပြီ၊ အဲဒီ သမားဂုဏ်ဟာ ဘာတွေလဲလို့ မေး၊ ဆရာက မင်းတို့ နားလည်ထားအောင် ကျမ်းဂန် အကိုးအကားနဲ့ ရှင်းပြမယ်။ သမားကောင်းဆိုတာ ပဏ္ဍိတ၊ ဒက္ခ၊ အနလသဆိုတဲ့ ဂုဏ် သုံးပါးနဲ့ ပြည့်စုံရမယ်လို့ အင်္ဂုတ္တုရ် ဋီကာမှာ အတိအလင်းဆိုထားတယ်။ အနာ၏ ဖြစ်ကြောင်းအစဉ် နိဒါန်းကိုလည်းကောင်း၊ ပြဋ္ဌာန်းသော ဓာတ်တို့၏ သမုဋ္ဌာန်ကို လည်းကောင်း သိသော ပုဂ္ဂိုလ်ကို ပဏ္ဍိတလို့ခေါ်တယ်။ ကုစားနိုင်သော သတ္တိ၊ အနာနှင့် သင့်မြတ်သည်ကို ပြုနိုင်ခြင်း သတ္တိဂုဏ်နှင့် ပြည့်စုံသော ဆရာကို ဒက္ခလို့ ခေါ်တယ်။ ထကြွ လုံ့လ ဝီရိယနှင့် ပြည့်စုံသော ဆရာကို အနာလသလို့ ခေါ်တယ်။ အဲဒီ ဂုဏ်သုံးပါးနှင့် ပြည့်စုံတဲ့ ဆရာကိုသာလျှင် သမားကောင်း လို့ဆိုရမယ်ကွ"

ဆရာပုသည် သူ့စကားကို တစ်ထောက်ရပ်နား၍ သူသည် သူ ဆိုခဲ့သော သမားဂုဏ် အင်္ဂါသုံးပါးနှင့် အကြွင်းမဲ့ပြည့်စုံခြင်း ရှိသည်ဟု ဖော်ပြသော မျက်နှာထားမျိုးဖြင့် ကိုဒေါင်းစိန်တို့အား ခပ်ကြွားကြွားကြည့် နေ၏။ နောက် ပါးစပ်တွင် ကိုက်ခဲထားသော ဆေးပြင်းလိပ်ကို အားရပါးရ ဖွာရှိုက်လိုက် ပြီးနောက် ဆေးလိပ်ကို လက်ဝဲဘက်ပါးစောင်သို့ ပြောင်းရွှေ့ကိုက်ခဲကာ သူ့စကားကို ဆက်ပြန်၏။

"အင်္ဂုတ္တိုရ်ဋီကာ အလိုအရ သမားဂုဏ်အင်္ဂါကို ပြဆိုပြီးတဲ့နောက် နရသုခိဆရာရဲ့ အဆိုကို ပြလိုက် ဦးမယ်။

"သက်ကြည့်ဗေဒင်၊ တတ်မြော်မြင်လျက်၊ ဆင်ခြင်ထောက်ရှု၊ ဆေးကု လိမ္မာ၊ ဆေးစာများ မြောင်၊ ကျမ်းစောင် စောင်ကို၊ တတ်ခေါင်တွင်ကျယ်၊ ချစ်ဖွယ်ရှိခြင်း၊ သီတင်းဖြူစင်၊ ကျင့်စုံလင်အံ့။ ဤအင်္ဂါ၊ မယွင်းပါးသည်၊ သမားပဏ္ဍိ၊ ကဝိနတ်စံ၊ ဂုဏ်လောက်ငံကို၊ ပသံသိတ၊ ထိုက်တန်လှဟု၊ ရာဇနီတိ၊ ကျမ်းထွက်ရှိ၏" တဲ့ကွ။ သမားကောင်း တစ်ယောက်ဟာ သက်ကြည့်

ဗေဒင်ကိုလည်း တတ်မြောက်ရမတဲ့၊ ဆေးကုလည်း လိမ္မာရမတဲ့၊ ဆေးစာများမြောင် ကျမ်းစောင်စောင်ကိုလည်း တွင်ကျယ် ပေါက်ရောက် တတ်မြောက် ထားရမတဲ့၊ ချစ်ဖွယ်သော ဥပဓိ ရုပ်လည်း ရှိရမတဲ့၊ သီတင်းသီလ အကျင့်သိက္ခ အားဖြင့်လည်း ဖြူစင်ရမတဲ့၊ အဲဒီအင်္ဂါငါးပါး ပြည့်စုံမှသာလျှင် သမားပညာရှိလို့ ခေါ်ထိုက်တယ်တဲ့။ အခုတော့ ဒီလို မဟုတ်ပေါင်ကွာ၊ ဆေးမြီး တိုကလေး တစ်ခုလောက် နားလည်ရုံနဲ့လည်း သမားလုပ်ပြီး ကုနေကြတာပဲ။ ဒီတော့ မဖြစ် သင့်တာတွေ ဖြစ်ကုန်ပြီး မသေသင့်ဘဲနဲ့ သေကုန်ကြရတာပေါ့"

ကိုဒေါင်းစိန်၏ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။ သူတို့ ဆရာအခေါ်မှာ သည့်အတွက် သူ့ရင်သွေး ကလေးများ မဖြစ်သင့်တာ ဖြစ်ရတာတော့ မှန်ပါသည်။ သို့သော် မသေသင့်ဘဲနဲ့ သေကုန်ကြရတာ ပေါ့ ဟူသော ဆရာပု၏ စကားသည် ဖြစ်တတ်သည့် သဘာဝကို ရည်ရွယ်၍ ဆိုလိုက်ခြင်းလား၊ သို့ မဟုတ် သူ့ရင်သွေး ကလေးနှစ်ဦး၏ ရောဂါအခြေအနေကို စမ်းသပ်ကြည့်ရှုရာမှ ထွက်ပေါ်လာသော အဖြေကို ထုတ်ဖော် ပြောကြားလိုက်ခြင်းလား၊ သူ မသိတတ်နိုင်ပါ။ ဆရာပု၏ စကားစကို ဖြတ်၍လည်း မမေးရဲပါ။ သူ့ရင်သွေးနှစ်ဦးကို ရည်ရွယ်၍ ဆိုလိုက်ခြင်း မဟုတ်ပါစေနဲ့ ဟုသာ ရင်တထိတ်ထိတ်ဖြင့် ဆုတောင်း နေမိသည်။

"အဲဒီ ဆေးမြီးတိုးအားကိုးနဲ့ သမားလုပ်နေတဲ့ သမားအတု သမားအယောင်တွေဟာ ရောဂါရဲ့ အမျိုးအမည်၊ ရာသီဥတု အခြေအနေစတဲ့ အချက်တွေကို ဘာတစ်ခုမှ နားမလည်ဘဲ ဘာရောဂါမဆို သူသိထားတဲ့ ဆေးမြီးတိုကလေးနဲ့သာ ရမ်းကုလိုက်တာပဲ။ ဥပမာ - ဝမ်းရောဂါ ဆိုပါတော့ကွယ်၊ ဘယ်အတွက် ဝမ်းရောဂါ ဖြစ်ပေါ်လာရသလဲ၊ ဝမ်းရောဂါ ဘယ်နှမျိုး ရှိသလဲဆိုတာ ဘာမှ နားမလည်ဘဲ ဝမ်းရော ဂါဆိုရင် ဝမ်းပိတ်ဆေးကိုသာ တိုက်ချလိုက်တာပဲ။ ဒီတော့ ဘာဖြစ်သွားသလဲ၊ ဝမ်းတော့ ပိတ်သွား ပါရဲ့၊ ရင်ကို တက်ကိုင်ပြီး မရှုနိုင် မကယ်နိုင် ဖြစ်သွားရော မဟုတ်လား"

ဆရာပုသည် ပြောရင်း စိတ်ပါလာသလို ပါးစပ်မှ ဆေးလိပ်ချွတ်လိုက်၍ ကိုယ်ကို ဆန့်လိုက်ပြီး နောက် သူ့စကားကို ဆက်ပြန်၏။

"သည်နှစ်မှာ ဘာပြုလို့ ဝမ်းသွန် ဝမ်းကျ ပေါများရသလဲ၊ အဲဒီ အခြေခံ အကြောင်းရင်းကို ပထမဆုံး ပညာစက္ခုနဲ့ ကြည့်ရှုရမယ်။ မိုးဦး မိုးလယ် မိုးနှောင်းတို့တွင် မိုးကြိုးထစ်ခြင်း၊ ပစ်ခြင်း၊ လရာသီတိုင်း မိုးရွာတိုင်း မိုးသည် ခြိမ်းခြင်း၊ ချုန်းခြင်း၊ အဲဒီလိုရှိရင် ဒါ သီတနဲ့ ဥဏှ ဥတုနှစ်ပါး ပြိုင်တယ်လို့ မှတ်ရမယ်။ အဲဒီနှစ် အဲဒီကာလမှာ ဝမ်းပြည့်၊ ဝမ်းရောင်၊ ဝမ်းသွန်၊ ဝမ်းကျ နည်းပါးမယ်။ အဲ သို့ပေမဲ့ မိုးဦး မိုးလယ်မှ စပြီးတော့ ဩကာသလောကမှာ မိုးခြိမ်းခြင်း၊ ချုန်းခြင်း မရှိခဲ့ရင်တော့ အဲဒါ သီတဥတု အုပ်ချုံ နှောင်းဖွဲ့ မိတယ်လို့ ဆိုရမယ်၊ ဥဏှဥတုဟာလည်း တစ်ခါတည်း မတော် လှန်နိုင်တော့ဘူး။ အဲဒီလို နှစ်ကာလမျိုးမှာ ဝမ်းပြည့် ဝမ်းရောင် ပေါများတယ်။ သုံးဆောင်မှီဝဲသမျှ ကဗဠီကာရတို့ဟာလည်း မကျေမဘက်၊ ပါစကကို မရောက်တော့ဘူး။

အဲဒီလိုဆိုရင် စချင်ပြန်ခြင်း၊ ဝမ်းသွန် ဝမ်းကျ ပေါများ ဖောက်ပြန် တော့မယ်လို့ မှတ်ရမယ်။ အဲဒါက ဩကာသလောကကို ပုံသက်သေပြုပြီးတော့ ပညာစက္ခုနဲ့ ကြည့်ရှုဆုံးဖြတ်ရတဲ့ အချက်ပဲ။ မင်းတို့ ဆေးမြီးတို ဆရာတွေ ကတော့ အဲဒီအချက်ကို နားမလည်ဘဲ၊ အဲဒီ အကြောင်းရင်းခံကို မသိဘဲ ရမ်းကုလိုက်တာပဲ မဟုတ်လား။ အကြောင်းနဲ့ အကျိုးဆိုတာက ဆက်စပ် နေတယ်ကွ၊ အကြောင်းတရားကိုမှ မသိရင် အကျိုး တရား ကိုတော့ ရရှိနိုင်ပါဦးမလားဟ၊ ဒေါင်းစိန်ရ"

ကိုဒေါင်းစိန်ကား ဆရာပု၏ စကားကို တစ်လုံးတစ်ပါဒမှ နားမလည်ဘဲနှင့် ရမ်းသန်းပြီး ခေါင်းလိုက် ညိတ်နေရသည်။ သူတို့ရွာ၌ ဘုန်းကြီးများကလည်း သူတို့ နားမလည်သော ဝေါဟာရများနှင့် ဘာသာတရားကို ဟောကြားသည်။ ဦးကုလားတို့လို အဘိဓမ္မာ ဆရာများကလည်း သူတို့ အသိ ခက်သော စကားလုံးများကို သုံးစွဲတတ်ကြသည်။ ခေတ်လူငယ်

ကလေးများကလည်း သူတို့ ဉာဏ် မမီသော စကားကြီးများဖြင့် ပြောတတ်သည်။ ဟော … ခု ဆေးဆရာကလည်း သူတို့ နားကလော နေသော စကားများဖြင့် ရှင်းပြနေပြန်သည်။ တတ်နိုင်ဘူးလေ၊ နားလည်သလိုလိုနဲ့ ခေါင်းလိုက်ညိတ် ပေးမှ ဆရာပု သဘောတော် ကျမှာကိုး။

"အဲ နောက်ပြီးတော့ တစ်မျိုးရှင်းပြဦးမယ်ဟေ့။" စိတ်ဖြာယူဆ၊ ဉာဏ်နှင့် ပြသား၊ မိုးလရောက်ခါ၊ ဝမ္မနာတွင်၊ ရက်ဒွါဒသ၊ ပထမကား၊ အာကာသဆောင်၊ ခိုက်ရောင်သည်းခြေ၊ တေဇော်လွန်ထ၊ တိဓာတ၏၊ မိဿကဖြစ်သော၊ ဝါယောပုပ်ဓာတ်၊ ပင့်ဆော်လတ်၍၊ စားသောက်မကျေ၊ ဓာတ်မြေမကျ၊ ပါစက တေဇော၊ မရောက်သောကြောင့်၊ ဝမ်းဖောကျလျှင်း၊ အော့အန်ခြင်းနှင့်၊ ရင်တွင်းပြည့်အင်၊ ပူငုပ်ခြင်းကြောင့်၊ ဝေါ်လင့် ရေသာ၊ သောက်များစွာတည့်"။ အဲဒီလင်္ကာကို အကျယ်ချဲ့ပြီး ရှင်းပြရမယ်ဆိုရင် ဂိမ္ဟန္တ၊ ဝဿန္တ၊ ဇေမန္တ ရယ်လို့ ဥတုသုံးပါးရှိတဲ့အနက် တစ်ဥတုကို အာဂန္တုကပဋ္ဌိသန္ဓေ (၃၄) ရက်၊ ဓာတ်ဆောင် အာယုဝမ္မန (၄၂) ရက်၊ ဓာတ်ကြေ အာယုဟာနယ (၄၂) ရက်ရယ်လို့ ရက်ပေါင်း (၁၁၈) ရက်ရှိတယ်။

အဲဒီရက်ပေါင်း (၁၁၈) ရက်တို့တွင် မိုးရာသီ ဓာတ် ဆောင် ဓာတ်ခိုက် အာယုဝမ္မန (၄၂)ရက် ရှိတဲ့အနက် အာဂန္တုက (၃၄) ရက်အလွန် ဝါခေါင်လပြည့် ကျော် ၄ ရက်နေ့ ညဉ့် ၂ ချက်တီးကျော် သန်းလွဲအချိန်ကစပြီး တော်သလင်း လဆန်း ၂ ရက်နေ့ ညဉ့်သန်းခေါင်အထိ ပထမ (၁၂) ရက်ပိုင်းမှာ အာကာသ ဓာတ်ဆောင်၍ သည်းခြေမှာ ခိုက်သည်။ တေဇောဓာတ် လွန်သည်။ အဲဒီ ဓာတ်သုံးပါးနဲ့ မိဿကဖြစ်တဲ့ ဝါယောဓာတ်၊ အာဟာရ အပုပ်ဓာတ်တို့ဟာ ပင့်ဆော်လှုတယ်။

လူတို့ သည်းခြေမမြဲ၊ ဆုတ်ခြေတက်ခြေ နေသည့်ကာလ သွေးသက်မှာ အနာရောက်တယ်။ မိုးဥတု ဖြစ်တဲ့အတွက် စားတဲ့အဟာရဟာ မကျေ၊ ပထဝီဓာတ်သို့ မရောက်၊ ပါစက တေဇောကိုသာ ရောက်ပြီး၊ ဝမ်းရောင် ဝမ်းဖော

ဝမ်းကျ ဝမ်းသွန်နဲ့ မကင်းဘူး။ အော့ခြင်း၊ အန်ခြင်း၊ ရင်ပြည့်ခြင်း၊ ရင်အင့်ခြင်း ဖြစ်တတ်တယ်။ ဝမ်းတွင်း အပူဇာတ် ဆောင်ပြီး ငုပ်သည့်အတွက် ရေငတ်တယ်၊ ရေသောက်များတယ်။ ဟုတ်ရဲ့ လားဟေ့၊ အဲဒီလက္ခဏာ တွေနဲ့ ကိုက်ညီရဲ့လား”

မယ်စိန်က ဝင်၍ ကိုက်ညီပါတယ်၊ အဲဒီလက္ခဏာတွေနဲ့ ကိုက်ညီရဲ့လား “သောက်ပြီး၊ သောက်ပြီး သမျှ ရေကိုလည်း ပြန်အန်ပစ်ကြောင်း ပြောလိုက်ရတွင်၊ ဆရာပုသည် ကျေနပ်သော မျက်နှာထား ဖြင့် အိတ်တွင်းမှ ပဝါဖြူကို ထုတ်၍ မျက်နှာကို သုတ်လိုက်ပြီးနောက် -

“ကဲ လူနာရဲ့ ရောဂါလက္ခဏာနဲ့ ဆရာပြောတဲ့ ကျမ်းဂန် အကိုးအကား တွေဟာ ကိုက်ညီ မနေပေဘူးလား။ မင်းတို့ရဲ့ ဆေးမြီးတို သမားတွေကတော့ အဲဒီ အကြောင်းရင်းခံတွေကို နားမလည်ဘဲ ရမ်းကုနေကြတာကွ။ နောက်ပြီး ရောဂါတစ်ခုကို သီတကြောင့်လား၊ ဥဏှကြောင့် လားလို့လည်း မခွဲခြားတတ်ဘူး။ ရောဂါ ဖြစ်ပွားတဲ့ရက်ဟာ အာဂန္တုက ရက်လား၊ ဓာတ်ဆောင် အာယုဝဓနရက်လား၊ ဓာတ်ကြေ အာဟာယန ရက်လားလို့လည်း ပိုင်းခြားခြင်း မရှိ၊ အသက်အရွယ် ကိုလည်း မသတ်မှတ်၊ အားလုံး တစ်မျိုးတည်း တစ်စား တည်းထား ကုနေတာပဲ၊ ဒါကြောင့်လည်း မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတာ ပေါ့ကွ။ အဲဒီလို မဖြစ်စေ ရအောင် သီတနှင့် ဥဏှကို ခွဲခြားပြီး ဆေးပေး တတ်ရမယ်။

လူနာကုရမယ့်ရက်ကိုလည်း ပညာဉာဏ်နဲ့ ဆင်ခြင်ကြည့်ရှုပြီး ပိုင်းခြားကုသ တတ်ရမယ်။ ဥပမာကွာ အာဂန္တုက ရက်ဆိုရင် ဥတု ပဋိသန္ဓေ ဖြစ်တဲ့အတွက် နူးညံ့သိမ်မွေ့ခြင်းကြောင့် ဆေးလွန်ဆေးမှားကို မခံနိုင်၊ အဲဒီရက်မှာ ဆေးကုဆင်ခြင်ရတယ်။ အာဟာရကလေးကို သာဆက်ပြီး ဖြည်းညင်း သာယာစွာ ကုရတယ်။ အဲဒီရက်မှာ ဆေးလွန်ပေမဲ့ လူတို့မှာ အသက် ၂၀ ရွယ်၊ ၃၀ ရွယ်တို့ကို ဓာတ်ရင့်မာတဲ့ အတွက် ခံနိုင်ရည်ရှိတယ်။ နောက်ဆုံး ဓာတ်ကြေ အာယုဟာယန ၄၂ ရက်မှာဆိုရင် ဆေးဝါးမလိုဘူး၊ ဆေးဝါး

အလွန်ဒဏ်ကို မခံနိုင်ဘူး။ လူတို့မှာ အသက် ၆၀ ရွယ်၊ ၇၀ ရွယ်ကဲ့သို့ ဓာတ်ယုတ်ညံ့တဲ့ အတွက် ဆေးသက် မမြင်ဘူး၊ အာဟာရကိုသာ မြင်တယ်။ ဒါကြောင့် အဲဒီ ရက်မှာလည်း ဆေးကုဆင်ခြင်ရတယ်။

ပြီးတော့ အသက်အရွယ်ကိုလည်း နုနယ်ရင် နုနယ်သလို၊ ရင့်မာရင် ရင့်မာသလို၊ ဇရာပိုင်း ရောက်လို့ အားအင် ဆုတ်ယုတ်နေတဲ့ အရွယ်ဆိုလည်း အားအင်ဆုတ်ယုတ်တဲ့ အလိုက်၊ ပိုင်းခြားပြီး ကုသရတယ်။ အခုတော့ ဒီလို မဟုတ်ပေါင်ကွာ၊ အားလုံး တစ်မျိုးတည်း တစ်စားတည်းထားကုတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့ကွ။ ဒါကြောင့် နရသုခိဆရာက "ပျိုအိုမရွေး၊ ဆေးပေးသမား၊ ပြုသည်သည်များမှာ၊ အလားအလ၊ ပညာသတိ၊ ဉာဏ်မရှိက၊ မသိနိုင်ရှာ၊ ဆေးအရာဌ၊ လိမ္မာမဲ့မူ၊ ဆေးကုသူသည်၊ ပြီးထူအပြစ် ပေါ်ယာယသောဝ" လို့ ဆိုခဲ့တာ။ အဲဒီလူတွေအတွက် ဆိုခဲ့တာပဲကွ ဒေါင်းစိန်ရ"

ဆရာပုသည် သူ့စကားကို ရပ်နားလိုက်ပြန်၍ ကွမ်းအစ်ကို ဆွဲကာ ကွမ်းတစ်ယာ ယာပြီး ဝါးနေပြန်၏။ စင်စစ် ဆရာပုသည် ဘယ်လောက် တတ်သိကြောင်း ပညာစွမ်းပြနေဟန် တူပါသည်။ သို့သော် ကိုဒေါင်းစိန် အလိုရှိသည်မှာ ဆရာပုသည် သူ၏ ပညာစွမ်းကို အပြောနှင့် ပြနေခြင်းထက် လက်တွေ့ပြခြင်းကိုသာ လိုလားပါသည်။ ယခုလို အပြောနှင့် အချိန်ဖြုန်းနေမည့် အစား သူ့ရင်သွေး ငယ်နှစ်ဦးအား ဆေးတစ်ခွက်လောက် တိုက်လိုက်၍ သက်သာသွားမည်ဆိုပါက သူသည် ဆရာပု၏ ပညာစွမ်းကို အံ့သြချီးကျူးရန် အသင့်ပင် ရှိပါသည်။ သို့သော် ဆရာပု စိတ်ဆိုးသွားမည်ကို ကြောက်ရသေး၍ ဆရာပု၏ စကားကို ဖြတ်ပြီးလည်း သူ မတိုက်တွန်းရဲ။ ဆရာပု စကားမဆုံး သေးခင်မှာတော့ အောင့်အည်းပြီးသာ နားထောင် လိုက်ပေဦးတော့ ကိုဒေါင်းစိန်ရေ့။

"အဟမ်း၊ ထို့" ဆရာပုသည် စကားစရန် ချွဲကိုရှင်းလိုက်ရင်း ပါးစပ်ထဲမှ ကွမ်းဖတ်များကိုပါ တစ်ပါတည်း ထွေးပစ်လိုက်ပြီးနောက်"

ဆေးမြီးတိုသမားတွေရဲ့ လေ့နံစားထစ်အမှားကို ဆက်ပြီး ပြောရဦးမယ်။ ဝမ်းလားခြင်းမှာ ဆိုရင် တစ်မျိုးတည်းမှတ်ပြီး သူတို့ဟာ ဆေးတစ်မျိုး ဓာတ်တစ်မျိုးတည်းနဲ့ ကုနေကြတယ်၊ အဲဒါဟာ မဟာအမှားတော်ပုံကြီးပေါ့ကွ။ ဝမ်းလားခြင်း ဆိုတာက ခြောက်မျိုးရှိတယ်၊ အဲဒီခြောက်မျိုးဟာ ဘာတွေလဲ ဆိုတော့” ဝမ်းလားခြင်းကား၊ ခြောက်သွယ်ပြား၏။ ခြောက်ပါးတို့တွင်၊ ကြောင်းအင်တကွ၊ သေမှယုတ္တာ၊ ဝမ်းလားမှာကား၊ ဖြူစွာဖွေးဖွေး၊ ကိုယ်ခပ်နွေးလျက်၊ ကိုက်၍သက်၏” တဲ့ကွ။ အဆင်းအရောင် ဖြူဖွေးနေပြီးတော့ ကိုယ်ကလေးကလည်း ခပ်နွေးနွေးနဲ့ ကိုက်ပြီး သက်တဲ့ဝမ်းကို သလိပ်နဲ့ ယှဉ်တဲ့ ဝမ်း (ဝါ) သလိပ်ဝမ်းလို့ ခေါ်တယ်။ နောက်ပြီး” လောဟိတယုတ္တာ၊ ဝမ်းလားမှာကား၊ နီစွာအဆင်း၊ ကိုက်ခဲ ပြင်း၏” တဲ့။ အကိုက်အခဲပြင်းပြီး အဆင်းနီရဲနေတဲ့ ဝမ်းကို သွေးဝမ်းလို့ခေါ်တယ်။

“ပိတ္တယုတ္တာ၊ ဝမ်းလားမှာကား၊ ကျရာစိမ်းမည်၊ ရင်အင့်သည်ကြောင့်” ဆိုတဲ့အတိုင်း ရင်ထဲက အိုးတိုးအင့်တင့်ဖြစ်ပြီး၊ သွားတဲ့ဝမ်းကလည်း စိမ်းနေရင် ဒါ သည်းခြေဝမ်းလို့ ခေါ်တယ်။ “ဝါတယုတ္တာ၊ ဝမ်းလားမှာကား၊ ဝါဝါသက်လျှော၊ ဝမ်းယောင်ဖော၏” ဆိုတာကတော့ ဝမ်းဖော ဝမ်းယောင်ဖြစ်ပြီး အဆင်းဝါဝါ လျှောသက်တဲ့ ဝမ်းကို လေဝမ်းလို့ ခေါ်ရမယ်တဲ့။” ပုတိယုတ္တာ၊ ဝမ်းလားမှာကား၊ နံစွာထန်ပြင်း၊ အဆင်းညိုညို၊ ကြိမ်ကြိမ်ယို၏” တဲ့။ ဟော အနံ့ကလည်းပြင်း၊ အဆင်းကလည်း ညိုညို၊ အကြိမ်ကြိမ် အခါခါလည်း ယိုရင် ပုပ်ဝမ်းလို့ခေါ်ရမယ်။

နောက်ဆုံး အဆိုးဆုံး ဝမ်းကတော့ “ဓာတ်ဆုံးဝမ်းမှာ၊ ပမာစေးရွှံ့၊ ပွတ်နှမ်းအတူ၊ ဝမ်းဆင်းသူကို၊ ရှင်လူစာရင်း၊ ချမယွင်းသည်၊ ရှင်းရှင်ပစ်ပစ် ပယ်ပယ်သောဝ” ဆိုတဲ့ ဓာတ်ဆုံးဝမ်းဘဲ။ ရွှံ့စေးများလို၊ ဆီပွတ်ထား ပြီးတဲ့ ပွတ်နှမ်းများလို စေးထန်းချွဲကျိနေတဲ့ ဝမ်းပေါ့ကွာ၊ အဲဒီ ဓာတ်ဆုံးဝမ်းဆိုရင် ရှင်လူစာရင်းထဲ မသွင်းဘဲ တစ်ခါတည်း ပစ်ပယ်လိုက်ပေတော့တဲ့။ အဲ အခု ဆရာပြောခဲ့သို့ သလိပ်ဝမ်းတဲ့၊ သွေးဝမ်းတဲ့၊ သည်းခြေဝမ်းတဲ့၊ လေဝမ်းတဲ့၊

ပုပ်ဝမ်းတဲ့၊ ဓာတ်ဆုံးဝမ်းတဲ့။ အဲဒီလို ဝမ်းလားခြင်း အမျိုးမျိုးကို သူ့နေရာ နဲ့ သူ၊ သူ့ဝမ်းရောဂါနဲ့ သူ့ဆေးလျော်အောင်ပေးလို့ ဉာဏသမ္ပယုတ်နဲ့ ယှဉ်ပြီး ကြည့်ရှုကုသခြင်း မပြုဘဲ လေ့နံ့ဓားထစ် ကုလိုက်တော့ အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ရော မဟုတ်လားဟဲ့၊ ဒေါ်ငါးစိန်ရဲ့"

အလိုလေး၊ မဆုံးနိုင်သေးပါကလား။ အရပ်ဆရာ ကိုတုတ်ပေါ်ရဲ့ အမှားတွေကိုသာ ထပ်တလဲလဲ ပြောဆို ညွှန်ပြရန် မဟုတ်ပါ။ ကိုတုတ်ပေါ်ရဲ့ အမှားကြောင့် ခံစားနေရတဲ့ လူမမာရဲ့ ဝေဒနာကို မှန်ကန်သော ဆေးချက်ဖြင့် သက်သာ ပျောက်ကင်းသွားစေရန်အတွက် ဖြစ်သည်ကို ဆရာပု မရိပ်မိ လေရော့ သလား။ နောက်ဆုံးတွင် မယ်စိန်သည် အောင့်အည်းမျိုသိပ် မထားနိုင်တော့သလို ဆရာပု၏ စကားစ အပြတ်တွင် ဝင်ပြောလိုက်၏။

"ဟုတ်ကဲ့၊ ကျွန်မတို့ အသုံးမကျလို့ ဆရာ့ကို အရင်မပင့်မိဘဲ အရပ်ဆရာ ကိုတုတ်ပေါ်ကို ခေါ်ကုမိတဲ့အတွက် ဒီလိုဖြစ်ရတာ မှန်ပါတယ်၊ အဲဒါ အခုဆရာ့ကိုပဲ ပြန်အပ်ပါရစေ၊ ဆရာ့ကိုသာ လုံးလုံး အားကိုးပါရစေ၊ ဆရာ တတ်နိုင် သလောက် ကြိုးစားကုသပေးပါနော်"

ဆရာပုသည် မယ်စိန်၏ တောင်းပန်ချက်ကို လက်ခံစဉ်းစားနေဟန်ဖြင့် အတန်ကြာ ငြိမ်သက်နေပြီး နောက်မှ "ခလုတ်ထိမှ အမိတကြတာကိုး" ဟု ဆိုလိုသော မျက်နှာထားမျိုးဖြင့် မယ်စိန်အား လှမ်း ကြည့်လိုက်ကာ -

"အေး နင်တို့ ဖြစ်ဖြစ်ချင်း ငါ့ကိုတော့ ခေါ်ဖို့ သတိမရကြဘူး မဟုတ်လား၊ သူတစ်ပါး ကုပြီးလို့ ဆေးလွန်း ဝါးလွန်ဖြစ်ပြီး ရောဂါဖောက်ပြန်လာမှ ငါ့ဆီရောက်လာကြရော၊ ငါ့ကိုသာ အပူကပ်ကြရော၊ ဒါပေမဲ့ "သူများ ကုရင်း၊ လက်စကြွင်းကို၊ ချက်ချင်းမကောက်၊ သုံးရက်မြောက်အောင်၊ ထောက်ထားသမှု၊ ဆေးမကုဘဲ၊ ရှုဆင်ခြင်တုံ၊ နေ့ပိုင်းကြုံလည်း၊ လွန်ရုံရက်ကြာ၊ ဆိုင်းလေ မှာသည်၊ ဆရာဘုန်းပေ့ ဉာဏ်ကြွယ်သောဝ်" လို့ နရသုခိဆရာက သတိပေးထားတဲ့

အတိုင်း သုံးရက်လောက်တော့ ဆေးမကုသေးဘဲ လူနာရဲ့အကဲကို စောင့်ကြည့်ဦးမယ်လေ။

ဒီလိုမှ မဟုတ်ဘဲ အခု ကောက်ကုလိုက်လို့ ငါ့လက်ထဲမှာ ပိုးစိုးပက်စက်ဖြစ်သွားရင် ဟိုဆရာရဲ့ အမှားဟာ ငါ့ အပေါ် လာပတ်နေမှာဟ၊ ငါက နာမည်တစ်လုံးနဲ့ နေတဲ့ ဆရာမို့ ကြားထဲက နာမည်အပျက် မခံနိုင်ဘူး"

မယ်စိန်က လူနာကလေးနှစ်ဦး၏ ရောဂါ အခြေအနေမှာ သေရေးရှင်ရေးတမျှ အရေးကြီးနေသည် ဖြစ်၍ ဆိုင်းငံ့ မထားဘဲ ယခုချက်ချင်း ကုသပါရန် တောင်းပန်သော်လည်း၊ ဆရာပုက ကျမ်းဂန်အဆို အတိုင်း သုံးရက်ဆိုင်း၍ အခြေအနေကို အကဲခတ် ကြည့်ရှုပြီးမှ ကုနိုင်မည်ဖြစ်ကြောင်း ခေါင်းမာစွာ ပြောကြားနေ၏။ နောက်ဆုံး ဆရာပုသည် ရွာထဲရှိ အသိအိမ်တစ်အိမ်၌ သွားအိပ်ရန် ဆေးလွယ်အိတ်ကို ဆွဲ၍ ဆင်းသွား တော့ရာ၊ ကိုဒေါင်းစိန်နှင့် မယ်စိန်တို့မှာ အားကိုးရာမဲ့ဖြစ်ပြီး ဝမ်းနည်းအားငယ်စွာ ကျန်ရစ်ခဲ့ကြ၏။

"ငါ သွားခေါ်ထဲက ဆရာပုက လိုက်ချင်ပုံ မရှိဘူး၊ ဆရာ လာခေါ်တဲ့ ငါ့နေ့ကို မေးပြီး တွက်ချက် ကြည့်တယ်၊ ပြီးတော့ မလိုက်ချင်ဘူးလို့ ငြင်းတော့တာပဲ။ ငါက အတင်း တောင်းပန်တိုးလျှိုးပြီး ခေါ်လာလို့သာ အားနာပါးနာ နဲ့ လိုက်လာတာ"

ကိုလူမောင်က စိတ်မကောင်းသော အသံဖြင့် ပြောပြနေ၏။ ကိုဒေါင်းစိန်နှင့် မမယ်စိန်တို့ကတော့ မျှော်လင့်ချက် ကင်းမဲ့နေသော မျက်နှာဖြင့် မလှုပ်မယှက် ငြိမ်သက်လျက်။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

(၂)

နောက်တစ်နေ့ နံနက်တွင် ကိုဒေါင်းစိန်တို့ အိမ်ဦးခန်းတွင် ဗေဒင်ဆရာ ဆရာလှိုင် ရောက်နေပြန်ပါသည်။ ကိုဒေါင်းစိန်တို့ အားကိုးအားထားပြုခဲ့သော ဆရာပုမှာ ကိုဒေါင်းစိန်တို့အား အကြောင်းပြန်ခြင်း မရှိဘဲ နံနက်အစောကြီး ထ၍ ပြန်သွားသည်ဖြစ်ရာ အားကိုးရာမဲ့နေသော ကိုဒေါင်းစိန်တို့ မောင်နှံမှာ မကြံသာ တော့သည့်အဆုံး လူမမာ ကလေးနှစ်ဦး၏ ဇာတာကို စစ်ဆေး၍ ယတြာချေပြီး ဘုရားကု ကုရန် ဗေဒင်ဆရာအား ပင့်ခေါ်ရပြန်ခြင်းဖြစ်သည်။

ဗေဒင်ဆရာဟု သူတို့ ခေါ်နေကြသော်လည်း အမှန်မှာ သူနာအား ဗေဒင် အတတ်ဖြင့် တွက်စစ်ကြည့် ရှု၍ ဟောကိန်း အရ သူနာ၏ ကိုယ်ရပ် သဏ္ဌာန်ကို ဝါးလုံးဖြင့် တိုင်းထွာဖြတ်ပိုင်းလျက် ညောင်ထောက်စေခြင်း၊ ငါးသက်စေ့ လွှတ်စေခြင်း၊ ဆီမီးသက်စေ့ ပူဇော် စေခြင်း စသော ယတြာတို့ဖြင့် ပြုလုပ်စေ၍ ကုမရသော သူဖြစ်သည့် အတွက် ဟူးရားဆရာဟု ခေါ်ရမည်ထင်ပါသည်။

ဆရာလှိုင်ကား အသက် ၄၀ ကျော်ခန့်ရှိပြီဖြစ်၍ သျှောင်ထုံးနှင့်ဖြစ်၏။ သူ၏ ဆံပင်များမှာ အချို့ကား ဖြူရောင်ရောင် နီကြင့်ကြင့်၊ အချို့ကား မည်းနက်နေရာ ကွက်တိကွက်ကျား ဖြစ်နေသဖြင့် အကြည့်ရ ဆိုးနေသည်။ သူ့အား ပင့်ခေါ်သည့်အခါ၌ သူသည် အမြဲပင် ထားဝယ်လုံးကွင်းနှင့် နက်ပြာရောင် သက္ကလတ် တိုက်ပုံ အင်္ကျီမှာ အမျိုးကောင်းများ ဖြစ်သော်လည်း နှစ်ပရိစ္ဆေဒကြာမြင့်လှပြီ ဖြစ်သဖြင့် အသွေးအရောင်များ လွင့်ပျောက်ကာ

အတော်ပင် ဟောင်းနွမ်းနေလေပြီ။ သက္ကလတ် တိုက်ပုံအကျီမှာ အကျီလက် နှစ်ဖက် တံတောင်ဆစ် နေရာ၌ ပေါက်ပြဲနေလေပြီ။ သူသည် ဗေဒင်တွက်ချက် ကြည့်ရှုရသည့် အခါ၌ မျက်မှန်ကို အသုံးပြုနေရပြီ ဖြစ်၏။

သူ့မျက်မှန်ကိုင်းများ မဟုတ်တော့ဘဲ သတ္တုကြိုးဖြင့် ဖြစ်ကတတ်ဆန်း အစားထိုး ပြုလုပ် ထားသော မျက်မှန်ကိုင်း သာဖြစ်သည်။

သူ၏ အင်္ဂါရုပ်တွင် အထူးခြားဆုံးကား မျက်ခုံးနှစ်ဖက်အကြားရှိ နဖူးမြင့်နေခြင်းပင် ဖြစ်သည်။ ဤကား အမှတ်သညာ ရှိ၍ သူတစ်ပါး မမြင်သော အရာကလေးများကို မြင်တတ် မှတ်တမ်းကြောင်း ဖော်ပြသော ရုပ်လက္ခဏာ ပင်ဖြစ်သည်။ သို့သော် အဆမတန် ချွန်လျက်ရှိသော သူ့နှာခေါင်းက ကိုယ့်ကိုယ်ကို အထင်ကြီး၍ သူတစ်ပါးအား ရှုတ်ချတတ်သော စိတ်သဘော ကျဉ်းမြောင်းသူ တစ်ယောက်အဖြစ် ထင်းထင်းကြီး ဖော်ပြနေပြန်သည်။

သူကား ဗေဒင်အတတ်ဖြင့် သူနာများကို ကုသသော ဟူးရားဆရာ အဖြစ်သာမက ဥစ္စာပျောက်ကိုလည်း ဟော၏။ အထူးသဖြင့် မိန်းမပရိသတ်က သူ့ဥစ္စာပျောက် အဟောမှာ မှန်ကန်လှသည်ဆို၍ ပစ္စည်း တစ်စုံတစ်ရာ ပျောက်ဆုံးသွားတိုင်း ဆေးလိပ်၊ လက်ဖက်ခြောက်၊ ကွမ်း စသော ပစ္စည်းကလေး များကို သူ့ထံသို့ ယူဆောင်လာကာ ဥစ္စာပျောက်မေးလေ့ရှိသည်။

ယခု သူသည် ကိုဒေါင်းစိန်တို့ အိမ်ဦးခန်း၌ ထိုင်၍ လူနာကလေးနှစ်ဦး၏ မွေးဖွားသက္ကရာဇ် ခုနှစ်များနှင့် မွေးနေ့ကိုမေးပြီး ကျောက်သင်ပုန်း တစ်ချပ်နှင့် တွက်စစ်နေ၏။ ကိုဒေါင်းစိန်နှင့် မယ်စိန်က သူ့နား၌ ကျုံ့ကျုံ့ယုံ့ယုံ့ ကလေးထိုင်ကာ ဗေဒင်က အဟောထွက်မည့် အဖြေကို စိတ် အားထက်သန်စွာ စောင့်မျှော် နေကြ၏။ ဆရာလှိုင်မှာ ဘယ်တိုင်ထူ၍ ဘယ်ကိန်းဆင်ကာ တွက်ချက် နေသည်မသိ။ အတန်ကြာအောင် ဟိုခြစ် သည်ခြစ်နှင့် တွက်နေပြီး နောက်မှ ကိုဒေါင်းစိန်တို့ မောင်နှံအား မော်ကြည့်လိုက်ကာ - "ကလေး

နှစ်ယောက်က ဇာတာ အတော်ညှံ့နေတယ်ကွ၊ နောက်ပြီး မိရိုးဖလာ နတ်ကလည်း အနှောင့်အယှက် ပေးနေတယ် လို့ အဆိုရှိတယ်၊ မင်းတို့ မိရိုးဖလာ နတ်ကို ပသ ပြီးကြပြီလား”

ကိုဒေါင်းစိန်နှင့် မယ်စိန်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်မိကြ၏။ သူတို့ နှစ်ဦး၏ ရင်ထဲမှာတော့ တဒိတ်ဒိတ် ခုန်နေကြ၏။ မယ်စိန်ဘက်က မိရိုးဖလာနတ်မှာ ပဲခူးနတ် (ဝါ) နံကရိုင်း မယ်တော်ကြီးခေါ် ကျွဲနက်ဖြစ်၍ အိမ်ထောင်ကျသည်နှင့် တစ်ပြိုင်နက် နတ်ကနား ဆောက်လုပ်ကာ နတ်ပွဲ ကျင်းပပြီး နတ်ကို အပ်နှံသော အခမ်းအနားပြုလုပ်ရသည်။ မိဘပေးစားရုံဖြင့် လင်မယားအရာ မမြောက်ဘဲ နတ်ပေးစားမှ လင်မယားအရာ မြောက်သည်ဟု အယူရှိကြသည်။

ဤသို့ နတ်ပွဲကျင်းပပြီး နတ်ကို အပ်နှံသော အခမ်းအနားမပြုလုပ်ဘဲ နေမိလျှင် နှောင် ကလေးရရှိသည့်အခါ ကလေးများကို နတ်ဖမ်းစား တတ်သည်ဟု အယူသီးထားကြသည်။ ကိုဒေါင်းစိန်တို့ မောင်နှံမှာ အိမ်ထောင် ကျပြီး၍ မရှိခဲ့သေးသဖြင့် နတ်ပွဲကျင်းပပြီး နတ်ကို အပ်နှံသော အခမ်းအနား မပြုလုပ်ရသေး။ အခမ်းအနား ပြုလုပ်ရာ တွင် နတ်ကနား ဆောက်လုပ်ကာ “၃၇” မင်းချီ၍ က ရသည်ဖြစ်ရာ ငွေကြေး အကုန်အကျ များလှသည်။ တစ်ဦးချင်း မတတ်နိုင်၍ စုပေါင်းပြီး ကရသည်။ လက်ထဲမှာ ငွေအသင့်အတင်ရှိထားပေမဲ့ အဖော် မရရှိသေးက မကနိုင်ဘဲ ဆိုင်းထားရပြန်သည်။ ရှေးတုန်းကမူ ကျွဲအရှင်ကို လည်ပင်းဖြတ်၍ ယဇ်နတ် ပူဇော်ပြီး က ကြရသည်။

ယခုတော့ ငွေကြေး ရှားပါးသည့်အခါဖြစ်၍ ကျွဲအစား ငါးရံ့ကို ကျွဲအမှတ်ဖြင့် လည်ပင်း ဖြတ်ကာ ယဇ်နတ် ပူဇော်ပြီး က ကြရသည်။

ပေါ ယခု ဆရာလှိုင်က သူတို့ ရင်သွေးကလေး နှစ်ဦးကို မိရိုးဖလာ နတ်ဖမ်းစားသည်ဟု ပြောနေသည်။ ဟုတ်ပေလိမ့်မည်၊ ပဲခူးနတ်မှာ အလွန်

ဆိုးသည်ဟု နာမည်ကြီးနေသည် မဟုတ်လား။ သူ့ကို အပ်နှံခြင်း မပြုဘဲ မေ့လျော့နေပါက အခါသင့်၍ အခွင့်သာသည့်အခါ၌ သည်လိုပဲ ဖမ်းစားတတ်သည်ဟု ကျော်ကြားနေခြင်းမဟုတ်လား။ သူတို့နှစ်ဦးသည် အတန်ကြာအောင်ပင် ငိုင်နေမိကြ ပြီးနောက်မှ မိရိုး ဖလာနတ်ကို အပ်နှံသော အခမ်းအနား မပြုလုပ်ရသေးကြောင်း ပြန်ကြားလိုက်၏။

"အေး အဲဒါကြောင့် နင်တို့ ကလေးနှစ်ဦးကို နင်တို့ မိရိုးဖလာနတ်က ဖမ်းစားထားတာဟ၊ အဲဒါ မြန်မြန်ကြီး နတ်က လိုက်ကြ။ နောက်ပြီး ကလေးနှစ်ဦးရဲ့ ဇာတာကလည်း ညှံ့နေတယ်၊ အဲဒီ အတွက် ယတြာဆင်ရမှာ ကတော့ အုန်းလက်ကို လူနာ၏ ကိုယ်ရပ်သဏ္ဍာန်နဲ့ တိုင်းထွာ ဖြတ်ပိုင်းပြီး ထိပ်ဖျားမှာ လူနာရဲ့ ဆံပင်၊ အလယ်မှာ လူနာရဲ့ လက်သည်း၊ ခြေရင်းတွင် လူနာရဲ့ ခြေသည်း များကို အဝတ်ထုပ်ကလေး တစ်ထုပ်စီနဲ့ ချည်ထားရမယ်၊ လူနာဝတ်တဲ့ အဝတ်ဟောင်း တစ်ထည်နဲ့လည်း အုန်းလက်ကို ပတ်ချည်ထား ရမယ်။

ဆန်ကို အဝတ်နဲ့ သုံးထုပ် ထုပ်ပြီး အုန်းလက်ထိပ်ဖျားမှာ တစ်ထုပ်၊ အလယ်မှာ တစ်ထုပ်၊ ခြေရင်းမှာ တစ်ထုပ် ပူးတွဲချည်နှောင်ပြီး လူမမာနဲ့ တစ်ည သိပ်ရမယ်။ နံနက်မိုးသောက် အလင်းသို့ ရောက်တဲ့အခါမှာ အုန်းလက်ထိပ်ဖျားက ဆန်ထုပ်ကို ဆွမ်းချက်ပြီး ဘုရားဆွမ်းတောင်တင်၊ အလယ်က ဆန်ထုပ်ကိုလည်း ဆွမ်းချက်ပြီး သံဃာတော်များကို ဆွမ်းလောင်း၊ ခြေရင်းက ဆန်ထုပ်ကိုတော့ ကျီး၊ ငှက်၊ ကြက်များအား လူမမာ၏ ဒါနဟု ဆိုကာ စွန့်ကြဲကျွေးမွေးပြီး သကာလ အုန်းလက်ကို ရေဆိပ်သို့ ဆောင်ယူ၊ "လူမမာ၏ ဒဏ်နှင့် ခံပေတော့" ဆိုပြီး အုန်းလက်ကို ရေမှာမျှော၊ ပြန်တက်လာလို့ အိမ်ပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် လူမမာ ကလေးနှစ်ဦးကို ရည်စူးပြီး "မောင်သက်ရှည် ... မောင်သက်ရှည် ... မောင်သက်ရှည်" လို့ သုံးကြိမ် ခေါ်၊ ငါ ပြောတာတွေကို မှတ်မိကြရဲ့လားဟေ့"

ကိုဒေါင်းစိန်တို့က မှတ်မိပါသည်ဟု ပြောကြားလိုက်ရာ ဆရာလှိုင်သည် သူ့တာဝန် ပြီးဆုံးပြီ ဟူသော သဘောဖြင့် မျက်မှန်ကိုချွတ်၍ လုံချည်နှင့် ပွတ်တိုက်ပြီး အင်္ကျီအိတ် အတွင်းသို့ တရိုတသေ ထည့်သွင်းထားလိုက်၏။ နောက်မျက်လုံးအိမ် နှစ်ဖက်ကို လက်ဖနောင့်နှင့် တစ်လှည့်စီ ပွတ်တိုက်ရင်း

"အေး ငါပြောတဲ့အတိုင်း လုပ်ကြပေါ့ကွာ။ သူနာကို ကုတဲ့အခါမှာ ဓာတ်တဲ့၊ နက္ခတ်တဲ့၊ ဗိန္ဓောတဲ့၊ ဟူးရားတဲ့၊ ကုနည်းလေးမျိုး ရှိတယ်။ ဓာတ်နက္ခတ် ဗိန္ဓောတို့ဖြင့် ကုသခြင်းကို သမားကုလို့ ခေါ်တယ်။ အဲဒီသမားကုနဲ့ ကုလို့မရတဲ့ ရောဂါများကို နောက်ဆုံးသော ကုသခြင်းအဖြစ် ဟူးရား အတတ်နဲ့ ကုသခြင်းကိုတော့ ဘုရားကုလို့ ခေါ်တယ်။ ဘာပြုလို့လဲဆိုတော့ ကုသိုလ်ကံ အကျိုးဆက် ပြတ်သည်ဟူသော အမှတ်ဖြင့် ကုသိုလ်အသစ် ထပ်ဖြည့် ဆက်လက်ပေးခြင်းမျှ ဖြစ်တဲ့ အတွက် ဖြစ်တယ်။

ခုကာလ လူငယ်တွေကတော့ ဗေဒင်ဆိုတာ မယုံထိုက်ဘူး။ ဗေဒသဒ္ဒါ အပြား ဟောတာပဲ၊ ဘာညာနဲ့ ရမ်းသမ်းပြီး ပြောနေကြတယ်။ အပြားဟောတဲ့ ဘေဒက ဗထရှိုက်နဲ့ ဗေဒ မဟုတ်ဘူးကွ၊ ဘကုန်းနဲ့ ဘေဒမှာ အပြားဟောတာ။ အဲဒီ ဗေဒင်ဆိုတဲ့ စကားဟာ ဝေဒဆိုတဲ့ ပါဠိ ဘာသာက လာတာကွ၊ ဝေဒကို ဝေဒင်ပြုပြီး ဝေဒင်ကိုပဲ ဗေဒင်လို့ ခေါ်တယ်။ ဝေဒသဒ္ဒါက သိခြင်းကို ဟောတယ်၊ ရှေ့ဖြစ်နောက်ဖြစ် အကုန် သိနိုင်တာပေါ့"

စကားအဆုံးတွင် ဆရာလှိုင်သည် တလောကလုံး သူ မသိတာ ဘာမှ မရှိ။ အားလုံးကို အကြွင်းမဲ့ သိမြင်သည်ဟု ဖော်ပြသော မျက်နှာနေ မျက်နှာထားဖြင့် ကိုဒေါင်းစိန်နှင့် မယ်စိန်တို့အား တစ်လှည့်စီ ကြည့်ရှုနေ၏။ နောက် ဆက်လက်၍လည်း လူငယ်ကလေးများသည် ခေတ်ပေါ် ဝတ္ထုစာအုပ်များ ဖတ်ပြီး ပျက်စီးခြင်းမလှ ပျက်စီးနေကြောင်း၊ ဖေတော့ မောင်တော့ ဝတ္ထုကလေးများ ဖတ်ပြီး ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဟု အထင်ကြီးကာ ဗေဒင်

မယုံဘူးလလေ။ နတ် မယုံဘူးလေနှင့် အယူသီးနေကြောင်း စသဖြင့် ရှည်လျားစွာ ပြောဆိုနေ၏။

နောက်ဆုံး ဆရာလှိုင် ဆက်မပြောနိုင်ဘဲ မောသွား၍ စကားရပ်နားလိုက်သည့် အခါတွင်မှ ကိုဒေါင်းစိန်တို့သည် ဆေးပြင်းလိပ် တစ်ထုပ်ကို ဆရာလှိုင်အား ကန်တော့လိုက်ကြ၏။ ဆရာလှိုင်လည်း ဆေးပြင်းလိပ်ထုပ်ကို လက်ခံပြီး နောက် ဆုမွန်ကောင်းများ ပေးကာ ပြန်သွားတော့၏။

ကိုဒေါင်းစိန် ဆရာလှိုင်အား ကန်တော့လိုက်ကြ၏။ ဆရာလှိုင်လည်း ဆေးပြင်းလိပ်ထုပ်ကို လက်ခံပြီးနောက် ဆုမွန်ကောင်းများ ပေးကာ ပြန်သွားတော့၏။

ကိုဒေါင်းစိန်သည် ဆရာလှိုင် ပြောကြားသွားသော ယတြာဆင်နည်း အတိုင်း အားလုံး ပြုလုပ်ပါ၏။ သို့သော် နောက်တစ်နေ့ မိုးလင်း၍ အုန်းလက်မှ ဆန်ထုပ်ကလေးများကို ဆွမ်းချက်ပြီး ဆွမ်းတော်တင်၊ သံဃာတော်များ ဆွမ်းလောင်း၊ ကြက်ငှက်များကို စွန့်ကြဲ ကျွေးမွေးပြီး၍ အုန်းလက်ကို ရေမှာ မျှောပြီးသည့်တိုင်အောင် လူမမာ ကလေးနှစ်ဦးမှာ နောက်ဆုံးနေ့ဖြစ်ကြောင်း ခန့်မှန်းနိုင်လေပြီ။

ကိုဒေါင်းစိန်သည် စိတ်မချမ်းမြေ့စွာဖြင့် ကလေးငယ်နှစ်ဦးအား ငေးစိုက်၍ ကြည့်နေ၏၊ ကလေး နှစ်ယောက်အနက် ၈နှစ်အရွယ် ကလေးအကြီးမှာ အမောဖောက်၍ မျက်ဖြူဆိုက်နေလေပြီ။ ၆နှစ် အရွယ် ကလေးငယ် ကတော့ အကြီးနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ဖြစ်လိမ့်မည် ဆိုတာတော့ သေချာ နေပါ၏။ တစ်ကိုယ်လုံး လှုပ်ရှားကခြင်း မပြုနိုင်ဘဲ မျက်လုံးကလေး ကလယ်ကလယ်ဖြင့်သာ ဘေး လူများကို လိုက်ကြည့်နေ၏။ ကိုဒေါင်းစိန်၏ ရင်ထဲ၌ကား ဆို့သွားတော့၏။ အဖြစ်ဆိုးလေခြင်း သားတို့ရယ်၊ ဆရာကောင်း သမားကောင်းမှ ခေါ်မကုနိုင်ပါကလား။

သူ့မျက်လုံးများ၌ မျက်ရည်များ ဝိုင်းလာရာ သူ့မျက်စိအောက်မှ ကလေးများမှာ မှုန်ဝါးဝါး ဖြစ်သွား၏။ သူသည် မျက်လုံးကို မှိတ်ပစ်လိုက်၍ ဝိုင်းနေသော မျက်ရည်များကို ထုတ်ပစ်လိုက်ကာ မယ်စိန်ကို လှမ်းကြည့်လိုက်၏။ မယ်စိန်ကတော့ ကလေး၏ ဘေးတွင် ထိုင်ကာ တရှုပ်ရှုပ်ဖြင့် ငိုကြွေးနေလေပြီ။ ငိုခြင်းမှ တစ်ပါး အားကိုးဖွယ် မရှိ။

သတင်းမေး ရောက်လာကြသော အိမ်နီးနားချင်းများကား ကိုဒေါင်းစိန်၏ အိမ်ထဲ၌ ပြည့်လျှံနေ၏။ သူတို့ နားလည် သဘောပေါက်သော ဆေးမြီးတို ကလေးများကို တစ်ယောက်တစ်ပေါက်ဖြင့် ပြောပြ၏။ သို့သော် ရောဂါကျွမ်း နေပြီဖြစ်၍ သေမင်းကိုသာ ငံ့မျှော်နေကြောင်း သိရသည့်အခါ၌ အားလုံးပင် တိတ်ဆိတ် နေကြ၏။

အားလုံး တိတ်ဆိတ်လျက် ရှိကြစဉ်မှာပင် သတင်းမေး ပရိသတ်ထဲမှ အသက် ၄၀ ကျော်ခန့်ရှိ ဒေါ်ကလီစာသည် တဝါးဝါး သမ်းလိုက်ပြီးနောက် ကိုယ်ကို ယိမ်းထိုးကာ ထ၍ ခုန်ပေါက်တော့၏။ သူမကား နတ်ပွဲတိုင်း၌ ပါလေ့ရှိသော နတ်ဝင်သည် အဒေါ်ကြီးတစ်ဦးဖြစ်၍ အားလုံးကပင် နတ်ဝင် နေကြောင်း ခန့်မှန်းချင့်တွက် မိကာ "အရှင်ကြီး ဘယ်သူ ဖြစ်ပါသလဲ၊ ဘာ အလိုရှိပါသလဲ" ဟု ဝိုင်း မေးကြ၏။

"ငါ နံ့ကရိုင်းမယ်တော်ဟဲ့၊ နင်တို့ ငါ့အကြောင်း သိပြီလား၊ ကလေး လေးယောက် ရတဲ့အထိ နင်တို့ ငါ့ကို သတိမေ့နေတယ် မဟုတ်လား၊ ခုတော့ ဘယ့်နှယ်ရှိစ၊ နင်တို့ ဘာတတ်နိုင်သေးသလဲ"

နံ့ကရိုင်းမယ်တော် ဝင်နေသည်ဟု အဆိုရှိသော ဒေါ်ကလီစာက ကိုဒေါင်းစိန်တို့ မောင်နှံအား ဖိကြမ်းတော့၏။ အားလုံးက ဝိုင်း၍ သတိမေ့နေလို့ မဟုတ်ပါ။

ဆင်းရဲသည့်အတွက် နတ်ပွဲကျင်းပ ပြီး ပူဇော်ပသခြင်း မပြုနိုင်ကြောင်း၊ မကြာမီ နတ်ပွဲကျင်းပ၍ နတ်ကပါမည်ဟု ဝိုင်းဝန်းတောင်းပန် ကြ၏။ "အေး၊ သိပ်မကြာစေနဲ့နော်၊ ရိုးရာအတိုင်းမှ မလုပ်ရင် ကျန်တဲ့ကလေးနှစ်ဦးရော၊ နင်တို့ လင်မယားနှစ်ယောက်ပါ အကုန်လုံး ဖမ်းစား သတ်ဖြတ်ပစ်လိုက်မယ်" ဟု ဆက်ကြိမ်းနေရာ မယ်စိန်က ဝင်၍ "စိတ်ချပါ မယ်တော်ကြီး၊ နတ်ကဖြစ်အောင် က ပါ့မယ်"ဟု ကတိ ပေးလိုက် မှ တဝါးဝါးသမ်း၍ ထွက်သွားတော့၏။

ကိုဒေါင်းစိန်ကား ငြိမ်သက်စွာပင် စဉ်းစားနေ၏။ ယခုအတိုင်းဆိုရင်တော့ ဆရာလှိုင် ပြောသွားတာ တစ်သဝေမတိမ်းတမ်း မှန်နေပေပြီ။ ဆရာလှိုင်က မိရိုးဖလာနတ်က အနှောင့်အယှက် ပေးနေသည်ဟု ပြောသွား၏။ ပြော ယခုပဲ ဒေါ်ကလီစာကို နံကရိုင်းမယ်တော် ဝင်ပူးကာ သူ ဖမ်းစားထား ခြင်းဖြစ်ကြောင်း အတိ အလင်း ကြေညာသွားပြီ မဟုတ်လား။ "ဩော် ... ဆိုးလှတဲ့ ကံရယ်၊ နတ်က လည်း အကြောင်းမဲ့ မုန်းတီးပြီး ရန်ရှာတယ်၊ အင်စပက်တော်ကလည်း အလကားနေရင်း ရန်ညှိုး ထားတယ်။ အပြစ်ကင်းမဲ့တဲ့ ငါတို့ တစ်တွေကိုကွယ် ... မုန်းရက်လေအားတယ်"

ကိုဒေါင်းစိန်သည် အော်ဟစ်၍သာ ငိုချင်း ချလိုက်ချင်တော့၏။ သို့သော် ဘေးပရိသတ်ကို ရှက်နေ၍ သူသည် အောင့်အည်း ချုပ်တည်းထားရှာ၏။ မယ်စိန်ကတော့ တရှုပ်ရှုပ်ဖြင့် ငိုကြွေးနေ၏။ မယ်စိန် ငိုတာကို မြင်လိုက်ရတော့ သူလည်း ငိုချင်လာပါ၏။ သူသည် လူကွယ်ရာ ရေဆိပ်သို့ သွားကာ ချုံးပွဲချ၍ ငိုတော့၏။ အားရအောင် ငိုပြီးသောအခါ ဣန္ဒြေပြန်ဆည်၍ အိမ်ပေါ်သို့ ပြန်တက်လာရာ သူ့သားအကြီး ဆုံးနေရှာပြီကို တွေ့မြင် ရပြန်၏။ မယ်စိန်က မသေဘဲ ကျန်ရှိနေသေးသော သားငယ် လန့်သွားမည်စိုး၍ အော်ကျယ် ဟစ်ကျယ် မငိုဝံ့ရှာဘဲ ကျိတ်၍ ရှိုက်နေ၏။ ဒီလုံးကား အိမ်ရှေ့သို့ ထွက်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေ၏။ ကိုဒေါင်းစိန်ကတော့ ဘာလုပ်ရပါမလဲ။

သူသည် မယ်စိန်တို့နှင့်အတူ ရော၍ ငိုလိုက်ရတော့ မလိုလို၊ သေဆုံးနေသော သူ့အနားသို့ သွားထိုင်ရတော့မလိုလိုနှင့် ကြောင်တောင်တောင်ဖြစ်နေရှာသည်။ သို့သော် ဦးဖောင်၊ ဦးကုလား၊ ဦးဘိုးဂေါင်တို့ ရောက်လာကြသည့် အခါ၌ကား ဖျာတစ်ချပ် ခင်းပေး၍ နေရာချထားလိုက်ပြီးနောက် သူလည်း ဦးကုလားတို့အနီး၌ ဝင်ထိုင်နေ၏။

ဦးဖောင်၊ ဦးကုလား၊ ဦးဘိုးဂေါင်တို့ကား သင်္ဂြိုဟ် ဝိထိမှတ်ပိုင်း၌ ပါသော မရဏာသန္နတ္တိအဖွင့်ကို ဆွေးနွေး ငြင်းခုံနေကြ၏။ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ မရဏာတရား၏ လျင်မြန်ပုံ ဆွေးနွေးရင်း တရားသံဝေယူနေကြ၏။ ကိုဒေါင်းစိန်အားလည်း မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးပင် သေခြင်းတရားကို မလွန်ဆန်နိုင်ကြောင်း၊ သေမျိုးတွေဖြစ်၍ သေနေ့စေ့ လျှင် သေကြရမည်သာ ဖြစ်ကြောင်း၊ သို့အတွက် ပူဆွေးသောက ဗျာပါဒများကို တရားသဘောနှင့် ဖြေဖျောက်သင့်ကြောင်း စသဖြင့် တရားချနေကြ၏။

ညနေ ၃နာရီခန့်တွင် ဘုန်းကြီးကျောင်းမှ စည်ကြီး သုံးချက်တီးပြီး၍ မရှေးမနှောင်းမှာပင် "အို ... လူလေးရဲ့" ဟု အသံကုန် အော်ဟစ်ငိုကြွေးလိုက်သော မယ်စိန်၏ အသံ ထွက်ပေါ်လာရာ ကိုဒေါင်းစိန်သည် သူ့သားငယ် ဆုံးရှာပြီးဖြစ်ကြောင်း သိလိုက်ရတော့၏။

"ဆေးကောင်း ဝါးကောင်း၊ သမားကောင်းတွေနဲ့ စိတ်ကျေနပ်တောင် မကုလိုက်ရဘူးတော့။ အို ... အကြောင်းကံ ဆိုးလှချည်လား သားတို့ရဲ့"

တစ်အိမ်လုံးတွင် ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် ပြောဆိုငိုကြွေးနေသော မယ်စိန်၏ ငိုသံမှတစ်ပါး လုံးဝ တိတ်ဆိတ်လျက် ရှိကြ၏။ တစ်ချက်တစ်ချက်တွင် ဦးဖောင်နှင့် ဦးကုလားတို့က တရားသဘောဖြင့် ဖျောင်းဖျ နှစ်သိမ့် နေကြ၏။ သို့သော် မယ်စိန်၏ ပရိဒေဝ မီးတောက်အား ဦးဖောင်နှင့် ဦးကုလားတို့၏ တရားမမွှသည် ငြိမ်းသတ်ရန် မတတ်စွမ်းပါ။

"နံကရိုင်းမယ်တော်ရယ်၊ နနနယ်နယ်နဲ့ ကျွန်မ သားငယ်ကလေးတွေကို ဖမ်းစား သတ်ဖြတ်ပစ်မယ့် အစား ဒီကံဆိုးမကိုသာ ဖမ်းစား သတ်ဖြတ် ပစ်လိုက်ပါလား နံကရိုင်းမယ်တော်ရဲ့"

ဦးကုလားက သူ့ကံနှင့် သူ စီမံလာသည်ဖြစ်၍ ကိုယ်တိုင်က ကြားထဲက တန်ဆာဝင်ခံချင်သော်လည်း မဖြစ်နိုင်ကြောင်း အကိုးအကားနှင့် ရှင်းပြ၍ တရားပြနေ၏၊ မယ်စိန်၏ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆို ငိုကြွေးနေသော အသံကြောင့် ကိုဒေါင်းစိန်လည်း ရင်ထဲမှ တလှပ်လှပ်ဖြစ်လာကာ သူ့မျက်လုံး အိမ်၌လည်း မျက်ရည်များ ဝိုင်းလာကြ၏။

နောက်ဆုံးတွင် ပူဆွေး ဝမ်းနည်းနေရုံဖြင့် ကိစ္စပြီးမည် မဟုတ်၍ ကိုဒေါင်းစိန်သည် လေးလံ ထိုင်းမှိုင်းစွာ ထကာ ရေအိုးတစ်လုံးဖြင့် ရေဆိပ်သို့ ဆင်းခဲ့၏။ ကိုလူမောင်ကား ကလေးအသုဘ ရုပ်လောင်းနှစ်ခုကို ပြင်ဆင် ထားရန်အတွက် မျှင်ဝါးဖြင့် မြင်းပေါင်းနှစ်ခု ပြုလုပ်နေ၏။ မြို့များရှိ လူချမ်းသာများ သေဆုံးသည့်အခါ၌ အသုဘ ရုပ်အလောင်းတင်၍ ပြင်ဆင်ထား၏။ စောစောက ရုပ်အလောင်းအား ရေချိုးပေးရာ၌ အသုံးပြုသော ရေလုံအိုးကိုမှ ရုပ်အလောင်း၏ ခြေရင်း၌ မှောက်ထားသည်။

နောက် ကိုဒေါင်းစိန်သည် ငွေမတ်စေ့နှစ်စေ့ကို ရှာယူလာကာ ကူးတို့ခအဖြစ် ကလေးရုပ်အလောင်း နှစ်လောင်း၏ ပါးစပ်တွင်းသို့ တစ်စေ့စီ လိုက်ထည့်၏။ ကြည်ရှည် ဆိုင်းငံ့ထားခြင်း မပြုဘဲ ချက်ချင်း ချပစ်ရန် ဆုံးဖြတ်ထားသည်ဖြစ်၍ သရဏဂုံတင်ရန် ကန်တော့ပွဲကိုပါ တစ်ဆက်တည်း ပြင်ဆင်နေ၏။ ကန်တော့ပွဲအတွက် ရှာယူလာသော ယွန်းအုပ်နီနီထဲသို့ ငှက်ပျောဖီး၊ ဆန်၊ ဆေး၊ ကွမ်းသီး စသော ပစ္စည်းစုကလေးများ ထည့်သွင်းပြီး အသုဘ၏ ခေါင်းရင်းတွင် ချထားလိုက်၏။

ကိုလှမောင်သည် သရဏဂုံတင်ရန် ဦးပဥ္စင်းတစ်ပါးကို ပင့်လာပြီးနောက် ငါးပါးသီလကို ခံယူကြကာ ရေစက်ချ၍ အမျှဝေပြီးသောအခါတွင် မယ်စိန်သည် ပြင်းစွာသော ပရိဒေဝဖြင့် လူးလိမ့်၍ ငိုပြန်၏။ နောက်သေသော မသာကို အလျင်ချရမည် ဟူသော ထုံးထမ်းစဉ်လာအရ လူငယ်နှစ်ဦးသည် နောက်သေသော ကိုဒေါင်းစိန်၏ ရင်သွေးငယ် ရုပ်အလောင်း ပြင်ဆင်ထားသော မြင်းပေါင်ကို မ၍ အိမ်ပြင်သို့ ယူထုတ်လာ၏။ အိမ်တံစက်မြိတ် လွန်သည်နှင့် တစ်ပြိုင်နက် ကိုဒေါင်းစိန်သည် စောစောက အသုဘ ရုပ်အလောင်းများအား ရေချိုးပေးသော ရေလုံအိုးကိုယူ၍ အိမ်အောက်သို့ ပစ်ခွဲချလိုက်၏။

လူသေများကို မြှုပ်နှံသော သုသာန်မှာ ချောင်း ဟိုမှာဘက်ကမ်းတွင် တည်ရှိသဖြင့် အလောင်းကို ရေဆိပ်သို့ ယူဆောင်ကာ လှေပေါ်သို့ တင်၏။ ကိုလှမောင်နှင့် အခြားလူငယ်တစ်ယောက်မှာ "တေဇ" အမည်ရှိသော သုသာန်စောင့် သရဲထံ၌ အလောင်းနှစ်လောင်း မြှုပ်နှံရန်အတွက် မြေနှစ်နေရာကို ကွမ်းနှစ်ယာ ပေး၍ ဝယ်ယူပြီး တွင်းတူးထားရန်နှင့် စောစောကပင် တစ်ဖက်ကမ်းရှိ သင်္ချိုင်းကုန်းသို့ ကူးသွားပြီး ဖြစ်၏။

ကိုဒေါင်းစိန်နှင့် လူငယ်များသည် ရုပ်အလောင်းကို လှေပေါ်၌ နေရာချထားပြီးနောက် လှော်ထွက်လာရာ မယ်စိန်သည် ကမ်းနဖူးမှ ထိုင်၍ အောင်ဟစ်တမ်းတ ငိုယိုရင်း ကျန်ရစ်ရှာ၏။ ကိုဒေါင်းစိန်တို့ လှေသည် တွင်းတူးပြီး၍ အသင့် ထိုင်စောင့်နေသော ကိုလှမောင်တို့ရှိရာ သင်္ချိုင်းကုန်း ကမ်းစပ်သို့ ရောက်ခါနီးတွင် ကိုလှမောင်က မြေကြီးခဲနှင့် လှမ်းပေါက်၍ "နောက် လာဦးမလား" ဟု မေး၏။ လှေပေါ်မှာ ကိုဒေါင်းစိန်ကလည်း "ဒီတစ်ယောက် တည်းပါ၊ နောက်မလာပါ" ဟု ပြန်ဖြေရ ၏။ ဤသို့ သုံးကြိမ်မေး၍ သုံးကြိမ်ဖြေပြီးမှ လှေကို ကမ်းစပ်သို့ ကပ်သည်။

ရုပ်အလောင်းကို တွင်းဝသို့ ဆောင်ယူပြီးနောက် ခြေမကြိုး၊ လက်မကြိုးများကို ဖြုတ်ကာ တွင်းထဲသို့ အသာအယာ ချ၏။ နောက် မြေကြီး

များဖြင့် ဖို့စပြုရာတွင် ကိုဒေါင်းစိန်သည် မြေကြီးအောက်၌ သူ့သားကလေး မွန်နေရှာမည်ကို စိုးရိမ်၍ ခပ်ကျစ်ကျစ် ခပ်သိပ်သိပ် မဖို့ဘဲ ခပ်ဖွဖွဖို့ရန် ကိုလူမောင်တို့အား တောင်းပန်နေ၏။ နေရာတကာ၌ ပျော်တတ် နောက်တတ်သော ကိုလူမောင်ပင်လျှင် ကိုဒေါင်းစိန်၏ အဖြစ်ကို ကရုဏာ ဖြစ်သွားဟန်ဖြင့် အတန်ကြာ ငေးစိုက်ကြည့်ရှုနေပြီး နောက် "သေပြီးတဲ့ နောက်တော့ ဘယ်လိုပဲဖို့ဖို့ မထူးပါဘူးကွာ" ဟု စိတ်မကောင်းသံကြီးဖြင့် ဖျောင်းဖျလိုက်ရှာ၏။

~~~~~

မိုးဦး မိုးလယ်ကို ဖြတ်သန်းလာပြီးနောက် မိုးနှောင်းကာလကို ချဉ်းနင်း ဝင်ရောက်ခဲ့ရာမှ ယခုတော့မူ တန်းဆောင်မုန်းလသို့တိုင် ရောက်ခဲ့လေပြီ။ ကိုဒေါင်းစိန်သည် သူ့အိမ်နှင့် မနီးမဝေးတွင် ဆောက် လုပ်ထားသော နတ်ကနားကို ကြည့်ရှုရင်း သူ့ဘဝ ခရီးစဉ်ကို ပြန်လှန်သုံးသပ် ကြည့်ရှုနေ၏။ မိုးဦးတုန်းက သူသည် ငါးရစ်မှ ရလိုက်သော ငွေကလေးနှင့် အိမ်သစ်ကလေးကို ဆောက်လုပ်နိုင်ခဲ့၏ အဝတ်အစားနှင့် စောင်၊ ခြင်ထောင်များကိုလည်း ဝယ်နိုင် စွမ်းခဲ့၏။ ဝါဆိုပုဆိုးကိုလည်း ဆောင်တည်ခဲ့ရ၏။

သို့သော် မိုးလယ်တွင်မူကား ထန်ပြင်းလှသော မုန်တိုင်းအကြားဝယ် ဝမ်းပန်းတနည်း ငိုရှိုက်ရင်း နှမ်းရိပန်းလျစွာ ဖြတ်ကျော်လာခဲ့ရ၏။ အင်စပက် တော်က ပိုက်ကိုသိမ်းပြီး ရုံးတင် တင်ရားစွဲဆို ခြင်းကို ခံခဲ့ရ၏။ သူ့ရင်းသွေး ကလေးနှစ်ဦး ဝမ်းရောဂါဖြစ်ခဲ့၍၊ နောက်ဆုံး သူ့ရင်းသွေးကလေး နှစ်ဦးမှာ သေဆုံးခဲ့ရပြန်၏။

ယခု မိုးနှောင်းကာလသို့ ရောက်ခဲ့သည့် အခါ၌ကား သူသည် ခြေကုန်လက်ပန်းကျလျက် ရှိပေပြီ။ သူ့ဒုက္ခသည် ရပ်တန်းက ရပ်မနေသေးဘဲ
~~~~~

နတ်က လိုက်ရမည် ဆိုသောကြောင့် သူ့အလွန်မြတ်နိုးလှသော သုံးမိုးခန့် ပိတ်ခြင်ထောင်ကြီးကို ရောင်းပစ်လိုရပါပြီ။ သို့နှင့်လည်း မလုံလောက်သေး၍ ငါးပေးဖြင့် ငွေထပ်ယူရပြန်ရာ ကြွေးပတ်လည်း ဝိုင်းနေပါပြီ။ ယခုတော့ သူသည် ခြေကုန်လက်ပန်းကျနေပါပြီ။

တကယ်ဆိုတော့ မိုးဦးမှသည် မိုးနှောင်းဆီသို့ သူဖြတ်ကျော်လာခဲ့ရသော သူ့ဖြတ်ကျော် လာခဲ့ရသော ဘဝ ခရီးစဉ်သည် တောင်တက်ခရီးစဉ်နှင့် အလားတူနေပါသေးတော့။ ဝေသီမြင့်မားသော တောင်ကို သူတတ်ခဲ့၏။ ပထမတော့ တောင်ထိပ်မှာ သာယာသော ရှုခင်းကို မျှော်မှန်းရင်း တက်လာရသည်ဖြစ်၍ ပင်ပန်းမှန်း မသိအောင်ပင် ပျော်ရွှင်ချမ်းမြေ့ခဲ့ပါ၏။ လမ်းခုလတ်သို့ အရောက် မှန်တိုင်းက ပြင်းစွာတိုက်ခတ်လိုက်ရာ သူသည်သီခေါင် နက်စောက်လှသော ချောက်ကမ်း ပါးအောက်သို့ လွင့်စဉ်ကျလာခဲ့ရ၏။ ယခုတော့ မှောင်မည်းမည်း ချောက်ကမ်းပါး အောက်ဝယ် စမ်း တဝါးဝါးဖြင့် အားအင်ကုန်ခန်းလျက် ရှိနေပါပြီ။ အားကိုးရာလည်း ဘယ်မမြင်။

သည်နှစ် အိမ်သစ်ဆောက်လုပ်ရာ၌ သူသည် ပေါ့ပေါ့ဆဆ မလုပ်ဘဲ မခိုက်အောင် လက်သမားဆရာကြီး ဦးအောင်ဒွန်းကို ပင့်ခေါ်၍ နေ့ကောင်း ရက်မြက် ရွေးဆောက်ရုံမျှမက လိုက်နာဖို့၊ ရှောင်ကြဉ်ဖို့၊ အချက်အလက်များကိုလည်း လိုက်နာရှောင်ကြဉ်ခဲ့ပါ၏။ သို့ပါလျက် ဘာကြောင့် သူ့ရင်သွေးနှစ်ဦး ဖျားနာ သေဆုံးခဲ့ရပြီး သူတို့၏ စီးပွားရေးများလည်း ဆုတ်ယုတ် ကုန်ခန်းခဲ့ရပါသနည်း။ လက်တွေ့ ဟပ်မရအောင် ရှိနေသော ထုံးတမ်းစဉ်လာများကို ကိုဒေါင်းစိန်သည် ပထမဆုံးအကြိမ်အဖြစ် သံသယရှိလာမိ၏။ လူငယ်ပြောတဲ့ ပဒေသရာဇ်ယဉ်ကျေးမှု လောင်းရိပ်ကြီးဆိုတာ ဒါတွေများလား။

သူ့ဦးနှောက်အတွင်းဝယ် အလင်းရောင်သည် ဝင်းခနဲ လက်သွားသည်။ သို့သော် အလင်းရောင်မှာ ကြည်လင်ပြတ်သားခြင်း မရှိဘဲ မှုန်ဝါးဝါးမျှသာ။ ပြီးတော့ မှောင်မည်းမည်းတွင် ထပြတ်လိုက်သော လျှပ်တပြက်မျှသာ ကြာရှိ၍

နောက်တွင်တော့ မှောင်မြဲပဲ မှောင်လို့။ တကယ် ဆိုတော့ အလင်းရောင်းကို ကြည်လင်ပြတ်သားစွာနှင့် ခိုင်မြဲစွာ ဆုပ်ကိုင်ထားနိုင်ရန်မှာ ပညာခြေခံ လိုပါလိမ့်မည်။ ကိုဒေါင်းစိန်တို့လို ပညာအခြေခံ မရှိသူများအဖို့မူ အလင်းရောင်မှာ သည်လိုမှုန်ဝါး ဝါးမျှသာ တောက်ပနိုင်၍ လျှပ်တပြတ်မျှသာ ကြာရှိပါလိမ်မည်။ မှန်သည်၊ သူတို့၏ဘဝ၌ အလင်း ရောင်ဟူသည်ကား မှောင်မည်းမည်းတွင် ထပြတ်လိုက်သော လျှပ်တပြတ်မျှသာဖြစ်၍ နောက်တွင်တော့ အမည်းနှင့် အမှောင်။ သုခ ဟူသည်မှာလည်း သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာသာ ဖြစ်၍ နောက်တွင်တော့ ဒုက္ခနှင့် သောက ပရိဒေဝ။ ဤသည် ပင်လျှင် သူတို့၏ ဘဝ သံသရာ။

~~~~~~~~~~~~
~~~~~~~~~~~~

# နတ်ကနားပွဲ

ကိုဒေါင်းစိန်သည် သူ့အိမ်နှင့် မနီးမဝေးတွင် ဆောက်လုပ်ထားသော နတ်ကနားကို ကြည့်ရှုရင်း မိုးဦးမှသည် မိုးနှောင်းသို့ ပင်ပန်းကြီးစွာ ဖြတ်သန်းလာခဲ့ ရသော သူ့ဘဝခရီးစဉ်ကို ပြန်လှန်သုံးသပ် ကြည့်ရှု၍ နေ၏။

သူ့အိမ်အတွင်း သူနှင့် မနီးမဝေး၌မူ ပဲခူးနတ်ကရန် ဖက်စပ်ပါဝင်သော နံကရိုင်းအနွယ် မိန်းမ ခုနစ်ဦးသည် နတ်ကရန် အစီအစဉ်များကို ဆွေးနွေး တိုင်ပင်နေကြ၏။ သည်အထဲ၌ ကိုလေးဖိုးကွန့်၏ မိန်းမ မပြားကြီးကလည်းပါ၏။ ကိုလှမောင်၏ ဇနီးကလျာ မဖွာသက်လည်းပါ၏။ အိမ်ထောင်ကျစ မိန်းမရွယ် များလည်းပါ၏။ ကိုလေးဖိုးကွန့်က သူ နတ်ကရမှာ ရှက်သည်ဟု ဆိုသောကြောင့် မပြားကြီးမှာ လင်အငှားနှင့် ကရမည်ဖြစ်သည်။ နတ်ပွဲပြီးသောအခါ ထိုအငှား လင်ကို ကွမ်းတစ်ယာနှင့် ကွာပစ်ရသည်။ သို့မဟုတ်က နတ်ပေးစားသော လင်ဖြစ်၍ ထို အငှားလင်မှာ အတည်ဖြစ်သည်ဟု အယူရှိကြသည်။

ထိုအချိန်တွင် ဦးပဥ္စင်းတစ်ပါးနှင့် ရွာမှ စာကြည့်တိုက်မှူး လူငယ်သည် ကိုဒေါင်းစိနတို့ အိမ်သို့ ဝင်လာရာ ကိုဒေါင်းစိန်သည် ခေါင်းရင်းဘက်တွင် ဖျာတစ်ချပ် ထခင်း၍ ဦးပဥ္စင်းအား နေရာချထားပေး၏။ လူငယ်မှာမူ ကိုဒေါင်းစိန်နှင့်အတူ ဝင်ထိုင်၏။ စောစောက နတ်ကရန် အစီအစဉ်များကို ဆွေးနွေး တိုင်ပင်လျက်ရှိသော မပြားကြီးတို့ မိန်းမအုပ်မှာလည်း ဦးပဥ္စင်း ရောက်လာသည်မှ စ၍ တိတ်ဆိတ် သွားကာ ဦးပဥ္စင်းအား ဝတ်ပြုပြီးနောက် ဆိတ်ငြိမ်စွာ ထိုင်နေကြ၏။

ကိုဒေါင်းစိန်ကား ဦးပဥ္စင်းသည် မည်သည့် ကိစ္စအတွက် ကြွရောက်လာခြင်း ဖြစ်သည်ကို မသိသဖြင့် ဦးပဥ္စင်းအား ငေးကြည့်ရင်း ဦးပဥ္စင်း နှုတ်မှ ထွက်လာမည့် စကားကို နားစွင့်နေ၏။ ဦးပဥ္စင်းမှာ သက်တော် ၂၈ နှစ်ခန့် ရှိပြီဖြစ်၍ ညောင်တုန်းမြို့ သုခမ္မာ ပရိယတ္တိ ပထမပြန်စာမေးပွဲ အကြီးတန်းနှင့် အစိုးရ ပထမပြန် စာမေးပွဲ အကြီးတန်းကို ဖြေဆိုအောင်မြင်ပြီးသော ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်၍ ရပ်ရွာ ဒကာ ဒကာမများ၏ ကြည်ညို လေးစားမှုကို ခံယူရရှိထားသော ဦးပဥ္စင်းဖြစ်သည်။ ငယ်ရွယ်သော ပဥ္စင်းပျိုပင် ဖြစ်စေကာမူ တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေသိက္ခာ ရှိခြင်းကြောင့် မြင်ရသူ လူတိုင်းကပင် ကြည်ညိုလေးစားကြသည်။ ကျယ်ပြန့်သော နဖူးပြင်၊ ပေါ်လွင်ထင်ရှားသော နှာခေါင်း၊ စေ့စပ် သေသပ်ပိရိသော နှုတ်ခမ်းတို့ကား ဦးပဥ္စင်း၏ ထင်ရှားသော ရုပ်လက္ခဏာများပင် ဖြစ်သည်။

ခက်ခဲနက်နဲသော ကျမ်းဂန်များကို စူးစူးစိုက်စိုက် သင်အံ လေ့လာခဲ့ရသူပီပီ ဦးပဥ္စင်း၏ မျက်လုံးအစုံမှာ စူးရှ နက်နဲသော အသွင်ကို ဆောင်သည့် ရောင်ခြည်များ လျှမ်းလျှမ်းတောက် ကွန့်မြူးနေသည်။ အတန်ကြာသော အခါ ဦးပဥ္စင်းသည် နတ်ကနားကို လက်ညိုးညွှန်၍ -

"ကိုင်း ပြောကြစမ်းပါဦး၊ အခု နတ်ကမယ့် အထဲမှာ ဘယ်သူတွေ ပါသလဲ" ဟု မေးလိုက်၏။

အားလုံးက သူ့ကြည့်ငါကြည့်နှင့် မည်သူမျှ မဖြေပဲ ရှိကြရာမှ မပြားကြီးက "အားလုံး ပါပါတယ် ဘုရား့"ဟု ဝင်၍ အဖြေပေးလိုက်၏။

"ကဲ ဒါဖြင့် အားလုံး နားထောင်ကြပါ။ ဒကာကြီးတို့ ဒကာမကြီးတို့ဟာ ကျုပ်တို့ သံဃာတော်တွေရဲ့ ဆွမ်းဒကာ ဆွမ်းဒကာမတွေဖြစ်လို့က မကောင်းမြစ်တားပြီး ကောင်းရာကို ညွှန်ပြရမယ့် တာဝန် ကျုပ်တို့မှာ ရှိတယ်။ ဒါကြောင့် နတ်ကိုးကွယ် ယုံကြည်မှုရဲ့ အကောင်းအဆိုး အကျိုးအပြစ်ကို ကျမ်းဂန်

အကိုးအကားနဲ့ ကျုပ် ပြောပြမယ်။ ပထမဆုံး နတ်ဆိုတဲ့ ဝေါဟာရက ဘယ်ကနေ ဆင်းသက်လာတယ်ဆိုတဲ့ အရင်းအမြစ်ကို ကျုပ်တို့ ရှာဖွေရမယ်။

နတ်ဆိုတာ မဂဓဘာသာမှ နာထသဒ္ဒါကို အစွဲပြုပြီး နတ်ရယ်လို့ ခေါ်ဝေါ်ခြင်းဖြစ်ကြောင့် ကျုပ်တို့ နားလည် ထားရမယ်။ အဲဒီ နာထသဒ္ဒါဟာ ကိုးကွယ်ရာအနက်ကို ဟောတယ်။ ကမ္ဘာဦးသူတွေဟာ ကိုးကွယ်ရာ ကို ရှာဖွေရင်း ကိုယ်စိတ်ကူးတည့်ရာကို မျှော်မှန်း ရော်ရမ်းပြီး ကိုးကွယ်လာရာက စပြီးတော့ အဲဒီ နာထ၊ မြန်မာလိုတော့ နတ်ဆိုတဲ့ ဝေါဟာရ ပေါ်လာတယ်လို့ ယူဆဖွယ်ရှိတယ်။ တကယ့် ကိုးကွယ်ရာ အစစ်က အဲဒီနတ်တွေ ဟုတ်ရဲ့လား၊ အဲဒီ မေးခွန်းကို ကျုပ်ကိုယ်တိုင် မဖြေဘူး၊ ဘုရားဟော ဓမ္မပဒ ပါဠိတော်ထဲက ထုတ်နုတ်ကိုးကားပြီး ဖြေမယ်။ "အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရောသိယာ"တဲ့၊ အနက်ကတော့ "အတ္တာဟိ အတ္တာဝေ၊ မိမိကိုယ် မိမိသည်သာလျှင်။ အတ္တနော နာထော၊ မိမိ ကိုးကွယ်ရာ အစစ်ဖြစ်၏။ ပရော၊ မိမိမှ တစ်ပါးသော။ ကော၊ အဘယ်မည်သော သူမျှ။ နာထော၊ ကိုးကွယ် ရာသည်။ သိယာ၊ ဖြစ်ချမ့်မည်နည်း။"တဲ့ဗျ၊ မိမိကိုယ် မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာ အစစ် ဖြစ်တယ်။

မိမိမှ တစ်ပါး အဘယ်မည်သောသူ တစ်စုံတစ်ယောက်သည် မိမိ၏ ကိုးကွယ်ရာ ဖြစ်နိုင်မည်လဲတဲ့။ ဒါကြောင့် ခင်ဗျားတို့ရဲ့ ကိုးကွယ်ရာ အစစ်ဟာ နတ်တွေ မဟုတ်ဘဲ ခင်ဗျားတို့ကိုယ်တိုင်သာ ဖြစ်တယ် ဆိုတာ မြဲမြဲကြီး မှတ်ထားကြပါ"

အားလုံးပင် ခေါင်းငုံ့ တိတ်ဆိတ်လျက် ရှိကြစဉ် စာကြည့်တိုက်မှူး လူငယ်ကဝင်၍ "မှန်တယ်၊ ကိုယ့်ကြမ္မာကို ကိုယ်သာလျှင် ဖန်တီးနိုင်တယ်။ ကိုယ်ရဲ့ ကောင်းကျိုး ဆိုးကျိုးကို ကိုယ့်ကိုယ်ကို ကိုယ့်ကိုယ် တိုင်သာလျှင် ပေးစွမ်းနိုင်တယ်။ ဘယ်နတ်ဘယ်သိကြား ဘယ်ကံကြမ္မာကမှ ပေးစွမ်းနိုင်ခြင်း မရှိဘူး"ဟု ဝင်ထောက် လိုက်၏။

"အဲဒီလောက်ကလေးနဲ့ သဘောမပေါက်နိုင်သေးဘူး ဆိုရင်လည်း ရှေးပညာရှိ စာဆို အကျော်အမော်တွေရဲ့ ပျို့ကဗျာများမှ ထုတ်နုတ် ကိုးကားပြီး ကွင်းခနဲ ကွက်ကနဲနေအောင် ရှင်းပြပါဦးမယ်"

ဦးပဋ္ဌင်းသည် ပြတ်သွားသော စကားဆက်ကို ပြန်ကောက်လာရာမှ ဤနေရာသို့က အရောက် ခေတ္တ ရပ်နားလိုက်၍ သူ ထုတ်နုတ်ကိုးကားရမည့် အချက်အလက်များကို ပြန်လည်သုံးသပ်နေဟန်ဖြင့် အတန်ကြာအောင်ပင် ဆိတ်ငြိမ်စွာ စဉ်းစားနေပြီးနောက်မှ -

"အဲ အခု ကိုးကား ပြောဆိုမယ့် ကဗျာကတော့ စာဆို အရှင်မဟာသီလဝံသ ၈၅၃ ခုနှစ်မှာ စပ်ဆိုတဲ့ သံဝေဂခန်း ပျို့ထဲက ထုတ်နုတ်ကိုးကားမယ့် ကဗျာ ဖြစ်တယ်။ အဓိပ္ပာယ်ရှိပြီး ထိလွန်း မိလွန်းလို့ တစ်ဆိတ် ကလေး ကြိုးစားပြီး နားထောင်ကြစမ်းပါ။ အဲဒီ သံဝေဂခန်းပျို့ အပိုဒ် ၃၅ မှာ "ကာလရှည်လျား၊ လူ့ငနွားတို့၊ ကြီးမားယုတ်မာ၊ နတ်မိစ္ဆာကို၊ ဘိုးလာဘွားဘက်၊ မြေးသားဆက်၍၊ မပျက်ခုတိုင်၊ နတ်ခရိုင်နှင့်၊ ပန်းခိုင်ရေအိုး၊ ဆယ်စုံဖြိုး၍၊ မြတ်နိုးနှစ်သက်၊ အနက်အနီ၊ တစ်လီခေါင်းပေါင်း၊ တင်အုပ်ဆောင်းနှင့်၊ အပေါင်း စုဝေး၊ အမွှေးအကြိုင်၊ မုန့်ဆိုင်မုန့်ခဲ၊ ကြက်ဝက်လဲ၍၊ ပုံနဲခရာ၊ တီးမှုတ်ကာနှင့်၊ ချမ်းသာဆင်းရဲ၊ ပေးစမြဲဟု၊ စိတ်ထဲထင်မှတ်၊ ငါတို့နတ်ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝယ်လွတ်ကင်း၊ မရှိလျဉ်း၏" တဲ့၊ ရှင်းပါပေ့ဗျာ။

မိုက်မဲတဲ့ လူ့ငနွားတွေဟာ အကြီးအကျယ် ယုတ်မာလှတဲ့ နတ်မိစ္ဆာတွေကို ဘိုးစဉ်ဘောင်ဆက်ကစ မြေးသားတိုင်အောင် ဆက်ပြီးတော့ နတ်ခရိုင်ဆောက်လုပ်၊ ပန်းခိုင်ရေအိုး ခေါင်းပေါင်း အနီအနက်တွေနဲ့ ပူဇော်ပသရုံမျှမက အပေါင်းအဖော်တွေ စုဝေးပြီး အမွှေးအကြိုင် မုန့်ဆိုင်မုန့်ခဲ၊ ကြက်ဝက်လဲ၍၊ ပုံနဲခရာ၊ တီးမှုတ်ကာနှင့်၊ ချမ်းသာဆင်းရဲ၊ ပေးစမြဲဟု၊ စိတ်ထဲထင်မှတ်၊ ငါတို့နတ်ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝယ်

လွတ်ကင်း၊ မရှိလျှင်း၏” တဲ့၊ ရှင်ပါပေ့ဗျာ။ မိုက်မဲတဲ့ လူ့ငနွားတွေဟာ အကြီးအကျယ် ယုတ်မာလှတဲ့ နတ်မိစ္ဆာတွေကို ဘိုးစဉ်ဘောင်စက်ကစ မြေးသားတိုင်အောင် ဆက်ပြီးတော့ နတ်ခရိုင် ဆောက်လုပ်၊ ပန်းခိုင်ရေအိုး ခေါင်းပေါင်းအနီအနက်တွေနဲ့ ပူဇော်ပသရုံမျှ မက အပေါင်း အဖော်တွေ စုဝေးပြီး အမွှေးအကြိုင် မုန့်ဆိုင်မုန့်ခဲ ကြက်ဝက်ပါလဲပြီး ဗုံနဲ့ခရာတွေကို တီးကာ မှုတ်ကာနဲ့ ဒီနတ် တွေဟာ ချမ်းသာဆင်းရဲကို ပေးနိုင်တယ်။ သူတို့ကို မပြတ်ကိုးကွယ်ရင် ဘေးအန္တရာယ်များ ကင်းလွတ်မယ်လို့ စိတ်ထဲမှာ စွဲမှတ်ထားကြတယ်တဲ့။ ဒီအတိုင်းပဲ မဟုတ်လားဗျို့”

အားလုံးကား သည်အတိုင်း မှန်ပါသည်ဟု ဝန်ခံနေကြသည့်အလား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ဆိတ်ငြိမ်နေကြ၏။ သူတို့၏ စိတ်တွင်း၌မူ သူတို့ လုပ်ပုံကိုင်ပုံ စွဲမှတ်ထားပုံတွေကို ကွင်းခနဲ ကွက်ခနဲ ဖော်ပြနိုင်စွမ်းရှိသော သူတို့ မသိသည့် စာဆို အရှင်အား အံ့သြနေမိကြ၏။

“နောက်ပြီးတော့ “ဆောင်နှင်းမင်္ဂလာ၊ လျှုဒါပုညာ၊ ပြုကာလလည်း၊ မိဘရှေ့မှတ်၊ ငါတို့နတ်ကို၊ ပေးအပ် အပ်လျှင်၊ ပွဲလမ်းပြင်၍၊ အရှင် မှတ်မှတ်၊ ကိုယ်ဝယ် ကြပ်လျက်၊ မပြတ်ထင်ရှား၊ မမေ့မှားဟု၊ ဆုများ ရွယ်ရွယ်၊ ရှက်စဖွယ်နှင့်၊ ဘယ်ဝယ်တကာ၊ ကိုယ်တိုင်လာ၍၊ ဥစ္စာထင်ရှား၊ ဘယ်သူ့အားကိုး၊ နတ်များးပို့လာ၊ ရှိဖူးပါအံ့” တဲ့ဗျ။ မင်္ဂလာဆောင်တဲ့အခါ၊ အလှူကောင်းမှု ပြုတဲ့အခါများမှာ ဆိုရင်လည်း မိဘ ရှေ့မှောက်မှာ နတ်ကို အပ်နှံတဲ့သဘောနဲ့ ပွဲလမ်းပြင်ပြီး အရှင်မှတ်မှတ်နဲ့ ကိုယ်မှာ ကြပ်မတ်ပြီး မပြတ် သတိရနေပါမယ်လို့ ဆုများတောင် ရွယ်လိုက်သေး။

ဘယ်လောက် ရှက်ဖို့ကောင်းပါသလဲတဲ့၊ အဲဒီလို ပေးအပ်ပူဇော်ပသတဲ့ အတွက် ဘယ်တုန်းကများ နတ် ကိုယ်တိုင် လာရောက်ပြီး ဥစ္စာထင်ရှား “ဘယ်သူ့ အားကိုး နဲ့ ပေးဖူးပါသလဲ တဲ့ ခင်ဗျားတို့ ပဲခူးနတ် အဆက် နံကရိုင်းအနွယ်တွေ ဟာလည်း ဒီလိုပဲ မင်္ဂလာဆောင်တဲ့ အခါမှာ ခင်ဗျားတို့ နတ်ကို ပေးအပ်

ကြရတာပဲ မဟုတ်လား အဲဒီလို ပေးအပ်ပူဇော် ပသတဲ့ အတွက် ခင်ဗျားတို့ ကိုရော ခင်ဗျားတို့ နတ်က သစ္စာ ထင်ရှား ပေးဖူးပါသလား”

မည်သူမျှ မလှုပ် သူတို့၏ သဘာဝ ကို ဤမျှ ပေါက်ပေါက် ရှာရှာ ရေးနိုင်စွမ်းရှိသည့် စာဆိုအရှင်ကိုသာ သူတို့ အံ့ချီးကျူးနေမိကြ၏ သူတို့၏ အတွင်းစိတ်မှာတော့ မှန်လိုက်လေဟု ကျိတ်၍ ဝန်ခံနေကြ၏။

မိစ္ဆာစွဲမှတ် ဘယ်အရပ်မှာ နတ်တို့ နေရာ အိမ်ခန်းဝါနှင့် သာယာခမ်းနား နတ်မယားနှင့် နတ်သားနှင့် နတ်သား နတ်လင် ကြည့်မမြင်တည့်တဲ့ ခင်ဗျားတို့ မှားထွင်းစွာ စွဲမှတ်ထားတဲ့ နတ်တွေ နေထိုင်ရာ အိမ်ခန်းဝါ နဲ့ သာယာခမ်းနားတဲ့ နတ်မယားတွေ နတ်သားနတ်လင်တွေကို ဘယ်အရပ်မှာလဲ ဆိုတာ သူကြည့်လို့ မမြင်ဘူးတဲ့ ခင်ဗျားတို့ကော မြင်ကြရဲ့လား..။

ဤတွင် မပြားကြီးက ဝင်၍ ဘယ်မြင်ရမလဲ ဘုရာ့ သူတို့ က ကမ္ဘဇိဒ္ဓိ တန်ခိုးရှင်တွေမို့ တပည့်တော်တို့ သာမန် လူသားတွေ ဘယ်မြင်နိုင်မလဲ စောဒက ဝင်လိုက်ရာ ဦးပဍ္ဍင်းက အားရပါး ပြုံးလိုက်ပြီးနောက် ရှေ့အပိုဒ်ကို ကောက်ဆက်ပြန်သည်။

ငြိုငြင်စိတ်စွဲ အံသွားခဲ၍ ညှင်းဆဲ နှိပ်စက် နတ်တို့ လက်နှင့် ထုတ်လျက် ဆွဲငင် ပြုကြအင်ကို မမြင်ဖူးပါတဲ့ ဒေါသ တကြီး အံသွားကို ခဲပြီး နတ်တို့ လက်နဲ့ တွန်းထိုး ရိုက်ပုတ် ညှဥ်းဆဲ နှိပ်စက်တာကိုလည်း သူမမြင်ဖူးပါတဲ့ ခင်ဗျားတို့ကော မြင်ဖူးကြလား၊

ဘယ်မြင်ဖူးမလဲ ဘုရာ့ သူတို့က ကိုယ်ထိလက်ရောက် ရိုက်ပုတ် ထုထောင်းပြီး နှိပ်စက်တာမှ မဟုတ်ဘဲကိုး နတ်တို့ရဲ့ တန်ခိုးနဲ့ ဖမ်းစား နှိပ်စက်တာမို့ ဘယ်မြင်ရလိမ်လဲ ဘုရာ့၊

မပြားကြီး၏ အကြောင်းပြချက်ကို ဦးပဍ္ဍင်းက ရှေးနည်းအတူ ပြုံးတော်မူ၍ သာလျှင် ရှေ့အပိုဒ်ကို ဆက်နေပြန်၏။

သည်အရာကို မိစ္ဆာမောဟ အယူခွ၍ နတ်များသခင် နတ်ဘုရင်ဟု နတ်တွင် အကြီး ငါ့သမီးကို ဖမ်းဆီးတတ်ငြား ငါ့မယားကို ဖမ်းစားတတ် ချေဟု နတ်တွင်အကြီး ငါ့သမီးကို ဖမ်းဆီးတတ်ငြား ငါမယားကို ဖမ်းစား တတ်ချေ ချမ်းသာစေဟု ကချေ ပွဲလမ်း အခမ်းအနား နတ်ထိမ်းများနှင့် သောက်စားဟစ်အော် တကြော်ကြော်နှင့် မေင်တော်ရှင်ချစ် နတ်သံပစ်၍ မူးယစ်မှိုင်ဝေ အထွေထွေလျှင် လူ့မြေရပ်ရွာ နတ်မိစ္ဆာကို ကံသာအရင်း ပြုဖန်ဆင်းဟု ယူလျှင်အပ်စွာ ယခုမျာကား ချမ်းသာဆင်းရဲ နတ်ခပဲသည် ပေးမြဲတို့မှာ ထင်မှတ်ရာသည် မိစ္ဆာယူမိယူမှားတည်းတဲ့ ၊ အကျယ်ရှင်းပြနေဖို့ မလိုအောင် ရှင်းနေတာပါပဲ အဲဒီလို ဖမ်းဆီးမလား ငါ့မယားကို များ ဖမ်းစားလေမလားဆိုတဲ့ မိစ္ဆာမောဟ တွေ ဖုံးလွှမ်းပြီး နတ်တွေသာလျှင် ငါတို့ကို ကယ်နိုင်မယ်ဆိုတဲ့ မိစ္ဆာ အယူအရ ကချေပွဲလမ်း အခမ်းအနား နတ်ထိန်းများနဲ့ သောက်စား ဟစ်အော် တကြော်ကြော်နဲ့ မောင်တော် ရှင်ချစ် နတ်သံပစ်ပြီး မူးကြ ရူးကြ ကကြ ခုန်ကြ ဒီလို မဟုတ်လား ဗုဒ္ဓဘာသာ တရားတော်အရ နတ်လူပြဟ္မာ သတ္တဝါ အားလုံးကို ကံသာအရင်းပြု ဖန်ဆင်း၏လို့ ယူဆရမယ် အစားထခုတောပ ချမ်းသာ ဆင်းရဲကို နတ်များကသာ ပေးစွမ်းနိုင်မြဲလို့ ထင်မှတ်နေကြတော့ ခင်ဗျား တို့ဟာ ဗုဒ္ဓဘာသာ အမည်ခံထားပေမဲ့ အပါယ်သွားမယ့် မိစ္ဆာဒိဋ္ဌိတွေ ဖြစ်ကုန်ကြပါမကောလား...။

နေရာတကာ၌ လျှာရှည်ရမှ ကျေနပ်လေ့ရှိသော မပြားကြီးပင် ဤအပိုင်းတွင် စောဒက ဝင်စရာမရှိသလို ငြိမ်ချက်သား ကောင်းနေ၏။ ကိုဒေါင်းစိတ်ကတော့ ဦးပဍ္ဍင်း ပြောသမျှ စကားလုံးများ အချက်အလက်များ အားလုံး ကိုလုံးစေ့ပတ်စေ့ နားလည်ခြင်မရှိသော်လည်း သူတို့ဘဝနှင့် ဟပ်မိသော အကိုးအကား အထောက်အထား အကြောင်းပြချက် များကြောင့် အားလုံး အမှန်တရား များသာ ဖြစ်မည်ဟု လက်ခံ ယုံကြည် ထား၏။

"အဲဒီလောက်နဲ့ မလုံလောက်သေးလို့ ထပ်ပြီး အကိုးအကားနဲ့ ရှင်းပြစမ်းပါလို့ ဆိုရင်လည်း အဲဒီ သံဝေဂပျို့ကပဲ အပိုဒ် ၃၆ ကို ထုတ်နုတ်ကိုးကား ရွတ်ဆိုပြရသေးတာပေါ့ဗျာ။ "မိစ္ဆာယှုမှား၊ အလားလားနှင့်၊ လေးပါး ပါယ်ဝ လူ့ဗာလတို့၊ ကြုံဆကောင်းစွာ မာယာလျှည့်ဖျား၊ လူ့ငနွားတို့၊ မယားထွေထွေ၊ သံခြေ ညင်းညင်း၊ နားချိုသွင်း၍၊ မောင်မင်းနှင့်ငါ၊ ချစ်ကြပါပြား၊ တို့အကြောင်းတွင်၊ နှစ်ပါးမလို၊ မကြည်ညိုအောင်၊ တို့ကို ဖျက်ဆီး၊ ရှင်နတ်ကြီးအား ခင်းနီးကော်ဇော၊ အုန်းငှက်ပျောနှင့်၊ မနောလင်ပန်း၊ မခန်းခန်းဖြင့်၊ ပွဲလမ်း ကျင်းပ၊ ပူဇော်သလျှင်၊ နှမလည်းချစ်၊ မောင်လည်းချစ်၏၊

ငှပ်နှစ်ကျွမ်းလောင်၊ ပေါင်းရအောင်လျှင်၊ လက်ဆောင်စကား၊ ပြောပြေငြားသော်၊ ချစ်အားကြီးစွာ၊ ကိလေသာကို၊ မြိန်စွာမက်မော၊ တဏှာဇောလည်း၊ ဖြောဖြောအင်ခြိုက်၊ လူငမိုက်က၊ အကြိုက်နှင့်ကြုံ၊ ကိုယ်လုံး ထုံ၍၊ အယုံတရား၊ ရှိပေငြား၍၊ မယားယုတ်မာ၊ နတ်မိစ္ဆာကို၊ မေတ္တာချစ်ခင်၊ ရှိသည့်အင်နှင့်၊ သူ့လင် အိမ်သွေး၊ အထွေးထွေးဖြင့်၊ ပါယ်လေးဝဘောင်၊ လိုက်၍မြှောင်သည်၊ လက်ဆောင်အများ၊ နတ်ကနားနှင့်၊ သစ်ဝါးအသင့်၊ စင်နိမ့်မြင့်နှင့်၊ လိုသင့်လိုရာ၊ ငွေသပြာကို၊ များစွာထုတ်ပိုး၊ ဆယ်ဆုံဖြိုးမှ၊ တိုး၍ ချစ်ပါ၊ ဆုပန်ကာနှင့်၊ ရတနာသုံးဦး၊ မြတ်ကျေးဇူးကို၊ မကူးစိတ်မှာ၊ ရှင်းရှင်းခွာ၍၊ မောဟာကတိ၊ ကိုယ်လုံး ငြိလျက်၊ မရှိတရား၊ အမှားမှားနှင့်၊ မီးပွားမီးပုံ၊ ရန်သူနိပ်စက်၊ ခံစားလျက်နှင့်၊ ဖိုလ်မင်္ဂရှစ်တန်၊ မဆန်စုန်ဆင်း၊ ခန္ဓာကင်းသည်။ ။ ပြည်မင်းပါယ်ဝ ရပ်သာတည်း" တဲ့။

ရှင်းရှင်းကလေးဗျနော်၊ ရှင်းရှင်းကလေး။ အိမ်က မယားတွေက သံခြေညင်းညင်း နားချိုသွင်းပြီးတော့ မောင်မင်းနှင့်ငါ ချစ်ကြပါတဲ့။ တို့အကြားမှာ နှစ်ပါးမလို မကြည်ညိုအောင် တို့ကို ဖျက်ဆီးနေတဲ့ ရှင်နတ်ကြီးအား ခင်နီးကော်ဇော အုန်းငှက်ပျော စသည်များနဲ့ မနောလင်ပန်း အခန်းခန်းနဲ့ ပွဲလမ်းကျင်းပ ပူဇော်ပသမှသာလျှင် နှမလည်းချစ် မောင်လည်းချစ်ပြီး စိတ်ချ

လက်ချ ချစ်ခင်ပေါင်းသင်းရမယ် အစရှိသဖြင့် ပြောလိုက်တာနဲ့ တစ်ပြိုင်နက် လူငမိုက်တွေက ပစ်ယုံလိုက်ပြီး နတ်ကနားကို သစ်ဝါးအသင့် စင်နိမ့်မြင့်နဲ့ ဆောက်လုပ်၊ လိုသင့်လိုရာ ငွေသပြာများကို များစွာထုပ်ပိုးကာ လက်ဆယ်စုံ ထိပ်မှာမိုးပြီး တိုး၍ ချစ်ကြပါစေလို့ ဆုများတောင်းပန်လိုက်ကြသေးတယ် မဟုတ်လား။ အဲဒါ အပါယ်သွားမယ့် တစ်လမ်းသွား အလုပ်တွေဗျ"

ဦးပဥ္စင်းသည် အတော်ကလေး ဟောပြောလိုက်ရ၍ အာခြောက်သွားဟန်ဖြင့် ကိုဒေါင်းစိန်ထံမှ ရေတစ်ခွက် တောင်းသောက်ပြီးနောက် သူ့စကားကို ဆက်ပြန်၏။

"အဲဒီနတ်တွေနဲ့ ပတ်သက်ပြီး အရှင်မဟာသီလဝံသနဲ့ တစ်ခေတ်တည်း ပေါ်တဲ့ အင်းဝ ခေတ်စာဆို အရှင်မဟာရဋ္ဌသာရရဲ့ အာဘော်ကို သိချင်သေးသပ ဆိုရင်လည်း ၈၅၆ ခုနှစ်မှာ ရေးစပ်တဲ့ ဘူရိဒတ် ဇာတ်ပေါင်းပျို့ထဲက ကောက်နုတ်ပြီး ရွတ်ဆိုပြရသေးတာပေါ့။ အဲဒီ ဇာတ်ပေါင်းပျို့၊ "လူတို့လုံ့လ" အစချီတဲ့ အပိုဒ်မှာ "တချို့သသူ၊ အမိုက်လူကား၊ အယူမှားချွတ်၊ မီးကိုနတ်ဟု၊ အမှတ်တရ၊ ရှိညွှတ်ခ၏"တဲ့။ တချို့ လူမိုက်တွေကတော့ အယူလွဲမှားပြီး မီးကိုနတ်ဟု၊ အမှတ်တရ၊ ရှိသေကိုင်းညွှတ် ခယပူဇော်ကြတယ်တဲ့။ "တောစတောင်ခြေ၊ နေသည်တစ်စု၊ မိလက္ခုကား၊ အမွှာအာပေါ်၊ မယောတောယ၊ ကံဒကနင့်၊ ဝါလဝါရိ၊ အစရှိသား၊ အဘိဓာန၊ နာမအများ၊ ဝေါဟာပြားသည်၊ ရေအားဒေဝ၊ မှတ်ကုန်ကြ၏" တဲ့။"

"တောစ တောင်ခြေမှာနေတဲ့ မိလက္ခု (မိလက္ခုဆိုတာ တောင်သူပေါ့ဗျာ) အဲဒီ တောင်သူ တစ်စု ကတော့ အမွှာတဲ့၊ အာပေါတဲ့၊ ပယောတဲ့၊ တောယတဲ့၊ ကံတဲ့၊ ဒကတဲ့၊ ဝါလတဲ့၊ ဝါရိတဲ့ ... အစရှိတဲ့ အဘိဓာန်ထဲက ရေဟောပရိယာယ် ၁၅ ပုဒ်ထဲက ရေကိုပဲ နတ်ရယ်လို့ မှတ်ယူထားကြတယ်တဲ့။" ထိုမှတစ်ပါး၊ နတ်ဝင်များမူ၊ ထင်ရှားသသူ၊ သေသောဟူက၊ အယူမလွဲ၊ နတ်ဖြစ်မြဲဟု၊ ဝမ်းထဲ ပြတ်ပြတ်၊ မှတ်သိရကား၊

ဘူးကရားနှင့်၊ မှန်းထားမြည်ရည်၊ နတ်အိမ်တည်၍၊ အကြည်အညို၊ နတ်ကိုချည်းသာ၊ လုံးပန်းရှာ၏” တဲ့။

“အဲ နတ်ဝင်တွေကတော့ ထင်ရှားတဲ့လူတွေ သေရင် အယူမလွဲ နတ်သာလျှင် ဖြစ်မြဲလို့ တရားသေ စွဲမှတ်ထားကြတဲ့အတွက် နတ်အိမ်တည်ပြီး အကြည်အညို နတ်ကိုချည်းသာ လုံးပန်းကြရှာတယ် တဲ့။” ရတနာသုံးပါး၊ အမြတ်အားမူ၊ များများမယုံ၊ အာရုံနှောင့်နှေး၊ နစ်ခွတွေးလျက်၊ နာရေးဖျားတာ၊ ရောက်သော ခါလည်း၊ ကြမ္မာဘုံဟောင်း၊ အိမ်မကောင်းကို၊ မြဲကြောင်းပင့်ကူ၊ ထောက်တိုဟူသား၊ အလှူသီတင်း၊ ဆည်းပူးခြင်းကို၊ စင်းစင်းမပြု၊ နတ်မှုစုန်းရယ်၊ အကယ်ကယ်သို့၊ ရယ်ဖွယ်အိုးကြီး၊ မရှက်သီးဘဲ၊ ကနားပွဲနှင့်၊ ဝတ်လဲဖြူနီ၊ ပန်းသီးပန်းနှစ်၊ ဆင်ကာ ရစ်လျက်၊ လက်နှစ်လက်ဝန်း၊ တဖျင်သန်းတည့်၊ သွန်းမှန်မသိ၊ မျက်စိသံလည်း နတ်ရှုံးသည်ဟု၊ မတည်မတံ့၊ လွင့်ပျံ့နလုံး၊ သူမိုက်ထုံးလည်း၊ စွဲသုံးလေ့လာ၊ မကျင့်ရာသည်၊ မိစ္ဆာယောင်ယိ ယောင်ယမ်းတည်း” တဲ့။

“ရတနာသုံးပါးကိုတော့ များများမယုံ၊ ချော်တွေး ငေ့ါတွေး နစ်ခွတွေးပြီး နာရေးဖျားတာ ရောက်တဲ့ အခါမှာ ဆိုရင်လည်း ကုသိုလ်ကံအကျိုးကို ဆက်ပေးတဲ့ သဘောနဲ့ အလှူသီတင်း ဆည်းပူးခြင်းကိုတော့ စင်းစင်းမပြု၊ နတ်လိုလို စုန်းလိုလိုနဲ့ ရူးမိုက်တဲ့ အလေ့အလာ အပြုအမူတွေကို မကျင့်ရာဘူးတဲ့၊ ဒါတွေဟာ ယောင်ကန်းကန်း မိစ္ဆာအလုပ်တွေပါပဲတဲ့။ အဲဒီစာဆို အရှင်နှစ်ပါးရဲ့ ပို့ ကဗျာ သုံးပိုဒ်နဲ့ပဲ နတ်ကိုးကွယ် ယုံကြည်မှုဟာ အပါယ်သွားမယ့် မိစ္ဆာအယူ ဖြစ်ကြောင်း ထင်ရှားပြီး ဖြစ်လို့ ကျုပ်က ထပ်မံပြီး ပြောပြဖို့ လိုပါသေးသလား ဦးပဥ္စင်းကား သူ ပြဆိုခဲ့သော အကိုးအကား အထောက်အထားများမှာ နတ်ကိုးကွယ် ယုံကြည်မှု၏ အကောင်း အဆိုးကို ပြတ်ပြတ်သားသား ဝေဖန် ပိုင်းခြားနိုင်လောက်သည်အထိ ပြည့်စုံလုံလောက်ခြင်း ရှိပြီဟု ယူဆကာ

သူ့တရားကို နိဂုံးချုပ်လိုက်လေပြီ။ ဤတွင် စာကြည့်တိုက်မှူး လူရွယ်က တစ်စခန်း ထ ပြန်၏။

"ဒီ နတ်စုတ် နတ်ပဲ့ နတ်ဘိန်းစား နတ်အရက်သမားတွေကို ကိုးကွယ် ယုံကြည်မှုနဲ့ ပတ်သက်ပြီး တလောက ဓနဖြူအသွား မယ်ဘာလညောင်ပင်မှာ ခင်ဗျားတို့ မယ်ဘာလကို ပသစဉ် အချိန်က ကျုပ်ရဲ့ သဘောထားကို ပြောကြားပြီး ဖြစ်လို့ အခု ဘာမှ ထပ်ပြောစရာ မရှိပါဘူး။ တစ်ခုပဲ ပြောချင်တာက ခင်ဗျားတို့ အဲဒီ နတ်တို့၊ ဗေဒင်တို့၊ အင်းအိုင် မန္တရားစတဲ့ ပဒေသရာဇ် အတွေးအခေါ် အစွဲအလမ်းတွေကို မဖျောက် နိုင်သေးသရွေ့ ကာလပတ်လုံး ခင်ဗျားတို့ မွဲသထက် မွဲ၊ ငတ်သထက်ငတ်၊ ဒုက္ခရောက်သထက် ရောက်ရ ဦးမယ် ဆိုတာကတော့ သေချာပါတယ်။

ဒါပေမဲ့ ဘယ်လိုပဲ အကိုးအကား အထောက်အထားတွေနဲ့ အကြောင်း ပြပြီး ဟောပြောပေမဲ့ ခင်ဗျားတို့ နှလုံးသားထဲမှာ ချိုးကပ်အောင် စွဲမြဲနေတဲ့ အစွဲအလမ်းတွေကို ဒီအကြောင်း ယုတ္တိက မောင်းထုတ်ဖယ်ရှားပစ်ခြင်း မပြုနိုင်ဘူး ဆိုတာလည်း ကျုပ် သိပါတယ်။ အဲဒီအတွက် ခင်ဗျားတို့ ကိုလည်း အပြစ်မတင်ချင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိ ပညာရေးစံနစ်ဟာ ခင်ဗျားတို့ ပဒေသရာဇ် အတွေးအခေါ် အစွဲအလမ်းတွေကို ပ ပျောက်ကုန်အောင်၊ အတွေးအခေါ်သစ် ပညာသစ်ကို မပေးဘဲ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ပဒေသရာဇ် အတွေးအခေါ် အစွဲအလမ်းတွေ ထဲမှာပဲ နစ်မြုပ်နေအောင် သင်ကြားပေးခြင်းကို ခံယူနေရလို့ပဲ ဆိုတာ ကျုပ်သိထားလို့ပဲ။

ဥပမာ ... ခင်ဗျားတို့ကို ဖတ်ခွင့်ပြုထားတဲ့ စာအုပ်တွေဟာ ဘာစာအုပ်တွေလဲ၊ အုပ်စိုးတဲ့မင်းကို သစ္စာစောင့် သိဖို့၊ ခေတ် ဘယ်လိုပဲ ပြောင်းပြောင်း ရှေးထုံးစဉ်လာကို မပယ်ဖို့၊ ခပ်ရှင်းရှင်းပြောရရင် ကျိုးကျိုးနွံနွံ ကျွန်ပီသအောင် ဆုံးမသြဝါဒ ပေးထားတဲ့ နီတိကျမ်းတွေ၊ ယောက်ျားကောင်း မောင်းမ တစ်ထောင်ဆိုတဲ့ စကားမျိုးနဲ့ မြေကျွန်ယာကျွန်တို့ရဲ့ ချွေးနဲ့စာဖြင့်

မယားငယ် အများအပြား ယူထားတဲ့ ပဒေသရာဇ် မြေရှင်ကြီးတွေကို ထောက်ခံထားတဲ့ စာအုပ်တွေ၊ အဲဒီစာအုပ်တွေသာ ခင်ဗျားတို့ ဖတ်နေရတယ် မဟုတ်လား။

ခင်ဗျားတို့ ကြည့်နေရတဲ့ ဇာတ်တွေကတော့ ဘာအကြောင်း အရာကို ဇာတ်ကွက် ဆင်ပြီး ကပြတဲ့ ဇာတ်တွေလဲ၊ ပဒေသရာဇ်ရှင်ဘုရင်ရဲ့ ကြီးကျယ်ခမ်းနားပုံတွေ၊ နတ်တွေ သိကြားတွေ နဂါးတွေ မြေလှိုးပြီး မိုးပျံပုံတွေ၊ ဒါတွေကိုသာ ခင်ဗျားတို့ ကြည့်နေရတယ် မဟုတ်လား။ ဒီတော့ အဲဒီ ပဒေသရာဇ် ယဉ်ကျေးမှု အစဉ်အလာ အစွဲအလမ်းတွေဟာ ပဒေသရာဇ် စီးပွားရေးစနစ်ရဲ့ ဖိနှိပ်ခြယ်လှယ်မှုယအောက်မှာ ဆင်းရဲတွင်း နက်နေရတဲ့ ခင်ဗျားတို့ကို တကယ့်အကြောင်းရင်းအမှန်ကို မမြင်စေဘဲ၊ မိရိုးဖလာနတ်တွေ ဘာနတ်တွေ ညာနတ်တွေဆီမှာသာ ဆည်းကပ် ကိုးကွယ်ရာကို ရှာစေပြီး လမ်းလွဲကို ပြထားတဲ့ အတွက် ခင်ဗျားတို့လည်း အဲဒီ နတ်တွေကိုသာ အယူသီးနေရတာပဲ။

ဒါပေမဲ့ ခေတ်ရဲ့ တိုးတက်မှုကို ဘယ်သူမှ မပိတ်ပင်နိုင်ပါဘူး။ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုကြောင့် ခင်ဗျားတို့ကိုယ်တိုင် အလိုလို နိုးကြားလာမှာပါပဲ။ ပြည်သူ့ခေတ်မှာ ပြည်သူ့ ပညာရေး စနစ်သစ်ဟာ ခင်ဗျားတို့ဆီ အရောက်လာပြီး ခင်ဗျားတို့ရဲ့ နလုံးသည်းပွတ်ထဲမှာ ချိုးကပ်နေအောင် စွဲမြဲနေတဲ့ အစဉ်အလာ အစွဲအလမ်းဟောင်းတွေကို အပြီးတိုင် မောင်းထုတ်ပစ်မယ့် နေ့ကတော့ တစ်နေ့မှာ မုချ ဆိုက်ရောက်လာပါလိမ့်မယ်။ အခုနေမှာတော့ ကျွန်တော်တို့က လူတတ်ကြီးလုပ်ပြီး ဟောပြောနေမပမဲ့ ကျွဲပါးစောင်းတီး အချည်းနှီးပဲ နေမှာပဲ”

လူငယ်ကား ကိုဒေါင်းစိန်တို့၏ နတ်အယူသီးမှုကို ယခုအချိန်၌ တိုက်ဖျက်၍ ရမည်မဟုတ်ဟု သိမြင် ယုံကြည် သဖြင့် လုံးဝ လက်လျှော့ လိုက်ပေပြီ။ မှန်လည်း မှန်လှပေသည်။ သူတို့၏ နားလည်ရန် ခက်သော အကြောင်း ယုတ္တိများမှာ ပညာအခြေခံဟူ၍ လောက်လောက်လားလား

မရှိရာသော ကိုဒေါင်းစိန်တို့၏ နလုံးသည်းပွတ်ထဲ အရောက် စူးဝင်သွားခြင်းမရှိဘဲ နားထဲမှသာ လျှံထွက်သွားကြပါသည်။ သူတို့အား အတွေး အခေါ်သစ်၊ ပညာသစ်များကို ပေးချင်လျှင် သူတို့၌ ပညာအခြေခံရှိသည့် အချိန်သို့တိုင် စောင့်ဆိုင်း ရပေမည်။ နောက်ဆုံးတွင် ဦးပဥ္စင်းလည်း ဤအချက်ကို ရိပ်မိသဘောပေါက်လာဟန်ဖြင့် လုံးဝ လက်လျှော့ လိုက်ကာ လူငယ်နှင့်အတူ ပြန်ကြွသွားတော့၏။

ကိုဒေါင်းစိန်တို့ချည်း ကျန်ရစ်သောအခါ မပြားကြီး "မိရိုးဖလာ နတ်ကိုးကွယ်မှုကို ဘုရားတောင်မှ တားမြစ်ခြင်း မပြုဘူးလို့ ငါတော့ ကြားဖူးတာပဲ" ဟု ပြောလိုက်ရာ၊ အားလုံးက "ဟုတ်တယ်" ဟု ဝိုင်းဝန်းထောက်ခံ လိုက်ကြ၏။ နောက်တွင် သူတို့သည် နတ်ကရန် အစီအစဉ်များကို ဆက်လက် ဆွေးနွေး တိုင်ပင်နေကြတော့သည်။ နတ်ကနား အတွင်းမှ နတ်ဆိုင်းသံ တညံညံကို ကြားရပေပြီ။

နတ်ဝင်ဖူးသော နတ်ဝင်သည်များနှင့် နတ်ကို စွဲစွဲလမ်းလမ်း ယုံကြည်နေသူများကား မရိုးမရွနှင့် ကချင် ကွေးချင်၊ ခုန်ချင် ပေါက်ချင်လာအောင် နတ်ဆိုင်းသံသည် ညို့နေပေပြီ။ ဂီတသည် လူတို့၏ စိတ်အာရုံကို ညွှတ်နူးလာအောင် ဆွဲဆောင်လာနိုင်သည်ဖြစ်ရာ ယခု နတ်ဆိုင်းမှာလည်း နတ်ဝင်သည်များနှင့် နတ်ယုံကြည်သူများ၏ စိတ်အာရုံကို ညွှတ်နူးပြီး ယိမ်းယိုင်လာအောင် သွေးဆောင်နေပေပြီ။ နတ်ကနား ပတ်လည်ရှိ စင်မြင့်ပေါ်တွင်ကား ၃၇ မင်း နတ်ကို ရည်စူး၍ ကန်တော့ပွဲ ၃၇ ပွဲကို ပြင် ဆင်ထားသည်။

စင်ပေါ်တွင် ၃၇ မင်း နတ်ရုပ်အစုံအစေ့မရှိသော်လည်း ဓားထမ်းထားသော မင်းညီ နောင်နတ်ရုပ်နှင့် အချို့ နတ်ရုပ်လေးငါးရုပ်ကို တွေ့မြင်ရသည်။ ခေါင်းပေါင်းအနီ အနက်၊ အဝတ် တန်ဆာ၊ အမေးအကြိုက်စသော အသိုင်း အဝိုင်း အဆောင်အယောင် များများကိုလည်း နတ်စင်ပေါ်တွင် တွေ့မြင်နိုင်သည်။ ဤပတ်ဝန်းကျင် အသိုင်း အဝိုင်း အဆောင်အယောင်များကလည်း နတ်ဝင်

သည်များနှင့် နတ်ကိုးကွယ်ယုံကြည်သူများ၏ စိတ်အာရုံကို နတ်ဘက်သို့ ညွတ်နူးလာအောင် ဖျားယောင်းနေသည်။

နတ်ကနား၏ အလယ်တည့်တည့်တွင်ကား စည်ပိုင်းကြီး တစ်လုံး တည်းထား၍ ဤစည်ပိုင်းကြီး အတွင်း၌မူ နတ်ကမည့် ပဲခူးမောင်နံ့ ခုနစ်စုံအတွက် ငါးရံ့ကြီး ခုနစ်ကောင်ကို ကျွဲခုနစ်ကောင် အမှတ်ဖြင့် ရေများနှင့် လှောင်ထားသည်။

ကိုဒေါင်းစိန်နှင့် မယ်စိန် အပါအဝင် ပဲခူးမောင်နံ့ ခုနစ်စုံကား အဝတ်သစ်အစားသစ်နှင့် နတ်ကနား အတွင်းသို့ ရောက်နေကြပေပြီ။ ဦးပဋ္ဌင်းနှင့် လူငယ်၏ ဟောပြောမှုကြောင့် နတ်ယုံကြည်မှုမှာ လုံးဝ ပျောက်ကွယ် မသွားသော်လည်း သူတို့၏ စိတ်ထဲ၌မူ နတ်အပေါ် အနည်းငယ် သံသယကလေး ရှိလာ၏။

သို့သော် ယခုလို နတ်ဆိုင်း၊ နတ်ရုပ်၊ ကန်တော့ပွဲ စသော အသိုင်းအဝိုင်း အဆောင်အယောင်များ ပြည့်နှက် နေသည့် နတ်ကနားအတွင်း နတ်စက်ကွင်းသို့ ဝင်မိသည့်အခါ၌ကား၊ ထိုသံသယကလေးပင် လုံးဝ ပျောက်ကွယ် သွားပြီး နတ်ကို ယုံကြည်မှုမှာ ရာခိုင်နှုန်းအပြည့် ပြန်ဖြစ် သွားတော့သည်။

ကလေးသူငယ်များကား နတ်ကနားအပြင်မှနေ၍ ကန်တော့ပွဲအတွင်းရှိ ငှက်ပျောသီး၊ အုန်းသီးများကို မျက်စောင်းထိုးနေကြလေပြီ။ နတ်ပွဲတိုင်း၌ ပါလေ့ရှိသော ဒေါ်ကလီစာ၊ ဒေါ်အေးစိန်၊ ဒေါ်မယ်ဟန်တို့ နတ်ဝင်သည် တစ်စုလည်း နတ်ကနားအတွင်းသို့ ရောက်နေကြလေပြီ။ သင်္ကြန်စာများတွင် ဝါးတို့၏ အဓိပတိကား ဘာ၊ သစ်ပင်တို့၏ အဓိပတိကား ဘယ်သင်း၊ အခြေလေးချောင်းတို့၏ အဓိပတိကား ဘယ်ဟာ စသဖြင့် ပါတတ်သော

သင်္ကြန်စာ လေးသံအတိုင်း သုံးနှုန်းရလျှင် ဤရွာတွင် နတ်ဝင်သည်တို့၏ အဓိပတိကား ဒေါ်ကလီစာ၊ သူမပါလျှင် နတ်ပွဲ မစည်ကား။

နတ်ထိန်းလုပ်သူမှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရှိ ယောက်ျားကြီးတစ်ဦး ဖြစ်၏။ သူ့ခေါင်းတွင်ကား သျှောင်ထုံးနှင့်ဖြစ်၍ ဆံပင်များမှာ ငွေရောင် ပြေးနေလေပြီ။ ဤငွေရောင်တောက် နေသော သျှောင်ထုံးကို ပတ်လည်လှည့်၍ ပဝါနီနှင့် ခေါင်းပေါင်းထားသည်။ ရုပ်အင်္ကျီအဖြူ လက်ရှည်၊ ကော်လာမပါ ခေါက်လက် မဟုတ်သော လက်ရိုးနှင့် ခပ်နွမ်းနွမ်း ရှိနိုင်လုံချည် အနီကွက်တုံးကြီးကို ဝတ်ထားသည်။ မယ်စိန်တို့ ပဲခူးမောင်နံ ခုနစ်စုံက နတ်ပွဲအစမှ အဆုံးအထိ ကြီးကြပ်စီမံပေးရန် ငွေပေး၍ ငှားထား ရသော နတ်ထိန်းဖြစ်သည်။

ကိုဒေါင်းစိန်ကား ဤနတ်ထိန်းကြီးနှင့် စင်ပေါ်မှ နတ်ရုပ်များ၊ ကန်တော့ပွဲများကို ကြည့်၍ နတ်ဆိုင်းသံကို နားထောင်ရင်း သူ့စိတ်တွင်း၌ တုန်လှုပ်ချောင်းချားကာ ကြောက်အားပဲ ပိုလာသလိုလို၊ တုန်ယင်လှိုက်လှဲ ဝမ်းပန်းတနည်းပဲ ဖြစ်လာသလိုလို၊ ရိုးရိုးရွရွနှင့် ခပ်ကြမ်းကြမ်း ခုန်ပေါက်ပြီး ထ က လိုက်ချင်သလိုလိုနှင့် အကောင်အထည် ရှာမရသော ဝေဒနာအမျိုးမျိုးကို သူ့ရင်တွင်း၌ ခံစားနေရသည်။

အတန်ကြာသောအခါ နတ်ထိန်းကြီးက ယခု ပဲခူးနတ်ခေါ် နံကရိုင်း မယ်တော်ကြီးကို သွင်းတော့မည်ဖြစ်၍ ခါတိုင်းဝင်နေကျ နတ်ဝင်သည်များအား မသွင်းလိုဘဲ ကာယကံရှင်များဖြစ်သည့် ပဲခူးမောင်နံ ခုနစ်စုံမှ မိန်းကလေး ခုနစ်ဦးအနက် တစ်ဦးဦးကို သွင်းလိုကြောင်း၊ သို့မှသာ အချို့ နတ် မယုံကြည် သူများလည်း ယုံလာမည်ဖြစ်ကြောင်းနှင့် ပြောပြကာ ကာယကံရှင် မိန်းကလေး များထဲမှ တစ်ဦးဦး လာရောက်ရန် ခေါ်လေ၏။

သို့သော် ကာယကံရှင် မိန်းမခုနစ်ဦးစလုံး နတ်ဝင်ဖူးသော မိန်းမများ မဟုတ်သဖြင့် ရက်ကြောက်နေကြသောကြောင့် မည်သူမျှ ထ မလာပေ။ ထိုအခါ ဒေါ်ကလီစာ၊ ဒေါ်အေးစိန်တို့လို နတ်ဝင်သည် အဓိပတိကြီးများက ရက်စရာ မရှိသည်ကိုမှ ကြံဖန်ပြီး ရက်နေရသလားဟုဆိုကာ ကာယကံရှင် မိန်းမ ခုနစ်ဦးအနက် မိန်းမရွယ်တစ်ဦးကို ခွေးသေကောင် လင်းတဆွဲသလို အတင်း ဆွဲထုတ်လာ၏။ ထိုမိန်းကလေးကား ပတ္တမြားရွှေကြုတ် နှုတ်ငုံတော် အရင့်အမာနှင့်ဖြစ်၍ သူမ၏ ဂမ္ဘသေယျ ပုနာရေတိအတွက် ဘေးပရိသတ်ကို ရက်ရွံ့နေဟန်ဖြင့် မျက်နှာကလေး နီမြန်း နေရှာသည်။

သူမ၏ ခေါင်းပေါ်သို့ ကန်တော့ပွဲတစ်ပွဲကို အတင်းတင်ပေး လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ဆိုင်းဆရာများကလည်း ဆိုင်းချက်မြိုင်မြိုင်ဖြင့် နတ်ဆိုင်းကို တီးမှုတ်ကြတော့၏။ ဒေါ်ကလီစာနှင့် နတ်ထိန်းဆရာကြီးက စိတ်ကို တင်းမထားဘဲ လျှော့ထားပြီး နတ်ကိုသာ အာရုံပြုနေရန် ပြောကြား ပြီးနောက်၊ မိန်းကလေး၏ ကိုယ်ကို ဆိုင်းချက်အတိုင်း ဘယ်ညာ ယိမ်းနွဲ့နေအောင် ဆွဲငင်တွန်း ထိုးနေ၏။ အမွှေးရည် များဖြင့်လည်း မိန်းကလေး၏ ကိုယ်ပေါ်သို့ ပက်ဖျန်းပေးနေ၏။ ဒါပေမဲ့လည်း အချည်းအနှီး ပါပဲကလား ဒေါ်ကလီစာရယ်။

တစ်ယောက် လဲလိုက်ပြန်၏။ မဝင်။ နောက်တစ်ဦးကို အစားထိုးပြန်၏။ အလဟဿ။ နောက်တစ် ယောက်နှင့် ဖလှယ်ပြန်၏။ အချည်းနှီး။ လာလေဟဲ့ နောက်တစ်ယောက်၊ နကမွတိ။ ကျန်သည့်နှစ် ဦးမှာလည်း ထိုနည်း လည်းကောင်း။ သြော် ... ခုနစ်ဦးပဲ စေ့သွားပေါ့၊ ဘောက်မယ့်ကြောင့်များ မဝင်ရတာလဲ နံကရိုင်းမယ်တော်ရယ်။

ကိုဒေါင်းစိန်က မိန်းကလေး ခုနစ်ဦး အလဲအလှယ် သွင်းသည့်တိုင် မဝင်ဘဲ ရှိနေသော နံကရိုင်း မယ်တော်သည် သူတို့နတ်ပွဲအတွက် စီမံပုံအများ အယွင်းများရှိနေလို့ စိတ်ဆိုးနေသည့်အတွက် မဝင်တာ များလားဟု တွေးတော စိုးရိမ်နေမိ၏။ သို့သော် အလို ... ဒါက ဘာလဲ။

ဆိုင်းဆရာများက ဆိုင်းချက်ကို ခပ်ကြမ်းကြမ်း တီးလိုက်၍ ဒေါ်ကလီစာမှာ နတ်ကနားအတွင်း ကန်တော့ပွဲများ ပြင်ဆင်ထားသော နတ်စင်ရှေ့တင် ခပ်ကြမ်းကြမ်း ခုန်ပေါက်၍ က နေလိုက်ပါပြီ ကော။ သြော် ... သူတစ်ပါးကို သွင်းမရလို့ ကိုယ်တိုင်ပဲ ဝင်ရော့ထင့်။

အားရအောင် ခုန်ပေါက်ပြီးသောအခါ နတ်ထိန်းဆရာကြီးနှင့် ဒေါ်အေးစိန်၊ ဒေါ်မယ်ဟန်တို့က နံကရိုင်းမယ်တော် ဝင်နေသည်ဟု ကျမ်းကိုင်ပြီး ပြောနိုင်သော ဒေါ်ကလီစာအား အသင့်ချထားသော ကုလားထိုင်ဆီသို့ တွဲခေါ်လာပြီး ထိုင်စေ၏။ နောက် ပဲခူးမောင်နံ့ ခုနစ်စုံက နံကရိုင်း မယ်တော်ကြီးခေါ် ဒေါ်ကလီစာအား ဝိုင်းဖွဲ့ကာ ရှိသေစွာ လက်စုံမိုး၍ ရှိခိုး ကန်တော့ကြ တော့၏။

ပထမ မိန်းကလေး ခုနစ်ဦး သွင်းစဉ်က မဝင်ဘဲ ဘာ့ကြောင့် ယခုမှ ဝင်ရသလဲဟု နတ်ထိန်းဆရာကြီးနှင့် ဒေါ်အေးစိန်တို့က မေး၏။

ကိုဒေါင်းစိန်သည် နံကရိုင်းမယ်တော်၏ အဖြေကို ကြားချင်ဇောနှင့် နားကို တအားစွင့်ထား၏။ သို့သော် နံကရိုင်းမယ် တော်ကြီးခေါ် ဒေါ်ကလီစာမှာ အားရပါးရ ကလိုက်ခုန်လိုက်ရသောကြောင့် အတော်ပင် မောဟိုက် နေသဖြင့် ချက်ချင်း ပြန်မဖြေနိုင်ဘဲ အတန်ကြာမှ လေသံသဲ့သဲ့နှင့် ယဲ့ယဲ့ကလေး ဖြေဆိုနိုင်ရှာ၏။ ကိုဒေါင်းစိန်မှာ ကြားချင်ဇောနှင့် နားအစွင့် လွန်သွား သောကြောင့် နံကရိုင်းမယ်တော်၏ ဖြေသံသည် သူ့အာရုံတွင်းသို့ ရောက်မလာဘဲ အတန်ကြာမှ နားထဲမှ လျှံထွက်သွား၏။ စိတ်တည် ငြိမ်မှ နံကရိုင်းမယ်တော်၏ အဖြေကို သူ့အာရုံဖြင့် လိုက်ဖမ်းရာ ရေးရေးကလေးမှ တစ်ဆင့် ကွင်းကွင်း ကွက်ကွက် ပေါ်လာသည်ထိ ဖမ်းမိတော့၏။ ဩ ... ခရီးဝေး ရောက်နေလို့ ကြာနေပါသတဲ့။

အတော်ကလေး အမောပြေသွားသောအခါ နံကရိုင်းမယ်တော်ကြီးသည် ကိုဒေါင်းစိန်တို့ ဇနီးမောင်နှံအား ဖိကြိမ်းတော့၏။ "ငါ့အကြောင်းကို သိပလားဟဲ့၊ နင်တို့ နှစ်ယောက်ဟာ မင်္ဂလာ ဆောင်ပြီးလို့ ကလေးလေးယောက် ရတဲ့တိုင်အောင် ငါ့ကို သတိမရဘူး မဟုတ်လား၊ အခု နင့်တို့ ကလေး နှစ်ယောက်ကို ငါ ဖမ်းစားသတ်ဖြတ်လိုက်မှ ငါ့ကို သတိရတယ် မဟုတ်လားဟဲ့" စသည်ဖြင့် ကြိမ်းမောင်းနေရာ နတ်ထိန်းဆရာကြီးနှင့် ဒေါ်အေးစိတ်တို့က သတိမရလို့ မဟုတ်ပါ၊ ဆင်းရဲသည့် အတွက် ယခုမှ နတ်ကရခြင်းဖြစ်ကြောင်း ဝိုင်းဝန်းတောင်းပန်ကြမှ ငြိမ်သွားတော့၏။

ပြီးနောက်ကား နံကရိုင်းမယ်တော်ကြီးခေါ် ဒေါ်ကလီစာအား စည်ပိုင်းထဲတွင် ရေများနှင့် လျှောင်ထားသော ငါးရံ့များကို ခေါ်ပြပြီးနောက်

"ပဲခူးမောင်နှံ ခုနစ်စုံအတွက် ကျွဲခုနစ်ကောင် ဖြစ်ပါတယ်၊ ကျေနပ်ပါရဲ့လား" ဟု နတ်ထိန်းဆရာကြီး ကမေး၏။ နံကရိုင်းမယ်တော်၏ ဖြေသံကို ကိုဒေါင်းစိန်သည် ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေ၏။ အကယ်၍ နံကရိုင်း မယ်တော်က မကျေနပ်ဟုဆိုလျှင် ယခု လုပ်ပြီးသား အစီအစဉ်ကို ဖျက်၍ နောက်ထပ် ပြန်ကရမည်ဖြစ်ရာ စရိတ်ပိုကုန်ရပေဦးမည်။ သို့သော် တော်ပါသေး၏။ နံကရိုင်းမယ်တော်က ကျေနပ်ပါသည်ဟု ခေါင်းညိတ အဖြေပေးလိုက်သဖြင့် တစ်ပူအေးသွားရ၏။ ဤသည့်နောက်၌ကား ၃၇ မင်းကို အစဉ်လိုက်သွင်း၍ ကကြ ခုန်ကြ၊ သောက်ကြစားကြနှင့် ဆူလို့သာ ညံနေတော့သည်။ အထူးသဖြင့် ပွဲအကျဆုံးကား မင်းညီနောင်နှင့် ဘိုးမင်းကျော် ဖြစ်သည်။

ယစ်ထုတ်နတ်တွေဖြစ်၍ လက်တစ်ဖက်ကား အရက်ပုလင်း၊ လက်တစ်ဖက်ကား ကြက်ပေါင်ကြော်ကို ကိုင်ကာ ဟန်ရေးတပြပြ လုပ်နေကြ၏။ ထိုအချိန်တွင် မိန်းမတစ်ယောက်သည် နတ်ဝင်ပူးသလို ယိမ်းထိုးကာ ဝင်လာပြီးနောက် ခုန်ပေါက်၍ က ပြန်၏။ ဆိုင်းဆရာများမှာ ဘာနတ်မှန်း မသိ၍

တီး ကွက်မပြောင်းဘဲ ရှိရာ "ဟော့၊ မင်းညီနောင် မယ်တော် မယ်ဝဏ္ဏကွ" ဟု ကိုယ့်ကိုယ်ကိုယ် သရုပ်ဖော် လိုက်မှ ဆိုင်းဆရာများ တီးကွက်ပြောင်းကာ ဘီလူးဆိုင်း တီးပေးရ၏။ မင်းညီနောင်မယ်တော် မယ်ဝဏ္ဏဆိုသူက ဘီလူးက က၍ မင်းလေးနှင့် မင်းကြီးက ရင်ညွန့်ရှေ့တွင် လက်ဝါးနှစ်ခုဟပ်ကာ ရှိခိုးရင်း နောက်မှလိုက်၏။ အတန်ကြာ၍ မယ်ဝဏ္ဏနှင့် မင်းကြီး ထွက်သွားသော်လည်း မင်းလေးမှာ မထွက်ဘဲ ကုလားထိုင်ပေါ်၌ ထိုင်ကာ လေဖောနေ၏။ အခြား နေရာများ၌ ပထမတန်းအရက်ကို အဝ သောက်ရသော်လည်း ယခု ဤနေရာ၌မူ အပေါစားအရက် အာတားသာရကြောင်း ညည်းညူနေ၏။ ကိုဒေါင်းစိန်ကား ဤမျှလောက် သောက်ချင်လျှင် နတ်တို့၏ တန်နိုးဖြင့် ဘုံဆိုင်ထဲသွားပြီး ဘာ့ကြောင့် ခိုးမသောက်ပါလိမ့် စဉ်းစားနေ၏။

နေ့လယ် တစ်နာရီလောက်ရောက်မှ ၃၇ မင်းစေ့သွားတော့၏။ ဤပွဲတင် ပဲခူးမောင်နှံစုံများ ကျွဲဆွဲ ရတော့မည်ဖြစ်သဖြင့် မည်သူအလျင်ဆွဲမည်နည်းဟု အချင်းချင်း တိုင်ပင်ညှိနှိုင်းကြရာ ကိုဒေါင်းစိန်တို့ မောင်နှံစုံ အလျင်ဆွဲရန် သဘောတူညီချက် ရရှိကြ၏။ ဤတွင် ကိုဒေါင်းစိန်လည်း မြန်မြန် ပြီးချင်သည့် ဇောဖြင့် ဆိုင်းငံ့မနေဘဲ ငါးရံ့လှောင်ထားသော စည်ပိုင်းအထက်၌ သူ စောစော ကဆွဲချိတ်ထားသော ကျွဲကျောင်းသား လက်သုံးတန်ဆာပလာများဖြစ်သည့် ကြိုး၊ ကြိမ်၊ ပလွေ၊ ပက်ခွန့်ငယ်၊ ဘူးခါးရေဘူး၊ စတိပြုလုပ်ထားသော လှော်တက် ကလေး၊ ခမောက် စသော ပစ္စည်းမျိုးစုံများကို လှမ်းယူလိုက်၏။ ငှက်ပျော ပွဲထဲ၌ကား ငှက်ပျောတစ်ဖီး၊ ကောက်ညှင်းတစ်ထုပ်၊ မုန့်ဖြူ၊ မုန့်နီ၊ အုန်းသီးစိတ်၊ ကောက်ညှင်းပေါင်း၊ ဖယောင်းတိုင် တစ်တိုင်စီ ပါရှိ၏။

ထိုငှက်ပျောပွဲ၏ ရှေ့နား၌မူ ခေါင်ရည်အမှတ်ဖြင့် သောက်ရန် ထန်းလျက်နှင့် မန်ကျည်းမှည့် ဖျော်ထားသော ဖျော်ရည်များ ထည့်ထားသည့် မြေအိုးအသစ်ကလေး ခုနစ်လုံးကို စီရရီ ချထားသည်။ ထိုမြေအိုးအထဲရှိ ဖျော်ရည်ကို ခေါင်ရည်အမှတ်ဖြင့် ပါးစပ်နှင့် စုပ်သောက်ရန် သဘော်ပင်မှ

အကိုင်းကို ဖြတ်တောက် သန့်စင်ထားသည့် သဘော်ရိုးတစ်ခုစီ တပ်ထားသည်။ ဖိုးသူတော်ဘွဲ့ကို ခံယူထားသည့် လူတစ် ယောက်ကမူ အပျိုတော် ခုနစ်ယောက်၏ ထိပ်၌ ကုလားထိုင်ဖြင့် ထိုင်နေသည်။ နတ်ထိန်းဆရာကြီး၏ အမိန့်အရ ကိုဒေါင်းစိန်သည် စည်ပိုင်းထဲမှ ငါးရံ့ကြီးတစ်ကောင်ကို ဖမ်းယူလိုက်၏။ သူ့လက်တွင်း၌ ရုန်းကန်နေသော ငါးရံ့ကြီးအား ကျွဲအမှတ်ဖြင့် ပါးဟက်နှစ်ခုကို ခွ၍ လည်ပင်းကြိုး တပ်ချည်လိုက်၏။

နောက် ကြိုးတပ်ထားသော ဆန်ကောတစ်ချပ်ထဲတွင် ငါးရံ့ကို ထည့်ကာ ငါးရံ့၏ လည်ပင်းကြိုးနှင့် ဆန်ကော၌ တပ်ထားသော ကြိုးကို ပူးတွဲ ချည်နှောင်ထားလိုက်၏။ ဤနည်းအားဖြင့် ငါးရံ့သည် ဆန်ကောအပြင်သို့ ခုန်ထွက်ခြင်း မပြုနိုင်တော့ဘဲ ဆန်ကောထဲတွင်သာ လူးလွန့်လူပ်ရှားနေ၏။ မုန့်နှစ်ဖြင့် ပြုလုပ်ထားသော ကျွဲရုပ်ကလေး တစ်ရုပ်ကိုလည်း လည်ပင်း ကြိုးတပ်ချည်၍ ငါးရံ့၏ ဘေး၌ ချထားသည်။ မယ်စိန်က ခမောက်ကလေးကို ဆောင်း၍ ညာလက်တွင် ကြိမ်လုံးကို ကိုင်ထားရသည်။

ကိုဒေါင်းစိန်ကတော့ ကြိုး၊ ကြိမ်၊ ပလွေ၊ ပက်ခွန့်ငယ်၊ ဘူးခါး ရေဘူးကလေးများကို စတိပြုလုပ်ထားသော လှော်တက် ကလေး၌ ကြိုးများဖြင့် ဆွဲချိတ်ကာ ဘယ်ဘက် ပခုံးထက်တွင် တင်ထမ်းထား၍၊ ညာလက်ကမူ ဆန်ကော၌ တပ်ထားသော ကြိုး၏ အခြားတစ်ဖက်စကို ဆွဲကိုင်ထားရသည်။ နောက် နယ်ထိန်း ဆရာကြီး၏ အမိန့်ဖြင့် အပျိုတော် ခုနစ်ယောက်သည် ငှက်ပျောပွဲ ကိုယ်စီပင့်၍ ရှေ့နောက် အစဉ်လိုက် တန်းကာ နတ်ကနား ပတ်လည်တစ်လျှောက်၍ ကိုဒေါင်းစိန်က ငါးရံ့နှင့် မုန့်နှစ်ကျွဲရုပ် ထည့်ထားသော ဆန်ကောမှ ကြိုးကို ကျွဲအမှတ်ဖြင့် ဆွဲ၍ နောက်မှ လိုက်ရ၏။ မယ်စိန်ကမူ ကြိမ်လုံး တစ်ချောင်းနှင့် ကျွဲအမှတ် ပြုလုပ်ထားသော ငါးရံ့ကို တို့၍ တို့၍ မောင်းနှင်ရင်း နောက်ဆုံးမှ လိုက်ရ၏။ နယ်ထိန်းဆရာကြီးက ကြိမ်လုံး ကိုင်ထားသော မယ်စိန်၏ လက်ကို သူ့လက်နှင့် အုပ်ကိုင်ကာ ငါးရံ့၏ ကိုယ်ကို

တို့ပေးရင်း မွန်ဘာသာ နှင့်တူသော ဘာသာစကားကို တိုင်ပေး၍ မယ်စိန်က လိုက်ဆိုရ၏။

ကိုဒေါင်းစိန်သည် ဆန်ကောမှ ကြိုးကိုဆွဲ၍ အပျိုတော် ခုနစ်ယောက် နောက်မှ လျှောက်လိုက်ရင်း သူ့အဖြစ်ကို သူတွေး၍ ရယ်ချင်နေ၏။ သို့သော် နတ်စိတ်ဆိုးမည်ကို ဆိုးရွံ့သည့်အတွက် သူ မရယ် ဝံ့ရှာ။ နတ်ထိန်း ဆရာကြီးသည် မည်သို့သော် အဓိပ္ပာယ်နှင့် သည်လိုအထူးအဆန်းတွေ လျှောက် လုပ်ခိုင်းနေသည် ဆိုတာကိုတော့ သူမသိ။ သူ သိတာကတော့ သူတို့ ဇနီးမောင်နှံနှင့် ကျန်ရှိသော ရင်သွေးနှစ်ယောက်ကို နတ်က ထပ်မံ ဖမ်းဆီး သတ်ဖြတ်ခြင်းမပြုရန် နတ်ကနေရခြင်းဖြစ်သည် ဆိုတာကိုပဲ သူ သိသည်။

နတ်ကနားကို သုံးပတ် ပတ်မိသောအခါ မြေအိုးအသစ်ကလေးနှင့် ထမင်း ချက်နေသော နေရာ၌ရပ်လိုက်ကြ၏။ ထိုနေရာ၌ နတ်ထိန်းဆရာကြီး၏ အမိန့်အရ မယ်စိန်အား အုပ်ထိန်းသူ အကြီးအကဲဖြစ်သော မယ်စိန်၏ အစ်ကိုကြီးသည် ရပ်စောင့်နေရသည်။ မယ် စိန်၏ မိဘနှစ်ပါးမှာ ကွယ်လွန်ပြီး ဖြစ်၍ မယ်စိန်၏ အစ်ကိုကြီးက အုပ်ထိန်းသူ အကြီးအကဲအဖြစ် ရပ်စောင့် နေရခြင်းဖြစ်သည်။ နတ်ထိန်း ဆရာကြီး၏ သင်ပြပေးချက်အရ မယ်စိန်၏ အစ်ကိုတော်က ကိုဒေါင်းစိန်အား "အမောင် ဘယ်က လာသလဲ" ဟု မေးလိုက်၏။ ကိုဒေါင်းစိန်ကလည်း နတ်ထိန်း ဆရာကြီး သင်ပေးသလိုပင် "ပဲခူးမြို့က လာပါသည် ခင်ဗျား၊ ကျွဲကို မထိန်းနိုင်၊ မကျောင်းနိုင်လို့ လာအပ်ပါသည်" ဟု ပြန်ဖြေလိုက်၏။

တစ်ဖန် မယ်စိန်၏ အစ်ကိုတော်က "ကောင်းပါပြီ၊ ထမင်းစား သောက်ပြီးမှ ပြန်ပါ" ဟု ပြောလိုက်၍ ကိုဒေါင်းစိန်က "တစ်သက်တစ်ခါသာ ဖြစ်ပါစေ" ဟု ပြောပြီး ခမောက်၊ ကြိုး၊ ကြိမ် စသော ကျွဲကျောင်းသား လက်သုံးတန်ဆာပလာများနှင့် ငါးရံ့ကျွဲကို မယ်စိန်၏ အစ်ကိုတော် လက်ထဲသို့ အပ်နှံလိုက်၏။ ဤတွင် အုပ်ထိန်းသူ အကြီးအကဲအား အပ်နှံသော

အခမ်းအနားသည် ပြီးဆုံးလေပြီ။ နတ်ထိန်းဆရာကြီးသည် မုန့်နှစ်ဖြင့် ပြုလုပ်ထားသော ကျွဲ ရုပ်ကလေးကို အရင် ယူလိုက်၍ စဉ်းတီးတုံးပေါ် တင်လိုက်ကာ ကိုဒေါင်းစိန်အား ပုဆိန်အနောင့်နှင့် ၇ ချက်၊ အသွားနှင့် ၇ ချက် ခုတ်ပိုင်းမည့်ဟန် ရွယ်လိုက်စေ၏။

ကိုဒေါင်းစိန်ကလည်း နတ်ထိန်း ဆရာကြီး၏ အမိန့်အတိုင်း လိုက်နာပြုလုပ်၏။ တစ်ဖန် ပုဆိန်ကို ပြန်ချ၍ ဓားမကြီးကို ယူလိုက်ပြန်ကာ အနောင့်နှင့် ၇ ချက်၊ အသွားနှင့် ၆ ချက် ရွယ်ပြီး၊ ၇ ချက်မြောက်တွင် တကယ်ပင် ခုတ်ပိုင်း လိုက်တော့၏။ တစ်ချက်တည်းနှင့် ထက်ပိုင်းမပြတ်လျှင် အထမြောက်၊ မအောင်မြင်ဟု အယူရှိကာ နောက်တစ်ကြိမ် ပြန် က ရတတ်သည်ဖြစ်၍ ကိုဒေါင်းစိန်သည် ရင်တထိတ်ထိတ်ဖြင့်ပင် အားရှိသမျှ ခုတ်ပိုင်းလိုက်ရ၏။ တစ်ချက်တည်းနှင့် ထက်ပိုင်းပြတ်သွား၍ သူ အသက်ရှူချောင်သွား၏။

နောက် ခုတ်ပိုင်းထားသော ငါးရံ့ကို အတစ် ၈ တစ်၊ မုန့်နှစ်ဖြင့် ပြုလုပ်ထားသော ကျွဲရုပ်ကလေးကိုလည်း အတစ် ၈ တစ်ပြုပ်၍ တံစို့ ၃ ချောင်းတွင်မျှ၍ ထိုးသီ၏။ ပြီးလျှင် ကြပ်စင်ပုံသဏ္ဍာန် ဝါးများဖြင့် စတိပြုလုပ်ထားသော တြိဂံ ထောင့်ချွန်းပုံရှိသည့် ကျပ်စင် အသေးကလေးတွင် တံစို့များကို ကန့်လန့် ထိုးတင်ကာ အောက်မှ မီးအနည်းငယ် ထည့်ပေးပြီး "ညော်ကြမယ်ဗျို့" ဟု အော်လိုက်၏။ ထမင်း ဟင်းချက်သူများ လက်သို့ ထို ငါးတစ်၊ မုန့်နှစ်ကို အပ်လိုက်ရာ ထိုသူများလည်း ယူ၍ ဟင်းချက်ရန် ပြင်ဆင်နေ၏။

ထိုသို့ ထမင်းဟင်းချက်ပေးသူက ထမင်းဟင်းချက်သော မြေအိုးအသစ်ကလေးများနှင့် ချက်ပြုတ်၍ ပိုနေသော ဆန်နီ၊ ငရုတ်စသည့် ပစ္စည်းများကို ပိုင်ဆိုင် သည်။ ထမင်းဟင်းများ ကျက်သောအခါ ထမင်းပွဲ ခုနစ်ပွဲ ပြင်၍ ငှက်ပျောပွဲ ကိုယ်စီနှင့် ထိုင်နေသော အပျိုတော် ခုနစ်ဦး ရှေ့ရှိ ခေါင်ရည်အိုး ခုနစ်လုံးအနီး၌ ထမင်း ခုနစ်ပွဲကို ခင်းကျင်း ထားသည်။ ကိုဒေါင်းစိန်နှင့်

မယ်စိန်တို့သည် ထိပ်ဆုံးမှ ထမင်းစားပွဲတွင် ဝင်ထိုင်၍ ထမင်းလက်ဆုံ စားကြ၏။ ကိုဒေါင်းစိန်က ထမင်းတစ်လုတ်နှင့် ငါးရံ့ဟင်းတစ်ဖဲ့ စားလိုက်၍ နတ်ထိန်းဆရာကြီး သင်ပေးသည့်အတိုင်း "တီ … မတီ" ဟု ဆိုလိုက်ရာ မယ်စိန်ကလည်း ထမင်းတစ်လုတ်နှင့် ဟင်းတစ်ဖဲ့ စားလိုက်ပြီးနောက် "တီ .. ငန်းငန်း" ဟု ပြန်ပြောလိုက်ရ၏။ ထိုနည်းအတိုင်း ခေါင်ရည် အမှတ် ပြုလုပ်ထားသော အိုးသစ်ထဲမှ ဖျော်ရည်များကို သဘော်ရိုးဖြင့် တစ်ယောက် တစ်လှည့် စုပ်မျိုရင်း "တီ မတီ"၊ "တီ ငန်းငန်း" လုပ်ကြပြန်၏။ သည်ထမင်းပွဲပြီးလျှင် နောက် ထမင်းပွဲ တစ်ပွဲ သို့ ကူးပြန်၏။ သည်လိုနဲ့ နောက်တစ်ပွဲ ….. နောက်တစ်ပွဲ။

ထမင်းပွဲ ခုနစ်ပွဲ စေ့သွားသောအခါ သူတို့ ကျွဲနတ်ကသော အခမ်းအနားမှာလည်း ပြီးဆုံးလေပြီ။ ဤတွင် ဖိုးသူတော်ဘွဲ့ကို ခံယူထားသော သူသည် အပျိုတော် ခုနစ်ဦးထံ အလှူလိုက်ခံရာ အပျိုတော် ခုနစ်ဦးကလည်း သူတို့ ငှက်ပျောပွဲထဲ၌ ရှိသော ပစ္စည်းများအနက် အချို့အဝက်ကို ဖိုးသူတော်အား အသီးသီးပေးလှူလိုက်ကြရ၏။ အပျိုတော် လုပ်သူ မိန်းကလေး ခုနစ်ဦးမှာ ငှက်ပျောပွဲ အတွင်း၌ ရှိသော ပစ္စည်း များကို ပိုင်ဆိုင်၍ ဖိုးသူတော် လုပ်သူကလည်း အပျိုတော်များ ထံမှ အလှူခံ ရရှိသော ပစ္စည်းများကို အပိုင် ရရှိသည်။

နောက် လူတစ်ယောက်က ခွေးယောင်ဆောင်ကာ "ဝူး ဝူး" ဟု ဟောင်ရင်း ဖိုးသူတော်အား လိုက်ကိုက်ရ၏။ ဖိုးသူတော်က ခြေသလုံးကို ခွေးကိုက်မိသွားဟန်ဖြင့် ခြေသလုံးတွင် ကွမ်းစားထုံး အနည်းငယ် သုတ်ပေးလိုက် ရပြီးသည့်နောက် ကိုဒေါင်းစိန်တို့ ပဲခူးမောင်နှံ အလှည့်သည် လုံးဝ ပြီးဆုံးလေပြီ။ ကိုဒေါင်းစိန်တို့ စုံတွဲ ပြီးဆုံးသောအခါ မပြားကြီးနှင့် အငှားလင်တို့၏ အလှည့်ဖြစ်၏။ သို့သော် ကိုဒေါင်းစိန်သည် ရှေ့ရေးကို တွေးကာ ရင်လေးပြီး

စိတ်စက်မကောင်းလှသဖြင့် စောင့်ဆိုင်းကြည့်ရှု မနေတော့ဘဲ သူ့အိမ်ကလေးသို့ ပြန်လာခဲ့၏။

သူသည် သူ့အိမ်ကလေးပေါ်၌ ပက်လက်လှန်အိပ်၍ နဖူးပေါ် လက်တင်ကာ ဆင်ခြင် စဉ်းစား၏။ အတိတ်ကို တွေး၏။ ပစ္စုပ္ပန်ကို ဆင်ခြင်၏။ အနာဂတ်ကို မျှော်မှန်းကြည့်၏။ အတိတ်မှသည် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှတစ်ဆင့် အနာဂတ်ဆီသို့ (ဝါ) မိုးဦးမှသည် မိုးနှောင်းဆီသို့၊ ထိုမှတစ်ဆင့် ရောက် လာမည့် အနာဂတ်ဘဝ သံသရာ ဝဲဂယက်အတွင်းဆီသို့ တွေးခေါ်ဆင်ခြင် မျှော်မှန်း ... ။

သို့သော် ဘာတစ်ခုမှ ကြည်လင်ပြတ်သားစွာ ပေါ်လာခြင်း မရှိဘဲ အားလုံး မှုန်တဝါးဝါးနှင့် ထင်တရေးရေး။ နောက်တော့ အမှောင်ကသာ ပိန်းပိတ်အောင် လွှမ်းခြုံသွားသည်။ သူသည် စိတ်ပျက်စွာဖြင့် သက်မကိုသာ ချလိုက်မိ၍ ဘာကိုမှ တွေးခေါ်ဆင်ခြင် မျှော်မှန်းခြင်း မပြုတော့ဘဲ ဖြစ်သလိုသာ နေသွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သူ ကာလကြာမြင့်စွာက မျှော်မှန်း တောင့်တခဲ့သော အရာများကား ရခဲလှစွာနှင့်ပင် ရရှိပိုင်ဆိုင်နိုင်ခဲ့ပါသော်လည်း၊ ကြာရှည်စွာ လက်ခံ ထိန်းသိမ်းထားခြင်းမပြုနိုင်ဘဲ ချက်ချင်းပင် လက်လွှတ် ဆုံးရှုံးခဲ့ရပြန်သည့်အတွက်၊ နောက် တွင်တော့ ဘာတစ်ခုကိုမှ မျှော်မှန်း တောင့်တခြင်း မပြုတော့ဘဲ ဘဝ၏ ရေစီးကြောင်းတွင် မျက်စိကို စုံမှိတ်၍ အလိုက်သင့် မျှောချလိုက်ရန်သာ ဆုံးဖြတ်လိုက်သည်။ ကျောက်ဆောဆင်နှင့် တိုက်မိပြီး ကြေမွပျက်စီးကာ ဝဲဂယက်အောက်ဝယ် နစ်မြုပ်ပျောက်ကွယ် သွားချင်လည်း သွားပါစေတော့။

ကိုဒေါင်းစိန်ကား အားလျော့လေပြီ။

မှန်သည်။ သူတို့၏ ဘဝ၌ အလင်းရောင်ဟူသည်ကား မှောင်မည်း မည်းတွင် ထ ပြက်လိုက်လျှင် လျှပ်တစ်ပြက်မျှသာ ဖြစ်၍၊ နောက်တွင်တော့ အမည်းနှင့် အမှောင်။ သုခ ဟူသည်မှာလည်း သမုဒ္ဒရာ ရေမျက်နှာထက်

ခဏတက်သည့် ရေပွက်ပမာသာဖြစ်၍၊ နောက်တွင်တော့ ဒုက္ခနှင့် သောက ပရိဒေဝ။ ဤသည်ပင်လျှင် သူတို့၏ ဘဝသံသရာ။

~~~~~~~~~~~~
~~~~~~~~~~~~

# ငါးနောက်သွား

(၁)

ကျွန်တော့်ကို လူတွေက “ငါးနောက်သွား” ဟု ခေါ်ကြပါသည်။ အမှန်စင်စစ် ကျွန်တော် အမည်မှာလည်း ငါးနောက်သွားပင် ဖြစ်ပါသည်။ ကျွန်တော် ရေးကူးရာတွင် အခြားငါးမျိုးများကဲ့သို့ မှောက်လျက်မကူးဘဲ ပက်လက် ကူးပါသည်။ ဤကား အလွန်ပင် ဆန်းနေပါသည်။ အဘယ်သို့သော ဝဋ်ကြွေးကြောင့်များ ကျွန်တော် တို့တစ်တွေသည် အခြားသော ငါးမျိုးများလို မဟုတ်ဘဲ ပက်လက်ကူးခတ်နေရပါသနည်း။ ကျွန်တော် သိချင်လှပါသည်။ ပြီးတော့ ကျွန်တော်အား အဘယ့်ကြောင့် ငါးနောက်သွားဟု လုံးဝ ကဗျာ မဆန်လှသော အမည်ဆိုးကြီးဖြင့် မှည့်ခေါ်ကြပါသလဲဆိုတာကိုလည်း ကျွန်တော်သိလိုပါသည်။

ကျွန်တော် အရွယ်ရောက်၍ ငါးလားမြောက်သည့် အချိန်မှစပြီး ကျွန်တော်သိလိုသော အကြောင်း အချက်များကို မနေမနား လိုက်လံ စုံစမ်းခဲ့ပါသည်။ အခြားသော ငါးမျိုးများ ထံပါးသို့ ချဉ်းကပ်ကာ မေးမြန်း ပါသော်လည်း သူတို့တစ်တွေသည် ကျွန်တော့်အား လှောင်သလို ပြောင်သလိုလုပ်ကာ အဖက်မတန်သလို အဖြေ မပေးကြပါ။ သူတို့၏ လှောင်သလို ပြောင်သလို အမူအရာများကြောင့် ကျွန်တော်လည်း နောက်ထပ် မမေးရဲ တော့ပါ။ ငါးသတ္တဝါချင်း ဖြစ်ပါလျက် အသွင်ကွဲပြား တစ်မူခြားနေသည့် အတွက်ကြောင့် ကျွန်တော့်မှာ စိတ်ဝမ်းများ ငယ်မိပါတော့သည်။

နောက်ဆုံးတွင် ကျွန်တော်သည် ရှေ့မီနောက်မီ သက်ကြီးရွယ်ကြီး ငါးနောက်သွား အဘိုးအိုထံမှ ကျွန်တော် သိလိုသမျှ အကြောင်းအချက်များကို တစ်စမကျန် သိရှိခဲ့ရပါသည်။ သူသည် ကျွန်တော် သိလိုသမျှ အကြောင်းအချက်များကို ပြောပြရာ၌ ကိုယ့်အမျိုးအတွက် ဂုဏ်တက်နေသော မျက်နှာမျိုးဖြင့် ပြောပြခြင်း မဟုတ်ဘဲ၊ သိမ်ငယ်လှသော ကျွန်တော်တို့ မျိုးရိုးအတွက် အရှိတင်ကဲ ဝမ်းပန်းတနည်း အမူအရာ ဖြင့်သာ ပြောပြရှာပါသည်။ သူပြောသမျှ ကြားရသည့် ကျွန်တော့မှာလည်း နားမချမ်းသာတော့။ သြော်... ကြားရ ကြားရ နားဝမှာ မသက်သာပါကလား။

ကျွန်တော် ဤအကြောင်းကို ပြန်ပြောရမှာ ရှက်လှပါသည်။ သို့ပေမဲ့ မပြောဘဲလည်းမနေနိုင်ပါ။ ရင်တွင်း ၌ မသက်မသာ ခံစားနေရသော ဝေဒနာကို အပြင်သို့ ဖွင့်ထုတ်လိုက်မှ သက်သာရာ ရမည်ထင့်။ ဒါကြောင့်မို့ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်စေမည့် ကျွန်တော်တို့ အဖြစ်ဆိုးကိုပင် မရှက်မကြောက် ဖွင့်ထုတ်ဖော်ပြ ရပါမည်။

~~~~~~~~~~~~~
~~~~~~~~~~~~~

(၂)

ကျွန်တော်တို့ ငါးနောက်သွားမျိုးကို သင်တို့ မြင်ဖူးကြပါရဲ့လား။ ရှားပါးလှသော ငါးမျိုးဖြစ်၍ မြင်ဖူးသူ နည်းလိမ့်မည် ထင်ပါသည်။ ကျွန်တော် ပေါ်လွင်သော ဝေါဟာရများနှင့် သရုပ်ဖော်ပြပါမည်။ ကျွန်တော်တို့ ကိုယ်၌ ငါးကြေးခွံ မရှိပါ။ ကြာမရှိသော ရေအိုင်သည် မတင့်တယ်သကဲ့သို့ ငါးကြေးခွံ ကင်းမဲ့သော ကျွန်တော်တို့ ကိုယ်ကာယမှာလည်း တင့်တယ်ခြင်း မရှိလှပါ။ ကျွန်တော်တို့ အသွေးအရောင်မှာ ပြာနမ်းနမ်း မည်းကြုတ်ကြုတ်နှင့် ဘိန်းစားရုပ် ပေါက်နေပါသည်။ ချစ်စရာ ပုပုဝိုင်းဝိုင်းကလေး မဟုတ်ဘဲ ရှည်မြောင်းမြောင်း ကိုယ်ခန္ဓာကြောင့် အန်ချင်စရာ ငါ့ပုံကပဲ ဆိုးရွေ့သလားဟု ဟစ်ဆို လောက်ပါသည်။ သည်ကြားထဲ ရှည်လျားသော နှုတ်ခမ်းမွေးများ ရှိနေပြန်ရာ၊ မလှရသည့်အထဲ ဖြဲပြသလိုဆိုသော စကားလို ဖြစ်နေ ပါသည်။ "နှတ်ပန်းချိ မောင်၊ ရေးကြံဆောင်၊ တူပေါင် ခေါင်းကုတ် ညည်းလေသည်" ဆိုတာ ကျွန်တော် တို့ ရုပ်ပုံမျိုးကို ဆိုလိုတာထင့်။ လှလွန်း ချောလွန်းလို့ မဟုတ်ဘဲ အရုပ်ဆိုး အကျည်းတန်လွန်းလို့ ဖြစ်ပါသည်။

အဲ... ကျွန်တော်တို့ ငါးနောက်သွား ရုပ်ဆင်းအင်္ဂါနဲ့က ဆန့်ကျင်ဘက် ကျအောင် ချောလွန်း လှလွန်း တာကတော့ ငါးသိုင်းမယ်ကလေးပေါ့ ခင်ဗျာ။ ဖြူဖြူဖွေးဖွေး ရေဆေး ငါးလို အသားတော်ကလေးနှင့် တစ်တစ်ရစ်ရစ် ချစ်ချင်စရာ ကိုယ်ခန္ဓာပိုင်ရှင် ဖြစ်ပါသည်။ နီတျာတျာ မျက်လုံးတော်

ကလေးကလည်း ဝိုင်းစက်ကြည်လင်နေပါသည်။ ရေကူးတဲ့ ဟန်ကလေးကိုက ကြော့ကြော့ကလေးနှင့် သွက်လက် ဖျတ်လတ်ပြီး တင့်တယ်လှပါသည်။ တင့်လှပေဟန်၊ ဘက်မရှိတည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကများ လာသလားလို့ စိတ်မှာ မှတ်ထင်ရပါသည်။

အဲဒီလောက်တော့ အရုပ်ဆိုးတဲ့ ကျွန်တော်တို့ ငါးနောက်သွား ဘိုးဘေးဘီဘင်များဟာ အဲဒီလောက် ချောလွန်း လှလွန်းတဲ့ လှထွတ်ခေါင် ငါးသိုင်းမယ် ကလေးကိုမှ ရွေးပြီး ချစ်မိပါသတဲ့။ စက္ခုရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ… စက္ခုနဲ့ ရူပါရုံ တွေ့ဆုံပေါင်းဖက်မိတဲ့ အခါမှာ ရာဂဆိုတဲ့ သားကလေးကို ဖွားမြင့်တတ်မြဲ ဓမ္မတာမို့၊ တင့်လှပေသော ငါးသိုင်းမယ်ကလေးနဲ့ ရူပါရုံနဲ့ ကျွန်တော်တို့ ငါးနောက်သွား ဘိုးဘေး ဘီဘင်များရဲ့ ရင်တွင်းမှာ ချစ်ခြင်းစိတ်ဓာတ် တဖျတ်ဖျတ် ဖြစ်ပေါ်လာတာဟာဖြင့် အဆန်း မဟုတ်ပါ ဘူးနော်။ အပြစ်မတင်ထိုက်ပါဘူးနော်။

ဒါပေမဲ့ လှသလောက် မာနကြီးလှတဲ့၊ အလှဂုဏ်မောက်လှတဲ့ ငါးသိုင်းမယ်ကလေးက တူသလား တန်သလား၊ ကိုယ့်ရုပ်ကိုယ်မှ အားမနာ၊ ရာရာသသ ချစ်စကား ကြိုက်စကား ပြောမှ ပြောရပလေ၊ အုန်းမှုတ်လို အနေအစားက ရွှေဖလားကို တက်လှမ်းလို့ ဖြစ်နိုင်ပါ့မလား၊ ဘော်ငွေနှင့် ခဲမဖြူ၊ ဒါယူနှင့်ကညင်ဆီ၊ ကြေးနီနှင့် မိုးကြိုး၊ ကတိုးနှင့်ကြောင်သို၊ ရှိန်းခိုးနှင့် ဉသျှစ်၊ မြစ်စိန်နှင့် ဖန်စိမ်း၊ တိန်းညက်နှင့် ပိန္နဲ၊ ပုလဲနှင့် ဂေါ်မုဒ်၊ ခပ်ပြာနှင့် ရွှေဝါ၊ ဒုတ္တာနှင့်နီလာ၊ မဟူရာနှင့်မီးသွေး၊ ချင်းရွှေနှင့် ပတ္တမြား၊ ယောက်သွားနှင့် ခရုသင်း၊ တွင်းထွက်နှင့် မန္တာလီ၊ သီရိမြင်သူ၊ သွင်တူယိုးခိုး၊ ဘုန်းကြီးနဲ့ ဘီကမှ နီးချင်နီးဦးမယ်။ ငါသိုင်းနဲ့ ငါးနောက်သွား နီးဖို့ကတော့ ဖြစ်နိုင်ဖို့ဝေးစွ၊ စိတ်တောင်မှ မကူးဘူးလို့ ကက်ကက်လန် ရန်တွေ့ပြီး ပစ်ပစ်ခါခါ ဆိုလိုက်တော့ ကျွန်တတ်တို့ ငါးနောက်သွား ဘိုးဘေးဘီဘင်များဟာ ရှက်ရှက်နဲ့ ပက်လက်လှန် ကူးခတ်ပြီး နောက်ဆုတ်ပြန်ခဲ့ရတဲ့အတွက် ငါးနောက်သွားလို့ အမည်တွင်

ပါသတဲ့။ အဲဒီအချိန်ကစပြီး အခုထိ ကျွန်တော်တို့တစ်တွေဟာလည်း ပက်လက်သာ ကူးခတ်နေရပါ သတဲ့။

ဘယ်လောက်ဆိုးတဲ့ အဖြစ်လဲဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့။ ကျွန်တော်တော့ ရင်ထဲမှာ မသက်မသာ နာလွန်းလို့ အော်ဟစ်ပြီးသာ ငိုလိုက်ချင်တော့...။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၃)

ဟယ် … သို့သော်လည်း ယောက်ျားဘသား ဘာအားငယ်ရမှာလဲ၊ ချောသလောက် အလှဂုဏ်မောက်နေတဲ့ မယ်ပပဟာ နောက်ဆုံးကျတော့ အရုပ်ဆိုးတဲ့ ကုသရဲ့ ခြေရင်းမှာ ပြားပြားဝပ် ခစားရတာပဲ မဟုတ်လား၊ ဘုရားလောင်း သူဖုန်းစား မာတင်္ဂကို မတူမတန်သလို "ထွီ … ထွမ်" နဲ့ တံတွေး ထွေးရက်တဲ့ သူဌေးသမီး ဒိဋ္ဌမင်္ဂလိကာဟာ နောက်ဆုံးတစ်နေ့မှာ "ထတော်မူပါ မောင်တော်" လို့ ဆိုပြီး ယုယုယယ ပွေ့ထူ ပေးခဲ့ရတာပဲ မဟုတ်လား။ ဒီတော့ ကျွန်တော်တို့ ငါးနောက်သွား ဘိုးဘေးဘီဘင်များရဲ့ ကောင်းမှုကြောင့် ကျွန်တော်တို့အပေါ် တင်ရှိနေတဲ့ ရာဇဝင်ကြွေးကို ကုသနဲ့ မာတင်္ဂရဲ့ နလုံးမူပြီး အပြေပေးဆပ်နိုင်အောင် ကျွန်တော်ကြိုးစား မယ်လေ။ တောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးလှေအောက်တဲ့၊ အလှဂုဏ်မောက်နေတဲ့ ငါးသိုင်းမယ်လေးဟာလည်း တစ်နေ့ကျရင် ကျွန်တော် ငါးနောက်သွား အောက်ကို ရောက်ရစေမပေါ့။

ကျွန်တော်လည်း အားငယ်တဲ့စိတ်၊ နိမ့်ကျတဲ့စိတ်တွေကို ပယ်ဖျောက် ပစ်လိုက်ပြီး ငါးသိုင်းမယ်ကလေးများ ပျော်မြူးရာ ဌာနကိုသာ မနေမနား လိုက်လံ စုံစမ်းခဲ့တယ်။ သူကလေးတို့ ကျက်စားတတ်တဲ့ နေရာကတော့ ဧရာဝတီမြစ်ရိုး တစ်လျှောက် ဒိုက်ပင်များ ပေါများရာ ကွင်းပြင်ထဲမှာလို့ စုံစမ်း သိရှိရလေတော့ ကျွန်တော်လည်း ကိုယ်နဲ့နီးစပ်ရာ ကွင်းပြင်ထဲများသာ တဝဲလည်လည် ရှာဖွေ ခဲ့တယ်။

ရှာရကျိုးနပ်ပါပြီ။ တစ်နေ့မှာ ဒိုက်ပင်ကလေးတွေကို ဝိုင်းကိုက်နေတဲ့ ငါးသိုင်းအုပ်ကို ကျွန်တော် တွေ့ခဲ့ရပြီလေ။ ကျွန်တော်လည်း မနီးမဝေးနေရာက ကိုယ်ရောင်ဖျောက်ပြီး တစေ့တစောင်း ချောင်းကြည့်နေခဲ့တယ်။ အချိန်ကတော့ နေမွန်းတည့်အချိန်မို့ တောက်ပတဲ့ နေရောင်အောက်မှာ ကွင်းရေပဟာဖြင့် တဝင်းဝင်း တလက်လက်နဲ့ အရောင်လျှပ်လို့ပေါ့လေ။ ဒါကြောင့်မို့ ဖြူဖြူဖွေးဖွေး ရေဆေးငါး ကိုယ်ကာယပိုင်ရှင် ငါးသိုင်းမယ်ကလေးတွေဟာလည်း နေရောင် ဟပ်ပြီး ဝင်းဝင်းပပနဲ့ အလှကြီး လှနေကြတာပေါ့။ ကျွန်တော်ဖြင့် ကြည့်မဝရှုမဝနဲ့ ရင်ထဲ အသည်းထဲမှာ အေးခနဲ စိမ့်ခနဲ နေအောင် အချစ်နတ် ဖမ်းစားခြင်းကို ခံလိုက်ရတယ်လေ။

သူကလေးတို့ ငါးသိုင်းအုပ်ဟာ ဒိုက်ပင်တစ်ပင်မှ တစ်ပင်သို့ ကူးလိုက် သန်းလိုက်နဲ့ ဖျတ်ဖျတ် လတ်လတ် သွားလာလှုပ်ရှား နေပုံကလေးဟာ ရင်သပ်ရှုမော အံ့ဩလောက်အောင်ကိုပဲ တင့်တယ် လှပါပေတယ်။ ကူးရင်း သန်းရင်းနဲ့ ငါးသိုင်းမယ်ကလေး တစ်ကောင်ဟာ အုပ်ကွဲပြီး ကျွန်တော့်အနီး ရောက်လာပြီလေ။ ဒါဟာ ကျွန်တော့အဖို့ အခွင့်ကောင်းပေါ့။ စောစောက မိုးလား ကဲလား ကြုံးဝါးထားတဲ့ ကျွန်တော်လည်း တကယ်တန်း စွန့်စားရမယ့် အခါကျတော့ ရင်တွေခုန်ပြီး ကြောက်ရွံ့ နောက်တွန့် နေခဲ့တယ်။

ဒီလိုသာ ကြောက်ရွံ့ပြီး နောက်တွန့်နေမယ်ဆိုရင် ကြုံလာတဲ့ အခွင့်ကောင်းဟာ လက်လွတ် သွားတော့ မှာမို့ ကျွန်တော်လည်း ရဲဆေးတင်ပြီး ပုန်းကွယ်နေရာမှာ လွပ်လပ်မြူးထူးစွာ ရေကစားနေရှာတဲ့ ပပဝတီ မင်းသမီး ကလေးဟာ ကြာရွက် ကြားထဲက ဘွားခနဲ ထွက်ပေါ်လာတဲ့ မင်းကုသကို မြင်လိုက်တော့ အလန့်ကြီး လန့်သွားသလို သူကလေးဟာလည်း အသွင်တစ်မျိုးနဲ့ အမြင်ဆိုးလှတဲ့ ကျွန်တော့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ လန့်ဖျပ်ပြီး ကူးပြေးမယ်အကြံ၊ ကျွန်တော်က ကြိုတင်ပြီး သူ့ရှေ့မှ ကာဆီး ထားလိုက်တယ်။ သူကလေးဟာ အပျိုစင် အပျိုရိုင်းကလေးမို့ထင့်၊ ရှက်သွေးရောင်ဖြန်းပြီး

ကတုန်ကယင်ကလေး ဖြစ်နေရှာတယ်။ အတော်ကလေး ကြာတော့မှ ဒေါသသံကလေးနဲ့ "ဘာလာပြီး နှောင့်ယှက် တာလဲ"လို့ ခပ်ထန်ထန်ကလေး မေးလိုက်တယ်။

"နှောင့်ယှက်တယ်လို့ မထင်လိုက်ပါနဲ့ နမလေးရယ်၊ မောင်တို့အဖို့ အင်မတန် အရေးကြီးတဲ့ စကားကို ပြောကြားဖို့ စွန့်စားပြီး လာခဲ့ရပါတယ်။ တစ်ဆိတ်ကလေး ပါးဟက်နဲ့မနှာ အမြီးဖျားနဲ့ နာတော်မူပါ။ နမကလေးများရဲ့ ရက်စက်စွာ ငြင်းပယ်မှုကြောင့် ပက်လက်ကူးခတ်နေရတဲ့ မောင်တို့ရဲ့ အဖြစ်ကို သနားသောအားဖြင့် မောင့်အချစ်ကို လက်ခံပါလား နမလေးရယ်၊ နမကလေးကပါ ဆက်လက်ပြီး ငြင်းပယ်မယ်ဆိုရင် ငါးနောက်သွားဆိုတဲ့ အမည်ဆိုးကြီးနဲ့ ပက်လက်ကူးခတ်နေရတဲ့ မောင်တို့ရဲ့ဝဋ်ဟာ ဘယ်တော့မှ ကျွတ်လွတ်နိုင်မယ် မဟုတ်လို့ သနားချစ်ကလေးတော့ ပြန်ပြီး ချစ်သင့်ပါတယ်" လို့ ကျွန်တော်က အသနားခံလိုက်တယ်။

သူကလေးဟာ ပိုပြီး ဒေါသထွက်လာသလို ပါးဟက်ကလေးကို ဟ၊ နှုတ်ခမ်းတော်ကလေးကိုလည်း ရှေ့သို့ ယွန်းထွက်လာအောင် စူပစ်လိုက်ပြီး "ဟဲ့ ခွေးကျွေးလို့မှ ဝက်မစားတဲ့ နင့်ရုပ်ကိုလည်း နင်ပြန်ကြည့်ပါဦး၊ အမဲရိုးနယ် ဟင်းအိုးမှ အားမနာ၊ ရာရာသသ ငါကဲ့သို့ သူဇာပျို လှယမင်းကို နင့်လို တာတေလံ အရုပ်ဆိုးတဲ့ သရဲသဘက်ရုပ်မျိုးနဲ့ ဟိုဘဝ ဒီဘဝ နောင်ဘဝ ဘယ်ဘဝမှ ရနိုင်မှာ မဟုတ်လို့ တော်တန်တိတ် ထပ်လို့ဖြင့် မဆက်နဲ့၊ နားခါးပါတယ်" လို့ ရင့်သီးစွာ ဆိုလိုက်တယ်။

အရှက် ဆိုတာ ကျွန်တော့်မှာလည်း ရှိပါတယ်။ သည်လို ရင့်ရင့်သီးသီး အဆိုခံရတော့ ကျွန်တော်လည်း ရှက်နာကြီး ဖြစ်မိပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ရှက်ရမ်း ရမ်းတော့မယ်လေ။ အနန္တ မရရင် အကြမ်း ဖက်ပြီး ကြံရမှာပေါ့၊ ပြောနေ ကြာရော့မယ်၊ မာနကြီးလှတဲ့ မိငါးသိုင်းကို ခုမဆိုင်း အရကြံမှာမို့ ရွာစား ... ပတ်ကြမ်း တိုက်လို့ ပို့တော်မူစမ်း။

ကျွန်တော်လည်း စိတ်လိုက်မာန်ပါ ငါးသိုင်းမယ်ကလေးနဲ့ ကိုယ်လုံးချင်း ပူးကပ်သွားသည့်တိုင် ချဉ်းကပ်တော့မည့်အလုပ်၊ ရုတ်တရက် ငါးသိုင်းအုပ်နဲ့ ငါးကြင်းအုပ်ဟာ ကျွန်တော်တို့ အနီးကို ဝန်းရံပြီး ရောက်လာတယ်။ လှပတင့်တယ်တဲ့ ဥဒေါင်းများရဲ့အလယ် မဖွယ်မရာ ရောက်ရှိနေတဲ့ ကျီးသူငယ်လို ကျွန်တော့်မှာလည်း ငါးကြင်း ငါးသိုင်းများရဲ့ အလယ်မှာ မျက်စိသူငယ်နှင့် ရက်ကြောက် အားငယ် နေမိတာပေါ့။

အခုန ငါးသိုင်းမယ် မချောကလေးဟာလည်း ထည်ဝါခံ့ညားစွာ ကြည့်နေကြတဲ့ ငါးကြင်းအုပ်ထဲ ဝင်ရောက်ပြီး ကျွန်တော်အကြောင်းကို တိုင်တန်း ပြောဆိုလိုက်တယ်။ ဒီတော့ ငါးကြင်းတစ်ကောင်က ကျွန်တော့ အနားကို ဆောင့်ကြွားကြွား လာရောက်ပြီး “ဟေ့ကောင်… ငါးသိုင်းမယ်ဟာ ငါးကြင်းမောင်ရဲ့ မူပိုင်လုပ်ပြီး အချစ်ဆိုတာ မသိဘူးလား၊ ငါးကြင်းနဲ့ ငါးသိုင်းဟာ နေနဲ့လ ရွှေနဲ့မြလို ရေ့သွား နောက်လိုက်ညီတဲ့ မောင်နှံစုံ ဖြစ်တယ်ဆိုတာ မင်းမြဲမြဲကြီး မှတ်ထား ပြီး ခု ထွက်သွားလိုက်ပါ၊ ခွေးမသား ဘိန်းစားရုပ် … နောင်တစ်ခါ ဝင်ရှုပ်ရင် နားရင်းအုပ် ခံရမယ်” လို့ တည်တည်ခံ့ခံ့ ဘာကိုမျှ ပမာမခန့်တဲ့ အမူအရာမျိုးနဲ့ ကြိမ်းဝါး လိုက်တယ်။

ကျွန်တော်တော့ သေပစ်ချင်လောက်အောင် ရှက်လည်းရှက်၊ ဝမ်းလည်း နည်းလှတာနှင့် နောင်တော့် နောင်တော် ငါးနောက်သွားများလိုပဲ ပက်လက် ကလေး ကူးခတ်ပြီး နောက်ဆုတ်ပြန်ခဲ့ရပြီလေ။

ခြော် … စိမ်းရက်ပေ့ ငါးသိုင်းမေရယ်၊ မောင့်ကို သေစေ… ညွှန်း … ညွှန်း … ညွှန်းရော့… သလား။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၄)

ကျွန်တော့်မှာ မျှော်လင့်ချက် လုံးဝ ကင်းမဲ့ခဲ့ပြီ။ ငါးပြည်မှာ အသက်ရှင်နေလို့လည်း မကောင်းတော့ပါ။ သည်မျှလောက် အောက်တန်းကျလှတဲ့ ငါးနောက်သွားဘဝကို ဇာတ်သိမ်းပစ်လိုက်ဖို့ ကောင်းနေပါပြီ။ ဒါပေမဲ့ သေကံမရောက်သေးတော့ ကျွန်တော်တို့ အသက်ဟာလည်း မပျောက်သေးပါ။

အခုတော့ ကျွန်တော်တို့ရဲ့ အရှက်တကွဲ အကျိုးနည်း ဇာတ်လမ်းကို လူတွေတောင် သိကုန်ပါပြီ။ စာဆိုတော်ကြီးတွေကလည်း မနေနိုင် မထိုင်နိုင်၊ အားတိုင်း ယားတိုင်း လက်ကမြင်းပြီး ကျွန်တော်တို့ကို လှောင်ပြောင်သရော်ခဲ့ကြပါတယ်။ မယုံမရှိကြပါနှင့်၊ ဘကြီးတော် သို့မဟုတ် ရွှေဘိုမင်းလက်ထက်မှာ ရေးတဲ့ စာဆိုတော် ဦးလွမ်းပြေရဲ့ "တောင်သမန်အင်းဘွဲ့ လိုင်းကြက်ခွပ်ကြိုး" ကိုသာ အောက်မှာ တစ်ဆိတ် ကလေး ဖတ်ကြည့်ကြပါတော့။

"မင်းလွင်မင်းလွင် မိုင်းအုံ့၊ လေပြေလေညင်း သုံ့ပါလို့လေး၊ ကဆုန်နယုန် သည်ချိန်ခါ၊ ပြည်ကြီးညာလက်ျာ၊ သောင်းယူဇနာကျယ်ဝန်း၊ တောင်သမန် တည့်အင်း၊ မြစ်ချင်းမြစ်ချင်း ငါးဟင်းငန်၊ လှိုင်းတဲ့လှိုင်းသောင်လျှံ၊ ငါးတန် ငါးတန်၊ ငါးခုံးမ၊ ငါးလူးသမီး၊ ငါးလဲကြီးငယ်ကို၊ ဇနီးမတော်ရတည့်လေး၊ မှင်စ ငယ်လေ များလျား၊ ငါးနောက် ငါနောက်သွား၊ ကမ်းနားခိုမှု ပြိုကြလေ၊ ထမြူလေ မှန်တိုင်း၊ တံပိုးပင်လယ်လှိုင်း၊ အပြိုင်ပြိုင်၊ ဂလိုင်ညီညွတ်၊ လှိုင်းပင်

လှိုင်းကြက်ခွပ်ကယ်နှင့်လေး၊ လေနတ်ကယ် ရွှင်ပျော်မြူးလို့လေ၊ ခွေညွှတ်ကယ် မြင်သူမူးမျှလေ … ထူးထွေလာလေတည့် ထူးထွေလာ”

ကဲ … ကောင်းနိုင်ကြသေးရဲ့လား ဗျာတို့။ “ငါးလူးသမီး၊ ငါးလဲကြီးငယ်ကို၊ ဇနီးမတော်ရတည့်လေး၊ မှင်စငယ်လေ များလျား၊ ငါးနောက် ငါးနောက်သွား”ညတဲ့။ ဒါဟာ ကျွန်တော်တို့ကို တိုက်ရိုက်လှောင်လိုက်တဲ့ အပိုဒ်ပေ့ါ ခင်ဗျ။ ငါးလူးငါးလဲ ဆိုတာ အထက်အညာသုံး ဝေါဟာရပါပဲ။ အောက်အရပ်မှာတော့ ငါးလူးကို ငါးကြင်းစောက်လို့ ခေါ်ပါတယ်။ ငါးလဲကို ငါးသိုင်းပေါက်လို့ ခေါ်ပါတယ်။ ဒီတော့ “ငါးလူးသမီး၊ ငါးလဲကြီးငယ်ကို၊ ဇနီးမတော်ရတည့်လေး၊ မှင်စငယ်လေ များလျား၊ ငါးနောက် ငါးနောက်သွားရဲ့”ဆိုတာ ငါးသိုင်းမယ် ကလေးကို ဇနီးမတော်လိုကရတဲ့ ကျွန်တော်တို့ ငါးနောက်သွားရဲ့ အဖြစ်ဆိုးကို လှောင်ပြောင် ထားတဲ့ စာပိုဒ်ဖြစ်ကြောင်း ထင်ရှားမနေပေဘူလား။ ဩော် … လှောင်ရက်မေ့ ဦးလွမ်းပြေရယ်။

“ငါးလူးသမီး၊ ငါးလဲကြီးငယ်ကို၊ ဇနီးမတော်ရတည့်လေး၊ မှင်စငယ်လေများလျား၊ ငါးနောက် ငါးနောက်သွား”တဲ့။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

# ဘိန်းပုန်းစား

(၁)

"အောက် ... အီး ... အီး ... အွတ်"

ကိုဒေါင်းစိန်၏ အိမ်မှ ကြက်ဖကြီးကား တောင်ပံကို တဖျတ်ဖျတ် ရိုက်ကာ တွန်ကျူးလိုက်၏။ တွန်သံ ကြားလျှင် သံယောင်လိုက်၍ တွန်တတ်သည်မှာ ကြက်ဖကြီးများ၏ သဘာဝဖြစ်၏။ ကိုဒေါင်းစိန်အိမ်မှ ကြက်ဖကြီး တွန်၍မှ အသံမဆိတ်သေးမီ ကိုဖိုးကွန့်၏ ပြာမီးခိုးရောင် တိုက်ကြက်ဖကြီးက ညံစာစာ တွန်လိုက်ပြန်၏။ တစ်ဆက်တည်းတွင် ကိုလူမောင်၏ ကြက်ဖကြီးက လည်း အားကျမခံ တုံ့ပြန် တွန်ကျူး လိုက်၏။

"ကြက်ဦးတွန်"

မရှေးမနှောင်းမှာပင် ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံက မြည်ဟည်းလာပြန်၏။ ချက်မှန်မှန် မြည်ဟည်း နေရာမှ တစ်စထက်တစ်စ မြန်၍ မြန်၍ တက်လာကာ တစ်ဖန် တဖြည်းဖြည်း နှေး၍ နှေး၍ သွားသလို၊ အသံမှာလည်း မြင့်၍မြင့်၍ တက်လာရာမှ နိမ့်၍နိမ့်၍ဆင်း လာကာ ဝေး၍ဝေး၍ ပျောက်သွား၏။ ရွာတွင်းမှ ခွေးအပေါင်းကား ကြေကွဲလွမ်းဆွတ်ဖွယ် ကောင်းလှသော လွမ်းချင်းတစ်ပုဒ်ကို သံရှည်ဆွဲ၍ အူနေ လိုက်ကြ၏။

"အူ ... -ဝူး ... ဝူး"

အဘိုးအို အမယ်အိုများ၏ လေးတွဲ့တွဲ့ ချောင်းဟန့်သံများ ပေါ်လာပြန်၏။ "ဘုရား ... ဘုရား ... ဘုရား" ဟု တုန်တုန်ယင်ယင် ရှိလှသော အသံဖြင့်

မြတ်ဘုရားကို တသ လိုက်သော အသံများကလည်း နောက်ဆက်တွဲ ပါလာ၏။ သည့်နောက်တော့ ဘုရားရှိခိုးသံ၊ ကြေးစည်သံ။

မယ်စိန်သည် အိပ်ရာထက်မှ လူးလဲထကာ ပြေကျနေသော ထဘီကို ပြင်ဝတ်လိုက်၏။ မီးခြစ်ကို လက်ဖြင့် စမ်းကာစမ်းကာ ရှာဖွေ၍ မီးခွက်ကို ထွန်းညှိလိုက်ကာ ထိုမီးခွက် အလင်းရောင်ဖြင့်ပင် ကိုဒေါင်းစိန်အား လှမ်းကြည့် လိုက်၏။ ကိုဒေါင်းစိန်ကတော့ တခေါခေါဟောက်ကာ အိပ်မောကျနေပါကလား။ မယ်စိန်သည် ကာလနဂါး၏ စံချိန်ကို ချိုးနေသော သူ့လင်တော်မောင် ကိုဒေါင်းစိန်အား မျက်စောင်းတစ်ချက် ပစ်ထိုးလိုက်မိ၏။ ယခုတလော သည် ကာလနာကောင်သည် အလုပ်ကို တယ်ဂရုမစိုက်တော့။

ဟိုတုန်းကလို စိတ်အားထက်သန်မှု မရှိတော့။ နိုးနိုးကြားကြား ထထကြွကြွ မရှိတော့။ သံပတ် ပေးထားသော စက်ရုပ်လိုသာ အဓိပ္ပာယ် ကင်းမဲ့စွာ လှုပ်ရှားတတ်၏။ အလုပ်တွင် နိုးနိုးကြားကြား ထထကြွကြွ မရှိတော့ သလောက် သူမအပေါ်တွင်မူကား ဟိုတုန်းဟိုတုန်းကထက် ပိုမို၍ နိုးနိုးကြားကြား ထထကြွကြွ ရှိနေ၏။ အလုပ်မှ ခွာမှန်းမသိ ခွာလာသလောက် သူမအပါးသို့ ကပ်မှန်းမသိ ကပ်လာ၏။ ညအိပ်ရာ ဝင်တုန်းကလည်း အိမ်ထောင်ဦး ဘဝတုန်းကလောက်ပင် နိုးနိုးကြားကြား ထထကြွကြွ ရှိလှသဖြင့် သူမက စိတ်မရှည် နိုင်တော့ဘဲ” ဟဲ့ သေနာကောင်၊ မနက်စောစော ငါးမျှားတန် သွားသိမ်းရဦးမှာ၊ စောစော အိပ်ပါတော့လား။

“ငါ ချက်ချင်းသေသွားဦးမှာမှ မဟုတ်ဘဲ၊ ဒါလောက်တောင် အလောသုံးဆယ် လောဘတကြီး ရိကွာ ယူနေရသလား” ဟု မာန်မဲလိုက်သည့် တိုင် မအိပ်သေးဘဲ နားပူနားဆာ လုပ်နေသဖြင့်၊ သူမမှာ ကိုဒေါင်းစိန်၏ အလိုကို အိပ်ပျော်တစ်ခါ နိုးလာတစ်လှည့်ဖြင့် လိုက်လျောနေရ၏။ နောက်ဆုံး ကိုဒေါင်းစိန် ဘယ်အချိန် အိပ်စက်သွားသည် ဆိုတာကိုပင် သူမ မသိလိုက်။ ကိုဒေါင်းစိန်

နီးနီးကြားကြား ထထကြွကြွ ရှိနေသည့် အချိန်၌ပင် သူမက ထိုင်းမှိုင်း နွမ်းနယ်လာကာ အိပ်ပျော်သွားမိ၏။

ဟိုတုန်းကဆိုလျှင် အလုပ်ကို စိတ်စွဲလမ်းနေသဖြင့် မည်သူမျှ နှိုးလွှတ်ရန် မလိုဘဲ အလိုအလျောက် အစောကြီး နိုးကာ ထသွားတတ်၏။ အလုပ်ကို စွဲလမ်းလွန်း၍ သူမအပေါ်၌ ပေါ့ပျက်ပျက်ဖြစ်နေကာ သူမနှင့် ဆက်ဆံရာမှာပင် စိတ်ပါလက်ပါ မရှိလှဘဲ ပြီးစလွယ် ဆက်ဆံတတ်၏။ ယခုတလော သူမနှင့် ဆက်ဆံ ရာတွင်မူ စိတ်ပါ လက်ပါ ရှိလွန်းလှ၍ အမြဲပင် ညဉ့်နက်သောကြောင့် သူမက အမြဲတစေ နှိုးလွှတ်နေရ၏။ အလုပ်သွား ခါနီးတိုင်း ပေကပ်ကပ် လုပ်နေတတ်သဖြင့် ကြိမ်ထူသော နွားကို မောင်းရသလို အလုပ်ရှိရာသို့ အတင်းအကျပ် မောင်းနှင်လွှတ်နေရ၏။ ယခုလည်း ကြည့်ပါဦးတော့။ ညက တစ်ညလုံး ရိကွာယူ လိုက်ရလို့ အိပ်ပျက်ကာ အတော်ကလေး မောပန်းသွားရော့ထင့်။ ယခုတိုင် မနိုးသေးဘဲ ကုလားသေ ကုလားမော အိပ်နေသည်။ မနိုးဘဲနှင့်တော့ ထမှာ မဟုတ်။

"ဒေါင်းစိန် ... ဟဲ့ ဒေါင်းစိန်၊ ထတော့၊ အရုဏ်တောင် လာနေပြီ"

သူမသည် ကိုဒေါင်းစိန်၏ သလုံးသားကို ဆွဲလှုပ်ကာ နှိုးလိုက်၏။ သို့သော် ကိုဒေါင်းစိန်ကား မနိုး၊ လက်ဝဲဘက် နံစောင်းမှ လက်ယာဘက် နံစောင်းသို့ ပြောင်းကာ အိပ်လိုက်၏။ ပြီးတော့ တခေါခေါနှင့် ဟောက်မြဲ။ သူမက စိတ်မရှည်။ "ဒေါင်းစိန် ... ဟဲ့ ကာလနာရဲ့ ထပါတော့လား။ တော်ကြာ မိုးလင်း နေရင်တော့ ငါးမျှားတန်းတွေကိုတော့ ယောက်ဖ အင်းသားကြီး သိမ်းသွားလိမ့်မယ်" သူမသည် ကိုဒေါင်းစိန်၏ ပခုံးကို တအားကိုင်လှုပ်နှိုးပြန်၏။ သို့သော် ကိုဒေါင်းစိန်ကား "အင်၊ အာ" နှင့် လုပ်နေရာမှ ပက်လက်လန် လိုက်ပြန်ကာ တခေါခေါ ဟောက်နေပြန်၏။

သူမက ဒေါသကို မချုပ်တည်းနိုင်တော့။ "ဟဲ့ ကာလနာရဲ့၊ ထဟဲ့ ထဟဲ့ ထဟဲ့" သူမသည် နှုတ်ဖြင့် နိုးရုံနှင့် အားမရဘဲ ကိုဒေါင်းစိန်၏ ရင်ဘတ်ကြီးအား လက်နှစ်ဖက်ဖြင့် စုံထုတော့၏။ သည်တော့မှ ကိုယ်တော်ချော မျက်စိ ပွင့်လာကာ "အာ စောပါသေးတယ်ကွာ" ဟု အိပ်ချင်မူးထူး အသံဖြင့် ဗလုံး ဗထွေးပြောကာ မျက်စိကို ပြန်မှိတ်လိုက်၏။ သို့သော် မယ်စိန်က အိပ်ခွင့်မပြုဘဲ အတင်းဆွဲထူလိုက် သဖြင့် ကိုဒေါင်းစိန်မှာ မထချင် ထချင်နှင့် ထလိုက်ရတော့ကာ၊ မျက်နှာသွား သစ်ပြီး ညတုန်းက ကွင်းထဲ၌ သူ ချပစ်ခဲ့သော ငါးမျှားတန်းကို သွားသိမ်းရန် လှေငယ်တက်စင်းကို ပြင်ဆင်နေရတော့သည်။

~~~~~~~~~~~~
~~~~~~~~~~~~

(၂)

ကိုဒေါင်းစိန်တို့ အိမ်ခေါင်းရင်းရှိ သရက်ပင်ပျိုပေါ်မှ သပိတ်လွယ်ငှက်ကလေးသည် သာယာသော တေးဂီတဖြင့် မိုးသောက်ရောင်ခြည်ကို ကြိုဆိုနေလေပြီ။ ရွာတွင်းမှ ကြက်အပေါင်းကလည်း မိုးသောက်ကဗျာကို ခွန်းဆင့်သီပြိုင် မြိုင်မြိုင်ကြီး တွန်ကျူးနေကြပေပြီ။ ကျီးများကလည်း တအားအားအော်မြည်ကာ မိုးသောက် ရောင်ခြည် လာတော့မည်ဖြစ်ကြောင်း ကြွေးကြော်နေကြပေပြီ။ ကိုဒေါင်းစိန်သည် လှေငယ်တက်စင်းကို ပြင်ဆင် ပြီးပြီဖြစ်၍ လှေကိုကမ်းစပ်မှခွာကာ ခပ်သုတ်သုတ် လှော်ခတ်လာခဲ့သည်။ သူ့အမူအရာမှာ အလုပ်ဆင်း နောက်ကျသူပမာ ရေးကြီးသုတ်ပျာ ပျာကယာ ဖြစ်နေလေသည်။ ငါးမျှားတန်းမှာ အင်းသားကြီးပိုင် ကွင်းထဲတွင် ညဘက်၌ တိတ်တဆိတ်သွားချထားရ၍ လူရော ကျီးရော မနိုးမီ နံနက် စောစောကြီး ထကာ သွားရောက်ရုပ်သိမ်းရသည်။

နေမြင့်၍ မိုးလင်းနေပါက အင်းသားကြီးနှင့်တွေ့ပြီး ကိစ္စများတတ်သည်။ ယခု သူသည် အိပ်ရာထ နောက်ကျ နေ၍ မိုးစင်စင်လင်းလုပြီ ဖြစ်သောကြောင့် သူ့အမူအရာမှာ ရေးကြီးသုတ်ပျာ ပျာကယာ ဖြစ်နေရသည်။ ဆောင်းဦးသို့ ရောက်လာပြီမို့ ရေမျက်နှာပြင်ပေါ်ဝယ် မြူနှင်းကလေးများမှာ ဟိုတစ်စ သည်တစ်စ ပျံ့ဝဲနေသည်။ ဆောင်းရာသီ၏ အအေးဓာတ်ကလည်း ဤ

ကမ္ဘာလောကသို့ ချဉ်းနင်းဝင်ရောက်စ ပြုပါပြီ။ သို့ပေမဲ့ ကိုဒေါင်းစိန်ကတော့ အေးလို့မှ အေးမှန်းမသိပါ။ သူ့နဖူးပြင်ဝယ် ချွေးကလေးပင် စို့နေပါသည်။

ရောက်ချင်ဇောဖြင့် လှေကို တက်သုတ်ရိုက်ကာမှပင် သူသည် သူ့မိတ်ဆွေ ကိုလူမောင်ကို ရုတ်တရက် သတိရမိ၏။ ယခင်ဆိုလျှင် ဘယ်ကိုသွားသွား သူနှင့် ကိုလူမောင် ပါမြဲဖြစ်သည်။ ယခု တလော အလုပ်ကို စိတ်ပျက် လွှန်းလှ၍ အလုပ်အကြောင်း တိုင်ပင်ဆွေးနွေးမှု မရှိကြ။ သွားလာ လုပ်ကိုင်ရာတွင်လည်း တကွဲတပြား ဖြစ်နေသည်။ ယခုတလော ကိုလူမောင်ကိုလည်း အတွေ့အမြင်ရနည်းသည်။ သူက အလုပ်ကို ခွာကာ မယ်စိန်အပါးသို့ ကပ်မှန်းမသိ ကပ်နေသလို ကိုလူမောင်လည်း အလုပ်ကို ခွာပြီး ဘယ်ချောင်ကိုများ ချဉ်းကပ် နေပါလိမ့်။

သူ၏ မျက်စိထဲတွင် ကိုလူမောင်၏ ရုပ်ပုံလွှာသည် ထင်းထင်းကြီး ပေါ်လာသည်။ ဟိုတုန်းကလို အာဝဇ္ဇန်း ရွှင်ရွှင်ဖြင့် သွက်လက် ဖျတ်လတ်ခြင်းမရှိဘဲ စကားနည်း၍ ထိုင်းမှိုင်းငိုက်မျဉ်းနေတတ်သော ကိုလူမောင်။ စိုစိုပြည်ပြည် ရှိသော သူ့အသားအရေမှာ ယခုတလော မွဲခြောက်ခြောက် ဖြစ်နေသည်။ သူ့နှုတ်ခမ်းအစုံမှာ မည်းပြာနေ၍ သူ့မျက်လုံးများမှာ မှိန်ဖျော့နေသည်။ ကျယ်လောင်သော စကားပြောသံနှင့် ကျယ်လောင်သော အသံဗလံများကို နားမခံနိုင်ဘဲ လန့်ဖျပ်သွားတတ်သည်။ လူစုလူဝေးကို ကွင်းရှောင်ကာ ချောင်ကောင်းကောင်းတွင် တစ်ယောက်တည်း ငိုက်မျဉ်း နေတတ်သည်။ တန်တော့၊ ကိုလူမောင် တစ်ယောက် မရိုးဘူးထင်တယ်။ ဓကန္တ အောင်သိန်းရဲ့ ဘိန်းဆိုင်ကို ချဉ်းကပ်နေတာ ဖြစ်သည်။

သည်အတွေးက သူ့ကို ချောက်လှန့်လိုက်၍ သူ ထိတ်လန့်သွားသည် ဟိုတုန်းက သည်လို မတွေးမိသည်မှာ အံ့သြစရာကောင်းလှသည်။ စောစောကသာ ဒီလိုတွေးမိရင် ကိုလူမောင်ရဲ့ အရိပ် အခြည်ကို အကဲခတ် ကြည့်ရှုပြီး မိတ်ဆွေကောင်း ပီသစွာ သတိပေးတန် ပေးလိုက်ရရဲ့။ ဒါပေမဲ့

ငါတွေးသလို ဟုတ်ချင်မှ ဟုတ်မှာပါလေ။ ကိုလူမောင်ဟာ ဒါလောက်တောင် မိုက်မဲတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ သူသည် သူ့စိတ်ကို ကြံဖန်၍ နှစ်သိမ့်လိုက်သည်။ ယခုလို အဖော်မပါဘဲ တစ်ယောက်တည်း သွားလာ လုပ်ကိုင်ရသည်မှာ ပျင်းစရာကြီးပါတကား။ သူသည် တစ်ချက်မျှ ပျင်းရိစွာ သမ်းဝေလိုက်ပြီးနောက် လှော်တက်ကို ခပ်သွက်သွက် ခပ်ပြင်းပြင်းကလေး လှော်ပေးလိုက်ရာ မကြာမီပင် သူ ငါးမျှားတန်း ချရာနေရာသို့ ရောက်ခဲ့တော့၏။

လင်းရောင်ခြည်ကလေးကား ဖြာဆင်းနေလေပြီ။ မှိုင်းမှုန်နေသော ရှုခင်းမှာလည် တဖြည်းဖြည်းနှင့် ကြည်လင်လာကာ အလင်းဘက်သို့ ကူးမှန်းမသိ ကူးပြောင်းစ ပြုလာလေသည်။ ရွာဘက်ဆီမှ ပျံ့လွင့် ထွက်လာသော ခွေးဟောင်သံနှင့် လူသံ အစအနကလေးများကိုပင် ကြားနေရသည်။ မိုးစင် စင်လင်းတော့ မှာပါကလား။ သူ လေးကန်ဖင့်နွဲ့နေ၍မဖြစ်။ သူသည် ကျင်လည် သွက်လက်စွာပင် လှေထဲမှ ဝါးလုံးချိတ်ကို လှမ်းယူ လိုက်သည်။ အတော်ကလေး ရှည်လျားသော ဝါးလုံးတစ်ချောင်း၏ ထိပ်တွင် ကွေးကောက် ထားသော သံချောင်းချိတ်ကို တပ်ဆင်ထားသည်။

သည်ဝါးလုံးချိတ်ဖြင့် ရေအောက်၌ ရှိနေသော သူ့ငါးမျှားတန်းကို စမ်းသပ်ရှာဖွေရသည်။ ရေထဲဆင်းငုပ်ပြီး စမ်းသပ် ရှာဖွေရလျှင် စောစောစီးစီး ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေမှာပေါ့။ သူသည် သံချောင်းချိတ် တပ်ထားသော ဝါးလုံးချိတ်ကို ရေအောက်မြေကြီးကို ထိကပ်သွားအောင် ထိုးစိုက်လိုက်ပြီးနောက် ဟိုဟို သည်သည် ဝှေ့ယမ်းစမ်းသပ်ရင်း တစ်စုံတစ်ခုကို ချိတ်မိရန် စိတ်အား ထက်သန်စွာ မျှော်လင့်နေ၏။ ငါးမျှားတန်းမှာ ၂၅ ကိုက်ခန့် ရှည်လျားသော အုန်းဆံကြိုးတစ်ချောင်းတွင် တစ်တောင်ခန့် ရှည်သော ငါးမျှားကြိုး ၂၅ ချောင်းကို တစ်တောင်ကွာစီတွင် တပ်ချည်ထားကာ ရေအောက်မြေကြီး၌ တစ်ဖက် တစ်ချက် ထိုးစိုက်ထားသော ဝါးလုံးတိုင် နှစ်တိုင်တွင် အုန်းဆံကြိုး အစနှစ်ဖက်ကို ချည်နှောင်ထား၏။

သို့သော် ရှည်လျားသော အုန်းဆံကြိုးမှာ တင်းတောင့်မနေဘဲ မြေကြီး၌ ပုံကျ နေတတ်သည်ဖြစ်ရာ ထိုအုန်းဆံကြိုး၌ တပ်ချည်ထားသော ငါးမျှားကြိုးများရှိ ငါးမျှားမှ ငါးစာမှာ ပုပ်ပွ၍ ရေအောက်မြေကြီးနှင့် တစ်တောင်ခန့် ပေါ်တက်နေသည့်အခါတွင် ငါးရံ့များက ထိုးဟပ် တတ်သည်။ ယခု သူသည် ဤ အုန်းဆံကြိုး ကို ချိတ်မိရန် စမ်းသပ်ရှာဖွေနေရခြင်းဖြစ်သည်။

တော်တော်နှင့် စမ်းသပ်ရှာဖွေ၍ မတွေ့ရသည့်ကြားထဲ ခြင်တွေက ကိုက်လှသဖြင့် တဖတ်ဖတ် ရိုက်နေရသည်မှာ ကြာတော့ စိတ်များပင် တိုလာမိသည်။ သူသည် ဒေါသထွက်ထွက်ဖြင့် ဝါးလုံးချိတ်ကို ခပ်ကြမ်းကြမ်း ဝှေ့ယမ်းလိုက်ရ တစ်စုံတစ်ခုကို ချိတ်မိသလို ဝါးလုံးချိတ်မှာ အရှိန်တန့်ရပ်သွားသည်။ အား ... ငါးမျှားတန်း ကို ချိတ်မိပြီလေ။ ချိတ်မိထားသော ငါးမျှားတန်း ပြန်၍ လွတ်ကျသွားမည် စိုးသည့်အတွက် သူသည် ညင်ညင်သာသာဖြင့် သတိထားကာ ဆွဲတင်လာသည်။

အုန်းဆံကြိုးမှာလည်း တင်းခံမနေဘဲ ညွတ်ကွေးပြီး ပါလာသည်။ အုန်းဆံကြိုးရေမှ ကုန်းပြင် ပေါ်အရောက်တွင် သူသည် အုန်းဆံကြိုးကို လှမ်းကိုင်ကာ ဝါးလုံးချိတ်ကို လေထဲသို့ လွှတ်ချ လိုက်၏။ နောက် အုန်းဆံကြိုး အောက်၌ တွဲလောင်းကလေးတွေ ဖြစ်နေသော ငါးမျှားကြိုးများကို တစ်ချောင်းပြီး တစ်ချောင်းဆွဲဖော်ကာ မိသော ငါးများကို လိုက်ဖြုတ်၏။ အချို့ ငါးမျှား၌ ငါးရံ့ကြီးတွေ မိနေ၏။ အချို့ ငါးမျှားများ မှာတော့ မြွေပတုံ့တွေ မိနေကာ၊ အနည်းငယ်မျှသော ငါးမျှားများမှာ မှ ဘာငါးမှ မမိဘဲ ချိတ်ထားသော ငါးစာလေးသာ ပါလာ၏။

ငါးရံ့ကြီးများ မိထားသော ငါးမျှားကို တွေ့မြင်ရလျှင် သူ ဝမ်းသာအယ်လဲ ဖြစ်ရသလောက် ဗလာဖြစ်နေသော ငါးမျှားကို တွေ့ရသည့်အခါတွင်မူ ဝမ်းနည်းပက်လက် ဖြစ်သွားရကာ၊ မြွေပတုံ့ကို မိနေသော ငါးမျှားကို မြင်လိုက်ရသည့် အခါတွင်ကား စိတ်ဆိုးမာန်ဆိုးနှင့် တအားဆွဲဖြုတ်ကာ

အဝေးသို့ ဒေါ်သတကြီး လွှင့်ပစ်လိုက်၏။ ငါးမျှားကြိုး ၂၅ ချောင်းလုံးဖြုတ်ပြီး၍ သူ့လှေထဲ ကြည့်လိုက်ရာ ငါးရံ့ခြောက်ကောင်လောက်သာ တွေ့မြင်ရ၏။ သို့သော် ရှိစေတော့။ အခြားနေရာ သုံးနေရာ၌ သူ ငါးမျှားတန်း သုံးတန်း၊ ငါးမျှားကြိုး ၇၅ ချောင်း ရှိနေသေးသည်။

သူသည် တစ်နေရာမှ တစ်နေရာသို့ ကူးကာ သူ့ ငါးမျှားတန်းများရှိ ငါးမျှားကြိုးအားလုံး စုံစုံစေ့စေ့ လိုက်ဖြုတ် ပြီးနောက် လှေဝမ်းထဲမှ ငါးရံ့များကို ရေတွက်ကြည့်ရာ အကောင်နှစ်ဆယ်တိတိ ရှိ၏။ ဒါလောက် ဆိုရင်လည်း တော်လောက်ပါပြီလေ။ ကံပေးသမျှပေါ့။

သူသည် ငါးမျှားတန်းများကို ရေအောက် ပြန်ချပစ်ခဲ့ပြီး ရွာဘက်သို့ ခပ်သုတ်သုတ် လှော်ပြန်လာခဲ့ သည့်အခါ၌ကား မိုးစင်စင်လင်းနေပါပြီ။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

## (၃)

"ဘယ့်နှယ်လဲ ငါး တော်တော် ဟပ်ရဲ့လား၊ မိုးလင်းနေလို့ ကျုပ်ဖြင့် အင်းသားကြီးနဲ့များ တွေ့နေ မလားလို့ တထိတ်ထိတ်နဲ့ တွေးပူလိုက်ရတာတော်။ အခုမှ ဟင်းချလိုက်ရတော့တာပဲ"

သူ ပြန်လာမည့်လမ်းကို ကမ်းနဖူးမှ ထိုင်ကာ စောင့်မျှော်နေသော မယ်စိန်က သူ့လှေ ကမ်းမဆိုက်မီပင် ဟစ်မေးလိုက်၏။ သူက တစ်ခွန်းတစ်ပါဒမျှ ပြန်ကြားခြင်း မပြုဘဲ၊ လှေ ကမ်းသို့ ဆိုက်သည့် အခါတွင်မှ လှေကပ် ကိုဖွင့်၍ လှေကပ်အောက်ရှိ ငါးရံ့များကို ပြလိုက်၏။ ငါ ပြောစရာ မလိုဘူးလေ၊ မင်းဟာ မင်း ကြည့်ပေါ့ ဟူသော သဘောမျိုးဖြင့် ခပ်ကြွားကြွား လုပ်ပြလိုက်ခြင်းဖြစ်၏။

"ငါးမျှားတစ်ရာကို ဒါလောက် ရတယ်ဆိုရင်လည်း တော်လောက် ပါပြီလေ၊ ငါးမျှားတစ်ရာကို တစ်ရာလုံး အစေ့သာ ငါးမိမယ်ဆိုရင်တော့ မယ်စိန်တို့ ခုလောက်ရှိ ဇောတိက ဖြစ်နေရော့ပေါ့"

မယ်စိန်သည် ပြောပြောဆိုဆိုပင် တောင်းတစ်လုံးကို ဆွဲဆင်းလာကာ လှေထဲမှ ငါးတွေကို တောင်းထဲသို့ ထည့်ပြီးနောက် အိမ်ပေါ်သို့ သယ်တင်သွား၏။ ကိုဒေါင်းစိန်ကလည်း လှော်တက်နှင့် ဝါးလုံးချိတ်ကို ကိုင်ဆွဲကာ မယ်စိန်နောက်မှ တက်လိုက်သွား၏။

အိမ်ပေါ် အရောက်တွင် မယ်စိန်သည် ဆိုင်းငံ့မနေဘဲ စဉ်းတီတုံးနှင့် ဓားမကို ယူထုတ်ခဲ့ကာ ငါးရံ့များကို အကြေးထိုး၊ ခေါင်းဖြတ်၊ ကျောမှနေ၍ ဓားနှင့်ခွဲ၊ ငါးရံ့ဆီထုတ်၊ ဓားနှင့်ပေါက်၍ အမြှောင်းလုပ်နေ၏။ ကျင့်သား ရ၍ ကျင်လည်နေပြီ ဖြစ်သောကြောင့် တစ်ခဏအတွင်းမှာပင် ငါးရံ့ အကောင်များမှာ ခွဲပြီးသား ငါးရံ့ အဖြစ်သို့ ရောက်ရှိသွားသည်။

"ဟောဒီလို ရေသေ ငါးရံ့မျိုးဟာ ငါးရံ့ခြောက် ခွဲလှန်းလို့ ဘယ်တော့မှ မကောင်းဘူး။ အသွေး အရောင် နီရဲ မနေဘဲ လူသေမျက်နှာလို ဖြူဖပ်ဖြူရော်ချည်း ဖြစ်နေတာပဲ။ လာဝယ်တဲ့ ကုန်သည်တွေက ဒါမျိုးကို မကြိုက်ဘူးတော့"

မယ်စိန်သည် ကိုယ်ကာကာသာ အလုပ်လုပ်ရင်း လှုပ်ရှားနေသည် မဟုတ်။ ပါးစပ်မှလည်း အငြိမ် မနေဘဲ ခြေပစ်လက်ပစ် လဲလျောင်းနေသော ကိုဒေါင်းစိန်ကို ကြည့်ကာ ကြည့်ကာ မနားတမ်း ပြောနေ၏။ သူမ ပြောတာကလည်း မှန်လွန်းလှသည်။ သည်လို ရေထဲမှာကတည်းက သေလာသော ရေသေငါးရံ့မျိုးကို ငါးရံ့ခြောက် ခွဲလှန်းလျှင် အသွေးအရောင် မလှဘဲ ဖြူဖွေးနေ၍ စားလို့လည်း မကောင်းပါ။ ငါးရံ့အရှင်ကြီး တွေကို ထုရိုက် သတ်ဖြတ်ပြီး လတ်လတ်ဆတ်ဆတ် ခွဲလှန်းမှ အသွေးအရောင်ကလေး နီရဲ၍ စားချင့် စဖွယ် ဖြစ်သည်။ စားရာမှာလည်း အရသာရှိသည်။

"ဒါကြောင့်မို့ မြို့သွားတဲ့ လူတွေကို ယမ်းစိမ်းမှာပြီး ဝယ်ထားရတယ်။ ယမ်းစိမ်း ပက်ပြီး လှမ်းလိုက်ရင် ရေသေငါး ပေမဲ့ အသွေးအရောင် နီရဲလာတာပဲ။ ဒီလိုမှ ဉာဏ်မကူ ပြန်ရင်လည်း တော်တော်နဲ့ ရောင်းထွက် မှာ မဟုတ်ဘူးတော့"

ပြောပြောဆိုဆိုပင် မယ်စိန်သည် ဆားတောင်းကိုရွှေ့၍ ယမ်းစိမ်း ထုပ်ကိုပါ သွားယူကာ ဆားနှင့် ယမ်းစိမ်းကို ရောစပ်နေ၏။ ပြီးလျှင် ခွဲထားသော ငါးရံ့များပေါ်သို့ ဖြူးလိုက်ပြီးနောက် လက်နှစ်ဖက်ဖြင့် အားရ ပါးရ ဆုပ်နယ်နေ၏။

ကိုဒေါင်းစိန်ကတော့ ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ မယ်စိန် လုပ်နေပုံကိုသာ မျက်လုံးဝိုင်းကြီးဖြင့် လိုက်ကြည့်နေ၏။

"အခု ကျုပ် ခွဲထားတဲ့ ငါးရံ့ အခွဲကို တော်လာကြည့်စမ်းပါဦး၊ ဟိုတုန်းကလို "ငါးတွန့်" "ဖိုးစိန်" "မြကြိုးနွယ်" လို အခွဲမျိုးတွေ မဟုတ်ဘူးတော့။ တစ်မျိုးတစ်ဖုံ ခွဲထားတာ၊ မပြားကြီးက စပြီး ထွင်လိုက်တာပေါ့။ အခု ဒီအခွဲမျိုးကို လူကြိုက်များလို့ ဒီအခွဲမျိုးသာ ခေတ်စားနေတယ်။ လူကြိုက်များ မှာပေါ့၊ ဒီအခွဲမျိုးခွဲပြီး လှန်းတဲ့ ငါးရံ့ခြောက်ဆိုရင် ပုဝိုင်းဝိုင်းကလေးနဲ့ ပုံပန်းကျပြီး လှနေတာကိုး။ တစ်ခါတုန်းက ငါးရံ့ခြောက်လာဝယ်တဲ့ ကုန်သည် တစ်ဦးက အဲဒီအခွဲမျိုးကို "မော်တာ" ခွဲလို့ အမည် တွင်နေတယ်၊ ဘာဖြစ်လို့ မော်တာခွဲလို့ အမည်ပေး တယ်ဆိုတာကိုတော့ ကျုပ်လည်း မသိပေါင်တော်။ ရှာရှာဖွေဖွေ သူတို့ပဲ အမည်ပေးတတ်တယ်"

မယ်စိန်က သူ့လက်ရာ ငါးရံ့ခွဲကို ဟိမဝန္တာချီးမွမ်းခန်းထက်သာအောင် အမွှမ်းတင် ပြောကြားနေ၏။ အမွှမ်းတင်မည်ဆိုလျှင်လည်း တင်လောက်ပါသည်။ မပြားကြီးက တီထွင်လိုက်၍ မယ်စိန် နည်းယူ ထားသော ဤငါးရံ့ခွဲမှာ ဟိုတုန်း ဟိုတုန်းက ပေါ်ပေါက်ခဲ့သော "ငါးတွန့်" "ဖိုးစိန်" "မြကြိုးနွယ်" စသော ငါးရံ့ခွဲများ၏ စံချိန်ကို ချိုးပစ်လိုက်၍၊ နောက်ဆုံးပေါ် အကောင်းဆုံး လက်ရာအဖြစ် ကုန်သည်လောက၌ မှတ်တမ်းတင်ခံရပြီး ဖြစ်ပါသည်။

"ငါးတွန့်" ခွဲဖြင့် ခွဲလှန်းသော ငါးရံ့ခြောက်မှာ တစ်မျိုးတစ်ဖုံလှပါ၏။ အတွန့်ကလေးများ တွန့်ပြီး ခွဲလှန်းထားရာ ငါးရံ့ခြောက်မှာ တစ်မျိုးတစ်ဖုံ လှနေပါသည်။ "မြကြိုးနွယ်" အခွဲဖြင့် ခွဲလှန်းသော ငါးရံ့ခြောက်မှာလည်း အမည်ကလေး ကဗျာဆန် သလောက် ကြည့်ကောင်းပါသည်။ ငါးရံ့အမြှောင်ကလေးများ သေးသွယ်နွဲ့လျား၍ "မြကြိုးနွယ်" ကလေးနှင့်ပင် တူနေသော အချို့ အမြှောင်းကလေးကို ခွေရစ်ပြီး လှန်းထားသည့် အတက်လည်း "မြကြိုးနွယ်" ဟူသော အမည်နှင့် လိုက်ဖက်လှပါသည်။ သို့သော် "မြကြိုးနွယ်"

အခွဲမှာ အမြှောင်သေး၍ ဖုတ်စားသည့်အခါ အသားမထွက်သဖြင့် အချို့က မကြိုက်။ ယခု မပြားကြီး ထွင်လိုက်သော "မော်တာ" ခွဲမှာမူ အမြှောင်းကြီး၍ အသားထူသဖြင့် ဖုတ်စားရာ၌ အသားထွက်သည်။ ပုံပန်းမှာလည်း ပုဝိုင်းဝိုင်းကလေး ဖြစ်နေရာ ဆံရစ်ဝိုင်းကလေးနှင့် အပျိုပေါက် ကလေးပမာ ကြည့်ကောင်းလှသည်။

ဆားနှင့် ယမ်းစိမ်း၊ ငါးရံ့အသားထဲသို့ စိမ့်ဝင်သွားလောက်အောင် ဆုပ်နယ်ပြီးသောအခါ မယ်စိန်သည် ထိုငါးရံ့ခွဲများကို ခြင်းတောင်းထဲသို့ ပြန်ထည့်ကာ ကမ်းနားဆင်း၍ ရေဆေး၏။ ပြီးလျှင် တအောင့်တနား ရေစစ်ထားကာ ငါးရံ့ခြောက်လှန်းရန် ဆောက်လုပ်ထားသော ယိုင်နဲ့နဲ့ ငါးရံ့စင်ပေါ်သို့ သယ်တင်သွား၏။ တစ်ကောင်ပြီး တစ်ကောင် ပြူပြူပြင်ပြင် လှန်းနေရာမှ ကိုဒေါင်းစိန်အား စကားလှမ်းပြောလိုက်သေး၏။

"ငါးရံ့အခွဲ ကောင်းပေမဲ့ နေလှန်းရာမှာ ပြူပြင်ပြင်ပြင် မလှန်းဘဲ ပြီးစလွယ်လှန်းလိုက်ရင် ပုံပျက် သွားရောတော့၊ ဟောဒီလို ဘေးနှစ်ဖက်ကို ဆွဲပြီး လှန်းမှ ပုဝိုင်းဝိုင်းကလေး ဖြစ်ပြီး ကြည့်လို့လှတာ"

ပြောပြောဆိုဆိုပင် မယ်စိန်သည် ငါးရံ့ခွဲ ဘေးတစ်ဖက်တစ်ချက်ရှိ အမြှောင်းနှစ်ချောင်းကို လက်တစ်ဖက်စီ ဆွဲကိုင်ပြီး ဘေးနှစ်ဖက်သို့ ဆွဲယူလိုက်ရာ၊ ငါးရံ့ခွဲမှာ ဘေးနှစ်ဖက်သို့ ပြန့်ကား သွားပြီး အောက်ဘက်၌ ရှူးသွားကာ ပုဝိုင်းဝိုင်းကလေး ဖြစ်သွားတော့သည်။

ကိုဒေါင်းစိန်သည် မယ်စိန်အား စိတ်ဝင်စားစွာ စူးစိုက်ကြည့်ရှုနေသည်။ မယ်စိန် ... မယ်စိန် ... အာဂမယ်စိန် ပါတကား။ သူ့အလုပ်နှင့်သူ သက်ဆိုင်သမျှ သူ မတတ်တာ ဘာမျှမရှိ။ သူကိုယ်တိုင် တီထွင်နိုင်စွမ်းမရှိပေမဲ့ သူတစ်ပါး တီထွင်ပြုလုပ်လိုက်သော ပစ္စည်းဝတ္ထုများကို သူ အလျင်သိ၍ ချက်ချင်းပင်

နည်းယူ ပြုလုပ်တတ်သည်။ ဒီလောက်တော်တဲ့ မယ်စိန်ကိုတော့ သိကြားမာဃရဲ့ မယားငယ် သုဇာတာနဲ့တောင် ငါတော့ မလဲနိုင်ပေါင်။

~~~~~~~~~~~~
~~~~~~~~~~~~

(၄)

ကိုဒေါင်းစိန်သည် နေ့လယ်နေ့ခင်း တရေးတမော အိပ်စက်နေရာမှ ငိုရှိုက်သံ တစ်ခုကြောင့် လန့်နိုးလာသည်။ သူသည် အိပ်မက် မက်နေသလိုလို ကြောင်တောင်တောင် ဖြစ်နေရာမှ ငိုရှိုက်သံကို ပီပီ သသပင် ကြား နေရသဖြင့် ရုတ်တရက် မျက်လုံးကို ဖွင့်လိုက်၏။ အလို ... ကိုလူမောင်၏ မိန်းမ မဖွားသက်သည် မယ်စိန်၏ အနီးတွင် ထိုင်ကာ ငိုရှိုက်နေပါကလား ... ဘာများ ဖြစ်လို့ပါလိမ့်။

"ငိုမနေပါနဲ့ ဖွားသက်ရယ်၊ ဖြစ်သမျှအကြောင်း အကောင်းချည်း သဘောထားပြီး ကြိတ်ခံလိုက်ပါတော့၊ ကြိတ်မခံဘဲ ထဆူလိုက်မယ် ဆိုရင်လည်း လူတကာ သိပြီး ကိုယ်ပဲ အရှက် ကွဲရမှာပဲ"

မယ်စိန်က မဖွားသက်ကို ဖျောင်းဖျနှစ်သိမ့်လိုက်သည်။ သည်စကားကို ကြားလိုက်ရသော ကိုဒေါင်းစိန်၏ ရင်ထဲ၌လည်း ဒိတ်ခနဲ ဖြစ်သွားသည်။ အလို ... ကြိတ်သာ ခံလိုက်ပါတဲ့၊ ကြိတ်မခံဘဲ ထဆူလိုက်မယ် ဆိုရင်လည်း လူတကာသိပြီး ကိုယ်ပဲ အရှက်ကွဲရမယ် ဆိုပါကလား။ ဖွားသက်ကို ဘယ်သူကများ စော်စော် ကားကား ပြုလုပ်လိုက်ပါလိမ့်။

"လူတွေ သိပြီး အရုက်ကွဲမှာစိုးလို့ မြုံခံလာတာပေါ့ မယ်စိန်ရယ်။ အဲဒီလို မြုံခံလေလေ သူက ပိုကဲလေ ဖြစ်နေတော့ ကျုပ်လည်း ဘယ်လိုမှ မကြံတတ်အောင် ဖြစ်နေတာပဲ"

ပြောပြော ဆိုဆိုနှင့်ပင် မဖွားသက်က ငိုရှိုက်လိုက်ပြန်၏။ ကိုဒေါင်းစိန်မှာလည်း ငိုင်တွေနေရင်းမှ သူမ၏ စကား များကို အဓိပ္ပာယ် မကောက်နိုင်ဘဲ ရှိနေ၏။ ထို့ကြောင့် သူက "အဟမ်း" ဟု ချောင်းဟန့်သံ ပေး လိုက်ပြီး နောက် "ဘာဖြစ်လို့လဲဗျ မဖွားသက်ရ" ဟု တစ်ဆက်တည်းပင် မေး လိုက်ရ၏။

မဖွားသက်၏ ငိုရှိုက်သံမှာ ရုတ်တရက် တိတ်ဆိတ်သွား၏။ ကိုဒေါင်းစိန်ကို လှည့်မကြည့်ဘဲ မယ်စိန်ကိုသာ လှမ်းကြည့်ကာ အပြောရ ခက်သလို နှုတ်ထွက်လေးနေ၏။ ထို့ကြောင့် စိတ်မြန်လက်မြန်ဖြင့် လျှာသွက် လှသော မယ်စိန်က မဖွားသက်အစား ဝင်ဖြေလိုက်၏။

"တော့်သူငယ်ချင်း ကိုလူမောင်ပေါ့တော်၊ တိတ်တိတ်ပုန်း ဘိန်းစား နေလို့တဲ့တော့်၊ ဘိန်းစားနေလို့တဲ့၊ တော်တို့ ယောကျ်ားတွေဟာ တစ်ယောက်မှ မကောင်းပါဘူး။ အိမ်က မိန်းမတွေမှာဖြင့် ဘယ်လို နေရထိုင်ရတယ်၊ အိမ် အတွက် ဘယ်လောက်ပူရတယ် ဆိုတာကိုတော့ သူတို့ဘာမှ ဂရုမစိုက်ဘူး။ တစ်ဆိတ်ရှိ ဘိန်းစားချင် ရတာနဲ့၊ အရက်သောက်ချင်ရတာနဲ့၊ အလေလိုက်ချင် ရတာနဲ့။ တချို့များ အရက်မူးပြီး အိမ်က မိန်းမကိုတောင် ပါးနားရိုက်ပြီး ရမ်းလိုက် ချင်သေးတယ်။ အင်း ... အကြောင်းသိရအောင် မယ်စိန်တို့ လာစမ်းကြည့်ပါလား၊ တစ်ခါတည်း ဆွေမျိုးမေ့သွားအောင် လုပ်ပစ်လိုက်မယ်"

မယ်စိန်က နှုတ်ခမ်းကိုမဲ့ရွဲ့၍ ပြောနေရာမှ ပြောရင်းပြောရင်း ဒေါသ ထွက်လာသလို ဒေါနှင့်မောနှင့် ဖြစ်လာကာ နောက်ဆုံး "နောက်ဆုံး ဆွေမျိုးမေ့သွားအောင် လုပ်ပစ်လိုက်မယ်" ဟူသော စကား အရောက်တွင်မူ

အံကို ကြိတ်လိုက်၍ တစ်စုံတစ်ခုကို ဆုပ်ကိုင်သလို အမူအရာမျိုးဖြင့် ဖြန့်ထားသော လက်ဝါး နှစ်ဖက်ကို မာန်ပါပါ ဆုပ်လိုက်ပြီးနောက်၊ တအား ဆောင့်ဆွဲသလို အမူအရာမျိုးကိုပါ လုပ်ပြ လိုက်ရာ ကိုဒေါင်းစိန်ပင် ကြက်သီးထ၍ ကျောချမ်းသွားမိ၏။

"မင်းကလည်းကွာ ကိုလူမောင်တစ်ယောက် ဘိန်းစားတာနဲ့ ယောက်ျားတွေ အကုန်လုံး ဝါးလုံးရှည်ကြီးနဲ့ လျှောက်ယမ်း မနေစမ်းပါနဲ့" သူက ဣန္ဒြေဆည်၍ မယ်စိန်အား ခပ်တည်တည် ဟန့်လိုက်၏။ ဤသို့ ဟန့်လိုက်ခါမှ မယ်စိန်မှာ ပို၍ ဒေါသ ထွက်သွားသလို ရှူးရှူးရှားရှား ဖြစ်လာပြန်ကာ -

"အောင်မယ်၊ တော်က တော့်ကိုယ်တော် လူကောင်းလို့ ပြောချင်တာ ပေါ့လေ။ ဟင်း တော်လည်း ကျပ်ကျပ်ကြီး သတိထားလိုက်ပါ၊ ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ်နဲ့ တော်မပါတဲ့ နေရာ တစ်ခု မှ မရှိဘူး။ သတ္တိရှိရင် အဲဒီ ဘိန်းစားတဲ့ နေရာမှာလည်း တော်ဝင်ပါကြည့်စမ်းလေ၊ မယ်စိန်တဲ့ တစ်စိန်တည်း ရှိတယ်၊ တစ်ခါတည်း ထဘီအလံ ထူပြလိုက်မယ်။ ဘာမှတ်သလဲ"

ဆိုလေ ကဲလေ၊ မန်းလေ ပြလေ ဆိုသလို သူက ဟန့်လိုက်ခါမှ မယ်စိန် ပိုကဲလေသဖြင့် သူသည် ခပ်တည်တည် လုပ်ထားသော မျက်နှာကို တစ်ပတ်လောက် ပြန်၍ လျှော့ချလိုက်ရ၏။ သူ့၌ အပြစ် ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ မယ်စိန်အား ကြမ်းလို့မရ၊ ချော့မှသာ ဖြစ်မည်ကို သူ သိသဖြင့် တည်ထားသော မျက်နှာ ကို လျှော့ချလိုက်ကာ ပြုံးဖြဲဖြဲကြီး လုပ်နေလိုက်ပြီးနောက် -

"အဟီး မင်းကလဲကွာ၊ ငါ ဒီလောက်တောင် မိုက်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ အဲဒီဘိန်းကို မင်းမုန်း တာထက် မပိုတောင် မင်းလောက်တော့ ငါလည်း ရွံမုန်းကြီးပါကွာ။

စိတ်သာချနေ မယ်စိန်ရေ၊ မင်းလင်ကို ဘယ်တော့မှ ဘိန်းစားဆိုတဲ့ အမည်ဆိုးကြီးနဲ့ အခေါ်မခံရစေဘူး၊ မင်းကိုလည်း ဘယ်တော့မှ ဘိန်းစားမယားလို့ တစ်ဖက်သားက နှိမ့်နှိမ့်ချချ ပုတ်ခတ်ခံရအောင် ငါ မလုပ်ပါဘူးကွာ"

ကိုဒေါင်းစိန်သည် မယ်စိန်အား စိတ်အားထက်သန်စွာ ကတိပေးစကား ပြောကြားလိုက်ပြီးနောက်မှ သူ့ စကားမှာ မယ်စိန်အား စိတ်ကျေနပ်မှုကို ပေးစွမ်းနိုင်သော်လည်း မဖွားသက်အဖို့မှာမူ အတော် ကလေး အခံရခက်သားလောက်အောင် အရုပ်ဆိုးနေကြောင်း သတိထားလိုက်သဖြင့် မဖွားသက်အား အားတုံ့ အားနာဖြင့် ပြန်ကြည့်လိုက်ရာ၊ မဖွားသက်မှာ သူ့စကားကြောင့် ပို၍ ရှက်သွားသလို ခေါင်းကို ငုံ့ထားကာ မျက်ရည်ကိုသာ ဒလဟော သွန်ချနေ၏။ မဖွားသက်မှာ မယ်စိန်လို စိတ်ကြမ်း ကိုယ်ကြမ်း မဟုတ်သဖြင့် အရေး တစ်စုံတစ်ရာ ကြုံလာလျှင် သူမ၏ အားကိုးရာမှာ မျက်ရည်သာလျှင် ဖြစ်၏။ ထို့ကြောင့်ပင် ကိုဒေါင်းစိန်မှာ မဖွားသက်အား အားနာနေရုံမျှမက အကြီးအကျယ် ကရုဏာ သက်ရောက်သွားမိသဖြင့် အားပေး စကားကို စိတ်ရောကိုယ်ပါ ပြောကြားလိုက်ရ၏။

"အို မဖွားသက်ရယ်၊ ဘာမှ အားမငယ်ပါနဲ့ဗျာ၊ ကျွန်တော် တစ်ယောက်လုံး ရှိပါသေးတယ်၊ ကိုလူမောင်နဲ့ ကျွန်တော်ဟာ ပြောမနာ ဆိုမနာဖြစ်အောင် ရင်းနှီးတဲ့ ငယ်ပေါင်း သူငယ်ချင်းတွေပါ။ အခု အချိန်မှာ ဘိန်းစားသက် နနယ်တုန်းမို့ ကျွန်တော် အကျိုးအကြောင်း ပြောပြရင် ရနိုင်ပါလိမ့်မယ်။ ခင်ဗျားဘာမှ မပူပါနဲ့၊ အေးအေးသာနေ၊ သူ ဒီဘိန်းစားဘဝက ကျွတ်အောင် မရမနေ ကျွန်တော် ကြိုးစားမယ်"

သူ အားပေးစကား ပြောကြားလိုက်မှ မဖွားသက်မှာ သက်သာရာ ရသွားသလို မျက်ရည်ကိုသုတ်၍ မပူရပ် ဆောင်လိုက် ပြီးနောက် -

"ဟုတ်ကဲ့ ကျွန်မလည်း ရှင်တို့ကိုသာ အားကိုးတာပါပဲရှင်၊ ကျွန်မကိုယ်တိုင် သူ့ကို အကျိုးအကြောင်း ပြောပြ မယ်လို့ ကြံစည်သေးတယ်၊ ဒါပေမဲ့ ပြောလို့ကို မထွက်ဘူး၊ ပြောရမှာ ရှက်နေတယ်။ သူလည်း ကျွန်မကို အားနာပြီး ရှက်ရှာတယ် ထင်ပါရဲ့၊ အဲဒီဘိန်းစားတဲ့ အချိန်ကစပြီး ကျွန်မကို ရဲရဲမကြည့်ဝံ့ရှာဘူး။ တတ်နိုင် သလောက် မျက်နှာချင်း မဆိုင်မိအောင် ရှောင်နေတယ်"

"ကဲခင်ဗျား စိတ်အေးအေးသာထားပြီး အိမ်ပြန်ပေတော့၊ ကျုပ် သူ့ကို မရ ရအောင် ကြိုးစားပြောပြ မယ်။ အိုဗျာ ရရမယ်ဗျာ၊ ကျုပ် ပြောရင် သူ နားထောင်ရမယ်"

ကိုဒေါင်းစိန်၏ စကားကြောင့် မဖွားသက်လည်း စိတ်လက်ပေါ့ပါး သွားကာ သူ့အိမ်သို့ ပြန်သွား ရှာတော့၏။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

## (၅)

ညနေချမ်း အချိန်သို့ ရောက်ခဲ့ပေပြီ။ ဒီအချိန်ကို အရက်သမား ဝေါဟာရအားဖြင့် အပုပ်ချိန်ဟု ခေါ်ကြသည်ဖြစ်ရာ အပုပ်ချိန်မို့လည်း အရက်သမားများ၏ မူးယစ်ရမ်းကားစွာ ဆဲဆိုကြုံးဝါးသံ၊ မကြားဝံ့ မနာသာ တိုင်းထွာရေရွတ်သံ၊ အရက်သမားချင်း လုံးထွေးသတ်ပုတ်နေကြ၍ နီးစပ်ရာ လူများ၏ ဟစ်အော် တားဆီး ဖျန်ဖြေသံများကိုလည်း အဆက်မပြတ်အောင် ကြားနေရသည် ဖြစ်၏။ ကိုဒေါင်းစိန်သည် သူ့အိမ်ကလေး၌ ထိုင်ကာ ငရဲသားများလို မြင်မကောင်း ရှုမကောင်း ဖြစ်နေသော အရက်မူးသမားများကို စိတ်ပျက်စွာ ကြည့်ရှုရင်း သူ့တာဝန်ကို သူ သွားသတိရလိုက်၏။ ဒီအချိန်မှာ အပုပ်ချိန်မို့ အရက်မူးသမား များပင်မက ဘိန်းစားများလည်း ဘိန်းဆိုင်၌ နတ်စည်းစိမ်ကို ခံစားနေသော အချိန်ဖြစ်ရာ၊ ယခုချိန်တွင် အောင်သိန်း၏ ဘိန်းဆိုင်သို့ လိုက်သွားပါက ကိုလူမောင်ကို မလွဲမသွေ တွေ့ရပေမည်။

သူသည် ဆိုင်းငံ့နေခြင်း မရှိဘဲ ချက်ချင်းပင် ထကာ အောင်သိန်း၏ ဘိန်းဆိုင်ရှိရာ ရွာဖျားသို့ ထွက်လာခဲ့၏။ အချို့ ဘိန်းစားများမှာ ဘိန်းဆိုင်သို့ အထင်ကရ လာရောက် စားသောက်ကြသော်လည်း၊ အချို့ ဘိန်းစားများမှာမူ ဘိန်းကလည်း စားချင်၊ လူသိမှာလည်း စိုးရွံ့သောကြောင့် တိတ် တိတ်ပုန်း လာရောက် စားသောက် ကြသော ဘိန်းပုန်းစားများဖြစ်ရာ ဤအချက်ကို အကဲခတ်မိ သောအောင်သိန်းက ဘိန်းဆိုင်ကို လူသူ ကင်းဝေးရာ ရွာဖျား၌ တည်ဆောက်ထားခြင်းဖြစ်သည်။ သူသည် ခေါင်းကို ငုံ့၍ စိုက်စိုက် စိုက်စိုက်နှင့် လျှောက်နေ၏။ သို့လျှောက်နေရာမှလည်း ကိုလူမောင် အတွက်ရော မဖွားသက်

အတွက်ပါ စိတ်မကောင်း ဖြစ်နေမိ၏။ သူတို့ရွာမှ ရိုးသားသော သူများသည် တစ်ယောက်ပြီး တစ်ယောက် အောင်သိန်း၏ ဘိန်းဆိုင်သို့ ရောက်ကာ ဘိန်းစားဘဝသို့ ကူးပြောင်းကုန်ကြ၏။ ဤဘိန်းဆိုင်သာ မရှိရင်တော့ ဘယ်သူမှလည်း ဘိန်းစားဘဝသို့ ရောက်ကြမည် မဟုတ်။

သူသည် အတွေးပေါင်းစုံဖြင့် လျှောက်လာရာမှ ကိုလူမောင်အား မည်သို့မည်ပုံ ဖျောင်းဖျပြောဆိုရ မည်ဆိုတာကိုလည်း စဉ်းစားကြံစည်လာ၏။ တစ်ခဏမျှ လျှောက်မိ၍ သူ ခေါင်းမော်ကြည့်လိုက် သောအခါ ရွာဖျားကို လွန်၍ အောင်သိန်း၏ ဘိန်းဆိုင်ရှေ့သို့ပင် ရောက်ရှိနေကြောင်း သိရတော့၏။ ဘိန်းဆိုင်ကား ခမ်းခမ်းနားနားတော့ မဟုတ်လှ။ ဆောင်းဦးပေါက်၍ မြေများ ခြောက် သွေ့နေပြီဖြစ်သဖြင့် ထိုမြေကြီးပေါ် တစ်ဖက်ရပ် တဲကလေးထိုးကာ ဘိန်းခန်း ပြုလုပ်ထားခြင်းဖြစ် သည်။ အချိန်ကား နွားရိုင်းသွင်းချိန် ရီတမှောင်ကလေး ဖြစ်သည်။ ဘိန်းခန်း ပြုလုပ်ထားသော တစ်ဖက်ရပ် တဲကလေးအတွင်း၌ကား ရေနံဆီ မီးခွက်၏ ဖျော့တော့သော အလင်းရောင်သည် လေလှုံ့သဖြင့် လှုပ်ရှားလျက် ရှိနေသည်။ ကိုဒေါင်းစိန်သည် တဲအတွင်းသို့ ဝင်ရမည်ကိုပင် ကိုယ့်လိပ်ပြာကိုယ်မလုံဘဲ မရဲတရဲ ဖြစ်နေသဖြင့် တဲရှေ့၌ စုံရပ်နေမိ၏။

နောက်ဆုံး၌ ကိုယ့်စိတ်ကို အားပေးကာ ရဲဆေးတင်ပြီး တဲတွင်းသို့ ဝင်လာခဲ့၏။ တဲတွင်းသို့ ရောက်သော်လည်း လမ်းမမှ မမြင်နိုင်ရန် ကျူထရံ ကာထားသော တစ်ဖက်ထောင့်ခန်းထဲ၌ ဘိန်းစားများ ရှိနေမည်ကို စိတ်တွင်းမှ သိလျက်နှင့်ပင် ရုတ်တရက် မကြည့်ရဲဘဲ ရှိနေ၏။ ဤနေရာသို့ လှမ်းကြည့်မည်ဟု စိတ်တင်းလိုက်တိုင်း ရင်ထဲမှာ တဒိတ်ဒိတ် ခုန်နေ၏။ သူသည် မျက်စိကို စုံမှိတ်လိုက်၍ ဘိန်းစားများ ရှိနေရာဘက်သို့ သူ့ကိုယ်ကို ဆတ်ခနဲ လှည့်လိုက်ပြီးနောက် မျက်လုံးကိုလည်း ဖျတ်ခနဲ ဖွင့်လိုက်၏။ ပထမဆုံး

မြင်မိသည်မှာ ရေနံဆီမီးခွက်မှ မီးတောက်ဖြစ်၍ တဖြည်းဖြည်းနှင့် မျက်စိကျင့်သား ရလာမှသူ့ရှေ့ရှိမြင်ကွင်းမှာ ကြည်လင်စွာ ပေါ်လာတော့သည်။

ကောက်ရိုးခင်းထားသော ဘူမိကမ္ဗလာ မြေမွေ့ရာထက်၌ မီးခွက်ကို အလယ်ထားပြီး အုတ်ခဲကို ခေါင်းအုံးကာ မျက်နှာချင်းဆိုင် လျောင်းစက်နေသော လူနှစ်ယောက်။ တစ်ယောက်မှာ လျောင်းစက်ရာမှပင် သံချောင်း တစ်ချောင်း၏ အဖျား၌ ဘိန်းလုံးကလေးကို ထိုးသွင်းကာ မီးခွက်မှ အဆီပြန်လာသည်နှင့် တစ်ချိန်တည်း ဆိုးဝါးသော အနံ့အသက်များသည် ကိုဒေါင်းစိန်၏ နှာခေါင်းတွင်းသို့ တိုးဝင်လာ၏။ သူသည် အော်ဂလီ ဆန်သွားသော်လည်း ကြိုးစား၍ ခံယူကာ စိတ်ဝင်စားစွာဖြင့် ဆက်လက်ကြည့်ရှုနေ၏။

ထိုသူသည် အဆီပြန်နေသော ဘိန်းလုံးကလေးကို သံချောင်းမှ ပြန်ဖြုတ်၍ ယွန်းခွက်တစ်ခုထဲ၌ လှီးဖြတ်ထားသော ကွမ်းရွက်များနှင့် ရောနယ် လိုက်ပြီးနောက် ထိုကွမ်းရွက်များကို သံပြားငယ်တစ်ခုထဲသို့ ဖြန့်ထည့်ကာ မီးပေါ်ဝယ် ကင်ပြန်၏။ ကွမ်းရွက်များ နွမ်းသွား၍ ခြောက်သ လောက်ရှိခါမှ ရုပ်သိမ်းလိုက်ကာ ထိုကွမ်းရွက်ခြောက်များကို အလုံးကလေးများ ပြုလုပ်နေ၏။ တစ်လုံး ... နှစ်လုံး ... သုံးလုံး ...။

ထိုသူသည် လျောင်းစက်နေရင်းမှ ဤသို့ ပြုလုပ်နေခြင်းဖြစ်ရာ သူ့မျက်လုံးများမှာလည်း သူ ပြုလုပ် နေသော ကွမ်းရွက်ခြောက်ကလေးများ၌သာ မက်မောစွာ စူးစိုက်ထား၏။ ကိုဒေါင်းစိန်၏ မျက်စိများသည် ထိုသူ့ထံမှ ခွာခဲ့ကာ ထိုသူနှင့် မျက်နှာချင်းဆိုင်၌ လျောင်းစက်နေသော သူထံသို့ စူးစိုက်လိုက်၏။

အား ... ကိုလူမောင်။ မှန်သည်။ သူ့ချစ်ဆွေ ကိုလူမောင်ပင်ဖြစ်သည်။ ကိုလူမောင်သည် ဝါးဖြင့် ပြုလုပ်ထားသော ဘိန်းပြောင်းကို ပါးစပ်၌ တပ်ထားကာ သူနှင့် မျက်နှာချင်းဆိုင်၌ ရှိနေသူ၏ လက်ထဲမှ ကွမ်းရွက်လုံး ကလေးကိုသာ တပ်မက်စွာ ကြည့်ရှုရင်း ပြင်းစွာသော အာသာဆန္ဒဖြင့် ငံ့လင့်နေ၏။

သူတို့နှစ်ဦးစလုံး၏ အာရုံမှာ ဘိန်းဆီဖြင့် ရောနယ်ထားသော ကွမ်းရွက်လုံး ကလေး၌သာ ဝင်စားနေ၍ ပတ်ဝန်းကျင်ကို လုံးဝ လျစ်လျူ ရှုထားဟန် တူပါ၏။

ကိုဒေါင်းစိန်၏ ရင်ထဲ၌ကား တလှပ်လှပ်ဖြစ်လာကာ လှိုက်လှိုက်လှဲလှဲ ရှိလှသော ဝေဒနာတစ်မျိုးကို မသက်မသာ ခံစားနေရ၏။ သို့သော် သူသည် စိတ်ကိုငြိမ်အောင် ထိန်းသိမ်းလိုက် ပြီးနောက် တစ်စုံတစ်ရာမျှ မပြဘဲ ဆက်လက်၍သာ စူးစိုက်ကြည့်ရှုနေ၏။

ကိုလူမောင်၏ ဘိန်းပြောင်း၌ တပ်ဆင်ထားသော ဘိန်းခွက်ထဲသို့ ဘိန်းဆီဖြင့် ရောနယ်သော ကွမ်းရွက်လုံးကလေး ရောက်ရှိလာချေသည်။ တစ်ဖက်မှ လူသည် တုတ်ချောင်းကလေး တစ်ချောင်းကို မီးခွက်မှ မီးတောက်ဝယ် တို့လိုက်ပြီးနောက် ထိုတုတ်ချောင်းမှ မီးတောက်နှင့်ပင် ကွမ်းရွက်လုံး ကလေးကို ရှို့ပေးလိုက်ရာ၊ ကိုလူမောင်သည် ဘိန်းပြောင်းကို လောဘတကြီးနှင့် အတင်းရှိုက်သွင်း လိုက်ပြီးနောက် မျက်လုံးများကိုလည်း မှေးထား၏။ ဩ ... "ကွမ်းပုံ" ရှူတယ်ဆိုတာ ဒါပဲ ထင်ပါရဲ့။

ရှိုက်သွင်းလိုက်သော ဘိန်းငွေ့များကို အတန်ကြာအောင်ပင် အသက်အောင့်ကာ ရပ်နားထားလိုက် ပြီးနောက်မှ နှာခေါင်းမှရော၊ ပါးစပ်မှပါ တဖြည်းဖြည်း ပြန်ထုတ်နေ၏။ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းနေသလိုလို။ ဘိန်းခန်းထဲမှာတော့ ဘိန်းငွေ့များ တလူလူတက်နေ၏။ ကိုဒေါင်းစိန်သည် ကြည့်ရင်းပင် ရင်နာလာသဖြင့် ကိုလူမောင်ထံမှ သူ့မျက်လုံးကို ရုပ်သိမ်းလိုက်ကာ တလူလူတက်နေသော ဘိန်းငွေ့များနောက်သို့ သူ့မျက်လုံးကို လွှတ်လိုက်၏။ သက်ငယ်ဖြင့် မိုးထားသော အမိုးသို့ ရောက်သောအခါ သူ့မျက်လုံးမှာ တန့်ရပ်သွား၏။ အို သက်ငယ်မိုးမှာတော့ တလူလူတက်လာသော ဘိန်းငွေ့များကို အရသာခံ ရှူရှိုက် နေဟန်ဖြင့် အိမ်မြှောင်တစ်ကောင် မလှုပ်မယှက် ငြိမ်သက်လျက်။

သူ့မျက်လုံးများမှာ သည်အိမ်မြှောင်ကလေးကိုသာ စိတ်ဝင်စားစွာ စူးစိုက်ထား၏။ အိမ်မြှောင်ကလေးသည် ထိုနေရာမှ မခွာဘဲ တက်လာသော ဘိန်းငွေ့များကိုသာ အရသာခံ၍ ရှူရှိုက်နေ၏။ အချိန်က တရွေ့ရွေ့ သွားနေသည်။ အိမ်မြှောင်ကလေးကတော့ နေမြဲ။ ဟောဗျို၊ အိမ်မြှောင် ကလေးသည် သက်ငယ်မိုးမှ အောက်သို့ ဖုတ်ခနဲ ကျလာပါပြီကော။ ဘိန်းမူးသွားရော့ထင့်။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

(၆)

"အား ... ဒေါင်းစိန်"

ဘိန်းစားတို့၏ နတ်စည်းစိမ်ကို အိမ်မြှောင်တစ်ကောင်က နှောင့်ယှက်ဖျက်ဆီးလိုက်သဖြင့် နတ်ပြည်သို့ ရောက်နေသော ဘိန်းစားများသည် လူ့ပြည်သို့ ပြန်ရောက်လာ၏။ သည်တော့မှ သူတို့တစ်တွေ ပတ်ဝန်းကျင်ကို သတိထားကြည့်ရှုမိရာ ကိုလူမောင်သည် ကိုဒေါင်းစိန်ကို သွားတွေ့ တော့၏။

"အား ... ဒေါင်းစိန်"

သူ့အသံမှာ အံ့အားသင့်သွားသော အသံဖြစ်၏။ မမျှော်လင့်သောနေရာ၌ မမျှော်လင့်သောသူကို တွေ့လိုက် ရသည့်အတွက် အံ့အားသင့်သွားခြင်းသာ။ အား ... ဒေါင်းစိန်။

သို့သော် ကိုဒေါင်းစိန်က ပြန်၍လည်း မထူး၊ စကားတစ်ခွန်းမျှလည်း မဆို။ ကိုလူမောင်ကိုသာ ဝမ်းနည်းသော မျက်လုံးအစိုင်းကြီးနှင့် စိုက်ကြည့်နေ၏။ နမြောတသ ယူကျုံးမရ ရှိလှသော အကြည့်မျိုးပါ။ အဲဒီ အကြည့်မျိုးကိုတော့ ကိုလူမောင်က မခံယူနိုင်။ ခံယူခြင်းငှာ မစွမ်း။ ထို့ကြောင့် သူက ခေါင်းကို ငုံ့ထားလိုက်ရသည်။ အပြစ်ရှိကြောင်း ဝန်ခံလိုက်ခြင်းမဟုတ်လော။

"ခင်ဗျားအတွက် ကျွန်တော် စိတ်မကောင်းဘူးဗျာ၊ ကျွန်တော့်အဖေ သေတုန်းကတောင် ကျွန်တော် ဒီလောက် ဝမ်းမနည်းခဲ့ဘူး"

ကိုဒေါင်းစိန်မှာ တကယ်ပင် ဝမ်းနည်းနေသလို လှိုက်လှိုက်လှဲလှဲ ပြောဆိုလိုက်၏။ အဲဒီ စကားလုံးများက ငုံ့ထားသော ကိုလှမောင်၏ ခေါင်းကို တဖြည်းဖြည်း ပြန်မော့လာစေသည်။

"မတတ်နိုင်ဘူးကွာ၊ အစတုန်းကတော့ အပေါင်းအဖော်တွေနဲ့ လိုက်လာရင်း ရှုကြည့်စမ်းပါဆိုလို့ အစမ်း ဝင်ရှုကြည့်ရင်းက အခုလို စွဲတဲ့အထိ ရောက်သွား ရတာပဲ။ လူမသိခင် ဖြတ်ပစ်ဖို့ ကြိုးစားခဲ့ပါ သေးတယ်၊ ဒါပေမဲ့ မရတော့ပါဘူးကွာ"

"အိုဗျာ၊ ဘာဖြစ်လို့ မရ ရမှာလဲ၊ ရ ရမယ်ဗျ ရ ရမယ်၊ ခင်ဗျား စိတ်သာပဓာနပါ"

ကိုလှမောင်က စိတ်ပျက်သံကြီးဖြင့် ပြောလိုက်သည်ကို သူက မာကျောသော လေသံဖြင့် ပြန်ကြား လိုက်၏။ သို့သော် သူ့စကားသံကြောင့် ကိုလှမောင်က ထူးခြားမသွားပါ။

"အေး ... အပြောလွယ်သလောက် အလုပ်ခက်တယ်ဆိုတာ မင်းက မကြုံဖူးတော့ ဘယ်သိမလဲကွာ၊ ငါတော့ လက်တွေ့ကြုံနေရလို့ အရှုံးပေးလိုက်ရပြီလေ"

"အံ့ပါရဲ့ ကိုလှမောင်ရယ်၊ ခင်ဗျား မဖွားသက်ကိုမှ မသနားတော့ဘူး ပေါ့လေ၊ ခင်ဗျားအတွက်နဲ့ ဘိန်းစားမယားလို့ အပြောခံရပြီး မျက်နှာငယ်နေရတဲ့ မဖွားသက်ကိုမှ ခင်ဗျား မသနားတော့ဘူးပေါ့ ဟုတ်လား။ ခင်ဗျားကိုယ်ကိုလည်း လူရာမဝင်တဲ့ ဘိန်းစားဘဝနဲ့ပဲ အစတုန်းပစ်တော့မယ်ပေါ့လေ၊ ပြောစမ်း ပါဦးဗျ ကျုပ်ကို ..."

ကိုဒေါင်းစိန်၏ ဘဝ၌ ဤမျှလောက် ဒေါနှင့် မာန်နှင့် ချက်ချက်ချာချာ တစ်ခါမျှ မပြောခဲ့စဖူးပါ။ ယခုမှ ကိုလှမောင်အား ကရုဏာဒေါသသော

ဖြစ်လွန်းလှ၍ ကြိတ်မနိုင်ခဲမရ ရှိလွန်းလှသည့်အတွက် ရင်ထဲမှ ပွင့်အန်ထွက်လာသော စကားလုံးများကို အဆီးအတားမရှိ သွန်ထုတ်လိုက်ခြင်းဖြစ်ပါသည်။ သို့သော် သူ့စကားလုံးများသည် ကိုလူမောင့်စိတ်ကို ယိမ်းယိုင် လာအောင် ဆွဲဆောင်နိုင်စွမ်းတော့ မရှိပါ။ ဒါကို စကားတစ်လုံးမျှ ပြန်ကြားခြင်းမရှိဘဲ မထုံတက်သေး ရှိနေသော ကိုလူမောင်၏ အမူအရာက ဖော်ပြနေသည်။ ဒါကြောင့်ပဲ ကိုဒေါင်းစိန်က ပို၍ ဒေါသထွက်နေမိ၏။

ထိုအချိန်မှာပင် အတွင်းမှ ဘိန်းဆိုင်ရှင် အောင်သိန်း ထွက်လာကာ ကိုဒေါင်းစိန်အား ရယ်မောကြည့် ရှုလိုက်ပြီးနောက် "အောင်မယ်ကွာ၊ ဘိန်းရှူတာများ ကြီးကြီးကျယ်ကျယ် လုပ်လို့၊ ဘိန်းရှူတာ ၉၆ ပါး ရောဂါကင်းတယ်ကွ၊ အသက်လည်း ရှည်တယ်။ ဒါကြောင့်မို့ တရုတ်လူမျိုးတွေဟာ ဘိန်းကို အာယုဒီဃ ဆေးတစ်ပါးအနေနဲ့ အမြဲ မှီဝဲနေကြတာပေါ့၊ မယုံရင် မင်းလည်း ရှူကြည့်ပါလား၊ အစာကြေတယ်၊ ရင်ချောင် တယ်၊ စိတ်ကူးယဉ်တယ်"

စကားအဆုံးတွင် အောင်သိန်းသည် သူ့စကားသူ သဘောကျသွားသလို အားရပါးရ ရယ်လိုက်၏။ ကိုဒေါင်းစိန်ကား ကိုလူမောင်ကို ပြောမရ၍ ဒေါသထနေရသည့်အထဲ အောင်သိန်း၏ စကားကို ကြားလိုက်ရသောအခါ အကြီးအကျယ် အော့နလုံးနာပြီး ရွံရှာလှသဖြင့် စကားတစ်ခွန်းမျှ ပြန်ပြောမနေ တော့ဘဲ ဆောင့်အောင့်၍ ထွက်လာခဲ့တော့၏။ သူ ဖျောင်းဖျပြောဆိုလျှင် အလွယ်တကူဖြင့် ရမည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့သော ကိုဒေါင်းစိန်မှာ အခုတော့ ထင်ကြေးနှင့်မကိုက်ဘဲ အရှုံးပေးကာ ဆုတ်ခွာ ခဲ့ရပါပြီ။ တပ်လန်ခဲ့ရပါပြီ။ မဖွားသက်မေးရင် သူဘယ်လို ပြန်ဖြေရပါ့။ သူသည် တွေးရင်း တွေးရင်းပင် ဒေါသထွက်လာသဖြင့် ကုလားမနိုင် ရခိုင်မဲကာ လမ်းပေါ်မှ ခြင်းတောင်းစုတ် တစ်လုံးကို တအား ပိတ်ကန်လိုက်လေသတည်း။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

# အထင်တော်လွဲလို့ရယ်

(၁)

"ဆယ်လံအစောက်၊ ရေထဲအောက်သို့ ထုတ်ချောက်စုပ်စုပ်၊ စုံးစုံးငုပ်၍၊ စမ်းခုပ်သရော်၊ သူပေါ် စိမ်းစား၊ တံငါသားလျှင်၊ လည်ကြားသုံးရစ်၊ မည်းချစ် ရင်ပြောက်၊ ရေမြွေပေါက်ကို၊ လန့်ကြောက် မရှိ၊ ငါးဟုမိ၍၊ လည်စိကိုင်ဆုပ်၊ ဝမ်းသာရုပ်ဖြင့်၊ သူနုပ်ကျွန်လျော်၊ ကြည့်လျက်ပေါ်သော်၊ မြော်ကတုံးတုံး၊ အလူဆုံးဟု၊ နလုံးမဆုံ၊ ရင်တီးအုံ့သို့၊ သိန့်ပညာ၊ ထိုရော်ငါလည်း၊ ပမာဉ်တူ၊ စည်းစိမ်ထူ၍၊ ရှိမ်းပူမထိ၊ ချမ်းသာရှိလျက်၊ သတိမြင်ကျယ်၊ သူတော်နွယ်ကို၊ ယိုးမယ်မဲ့လျှင်း၊ အချင်း စစ်ဖွေ၊ ကြံတုံချေက၊ မွေးရေခပင်း၊ နလုံးတွင်း၌ သားညှင်းအသွင်၊ မီးဝယ်ကင်းသို့၊ ပိတ်ပင် မပြန့်၊ ရှုံ့ရှုံ့တွန့်လျက်၊ ကြောက်လန့်ထိတ်စွာ၊ ဘော်သုံးရွာတွင်၊ ဝါဝါ လည်းလျော်၊ သူတို့ ဘောင်ကား။ ။ ပြောင်ပြောင်ငါ့အား ငြိသတည်း။

ကျွန်တော်သည် ဆုတောင်းခန်းပျို့ကို ရည်ရွယ်ချက် ကင်းမဲ့စွာဖြင့် လျှောက်လှန်နေမိပါသည်။ ဆုတောင်းခန်းပျို့မှာ ခက်ခဲနက်နဲလွန်းလှ၍ ကျွန်တော်၏ နနယ်သေးသိမ်သော ဉာဏ်ကလေးဖြင့် သဘော မပေါက် နိုင်ဘဲ ရှိသည့်အတွက် စာအုပ်ကိုသာ လျှောက်လှန်နေသော်လည်း ကျွန်တော်၏ စိတ်အာရုံမှာမူ တခြားရောက်ကာ ပျံ့လွင့်လျက်ရှိ၏။ သို့သော် ဤစာအုပ် ကလေးသို့ ရောက်သော အခါ စိတ်အာရုံသည် တစ်ချက်တည်း တန့်ရပ်သွား၍ ဤစာပိုဒ်ကလေးဝယ် တည်ငြိမ်စွာ စူးစိုက်မိတော့၏။ မှန်သည်၊ ဤစာပိုဒ်

ကလေးသည် ကျွန်တော်၏ စိတ်အာရုံတစ်ခုလုံးကို သိမ်းကျုံးညှို့ယူ လိုက်ပါလေပြီ။

စင်စစ် စာဆို အရှင်မဟာသီလဝံသ၏ ဆိုလိုရင်းမှာ ဆုတောင်းခန်းပျို့၌ မဏ္ဍိုင် ဇာတ်ဆောင်သူဖြစ် ပါဝင်သော သုမေဓာပုဏ္ဏားသည် မိမိကိုယ်ကို တံငါသည်နှင့် နှိုင်း၍ လောကီစည်းစိမ်ကို မြွေပေါက်အသွင် တင်စားကာ၊ တံငါသည်သည် မိမိအား အန္တရာယ်ပြုမည့် မြွေပေါက်ကိုပင် ငါးဟု ထင်မှတ်ကာ ဝမ်းသာ အားရ ဖြစ်နေသလို၊ သူသည်လည်း လောကီစည်းစိမ်ကိုပင် အဟုတ်ကြီး ထင်ကာ တပ်မက်မော နေမိကြောင်း၊ ပညာဖြင့် ဆင်ခြင်မိမှ လောကီစည်းစိမ်ကြီးကို စက်ဆုပ်ရွံရှာ မိကြောင်း ပြဆိုလိုရင်းဖြစ်၍၊ ကျွန်တော် ကတော့ တကယ့်မြွေကို တကယ့်ငါးဟု ထင်မှတ်ကာ တကယ့် တံငါသည်တစ်ဦးကို ကိုယ်တွေ့ မျက်မြင် တွေ့ကြုံဖူးခဲ့သည့်အတွက် ဤစာပိုဒ်ကလေးကိုမှ ထူးထူးခြားခြား စူးစိုက်လိုက်မိခြင်း ဖြစ်ပါသည်။

အချိန်မှာ ညဉ့် ၁၁ နာရီခန့်ရှိပြီဖြစ်၍ ပတ်ဝန်းကျင်လောက၌ ဆိတ်ငြိမ်ခြင်းသာ လွှမ်းမိုးကြီးစိုးနေသည်။ အပြင်ဘက်မှ ညင်သာညှံ့နူးသော ဆောင်းလေအေး၏ တိုးဝှေ့တိုက်ခတ်မှုကြောင့် ထွက်ပေါ် လာသော သစ်ရွက်ခတ်သံ ကလေးများသာ တစ်ချက် တစ်ချက် အိမ်ထဲသို့ တိုးဝင်လာပါသည်။ ကျွန်တော်ကတော့ သာယာ ချိုအေးလှသော သစ်ရွက်ခတ်သံကလေးများကို မကြားနိုင်လောက် အောင်ပင် အာရုံတစ်ခုလုံး ဤစာပိုဒ် ကလေး၌သာ စုံးစုံးနစ်မြုပ်နေသည်။ ကျွန်တော်၏ စက္ခုအာရုံမှာ စာပိုဒ်ရှိ စာလုံး ကလေးများ အပေါ်၌ အစုန်အဆန် ပျံဝဲနေသည်။

"ဆယ်လံအစောက်၊ ရေထဲအောက်သို့၊ ထုတ်ချောက်စုပ်စုပ်၊ စုံးစုံးငုပ်၍၊ စမ်းခုပ်သရော်၊ သူပေါ် စိမ်းစား၊ တံငါသားလျှင်၊ လည်ကြားသုံးရစ်၊ မည်းချစ်ရင်ပြောက်၊ ရေမြွေပေါက်ကို၊ လန့်ကြောက်မရှိ၊ ငါးဟုမိ၍၊ လည်စိ

ကိုင်ဆုပ်၊ ဝမ်းသာရုပ်ဖြင့်၊ သူနပ်ကျွန်လျော်၊ ကြည့်လျက်ပေါ်သော်၊ မြော်ကတုံးတုံး၊ အလူဆုံးဟု၊ နလုံး မဆုံ၊ ရင်တီးအံ့သို့ ...” ။

ကျွန်တော်၏ မျက်စိအောက်မှ စာလုံးကလေးများသည် အသက်ဝင်၍ လူးကာလွန့်ကာနှင့် လှုပ်ရှား လာသည်ဟု ကျွန်တော်က ထင်မိ၏။ ဟော နောက်တော့ လူးလွန့်လှုပ်ရှားလျက်ရှိသော စာလုံး ကလေး များသည် မှုန်တဝါးဝါး ဖြစ်လာရာမှ နောက်ဆုံးတွင် လုံးဝပင် ကွယ်ပျောက်သွားပြီး၊ ကျွန်တော် တွေ့ကြုံခဲ့ဖူးသော အတိတ်မှ အရိပ်ကလေးများက စာလုံးကလေးများ နေရာတွင် အစားဝင်ယူလိုက်ပါပြီကော...။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

(၂)

မိုးဦးကျ လ ဝါဆို။

မိုးသား တိမ်လိပ်များ ကင်းစင်၍ သာယာကြည်လင်သော နေ့တစ်နေ့။ အလျား ၁၀ ပေခန့်ရှည်သော လှေငယ်တစ်စင်းသည် ဖျင်းဘွဲ့ရွာမှ ကွင်းဘက်သို့ ခပ်သွက်သွက် ရွေ့လျား နေသည်။ လှေဦးအနီးရှိ လှေကန်ပေါ်တွင် ကန်စွန်း စည်းကို ခံထား၍ အပေါ်မှ ငါးထိုးသော "ဆောင်ပုံ"ကို တင်ထားသည်။ လေငြိမ်သည့်အခါဖြစ်၍ လှေသည် လူးခြင်း စောင်းခြင်း မရှိဘဲ ငြိမ်သက်စွာပင် ရွေ့လျား နေ၏။

လှေဦးပေါ်တွင်တော့ ရုပ်ရည်ကြမ်းတမ်း ကြံ့ခိုင်သန်စွမ်းသော အသွင်ကို ဆောင်နေသည့် ယောက်ျားကြီး တစ်ယောက်။ လုံချည်ကို ခါးတောင်း ကျိုက်ထားသည်။ ကိုယ်တွင် အင်္ကျီမရှိ။ ဟို အဝေးမှ မိုးကုပ်စက်ဝိုင်း၏ ပြာလဲ့လဲ့ နောက်ခံတွင် မည်းနက်သော သူ့ကျောပြောင်ကြီးမှာ အထင်းသား ပေါ်လွင် နေသည်။ တက် တစ်ချောင်းဖြင့် လှေဦးမှ မတ်တတ်ရပ်၍ လှော်နေသည် ဖြစ်ရာ တက်ကို ရေထဲသို့ နှစ်၍ အားစိုက်ကာ လှော်ယက် လိုက်သည့်အခါ၌ သူ့လက်ပြင် ကြွက်သားများ၊ လက်မောင်းကြွက်သားနှင့် ပေါင်တံမှ ကြွက်သားများသည် အလှုပြနေသော ကာယဗလသမား တစ်ဦးကဲ့သို့ ဖုထစ်ကြွရွလာသည်။ သူ့ခေါင်းတွင် လုံချည်ဟောင်း တစ်ထည်ကို ပေါင်းထား၍ အပေါ်ကမှ ခမောက်ကို ဆောင်းထားသည်။ တံငါသည် ကိုဖိုးငွေ ၏ ရုပ်လုံးပေါ် ပန်းချီကားတစ်ချပ်။

လှေပဲ့တွင်မူ ဘ၀၏ ကန္တာရလမ်းကြမ်းကြီးကို အပန်းတကြီး ဖြတ်ကျော်လာခဲ့ရဟန်ဖြင့် အရွယ်နှင့် မလိုက်အောင် အိုစာလျက်ရှိသော မိန်းမကြီးတစ်ဦး။ လှေပဲ့ပေါ်တွင်ထိုင်လျက် လှေကိုပဲ့ပေးရင်း လှော်နေသည်။ အသက် သုံးဆယ်ခန့်မျှသာ ရှိသေးသော်လည်း ဇရာ၏ အမှတ်လက္ခဏာဖြစ်သော အရေးအကြောင်း အတွန့်ကလေးများသည် သူမ၏ မျက်နှာပေါ်ဝယ် ခိုနားစ ပြုလေပြီ။ သူမ၏ အတိတ်၌ ပျော်ရွှင် ချမ်းမြေ့မှု၊ ပစ္စုပ္ပန်ဝယ် ကျေနပ်ကြည်နူးမှု၊ အနာဂတ်တွင် မျှော်လင့် အားတက်ဖွယ် တစ်စုံတစ်ခုမျှ မရှိလေ ရော့သလား မသိ။ သူမ၏ မျက်လုံး၌ တောက်ပသော အရိပ် အယောင်ဆို၍ အစအန ကလေးမျှ ရှာမရဘဲ မှေးမှိန် ဖျော့တော့ကာ မိုးတိမ်များ ပိတ်ဖုံးလျက်ရှိသော အာကာပြင်လို မှိုင်းညို့နေသည်။

ဆင်းရဲဒုက္ခကို လုံး၀ မတွေ့ကြုံဖူးသူ တစ်ဦးသည် သူမ၏ မျက်နှာကို ကြည့်ရုံမျှနှင့် ဆင်းရဲဒုက္ခ၏ အနက် အဓိပ္ပာယ်ကို အလွယ်တကူ သိနိုင်အောင် သရုပ်ဆောင်နေသည်။ သူမ၏ အနက်အဓိပ္ပာယ်ကို အလွယ်တကူ သိနိုင်အောင် သရုပဆောင်နေသည်။ သူမ၏ ကိုယ်တွင်ကား ထဘီတစ်ထည်ကို ရင်ရှားထား၍ ခေါင်းပေါ်တွင် ခမောက်တစ်လုံးကို ဆောင်းထားသည်မှအပ အခြားဝတ်စားတန်ဆာကား နတ္ထိ။ သူမ ကတော့ တံငါသည် ကိုဖိုးငွေ၏ ဇနီးသက်လျာ မငွေရွှက်။

လှေသည် ညင်သာစွာပင် ရွေ့လျားနေသည်။ လေကလည်း လုံးလုံးကို ငြိမ်နေပါသည်။ ရေပြင်သည်လည်း လှိုင်းကြက်ခွပ်ကလေးပင် မထဘဲ ရေသင်ဖြူးခင်းကာ ပကတိ ငြိမ်သက်နေသည်။ ရင့်ကျက်သော သမာဓိရှိသည့် တောရထေရ်၏ မျက်နှာပြင်လို ဣန္ဒြေရလှပါ၏။

ဣန္ဒြေရလှသော ရေမျက်နှာပြင်ပေါ်ဝယ် လှေငယ်သည် ဦးကလေးကို မော့၍ ကြော့ကြော့ ကလေး ရွေ့နေရာ၊ လှေသွားရာ လမ်းကြောင်း တစ်လျှောက်လုံးရှိ ရေပြင်သည်လည်း တည်ငြိမ်ရာ မရရှာဘဲ လှုပ်လှုပ်ရှားရှား

ဖြစ်သွား၏။ လှေဦးမှ ရေကို ခွဲလိုက်သည့်အတွက် လှေတစ်ဖက်တစ်ချက်၌ လှိုင်းတွန့် ကလေးများဖြစ်သွားကာ တည်ငြိမ်သော ရေမျက်နှာပြင်ပေါ်ဝယ် ပြေးလွှား ဆော့ကစားရင်း ကျန်ရစ် ခဲ့ကြတော့၏။

ရောက်ပေပြီ။ ဒိုက်ပင်များ၊ မြက်များ၊ ဗေဒါပင်အုပ်များ၊ ကန်စွန်း ဖောင်များ၊ ကညွတ်ဖောင်များဖြင့် ပြည့်နှက် နေသည့် ကွင်းထဲသို့ လှေငယ် ကလေးသည် ရောက်နေခဲ့ပေပြီ။ လှေပဲ့မှ မငွေရွှက်သည် လှေကို အရှိန်သတ်၍ ခပ်ဖြည်းဖြည်းသာ လှော်နေတော့သလို၊ လှေဦးမှ ကိုဖိုးငွေကလည်း လှေအလှော် ရပ်လိုက်ပြီး ပတ်ဝန်းကျင်ရှိ ဒိုက်ပင်များ၊ မြက်ပင်များ၊ ကန်စွန်းဖောင်များ၊ ကညွတ်ဖောင် များကိုသာ လျှင်မြန် ဖျတ်လတ်သော မျက်လုံးအစုံဖြင့် လှမ်းခြုံစူးစမ်းရင်း လိုက်ပါနေသည်။

သူတို့ဇနီးမောင်နှံသည် အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် လှေငယ်ကို စီးကာ ကွင်းထဲသို့ လာရောက် ခဲ့ကြ ပါသနည်း။

အမေး ရှိလျှင် အဖြေသည်လည်း ရှိရပေမည်။ သည်မေးခွန်းကို လှေဦးဘက်မှ လှေကန့်ပေါ်ရှိ ကန်စွန်းစည်းပေါ်တွင် အလျားလိုက် တင်ထားသော မိုန်းသွားခုနစ်ချောင်းတပ် ငါးထိုးသော "ဆောင်ပုံ" ကြီးက တိကျစွာ အဖြေပေးနေပါသည်။ မှန်သည်။ သူတို့ ဇနီးမောင်နှံသည် ငါးထိုးရန် ရည်ရွယ်ချက်ဖြင့် လှေငယ်ကို စီးကာ ကွင်းထဲသို့ လာရောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

တန်ခူးလပြည့်ကျော် တစ်ရက်နေ့မှ စ၍ တော်သလင်းလပြည့်နေ့အထိ ကွင်းကို အစိုးရပိုင်သည်ဖြစ်ရာ "အစိုးရပိုင်သည့်ရက်တွင် ဆင်းရဲသားများသည် ဆောင်းတစ်လုံး၊ မိုန်းတစ်လက်၊ ငါးမျှားတံ တစ်ချောင်းဖြင့် ကွင်းထဲ၌ ရှာဖွေစားသောက်နိုင်၏" ဟု အစိုးရမင်းများက ကြီးမားသော မဟာကရုဏာနှင့် အခွင့်အရေး ကလေးများ ပေးသနားထားတော်မူသည့်အတွက် ရရှိသော အခွင့်

အရေးကို ပိုင်နိုင်စွာ အသုံးချရန် ငါးထိုးသော "ဆောင်ပုံ" တစ်လက်ဖြင့် ကွင်းထဲသို့ သူတို့ရောက် ရှိလာကြခြင်းဖြစ်သည်။

လေငြိမ်နေသဖြင့် ပတ်ဝန်းကျင်ရှိ ရေပေါ် တစ်တောင်ခန့်၊ တစ်ထွာခန့် မြင့်တက်နေသော ဒိုက်ပင် ကလေးများ၊ မြက်ပင်ကလေးများနှင့် ကန်စွန်းဖောင်၊ ကညွတ်ဖောင်ကလေးများသည် လုံးဝ လှုပ်ရှားခြင်း မရှိဘဲ ငြိမ်သက်နေပါ၏။ ကိုဖိုးငွေ၏ စူးရှသော မျက်လုံးအစုံမှာ ဤငြိမ်သက်နေသော ဒိုက်ပင်များ၊ မြက်ပင်များ အပေါ်ဝယ် လွှမ်းခြုံကျက်စားကာ လှုပ်ရှားလျက်ရှိသော ဒိုက်ပင်နှင့် မြက်ပင်ကို ရှာဖွေနေ၏။

ရေအောက်ရှိ ငါး၏ အသွားအလာ အကူးအသန်း အမျိုးအမည်ကို ရေပေါ်မြင့်တက်လျက် ရှိသော ဒိုက်ပင်၊ မြက်ပင် များ၏ လှုပ်ရှားခြင်းဖြင့် သဲလွန်စ ရှာဖွေကာ နောက်ယောင်ခံလိုက်ပြီး ထိုးရသည် ဖြစ်၍ လှုပ်ရှား နေသော ဒိုက်ပင်နှင့် မြက်ပင်ကို သူ ရှာဖွေနေခြင်းဖြစ်ပါသည်။ သို့သော် ငါးထိုးသမိုင်း၌ ငါးထိုးခြင်း အစအဦး အချိန်ဖြစ်၍ လက်တွေ့ဆည်းပူးရယူခဲ့သော အတွေ့အကြုံ ဗဟုသုတများ ခေါင်းပါးလှသေးသည့်အတွက် ယခုခေတ်၌ ကိုဒေါင်းစိန်တို့လို ငါးထိုးသမားများကဲ့သို့ လှုပ်ရှားနေသော ဒိုက်ပင်၊ မြက်ပင်များကို မြင်ရုံမျှနှင့် ငါးအမျိုး အမည်ကို ခွဲခြားနိုင်စွမ်း မရှိသေးပေ။

တောင် မြောက် ဝဲ ယာ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ဒိုက်ပင်၊ မြက်ပင်များ အပေါ်ဝယ် ပျံ့ဝဲလျက်ရှိသော သူ့မျက်လုံး အစုံသည် တစ်နေရာတွင် ရပ်တန့်သွားလေပြီ။ ထိုနေရာတွင် မြက်တောကလေးတမျှ မြက်ပင် များသည် စု၍ ပေါက်ပွားနေရာ၊ ဤ စု၍ ပေါက်ပွားနေသော မြက်ပင်များသည် အလယ် တည့်တည့်မှ တစ်ဖက် တစ်ချက် ကွဲကွာသွားကာ နှစ်ဖက်စလုံးမှ မြက်ပင် ကလေးများမှာလည်း လှုပ်ရှား ယိမ်းယိုင် လျက်ရှိကြ၏။

သူ့ကိုယ်ကာယသည် ဆတ်ခနဲ ဖြစ်သွားကာ လှုပ်ရှားလျက်ရှိသော မြက်ပင်ကလေးများမှ မျက်လုံး ကိုမခွာဘဲ၊ "ကျွတ် ကျွတ်" ဟု စုတ်သပ်လိုက်ပြီး နောက်လှေပဲ့မှ မငွေရွှက်အား လက်ဝါးကာပြလိုက်၏။ ဘာကို ဆိုလိုသည်ကို နားလည်ထားပြီး ဖြစ်နေသော မငွေရွှက်ကလည်း လှေကို တဖြည်းဖြည်းနှင့် အရှိန်သတ်၍ ရပ်လိုက်၏။

ရေအောက်မှ ငါးသည် မြက်တောကို တိုးဝှေ့နေပေပြီ။ ထို့ကြောင့်ပင် မြက်ပင်များသည် ငါးသွားရာ လမ်းကြောင်း တစ်လျှောက် တစ်ဖက်တစ်ချက် ကွဲကွာသွားကာ လှုပ်ယမ်းနေခြင်းဖြစ်သည်။ ဒါကို "မြက်တိုးငါး" ဟု ခေါ်ရမည် ဖြစ်ပြီး၊ ဒိုက်ပင်တစ်ပင်တည်း သွက်သွက်ခါ လှုပ်ယမ်းနေအောင် ဒိုက်ပင်၌ တွယ်ကပ် နေသော ရေညှိကို ရေအောက်မှနေပြီး ကိုက်ဆွဲတတ်သည့် ငါးကိုမူ "မြက်ကိုငါး"ဟု ခေါ်ရသည်။ ယခု သူ ထိုးရမည့် ငါးမှာ "မြက်တိုးငါး" ဖြစ်သည်။

ငါးသည် တစ်နေရာတည်း၌ ရပ်တန့်မနေဘဲ၊ ရှေ့သို့ ဆက်လက် တိုးဝှေ့သွားလာလျက် ရှိခြင်းကြောင့် ကျန်ရစ်ခဲ့သော မြက်ပင်များမှာ ပြန်စေ့ သွားပြီး၊ ရှေ့မှ မြက်ပင်ကလေးများကတော့ တစ်ဖက်တစ်ချက် ကွဲကွဲ သွားသည်။ မြက်ပင်အက်ကြောင်းမှာ အတန်ငယ် ကျယ်ဝန်းသည့်အတွက် ရေအောက်၌ တိုးဝှေ့ နေသော ငါးသည် အကောင်အထည် အတန်ပင်ကြီးသော ငါးဖြစ်ကြောင်း သူ သိရသည်။

ကွဲအက်ကြောင်းသည် တဖြည်းဖြည်းနှင့် ရှေ့သို့သာ ရွေ့လျားနေရာ သူနှင့် အတန်ငယ် ဝေးကွာသွားပြီ ဖြစ်သည့်အတွက် သူသည် "ဆောင်ပုံ" ဖြင့် ရှေ့သို့ ဆတ်ခနဲ ဆတ်ခနဲ နှစ်ချက် သုံးချက် ပြလိုက်၏။ ကိုဖိုးငွေ၏ အရိပ်အခြည်ကို စောင့်ကြည့်နေသော မငွေရွှက်ကလည်း သူ့အား ရှေ့သို့ အနည်းငယ် ဆက်လှော်ရန် အရိပ်အခြည် ပြနေကြောင်း နားလည်သည်ဖြစ်၍ ရှေ့သို့ လှော် ပေးလိုက်၏။ လက်လှမ်း မီလောက်သည့် နေရာသို့ ရောက်သော အခါ ကိုဖိုးငွေသည် "ဆောင်ပုံ"ကို မြှောက်၍ ရွေ့လျားနေသော ကွဲအက်ကြောင်း

၏ ရှေ့သို့ အနည်းငယ် ကြို၍ ချိန်ကာ လက်လွှတ် ထိုးချလိုက်၏။ ထိသွား ပေပြီ။

ရေပေါ်တွင် ပေါ်လျက်ရှိသော "ဆောင်ပုံ" လက်ကိုင်ရိုးမှာ ထိထားသော ရေအောက်မှ ငါး၏ ရုန်းကန်မှုကြောင့် သွက်သွက်ခါအောင် လှုပ်ယမ်းနေရခြင်းက ငါးကို ထိုးမိထားကြောင်း သက်သေခံနေပါပြီ။ ငါးကို လက်လွှတ် ထိုးပြီးလျှင်ပြီးချင်း၊ လှေပဲ့မှ မငွေရွက်က ဆောင်ပုံ ရှိရာသို့ လှေကို ခပ်သွက်သွက် လော်ပို့လိုက်သဖြင့်၊ ကိုဖိုးငွေသည် ဆောင်ပုံ လက်ကိုင်ရိုးကို လှမ်းကိုင်ကာ ရေအောက် မြေကြီးဆီသို့ ထိုးစိုက် ဖိကပ်ထား၏။ သို့မှသာ ရေအောက်ရှိ ငါးသည် ရုန်း၍ မလွတ်နိုင်ဘဲ သူ့လက်တွင်းသို့သာ စိတ်ချလက်ချ သက်ဆင်း ရပေမည်။

မငွေရွက်သည် လှေပဲ့မှနေ၍ လှေဦးသို့ လျှောက်လာကာ ကိုဖိုးငွေ၏ လက်တွင်းမှ "ဆောင်ပုံ" လက်ကိုင် ရိုးကို လှမ်းကိုင် ထိုးစိုက်ထားသည်နှင့် တစ်ပြိုင်နက်၊ သူက ဆောင်ပုံ လက်ကိုင်ရိုးမှ လက်ကို ပြန်လည် ရုပ်သိမ်းလိုက်ကာ ရေထဲသို့ ခုန်ချလိုက်၏။ နောက် "ဆောင်ပုံ" ရိုးကို ကိုင်လျက်ပင် ရေထဲသို့ ငုပ်ကာ ရုန်းကန်နေသော ငါး၏ ဇက်ကို ဖမ်းကိုင်ပြီး ဆောင်ပုံရော ငါးပါ ဖော်တင်လာ၏။

မငွေရွက်က ကျေနပ်စွာ ပြုံးလိုက်၍ ကိုဖိုးငွေကို အားရပါးရ ရယ်လိုက်၏။ သူတို့၏ ဘဝ၌ သဘာဝကျသော ဟာသဖြစ်သည်။ သည်ဟာသ သည်သာ နှစ်လိုဖွယ်ရာ အပြုံးဖြစ်၏။ ထို့ကြောင့် မငွေရွက်က ပြုံး၏။ ကိုဖိုးငွေ က ရယ်၏။ ပြုံး ... ရယ် ... ။

သဘာဝကျသော ဟာသနှင့် နှစ်လိုဖွယ်ရာ အပြုံး။

"အဟီး ... နေ့တွက်တော့ စီသွားပြန်ပေါ့" သဘာဝကျသော ဟာသ၏ အသံပင်ဖြစ်ပါသည်။

"ဟုတ်သပေါ့တော် … ခုတ်ထစ်ပြီး ခုတ်သားလုပ် ရောင်းလိုက်ရင် ငွေနစ်ကျပ်ဖိုးတော့ တန်းနေတာပေါ့" နစ်လိုဖွယ်ရာ အပြုံး၏ အသံ …။ ထိုး၍ရသော ငါးမြစ်ချင်းကြီးကို ခင်းထားသော လှေကပ်အောက်သို့ သွင်းပြီးနောက် ကိုယ့်နေရာကိုယ် ပြန်ယူကာ ကိုယ့်တာဝန် ကိုယ်ထမ်းရွက်ကြ၏။ မငွေရွှက်က လှေပဲ့မှထိုင်ကာ တက်တစ်ချောင်းဖြင့် ရှေ့သို့ လှော်ပေး၏။ ကိုဖိုးငွေက လှေဦးပေါ်မှ မတ်တတ်ရပ်ကာ ပတ်ဝန်းကျင်ရှိ ဒိုက်ပင်နှင့် မြက်ပင်များကို လှမ်းချို့ စူးစမ်းရင်း လိုက်ပါလာ၏။

လှေသည် ညင်သာစွာ ရွေ့နေသည်။ အချိန်သည်လည်း မှန်မှန်ကြီး ရွေ့နေလေသည်။ လှေသည် တစ်နေရာမှ တစ်နေရာသို့ ဖြတ်ကျော်ကူးသန်းနေသည်။ အချိန်သည်လည်း တစ်စက္ကန့်မှ တစ်စက္ကန့်သို့ ဖြတ်ကျော်ကူးသန်းနေသည်။ နာရီဝက်တောင် ကြာသွားပြီကော …။

တွေ့ပြန်လေပြီ၊ လှုပ်ယမ်းလျက်ရှိသော မြက်ပင်ကို တစ်ကြိမ်တွေ့ပြန်လေပြီ။ ကိုဖိုးငွေ၏ မျက်နှာပေါ်တွင် သဘာဝကျသော ဟာသမှ ဖူးပွင့်လိုက်သော အပြုံးသည် ခိုနားလေပြီ။ လှုပ်ယမ်းနေသော မြက်ပင်မှ မျက်လုံးကို မခွာဘဲ" ကျွတ် ကျွတ်" ဟု စုပ်သပ်ကာ မငွေရွှက်အား လက်ဝါးကာပြလိုက်၏။ ချက်ချင်းပင် လှေအရှိန်လည်း တန့်လေပြီ။

ကိုဖိုးငွေ၏ မျက်နှာမှ အပြုံးသည် ပျောက်ကွယ်သွား၍ နဖူးရေများ တွန့်လာသည်အထိ မျက်ခုံးနှစ် ဖက်ကို ချီထားသော စိတ်ဝင်စားစွာ စူးစမ်းဆင်ခြင်လျက်ရှိသည့် အသွင်သည် ရောက်ရှိလာသည်။ တဖြည်းဖြည်းနှင့် သံသယ မကင်းဖြစ်နေဟန်၊ ဝေခွဲ၍ မရဟန်၊ ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခြင်း မရှိဘဲ ချီတုံချတုံ ဖြစ်နေဟန် … တွေဝေနေသော အမူအရာသို့ ပြောင်းလဲသွားပြန်သည်။

မြက်ပင် လှုပ်ယမ်းပုံကား ငါးသည် မြက်တောကို တိုးဝှေ့လိုက်၍ မြက်ပင်သည် တစ်ဖက်တစ်ချက်သို့ ကွဲကွာသွားကာ၊ ငါးသွားရာ လမ်းကြောင်း တစ်လျှောက်လုံး လှုပ်ယမ်းသွားခြင်းမျိုးမဟုတ်ဘဲ၊ တစ်နေရာ တည်း ကွက်၍ လှုပ်ရှားနေသည့်အတွက်၊ မြက်ကိုက်ငါးဟု ဆိုရမှာကလည်း မြက်ကိုက်ငါးမှာ ဒိုက်ပင်၌ တွယ်ကပ်နေသော ရေညှိများကို ဆွဲကိုက် စားသောက်သည့်အတွက် ဒိုက်ပင်တစ်ပင်တည်းသာ လှုပ်ယမ်း နေရမည်။ ယခုတော့ မြက်ပင် ဆယ်ပင် ခန့်ကို ကြိုးနှင့် စုစည်းထားသကဲ့သို့ အစည်းလိုက် ထူးဆန်းစွာ လှုပ်ယမ်း နေသည်။

သံသယသည် ကြီးထွား၍လာ၏။ မြင့်မား၍လာ၏။ ငါး ဟုတ်သလား၊ မဟုတ်ဘူးလား၊ ထိုးရမလား၊ မထိုးဘဲ ရှောင်ဖယ်သွားရမလား၊ ငါး မဟုတ်ဘူးဆိုရင် ဘာများဖြစ်မလဲ ...။

အဖြေသည် တစ်ခုတည်းသာ ထွက်လာလျှင် ပြဿနာသည် ဖြေရှင်းပြီးသား ဖြစ်နေလိမ့်မည်။ ယခုတော့ အဖြေသည် နှစ်ခု၊ သုံးခု ထွက်လာ၍ ပြဿနာကို ရှင်းလင်းပစ်ခြင်း မပြုနိုင်ဘဲ ပို၍သာ ရှုပ်ထွေးနေရသည်။ သူ့အား မပြတ်သားသူ၊ တွေဝေသူဟု အပြစ်တင်ချင်လျှင် တင်ပါ၊ သူကတော့ ယခုအထိ ဝေခွဲ၍ မရနိုင် သေးပါ။

ဝေခွဲ၍ မရခြင်းမှာ ပြတ်ပြတ်သားသား မသိ၍သာဖြစ်သည်။ ပြတ်ပြတ်သားသား မသိရခြင်းမှာလည်း ငါးထိုးသမိုင်း၌ ငါးထိုးခြင်း၏ အစအဦး ချိန်ခါ ဖြစ်၍ လက်တွေ့မှ ဆည်းပူး ရယူ ထားသော အတွေ့အကြုံ ဗဟုသုတ များခေါင်းပါးလှသေးသည့် အတွက်ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ၊ သည်တစ်ကြိမ် စွန့်စား ထိုးကြည့် လိုက်ရင်တော့ လက်တွေ့ အတွေ့အကြုံ ဗဟုသုတ တစ်မျိုးတိုးလာပြီး၊ နောင် ဤအတွက် အခက်အခဲ တွေ့လာ နိုင်စရာ အကြောင်းရှိတော့ မည်မဟုတ်ပေ။

သူက ဆုံးဖြတ်လိုက်လေပြီ။ ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်း သိရအောင် ထိုးကြည့်မည်ဟု ဆုံးဖြတ်ချက် ချမှတ် လိုက်လေပြီ။ သူသည် ဆောင်ပုံကို မြှောက်၍ အစည်းလိုက် လှုပ်ယမ်းနေသော မြက်ပင် အောက်ခြေရှိမည် ထင်ရသော နေရာလောက်ဆီသို့ မှန်းဆ ချိန်ရွယ်ကာ လက်လွှတ် ထိုးချလိုက်တော့၏။

ရေပေါ်တွင် ပေါ်လျက်ရှိသော "ဆောင်ပုံ" လက်ကိုင်ရိုးမှာ တဆတ်ဆတ် ယိမ်းထိုး လှုပ်ရှားနေပါ၏။ ဤကား ရေအောက်မှ သက်ရှိသတ္တဝါတစ်ကောင်အား ထိုးမိထားကြောင်း ထောက်ခံနေသော အထောက်အထားပင် ဖြစ်ပါ၏။ သို့သော် ယခင် ငါးကြီးများကို ထိုးမိထားစဉ် အခါများကကဲ့သို့ သွက်သွက် ခါအောင် လှုပ်ယမ်း နေခြင်းမျိုးမဟုတ်ဘဲ၊ သိသာရုံကလေးမျှ တဆတ်ဆတ် ယိမ်းထိုးလှုပ်ရှားနေခြင်းက သူ့အဖို့ စဉ်းစားစရာ ဖြစ်နေပါသည်။

ငါးထိုး သမားဘဝ၏ သူ့အတွေ့အကြုံများထဲ၌ ဤကဲ့သို့ မြက်ပင်ဆယ်ပင်ခန့်ကို ကြိုးနှင့် စုစည်းထား သကဲ့သို့ အစည်းလိုက် လှုပ်ယမ်းပုံမျိုး၊ ငါးကို ထိုးမိထားသည့် ခါ၌လည်း "ဆောင်ပုံ" လက်ကိုင်ရိုးမှာ ဤကဲ့သို့ ညင်သာစွာ ယိမ်းထိုး လှုပ်ရှားနေပုံမျိုးလို အတွေ့အကြုံမျိုးကို တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးကြုံဖူးခဲ့ခြင်း မရှိသေးပါ။

မည်သို့ပင် ဖြစ်စေ၊ သူ မတွေ့ကြုံ မဆုံစည်းဖူးသော ငါးအမျိုးအနွယ်များထဲမှ ငါးတစ်မျိုးဖြစ်မည်ဟု ယူဆ ကာ ရေထဲငုပ်ပြီး ဆင်းဖမ်းရန် ဆုံးဖြတ်လိုက်၏။ လှေပေါ်မှနေ၍" ဆောင်ပုံ"ကို ဆွဲဖော် ယူလျှင်တော့ ငါးသည် လွတ်မြောက်သွားမည်ကို စိုးရိမ်ရပေသည်။

သူသည် လှေပဲ့မှ မငွေရွှက်ကိုခေါ်၍ ဆောင်ပုံ လက်ကိုင်ရိုးကို ကိုင်ဖိထားစေပြီးနောက်၊ ရေထဲသို့ ခုန်ချလိုက်ကာ ရေအောက်သို့ ကျင်လည်စွာ ငုပ်လျှိုးသွား၏။ ပြန်ပေါ်လာသောအခါ သူ့ဘယ်ဘက် လက်တွင်း၌ ဆောင်ပုံကို

ဆုပ်ကိုင်ထား၍၊ ညာဘက်လက်တွင်း၌မူ မြွေတစ်ကောင်၏ လည်ပင်းကို ဆုပ်ကိုင် ထားသည်။ မြွေ၏ ရှည်လျားသော ကိုယ်ကာယမှာမူ သူ့ဘယ်ဘက် လက်တွင်း၌ ဆုပ်ကိုင်ထားသော "ဆောင်ပုံ" အသွား ခုနစ်ချောင်းကို ရစ်ပတ် ထားသည်။ ဆောင်ပုံ အသွားနှစ်ချောင်းက မြွေ၏ ခါးလယ်ကို စူးဝင်နေသည်။

လှေပေါ်မှ မငွေရွက်က ထိတ်လန့်စွာဖြင့် ငယ်သံပါအောင် အော်ဟစ် လိုက်၏။ ကိုဖိုးငွေ၏ မျက်နှာ အမူအရာမှာ သွေးရူးသွေးတန်း ဖြစ်နေသူတစ်ဦး၏ မျက်နှာမျိုး ဖြစ်နေပါသည်။ စင်စစ်သူသည် ရေအောက်မှာ ကတည်းက မြွေကိုက်ခံရပြီး ဖြစ်နေပါသည်။ ဒဏ်ရာအနာတရ ရရှိ ထား၍ ဒေါသထလျက်ရှိသော မြွေ၏ အားရ ပါးရ ကိုက်ခဲလိုက်ခြင်းကို ရေအောက်မှာကတည်းက ခံယူ ရရှိပြီး ဖြစ်နေပါသည်။ သူကိုယ်တိုင်လည်း ရေအောက် မှာကတည်းက မြွေပဲဟု သိရှိထားဟန် လက္ခဏာ ရှိပါသည်။ သို့သော် သူသည် သွေးရူး သွေးတန်း ဖြင့် သူ့အား ကိုက်ခဲထားသော မြွေ၏ လည်ပင်းကို ဆုပ်ကိုင်ပြီး ရေပေါ် ပြန်ပေါ် တက်လာ ခြင်းဖြစ်ဟန် လက္ခဏာရှိပါသည်။

မငွေရွက်၏ အော်သံကြောင့် ပတ်ဝန်းကျင်မှ ငါးထိုးသမား တစ်စုသည် လှေကလေးများ ကိုယ်စီဖြင့် အပြေးရောက်လာကြ၏။ အကျိုးအကြောင်း သိရ သည်နှင့် တစ်ပြိုင်နက် ကိုဖိုးငွေ၏ လက်တွင်းမှ ဆောင်ပုံနှင့် မြွေကို ဖယ်ရှားပစ်ပြီး၊ မြွေဆိပ်တက်၍ မိန်းမောလျက်ရှိသော ကိုဖိုးငွေအား လှေပေါ်သို့ ဆွဲတင်ကြ၏။ ဘာလုပ် ရမည်ကို မသိသဖြင့် နာနပ်သူက နာနပ်၏။ နင်းနှိပ်သူက နင်းနှိပ်ပေး၏။

ထိုစဉ် အတွင်း ငါးထိုးသမားတစ်ဦးသည် တစ်စုံတစ်ရာကို သတိရသလို ကိုဖိုးငွေ၏ "ဆောင်ပုံ"ကို လှမ်းယူကာ ဆောင်ပုံအသွား ခုနစ်ချောင်းတွင် ပတ်ရစ်ထားသော မြွေအား အသေရိုက်သတ်လိုက်၏။ နောက် ပတ်ရစ်ထားသော မြွေကိုယ်ကို ဖြေကာ မြွေ၏ ခါးလယ်၌ စူးဝင် နေသော မိန်းသွား နှစ်ချောင်း ကိုလည်း ဆွဲနုတ်လိုက်၏။ လှေပေါ်တွင် ပါလာသော ဓားဖြင့် မြွေ၏ အမြီးကို

လက်နှစ်သစ်ခန့် ဖြတ်လိုက်ပြီးနောက် ပါးစပ်မှ အမြှုပ်တစီစီထွက်၍ မိန်းမော နေသော ကိုဖိုးငွေ၏ ပါးစပ်ထဲသို့ ခုတ်ဖြတ်ထားသော မြွေမြီးကို ထိုးထည့် လိုက်၏။ ကိုဖိုးငွေ သတိတစ်ကြိမ် ပြန်လည်လာသောခါတွင် "မျိုချလိုက် မျိုချလိုက်" ဟု ပြောလိုက်ရာ ကိုဖိုးငွေလည်း အယောင်ယောင် အမှားမှားနှင့်ပင် မျိုချလိုက်၏။

မြွေကိုက်ခံရပါက ကိုက်သောမြွေ၏ အမြီးကိုဖြတ်၍ မျိုလျှင် အဆိပ်ပြယ် သည်ဟု အယူရှိကြသောကြောင့် မြွေမြီးကိုဖြတ်၍ မျိုနိုင်းခြင်း ဖြစ်ပါသည်။ သို့သော် မထူးခြားလှပါ။ မြွေ၏ အားရပါးရ ကိုက်ခဲ ခြင်းကို ခံလိုက် ရသောကြောင့် ခဏမျှသာ သတိလည်လာပြီးနောက် ပြန်၍ မိန်းမောသွား ပြန်တော့ သည်။

ကွင်းထဲမှနေ၍ ရွာဘက် ဦးတည်လျှော်ယက်ကာ အိမ်သို့ ခေါ်ဆောင် လာခဲ့စဉ်မှာပင် လမ်းတွင် သေဆုံး သွားတော့၏။ မငွေရွှက်သည် အော်ဟစ်၍ ငိုလိုက်၏။ အားရပါးရ ရှိုက်ကြီးတငင် ငိုလိုက်၏။ ငိုရပေမည်။ သူမ၏ ဘဝ၌ ဒါသည် သဘာဝကျသော အလွမ်းဖြစ်သည်။ ဖြေမဆည်နိုင်သော အဆွေး ဖြစ်သည်။

သူတို့အား ရွာသို့ လိုက်ပို့ကြသော ငါးထိုးသမားများကား ဘဝတူ မိတ်ဆွေ တစ်ဦး၏ ဇာတ်သိမ်းခန်း အတွက် စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်းများ ဖြစ်နေသလို တိတ်ဆိတ်ငြိမ်သက်နေကြ၏။ တိတ်ဆိတ် ငြိမ်သက်ခြင်းကို ဖောက်ထွင်း၍ မငွေရွှက်၏ ငိုရှိုက်သံသည်သာ ဘဝကို နာကြည်းဆွေး မြည့်သည့် ငိုရှိုက်သံ၊ သောက ပရိဒေဝ၏ လောင်မြိုက်ခြင်းကို ခံရသော အသည်းနှလုံးမှ မြည်ဟည်း ထွက်လာသော ငိုက်ရှိုက်သံ။ ငို … ရှိုက် … သံ။

"ဒေါင် … ဒေါင် … ဒေါင် …"

၁၂ ချက် သံချောင်းခေါက်သံသည် အတိတ်မှ အရိပ်ကလေးများ၌ ဝင်စားလျက်ရှိသော ကျွန်တော်၏ အာရုံအား ပစ္စုပ္ပန်သို့ ပြန်လည်ခေါ်ယူ လိုက်လေပြီ။

မေးနေသော မျက်လုံးသည် ပွင့်လာ၏။ လေးနေသော မျက်ခွံသည် ပေါ့လာ၏။ စင်းနေသော မျက်တောင်သည် ကော့ထောင်လာ၏။ မျက်လုံး အောက်ဝယ် ပျောက်နေသော စာလုံးကလေးများသည်လည်း မှုန်ဝါးဝါးမှ တစ်ဆင့် ထင်ရှားပြတ်သားစွာ ပြန်ပေါ်လာပေပြီ။

"ဆယ်လံ အစောက်၊ ရေထဲအောက်သို့၊ ထုတ်ချောက်စုပ်စုပ်၊ စုံးစုံးငုပ်၍၊ စမ်းခုပ်သရော်၊ သူပေါ်စိမ်းစား၊ တံငါသားလျှင်၊ လည်ကြားသုံးရစ်၊ မည်းချစ်ရင် ပြောက်၊ ရေမြွေဟောက်ကို၊ လန့်ကြောက်မရှိ၊ ငါးဟုမိ၍၊ လည်စိကိုင်ဆုပ်၊ ဝမ်းသာရုပ်ဖြင့်၊ သူနပ်ကျွန်လျော်၊ ကြည့်လျက်ပေါ်သော်၊ မြော်ကတုံးတုံး၊ အလူဆုံးလူ၊ နလုံးမဆုံ၊ ရင်တီးအံ့သို့ ..."

အတိတ်မှ အရိပ်ကလေးများကို ယခုပစ္စုပ္ပန်၌ အကောင်အထည် ပေါ်လွင်လာအောင် သည်ကဗျာက ရုပ်လုံးဖော်ပေးသည်။ ကျွန်တော်က အတိတ်၏ အရိပ်မှ ငိုက်ရှိုက်သံကလေးကိုသာ ကြားယောင်ကာ ရင်ထဲ၌ တလှပ်လှပ် ဖြစ်နေမိသည်။ ယခုမှပင် တွေ့ကြုံ ခံစားလိုက်ရသလို ကရုဏာ သက်နေမိသည်။ သြော် ... ဆိုးရွားလှတဲ့ သူတို့ဘဝ ပါကလားရယ်လို့။

သို့သော် ငါးထိုးသမားလောက၌ ကိုဖိုးငွေသည် နောင်လာ နောက်သားများ အတွက် သစ်လွင်သော သဘောတရားတစ်ရပ်ကို ထုတ်ဖော် ပြသသွားသူတစ်ယောက် အဖြစ် လေးလေးစားစား သတိရလျက် ရှိကြပါသည်။ မှန်သည်၊ မြက်ပင်များ အစည်းလိုက် ယမ်းနေလျှင် ရေအောက်မှ သတ္တဝါသည် မည်သည့် သတ္တဝါ ဖြစ်သည်ဟူသော အချက်ကို နောင်လာနောက်သားများအား သူသည် အသက်ပေး၍ ရှင်းလင်းပြသ သွားသူဖြစ်သည်။

အပြင်ဘက်မှ သာယာချိုအေးသော သစ်ရွက်သစ်ခတ်သံကလေးများကို ယခုမှပင် အရသာခံ၍ နားထောင်မိတော့သည်။ ခပ်လှမ်းလှမ်းမှ ကင်းစောင့်ရဲဘော်တစ်ဦး၏ သီချင်းဆိုသံ သဲ့သဲ့သည် သစ်ရွက် ခတ်သံ ကလေးများနှင့်အတူ ကျွန်တော်၏ နားထဲသို့ တိုးဝင်လာသည်။ ကျွန်တော်၏ အာရုံသည် သစ်ရွက်ခတ်သံမှ ကင်းစောင့်ရဲဘော်၏ သီချင်းသံသို့ ကူးပြောင်းလေပြီ။

"အထင်တော် လွဲလို့ရယ် … ချစ်တဲ့သူရယ် … မုန်းရက်လေအားတယ်"

သဲ့သဲ့မျှသာ ဖြစ်ပါ၏။ အစမှ အဆုံးအထိ ပီပီသသ မကြားရ။ ကျွန်တော်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်၏။ ဩော် … သူ့ခမျာ အထင်တော်လွဲပြီး မုန်းတော်မူသွားသော သူ့ချစ်သူကို ရည်မှန်းပြီး ဒီသီချင်းကို ဟစ်ဆိုနေရှာထင့်။

ကျွန်တော်လည်း စာရေးစားပွဲပေါ်မှ ဆုတောင်းခန်းပျို့ကို ပြန်ပိတ်လိုက်၍ မတ်တတ်ထရပ်လိုက်ကာ အညောင်း ဆန့်ရင်းဖြင့် မြွေကို ငါးဟု အထင်တော် လွဲမှားခဲ့သည့်အတွက် အသေဆိုး သေရရှာသော ကိုဖိုးငွေကို ရည်မှန်းကာ နှုတ်မှ ခပ်တိုးတိုး မြည်တမ်းလိုက်၏။

"ဩော် … အထင်တော် လွဲလို့ရယ် ….."

~~~~~~~~~~~~~~
~~~~~~~~~~~~~~

# မြစ်တွေး ကွန်သံ လန့်တည့်လေး

## (၁)

နေသည် အနောက်ဘက်သို့ ရွေ့စောင်းကာ ကျဆင်းနေလေပြီ။ "နေမွန်းတိမ်း" "နေစောင်း" "နေကျ" "နေစွယ်ကျိုး" "နေအေး" "နေတောင်တင်" "နေဝင်ရီတရော" "နေဝင်ဆည်းဆာ" "နေဝင်ဖျိုးဖျ"စသဖြင့် နေမင်း အနောက်ဘက်သို့ ရွေ့စောင်းသည်မှ အစပြု၍ တရွေ့ရွေ့ ကျဆင်းကာ စုံးစုံးနစ်မြုပ် ပျောက်ကွယ် သွားသည်အထိ အဆင့်ဆင့် သတ်မှတ်ပိုင်းခြား၍ အမှတ်အသား ထားရှိကြသည်ဖြစ်ရာ ယခုမူကား "နေကျ" ဟူသော အဆင့်သို့ ရောက်ရှိနေပေပြီ။

ဘုန်းကြီး ကျောင်းသား ကလေး တစ်ဦးသည် နေကို မော်ကြည့် လိုက်ပြီးနောက် ကျောင်းရှေ့ရှိ အရိပ် အာဝါသ ကင်းလွတ်သော မြေပြင်တွင် စိုက်ထူ ပြုလုပ်ထားသော "နေနာရီ" ကို အပြေးကလေး သွားကြည့်၏။ မလွဲ မသွေပင် နေနာရီ၌ အိမ်မြှောင်သဖွယ် တပ်ဆင်ထားသော "ဖဲထီး" သံချောင်းရှည်ကလေး၏ အရိပ်သည် (၃) ဂဏန်း အလယ်တည့်တည့်ပေါ်သို့ ကျရောက်နေလေပြီ။

ဘုန်းကြီးကျောင်းသားကလေးသည် အခြားကျောင်းသားငယ်တစ်ဦးကို အဖော်ခေါ် ပြီးနောက် ကျောင်းပေါ်သို့ အပြေးတက်သွားကြ၏။ တစ်ဦးက "ကျောက်စည်" ကို ထု၍ တစ်ဦးက "သားရေစည်" ကြီးကို ရိုက်ခတ် လိုက်၏။ "နောင် .... ဒိုင်း ...." "နောင် ... ဒိုင်း..." "နောင်... ဒိုင်း..." ညနေ ၃ နာရီ အချိန်ပါ။

ဗျင်းဘွဲ့ရှာကလေးကား စည်တော်သံ မြည်ဟည်းလိုက်သည်နှင့်အမျှ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ ထဘီများ ကပိုကရိုဖြင့် သန်းတုပ်ရင်း သူတစ်ပါး

အတင်းပြောနေကြသော မိန်းမများမှာလည်း သန်းတုပ်၍ အတင်းပြောခြင်းကို တစ်ခန်း ရပ်လိုက်ရကာ ညစာ ချက်ပြုတ်ရန် ပြင်ဆင်ကြ၏။ ဆန်ဆေးသူက ဆေး၏။ ထမင်းအိုး တည်သူကတည်၏။ ငါးဟင်းစား အရှာထွက်သူက ထွက်၏ ဗျင်းဘွဲ့ရွာကလေးရဲ့ ညနေခင်း သရုပ်ပန်းချီ ကားချပ်လေ...။

ကိုဒေါင်းစိန်ကား သူ့အိမ်ကလေးပေါ်မှ ခုန်ဆင်းလိုက်ကာ ကိုလေးဖိုးကွန့်တို့ အိမ်ရှေ၊ ကိုလှမောင် တို့အိမ်ကိုပါ တစ်ဆက်တည်း သိမ်းကျုံးကြည့်ရှုလိုက်ပြီးနောက် "ဗျို့... ကိုလေးဖိုးကွန့်တို့၊ ကိုလှမောင်တို့ ကွန်ပစ်သွားဖို့ အချိန်တော်နေပြီ၊ အားလုံး အသင့်ဖြစ်ပြီလား" ဟု လှမ်းမေးလိုက်၏။

ကိုလေးဖိုးကွန့်တို့အိမ်မှ "အေးဟေ့ အားလုံး အသင့်ဖြစ်နေပြီ၊ သွားကြစို့" ဟူသော ကိုလေးဖိုးကွန့်၏ အသံ ထွက်ပေါ်လာသော်လည်း ကိုလှမောင်တို့ အိမ်မှမူကား စကားပြန်မရပါ။

အတော်ကလေးကြာမှ "ခဏစောင့်ပါဦးကွာ၊ ထမင်းမနပ်တတ်သေးလို့" ဟူသော ကိုလှမောင်၏ ထိုင်းမှိုင်း လေလံသော အသံထွက်ပေါ်လာသည်။

ကိုဒေါင်းစိန်ကား ထမင်းချက် နောက်ကျနေသော ကိုလှမောင်၏ မိန်းမ မဖွားသက်အား စိတ်ပျက်သွား၏။ သူ့မိန်းမ မယ်စိန်နှင့်ကား ကွာပါဘိခြင်း။ သူတို့သည် ခရီးဝေးသို့ ကွန်ပစ်သွားရမည်ဖြစ်၍ ညစာ ထမင်းဟင်းကို ချက်ပြုတ်ယူသွားရသည်ဖြစ်ရာ၊ မယ်စိန်သည် ညနေ ၃ နာရီ မထိုးမီပင် ချက်ပြုတ်ပြီးနှင့်လေပြီ။ ချက်ပြုတ်ပြီးလျှင်ပင် သူ့အား ကွန်ပစ်သွားဖို့ အချိန်တော်ပြီဖြစ်ကြောင်း တတွတ်တွတ် သတိပေးနေသဖြင့်၊ အလုပ်ပျင်းသော သူကပင် ကိုလေးဖိုးကွန့်နှင့် ကိုလှမောင်ကို ဆော်ဩလိုက်ရ၏။ ဒါပေမဲ့ ကိုလှမောင်က ထမင်းမနပ်တတ်သေးလို့ စောင့်ပါဦးတဲ့။

မဖွားသက်ကား စိတ်သဘောကောင်း၍ စိတ်နလုံး နူးညံ့သလောက် အလုပ်လုပ်ရာ၌ လေးကန်လှ၏။ ပျင်းရိတတ်၏။ မယ်စိန်ကား ဤသို့မဟုတ်။

စိတ်ကြမ်း ကိုယ်ကြမ်းနှင့် စိတ်မြန် လက်မြန် ရှိသလောက် အလုပ် လုပ်ရာတွင်လည်း ဖျတ်ဖျတ်လတ်လတ်နှင့် ဆိုးဆိုးဆတ်ဆတ် ပြုလုပ်တတ်သည်ဖြစ်ရာ မြန် လည်းမြန်၏။ အလုပ်လည်း တွင်ကျယ်၏။ တစ်ခုပြီး တစ်ခု ဇယ်ဆက်သလို ဆက်ကာ ဆက်ကာ ပြုလုပ် သွားတတ်၏။ မဖွားသက်နဲ့ မကွာလား။

ကိုဒေါင်းစိန်ကား ကိုလူမောင်ကို စောင့်ရင်းပင် သူ့လှေကလေးကို ပြင်ဆင်နေ၏။ "ကွန်တိုင်" ကို တပ်ဆင်၏။ ပိုက်ကွန်ကို လှေပေါ်၌ သေသပ်စွာ နေရာချထား၏။ ထမင်းပွဲကိုလည်း သယ်ယူကာ လှေပေါ် သို့ အသင့်တင်ထား၏။ မီးဖိုနဲ့ လက်ဖက်ရည်ကြမ်းအိုးလည်း ပါရမှာပေါ့။

ကိုဖိုးကွန့်လည်း သူ့နည်းတူပင် အသင့်ပြင်ဆင်ပြီးလေပြီ။ သူတို့နှင့်အတူ ကွန်ပစ်သွားကြမည့် အခြားကွန်လှေ ခုနစ်စင်းခန့်လည်း ရောက်ရှိလာကာ သူတို့နှင့် လာပေါင်း၍ ကိုလူမောင်ကို စောင့်ဆိုင်း နေကြ၏။ အတန်ကြာလျှင် ကိုလူမောင်လည်း ထမင်းပွဲများ၊ ပိုက်ကွန်များနှင့် ရောက်ရှိလာပြီဖြစ်၍ သူတို့ ထွက်ဖို့ အသင့်ဖြစ်နေလေပြီ။

ကိုဒေါင်းစိန်သည် သူ့သား ဒီလုံးကို ပွဲကိုင်အဖြစ် ခေါ်၍ လှေကို ဦးစွာ လှော်ထွက်ခဲ့ရာ အခြားကွန်လှေများလည်း တပျော်တပါး လှော်လိုက်လာကြ၏။ ကိုလေးဖိုးကွန့်က သူ့သား ဖိုးလုကို ပွဲကိုင်အဖြစ် ခေါ်လာသလို၊ ကိုလူမောင် ကလည်း သူ့တူကလေးကို ခေါ်လာသည်။

မကျဉ်းမကျယ် ချောင်းရိုးကလေး ထဲတွင်ကား ကွန်လှေများဖြင့် ပြည့်ကျပ် သွားတော့၏။ သို့သော် သူတို့သည် ယခု အသွားထဲက ကွန်ပစ် သွားကြမည် မဟုတ်ဘဲ အပြန်ကျမှသာ ပစ်ဆင်းလာကြမည်ဖြစ်ရာ၊ ယခု သူတို့ သွားရောက်မည့် ငှက်ပျောတော ရွာကလေးသို့ အမြန်ရောက်အောင်သာ လှေကို အလုအယက် လှော်ယက်ရင်း ငါးအုပ် ရှိတတ်သော နေရာကို သိရှိထားရန် ချောင်းရေကိုလည်း အကဲခတ်သွားကြ၏။

နေကား အတော်ပင် ကျဆင်းသွားပြီဖြစ်ရာ အပူရှိန်လည်း လျော့လာသည်။ နေစွယ်မှာ ကျိုးသွားပြီဖြစ်၍ လေးနာရီခန့် ရှိပြီဖြစ်ကြောင်း သူတို့ ခန့်မှန်းမိကြသည်။ သည်အချိန်မှာ ဗျင်းဘွဲ့ရွာနှင့် မဝေးလှသော ကညင်ကုန်းရွာကလေးကို သူတို့ လွန်လာပြီးနောက် ထွန်းချက်ရွာကလေးသို့ပင် ရောက်ရှိနေလေပြီ။ ရှေ့တစ်ဆင့်ဆိုလျှင် သူတို့ သွားရောက်မည့် ငှက်ပျောတောရွာကလေးပေါ့။

သူတို့ကား နီးပြီဖြစ်၍ တအားတက်လာကာ ခပ်သွက်သွက်ကလေး လှော်ခတ်ကြ၏။ ကိုဒေါင်းစိန်သည် လှေဦးမှနေ၍ လှော်ယက်ရင်း အနံ့တစ်စုံတစ်ရာကို ရမိသလို နှာခေါင်းကို ရှုံ့ချည်ပွချည် ပြုလုပ်ရင်း အနံ့ခံနေ၏။ မှန်သည်။ စူးရှလှသော သူ့နှာခေါင်းဝယ် အနံ့တစ်စုံတစ်ရာကို ရှူရှိုက်မိနေသည်။

"ဗျို့ ကိုလူမောင်၊ ဒီနေရာက ငါးကြင်း ငါးသိုင်းနံ့လိုလို အနံ့ရတယ်ဗျ၊ ဒီနေရာမှာ ငါးကြင်း ငါးသိုင်း ရှိလိမ့်မယ် ထင်တယ်"

သူသည် သူ့လှေဘေးမှ လှော်လိုက်လာသော ကိုလူမောင်ကို လှမ်းပြောလိုက်၍မှ ပါးစပ်မပိတ်သေးမီ သူ့လှေ ရှေ့နားလောက်ဆီမှ ငါးတစ်ကောင်က ထပွက်လိုက်၏။ ထိုငါး ထပွက်လိုက်သော အရှိကြောင့် ရေစက် ရေပန်းကလေးများမှာ လွင့်စင်ဖြာထွက်သွားကာ တစ်လံခန့် မြင့်တက်သွား၏။ ဤပွက်နည်း မျိုးပွက်သည့် ငါးကား ငါးမြစ်ချင်း၊ ငါးကြင်းမှ တစ်ပါး အခြားငါး မဖြစ်နိုင်။

ဤငါးပွက်ကို မြင်သောအခါ ကိုလူမောင်က ကိုဒေါင်းစိန်သို့ လှမ်း၍ "ဟေ့ … မင်း တယ်အနံ့ခံ ကောင်းပါလားကွ" ဟု ဆိုကာ ကိုဒေါင်းစိန်၏ ထင်မြင်ချက်ကို ထောက်ခံလိုက်၏။

"ဒီငါးကြင်း ငါးသိုင်းတွေဟာ မြစ်ငါးခင်ဗျ၊ ဝါဆိုဝါခေါင် မြစ်ရေထောက်လာတဲ့အခါမှာ ဖြစ်ရေနဲ့အတူ ပါလာပြီး တော်သလင်း၊ သီတင်းကျွတ်ရောက်လို့

မြစ်ရေပြန်ဆုတ်တဲ့အခါကျတော့ မြစ်ရေနဲ့အတူ မြစ်ထဲကို ပြန်ပါသွားတတ်တယ်၊ အခု ဒီငါးတွေကတော့ မြစ်ရေနဲ့အတူ ပါမသွားဘဲ ခိုကပ်ကျန်ရစ်တဲ့ ငါးတွေဗျ”

ကိုလူမောင်က ချီးမွမ်းလိုက်သောကြောင့် သူ ဘဝင်မြင့်သွားကာ သူ့လိုပင် ကိုလူမောင် သိထားပြီး ဖြစ်နေသည့် အချက်အလက်များကိုပင် အဆန်း လုပ်ပြီး သူက ထပ်မံရှင်းပြရင်း အသားယူလိုက်သေး၏။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၂)

နေကား အနောက်သို့ နိမ့်သည်ထက် နိမ့်ဆင်းလာပြီဖြစ်ရာ နေရောင်ခြည်မှာလည်း နေ့လယ်တုန်းကလို ပူးပြင်းခြင်း မရှိဘဲ နွေးနွေးထွေးထွေးကလေးသာ ရှိနေသည်။ ဆောင်းတွင်းဖြစ်၍လည်း နေကလေး ချိုလှျင်ပင် အအေးဓာတ် လွှမ်းစပြုလာပြီး နှင်းကလေး တဝေ့ဝေ့နှင့်ပင် ရှိသည်။ ဆောင်းလေအေးမှာလည်း ကဗျာဆန်ဆန် ညင်းညင်း ညှံ့ညှံ့ တိုက်ခတ်လာသည်။ ရေမျက်နှာပြင် ပေါ်တွင်ကား ပိုးဖဲတွန့်ကလေးများလို လှိုင်းတွန့် ကလေး များမှာ လွန့်လူးယှက်ဖြာသွားသည်။

သည်အချိန်တွင် ကိုဒေါင်းစိန်တို့ ကွန်လှေအုပ်ကြီးမှာ ငှက်ပျောတောရွာထိပ်၌ စီရရီ ဆိုက်ကပ်နားမိကြ၏။ ထမင်းပွဲနှင့် လက်ဖက်ရည်ကြမ်းအိုးကို ကမ်းထိပ်မြေပြန့်သို့ သယ်တင်ကာ ထမင်းစားရန် ပြင်ဆင်ကြ၏။ နီးစပ်ရာလူချင်း ဝိုင်းဖွဲ့၍ ဟင်းခွက်များကို စုပေါင်းကာ တပျော်တပါး စားသောက်ကြ၏။

ထမင်းစားပြီးသောအခါ လက်ဖက်ရည်ကြမ်းအိုးကို ရေဖြည့်၍ မီးဖိုကလေး ကိုယ်စီဖြင့် တည်ကြပြန်၏။ ဆူလျှင် လက်ဖက်ခြောက်ခတ်၍ မီးဖိုပေါ်၌ အတန်ကြာ နပ်ထားပြီးနောက်မှ လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့ ကြ၏။

ထိုအချိန်တွင် သူတို့ ကွန်သမားများထဲမှ ချစ်ထွန်းအမည် ရှိသောလူငယ်တစ်ယောက်သည် သူ့ခါးကြားထဲသို့ ထိုးထားသော ပလွေတိုကို ယူထုတ်၍ သူတို့နှင့် ခပ်လှမ်းလှမ်း နေရာသို့သွားကာ မှုတ်နေ၏။ သူကား အတီးအမှုတ်တွင် ဝါသနာကြီးသော လူငယ်တစ်ဦးဖြစ်၏။ ရွာပွဲနှင့် ရွာဆိုင်းများတွင် သူအမြဲပါ၏။

သီးချင်းကြီးများ နိုင်နင်း၍ ကာလပေါ် သီချင်းများကိုတော့ မတောက်တခေါက် သာရသည်။ ဘယ် ကာလသားက ဘယ်အပျိုကို ကြူချင်လျှင် ချစ်ထွန်းကို ခေါ်ရသည်။ ချစ်ထွန်း၏ ချို့နွဲ့သော ပလွေသံသည် တောသူ အပျိုကလေးများ၏ စိတ်ကို ယိမ်းယိုင်လာအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်ဟု ကာလသားများက ယူဆ ကြသည်။

ပြာသော ကောင်းကင်းကို နောက်ခံပြုကာ ဖြူသော ဗျိုင်းအုပ်များသည် အိပ်တန်းတက်ရန် ပျံသန်း လာကြပေပြီ။ ဟိုတစ်ဖက် ကမ်းစပ်မှာတော့ ဗျိုင်းအောက်ကလေး တစ်ကောင်သည် အိပ်တန်းတက်ရန် သတိမရ သေးဟန်ဖြင့် ကမ်းစပ်တစ်လျှောက် ငါးလိုက်ချောင်းနေသည်။ ဗျိုင်းအောက်နှင့် မနီးမဝေး ကမ်းစပ်၌မူ "ရေညှော်ငှက်ကောင်" ငှက်ကလေးတစ်ကောင်သည်။ တစ်ခဏကလေးမျှ အငြိမ်မနေဘဲ အမြီးကလေး အောက်သို့ ညိတ်ခန် ညိတ်ခန်နေအောင် လှုပ်ရှားကာ ရေညှော်ငှ်နေသည်။

ချစ်ထွန်း၏ ချိုနွဲ့သော ပလွေသံကလေးသည် အတောကလေးတွေ၊ အလိုမ့်ကလေးတွေ၊ အလှည့် ကလေးတွေဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး မင်းမူနေသည်။ "ရွှေဘုန်းတော် တိုးပါလို့... ငွေမိုးတွေရွာ၊ နိုင်ငံတော် ပြည်အရေးငယ်... သာလှတယ်လေ..." ချစ်ထွန်း ရွှေမိုး ငွေမိုးတွေ ရွာပြီး နိုင်ငံတော် ပြည်အရေး သာယာ ငြိမ်းချမ်းဖို့ မျှော်လင့်နေရှာထင့်။

ကိုဒေါင်းစိန်တို့ ကွန်သမားတစ်စုကား ချစ်ထွန်း၏ ပလွေသံ ညို့ဓာတ်ဝယ် မိနေကြဟန်ဖြင့် စကားတစ်ခွန်းမျှ မဆိုဘဲ လက်ဖက်ရည်ကြမ်း ကိုသာ ဆိတ်ငြိမ်စွာ သောက်နေကြ၏။ ချစ်ထွန်းကလည်း သီချင်းကို တစ်ပုဒ်ပြီး တစ်ပုဒ်ပြောင်းကာ မနားတမ်း မှုတ်နေ၏။ တစ်ခါတစ်ရံ အဆိုရော အမှုတ်ပါ တွဲလာသေး၏။ ပထမ သူ့ဟာသူ သီချင်းသားကို ကောက်ဆိုလိုက်၍ နောက်မှ သူ့ဘာသာပင် ပလွေကလေးဖြင့် လိုက်မှုတ်၏။

"လွမ်းမပြေ မန်းမြေက တ မိပါတော့၊ ကမ်းခြေမှာ စမ်းရေကျတယ်နှင့်၊ အိုကွယ်... ဖျန်းလေက တသုန်သုန်။ တဲတစ်ဖက် ဆွဲဖျက်ကာ အလျင်လိုရော့ သထင်၊ ကရင်အို ယာပြင်ကြီးမှာကွယ် ... မီးထည့်လို့လုံ့။ မပူပေါင် နောက်ဆီက ချမ်းရော့သထင့်၊ အဖြူစောင် ခေါက်ထည်ကြမ်းကိုတဲ့ လှမ်းတယ်လို့ လွှားကာခြုံ၊ ပါးမှာ ငုံပါတဲ့ နရွှေကွမ်း။ ။ ဘေးအိတ်မှာလျှို၊ ဆေးလိပ်တို နားမှာ ထိုးပါလို့၊ တောင်ရိုးမှာ ဘာသာ သူတို့၊ ကွင်းအင ူ နင်းမြူကလဲ ကွဲချိန်မို့၊ အမိုးခေါ် ဖိုးစော်ကဲတို့ရယ်၊ အိုကွယ်... တဲပျက်စခန်း"

ချစ်ထွန်းကား အဆိုလည်းပိုင်၍ အတီးအမှုတ်လည်း နိုင်၏။ သူသည် သူ၏ အဆိုကို သူ၏ ပလွေဖြင့် လိုက်မှုတ်နေစဉ် ကိုဒေါင်းစိန်တို့၏ မျက်စိထဲ၌ ကွမ်းကို ပါးစောင်တွင် ငုံကာ ဆေးလိပ်တို နားမှာထိုး၍ အဖြူ စောင်ခေါက်ထည် ကြမ်းကို လွှမ်းခြုံပြီး မီးလှုံနေသော ကရင်အိုကြီး၏ ရုပ်ပုံလွှာသည် အထင်းသား ပေါ်လာနေသည်။ သူတို့အနီးရှိ ငှက်ပျော်တော ရွာကလေးမှာလည်း လယ်သမားများ ရွာကလေးဖြစ်၍ သီးချင်းသား တွင်ပါသော ကရင်အိုကြီး၏ ရုပ်ပုံလွှာမျိုးကို ကရင်အမျိုးသား လယ်သမားကြီးများကို တွေ့မြင်နိုင်သည်။

"အင်း၊ ချစ်ထွန်းရဲ့ ပလွေသံကလေးကို ကြားရတာ ငါဖြင့် မြေလျှိုးချင်သလိုလို၊ မိုးပျံချင်သလိုလို ဖြစ်သွားတာပဲကွ" ဟု ကိုလေးဖိုးကွန့်က လက်ဖက်ရည်ကြမ်း ပန်းကန်ကို ယူသောက်ရင် ခပ်လေးလေး ကြီး ပြောလိုက်၏။

ထိုအခါ အခြား လက်ဖက်ရည်ကြမ်းဝိုင်းမှ ကွန်သမားတစ်ဦးက "အို ... ကိုချစ်ထွန်းက ဘာဟုတ်သေးလဲဗျ၊ ကျုပ်တို့အပိုင်းက "ညဏ်ကြီး" ကမှ ဟန်ကျတာဗျ။ ညနေ အပုပ်ချိန်ဆိုရင် အရက်ကလေးမူးမူးနဲ့ ပလွေ ကလေးကို မှုတ်လိုက်တာများ ဇေလုဝ နတ်စောင်းသံလား အောက်မေ့ရတယ်၊ သူ့သီချင်းကလည်း တေးမထပ်ဘူးဗျ၊ "မောင်ပြန်ချိန် နီးပြီမို့ ဆီးကြိုလှည့်ပါ... ပျိုတို့မောင်ပါဝါနဲ့ လာပါပေါ့ကွယ်။ မရုက်ဘူးကွယ်၊ အရက် မူးတယ်၊ ယိုင်တိုင်တိုင်

လမ်းကို လျှောက်တယ်” တစ်ခါလာလည်း အဲဒီသီချင်း၊ နောက်တစ်ခါ လာလည်း အဲဒီသီချင်း၊ ဒီသီချင်းကကို မတက်တော့ဘူးဗျ”

စကားအဆုံးတွင် သူ့ပြက်လုံးသူ သဘောကျသွားသလို ဟားတိုက်၍ ရယ်လိုက်သဖြင့် အခြား သူများ ကလည်း လိုက်ရယ်ကြ၏။ စကားဖြစ်သွားကြပြီမို့လည်း မူလ ဆိတ်ငြိမ်နေရာမှ တစ်ယောက်တစ်ခွန်းဖြင့် စကားသံများ ညံလာကြ၏။

“ကိုလေး ဖိုးကွန့်တို့ကတော့ ဟန်ကျပါတယ်ဗျာ၊ အိမ်ကမယား မပြားကြီးက လိမ္မာရေးခြား ရှိတော့ ကိုလေးဖိုးကွန့်တို့ အင်မတန် သက်သာတာကလား၊ ကိုယ်က သားငါးကို ရှာပေးရုံပဲ ရှိတယ်၊ အိမ်ရောက်တာနဲ့ တစ်ချက်တည်း ဘာတစ်ခုမှ ပြန်မကြည့်ရတော့ဘူး။ ငါးခြောက်တန် ငါးခြောက်၊ ငါးပိတန် ငါးပိနဲ့ မပြားကြီးပဲ စီးစီးနင်းနင်း လုပ်သွားတာပဲ။ ရောင်းချိန်ကျပြန်တော့လည်း ဈေးမကျန် အောင်ရောင်းလို့၊ တယ်ပြီး မျက်နှာလွှဲရတာကလား။ ကျုပ်တို့အိမ်က ဟာနဲ့များတော့ ကွာပါ့ဗျာ”

အခြား လက်ဖက်ရည်ဝိုင်းမှ ကွန်သမားတစ်ဦးက ကိုလေးဖိုးကွန့်ကို လှမ်းပြောလိုက်၏။ သူပြောတာ လည်း ဟုတ်လှသည်။ မပြားကြီးမှာ အစစအရာရာ၌ မျက်နှာလွှဲရသူဖြစ်သည်။ သို့သော် ကိုလေးဖိုးကွန့်က သူ့အား ချီးကျူးလိုက်သည်ကိုပင် မနှစ်မြို့သော မျက်နှာပေးဖြင့်-

“အေး မင်းက ဒါပဲသိတာကို၊ အဲဒီလို အစစအရာရာမျက်နှာလွှဲရလို့ သူကလည်း ငါ့အပေါ် အစစအရာရာ ဩဇာလိုက် ပေးနေတာကိုတော့ မင်းမှ မသိဘဲကိုးကွ။ ငါက တစ်ခါတလေ အကြံကောင်းကလေးရလို့ ဒီလို ဒီလို လုပ်ပါလားလို့ အကြံပေးမိရင်ပဲ အို... တော်က ဘာသိလို့လဲ၊ ဟိုဟာက ဟိုလိုရှိပေမဲ့ ဒီဟာက ဒီလို ရှိသေးတာကလား၊ အိုကွာ ... ဘယ်သို့ ဘယ်ညာ ဘယ်ချမ်းသာနဲ့သာ စာသံပေသံ တရားသံကလေးတွေပါ ရောစွက်ပြီး ကရား

ရေလွှတ် တတွတ်တွတ် ပြောလိုက်တာ ငါ့ဖြင့် ခွေးအကြီးလို ငိုင်နေရတာပဲ။ အမြဲတမ်း ဒီလို ချည်းမို့ တစ်ခါတစ်လေ ငါက စိတ်ပေါက်ပေါက်နဲ့ ဖေနဲ့ ကိုင်တုတ်လိုက်မှ ငြိမ်ကျသွားတယ်"

သူ့စကားကို သဘောကျသွားသလို ကွန်သမားအားလုံး ဟားတိုက် ရယ်လိုက်ကြ၏။ ကိုလေးဖိုးကွန့် ကလည်း သူ့စကားမှာ မဆုံးသေးဘဲ ဆက်ရန် ရှိသေးသလို သူတို့အငြိမ်တွင် သူ့စကားကို ပြန်ဆက်၏။

"ငါကလည်း စကားပြောတဲ့အခါမှာ ရိုးရိုးတန်းတန်း မပြောဘဲ ကိုယ့်ကိုယ်ကိုယ် စကားတတ်ကြီးလုပ်ပြီး စာသံ ပေသံ တရားသံကလေးနဲ့ ပြောတာကို အမုန်းဆုံးပဲကွာ။ သူလည်း အစက ဒီလိုမဟုတ်ပါဘူးကွာ၊ ရွာထဲက အဘိဓမ္မာဆရာကြီး ဦးဖောင်နဲ့ ပေါင်းသင်းမိရာက သူ ဒီအကျင့် စွဲလာတာပဲကွ။ တစ်ခါတုန်းကလည်း ဦးဖောင်က သူ့ကို ဘာတွေ ဟောလိုက်တယ် မသိပါ ဘူးကွာ၊ ညအိပ်ရာဝင်တော့ ကိုဖိုးကွန့်ရယ် ... တော်တို့ ကျုပ်တို့ဟာ ဒီကာမဂုဏ် တရားတွေကိုသာ ငမ်းငမ်းတက် လိုက်စားနေမယ်ဆိုရင် နောင်ပွင့်မယ့် အယိန်မဒေးယ ဆိုလား ဘာလားကွာ၊ အဲဒီဘုရားကို ဖူးတွေ့နိုင်ပါဦးမလားတဲ့၊ ဒီခန္ဓာကိုယ်ကြီးဟာ သွေး၊ သလိပ် အတိပြီးတဲ့ ရွံစရာ့အပုပ်ကောင်းကြီးမို့ တဏှာရာဂ သဘောနဲ့ တပ်မက်ခြင်း မပြုဘဲ မောင်ရင်းနှမလို သဘောထား၊ တကွဲတပြား အိပ်ကြပါစို့နော်...တဲ့။

ငါက ဘာရမလဲဟေ့၊ ကာမဂုဏ်တွေ၊ အပုပ်ကောင်တွေနဲ့ ရှုပ်မနေနဲ့၊ လင်မယားမို့ လင်မယားလို သဘောထားပြီး လင်မယားလိုပဲ နေနိုင်မယ်ကွလို ဆို့တော့ ဩော်... ဒါကြောင့်မို့လည်း တော်တို့ ကျုပ် တို့ဟာ ဒီသံသရာကြီးထဲမှာ တဝဲလယ်လယ် ဖြစ်နေရတာပဲ ထင်ပါရဲ့နော်လို့ လုပ်လိုက်သေးတယ်။ သံပရာသီးသော ရှောက်သီးသော နားမလည်ဘူးကွဆိုပြီး အတင်း နသားပါးယား ပစ်လိုက်တယ်၊ အေးရော။ လင်မယား ကြားထဲမှာတောင် တကွဲတပြား ဖြစ်ကုန်အောင် လိုက်ရှုပ်တဲ့ တရားကိုတော့ ငါက ရှင်းရှင်းပဲဟေ့၊ မလို ချင်ဘူး"

ကိုလေးဖိုးကွန့်၏ အပြောမှာ ဒေါပါလှသည်ဖြစ်၍ ကွန်သမားများမှာ တဟားဟားဖြစ်နေကြရ၏။ ဤသို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေစဉ်မှာပင် နေလည်း ဝင်ခဲ့လေပြီ။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၃)

နေဝင်သွားပြီဖြစ်၍ အမှောင်ရိပ်က သမ်းလာသည်။ ကွင်းထဲမှ ပုရစ်အော်သံ ကလေးများကိုလည်း အဆက်မပြတ် ကြားနေရသည်။ ညဥ့်ငှက် ဖြစ်သော လင်းဝက်ငှက်၏ အော်သံများကိုပင် ကြားနေရပေပြီ။ သူတို့ ကွန်ပစ်ဆင်းဖို့ အချိန်ကား ရောက်ခဲ့ပါပြီ။

အသီးသီးပင် မီးအုပ်ကလေးများကို ထွန်းညှိကြ၏။ ရေနံဆီမီးခွက်ကို ညှိထွန်း၍ မုန့်သေတ္တာထဲတွင် ထည့်ကာ မီးအုပ်ပြုလုပ်ထားခြင်း ဖြစ်သည်။

ကိုဒေါင်းစိန်ကား ဒီလုံးကိုခေါ်၍ ပဲ့ကိုင်စေကာ လှေဦးတွင် မီးအုပ်ကို နေရာချပြီး လှော်ထွက်စေ၏ အခြားသူများလည်း အသီးသီး လှော်ထွက် လာကြ၏။ အမှောင်သမ်းလျက်ရှိသော ရေမျက်နှာပြင်ပေါ်ဝယ် မီးအုပ်ထဲမှ ထိုးထွက် လာသော မီးခွက်၏ အလင်းရောင်ကလေးများသာ ယှက်သန်းလျက် ရှိသည်။

ကိုဒေါင်းစိန်သည် ကွန်ကို လက်နှစ်ဖက်ဖြင့် အသင့်ကိုင်ထားကာ မီးရောင်ထိုးနေသော ရေမျက်နှာပြင်ကို စိတ်ဝင်စားစွာ စူးစမ်းရင်း လိုက်ပါလာ၏။ ဒီလုံးကလည်း လှေကို ခပ်ဖြည်းဖြည်း လှော်ပေးနေရာ လှေကလေးမှာ ညင်သာစွာ ရွေ့လျားနေ၏။

တစ်နေရာတွင် ငါးဘဲကလေးများမှာ ပွစိပွစိဖြင့် ရေမျက်နှာပြင်ပေါ်၌ ထပွက်နေသည်ကို မြင်၍၊ သူ ကွန်ဖြင့် ပစ်ကြဲလိုက်ရန် ကြံရွယ်စဉ်မှာပင် ငါးဘဲကလေးများမှာ ရေအောက်သို့ ငုပ်လျှိုး ပျောက်ကွယ်သွား၏။ သူသည်

မကျေမနပ်ဖြစ်သွားကာ ဆက်လက်၍ စူးစိုက်ကြည့်ရှုနေစဉ်မှာပင် အခြားနေရာ၌ ငါးဘဲ ကလေးများ တစ်ကောင်နစ်ကောင် လာပွက်နေသည်ကို မြင်လိုက်လျှင် မြင်လိုက်ချင်း၊ ဤနေရာ၌ ငါးအုပ်လာရတော့မည် သေချာ၍ သူ့လက်ထဲမှ ပိုက်ကွန်ကို ဟန်ပါပါလွှဲကာ တအားကုန် ပစ်ကြဲလိုက်၏။ လက်ဝဲဘက်မှ လက်ယာ ဘက်သို့ သိမ်း၍ ပစ်ကြဲလိုက်လိုက်၏။

လက်ဝဲဘက်မှ လက်ယာဘက်သို့ သိမ်း၍ ပစ်ကြဲလိုက်ခြင်းဖြစ်ရာ လူမှာလည်း ကိန္နရာငှက်ကလေးများ ဝဲသလို ဝဲကာ လှေဦးတွင် မတ်တတ်မှ ထိုင်လျက်ကလေးအထိ ညင်သာစွာ ကျလာ၏။ ပစ်ကြဲလိုက်သော ကွန်နှင့်ရေတို့ ထိတွေ့သွားသော အခါ၌ ရှဲခနဲ မြည်သွားသောအသံ ထွက်ပေါ်လာရော "ရေကြောင်းပြ" ဟု သူတို့ အသိအမှတ်ပြုထားသော မြစ်တွေးငှက်မလေးမှာ ထိုကွန်သံကို လန့်၍ ပျံသန်းသွားသည်။

"သောင်ကမ်း… သောင်ကမ်း မော်တည့် အဖော်မပါ၊ မ ကိုရှာ … ဟင်္သာမြစ်တွေး၊ ပင်လယ်ငယ်ဝယ်မှာ ကျူးရင့်ကြွေး… မြစ်တွေး ကွန်သံ လန့်တည့်လေး…"

ချစ်ထွန်း၏ အသံဝါကြီးသည် ဆိတ်ငြိမ်သော ညနှင့် ကွန်သံများကို ဖောက်ထွင်းကာ ထွက်ပေါ်လာသည်။ သူကား အဆိုပိုင်သူဖြစ်၍ နားထောင် ကောင်းလှသည့်အပြင် သီချင်းစာသားနှင့် မျက်မြင်ရှုခင်းမှာ ဟပ်မိ သွားသော ကြောင့်လည်း ကိုဒေါင်းစိန်၏ ရင်တွင်း၌ ကြည်နူးနေသည်။ ကိုဒေါင်းစိန်သည် "ကွန်စောင်းကြိုး" ကို ကိုင်၍ ပြန့်သွားသော ကွန်ကို ရေအောက်၌ တဖြည်းဖြည်း လာစုမည့် အချိန်ကို စောင့်ဆိုင်းရင်း နားစွင့် ထား၏။

"တူစုံမပါ … နေလှည့်ရာ … တေးတာ တံငါမှဆိုး၊ ပင်လယ်ဝငယ်ကို ဖြတ်ချင်းသွား… မယ်ဘွား ကွန်သံ လန့်ချည့်လေး"

ချစ်ထွန်းသည် အဆိုသာ မဟုတ်ဘဲ သက်ဆိုင်ရာ အတောကလေးများကိုလည်း ပါးစပ်ဖြင့် လိုက်တော ပေးနေသည်ဖြစ်ရာ နားထောင်၍ပင် ကောင်းသေးတော့သည်။

"တက်ကြီး ရိုးရှည် ... တက်ကြီး ရိုးစောက်၊ ကင်းတည့် တင်းခမောက်ကယ်နှင့်... ရုပ်ဖျောက်ကယ်လာ၊ တေုံး တာလော၊ တံငါလော...။ လှေငယ်ဦးစောက်၊ ကင်းခမောက်ကယ်နှင့်၊ ရုပ်ဖျောက်ကယ် လာပါသည်။ တေုံးတာ... တံငါ ဟုတ်ကဲ့ဟုတ်ကဲ့လေး"

ချစ်ထွန်းက စိတ်ပါလက်ပါ သီးဆိုနေသည်။ အင့်ဟင် သူ့သီးချင်းက ဘယ်လိုပါလိမ့် ကိုဒေါင်းစိန် တွေးနေမိသော်လည်း တံငါ၊ ကွန်သံ၊ လှေငယ်၊ တက်ကြီးရိုးရှည်၊ ကင်းခမောက် စသော သူတို့လက်သုံး ကိရိယာ တန်ဆာပလာများ သီးချင်းစာသားထဲ၌ ပါဝင်နေသည့်အတွက် စိတ်ဝင်စားနေသည်။

"ပုဆိုးမည်းစင်း ငါးစိမ်းခြင်းငယ်နှင့်... အပြင်းဈေးမီ လှော်စွလေး...။ ပဋ္ဋလာတွင်... တောင်းငယ်တင်၊ ခုံမင်ဖောက်သည် လာစွလေး..။ ဖောက်သည် လည်းလာ... ဆန်မပါ၊ တံငါ တော်စွ တော်စွလေး"

"ဟာ ဒီခွေးမသားလေးဟာ နိမိမရှိတာတွေ လျှောက်ဆိုနေတယ်။ ဖောက်သည်လာလို့ ဆန်မပါတာနဲ့ တံငါတော်ရမလား။ ဈေးဆိုင်ဝယ်စားမှာပေါ့"

ကိုလူမောင်က ကွန်တိုင်တွင် ပိုက်ကွန်ကို ချိတ်နေရာမှ ရေရွတ်လိုက်၏။ ကိုဒေါင်းစိန်ကမူ ပိုက်ကွန်ကို တဖြည်းဖြည်း ဆွဲဖော်ရင်း "အို သူတို့က ပင်လယ် တံငါတွေဆိုတော့ ဈေးဆိုင်နဲ့မနီးလို့ ဖြစ်မှာပေါ့ဗျ။ ကျွန်တော်တော့ သူ့သီချင်း လေးတွေကို ကြိုက်တယ်ဗျ။ "ပုဆိုးမည်းစင်း ငါးစိမ်းခြင်းငယ်နှင့် အပြင်းဈေးမီ လှော်စွလေး" ဆိုတဲ့ နေရာမှာ ကျွန်တော့်မျက်စိထဲမှာဖြင့် ငါးစိမ်း ခြင်းတောင်းကို

လှေပေါ်မှာတင်ပြီး ခနဖြူ ဈေးအဓိ အပြင်းလှော်သွားတဲ့ ငါးစိမ်းသည်မကြီး မမယ်ရင်ကို ကွက်ခနဲ သွားမြင်တယ်ဗျ” ဟု ပြန်ကြားလိုက်၏။

သူသည် ကွန်ကို တဖြည်းဖြည်းဆွဲဖော်လာရာမှ ခဲသီးများ တပ်ထားသော ကွန်အောက်ခြေ အရောက်တွင်မူ ရွှံ့နွံများ၊ အမှိုက်သရိုက်များ စင်ကြယ် သွားစေရန်အတွက် ရေထဲတွင် အတန်ကြာအောင် လှုပ်ကာလှုပ်ကာ ဆေးကြော ပြီးနောက်မှ လှေပေးသို့ ဆွဲတင်ကာ ကွန်တိုင်တွင် ချိတ်လိုက်၏။ ကွန်တိုင်တွင် ပိုက်ကွန် ချိတ်မိသည်နှင့် တစ်ပြိုင်နက် ဒီလုံးက လှေကို ကမ်းစပ်သို့က လှော်ပို့လိုက်၏။

သူသည် ကွန်ကို တစ်လွှာပြီးတစ်လွှာ ရှင်းရင်း ငါးများကို ဖြုတ်နေ၏။ ကွန်ထဲ၌ ရောထွေးပြီး ပါလာသော “ဖက်သွပ်” ဟုခေါ်သည့် အမှိုက်သရိုက်များကို ရှင်းလင်းပစ်၏။ သည်တစ်လွှာပြီးမှ နောက်တစ်လွှာသို့ ကူး၏။ ကွန်ထဲတွင် မိနေသော ငါးများကား စောစောက သူမြင်လိုက်သော ငါးဘဲများနှင့် ငါးမြွေထိုး၊ ငါးစင်စပ် များဖြစ်သည်။

“ချီးထဲမှပဲ၊ ကွန်ချက်ကို တွေ့ပြီဟေ့လို့ အားရပါးရ ပစ်ကြဲလိုက်တာ ငါးနည်းနည်းလေးမိပြီး “ဖက်သွပ်” တွေချည့် ဖြစ်နေတာပဲ”

သူနဲ့ မနီးမဝေးနေရာမှ ကိုလေးဖိုးကွန့်၏ ညည်းညူလိုက်သော အသံဖြစ်သည်။ ကိုဒေါင်းစိန်ကတော့ သူခန့်မှန်းသော ကွန်ချက်ကို တည့်တည့်ကြီး မိခဲ့သည်ဖြစ်၍ ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ ကျေနပ်သော အပြုံး ဖြင့်သာ တုံ့ပြန်လိုက်သည်။

“ကျုပ်လည်း ဒီတစ်ချီ ရှော်သွားတယ်ဗျ၊ ဒါပေမဲ့ ငါး အတော်အသင့် ကလေး မိလိုက်လို့ ခင်ဗျား လောက်တော့ မဆိုးဘူးပေါ့ဗျာ။ ကိုဒေါင်းစိန် တစ်ယောက် ငြိမ်နေပုံကို ထောက်လိုက်ရင် ဒေါင်းစိန်တော့ အချက်ကောင်း တိုးမိသွားပြီထင်တယ်”

ကိုလူမောင်၏ အသံပင်ဖြစ်သည်။ ထိုအခါ ကိုဒေါင်းစိန်သည် မြုံမနေနိုင်တော့ဘဲ "ဒါပေါ့ဗျ၊ အချက်ကောင်းကို တိုးမိသွားလို့ စကားမပြော နိုင်အောင် ဝမ်းသာလုံး ဆို့နေတာပေါ့" ဟု ပြန်ကြားလိုက်၏။

အခြားနေရာများမှလည်း စကားပြောသံ၊ ကွန်ပစ်သံ၊ ရေသံ၊ တက်ခတ် သံများကို အဆက်မပြတ် ကြားနေရ၏။ ကွန်ပစ်ပြီး လှေကို ကမ်းဘက်သို့ က်ပလာသည့် လှေက ကပ်လာ၍၊ ကွန်မှ ငါးကိုဖြုတ်ပြီး နောက်တစ်ကြိမ် ပစ်ရန် ရေလယ်ဘက်ဆီသို့ လှော်ထွက်သွားခြင်းဖြင့် ချောင်းရိုးထဲ၌ ရှုပ်ယှက်ခတ် ဖြစ် နေသည်။

ကိုဒေါင်းစိန်လည်း ကွန်မှ ငါးများကို ဖြုတ်ပြီးရုံမျှမက ကွန်ကိုလည်း ရှင်းလင်းပြီးဖြစ်၍၊ နောက်တစ်ကြိမ် ပစ်ရန် ဒီလုံးအား လှေကို ကမ်းစပ်မှခွာပြီး ရေလယ်ဘက်ဆီသို့ လှော်ရန် အမိန့်ပေးလိုက်သည်။

~~~~~~~~~~~~~
~~~~~~~~~~~~~

(၄)

ညဥ့်သည် တဖြည်းဖြည်းနှင့် နက်လာသည်။ စောစောက ပါးလျားသော မှောင်ရိပ်မှာလည်း တစ်စ ထက်တစ်စ ထူထပ်သိပ်သည်းလာသည်။ ပတ်ဝန်းကျင် ကား အမှောင်ထုသာ မင်းမူနေသည်။ လဆုတ်ရက်မို့ ထက်ကောင်းကင်ဝယ် တင့်တယ်သော လမင်းကြီးက ထိပ်ပေါ်မလာသေး။ စိန်ကြယ်ပွင့် ကလေး များသာ တလက်လက် ကွန့်မြူးနေသည်။ သည်အချိန်တွင် သူတို့သည် ထွန်းချက် ရွာသို့ ရောက်နေကြပေပြီ။ ထွန်းချက်ရွာမှ ကြက်တွန်သံ သဲ့သဲ့ကဒို သူတို့ ကြားလိုက်ရ၏။

"ဗျို့ ကိုလူမောင်၊ "သက်ကြီးခေါင်းချ" ကြက်တောင် တွန်နေပါပကော၊ မစောတော့ဘူးဗျ"

ကိုဒေါင်းစိန်သည် အလုပ်၌ စိတ်ဝင်စားနေရာမှ ခါးညောင်း လာသော ကြောင့် ခါးအညောင်းဆန့်ရင် ကြက်တွန်သံကို ကြားလိုက်ရသဖြင့် ကိုလူမောင် အား လှမ်းပြောလိုက်၏။ သို့ကသော် ကိုလူမောင်မှာ အလုပ်ကို စိတ်ဝင်စား နေ၍လော သို့မဟုတ် ကိုဒေါင်းစိန်စကားကို မကြား၍လော မသိ။ မည်သို့မျှ စကား ပြန်ကြားခြင်းမရှိ။

တစ်တီတူး ငှက်ကလေးတစ်ကောင်သည် "တစ်တီတူး တစ်တီတူး" ဟု စူးစူးရှရှ အော်မြည်ရင်း ပျံသန်း သွားသည်။ ကမ်းစပ်ချုံနွယ်များအကြားမှ မြွေတွန်သံ ကလည်း စူးစူးရှရှ ထွက်ပေါ်လာနေသည်။ ဆောင်းလေအေးက

တိုးဝှေ့တိုက်ခတ်လိုက်ရာ ကမ်းထိပ်ရှိ ကုက္ကိုပင်ကြီးများမှာ တရှဲရှဲ အော်မြည် ညည်းတွား နေကြသည်။ ထွန်းချက်ရွာရှိ ဇရပ်အိုကြီးမှ သွပ်မိုးများကလည်း လေအဝင့်တွင် တဖြန်းဖြန်း တဒိုင်းဒိုင်း မြည်ဟည်း နေသည်။ ညဥ့်အချိန်နှင့် ဤအသံများကို ပေါင်းစပ်လိုက်ပါက စိတ်ချောက်ချားဖွယ်ပင် ဖြစ်သော် လည်း ကိုဒေါင်းစိန်တို့အဖို့မှာမူ မည်သို့မျှ မထူးခြား။ အမြဲတစေ တွေ့ကြုံဆက်ဆံနေရ၍ ရင်းနှီးပြီး ဖြစ်နေသော သဘာဝ မဟာမိတ်အဖြစ်သို့ ရောက်နေပြီဖြစ်ရာ သူတို့အား ချောက်လှန့်ခြင်းငှာမစွမ်း။

"သြော် ခါးဆစ်တွေကလည်း ကိုက်ခဲပြီး ညောင်းညာလှပါပေ့ါ ကွယ်တို့။ ဒါပေမဲ့ တစ်ပါးကလေးကို အနား မပေးနိုင် သေးဘူးကွယ့်။ အိမ်က နမတော် မိမိက မှာလိုက်တယ်။ မောင်ရယ်တဲ့၊ ခါးဆစ်တွေ ကိုက်ခဲ လှပါကလားလို့ အနားမယူလိုက်ပါနဲ့ နော်တဲ့။ ရတဲ့ ငါးစိမ်းကလေးများကို ကုန်းတက်ပြီး ဆန်နဲ့ လဲရမှာမို့ ငါးစိမ်းများများရမှ ဆန်ကလေး အလျှင်မီအောင် စားရမယ်တဲ့။ မောင် မောမောနဲ့ ပြန်လာတဲ့အခါ ဒီက နမတော်မိမိက အမောပြေဆေးကလေး တိုက်ကျွေးပါ့မယ် မောင်ဘုရားရဲ့လို့ အမှာတော်ရှိတာကြောင့် ဟော... သူငယ်ချင်းတို့ရဲ့ မောတယ်ပန်းတယ်၊ ညောင်းတယ် ညာတယ်၊ ကိုက်တယ် ခဲတယ်လို့ သဘော မထား ကြိုးစားပြီး ပစ်လိုက်ကြဦးစို့ကွယ်တို့"

ကွန်သမား တစ်ဦးက အလုပ်ပန်း၍ ခါးဆစ်များ ညောင်းညာကိုက်ခဲ လျက်ရှိသဖြင့် အနားယူရန် ကြံနေကြသော သူ့ချစ်ဆွေများသို့ လှမ်းကာ ဇာတ်မင်းသားဆန်ဆန် ပြောဆိုအားပေးလိုက်၏။ သူ့ဟန်မှာ ဇာတ်မင်းသား ဆန်၍ သူ့အသံမှာ လှိုက်လှိုက်လှဲလှဲ ရှိလှသဖြင့် ကိုဒေါင်းစိန်၏ စိတ်ကိုပင် ထိခိုက်သွား၏။ ထိုသူပြောသည်မှာ မှန်လှပေသည်တကား။ သူ့အားလည်း မယ်စိန်က သည်အတိုင်း ထပ်တူထပ်မျှပင် မှာကြား လိုက်သည် မဟုတ်ပါလော။ သူ့ကွန်ဖြင့် ငါးစိမ်းများများရအောင် ရှာဖွေသွားနိုင်မှ မယ်စိန်သည် ကုန်းတက်ပြီး လယ်သမားများထံမှ ဆန်များများရအောင် လဲလှယ်နိုင်ပေမည်။

သူသည် ခါးဆစ်မှ ညောင်းညာကိုက်ခဲလျက်ရှိသော ဝေဒနာပင် ရုတ်တရက် ပျောက်ကွယ်သွားကာ အံကြိတ် စိတ်တင်းလိုက်၍ ကွန်ကို အသင့် ကိုင်တွယ်မိ၏။ နောက် ကွန်ချက်ကို မှန်းဆကာ အားပါးတရ ပစ်ကြဲ လိုက်တော့၏။

လဆုတ်ရက်၏ တစ်ခြမ်းပဲ့ လကလေးသည် ထွက်ပြူ၍ လာပေပြီ။ ပြည့်ပြည့်ဝဝ မရှိသော လနတ်မယ်သည် ချည့်နဲ့လှသော အလင်းရောင်ဖြင့် မှောင်ထုကို မဝံ့မရဲ ရင်ဆိုင်နေရှာသည်။ ကြက်တွန်သံများကို ကြားရ ပြန်၏။ "လုလင်ပြန်" လေ။ သို့သော် သူတို့ကား မရပ်မနား အားခဲ၍ ပစ်ဆဲ။

စောစောက မှောင်ပိန်းလျက်ရှိသော ချောင်းရေမျာ ယခုတော့ ငွေရောင် တောက်လာသည်။ ပတ်ဝန်းကျင် ရှုခင်းမှာ ပြက်ပြက်ထင်ထင် ကြည်လင်ခြင်း မရှိသော်လည်း ဝိုးတဝါးတော့ မြင်နိုင်စွမ်းသည်။ "ငဟစ်" ငှက်တစ်ကောင်မှာ သူတို့ ကွန်လေ့များကို လန့်၍"ဟစ်...ဟစ်...ဟစ်..."ဟု စူးစူးရှရှ အော်မြည်ရင်း ပျံသန်း သွားသည်။

ကညင်ကန်း ရွာဖျားသို့ ရောက်လာကြပြန်ပေပြီ။ သည်နေရာ၌ ငါးအတော်မိသည် ဖြစ်၍ သူတို့ရှေ့ဆက်မလျှော်ဘဲ ထိုနေရာတစ်ဝိုက်သာ လှည့်ပတ် ပစ်နေကြသည်။ သည်လိုနှင့်ပင် ထက်ကောင်းကင်ဝယ် ခုနစ်စင် ကြယ်ပြောင်မှာ အမြီးထောင်ခဲ့လေပြီ။ ကညင်ကုန်းရွာထဲမှ ကြက်တွန်သံများ ထွက်ပေါ် လာပြန်၏။ သန်းခေါင်ကြက်။

လခြမ်းကလေးကား အတော်ပင် မြင့်တက်လာပြီဖြစ်၍ ဆောင်းလ ရောင်ခြည်မှာပင် ဝင်းဝါ သာယာလာသည်။ ပတ်ဝန်းကျင် လောကတစ်ခုလုံးကား လ ရောင်ရိပ်ဝယ် ဆောင်းကာလ၏ အယုအယကို ခံယူကာ အိပ်မော ကျလျက်ရှိသည်။ မြူနှင်းကလေးများသည်လည်း ဆောင်းလေနှင့်အတူ လွင့်ပါး ပျံ့ဝဲ လာသည်။ သူတို့ကား ချမ်းလွန်း၍ တုန်နေတော့သည်။ အထက်သွားနှင့်

အောက်သွားမှာ တဇတ်ဇတ် တိုက်ခတ် မိသည်အထိ မေးခိုက်ခိုက် တုန်နေ၏။ ဆောင်းလေသည် အကြင်နာကင်းမဲ့စွာဖြင့် သူတို့၏ ကိုယ်ကာယကို ဖောက်ထွင်းကာ သူတို့နှလုံးသား အရောက် ကျူးကျော်လာ၏။ သူတို့၏ လက်များမှာ အမြဲ ရေစိုနေသဖြင့် ပဲကြီးတွန့်လိုက်ကာ ထုံကျဉ်နေသည်။ သို့သော် သူတို့ကား မရပ်မနား အားသွန်၍ ပစ်ဆဲပါ။

ကမ္ဘာလုံးကြီးကား မှန်မှန်ကြီးလည်ပတ်လျက်ရှိရာ နေလ နက္ခတ်တာရာတို့မှာလည်း အတည်မရှိဘဲ ရွေ့လျားသွားကြရ၏။ သည်လိုနှင့် အရှေ့ဘက် ကောင်းကင်ယံမှ ကြယ်နီတောင် ထွက်ပေါ်လာပါပကော။ အဝေးမှ ကြက်တွန်သံ သဲ့သဲ့က ဆောင်းလေနှင့်အတူ ပါလာ၏။ ကြက်ဦးတွန်လေ။

သည်အချိန်တွင် ကိုဒေါင်းစိန်တို့ ကွန်သမားများမှာ ကညင်ကုန်းရွာကို လွန်လာခဲ့ကာ၊ ကညင်ကုန်းနှင့် သူတို့ ဗျင်းဘွဲ့ရွာအကြားရှိ ကမ်းထိပ်မြေပြန့်တွင် တည်ထားသော ကိုးတောင်ပြည့် စေတီကလေး အနီးသို့ ရောက်လာကြ၏။

ဆောင်းလေမှာ ရက်စက်စွာ တိုက်ခတ်ဆဲပင်ဖြစ်၏။ မြူနှင်းများလည်း ထူထပ်စွာ ကျလာနေသည်။ ကိုဒေါင်းစိန်တို့ ကွန်သမားများမှာ ဆက်လက် ဖွဲ့ကောင်းရန် မတတ်စွမ်းနိုင်တော့။ ကွန်အောက်ခြေတွင် လေးလံသော ခဲသီးများ တပ်ထားရုံမျှမက ရေစိုနေသော ကွန်တစ်ထည်၏ အလေးချိန်မှာ ပေါ့ပေါ့ ပါးပါး မဟုတ်။ ထိုမျှ လေးလံလှသောကွန်ကို ရေထဲ၌ ပြန့်ကားကျသွားအောင် အားစိုက်၍ ပစ်ကြဲရသည်မှာ မသက်သာလှ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်း မဟုတ်၊ အခါပေါင်းများလာတော့ သူတို့၏ ခါးဆစ်များမှာ မခံမရပ်နိုင်အောင် ကိုက်ခဲလာ၏။ ခါးမှ တစ်ဖက်သို့ပင် စောင်းနေ၏။ တစ်ကိုယ်လုံး မလှုပ်ချင် မရှားချင်လောက်အောင် ပင်ပန်းနွမ်းနယ်နေကြ၏။ ပြီးတော့ အေးမြလှသော ဆောင်းလေနှင့် မြူများကြောင့် အသည်း ခိုက်အောင် ချမ်းလှပေပြီ။ သူတို့သည် သူတို့ အတတ်နိုင်ဆုံး ကြိုးစားပြီးခဲ့ကြပေပြီ။ သူတို့၏ ကြိုးစားချက်ကြောင့် ငါးများလည်း အတော်အသင့်ပင် ရခဲ့ကြပါ၏။

ယခုအချိန်တွင် သူတို့ ခေတ္တအနားယူ မီးလှုံရင်း ရေနွေးကြမ်းပူပူလေး သောက်ဖို့ အချိန်တော်နေပါပြီ။

သူတို့သည် တစ်ဦးနှင့်တစ်ဦး အဖော်ညှိမနေဘဲ တိုင်ပင်ထားကြသလို ကိုးတောင်ပြည့် စေတီကလေး တည်ရှိရာ ကမ်းစပ်သို့က တစ်စုတစ်ဝေးကြီး ထိုးဆိုက်လိုက်ကြ၏။ ပြီးနောက် လက်ဖက်ရည်အိုးနှင့် မီးဖိုကလေးများ ကိုယ်စီဆွဲ၍ ကမ်းထိပ်သို့ တက်ခဲ့ကြတော့၏။

ဝင်းပသော လရောင်အောက်ဝယ် ထုံးဖြူဖွေးနေသော စေတီကလေး ကား သပ္ပာယ်လှပါသည်။ ဆောင်းလေအေးက ဆည်းလည်းကလေးများကို ဆွဲလှုပ်နေရာ သာယာနာပျော်ဖွယ်သော ဆည်းလည်းသံ ကလေးမှာ ငြိမ့်ညောင်းစွာ ထွက်လာသည် ထိုစေတီကလေး အနီးတွင် ဝါး၊ သက်ငယ်များနှင့် ဆောက်လုပ် ထားသော ဇရပ်ငယ်တစ်ဆောင်ရှိ နေသည်။ သူတို့သည် ထိုဇရပ်ကလေးပေါ်သို့ တက်၍ အသင့်ယူလာသော မီးဖိုတွင် မီးမွှေးကာ လက်ဖက်ရည်အိုး တည်ရင်း မီးထိုင်လှုံနေကြ၏။ ချမ်းလွန်း၍ မည်သူမျှ စကား မပြောကြ။

ကိုဒေါင်းစိန်ကား ပဲကြီးတွန့်လိုက်ကာ ထုံကျဉ်နေသော သူ့လက်ဖဝါး ကလေး နှစ်ဖက်အား မီးတောက်ဝယ် ကင်မြှိုက်နေ၏။ အတော်ကလေးကြာမှ နွေးနွေးထွေးထွေး ရှိလာကာ အိပ်ချင်စိတ် ပေါ်လာ၏။ မျက်လုံးများမှာ မှေးဝိုက်လာ၏။ တောက် ... ဒီလို အချိန်မျိုးမှာ မယ်စိန်ကို ဖက်ပြီး အိပ်လိုက် ရရင်ဇိမ်ပေါ့။

သူ့စိတ်ကူးယဉ် အိပ်မက်ဝယ် မှေးဝိုက်လျက်ရှိစဉ်မှာပင် ရေနွေးအိုးမှာ ဆူလာကာ အောက်သို့ လျှံကျလာ၏။ သည်တော့မှ သူ့မျက်လုံးပွင့်လာကာ သူ့ခါးပိုက်ထောင်အိတ်ထဲမှ လက်ဖက်ခြောက်ထုပ်ကလေးကို နှိုက်ပြီးနောက်

အကုန်အစင် ထည့်ခတ်လိုက်၏။ နောက် ခါတိုင်းလို နှပ်မနေ တော့ဘဲ အိုးကိုချကာ ငှဲ့သောက်၏။

အေးအောင် စောင့်မနေဘဲ ပူပူကြီးကို မှုတ်သောက်လိုက်ရာ၊ ဝမ်းထဲမှာ နွေးဆင်းသွား၏။ အဲ အခုမှ ဟန်ကျတော့သကိုး၊ အပြင်ရော အတွင်းရော နွေးသွားတော့ နေသာထိုင်သာ ရှိလာ၏။ စကားစမြည် ကလေး ပြောချင်လာ၏။ သို့ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာ သူ့လိုပင် လက်ဖက်ရည်ကြမ်း ပူပူလေးကို သောက်လိုက်ရ၍ စိတ်လက် ပေါ့ပါးသွားဟန်ရှိသော ကိုလူမောင်၏ မျက်လုံးများနှင့် သွားတိုး နေ၏။

"ရှီး... ခုမှ နေသာထိုင်သာ ရှိသွားတော့တယ်ကွာ၊ အေးလိုက်တာ ကလည်း လွန်ပါရော"

"တောက်... အခုနေမှား မယ်စိန်နဲ့အတူ စောင်ခြုံပြီး ကွေးလိုက် ရရင်လား၊ ဟင်း ဘာပြောကောင်းမလဲ၊ လောကကြီးကို အမေ့ပေါ့"

သူတို့နှစ်ယောက်က စကား စလိုက်တော့ ငြိမ်နေကြသော ကိုလေး ဖိုးကွန့်နှင့် အခြားကွန်သမား များလည်း စကားပြောလာကြ၏။ စကားဝိုင်းမှာ ဆူညံလာ၏။ သို့သော် သူတို့၌ ကြီးကြီးကျယ်ကျယ် ပြောစရာ အကြောင်းမရှိ။ သူတို့ လုပ်ငန်းအကြောင်း၊ သူတို့အိမ်အကြောင်း၊ သူ့တို့ရွာအကြောင်း၊ ဒါပဲ ပြောစရာ ရှိသည်။

ကြက်တွန်သံများကို တဖြည်းဖြည်းနှင့် ဆက်ကာ ဆက်ကာ ကြားလာ ရ၏။ ကြယ်နီမှာလည်း တဖြည်းဖြည်းနှင့် မြင့်တက်လာ၏။ လခြမ်းကလေးကား အနောက်ဘက်သို့ ရွေ့စောင်းသွားလေပြီ။ မိုးသောက်ချိန် နီးပြီကော။

လက်ဖက်ရည်ကြမ်းလည်းကုန်၊ ပြောစရာ စကားလည်း မရှိ။ သို့ဖြင့် လက်ဖက်ရည်ကြမ်းဝိုင်းကို ရုပ်သိမ်း လိုက်ကာ လှေကလေးများ ကိုယ်စီဖြင့်

လှော်ထွက်ခဲ့ကြ၏။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၅)

ကျီးများ တအားအား အော်မြည်နေကြသည့် အချိန်တွင် ကိုဒေါင်းစိန်တို့ လှေကလေးသည် သူ့အိမ်ဆိပ်နှင့် တည့်တည့်သို့ ရောက်ရှိလာ၏။ ကမ်းထိပ်တွင်ကား မယ်စိန်သည် သူတို့အား စောင့်မျှော်နေသည်။ မြစ်တွေး ငှက်ကလေးတစ်ကောင်သည် ရေကို ရုပ်၍ နိမ့်စွာ ပျံဝဲလာပြီးနောက် ရုတ်တရက် ရေထဲသို့ ထိုးစိုက်ချကာ ငါးကလေးတစ်ကောင်ကို ထိုးသုတ်လိုက်၏။ ငါးကလေးကို ရမိသွားသောအခါ ရေထဲသို့ ထိုးဆင်း သွားပြီးနောက် ရေကူးရင်း ငါးကလေးကို မျိုချနေ၏။ ငါးကလေး ဝမ်းထဲ ရောက်သွားသောအခါ နှုတ်သီးကို ရေထဲ ထိုးစိုက်၍ ရေကို စုပ်ယူပြီးနောက် ခေါင်းကို ပြန်မော်ကာ သောက်ချနေ၏။

ကိုဒေါင်းစိန်သည် အိမ်ဆိပ်သို့ ရောက်နေပြီဖြစ်သဖြင့် နောက်ဆုံးအကြိမ်အဖြစ် ကွန်ကိုဝင့်ကာ ပစ်ကြဲလိုက်သည်။ မယ်စိန် မျက်မှောက်ဖြစ်၍လည်း သူက အားကြိုးမာန်တက် ပစ်ကြဲလိုက်ခြင်းဖြစ်သည်။ ကွန်နှင့်ရေ ထိတွေ့၍ ရှဲခနဲ အသံထွက်ပေါ် လာသောအခါ ရေထဲ၌ ကူးနေသော မြစ်တွေးငှက်ကလေးမှ ထိုကွန်သံကို လန့်၍ ပျံသန်းသွားသည်။

"သောင်ကမ်း သောင်ကမ်း၊ မော်တည့်အဖော်မပါ၊ မ ကိုရှာ၊ ဟင်္သာမြစ်တွေး၊ ပင်လယ်ငယ် ဝယ်မှာ၊ ကျူးရင့်ကြွေး၊ မြစ်တွေး ကွန်သံ လန့်တည့်လေး"

ချစ်ထွန်းကား လှေကို ရှေ့သို့ ဆက်လှော်ရင်း သီဆိုသွားသည်။ ကိုဒေါင်းစိန်၏ ရင်တွင်း၌လည်း ကြည်နူးသွားသည်။

"တူစုံမပါ နေလှည့်ရှာ… ငါးတုံးတာ တံငါမုဆိုး … ပင်လယ်ဝငယ်ကို ဖြတ်ချင်းသွား … မယ်ဘွား ကွန်သံ လန့်ချည့် လေး"

ချစ်ထွန်း၏ အသံမှာ ဝေးကာ ပျောက်သွားလေပြီ။ ကိုဒေါင်းစိန် ကွန်ကို တဖြည်းဖြည်း ဆွဲဖော် လိုက်ပြီးနောက် ကွန်တိုင်တွင် ကွန်ကို ချိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဒီလုံးလည်း လှေကို သူတို့ အိမ်ဆိပ်သို့ ဆိုက်ကပ် လိုက်တော့၏။

မယ်စိန်သည် အိပ်ချင်မူးတူး ဖြစ်နေသော သူ့လင်တော်မောင် ကိုဒေါင်းစိန်၏ မျက်နှာကို လှမ်းကြည့်ကာ "ကာလနာတော့ အတော်ကလေး ပင်ပန်းလာပြီ ထင်တယ်" ဟု စိတ်တွင်းမှ ရေရွတ် လိုက်ပြီးနောက်၊ မျက်နှာကို ပြုံးပြုံးရွှင်ရွှင် ဖြစ်အောင် ပြုပြင်လိုက်ကာ "ဘယ့်နယ် တော်တော်ပင်ပန်းလာတယ် မှတ်တယ် ငါးတော့ တော်တော်လေး ရရဲ့လား" ဟု ပြောရင်း လှေဆိုက်ရာ ကမ်းစပ်သို့ ပျာပျာသလဲ ဆင်းလာခဲ့၏။

"ဟာ ပင်ပန်းတာကတော့ မပြောနဲ့တော့ကွာ၊ အိပ်ရေးပျက်ပြီး ခါးဆစ်က ကိုက်ရတဲ့အထဲ ချမ်းလိုက်တာကလည်း လွန်ပါရော၊ တစ်ညလုံး ကြိုးစားပမ်းစား ပစ်လိုကလိုက ငါးတော့အတော်ကလေးပဲ ရခဲ့ပါရဲ့၊ အဲဒီငါးတွေနဲ့ တစ်ပါတည်း ကွန်ကိုပါ မင်းသိမ်း လိုက်ပါတော့ကွာ၊ ငါတော့အိပ်ချင်လှပြီ"

ပြောပြောဆိုဆိုပင် ကိုဒေါင်းစိန်သည် ပဲ့ကိုင် သူ့သား ဒီလုံးကိုခေါ်၍ ယိုင်တိုင်တိုင် ခြေလှမ်းများဖြင့် အိမ်ပေါ်သို့ လှမ်းတက်ခဲ့၏။ အိမ်ပေါ်ရောက်လျှင် ရောက်ချင်း ဣန္ဒြေမှ မဆည်နိုင်ဘဲ ထိုးလှဲလိုက်ကြ၏။ ဒီလုံးမှာ ချက်ချင်းပင် အိပ်ပျော်သွားကာ တခေါခေါနှင့် ဟောက်နေသော်လည်း ကိုဒေါင်းစိန်ကတော့ မျက်စိကြောင်ကာ ရုတ်တရက် အိပ်မပျော်ဘဲ ရှိနေ၏။

သို့သော် ပင်ပန်းနွမ်းနယ်လျက်ရှိသော သူ့ကိုယ်ခန္ဓာကြီးအား အိပ်ရာပေါ်သို့ လှဲချလိုက်ကာ ခြေညောင်းလက်ဆန့် အနားယူလိုက်ရသည့် အတွက်ကား ပြောမပြနိုင်အောင် အရသာတွေ့သွား၏။

မယ်စိန် ကွန်လှန်းနေသည်ကိုလည်း သူသိ၏။ ရလာသောငါးစိမ်းများကို ကုန်းတက်ပြီး ဆန်နှင့်လဲရန် တချွတ်ချွတ် ပြင်ဆင်နေသည်ကိုလည်း သူသိ၏။ နောက်ဆုံး မယ်စိန် ငါးစိမ်းခြင်းကို ရွက်၍ "ကျုပ် ကုန်းတက်ပြီး ဆန်နဲ့သွားလဲလိုက်ဦးမယ်" ဟု သူ့အား ပြောကာ ဆင်းသွားသည်ကိုလည်း သူသိလိုက်၏။ သို့သော် စကားလည်း မပြောချင်၊ ကိုယ်ကိုပင် အနည်းငယ် မလေးမျှ မလှုပ်ချင်သဖြင့် တိတ်တဆိတ်သာ ကွေးနေ လိုက်၏။

အတော်ကလေး ကွေးလိုက်ရ၍ နွေးနွေးထွေးထွေးရှိလာသောအခါမှ သူ့မျက်လုံးများမှာ မှေးငိုက် လာတော့၏။ မကြာမီပင် သူ့ဟောက်သံသည် ဒီလှိုင်း၏ ဟောက်သံနှင့် အပြိုင် ထွက်ပေါ်လာတော့သတည်း။

~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~

# အဟောသုခံ

(၁)

ယနေ့လည်း ကိုဒေါင်းစိန် အစောကြီး နိုးသည်။ သို့သော် ခါတိုင်းလို ထိုင်းမှိုင်း ပျင်းရိစွာဖြင့် အပျင်း ဆန့်မနေတော့ ဖျတ်လတ်ပေါ့ပါးစွာသာ သူ ထလိုက်သည်။ ယနေ့ သူ၌ လုပ်စရာတွေ အများကြီး ရှိသည်။ သူ့တွင်သာလော၊ မဟုတ်။ မယ်စိန်လည်း တစ်နေ့လုံး လက်မချရအောင် လုပ်ရဦးမည်။ သူ့သား ဒီလုံးလည်း အအားနေရမည် မဟုတ်။

သူ့ချုံသုံချုံလုံးကို အားလုံး ပိတ်ဆို့ကာ ငါးများကို ဖမ်းယူပြီးပြီဖြစ်ရာ ငါးပတ်ခေါင်းဖြတ်နှင့် ဒိုးစသော ကုန်ငါးများကို ကုန်သည်များသို့ လည်းကောင်း၊ ငါးဖယ်များကို ဖောက်သည်ငါးအဖြစ် ငါးစိမ်းသည်မကြီး မမယ်ရင်သို့ လည်းကောင်း ချိန်ရောင်းခဲ့၏။ သို့သော် ကောင်သေးငါးများနှင့် ငါးကျည်း၊ ငါးရံ့များကိုမူ ငါးစိမ်းအဖြစ်နှင့် မရောင်းဟုဆိုတာ မယ်စိန်က ချန်ထားခဲ့သည်။ မှန်သည် ငါးရံ့ကို ငါးစိမ်းရာင်းတာထက် ငါးရံ့ခြောက်လုပ်ပြီး ရောင်းက ငွေပိုရမည်။ ထိုနည်းတူ ကောင်သေး ငါးများကိုလည်း ငါးစိမ်း ရောင်းတာထက် ငါးပိလုပ်ပြီး လယ်သမားများထံမှ စပါးနှင့် သွား၍ ဖလှယ်လျှင် မိုးတွင်းအတွက် စားဖို့ ဝမ်းစာစပါး အလုံအလောက် ရနိုင်သည်။ ငါးစိမ်းအဖြစ် ရောင်းတာထက် ကုန်လုပ်ပြီး လယ်သမားများထံမှ စပါး နှင့်သွား၍ ဖလှယ်လျှင် မိုးတွင်းအတွက် စားဖို့ ဝမ်းစာစပါး အလုံအလောက်ရနိုင်သည်။ ငါးစိမ်းအဖြစ် ရောင်းတာထက် ကုန်လုပ်ပြီး ရောင်းတာက လူပို၍ ပင်ပန်းတာတော့မှန်သည်။ သို့သော် ပို၍ အကျိုး ရှိမည် ဆိုက ပို၍ ပင်ပန်းသည်ကို သူတို့ ဂရုမစိုက်ပါ။

သူ့ချုံသုံးချုံမှ ငါးအတော်များများ တက်လိုက်သည်ဖြစ်ရာ ထိုငါးများကို ကုန်လုပ်ရန်အတွက် သူတို့တစ်တွေ တစ်နေ့လုံး မအားအောင် လုပ်ကြရမည်။ သူ့အဖို့ ဆိုလျှင် မိုးလင်းသည်နှင့် တစ်ပြိုင်နက် မယ်စိန် ငါးကျည်း ကျပ်တိုက်ရန် အတွက် ငါးကျည်းကျပ်စင် ဆောက်ပေးရမည်။ ထင်းများ ပေါက်ပေးရမည်။ ငါးပိစင် ဆောက်ရမည်။ ငါးပိ နင်းရမည်။ ငါးပိ ဆားကူးရမည်။ မယ်စိန် ဆိုလျှင်လည်း ညတုန်းက ခွဲထားသော ငါးရံ့များကို နေထုတ်လှန်းရမည်။ လှောင်ထားသော ငါးကျည်းအရှင်များကို နေထုတ်လှန်းပြီး ကျပ်တိုက်ရမည်။ ပြောရမှာ စကားလုံး နည်းလှသော်လည်း လုပ်ရမှာ လက်ဝင်လှသည်မို့ ဒီလုံးကိုပင် အအား မထားနိုင်ဘဲ တောက်တိုမည်ရ ကူညီလုပ်ခိုင်းရမည်။

ဤသို့ တစ်နေ့လုံး မအားအောင် လုပ်ရမည်ဖြစ်သော်လည်း ထိုလုပ် ရမည့် အလုပ်များအတွက် သူ့စိတ်ထဲ၌ ဝန်လေးပင်ပန်းခြင်းတော့ မဖြစ်မိ။ သူ့လုပ်ငန်းမှ ထိုက်သင့်သော အကျိုးအမြတ်ရဖို့မှာ သေချာနေပြီဖြစ်ရာ မျှော်လင့် ချက်ကလေးနှင့် စိတ်အားပင် တက်ကြွနေမိသေးသည်။ သူ့စိတ်မှာ ရွှင်မြူးနေ၍ သူ့တစ်ကိုယ်လုံးမှာ ဖျတ်လတ်ပေါ့ပါးနေသည်။

သူသည် မီးခွက်ကို ထွန်းညှိလိုက်ပြီးနောက် လက်ဖက်ရည်အိုးကို ဆွဲကာ ရေသွားဖြည့်၏။ နောက် ဖိုပေါ်တွင် တည်ထားလိုက်ကာ မျက်နှာသွား သစ်၏။ မျက်နှာသစ်ရာတွင် ဖြည်းဖြည်းလေးလေး အေးအေးဆေးဆေးနှင့် ဇိမ်ဆွဲ၍ သစ်ခဲ့သောကြောင့် မျက်နှာသစ်ပြီး၍ လက်ဖက်ရည်အိုးကို သွားကြည့် သောအခါတွင် ဆူပွက်နေပေပြီ။ သူသည် လက်ဖက်ခြောက် ခတ်ကာ ဖိုပေါ်တွင်ပင် နပ်ထားလိုက်၏။

နောက် သူသည် မယ်စိန်နှင့် ဒီလုံးကိုပါ သွားနှိုး၏။ သူတို့သည် နိုးထ လာကာ မျက်နှာသစ်ပြီး နောက်တွင်ကား သားအမိ သားအဖ သုံးယောက်သား လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့ကြ၏။

မယ်စိန်ကား လက်ဖက်ရည်ကြမ်းကို နှစ်ခြိုက်သော်လည်း စွဲစွဲလမ်းလမ်း သောက်တတ်သူ မဟုတ်။ တစ်ခွက်ကောင်း နှစ်ခွက်ကောင်းလောက် သောက်ပြီးလျှင် ကျေနပ်သွားတတ်သည်။ ကိုဒေါင်းစိန်ကတော့ တစ်အိုးလုံးကို တစ်ယောက်တည်း ကုန်အောင် သောက်နိုင်သည်သာမက တစ်နေ့လုံး တည်ပေးလျှင် တစ်နေ့လုံး ထိုင်သောက်နိုင်သူ ဖြစ်သည်။ ဒီလုံးမှာလည်း လက်ဖက်ရည်ကြမ်း သောက်ရာတွင် ဖခင်၏ ခြေရာကို နင်းလိုက်မည့်သူပင်။

မယ်စိန်သည် လက်ဖက်ရည်ကြမ်း နှစ်ခွက်ကို တစ်ခွက်ပြီးတစ်ခွက် ခပ်သွက်သွက် သောက်ချလိုက်ပြီးနောက် ဆေးပေါ့လိပ်တိုကလေးကို မီးသွားညှိကာ ဖိမ်နှင့် သောက်ရှုနေ၏။ သူမက လက်ဖက်ရည်ကြမ်းကို စွဲစွဲလမ်းလမ်း မဟုတ်သော်လည်း ဆေးပေါ့လိပ်ကိုတော့ မသောက်ရ မနေနိုင်အောင် စွဲလမ်းနေသူ ဖြစ်၏။ "ထမင်းကိုသာ အငတ်ခံနိုင်မည်၊ ဆေးပေါ့လိပ်ကလေးသာ သောက်နေ ရမယ် ဆိုရင် ထမင်းကိုတောင် မေ့ပါရဲ့" ဟူ၍ လည်းကောင်း သူမက ပြောလေ့ရှိသည်။

ကိုဒေါင်းစိန်နှင့် ဒီလုံးတို့ကတော့ လက်ဖက်ရည်ကြမ်းကို တစ်ခွက်ပြီး တစ်ခွက် ဖိမ်ဆွဲ၍ သောက်နေကြ၏။ ပထမတွင် လက်ဖက်ရည်ကြမ်းကို မက်မက်မောမော လောဘဇောဖြင့် ကုန်း၍ ကျုံး၍ သောက်နေ ရသောကြောင့် စကားမပြောနိုင် အားသေး။ သုံးခွက်လောက် ဆင့်သောက်ပြီး၍ အရှိန်ကလေး ရသွားမှ စကားပြောလိုစိတ်ဖြင့် မယ်စိန်အား မော်ကြည့်လိုက်ကာ-

"မယ်စိန်ရေ့၊ တို့တစ်တွေကိုတော့ ကုသိုလ်ကံကလေး ထောက်မလာပြန်ပြီကွယ့်၊ ခုအတိုင်းဆိုရင်တော့ ကံတရားဟာ တို့အပေါ်မှာ တယ်ပြီး မရိုင်းလှပါဘူးကွယ်၊ တစ်နှစ်မှာ ဆယ့်နှစ်လရှိတဲ့အနက် ဆယ့်တစ်လမှာ ဒုက္ခနဲ့ချည်း ကြုံခဲ့ရပေမဲ့ တစ်လလောက် အချိန်ကလေးမှာ အသက်ရှူသာခွင့်ကလေး ရရုံလောက် ချမ်းသာသုခကို ပြန်ပေးဖော်ရသေးလို့ တော်ပါသေးရဲ့၊ ငါတော့ တစိမ့်စိမ့်တွေးပြီး ပျော်နေတယ်လေ"

ကိုဒါင်းစိန်၏ အသံမှာ ပျော်ရွှင်စွာဖြင့် လွင်နေ၏။ ကိုဒေါင်းစိန်၏ မျက်လုံးမှာလည်း ပျော်ရွှင်ခြင်းကြောင့် အရောင်တောက်နေသည်။ ပျော်ရှာပေမည်။ ဆင်းရဲဒုက္ခဟူ၍ လုံးဝ မတွေ့ကြုံဖူးဘဲ ချမ်းသာသုခ၏ အလယ်မှာ အစဉ်အမြဲ စမ္မာယ်နေရသူများအဖို့မူ တော်ရုံတန်ရုံ သုခကလေးလောက်နှင့် တုန်လှုပ် ချောက်ချားမည် မဟုတ်သော်လည်း၊ ဆုံလည်နွားပမာ ဒုက္ခသံသရာဝဲဂယက် အတွင်းဝယ် တဝဲလည်လည်နှင့် နေရသူများ အဖို့မူ တစ်ကြိမ်တစ်ခါ ကြုံကြိုက်လာသော ဘာမဟုတ်သည့် အဆင်ပြေမှု သုခကလေး ကိုပင် အဟုတ်ကြီးထင်ကာ ငမ်းငမ်းတက် ရွှင်မြူးလာရခြင်းမှာ သဘာဝကျသည်။

"တစ်နှစ်လုံးလုံးမှာ ဆိုမှ ဒီလိုအချက်ကောင်းမျိုး တစ်ကြိမ်လောက် မကြုံရင်လည်း ဒေါင်းစိန်ရယ် သေသေရချည်ရဲ့။ အင်းလေ မပြားကြီးလည်း ပြောဖူးသားကပဲ၊ ဒီလူ့ဘုံကြီးဟာ ဒုက္ခဘုံကြီးပါပဲတဲ့၊ သူပြောတာလည်း ဟုတ်မှာပါပဲ။ ကျုပ်တို့ကို ကြည့်ပါလား၊ တွေ့လိုက်ရတဲ့ ဒုက္ခတွေ၊ ဒုက္ခတွေဆိုတာ ပြောမဆုံးပေါင် တောသုံးတောင်ဆိုသလို ကျနေတာပဲ၊ ဒုက္ခဘုံကြီးထဲ လူလာဖြစ်ကြရလို့ ဒီဒုက္ခတွေကို ဒါလောက်များများ တွေ့နေကြရတယ် ထင်ပါရဲ့တော်"

မယ်စိန်ကလည်း မခေလှပါ။ ကိုဒေါင်းစိန်၏ စကားကို သူ ကြားဖူးနားဝရှိသမျှ တရားဘောကလေးနှင့် ပြန်ကြား၍ ပြောနိုင်ခဲ့သည်။ သို့သော် သူ့တရားသံကလေးထဲ၌ ညည်းညူသံ ကလေး အနည်းငယ် ပါသွားသည်ကို သတိပြုမိသော ကိုဒေါင်းစိန်က မယ်စိန်အား နှစ်သိမ့်သောအားဖြင့် "အေးဟဲ့၊ ဒါပေမဲ့ တို့အဖို့ သုခဘက် တစ်ကြိမ်ပြန်လည်လာပြီမို့ အားငယ်စရာ မရှိတော့ပါဘူးကွယ်" ဟု အားပေးလိုက်၏။

ကိုဒေါင်းစိန်သည် ပုဆိန်ကိုဆွဲ၍ အိမ်ပေါ်မှ ခုန်ဆင်းလိုက်ကာ ချုံဆို့ပြီး၍ သူ့ချုံမှ သယ်ယူလာသော မန်ကျည်းတုံးများကို ခွမ်းခနဲ ခွမ်းခနဲ ပေါက်ခွဲနေ၏။ မယ်စိန်ကလည်း အအားမနေဘဲ ညတုန်းက ခွဲထားသော ငါးရံ့များကို

ရေဆင်းဆေးကာ နေထုတ်လှန်းနေသည်။ ဒီလုံးကမှ ထမင်းဟင်းချက်ပြုတ်ဖို့ တာဝန် ကျနေသည်။

နှစ်နာရီလောက် အရပ်အနားမရှိဘဲ ထင်းတုံးများကို ပေါက်ခွဲလိုက်သော အခါ ထင်းခြမ်းအတော်များများ ထွက်လာ၏။ မယ်စိန် ငါးကျည်းကျပ်တိုက် နိုင်လောက်သည်အထိ ထင်းခြမ်းများလုံလောက်စွာ ရပြီ ဖြစ်သဖြင့်လည်း ထင်းပေါက် ခြင်းကို သူ တစ်ခန်းရပ်နားလိုက်၏။

ချမ်းအေးလှသည့် ဆောင်းကာလ၏ နံနက်ခင်းပင် ဖြစ်သော်လည်း အလုပ်ကြမ်း၏ အကျိုးသက် ရောက်မှုကြောင့် သူ့တစ်ကိုယ်လုံး ချွေးများဖြင့် ဖုံးနေ၏ သို့သော် သူသည် မောပန်းနွမ်းလျခြင်းမရှိ။ တစ်ခုပြီး၍ တစ်ခုကို ဆက်လုပ်ရန်သာ စိတ်ထက်သန်နေ၏။ ဘာကို လုပ်ရမလဲ။

သူ့ကိုယ်သူ ပြန်မေး၏ မယ်စိန် ငါးကျည်းကျပ်တိုက်ဖို့ ကျပ်စင် ဆောက်ရမည်ဟု အဖြေထွက်လာ၏။ ချက်ချင်းပင် လက်ထဲမှ ပုဆိန်ကို လွှတ်ချ လိုက်ကာ ပေါက်တူးကို ကောက်ကိုင်၏။ သူ့လုပ်ငန်းမှ ထိုက်သင့်သော အကျိုး အမြတ် ရရှိဖို့ သေချာနေပြီ ဖြစ်သောကြောင့် မျှော်လင့်ချက်နှင့် စိတ်တက်ကြွ လျက်ရှိသဖြင့် ကိုယ်လက်တို့မှာ ပေါ့ပါးနေ၏။ အလုပ်ကို စိတ်ဝင်စားစွာ၊ စိတ်အား ထက်သန်စွာ ပြုလုပ်ခြင်း ဖြစ်သော ကြောင့်လည်း အလုပ်မှာ တွင်ကျယ်၏။

သူသည် မယ်စိန် ငါးကျည်းကျပ်တိုက်ဖို့ ကျပ်စင်ဆောက်ရန်အတွက် သူ့အိမ် နောက်ဘက်ရှိ ရှင်းလင်းထားသော မြေပြန့်တွင် ပေါက်တူးကို မြှောက်ကာ မြှောက်ကာ မြေကြီးကို ပေါက်ဆွနေ၏။ အနံ နှစ်ပေ၊ အလျား လေးပေခန့်ရှိသော မြေနေရာကွက်တွင် တစ်ထွာခန့် အစောက်ရှိသော ချိုင့်ဝှမ်းအဖြစ်သို့ ရောက်အောင် မြေကြီးကို ပေါက်ထုတ်မိမှ သူ ရပ်နား၏။ တစ်ဆက်တည်းပင် ဝါးလုံးတိုင်တို လေးတိုင်ကိုယူကာ မြေချိုင့်ဝှမ်း၏ ထောင့်လေးထောင့်တွင် တစ်တိုင်စီ လိုက်စိုက်၏။ ပြီးလျှင် ဝါးလုံးတန်းများဖြင့် တစ်တိုင်နှင့်တစ်တိုင်ကို

တန်းပစ်ဆက်သွယ် ကာအပေါ်မှနေ၍ ယင်းခင်းပြီး နီးချက်များဖြင့် အခိုင်အမာ ချည်နှောင်လိုက်ခြင်း အားဖြင့် ငါးကျည်း ကျပ်စင်မှာ တစ်နာရီ အတွင်း ပြီးစီးသွားရ၏။

ဘုန်းကြီးကျောင်းမှ စည်ကြီးမှာ ကိုးချက်တီးနေပေပြီ။ သို့သော် သူအနားမယူလိုသေး၊ လုပ်စရာ တွေကား များပြားလှသေးသည်။ တစ်ခုပြီးတစ်ခု ဇယ်ဆက်သလို ဆက်ကာ ဆက်ကာ လုပ်နိုင်မှ တန်ကာကျမည်။ ကိုင်း ဒါဖြင့် လုပ်စရာ ဘာများ ကျန်သေးသလဲ။ ဩော် ... ငါးပိစင် ဆောက်ရဦး မည်။

ဟုတ်သည်။ ငါးပိစင်ကိုတော့ ဆောက်မှ ဖြစ်မည်။ သူ့ချုံသုံးချုံမှ ရထားသော ကောင်သေးငါးများမှာ အတော်များသည်ဖြစ်ရာ ထိုငါးများကို ငါးပိလုပ်ရန်အတွက် ငါးပိစင်ကို ဆောက်မှ ဖြစ်မည်။ ဤမျှ များပြားသော ငါးများကို ငါးပိစင် မဆောက်ဘဲ ပြီးစလွယ် ငါးပိလုပ်လျှင် ငံပြာရည်များ လေကုန်ကာ မရလိုက်ဘဲရှိမည်။ ပြီးတော့လည်း ငါးပိစင်ကြီးနဲ့ ဟိန်းလို့ဆိုတော့ ဒေါင်းစိန်တို့မှာ ငါးပိတွေ ရောင်းဖို့ ရှိတယ်ပေ့ ဆိုတာ မကြေညာရဘဲနှင့် လူသိနိုင်သည်။ ဂုဏ်သိက္ခလည်း ရှိသမို့ ကြွားလည်း ကြွားနိုင်သည်။ ဟော ကျုပ် ငါးပိစင်မှာ ငါးပိ လေးငါးရာလောက် ရှိတာမို့ ဝယ်သူများရှိရင် ညွှန်လိုက်စမ်းပါလို့ လူတွေတိုင်း အသားယူပြီး ပြောလိုက် ရလျှင် ဘယ်လောက် အရသာ ထူးလိုက်မလဲ။ ဒါကြောင့် ငါးပိစင်တော့ ဆောက်ဖြစ်အောင် ဆောက်မှ ... ဆောက်ဖြစ်အောင် ဆောက်မှ။

အတွေးနောက် အလုပ်က ပါလာသည်။ ကိုယ်လက်များမှာ စက်တပ် ထားသလို သွက်လက်စွာ လှုပ်ရှား နေသည်။ ထမင်းဟင်း ချက်ပြုတ်ပြီးပြီ ဖြစ်သော ဒီလုံးကလည်း သူ့အလုပ်ကို လာရောက် ကူညီပြီး လုပ်ကိုင် နေသဖြင့် သူ့အလုပ်မှာ ပို၍ တွင်ကျယ်လာသည်။

ငါးကျည်းကျပ်စင်နှင့် မနီးမဝေး နေရာတွင်ပင် နှစ်ယောက်သား တိုင်စိုက်ရန် တူးရွင်းငန်းပြားများဖြင့် တွင်းတူးကြ၏။ ထိုတွင်းများပေါ်တွင် ဝါးတိုင်များကို စိုက်ထူလိုက်ကြ၏။ တစ်တိုင်နှင့်တစ်တိုင် ဆက်ကာ ဆက်ကာ ဝါးလုံးတန်းများဖြင့် တန်းပစ်ဆယ်သွယ်ပြီး ငါးပိပုံရန်အတွက် အပေါ်မှ ယင်းခင်းလိုက်၏။ ငါးပိမှ ကျလာသော ငံပြာရည်ကို အောက်မှနေပြီး ခံယူရန် အတွက် ငါးပိစင်အောက်တွင် သက်ငယ်များကို တစ်ဖက်တစ်ချက် နိမ့်လျှောခင်းပြီး ထိုသက်ငယ်နှစ်ဖက် အစပ်ဆုံရာ အောက်ကမှ ဝါးပိုးခြမ်းကို ပြုလုပ် ထားသော ရေတံလျှောက်ကို တပ်ဆင်ထားလိုက်သည်။

ငါးပိစင် ဆောက်လုပ်ပြီးသည်အထိ လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဖော်ပြရမှာ မကြာသော်လည်း လုပ်ရာတွင်မူ သုံးနာရီတောင် ကြာသွားသည်။ ဒါတောင် ဝါး၊ သက်ငယ်၊ နီး စသော ပစ္စည်းဝတ္ထုများ အဆင်သင့်ရှိ၍ တစ်ကြောင်း၊ သူကိုယ်တိုင်မှာ စိတ်ဝင်စားစွာ စိတ်အားထက်သန်စွာ ပြုလုပ်သဖြင့် အလုပ် တွင်ကျယ်၍ တစ်ကြောင်း၊ ဒီလုံး၏ အကူအညီကို ရရှိ၍တစ်ကြောင်း၊ ဤသုံးနာရီ အချိန်ခန့်နှင့် ပြီးစီး သွားခြင်းဖြစ်သည်။ နို့မဟုတ်လျှင် သည်အချိန် ကလေးလောက်နှင့် ဘယ်ပြီး နိုင်မလဲ။

ဟိန်းနေအောင် ဆောက်လုပ်ပြီးသော ငါးပိစင်ကြီးကို ကြည့်ရင်း ကြည့်ရင်း ထိုငါးပိစင်ကြီး ပေါ်တွင် မြင်းမိုရ်တောင်လောက် ပမာဏရှိသော ငါးပိပုံကြီးကို ထင်မြင်လာသည်။ ဟသ်ာတ အနီးရှိ နတ်မော်ရွာမှ နွတ်ခမ်းမွေး ကားကားနှင့် ငါးပိကုန်သည်ကြီး ဦးဘညွန့်ကိုလည်း သူ့မျက်စိထဲတွင် မြင်ယောင် လာသည်။ ဟိုတုန်း ဟိုတုန်းကဆိုလျှင် ဒီလူကြီးမှာ သူတို့လို ငါးပိ အနည်းငယ်မျှသာ ရောင်းနိုင်သူများကို အဖက်ပင် မလုပ်။ အဖက်လုပ်ပြီး ဝယ်ပြန်တော့လည်း မဖြစ်စလောက်ကလေးမို့ ဆိုကာ ဈေးနှိမ့်ချပြီး ဝယ်တတ် သည်။ ငါးပိ များများ ထားနိုင်သည့် အင်းသားကြီးများ ဆိုလျှင်တော့ သူက အောက်ကျို့ရသည်။

အင်းသားကြီးများဆိုသမျှစျေးနှင့် သူ ဝယ်ရသည်။ ဒီတစ်ခါ ဒေါင်းစိန်မှာ ငါးပိများများ ရှိတယ်ကြားလျှင် သူ ဒိုင်းခနဲ ရောက်လာပြီး သူ့အား မျက်နှာချို သွေးပေလိမ့်မည်။ ဒါပေမဲ့ ဘာရမလဲ သာဝရာ၊ ဒေါင်းစိန်တို့ကတော့ ခံခဲ့ရလွန်းလို့ ပါးနေပါပြီ။ ကျုပ် ငါးပိဟာ ရောင်းဖို့မဟုတ်ဘူးဗျ၊ ကုန်းတက်ပြီး လယ်သမားတွေ ဆီမှာ ငါးပိနဲ့ စပါး လျှောက်ဖလှယ်မယ်၊ ပြီးတော့မှ စပါးကို ပြန်ရောင်းရင် ကျုပ်တို့ နှစ်ထပ်ကွမ်း မြတ်မှာ ဗျလို့ ပြန်ပြောလိုက်မှာပေါ့။ ဒီစားပေါက်ကို ဒေါင်းစိန် တို့လည်း သိထားပြီးပါဆိုတာ သူ သိသွားအောင်လေ။

အိုး... အတွေးနဲ့စိတ်ကူးယဉ်နေလို့ မဖြစ်သေးပါ။ လုပ်စရာတွေ များလှသေးသည်။ ဘာကိုဆက်ပြီး လုပ်ရပါ့မယ်။ သို့သော် အလိုမွန်းတည့် ၁၂နာရီ စည်ကြီးတောင် မြည်ဟည်းနေပါပေကော။ ဒီတော့မှ ဝမ်းကဟာ၍ ထမင်းစား နေစဉ်မှာပင် စိတ်က ထမင်းပွဲမှာ မရှိဘဲအလုပ်ဆီသာ ရောက်နေ သဖြင့် ဘာဟင်း နဲ့စားနေသည်ကိုပင် သူမသိလိုက်။ ထမင်းဝခါနီး ငါးရိုးက စူးလိုက်သေး သဖြင့် မျက်လုံးမျက်ဆန် ပြူးနေသည်။ သူ့အကြောင်း အတွင်းသိ အစင်းသိ ဖြစ်နေသော မယ်စိန်က သူ့အဖြစ်ကိုကြည့်၍ "ကာလနာ ကတော့ သည်းမိရင် သူများနဲ့ကို မတူဘူး" ဟု ကောင်းကြီးသြဘာ ပေးလိုက်လေသည်။ ထမင်းဝခဲ့ပြီး။ ငါးရိုးစူးသည့်အတွက် ကိုလေးဖိုးကွန့်ထံမှ ရေမန်းကိုလည်း တောင်းသောက်ပြီးပါပြီ။ ရေမန်း၏ အစွမ်းကြောင့်ပဲလား၊ ဒါမှမဟုတ် ငါးရိုးကပဲ သူ့အလိုလို ကျချင်နေ၍လား မသိ၊ လည်ချောင်းတွင်း၌ စူးဝင် နေသော ငါးရိုးမှာ ရေမန်းကို သောက်ပြီးသည်၏ အခြားမဲ့၍ ဝမ်းတွင်းသို့ ကျဆင်းသွားပါပြီ။

ထမင်းစားအပြီး လက်ဖက်ရည်ကြမ်းကလေး တစ်အိုးလောက် သောက် လိုက်ချင် သေးသော်လည်း၊ အချိန် ကုန်ပြီး အလုပ်မပြီးမည်ကို စိုးရွံ့သောကြောင့် လက်ဖက်ရည်ကြမ်း သောက်လိုသော အာသာဆန္ဒကို မျိုသိပ် ချုပ်တည်း ထားရရှာသည်။ နေနှင့်ဦးပေါ့လေ။ အလုပ်အားလုံး ပြီးစီးခါမှ သားမယား စုံညီစွာနှင့် လက်ဖက်ရည် ကြမ်းဝိုင်းဖွဲ့ပြီး ပျော်လိုက်ရဦးမှာပေါ့။

မယ်စိန်ကား ဒီလုံး၏ အကူအညီနှင့် ရေထဲ၌ လှောင်ထားသော ငါးကျည်း အရှင်းများကို ခြင်းတောင်းနှင့် ထည့်ကာ ကုန်းပေါ်သို့ သယ်တင်ပြီး မြေကြီးပေါ်တွင် ခင်းထားသော ယင်းတစ်ချပ်ပေါ်သို့ လောင်းချကာ နေလှန်း နေသည်။ ငါးကျည်းများကား နေပူရှိန်ကြောင့် မခံမရပ်နိုင်ဖြစ်ကာ တစ်ကောင်နှင့် တစ်ကောင် တိုးဝှေ့ရင်း ခုန်ပျံနေကြသည်။ ငါးများကိုကျီးထိုးသုတ်မည် စိုးသည့် အတွက် ဒီလုံးအောက် သူငယ် ကလေးတစ်ဦးကို သားရေခွတစ်လက်နှင့် ကျီးခြောက်ရန် ထိုင်စောင့်ခိုင်းထားရသည်။ ထိုသူငယ်ကလေး၏ အနီးတွင် ကျန်ရှိသည့် သားငယ်သမီးငယ်များက ဝန်းရံကာ တုတ်တစ်ချောင်းဖြင့် ငါးကျည်းများကို ထိုးဆွရင်း ဆော့နေကြသည်။

ကလေးငယ် တစ်ယောက်ကား ငါးကျည်းများကို တုတ်ဖြင့် ထိုးဆွကာ ဆော့နေရာမှ ယင်းအပြင်ဘက် မြေပြင်သို့ ခုန်ထွက်လာသော ငါးကျည်း တစ်ကောင်ကို ဖမ်းယူရန် သူ့လက်ကလေးဖြင့် သွားကိုင်လိုက်၏။ ချက်ချင်းပင်ထို ငါးကျည်းက ဆူးတောက်ကို ကားထောင်လိုက်ကာ ကိုယ်ကို တွန့်လိမ်ခုန်ပျံပြီး ခတ်လိုက်ရာ ထိုကလေး၏ လက်ကိုငါးကျည်း ဆူးတောင်ဖြင့် ခေတ်မိသွား၏။ ထိုကလေးငယ်ကား နာကျင်လွန်းလှ၍ စူးရှစွာ အော်ဟစ်ငို ကြွေးတော့၏။

မယ်စိန်ကား ငါးကျည်းအရှက်များကို တစ်ကောင်ပြီးတစ်ကောင် သယ်တင်နေရာမှ ထိုအဖြစ်ကို မြင်လိုက်ရ၏။ တစ်နေ့လုံး လက်မချရအောင် လုပ်နေရသည့်အတွက် မောမောနှင့် စိတ်တိုနေစဉ်မို့ ငါးကျည်းစူးမိသော ကလေးငယ်ကို သနားကြင်နာရမည့်အစား ဒေါသကလေးပင် ထွက်လာမိ၏။ "ဟဲ့ ကာလနာလေးရဲ့၊ ငါးကျည်းကို သွားကိုင်ရင်စူးတတ်တယ်ဆိုတာ မသိဘူးလား။ ငို.... ငို... သေအောင်ငို" ကြမ်းတမ်းစွာ ရေရွက်လိုက်၏။

ကိုဒေါင်းစန်ကား ရှေ့ရေးအတွက် တွေးတော အားတက်ပြီး မင်္ဂလာ ယူနေချိန်မို့ ဤအမင်္ဂလာ အသံကို မကြားလိုပေ။ သူသည်ရန်ပြေမာန်ပြေ သဘောမျိုးဖြင့် ငါးကျည်းစူးထားသော ကလေးငယ်၏ လက်ကလေးကို သူ့ပါးစပ်

တွင်းသို့ သွတ်သွင်းကာ ကြင်နာယုယစွာ စုပ်ပေးလိုက်ရာ ကလေးငယ်မှာ အငိုတိတ် သွားတော့၏။ သည်တော့မှ သူ့အလုပ်ကို ဆက်ရန်ပြင်ဆင်ရ၏။ လုပ်စရာဘာများ ကျန်နေသေးပါလိမ့်။ အင်း... ငါးပိ နင်းရဦးမှာပါကလား။

သွေးအေးသွားပြီဖြစ်၍ အလုပ်ကိုပြင်ဆင်ရမှာ လေးကန်တွန့်ဆုတ်နေမိသော်လည်း စိတ်ကို ဆောင်ကာ အားကိုတင်းလိုက်၏။ ကမ်းစပ်တွင် ဝါးလုံးတိုင် တစ်တိုင်စိုက်ကာ ထိုတိုင်နှင့် ကပ်၍ စည်ပိုင်းတစ်လုံးကို နေရာချထားလိုက်၏။ ထိုစည်ပိုင်းထဲသို့ ပုပ်နေပြီဖြစ်သော ကောင်သေး ငါးများကို လောင်းထည့်၏။ ထို့နောက်သူ့ခြေထောက် နှစ်ဖက်တွင် စစ်သားများ ခြေပတ်ပတ်သကဲ့သို့ ဂုန်နီစုတ်ဖြင့် ခြေဖဝါးမှ ဒူးဆစ်အထိ ပတ်စည်းပြီး အပေါ်မှ အုန်းဆံကြိုးနှင့် သေချာခိုင်မြဲစွာ စည်းနှောင်လိုက်၏။ စည်းပိုင်းထဲမှ ငါးပုတ်များကို သူ့ခြေထောက် နှစ်ဖတ်ဖြင့် နင်းကာနင်းကာ မွှေနှောက်သည့်အခါတွင် ငါးရိုးများ၊ ဆူးတောင်များ မစူးနိုင်ရန် အတွက် သူ့ခြေထောက်ကို နှစ်ဖက်ကိုဂုန်နီစုတ်ဖြင့် ကာကွယ်ထားရခြင်း ဖြစ်သည်။

သူသည် စည်ပိုင်းဘေးမှ ဝါးလုံးတိုင်ကို ထိန်းကိုင်ထားကာ စည်ပိုင်းတွင်းသို့ ဝင်လိုက်၏။ စည်ပိုင်းထဲရှိ ငါးပုပ်များကြားထဲသို့ သူ့ခြေထောက် နှစ်ဖက်စလုံး ဒူးဆစ်နားအထိ ရောက်အောင် "စွပ်" "ခနဲ" "စွပ်" ခနဲ နင်းကာ နင်းကာ မွှေနှောက်နေ၏။ ဤကဲ့သို့ နင်းကာ နင်းကာ မွှေနှောက်လိုက်သော အခါဝယ် ငါးပုပ်များမှ အပုပ်နံ့များမှာ ထောင်းခနဲ ထွက်လာသည်။

ဤငါးပိနင်းရသည်မှာ ဒူးဆစ်အထိ မြုပ်နေသော ရွှံ့နွံများအကြားဝယ် တစ်လှမ်းပြီးတစ်လှမ်း အားခဲပြီး လှမ်းနေရသလို ရှိသည်မို့ ဒူးဆစ်ချောင်ပြီး အားကုန်လှသည်။ အပုပ်နံ့များမှာလည်း သူ့နှာခေါင်းထဲသို့ စူးရှစွာ တိုးဝင် လာနေသည်မို့ ခေါင်းထဲကပင် ကိုက်ချင်လာသည်။ ချွေးများမှာလည်း တစ်ကိုယ်လုံး စိုရွှဲလာသည်အထိ ထွက်လာကြသည်။ သို့သော် ထုသားပေသား ရနေပြီမို့ ဒီဒဏ်ချက်တွေကို မတုန်မလှုပ် ခံယူသည်။

ငါးပိကို အတော်ကလေး ကြာကြာ နင်းလိုက်၍ အရှိန်ရပြီး သွေးပူလာသောအခါ သူ့အလုပ်လုပ်ဟန်မှာ သွက်လက်လာ၏။ မာန်ပါလာ၏။ သူ့မျက်နှာမှာလည်း စိတ်အားထက်သန်သော အရိပ်အယောင်ကလေးများ ယှက်သန်း လာသည်။ ဘာလဲဟဲ့ ယျောကျ်ားဘသား.... အရိုးကြေကြေ အရေခန်းခန်း မရှောင်တမ်း လုပ်ပစ် လိုက်မယ်။ မတ်တတ်က လဲပြီးသေပွဲဝင်ချင် ဝင်သွားပေစေ။

တစ်ချက်ပြီးတစ်ချက် ခပ်မှန်မှန်နင်းနေသော ခြေထောက်များမှာ ဒေါမာန်ပါးပြီး စည်းချက်မှန်လသည်။ တက်ကြွ လာသော စိတ်ဓာတ်ကြောင့် ရင်ထဲမှာမြူးပြီး ကြွရရွကလေး ဖြစ်လာသည်။ ရင်ထဲမှာ ဖြစ်ပေါ် နေသော တက်ကြွရွှင်မြူးသည့် စိတ်ဓာတ်ကို ပါးစပ်မှတစ်ဆင့် အပြင်သို့ ဖွင့်ထုတ်ချင်စိတ်မှာ ထိန်းမနိုင် သိမ်းမရ ရှိလာသည်။ တယ်လေ... လူကြီးတန်မဲ့နဲ့ သီချင်းကို ဟစ်ပြီးဆိုလိုက်ရ မကောင်းဘဲ ရှိရော့မယ်။

ပြောလို့သာ ပြောရ၊ ဘယ်သီချင်းကိုမှ သူက ဟုတ်တိပတ်တိမရ၊ ဒါကြောင့် မယ်စိန်ရှိရာသို့သာ လှမ်းကြည့် လိုက်သည်။ မယ်စိန်မှာ ငါးကျည်းကျပ်တိုက်ရန်အတွက် ငါးကျည်းကျပ်စင်အောက်တွင် မီးမွှေး နေလေပြီ။ သူလည်း သူ့အလုပ်နှင့် သူမို့ တကုပ်ကုပ်ဖြင့် မအားရအောင် ရှိနေရှာသည်။ ဩော်... မယ်စိန်... မယ်စိန်။

၁၀ မိနစ်ခန့် နင်းပြီးသောအခါ သူသည် စည်ပိုင်းအပြင်သို့ ပြန်ထွက်ကာ ဒလုံးအား ဟစ်ခေါ်လိုက်၏။ ဒီလုံးကလည်း ခြင်းတောင်းတစ်လုံးကို လက်တွင်ကိုင်ဆွဲကာ အပြေးရောက်လာပြီးနောက် စည်ပိုင်းထဲတွင် နင်းချေထားသော ငါးပုပ်များကို ခြင်းတောင်းဖြင့် ခပ်ယူကာ ရေထဲဆင်းပြီး လှုပ်ခါ၍ ဆေးနေ၏။ ငါးကြေးခွံများနှင့် အညှီအဟောက် အညစ်အကြေးများလည်း ခြင်းကြားမှ ထွက်ခွာသွားပြီး သန့်စင်ဖြူဖွေး နေသော ငါးအပုပ် အပိုင်းအဟ အကျိုးအကြေများသာ ခြင်းတောင်းထဲတွင် ကျန်ရစ်ခဲ့သည်။

ထိုအခါ ဒီလုံးသည် ခြင်းတောင်းကို ထမ်းကာ ငါးပိစင်ပေါ်တွင် သွားပုံ၏။ ရေစင်သွားမှ ဤငါးပိစင်ပေါ်တွင် ဆားကူးကာ ပုံထားရမည်။ ဒီတော့မှ လည်းငါးပိအဖြစ်သို့ ရောက်မည်။ စည်ပိုင်းထဲမှ ငါးပုပ်များအားလုံး ဆေးကြောကာ စင်ပေါ်သို့ ပုံပြီးသော အခါ နောက်ထပ်နင်းချေခြင်း မပြု သေးသော ငါးပုပ်များကို စည်ပိုင်းထဲထပ်ဖြည့်ကာ နင်းချေရပြန်သည်။

နေဝင်သွားလေပြီ။

အပုပ်ခံ ထားသော ကောင်သေးငါးများကို တစ်နေ့ခင်းလုံး စည်ပိုင်းထဲတွင် နင်းချေကာ ဆေးကြောသန့်စင် ပြီးလေပြီ။ ဆေးကြောသန့်စင်ပြီးသော ငါးပုပ်အပိုင်းအစ အကျိုးအကြေများအားလုံး ငါးပိစင်ပေါ်တွင် ပုံပြီး ရေစစ်ထားရာ ယခုရေစင်သွားလေပြီ။ ဆားကူးလိုက်လျှင် ငါးပိအဖြစ်သို့ ရောက်တော့မည်။ သို့သော် ကိုဒေါင်းစိန်ကား အပြင်းအထန် လုပ်ကိုင်ခဲ့သည့် ဒဏ်ချက်ကြောင့် ဒူးမခိုင်ဘဲ ယိုင်နေ၏။ ခြေလက် များမှာ အားမရှိသလို နုံးချည့်နေ၏။ မျှော်လင့်ချက်ကလေးများနှင့် အားတက်သောစိတ်က ဆောင်နေ၍သာ လှုပ်ရှားသွားလာနိုင်သေးသည်။

သူသည် အလုပ်အားလုံး ပြီးစီးခါမှ ညထမင်းစားမည်ဟု အားခဲကာ ငါးပိဆားကူးရန် ဒီလုံးကိုခေါ်၍ စင်ပေါ်သို့ တက်လိုက်၏။ စင်ပေါ်တွင် မီးခွက်ကြီး တစ်လုံးကို ညှိထွန်းကာ ဆားကူးရန် ပြင်ဆင်ကြသည်။ ကိုဒေါင်းစိန် သည် လက်ယက် နှစ်ခုကို လက်တစ်ဖက်စီတွင် ကိုင်တွယ်ပြီး ငါးပုပ်အနည်းငယ် ယက်ထုတ်လိုက်၏။ ဒီလုံးက ဆားကို ဇလုံဖြင့် ခပ်ယူကာ အလောတော် ဖြူးပေးလိုက်ရာ၊ ကိုဒေါင်းစိန်သည် ငါးပုပ်နှင့်ဆား သမ သွားအောင် လက်ယက် နှစ်ဖက်ဖြင့် မွှေနှောက်ပြီးနောက် တစ်ဖက်ထောင့်သို့ တွန်းပို့လိုက်၏။ ဒါကိုပင်ငါးပိ ဆားကူး သည်ဟု ခေါ်ခြင်းဖြစ်၏။

ငါးပုပ်ပုံထဲမှ နောက်ထပ်အနည်းငယ် ယက်ထုတ်လိုက်၊ ဆားကူးလိုက်၊ တစ်ဖက်ထောင့်သို့ တွန်းပို့လိုက်ဖြင့် ငါးပုပ်ပုံကြီး ကုန်သည့်တိုင်အောင် ဆားကူးပြီးသော အခါတွင် ငါးပုပ်ပုံကြီး အဖြစ်သို့ ကူးပြောင်းသွား၏။ ပွရောင်းရောင်း ဖြစ်နေသော ငါးပိပုံကြီးကို ငါးပိယောက်မဖြင့် အပေါ်ဘက်ရော နံဘေးတစ်လျှောက်ပါ အထပ်ထပ် ရိုက်ပေးလိုက်သောအခါ ကျစ်လျစ်သိပ်သည်းသော ငါးပိပုံကြီး ဖြစ်သွားတော့သည်။

ငါးပိပုပ်များမှာ ဆားထိလိုက်သောအခါ အရည်ဖြစ်ပြီး ငါးပိစင်အောက်သို့ လျှောကျလာကာ နိမ့်လျှောခင်းထားသော သက်ငယ်ပေါ်မှ တစ်ဆင့် ရေတံလျှောက် ထဲသို့ စီးကျလာကြ၏။ ဤငါးပိများမှ စီးကျလာသော အရည်များကိုပင် ငံပြာရည်ဟု ခေါ်သည်။

ကိုဒေါင်းစိန်သည် ရေတံလျှောက်မှ စီးကျလာမည့် ငံပြာရည်များကို ခံယူရန် အင်တုံကြီးတစ်ခုကို ရေတံလျှောက် အဝအောက်၌ ခံထားလိုက်သည်။ ဒီငံပြာရည်များကို နေပူထဲ ပစ်ထားပြီး နေလှန်း ထားလိုက်လျှင် အရောင်ကလေးနီရဲလာပြီး အနံ့ကလေးကလည်း သင်းပျံ့လာမည်။ မိုးတွင်း အတွက် ငံပြာရည် ဝမ်းစာ တော့ လုံလောက်ရောပေါ့။ ဆားရည်တွေရောထားတဲ့ အပေါ်စား ငံပြာရည်မျိုးမဟုတ်။ ငါးပိအသားထဲမှ စီးကျ လာတဲ့ ငါးငံပြာရည် စစ်စစ်လေ။

မိုးတွင်းအတွက် ဝမ်းစာငါးပိကိုတော့ ဤငါးပိပုံအထဲမှ ထားမည်မဟုတ်။ ဤငါးပိပုံမှာ ရောင်းတန်း အတွက်သာ ပြုလုပ်ထားခြင်း ဖြစ်၏။ သူတို့ မိုးတွင်းစားဖို့အတွက် ဝမ်းစာငါးပိမှာ ပထမ တစ်ပြန်ဖော်ပြီးကတည်းကပင် ပြုလုပ် သိုမှီးသိမ်းဆည်းပြီးလေပြီ။ ဒီလိုငါးနုပ်၊ ငါးဖွဲများကို ပြုလုပ်ထားသော ငါးပိမဟုတ်။ ငါးကျည်း၊ ငါးပြေမ၊ ငါးရံ့လုံးငါးသုံးမျိုးကို စပ်၍ ပြုလုပ်ထားသော သုံးဦးစပ်ငါးပိဖြစ်သည်။ ငါးပိ လုပ်ပုံမှာလည်း ဤကဲ့သို့ ခြေထောက်များဖြင့် ရွှံ့စရာ ကောင်းလောက်အောင် နင်းချေဆေးကြောပြီး ပြုလုပ် ထားခြင်းမျိုး မဟုတ်။

ပထမ ထိုင်းသုံးမျိုးကို အပုပ်ခံပြီးနောက် လက်ဆုံတစ်ခုထဲတွင် ထည့်ကာ ဆားသင့်လျော်ရုံဖြူးပြီး ခါးကျိုးရုံကလေးလောက် ထောင်းလိုက်သည်။ ပြီးတော့မှ ထိုင်းပိကို အတုံးကလေးများတုံးကာ နေပူထဲတွင် နှစ်နေ သုံးနေလောက် နှပ်ထားလိုက်သေးသည်။ နောက်တစ်ဖန် လက်ဆုံမှာထည့်ပြီး ထမနဲကလေး အနည်းငယ် ရောထောင်းကာ အိုးထဲမှာ ထည့်သိပ်ထားလျှင် အနံ့ကလေးသင်းပြီး အရောင်ကလေးကို ဝင်းလို့ပေါ့။ အဲဒီငါးပိမျိုးစားရရင်တော့ တခြားဟင်းမပါရင် နေပါစေ။ ... ဒါပေမဲ့ ခက်လိုက်ပုံက မိုးတွင်းလည်း ရောက်ကရော၊ ကျပ်လွန်းလို့ စားဖို့ထားတဲ့ အဲဒီ သုံးဦးစပ် ငါးပိကို ထုတ်ရောင်းပြီး အခြား ပေါ်စား ငါးပိ တွေ ကိုသာ ရှာကြံစားနေရတာက ခက်လှသည်။ ဒီနှစ်တော့ ဒီအဖြစ်မျိုး မရောက်တန်ကောင်းပါဘူးလေ။

သူ ပြုလုပ်ဖွယ် လုပ်ငန်းများကို ကျေနပ်လောက်အောင် ပြုလုပ်ပြီးစီးခဲ့ပြီ ဖြစ်သဖြင့် သူနှင့် ဒီလုံးတို့ ၏သည် ညထမင်းစားရန် အိမ်ပေါ်သို့ တက်ခဲ့ကြ၏။ မယ်စိန်ကား ငါးကျည်းကျပ်စင်နံဘေး၌ ထိုင်ကာ ငါးကျည်းများကို ကျပ်တိုက် နေသည်။

သူတို့ သားအဖနှစ်ယောက်သည် ညထမင်း စားသောက်နေစဉ်မှာပင် ရွာထဲမှ ကုန်သည်ပေါက်စ ကလေးတစ်ယောက် ငါးကျည်းကျပ်တိုက်ခြောက်နှင့် ငါးရံ့ခြောက်ဝယ်ရန် ရောက်ရှိလာသည်။ သူသည် မယ်စိန် ငါးကျည်း ကျပ်တိုက်နေရာသို့ သွားရောက်ကာ အရောင်းအဝယ် စကားဆိုနေ၏ ကိုဒေါင်းစိန်တို့ ထမင်း စားသောက်သော နေရာနှင့် အလှမ်းသိပ်မဝေးလှသဖြင့် သူတို့ပြောစကား များကို ကိုဒေါင်းစိန် ကြားနေရ၏။

"ဗျို့ ဒေါ်မယ်စိန်၊ ခင်ဗျား ငါးရံ့ခြောက်နဲ့ ငါးကျည်း ကျပ်တိုက်ခြောက် ရောင်းမယ်လားဗျို့"

"ရောင်းဖို့ လုပ်ထားတဲ့ဟာပဲ၊ ရောင်းမှာပေါ့ဟဲ့"

"ကိုင်း၊ ဒါဖြင့် ... ဘယ်ဈေးလဲ၊ ဆို ... ဈေးသင့်မြတ်ရန် အခုထဲက စရန် ပေးထားပြီး အားလုံး ခြောက်မှ လာချိန်မယ်"

"အို အခု မရောင်းသေးပါဘူး၊ အားလုံးပြီးစီးမှ ဈေးသာရာ ရောင်းစားမှာပေ့ါ။ ငါ့ ငါးကျည်းခြောက်က ပေါက်မ ချည်းပဲ၊ အသေးတစ်ကောင်မှ မပါဘူး၊ ပြီးတော့ ကျပ်ကိုလည်း ကုန်သည်ကြိုက် "ကျပ်ဖောင်း" တိုက်ထားတာမို့ အကောင်ကလေးတွေ ဖောင်းဖောင်းကားကားနဲ့ လှလည်းလှတယ်၊ ကျပ်တိုက်တဲ့ နေရာမှာလည်း မချန်ဘဲ ကျပ်ကုန်အောင် တိုက်ထားတာမို့ ခြောက်လည်း ခြောက်တယ်၊ တခြား ငါးကျည်း ကျပ်တိုက် ခြောက်တွေကို ကျပ်ရောင်ကလေး နည်းနည်းပြပြီး နေလှန်းထားတဲ့ "တိုင်ပတ်" ငါးကျည်း ကျပ်တိုက်ခြောက်မျိုး မဟုတ်ဘူး။ ဒါကြောင့် အများဈေးထက် ပိုရမှ ရောင်းနိုင်မယ်"

"ဟုတ်ကဲ့၊ ရောင်းတဲ့အခါကျတော့လည်း ကျွန်တော့်ကို နှုတ်ဆက်ပြီးမှ ရောင်းပေ့ါဗျာ၊ အများဈေး ထက်တော့ ပိုရမှာပေ့ါ"

ကိုဒေါင်းစိန်၏ မျက်နှာကား ကြည်နူးရိပ်ဖြင့် ပြုံးယောင်သမ်းလာသည်။ ဤရွာ၌ မပြားကြီးနှင့် မယ်စိန်မှာ ကုန်လုပ်ကောင်းကြသည်။ သူတို့ ပြုလုပ်ထားသော ကုန်ဆိုလျှင် အခြားသူများ၏ ကုန်ထက် ဈေးပိုဝယ်ရသည်။ ငါးကျည်းကျပ်ဆိုလျှင် အခြားသူများက ကျပ်ရောင်ကလေး နည်းနည်းပြပြီး နေလှန်း ထားတာကိုပင် ငါးကျည်းကျပ်တိုက်ခြောက် လုပ်ပြီး ရောင်းကြသည်။ ဤ ငါးကျည်းကျပ်မျိုးကို "တိုင်ပတ်" ငါးကျည်းကျပ်ဟု ဘွဲ့ထူးပေးထားကြသည်။

အကြောင်းကတော့ ခါးလယ်မှနေ၍ ချိုးလိုက်လျှင် ချွမ်းခနဲ ကျိုးမသွားဘဲ ကွေးညွှတ်ပြီးသာ ပါလာတတ်သည် ဖြစ်ရာ တိုင်ကိုပတ်လျှင်ပင် ပတ်မိနိုင်၏။ မယ်စိန်တို့ကတော့ ဤသို့ ညာဏ်မကျူ၊ ကျပ်ကုန်အောင် တိုက်ထားသည်ဖြစ်ရာ တချွမ်းချွမ်းမြည်အောင် ခြောက်သယောင်းနေသည်။ "တိုင်ပတ်" ငါးကျည်း ကျပ်မျိုးမှာ အလျော့တွတ်များ၍ စားရာမှာလည်း မကောင်း၊

ကြာကြာထားလျှင်လည်း မှိုတက် တတ်သည်။ ကျပ်ကုန်အောင် တိုက်ထားသော မယ်စိန်တို့ ငါးကျည်းကျပ်မျိုးမှာ အလျော့တွက် နည်းသည့်ပြင် စား၍လည်း ကောင်းသည်။ ကြာကြာလည်း အထားခံသည်။ ဒါကြောင့်ပင် မယ်စိန်တို့၏ ငါးကျည်းကျပ် ဆိုလျှင် ဈေးပိုဝယ်ရသည်။ မယ်စိန်ကလည်း သူ ပြုလုပ်ထားသော ကုန်များနှင့် ပတ်သက်၍ အမြဲတစေ ဤသို့ ဂုဏ်ယူပြောဆိုတတ်သည်။

"ကုန်ကို ကောင်းကောင်းလုပ်ပြီး ဈေးကောင်းရအောင် ရောင်းမယ်" တဲ့။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

(၅)

လပြည့်နေ့မို့ လမင်းသည် ပြည့်ဝစွာ ထွန်းလင်းနေသည်။ ကြည်အေးသော လရောင်ခြည်သည် ကမ္ဘာမြေပြင်အနှံ့ လွှမ်းခြုံပိုက်ထွေးကာ ယုယနေသည်။ မျက်နှာကြီးငယ် မလိုက်ဘဲ သူ၏ ရောင် ခြည်ကို အညီအမျှ ပေးဝေဖြန့်ဖြူးနေသည်ဖြစ်ရာ၊ သမ္ဗုတ၏ စံအိမ်တော်သို့ ရောင်ခြည်ကို ရက်ရောစွာ သွန်းလောင်း ပေးဝေနေသလိုပင် ဆင်းရဲသား လှေကပ်ပါး၏ တဲစုတ်ပေါ်သို့လည်း အနှမြောမရှိ ပက်ဖျန်းပေးနေသည်။

ကိုဒေါင်းစိန်တို့ မိသားတစ်စု ဝိုင်းဖွဲ့ကာ ငါးကျည်းကျပ်တိုက်ရာ ကျပ်စင်သို့လည်း လရောင်ခြည်မှာ ရောက်သည်သာဖြစ်သည်။ ကိုဒေါင်းစိန်၏ သားငယ်သမီးငယ်များမှာ ကျပ်စင်ခုံဘေးတွင် ခင်းထားသော ကျူထရံထက်၌ ကိုဒေါင်းစိန်နှင့် မယ်စိန်ကို ဝိုင်းဖွဲ့ကာ အချို့ကား တုံးလုံးလျောင်းလျက်၊ အချို့ကား ထိုင်ငိုက်မျဉ်း အိပ်စက်နေကြသည်။ နေ့လယ်တုန်းက ငါးကျည်းစူးမိသော ကလေးငယ်မှာမူ ကိုဒေါင်းစိန်၏ ရင်ခွင်တွင်း၌ ခိုဝင်ကာ အိပ်စက်နေသည်။

မယ်စိန်သည် ကျပ်စင်ပေါ်မှ ငါးကျည်းများကို ကျပ်စင်အောက်မှ မီးပြင်းပြင်းထိုးကာ ကျပ်တိုက်ပြီးပြီ ဖြစ်၍ ယခု မီးရှိန်ကိုလျှော့ကာ မီးခဲရဲရဲဖြင့် နပ်ထားလိုက်သည်။ သည်လို ပထမ မီးကို ခပ်ပြင်းပြင်း ထိုးကာ ကျပ်တိုက်ပေးမှလည်း ငါးကျည်းများမှာ ဖောင်းကားလာကာ ကုန်သည်ကြီးများ

ကြိုက်သော ကျပ်ဖောင်း ငါးကျည်းဖြစ်မည်။ သို့သော် ငါးကျည်းများ ဖောင်းကား လာပြီးသည့်နောက် မီးရှိန်ကို မလျှော့ဘဲ တစ်ဆက် တည်း မီးပြင်း တိုက်လိုက်လျှင် ကျွမ်းကုန်မည်ဖြစ်၍ မီးရှိန်လျှော့ကာ မီးခဲရဲရဲ ဖြင့်နှပ် ထားရခြင်းဖြစ်သည်။

သူ့အလုပ်ကိုသာ စိတ်ဝင်စားစွာ လုပ်ကိုင်နေ၍ စကားမဆိုအားဘဲ ရှိနေသော မယ်စိန်သည် ယခုမှ အနားရတော့ပြီ ဖြစ်သဖြင့် ပတ်ဝန်းကျင်တွင် အာရုံပြန်လည်လာ၏။ သည်တော့ ငါးကျည်းကျပ်စင် အနီးတွင် ကိုဒေါင်းစိန် အတွက် မီးခဲရဲရဲဖြင့် နှပ်ထားသော လက်ဖက်ရည်ကြမ်းအိုးကို သတိရမိသဖြင့် လှမ်းယူကာ ကိုဒေါင်းစိန်နီးသို့ ချပေးလိုက်၏။

လရောင်ခြည် ပက်ဖျန်းထားသော ပတ်ဝန်းကျင် ရှုခင်းမှာ ကြည်နူးဖွယ် ကောင်းလှသည်။ နေ့လယ် နေ့ခင်းတုန်းက အကျည်းတန်လှသော အရာဝတ္ထုများ သည်ပင် မင်ငွေရောင်မှုန်းခြယ်ထားသဖြင့် ဂုဏ်မြောက်အောင် လှနေကြသည်။ လူသံ သူသံ ဆိတ်သုဉ်းနေပြီဖြစ်သော သည်လို ညဥ့်အချိန်မှာ ညဥ့်၏ ဂီတ အဖြစ် ထွက်ပေါ်လာနေသော ကြက်တွန်သံကလေးများကကော ကြည်နူးစရာ မကောင်းပါလား။

ဆောင်းလေအပင့်တွင် ငါးပိစင်မှ ပျံ့လွင့်ထွက်နေသော အပုပ်နံ့နှင့် ငါးကျည်းကျပ်စင်မှ ကျပ်ခိုးနံ့ ကလေးများကို ရှူရှိုက်နေရခြင်းသည်ပင် အနိဋ္ဌာရုံအဖြစ် မထင်မြင်မိဘဲ ကိုဒေါင်းစိန်၏ စိတ်ကို နှစ်သိမ့် ချမ်းမြေ့ စေသည်။ ခုည သောက်ရသော လက်ဖက်ရည်ကြမ်း၏ အရသာမှာလည်း ခါတိုင်း ခါတိုင်းနှင့် မတူဘဲ သူ့လျှာ ပေါ်တွင် အရသာ ပိုထူးနေလိုလိုပင်။ ကိုဒေါင်းစိန်၏ ရင်တွင်း၌ကား ကြည်နူးစိတ်ဖြင့် ပြည့်သိပ်နေ၏။ သူ၏ မူလစိတ်ဓာတ်ခံမှာ ကြည်နူး နေစဉ် အခါမို့ မြင်ကြား ထိတွေ့ရသမျှ အာရုံများကိုလည်း၊ သူ့စိတ်နှလုံးကို ကြည်နူးစေသည့် အအာရုံ များအဖြစ်သို့ သူ လက်ခံထားနိုင်ခြင်း ဖြစ်သည်။

တစ်နေ့တာ လုပ်ငန်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လုပ်ကိုင်ပြီး၍ ယခုလို အနားယူရသည့် အခိုက်အခါမျိုး၌၊ သားမယား စုံညီစွာဖြင့် ဝိုင်းကြီးဖွဲ့ကာ သားငယ်သမီးငယ်များကို ဘယ်ညာ ပိုက် ထွေးထားရခြင်းမှာ ဘယ်လောက် ကြည်နူးစရာ ကောင်းပါသလဲ၊ ဘယ်လောက် အရသာထူးလိုက် ပါသလဲ။

သူ့ဇနီး မယ်စိန်မှာ ခါတိုင်းထက် ပို၍လှကာ ပို၍လည်း ချစ်စရာ ကောင်းနေသည်ဟု သူ့စိတ်တွင် ထင်မှတ်လိုက်သေးသည်။ သူ့ကို ဝိုင်းဖွဲ့နေသော သူ့သွေးသားကလေးများကို ငုံ့ကာ စောင်းငဲ့ကာ ကြည့်လိုက် ပြန်ပါတော့လည်း၊ ခါတိုင်းထက်ပင် ချစ်စရာကောင်းနေ၍ အသနားအကြင်နာကလေးပင် ပိုလာ မိသေးသည်။ သြော် ... သူ့စိတ်နှလုံးဟာဖြင့် ဆီထိသော ဝါဂွမ်းလို နူးအိ ပျောင်းပျော့လို့ပါကလား။

သူ့လုပ်ငန်းနှင့် ဆက်စပ်၍ သူ့ရှေးရေးကို တွေးတောလိုက်ပြန်သည့် အခါ၌လည်း ပျော်ရွှင်ကြည်နူး စရာများကိုသာ သူ မြင်နေသည်။ သူတို့၌ မိုးတွင်းအတွက် ငါးပိဝမ်းစာ၊ ငံပြာရည်ဝမ်းစာများ လုံလောက်အောင် ရရှိထား ပါပြီ။ ဝမ်းစာ စပါးတော့ မရှိသေး။ သို့သော် အရေးမကြီးပါ။ သူတို့၌ စပါး မရှိသော်လည်း ရောင်းငါးပိလေး ငါးရာခန့်ရှိသေးသည်မ ဟုတ်လား။ လယ်သမား များ တွင်ကား ဝမ်းစာစပါးအပြင် ရောင်းစပါး ပိုပိုလျှံလျှံရှိသော်လည်း သူတို့ အတွက် အရေးကြီးသော ရိက္ခာတစ်ခု ဖြစ်သည့် ငါးပိတော့ သူတို့၌မရှိပါ။ သူတို့ လယ်သမားများကလည်း မိုးတွင်းအတွက် ဝမ်းစာငါးပိကို အလိုရှိတတ်သည်။ ဒီတော့ ငါးပိနဲ့ စပါး ဖလှယ်လိုက်ရုံပေါ့။

ကိုဒေါင်းစိန်၏ မျက်လုံးများသည် လရောင် ပက်ဖျန်းထားသော ငါးပိစင်ပေါ်ရှိ ငါးပိပုံကြီးဆီသို့ ရောက်သွား ကြသည်။ ကြည့်၍မဝ၊ ရှု၍ မရောင့်ရဲသည့်နှယ် တစိုက်မတ်မတ် ကြည့်နေရာမှ ငွေရောင်ဖွေးနေသော ငါးပိပုံကြီးမှာ ရွှေရောင်ဝင်းနေသော စပါးပုံကြီးအဖြစ်သို့ ထူးဆန်းစွာ ကူးပြောင်း

သွားသည်။ ရင်တွင်းမ လှိုက်၍ လှိုက်၍ တက်လာသော ပီတိဖြင့် သူက ကျေနပ်ကြည်နူးစွာ ပြုံးလိုက်သည်။

မယ်စိန်သည် ငါးပိပုံကြီးကို တစ်လှည့်၊ ကိုဒေါင်းစိန်ကို တစ်လှည့် အပြန်အလှန် ကြည့်နေရာမှ ကိုဒေါင်းစိန်၏ အပြုံးကို မြင်လိုက်သောအခါ သူမကလည်း ရောယောင်ပြုံးလိုက်သည်။ ငယ်က ပေါင်းခဲ့တဲ့ ငယ်ချစ်လင်မို့ ကိုဒေါင်းစိန်ဘာတွေ တွေးပြီး ဘာကြောင့် ပြုံးသည်ကို သူမက ဗေဒင် မမေးရဘဲ အတပ်သိနေပါသည်။

"ဒီနှစ်အဖို့ ကျုပ်တို့ ဝမ်းစာစပါး မပူရတော့ဘူး။ ဝမ်းစာငါးပိ၊ ဝမ်းစာငံပြာရည်လည်း ရှိနေပြီလေ။ မိုးတွင်း အရေးအတွက်တော့ စိတ်အေး သွားရပြန်ပေါ့"

မယ်စိန်၏ စကားကို လေးနက်စွာ ထောက်ခံသလို ကိုဒေါင်းစိန်သည် ပုတ်သင်ညို ရှုံးလောက်အောင် ဦးခေါင်းကို ညိတ်ကာ ပြလိုက်မိသည်။ မှန်သည်၊ ဝမ်းစာစပါး၊ ဝမ်းစာ ငါးပိ၊ ဝမ်းစာ ငံပြာရည်များ လုံလောက်အောင် ရရှိပြီးတဲ့ နောက်တော့ ဘာပူစရာ လိုပါသေးသလဲ။ ငါးကျည်းကျပ်တိုက်ခြောက်နှင့် ငါးရံ့ခြောက်ကို ရောင်းလိုက်လျှင် ငွေပိုငွေလျှံကလေးလည်း ထွက်လာဦးမည် မဟုတ်လား။

ဝမ်းစာစပါးနဲ့ ဘာနဲ့ဆိုတော့ အိမ်နီးနားချင်းများသာမက ရပ်ဆွေ ရပ်မျိုးတွေကပါ သူတို့အား ဂရုတစိုက် ခေါ်ပြောနှုတ်ဆက်ကြပေတော့မည်။ အရေးပေးကြရတော့မည်။

နံနက် ဝေလီဝေလင်း အချိန်တိုင်း အိမ်တိုင်းစေ့ ဆွမ်းချက်ရန် လိုက်လံ နှိုးဆော်ရသော နိဗ္ဗာန်ဆော် ဆရာကြီး ဦးစိန်ပန်းသည် သူ့ အိမ်သို့ ဂရုတစိုက် လာရောက်ကာ ဆွမ်းချက် ဆွမ်းလောင်းရခြင်း၏ အကျိုးအာနိသင်ကို တရားဓမ္မကလေး ဝေဝေဆာဆာနှင့် ဟောပြနှိုးဆော်ပေလိမ့်မည်။ ဟိုတုန်း

ကတော့ သူတို့ ဆွမ်းမချက်နိုင်မှန်းသိ၍ နိဗ္ဗာန်ဆော်ကြီးက သူတို့အိမ်ကို ကွင်းသွားတတ်သည်။ ရပ်ဆွေ ရပ်မျိုးတွေက လည်း သူတို့ကိုမြင်လျှင် ဆန်ချေးနီး၊ ဆီချေးနီး မှတ်ထင်ကာ မသိချင်ယောင် ဆောင်နေ တတ်ကြသည်။ ဒီနှစ်အဖို့တော့ ဒီလူတွေအပေါ် သူက တစ်ပြန်တစ်လှည့် ပြန်မော်ရပေတော့မည်။ အပေါ့သုခံ၊ ဩော် ... ချမ်းသာစွ၊ ဩော် ... ချမ်းသာစွ၊ ဩော် ... ချမ်းသာစွ။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

# သူတို့ဂေဟာ

## (၁)

ပြာမှိုင်းသော ကောင်းကင်ပြင်ဝယ် ကြယ်နီသည် ပွင့်သစ်စ ပြုလာပေပြီ။ အချိန်မှာ မိုးဦးကျ ဝါဆို လဆန်းစ အခါပေမဲ့ မိုးသားများ ကင်းစင်သော အခါဖြစ်သောကြောင့် ကောင်းကင်သည် ကြည်လင် နေပေသည်။ ဒါကြောင့် မို့လည်း ကြယ်နီသည် အရှေ့အရပ်မှ တောက်ပစွာ ပွင့်သစ်လာနိုင်ပါသည်။ ပွင့်သစ်စဦးမို့ပင် ကြယ်နီသည် ရဲရဲတောက်နေသည်။ နက်ရှိုင်းသော အမှောင် ကမ္ဘာလာဝယ် ပွင့်သစ် ဦးကြယ်နီ၏ နီရဲသော အလင်းရောင်သည် တဝင်းဝင်း တလက်လက်ဖြင့် ပေါ်လွင် ထင်ရှားစွာပင် ကွန့်မြူးနေနိုင်ပါသည်။ အန်မတုဝံ့ ရှာသော အမှောင်က မသိမသာ လူးလွန့်ယက်ဖြာလာသည်။ ကြက်တွန်သံ တို့သည်လည်း ဟိုမှ သည်မှ အဆက်မပြတ် ထွက်ပေါ်လာကြတော့သည်။

အရုဏ်ဦးပါတကား ... ။

အိမ်ခြေသုံးရာခန့်မျှ ရှိသော ဗျင်းဘွဲ့ရွာတန်းရှည်ကလေးကား လူသံ သူသံဟူ၍ ဆိတ်သုဉ်းကာ အိပ်မောကျ နေရာမှ ခေါ်သံ၊ ထူးသံ၊ မေးသံ၊ ဘုရားရှိခိုးသံ၊ ကြေးစည်သံတို့ကို ကွက်တိကွက်ကြား ကြား ရစပြုပေပြီ။ ဒီအချိန်ဝယ် သက်ကြီးရွယ်ကြီးများက ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၌သာ အာရုံဝင်စား ပွားများနေကြ သလို၊ လူလတ်ပိုင်းမှ လူများကလည်း တစ်နေ့တာ ဝမ်းရေးတိုက်ပွဲကို အစပြုရန် လှေငယ် တစ်စင်းကို ပြင်ဆင်နေကြပြီ။

သက်ဆိုင်ရာ ဇနီးသည်များကလည်း အလုပ်သွားမည့် လင်ယောက်ျားများ

အတွက် ရေချေးအိုးတည် ခြင်း၊ ပိုက်ကွန်များ၊ ထိုးဝါးများ၊ လှော်တက်များကို အသင့် ရှာဖွေပေးခြင်း စသည်ဖြင့် အကူအညီ ပေးနေကြသည်။ သို့ဖြင့် ခေါ်သံ၊ ထူး၊ ဖြေသံ၊ ဘုရားရှိခိုးသံ၊ ကြေးစည်သံတို့ဖြင့် ပွဲမ်းသော တံငါရွာ ကလေး၏ အရုဏ်ဦးဂီတကို ငြိမ့်ညောင်းသာယာစွာ ကြားရစပြုတော့သည်။ သည်လို တံငါရွာ ကလေး၏ ဂီတသံများအကြားဝယ် ထူးခြား၍ ဂုဏ်မြောက်လှသော အရုဏ်ဦးကဗျာတစ်ပုဒ်ကိုလည်း ကြည်လင် ပြတ်သားစွာပင် ကြားနိုင်ကြပါသည်။

"ပရမတ် သမုဒ္ဒာန် မပြတ်ချုပ်ပြန်သဖြင့်၊ ဓာတ်ရုပ်နာမ်တို့သာ စိတ်က စောလိုက်တော့ အနိစ္စသဘော မှုချမလွတ်ကြပါ၍ ဒုက္ခသစ္စာနဲ့ သမုဒယအမှား၊ သုခတရားဆိုတာ အဏုမြူမျှ မရ ကြပါသဖြင့်၊ စတုဘူတ မဟာဘုတ် အပေါင်းတို့မှာ ငါမဟုတ်ကြောင်း မြင်ကြရတာမို့၊ တဒင်္ဂပဟာန်နဲ့ အနတ္တရှုလိုက်တော့၊ အတ္တအထုနဲ့ ကာယသဒ္ဒါ၊ မာနတဏှာဆိုတာ၊ ဟိတ်တစ်ခု ထုတ်လိုက်တော့၊ စိတ်တစ်ခု ရုပ်ကိုးဆယ် တဲ့ပေါ့၊ အကျယ်ဝေဖန်၍ ပြရမှာဖြင့် တကယ်ဧကန် နာမ်တေးပညာသတို့ကြောင့်၊ ရန်ဘေးသခ်ါရ နှုးဖွယ် မလွတ် သာသော သုံးဆယ့်နှစ်ကောဋ္ဌာ၊ ကေသာအစ မုတ္တံအပြား၊ ရုပ်နာမ်နှစ်ပါး ဇာတိမဖြစ်ရအောင်၊ သမာဓိ အစစ်နဲ့ ဝိပဿနာဉာဏ်ယူ မြော်မြင်ပြီး၊ သူတော်စင် အခါရက်ပေမို့၊ ကတိကဝတ် မပျက်ရအောင်၊ ဆွမ်းတော်ချက် ထ တော်မူကြ၊ ထ တော်မူကြ၊ ထ တော်မူကြ။

"ထိန်နဲ့မိတ္တာ၊ စိတ်ချကာ မလိုက်စားကြနဲ့၊ အမြိုက်တရား သဘာဝ၊ ပမာဒ ဖြစ်တတ်ကြတယ်ဟ၊ အခါ ကလည်း အခါကောင်း၊ သဒ္ဓါကလည်း သဒ္ဓါကောင်း၊ ဘဂဝါဘုရားကျောင်း ယနေ့ ခိုမိုးအောင်၊ အေးချိချို စေတနာ စကားတွေနဲ့၊ လေးပြဟ္မစိုရ် သဒ္ဓါပွားပြီး၊ မဟာသိကြား ဝေဇယန်က၊ စေတမန် မာတလိတို့ကို ... မနေးအမြန် ရွာကိုလှည့်ပတ်ပြီး၊ နိဗ္ဗာန်ဆော် ကျွန်တော် နှိုးပါပေ့၊ ဆွမ်းချက်ရန် အချိန် မီးပြီမို့၊ အိမ်ကြီးရှင် သခင်မ တို့ရဲ့ ထတော်မူကြ"

ရှာခေတ် သို့မဟုတ် နိဗ္ဗာန်ခေတ် ခေါ်ဝေါ်သမုတ်ကြသော ဦးစိန်ပန်း၏ ဂုဏ်မြောက်လှသော အရက်ဦး ကဗျာအဆုံးဝယ် "နောင် … ဝေ … ဝေ …" ဟူသော ဂီတသံလွင်သည့် ကြေးစည်သံ ကလေးကလည်း နောက်ဆက်တွဲ အဖြစ် ဆက်လက်ရွှင်မြူးစွာ ထွက်ပေါ်လာသည်။ ခွေးတို့ကား လွမ်းလွမ်း ဆွေးဆွေးနှင့် သံရှည်ဆွဲ၍ အူလိုက်ကြ၏။

ဦးစိန်ပန်းကား နောက်ဘက်၌ မီးအိမ်ကလေးကို ချိတ်ထား၍ ရှေ့ဘက်၌မူ ကြေးစည်ကလေးကို ချိတ်ဆွဲထားသော ထမ်းပိုးကို ပခုံးထက်၌ ထမ်းကာ ဆွမ်းလှည့်ကျသော အပိုင်းသို့ ဆွမ်းချက်ထကြရန် လှည့်လည် နှိုးဆော်နေခြင်း ဖြစ်သည်။ သူသည် ဆွမ်းချက်သူများ သဒ္ဓါတရား ထက်သန်လာ စေရန်၊ သူကြိုးစား ပမ်းစား ဖွဲ့နွဲ့စပ်ဆိုထားသော လင်္ကာကလေးဖြင့် ဆိတ်ငြိမ်သော အရက်ဦး အချိန်ကို ပွဲတင်ထပ်မျှ ရွတ်ဆို၍ ပြရာ၏။ ပြီးနောက်ကား သူသည် သူ ရောက်ရှိနေရာ အနီးအနားရှိ အိမ်ရှင်မများ၏ နာမည် ကို ထုတ်ဖော်ခေါ်ကာ ဆွမ်းချက်ရန် ထပ်မံ၍ သတိပေးတတ် သေး၏။ ယခု သူသည် ကိုဒေါင်းစိန်တို့ ခေတ္တနေထိုင်သော ကိုလှမောင်၏ အိမ်ရှေ့သို့ ရောက်နေပြီ ဖြစ်သဖြင့်" ဒေါင်းစိန် … ဒေါင်းစိန် ရေ၊ ဟေး … မယ်စိန်၊ ဆွမ်းချက် ထ ကြကွယ့်၊ ဆွမ်းဟေ့ … ဆွမ်း … ဆွမ်း" ဟု ခေါ်ဝေါ်နှိုးဆော်လိုက်၏။

ကိုဒေါင်းစိန်သည် အိပ်ပျော်နေရာမှ နိုးလာ၏။ ပထမသော် ဦးစိန်ပန်း၏ ခေါ်းသံမှာ အိပ်မက်ထဲမှာ ကြားနေရသလို ဇဝေဇဝါ ဖြစ်နေရာမှ နောက်တွင် ကြည်ကြည် လင်လင်ကြီး နိုးလာပြီဖြစ်သဖြင့် ဆွမ်းချက်ထရန် ခေါ်ဝေါ် နှိုးဆော်နေခြင်း ဖြစ်ကြောင်း ကွဲပြားလာ၏။ ခါတိုင်း ခါတိုင်းကတော့ သူတို့သည် ဆွမ်းချက် ဆွမ်းလောင်းခြင်းအမှုကို မပြုနိုင်သူများ ဖြစ်ကြ၍ ဦးစိန်ပန်းသည် အလိုက်သိစွာ ရှောင်ကွင်း သွားတတ် သော်လည်း၊ ယခုတော့မူ သူ ငါးရစ်မှ ငွေ ၄ဝဝိ ခန့်မြတ်လိုက်ကြောင်း တစ်ရွာလုံး သိပြီးဖြစ်သဖြင့် ဦးစိန်ပန်းသည် သူတို့ ဇနီးမောင်နှံအား ဆွမ်းချက်နိုင်သော မောင်နှံစုံအဖြစ် အသိအမှတ်ပြုကာ

ယခုကဲ့သို့ ခေါ်ဝေါ် နှိုးဆော်ခြင်း မဟုတ်လော။ ပြော် ... ခနထွန်းတဲ့ ခေတ်မှာ ငွေများဟာ တယ်အရေးပါ အရာရောက် ပါကလားနော်။

သူသည် ကျေနပ်စွာ ပြုံးလိုက်ကာ အိပ်ရာမှ ထထိုင်လိုက်ပြီးနောက် သူ့ဘေးနား၌ အိပ်နေသော မယ်စိန်အား လက်ဖြင့် ပုတ်ကာ ပုတ်ကာ "မယ်စိန် မယ်စိန်" ဟု နှိုးနေ၏။ အတန်ကြာအောင် နှိုးမှ ပင်မယ်စိန် နိုးတော့၏။ သူက ဆွမ်းချက်ရန် ပြောကြားလိုက်သည်နှင့် တစ်ပြိုင်နက် မယ်စိန်သည် သွက်လက်စွာ ထ၍ မျက်နှာသစ်နေ၏။ ကိုဒေါင်းစိန်လည်း တစ်ပါတည်း မျက်နှာသစ်လိုက်ပြီးနောက် အိမ်ရှေ့သို့ စမ်း၍ ဆင်းခဲ့၏။

အိမ်ရှေ့၌ ရပ်ကာ အရှေ့အရပ်မှ ထွန်းတောက်နေသော ကြယ်နီအား စိုက်ကြည့်နေ၏။ ကြယ်နီသည် တဖြည်းဖြည်းနှင့် မြင့်တက် လာပြီဖြစ်ရာ အနီရောင်မှာလည်း တဖြည်းဖြည်းနှင့် ဖျော့သွားကာ အဖြူရောင်သို့ လုလာ၏။ ဒါက အမှောင်၏ အင်အားသည် ဆုတ်ယုတ်ကုန်ခန်းလာ၍ အလင်းက တဖြည်းဖြည်း လွှမ်းမိုး လာကြောင်း ဖော်ပြနေသည်။

"ပြော် ... မိုးတောင် လင်းတော့မှာပါကလား" ကိုဒေါင်းစိန်သည် ကြယ်နီက ပေးသော အသိဖြင့် အချိန်ကို ခန့်မှန်းလိုက်၏။ မှန်သည်။ နေ၊ ကြက်တွန်သံ၊ ခုနစ်စဉ်ကြယ်တို့သည် သူတို့၏ အချိန်ကို ခန့်မှန်းရာ နာရီများ ဖြစ်ကြသည့် နည်းတူ ကြယ်နီလည်း တစ်ခု အပါအဝင်ဖြစ်သည်။

သူ အိမ်ပေါ်သို့ ပြန်တက်လာသည့်အခါ ကိုလူမောင်လည်း နိုးနေပြီဖြစ်၍ မျက်နှာပင် သစ်နေလေပြီ။ သူသည် ထွန်းထားသော မီးခွက်ရှေ့၌ ထိုင်၍ ကိုလူမောင်အား စောင့်နေ၏။ မယ်စိန်မှာမူ မီးဖို ရှေ့၌ ထိုင်ကာ ဆွမ်းချက် နေပေသည်။ သို့သော် အိပ်ရာမှ နိုးစ အခါဖြစ်၍ အိပ်ငွေ့မှိုင်း အရှိန်မပြေတတ် သေးသောကြောင့် မည်သူမျှ စကားပြောချင်စိတ် မရှိကြပေ။

"ဒေါင်းစိန်ရေ ... ဒီနေ့ မင်းတို့ အိမ်ဆောက်ပြီးရင် နက်ဖြန် မယ်စိန်ကို ခနဖြို့ အဝယ်အခြမ်း လွှတ်ကွာ၊ သန်ဘက်ခါကို ငါနဲ့ဖွားသက်ရဲ့ မင်္ဂလာကိစ္စ အထမြောက်မယ်။ နို့မဟုတ်ရင် ဝါဝင်သွား လိမ့်မယ်ကွ" ကိုလှမောင်သည် မျက်နှာသစ်နေရာမှ ကိုဒေါင်းစိန်အား လှမ်းပြောလိုက်၏။

ကိုဒေါင်း စိန်ကမူ ရုတ်ခြည်း စကားပြန်ပြောခြင်း မပြုသေးဘဲ၊ ကိုလှမောင် မျက်နှာသစ်ပြီး၍ မီးခွက်ရှေ့သို့ လာရောက် ထိုင်လိုက်မိသည့် တိုင်အောင် စောင့်ဆိုင်းကြည့်ရှုနေပြီးနောက်မှ -

"ဟုတ်ကဲ့ ဒီနေ့ အိမ်ဆောက်ဖြစ်ရင် နက်ဖြန်ကို အဝယ်အခြမ်း လွှတ်တာပေါ့" ဟု ပြန်ကြားလိုက်၏။

"ဟင် ... မင်း စကားက ဘယ့်နယ်လဲကွ၊ ဒီနေ့ အိမ်ဆောက်ဖို့ အသေအချာ စီရင်ပြီးခါမှ ဒီနေ့ အိမ်ဆောက်ဖြစ်ရင် ဆိုတာက ဘာစကားလဲကွ၊ အိမ်မဆောက်ဖြစ်မယ့် အကြောင်း တစ်စုံတစ်ရာ ရှိနေသေးလို့လား"

"ဒီလိုဗျာ၊ အိမ်သစ်ဆောက်တယ် ဆိုတာက ကြုံရခဲတဲ့ အခွင့်အရေးကိုဗျ၊ ဒါကြောင့် နေ့ကောင်း ရက်သာ၊ အခါကောင်း အခါမြတ်ကို ရွေးချယ်ပြီး ဆောက်ချင်တယ်ဗျာ။ ညက လက်သမားဆရာကြီး ဦးအောင်ဒွန်း ဆီကို မိုးတွင်းစားဖို့ ငါးပိကောင် လက်ဆောင်သွားပေးပြီး နေ့ကောင်းရက်သာ ရွေးပေးဖို့နဲ့ လိုက်နာဖို့၊ ရှောင်ကြဉ်ဖို့ ချက်တွေကိုပါ ညွှန်ကြားပြသဖို့ တောင်းပန် ပါတယ်။ ဆရာကြီးက ခုမနက် စောစော လာခဲ့မယ်တဲ့၊ အဲဒါ ဒီနေ့ ကောင်းတယ်ဆိုလည်း ဒီနေ့ ဆောက်ဖြစ်မှာပေါ့ဗျာ"

ကိုလှမောင်က အားရပါးရ ရယ်မောလိုက်ပြီးနောက် "မင်းက ကြီးကျယ်လိုက်တာကွာ၊ အဖိုးတန် သစ်အိမ်ဆောက်မယ့်လူ ကျနေတာပဲ၊ မင်း ဆောက်မယ့် အိမ်က ဝါးတိုင်၊ ဓနိမိုး၊ ကျူထရံကာ၊ ယင်းခင်းပါကွ၊ အလွန်ဆုံးခံမှ

သုံးနှစ်ပေါ့၊ ယာယီအိမ်ကိုများ ကြီးကြီးကျယ်ကျယ် လုပ်လို့ကွာ” ကိုလှမောင်၏ စကားကို ကိုဒေါင်းစိန် အစား မယ်စိန်က ဝင်၍ ချေပ၏။

“အိုတော် အိမ်သစ်လည်း လူနေဖို့ ဆောက်ထားတဲ့ ဗိမာန်ပဲ၊ ပစ္စည်းမရှိလို့ ခဏတစ်ဖြုတ် ဆောက်ထားတဲ့ အိမ်လည်း လူနေဖို့ ဗိမာန်ပဲ၊ လူနေတဲ့ ဗိမာန်ချင်းအတူတူ သစ်အိမ်ကိုသာ နေ့ကောင်းရက်မြတ် ရွေးပြီး ကျကျနန ဆောက်၊ ဝါးအိမ်ကျတော့ ဖြစ်ကတတ်ဆန်း ဆောက်လို့ ဘယ်ဘုရားကမှ မဟောခဲ့ပါဘူး။ ပြီး ပြီရော ဆောက်လိုက်လို့ တော်ကြာ နိုက်စရာရှိတော့ အိမ်ရှင်တွေကိုသာ နိုက်မှာတော့၊ တော်က ဘာသိ လို့လဲ”

ကိုလှမောင်ကား ပြန်လှန်ချေပ မနေတော့ဘဲ ပြုံးပြုံးကြီးနှင့် အရှုံးပေးလိုက်၏။ ထိုအချိန်တွင် “အဟမ်း” ဟူသော ချောင်းသံနှင့်အတူ ဦးအောင်ဒွန်း ရောက်ရှိလာ၍ ရှေ့ဆင့်နောက်ဆင့်ပင် ကိုလေးဖိုးကွန့်ပါ ရောက်လာသဖြင့် ကိုဒေါင်းစိန်သည် ခေါင်းရင်းဘက်၌ ဖျာတစ်ချပ်ကို ထ ခင်းရင်း “ဒီကိုကြွပါခင်ဗျာ” ဟု ဖိတ်ခေါ် နေရာချပေးပြီးသည့်နောက် မယ်စိန်ဘက်သို့ လှည့်၍ “မယ်စိန်ရေ၊ ဆွမ်းအိုးကျရင် ရေနွေးအိုး တစ်လုံးလောက် မြန်မြန် တည်လိုက်ပါကွယ်” ဟု လှမ်းပြောလိုက်၏။ အတန်ကြာ ဆိတ်ငြိမ်၍သွားကြ၏။ ကိုလှမောင့် အိမ်ရှေ့ရှိ သရက်ပင်ထက်မှ သပိတ်လွယ်ငှက် ကလေး တစ်ကောင်သည် သာယာသော တေးသံဖြင့် မိုးသောက်ရောင်ခြည်ကို ကြိုဆိုစ ပြုပေသည်။ လင်းကြက်များကလည်း သော့လေပြီ။ အတော်ကလေး မြင့်တက်သွားပြီဖြစ်သော ကြယ်နီမှာ ဖြူလွလွ အရောင်သို့ ကူးပြောင်းစပြုလေပြီ။

“ကိုင်းဟေ့ ဒေါင်းစိန်၊ မင်းအသက်နဲ့ အိမ်သစ်ဆောက်ထိုက် မဆောက်ထိုက် ပထမဆုံး တွက်ကြည့် ရလိမ့်မယ်ကွ၊ ဒီတော့ မင်းအသက် ဘယ်လောက်လဲဟေ့” ငြိမ်သက်ခြင်းကို ဦးအောင်ဒွန်းကပင် စတင်၍ ဆန့်ကျင်ဘက် ပြုလိုက်၏။ ကိုဒေါင်းစိန်ကလည်း ရိုသေစွာပင် ပြန်လည် ဖြေကြားလိုက်သည်။

"သုံးဆယ့် သုံးနှစ်ရှိပါပြီ ခင်ဗျာ"

"အိမ်သစ်ဆောက်လို့များ လူ့ဗိုသက်ကိုရှစ်ခုစား" လို့ ဆိုတဲ့အတွက် သုံးဆယ့်သုံးနှစ်ကို ရှစ်ခုနှင့် စားလိုက်တော့ ရှစ်လေးလီ သုံးဆယ့်နှစ်၊ တစ်ကြွင်းတယ်။ ဒီတော့ "တစ်ခုကြွင်းမူ သူဌေးယူ၊ နှစ်မူ သူကြွယ်သား" လို့ သုတသန္တနစယ ကျမ်းက ပြဆိုတယ်၊ ဒါကြောင့် ဒီနှစ် မင်း အိမ်ဆောက်တာဟာ အဆောက် ကောင်းတဲ့၊ သူဌေးဖြစ်မယ်လို့ အဆိုရှိတယ်"

ကိုဒေါင်းစိန်ကား အကြိုက်တွေ့သွားဟန်ဖြင့် ပြုံးပြုံးကြီး ဖြစ်သွား၏။ ကိုလူမောင်ကတော့ မျက်နှာကို တစ်ဖက်သို့ လှည့်၍ ကျိတ်ပြုံး ပြုံးလိုက်၏။ အမှန်ကတော့ သူ့အပြုံးက လှောင်ပြုံး။ သူကား ပေါ့ပေါ့စား ပေါးလား ဝါးလား သမားပီပီ ဘယ်အရာကိုမျှ စွဲစွဲမြဲမြဲ နှစ်နှစ်ကာကာ ယုံကြည်မှုရှိသူ မဟုတ်။ ဘယ်အရာကို မျှလည်း လေးလေးနက်နက် လက်ခံတွေးတောတတ်သူ မဟုတ်ပေ။

ကိုဒေါင်းစိန်ကတော့ လူရိုးလူအေး တစ်ယောက်ပီပီ ကြားနာရသရွေ့ကို လက်ခံယုံကြည်၏။ သို့သော် လေးလေး နက်နက် တွေးတောတတ်သူကား မဟုတ်ပေ။ ထို့ကြောင့် ကိုဒေါင်းစိန်ကား နှလုံးသည်းပွတ်ကိုသာ အသုံးပြု၍ ဦးနှောက်ကို အသုံးပြုသူ မဟုတ်ပေ။ ကိုလူမောင်ကတော့ နှလုံးသည်းပွတ်ရော ဦးနှောက်ကိုပါ အသုံးပြုသူ မဟုတ်ပေ။ နှစ်ဦးစလုံးပင် အမှန်တရားနှင့် ဝေးကွာမည့်သူတွေဖြစ်သည်။ ဩော် ... ပညာဓာတ်ခံကလည်း ချို့တဲ့ရှာကြပေသကိုး။

"ကဲ အသက်ကို တွက်စစ်ပြီးတော့ လကို တွက်ကြည့်ကြဦးစို့၊ ကဆုန်ဝါဆို ပြာသို တပေါင်း၊ လေး လကောင်း၊ အိမ်ကျောင်း ဆောက်ကုန်ကြတဲ့။ ကြွင်းရှစ်လတွင်၊ ဆောက်ခဲ့လျှင်၊ မရှင် စိတ်သောက" လို့ ဆိုတဲ့ အတိုင်း ကဆုန်ရယ်၊ ဝါဆိုရယ်၊ ပြာသိုရယ်၊ တပေါင်းရယ် အဲဒီလေးလဟာ အိမ်ဆောက်ဖို့ကောင်းတဲ့ လာဘ်ကောင်း လာဘ်မြတ်ပဲတဲ့။ အခု ဝါဆိုလ

ဆိုတော့ဟော့ ဒေါင်းစိန်ရဲ့၊ မင်းအိမ်ဆောက်ဖို့ ကြုံတဲ့လဟာ လာဘ်ကောင်း လာဘ်မြတ်ပဲ ဖြစ်နေပါကလားကွယ့်"

ကိုဒေါင်းစိန်သည် ကျေနပ်သွားပြန်၏ ထိုအချိန်အထိ စကားတစ်ခွန်းမျှ ဝင်မပြောဘဲ သူတို့ ပြောဆို နေကြသည်ကိုသာ ဘေးမှ ဆိတ်ငြိမ်စွာ နားထောင် နေသော ကိုလေးဖိုးကွန့် က "နေပါဦးခင်ဗျာ၊ ကျွန်တော် မှတ်သားထားသမျှတော့ ဝါဆိုလဟာ အိမ်ဆောက်ဖို့ ကောင်းတဲ့လ မဟုတ်ဘူး ဆိုပါကလား"

"ဟော့ မင်းက သောက်ရမ်း ဝင်မပြောနဲ့ကွ၊ ငါက ကျမ်းအကိုးအကားနဲ့ ပြောနေတာ၊ သုတသန္နိစယ ကျမ်းအဆို အတိုင်း ပြောနေတာ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း လောကီပညာပေါင်းချုပ် မှတ်ပုံကျမ်းထဲက အရကျက်ထားလိုက်တဲ့ အတိုင်း ပြောနေတာပါပဲ၊ ဒါပေမဲ့ စာအုပ်က ကျွန်တော့်စာအုပ် မဟုတ်လို့ အဲဒီတစ်ပုဒ်ပဲ ကျက်ထား လိုက်မိတယ်။ အဲဒီလင်္ကာကို အခုတောင် ရွတ်ပြနိုင်ပါသေးတယ်။" လောကီမှတ်ဖွယ်၊ လူတို့ဝယ်၌၊ တင့်တယ်စေကြောင်း၊ သိသင့်ကောင်းဟု၊ အိမ်ကျောင်းကြီးကျယ်၊ ဆောက်နေအပ်၊ မနေအပ်ကို၊ ပညတ်ရွေးပြု၊ သိအပ်မှုဖြင့်၊ ဥတုသုံးဝ၊ ၁၂ လတွင်၊ စစ်ဆေးကြော၊ သိစိမ့်သောဟု၊ ထုတ်ပြော သေချာ၊ မှတ်သားနာလော့၊ တန်ခူးလမှာ၊ များစွာခနေ၊ ကြွယ်ဝပြည့်စုံ၊ တိုးလက်တုံအံ့၊ ကဆုန်လ ကား၊ စပါးဆန်ရေ၊ ပေါများပေအံ့၊ နယုန်မာသ၊ ဤသည်လ ကို တည်ထမှန်စွာ၊ ဆောက်သည်မှာ ကား၊ မှန်စွာ မရဏ၊ ရောက်တတ်လှ၏။ မခွပုံသော၊ မယွင်းချောတည့်၊ မသွေမခွ၊ ဝါဆိုလမှာ၊ ယွင်းထဥစ္စာ၊ ပျက်စီးရာအံ့" တဲ့ ခင်ဗျာ။ အဲဒီလင်္ကာ အတိုင်း ဆိုရင် ဝါဆိုလမှာ အိမ်ဆောက်လို့ရှိရင် စီးပွားဥစ္စာ ပျက်စီးမယ်လို့ ဆိုတာပဲ၊ အဲဒါ နှိုင်းယှဉ်ပြီး စဉ်းစား နိုင်အောင်လို့ ကျွန်တော်က ပြောတာ ပါ"

ကိုလူမောင်က ကိုဒေါင်းစိန်အား ဘယ့်နှယ်ရှိစ ဟူသော သဘောမျိုးဖြင့် မေးငေါ့၍ နှုတ်ခမ်းရွဲ့ကာ မျက်စပစ်ပြလိုက်၏။ ကိုဒေါင်းစိန်ကား စိတ်ရှုပ်ထွေး နေပုံဖြင့် ဦးအောင်ဒွန်းနှင့် ကိုဖိုးကွန့်ကို တစ်လှည့်စီ လိုက်ကြည့်နေ၏။ ဦးအောင်ဒွန်းကား သူ့စကားထဲ ဝင်ရှုပ်သည့်အတွက် အတော်ကလေး ဒေါသ ဖြစ်သွား ဟန်ဖြင့် -

"ဟိတ် ဖိုးကွန့်ရဲ့၊ မင်း နားလည်လို့ ရှိရင်လည်း မင်းပဲ နေ့ကောင်း ရက်သာရွေးပြီး လိုက်နာဖို့၊ ရှောင်ကြဉ်ဖို့ အချက် တွေကိုပါ ညွှန်ပြပေးလိုက် ပေါ့ကွာ။ ငါ ဘာမှ ဝင်မပြောတော့ဘူး" ဟု ခပ်မာမာ ပြော ဆိုလိုက်၏။

"အို အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ ခင်ဗျာ၊ ကျွန်တော်က အဲဒီ လင်္ကာတစ်ခုက လွဲပြီး တခြား ဘာမှ နားလည်တဲ့ ကောင်မဟုတ်ဘူး။ ဦးမင်းပဲ ဆက်ပြောပါတော့ ခင်ဗျာ၊ ကျွန်တော် ဘာမျှ ဝင်မပြော တော့ပါဘူး၊ ဝင်ပြော စရာလည်း မရှိတော့ပါဘူး"

"အေး ... အဲဒီလိုဆိုရင် ဟောဒီအိမ်ရှင် ဒေါင်းစိန်ရဲ့စိတ်တွေ ဇဝေဇဝါ ဖြစ်ကုန်အောင် တောင်ပြော မြောက်ပြော ဝင်မပြောနဲ့ကွာ။ ငါ့အလုပ်ကို ငါ နားလည်တယ်ကွ၊ ငါဟာ လက်သမားလုပ်လာတာ နှစ်ပရိစ္ဆေဒ အတော် ကြာခဲ့ပြီကွ။ အခုမှ အသက်ကလေး နည်းနည်းထောက်လို့၊ တပည့်တပန်းတွေ ကလည်း တကွဲတပြား ဖြစ်နေချိန်မို့ အလုပ်ကို ရပ်ဆိုင်းပြီး အေးအေး နေလိုက်တာပဲ။ ရွာဖျားက မိတင် အိမ်ဟာ ငါ ဆောက်ပေးတာကွ၊ သွားမေးကြည့်စမ်း၊ အိမ်ဆောက်ပြီးမှ စီးပွား ဘယ်လောက် တက်တယ်ဆိုတာ။ ဟင်း ... ဟင်း ... အခု ဒေါင်းစိန်ကို ခင်လို့ ဒေါင်းစိန်အပေါ် အဖိုးအခရယ်လို့ သဘောမထားဘဲ အလကားလို ပြပေးတာနဲ့ မင်းတို့က ငါ့ကို အထင် သေးချင်သလား"

ကိုလေးဖိုးကွန့်တွင်မက ကိုဒေါင်းစိန်ရော မယ်စိန်ပါ ဝိုင်းဝန်း တောင်းပန်မှ ဦးအောင်ဒွန်း ကျေနပ်သွား၏။ ထိုအချိန်တွင် မယ်စိန်သည် လက်ဖက်ရည်ကြမ်းအိုးကို ဦးအောင်ဒွန်းရှေ့သို့ လာချပေး၍ အမြည်းအတွက် လည်း ငါးဖယ်အောင်း ငါးပိကောင်ကင်ကိုပါ ပန်းကန်တစ်လုံးနဲ့ ထည့်ပြီး လက်ဖက် ရည်အိုးအနီး၌ ချလိုက်၏။ ဦးအောင်ဒန်းသည် လက်ဖက်ရည်ကြမ်းကို လက်ဖက်ရည်ပန်းကန်ထဲသို့ ငှဲ့လိုက်ပြီးနောက် ငါးပိ ကောင်ကင်ကို ဖဲ့စားလိုက်ကာ -

"အသက်တို့ လာတို့ကို ရွေးချယ်စိစစ်ပြီးခဲ့ပြီးနော်၊ ဟော ပြီးတော့ မြေခံရယ်လို့ တစ်မျိုးလာပြန်ရောကွ။ နတ်ခံ သကြား၊ ပြဟ္မာခံ၊ ကညာခံ၊ ဆင်ခံ၊ ခွေးခံ၊ နွားခံ၊ ဝက်ခံ၊ ဒွန်းစဏ္ဍားခံ၊ ဘီလူးခံ၊ ဂဠုန်ခံရယ်လို့ မြေခံ အမျိုးမျိုး ရှိသပေါ့ကွာ။ အဲဒါ လဆန်းဆိုရင် ဘယ်ရက် ဘယ်ရက်မှာ ဘာခံတယ်၊ အဲဒီခံတဲ့ရက်ဟာ အကောင်းလား၊ အဆိုးလားဆိုတာ ကြည့်ပြီး ရက် ကောင်းရက်မြတ်ကို ရွေးရတာကိုးကွ။ ကဲ ဒီတော့ ဒီနေ့ ဝါဆိုလဆန်း ဘယ်နရက်လဲဟေ့"

"လဆန်း ငါးရက်နေ့ပါ ခင်ဗျာ"

"လဆန်း ငါးရက်နော် မှတ်ထား၊ အဲ မြေခံကျမ်းက ဘယ်လိုဆိုသလဲ ဆိုတော့" လမင်းလဆန်း၊ မြေခံကျမ်း၊ ကြိုးပမ်း မှတ်ကုန်ကြ" တဲ့။ "တစ်ရက်နတ်ခံ၊ ဘေးတန်တန်၊ မကြံမဆောင်ရ" တဲ့။ "နှစ်ရက်ကညာ၊ မင်းပူဇာ၊ လာဘာ ဝိသေသ" တဲ့။ "သုံးရက်ကား နွား၊ ချမ်းသာပွား၊ မှုများဆောင်ရွက်ကြ" တဲ့။ "လေးရက်ကား ဆင်၊ ဘေးထိမြင်၊ ဆင်ခြင်အပ်ကြောင်းလှ" တဲ့၊ "ငါးရက်ဂဠုန်ချမ်းသာပုံ၊ မှုကုန်ဆောင်ရွက်ကြ" တဲ့။ ဟော ဒီတော့ လဆန်း ငါးရက်မှာ ဂဠုန်ခံတယ်၊ ကောင်းလွန်းအားကြီးလို့ အမှုကုန်အောင် ဆောင်ရွက်ကြ၊ မုချ ချမ်းသာမယ် ဆိုပါကလား။ အင်း မင်းအိမ်ဆောက်ဖို့ ရွေးချယ်လိုက်တဲ့ ရက်ဟာလည်း မြေခံကောင်းတဲ့ ရက်ပဲ ဖြစ်နေပါကလား"

စကားအဆုံးတွင် ဦးအောင်ဒွန်းသည် ငါးပိကောင်ကို တစ်ဖဲ့စားလိုက်၍ လက်ဖက်ရည် ပန်းကန်ကို ယူသောက်နေ၏။ စောစောက ကိုလေးဖိုးကွန့်၏ ပြောစကားများကြောင့် စိတ်ဇဝေဇဝါ ဖြစ်လျက်ရှိသော ကိုဒေါင်းစိန်ကား ယခုအချိန်တွင် ထိုသံသယစိတ်များ လုံးဝပင် ကွယ်ပျောက်သွားကာ ဦးအောင်ဒွန်း အားသာကြည်ညိုလေးစားစွာ ကြည့်နေမိ၏။ တစ်ရွာလုံး မကျွပ် ဆောက်လျှင်လည်း သူ့အားသာ ဖိတ်ခေါ် မေးမြန်း ရသည်။ စပါးကျီ ဆောက်လျှင်လည်း သူ၊ အိမ်သစ်ဆောက်လျှင်လည်း သူ၊ သူမပါလျှင်မပြီး။ သြော် ငါတို့ ဗျင်းဘွဲ့ကျေးရွာမှာ ဒီလို ပညာရှိကြီးတစ်ဦး လက်ကိုင် ရရှိထားတာဟာ အတော်ဂုဏ်ယူဖို့ ကောင်းပါ ကလားနော် -

"အဟမ်း" ဦးအောင်ဒွန်းက စကားစရန် ချွဲရှင်းလိုက်၏။

"အသက်တို့ လဆို့ မြေခံတို့ အားလုံးကောင်းနေပေမဲ့ ဝါရမိတ္တုရက်လွတ် မလွတ်ကို စစ်တမ်းထုတ် ကြည့်ရလိမ့်ဦးမကွ၊ ရက်တကာ ရက်ထဲမှာ အဲဒီရက်ဟာ အကြမ်းဆုံး၊ အဆိုးဆုံးကိုးကွ။ ဒီတော့ ဒီနေ့ ဘာနေ့ လဲဟေ့" ကိုဒေါင်းစိန်နှင့် ကိုလူမောင်ရော ကိုလေးဖိုးကွန့်ပါ မယ်စိန်လည်း အပါအဝင် မည်သူမျှမဖြေဘဲ ဦးအောင်ဒွန်းအား အကြောင်သား ငေးကြည့်နေကြ၏။

"အောင်မယ် ဟုတ်လည်း ဟုတ်တဲ့ လူတွေပဲ၊ အိမ်သစ်ဆောက်မယ့် လူတွေ ဆိုပြီး ကိုယ်ဆောက်မယ့် နေ့ကိုတောင်မှ ကိုယ်မသိဘဲကိုးကွ။ သောကြာနေ့ကွ၊ သောကြာနေ့။ သောကြာက (၆)၊ လဆန်း (၅) ရက်က (၅) နဲ့ ပေါင်းတော့ (၁၁) ရတယ်။ ဒါကြောင့် ဝါရမိတ္တုရက်နဲ့ လွတ်တယ်။ ဘာပြုလို့လဲ ဆိုတော့ "နေ့ကို ရက်ဆုံး၊ တစ်ဆယ့်သုံး၊ ယူအုံး ဝါရမိတ်" ဆိုတဲ့အတိုင်း နေ့သင့် နံသင့် ဂဏန်းနဲ့ရက်ကို ပေါင်းလို့ရတဲ့ ဂဏန်းဟာ တစ်ဆယ့်သုံး ဂဏန်းရှိမှ ဝါရမိတ္တုရက် ခေါ်တယ်။ အခု (၁၁) ဂဏန်းသာ ရလို့ ဝါရမိတ္တုရက်နဲ့ လွတ်တယ်။ ဒါကြောင့် ဒီနေ့ မင်း အိမ် ဆောက်ဖြစ်အောင်သာ ဆောက်ပေတော့။ အားလုံး ကောင်းတယ်"

"တခြား ရွေးစရာ မကျန်တော့ဘူးလား ခင်ဗျာ"

"ဟ ရွေးမယ်ဆို အပုံကြီးပဲပေါ့ကွ။ ဘီလူးတာနောရက်၊ ရှမ်းရက်၊ ကပ်ရက်၊ သဇတ်ရက်၊ သမဖြူရက်၊ သမညိုရက်တို့နဲ့ လွတ်မလွတ်၊ နဂါးပတ်ကျော့ကွင်းနဲ့လွတ် မလွတ် စသဖြင့် ရွေးမည် ဆိုအပုံကြီးပဲပေါ့ကွ။ ဒါပေမဲ့ ဒါတွေနဲ့ အကုန်ညီအောင် လျှောက်ရွေးနေရင် မင်း ဒီမိုးတွင်း အိမ် ဆောက်ဖြစ်မှာ မဟုတ်ဘူး။ နောက်ပြီး ဒါတွေက အရေးကြီးတဲ့ဟာတွေ မဟုတ်ပါဘူး၊ စောဟောက ပြောခဲ့တဲ့ အရေးကြီးတဲ့ အချက် တွေနဲ့ ညီညွတ်တယ်ဆိုရင် ပြီးတာပါပဲ"

ဤတွင် အိမ်ဆောက်ဖြစ်ဖို့ သေချာသွားပြီဖြစ်သဖြင့် ကိုဒေါင်းစိန်သည် မယ်စိန်ဘက်သို့ လှည့်၍ "မယ်စိန်ရေ၊ အိမ်ဝိုင်းဆောက်မယ့် လူတွေကို ကျွေးရအောင် ကောက်ညှင်းပေါင်းတော့ပေ့ါ၊ ကောက်ညှင်းပေါင်းနဲ့ အဖက် ငါးပိကောင်ကြော်ပါ တစ်ခါတည်း ကြော်ထားလိုက်ကွာ" ဟု ပြောလိုက်ရာ မယ်စိန် သည် သွက်လက်စွာပင် ထသွား၍ ကောက်ညှင်းပေါင်းရန် ပြင်ဆင်နေတော့သည်။

(၂)

မိုးစင်စင်လင်းပေပြီ။ သို့သော် နေကတော့ ထွက်ပြူမလာသေး။ ကိုဒေါင်းစိန်သည် အိမ်ပေါင်းကို ဖျက်ထားသဖြင့် ဟာလာဟင်းလင်း ဖြစ်နေသော သူ့အိမ်ရာကွက်ကလေးကို လှမ်းမျှော်ကြည့်လိုက်၏။ ကြည့်ရင်း ကြည့်ရင်း မှပင် စိတ်ကူးယဉ်လှသည့် သူ့အာရုံဝယ် ဆောက်၍ ပြီးစီးမည့် အိမ်သစ်ကလေး၏ ပုံသဏ္ဍာန်ကို ထင်မြင် လာ၏။

အိမ်သစ်ကလေးမှာ သုံးပင်နှစ်ခန်းဖြစ်၍ ဘေးဘက်မှလည်း ဇီကလေး တစ်ခု ချထားသည်။ ထိုအဇီ ကလေးမှာ ဝမ်းစာ ငါးပိ၊ ငံပြာရည်ကလေးများ ထားပြီး မီးဖိုဆောင်အဖြစ် အသုံးပြုမည်။ ဟော အိမ်ခန်းကိုလည်း ကျူထရံ ကလေး ကာပြီး အခန်းဖွဲ့ထားပါကလား။ ကောင်းသည်။ ဒါမှ သူတို့ မိသား တစ်စု ဒီအခန်း ထဲမှာ သုံးမိုးခန့် ပိတ်ခြင်ထောင်ကြီးကို ထောင်ပြီး ကျကျနန အိပ်ရမည်။ ခြော် အပေါ်ဘက်ကလည်း သဘော်ကြမ်းလို့ခေါ်တဲ့ အထပ်ခိုးကလေးတစ်ခု ရှိနေသေးတာကိုး၊ ဒါလည်း သင့်မြတ်သည်။ သူ့တံငါလုပ်ငန်းနှင့် သက်ဆိုင်ရာ ပိုက်ကွန်များ၊ ငါးမျှားတံများ၊ ဆောင်း၊ မှိန်း စသည့် ကိရိယာ တန်ဆာ ပလာများကို ဒီသဘော်ကြမ်းပေါ်မှာ တသီးတခြား သပ်သပ်ရပ်ရပ် ထားရှိမည်။ ဝါးနက်ကို တိုင်ထူ၍ ကျူထရံကာ၊ ဓနိမိုး၊ ယင်းခင်းထားသော သုံးပင်နှစ်ခန်း အိမ်သစ် ကလေး။ ဘေးကလည်း အဇီကလေးနှင့် နောက်ပြီး ကျူထရံနှင့်

အိမ်ခန်းကို ဖွဲ့ထားသည်။ သင်္ဘောကြီးခေါ် အထပ်ခိုးကလည်း ပါလိုက်သေး။ အို ရှုမငြီးဖွယ် တင့်တယ်လှသော အိမ်သစ် ကလေးပါတကား။

ကိုဒေါင်းစိန်၏ မျက်လုံးများသည် အရောင်တောက်လာကြသည်။ သူ့ကိုယ်ပေါ်မှ မွေးနမွေးညင်း ကလေးများလည်း ထောင်ထလာကြသည်။ သူ့မျက်နှာကား သွေးရောင်လျှမ်း၍ ကြည်နူးရိပ် သမ်းနေသော အပြုံးသည်လည်း ဖူးပွင့်နေသည်။ ဤအခိုက်အတန့်ဝယ် သူသည် ပတ်ဝန်းကျင်ကို သတိမှ ရပါလေစ။

"ဆွမ်းတော် ဖို့"

ဆွမ်းခံကြွလာလေပြီ။ ပတ်ဝန်းကျင်ကို မေ့လျော့နေမိသော ကိုဒေါင်းစိန် သည် ရုတ်တရက် လှုပ်ရှား လာသည်။ နောက် သူသည် မယ်စိန် ခူးခပ်ထားသော ဆွမ်းခွက်ကို ယူလိုက်၍ အိမ်ပေါ်မှ လှမ်း ဆင်းခဲ့၏။ ဆွမ်းကို အပတ်စဉ် လောင်းကာ ဒါနပြုလိုလှပါလျက်ကယ်နှင့် ကိုယ်တိုင်၏ ဝမ်းရေးပင် မဖူလုံနိုင် မှုကြောင့် အောင့်အည်းမျိုသိပ်ထားရသည်မှာ ကာလအတန်ပင် ကြာပေပြီ။ ယခုမှ ဆန္ဒပြည့်ဝ၏။ သူသည် မြေကြီးကို ခြေကျသည်ဟု မထင်အောင်ပင် သွေးကြီး သွားကာ သူပြုစုမည့် ဒါနအတွက်လည်း အတော်ကြီးကို ပီတိဖြစ်နေမိ၏။

တာလမ်းပေါ်တွင် ရပ်စောင့်နေသော ကိုရင်ကလေး သုံးပါးအနီးသို့ ခပ်ယို့ယို့ ကလေး ချဉ်းကပ်လိုက် ပြီးနောက်၊ ဆွမ်းခွက်ထဲမှ ကြေးဇွန်းကြီးဖြင့် ဆွမ်းကို ခပ်ကာ ခပ်ကာ တစ်ပါးပြီးတစ်ပါး လောင်းတော့၏။ နောက်ဆုံး ကိုရင်ကလေး၏ အလှည့်တွင် ဆွမ်းခွက်ထဲ ကျန်ရှိသမျှ ဆွမ်းများကို အကုန်အစင် လောင်းထည့် လိုက်၏။ ပြီးနောက်ကား သူသည် ဆက်လက်ကြွချီတော်မူ သွားသော ကိုရင်ကလေးများ၏ နောက်ပိုင်း ကို စူးစိုက်ကြည့်ရင်း သူ ပြုခဲ့သော ဒါန၏ ကောင်းမှုကို တစိမ့်စိမ့် ပွားများကာ ပီတိဖြာလျက် ကျန်ရစ်၏။

သူ အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည့် အခါ၌ကား သူ့အိမ်ကို ကူညီဆောက်လုပ်ရန် ရောက်ရှိနေကြသည့် လူငယ် လေးဦးကို တွေ့မြင်ရ၏။ တောရွာကလေး၏ ချစ်စဖွယ် ကောင်းသော ဓလေ့ထုံးစံများ အနက် သာရေး ဖြစ်စေ၊ နာရေးဖြစ်စေ တစ်ဦး၏ အရေး၌ အားလုံး စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကူညီ တတ်ကြသည့် ဓလေ့ ထုံးစံကား ချစ်ခင်နှစ်သက်ဖွယ် အကောင်းဆုံးဖြစ်တော့၏။

"မယ်စိန်ရေ၊ ကောက်ညှင်းပေါင်းနှင့် ငါးပိကောင်ကြော်ကို ပန်းကန်ပြား တစ်ချပ်ဖြင့် သတ်သတ်ထည့်၍ ဦးအောင်ဒွန်း ရှေ့သို့ သွားချပေး၏။ ပြီးတော့မှ လင်ပန်းတစ်ချပ်ထဲတွင် ကောက်ညှင်းပေါင်း အတော် များများ ကို စုပြုံထည့်၍ ဘေးမှ ငါးပိကောင်ကြော်ပါ ပုံထည့်ပြီး ကိုဖိုးကွန့်၊ ကိုလူမောင်နှင့် လူငယ်များ ထိုင်နေရာ သို့ သွားချကာ တပျော်တပါးကြီး ဝိုင်း၍ စား သောက်နေကြ၏။

မိုးစင်စင်လင်းရုံမျှမက နေပင် ထွက်ပြူ၍ လာပေပြီ။ ကိုဒေါင်းစိန်တို့ တစ်တွေလည်း ကောက်ညှင်း ပေါင်းနှင့် ငါးပိကောင်ကြော်ကို စားသောက် ပြီးစီးခဲ့ပြီး ဖြစ်၍ တူးရွင်းများ၊ အုန်းဆံကြိုးများ၊ နီးများ စသော အိမ်ဆောက်ရာ၌ လိုအပ်သည့် ကိရိယာ တန်ဆာပလာများကို ကိုင်ဆွဲကာ ကိုဒေါင်းစိန်၏ အိမ်ရာကွက် ကလေး၌ စုရုံးမိပေပြီ။ ကိုဒေါင်းစိန်၏ အိမ်ဟောင်းမှ ဖျက်၍ရသော ဝါးလုံးအတိုအထွာ များနှင့် နောက်ထပ် ဝယ်ယူ ထားသော ဝါးများ၊ ကျူထရံများ၊ ဓနိများကို အိမ်ရာကွက်၏ နံဘေး၌ အသင့် စုပုံထားပြီးရှိနေ၏။

ပထမဦးဆုံး အိမ်ရာကွက်ပေါ်တွင် ကြိုးဆွဲကာ ပန္နက်ရိုက်ရမည်ဖြစ်၍ ကိုလူမောင်နှင့် ကိုလေးဖိုးကွန့် တို့သည် အုန်းဆံကြိုးတစ်ချောင်းကိုယူ၍ ကြိုးဆွဲမည့် ဟန်ပြင်၏။ ဒါကို ဦးအောင်ဒွန်းက မြင်လိုက်၍ အလော သုံးဆယ် တားဆီးလိုက်ပြီးနောက် -

"မေးမေးမြန်းမြန်း လုပ်ကြပါကွ၊ ကြိုးဆွဲပြီး ပန္နက်ရိုက်တာကပေမဲ့ အရမ်းမဲ့ ကြိုးဆွဲပြီး ပန္နက်ရိုက်လို့ ဖြစ်တာ မဟုတ်ဘူး။ ဟော့ ဒေါင်းစိန်၊ မင်းဘာနေ့သားလဲ"

"စနေသားပါ ခင်ဗျား"

"အင်း စနေသားဆိုတော့ စနေသားပ၊ အိမ်ဆောက်က၊ တွေးဆဆင်ခြင်ပါ။ ကြာသပတေးလျှင်၊ ဗုဒ္ဓဟူးပင်၊ ကိုင်ချင်ကြိုးကိုသာ။ သောကြာနေ့ဖွား၊ ပန္နက်အား၊ နက်ထားစိုက်လေပါ။ ဤလူ၌ပ၊ ပေါ်ခနေ၊ များလှ မိုးသို့ရှာ ဆိုတဲ့အတွက် ကြာသပတေးနဲ့ ဗုဒ္ဓဟူးသားက ကြိုးကို ကိုင်ရမယ်၊ သောကြာနေ့ဖွားတဲ့လူက ပန္နက်ရိုက် ရမယ်၊ ဒါမှ အိမ်ရှင်ဖြစ်တဲ့ စနေသားမှာ ဥစ္စာခနေပေါ်ကြွယ် ဝမယ်လို့ ဆိုတယ်။ ဒီတော့ ကြိုးဆွဲမယ့်လူဟာ ကြာသပတေးနဲ့ ဗုဒ္ဓဟူးသားဖြစ်ရမယ်၊ လူမောင်နဲ့ ဖိုးကွန့်တို့က ဘာနေ့သားတွေလဲ"

ကိုလေးဖိုးကွန့်က ကြာသပတေးသားဖြစ်၍ ကိုလူမောင်က ဗုဒ္ဓဟူးသားဖြစ်ကြောင်း ပြန်ပြော လိုက်သည်တွင် ဦးအောင်ဒွန်းသည် ကျေနပ်သွားသလိုခေါင်းကို တညိတ်ညိတ်လုပ်ရင်း "အင်း ဒီလိုဆိုရင်လည်း မင်းတို့ နှစ်ယောက်ပဲ ကြိုးဆွဲပေ့ါကွာ" ဟု ခွင့်ပြုလိုက်၏။ ကိုလူမောင်နှင့် ကိုလေး ဖိုးကွန့်တို့သည် အုန်းဆံကြိုးကို တစ်ယောက် တစ်ဖက် ဆွဲ၍ ကိုလေးဖိုးကွန့်က အိမ်ရာကွက်ထိပ်ရှိ လက်ဝဲဘက်ထောင့်စွန်း၌ ရပ်လိုက်ကာ၊ ကိုလူမောင် ကမူ လက်ယာဘက် ထောင့်စွန်း၌ ရပ်လိုက်၏။ နောက် လက်ဝဲဘက်အစွန်းနှင့် လက်ယာဘက် အစွန်း ကြိုးတဖြောင့်တည်း တန်းနေအောင် ဆွဲဆန့်လိုက်၏။

ဤအချိန်တွင် ဦးအောင်ဒွန်းက သောကြာသားတစ်ယောက် ပန္နက်ဝင်ရိုက် ရန်ညွှန်ကြားလိုက်သဖြင့် လူငယ်တစ်ဦး သည် အဖျားချွန်ထားသော ဝါးချောင်း ပန္နက်တိုင်ကလေး များကို ယူ၍ လက်ဝဲဘက် ထောင့်စွန်း၌တစ်တိုင်၊ လက်ယာဘက်ထောင့်စွန်း၌ တစ်တိုင် ရိုက်နက် စိုက်ထူလိုက်၏။

ပြီးလျှင် ကိုလူမောင်နှင့် ကိုလေးဖိုးကွန့်တို့ ထောင့်စွန်းနှစ်ခုမှ ပန္နက်တိုင် နှစ်တိုင်ကို ပတ်၍ ကြိုးကို အခြားတစ်ဖက်ထိပ် ထောင့်စွန်းနှစ်ခုဆီသို့ ဆွဲဆန့်သွားပြန်၏။ ပန္နက် ရိုက်သည့် လူငယ်ကလည်း ထိုထောင့်စွန်းနှစ်ခုတွင် ပန္နက်တိုင် နှစ်တိုင်ကို တစ်ဖက်တစ်ချက် ရိုက်နက် စိုက်ထူလိုက်ပြန်၏။

ဤနည်းအားဖြင့် စတုရန်းလေးထောင့်တွင် ပန္နက်တိုင်လေးတိုင်ကို စိုက်ထူပြီး၍၊ ကြိုးမှာလည်း ပန္နက်တိုင် လေးတိုင်ကို ပတ်ကာ စတုရန်း လေးထောင့်ပတ်လည် တစ်လျှောက် တင်းတင်းရင်းရင်း ညီညီညာညာ ဆန့်တန်း နေပေပြီ။ ဤသို့ ကြိုးဆွဲ၍ ပန္နက်ရိုက်ခြင်း၏ ရည်ရွယ်ချက်ကား အိမ်တိုင်ထူရန် တွင်းတူးရာတွင် တစ်တွင်းနှင့် တစ်တွင်း တညီတည်း တဖြောင့်တည်း ရှိစေရန်နှင့် တစ်တိုင်နှင့်တစ်တိုင် သတ်မှတ် ထားသော အကွာအဝေး အတိုင်း ကွက်တိဖြစ်စေရန် ချိန်ထိုးခြင်းဖြစ်သည်။

အိမ်မှာ သုံးပင်အိမ်ဖြစ်၍ အရှေ့ဘက်၌ အိမ်တိုင်သုံးတိုင်၊ အလယ်တိုင် သုံးတိုင်၊ နောက်ဘက်မှ လည်းသုံးတိုင်၊ ပေါင်း ကိုးတိုင်အတွက် တွင်းကိုးတွင်း တူးရမည်ဖြစ်ရာ ဤတွင်းကိုးတွင်းအတွက် ပန္နက်တိုင် ကိုလည်း ကိုးတိုင်စိုက်ရ ပေလိမ့်မည်။ ယခု ပန္နက်တိုင် လေးတိုင်သာ စိုက်ရသေးသည်။ သုံးပင်ဆိုလျှင် နှစ်ခန်း ဖြစ်၍ တစ်ခန်းအတွက် ငါးတောင့်ထွာကျနှင့် နှစ်ခန်းအွက် ဆယ့်တစ်တောင် ထား၍ ကြိုးဆွဲ ထားခြင်းဖြစ်သောကြောင့် ထောင့်လေး ထောင့်ရှိ ပန္နက်တိုင် လေးတိုင်တို့၏ တစ်တိုင်နှင့် တစ်တိုင် အကွာအဝေးမှာ ၁၁ တောင်စီ ရှိနေပေသည်။ ဤ ၁၁ တောင်စီရှိနေသော ပန္နက်တိုင် လေးတိုင်တို့၏ အကြား များတွင် တစ်ဖက်နှင့်တစ်ဖက် ငါးတောင့်ကွာ ကွက်တိ တိုင်းထွာ၍ အလယ်တည့်တည့်မှ ပန္နက်တိုင် ကလေးများ တစ်တိုင်စီ စိုက်လိုက်ခြင်းအားဖြင့် တစ်တိုင်နှင့် တစ်တိုင် ငါးတောင့်ထွာစီ ကွာဝေးသော ပန္နက်တိုင် ကိုးတိုင်သည် မျဉ်းတဖြောင့်တည်း တန်းနေပေလိမ့်မည်။ ယခု သူတို့သည် ဤနည်းအတိုင်း သုံးပင် နှစ်ခန်းအိမ် တစ်ဆောင်အတွက် ပန္နက်ကိုးတိုင်ကို ရိုက်နက်

စိုက်ထူပြီးစီးခဲ့လေပြီ။ နောက်တွင်ကား အိမ်၏ လက်ယာ ခြေရင်းဘက် အဇီကလေးတစ်ခု ချရန်အတွက် အိမ်မကြီး၏ လက်ယာ ခြေရင်း ဘက် အစွန်ဆုံး ပန္နက်သုံးတိုင်နှင့် လေးတောင်ကွာတွင် ကြိုးဆွဲ တိုင်းထွာ၍ ပန္နက်တိုင်ကလေး သုံးတိုင် ကို အစဉ်လိုက် တန်း၍ ရိုက်နက်စိုက်ထူ လိုက်ကြပြန်၏။ ဤနည်းအား ဖြင့် ရှေ့တန်း၌ ပန္နက်တိုင် လေးတိုင်၊ အလယ်တန်း၌ ပန္နက်တိုင် လေးတိုင်၊ အနောက်တန်း၌ ပန္နက်တိုင် လေးတိုင်၊ အားလုံးပေါင်း ၁၂ တိုင် ဖြစ်သွားလေပြီ။

ကြိုးဆွဲ၍ ပန္နက်ရိုက်ခြင်းကိစ္စလုံးဝ ပြီးစီးသွားပြီဖြစ်သဖြင့် အိမ်ဝိုင်း ဆောက်မည့် လူငယ်များနှင့် ကိုဒေါင်းစိန်တို့သည် တစ်ယောက်တစ်လက်ဖြင့် ထိုပန္နက်တိုင်ကလေးများ စိုက်ထူထားသော နေရာများတွင် အိမ်တိုင် ထူရန် တွင်းတူးကြတော့၏။ ဘုန်းကြီးကျောင်းမှ စည်ကြီးကိုးချက် တီးသည့် အခါတွင် သူတို့သည် ပန္နက်တိုင် ၁၂ တိုင် ရိုက်ထားသော နေရာများတွင် တွင်း ၁၂ တွင်းကို တူးပြီး ခဲ့လေပြီ။ ယခု တိုင်ထူရတော့မည်ဖြစ်၍ ဦးအောင်ဒွန်း သည် တိုင်ထူရန် အခါကို တွက်ချက်ကြည့်နေ၏။

"ဒီနေ့ သောကြာနေ့နော်၊ ဒါကြောင့် မြောက်အရပ်က လက်နက်ကိုင် ဖြစ်စေ၊ သံခမောက်ဆောင်း ဖြစ်စေ လာလိမ့်မည်။ အဲဒီတော့မှ အခါရတာမို့ အဲဒီအခါမှ တိုင်ထူရမည်"

ကိုလှမောင်ကား ဤမျှလောက် ကြီးကြီးကျယ်ကျယ် လုပ်နေသည်ကို အတော်ပင် စိတ်ပျက်နေမိ၏။ သူတို့ သည်လို ဝါးအိမ်ဆောက်စဉ် အခါကမှ နေ့ကောင်းရက်သာကို ရွေးချယ် ဆောက်သည်မှအပ အခြား ရှောင်ကြဉ်ဖွယ်၊ လိုက်နာဖွယ်ရှိသည့် အချက်များကို လိုက်၍ အကျယ်ချဲ့နေသောကြောင့် နှောင့်နှေး နေရသည်ဟု ထင်မြင်မိ၍ စိတ်ပျက်နေမိသည်။ ကိုဒေါင်းစိန်က ဒါကို ရိပ်မိ၍ ကိုလှမောင် စိတ်ကျေနပ်အောင် ကိုလှမောင်အား မျက်နှာချိုသွေးနေရ၏။

၁၂ နာရီအချိန်ခန့် ရောက်သည့်တိုင် မြောက်အရပ်မှ မည်သည့် လက်နက်ကိုင်နှင့် မည်သည့် သံခမောက်ဆောင်းမှလာခြင်း မရှိသေး။ လူငယ် အချို့မှာ ဤသို့ ထိုင်စောင့်နေရသည်ကို ငြီးငွေ့လာ ဟန်ဖြင့် ညည်းညူစ ပြုတော့၏။ သို့သော် ကျောင်းမှ ၁၂ ချက် စည်သံအကြားတွင်မူ မြောက်ဘက်မှ လူတစ်ယောက်သည် အလှူအိမ်များ၌ လူများစွာအတွက် ချက်ပြုတ်ရာတွင် အသုံးပြုလေ့ရှိသော သံဒယ်အိုး အကြီးစားကြီးကို ခေါင်းပေါ်တွင် မှောက်လျက် ဆောင်းကာ လျှောက်လာသည်ကို တွေ့မြင်ရ၏။ ကိုဒေါင်းစိန်တို့ လူအုပ် ရှေ့တည့်တည့်သို့ အရောက်တွင် ဦးအောင်ဒွန်း၏ ညွှန်ကြား ချက်အရ ကိုဒေါင်းစိန်သည် ထိုသူထံသို့ လျှောက်သွားကာ" ကျွန်တော်တို့ အခါမလာလို့ အခါ စောင့်နေကြပါတယ်၊ အခု ခင်ဗျားလာတာနဲ့ အဆင်သင့်ပါပဲ၊ ကောက်ညှင်းပေါင်းနဲ့ ငါးပိကောင် ကြော်ကလေး ဝင်စားသွားပါဦး" ဟု ဖိတ်ခေါ် လိုက်သဖြင့် ထိုသူလည်း ကိုဒေါင်းစိန်၏ အကူအညီဖြင့် ဒယ်အိုးကြီးကိုချပြီး လိုက်လာခဲ့၏။

ကိုလူမောင်က ဒယ်အိုးကြီး ရွက်လာတာနဲ့ သံခမောက်ဆောင်း မည်သို့မျှ မသက်ဆိုင်ဟု စောဒကဝင်၏။ ဦးအောင်ဒွန်း ကလည်း ဒယ်အိုးမှာ သံပင်လျှင် ဖြစ်၍ ယခု ထိုသူ ရွက်လာခြင်းမှာလည်း သံခမောက် ဆောင်းသကဲ့သို့ မှောက်လျက် ဆောင်းလာခြင်းဖြစ်သောကြောင့် ဒါကိုပင် သံခမောက် ဆောင်းဟု ယူဆ ရမည်ဖြစ်ကြောင်းနှင့် ရှင်းလင်းချေပ၏။ ကိုလူမောင်ကလည်း အလျှော့ မပေးဘဲ ဤကဲ့သို့သော ဒယ်အိုးကြီးမျိုးကို သယ်ယူရာ၌ ခေါင်းပေါ်၌ မှောက်၍ ဆောင်းလာခြင်း ဖြစ်ကြောင်း မကြားတကြား ထပ်ကွန့်၏။ သို့သော် ဦးအောင်ဒွန်း ကား မကြားဟန် ဆောင်နေ၏။

မယ်စိန်သည် ရှိသမျှ ကောက်ညှင်းပေါင်းနှင့် ငါးပိကောင်ကြော်များကို ယူထုတ်လာကာ သူတို့ရှေ့ သို့လာချ ပေး၏။ ဒယ်အိုးဆရာရော အိမ်ဝိုင်းဆောက် သူများပါ တွတ်ကြရာ တစ်ခဏ အတွင်းမှာပင် ပြောင်တော့၏။ အခါ ရသည့်

အချိန်အတွင်း တိုင်ထုရမည်ဖြစ်၍ ကိုဒေါင်းစိန်၊ ကိုလူမောင်နှင့် ကိုလေးဖိုးကွန့် တို့သည် ဝါးနက်တိုင် ကိုယ်စီယူကာ တိုင်ထုရန် ပြင်ဆင်ကြ၏။ ဦးအောင်ဒွန်း ကလည်း တိုင်ထုရမည့် နည်းနာ များကို ထုံးစံအတိုင်း လက်ချာပေးနေပြန်၏။

"ဒီလိုကွ၊ တိုင်ထုတာကပေမဲ့ ကိုယ်ထုချင်တဲ့ တိုင်ကို ဆွဲပြီး ထုလို့ဖြစ်တာ မဟုတ်ဘူး၊ ကျမ်းအဆိုနဲ့ ညှိနှိုင်းပြီး ထုရတာကိုးကွ။ ဒီတော့ လက်သမားကျမ်းက ဘယ်လိုဆိုသလဲဆိုတော့" လက်သမားရယ်လို့၊ တက်ကြွလို့ သိဖို့ရာ၊ မှတ်ကြပါ မမှား၊ ဥရုချီလို့ ဆေခံ ဘေးပျောက်မမှား" တဲ့၊ အဓိပ္ပာယ် ကတော့ ဥရုတိုင်က အစချီပြီး ဆောက်ရမယ်လို့ ဆိုသကိုးကွ၊ ကဲ ဒီတော့ ဥရုတိုင်ဟာ ဘယ်တိုင်လဲဟေ့"

ကိုဒေါင်းစိန်က အဖီအထွက် တူးထားသော တွင်းသုံးတွင်းကို ဖယ်၍ အိမ်မကြီးအတွက် သုံးတွင်း၊ သုံးတန် တူးထားသော တွင်းကိုးတွင်းအနက် အလယ်တန်းမှ အလယ်တွင်းကို လက်ညိုးညွှန်၍ ဤတွင်း၌ ထူသော တိုင်ကို သာလျှင် ဥရုတိုင်ဟု ခေါ်ရမည်ဖြစ်ကောင်း သံသယမကင်းသော မျက်နှာထားဖြင့် ဆို၏။ ကိုလူမောင် ကမူ အလယ်တန်းလက်ဝဲဘက် အစွန်ဆုံးတွင်းကို ညွှန်ပြ၏။ ဤတွင်း၌ထူသော တိုင်ကိုသာလျှင် ဥရုတိုင် ဟုခေါ်ရမည်ဖြစ်ကြောင်း တစ်ထစ်ချ သိသော မျက်နှာ ထားမျိုးဖြင့် ရဲဝံ့စွာ ဆိုပြန်၏။ ဒါကို ဦးအောင်ဒွန်းက ပြုံးလိုက်ကာ -

"မင်းတို့ နှစ်ဦးစလုံး တစ်ဦးမှ မမှန်ဘူးကွ၊ မှတ်ထား၊ ဥရုတိုင်ဆိုတာ နောက်ဆုံး အတန်းက အလယတန်းမှာ ထူတဲ့တိုင်ကို ဥရုတိုင်လို့ ခေါ်တယ်။ မိန်းမထဘီပုံထဲ တိုင်ကို ဆိုလိုတာပါကွာ၊ ဘာပြုလို့လဲဆိုတော့ မိန်းမတွေဟာ အဲဒီတိုင်မှာသာ ထဘီပုံရတဲ့ ထုံးတမ်းစဉ်လာ ရှိနလို့ပဲ၊ တိုင်ထူပြီးလို့ မင်းမဟာ ဂီရိအတွက် နတ်အုန်းသီးဆွဲတဲ့ အခါလည်း အဲဒီတိုင်မှာ ဆွဲရတယ်ကွာ၊ အကြောင်းကတော့အဲဒီတိုင်ဟာ အယုတ်ဆုံး အခိုက်ဆုံးတိုင်မို့ မခိုက်အောင် ပသ ပူဇော်ရတာပဲ။ ကိုင်း ကိုင်း ငါပြောတဲ့ နောက်ဆုံးတန်း အလယ်တွင်

ဥရုတိုင်ကစပြီး ထူပေတော့၊ အဲဒီတိုင်ပြီးတော့မှ တခြားတိုင်တွေကို လက်ယာရစ် လှည့်ပြီး ထူပေါ့ကွာ”

ဦးအောင်ဒွန်း၏ အမိန့်အတိုင်း တစ်ယောက်တစ်လက်ဖြင့် ဝိုင်းထူလိုက်ကြရာ မကြာမီအတွင်းမှာပင် အိမ်မကြီးအတွက် တိုင်ကိုးတိုင်ရော၊ အဖီအတွက် အိမ်မကြီးလောက် မမြင့်သော တိုင်တိုသုံးတိုင်ပါ စိုက်ထူပြီးစီးသွား၏။ တိုင်ထူ၍ ပြီးသည်နှင့် တစ်ပြိုင်နက်ပင် အုန်းသီး တစ်လုံးကို သနပ်ခါးရည်များဖြင့် ပက်ဖျန်း၍ ဥရုတိုင်၌ ဆွဲထားလိုက်၏။ ဒါက မင်းမဟာဂီရိ နတ်ကို ရည်မှန်း၍ ပူဇော်ပသထားသော နတ်အုန်းသီး ဖြစ်သည်။ သူတို့သည် အိမ်အဖြစ်သို့ မရောက်မီ တိုင်ထူ၍ ပြီးကတည်းကပင် ဤအိမ်၌ ထာဝစဉ် ကိုးကွယ်ရာ နတ်အဖြစ် မင်းမဟာဂီရိအား အသိအမှတ် ပြုလိုက်ကြသည်။ သို့မှသာ မကောင်းဆိုးဝါးများ အိမ်တွင်းသို့ မဝင်နိုင်သည်ဟု အယူ ရှိကြသည်။

“ကိုင်း တိုင်ထူလို့လည်းပြီးပြီ၊ နတ်အုန်းသီးလည်း ဆွဲပြီးပြီ၊ တိုင်သစ်ပူဇော်တဲ့ အထိမ်းအမှတ်နဲ့ ပန်းဆွဲရဦးမယ်ကွ။ အဲ ဘာပန်းဆွဲရမလဲလို့ ဆိုတော့” အိမ်ဆောက်ပန်းဆွဲ၊ ဖော်ပြခွဲ၊ အမြဲမှတ်ယူရာ။ ဥနဲဆွဲက၊ များခနဲ၊ ကြွယ်ဝချမ်းသာရာ။ ပဒေါင်ဆွဲသော်၊ မင်းပူဇော်၊ အလျှော်ခံရပါ။ ရေသဖန်းလျှင်၊ ဆွဲလေချင်၊ ကြည်ရွှင် လွန်ချမ်းသာ။ မြေစာညိုညက်၊ ဆွဲပန်းခက်၊ အသက်ရှည် တတ်စွာ။ အိမ်ဆောက် ပန်းဆွဲ၊ စိတ်ဖြာခွဲ၊ မှတ်စွဲ လူပိုလ်ပါ” အဲ သို့ကလို ဆိုတဲ့အတွက် ဥနဲဖြစ်စေ၊ ပဒေါင်ပဲ ဖြစ်စေ၊ ရေသဖန်း၊ ဒါမှမဟုတ်မြေစာပင်၊ ရရာ တစ်ခုခုကိုဆွဲ၊ ကောင်းတယ် ပေါ့ကွာ။ ကဲ အဲဒီလေးမျိုးထဲက ရရာတစ်ခုခု ရှာကြစမ်းပေ့”

ကိုဒေါင်းစိန်သည် အိမ်အနီး၌ အသင့်ရှိနေသော မြေစာပင် တစ်ပင်ကို ဆွဲနုတ်ကာ ကြိုးချည်၍ လူနှင့် နီးရာ တိုင်ပေါင်းတစ်လုံး၌ ဆွဲချိတ်မည်ပြု၏။ ဒါကို ဦးအောင်ဒွန်းက အရေးတကြီး တားဆီးထားလိုက်ပြီးနောက် -

"ဟော့ ဒေါင်းစိန်ရဲ့၊ တိုင်ပေဟာင်းမှာ ပန်းဆွဲရမယ်လို့ မင်းကို ဘယ်သူက ပြောသလဲကွ၊ မလုပ်နဲ့မောင်၊ ဒုက္ခတွေ့သွားမယ်။ ကဲ ကဲ အဲဒီ ပန်းဆွဲတာနဲ့ ပတ်သက်ပြီး လက်သမား ကျမ်းအဆို လင်္ကာ ကလေးကို ရွတ်ပြ ရသေးတာ ပေါ့ကွာ။ "လူတို့ ဝေါဟာရမလေ့၊ မမေ့အောင် သတိထား၊ မှတ်သားပ သေချာစွာ၊ တိုင်ပေဟာင်းမှာ ရောင်လို့လွဲ၊ ပန်းမဆွဲရာ" တဲ့။ ဒါကြောင့် မင်း အခု အိမ်ဆောက်ခါနီးမှ အသစ်ထပ်ဝယ်တဲ့ ငါးနက်တိုင် တစ်လုံးလုံးမှာ ဆွဲဟော့"

ကိုဒေါင်းစိန်သည် ဦးအောင်ဒွန်း၏ ညွှန်ကြားချက်အတိုင်း တိုင်သစ် တစ်လုံး၌ မြေစာပင်ကို ဆွဲချိတ် လိုက်၏။ ပြီးနောက်ကား သူတို့သည် ဦးအောင်ဒွန်း၏ ဩဝါဒဖြစ်သော "ထုပ်မစွပ်ရက်မ လျှိုလျှင်၊ ကျမ်းဆိုချက် အလျောက်၊ ဥစ္စာရွှေငွေပျောက်၊ ဝမ်းပေါက် ခေါင်လျောက်" ဟူ၍ လည်းကောင်း၊ "ထုပ်မစွက်ခင်၊ ရက်မတင်၊ ရောင်ကြည် မပြုနှင့်" ဟူ၍ လည်းကောင်း ညွှန်ကြားချက်အရ အိမ်ကြမ်း ခင်းရန်အတွက် ရက်မကို အလျင်တပ်ဆင်ခြင်း မပြုသေးဘဲ အိမ်ခေါင်ကို အလျင်ပြီးနှင့်ရန် အိမ် ခေါင်တန်း၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မြားများကို အလျင်တပ်ဆင်ကြ၏။ နောက် ၄င်းတို့အပေါ်မှ ဓနိကို အလွယ်တကူ မိုးနိုင်ရန်အတွက် ဝါးများကို အစဉ်လိုက်တန်း၍ နီးများဖြင့် လိန်ကာ ချည်နှောင် ကြ၏။ လူငယ်နှစ်ဦးမှာ အခြင်ဝါးများကို နီးများဖြင့် လိန်၍ ချည်နေရာ မှ မည်သူ၏ နီးချက်က ပိုကောင်းသည်ဟု ပြိုင်ဆိုင်နေကြ၏။

"ဟော့ မင်းနီးချက်နဲ့ ငါးနီးချက် ဘယ်သူက ကောင်းသလဲ၊ ဒီမှာ ကြည့်စမ်း၊ ငါ့နီးချက်ကို အဖျားမှာ လိန်ပြီး ခွေထားလိုက်ပုံကလေးဟာ" ကြမ်းချေးစု" ကို ကျနေတာပဲ။ ကြက်ချေးတုံးကလေးများ ဟာ အောက်ဘက်က အပြားကြီးပြီး၊ အပေါ်ဘက်ကို အရစ်လိုက် ခွေတက်လာပုံက အဖျားရှူးပြီး ထိပ်ကလေးချွန်းနေတဲ့ ပုံသဏ္ဍာန် မျိုးပေါ့ကွာ"

"အောင်မာ ငါ့နီးချက်ကိုလည်း ကြည့်စမ်းပါဦး၊ ငါ့နီးချက်က မိန်းမ ဘီးဆံထုံးပုံကွ၊ သေသေသပ်သပ် ကျစ်ကျစ်လျစ်လျစ်ထုံးထားတဲ့ "ဆံထုံး" ကလေးလို ခိုင်မြဲတဲ့ နီးချက်ကွ"

အခြင်ဝါးများကို လုံးဝ ချည်နှောင်ပြီးစီးသောအခါ တစ်ဆက်တည်း ဓနိများဖြင့် အိမ်ခေါင်ကို မိုးလိုက် ကြ၏။ ဓနိ မိုး ပြီးသွားသောအခါ အိမ်ခေါင်တွင် လုံးဝပြီးသွားပြီဖြစ်သဖြင့် ယခု အိမ်ကြမ်းကို စတင်ပြုလုပ်ရပေမည်။ ဦးအောင်ဒွန်း သည် အိမ်ပုံကလေးကို သေသေချာချာ စူးစမ်းကြည့်ရှုလိုက် ပြီးနောက် -

"အိမ်ဆိုတာ သုံးမျိုးရှိတယ်ကွ၊ ဘာလဲလို့ဆိုတော့ "ဖားသင့်" တဲ့၊ "လိပ်သင့်" တဲ့၊ "နွားသင့်"တဲ့၊ အဲဒီ သုံးမျိုးကို အဓိပ္ပာယ်တွေနဲ့ ရှင်းပြရမယ်ဆိုရင်" "အောက်ဝါမြင့်မူ၊ ဖားသင့်ဟူ၊ နေသူဥစ္စာပါး" တဲ့၊ အိမ်ကြမ်းရဲ့ အောက်ဘက်က မြင့်ပြီးတော့ အိမ်ကြမ်းပြင်ရဲ့ အထက် အိမ်ခေါင်ဘက်က နိမ့်နေရင် အဲဒီအိမ်ကို "ဖားသင့်" လို့ခေါ်တယ်၊ အဲဒီအိမ်မျိုးမှာနေတဲ့ သူဟာ ဥစ္စာစီးပွား ပါးရှားမယ်တဲ့။ ပြော နောက်ပြီးတော့ "အောက်ဝါနိမ့်မူ၊ လိပ်သင့်ဟူ၊ နေသူ ရောဂါများ" တဲ့၊ အိမ်ကြမ်းပြင်ရဲ့ အောက်ဘက်က နိမ့်ပြီး အထက်ဘက် အိမ်ခေါင်က မြင့်နေရင် အဲဒီအိမ်ကို "လိပ်သင့်" လို့ ခေါ်ရမယ်၊ နေတဲ့သူဟာ ရောဂါများပြားမယ်တဲ့။ ကျန်တစ်မျိုး ကတော့ "အောက်ထက်မျှမူ၊ နွားသင့်ဟူ၊ နေသူ သုခပွား" တဲ့။ အိမ်ကြမ်းပြင်ဟာ အောက် အထက်မျှပြီး အလယ်ဗဟိုမှာ တည်ရှိတဲ့ အိမ်ကို "နွားသင့်" လို့ ခေါ်တယ်၊ အဲဒီအိမ်မျိုး နေတဲ့သူသာလျှင် သုခ ပွားများ မယ်တဲ့။ ဒါကြောင့် မင်းတို့ အိမ်ကြမ်းပြင်ဟာ အောက် အထက် မျှပေစေကွ"

ကိုဒေါင်းစိန်နှင့် ကိုလူမောင်တို့တစ်တွေသည် အထက်နှင့် အောက်ကို သေချာစွာ ကြိုးဆွဲတိုင်းထွာ၍ အလယ်ဗဟိုမှ "တလိုင်း" သုံးတန်းနှင့် "ပေါင်းကွတ်" သုံးတန်းကို ဝါးနက်တိုင် များတွင် တပ်ဆင်ချည်နှောင်ကြ၏။ "တလိုင်း" နှင့် "ပေါင်းကွတ်" အဖြစ် ဝါးနက်ကိုပင် အသုံးပြုသည်။

သစ်အိမ်ဆိုလျှင် "ရက်မ" ဟုခေါ်သော်လည်း ဝါးအိမ်များ၌ကား "တလိုင်း" နှင့် "ပေါင်းကွတ်" ဟု သမုတ်ကြ၏။

အိမ်ကြမ်းပြင်၏ အလေးဒဏ်ကို ခံနိုင်ရန်အတွက် "တလိုင်း" တန်းအောက်မှ နေ၍ ဝါးနက်တိုင်နှင့် ကပ်ကာ ဒေါက်တိုကလေးများ လိုက်ထောက် ပေးရပြန်၏။ ဦးအောင်ဒွန်းကလည်း "ကြမ်းထက် မောက်မို၊ တိုင်တိုကို၊ ပိုလို့မထားနှင့်" ဟူ၍လည်းကောင်း၊ "ကြမ်းပေါ်မှာ ဒေါက်တို မောက်လျှင်လှ၊ မှိုပေါက်လို့ခေါ်ပါ၊ သားမြေးစဉ်ဆက် တိုးတက်ရာ" ဟူ၍ လည်းကောင်း ရွတ်ဆိုပြကာ ဒေါက်တို ကလေးများ ကြမ်းပေါ်သို့ လွတ်ထွက် မောက်တက် မနေစေဘဲ ကြမ်းနှင့်ထိလောက်ရုံ၊ သို့မဟုတ် ကြမ်းအောက် ခပ်ကွာကွာတွင်ပင် လက်စသတ် ဖြတ်လိုက်ရန် သတိပေးနေ၏။

ဒေါက်ထောက်ပြီးသောအခါ "ပေါင်းကွတ်" ပေါ်တွင် "ဆင့်" အဖြစ်ဖြင့် မျှင်ဝါးများကို စီတန်း၍ တပ်ဆင် ချည်နှောင်ကြပြန်၏။ ၎င်းအပေါ်ကမှ ငါးရစ်လုပ်တုန်းက အသုံးပြုခဲ့သော "ယင်း" များကို ကြမ်းအဖြစ် ဖြန့်ခင်း လိုက်ကြ၏။ နောက် အိမ်နံရံနှင့် အဖီကလေးကို ဆက်တိုက်ပြုလုပ်ကြရာ ညနေ ၅ နာရီ အချိန်တွင် တစ်အိမ် လုံးလုံး ဆောက်လုပ်ပြီးစီးသွား၏။ ကိုလူမောင်၊ ကိုလေး ဖိုးကွန့်နှင့် လူငယ်များလည်း အသီးသီး ပြန်ကုန်ကြလေပြီ။ ဦးအောင်ဒွန်းကမူ ပြန်ရန် ပြင်ဆင်ရင်း နောက်ဆုံး လိုက်နာဖို့အချက်ကို မှာကြားနေ၏။

"ကဲ မင်းတို့ အိမ်သစ်တော့ ပြီးပြီ၊ အိမ်သစ်တက်တဲ့အခါ မခိုက်အောင် တက်ဖို့နည်းလမ်းက ရှိသေးသကွ၊ ဘာလဲ ဆိုတော့ "အိမ်သစ်တက်ငြား၊ သပြေသား၊ ဆောင်ထားတက်အပ်စွာ။ ကျောင်းသစ် တက်ငြား၊ သနပ်သား၊ ဆောင်ထားနိုင်နင်းလှ။ ကျောင်းကြမ်းအိမ်ကြမ်း၊ နိုင်ရိုးတမ်း၊ နည်းလမ်းညန်၍ပြ" ဆိုတဲ့ အတိုင်း မင်းတို့ အိမ်သစ်ကို တက်တဲ့အခါ သပြေသားကို ဆောင်ပြီး တက်ကြကွ။ ဒါမှ ဘေးဥပါဒ် အန္တရာယ် မှန်သမျှ အားလုံး ကင်းရှင်းမယ်"

ဦးအောင်ဒွန်း ပြန်သည့်အခါ၌ ကိုဒေါင်းစိန်က ဦးအောင်ဒွန်း ကြိုက်နှစ်သက်သော အကောင်းစား ဆေးပြင်းလိပ်တစ်ထုပ် ဝယ်၍ ကန်တော့လိုက်၏ ဦးအောင်ဒွန်းက ဆေးပြင်းလိပ်တစ်ထုပ်ကို လက်ခံ၍ ကိုဒေါင်းစိန်နဲ့ မယ်စိန်တို့ လင်မယား နှစ်ယောက် အိုအောင်မင်းအောင် ပေါင်းကြရပြီး၊ စီးပွား ဥစ္စာတိုးပွားစေကြောင်း ဆုမွန်ကောင်းများ ပေးခဲ့ပြီးပြန်သွားတော့၏။

ကိုဒေါင်းစိန်နှင့် မယ်စိန်နှစ်ဦးထဲ အိမ်သစ်ကလေးကို ကြည့်ကာ ပီတိဖြာလျက် ကျန်ရစ်၏။ ကိုဒေါင်းစိန်၏ သဘောမှာ သံဃာတော်များအား ပင့်ဖိတ်၍ အိမ်တက် ပရိတ်တရားတော်ကိုပါ နာကြားလို၏။ သို့သော် အချိန်ကလည်း မရ။ ကိုလူမောင်နှင့် မဖွားသက်တို့၏ မင်္ဂလာကိစ္စ ရှိနေ သေးသဖြင့် ကိုလူမောင်ကို ငဲ့ညှာ၍ စိတ်ကို ချုပ်တည်းလိုက်ရ၏။

"မယ်စိန်ရေ၊ အိမ်အတွက်တော့ အေးရပြန်ပေါ့၊ ငါတော့ ဝမ်းသာလွန်းလို့ ငိုချင်တဲ့ စိတ်တောင် ပေါက်တယ်"

"အို တော်ကလည်း နိမိတ်မရှိ နမာမရှိ၊ ဝမ်းသာတာနဲ့ပဲ ငိုရမယ်လား၊ ကျုပ်တို့ကို ကုသိုလ်ကံ ထောက်မ လာပါပြီ။ ဒါပေမဲ့ အေးနေလို့တော့ မဖြစ်သေးဘူး၊ အခု အိမ်ဆောက်တာ ငွေနှစ်ရာပျော့ ပျော့လောက် ကုန်သွားပြီ။ ကျန်ငွေ နှစ်ရာကျော်လည်း ခြင်ထောင်ကလေး၊ စောင်ကလေးနဲ့ အဝတ်အစား အသင့်အတင့် ဝယ်ရ ဦးမယ်။ ကိုယ့်မှာ ပိုက်တို့၊ ကွန်တို့၊ ကွန်တို၊ ငါးများတို့ လက်ကိုင်ရှိမထားရင် လူအောက် သိပ်ကျတာမို့ လက်ထဲ မှာ ငွေရှိတုန်း ပိုက်နဲ့ ကွန်ထိုးဖို့ ချည်လုံး လည်း ဝယ်ရဦးမယ်။ ဒီတော့ ဒီတော့ ငွေနှစ်ရာ ကျော်ဟာ ကုန်သလောက် နီးနီး ဖြစ်သွားမှာပဲ။ ဒါကြောင့် ကျုပ် ခနဖြူတက်ပြီး ဝယ်ခြမ်းစရာ ရှိသမျှ အကုန်ဝယ်ပြီးရင် တော်လည်း ကွင်းထဲကို ငါးထိုးဆင်းပေတော့။ ကျုပ်လည်း ငါးသံချိတ် ထွက်မျှားမယ်"

အိမ်သစ်ကလေးကို ကြည့်ကာ အတိတ်နှင့် အနာဂတ်ကို လုံးဝမေ့ပြီး ပစ္စုပ္ပန် အချိန်ကလေး၌သာ ကျေနပ်ကြည်နူး ယစ်မူးနေသော ကိုဒေါင်းစိန်နှင့် အတိတ်၏ သင်ခန်းစာများက သတိပေးချက်အရ ပစ္စုပ္ပန် အခြေအနေ၏ အဖြစ်မှန်ကို လေ့လာကြည့်ရှုပြီး အနာဂတ်ကို ကြိုတင် မျှော်ခေါ်တတ်သော မယ်စိန်တို့၏ ခြားနားချက်ကို ဤတွင် နှိုင်းယှဉ်လေ့လာနိုင်ပေသည်။ မှန်သည်။ မိုးကောင်းကင်ဆန်သော ကိုဒေါင်းစိန်နှင့် မြေကြီးနှင့် နီးကပ်သော မယ်စိန်တို့၏ ခြားနား ချက်။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

# ငါးဆီ

အံ့မှိုင်းငယ် ညို၊

လှေအို လူး၊ မြစ်ပြင်အကူး၊ လှိုင်းခုန် မြူး။ ။

နွေဦး နွေဦးပေါ်ခါ၊ လေရူး လေရူးဆော်လာ၊

ကမ်း ရေသီတာ …၊ ရှိပြာမှိုင်း ရေလှိုင်းဖွေး၊ ရေလှိုင်းဖွေး။ ။

ကျောက်ဆောင် နံဘေးဆီက၊ ပွက်သေးနှင့်လည်ခါ တစ်ဖန်၊

ဝဲကတော့သံ၊ ကြွက်ကြွက်ညံ။ ။

အုံးခြိမ့်ခြိမ့်လျှံ၊ တက်သံ ဆူညာကြွေး၊ ဘီလာထောင်လို့ ပေးပါဦး၊

တက်ရေးပြ သည့်ရေမော်မှာ၊

ဝဲပြင်ကလျော်၊ ပြင်ကလျော်။ ။

သဲငွေသောင်ပေါ်၊ စင်ရော်ပျံကာဝဲ၊ မောင်မယ် တူစုံနွဲ့ပါလို့၊

လူနဲ့သို့ ပျူပျူငှာငှာ၊ လှိုင်းရေထက်မှာ၊ နေလျက်သား။ ။

(မဟာဂီတ ဦးပြုံးချို)

## (၁)

"ပိတ်မှန်လေးအင်းမှာ ငါးကျလို့ တဲ့"

ဤသတင်းမှာ ဗျင်းဘွဲ့ရှာ တစ်ရွာလုံးကို ဟိုးလေးတကျော်ကျော် ဖြစ်သွားပါသည်။ အထူးသဖြင့် ဈေးကြီး လှသော ပဲဆီ၊ နှမ်းဆီများကို မသုံးနိုင်ရှာကြ၍ ငါးဆီကို အလိုရှိနေကြသော ငါးခုတ်သမ လောကတွင် ပို၍ ကျော်ကြား သွားပါသည်။ "လူသတင်း လူချင်းဆောင်" ဟူသော စကားလို ဤ ပိန်မှန်လေးအင်းမှာ ငါးကျလို့ ဟူသော သတင်းမှာလည်း တစ်ယောက်စကား တစ်ယောက် နားဖြင့် ငါးဆီကို အလိုရှိနေကြသော ငါးခုတ်သမများ လောက တွင် ပျံ့နှံ့ကျော်ကြားသွားပါသည်။

ဤသတင်းထူး သတင်းကောင်းမှာ မယ်စိန်၏ နားဝသို့လည်း ရောက်သည်သာ ဖြစ်သည်။ ရောက်ပေမပေါ့၊ သူမ ကိုယ်တိုင် ကပင် ဤလို သတင်းမျိုးကို လိုလိုလားလား စောင့်မျှော်နားစွင့်နေသူ မဟုတ်ပါလော။ သူမတို့ အိမ်ထောင်တွင် စပါးဝမ်းစာ၊ ငါးပိဝမ်းစာများ လုံလောက်အောင် ရရှိထားပြီ ဖြစ်သော်လည်း၊ ရိက္ခာများတွင် အရေးကြီးသော ရိက္ခာတစ်ခုဖြစ်သည့် ဆီဝမ်းစာ တော့ မရှိသေးပါ။ ဆီဝမ်းစာ ဆိုလို့ အဖိုးတန်လှသော ပဲဆီ၊ နှမ်းဆီလို ဆီမျိုးတော့ မဟုတ်ပါပေ။ ဤလို ဆီမျိုးမှာ တော်သုံး၊ နန်းသုံး၊ သူဌေးသုံးဖြစ်၍ သူတို့ ဆင်းရဲသား လူကပ်ပါးများနှင့် ဘာမျှမဆိုင်။ သူတို့အတွက် ဆီမှာမူ ငွေကြေးမပေးရဘဲ သူတို့လုပ်အားနှင့် လဲလှယ် ယူရမည့် ငါးဆီ သာဖြစ်သည်။

ဤငါးဆီမှာ ငါးခေါင်းကို ခုတ်ဖြတ်၍ ငါးဝမ်းထဲမှ ညှစ်ထုတ်ပြီးယူမှ ရသည်။ ဒါကြောင့် ဘယ်အင်းမှာ ငါးကျသလဲ ဟူသော သတင်းကိုမူ သူမတို့က အမြဲတစေ နားစွင့်နေရသည်။

"ဟော ... အခု ပိန်မှန်လေးအင်းမှာ ငါး အတော်များများကျလို့ ဆိုပါကလား"

ဤ သတင်းကြောင့် မယ်စိန်မှာ ဝမ်းသာသွား၍ သူ့လက်များမှာလည်း ယားလာကြသည်။ လက်စွဲတော် ငါးခုတ်ဓားမကို ယာလက်တွင် ကိုင်စွဲ၍ တဆဆလုပ်နေမိသည်။ လက်အယားကို ဖြေဖျောက်သောအားဖြင့် လက်လှမ်းမီရာ တွေ့ကရာပစ္စည်းဝတ္ထုများကို ခုတ်ထစ်နေမိသည်။

"ယောက်ျား ဓားသွေး၊ မိန်းမ သားမွေး" ဟု ဆိုရိုးစကား ထားရှိခဲ့သည် မှန်သော်လည်း မယ်စိန်ကမူ သားကိုလည်း တစ်ယောက်ပြီး တစ်ယောက် မွေးဖွားခဲ့သည့်ပြင် ဓားကိုလည်း သွေးနေလိုက်ပါသေးသည်။ ဒါပေမဲ့ မယ်စိန် ဓားသွေးခြင်းမှာ လူခေါင်းကို ခုတ်ဖြတ်ရန် မဟုတ်ဘဲ၊ ငါးခေါင်းကိုသာ တိခနဲ တိခနဲ အဆက်မပြတ် သွက်သွက် လက်လက် ခုတ်ဖြတ်နိုင်ရန် အတွက်သာ ဖြစ်သည်။

စိတ်ရှိ လက်ရှိ သွေးထားခြင်း ဖြစ်သောကြောင့်လည်း သူမ၏ ငါးခုတ်ဓားမမှာ အရောင် တလက်လက် ထွက်အောင် တောက်ပနေ၍ ဓားသွား မှာလည်း ထက်လှစွာသည်။ ဓားသွား ဘယ် လောက်ပင် ထက်ပေမဲ့ အောက်ခံ စဉ်းတီတုံး မကောင်းပြန်ပါကလည်း ငါးခုတ်ရာတွင် တွင်ကျယ်ခြင်း ရှိမည် မဟုတ်။ ဒါကြောင့် သူမက ကိုဒေါင်းစိန်အား စဉ်းတီတုံး ကောင်းကောင်း တစ်ခုပြုလုပ်ပေး ရန် ပူဆာရသည်။ ကိုဒေါင်းစိန် ကလည်း သူ့ချုံမှ ဆယ်တင် ထားသော မန်ကျည်းတုံးကြီးကို လွှဖြင့် ဖြတ်ကာ သူမအတွက် မန်ကျည်းသား စဉ်းတီးတုံး တစ်ခု ပြုလုပ်ပေးလိုက်သည်။ ဤမန်ကျည်း သားမှာ မာကျော၍

ခိုင်ခံ့လှသည့်အတွက် စဉ်းတီတုံးဆိုလျှင် မန်ကျည်းသား စဉ်းတီးတုံးမှာ အကောင်းဆုံးဖြစ်သည်။

ဓားကလည်း ထက်ထက်၊ စဉ်းတီတုံးကလည်း မန်ကျည်းသား၊ ငါးခုတ်သည့် သူမှာလည်း စိတ်မြန် လက်မြန် ရှိလှသည့် မယ်စိန် ဆိုတော့ ဘယ်သူ ယှဉ်ပြိုင်နိုင်မည်နည်း။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၂)

"ဖွားသက်တို့၊ အေးဆင့်တို့၊ ပုတိုတို့ရေ ..... လာကြဟေ့၊ ပိန်မှန်လေး အင်းကို ငါးခုတ်သွားကြမယ်"

မယ်စိန်သည် စဥ်းတီတုံးကို ခေါင်းပေါ်တွင်ရွက်၍ ဝဲလက်တွင် ရေနံဆီပုံးလွတ်၊ ယာလက်တွင် ငါးခုတ်ဓားမကို ကိုင်စွဲကာ သူမ အိမ်နီးချင်း ငါးခုတ်ဖော်များအား လှမ်းဟစ်လိုက်၏။ မယ်စိန်၏ ခေါ်သံကြောင့် အသီးသီးပင် မိမိတို့၏ အိမ်ကလေးများ အတွင်းမှ စဥ်းတီတုံးကိုယ်စီ ရွက်၍ ရေနံဆီ ပုံးလွတ်နှင့် ငါးခုတ်ဓားမကို လက်တစ်ဖက်စီတွင် ကိုင်ဆွဲကာ ထွက်လာကြ၏။

လမ်းမတွင် စုံညီစွာ စုရုံးမိသောအခါ မယ်စိန်က ခေါင်းဆောင်၍ ကမ်းနားသို့ ဆင်းလာခဲ့ကြကာ၊ အဆင်သင့် ဆိုက်ကပ် ထားသော လှေကြီး တစ်စင်း ပေါ်သို့ တစ်စုတဝေးကြီး လှမ်းတက်ကြ၏။ ပြီးနောက် ပိန်မှန်လေး အင်း တည်ရှိရာ တစ်ဖက်ကမ်းသို့ ထိုလှေကြီးဖြင့်ပင် ဖြတ်ကူးကြ၏။

အားလုံး တိတ်ဆိတ် ငြိမ်သက်စွာပင် ဖြတ်ကူးလာကြရာမှ လမ်းတွင် မယ်စိန်က တစ်စုံတစ်ရာကို သတိရလို သူ့နောက်ပါများ သို့ လှမ်း၍ -

"ဟေ့ ကောင်မတွေ၊ ဟိုရောက်လို့ ငါးလှေ ရေစင်ကို ကပ်လာရင် လက်နေး မနေကြနဲ့နော်။ အင်းမှာ ငါးအကျ များရင်တော့ ကိစ္စမရှိဘူး၊ ငါးအကျနည်းလို့ ညည်းတို့ ငါတို့က လက်နေးနေမယ် ဆိုရင် သူများ ဦးသွား

လိမ့်မယ်။ ဒီတော့ ငါးလှေမှာ ငါးအပါနည်းရင် ခြင်းတောင်းနဲ့ တင်းဝင်ကျုံးကြ။ ပြီးတော့ ရေစင်ပေါ် သယ်တင်ပြီး ပုံထား၊ ကိုယ့်အဖွဲ့က သယ်တင်ပြီး ပုံထားတဲ့ ငါးပုံကို ကိုယ့်အဖွဲ့သာ ခုတ်ကြစတမ်း မဟုတ်လား၊ ဒီတော့ တို့အဖွဲ့က ငါးများများ သယ်တင်ပြီး ပုံထားနိုင်ရင် တို့တစ်တွေ ငါးများများ ခုတ်ရမှလည်း တို့တစ်တွေ ငါးဆီများများ ရမယ်၊ ဟုတ်တယ် မဟုတ်လားအေ့"

မယ်စိန်၏ ဩဝါဒကို ခံယူသလို အားလုံး ခေါင်းညိတ်ပြလိုက်ကြ၏။

ဟုတ်သည်၊ သူတို့သည် ငါးဆီကို ရလိုမှုအတွက် ခုတ်ပေးရသည့်ပြင်၊ ငါးအကျနည်းသည့် အခါမျိုး၌ ဆိုလျှင် ငါးများများ ခုတ်နိုင်ရန် ကိုယ့်အဖွဲ့နှင့်ကိုယ် လှေထဲမှ ငါးများကို ခြင်းတောင်းနှင့် အလုယက် ဝင်ကျုံးပြီး ရေစင်ပေါ် အခမဲ့ သယ်တင် ပေးရသေးသည်။ ဤကဲ့သို့ အလုအယက် ဝင်ကျုံးရင်း တစ်ဖွဲ့နှင့် တစ်ဖွဲ့ ခိုက်ရန်များကြသည့် အခါမျိုးလည်း ရှိတတ်သေးသည်။

"ဒါပေမဲ့ တို့တစ်တွေ ခုတ်လို့ လက်မနိုင် နိုင်လောက်အောင် ငါးအကျ များနေမယ် ဆိုရင်တော့ အပင်ပန်းခံပြီး ဆင်ကျုံး မနေကြနဲ့နော်၊ သူတို့ အင်းက အင်းလုပ်သားတွေ သယ်တင်ပေးလိမ့်မယ်။ တို့က အခန့်သင့် ထိုင်ခုတ်ကြရုံပဲ ရှိတယ်၊ ကြားကြရဲ့လား ဟေ့"

အားလုံး တိတ်ဆိတ်စွာပင် ခေါင်းညိတ်ပြလိုက်ကြပြန်၏။ မည်သူမျှ ခွန်းတုံ့မပြန်ကြ။ တိတ်ဆိတ် လွန်းလှ၍ မယ်စိန်မှာ ပျင်းလာတော့သဖြင့် သူ့နောက်ပါ မိန်းမများကို တစ်ဦးစီ တစ်ဦးစီ လိုက်လံ ကြည့်ရှုရင်း စကားစ ရှာနေရပြန်၏။

ပထမဆုံး သူမျက်လုံး ရောက်သွားသူမှာ "အေးဆင့်" အမည်ရှိသော မိန်းမပျိုကလေးဖြစ်သည်။ အသက် ၁၆ နှစ်ခန့် ရှိသော အပျိုအရွယ်ကလေးဖြစ်၍ နာမည်နှင့် လိုက်အောင် အနေအေးသလောက် စကားလည်း နည်းလှ၏။ သူမ ငါးခုတ်ရန် လိုက်လာခြင်းမှာ ငါးဆီကို အိမ်သုံးအတွက် အလိုရှိ၍ မဟုတ်ဘဲ၊

ငါးဆီကို ရောင်း၍ ရသော ငွေကလေးများအား တဖြည်းဖြည်း စုဆောင်း၍ လုံချည်အင်္ကျီ ဝယ်ဝတ်ရန် ရည်ရွယ်ချက်ဖြင့် လိုက်ခဲ့ခြင်းသာဖြစ်သည်။ ဤသို့သော ကျောက်ရုပ်လို မတုန်မလှုပ်နှင့် အေးတိအေးစက် နိုင်လှသော မိန်းကလေးမျိုးထံမှ မည်သည့် စကားစမျိုးမှ ရရှိနိုင်လိမ့်မည် မဟုတ်။ ရရှိနိုင်ဦးတော့ အသက်ဝင်၍ ပျော်ရွှင်ဖွယ် ကောင်းသော စကားမျိုး ဖြစ်နိုင်လိမ့်မည် မဟုတ်။

သူ့မျက်လုံးများသည် အေးဆင့်ထံမှ "ပုတို" အမည်ရှိသော အသက်သုံးဆယ်ကျော်ခန့် မိန်းမတစ်ဦး ထံသို့ ပြောင်းသွား ကြပြန်၏။ မပုတို့မှာလည်း နာမည်နှင့် လိုက်အောင် ပုပုတိုတိုကလေးပင်ဖြစ်၏။ အသားမည်း၍ ပါးစပ် ပြဲ၏။ ထူလွှန်းသော နှုတ်ခမ်းရှိ၏။ ဤထူလွှန်းသော နှုတ်ခမ်းကို အကြောင်းပြု၍ မယ်စိန်က "ကောင်မရဲ့ ရုပ်ကိုက တဏှာရာဂအားကြီးမယ့် ရုပ်ပါအေ၊ မယုံရင် သူ့နှုတ်ခမ်းကို ကြည့်ပါလား၊ ဖြစ်ထူကြီးမှ ဖြစ်ထူကြီး" ဟု ကွယ်ရာတွင် အခြားမိန်းမဖော်များအား မှတ်ချက်ချပြောဆိုခဲ့ဖူး၏။

မပုတိုကား နှုတ်ကြမ်း ကိုယ်ကြမ်းနှင့် အာရဲ လျှာရဲဖြစ်သည်။ စကားပြောဆိုရာတွင်လည်း ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းရှင်းရှင်း ပြောချတတ်သည်ဖြစ်ရာ၊ သူမနှင့် စကားပြောရသည်မှာ အသက်ဝင်၍ လှုပ်ရှားမှု ရှိသည်။ ပြီးတော့ သူမနှင့် ပတ်သက်၍လည်း မယ်စိန်၌ ပြောစရာ စကားစများ ရှိနေသည်။

"ဟော့ ပုတိုရဲ့၊ ညည်းရဲ့ နောက်ဆုံးလင်ကိုလည်း ညည်းကန်ချလိုက်ပြန်ပြီဆို၊ ဒီတစ်ယောက်ပါနဲ့ ဆိုရင် ညည်းလည်း သုံးလင်တောင် ရှိသွားပြီနော်။ "သုံးကျောင်းပြောင်းသောရှင်၊ သုံးလင်ပြောင်းသော မိန်းမ" လို့ ရှေးလူကြီး သူမများက ဆိုထားတယ်အေ့၊ အခု ညည်းလည်း သုံး လင်ပြောင်းခဲ့တဲ့ မိန်းမဆိုတော့ သိပ်မကောင်း တော့ဘူး ထင်တယ်အေ"

မယ်စိန်၏ စကားမှာ ပိသာလေးနှင့် နံဘေးကို တအားပစ်လိုက်သလို မပုတိုအား အထိ နာသွားစေ၏။ မယ်စိန် ပြောတာလည်း မှန်လှပေသည်။ သူမသည် တစ်လင်ပြီး တစ်လင် ပြောင်းခဲ့ရာ ယခု သုံးလင်ပင် ရှိသွားပြီဖြစ်၏။ ဟုတ်တာဆို နာလိုခံခက် အမျက်ထွက် ဟူသော စကား အနာပေါ် တုတ်ကျ သလို ဆတ်ဆတ်ခါအောင် နာသွားတတ်သည် မဟုတ်ပါလား။ ဒါပေမဲ့ မပုတို့ကလည်း မပုတို့၏ ဆင်ခြေနှင့် မပုတို ဖြစ်ပါသည်။

"ဩော် ... အစ်မကြီး မယ်စိန်ကလည်း ခက်ရန်ကောနော်၊ ကျုပ် သုံးလင်ပြောင်းခဲ့တာကိုသာ ပြောတကိုး၊ အဲဒီပြောင်းခဲ့တဲ့ လင်တွေက ဘယ်လို လင်စားတွေဖြစ်ပြီး ဘာဖြစ်လို့ ပြောင်းရတယ် ဆိုတာကိုတော့ ထည့်မပြော ဘဲကိုးတော့"

မပုတို၏ အဆုံးမသတ်သေးသော စကားကို မယ်စိန်က အပြုံး တစ်ဝက်ဖြင့် နားထောင်နေရာက ဘာတစ်ခွန်းမှ ပြန်မပြောသော်လည်း "အင်း ရှေ့ဆက်ပြီး ဆိုစမ်းပါဦးလေ" ဟူသော သဘောကိုကား သူမ၏ ပြုံးစိစိ မျက်နှာထားက ဖော်ပြနေ၏။

"ကျုပ်ဟာ ငယ်ငယ်ကလေးထဲက ကျုပ်မိဘများနဲ့အတူ လက်ရေ တစ်ပြင်တည်း လုပ်စားလိုတယ် ဆိုတာ အစ်မကြီး မယ်စိန်လည်း သိမှာပေါ့နော်၊ အိမ်ထောင်ကျလို့ လင်သားရတဲ့ အခါမလည်း ကျုပ် မိဘနဲ့ မခွဲခဲ့ဘူး၊ အတူတူပဲ လက်ရေတစ်ပြင်တည်း လုပ်ကိုင် စားသောက်လာခဲ့တာပဲ။ အဲဒါ ကိုယ်တော်မြတ် တွေက ကျုပ်မိဘနဲ့ အတူမနေနိုင်ဘူး၊ အိမ်ခွဲဆင်းမယ်လေး ဘာလေးနဲ့၊ တစ်ဆိတ်ရှိ မိဘကိုချည်း ခလုတ်တိုက် ပြောနေလို့ ကိုင်း ... မောင်မင်းကြီးသား၊ ကျုပ်မိဘနဲ့ အတူမနေနိုင်ဘူး ဆိုရင် ကြွတော်မူ၊ လင်သေရင် လင်အစား ပြန်ရနိုင်တယ်၊ မိဘသေရင် မိဘအစား ပြန်ရနိုင်တာ မဟုတ်လို့ ကျုပ်တော့ ကျုပ်မိဘကို ခွဲပြီး တော်နောက်ကို မလိုက်နိုင်ဘူး တော်ရှေ့လို့ ပြောင်ပြောင်ပဲ ပြောလွှတ်လိုက်ရတယ်။ သုံးယောက်စလုံး ဒီလိုချည်းမို့ သုံးလင်လုံး ပြောင်းခဲ့

တယ်၊ ဒါလောက်တောင် လင်မရှားပါဘူးတော်။ ယောက် တစ်ယောက်၊ ယော တစ်ယောက် ယူပစ်လိုက်မယ်၊ သာသနာ ငါးထောင်ကို လင်ခြောက်ထောင် ပြည့်သွားပစေ”

သူမ၏ အပြောမှာ ဒေါ်ပါလှသည်ဖြစ်၍ မယ်စိန်နှင့်တကွ အခြား မိန်းမဖော်များမှာ အူလှိုက် သည်းလှိုက် ရယ်မောနေကြရသည်။ မပုတို၏ စကားမှာ မှန်သင့်သလောက် မှန်သော်လည်း သူ့မိဘမှ သူ့မိဘဟု တစ်ဖက်သတ် ကျလွန်းနေသည့် သူမ၏ အပြစ်ကြောင့်သာ လင်မမြဲခြင်း ဖြစ်သည်ကို အတွင်းသိ အစဉ်းသိ ဖြစ်နေသော မယ်စိန်တို့ကတော့ မကောင်းတတ်၍သာ ထုတ်မပြော ကြသည်။ ဝမ်းထဲကမူ ကျိတ်၍ ပြုံးနေကြ၏။ မပုတို လင်သားများဘက်က အရေးကိစ္စ တစ်စုံတစ်ရာ ကြုံကြိုက်လာ၍ သူမ၏ လင်သားများက ဝတ္တရားအရ အနည်းငယ်မျှ ကြည့်ရှု ထောက်ပံ့လိုသော်လည်း မပုတိုက အပြောပင်မခံ။

လုပ်ကိုင် ရှာဖွေ၍ ရသမျှ သူမသာ လက်ဝါးကြီး အုပ်ထားပြီး သူမ၏ မိဘကိုသာ ဖို့တတ်၏။ ထို့ကြောင့်ပင် သူမ၏ လင်သားများမှာ သူမထံမှ တစ်ယောက်ပြီး တစ်ယောက် ခွဲထွက်သွားကြခြင်းဖြစ်သည်။

“ဒီလိုလည်း မဟုတ်သေးဘူး ပုတိုရဲ့၊ ကိုယ့်မိဘနဲ့ အတူနေပြီး ကိုယ့်မိဘကို လုပ်ကျွေးသမှု ပြုရတာလည်း ပြုရတာပေါ့၊ ဒါပေမဲ့ သူ့မိဘ သားချင်းဘက်က အရေးကိစ္စရယ်လို့ ကြုံလာပြန်ရင်လည်း ကိုယ်က အလိုက်သိ တတ်ဦးမှ ပေါ့အေ့၊ ဒါမှသာ တာရှည် တည်မြဲကြတော့မပေါ့။

တို့အိမ်ထောင် မှာဆိုရင် ဒေါင်းစိန်ဟာ ရှာလို့ရသမျှ ငါ့ကို အကုန်အပ် တာပဲ၊ ငါလုပ်သမျှ ကောင်းတယ် ဆိုးတယ် တစ်ခွန်း မပြောဘူး၊ ပြောစရာ မလိုအောင်လည်း ငါက လုပ်ထားတာကိုး။ သူ့ဘက် ငါ့ဘက်ရယ်လို့ ခွဲခြား မနေပါဘူး၊ သူ့ဘက်က အရေးကိစ္စ ကြုံလာရင် ကြီးရင် ကြီးသလို၊ ငယ်ရင် ငယ်သလို ကိုယ့် အားကိုယ် ကြည့်ပြီး သူ မပြောခင်ထဲက တတ်နိုင်သလောက်

ထောက်ပံ့လိုက်တာပဲ၊ ဒီတော့ သူ့အဖို့လည်း ပြောစရာ မလိုအောင် ကျေနပ်သွားရတာပေါ့၊ ဒါမှလည်း တာရှည် မြဲကြတော့မပေါ့အေ့"

မယ်စိန်၏ စကားမှာ တရားလမ်းမှန်ကျသည် မှန်သော်လည်း မပုတို၏ နားထဲမှာမူ ပျားသကာလို မချိုဘဲ တမာကဲ့သို့ ခါးသွားဟန်ရှိသည်။ သို့သော် မည်သို့မျှ မယ်စိန်အားပြန်၍ နှုတ်လှန်မထိုးဝံ့ချေ။ မယ်စိန်ကား ကြမ်းစရာ ရှိလျှင် သူမထက် ပိုကြမ်းသည်။ ထို့ကြောင့်လည်း မပုတိုမှာ စကားကို ထပ်မဆက်တော့ဘဲ ငြိမ်သက် နေလိုက်ရတော့သည်။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

(၃)

မယ်စိန်တို့ လှေကြီးသည် ပိန်မှန်လေး အင်းတဲရှိရာ ကမ်းစပ်မှ ရေပြင်ပေါ်တွင် ဆောက်လုပ်ထားသော ရေစင်တွင် ဆိုက်ကပ်မိလေပြီ။ ရေစင်ပေါ်တွင်ကား သူတို့အလျင် ရောက်နှင့်နေသော ပိန်မတို့ ငါးခုတ်သမား အဖွဲ့ကို တစုတဝေးကြီး တွေ့မြင်ကြရသည်။ သူတို့သည် ရေစင်ပေါ်တွင် တုံးလုံးလျောင်းကာ ထဘီများ ဖိုသီဖတ်သီဖြင့် တစ်ယောက်ခေါင်းကို တစ်ယောက် သန်းရှာ သန်းတုပ်ရင်း အတင်းအဖျင်း ပြောနေကြ ဟန်ရှိသည်။

မယ်စိန်နှင့်တကွ မယ်စိန်တို့ အဖွဲ့သားများက သူတို့အလျင် ရောက်နှင့်နေသော ပိန်မတို့အဖွဲ့ကို မျက်နှာ ခပ်တင်းတင်းဖြင့် ရန်သူကြည့် ကြည့်လိုက်သလို။ ပိန်မတို့ အဖွဲ့သားများကလည်း မယ်စိန် တို့အဖွဲ့အား မျက်စောင်းထိုးကာ မေးငေါ့ကာဖြင့် တုံ့ပြန်ကြည့်ရှုကြ၏။ ဤနှစ်ဖွဲ့ကား ငါးကျသော အင်းများတွင် ငါးလိုက် ခုတ်ကြရာမှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ငါးလုရင်း သတ်ဖော်သတ်ဖက်များ ဖြစ်၍ မျက်နှာကြော မတည့်ကြပေ။

မယ်စိန်နှင့် သူ့နောက်ပါ မိန်းမများသည် ရေစင်ပေါ်တွင် နေရာယူကာ ထိုင်မိကြပြီးနောက် မယ်စိန်သည် အင်း၌ ငါးအကျ အနည်းအများကို သိရှိနိုင်ရန် ငါးလှေ့ရှိရာသို့ စူးစမ်းကြည့်ရှုလိုက်သည်။ ငါးလှေ့မှာ သူမတို့ ရေစင်နှင့် မနီးမဝေးနေရာရှိ ပိန်မှန်လေးအင်း၏ ဆည်ဝတွင် ရောက်ရှိနေသည်။ ဆည်ဝတွင် တပ်ဆင် ထားသော ပုံလုံများကို ဖော်ကာ ငါးများကို လှေ့ထဲသို့ လောင်းထည့်

နေကြသော အင်းလုပ်သားများ ကိုလည်း တွေ့မြင်ရသည်။ ဗုံလုံထဲတွင် ငါးအပါနည်းလျှင် အင်းလုပ်သား များမှာ ငြိမ်သက်တိတ်ဆိတ် နေတတ်ကြသော်လည်း၊ ငါးများဖြင့် ပြည့်ကျပ်နေသော ဗုံလုံကို ဖော်မိသည့် အခါတွင်မူကား ဗုံလုံထဲမှ ငါးများကို လှေထဲသို့ လောင်းချရင်း "ဝေး ဟေး ဟေး" ဟူ၍ သံပြိုင်ကြွေးကြော်လိုက်သံ၊ စကားပြောသံ များဖြင့် ဆူညံနေသည်။

ပိန်မှန်လေး အင်းသားကြီးသည် ငါးလှေ၏ အလယ်တွင် ထည်ဝါခံ့ညားစွာ ရပ်လျက် တပြုံးပြုံး ဖြစ် နေသည် ကို ထောက်၍ လည်းကောင်း၊ တစ်ခါတစ်ရံ သူ့လူများသို့လှမ်း၍ "ဟေ့ ဖိုးမင်းကျော်အရှင်ကြီး မပြီ ထင်တယ်ကွ၊ ညကျမှ ကြက်နဲ့ အရက်ကို ထပ်ပြီး ပသ လိုက်ရဦးမှာပေါ့ကွာ" ဟု ပြောနေသံကို ကြားလိုက်ရ၍ လည်းကောင်း အင်းမှာ ငါးအကျများပြီဟု မယ်စိန်က မှတ်ယူလိုက်၏။

ငါးလှေ ရေစင်သို့ ဆိုက်ကပ်လာရန်မှာ အချိန် အတော်ကြာအောင် စောင့်ရဦးမည် ဖြစ်သဖြင့် မယ်စိန်သည် တုံးလုံး လျောင်းလိုက်ကာ ပုတိုအား တစ်ယောက် တစ်ပြန်စီ သန်းရှာ သန်းတုပ်ကြရန် အဖော်ညှိလိုက်၏။ ဤဘက်တွင် ဝါသနာကြီးလှသော ပုတိုကလည်း ငြင်းပယ်ခြင်း ပြုမနေဘဲ ချက်ချင်းပင် မယ်စိန်၏ ဆံပင်ကြား ထဲသို့ သူ့လက်ချောင်းများကို ထိုးသွင်းပြီး ဆံပင်များကို ဖြကာခွဲကာ သန်းကြီးမ လိုက်ရှာနေ၏။ သန်းကြီးမ လိုက်ရှာရင်း လမ်းခုလတ်တွင် တွေ့ရသော သန်းဥများကိုပင် ချန်မထားဘဲ ဆွဲနုတ်ကာ အားပါးတရ တုပ်ချလိုက်၏။

မိန်းမများသည် သန်းရှာသန်းတုပ်ရင်း အတင်းအဖျင်း ပြောလိုသည့် စိတ်များ ပေါ်ပေါက်လာတတ်သည်မှာ ဓမ္မတာပင် ဖြစ်ဟန်တူပါသည်။ အကြောင်းကို ဆိုသော် မပုတိုသည် မယ်စိန်၏ ခေါင်းမှ ပထမဆုံး သန်းဥကို တုပ်လိုက်သည့် အချိန်တွင် သူတို့၏ ရန်သူတော်အဖွဲ့မှ ခေါင်းဆောင် ပိန်မ၏ အကြောင်း မကောင်း ပြောလိုစိတ်မှာလည်း တစ်ချိန်တည်းမှာပင် ပေါ်ပေါက်လာ၏။

သူမသည် ပိန်မရှိရာသို့ တစ်ချက်မျှ စောင်းကြည့် လိုက်ပြီးနောက် မယ်စိန်၏ နားဝသို့ သူမ၏ နှုတ်ခမ်းအစုံကို ကပ်လိုက်ပြီးနောက် "ဟောဒီ ပိန်မဆိုတဲ့ ကောင်မဟာ ကောင်းတဲ့မိန်းမ မဟုတ်ဘူးတော့၊ လင်ကြီး ဖုတ်တုတ်ထားပြီး လင်ငယ်နဲ့ မျောက်မွေးနေတဲ့ ကောင်မပေါ့။ အစ်မကြီး မယ်စိန်ရော သိရဲ့လား" ဟု ခပ်တိုးတိုး ပြောလိုက်၏။

မယ်စိန်၏ ခေါင်းမှာ ဆတ်ခနဲ ကြွလာပြီးနောက် "ဟင့်အင်း၊ ငါမသိပါလား၊ ဘယ်တုန်းကလဲ၊ ဘယ်သူနဲ့လဲ" ဟု အသက်မရှူနိုင်အားဘဲ တုံ့ပြန် မေးခွန်းထုတ်လိုက်၏။ မယ်စိန်ကလည်း ဒါမျိုးဆိုလျှင် လက်ဖက်ထက်ပင် ကြိုက်နှစ်သက် ဟန်တူပါသည်။

"ဩ အစ်မကြီး မယ်စိန်က မသိသေးဘဲကိုး၊ သူတို့အဖြစ်က အတော်ပဲ ရယ်စရာ ကောင်းသတော့။ တခြား လူနဲ့တော့ဖြင့် မဟုတ်ဘူး၊ ရွာထဲက သူခိုးထွန်းစိန်နဲ့ တဲ့တော့"

"ဟေ ဟုတ်လား၊ ဖြစ်ပုံကို ပြောပြစမ်းပါဦး"

"ဖြစ်ပုံကတော့ တစ်ည သူ့လင် ပိုက်သွားချနေတုန်း သူခိုးထွန်းစိန်က ခိုးရအောင် သူတို့အိမ်ကို တက်သတဲ့တော့။ "ချွတ်" ခနဲ ခြေသံမြည်သွားတော့ ကောင်မက သူ့လင်မှတ်ပြီး လှမ်းခေါ်သတဲ့၊ ဒီတော့ ထွန်းစိန် ကလည်း သူ့လင်လိုလို ဘာလိုလိုနဲ့ မသဲမကွဲ ပြန်ထူးပြီး သူနဲ့အတူ ဝင်အိပ်လိုက် သတဲ့တော့။ အဟိ ... ပုံများကျိတ် တယ်ဆိုတာ ဒါမျိုးကို ခေါ်တာပဲ ထင်ပါရဲ့နော်၊ နောက်ကောင်မက ဆေးလိပ်သောက်ချင်လို့ ပြုန်းခနဲ မီးထထွန်းတော့မှ သူ့လင်မဟုတ်ဘဲ ထွန်းစိန် ဖြစ်နေမှန်းသိရသတဲ့။ ဒီတော့ ကောင်မက ပေါက်တဲ့ နဖူး မထူးတော့ဘူးဆိုပြီး ဘာမှ ပြောမနေတော့ဘဲ။ နောက် သူ့လင် ပိုက်သွား ချတဲ့ ညတိုင်း ညတိုင်း ချိန်းအိပ်ကြသတဲ့။ တစ်ည သူ့လင် ပိုက်ချရာက ပြန်လာတော့ သူတို့နှစ်ယောက် အိပ်လျက်သား မိနေလို့ တုတ်တပြတ်

ဓားတပြက်နဲ့ တစ်ရွာလုံး ဟိုးလေးတကျော်ကျော် ဖြစ်သွားပါရောလားလို့။ ဒါတောင်မှ အစ်မကြီး မယ်စိန် မသိလိုက်တာ အံ့ပါရဲ့တော်" မယ်စိန်ကား တပြုံးပြုံးနှင့် ကျေနပ်သွားတော့သည်။ ပိန်မတို့ အဖွဲ့နှင့် သူမတို့အဖွဲ့မှာ ငါးလုရင်း သတ်ပုတ်နေကျ ရန်ဘက်တွေဖြစ်ရာ သတ်ပုတ်သည့် အခါတိုင်း၌လည်း တစ်ယောက်နှင့် တစ်ယောက် ငယ်ကျိုးငယ်နာတွေကို ထုတ်ဖော် ရေရွတ်ကြ မြဲဖြစ်၍၊ သည်တစ်ချီ ငါးလုရင်း သတ်ကြရလျှင် ပိန်မ၏ ငယ်ကျိုးငယ်နာကို ထုတ်ဖော်ရန် အချက်အလက် အသစ်များ ထပ်မံ ရရှိထားခြင်း ဖြစ်သောကြောင့် မယ်စိန် ကျေနပ်သွားခြင်းဖြစ်သည်။

အင်းလုပ်သားများကား ဗုံလုံများကို တစ်လုံးပြီး တစ်လုံး ဖော်ကာ ငါးလှေထဲသို့ ငါးများကို လောင်း ချနေဆဲ ပင် ဖြစ်သည်။ သူတို့၏ အထက်၌ကား မြစ်တွေး၊ စင်ရော်၊ စွန်စသော ငှက်မျိုးစုံတို့သည် သံစုံရင့်ကျူးကာ ပျံဝဲ နေကြသည်။ တစ်ခါ တစ်ရံတွင် ရေပေါ်၌ မျောပါသွားသော ငါးသေကလေး များကို ထိုးသုတ် ကိုက်ချီ သွားတတ်ကြသေးသည်။

ဆည်တိုင်များပေါ်တွင်ကား ဗျိုင်းဖြူနှင့် ဗျိုင်းအောက်များသည် ငုတ်တုတ်ကလေး နားကာ ငါးချောင်း နေကြသည်။ ကံဆိုးမိုးမှောင်ကျ နေဟန်ရှိသော ဗျိုင်းဖြူတစ်ကောင်မှာမူ "ကောင်းကင်လေး" တပ်ဆင် ထားသော ဆည်တိုင်ထိပ်တွင်မှ သွားနားမိသဖြင့် ခလုတ်ပြုတ်ပြီး ကောင်းကင်လေးမှ မြားတံမှာ တစ်ဟုန်ထိုး ခါထွက်လာကာ ဗျိုင်းဖြူ၏ ရင်ဝမှ ကျောသို့ ထုတ်ချင်းခပ် ဖောက်သွား၏။ အင်းလုပ်သား တစ်ယောက်က "အရက်နဲ့မြည်းဖို့ အဖက်ရပြီကွ" ဟု ဝမ်းသာအားရ ကြွေးကြော်ကာ ထိုဗျိုင်းကို အပြေးအလွှား သွားကောက်၏။ ပတ်ဝန်းကျင်တွင် အေးချမ်းငြိမ်သက်စွာ ရပ်နားနေကြသော ငှက်များမှာ တအုန်းအုန်းနှင့် လန့်ဖျပ်ပျံသန်းကုန်ကြ တော့၏။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၄)

မယ်စိန်တို့ စိတ်အားထက်သန်စွာ စောင့်မျှော်နေကြသော ငါးလှေကား ငါးအပြည့်အသိပ်ဖြင့် ရေစင်သို့ ချဉ်းကပ် လာပေပြီ။

မယ်စိန်သည် ရေစင်ပေါ်မှနေ၍ လျှင်မြန်ဖျတ်လတ်သော မျက်လုံးစုံဖြင့် ငါးလှေထဲမှ ငါးများကို စူးစမ်း ကြည့်ရှု လိုက်သည်။ ငါးလှေကြီးထဲတွင်ကား ငါးရံ့ကြီးများလည်း ပါသည်။ ငါးဖယ်များလည်း ပါသည်။ ငါးမြွေထိုးများလည်း ပါသည်။ သို့သော် ဒိုး၊ ချောမီးနီငါး စသော ကောင်လတ်ငါးများနှင့် ငါးဘူး၊ ငါးဘဲ စသော ကောင်းသေးငါး များက ပို၍များသည်။

လှေဝမ်းထဲမှ ငါးများမှာ တဖျတ်ဖျတ် ခုန်နေကြသလို မယ်စိန်၏ ရင်ထဲ၌လည်း ငါးဝမ်းထဲမှ ငါးဆီကို ရယူလိုသော လောဘဇောဖြင့် တဆတ်ဆတ် ခုန်နေသည်။ ငါးခေါင်းကို ခုတ်ဖြတ်လိုသော ဆန္ဒဖြင့် သူ့လက်များမှာလည်း ပို၍သာ ယားလာကြသည်။ သူမသည် ထဘီကို ဒူးဆစ်ဖုံးရုံမျှ ခပ်တိုတို ပြင်ဝတ် လိုက်ကာ သူ့နောက်ပါ မိန်းမများသို့ လက်ရိပ် ပြလိုက်သဖြင့်၊ နောက်ပါ မိန်းမများသည် ခြင်းတောင်းများကို ကိုင်ဆွဲပြီး မယ်စိန်ကို တပ်ဦး၌ တင်ထားကာ ငါးလှေ အနီးသို့ ချီတက်ဝန်းဝိုင်း လိုက်ကြသည်။ ပိန်မတို့ အဖွဲ့ကလည်း ပိန်မ ခေါင်းဆောင်ကာ ငါးလှေကို ဝိုင်းရံပြီး ဖြစ်နေပါသည်။ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကတော့ ဝေ့တော့မည့် နွားသိုးနှစ်ကောင်လို ခပ်စောင်စောင်ပင်။

ထမင်းတစ်လုတ် စားရဖို့အရေးမှာ လွယ်သည် မဟုတ်။ နေရာတကာ အပြိုင်အဆိုင်နှင့်ချည်း၊ အနှောင့်အယှက်နှင့်ချည်း ဖြစ်၍ အလုအယက်လုပ်နိုင်မှ တန်ကာကျသည်။ ရှင်းရှင်းဆိုရလျှင် လုစားနိုင်မှ ထမင်းဝသော ခေတ်ဖြစ်သည်။ သည်လိုခေတ်မျိုးမှာ သည်ဘဝသည် ဆီထိသော ဝါဂွမ်းလို နူးညံ့သိမ်မွေ့မည် မဟုတ်။ ကျောက်ဆောင် ကျောက်သားလို မာကျောခက်ထန်မည်သာ ဖြစ်သည်။ မာကျောခက်ထန်သော ဘဝကို နူးညံ့သိမ်မွေ့သော စိတ်နှလုံးဖြင့် ရင်ဆိုင်၍ ရနိုင်ပါမည်လော။ မရနိုင်။ မာကျောခက်ထန်သော စိတ်နှလုံးဖြင့် ရင်ဆိုင်မှသာ အနိုင်ရရှိပေမည်။

မယ်စိန်သည် မည်သူ့ကိုမှ အနိုင်မခံသော မျက်နှာထားဖြင့် ငါးလှေထဲမှ ငါးများအား ခြင်းတောင်းဖြင့် အတင်းဝင် ကျုံး၏။ ပိန်မကလည်း အလားတူပင် တွန့်ဆုတ်ခြင်းမရှိဘဲ အတင်းပင် ဝင်ကျုံး၏။ မယ်စိန်သည် ငါးများကို ကျုံးရင်း ငါးများအောက်မှ ရှည်မြောင်းမြောင်း ချောကျိကျိ တစ်စုံတစ်ခုကို လက်တွင်း၌ ဆုတ်ကိုင်မိ သဖြင့် ဆွဲထုတ်ကြည့်လိုက်ရာ ရေမြွေတစ်ကောင် ဖြစ်နေသည်ကို မြင်ရသောကြောင့် "ဟောတော့၊ သောက်ပလုတ်တုတ်" ဟု ဆိုမြည်ရင်း ယောင်ယမ်း လွှင့်ခါပစ်ရာ ပိန်မ၏ လည်ပင်းတွင် ဆွဲကြိုး တစ်ကုံး ဆွဲထားသလို ခေါက်လျက်သား သွားတင်နေ၏။

ပိန်မသည် ငယ်သံပါအောင် အော်ရင်း လန့်ဖျပ်၍ ထခုန်လိုက်ရာ၊ လည်ပင်းတွင် ခေါက်လျက်သား တင်နေသော ရေမြွေကလေးမှာလည်း အောက်သို့ လျောကျသွားရ၏။ မူလကပင် မျက်နှာကြော မတည့်သည့် သူချင်းမို့ ဤအပြုအမူအတွက် ပိန်မသည် မယ်စိန်အပေါ်တွင် ယမ်းပုံမီးကျ ဒေါ်ထသွား၏။

"ဟဲ့ သောက်ကန်းမရဲ့၊ ဒါ နင် ငါ့အပေါ်ကို တမင်ပစ်တင်လိုက်တာ မဟုတ်လား၊ ဟင်း လူတစ်ယောက်လုံး ရပ်နေတာတောင် မမြင်လို့ပါ ဆိုရင်လည်း နင့် မျက်စိက ဘာ ထိုးထားလို့လဲ ဟဲ့"

ပိန်မ သည် မယ်စိန်အား လက်ညိုးတငေါက်ငေါက် ထိုးကာ ထိုးကာဖြင့် ပစ်ပစ်ခါခါ ဆိုလိုက်၏။ "ပျော့လျှင် ဖယောင်း၊ မာလျှင် သံချောင်း" ဟူသော စိတ်ထားမျိုးရှိမည့် မယ်စိန်ကလည်း တစ်ဖက်က ရင့်သီးရိုင်းပျစွာ တိုက်ခိုက်လာမှုကို ရင့်သီးရိုင်းပျသော လေသံဖြင့်ပင် တုံ့ပြန်လိုက်၏။

"ဟဲ့ ဖေမရဲ့၊ နင် တမင်ပစ်တင်တယ်လို့ ထင်ရင်လည်း တမင်ပစ်တင်တာပဲလို့ မှတ်လိုက်ပေါ့၊ ငါ့မျက်စိမှာတော့ ဘာမှ ထိုးမထားပါဘူး၊ နင့် (...) မှာသာ ဘာထိုးထားတယ်ဆိုတာ နင့်ဟာနင် ပြန်ပြီး ငုံ့ကြည့်ဦးဟဲ့ ဖေမရဲ့"

"ဤရန်ပွဲကို ဘေးမှဝိုင်းကြည့်နေသော အင်းလုပ်သားများမှာ မယ်စိန်၏ စကားကို သဘောကျလှ၍ ဝါးခနဲ ရယ်လိုက်ကြ၏။ သနားစရာ ကောင်းလှသော ပိန်မခမျာတွင် အထိနာလှသော မယ်စိန်၏ စကားလုံးများကြောင့် ငါးရံ့ပြာလူးသလို ဆတ်ဆတ်ခါ ထွန့်ထွန့်လူး ဖြစ်သွားတော့၏။

ဤသို့ဖြင့် ရန်ပွဲမှာ မဆုံးနိုင်အောင် ဆက်သွားတော့၏။ တစ်ယောက်နှင့် တစ်ယောက် ငယ်ကျိုး ငယ်နာတွေကို ရှည်လျားလှသော စာရင်းကြီးတစ်ခု ပြုလုပ်၍ ဖော်ထုတ်တိုက်ခိုက်ကြ၏။ ဤသို့ ငယ်ကျိုးငယ်နာများကို ဖော်ထုတ်ကြရာဝယ် မယ်စိန်မှာ ငယ်ရွယ်နုပျိုစဉ် ယခုအချိန်အထိ ကိုဒေါင်းစိန် တစ်ဦးတည်းကိုသာ တစ်ရည်းစား တစ်လင်အဖြစ် မြဲခဲ့သည်ဖြစ်ရာ ဤမှာဘက်၌ နာမည်ပျက် မရှိသောကြောင့် ပိန်မအပေါ်တွင် တစ်ပန်းသာလျက်ရှိ၏။

မယ်စိန်ကမူ ပိန်မနှင့် ပတ်သက်၍ သူခိုးထွန်းစိန်နှင့် မျောက်မွေးနေသည် ဟူသော တိကျမှန်ကန်သည့် အချက်အလက်ပေါ်တွင် အခြေပြု၍ ထပ်တလဲလဲ ဖော်ထုတ် တိုက်ခိုက်လိုက်သဖြင့် ပိန်မခမျာ အရေးနိမ့်စပြုလာရ၏။ မယ်စိန် ထုတ်ဖော် တိုက်ခိုက်လိုက်သမျှကိုလည်း အင်းလုပ်သားများက တဝါးဝါး ရယ်မောကာ ကောင်းချီးသြဘာ ပေးနေသောကြောင့်လည်း ပိန်မခမျာ လော်ရင်းနစ်သလို အပြိုင်ပြောနေရင်းမှပင် တစ်ပန်းရှုံးနေရရှာ၏။

နောက်ဆုံးတွင် အင်းလုပ်သားများက အင်းမှာ ငါးအကျများမည်ဖြစ်၍ ဤကဲ့သို့ အလုအယက် ဝင်ကြုံးရန် မလိုကြောင်း၊ ငါးများဖြင့် ပြည့်ကျပ်နေသော ပုံလုံများကို တစ်ပြန်ပြီး တစ်ပြန်ဖြင့် ထပ်ပြန် တလဲလဲ ဖော်နေရသည့်အတွက် ငါး မခုတ်ရမည်ကို စိုးရိမ်ပူပန်ဖို့ မရှိကြောင်း၊ ထို့ကြောင့် ရေစင်ပေါ်တွင်သာ အေးအေး သွားထိုင်နေကြပါ၊ သူတို့ သယ်တင်ပေးပါမည်ဟုဆိုကာ ကြားဝင်၍ ဖျန်ဖြေလိုက်မှ ရန်ပွဲကြီးမှာ စဲသွားတော့၏။

သို့သော် ရေစင်ပေါ်တွင် ကိုယ့်အဖွဲ့နှင့်ကိုယ် နေရာယူ ထိုင်မိကြကာ အင်းလုပ်သားများ သယ်တင် လာမည့်ငါးများကို စောင့်ဆိုင်းနေရင်းမှပင် တစ်ဦးနှင့် တစ်ဦး မျက်စောင်းထိုးခြင်း၊ မေးငေါ့ခြင်း၊ ပါးစပ်ကို မဲ့ရွဲ့ပြခြင်း၊ မကြားတကြား စောင်းချိတ်ပြောခြင်း၊ ဆီမန်း မန်းသလို တိုးတိုး တိုးတိုးဖြင့် တွတ်ထိုးခြင်း စသော နည်းများနှင့် စစ်အေးတိုက်ပွဲကို ဆက်လက် ဆင်နွှဲနေကြပေသေး၏။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

## (၅)

အင်းလုပ်သားများ သယ်တင်ပေးသော ငါးများကား မယ်စိန်တို့အဖွဲ့နှင့် ပိန်မတို့အဖွဲ့အကြားရှိ နေရာ ကွက်လပ်တွင် တောင်ပုံရာပုံ မောက်ဖြိုးနေလေပြီ။ ဒိုးဟု ခေါ်သော ငါးဖယ်အောင်းနှင့် ချောမီးနီဟုခေါ်သော ငါးခုံးမ မီးနီကြီးများမှာ ဝမ်းပိုက်ကြီးများ ဖောင်းဖောင်း ကားကားဖြင့် မက်မောစရာကြီး ဖြစ်နေသည်။ ငါတို့၏ ဖောင်းကားနေသော ဝမ်းပိုက်များကို ရှုလော့။ ဤဝမ်းပိုက်ကြီးများထဲ၌ အဖိုးတန်လှသော ငါးဆီ အပြည့်ရှိသည်ဟု ထုတ်ဖော် ဝင့်ကြွား နေသယောင် ယောင်။ လာလှည့်ကုန်၊ ဖောက်လှည့်ကုန်၊ ဖောင်းကားနေသော ငါတို့၏ ဝမ်းပိုက်ကို ဖောက်ခွဲ၍ အဖိုးတန်လှသော ငါးဆီကို ထုတ်ယူကြလော့ဟု ငါးခုတ် သမများအား ဖိတ်ခေါ်နေဟန်။ သို့သော် ငါးခုတ်သမ များကား ထိုငါးများ မြင်ရုံသာမြင်ရ မကြင်ရမောင့်ကို ဆိုသလို ကြည့်ရုံသာ ကြည့်ဝံ့သည်။ ထိတော့ မထိရဲ။ သူတို့အနီး၌ အင်းသားကြီးကတော် ကိုယ်တိုင် ကြပ်မတ်ကြည့်ရှုပြီး ထိုငါးနှစ်မျိုးကို သီးသန့် ရွေးထုတ် ခိုင်းနေသည်။

အမှန် ကတော့ ဤငါးနှစ်မျိုးကို ဖောက်ရမှ အသားပါသည်။ ဤငါးနှစ်မျိုး၏ ဝမ်းထဲတွင် ငါးဆီပြင်ကြီးမှာ အတုံးလိုက် အခဲလိုက်ဖြင့် သီးသန့် တည်ရှိနေသည်ဖြစ်ရာ ငါးဆီမှာ သန့်ရှင်းသည်။ ပြီးတော့ ငါးဆီ အထွက်လည်း များသည်။ ထို့ကြောင့်လည်း ငါးဆီများမှာ "ဝမ်းဖောက်ဆီ" ဟူသော သီးသန့်အမည်ဖြင့် အင်းသား လောကမှာ ထင်ပေါ်ကျော်ကြားသည်။ တန်းမြင့်သည်။ ဈေးပိုသည်။ ကျန်ရှိသည့် ငါးဘူး၊ ငါးဘဲ စသော ကောင်သေးငါး

များတွင်ကား ခေါင်းကို ခုတ်ဖြတ်ကာ ငါးဝမ်းထဲမှ နည်းပါးလှသော ငါးဆီနှင့် ချေးများ၊ အူများ အရောရော အထွေးထွေးနှင့် ညှစ်ထုတ်ယူရသည်ဖြစ်ရာ ငါးဆီမှာ မသန့်ရှင်း။ ငါးဆီအထွက်လည်း နည်းပါးလှသည်။ တန်ဖိုးကလည်း မရှိ။

ထို့ကြောင့်ပင် အင်းသားကြီး ကတော်က ငါးဆီမှာ သန့်၍ အထွက်လည်း များသော ဒိုးနှင့် ချောမီးနီ ငါးနစ်မျိုးကို ငါးခုတ်သမများအား မထိစေဘဲ သူမကိုယ်တိုင်ပင် သိမ်းပိုက်တော်မူသည်။ ကျန်ရှိသည့် ငါးဘူး၊ ငါးဘဲ စသော ကောင်သေးငါးများကိုတော့ ငါးခုတ်သမများ လက်ထဲသို့ ထိုးအပ်လိုက်သည်။ အဲဒီ ကောင်သေးငါး များကို ခုတ်ပေးကြ၊ အဲဒီလို ခုတ်ပေးရတဲ့ လုပ်ခအတွက် ခုတ်၍ရသော ငါးခေါင်းများ၊ အူများ၊ ချေးများဖြင့် အရောရော အထွေးထွေး ဖြစ်နေသည့် နည်းပါးညံ့ဖျင်းလှသော ငါးဆီကို ယူစေဟု ကြီးမားသော မဟာ ကရုဏာဖြင့် ရက်ရောစွာ ခွင့်ပြု ပေးသနားတော်မူ၏။ သာဓုခေါ်ထိုက်သော စေတနာပေတကား။

မယ်စိန်ကား ငါးဖယ်အောင်းနှင့် ချောင်မီးနီ ငါးနစ်မျိုးကို အင်းသားကြီး ကတော်အတွက် သီးသန့် ရွေးထုတ် ပေးရင်းမှ ဖောင်းကားနေသော ထိုငါးများ၏ ဝမ်းကိုဖောက်ခွဲ၍ ငါးဆီကို ထုတ်ယူ လိုသည့်ဆန္ဒမှာ ထိန်းမနိုင်၊ သိမ်းမရ ပြင်းပြလာသည်။ ဤငါးမျိုး ဆယ်ကောင်လောက် ဖောက်လိုက် ရလျှင် ဆယ်ကောင် ဆိုသလောက် ငါးဆီဖြစ်ဖြစ်မြောက်မြောက် ရနိုင်သည်။ ဤငါးဖယ်အောင်း ဝမ်းမှ ဖောက်ထုတ်၍ ရသည့် ဝမ်းဖောက်ဆီနှင့် ငှက်ပျောသီး စိမ်းကို ပါးပါးလှီး၍ ကြော်စားချင်သည့် ဆန္ဒမှာ သူမ၌ ကာလ ကြာမြင့်စွာကပင် ရှိနေသည်။သူမသည် ချုပ်တည်းရန် မစွမ်းနိုင်တော့ဘဲ အင်းသားကြီးကတော် အလစ်တွင် ငါးဖယ်အောင်း ဆယ်ကောင်လောက်ကို သူမတို့ ခုတ်ရမည့် ကောင်သေး ငါးများအောက်တွင် ထိုးဝှက် ထားလိုက် မိသည်။

ဒိုးနှင့် ချောမီးနီများ အားလုံး သီးသန့်ရွေးထုတ်ပြီးဖြစ်၍ ကျန်ရှိသည့် ငါးဘူး၊ ငါးဘဲများကို မယ်စိန်တို့ စတင်၍ ခုတ်ကြတော့၏။ ညာလက်မှ

ငါးခုတ်ဓားမဖြင့် ငါးခေါင်းကို ဒေါက်ခနဲ ခုတ်ဖြတ်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း ဘယ်လက်မှ ငါးဆီကို ညှစ်ထုတ်လိုက်ပြီး ဖြစ်နေရုံမျှမက တစ်ဆက်တည်းမှာပင် ဘယ်လက်ဖြင့် ယူတင်လာသော ငါးတစ်ကောင်မှာ ဓားအောက်သို့ အဆင်သင့် ရောက်ရှိအထိ လျင်မြန်လွန်းလှ၍ ဘေးမှ ကြည့်နေသူ အဖို့ဆိုလျှင် လက်ကိုများ ဓားထိသွား မလားဟူသော စိုးရိမ်စိတ်ဖြင့် အသက်ရှူ မှားလောက် ပေသည်။

ဤသို့ လျင်မြန်စွာ ခုတ်နိုင်မှလည်း ဖြစ်မည်။ ကောင်သေးငါးများမှာ ငါးဆီအထွက် နည်းပါးသည်ဖြစ်ရာ လျှင်မြန်စွာဖြင့် သွက်သွက်လက်လက် ခုတ်ပေးနိုင်မှ ငါးဆီအသင့်အတင့် ရနိုင်မည်။ ထို့ကြောင့်လည်း အလုအယက် အပြိုင်အဆိုင် ခုတ်နေကြရာ စဉ်းတီးတုံးနှင့် ဓားထိသည့်အခါတွင် ကြားရလေ့ ရှိသော "တောက် တောက်၊ တောက် တောက်" ဟူသော အသံကား ဆူညံနေလေပြီ။

လက်ညီညီ လုပ်နေကြသည် ဖြစ်သောကြောင့်လည်း တောင်ပုံရာပုံ မောက်ဖြိုးနေသော ငါးပုံကြီးမှာ တစ်ခဏ အတွင်းမှာပင် ဟိုက်ခနဲ လျော့ဆင်း သွားတော့၏။ သို့သော် ပုံလုံးများကို နောက်တစ်ပြန် ဖော်ပြီး၍ ရေစင်သို့ ချဉ်းကပ်လာသော ငါးလှေကြီးမှ ငါးများဖြင့် ထပ်မံဖြည့်လောင်းပေး လိုက်ရာ ငါးပုံကြီး မှာပြန်၍ မောက်ဖြိုး လာပြန်သည်။ ဖြည့်လောင်းပေးသမျှ ငါးများကို လည်း သူမတို့တစ်တွေက နိုင်နိုင်နင်းနင်း ခုတ်ပစ်နေသည်။

အလုပ်ကို စိတ်ဝင်စားစွာ သဲသဲမဲမဲ လုပ်နေကြသည်ဖြစ်သောကြောင့် စောစောက တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်လိုသောစိတ်၊ ငြူစူသော စိတ်များမှာလည်း ခေတ္တမျှ ပျောက်ကွယ်နေကြ၏။ စကားကိုပင် မဆိုအားဘဲ ရှိနေသည် ဖြစ်သောကြောင့်လည်း စကားပြောသံများ ဆိတ်သုဉ်းလျက်ရှိ၏။ ယခုအချိန်တွင် သူတို့၏ ရင်ထဲ၌ လျှို့ဝှက်စွာ တည်ရှိနေသော ဆန္ဒမှာ ငါးခုတ်ရာ၌ မည်သူကပို၍လျင် မြန်သည်၊ ငါးခုတ်ပြီးဆုံးသည့်အခါတွင် မည်သူ က ငါးဆီကို ပိုမိုရရှိသည်ဟု ပြိုင်ဆိုင် အနိုင်ယူလိုသော ဆန္ဒသာလျှင်ဖြစ်သည်။

နေဝင်သွားပြီဖြစ်၍ အမှောင်ရိပ်ပင် သမ်းလာချေပြီ။ သို့သော် အင်းမှာ ငါးကျနေဆဲပင်ဖြစ်၍ ပုံလုံးများကို တစ်ပြန်ပြီး တစ်ပြန်ဖော်ကာ၊ ငါးလှေ တစ်စင်းပြီးတစ်စင်း ရေစင်သို့ချဉ်းကပ်၍ ငါးများကို ဖြည့်လောင်း ပေးဆဲပင် ရှိသေးသည်။ ပထမတော့ ဖြည့်လောင်းပေးသမျှ ငါးများကို မယ်စိန်တို့ ငါးခုတ်သမများက နိုင်နိုင်နင်းနင်း ခုတ်ပစ်နိုင်သော်လည်း ကြာလာသော အခါတွင်မူ သူတို့လက်များက ညောင်းချည့်လာသလောက် ငါးအကျက မရပ်သေးဘဲ ရှိနေရာ သူမတို့တစ်တွေမှာ စောစောက လောက စိတ်အား ထက်သန်ခြင်း မရှိတော့ဘဲ၊ ငါးခုတ်နေသော လက်များပင် နှေးတုံ့လာကြ၏။ အင်းတွင် ငါးအကျများကြောင်း စိတ်ချလက်ချ သိရပြီ ဖြစ်၍လည်း စောစောတုံး ကလို အလုအယက် အပြိုင်အဆိုင် ခုတ်ရန်မလိုတော့သဖြင့် ဆေးပေါ့လိပ်ကို သောက်ရှူရင်း အနားယူသူက ယူ၏။ သီချင်းဆိုသူက ဆို၏။ စကားစမြည် ပြောသူကပြော၏။ သို့ဖြင့် သူမတို့ ပတ်ဝန်းကျင်မှာ အသက်ဝင်လာ ပြန်သည်။

"မီးထွန်းပေးပါဗျို့၊ မှောင်နေလို့ ငါးခုတ်လို့ မဖြစ်တော့ဘူး၊ တော်ကြာ လက်ကို ဓားထိကုန်ကြ လိမ့်မယ်"

မယ်စိန်က အင်းသားကြီးနေထိုင်သော အင်းထဲရှိရာသို့ လှမ်းဟစ် လိုက်၏။ သူမမပြောမီကပင် အင်းထဲ အတွင်း၌ အောက်လင်းဓာတ်မီး နှစ်လုံးကို တစ်ပြိုင်တည်း ထွန်းနေသော အင်းသားကြီးက အင်းထဲအတွင်းမှ အပြေး ထွက်လာကာ...။

"ထွန်းပေးမယ်ဟေ့၊ စိတ်သာချနေကြ၊ မီးမှ အောက်လင်းဓာတ်မီးကြီးကို ထွန်းပေးမယ်၊ တစ်လုံး တည်းတောင် မဟုတ်ဘူး၊ နှစ်လုံးကို တစ်ပြိုင်ထွန်း ပေးမယ်၊အဝေးကနေ ကြည့်ရင် ဇာတ်ပွဲများကနေသလားလို့ ထင်ရစေမပေါ့ ကွယ်။

အင်းသားကြီး၏ အသံမှာရွှင်မြူးနေ၏။ သူရွှင်မြူးနေလောက် အောင်လည်း ငါးအကျကများနေသည် မဟုတ်လား။ အမှန်ကတော့ စရိတ် အပိုအကုန်ခံပြီး မီးနစ်လုံးတောင် ထွန်းဖို့ မလိုပေ။ အောက်လင်း ဓာတ်မီး တစ်လုံးဆိုလျှင် ငါးခုတ်သူများအတွက် ငါးခုတ်ရန် အလင်းရောင် ကောင်းကောင်းကြီး လုံလောက် သည်သာ ဖြစ်သည်။ သို့သော် အင်းသားကြီး၏ တွက်ကိန်းက တစ်မျိုးတည်း ဖြစ်သည်။ စရိတ်ကုန်လျှင် ကုန်ပေစေ၊ ပိန်မှန်လေး အင်းမှာ ငါးအကျ များလွန်းလို့ အောက်လင်းဓာတ်မီးကြီး နှစ်လုံးကို စင်ပြိုင် ထွန်းပြီး ငါးခုတ် နေလိုက်ကြတာ ပွဲတော်ကြီးကျနေတာပဲဟေ့ ဟူ၍ တစ်ရွာလုံးကို ဟိုးလေး တစ်ကျော်ကျော် ဖြစ်သွားလျှင် သူကျေနပ်သည်။ ဒါမှ နေက်နေ့များတွင် သူနှင့်ရင်းနီးသူများက ဤသီတင်းကို သူ့အား မေးကြ လိမ့်မည်။

ဤအခါတွင် သူကလည်း သူတို့ကြားသည့်အတိုင်းပင် ဟုတ်မှန်ကြောင်း ရင်ကော့ကြွားဝါပြီး ဖြေဆိုနိုင်မည်။ ဘယ်သူ့ အင်းက ငါးပိုကျမလဲဟု တစ်ဦးနှင့် တစ်ဦး တစေ့တစ်ဆောင်း ချောင်းမြောင်း အကဲခတ်နေကြသော ပြိုင်ဘက် အင်းသားများ အပေါ်တွင်လည်း သူဝင့်ဝါနိုင်မည်။ပြီးတော့ သူပိန်မှန်လေးအင်းကို လေလံ၌ လုဆွဲကြရာတွင် သူသာလျှင် အနိုင်ရရှိခဲ့၍ တစ်ဖက်မှ အင်းလက်လွတ် ဖြစ်ခဲ့ ရသော သူ၏ ရန်သူတော်များ မနာလိုစိတ်ကိုလည်း ဆွပေးရာ ရောက်နိုင်သည်။ ဒါတွေကို အားလုံးဖြစ်နိုင်ဖို့ အတွက် မီးနစ်လုံးမျှမက မီးအလုံး တစ်ရာ ထွန်းရလည်း သူမမှု၊ စရိတ်ကုန်ရုံမကလို့ အမြတ်ရောအရင်းပါ ပြုတ်ပြုတ် ပြုန်းပြုန်း သွားပေစေ၊ သူနောက်မတွန့်။ ဤကား အင်းသားကြီး၏ တွက်ကိန်း ပေတည်း။

စင်ပြိုင် ထွန်းညှိထားသော အောက်လင်းဓာတ်မီးကြီး နှစ်လုံး အောက်တွင် မယ်စိန်တို့ တစ်တွေ ငါးများကို သွက်သွက် လက်လက် ခုတ်နေကြပြန်ပေပြီ။

အလင်ရောင်အားကောင်းလှ၍ မီးစားထားသော မယ်စိန်တို့၏ ရုပ်ရည်ရူပကာမှာ မိုးကျမယ် ကလေးများလို တင့်တယ်လှပေသည် ဟူ၍ ဆိုလိုက်လျှင် တက်တက်စင်အောင် လွဲမှားသွားပေလိမ့်မည်။ အလင်းရောင် အားကောင်းလှ၍ မီးရောင်းများစလာမှ သူမတို့၏ ရုပ်ဆင်းရူပကာမှာ ပို၍သာ အကြည့်ရဆိုးနေသည်။ ငါးခေါင်းကိုခုတ်၍ ငါးဆီကိုညှစ်ထုတ်ရာ၌ လွင့်စဉ်လာသော ငါးသွေးများ၊ ငါးအူနှင့် ငါးချေး အစအနများ၊ ငါးညှီငါးဟောက် အညစ်အကြေးများမှာ သူမတို့ မျက်နှာနှင့် တစ်ကိုယ်လုံးတွင် ရစရာ မရှိအောင် စွန်းကွက်ပေကျံနေသည်။ ဤပေကျံနေသော အစွန်းအကွက်များကို မီးရောင်ဖြင့် ပြတ်သားစွာ သရုပ်ဖော် ပေးလိုက်သောအခါ ဂုဏ်မြောက်လှအောင်ပင် အရုပ်ဆိုးကုန်ကြသည်။

ကြက်တွန်သံများ ထွက်ပေါ်လာကြ၏။ ညဥ့်အချိန်ရောက်မှ ပထမဆုံး အကြိမ် ထွက်ပေါ်လာသော ကြက်တွန်သံ များဖြစ်၍ သူငယ်အိပ်ဆိတ် ကြက်တွန်သံ ဖြစ်ကြောင်း နားလည်ကြရသည်။ သည်အချိန်တွင် အင်း၌ ငါးအကျ တန့်သွားသည်ဖြစ်၍ အင်းလုပ်သားများသည် ဗုံလုံးများ မဖော်တော့ဘဲ ရပ်နားလိုက်ကြပြီဖြစ်၏။ ထို့ကြောင့် မယ်စိန်တို့သည် ပထမ ဗုံလုံးများဖော်စဉ်က လက်ကျန် ဖြစ်သော ငါးပုံကြီးမှ ငါးများကိုသာ သဲသဲမဲမဲ ခုတ်နေကြသည်။ ဤလက်ကျန်ငါးများကုန်လျှင် နောက်ထပ်ခုတ်ရန် ငါးဆက် အမျှော်မရှိတော့ပြီ ဖြစ်၍လည်း နောက်ဆုံးပန်းဝင် အဖြစ်နှင့် လက်သွက်သွက်နှင့် အလုအယက် ခုတ်နေကြခြင်း ဖြစ်သည်။

နောက်တစ်ကြိမ် ကြက်တွန်သံများ ထွက်ပြန်လာကြပြန်၏။ သည်ကြက်တွန်သံ ကိုတော့ "သက်ကြီး ခေါင်းချ" ကြက်ဟု သတ်မှတ် ထားကြသည်။ အကြောင်းကိုဆိုတော့ သည်အချိန်သည် သက်ကြီး ရွယ်ကြီးများ ခေါင်းချအိပ်စက်သော အချိန်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

မယ်စိန်သည် ထိပ်ဝ ဖွင့်ထားသော ရေနံဆီပုံးလွတ်ကို ယူလိုက်ကာ သူမငါးခုတ်ရာမှ ရရှိ ထားသော ငါးခေါင်းများ၊ ငါးအူချောင်းများ၊ ငါးချေးများဖြင့် အရောရော အထွေးထွေးဖြစ်နေသော ငါးဆီများကို ရေနံဆီပုံးလွတ်ထဲသို့ ကျုံးထည့်နေ၏။ သူမတို့သည် ငါးများကို တစ်ကောင်တစ်မြီးမှ မကျန် အောင်ခုတ်ပြီးခဲ့ပြီး ဖြစ်၍ နောက်ထပ်ခုတ်ရန် ငါးဆက်ကလည်း မရှိတော့ပြီ ဖြစ်သောကြောင့် သူမတို့ အဖို့ ပြန်ရုံသာ ရှိပေတော့သည်။

မယ်စိန်နှင့်တစ်ကွ သူ့နောက်ပါများသည် အလာတုန်းက ဖြတ်ကူး ခဲ့သော လှေကြီးဖြစ်ပင် မိမိတို့ အိမ်ရှိရာ တစ်ဖက်ကမ်းသို့ ပြန်ကူးခဲ့ကြ၏။ အလာတုန်းက စကားတွေ ဖောင်လောက်အောင် ပြောလာခဲ့ကြ သလောက်၊ ယခုအပြန်တွင်မူ တေမိဇာတ်ခင်းနေကြသလို ငြိမ်ချက်သားကောင်း နေကြ၏။ ည ထမင်းမစား ကြရသေး၍ တစ်ကြောင်း၊ တစ်ညနေခင်းလုံး အလုပ်ကို အားစိုက်ခွန်စိုက် ပြုလုပ်ခဲ့ရ၍ တစ်ကြောင်း မောပန်းနွမ်းနယ် နေကြသဖြင့် မည်သူမှ စကားပြောလိုစိတ် မရှိကြပေ။

တစ်ဖက်ကမ်းတွင် လှေကို ဆိုက်ကပ်မိသည့် အခါ၌လည်း မည်သူမှ စကားပြောမနေကြဘဲ ငါးခေါင်းပုံးကို ကိုယ်စီ ရွက်၍ ငြိမ်သက်တိတ်ဆိတ်စွာပင် လမ်းခွဲလိုက်ကြ၏။

မယ်စိန်သည် ငါးခေါင်းအပြည့်အသိပ်ဖြင့် ရေနံဆီပုံးလွတ်ကို ခေါင်းပေါ် တွင် ရွက်၍ သူ့အိမ်ပေါ်သို့ လှမ်းတင် လိုက်သည့် အချိန်တွင်၊ သူမထံမှ ပါလာသည့် ငါးခေါင်းများကို ပြုတ်၍ ငါးဆီချက်ယူရန် မီးဖိုတွင် အဆင်သင့် မီးမွှေးထားရင်း ထိုင်စောင့်နေသော ကိုဒေါင်းစိန်ကို တွေ့မြင် ရသဖြင့်၊ မောပန်း နွမ်းလျခြင်း များမှာ လက်နှင့် ယူပစ်လိုက်သလို ပျောက်ကွယ်ကုန်၍ စိတ်နှလုံးကို ရွှင်လန်း ချမ်းမြေ့သွား၏။

ကိုဒေါင်းစိန်သည် မယ်စိန်၏ ခေါင်းထက်မှ ငါးခေါင်းပုံးကို ချပေးလိုက်ပြီးနောက် ထိုငါးခေါင်းများ ငါးအူများနှင့် အရောရော အထွေးထွေး ဖြစ်နေသော ငါးဆီကို သီးသန့် ထုတ်ယူနိုင်ရန် ပြင်ဆင်လေတော့သည်။ မယ်စိန်မှာမူ အတော်ကြီးကို ပင်ပန်းလာခဲ့သည်ဖြစ်၍ ကိုဒေါင်းစိန်နှင့် မနီးမဝေး တစ်နေရာတွင် တုံးလုံးလျောင်းကာ အနားယူနေသည်။

ကိုဒေါင်းစိန်သည် ငါခေါင်းပုံးကြီးထဲသို့ ရေအပြည့် လောင်းထည့်လိုက်ပြီးနောက် ထိုငါးခေါင်း ပုံးကြီးကို မီးဖိုပေါ်တင်၍ မီးပြင်းပြင်းနှင့် ပြုတ်လေတော့သည်။ မီးရှိန်ကကောင်းလှသဖြင့် သိပ်ကြာအောင် မစောင့်ရဘဲ တစ်ခဏအတွင်းမှာပင် ဆူပွက်လာသောကြောင့် ဖိုပေါ်မှချ၍ အအေးခံလိုက်၏။

ငါးခေါင်းပုံးကြီးထဲမှ ရေများအေးသွားသောအခါ ငါးခေါင်းနှင့် ငါးအူများမှာ ရေအောက်တွင် ကျန်ရစ်ခဲ့၍ ငါးဆီများက ရေမျက်နှာပြင်အပေါ်သို့ ဝေ့ကာဝေ့ကာ တက်လာကြ၏။ ထိုအချိန်တွင် အမောအပန်း ပြေပျောက် သွားပြီးဖြစ်သော မယ်စိန်သည် အနားယူရာမှ ထလာကာ အင်တုံတစ်ခု ထဲတွင် ရေကောင်း ရေသန့်များ ထည့်ယူလာပြီးနောက် ငါးခေါင်းပုံးအနီးတွင် ချထားလိုက်သည်။ ရေမျက်နှာပြင်ပေါ်သို့ ဝေ့ကာ ဝေ့ကာ တက်လာနေသော ငါးဆီများအား ကြေးဇွန်းကြီးဖြင့် ခပ်ကာ ရေအင်တုံထဲသို့ လောင်းထည့်နေသည်။

အကြိမ်ပေါင်းများစွာ ခပ်ယူလိုက်သောအခါ ပုံးကြီးထဲတွင် ရေနှင့် ငါးခေါင်း၊ ငါးအူများသာ ကျန်ရစ်ခဲ့၍ ငါးဆီမှာမူ မကျန်ရှိတော့ပေ။ ထိုအခါတွင်မှ မယ်စိန်သည် ဒယ်အိုးတစ်လုံးကို မီးဖိုပေါ် တင်လိုက်ပြန်ကာ ရေအင်တုံထဲတွင် ပေါလောပေါ်နေသော ငါးဆီများကို ကြေးဇွန်းကြီးဖြင့် ကျော့၍ ကျော့၍ ခပ်ယူပြီး ဒယ်အိုး ထဲသို့ ထည့်ကာ ချက်နေပြန်သည်။ ငါးဆီထဲတွင် ရောပါနေသော ရေအနည်းငယ်မှာလည်း ပူပြင်းလှသော မီးအရှိန်ဖြင့် ခြောက်ခန်းသွားရ၍ ငါးဆီသာလျှင် သီးသန့်ကျန် ရစ်တော့သည်။ ဤအခါတွင်မှ သူမတို့ အဖို့ စားသုံးနိုင်ပြီဖြစ်သော ငါးဆီအဖြစ်သို့ လုံးဝကူးပြောင်း ရောက်ရှိလာပြီဖြစ်၍

ဒယ်အိုးကို ချကာ အအေးခံ ထားလိုက်၏။ အားလုံးမှ ငါးဆီအချိန် တစ်ပိဿာ ကျော်ကျော်လောက် ရှိလိမ့်မည်ဟု ခန့်မှန်းရ၏

မယ်စိန်သည် သူမ၏ အဆမတန်သော လုပ်အားဖြင့် လဲလှယ် ယူခဲ့ရသော ဒယ်အိုးတွင်းမှ ငါးဆီကို သာလျှင် ငြိမ်သက်စွာ စူးစိုက်ကြည့်နေ မိသည်။ ငါးဆီ… ငါဆီ… ဤငါးဆီမှာ စားလေ့စားထ မရှိသူအဖို့ အနံ့အသက်မှာ ဆိုးရွားလှသည်။ ရင်ပြည့်တတ်သည်။ သို့သော် သူမတို့အဖို့ကား ဤငါးဆီကိုပင် အမြတ်တနိုး လုပ်ကာ စားသုံးကြရသည်။ ဤနိမ့်ကျ ညံ့ဖျင်းလှသော ငါးဆီကို စုယူရာ၌လည်း အလွယ်တကူနှင့် မဟုတ်။ ပြင်းထန်သော လုပ်အားကို တစ်ညနေခင်းလုံး သုံးခဲ့ရသည်။ ပိန်မတို့ အဖွဲ့နှင့်လည်း သတ်ပုတ် လုယက် ခဲ့ရသည်။ ဘဝကား ခက်ထန်ကြမ်းကြုတ်လှ၏ တကား။

သို့သော်မယ်စိန်က ဝမ်းနည်းနေသည်မဟုတ်။ သူမ၏ လက်ဖြစ်ငါးဆီကို ကြည့်ကာ ငါးဆီ ဝမ်းစာရပြီဖြစ်၍ ဆီအတွက် ပူပန်ရန် မလိုတော့ဟူသော အသိက သူမ၏ စိတ်ကို နှစ်သိမ့် ချမ်းမြေ့စေသည်။ ပင်ပန်းခြင်းကို မေ့ပျောက် စေသည်။ ဝါသနာကြီးလှသော ငါးခုတ်ခြင်းအမှုကို စိတ်တိုင်းကျ ပြုလုပ်ခဲ့ရသည် ဖြစ်၍ လက်အယားမှာ ပြေပျောက်သွားပါပြီ။ အလိုရှိသော ငါးဆီကိုလည်းရခဲ့ ပါပြီ။ အလိုဆန္ဒ ပြည့်ဝ သွားပြီ ဖြစ်သော သူမ အဖို့ ယခု နှစ်ခြိုက်စွာ အိပ်ပျော် နိုင်ပေပြီ။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

# စိုးလှပါတယ်

(၁)

မယ်စိန်သည် အိမ်ပေါက်ဝတွင် ထိုင်ကာ မစောညိမ်း ဆေးလိပ် အတိုကလေးကို သောက်ရှူဖွာရှိုက် နေသည်။ အိမ်ရှေ့ရှိ မြေကွက်လပ်တွင်မူ သူမ၏ ရင်သွေးငယ်များသည် ဆူညံစွာ ပြေးလွှားဆော့ ကစားနေကြသည်။ သူမသည် အနက်မထင်သော မျက်လုံးများဖြင့် ပြေးလွှား ဆော့ကစားနေကြ သော ရင်သွေးငယ် များကို စူးစိုက်ကြည့်ရှုလျက် ရှိသော်လည်း ထိုကလေးငယ် များ၏ ပြေးလွှားလှုပ်ရှားခြင်း၌ စိတ်ဝင် စားပုံမရ။ သူမ၏ စိတ်အာရုံမှာ မမြင်နိုင်သော အရပ်တစ်ပါးသို့ ပျံ့လွင့်ရောက်ရှိနေဟန်တူပါ၏။

အချိန်မှာ ညဥ့် ၆ နာရီ အချိန်ခန့် ရှိပြီဖြစ်၍ အမှောင်ရိပ်ပင် သမ်းလာ ချေပြီ။ အိမ်၌မွေးမြူထားသော ကြက်များပင် အိပ်တန်းတက်ကုန်ကြပေပြီ။ ဘုန်းကြီးကျောင်းမှ ညဘက် ဘုရားဝတ်တက်သော အထိမ်းအမှတ်ဖြင့် တီးခေါက် လိုက်သော အုန်းမောင်းသံပင် ဆူညံစွာ ထွက်ပေါ်လာပေပြီ။

များမကြာမီ အချိန်ကလေးမှ ကိုဒေါင်းစိန်သည် ပိုက်ချဆင်းရန် ပိုက်များကို ယူဆောင်၍ သူမအား နှုတ်ဆက် ထွက်ခွာသွားသည်။ ခါတိုင်း ခါတိုင်းဆိုလျှင် ကိုဒေါင်းစိန် အလုပ်ဆင်းရန် ဖင့်နွှဲနေပါက သူမကပင် မရမနေ တိုက်တွန်းလောဆော်ကာ အလုပ်ကို ဆင်းဖြစ်အောင် ဆင်းစေသည်။ သို့သော် သည်တစ်ကြိမ် ကိုဒေါင်းစိန် အလုပ်ဆင်းမည်ပြုသော အခါတွင် သူမ၏ စိတ်ထဲတွင် လေးတေးတေး ထင့်တင့်တင့်ဖြစ်နေ၍ ကိုဒေါင်းစိန်အား မသွားစေ

ချင်ပေ။ မျက်ခမ်းများမှာ တဆတ်ဆတ်လှုပ်နေ ကြသည်ဖြစ်သောကြောင့်လည်း ညကြီး သန်းခေါင် အလုပ်ဆင်းရမည့် ကိုဒေါင်းစိန်အတွက် စိတ်မချအောင် ဖြစ်နေမိသည်။ သို့သော် အဖော်ကလည်းကောင်း၊ ကိုဒေါင်းစိန် ကိုယ်တိုင် ကလည်း သူမ တားဆီးသည်ကို နားမဝင်ဘဲ အလုပ်ဆင်းရန်သာ စိတ်ထက်သန် နေသဖြင့် သူမမှာ ဆက်လက် မတားသာဘဲ ကြည့်နေလိုက်ရတော့သည်။

ပြီးတော့ ယခုအချိန်မှာ ကွင်းကို အင်းသားကြီးများပိုင်သော ရက်ဖြစ်၍ အင်းသားကြီးများနှင့် နောက်တော်ပါ လူမိုက်များသည် သူတို့ပိုင်နက်ဖြစ်သော ကွင်းကို မအိပ်မနေ ကာကွယ်စောင့်ရှောက်နေမည်မှာ သေချာလှပေသည်။ ကိုဒေါင်းစိန်တို့ ပိုက်သွားချရမည့် နေရာမှာ ဤအင်းသားကြီးများ ပိုင်နက်ဖြစ်သော ကွင်းတွင် တိတ်တတ်ပုန်း ဝင်ရောက် ပိုက်ချရမည်ဖြစ်သည်။ ကိုဒေါင်းစိန်တို့ ယခု သွားရောက်ရမည့် ကွင်းကို ပိုင်ဆိုင်သော အင်းသားကြီးတွင် လိုင်စင်ယူ ထားသော နှစ်လုံးပြူး သေနတ်ကြီးကလည်း ရှိနေသည်။ အောင်မယ်လေး ... မိသွားလို့ ဒီသေနတ်ကြီးနဲ့များ ပစ်ထည့်လိုက်မှဖြင့် သူမ၏ အတွေးမှာ ဤနေရာသို့ ရောက်လာသော အခါတွင် ငြိမ်သက်လျက်ရှိသော သူမကိုယ်လုံးမှာ ဆတ်ဆတ်ခါအောင် တုန်လှုပ်သွားသည်။ သူမ၏ အသည်းနှလုံးမှာလည်း မခံမရပ်နိုင်အောင် နာကျင်သွားသည်။ ကိုဒေါင်းစိန်တို့ မသွားမီအခါက မရမနေ တားဆီး မထားလိုက်မိသည်ကိုပင် နောင်တ တရရ ဖြစ်နေရှာသည်။

သူမသည် ယခင်တုန်းကလို ပေါ့ပေါ့ပါးပါး မဟုတ်တော့။ ဝမ်းတွင်း၌ လေးလံသော ကိုယ်ဝန်ကို ဆောင်ယူ ထားရှိ နေရပြီဖြစ်သော ကိုယ်ဝန်ဆောင် မိန်းမတစ်ဦး အဖြစ်သို့ ရောက်ရှိနေရပြန်ပေပြီ။ ကိုယ်ဝန်ဆောင် ဖြစ်လာမှ စိတ်အားမှာ ငယ်တတ်လာသည်။ လန့်တတ် ဖျပ်တတ်သည်။ လင်သည် ကိုလည်း အပါးမှ မခွာစေချင်ပေ။ ဖြစ်နိုင်လျှင် သည်လို ကိုယ်ဝန်အရင့်အမာကို ဆောင်ယူထားရစဉ် အခါမျိုး၌ လင်သည်ကို အနီးမှာထားကာ ဒီလင်၊ ဒီသမီးတွေကို ကြည့်ပြီး ကြည်နူး အားတက်နေချင်သည်။ သို့သော် နေချင်သလို

မဖြစ်သော ဘဝပါတကား။ လင်သည်မှာ မနေသာ၍ သူမကို ထားခဲ့ကာ ဘေးအန္တရာယ်များ အကြားတွင် အရှာအဖွေ သွားရပေပြီ။

ကိုဒေါင်းစိန်ကလည်း သွားခါနီးမှာ သူမကို ပြောကြားသွားသေးသည်။ "စိတ်မကောင်းရှိပါနဲ့ မယ်စိန်ရယ်၊ ငါ မသွားမဖြစ်လို့ သွားရတာပါ၊ မင်းမီးဖွားတဲ့ အခါ မီးနေစရိတ်တော့ ကုန်ဦးမယ် မဟုတ်လား။ အဲဒီ မီးနေစရိတ် ကလေး ကာမိသွားရင်ပဲ မနည်းဘူးဆို ငါ ပိုက်ချဆင်းရတာပါဟာ" ဟု ပြောသွား ခဲ့၏။ သူ ပြောတာလည်း မှန်နေတော့ အတားရ အခက်သားပါကလား။

သူမသည် သက်မကို ခပ်လေးလေးပင် ချလိုက်၍ မီးထွန်းညှိရန် မီးခွက် စမ်းသပ်ရှာဖွေနေ၏။ တွေ့လျှင် မီးခွက်ကို ထွန်းညှိလိုက်ပြီးနောက် လမ်းမ၌ ပြေးလွှား ကစားနေကြဆဲပင် ရှိနေသေးသော သူမ၏ ရင်သွေး ကလေးများကို လှမ်းခေါ်ကာ ကြက်များပင် အိပ်တန်းတက်ကုန်ပြီ ဖြစ်၍ သူတို့လည်း အိပ်တန်းတက်ဖို့ တော်ပြီဖြစ်ကြောင်း သတိပေးပြောဆိုလိုက်၏။ ဤတွင် ကလေး များသည် အိမ်ပေါ်သို့ တစုတရုံးတည်း တက်လာကြကာ သူမနှင့် မနီးမဝေး နေရာ၌ ထိုင်၍ ဆော့နေကြ၏။

မယ်စိန်သည် တစ်နေရာတွင် ထိုင်၍ ဆေးပေါ့လိပ်တိုကို မီးတရဲရဲဖြင့် ဖွာရှိုက်နေရာမှ မျက်ခမ်းမှာ တဆတ်ဆတ် လှုပ်လာပြန်တော့သဖြင့် "ဖွဟဲ့ လွဲစေ၊ ဖယ်စေ" ဟု ထိတ်လန့်တကြား ရေရွတ်ကာ သူမ၏ ခြေဖဝါးတွင် ကပ်နေသော မြေမှုန့်ကလေးများကို သူမ၏ လက်ချောင်းကလေးများဖြင့် တို့ယူကာ လှုပ်နေ သော မျက်ခမ်းကို ပွတ်သပ်ပေးလိုက်၏။

သူမ၏ စိတ်မှာ ခဲဆွဲထားသလို ပို၍သာ လေးလာ၏။ စိတ်မှာ ဂနာမငြိမ်သောကြောင့် ကိုယ်ကာယမှာလည်း တည်ငြိမ်ခြင်း မရှိတော့ဘဲ အဓိပ္ပာယ် မရှိသော လှုပ်ရှားခြင်းမျိုးဖြင့် တလှုပလှုပ် တရွရွ ဖြစ်နေ၏။ ကလေးပီပီ ဆူညံစွာ ဆော့နေကြသော ကလေးများကိုလည်း ကြည့်၍မရအောင် ဖြစ်နေ၏။

"ဒင်းတို့ မဆီမဆိုင်ဘဲ ကလေးများကို မဲကာ" ဟု ကာလနာလေးတွေ၊ ငြိမ်ငြိမ်နေကြစမ်း"ဟု လှမ်းဟောက်လိုက်သဖြင့် မီးရေနှင့် သတ်လိုက်သလို ကလေးများမှာ ငြိမ်သက်တိတ်ဆိတ် သွားတော့၏။

သည်လိုဆိုတော့လည်း ကလေးတွေကို သနားမိပြန်ကာ မာန်မဲဆဲဆို မိသည့်အတွက် စိတ်မကောင်း ဖြစ်ရပြန်၏။ ထိုအတွင်း အိပ်တန်းမှ ကြက်ဖကြီး တစ်ကောင် တောင်ပံကို တဖျတ်ဖျတ် ရိုက်ကာ ညံစာစာ တွန်ကျူးလိုက်သည်။ အိပ်တန်းတက်ပြီးနောက် ပထမဆုံး တွန်ကျူးခြင်းဖြစ်၍ "သူငယ်အိပ်ဆိတ်" ကြက်တွန်သံ ဖြစ်ကြောင်း သူမ သတိပြုမိလိုက်သည်။ ယခုအချိန်တွင် ကလေးသူငယ်များ အိပ်ချိန်ဟု သူမက ဆုံးဖြတ်ကာ "ကိုင်း ကိုင်း မင်းတို့ အိပ်ရာထဲဝင်ပြီး အိပ်ကြပေတော့၊ ကောင်းကောင်းအိပ်ကြနော်" ဟု မပြောစဖူး နူးညံ့သော လေသံဖြင့် ပြောဆိုလိုက်ရာ ကလေးသူငယ်များလည်း တဝုန်းဝုန်းဖြင့် အိပ်ရာထဲသို့ စုပြုံ ဝင်ရောက် သွားကြသည်။ ထို ဝင်ရောက်သွားကြသော ကလေးသူငယ်များကို စိုက်ကြည့်လျက်ရှိသော မယ်စိန်၏ မျက်လုံးအစုံတွင်ကား နူးညံ့သိမ်မွေ့သော မေတ္တာ ကရုဏာ အခိုးငွေ့များ ယှက်သန်း ကွန့်မြူး နေပါတကား။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

(၂)

"သူငယ်အိပ်ဆိတ်" ကြက်တွန်သံပင် ထွက်ပေါ်လာပြီဖြစ်၍ ပြေးလွှား ဆော့ကစား နေကြသော ကလေး သူငယ်တို့ အသံကား ဆိတ်လေပြီ။ ယခုအချိန်တွင် ကလေးငယ်များသည် အိပ်ရာထက်တွင် ခြေပစ် လက်ပစ်နှင့် အိပ်မောကျနေရှာကြပေတော့မည်။

သူငယ်တို့၏ အသံများ ဆိတ်ပြီးသည်၏ အခြားမဲ့၌ သက်ကြီးများ၏ အသံများက လျှံထွက်လာကြ ပြန်သည်။ ချောင်းဟန့်သံ၊ ဘုရားရှိခိုးသံ၊ မေတ္တာပို့ အမျှဝေသံ စသော သက်ကြီးများကို ကိုယ်စားပြုသော အသံပေါင်းစုံ တို့သည် သာယာနာပျော်ဖွယ်ဖြစ်သော တဝေဝေ ကြေးစည်သံကလေးများနှင့်အတူ လျှံထွက် လာကြ ပြန်ပေပြီ။

မယ်စိန်သည် အိပ်ချင်စိတ် မရှိသဖြင့် အိမ်ရှေ့ခန်းတွင် တုံးလုံး လျောင်းကာ သက်ကြီးများ၏ ဘုရားရှိခိုးသံကို နားစိုက် နေမိသည်။ သူမတို့ အိမ်နှင့် မျက်စောင်းထိုးအိမ်ရှိ ဦးဘိုးဂေါင်၏ ဘုရားရှိခိုးသံမှာ သူမအား ဆွဲငင်နိုင်စွမ်း ရှိလှသည်။ ဦးဘိုးဂေါင်သည် ဘုရားရှိခိုးရာတွင် ပြီးစလွယ် မဟုတ်ဘဲ အဆွဲအငင် အပင့်အရှိုက် ကလေးတွေနှင့် ဌာန်ကရိုဏ်းကျကျ ရွတ်ဆို ရှိခိုးတတ်သည် ဖြစ်ရ ကြားရသူများ၏ နားသောတ အာရုံကို ဆွဲငင်ညို့ ယူနိုင်စွမ်းရှိပေသည်။

သာယာနာပျော်ဖွယ်သော ဘုရားရှိခိုးသံနှင့် တဝေဝေ ကြေးစည်သံကလေးများကို နှောင့်ယှက်ဖျက်ဆီး လိုက်သော အသံဆိုးတစ်ခုသည် ရုတ်တရက် ထွက်ပေါ်လာ၏။ အခြားမဟုတ်။ "တစ်တီတူး -တစ်တီတူး" စူးစူးဝါးဝါး အော်မြည်ရင်း ပျံသန်းသွားသော တစ်တီတူး ငှက်တစ်ကောင်၏ အော်သံပင်ဖြစ်သည်။

မယ်စိန်သည် ဘုရားရှိခိုးသံကို ညွတ်နူးသော စိတ်နှလုံးဖြင့် နားအာရုံစိုက် နေရာမှ တစ်တီတူးငှက် အော်သံကို ရုတ်တရက် ကြားလိုက်ရသော အခါတွင် ထိတ်လန့်တကြား ဖြစ်သွားမိ၏။ ကိုယ်လုံးကိုလည်း တုပ်ကွ ပျပ်ဝပ်သေ အနေအထားမျိုးသို့ ရောက်အောင် ကျုံ့နိုင်သမျှ ကျုံ့ထားမိ၏။ ကြောက်နေသည်ကိုမှ ဖြဲခြောက်သော အလား တစ်တီတူ ငှက်ငယ်သည် နောက်တစ်ကြိမ် ပြန်လှည့်လာပြန်ကာ "တစ်တီတူး-တစ်တီတူး" ဟု စူးစူးဝါးဝါး အော်မြည်လိုက် ရုံမျှမက "ဂစ်" ခနဲ မြည်သော၊ ဆိုးဝါး၍ နားမခံသာသော အသံကို ပြုလိုက်ရင်း မယ်စိန်တို့၏ အိမ်ခေါင်ကိုပင် ထိုးဆိတ် သွားလိုက်သေး၏။ မယ်စိန်ကား ကြောက်လွန်းလှ၍ ပုန်းကွယ်ရာ နေရာကိုမျှ ရှာမတွေ့နိုင်တော့ပြီ။

သတိလစ်လု မတတ် ပင်ဖြစ်သွား၏။ ဤ တစ်တီတူးငှက်ကို ငှက်ဆိုးဟု သူတို့ အသိအမှတ်ပြုထားကြသည်။ ညဥ့်အချိန် သူအော်သံကြားလျှင် မကောင်းသော နိမိတ်ဟုပင် ယူမှတ်ကြသည်။ ထိုထက်"ဂစ်"ခနဲ မြည် သော အမင်္ဂလာ အသံဆိုးဖြင့် အိမ်ခေါင်ကို ထိုးဆိတ်သွားပါက ပို၍ ဆိုးဝါးသော ဘေးအန္တရာယ်နှင့် တွေ့ကြုံရမည့် နိမိတ်ပင်ဟုလည်း အသည်းစွဲမှတ်သား ထားကြသေးသည်။

မှန်သည်။ မပဉ္စာသည် ဤတစ်တီတူးငှက်ငယ်၏ ရှေးပြေးနိမိတ် အော်မြည်သံကို ကြားရပြီးသည့် နောက် သားသေ၊ လင်ဆုံးဖြင့် ယူကျုံးမရ အပူလုံးကြွကာ ရူးသွပ်ခြင်း အဖြစ်သို့ပင် ရောက်ခဲ့ရသည် မဟုတ်ပါလား။ တကယ့် မပဉ္စာ အစစ်ကတော့ မပြောတတ်။ ဇာတ်ပွဲထဲက မပဉ္စာကတော့ ငိုချင်း

ကလေးကိုတောင်ဆိုပြီး ငိုလိုက်သေးတယ်လေ။ ဘာတဲ့ ... သူ့ငိုချင်းက "အတိတ်ရယ် ဆောင်ပါတယ် ... နိမိတ်ကောင် တစ်တီတူး တွေက ... ဟစ်မြည်ကျူးကာ ညံ့စာစာနဲ့ ... မခံသာအောင် ထိုး ..." တဲ့။ ဟုတ်ပါတယ်၊ ဒီတစ်တီတူးဟာ နိမိတ်ကောင် ဖြစ်မှာပါပဲ။

မပဒ္မာသည် နိမိတ်ကောင် တစ်တီတူး၏ အော်မြည်သံကို ကြားရပြီး သည့်နောက် သားတစ်ယောက် ရေနစ်၍ သားတစ်ကောင်မှာ စွန့်ချီခံရသည်။ ကိုဒါသခင်ပွန်းသည် ခမျာမှာလည်း မပဒ္မာမီးနေဖို့ ထင်းသွားအချိုင် ပိုးထိပြီး သေဆုံးခဲ့ရသည်။ ယခု တစ်တီတူးအော်သံသာ သူမတို့အတွက် ပုဗ္ဗနိမိတ် ဖြစ်ခဲ့လျှင် လုံခြုံရာ ဌာနတွင် ရှိနေသော သူမနှင့် သူမတို့ ရင်သွေးငယ်များ အဖို့တော့ မဟုတ်နိုင်။ မီးနေ စရိတ်ကလေး ကာမိအောင် ညကြီးသန်းခေါင် ပိုက်ချဆင်းတဲ့ ပေါလှသည်။

လက်မခြေမခန့်ရှိ အကောင်ငယ်လည်း ညဘက် မျှောင်ကြီးမည်း မည်းတွင် ပိုက်ချဆင်းရသော ကိုတံငါများမှာ မကြာခဏ ပိုးထိပြီး သေဆုံးခဲ့ကြ ရသည်။ မီးနေထင်းသွားချိုင်ရင်း ပိုးထိပြီး သေဆုံး ခဲ့ရသော ကိုဒါသလို မီးနေစရိတ်အတွက် ညကြီးသန်းခေါင် ပိုက်ချဆင်းသွားသော ကိုဒေါင်းစိန် လည်း ပိုးထိမှဖြင့် ..... ။

မတွေးဝံ့ပါ။ ရှေ့ဆက်၍ မတွေးဝံ့ပါ။ တစ်ကိုယ်လုံး သိမ့်သိမ့်ခါသွား အောင်သာ တုန်လှုပ်မိပါ၏။ ကြံရာ မရတော့ နှုတ်က တမိတရာ တလိုက်ရာ သည်။ ရှင်ကြီး ဂေါတမ ကယ်တော်မူပါ။

"သဗ္ဗေသတ္တာ၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

"သဗ္ဗေ - ခပ်သိမ်းကုန်သော၊ သတ္တာ - သတ္တဝါအပေါင်းတို့သည်၊ အဝေရာ ရန်မရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ- စိုးရိမ်ကြောင့်ကြခြင်းမရှိကြကုန်သည်၊ ဟောန္တု-ဖြစ် ကြပါစေ ကုန်သတည်း"

ဦးဘိုးဂေါင်ကား ဘုရားရှိခိုးပြီးပြီဖြစ်၍ မေတ္တာပင် ပို့နေလေပြီ။ ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ရန်မရှိကြပါစေ နဲ့တဲ့၊ စိုးရိမ်ကြောင့်ကြ ခြင်းလည်း မရှိကြပါစေနဲ့တဲ့၊ မေတ္တာပို့နေရာသည်။ ဤပတ် ဝန်းကျင်၌ ကြီးပြင်းခဲ့ ရ၍ ဤပတ်ဝန်းကျင်မှာပင် အိုမင်းခဲ့ရသော ဦးဘိုးဂေါင်သည် ဤပတ်ဝန်းကျင်မှ လူများ၏ ဘေးရန် များခြင်း အဖြစ်ကို နက်နက်နဲနဲ သိနားလည်သည်။ တစိုးရိမ် ရိမ်တကြောင့်ကြကြ နေထိုင်ရသော အဖြစ်ကိုလည်း သိနားလည်သည်။ ထို့ကြောင့် ဤသူများအတွက် သူ တတ်နိုင်သော နည်းဖြင့် ညစဉ်ညတိုင်း ဆုတောင်း မေတ္တာပို့သပေးရာပေသည်။ အမင်္ဂလာအသံကို ကြား၍ ထိတ်လန့်ခဲ့ ရသလောက် မင်္ဂလာရှိသော အသံကို ကြားရပြန်တော့ ထိတ်လန့်ခြင်း ပြေပျောက်ကာ ရွှင်လန်းအားတက်မိပြန်၏။ ထိုအချိန်တွင်ပင် အိပ်တန်းမှ ကြက်ဖသည် တောင်ပံကို တဖျတ်ဖျတ်ရိုက်၍ ဒုတိယအကြိမ်မြောက် တွန်ကျူး လိုက် ပြန်ပေပြီ။

"အောက် အီး အီး အွတ်"

သက်ကြီး ခေါင်းချ ကြက်တွန်သံပါ တကား။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

(၃)

"သက်ကြီးခေါင်းချ" ကြက်တွန်သံပင် ထွက်ပေါ်လာပြီဖြစ်၍ ချောင်းဟန့်သံ၊ ဘုရားရှိခိုးသံ၊ မေတ္တာပို့ အမျှဝေသံ၊ တဝေဝေ ကြေးစည်သံ စသော သက်ကြီးများကို ကိုယ်စားပြုသော အသံများအား လုံးဆိတ်သုဉ်း လေပြီ။ ယခုအချိန်တွင် သက်ကြီးများသည် အိပ်ရာထက်တွင် လဲလျောင်းရင်း သူတို့ ကူးပြောင်း ရတော့မည် ဖြစ်သော နောင်တမလွန်ဘဝကို အိပ်မက်ပင် မက်နေရှာ ပေတော့မည်။

သက်ကြီးများ၏ အသံများ တိတ်ဆိတ်ပြီဖြစ်၍ လုလင်များ၏ အသံများတစ်စခန်း ထလိုက်ပြန်၏။

ပလွေသံ၊ တေးဆိုသံ၊ အိမ်ကြီးရှင် အပျိုချောတို့ကို မကြားတကြား စောင်းချိတ်ပြောဆိုသံ၊ အချင်းချင်း နောက်ပြောင် ရယ်မောသံစသော လုလင်များကို ကိုယ်စားပြုသော အသံများကား တစ်စခန်း ထလာပြန်ပေပြီ။ မယ်စိန်သည် ယခုအချိန်တိုင်အောင်ပင် အိပ်ချင်စိတ် မရှိသေးသဖြင့် လျှောက်ပြန်သံပေး နည်းဖြင့် ဖိုသံပေး နေကြသော လုလင်များ၏ အသံကို နားစိုက် နေမိပြန်၏။ မယ်စိန်တို့အိမ်နှင့် မနီးမဝေးတွင် ဟိန်းနေအောင် ဆောက်ထားသော အိမ်ကြီးရခိုင် တစ်ဆောင်သည် မားမားမတ်မတ် တည်ရှိနေသည်။

ထိုအိမ်ကြီးတွင် သမီးချောများ ပေါ်များလှသော အင်းသားကြီး မောင်နံ့ နေထိုင်သြည်။ ရပ်ရွာရှိ လုလင်များသည် ညဥ့်အချိန်တွင် အိမ်ကြီးအနီး၌ ရစ်သီရစ်သီ လုပ်ကာ ဖိုသံပေးတတ်ကြသည်။ သို့သော် အိမ်ကြီးရှင် အပျိုချော များကား ခနဂုဏ်၊ အလှဂုဏ်မောက်ကာ တော်ရုံတန်ရုံ လုလင်များကို လူမထင် အောင် မာန မိုးမွှန်နေကြသည်။ ရွာနီး ချုပ်စပ် ကြေးရတတ် သားများကိုသာ မျှော်မှန်းကြသည်။ ထိုအိမ်တွင်းသို့ ကြေးရတတ် သားများသာ ဝင်ထွက် သွားလာ၍ ရင်းနှီးစွာ ကူးလူးဆက်ဆံခွင့် ရကြသည်။ ရွပ်ရွာရှိ ခနဥစ္စာ ချို့တဲ့သော လုလင်များမှာမူ ထဲဝင်ပြင်ထွက်ဖြင့် ရင်းနှီးစွာ ဆက်ဆံ ပိုးပန်းခွင့် မရကြသောကြောင့်၊ ညဥ့်အချိန်၌သာ အိမ်ကြီးအနီးတွင် ရစ်သီရစ်သီ လုပ်ရင်း လျှောက်ပြန် သံပေးနည်းဖြင့် ပိုးပန်းကြရသည်။

မယ်စိန်သည် ထိုအိမ်ကြီးအနီးတွင် လျှောက်ပြန်သံပေး၊ လုပ်နေကြ သော လုလင်များအသံကို နားထောင်ရင်း သူမနှင့် ကိုဒေါင်းစိန်တို့ ငယ်ရွယ်စဉ် အပျိုလူပျိုဘဝကို ပြန်လည်မြင်ယောင် လာ၏။ သူတို့၏ သမီးရည်းစား ဘဝမှာ အဆင့်အတန်း တူညီကြသဖြင့် ခက်ခဲခြင်း မရှိ။ နှစ်ဦး စလုံး လက်လုပ် လက်စား သာမန်ဆင်းရဲသား သားသမီးချင်းဖြစ်၍ အနှောင့်အယှက် အဖျက်အဆီးနှင့် မတွေ့ကြုံရဘဲ၊ သမီး ရည်းစား ဘဝမှ လင်မယားဘဝသို့ အလွယ်တကူပင် ကူးပြောင်းရောက်ရှိ ခဲ့ကြ၏။

ကိုဒေါင်းစိန် သူမအား ပထမဆုံးအကြိမ် လူပျိုစကား ပြောသော အတိတ်ကို ပြန်လည် တွေးတောမိပြန်တော့ ကျွန်နွေမဆည်နိုင်အောင် ပြုံးလိုက်မိ၏။ သည်တုန်းက မယ်စိန်မှာ ကက်ကက်လန် ဆတ်ဆတ်ကြဲ မိန်းကလေး ဖြစ်၍ တော်ရုံတန်ရုံ ကာလသားများ အနားမကပ်ဝံ့ချေ။ ကိုဒေါင်းစိန် မှာလည်း လူရိုးလူအေး ဖြစ်၍ ဘယ်မိန်းကလေးကိုမှ ပိုးတတ်ပန်းတတ်ခြင်း မရှိ။ ဒီနှစ်ယောက် လာတွေ့ရပုံမှာ တကယ်တော့ ဆန်းသည်။

တစ်နေ့ မယ်စိန်သည် လယ်ကွင်းထဲတွင် တစ်ယောက်တည်း ကောက်သင်း ကောက်နေစဉ် ကိုဒေါင်းစိန် ပြုံးဖြီဖြီ မျက်နှာပေးဖြင့် ရောက်လာကာ "မယ်စိန်၊ နင်တို့အိမ် ခွေးဘယ်နှစ် ကောင်ရှိသလဲ" လာမေး၏။ "ကျုပ်တို့ အိမ် ခွေးနှစ်ကောင် ရှိတာပေါ့တော်၊ အဲဒါတော်က ဘာလုပ်မလို့တုံး" ဟု သူမက ပြန်အမေးတွင် "ငါပါနဲ့ဆို သုံးကောင်ပေါ့"ဟု ခပ်တည်တည် ပြောကာ သူမ၏ အပါးမှ လျင်မြန်သော အဟုန်ဖြင့် ထွက်ခွာ ပျောက်ကွယ်သွား၏။

သည်တော့မှ မယ်စိန်သည် ကိုဒေါင်းစိန် သူမအား လူပျိုစကား ပြောသွားမှန်း သိလိုက်ရ၏။ သို့သော် ကိုဒေါင်းစိန် ပြောသော လူပျိုစကားမှ ဇာတ်ထဲမှ လူပြက်က ပရိတ်သတ် ရယ်မောရ အောင်ပြက်လုံး ထုတ်သော လူပျိုစကား ကိုပင် အဟုတ်ကြီးထင်ကာ တိုက်ရိုက် ပုံတူကူးချပြီး လာပြောခြင်း ဖြစ်ကြောင်း သဘောပေါက် သွားသည်နှင့် တစ်ပြိုင်နက် ဣန္ဒြေမှ မဆည်နိုင်ဘဲ ခွက်ထိုးခွက်လန် ရယ်မိတော့၏။ လူပျို စကားကိုမှ ကာရန်ဝါကျ ညီအောင် မပြောတတ်သည့် ကိုဒေါင်းစိန်က စိတ်မဆိုးမိသည့်ပြင် သနားကရုဏာပင် ဖြစ်မိသေး၏။

နောက်တစ်ကြိမ် လူချင်းအဆုံးတွင်လည်း "နင်တို့အိမ် ဆန်ဘယ်နလုံး ချက်သလဲ" ဟု ကိုဒေါင်းစိန်က မဝံ့မရဲ အမေးတွင် "တော်ပါနဲ့ဆိုရင် ငါးလုံးပေါ့"ဟု မယ်စိန်က ရှက်ကြောက်တွန့်ဆုတ်ခြင်း မရှိဘဲ ကိုဒေါင်းစိန် ပြောမည့်စကားကို ကြိုတင်၍ ပြောချလိုက်သဖြင့်၊ ကိုဒေါင်းစိန်မှာ "ဟာ" ဟုဆိုတာ တစ်ခါတည်း လစ်ပြေး တော့၏။

တစ်ခါတည်း ညဘက်လ သာသာတွင် မယ်စိန်တစ်ယောက်တည်း ငါးကျည်း ကျပ်တိုက်နေရာ ကျပ်စင်သို့ ကိုဒေါင်းစိန် ရောက်လာကာ "လကလေး သာလိုက်တာနော်" ဟု လုပ်လာပြန်၏။ မယ်စိန်က ကိုဒေါင်းစိန် ပြောမည့် စကားကို ကြိုတင်၍ သိထားသော်လည်း သိထားသလို ထုတ်ဖော် ပြောလိုက်က တစ်ခါတုန်းကလို လစ်ပြေးမည် စိုးသည့်အတွက် "လသာတော့ ဘာဖြစ်သလဲ" ဟု

စကားလမ်းပင် ခင်းပေးလိုက်၏။ ဒီတော့ ကိုဒေါင်းစိန်က "လသာတော့ ... အင်း.... အင်း" ဟု ဆက်ရမည့် စကားကိုပင် မဆက်ရဲတော့သလို အူကြောင်ကြောင် လုပ်ကာ ထွက်ခွာခဲ့ရာတွင် မယ်စိန်က "သေချင်းဆိုးကြီး" ဟု ဆိုကာလှမ်း၍ မျက်စောင်းချိတ် လိုက်၏။

သို့သော် မယ်စိန်၏ သေချင်းဆိုးကြီး ဆိုသည်မှာ "ရှင့်ကိုလဲ ကျွန်မက ချစ်ပါတယ်။ ဒါကြောင့် ရှင့်အချစ် ကိုလည်း လက်ခံပါပြီ" ဟု ဆိုလိုခြင်း ဖြစ်ကြောင်း ကိုဒေါင်းစိန် နောက်မှ တအံ့တသြ သိရှိရ၏။ ကိုဒေါင်းစိန်က ထူးဆန်းသော စကားဖြင့် ချစ်ခွင့်ပန်သလို မယ်စိန်ကလည်း ထူးဆန်းသော စကားဖြင့်ပင် ကိုဒေါင်းစိန်၏ အချစ်ကို တုံ့ပြန်လက်ခံခဲ့၏။ သူတို့နှစ်ဦးမှာ ချစ်ကြိုက်ပြီး လင်မယား ဘဝသို့တိုင် ရောက်ခဲ့ကြ ရသည်။

ငယ်ရွယ်စဉ် အပျိုလူပျိုဘဝ၊ သမီးရည်းစားဘဝသို့ ပြန်၍တွေး လိုက်တော့ မယ်စိန်၏ မျက်နှာမှာ ပြုံးယောင် သမ်းလာပြီး နနယ်ပျိုမျစ်သော အသွေးအရောင် ကလေးများမှာလည်း သူမ၏ မျက်နှာတွင် ဝင်းလက်လာသည်။ အလုပ်ဆင်းသော ကိုဒေါင်းစိန်အတွက် စိုးရိမ်ကြောင့်ကြသော စိတ်မှာလည်း အခိုက်အတန့်မျှ ပျောက်လွင့် နေကြ၏။

"နှစ်ဆောင်ပြိုင် အိမ်ကြီးနဲ့......သမီးက ခြောက်ကောင်း၊ ရည်းစားပေါင်း သောင်းခြောက်ထောင်ငယ်၊ အို.... ရည်းစားပေါင်း သောင်းခြောက်ထောင် ငယ်..... တစ်ကောင်လျှင် နှစ်ပြား...... ယောက္ခမကြီး ကလက်ပုံရယ်.... ဩော်.... ယောက္ခမကြီး ကလက်ပုံရယ်.... သမက်ကုန်ကူးတော့မှာလား..... အား..... အား" လျှော့က်ပြန်သံပေး လုပ်နေကြသော လုလင်များကား သူတို့ ရင်းနီးစွာ ဝင်ထွက် ပိုးပန်းခွင့် မရသော အိမ်ကြီးရှင်များသို့ ရည်ညွှန်း၍ စောင်းချိတ်နေကြ ၏။ အချို့က ပါးစပ်ဆိုင်းဖြင့် လိုက် ပေးကာ အော်ဟစ်ဆူညံ နေကြ၏။ ထိုအချိန်တွင် အိပ်တန်းမှ ကြက်ဖကြီးသည် တောင်ပံကို တဖျတ်ဖျတ် ရိုက်ကာ တတိယ အကြိမ်မြောက် တွန်ကျူးလိုက်ပြန်၏။

"အောက် အီး အီး အွတ်"

"လုလင်" ပြန်လေ။

~~~~~~~~~~~~
~~~~~~~~~~~~

## (၄)

လုလင်ပြန် ကြက်တွန်းသံပင် ထွက်ပေါ်လာပြီဖြစ်၍ လုလင်များကား ပြန်ကုန်ကြလေပြီ။ ထို့ကြောင့် ပလွေသံ၊ တေးဆိုသံ၊ နောက်ပြောင်ရယ်မောသံ စသော လုလင်များကို ကိုယ်စားပြု သောအသံများအားလုံး ဆိတ်သုဉ်းလေပြီ။ ယခုအချိန်တွင် လုလင်များသည် အိပ်ရာထက်တွင် မှေးစက်မျဉ်းစွေ့ရင်း ချစ်သူ လုံမငယ်နှင့် တူနှစ်ကိုယ် ဆုံတွေ့ကာ ချစ်ဖျူဟာကျင်းသည့် အိမ်မက် ကောင်းကိုပင် မက်နေကြ ပေတော့မည်။

သူငယ်များသည် အိပ်ကြလေပြီ။ သက်ကြီးများလည်း ခေါင်းချကြလေပြီ။ လုလင်များလည်း ပြန်ကြ လေပြီ။ လူသံများ အားလုံးတိတ်ပြီးဖြစ်၍ တိရစ္ဆာန်များ၏ အသံသာလျှင် လွှမ်းမိုး ကျန်ရစ်သည်။ ခွေးဟောင်သံ၊ ပုရစ် အော်သံ၊ ခွေးအူသံ၊ ညဥ့်ငှက်များ၏ အော်မြည်သံများက တစ်ခါတစ်ရံ ပျံလွင့် လာတတ် သည်။

လူသံသူသံဟူ၍ မကြားရတော့။ မယ်စိန်မှ ပို၍သာ အားငယ်သလို ရှိလာမိ၏။ ဦးဘိုးဂေါင်အား တစ်ညလုံး ဘုရားရှိခိုးသံများကို ထိုင်၍ ရွတ်ဆို နေစေချင်သည်။ လုလင်များအားလည်း တစ်ညလုံး လမ်းသလားကာ လျှောက်ပြန် သံပေး လုပ်နေစေချင်သည်။ ဒါမှ သူမသည် ဤအသံများကို ကြားနာ စူးစိုက်ရင်း စိုးရိမ် ကြောင့်ကြသော စိတ်များကို မေ့ပျောက် ထားနိုင်ပေမည်။

ယခုတော့ လူသံသူသံဟူ၍ မကြားရဘဲ တစ်ကိုယ်တည်းမို့ စိုးရိမ်ကြောင့်ကြစရာများကိုသာ တွေးခေါ်ရင်း ထိတ်လန့်အားငယ် နေမိသည်။ မျက်ခမ်းတွေမှာ တဆတ်ဆတ် လှုပ်ခဲ့သည်။ နိမိတ်ကောင် တစ်တီတူး ကလည်း ညံစာစာ ဟစ်မြည် ကျူးရှုံ့မှုမက အိမ်ခေါင်တိုင်ကိုပင် ထိုးဆိတ်သွား လိုက်သေးသည်။ မကောင်းသော နိမိတ်တို့သည် မကောင်းသော ကြမ္မာဆိုးတို့ကို ဆောင်ယူလာ တတ်သည် သက်ဝင်ယုံကြည်သည်မို့ ကြမ္မာဆိုးကိုသာ မျှော်ခေါ်နေမိသည်။ အလို ဘုရား........ သေနတ် သံပါကလား။

မှန်သည်။ "ဒိုင်း" ဟူ၍ ကျယ်လောင် တုန်ဟည်းသော သေနတ်သံသည် ညဥ့်သံကို ဖောက်ထွင်း၍ ထွက်ပေါ်လာသည်။ သစ်ပင်များပေါ်တွင် တစုတရုံးတည်း အိပ်တန်းတတ်နေကြသော ကျီးအုပ်သည် လန့်၍ပြိုကာ တအားအား အော်မြည်ရင်း ပျံသန်းနေကြသည်။ ခွေးတွေကလည်း စိတ်ချောက်ချားစရာ ကောင်းလောက် အောင်ပင် လေဆက်မပြတ် အူနေကြ၏။ မယ်စိန်သည် ငယ်ထိပ်ကို မြွေကိုက်လိုက်သလို မွှန်ထူသွားတော့၏။ ကြားရသော သေနတ်သံသည် ကိုဒေါင်းစိန်တို့ ပိုက်သွားချသော ကွင်းဘက်ဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်ဟု ထင်မိ၏။ ဤကွင်းကို ပိုင်သော အင်းသားကြီးတွင် လိုင်စင်ယူထားသော နှစ်လုံးပြူး သေနတ်ကြီး ရှိနေသည်။ ဤအင်းသားကြီးမှာ ရက်စက်ရာတွင် နှစ်ယောက်မရှိဟု ကျော်ကြား၏။ သူ့အင်းပိုင်နက်ထဲတွင် တိတ်တိတ်ပုန်း ဝင်ရောက် ပိုက်ချ သူများကို မိလျှင်သက်ညှာလေ့မရှိ၊ ချမ်းသာပေးလေ့မရှိ။

တစ်ခါတုန်းကပေါ့။ ရွာလယ်က ပိုက်သမား စိန်အေးကို အသေသတ်ပစ်လိုက်ကြတာလေ။ သူ့အင်း ပိုက်နက်ထဲ အပေါင်းအဖော်တွေနဲ့ ပိုက်ဝင်ချလို့တဲ့။ အခြားအဖော်တွေကတော့ ပိုက်ကို အဆုံးခံထားခဲ့ပြီး ကိုယ်လွတ်ရုန်းပြေးကြတဲ့အတွက် လွတ်လာကြတယ်။ စိန်အေးကတော့ သူ့ပိုက် ကလေးကို

တွယ်တာလွန်း၊ မက်မောလွန်းလို့ ပိုက်တွေကို မဲပြီး ရှန်းသိမ်းနေတုန်းမှ လက်ပူးလက် ကြပ်မိသွားပြီး ရက်ရက်စက်စက် သတ်ပစ် ကြသတဲ့။

ခုလိုပဲ ညဥ့်အချိန်ကြီးမှာပေါ့၊ သန်းခေါင်းလောက်မှ စိန်အေးကို သတ်ပစ်ကြတယ်။ နာရီပြန်တစ်ချက်မှာ ထွက်ပြေးလာတဲ့ ပိုက်သမားတွေဆီက စိန်အေးကို သတ်ပစ်ပြီးဆိုတာ ကြားသိကြရတယ်။ အို ... စိန်အေးရဲ့ အမေကြီး ဆိုတာ ပဋာမြေလူးရူးလုမတတ်ပေါ့။ ညကြီးသန်းခေါင် အော်ဟစ်ပြီး ငိုလိုက်တာ တစ်ရွာလုံး အကြားပေါ့။ သနားစဖွယ် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောလိုက်ငိုက်လိုက်နဲ့။ ငိုပုံကိုလေ ကိုအခုတောင်မှ ကြားယောင် မိသေး။

"အို.... လူကလေးရဲ့၊ မင်းကို အမေ အတန်တန် ထားပါလျက်နဲ့ သွားလိုက်တာ ဘေးတွေ့ရပြီ မဟုတ်လားကွယ့် လူကလေးရယ်။ သားရယ်.... မသွားပါနဲ့ကွယ်၊ အမေ စိတ်လေးလွန်းလို့ ပါလို့ အတန်တန် တားပါသေးတယ်။ ဒါပေမဲ့ သားလိမ္မာကြီးက မထားပါနဲ့က အမေရယ်တဲ့။ ကျုပ်တို့ ဒီလိုမှ ရှာဖွေ မစားရင်လည်း ငတ်ကြမှာပဲတဲ့။ ကျုပ်အတွက်က အရေးမကြီးပါဘူး၊ အမေတို့ အတွက် သာပါ ဆိုပြီး ဖွတ် ထွက်သွားတယ်။ အမေကို လုပ်ကျွေးချင်တဲ့ သားလိမ္မာကြီးရယ်၊ အခုတော့ မင်းအမေကို လုပ်ကျွေး နိုင်သေးရဲ့လား၊ အမေတော့ ပါဏ္ဍုပေတံ အသက်ထက်ဆုံး ယူကျုံးမရ ဖြစ်သွားရတော့မှာပါ ကလား လူလေးရယ်" လို့ ဆိုပြီး ငိုလိုက်တာ။

ဘဝတူချင်းမို့ ခံစားမှုချင်း တူညီတဲ့ မယ်စိန်တို့တောင်မှ မျက်ရည် မဆည်နိုင်အောင် ဖြစ်ခဲ့ရသေးတယ်လေ။

ဟော ယခုလည်း ကိုဒေါင်းစိတ်တို့ ပိုက်သွားချသော ကွင်းဘက်ဆီမှ သေနတ်သံ ကြားရပြန်ပေပြီ။ စိန်အေးလို ကံကြမ္မာမျိုးနဲ့ ကိုဒေါင်းစိန်တို့ ဝင်တိုး နေပြီလားမသိ။ အထူးသဖြင့် ကိုဒေါင်းစိန်မှာ တစ်ခါတုန်းက အသတ် ခံရသော

စိန်အေးကဲ့သို့ပင် သူ့ပိုက်ကလေးတွေကို တွယ်တာလွန်း၊ မက်မောလွန်းတတ်၍ ကိုဒေါင်းစိန် အတွက် စိတ်မအေးနိုင်အောင် ဖြစ်နေရသည်။

ဤသို့ ကြံစည်စေ့စေ့ တစိမ့်စိမ့် အောက်မေ့၍ တငွေ့ငွေ့ဆင်ခြင်၊ ပူစကိုင်ငင်မိလျှင်၊ ပူပင်လယ် ဖွေ၊ လှိုင်းဘောင်ဘင် ဝေသောကြောင့်၊ မနေနိုင် မထိုင်နိုင်၊ လိုက်၍ပင် မေးရမယောင်၊ ထိုင်၍ပင် စောင့်နေရမယောင်နှင့် အယောင်ယောင် အမှားမှား ဖြစ်နေရှာ၏။

သို့သော် ရပ်ရွာရှိသူများအဖို့ သေနတ်သံကို မထူးဆန်းဟု မှတ်ယူ သလားမသိ။ မည်သူမျှ တုတ်တုတ်မလှုပ်။ ငြိမ်ချက်သား ကောင်းလှသည်။ သို့မဟုတ် ကြောက်ရွံ့၍ ငြိမ်သက်နေကြခြင်းလည်း ဖြစ်နိုင်သည်။ သူသည် ဤသို့ တပူပူ တပင်ပင်နှင့် နေရသည့် အခြေမှလွတ်ကင်းအောင် မြန်မြန်ပင် မိုးလင်း ဖို့ရာ ဆုတောင်းနေမိရှာ၏။ အချိန်ကို ခန့်မှန်းသိရှိနိုင်ရန် ကောင်းကင်သို့ မော်ကြည့်လိုက်ရာတွင် ခုနစ်စဉ် ကြယ်ပြောင်မှာ အမြီးပင် ထောင်နေပေပြီ။

"အောက် အီး အီး အွတ်"

အိပ်တန်းမှ ကြက်ဖကြီးက စတုတ္ထအကြိမ်မြောက် တွန်ကျူး လိုက်ပြန်ပါ ပကော။

သန်ခေါင်းကြက်။

~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~

(၅)

သန်ခေါင်းကြက် တွန်သံပင် ထွက်ပေါ်လာပြီဖြစ်၍ ညဉ့်နက်နေပြီဖြစ်ကြောင်း မယ်စိန်သတိ ပြုမိသည်။ သို့သော် အိပ်ချင်စိတ်ကား မရှိသေး။ အိပ်ချင်စိတ်ပင် မရှိသော်လည်း တစိုးရိမ်ရိမ် တကြောင့်ကြကြဖြင့် စိတ်အလုပ်များခဲ့ရသောကြောင့် လူမှာနွမ်းနယ်လာကာ အိပ်ရာထဲတွင်သာ ခွေလှဲနေချင်သည်။ ထို့ကြောင့် သူမသည် အိပ်ရာထက်ရှိ ကလေးများ အကြားတွင် ထိုးလှဲချလိုက်ပြီးနောက် ငြိမ်သက်နေမိသည်။

လူမှာ ငြိမ်သက်နေသော်လည်း စိတ်တို့ကား မငြိမ်။ မိုးအလင်းတွင်းကိုဒေါင်းစိန်နှင့် ပတ်သက်သော သတင်းကို မည်သို့မည်ပုံ ကြားရပါမည်လဲဟုသာ တွေးတော စိုးရိမ်နေမိ၏။ ထို့ကြောင့် အိပ်ရာထက်တွင်သာ လူးကာလှိမ့်ကာနှင့် အိပ်မပျော်ဘဲ ရှိနေရှာသည်။

ကြောင်နစ်ကောင် မိတ်လိုက်ရာမှ ထွက်ပေါ်လာသော မာန်ဖီသံသည် မယ်စိန်၏ စိတ်ကို ပို၍သာ ချောက်ချား စေပြန်သည်။ မယ်စိန်တို့ အိမ်ခေါင်းရင်းရှိ ကုက္ကိုပင်အိုကြီးမှ တောက်တဲ့ကြီးကလည်း "တောက်တဲ့ တောက်တဲ့" ဟု ဆိုးဝါးနက်ကျော်သော အသံကြီးဖြင့် မယ်စိန်အတွက် မကောင်းသော နိမိတ်ကို ဖတ်ကြား နေသလို ရေရွတ် မြည်တမ်းနေ၏။

မယ်စိန်သည် ထိတ်လန့်မိရာကပင် တောက်တဲ့၏။ အော်မြည်သံကို ရေတွက်နေမိ၏။ ခုနစ်ကြိမ်မြောက် အော်မြည်ပြီးသောအခါ တောက်တဲ့ကြီး သည်

"တောက်... တောက်... တောက်၊ တောက်.... တောက်.... တောက်" ဟူသော အသံဆိုးကြီးဖြင့် နဂုံးချုပ်လိုက်ရင်း ရပ်ဆိုင်းသွားတော့၏။ သူ၏ အသံ ပျောက်ကွယ် သွားသော်လည်း ကြောက်မက်ဖွယ် ကောင်းသော သူ၏ အသံဆိုးကြီးမှာ ဟိန်းကာ ပဲ့တင် ထပ်ကာကျန်ရစ်နေ သေးသည်ဟု မယ်စိန်က ထင်မှတ်နေသည်။

တောက်တဲ့၏ အော်မြည်သံကို ရေတွက်ကြည့်ခြင်းမှာ အော်မြည်သော အကြိမ်ပေါင်းသည် "စုံ" ဖြစ်လျှင် ကြားရသူ အတွက် ကောင်းကျိုးချမ်းသာနှင့် တွေ့ကြုံရမည့် နိမိတ်ဖြစ်၍၊ "မ" ဖြစ်လျှင် ဘေးအန္တရာယ်နှင့် တွေ့ကြုံရမည် နိမိတ်ပင်ဟု အယူရှိသောကြောင့် ရေတွက်ကြည့်ခြင်း ဖြစ်သည်။ ယခု အော်မြည်သော အကြိမ်မှာ ခုနစ်ကြိမ်ဖြစ်၍ "စုံ" မဟုတ်ဘဲ "မ" ကျနေသည်။ ထို့ကြောင့် တောက်တဲ့ကြီးကလည်း သူမတို့ တွေ့ကြုံရမည့် ဘေးအန္တရာယ် အတွက် ကြိုတင်၍ နိမိတ်ဖတ် ကြားလိုက်ခြင်း ဖြစ်သည်ဟု ယူဆကာ ပို၍သာ အားငယ် ထိတ်လန့်နေမိသည်။

အားငယ်ရလွန်း၊ စိုးရိမ်ရလွန်းတော့ လူတစ်ကိုယ်လုံး မလှုပ်ချင် မရှားချင် လောက်အောင်ပင် နွမ်းနယ်လာမိ၏။ မျက်တောင်များမှာ စင်းကျ လာကြ၍ မျက်လုံးများမှာလည်း မှေးလာကြ၏။ မှောင်ကြီး မည်းမည်းတွင် ပိုက်ချ နေသော ကိုဒေါင်းစိန်၏ ရုပ်ပုံလွှာမှာ မှေးနေသော မျက်စိအာရုံတွင် ပေါ်ပေါက် လာသည်။ အင်းသားကြီးက နှစ်လုံးပြူး သေနတ်ကြီးနှင့် ပစ်လိုက်၍ ခွေခွေကလေး လဲနေသော ကိုဒေါင်းစိန်၏ ရုပ်ပုံမျိုးလည်း တစ်ခါတစ်ရံ ဝဲပျံ လာတတ်သည်။ သည်လိုနှင့်ပင် အိပ်မပျော်သလိုလို၊ ပျော်သလိုလို အိပ်တစ်ဝက် နိုးတစ်ဝက်နှင့် မျောက်မျဉ်း အိပ်ပျော်သော အခြေအနေသို့ ရောက်လာ၏။

ရုတ်ခြည်းပင် ရုပ်လက္ခဏာ ခက်ထန်ကြမ်းကြုတ်သော ယောကျာ်းကြီး တစ်ယောက်သည် သူမ၏ မျက်မှောက်တွင် ပေါ်ပေါက်လာသည်။ အင်္ကျီမပါဘဲကျော ပြောင်ကြီးနှင့် ဖြစ်၍ခါးတောင်း ကိုလည်း မြှောင်လုအောင်

ကျိုက်ထား လိုက်သေးသည်။ တစ်ကိုယ်လုံး မည်းနက်၍ တုတ်ခိုင်သန်စွမ်းလှပုံမှာ ကျွဲရိုင်းကြီး တစ်ကောင်လားဟုပင် ထင်မှားလောက်သည်။ နဖူးမှာ မောက်၍ နာယောင်ကောက်၏။ အံကို တအားကြိတ်ထားရာ ပါးရိုးများမှာ ထောင်ထနေကြသည်။ ယာလက်တွင် ပြူးပြက်၍ ထက်မြက်လှသော ဆောင်ဓားကြီး တစ်ချောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ မယ်စိန်ကို စားတော့ဝါးတော့မတတ် ပြူးကျယ်၍ ခြင်းခြင်းနီသော မျက်လုံးအစုံဖြင့် စိန်းစိန်းကြီး ကြည့်နေ၏။

မယ်စိန်သည် ကြောက်လွန်းလှ၍ အော်ဟစ်ရန်ကိုမျှပင် သတိမရ။ သတိရ၍ အော်ဟစ်ရန် ကြိုးစား ပါသော်လည်း အသံက မထွက်။ ထွက်ပြေးရန် ကိုယ်ကိုအားယူ၍ လှုပ်ရှားပါသော်လည်း အသေ ကောင်ကြီးလို တစ်ကိုယ်လုံး လှုပ်ရှား၍မရဘဲ ရှိနေ၏။ ထိုအချိန်တွင် ဝေဒနာကားဆိုးဝါးလှဘိ၏။

ခက်ထန်ကြမ်းကြုတ်သေ ယောကျာ်းကြီးသည် ဆောင်ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်၍ မယ်စိန်၏ အနီးသို့ တစ်လှမ်းချင်း တိုးကပ်လာသည်။ ညို့ဓာတ်မိနေသူကဲ့သို့သာ မယ်စိန်မှာ အော်လည်း မအော်နိုင်၊ လှုပ်လည်း မလှုပ်နိုင်ဘဲ ယောကျာ်းကြီးကိုသာ အငေးသား ကြည့်နေမိ၏။ မယ်စိန်အနီး သို့ ရောက်သောအခါ ယောကျာ်းကြီးသည် ဆောင်ဓားကို တအားလွှဲမြှောက် ချိန်ရွယ်၍ မယ်စိန်၏ ညာလက်ရုံးကို တိခနဲ ခုတ်ဖြတ်လိုက်တော့၏။ သည်တော့မှ မယ်စိန်သည် သူမတွင် ရှိသမျှ ကိုယ်အင်အား၊ စိတ်အင်အားတို့ကို ကြိုးစားစုရုံးကာ အသံကုန် အော်ဟစ်လိုက်တော့သည်။

"အား... မယ်လေး"

စူးရှသောအသံဖြင့် ငယ်သံပါအောင်ဟစ်လိုက်ပြီးနောက် အိပ်ရာထက်မှ ခုန်ထလိုက်၏။ သူမ၏ရင်မှာ ပုစွန်ဆိတ်ခုန် သလို တဆတ်ဆတ်ခုန်နေ၏။ သူမ၏ ညာလက်ရုံးကို အရေးတကြီး စမ်းသပ်ကြည့် ပြန်တော့လည်း အကောင်း

ပကာတီပင် ရှိနေ၏။ သူမ၏ အော်သံကြောင့် ဒီလုံးမှာ နိုးလာကာ "အစ်မ ဘာဖြစ်တာလဲ" ဟု စိုးရိမ်မကင်းသော လေသံဖြင့် မေးနေ၏။ ဟုတ်တယ်၊ ငါဘာဖြစ်တာလဲ။

ခေါင်းအေးအေးထားပြီး တွေးကြည့်တော့မှ အဖြေသည် ပေါ်လာ၏။ သူမသည် မေ့ခနဲ အိပ်ပျော်သွားစဉ် အိပ်မက်ဆိုးကို မြင်မက်ခဲ့သည်။ ရိုင်းစိုင်းသော ယောကျ်ားကြီးတစ်ဦးက သူက၏ ညာလက်ရုံးကို ဓားထက်ထက်ဖြင့် တိခနဲ ခုတ်ဖြတ်သွားသည်ဟု မြင်မက်ခဲ့သည်။ သူမ၏ ညာလက်ရုံးဆိုတော့ ကိုဒေါင်းစိန် အပြင် ဘယ်သူ ရှိနိုင်ဦးမည်နည်း။

"ဟမယ်လေး... ဒီလုံးရေ၊ မင်းအဖေ ကိုဒေါင်းစိန်တော့ ဒုက္ခတွေ့ပြီ ထင်တယ်ကွယ့်... ဟီး... ဟီး"

သူမ သည် ရေရွတ်မြည်တမ်းရင်း ငိုချလိုက်သည်။ ဒီလုံးကမူမယ်စိန်၏ အမူအရာကို နားမလည်နိုင်သလို ငေးစိုက်ကြည့်နေရာမှ "ဟာဗျာ...ခင်ဗျားကြီး ကလည်း ညကြီးသန်းခေါင် လူကြားမကောင်း သူကြားမကောင်း ငိုမနေ စမ်းပါနဲ့ဗျာ" ဟု အိပ်ချင်မူးထူး အသံဖြင့် ဆိုလိုက်၏။

"မင်း မသိဘူးနော်... မင်း ဘာမှမသိဘူး" ဟု ဆိုကာ မယ်စိန်က ကြားနာခဲ့ရသော နိမိတ်ဆိုးများနှင့် မြင်မက်ခဲ့ရသော အိပ်မက်ဆိုးကို ထုတ်ဖော် ပြောပြပြီးနောက်၊ ဘေးအန္တရာယ်များ အကြားတွင် အရှာအဖွေ သွားရသော ကိုဒေါင်းစိန်နှင့် ထိုနိမိတ်ဆိုး၊ အိပ်မက်ဆိုးတို့ကို ဆက်စပ် ရှင်းပြလိုက်တော့မှ

ဒီလုံး မှာလည်း တွေဝေ ငေးစိုက် သွားတော့၏။ ထိုအချိန် တွင်ပင် အိပ်တန်းမှ ကြက်ဖကြီးက တောင်ပံကို တဖျတ်ဖျတ်ရိုက်ကာ ပဌမအကြိမ်မြောက် တွန်ကျူး လိုက်ပြန်၏။

အောက်... အီး... အီး... အွတ်

ဩော်... ကြက်ဦးတောင် တွန်နေပါပကော။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၆)

ကြက်ဦးပင် တွန်ကျူးပြီးဖြစ်၍ ညဥ့်မှာ တစ်စထက်တစ်စ ဟောင်းအိုလာကာ လင်းအရုဏ်က မသိမသာ ပွင့်သစ်စ ပြုလာသည်။ ညဥ့်သည် ချုပ်ငြိမ်းလု နီးပေပြီ။ လင်းအရုဏ်သည် ပွင့်သစ်လု နီးပေပြီ။ သို့သော် ကိုဒေါင်းစိန်တို့ ပိုက်သမားများကား ပြန်ရောက်ခြင်း မရှိကြသေးပါ တကား။ မယ်စိန်သည် ပြန်အိပ်၍လည်း ရတော့မည် မဟုတ်သဖြင့် ဒီလုံးကို အဖော်ပြုကာ ကိုဒေါင်းစိန်တို့ ပြန်မည့် လမ်းကို မျှော်မှန်း၍ နေမိ၏။ ယခင်ကဆိုလျှင်သည်လို ကြက်ဦးတွန် အချိန်ကို နောက်ဆုံးထားကာ ပြန်ရောက် လာတတ်ကြသည်။ သူတို့သည် အင်းသားကြီးများ ပိုင်သော အင်းနယ်နိမိတ်တွင် တိတ်တိတ် ပုန်းဝင်ရောက် ပိုက်ချကြရသည့်အတွက် လူမြင်မခံဝံ့သောကြောင့် အရုဏ်မလာမီ ပြန်ကြရမြဲ ဖြစ်သည်။

ယခုအထိ ပြန်မရောက်ကြသေးသည်ကို ထောက်လိုက်လျှင် နိမိတ်ပြသည့်အတိုင်း ဘေးအန္တရာယ် တစ်စုံတစ်ခုနှင့်များ တွေ့နေကြရော့လား။ အိပ်မက်ကို ပြန်တွေးမိတော့ ယခုပင် ကြက်သီးထမိသေး၏။ သည်မျှလောက် ကြောက်မက်ဖွယ် ကောင်းလှအောင် ကြမ်းကြုတ်သော အိပ်မက်ထဲမှ ယောက်ျားကြီးမျိုးကို သူမ တစ်သက်တွင် တစ်ခါမှ မတွေ့ဖူးခဲ့။ မပြားကြီးတို့ ခဏခဏ ပြောနေကြတဲ့ ငရဲသားဆိုတာ အဲဒီလို ရုပ်ကြီးမျိုးများ ဖြစ်နေမည်လားမသိ။

ဘုန်းကြီးကျောင်းမှ အရက်တက် ဝတ်တက်သော အထိမ်းအမှတ်ဖြင့် တီးခေါက် လိုက်သော အုန်းမောင်းခေါက်သံပင် ထွက်ပေါ်၍ လာပေပြီ။ နောက်ဆက်တွဲ အဖြစ် ရွာတွင်းရှိ သက်ကြီးများ၏ ဘုရား ရှိခိုးသံ များပင် မဆိတ်မညံ လျှံထွက်လာကြ ပြန်ပေပြီ။ အမှောင်ထုသည် ပြိုကွဲပျက်ပြယ်၍ လင်းအရက်သည် အလျင် အမြန်ပင် ထိုးဖောက်ဝင် ရောက်လာနေသည်။ သို့သော် ကိုဒေါင်းစိန်တို့ကား ပြန်မရောက်ကြသေး ပါတကား။ ပြန်ခဲ့ပါတော့ ဒေါင်းစိန်ရယ်၊ မြန်မြန်ကြီးပြန်ခဲ့ပါတော့။

"ကွက် ကွက် ကွက်"

လင်းဝက် ငှက်များသည် စူးရှသော အသံဖြင့် အော်မြည်ရင်း ထက်ကောင်းကင်မှ ပျံသွားကြသည်။ သူတို့ကား ညဥ့်ငှက်များဖြစ်ကြ၍ ညဥ့်အချိန်တွင်သာ အစာရှာ ထွက်တတ်ကြပြီး မိုးသောက်ချိန် နီးသည့် အခါတွင် အနားယူ အိပ်တန်းတက်ရန် စံမြန်းရာ သိုက်မြုံနန်းသို့ ပျံသန်းရောက်ရှိ လာတတ်ကြသည်။ ဩော် လင်းဝက်ငှက်တွေတောင် အစာဝလို့ ဌာနပြန်ခဲ့ကြ ကုန်ပေပြီ၊ ပြန်ခဲ့ပါတော့ ဒေါင်းစိန်ရယ်... မြန်မြန်ကြီး ပြန်ခဲ့ပါတော့။

ငေးကာ ငိုင်ကာနှင့် ပူမီးတွေ ဝေဖြာလျက် ရှိစဥ်မှာပင် လေသံလှိုင်း တစ်ခုသည် လေဟုန်ကိုစီးကာသူမ၏ နားတွင်း သို့ဖောက်ထွင်း ဝင်ရောက် လာသည်။ သူမ၏ ရင်ထဲ၌ ဒိတ်ခနဲနေအောင် ဖိုလိုက်သွား၏။ ဝမ်းသာလွန်း ၍လော၊ ထိတ်လန့် အံ့အားသင့်လွန်း၍လော ဟူသည်ကိုတော့ မခွဲခြားတတ်။ သူမ၏ နားတွင်းသို့ ဝင်ရောက်လာသော အသံလှိုင်းမှာ ကိုဒေါင်းစိန်၏ အသံပင် ဖြစ်သည်။

"မယ်စိန် ရေ၊ ငါးထည့်ဖို့ခြင်းတောင်း ယူခဲ့ဟေ့"

သူမသည် ခြင်းတောင်းကိုပင် မယူမိဘဲ အိမ်ထက်မှ ရုတ်ခြည်း ခုန်ချလိုက်ကာ ကမ်းနားရေဆိပ်သို့ အရောက် တောက်လျှောက်

ပြေးလေတော့သည်။ ကိုဒေါင်းစိန်သည် လှေပေါ်၌ ခကြွားကြွားရပ်ကာ မယ်စိန်ကို ကြိုလင့်နေသည်။ ကိုဒေါင်းစိန်ကို တွေ့မြင်လိုက်ရသည်မှာ သေရွာမှ ပြန်ကာသူကို တွေ့မြင် လိုက်ရသလိုရင်ထဲမှာ အေးချမ်းသွား၏။ မယ်စိန်သည် စကားတစ်ခွန်းမှ မဆိုနိုင်ဘဲကိုဒေါင်းစိန်မှ ဟုတ်ပါရဲ့လား ဟူသော သံသယဖြင့် ဝေခွဲမရ ဖြစ်နေသလို အငေးသားရပ်ကြည့်နေ၏။

"ဟ မယ်စိန်ရဲ့၊ ငါ့ကိုများ ကြည့်နေလိုက်တာ မမြင်ဖူးတဲ့လူ ကျနေတာပဲ၊ ငါးထည့်ဖို့ ခြင်းတောင်း ယူခဲ့ပါ ဆိုတာလည်း ယူမလာဘူး၊ မင်းဘာဖြစ် နေတာလဲဟင်"

ကိုဒေါင်းစိန်က မယ်စိန်၏ အမူအရာကို နားမလည်နိုင်သလို လှမ်းမေး လိုက်၏။ သည်တော့မှ မယ်စိန်တွင် အသက် ဝင်သလို ဖြစ်လာကာ "အို... တော်တကယ်ပဲ ပြန်လာပြီနော်၊ တော် ဘာမှ မဖြစ်ခဲ့ဘူးနော်" ဟု အိပ်မက် မက်ပြီး ယောင်ယမ်း ပြောနေသူသကဲ့သို့ ပြောဆိုလိုက်၏။

သည်တော့မှ ကိုဒေါင်းစိန်သည် မယ်စိန် သူ့အတွက် အတော်ပင် စိုးရိမ်မကင်း ဖြစ်နေကြောင်း ရိပ်စားမိလိုက်ရ၏။ ထိုစိုးရိမ်စိတ်ကလေး လုံးဝ ပပျောက်သွားအောင်လည်း မည်သို့မှ အရေးမကြီးသလို ခပ်ဟဲဟဲ လေသံဖြင့်

"အို... ငါ ဘာဖြစ်ရမှာလဲကွ၊ ဘာမှ မဖြစ်ပါဘူး တို့က အရမ်းမဲ့သွားတာမှ မဟုတ်ဘဲ၊ သတင်းကို စနည်းနာပြီးမှသွားတာကွ။ ဒီည အင်းသားကြီးဟာ သူ့အင်းတဲမှာ မရှိဘဲ နောက်တော်ပါများနဲ့အတူ မယားငယ် အိမ်ကို ဆောင်တော် ကူးပြီး အပျော်ကြူးမယ့်ညဆိုတာ ဒို့၌သိထားရလို့ တို့ပိုက်ချ ဆင်းတာပါဟ။ သူနဲ့ သူ့လူတွေ မရှိလို့ တို့တော့ သူ့ပိုင်နက်ထဲမှာ လွတ်လွတ်လပ်လပ်နဲ့ ထင်သလို ပိုက်ချ နိုင်ခဲ့တယ်လေ၊ ဒါကြောင့်မို့ ငါးအတော်များများ ရလာကြတာပေါ့ကွ။ မင့် အင်းသားကြီးဖြင့် အပျော်လွန် နေလို့လား မသိဘူး၊ ခုထက်ထိ သူ့အင်းထဲ ပြန်ရောက်တာ မတွေ့ခဲ့ရသေးဘူး"

သည်တော့မှ မယ်စိန် စိတ်အေးသွားကာ အသက်ရှူ ဖြောင့်သွား၏။ ထိုနောက် သူမ တွေကြုံကြား သိခဲ့ရသော နိမိတ်ဆိုးနှင့် မြင်မက်ခဲ့ရသော အိပ်မက်ဆိုးတို့ကိုလည်း ကိုဒေါင်းစိန်အား ပြန်လှန် ပြောပြကာ၊ ဤအတွက် သူမတွင် မည်မျှလောက် စိုးရိမ်ပူပန်ခြင်း ဖြစ်နေပုံတို့ကိုပါ မချွင်းမချန် ဇာတ်စုံလင်း နေရာ၊ ကိုဒေါင်းစိန်က သဘောကျသလို ပြုံးပြုံးကြီး နားထောင်နေ၏။

အကျိုးအကြောင်း အဆိုးအကောင်းကို အပြန်အလှန် ရှင်းလင်း ပြောဆိုပြီးပြီဖြစ်၍ မယ်စိန်သည် ကိုဒေါင်းစိန် ရမိလာသော ငါးများကို သယ်တင်ရန်လှေပေါ်သို့ တက်လိုက်ပြီးနောက် လှေကပ်ကို ဖွင့်ကြည့်လိုက်၏။ လှေကပ် အောက်တွင်ကား ငါးမြစ်ချင်းခေါ် ငါးမျက်ဆန်နီခေါ် ခေါင်းဖြတ်ငါးများဖြင့် ပြည့်သိပ်နေသည်။ ငွေရောင် ဖွေး၍ မက်မောဖွယ် ကောင်းလှသော ထိုငါးများကို စူးစိုက်ကြည့်ရင်း မယ်စိန်သည် မိန်းမတွက်ဖြင့် စိတ်တွက် တွက်ကြည့်နေသည်။

"အားလုံးပေါင်း ခွက်နှစ်ဆယ်ထက်တော့ မနည်းဘူး၊ ခွက်တစ်ဆယ်ကို ခုနစ်ကျပ်ခွဲ ဈေးပဲထား၊ ခွက်နှစ်ဆယ်ကို တစ်ဆယ့်ငါးကျပ် ရမယ်။ အမယ် တယ်ဟန်ပါလား၊ ဆယ်ရက်လောက် ပိုက်ဆက်ချလို့ရရင် ငွေတစ်ရာ ငါးဆယ်တော့ တန်းနေတာ ပေါ့"

မယ်စိန်၏ မျက်နှာတွင် အပြုံးသည် ဖူးဖွင့်လေပြီ။ စောစောက စိုးရိမ်ကြောင့်ကြသော စိတ်များကိုလည်း ယခုအချိန်တွင် လုံးဝပင် မေ့ပျောက်လေပြီ။ စိုးရိမ်လွန်းအားကြီး၍ ကိုဒေါင်းစိန်အား နောက်ထပ် ပိုက်ဆင်းချရန် ခွင့်မပြုတော့ ဟူသော သူမ၏ ဆုံးဖြတ်ချက်မှာလည်း ယခုအချိန်တွင် အရည်ပျော်ကျလေပြီ တကား။

ထိုအချိန်တွင် ကြက်ဖကြီးသည် အိပ်တန်းမှ ဆင်းလာကာ အိမ်ရှေ့မြေပြင်သို့ ခုန်ချလိုက်ပြီးနောက် တောင်ပံကို တဖျတ်ဖျတ်ရိုက်၍ ကြွားဝင့်စွာ တွန်ကျူးလိုက်၏။

"အောက် အီး အီး အွတ်"

လင်းကြက်ဆော်၍ မိုးသောက်ချိန်သို့ ရောက်ပြီလား။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

# ဗိုလ်ချုပ်ကျွန်းအင်းသားကြီး ဖိုးရွှေသီး

(၁)

အဟမ် ... အဟမ်း ... ကျုပ်ကတော့ ဘာလဲလို့ဆိုတော့ ဖျိုင်းအင်းသားကြီး ဖိုးရွှေသီးကိုဗျ၊ နယ်နယ်ရရတော့ မမှတ်လိုက်ကြနဲ့ဗျနော်၊ ဖိုးရွှေသီး ဖိုးရွှေသီးနဲ့ ဒီနယ်တရိုးမှာ ဟိုးဟိုးကျော်နေတာ ကျုပ်မှ ကျုပ်အစစ်ပဲဗျ။ မကျော်ဘဲ နေနိုင်ရိုးလား ... ကျုပ်ဆိုတဲ့ ကျုပ်ကလည်း သာမညောင်ည ကျုပ်မဟုတ်ဘဲ တမိုးအောက် တစ်ယောက်လို့ ဆိုလောက်တဲ့ အာဂ ကျုပ် ပေကလားဗျ။ ဟဲ ... ဟဲ ... ကြွားတယ်လို့ မထင်ကြနဲ့နော်၊ တကယ် ပြောနေတာ။

ကျုပ်တို့ဆီမှာတော့ အင်းပိုင်တဲ့ အင်းသားကြီးဆိုရင် တယ်ပြီး မျက်နှာကြီး တာကလားဗျာ၊ မျက်နှာ ပွင့်ဆေး လိုချင်ရင် ဗီယဆေး မဆောင်နဲ့၊ လေလံမှာ တက်ပြီး အင်းကိုသာ ရအောင်ဆွဲ၊ မလွဲတမ်း မျက်နှာ ပွင့်လန်း ရမှာပေါ့ဗျာ။ သမီးကညာ ဆက်ချင်တဲ့ လူကလည်း မရှားဘူး၊ ငှက်ပျော၊ သခွား၊ တောရှောက်၊ မာလကာ စတဲ့ ခြံထွက်သီးနှံတွေကို လက်ဆောင်ပဏ္ဏာ ဆက်သချင်တဲ့ လူတွေက လည်း အပုံပေါ့လေ...။ သမီးကညာ ဆက်ချင်တဲ့ လူတွေကတော့ ကျုပ် အင်းပိုင်နက်ထဲက အင်း လက်တက်ကလေးတွေကို အဖိုးချိုချိုနှင့် လုပ်နိုင်ခွင့် ရအောင် သမီးကညာ ဆက်သပြီး မျက်နှာချိုး သွေးတာပေါ့ဗျာ...။ ပြီးတော့ ခင်ဗျားတို့ မြို့မှာ မင်းကတော်၊ ဗိုလ်ကတော်ဆိုတဲ့ ဘွဲ့ထူးကို သမီးရှင်တိုင်းက မက်မောသလို ကျုပ်တို့ဆီမှာလည်း အင်းသားကြီး ကတော်ဆိုတဲ့ ဘွဲ့ထူးကို သမီးရှင် တိုင်းက ငမ်းငမ်းတက်ဖြစ်နေကြတာ

ကလားဗျ။ အဲ ခြံထွက် သီးနှံတွေကို လက်ဆောင်ပဏ္ဏာတွေကို ပို့ဆက်ပြီး မျက်နှာလို မျက်နှာရ လုပ်ကြတာပေါ့ဗျာ။

အဲဒီလို အင်းသားကြီးဆိုရင် မျက်နှာကြီးတဲ့အခါမှာ ကျုပ်ဟာ ဒီ ဖျိုင်းကျွန်းအင်းကို တစ်နှစ်မှ အလွတ် မပေးဘဲ ရအောင် ဆွဲနိုင်တဲ့ လူဆိုတော့ ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်သလို ကျော်ကြား ပေမပေါ့ဗျာ။ ကျုပ်ဟာ ဒီအင်းနဲ့ပဲ စီးပွားတက်ပြီး အိမ်ကြီးရခိုင်နဲ့ ဘာနဲ့ အကျအန နေနိုင်လာတယ်။ အဲဒါကို မနာလို မရှုဆိတ်တဲ့လူတွေက ကျုပ်ကို အပြုတ်ချမယ်ဆိုပြီး အမျိုးမျိုး ကြံကြတာပေါ့၊ လေလံမှာလည်း တက်ပြီး ကျုပ်နဲ့ အပြိုင် လုဆွဲကြသေးတယ်လေ၊ ဒါပေမဲ့ ဖိုးရွှေသီးကို သူတို့ ဘာရမလဲဗျာ၊ ကျုပ်က သူတို့လို အနည်းဘတ အထိုင်း အအကြီးတွေမှာ မဟုတ်ဘဲလား ဗျ။

ပါးပြီး ပေါက်နေတဲ့လူ၊ ချက်ဆိုရင် နားခွက်က မီးထ တောက်တဲ့လူ၊ လျင်လွန်အားကြီးလို့ ခေတ်ရေ့က ဒုန်းပြေးနေရတဲ့ လူဆိုတော့ ဒင်းတို့တစ်တွေ အင်းမရဘဲ ရှိတဲ့ ပစ္စည်းကလေးတွေတောင် ပြုတ် ပြုတ်ပြုန်း ကုန်ပါရောလားဗျ။ ကျုပ်ကို လာတုလို့ ဖြစ်တာ မဟုတ်ဘူးဗျ။ ဖားတုလို့ ခရုခုန်ရင် အိုင်ပျက်ရုံသာ ရှိတော့မပေါ့၊ ဆီမီး ခွက်က လကို ပြိုင်၊ ဒီ ကမ္ဘာ နိုင်နိုင်ရိုးလား ဆိုသလိုပေါ့လေ။ ကျုပ်က ကျုပ်လုပ်ငန်းနဲ့ ပတ်သက် လာရင် အပေါင်း အသင်း အဆက်အသွယ် ငွေရေးကြေးရေးက စပြီး လုပ်ခန်းကိုင်ခန်းအထိ လာဘ်မြင်ပြီး ကျွမ်းကျင်ပြီးသား လူမို့ ကျုပ်ကို ယှဉ်ပြိုင်လာတဲ့လူဟာ ကာလနာ တိုက်တာကမှ သက်သာလိမ့်ဦး မယ် ဆိုတာ ကျုပ်က ပြောရဲ ပါတယ်ဗျာ။

ခေတ်ဟောင်းတုန်းကဆိုရင် ဖြူလိုကလက်ဆိုလား ဘာလားဗျာ၊ ကျုပ်တော့ ကောင်းကောင်း မခေါ်တတ်ပါဘူး၊ အဲဒီ အရာရှိတွေကို ကျုပ် အများဆုံး ပေါင်းထားရတာပေါ့၊ ပေါင်းဆိုပေမဲ့ သူငယ်ချင်းမျိုး ပေါင်းတာမျိုး မဟုတ်ဘူးနော်။ ဆရာနဲ့ တပည့်၊ သခင်နဲ့ ကျွန်လို ပေါင်းရပုံမျိုးကို ပြောတာ။ ဘယ်လိုပဲ ပေါင်းရ ပေါင်းရ ကျုပ်ကတော့ ကျုပ်လိုလားချက်ရရင် ပြီးတမ်းမို့

မမှုပေါင်။ အထူးသဖြင့် အင်းအင်စပက်တာဆိုတဲ့ အရာရှိကို ပိုပြီး ပေါင်းရတယ်ဗျာ၊ ဘာပြုလို့လဲဆိုတော့ အင်းအိုင် စတဲ့ တံငါလုပ်ငန်းနဲ့ ပတ်သက်လာရင် သူပြီးရင် မီးသေတာမို့ ဘယ်သူ့မှ ဂရုစိုက်စရာ မလိုတော့ဘူးပေါ့ဗျာ၊ ဒါကြောင့်မို့ သူ့ကို နံပါတ်တစ်က ထားပြီး ပေါင်းရတာပေါ့။ အင်းအင်စပက်တာနဲ့ ပေါင်းထား တယ်လို့သာ ဆိုရတယ်၊ သူနဲ့ တိုက်ရိုက် ပေါင်းသင်း ဆက်ဆံရတယ်လို့ပဲ မရှိပါဘူးဗျာ၊ မင်းကတော်က တစ်ဆင့် ဆက်ဆံရတဲ့ အကြိမ်က များပါတယ်။

မင်းကတော်ဆိုလို့ ပြောရဦးမယ်၊ အင်းအင်စပက်တာရဲ့ မင်းကတော်တွေကလည်း အများကြီးပဲဗျ၊ များလွန်း အားကြီးလို့ ဘယ်နှယောက် ဆိုတာတောင် ကျုပ်ဖြင့် မပြောတတ်ပါဘူးဗျာ။ မင်းကတော် ကလေးတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ချောချောလှလှကလေးတွေ ချည်းပဲဗျ၊ အင်းစပက်တာမင်း နယ်လှည့်ဆင်းရင်း သူ့အကြိုက် တွေ့သမျှ အချောအလှကလေးတွေကို တစ်ရွာတစ်ယောက် တော်ကောက်ခဲ့တဲ့ ဟာကလေး တွေပေါ့ဗျာ။

ရက်ရက်နဲ့ ဖွင့်ပြီး ဝန်ခံလိုက်ရဦးမယ်ဗျာ။ အဲဒီ မင်းကတော်ကလေးတွေထဲမှာ ကျုပ်ကိုယ်တိုင် အောင်သွယ် လုပ်ပြီး ဆွယ်ပေးလိုက်ရတဲ့ ကျုပ်တို့ရွာက အချောကလေး တစ်ယောက်လည်း ပါသဗျို့။ မိန်းကလေး ကတော့ သဘောမတူပါဘူး၊ သူ့ရဲ့မိခင်ကြီးက ဆိုရင်လည်း "ဆင်းရဲသား သား သမီးဟာ ဆင်းရဲသူ သားသမီးနဲ့ သာ တော်ပါတယ်" ဆိုပြီး ဖွတ်ငြင်းတယ်။ ဒါပေမဲ့ ကျုပ်က ဘယ်နေ လိမ့်မလဲဗျ၊ ဒီကိစ္စ အောင်မြင်မှုဟာ အင်းအင်စပက်တာရဲ့ အောင်မြင်မှုသာ မဟုတ်ဘဲ ကျုပ်ရဲ့ အောင်မြင်မှုပါ ဖြစ်တယ်ဆိုတာ ကျုပ် သဘောပေါက်ထားပြီးသား လူကိုးဗျ။

ဒါကြောင့်မို့ "ဟ နင့်သမီး ကောင်းစာတာကို နင် မကြည့်နိုင်ဘူးလားဟ၊ နင့်သမီးတင် မဟုတ်ဘူး၊ တော်ကြာ နင်တို့ပါ အင်းပိုင်တွေ ဘာတွေနဲ့ ဖြစ်လာမှာဟ၊ နင်တို့က သဘောမတူဘူး ဆိုရင် သူတို့က မင်းစိုးရာဇာတွေမို့ ရာဇမာန်

ရှသွားမှုဖြင့် နင်တို့တစ်တွေ ဘေးတွေ့ကုန်မယ်” လို့ ချော့လို့တစ်မျိုး၊ ခြောက်လို့တစ်ဖုံ၊ နည်းမျိုးစုံနဲ့ သုံးလိုက်တာ၊ ဘာခံနိုင်မလဲ တစ်ခါတည်း ကျွမ်းပစ်ရှာတော့တာပေါ့။ အဲဒီကိစ္စ အောင်မြင်ပြီးတဲ့ အချိန်ကစပြီး ကျုပ်လည်း အင်စပက်တာမင်း အိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်ခွင့် ရသွားပြီး ကျုပ်အင်းကို ဘယ်သူ ဝင်လုမှာကိုမှလည်း မစိုးရိမ်ရတော့ဘူး။ ဟဲ ဟဲ ကျုပ်ကလည်း ဒီအထိ အကွက်မြင်တာဗျ၊ နှယ်နှယ်ရရလူ မမှတ်လိုက်ပါနဲ့၊ အကြိုက်ပေးပြီး ကိုယ်ကျိုးရှိအောင် ပေါင်းတတ်တဲ့ လူပါဗျာ။

~~~~~~~~~~~~~
~~~~~~~~~~~~~

(၂)

အဲ ဖြူရိုကရက်တွေ ခေတ်တိမ်သွားပြီး တစ်ခါ ဘာတွေ ခေတ်စား လာပြန်သလဲဆိုတော့ ပါတီတဲ့၊ သမဝါယမတဲ့ဗျာ။ ပါတီဆိုတာ ကျုပ်တို့ မြန်မာစကား မဟုတ်လို့ ဘယ်လို အနက်အဓိပ္ပာယ် ရှိတယ် ဆိုတာ ကျုပ်တော့ ကောင်းကောင်း မသိပါဘူးဗျာ။ ကျုပ်တို့ရဲ့ ဆရာတော် ဦးဝါယမကတော့ "ဟဲ့ ဖိုးရွှေသီးရဲ့၊ ပါတီဆိုတာ "အဖ" သို့မဟုတ် "အဖေ" လို့ အနက်ထွက်တယ်ကွ၊ ဒါကြောင့်မို့ မင်းတို့ဟာ ပါတီကို ကိုယ့်အဖေလို သဘောထားပြီး ဆက်ဆံ ရမယ်ကွ" လို့ အမိန့် ရှိဖူးတယ်။ ဒါပေမဲ့ ပါတီက ကျုပ်တို့ကို ဆက်ဆံတဲ့ အခါမှာ အဖေ လို ကြင်ကြင်နာနာ မဟုတ်ဘဲ၊ ပထွေးလို ရက်စက်လွန်းလို့ ဆရာတော်ရဲ့ အနက်ပြန်ဆိုချက်ကို ကျုပ်ဖြင့် တယ်ပြီး သဘောမတူပါဘူးဗျာ။

ဒါပေမဲ့ ပါတီဟာ ဘယ်လိုပဲ အနက်အဓိပ္ပာယ်ရှိရှိ တစ်နေ့ကျရင် ခေတ်စား လာတော့မယ်ဆိုတာ ခေတ်မီချင်လွန်းလို့ သတင်းစာကလေး၊ စာတိုပေစ ကလေးအစ မတောက်တခေါက် ဖတ်ထားတဲ့ ကျုပ်က ကြိုပြီး မြင်ထားတာပေါ့။ ဒါကြောင့်မို့ ကျုပ်သားကို ပါတီထဲ သွင်းထားလိုက်တယ်လေ၊ ကျုပ်ကိုယ်တိုင်လည်း ပါတီထဲက အရေးပါတဲ့ လူတွေနဲ့ ပေါင်းထားလိုက်တယ်။ ပါတီက လူတွေ သုံးစားဖို့ ငါးခြောက်ငါးခြမ်းနဲ့ ငါးပိ၊ ငံပြာရည် ကောင်းကောင်း ကလေးတွေလည်း လက်ဆောင်ထိုး ရတယ်။ ပါတီရန်ပုံငွေ ဆိုရင်လည်း ကျုပ်က ရှေ့ဆုံးက နေပြီး ထည့်လိုက်တာပဲ။ ဒါပေမဲ့ ကျုပ်က စေတနာသဒ္ဓါတရား

ထက်သန်လွန်းလို့တော့ မဟုတ်ဘူးနော်။ အဲဒါတွေအတွက် ရလဒ်ဟာ ဘာတွေ ဖြစ်လာမယ်ဆိုတာ ကျုပ် ကောင်းကောင်းကြီး မြင်ထားလိုပဲ။

ကျုပ်တွက်ကိန်း မလွဲပါဘူးဗျာ၊ တဖြည်းဖြည်းနဲ့ ပါတီပော့ဆိုရင် မီးသေတဲ့ အချိန်ကိုလည်း ရောက်ရော ကျုပ်လည်း ကျုပ်နယ်မှာ လူတွင်ကျယ် တစ်ဦးဖြစ်မြဲ ဖြစ်နေတာပေါ့ဗျာ။ ကျုပ် အင်း ဆိုရင်လည်း ဘယ်သူမှ မျက်စောင်း မထိုးဝံ့တော့ဘူး၊ အဲဒီ အရိုန်ကလေးနဲ့ ကျုပ်ကလည်း ပြိုင်ဘက်တွေကို မလှုပ်နိုင်အောင် ဖိထား လိုက်တယ်။

ကျုပ်ပြိုင်ဘက်တွေ ကလည်း ခပ်ရိုးရိုး ခပ်နုံနုံတွေချည့် ဆိုတော့ ကျုပ်လုပ်သမျှ ခံနေကြရတော့တာ ပေါ့ဗျာ။ ခေတ်ကိုက ရိုးလို့ ဖြစ်တဲ့ခေတ် မဟုတ်ဘူးဗျ၊ လေ့ကြီးထိုး ရိုးရိုးဆိုရင် လူရာမဝင်တဲ့ခေတ်၊ လူရိုးကို သူခိုးထင်တဲ့ ခေတ်မို့ ဆန်းနိုင်သမျှ ဆန်းပေးမှ တော်ရုံကျတာ။ ပြီး ခုခေတ်က အကပ် ကောင်းမှ အကြောင်းလှတဲ့ ခေတ်ကိုးဗျ၊ ဘုရားတောင်မှ အမှီမရှိရင် မပွင့်နိုင်ဘူးဆို မဟုတ်လားဗျ၊ ကျုပ်တို့တစ်တွေလည်း အကပ် မကောင်းရင် ဘယ် ကြီးပွားနိုင်မလဲ။

ပြန်းဆို ပါတီက ဦးစီးတဲ့ သမဝါယမ ခေတ်ကို ရောက်လာပြန်ပါရောဗျို့။ ဘာသမဝါယမ၊ ညာသမဝါယမတွေ မှိုလိုပေါက်နေသလို အင်းကိုလည်း အင်းသမဝါယမ လုပ်ရမယ်တဲ့ဗျာ။ ပါတီဆိုတာ ဘယ်လို အနက် အဓိပ္ပာယ် ရှိတယ်ဆိုတာ ကျုပ် ကောင်းကောင်း နားမရှင်းသလို သမဝါယမရဲ့ အဓိပ္ပာယ်က ဘယ်လို ဆိုတာ ကျုပ်က သာပြီး နားမလည်သေးတယ်။ တကယ်ဆိုရင် သမဝါယမလို့ လုပ်ချင်ရင် ပထမဆုံး ကျုပ်တို့ကို သမဝါယမရဲ့ သဘော သရုပ်တွေ၊ သမဝါယမ သဘောတရားတွေ၊ အကျိုးကျေးဇူးတွေကို သင်ပြပေးပြီး စည်းရုံးမှု ပေးသင့်တယ် မဟုတ်လားဗျာ။ ကျုပ်တို့ကိုယ်တိုင် သဘောပေါက်ပြီး လိုလိုလားလား ဖြစ်လာတဲ့ အခါမှာမှ သမဝါယမ လုပ်လိုက်ရင် ချပ်ခနဲ အောင်မြင်သွားမယ် မဟုတ်လားဗျာ။

အခုတော့ ဒီလို မဟုတ်ပေါင်ဗျာ။ ကျုပ်တို့ရဲ့ အခြေအနေ၊ ကျုပ်တို့ရဲ့ လိုအင် ဆန္ဒတွေကိုတော့ နည်းနည်းကလေးမှ ထည့်မတွက်ဘဲ သူတို့ နားလည်သလို၊ သူတို့ တတ်သလို လျှောက်ပြီး ရေးဆွဲ ထားတဲ့ သမဝါယမ နည်းဥပဒေတွေ၊ ဘာဥပဒေတွေကို ကျုပ်တို့ကို လေ့လာခွင့်၊ စောဒကတက်ခွင့် မပေးဘဲ သူတို့ဟာ သူတို့ အတည်ပြုပြီး တစ်ချက်လွှတ် အမိန့်နဲ့ ဖွတ်အတင်း ပေးအပ်လာတော့ ဟဲ ဟဲ၊ ကျုပ်တို့ ကလည်း ကျုပ်တို့နားလည်သလို အဓိပ္ပာယ် တစ်မျိုးကောက်ပြီး လက်ခံလိုက်တာပေါ့။

ဒီလိုမှ မလုပ်ရင်လည်း မဖြစ်ဘဲကလားဗျ။ ကျုပ်တို့က မရှင်းတာ ကလေးရှိနေလို့ တောမေး တောင်မေးနဲ့ မေးမိရင်ပဲ "အို ခင်ဗျားတို့က ဘာနည်းလည်လို့ တောပြော တောင်ပြောနဲ့ တောရမ်းပယ်ဘွဲ့ လျှောက်ပြော နေတာလဲဗျ၊ အဲဒီနည်းဥပဒေဟာ ခင်ဗျားတို့အတွက် ကျုပ်တို့ ခေါင်းဆောင် ကြီးတွေဟာ နိုင်ငံခြား တိုင်းပြည်တွေကို လှည့်လည်သွားလာပြီး လေ့လာ မှတ်သား လာရတဲ့ နည်းတွေဗျ" လို့ ဟောက်နေတော့ ကျုပ်တို့ မလည်း ရေငုံ နေရတော့တာပေါ့ဗျာ။

အောင်မာ ... အဲဒီ သမဝါယမ လုပ်ဖို့အတွက် နိုင်ငံခြားတိုင်းပြည်တွေ အများကြီးကို လှည့်လည် သွားလာပြီး နည်းယူခဲ့ရတယ် ဆိုပါကလားဗျ။ အဟဲ ဟဲ၊ ဒီမှာ ဆရာတို့ရဲ့ ကျုပ်ပြောချင်တာက နိုင်ငံခြားတိုင်းပြည်တွေ မကလို့ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ၊ ဝသဝတီ ဆိုတဲ့ နတ်ပြည် ခြောက်ထပ် ရောက်အောင် တက်ပြီး နည်းယူဦး၊ ကာယကံရှင် ဖြစ်တဲ့ ကျုပ်တို့ လူထုတွေဆီက နည်း မယူရင် ကျုပ်တို့ လူထုရဲ့ အခြေအနေ လိုအင်ဆန္ဒတွေနဲ့ ကိုက်ညီအောင် ပေါင်းစပ်မပေးနိုင်ရင် အဲဒီနည်း တွေဟာ လုပ်လို့မရတဲ့နည်းတွေ၊ တစ်ကိုယ် ကောင်းသမားတွေအဖို့ ကိုယ်ကျိုးအတွက် အသုံးပြုဖို့ ခုတုံး အလုပ်ခံရတဲ့နည်းတွေ၊ စာအုပ်ကြီးထဲ မှာသာ

အလှရေးထားဖို့ ကောင်းတဲ့ နည်းတွေထက် ပိုပြီး ဘာမှ အသုံး မဝင်ဘူး ဆိုတာ ကျုပ်ရဲရဲကြီး ပြောတယ်။

ဟဲ ဟဲ သူတို့ရှေ့မှာ မပြောရဲတော့ ကွယ်ရာမှာ ဖွင့်ချရတာပဲဗျာ။ သွားပြီးတော့ မတို့လိုက်ကြပါနဲ့ဗျာ နော်၊ နောက်နှစ်ကျရင် ကျုပ် အင်းလက်လွှတ် ဖြစ်နေပါဦးမယ်။

ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်ကိုယ်တိုင်လည်း တစ်ကိုယ်ကောင်းသမား ဖြစ်နေတော့ သူတို့ နားလည်သလို အတည် ပြုထားတဲ့ သမဝါယမကို ကျုပ်ကလည်း ကျုပ်ရဲ့ ကိုယ်ကျိုးအတွက် ကျုပ် နည်းလည်သလို အဓိပ္ပာယ် တစ်မျိုး ကောက်ပြီး လက်ခံလိုက်တာပေါ့။ ဟုတ်တယ်လေ၊ သမဝါယမ ဆိုတာ အများနဲ့ စုပေါင်း လုပ်ရမယ်ဆိုတာ မဟုတ်လားဗျ၊ ဟော အခု ကျုပ်ကလည်း ကျုပ်တစ်ဦးတည်း လုပ်နေရာက ကျုပ်ရယ်၊ ကျုပ်မယားရယ်၊ ကျုပ်သားရယ်၊ ကျုပ်သမီးရယ်၊ ကျုပ်သမက်ရယ်၊ ကျုပ်ချွေးမရယ်၊ အားလုံးခြောက်ယောက် နာမည်စာရင်းသွင်းပြီး အင်းသမဝါယမ လုပ်လိုက်တာပေါ့။ အင်း သမဝါယမ ခေါ်ခေါ်၊ ဘာပဲခေါ်ခေါ် ကျုပ် အင်းဟာ ကျုပ်အင်း ပြန်ဖြစ်ရင် ပြီးတာပဲ မဟုတ်လားဗျ။

ဒါပေမဲ့ ဒီလိုဖြစ်ဖို့တော့ တယ်မလွယ်ဘူးဗျို့၊ သက်ဆိုင်ရာနဲ့ နားလည်မှု ယူရသေးတယ်ဗျ၊ နားလည်မှု ယူရတာကပေမဲ့ ငွေအတော် ကုန်သွားဗျ၊ နားလည်မှု ယူတယ်ဆိုတာ ဘာကိုဆိုလို တယ် ဆိုတာကိုတော့ ခေတ်လူကြီး တွေ ဖြစ်တဲ့ ခင်ဗျားတို့ သိပြီးသား ဖြစ်မှာမို့ ကျုပ် မပြောလို တော့ပါဘူးဗျာ။ ပြီးတော့ ဒီလို နားလည်မှု ယူတဲ့နည်းကို ကျုပ် ထုတ်ပြောလိုက်လို့ ကျုပ်ရဲ့ ပြိုင်ဘက်တွေ နားကို ပေါက်ကြားသွားခဲ့ရင် သူတို့ ကလည်း အတုခိုးပြီး ကျုပ်လိုပဲ နားလည်မှု ယူပြီး ကျုပ်ကို ယှဉ်ပြိုင်လာမှာ စိုးရသေးတယ်ဗျ။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၃)

အဲဒီလို ခေတ်ကိုလိုက်ပြီး ဖြူလိုကလက်တွေ၊ ပါတီတွေကို ကပ်တတ်ရုံနဲ့ မပြီးသေးဘူးဗျ၊ အဲဒီလို အကပ်ကောင်းရင် အင်းကိုရဖို့ သေချာသွားတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ အင်းလုပ်တယ်ဆိုတာ အင်းကို ရအောင် ဆွဲနိုင်ရုံနဲ့ မပြီးသေးဘူး၊ အင်းကို ရေဆုံး မိုးဖျား ပြီးဆုံးတဲ့အထိ ချောချော မောမော လုပ်သွားနိုင်ဖို့ အရေးက ရှိနေသေးတယ်။ အဲဒီလို လုပ်သွားနိုင်ဖို့ အတွက်ဆိုရင် အင်း စရိတ်နဲ့ အခြားအထွေထွေ စရိတ်တွေ အတွက်ပါ ငွေလိုလာပြန်ရောဗျ၊ ဒီတော့ ငွေရှင်ကြေးရှင်တွေနဲ့ ကုန်သည် ပွဲစားတွေ အတွက်ပါ ချဉ်းကပ် ရပြန်တာပေါ့။

သူတို့ဆီ ချဉ်းကပ်ပြီး သူတို့နဲ့ ပေါင်းသင်းရတာကလည်း တယ်တော့ မလွယ်ဘူးဗျာ၊ ငွေရှင် ကြေးရှင်ဆိုတဲ့ လူတွေကလည်း အင်မတန် စည်းကမ်းကြီးပြီး အင်မတန် စေ့စပ်သေချာတဲ့ လူတွေက လားဗျာ၊ အပေါင် ပစ္စည်း မရှိဘဲ ငွေကို ထုတ်ချေးကြတာ မဟုတ်ဘူးဗျ။ အပေါင်ပစ္စည်းဆိုရင်လည်း ရွှေမှတစ်ပါး အခြား လေ့၊ လှည်း၊ နွား စတဲ့ ပစ္စည်းတွေကို လက်ခံတာ မဟုတ်ဘူးဗျ။ ရွှေတောင်မှ ကျုပ်တို့ အင်းသားတွေဆီက ရွှေ ဆိုရင် အတုလုပ်ထားတဲ့ သတ္တုထည်တွေလို ထင်မှတ်တော်မူဟန် တူရဲ့၊ မှတ်ကျောက်နဲ့ အကြိမ်ကြိမ် ပွတ်တိုက်ပြီး၊ အထပ်ထပ် စစ်ဆေးပြီး သေချာမှ လက်ခံတာ ကလားဗျာ။

ပြီးတော့ ဒီငွေရှင် ကြေးရှင်ဆိုတဲ့ လူတွေဟာ အတော် ကက်သီး ကက်သတ်နိုင်တဲ့ လူတွေပါကလား ဗျာ။

ကြည့်စမ်းပါဦးဗျာ၊ ရွှေတစ်ကျပ်သားကို ပေါက်ဈေးတစ်ရာ့ ရှစ်ဆယ်ဈေး ရှိတာတောင် ကျုပ်တို့ကိုတော့ ရွှေတစ်ကျပ်သားကို ငွေတစ်ရာပဲ ထုတ်ပေး တယ်။ ဒါထက် ပိုမပေးနိုင်ဘူး၊ သဘော မကျရင် မပေါင်နဲ့ပေါ့တဲ့၊ သူတို့က ကျုပ်တို့ ငွေလိုလွန်းလို့ မပေါင်ဘဲ မနေနိုင်ဘူးဆိုတာ သိထားတော့ အကျပ်ကိုင် တာပေါ့ဗျာ၊ ပြီးတော့ တကယ်လို့ မရွေးနိုင်လို့ အဆုံးခံလိုက်ရရင် သူတို့မှာ ငွေ တိုးထက် ပိုပြီး အမြတ်ရအောင် နှိမ့်ချပေးတာပေါ့ဗျာ၊ တော်တော့်ကို လောဘဇောတိုက်တဲ့ လူတွေ ပါပဲဗျာ။

ကျုပ်က သူတို့ထက်ပိုပြီး လောဘကြီးသေးတဲ့ လူဖြစ်လို့ သူတို့ကိုလည်း တယ်ပြီး အပြစ်မတင်ချင်ပါဘူးဗျာ။ ဟုတ်တယ်ဗျ၊ ကျုပ်လက်ထဲ ငွေကလေး ရှိနေတုန်း အခါမျိုးမှာ ကျုပ်တို့ရွာက ဆင်းရဲသား တွေဆီမှာ ကျုပ် အပေါင်ခံတဲ့ အခါ ဒါထက်ဆိုးတာပေါ့ဗျာ၊ အတိုးကိုလည်း နင့်လောက်အောင် ယူလိုက် သေးရဲ့၊ မရွေးနိုင်တဲ့ အခါ ဆိုရင်လည်း အပေါင်ပစ္စည်းကို မတန်တဆ အဖိုးဖြတ်ပြီး သိမ်းလိုက်တာပဲ။ ဟဲ ဟဲ တတ်နိုင်ဘူးဗျာ၊ ကျုပ်ထက်သာတဲ့ လူတွေနဲ့ ဆက်ဆံတဲ့အခါမှာ ကျုပ်ကချည်း အရှုံးပေးပြီး ဆက်ဆံခဲ့ရသလောက် ကျုပ်ထက် နိမ့်ကျတဲ့ ကျုပ်နိုင်ရတဲ့ လူတွေအပေါ် ပြန်ပြီး ဖိထောင်းပေးနိုင်မှ ကျုပ်အဖို့ ခံသာမှာကိုးဗျ။

ကျုပ်မှာ ငွေကလည်း သိပ်လိုနေ၊ ရွှေကလည်း လုံလုံလောက်လောက် ဝယ်တုန်းကလည်း ကျုပ်က အိမ်က မိန်းမကို ပြောပါသေးတယ်ဗျာ။ ဒီရွှေတွေ ဝယ်တုန်းကလည်း ကျုပ်က အိမ်က မိန်းမကို ပြောပါ သေးတယ်ဗျာ။ "ဟဲ့ မိန်းမရဲ့ ဒီရွှေတွေကို မဝယ်စမ်းပါနဲ့ကွာ၊ တစ်နေ့ကျတော့ ငွေလိုလို့ ပြန်ပေါင်ရရင် အတိုး လည်း ပေးရ၊ တန်ဖိုးပြည့်အောင်လည်း မရလို့ သိပ်နစ်နာတယ်" လို့ ကျုပ်ပြော ပါသေးရဲ့။ ဒါပေမဲ့ ကျုပ်မိန်းမက "အောင်မယ်၊ တော်က ဘာနားလည်လို့လဲ၊ ဒီလို

ရွှေဝယ်ထားမှ ငွေစုမိတာ၊ မဟုတ်ရင် တော်က အရက်သောက်ပစ်၊ အလေလိုက်ပစ်တာနဲ့ပဲ ဒီငွေတွေ အလဟဿ ဖြစ်ကုန်မှာ၊ ဒါကြောင့်မို့ ဝယ်ရတာ တော်ရေ့၊ ကျုပ် ဝတ်ချင်လှလို့ ဝယ်တာ မဟုတ်ဘူး” လို့ ကျုပ်ကို ကက်ကက်လန်အောင် ပြန်ပြော နေလို့ ကျုပ်ကပဲ အလျှော့ပေးလိုက်ရတယ်ဗျာ။

တကယ်ဆိုတော့ ကျုပ်မိန်းမ ပြောတာကလည်း မှန်နေတာကိုးဗျ၊ ကျုပ်လက်ထဲ ငွေကလေးများ ရှိလာရင် ကျုပ်ကလည်း အငြိမ်နေချင်တဲ့ လူမှ မဟုတ်ဘဲကလားဗျာ။ အပေါင်းအသင်းတွေနဲ့ အရက်ကလေး တမြမြ သောက်နေချင်တယ်၊ ဖဲဝိုင်းကိုလည်း သွားထိုင်ချင်တယ်၊ ဘုရားဟောတော် မူတဲ့ ဒုစရိုက်တရား ရှစ်ပါးဆိုလား၊ ဆယ်ပါး ဆိုလားဗျာ၊ အဲဒီ ရှိသမျှ ဒုစရိုက်တွေ တစ်ခုမကျန် အကုန် လျှောက်လုပ်ချင်နေတော့ ကျုပ်လက်ထဲ ငွေမရှိတာကပဲ ကျုပ်အဖို့ ဒုစရိုက်ကင်းနေတာမို့ တစ်နည်းအားဖြင့် ကောင်းတယ်လို့ ဆိုရမှာ ပေါ့ဗျာ။

ရွှေပေါင်လို့ ငွေမပြည့်စုံတော့ ဘယ်လိုကြံဦးမလဲလို့ ခင်ဗျားတို့က မေးချင်ပေလိမ့်မယ်။ ဟဲ ဟဲ ကျုပ်က အင်မတန် နည်းများတဲ့ လူကလားဗျ၊ တစ်နည်းမရ တစ်နည်းနဲ့ လှည့်ကြံရပြန်တာပေါ့။ ဘယ်လိုလဲဆိုတော့ အင်းကုန် ရောင်းဝယ်နေတဲ့ ကုန်သည်တွေဆီကို တစ်ဦးပြီးတစ်ဦး လှည့်လည် သွားလာပြီး ငွေရဖို့ အရေး မျက်နှာချိုသွေးရပြန်တာပေါ့။

အဲဒီလို ကုန်သည်တွေနဲ့ သွားမတွေ့ခင် ကျုပ်တွေ့ဆုံရမယ့် ကုန်သည်တွေရဲ့အကြောင်းကို ကျုပ်က ကျကျနန စုံစမ်းထားတာကလားဗျ။ ဘယ်ကုန်သည်က အားနာမှုများပြီး သဘောလွယ်တယ်၊ ဘယ်ကုန်သည် ကတော့ စိတ်သဘော ခက်ထန်ပြီး ငွေပေးရာမှာ လက်နှေးတယ်၊ ဘယ်ကုန်သည်နဲ့ ဘယ်ကုန်သည် ကတော့ လူချင်း မတည့်တဲ့ ပြိုင်ဘက်တွေ ဖြစ်နေတယ်ဆိုတာ ကျုပ် သေသေချာချာ စုံစမ်းထားရတာပေါ့။ ဒါမှသာ ကျုပ် လိုလားချက်ရအောင် ကြံဆောင်တဲ့အခါမှာ ဘယ်သူ့ကို ဘယ်လို အကြိုက်ပေးပြီး ပြောဆို ဆက်ဆံရမယ်ဆိုတာ ကျုပ် ကြိုတင် ခန့်မှန်းနိုင်မှာ ပေါ့ဗျ။

သူတို့နဲ့ လူချင်းဆုံမိတာနဲ့ တစ်ချက်တည်း "တောက် မနှစ်က ကျုပ်အင်း ငါးကျလိုက်တာဗျာ၊ ယူလို့တောင် လက်မနိုင် နိုင်ဘူး၊ ခင်ဗျားတို့များ ဘယ်သွား အိပ်ပျော်နေကြသလဲ၊ အဲဒီက ရတဲ့ ကုန်တွေကို ကျုပ်ကုန်သည် ကိုအတ္တကို ပေးလိုက်ရတာ ခင်ဗျားလူ အတော်ပွသွားပါရောဗျ" လို့ မစားရ ဝမခန်း ပြောလိုက် တယ်။ ကျုပ်ဆီက ကုန်ကိုရပြီး အတော်ပွသွားတဲ့ ကိုအတ္တ ဆိုတဲ့ နေရာမှာ သူနဲ့ မတည့်တဲ့ ပြိုင်ဘက်တစ်ဦးရဲ့ နာမည်ကို ဆွဲထည့်လိုက်တယ်လေ။

အို ဘာပြောကောင်းမလဲ၊ သူတို့ဟာ ဆတ်ဆတ်ခါ ဖြစ်သွားပြီး "အို ဘာပြုလို့ သူနဲ့ သွားဆက်သွယ် ရတာလဲဗျ၊ ကျုပ်နဲ့ ဆက်သွယ်ပါလား၊ ကျုပ်က သူတို့ထက် ဈေးပိုပေးနိုင်တဲ့လူပါဗျ" ဘာညာနဲ့ ဖြစ်လာကြရော။ ဒီတော့ ကျုပ်က လေအေးကလေးနဲ့ "အို ဒါက ဒီလို ရှိသေးကိုးဗျ၊ သူတို့က ကျုပ်ငွေလိုတဲ့ အခါ အလွယ်တကူ ထုတ်ပေးနေတဲ့လူဖြစ်တော့ သူတို့ကိုပဲ ပေးရတာပေါ့ ဗျ" လို့ ကျုပ်က ဆိုလိုက်ရင်ပဲ "အောင်မာ၊ သူတို့က တစ်ရာပေးရင် ကျုပ်က နှစ်ရာ ပေးနိုင်ပါတယ် ဗျ"ဆိုပြီး ဖြစ်လာကုန်ကြရော၊ မတည့်တဲ့ လူချင်း အပြိုင်ကျိတ်ချင်ကြတာက လူ့ဓမ္မတာကိုးဗျ။

ဒါပေမဲ့ ကျုပ်နဲ့ဆက်ဆံတဲ့ ကုန်သည်ဟာ ကြာကြာ မခံဘူးဗျို့၊ တစ်နှစ်ပဲ ခံတယ်၊ နောက်တစ်နှစ် ရောက်တော့ တစ်ယောက်နဲ့ပြောင်းပြီး ဆက်ဆံရ ပြန်ရောဗျ၊ ဘာပြုလို့လဲဆိုတော့ ငွေယူစဉ်အခါမှာ သူတို့ ဆီက ငွေကို ယူလို့ ကောင်းအောင် သူတို့ မတန်မဆတောင်းတဲ့ အခွင့်အရေးတွေကို ကျုပ်က ပေးပါ့မယ်လို့ ရွှန်းရွှန်းဝေအောင် ကတိပေးခဲ့ပေမဲ့ အင်းချလို့ ငါးကိုလည်း မြင်လိုက်ရရော အဲဒီကတိတွေကို ကျုပ် မေ့သွားရောဗျ။ ဟုတ်တယ်ဗျ၊ ကျုပ်သဘောက ကတိဆိုတာ ပါးစပ်က ထုတ်ပေးဖို့သာ ဖြစ်ပြီး လက်တွေ့ လိုက်နာဖို့ မဟုတ်ဘူးလို့ ယူဆထားတာကိုးဗျ၊ ဒါကြောင့်မို့ ကျုပ် နဲ့ ဆက်ဆံတဲ့ ကုန်သည်အပေါင်းဟာ "တစ်ခါဆက်ဆံ" "ဆယ်ခါလန်"ဆိုသလို လန်ထွက် ကုန်ကြ တာပေါ့ဗျာ၊ ကြာတော့ ကျုပ်နဲ့ ဆက်ဆံမဲ့ ကုန်သည် မရှိသလောက်

ဖြစ်သွားပေမဲ့ ကံအားလျော်စွာ ပဲဖို့၊ တစ်ယောက်မတွေ့ တစ်ယောက်နဲ့တွေ့လာတွေ့ သေးတာပဲ၊ ဟို တရုတ်ကြီး ပြောသလို လူ့ကံ ဝကံပေါ့ဗျာ။

ကုန်သည် တွေဆီက ငွေနဲ့ မလုံလောက်သေးပြန်ရင် ပွဲစားတွေဘက်ကို လှည့်ရ ပြန်ရောဗျ။ "ကျုပ်အင်းက ထွက်သမျှ ကုန်ကို ခင်ဗျားပွဲရုံ အကုန်တင်မယ်ဗျာ၊ အခုလက်ငင်း ငွေလိုတာ ကလေးတွေ ခင်ဗျားပဲ ထုတ်ပေးလိုက်စမ်းပါဦးဗျာ" ဆိုပြီး ပွဲစားတစ်ဦးနဲ့ နေရာမကျရင် နောက်တစ်ဦးနဲ့ ဆိုသလို ကြိုးစားလိုက်ရင် တစ်ဦးဦး နဲ့တော့ နေရာကျလာတာပါပဲဗျာ။ ဟဲ ဟဲ ဒါကြောင့်မို့ ကျုပ်က အင်မတန် နည်းများတဲ့လူလို့ ခင်ဗျား တို့ကို ပြောတာပေါ့။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၄)

ဖြူလိုကလက်တွေ၊ ပါတီတွေကိုလည်း ကပ်တတ်မယ်၊ ငွေရှင်ကြေးရှင် ကုန်သည် ပွဲစားတွေနဲ့လည်း အလွမ်းသင့်အောင် ပေါင်းတတ်မယ်ဆိုရင် အင်းကိုလည်း ရအောင် ဆွဲနိုင်မယ်၊ အင်းစရိတ်အတွက် လိုတဲ့ငွေလည်း ပူစရာ မလိုတော့ဘူးဆိုတော့ ကိစ္စအားလုံး ပြီးပြီမ်းပြီလို့ ထင်ရင် တက်တက် စင်အောင် မှားတော့ မပေါ့ဗျာ။ လုပ်ငန်းတိုင်းမှာ မပါရင် မပြီးတဲ့ ကိုယ့်လုပ်ငန်းကို ကိုယ် နိုင်နင်း ကျွမ်းကျင်မှုဆိုတဲ့ အရည်အချင်းတစ်ရပ် လိုလာပြန်ရောဗျ၊ အဲဒီ အရည်အချင်းမျိုးလည်း ရှိထားမှ ထိုက်သင့်တဲ့ အကျိုး အမြတ် ရဖို့က သေချာတာ ကလားဗျာ။

ဟဲ ဟဲ အဲဒီအရည်အချင်းမျိုး ဆိုရင်လည်း ကျုပ်မှာ ရှိသင့်တာ ထက်တောင် ပိုနေသေးတယ်ဗျ၊ ဒီနယ် တစ်ဝိုက်မှာ ကျုပ်ကို ရေသရဲလို့ ဘွဲ့ထူး ပေးထားရတာကိုပဲ ချင့်ကြည့်တော့လေ။ တချို့ မနာလိုတဲ့ လူတွေကတော့ ကျုပ်ကို မသေခင်က "တစ်ပွဲစား" နေတဲ့ လူလို့ ကျုပ်နောက်ကွယ်မှာ တီးတိုး ပြောနေကြ သေးတယ်၊ မသေခင်ကတည်းက "တစ်ပွဲစား" နေတယ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ ကျုပ်ဟာ လူစင်စစ်က နတ်စိမ်းသရဲဘဝကို ကူးပြောင်းနေသူမို့ "ဘိုးမင်းကျော်" တို့ "မင်းလေး" တို့လို ပွဲတစ်ပွဲ အမြဲပေးထားရတယ်လို့ ဆိုလိုတာပေါ့ဗျာ။

တချို့ကတော့လည်း ကျုပ်ဟာ အင်းလုပ်ငန်းကို ဒါလောက် မက်မော နေတယ်ဆိုရင် တစ်ခါတုန်းက ပုံပြင် လိုလို ဒဏ္ဍာရီလိုလို ကြားလိုက်ရဖူးတဲ့ အင်းရဲကြီး အင်းသားကြီး တစ်ဦးလို ရန်ကုန်တက်ပြီး ဘုရားသွား ဖူးတာ

ရွှေတိဂုံစေတီကြီးကို ရေ့ တွင်ထားပြီး မမြင်နိုင်ဘဲ ကြောင်တောင်တောင် ကွယ်နေတဲ့ အဖြစ်မျိုး ကျုပ်လည်း တစ်နေ့မှာ ရောက်သွားမှာပဲတဲ့။ ဟား ဟား ရယ်ချင်သေးတော့ဗျာ၊ ကျုပ်မျက်စိက ရေအောက်မှာ ကူးနေတဲ့ ငါးတွေကို ရေပေါ်က လှေလှော်သွားရင်း အလိုလို မြင်နေရတဲ့အထိ စူးရှတဲ့ မျက်စိဗျ။ ဒီမျက်စိ မျိုးကလား ဗျ၊ ရွှေတိဂုံစေတီကြီး တစ်ခုလုံးကို မဖူးမြင်နိုင်ဘဲ ရှိရမှာ။

ကျုပ်ကို ရေသရဲလို့ ဘွဲ့ထူး ပေးတာ တကယ်တော့လည်း မမှားဘူးဗျ၊ ကျုပ် အလုပ်ကို ဝါသနာလည်းပါ၊ စိတ်လည်း အဟုတ် တကယ် ဝင်စားတာမို့ အမှတ်သညာ များတာပေါ့ဗျာ။ လေမတိုက်ဘဲနဲ့ ရေမျက်နှာ လှိုင်းဂယက် လေးများ ထသွားရင် ဒါဟာ ရေအောက်မှာ ငါးအုပ်ဖြတ်ကျော် ကူးသန်းသွားလို့ပဲ ဆိုတာ မသိနိုင် ဘူးလားဗျာ။ အဲ ကျုပ်မှာ သူများထက် ပိုထားတာက အဲဒီ လှိုင်းဂယက်ကလေးတွေရဲ့ လှုပ်ရှားပုံကို ကြည့်လိုက်ရုံနဲ့ ရေအောက်က ငါးအုပ်ဟာ ဘာငါးအုပ်ဆိုတာ အမျိုးအမည်နဲ့တကွ တိတိကျကျ ခွဲခြား ပြောဆို နိုင်ခြင်းပါပဲ၊ အဲဒဲ မော်ပေါက်လို့ သိတာ မဟုတ်ဘူး၊ လူစင်စစ်က နတ်စိမ်းသရဲ ဖြစ်နေလို့ သိတာလည်း မဟုတ်ဘူး၊ သတိထားပြီး ကြည့်ရှုတတ်ခြင်းနဲ့ အမှတ်သညာ များခြင်းဆိုတဲ့ အချက်နှစ်ချက် ကြောင့်ပဲ ဆိုတာ ရှင်းမနေဘူး လာဗျာ။

ကျုပ်အင်း တည်ရှိနေတဲ့ ကွင်းမှာဆိုရင် အင်းလေးအင်း ရှိနေတယ်လေ၊ အဲဒီကွင်းကိုလည်း ဒီလေးအင်းက ပိုင်တယ်၊ အဲဒီ တစ်ကွင်းထဲက ငါးကို အဲဒီလေးအင်းက အပြိုင်ဖမ်းတယ်၊ ဉာဏ်ရည်သာပြီး အကွက်မြင်တဲ့ လူက ငါးပိုမိတယ်။ ဒီတော့ နေရာတကာမှာ ဉာဏ်ရည်သာပြီး လျင်နေတဲ့ ကျုပ်က ကျန်တဲ့ သုံးအင်းက အင်းသားကြီး တွေအပေါ်မှာ အမြဲတမ်း အပေါ်စီးက ရနေတာပေါ့ဗျာ။

မိုးတွင်းဘက် ရေတွေ ကြီးနေတုန်းဆိုရင် အင်းနယ်နိမိတ်ကို သတ်မှတ်ခြင်း မပြုနိုင်သေးလို့ ကွင်းထဲက ငါးတွေကို ဘယ်အင်းပိုင်ငါးလို့

တိတိကျကျ ခွဲခြား မပြောနိုင်ကြသေးဘူးဗျ၊ လေးအင်းလုံး ပိုင်တဲ့ ဘုံပိုင်ပါပဲ ဖြစ်တယ်။ အဲ သီတင်းကျွတ်၊ တန်ဆောင်မုန်းရောက်လို့ ကွင်းထဲမှာ ရေနည်းသွားတဲ့အခါမှ အင်း နယ်နိမိတ်ကို သတ်မှတ်ဖို့ အချိန်နီးလာတဲ့အခါ ကျုပ်ဘာလုပ်တယ် မှတ်သလဲ၊ ဟဲ ဟဲ ထုတ်ပြောရမှာတော့ ရှက်စရာ ပါပဲဗျာ၊ ကျုပ် လက်သပ် မွေးထားတဲ့ ပိုက်သမားတွေကို ညသန်းခေါင် လူခြေတိတ်မှာ အင်းနယ်နိမိတ် သတ်မှတ်တဲ့အခါ သူတို့ သုံးအင်းပိုင်ရမယ့် ပိုက်နက် တွေထဲမှာ သွားပြီး တိတ်တဆိတ် ပိုက်ချ ခိုင်း လိုက်တယ်။ ငါးဆိုတဲ့ သတ္တဝါတွေကလည်း အသိဉာဏ် မရှိဘူးလို့သာ ဆိုရတယ်၊ သူတို့ရဲ့ ဘေးအန္တရာယ် ကိုတော့ သိမြင်ပြီး ရှောင်တိမ်းတတ်သား ဗျ။

အဲဒီလို ဟိုဘက် အင်းပိုင်နက်တွေမှာ ပိုက်သမားတွေ မွှေလိုက်တာနဲ့ တစ်ချက်တည်း အဲဒါ ငါးတွေဟာ ဟိုဘက် အင်းပိုက်နက်တွေထဲမှာ မနေတော့ဘဲ ဘေးကင်းတဲ့ ကျုပ် အင်းပိုက်နက်ထဲကို ကူးပြောင်း ဝင်ရောက်ပြီး ခိုလှုံလာတော့ တာပဲဗျာ၊ အဲဒီ ကူးပြောင်းဝင်ရောက်လာတဲ့ ငါးတွေက ကျုပ်အင်း ပိုက်နက် ထဲက ဘယ်ကိုမှ မထွက်ဘဲ ကျုပ်အင်းပိုင်နက်ထဲမှာပဲ ပျော်မွေ့နေအောင် ကျုပ်က အထူးဂရုတစိုက် လက်ခံပြီး ပြုစုစောင့်ရှောက်ထားပါတယ်ဗျာ။

ပိုက်သမား၊ ငါးမျှားတံ သမားတွေ ကျုပ်အင်းပိုင်နက်ထဲကို မဝင်နိုင်အောင် အထူးစောင့်ကြပ် ကာကွယ် ပေးတယ်၊ ပြီးတော့ အဲဒီ ငါးတွေကြိုက်တဲ့ ဖွဲနုမှုန့်နဲ့ ငါးခေါင်းပြုတ်ရည် အစရှိတဲ့ အစာအာဟာရတွေကို စေတနာ ကြီးစွာနဲ့ ကျွေးမွေးထားတော့ ဒီငါးတွေဟာ ကျုပ်အင်းပိုင်နက်ထဲမှာပဲ ပျော်မွေ့နေတာပေါ့ဗျာ။ အင်း နယ်နိမိတ်ကို သတ်မှတ်ကြစို့ဟေ့လို့ အင်းသားကြီး အချင်းချင်း သဘောတူ ညှိနှိုင်းပြီး သတ်မှတ် ပိတ်ဆို့လို့လည်း ပြီးရော ကျုပ်အင်းပိုင်နက်ထဲမှာ ငါးတွေ စုပြုံနေပြီး သူတို့ အင်းပိုက်နက်ထဲမှာ တော့ ငါး သိပ်မရှိတော့ဘူးလေ။ ဟဲ ဟဲ အဲဒါ ဖေကြီတာဗျ၊ ဖေကြီတာ။ အဲဒီလို အစစ အရာရာမှာ ကျွမ်းကျင်ပြီး ဉာဏ်ရည် သာရုံတင် မဟုတ်သေးဘူးဗျို့၊ ကျုပ်က

ကျုပ်အလုပ်ကို တကယ်လည်း စိတ်ဝင်စားတာ်၊ ဘယ်လောက် အထိ စိတ်ဝင်စားတယ်ဆိုတာ နမူနာကလေးတစ်ခုတော့ ထုတ်ပြော လိုက်ရသေးတာပေါ့ဗျာ။

အဲဒီလို အင်းနယ်နိမိတ်ကို သတ်မှတ်ပိတ်ဆို့လို့လည်း ပြီးရော၊ ငါးတွေဟာ ထွက်ပေါက်မရဘဲ အင်းပိုင်နက် တွေထဲမှာသာ တဝဲလည်လည်နဲ့ ပိတ်မိနေကြရောဗျ။ ဒီတော့ ငါးတွေက သူတို့ကို ပိတ် မိနေပြီဆိုတာ ရိပ်မိသွားပြီး ထွက်ပေါက်ကိုသာ တဝဲလည်လည်နဲ့ မရမနေ ကူးသန်းရှာဖွေကြတာပေါ့။ ဟဲ ဟဲ ဒီတော့မှ ကျုပ်လည်း ထွက်ပေါက်ရှာနေတဲ့ ငါးတွေဟာ ထွက်ပေါက်ကိုမရဘဲ ပိုပြီး ကျဉ်းကျပ်တဲ့ နေရာကို စုပြုံ ရောက်ရှိလာအောင် သွေးဆောင် သိမ်းသွင်း ရတာပေါ့ဗျာ။ ဘယ်လိုလဲ ဆိုတော့ ကျုပ်က ကျုပ်အင်းပိုင်နက် တစ်ခုလုံးနဲ့ ထွက်ပေါက်ဖြစ်တဲ့ ချောင်းဝကနေပြီး ယင်းများနဲ့ ဆည်တားထားတာကိုးဗျ၊ ဆည်ကို တစ်တန်းတည်းထားတာ မဟုတ်ဘူး၊ အထက်ဆည် အောက်ဆည် ဆိုပြီး ဆည်နှစ်တန်း ထားရတယ်၊

အဲဒီ ဆည်နှစ်တန်းရဲ့ အတွင်းရိုးကို "ကတစ်" လို့ ခေါ်တယ်၊ အခုန ထွက်ပေါက်ရှာနေတဲ့ ငါးတွေဟာ အဲဒီ ကတစ်ထဲရောက်လာအောင် သွေးဆောင် သိမ်းသွင်းရမှာကိုးဗျ၊ အဲဒီ ကတစ်ထဲကို ဒီငါးတွေ စုပြုံ ရောက်ရှိလာမှသာ ကျုပ်အဖို့ ဖမ်းရတာလည်း ဆည်နှစ်တန်းရှိတဲ့ အနက် အောက်ဆည်ကနေပြီး ဒီ ငါးတွေ ကို "ကတစ်" ထဲရောက်အောင် သွင်းယူတယ်၊ ကတစ်ထဲ ရောက်နေတဲ့ ငါးတွေကိုမှ တစ်ဖန် အထက်ဆည်မှာ ထွက်ပေါက်ပေးပြီး အဲဒီ ထွက်ပေါက်ဝက "ပုံလုံ" များ တပ်ဆင်ထားပြီး လက်စသတ် ဖမ်းယူတယ်။ အဲ အခု ကျုပ်ဟာ ကျုပ်အလုပ်ကို ဘယ်လောက်စိတ်ဝင်စားတယ်ဆိုတာ ပြောတော့မယ်နော်၊ ကျုပ်ဟာ ကျုပ်အင်း ပိုင်နက်ထဲက ငါးတွေကို အောက်ဆည်ကနေပြီး ကတစ်ထဲကို သွင်းတဲ့ အခါမှာပေါ့၊

အဲဒီအခါမှာ ဆိုရင် ကျုပ်ဟာ ထမင်းမှန်း ဟင်းမှန်း မသိအောင် ထမင်းမေ့ ဟင်းမေ့ပေါ့၊ အောက်ဆည်မှာ ငါးသွင်းတဲ့အခါ အသုံးပြုဖို့ ငါးဝင်ပေါက်

ထားရှိတယ်လေ၊ ငါးသွင်းတဲ့အခါ လူစောင့်ပြီး သွင်းနိုင်အောင် အဲဒီ ငါးဝင်ပေါက်ရဲ့ အပေါ်မှာ အမိုးနဲ့ အကာနဲ့ လူနေဖို့ စင်ကလေးနဲ့ သပ်သပ်ရပ်ရပ် ဆောက်လုပ်တယ်။ အဲဒါကို "ခရယ်အိမ်" လို့ ခေါ်တယ်၊ ယီးတီးယားတားတော့ သွားလုပ်မယ် မကြံနဲ့၊ အဲဒီ "ခရယ်အိမ်"ဟာ နတ်ကြီးတယ်ဗျ၊ ငှက်ပျောပဲ အုန်းပွဲ အမြဲပေးထားရတဲ့ နေရာပေါ့၊ အဲဒီနေရာကို အထွတ်အမြတ်ထားတာမို့ မိန်းမတွေကို တက်ခွင့်မပေးဘူးဗျ၊ နယ်နယ်ရရ မမှတ် လိုက်ပါနဲ့။

ငါးသွင်းတို့ နေ့ဆိုရင် ကျုပ်ဟာ တစ်နေ့လုံးလိုလို "ခရယ်အိမ်" ထဲမှာ ရောက်နေတာပဲ၊ ငါး ဝင်ပေါက်နေရာမှာ "ရှော" သဘောမျိုး တပ်ဆင်ထားတာကိုး၊ ငါးသွင်းတော့မယ် ဆိုရင် အဲဒီရှောကို နင်းမြှုပ်ပြီး ဝါးလုံးနဲ့ ထောက်ထားလိုက်ရင် ရှောဟာ မြုပ်နေလိမ့်မယ်၊ ငါးတွေဟာ အဲဒီမြုပ်နေတဲ့ "ရှော" ပေါ်က ကျော်ဖြတ်ပြီး ကတစ်ထဲကို ဝင်ကြတာပေါ့ဗျာ။ ငါးအဝင် တန့်သွားတဲ့အခါမှာ ထောက်ထားတဲ့ ဝါးလုံးကို ဖြုတ်လိုက်ရင် ရှောဟာ ပြန်ပေါ်လာပြီး အတွင်း ငါးတွေလည်း အပြင်ကို ဘယ်နည်းနဲ့မှ မထွက်နိုင်ကြတော့ဘူးဗျ။

ရေတွေကလည်း ဝင်တော့မယ်ဟေ့ ဆိုရင် အဆီးအတားမရှိ ဒလဟော ပစ်ဝင်တော့တာပဲဗျာ၊ အို အဲဒီလို ငါးသွင်းနေတုန်း အချိန်မှာဆိုရင် ကျုပ်လေ အသံလည်း မပြုဘူး၊ လှုပ်လည်း မလှုပ်ဘူး၊ လှုပ်ရှားလိုက်ရင် ငါးလန့်ပြီး အဝင်တန့်သွားမှာ စိုးရသေးကိုးဗျ၊ ပြီးတော့ ကျုပ်ကိုယ်တိုင်ကလည်း လှုပ်ရှားဖို့ သတိမရ လောက်အောင် တသဲသဲ တဖွဲဖွဲ ဝင်နေတဲ့ ငါးတွေကိုကြည့်ပြီး ပီတိ ဖြစ်နေတာ ကိုးဗျ။ အဲဒီအခါမှာဆိုရင် ကျုပ်ရဲ့ စိတ်အာရုံဟာ ဘယ်ကိုမှ မပျံ့မလွင့်ဘဲ တဖွဲဖွဲ ဝင်နေတဲ့ ငါးတွေ အပေါ်မှာသာ ကျရောက်စူးစိုက်ပြီး ပီတိတွေ ပွားများနေမိတယ်၊ ကျုပ်ရဲ့ ဘေးပတ်ဝန်းကျင်မှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ ကျုပ်လုံးလုံး မသိတော့ဘူး၊ ကျုပ်မိန်းမ မျောက်မွေးနေတယ် ဆိုတာတောင် ကျုပ် လှည့်ကြည့်မိမယ် မဟုတ်ဘူး။ အဟုတ်ကိုပါပဲဗျာ၊ ပြောမယုံ

ကြုံဖူးမှ သိကြပါလိမ့်မယ်။ ကျုပ် စဉ်းစားမိတယ်ဗျ၊ သည်လို သမထ ဝိပဿနာဆိုတဲ့ တရားတွေကိုသာ အဲဒီလို ပီတိတွေ တဖွားဖွားနဲ့ စိတ်စူးစိုက် စွဲမြဲနေအောင် ပွားများနိုင်မယ်ဆိုရင် ကျုပ်တို့တစ်တွေဟာ နိဗ္ဗာန်မဂ် ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ကုန်ကြမှာပဲလို့။

~~~~~~~~~~~~~
~~~~~~~~~~~~~

(၅)

အဲဒီလို ဖြူလိုကလက်တွေ၊ ပါတီတွေကိုလည်း ကပ်တတ်တယ်၊ ငွေရှင်ကြေးရှင် ကုန်သည်ပွဲစားတွေနဲ့လည်း အလွမ်း သင့်အောင် ပေါင်းတတ်တယ်၊ ကိုယ့်လုပ်ငန်းကိုလည်း နိုင်နင်းကျွမ်းကျင် တယ်ဆိုတော့ ကျုပ်ဟာ သူကြွယ် တစ်ဦး လောက် ကြွယ်ဝနေမှာပဲလို့ ခင်ဗျားတို့က အလော သုံးဆယ် မှတ်ချက် မချလိုက်ပါနဲ့ဦးဗျာ။ အမှန်အတိုင်း ပြောရရင် အခုအချိန်မှာ ကျုပ်ဟာ ကြွေးလည်ပင်းခိုက်အောင် မွဲနေပါပြီဗျာ၊ ရုတ်တရက် ဆိုတော့ ခင်ဗျားတို့က အံ့သြသွားမှာပဲနော်၊ မအံ့သြနဲ့ဗျို့၊ မနှစ်က မြန်မာပြည်အရပ်ရပ်မှာ ရေလွှမ်းမိုးခြင်း ခံရတယ် ဆိုတဲ့ သတင်းကို ခင်ဗျားတို့လည်း ကြားမိမှာပေါ့၊ အဲဒီရေဟာ လယ်သမားတွေရဲ့ လယ်ယာကိုသာ ဖျက်ဆီးပစ်တာ မဟုတ်ဘူး၊ ကျုပ်တို့ရဲ့ အင်းတွေကိုပါ ဖျက်ဆီးပစ်လိုက်တယ်လေ။

ကျုပ်အင်းဆိုရင် ယင်းတွေနဲ့ ဆည်တားပြီးလို့ အင်း စပိတ်တဲ့နေ့မှာပဲ လေရော မိုးရော ဆင်းပြီး ရွာချ လိုက်တယ်ဗျာ၊ ဆည်တားထားတဲ့ ယင်းတွေဟာ တစ်ခါတည်း ပွင့်ထွက်ကုန်တာပေါ့။ ရေကလည်း တစ်ဟုန်ထိုး တက်လာတော့ ဆည်တိုင်တွေ မြုပ်ကုန်အောင် ရေလွှမ်းမိုးသွားတာပေါ့ဗျာ။ ဒီတော့ ကျုပ်အင်း ပိုင်နက် ထဲက ငါးတွေလည်း ချောင်းမကြီးထဲကို အကုန်ထွက်ကုန်တာပေါ့ဗျာ။ အဲဒီရေတွေ ပြန်အကျမှာ တစ်ခါ ပြန်ချသေးတာပေါ့လို့ ကျုပ် အားခဲထားပေမဲ့ တယ်တော့ အားမရှိလှပါဘူးဗျာ။

ကျုပ် နားလည်ပါ တယ်ဗျာ၊ ပထမရေမှာ ဒီလို အဖြစ်ခံလိုက်ရပြီးမှ နောက်ရေမှာ ပြန်ချလို့လည်း အကြောင်းထူးမှာ မဟုတ်ဘူးဆိုတာ ကျုပ် နားလည်ပါတယ်ဗျာ။ ဒါပေမဲ့ လူ့ဓမ္မတာအတိုင်း တစ်ဖက် ကလည်း မျှော်လင့်ချက်ကို လက်မလွှတ်ချင်သေးတော့ နောက်ထပ် စရိတ်အကုန်ခံ၊ ယင်း၊ ဝါး၊ တန်ဆာပလာ အသစ်ထူထောင်ပြီး ရေပြန်အကျမှာ ပြန်ပြီးပိတ်လိုက်ပါတယ်။ ကျုပ် ထင်တဲ့အတိုင်းပါပဲဗျာ။ စရိတ်ထပ်ကုန်တာသာ အဖတ်တင်တယ်။ အိမ်စားဖို့ ငါးပိကလေး အနည်းအကျဉ်း ရလိုက်တာက လွဲပြီး တခြားဘာငါးမှ မတက်တော့ဘူးဗျာ။ ဟိုနှစ် ဟိုနှစ်တွေက မြတ်ထားလို့ စုမိဆောင်းမိတာ ကလေးတွေလည်း ဒီတစ်နှစ်တည်း ရှုံးတာနဲ့ ချောရောပေါ့ဗျာ။ ကြွေးရှင်တွေ ဆိုတာလည်း ကျုပ်ပတ်လည်မှာ ဝိုင်းလို့ပေါ့။ ပေါင်ထားတဲ့ ရွှေကလေးတွေလည်း ပြန်မရွေးနိုင်တော့ဘဲ အဆုံးခံလိုက်ရမှာ သေချာနေလို့ ကျုပ်မိန်းမဖြင့် တရှုပ်ရှုပ်နဲ့ချည်း ငိုနေတာပေါ့ဗျာ။

ကျုပ်တော့ စိတ်ညစ်ညစ်ရှိတာနဲ့ အရက်ဆိုင်သွားပြီး အရက်ကိုချည်း မလင်းအောင် သောက်နေမိတယ်ဗျို့။

အင်းလေး၊ ကျုပ်က ဘယ်လောက်ပဲတော်တော် သဘာဝဓမ္မတာ ဖျက်ဆီးတော့လည်း မခံနိုင်ဘူးပေါ့ဗျာ။ တချို့ကတော့လည်း သဘာဝဓမ္မတာ ဖျက်ဆီးလို့ ပျက်စီးရတာကိုပဲ ကံမကောင်း အကြောင်းမလှလို့ဆိုပြီး တလွဲ ပြောနေကြသေးတယ်၊ ကျုပ်တို့သာ သဘာဝကို အရှုံးပေးနေရတာပါဗျာ။ ဟို တရုတ်တို့၊ ရွှတ်ရှားတို့မှာတော့ သဘာဝကို လူက နိုင်ပြီး လူရဲ့ အကျိုးစီးပွား အတွက် သဘာဝကို နဖားကြိုးတပ်ပြီး ခိုင်းနေကြတယ် ဆိုပါကလားဗျ။ ကျုပ် သတင်းစာထဲမှာ တွေ့လိုက် မိပါတယ်၊ တရုတ်ပြည်မှာဆိုရင် ရေလွှမ်းမိုးတဲ့ ဘေးကို တညီတညာတည်း တည်ဆောက်နေကြပါတယ်။ ဒါပေမဲ့ နေရာတကာ မှာ ကံထရိုက် စနစ်ကြီးနဲ့ချည်း လုပ်နေတော့ တိုင်းပြည်ငွေတွေ သောက်သောက် လဲ ကုန်သလောက် အရာလည်း မရောက်ဘူးပေါ့ဗျာ။ အကပ်ကောင်းတဲ့ မျက်နှာ

ကြီး ကံထရိုက်တာကြီးတွေ စားပေါက်ကို ဖန်တီးပေးနေသလို ဖြစ်နေတယ်။ လူထုရဲ့ တက်ကြွတဲ့ အကူအညီကိုလည်း မရဘူးပေါ့ဗျာ။ ဒီတော့ ကျုပ်တို့ တစ်တွေလည်း သဘာဝရဲ့ ညှဉ်းဆဲနှိပ်ဆက်မှု ဒဏ်ချက်တွေကို မလူးသာ မလွန့်သာအောင် ဇက်စင်းပြီး ခံနေရ တာပေါ့ဗျာ။

ဒီနှစ်လည်း ကျုပ် ဒီအင်းကိုပဲ ဖြစ်သလို ကြံဖန်ပြီး ဆွဲထားလိုက်ပြန် ပြီဗျို့။ ဒီနှစ်အဖို့ ရေဘေးနဲ့ လွတ်မယ်ဆိုရင် မျှော်လင့်ချက်ကလေးတော့ ရှိပါသေးတယ်ဗျာ။ ဒါကြောင့်မို့ ရေဘေးနဲ့ လွတ်ကင်းအောင် နတ်ဒေဝါ ကူညီ ဝိုင်းလို့ မှိုင်းမတော်မူပါရန် ကန်တော့ပွဲအမျိုးမျိုး၊ နတ်ဆိုင်းတခြိမ့်ခြိမ့်နဲ့ တင်မြှောက်ပသပြီး ဆုတောင်း နေရတာပဲဗျို့။ ကျုပ်တို့မှာ တခြား အားကိုးစရာ မရှိတော့ နတ်ဒေဝါ တွေကိုပဲ အားကိုးနေရတာပေါ့ဗျာ။

~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~

# နှာခေါင်းနှင့် ကျည်ပွေ့

(၁)

"နာခေါင်း ကျည်ပွေ့ တွေ့သည်" ဟူသော ဆိုရိုးစကားရှိ၏ "တယ်.... ဒီကောင် နာခေါင်းကျည်ပွေ့ တွေ့သွားရော့မယ်" ဟူသော ကြိမ်းသံကိုလည်း ကြားဖူးကြပေလိမ့်မည်။ သို့သော် ကိုဒေါင်းစိန်အဖို့မှာ ထိုစကားသည် "ဆိုရိုးစကား" နှင့် " ပြောသံကြား" မဟုတ်ဘဲ ကိုယ်တွေ့ ကြုံဖူးသော ဖြစ်စဉ်ပင် ဖြစ်သည်။ မှန်ပေသည်တကား။ ကိုဒေါင်းစိန်တို့အိမ်မှ ငါးပိထောင်းသော ကျည်ပွေ့သည် တစ်ကြိမ်သော အခါက အင်း အင်စပက်တာမင်း၏ နာခေါင်းနှင့် တကယ်ပင် တွေ့ဆုံဖူးခဲ့သည်မှာ ကိုဒေါင်းစိန်၏ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါသည်။

ကျည်ပွေ့ကို ပြုလုပ်ရာတွင် မန်ကျည်းသား၊ မဂ်ကိုသြဃသားတို့လို မာကျော ကျစ်လျစ်သော အသားကို ရွေးချယ်ပြုလုပ်ရ၏။ သို့သော် ကိုဒေါင်းစိန်၏ ကျည်ပွေ့ကား ထိုအသားများထက် ပို၍ ထက်မြက်သော ရင်းတိုက် အနှစ်သားကို ပြုလုပ်ထားသော ကျည်ပွေ့ဖြစ်ရာ ပို၍ ကျစ်လျစ်၏။ ပို၍ မာကျော၏၊ ပို၍ လေးလေး ပင်ပင် ရှိ၏ ။ တစ်ရွာလုံးတွင် လက်အမြောက်ဆုံးသော နာမည်ကျော် ဗိသုကာ လက်သမား ဆရာကြီး ဦးအောင်ဒွန်းကိုယ်တိုင် စိတ်တိုင်းကျ ထုလုပ် ပေးလိုက်သော ကျည်ပွေ့လည်း ဖြစ်၏။

ထိုကျည်ပွေ့နှင့် အင်းအင်စပက်တာမင်း၏ နှာခေါင်းတို့သည် ကိုဒေါင်းစိန်၏ ကောင်းမှုကြောင့် တစ်ကြိမ်သော အခါက တကယ်ပင် တွေ့ဆုံဖူးခဲ့ကြပေသည်။

အတိတ်ကို ဆောင်ရသော......။ဆောင်းဥတု၏ လပြည့်နေ့ ညတစ်ည အချိန်တွင် ဖြစ်သည်။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

(၂)

ကိုဒေါင်းစိန်သည် လက်ဖက်ရည်ကြမ်း တစ်အိုးဖြင့် အေးအေးလူလူ ဇိမ်ယူနေ၏။ မယ်စိန်ကလည်း ကိုဒေါင်းစိန်၏ အနီးတွင် အလျားမှောက်ကာ ဆေးပေါ့လိပ်ကို မီးခိုး တလူလူနေအောင် ဖွာရှိုက်ရင်း ဇိမ်ယူနေ၏။ မည်သူမှ စကားမပြောကြဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြ၏။

ကိုဒေါင်းစိန် တွေးနေတာကတော့ ခါတိုင်းသည်လို လသာသာ ညဥ့်အခါဆိုလျှင် သူတို့သည် ချောင်းရိုးထဲ ကွန်ဆင်းပစ်မြဲ ဖြစ်သည်။ နေ့လယ် နေ့ခင်းဆိုလျှင် အင်းအင်စပတ်တာ၏ ရန်ကို ကြောက်ရသည်။ ဥပဒေက ခွင့်ပြုတာက ဒဂ်ါးကျ မက်ကွန်။ သူတို့ အသုံးပြုတာက ကွန်စိပ်။ ဒါကြောင့် အင်းအင်စပတာ၏ ရန်ကို ကြောက်၍ နေ့လယ်ဘက် ကွန်ပစ်မဆင်းဘဲ လက်ဖက် ရည်ကြမ်းသောက်ကာ အေးအေးလူလူ ဇိမ်ယူနေခြင်းမှာ အင်းအင်စပက်တာ မင်းသည် သူ့နောက်ပါများနှင့် အတူ ယနေ့ ညတွင် ကွန်ခိုးပစ်သူများအား ဆင်းဖမ်းလိမ့်မည် ဟူသော သတင်းကြောင့်ပင်။ အလုပ်မရှိလျှင် မနေတတ်သော ကိုဒေါင်းစိန်က ဒီအကြောင်းကို စိတ်မချမ်းမြေ့စွာဖြင့် တွေးနေခြင်းဖြစ်ပါသည်။

မယ်စိန် တွေးတာကတော့ "ဟင်း သေမင်းငင် အင်ဇဘက်၊ ဒီ ကုလီ ကပ်ပါးတွေ တစ်ဝမ်း တစ်ခါးအတွက် အပြေး အလွှား ရှာဖွေစားသောက် နေရတာကို ဒါလောက် ကြိုးစားပမ်းစား ညဘက်ပါ ဆင်းပြီး ဖမ်းလို့ ဒင်းမှာ ဘယ်လောက်များ ရာထူးတွေ တိုးတက်သွားမှာလဲ၊ ဟင်း.... ဒီကာလနာကို တော့လား ငါးဆီအတွက် ငါးခုတ်တုန်းက ငါးခေါင်းကို လက်သွက်သွက်နဲ့

ခုတ်ဖြတ်ခဲ့သလို ဓားထက်ထက်နဲ့ ခုတ်သတ်ဖို့ပဲ ကောင်းတော့ တာပဲ” ဟု တွေးနေပါသည်။

ထိုသို့ အတွေးကိုယ်စီဖြင့် ငြိမ်နေကြစဉ် ကိုလေးဖိုးကွန်နှင့် ကိုလှမောင်တို့သည် သူတို့အိမ်သို့ ရေးကြီး သုတ်ပျာ ဟန်မူအရာဖြင့် ရောက်ရှိလာကြသည်။ ပြီးတော့ ကိုလေးဖိုးကွန့်က မယ်စိန်ကို အသိမပေးလိုဟန်ဖြင့် ကိုဒေါင်းစိန်၏ နားဝသို့ သူ၏ နှုတ်ခမ်းအစုံကို ကပ်ကာ တိုးတိုး တိုးတိုးဖြင့် စကား တိုးကျိတ်နေ၏။

ဘာရမလဲ၊ မယ်စိန်တို့က ဒါမျိုးကိုမှ ပိုပြီး သိချင်၊ စပ်စုချင်တတ်တာကလား။ သူမသည် သူမ၏ တစ်ရပ်လုံးသော စိတ်အာရုံကို ဤမှာဘက်ဆီသို့ ဆွဲယူလာကာ စူးစိုက်ထား၏။ သူမ၏ စူးစိုက်ထားသော အာရုံဝယ် ရေနံဆီမီးခွက်၏ အလင်းရောင်ဖြင့် မြင်နေရသော ကိုလေးဖိုးကွန့်၏ လှုပ်နေသော နှုတ်ခမ်းအစုံနှင့်၊ မသဲမကွဲ ကြားရသော စကားသံကို အဆက်အစပ် အထောက်အထား ပြု၍ ထိုပြောဆို နေသော အကြောင်း အချက်၏ လိုရင်းအဓိပ္ပာယ်ကို ကောက်ယူနိုင်ခဲ့ပါသည်။ “ဒီည အင်းအင်စပတ်တာ မင်းက ကွန်သမားတွေ ကို ဖမ်းဖို့ ရွာထဲဝင်အလာမှာ “ဓားပြဟေ့.....ဓားပြ” လို့ အော်ပြီး ဝိုင်းရိုက်ကြဖို့ စီစဉ်ကြတာပဲ မဟုတ်လား”

“အမယ်..... တော်တို့ ပြောနေကြတာကို ကျုပ်သိပါတယ်တော်၊ ဒီည အင်ဇဘက်က ကွန်သမားတွေကို ဖမ်းဖို့ ရွာထဲ ဝင်အလာမှာ “ဓားပြဟေ့...... ဓားပြ” လို့အော်ပြီး ဝိုင်းရိုက်ကြဖို့ တိုင်ပင်နေကြတာ မဟုတ်လား”

“ဟ တိုးတိုး ပြောပါ မယ်စိန်ရ၊ ကိုယ့်အကြံ မအောင်ခင် လူသူလေးပါး ကြားသွားပါဦးမယ်။ နေစမ်းပါဦး၊ တို့ တိုးတိုးလေး ပြောနေကြတာကို နင်ဘယ်လို လုပ်ပြီး သိသလဲ ဟင်”

ကိုလေးဖိုးကွန့်က တစ်ဖက်မှ ဟန့်လိုက်၍ တစ်ဖက်မှလည်း မကြားသိစေလို၍ ကိုဒေါင်းစိန်နှင့် နှစ်ကိုယ်ကြား တိုးတိုးလေးပြောခါမှ ကြားသိဖြစ်အောင် ကြားသိလိုက်နိုင်သော မယ်စိန်၏ ဇဝနဉာဏ် လျင်မြန်ခြင်း ကို အံ့သြချီးကျူးသလို ကြည့်ကာ ပြောဆိုလိုက်၏ ဒါကို မယ်စိန်က ဂုဏ်ယူဝင့်ကြွားသလို ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ရင်း-

"အို...... သိတဲ့နည်း ရှိလို့ သိတာပေါ့တော့၊ မယ်စိန်တို့က ချက်ဆိုရင် နားခွက်က မီးတောက်ပြီးသားပါ။ ကောင်းတယ်၊ တော်တို့အကြံ ကောင်းတယ်၊ ဒီကောင့်ကို မြင်တိုင်း ကျုပ် လက်ယားနေတာ ကြာလှပြီ၊ ဒါပေမဲ့ မိန်းမသားတန်မဲ့ မလုပ်ဝံ့လို့ ငြိမ်နေရတယ်၊ တော်တို့ အခုကြံတာ အကောင်းဆုံးပဲ။ ကျုပ်တို့ကို တစ်သက်လုံး နှိပ်စက်ခဲ့တဲ့လူကို လက်စားချေနိုင်မယ်၊ ပြီးတော့ ညဘက်အချိန်မဟုတ် ရွာထဲ ဝင်လာလို့ "ဓားပြ" အမှတ်နဲ့ အော်ဟစ်ပြီး ရိုက်တဲ့အတွက် ဥပဒေကလည်း လွတ်နိုင်မယ်။ ကောင်းတယ်၊ ဒေါင်းစိန်... တော်လည်း လိုက်သွားပေါ့၊ ဘာလဲ၊ တော်က ကြောက်နေပြန်သလား"

မယ်စိန်က သူ့လင်အကြောင်းကို အတွင်းသိ အစဉ်းသိ ဖြစ်နေ၍ လှမ်းကာ ခနဲ့လိုက်၏ ဒါကို ကိုဒေါင်းစိန်က ဆီမထည့် နိုင်သော အညာလှည်းဘီးကြီးများ မြည်သလို အီလေးဆွဲသောလေသံ မျိုးဖြင့်-

"ဟ မယ်စိန်ရ၊ သူ့မှာက နှစ်လုံးပြူးသေနတ်ကြီးကို အမြဲဆောင်ထားတာဟ၊ မတော် ဒါကြီးနဲ့ ပစ်လိုက်ရင် ဘယ့်နယ်လုပ်မလဲ။ မင်းမုဆိုးမဖြစ်ကျန်ရစ်မှာကိုကော မင်းထည့်မတွက်ဘူးလား၊ အဲဒီလိုဆိုရင် ကလေးတွေနဲ့ မင်းတစ်ယောက်တည်း ဘယ်လိုလုပ်မလဲ"

ဒီလိုဆိုပြန်တော့လည်း မယ်စိန်ခမျာ တွေးသွားပြန်တော့သည်။ သူ့လင်ကို သူချစ်တာကလည်း ကနောင် မင်းသားကြီးကို လှိုင်ထိပ်ခေါင်တင် မင်းသမီးကလေး ချစ်သော အချစ်ထက် မပိုလျှင်သာ ရှိရမည်။ လျော့တော့ မလျော့နိုင်ပါ။

ဘယ်နည်းနှင့်မျှ မလျှော့နိုင်ပါ။ သည်တော့ သူ့လင် တစ်စုံတစ်ခု ဖြစ်သွားမှာကိုလည်း တွေးကြောက်လာရပြန်သည်။ ဒါကြောင့်လည်း သူမသည် လက်ဦးတင်ပြသော မူကို ပြန်ရုတ်သိမ်း လိုက်ရကာ နောက်ထပ် မူသစ်တစ်ခုဖြင့် အစားထိုးရပြန်၏။

"ဟုတ်ပါတယ်၊ တော် လိုက်သွားလို့ မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ တကယ်လို့ တော်သာ တစ်စုံတစ်ခု ဖြစ်သွားရင် ကျုပ်အသည်းကွဲရချေရဲ့။ ဒါပေမယ့် ဒီ အင်ဇဘက်ကို မသေသော် မ ရှုမလှ ဖြစ်စေချင်တာ ကတော့ ကျုပ်ဆန္ဒပဲ၊ ဒီတော့ ကိုဒေါင်းစိန်ကို ဘေးဖယ်ထားပြီး ကိုလေးဖိုးကွန့်နဲ့ ကိုလူမောင်တို့ရယ်၊ တခြား ရွာထဲမှာ ရှိကြတဲ့ ကုလီကပ်ပါးတွေရယ် စုပေါင်းပြီး လုပ်ကြပါလားဟင်"

"အမယ်၊ တယ်တော်..... တယ်တော်" ကိုလူမောင်က နှုတ်ခမ်းကို မဲ့ရွဲ့ပြီး ဝင်ပြော၏။ "ကိုယ်လင် ကိုတော့ ဘေးကင်းစေ၊ ဒီအပြင်လူတော့ သေစေ ဟုတ်လား၊ တယ်ပြီးတော့ တရားမျှတတာပဲ"

"ဒါတွေကို တွေးကြောက်နေလို့လည်း မဖြစ်ဘူးကွ၊ သူဟာ တို့ကို ထင်သလို နှိပ်စက်ခဲ့တာ နှစ်ပေါင်း ဘယ်လောက် ကြာပြီလဲကွ၊ ဒီတစ်ချီတော့ တို့အလှည့်ပဲ။ ဒါဟာ ချက်ကောင်းကွ၊ အင်မတန်ပိုင်တဲ့ အကြံ၊ ပြီးတော့ တစ်ရွာလုံးမှာ ရှိတဲ့ ကုလီကပ်ပါးတွေ အားလုံးကလည်း လုပ်ဖို့ တစ်စိတ်တည်း တစ်ဝမ်းတည်း သဘောတူ ပြီးကြပြီ၊ ကိုယ်တစ်ယောက်တည်း ဘေးတိမ်းနေလို့ မတော်ဘူးကွ။ ပြီးတော့ တစ်ရွာလုံးနဲ့ တစ်ယောက်မို့ ကြောက်စရာ မရှိပါဘူးကွာ"

ကိုလေးဖိုးကွန့်က နိဂုံးချုပ်အနေဖြင့် တိုက်တွန်း ပြောဆိုလိုက်၏။ ကိုဒေါင်းစိန်မှာ သဘောတူသော အထိမ်း အမှတ်ဖြင့် ခေါင်းကို ညိတ်ပြလိုက်ရသော်လည်း သူ့ခေါင်းမှာ သွက်လက်လျင်မြန်ခြင်း မရှိဘဲ လေးတွဲ့တွဲ့ကြီး ဖြစ်နေ၏။

(၃)

လပြည့်နေ့ညမို့ လသည် ထိန်ထိန်သာနေပေသည်။ ည၉ နာရီခန့် ရှိပြီဖြစ်သော်လည်း ခါတိုင်းဆိုလျှင် သည်အချိန် လူခြေ မတိတ်သေးပေ။ သို့သော် ယနေ့ညမှာမူ ထူးထူးခြားခြား တိတ်ချက်သား ကောင်းလှ၏။ တစ်ချက် တစ်ချက်တွင်မှ ထွက်ပေါ်လာသော ခွေးဟောင်းသံမှတစ်ပါး လူသံသူသံကိုမူ လုံးဝ မကြားရပေ။

ကွန်လေ့နှစ်စင်းသည် ရွာပြင်သို့ မထွက်ဘဲ ရွာတွင်းရှိ ချောင်းထဲ၌သာ လူးလာတုံ့ခေါက် ကူးသန်း လော်ခတ်ရင်း အင်းအင်စပက်တာ၏ လှေအလာကို စောင့်မျှော်နေကြ၏။ ကမ်းစပ်ရှိ သစ်ပင်ရိပ်များ အောက်တွင်မူ လူတစ်စုသည် တုတ်၊ ဓား ကိုယ်စီဖြင့် ဝပ်လျောင်းကာ သားကောင်ကို ချောင်းနေသော မုဆိုး၏ သတိမျိုးဖြင့် ချောင်းနေကြသည်။

ကိုဒေါင်းစိန်ကား ရင်ထဲမှာ တထိတ်ထိတ်ဖြင့် သူ့အိမ်ပေါ်မှ နေ၍ စောင့်မျှော် နားစွင့်နေ၏။ သူတို့ အချိန်းအချက် လုပ်ထားကြသည်မှာ အင်းအင်စပက်တာမင်း၏ လှေဝင်လာ၍ ကွန်လေ့နှစ်စင်းမှ လူများနှင့် ချောင်းမြောင်းနေကြသော လူတစ်စု ဝိုင်းရိုက်ပြီး "ဓားပြဟေ့ … ဓားပြ၊ တစ်အိမ်တစ် ယောက် ထွက်ကြကွ" ဟု အော်လိုက်လျှင် လူတိုင်း လက်နက်ကိုယ်စီ ကိုင်စွဲကာ ထွက်လာကြရန်ပင် ဖြစ်သည်။

ကိုဒေါင်းစိန်၏ ရင်မှာ ကြောက်စိတ်ဖြင့် လှိုက်ဖိုနေ၏။ အင်းအင်စပက်တာ မင်းကား နယ်နယ်ရရပုဂ္ဂိုလ် မဟုတ်။

ရွတ်တိရွတ်ထိုးနှင့် မိုက်ရူးရဲ သတ္တိမျိုးရှိရုံမျှမက သူ့လက်ထဲမှာလည်း နှစ်လုံးပြူးသေနတ်ကြီးကို အမြဲ ဆောင်ထားပေသေးသည်။ သူ့အလုပ်မှာ အများနှင့် ဆန့်ကျင်ဘက် ပြုရသော အလုပ်မျိုးဖြစ်၍ ဘေးရန်များလှသောကြောင့် အင်းအိုင် ခလဲ့ လက်ဖွဲ့ စသော ကာယသိဒ္ဓိ အဆောင်ပစ္စည်းများကို ထားရှိသည်ဖြစ်ရာ တုတ်တို့ ဓားတို့လောက်တော့ ရယ်တာပေါ့ဟု သတင်းကြီးနေ၏။ ပြီးတော့ သူ၏ နောက်တော်ပါ လူမိုက် အချို့လည်း ပါလာပေဦးမည်။ ရွာသားများထဲတွင်လည်း သတ်ရဲ ဖြတ်ရဲသော သတ္တိခဲများ ပါရှိသည်မှာ မှန်ပါ၏။ ပြီးတော့ လူများစု ဖြစ်သည်မှာလည်း မှန်ပါ၏။ သို့သော် အင်းအင်စပက်တာသည် လက်နက် အားကိုး၊ ကာယသိဒ္ဓိ အဆောင်လက်ဖွဲ့ အားကိုးဖြင့် ငုံ့ခံနေမည် မဟုတ်ဘဲ တုံ့ပြန် ပတ်ခတ်ပေမည်။ အဲဒီလို ဆိုလျှင် ရွာသားများထဲမှ တစ်စုံတစ်ယောက်တော့ မုချ သေကျေပျက်စီးပေမည်။ အဲ့ဒီ တစ်စုံ တစ်ယောက်ဟာ ဘယ်သူများ ဖြစ်နိုင်မလဲ။ အလိုလေး ... ဘယ်သူများ ဖြစ်နိုင်မလဲ။

ကိုဒေါင်းစိန်၏ ကိုယ်သည် ဆိတ်ခနဲ တုန်လှုပ်သွားကာ ကျောချမ်းသွား၏။ တိုးတိတ်သော အသံတစ်ခုက သူ၏ နားဝသို့ကပ်ကာ "တကယ်လို့များ အဲ့ဒီ တစ်စုံတစ်ယောက်ဟာ မင်းဖြစ်နေရင်ကော" ဟု မေးလိုက် သလို ထင်မိ၍ ပို၍ပင် တုန်လှုပ်သွားမိ၏။ "တကယ်လို့သာ ငါများ ဖြစ်နေရင်...။ အလိုလေး ... ငါများ ဖြစ်နေရင်တော့"

စိတ်ကူးကောင်းကောင်းနှင့် တကယ်လို့ အဲဒီ တစ်စုံတစ်ယောက်ဟာ သူများ ဖြစ်နေရင် ..။ သူ သေပြီးနောက် ကျန်ရစ်ခဲ့မည့် မယ်စိန်နှင့်တကွ သားသမီးတွေ၏ နေထိုင်စားသောက်ရေးကို ရင်လေးလေးဖြင့် တွေးစမ်းကြည့်မိပြန်၏။ မယ်စိန်မှာ စိတ်မြန်လက်မြန်နှင့် အလုပ်ကို တွေ့မရှောင် လုပ်နိုင်သူ

ဖြစ်၏။ ရပ်ရွာ၏ ဓလေ့ ထုံးထမ်းစဉ်လာ လုပ်ငန်းရပ်များကိုလည်း သူ မလုပ်တတ်တာ ဘာမှမရှိ။ အစီအမံ အခန့်အခွဲ ကောင်း၏။ အိမ်တွင်းမှုလည်း လုံခြုံ၏။ ပြီးတော့ ဒီလုံး တစ်ယောက်ကလည်း လူလား မြောက်ပြီ ဖြစ်၍ မယ်စိန်အဖို့ အကူအညီ ရနိုင်သည်။

ဒါကြောင့် သူ သေသွားပြီးနောက်လည်း သူတို့၏ နေထိုင်စားသောက်ရေးမှာ သူ အသက်ထင်ရှား ရှိစဉ်ကနှင့် မည်သို့မျှ ထူးခြားလိမ့်မည် မဟုတ်။ ထိခိုက်လိမ့်မည် မဟုတ်။ ထိုကြောင့်ပင် တစ်ခါတုန်းက သူသည် "ပိုက်သမားဝတ္ထု" တွင် "ဩော် မနေလို့ သေမယ်ဆိုရင် မယ်စိန် မသေဘဲ ငါသာ အလျင်သေပါစေ" လို့ ဆုတောင်း ဖူးသည် မဟုတ်လော။ သို့သော် မနေလို့ သေရမယ်ဆိုရင်သာ ပြောတာပါ။ အသက်ရှင် နေထိုင်ခွင့် ရှိနေနိုင်သေးတယ် ဆိုရင်တော့ တစ်စက္ကန့်ကလေးမျှပင် ပိုနေရ နေရ သူ နေလိုပါသေးသည်။ မသေလိုသေးပါ။ မသေရဲ သေးပါ။ အား ... မသေရဲသေးပါ။ သူသည် သက်မ တစ်ချက်ကို လေးလေးကြီး ချလိုက်၏။ သ ဝိညာဏက သတ္တဝါတိုင်း မိမိ၏ အသက် ဝိညာဉ် ကလေးကိုတော့ ခင်မင်တွယ်တာ တတ်သည့် ပုထုဇဉ်သားများချည့်မို့ ကိုဒေါင်းစိန်က သူ့ အသက် ဝိညာဉ် ကလေးကို ငဲ့ကွက်တွယ်တာကာ နောက်ဆံတင်းနေသည်ကိုတော့ ကျွန်ုပ်တို့က အပြစ် မဆိုထိုက်ပါပြီ။

လျှပ်ပြက်လိုက်သလို ကိုဒေါင်းစိန်၏ အာရုံတွင် အင်းအင်စပက်တာ၏ ရုပ်ပုံ လွှာသည် ဖျတ်ခနဲ ပေါ်ထင်လာသည်။ ရက်စက်ခြင်းကို ဖော်ပြသည့် ရဲရဲနီသော မျက်လုံးအစုံ၊ မိုက်မဲခြင်းကို သရုပ်ဆောင်သည့် ထူးအန်းသော နှုတ်ခမ်းနှစ်လွှာ၊ ဂင်တိုတို ပုတိုက်တိုက်နှင့် လူမိုက်ရုပ် ပေါက်နေသော အင်းအင်စပက်တာမင်း၏ မုန်းစရာ ရုပ်သွင်ကို ထင်မြင်လာရာ သူသည် ရုတ်ခြည်းပင် အံကို ကြိတ် လိုက်မိပြန်၏။

အင်စဘက် ... အင်စဘက်၊ ဒီအင်စဘက်ကို သူတို့ ရပ်သူရွာသားများ ဘယ်မျှလောက် မုန်းတီးရွံ့ရှား အော့နလုံးနာသည်ကို "အင်စပက်တော်၊ ခုနစ်ချက်ခေါ်" ဟူသော စာချိုးကို ကလေး လူကြီးမရွေး အမြဲတမ်း ရွတ်ဆိုနေ တတ်ကြသည်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ မုန်းမည်ဆိုလည်း မုန်းစရာ ပေကိုး။ သူ တောဆင်းလာပြီးဆိုလျှင် ဘယ်သူမှ အကောင်း မနေရ။ ဖမ်းသူကို ဖမ်း၊ ရိုက်သူကို ရိုက်၊ မိန်းမချောကလေးများကိုလည်း အာဏာသုံး၍ ကောက်ယူသွားတတ်ပေသေးရာ အဘယ်မှာလျှင် မမုန်းဘဲ ရှိနိုင် ပါမည်နည်း။

ထိုမှ တစ်ဆင့်တက်၍ အင်းအင်စပက်တာမင်းက သူတို့အား နှိပ်စက် ညှဉ်းပန်းခဲ့ပုံတွေကို တရေးရေး ပြန်မြင် မိပြန်ရာ၊ နှစ်ပေါင်းများစွာက မျိုသိပ် ထားရသော ဒေါသမှာ အုံကြွပွင့်အန် လာ၏။ "တောက်" ဟူ၍ လည်း တောက်တစ်ချက်ကို လေသံပြင်းပြင်း ခေါက်လိုက်၏။ လက်သီးကိုလည်း ဆုပ်လိုက်မိ၏။

"ဒင်းကိုလား ... တစ်သက်လုံး နှိပ်စက်ခဲ့သမျှ ကျေအောင် တစ်ချက်တည်းပဲ ရိုက်ချက်ပါတယ်။ တစ်ချက်ဆို တစ်ချက်တည်းပဲ ရိုက်ချင်ပါတယ်။ အဲဒီ တစ်ချက်ကလည်း တစ်သက် မမေ့နိုင်အောင် သေရာ ပါသွားမယ့် လက်ချက်မျိုး ဖြစ်စေရမယ်။ ဒေါင်းစိန်ရဲ့ လက်သံဟာ စိန်ဗေဒါကြီးရဲ့ လက်သံထက် ပြောင်မြောက်ပါကလား ဆိုတာ ဒင်း သိသွားစေရမယ်"

သူသည် ကြိတ်မနိုင် ခဲမရဖြင့် ရိုးရိုးရွရွ ဖြစ်လာ၏။ လက်ဖက်ရည် အိုးကိုပင် ပေါက်ခွဲပစ်လိုက်ချင် သလိုလို၊ ကြမ်းပြင်ကိုပင် လက်ဖဝါးနှင့် တအားရိုက်လိုက်ချင် သလိုလို၊ ထ၍ပဲ ခုန်လိုက်ချင် သလိုလို။ သူ့တစ်ကိုယ်လုံး မှာလည်း ဒေါသ၏ အစွမ်းကြောင့် နတ်ပူးသလို ယိမ်းထိုးလှုပ်ရှားလာ၏။ သူ့ရင်တွင်း၌ ဒေါသ မုန်းတိုင်းသည် ပြင်းထန်စွာ တိုက်ခတ်နေပေပြီ။

"ဟင်းနော် ... ဒေါင်းစိန်တဲ့ဟော့၊ တစ်ချက်ဆို တစ်ချက်တည်းပဲ ရိုက်ချင်တယ်ကွ"

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၄)

"ဓားပြဟေ့ ... ဓားပြ၊ တစ်အိမ် တစ်ယောက် ထွက်ကြကွ"

ဒေါသဘီလူး စီးပြီး ဒေါသနတ်ပူးနေသော ကိုဒေါင်းစိန်၏ နားထဲသို့ အဲဒီအသံက အပြေး ဝင်ရောက်လာသည်။ ကိုဒေါင်းစိန်သည် ဒေါသ၏ အစွမ်းဖြင့် ကြောက်စိတ်မှ ရဲစိတ်သို့ ကူးပြောင်း ရောက်ရှိနေခိုက် ထိုအသံကို ကြားလိုက်ရခြင်း ဖြစ်ရာ သူသည် လက်နေးမနေဘဲ နီးရာ လက်နက် တစ်စုံ တစ်ခုကို ဆွဲယူ လိုက်၏၊ သူ့လက်ထဲ၌ ငါးပိထောင်းသော ရင်းတိုက်အနှစ်သား ကျည်ပွေ့ကြီးကို ဆုပ်ကိုင်မိလျက်သား ရှိနေ၏။ သူသည် အိမ်ပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ကာ အသံ လာရာဆီသို့ တစ်ဟုန်ထိုး ပြေးတော့၏။

သူ၏ ရှေ့နောက် ဝဲယာ၌လည်း လက်နက်ကိုယ်စီ ကိုင်ဆွဲ၍ အသံ လာရာဆီသို့ ပြေးသွားနေကြသော ကူလီကပ်ပါးများကို မြင်ရ၏။ အသံမှာ ချောင်းတစ်ဖက်ရှိ ဟိုမှာဘက်ကမ်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထိုနေရာသို့ ရောက်အောင် ချောင်းကို ကန့်လန့်ဖြတ်၍ ဆောက်လုပ်ထားသော ရွာလယ် တံတားကို ကူးဖြတ် ရပေမည်။

ကိုဒေါင်းစိန်သည် ထိုတံတားကို ကူးဖြတ်ရင်း "ဓားပြဟေ့ ... ဓားပြ၊ တစ်အိမ်တစ်ယောက် ထွက်ကြကွ" ဟု အော်ဟစ် သွား၏။ အခြားသူများ ကလည်း သံယောင်လိုက်၍ ဆက်ကာ ဆက်ကာ အော်ဟစ်သံများဖြင့် ပွဲတင်ဟည်း နေ၏။

ရောက်လေပြီး။ အင်းအင်စပက်တာမင်းအား ဝိုင်း၍ ရိုက်နေကြသော နေရာသို့ ကိုဒေါင်းစိန် ရောက်ခဲ့လေပြီ။ ထိုနေရာမှ အင်းအင်စပက်တာမင်း၏ ဒလန် သို့မဟုတ် အင်းအင်စပက်တာမင်း၏ လက်ဝေခံ၊ တစ်နည်း အင်းအင်စပက်တာမင်း၏ ဘက်တော်သား ဖြစ်သော ငါးစိမ်းသည်မကြီး မမယ်ရင်၏ အိမ်နှင့် မနီးမဝေး နေရာတွင် ဖြစ်သည်။

အမှန်မှာ အင်းအင်စပက်တာမင်း၏ လှေဝင်အလာတွင် ကွန်လှေ နှစ်စင်းမှ လူများက "ဓားပြဟေ့ ... ဓားပြ" ဟု အော်ဟစ်ပြီး ဝိုင်းလိုက်ကြရာ အင်းအင်စပက်တာမင်းမှာ ရွာသားများ၏ အကြံကို သိရှိ ရိပ်မိ၍၊ သူ၏ ညာလက်ရုံးပမာ အားကိုးအားထား ပြုရသည့် ငါးစိမ်းသည်မကြီး မမယ်ရင်၏ အိမ်ရှိရာ ကမ်းဆိပ်သို့ လှေကို ဆိုက်ကပ် နိုင်းပြီး တက်အပြေးတွင်၊ ကမ်းစပ်၌ အသင့်စောင့်နေကြသော လူစုက ဝိုင်းရိုက်ကြခြင်း ဖြစ်၏။

အင်းအင်စပက်တာမင်းသည် မြေကြီးပေါ်တွင် မှောက်ခုံကြီး လဲနေသည်။ သေနတ်မှာ သူ့ရှေ့ လက်တစ်လှမ်း ကွာလောက်ဆီရှိ မြေကြီး ပေါ်တွင် ကျရောက်နေသည်။ အင်းအင်စပက်တာမင်းသည် သေနတ်ကို လှမ်းယူရန် အကြံနှင့် သွား၍ ထလိုက်၏။ သို့သော် လူစုထဲမှ တစ်ယောက်က ကောက်ရိုက်လိုက်သဖြင့် ပြန်၍ လဲကျသွားပြန်၏။ ပြန်၍ လဲကျရာတွင် မှောက်ခုံမှ ပက်လက်ဖြစ်သွား၏။

ကိုဒေါင်းစိန်သည် လရောင်ဖြင့် ထိုအခြင်းအရာကို အတိုင်းသား မြင်နေရပါ၏။

ပက်လက်လန်၍ ရှုံ့မဲ့ပြီး တွန့်လိမ်နေသော အင်းအင်စပက်တာမင်းအား စိုက်ကြည့်နေရင်းမှ သူ့နားထဲတွင် "ရိုက်လိုက်လေ ... ရိုက်လိုက်ပါတော့လားကွ" ဟု အားပေး တိုက်တွန်းသံကို ကြားနေရသလို ထင်မိ၏။ သူ့နှလုံးသားမှာ အလွန်လျင်မြန်စွာ ခုန်လာ၏။ သူ့မျက်စိထဲတွင် မိုက်ခနဲ ဖြစ်သွား၏။ သူသည်

အံကြိတ် လိုက်ကာ ကျည်ပွေ့ကြီးကို ကိုင်မြှောက်ပြီးနောက် အင်းအင်စပက်တာ၏ မျက်နှာပေါ်သို့ အရှိန်ပြင်းစွာ ရိုက်ချ လိုက်၏။ ထိုရိုက်ချလိုက်သော ကျည်ပွေ့သည် အင်းအင်စပက်တာ၏ နာခေါင်းနှင့် ကန့်လန့်ဖြတ် တွေ့ဆုံသွား၏။ အင်းအင်စပက်တာမင်း၏ နာနရိုးသည် မုချမသွေ ကျိုးသွားပေလိမ့်မည်။

ကိုဒေါင်းစိန်သည် စိတ်သဘောထား အဘယ်မျှလောက် ပျော့ညံ့သည် ဆိုသည်ကို ရှုလော့။ တစ်ချက်သာ ရိုက်လိုက် ရသေးသည်။ သူ့ဒေါသမှာ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားလေပြီ။ ဒေါသ ပျောက်လွင့် သွားသည်နှင့် တစ်ပြိုင်နက် ကြောက်စိတ်က ဝင်ရောက်လာပြန်သည်။ သူသည် အလုပ်ဝတ္တရားကို ဆောင်ရွက်ရန် လာသည့် အစိုးရ အရာရှိ တစ်ဦးအား ခုခံရိုက်နက်သည့် ရာဇဝတ်မှုကို ကျူးလွန်ရာများ ကျနေမလား ဟူသော အတွေးကလည်း သူ့ကြောက်စိတ်ကို တိုးပွားလာစေပြန်သည်။ သူသည် နောက်သို့ ခုန်၍ ဆုတ်ခွာကာ ရပ်နေလိုက်၏။

သည်တော့မှ အင်းအင်စပက်တာအား ရန်ငြိုးကြီးစွာဖြင့် ဆက်လက် ရိုက်နက်နေကြသော သူ့ရဲဘက် များကို သတိပြု၍ ကြည့်ရှုမိ၏။ အင်းအင်စပက်တာသည် သူတို့အား နည်းအမျိုးမျိုးဖြင့် နှိပ်စက်ညှဉ်းပန်း ခဲ့ပုံတွေကို ပြန်၍ ထင်မြင်လာ၏။ ထိုအခါမှ ကြောက်စိတ်သည် လွင့်ပျယ် သွားပြန်၏။ သူသည် ဆက်လက်၍ မရိုက်တော့ သော်လည်း ရိုက်နက်မိခြင်း အတွက် နောင်တရနေမိသော ကြောက်စိတ်ကား ပျောက်သွားလေပြီ။ သူ့အပြု အမူမှာ တရားလမ်းမှန်ကျသော အပြုအမူပင် ဖြစ်သည်ဟု ယုံကြည် သွားကာ ရဲရင့် တည်ကြည်လာတော့၏။

အင်းအင်စပက်တာမင်းသည် ကာယသိဒ္ဓိပြီးသည် ဆိုသည်မှာ ဟုတ်ကောင်း ဟုတ်ပေလိမ့်မည်လား။ သည်မျှလောက် ဝိုင်း၍ ငါးဖယ်တေ တေနေသည့် တိုင်အောင် အသက်မထွက်နိုင်သေး။ နောက်ဆုံးတွင် သူသည် သေနတ်ကို လက်လှမ်းမိသွား၏။ သေနတ်ကို ကိုင်ဆွဲပြီး ဝေါက်ခနဲ ထရပ်လိုက်ပြီး ဝိုင်း၍

နောက်သို့ မလိုက်ရဲစေရန် သေနတ်ဖြင့် ချိန်ရွယ်ထားရင်း၊ ယိုင်တိုင်တိုင် ခြေလှမ်းဖြင့် မမယ်ရင်၏ အိမ်ရှိရာသို့ နောက်ပြန် သွားနေ၏။

မမယ်ရင်သည် သူ့ကျေးဇူးတော်အရှင် အင်းအင်စပက်တာမင်း သခင်ကို ဆီးကြိုတွဲခေါ်ကာ အိမ်ထဲသို့ သွင်းလိုက်၏။ ပြီးတော့ နောက်မှ ထက်ကြပ် လိုက်လာကြပြီး သူ့အိမ်ပေါ်သို့ တက်မည်တကဲကဲ လုပ်နေကြသော လူအုပ်ကြီး ကို အိမ်ဝမှ ဆီးတား ထားရင်းမှ "ပေ့ ... မင်းတို့ ငါ့အိမ်ပေါ်ကို မတက်ကြနဲ့နော်၊ ပိုင်နက် ကျူးလွန်မှု ဖြစ်သွားမယ်၊ ဘာမှတ်သလဲ" ဟု ဟောက်လိုက်၏။ ဤတွင်မှ လူအုပ်ကြီးမှာလည်း တန့်ရပ် သွားကြတော့၏။

အချို့က မမယ်ရင်အား ကိုယ့်ရွာသားများဘက်မှ မလိုက်ပါဘဲ ရန်သူ အားပေး လုပ်နေသည့်အတွက် ဆဲရေး ရေရွတ်ကြ၏။ အချို့ကလည်း အိမ်အောက်သို့ ဝင်ရောက်ကာ အင်းအင်စပက်တာမင်း ရပ်နေသော ကြမ်းကြားမှ နေ၍ အင်းအင်စပက်မင်း၏ ခြေဖဝါးကို ဓားဦးဖြင့် ထိုးဆွကြ၏။ အင်းအင်စပက် တာ မင်းသည် မမယ်ရင် သနပ်ခါးသွေးလူးသော ကျောက်ပြင်ကြီးပေါ် တက်ကာ ရပ်နေရရှာ၏။

နောက်ဆုံးတွင် အင်းအင်စပက်တာမင်းသည် သည်အတိုင်းသာနေလျှင် ရွာသားများသည် နည်းမျိုးစုံဖြင့် သူ့အား မသေ သေအောင် သတ်ကြတော့မည်ကို သိရှိ ရိပ်မိလာ၏။

သူ့ နောက်တော်ပါများ ကလည်း ဘယ်ရောက်ကုန်ကြလေပြီ မသိ။ သူ့ရှေ့တွင် သူ၏ ညာလက်ရုံး မမယ်ရင် ရှိသော်လည်း မိန်းမသားဖြစ်၍ အားမကိုးလောက်ပေ။ တစ်ခါမှ သည်မျှလောက် အားငယ်သောစိတ်မျိုး မပေါ် ပေါက်ဖူးပါ။ လူထု၏ ဒေါသမှာ ဘယ်မျှလောက် ကြောက်ဖွယ်ကောင်းသည်ကို ယခုမှ ကိုယ်တွေ့ ကြုံရ၏။ သူတို့ ဗျူရိုကရက် အရာရှိများကို အကာအကွယ် ပေးနေမြဲ ဖြစ်သည့် ဗျူရိုကရေစီစနစ် ဥပဒေများသည်ပင် ယခုအချိန်တွင် သူ့ကို

လာရောက် ကယ်တင်ခြင်း မပြုနိုင်ပါတကား။ လူထု၏ အဆုံးအဖြတ်၊ လူထု၏ စီရင်ချက်ကို နာခံရတော့မှာပါကလား။ တစ်ခါမျှ မဖြစ်ဖူးသော ကြောက်စိတ်သည် သူ့အား နိပ်စက်နေ၏။ သည်အတိုင်းသာ နေလျှင် တစ်နည်းနည်းဖြင့် ရွာသားများ လက်သို့ သူပြန် ရောက်ကာ အသက်ပျောက်ရ ပေလိမ့်မည်။ သူသည် သူ့အသက် ကို ကာကွယ်ရန်အတွက် သေနတ်ကို ပစ်ဖောက်ကာ လူအုပ်ကို ရှင်းပစ်ပြီး ညတွင်းချင်း မြို့အရောက် ပြန်ပြေးမှ ဖြစ်မည်။

သူသည် ရွာသားများကို ခြောက်လှန့်သော သဘောဖြင့် သေနတ်ကို လူရှင်းရာဘက် ဆီသို့ ချိန်ရွယ် ပစ်ဖောက်၏။ "ဒိုင်း" ဟူသော သေနတ်သံသည် မြည်ဟည်း ထွက်ပေါ်လာသည်။ ထိုပစ်လွှတ်လိုက်သော ကျည်ဆန်သည် လူရှင်း သော နေရာ တစ်နေရာမှ နေ၍ ထိုရိုက်ပွဲကို ရပ်ကြည့်နေသော တရုတ် တစ်ယောက်၏ ရင်ဝကို ဖောက်ထွင်း ဝင်ရောက်သွား၏။ သူသည် ရင်ဝကို လက်ဖြင့် အုပ်ကာ လဲကျသွား၏။ မမယ်ရင်၏ အိမ်ကို ဝိုင်းထားကြသော လူအုပ်ကြီးမှာလည်း တကွဲတပြားဖြင့် ပြေးလွှား ပျောက်ကွယ် သွားကြ၏။ သည်တော့မှ အင်းအင်စပက်တာ မင်းသည် မမယ်ရင် အိမ်ပေါ်မှ ဆင်းကာ ခနဖြူမြို့သို့ ညချင်း ပြန်ပြေးလေသတည်း။

ရွာကလေးကား အပ်ကျသံကိုပင် ကြားနိုင်လောက်အောင် တိတ်ဆိတ် ငြိမ်သက်သွား၏။ ထိုဆိတ်ငြိမ်ခြင်းကို ဖောက်ထွင်းကာ "အို ဟုန်ကျင်ရဲ့၊ သွား မကြည့်ပါနဲ့ဆိုတော့ ပြောမရဘူး မဟုတ်လား ဟင်၊ အခုတော့ ဆွမ်းခံသွားရင်း ငှက်သင့်ခဲ့ပြီး မဟုတ်လားကွယ့် ဟုန်ကျင်ရဲ့" ဟူသည့် ထိမှန် သေဆုံးသွားသော တရုတ်၏ ဇနီးသည် ဖြစ်သူ၏ အော်ဟစ် ငိုရှိုက်သံသည်သာ လွှင့်ပျံနေပါ သတည်း။

~~~~~~~~~~~~~
~~~~~~~~~~~~~

(၅)

ဤလက်နက်ကိုင် တိုက်ပွဲကြီး ပြီးဆုံးသည့်နောက် ဥပဒေတွင်းတိုက်ပွဲ (ဝါ) စစ်အေးတိုက်ပွဲကို ဆက်လက် ဆင်နွှဲ ကြရပြန်ပါသည်။ အင်း အင်စပက်တာ မင်းသည် သူတို့ကို အမြဲတစေ အကာအကွယ် ပေးနေသော ဗျူရိုကရေစီစနစ်၏ ဥပဒေများ အားကိုးဖြင့် သူသည် "အထက်က ပေးအပ်သော အလုပ်ဝတ္တရား များကို ဆောင်ရွက်နေစဉ် နှောင့်ယှက်တားဆီးခြင်း ပြုသော ထိုရွာကို သူပုန်ရွာအဖြစ် သတ်မှတ်ကာ မီးလောင်တိုက် သွင်းပစ်ရန်" တရားရုံးတော်သို့ ဦးတိုက်လျှောက်ထား၏၊ ရွာသားများဘက်မှလည်း "ညအချိန် မတော် ရွာဝင် လာပြီး ရွာကိုထိတ်လန့် ချောက်ချားအောင် လုပ်သွားရုံမျှမက ရပ်ရွာတွင် နေထိုင်သူ တရုတ်တစ်ယောက်ကိုလည်း ပစ်သတ်သွားပါသေးသည်" ဟု တုံ့ပြန် ချေဆို လျှောက်ထားကြ၏၊ ခံရသော တရုတ် အမျိုးသားဘက်မှလည်း မြို့နယ်အသီးသီးမှ တရုတ်အမျိုးသားများ စုပေါင်း၍ အင်း အင်စပက်တာမင်း အား အလုပ်ဖြုတ်ပြီး ကြိုးမိန့်ကျခံစေရန် ငွေကုန်ခံပြီး ကြိုးစားကြ၏။

သို့သော်လည်း နောက်ဆုံးတွင် တရားရုံးတော်မှ အင်းအင်စပတ်တာ မင်းအား ကွင်းလုံးကျွတ် လွှတ်ပစ် ရုံမျှမက "ဤရွာသားများသည် အစိုးရ အရာရှိတစ်ဦး အလုပ်ဝတ္တရား ဆောင်ရွက်သည်ကို နှောက်ယှက် တားဆီးရုံမျှ မက ခုခံရိုက်နက်ခြင်း ပြုသည့်အတွက ထိုရွာမှ ကူလီကပ်ပါး တစ်အိမ်ထောင် လျှင် ဒင်္ဂါးငွေ တစ်ဆယ်စီ ပေးဆောင်စေ၊ နောက်နောင်ကို ဤကဲ့သို့

နောက်ယုက်ဆီးတားခြင်း ပြုပါက ဤရွာကို သူပုန်ရွာ အဖြစ် သတ်မှတ်ကာ မီးရှို့ ဖျက်ဆီးပစ်ရလိမ့်မည် ဖြစ်ကြောင်း” ဟူသော စီရင်ချက်ကို ချမှတ် လိုက်ပေတော့သည်။

အခြားသော ကုလီကပ်ပါး အိမ်ထောင်များနည်းတူ ကိုဒေါင်းစိန်လည်း ဒဏ်ငွေတစ်ဆယ်ကို ပေးဆောင် လိုက်ရ ပါသည်။ သူသည် ထိုငွေ တစ်ဆယ်ကို နမြောသော်လည်း သူ့အိမ်မှ ကျည်ပွေ့နှင့် အင်း အင်စပတ်တာ၏ နာခေါင်းကို တစ်ချက်လောက် တော့လိုက်ရခြင်းက ငွေတစ်ဆယ်မက အဆပေါင်း ရာထောင်မျှ တန်းဖိုးရှိသည်ဟု ယူဆကာ ကျေနပ်နေ၏ အကယ်၍ တစ်ချက်ကို ငွေတစ်ဆယ် တန်ဖိုး ဖြတ်သည်ဟု ဆိုလျှင် သူသည် ငွေကုန်မည်ကို နမြောတွန့်တိုနေမည် မဟုတ်ဘဲ၊ ရသည့်နည်းနှင့် ငွေရှာကာ ငွေတစ်သောင်း ဒဏ်ငွေ ပေးဆောင်ပြီး အချက်ပေါင်း တစ်ရာလောက်တော့ ရိုက်လိုက်ချင် ပါသေးသည်။

မယ်စိန်အဖို့ ဆိုလျှင်လည်း အင်းအင်စပတ်တာမင်းအား “မသေသော် မရှုမလှ” ဖြစ်စေလိုသည့် သူမ၏ ဆန္ဒ ပြည့်ဝခဲ့ပြီးဖြစ်၍၊ ငွေတစ်ဆယ် ပေးဆောင်ရသည်မှာ နမြော မနေတော့ပါ။

ဤသို့ဖြင့် “နာခေါင်းနှင့် ကျည်ပွေ့” ဇာတ်တော်ကြီးကို နိဂုံးချုပ်ကာ အဆုံးသတ်ရန် အခန်း (၁) ကို ပြန်၍ ရေးဖို့ လိုပေလိမ့်မည်။ သို့မှသာ အစနှင့် အဆုံးတို့သည် ရေကို ခြားသော်လည်း အကြား မထင်သလို ဆက်စပ် နေပေမည်။

“နာခေါင်းကျည်ပွေ့ တွေ့သည်” ဟူသော ဆိုရိုးစကား ရှိ၏။ “တယ်...... ဒီကောင် နာခေါင်းကျည်ပွေ့ တွေ့သွား ရော့မယ်” ဟူသော ကြိမ်းသံကိုလည်း ကြားဖူးကြပေလိမ့်မည်။ သို့သော် ကိုဒေါင်းစိန်အဖို့မှာ ထိုစကားသည် “ဆိုရိုးစကား” နှင့် “ပြောသံကြား” မဟုတ်ဘဲ ကိုယ်တွေ့ ကြုံဖူးသော ဖြစ်စဉ်ပင် ဖြစ်သည်။ မှန်ပေသည်တကား။ ကိုဒေါင်းစိန်တို့အိမ်မှ ငါးပိထောင်းသော

ကျည်ပွေ့သည် တစ်ကြိမ်သော အခါက အင်းအင်စပက်တာမင်း၏ နာခေါင်းနှင့် တကယ်ပင် တွေ့ဆုံဖူးခဲ့သည်မှာ ကိုဒေါင်းစိန်၏ မျက်မြင် ကိုယ်တွေ့ပင် ဖြစ်ပါသည်။

ကျည်ပွေ့ကို ပြုလုပ်ရာတွင် မန်ကျည်းသား၊ မဏိသြဃသားတို့လို မာကျောကျစ်လျစ်သော အသားကို ရွေးချယ် ပြုလုပ်ရ၏ သို့သော် ကိုဒေါင်းစိန်၏ ကျည်ပွေ့ကား ထိုအသားများထက် ပို၍ ထက်မြက်သော ရင်းတိုက် အနှစ်သားကို ပြုလုပ်ထားသော ကျည့်ပွေ့ ဖြစ်ရာ ပို၍ ကျစ်လျစ်၏ ပို၍ မာကျော၏။ ပို၍ လေးလေး ပင်ပင် ရှိ၏ တစ်ရွာလုံးတွင် လက်အမြောက်ဆုံးသော နာမည်ကျော် ဗိသုကာ လက်သမား ဆရာကြီး ဦးအောင်ဒွန်း ကိုယ်တိုင် စိတ်တိုင်းကျ ထုလုပ်ပေးလိုက်သော ကျည့်ပွေ့လည်း ဖြစ်၏။

ထိုကျည်ပွေ့နှင့် အင်းအင်စပက်တာမင်း၏ နာခေါင်းတို့သည် ကိုဒေါင်းစိန်၏ ကောင်းမှုကြောင့် တစ်ကြိမ်သော အခါက တကယ်ပင် တွေ့ဆုံဖူးခဲ့ကြပေသည်။

အတိတ်ကို ဆောင်ပြီး ပေပြီ။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

# လင်းလုပါပြီ

(၁)

မိုးကာ တစိမ့်စိမ့်နှင့် မစဲအောင်ရွာသွန်းနေ၏။

ခနေဖြူမြို့ ခင်မကန်ကျောင်း ပရိဝုဏ်အတွင်းရှိ ကျောင်းတိုက် တစ်တိုက်၏ နံဘေးအုတ်ခုံ သံမံတလင်း ပေါ်တွင် ခင်ထားသော ဂုန်နီထက်၌ ထိုင်ရင်းကိုသံချောင်းသည် ဘယ်အချိန်ရှိပြီကို သိချင်နေ၏။ မိုးစိမ့်စိမ့်မို့ အေးရသည့်အထဲတွင် သံမံတလင်း၏ အထိအတွေ့မှာလည်း မခံရပ်နိုင်အောင် အေးလှပါ၏။ ကျောင်းတိုက်၏ နံဘေး၌ ဖြစ်သော်လည်း ကျောင်းမှာ လေးဖက်ပတ်လည်ချထား၍ အပေါ်မှ သွပ်မိုးနှင့် ဖြစ်သဖြင့် မိုးယိုခြင်း၊ ပက်ခြင်းတော့ မရှိပါ။ သို့သော်အမြဲတမ်း အေးစိမ့်နေသော သံမံတလင်းပေါ်၌ အစဉ်သဖြင့် နေထိုင်အိပ်စက်ရခြင်းကတော့ ကျန်းမာရေးကို ပျက်ပြားစေသည်ဖြစ်၍ မသင့်လျော်လှပါ။

မသင့်လျော်လို့ကော ဘာတတ်နိုင်မှာတဲ့လဲ။ သူ့လိုတောမှာ အိုးအိမ်စည်းစိမ်ကို စွန့်ပစ်ခဲ့ရပြီး မြို့ကို လက်လွတ် ထွက်ပြေးလာခဲ့ရတဲ့ ဒုက္ခသည်တစ်ဦးအဖို့ သည်လိုနေရာမျိုးမှာနေရသည်ပင် ကံကောင်း ထောက်မ လို့ဟုဆိုရပေမည် မဟုတ်လား.....။

ဦးပဉ္စင်းတစ်ပါးသည ကျောင်းတံခါးဝမှ ပြူထွက်လာ၏။ သူက ဦးပဉ္စင်းအား "ဘယ်နနာရီ ထိုးပြီလဲ ဘုရား" ဟု လှမ်းမေး လိုက်ရာ၊ ဦးပဉ္စင်းသည်

ကျောင်းထဲသို့က အတန်ကြာအောင် လှည့်ပြီးနောက် "၅နာရီထိုးပြီ" ဟုဖြေကြားလိုက်၏။

၅နာရီထိုးပြီတဲ့။ သူ့ရင်တွင်း၌ ပဲ့တင်သံက ဟိန်းနေ၏။ ၅နာရီထိုးပြီ၊ ၅နာရီထိုးပြီ။ ဟိန်းနေသော ပဲ့တင်သံ၏ နောက်ဆက်တွဲ ကတော့ တဒိတ်ဒိတ် ခုန်နေသော ရင်ခုန်သံ။ အမှန်ကတော့ ကျောင်းတက်ချိန် နောက်ကျ နေသဖြင့် ဆရာ၏ အရိုက်အနက် ခံရမည်ကို တွေး၍ စိုးရွံ့နေသော ကျောင်းသားကလေး၏ ရန်ခုန်သံမျိုး....။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၂)

"ထမင်းက ခုထိ မနပ်သေးဘူးလားဟ...."

သူသည် ထမင်းချက်နေသော ဇနီးသည်အား အသံမာမာနှင့် လှမ်းမေးလိုက်၏။ ၅နာရီထိုးပြီး ဖြစ်ပါလျက် ကင်းစခန်းသို့ မသွားနိုင်သေးခြင်းမှာ ထမင်းမစားရသေး၍ ဖြစ်ရာ၊ ထမင်းချက် နောက်ကျသော ဇနီးသည်အား အလိုလိုစိတ်တိုနေမိ၏။ သို့သော်ဘာကြောင့် ထမင်းချက် နောက်ကျရသည် ဆိုတာကို သိပြီးဖြစ်နေ သဖြင့် ဆက်လက်၍ စိတ်မဆိုးသာဘဲ ဖြစ်ရပြန်၏။ ချက်စရာ ဆန်မရှိသဖြင့် တစ်ညလုံး သူ့ဇနီးသည် ယော်ယက်ခတ် ပြေးလွှားကာ ဆန်ရရှိရေးကို လုံးပန်းပါ၏။ သို့သော် ဘယ်ကမှ မရရှိခဲ့။ ညနေလေးနာရီတွင် ကင်းခေါင်းက သူ့အားကင်းငှားစောင့်ခ ငွေတစ်ကျပ်ကို ပေးသွား၏။ သဘောမှာ မြို့ထဲရှိ ချောင်လည်သော အိမ်သို့ ကင်းလှည့်ကျရာ၊ ထိုသူများက မစောင့်လိုသဖြင့် ဆယ်အိမ်မှူးအား ငွေတစ်ကျပ်ပေး၍ လူငှားစေရာ ဆယ်အိမ်မှူးကမှ တစ်ဖန် သူ့အားအသပြာ တစ်ကျပ် ပေး၍ အငှားစောင့်ခိုင်းခြင်း ဖြစ်သည်။

သည်တစ်ကျပ်ဖြင့် ဆန်ကွဲနှစ်ပြည် ဝယ်၍ ယနေ့ညစာအတွက် ဆန်ကွဲလေးလုံး ချက်ရသည်။ ဆန်နှင့် သူတို့ ခွဲခွာရေး လုပ်ထားသည်မှာ ကြာပြီ။ ဆန်ဈေးမှာ ငစိန်ဆန် တစ်ပြည်လျှင် ရှစ်ပဲဖြစ်နေ၍၊ ဆန်ကွဲမှာမူ ငါးပဲ ဖြစ်သဖြင့် "မတတ်သာ ခပ်ခွာခွာ နေကြဦးစို့ရဲ့၊ မုန်းလို့ဟုတ်ဘူး" ဆိုသကဲ့သို့ ဆန်ကို ခွဲခွာရေးလုပ်ကာ ဆန်ကွဲကို မိတ်ဖွဲ့ရရှာခြင်း ဖြစ်သည်။ အလျှင်တုန်းကတော့

သူတို့မွေးမြူထားသော ဝက်များကို ကျိုချက်၍ ကျွေးသည့် ဝတ်စာအဖြစ်သာ သည်ဆန်ကွဲကို သူတို့ အသုံးပြုကြသည်။ အခုတော့ သူတို့ကိုယ်တိုင် စားနေ ရပြီ။ ဒါတောင်မှ တစ်ခါတစ်ရံ အလျှဉ်မမီနိုင်။

ဒါကြောင့် သူ့ဇနီး ထမင်းချက် နောက်ကျသည်ကို သူမှာ စိတ်မဆိုး သာအောင် ဖြစ်ရသည်။ ငွေတစ်ကျပ်ကို ညနေ လေးနာရီထိုးမှ ရရှိသည်ဖြစ်ရာ သူ့ဇနီးသည် သူကင်းစောင့်အချိန်မီ သွားနိုင်ရန်အတွက် ဆန်ကွဲကို အမြန်ပင် ပြေးဝယ်၍ အမြန်ပင် ချက်ပါ၏။ သို့သော် ထင်းမှစ၍ အစစအရာရာ အဆင်သင့် ရှိသူများ မဟုတ်သဖြင့် မြန်သင့်သလောက် မမြန်နိုင်ဘဲ၊ ယခုညနေ၅နာရီ ထိုးသည်တိုင် ထမင်းမနပ်နိုင်သည်။

အတော်လေး ကြာသောအခါ သူ့ဇနီးသည် မီးလောင် သံပန်ကန်ပြား တစ်ချပ်ထဲတွင် ဆန်ကွဲထမင်းကို ခူးထည့်၍ တစ်ပဲဖိုးဝယ်လျှင် တစ်ပြုံတစ်ခေါင်း ကြီး ရသော ပဲနီလေးပြုတ်ကို အပေါ်မှအုပ်ကာ ဆား အနည်းငယ် ဖြူးပြီး သူ့ရှေ့သို့ လာချပေး၏။ သူသည်ဆန်ကွဲထမင်းနှင့် ပဲနီလေးပြုတ်၊ ဆားတို့ကို သမ သွားအောင် နယ်ဖတ်၍ ပလုပ်ပလောင်း စားလေသည်။

ကိုသံချောင်းကား ခနေဖြူမြို့မှ ၅မိုင်ခန့်ဝေးသော အကြောရွာမှ လယ်သမားကြီး တစ်ဦးဖြစ်သည်။ ဖဆလအစိုးရ လက်ထက်တွင် လည်းကောင်း၊ ကေအင်ဒီအို ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစု လက်ထက်တွင် လည်းကောင်း၊ ကေအင်ဒီအို လက်ထက်တွင် လည်းကောင်း လယ်ကို မပျက်မကွက် ဆက်လက်လုပ်ခဲ့သူ ဖြစ်သည်။

နတ်တော်လ စပါးရိတ်သိမ်းစ အပြုတွင် အစိုးရတပ်ပေါင်းစုံက ခနေဖြူမြို့ရှိ ကေအင်ဒီအိုများအား တိုက်ထုတ်လိုက်ရာ အေအင်ဒီအိုများသည် ခနေဖြူ ဟင်္သာတ ကားလမ်းတစ်လျှောက် အကြော်ရွာသို့ ဆုတ်ခွာခဲ့ပြီး ကြွက်မနိုင်ကျီ မီးနဲ့ရှို့တော့၏။ အကြော်ရွာ မီးဟုန်းဟုန်းတောက်နေစဉ် သူတို့

အသက်လောက် မြတ်နိုးသော လယ်ကွင်းနှင့် ရိတ်သိမ်းဆဲ ကောက်လှိုင်းများအား စွန့်ပစ်ခဲ့ရ၍၊ အဝတ်တစ်တည် ကိုယ်တစ်ခုဖြင့် ခနေမြို့သို့ လက်လွတ် တက်ပြေးခဲ့ရ၏။

မြို့သို့ရောက်သည့်နေ့မှစ၍ စပါးကူလီဘဝဖြစ် တစ်မျိုး၊ ရေထမ်းသမား ဘဝဖြင့် တစ်ဖုံ၊ စစ်တပ်မှ ခွင့်ပြု ထားသော သစ်ပင်များကို လှဲကာပေါက်ခြမ်း လုပ်ရောင်း၍ တစ်နည်းဖြင့် လင်မယားနှစ်ယောက် အသက်နှင့် ရင်သွေးကလေး သုံးဦး၏ အသက်ဆက်ခဲ့ပြန်သည်။ နွေဦးအရောက်တွင် ရင်သွေးနှစ်ဦးမှာ ကျောက်ရောဂါဖြင့် အသက်ပါသွား၍ တစ်ဦးက ဘာရောဂါဟု သူတို့အမည်မတပ် နိုင်သော ရောဂါဖြင့်သေခဲ့ပြန်သည်။ သူတို့ကား မငို၊ ငိုရန်လည်း သူတို့၌ မျက်ရည် မရှိပါ။ ဟုတ်သည် သူတို့၌ငိုရလွန်း၍ မျက်ရည်များ ခန်းခြောက် နေပါပြီ။

သည်လိုနှင့် မိုးတွင်းသို့ ရောက်လာပြန်ပြီ။ စပါးအဝယ်မှာ စောစောက ရပ်ဆိုင်းလိုက်ပြီး ဖြစ်၍ စပါးကူလီလည်း မထမ်းရတော့။ ရေထမ်းသမား ပေါ်များလှ၍ တစ်ကြောင်း၊ မိုးတွင်းဖြစ်၍ မိုးရေကို ခံယူ အသုံးပြုကြ သောကြောင့် တစ်ကြောင်း ရေလည်း မထမ်းရတော့။ ကေအင်ဒီအိုများက အားပြန်စု၍ မြို့ပြင်မှ တဒိုင်းဒိုင်းနှင့် ချောင်းမြောင်း ပစ်ခတ်မှုကြောင့် တစ်ကြောင်း၊ မိုးတွင်းရောလာ၍ တစ်ကြောင်း သစ်ပင်ကိုလှဲကာ ပေါက်ခြမ်းလည်း မလုပ်နိုင်တော့။ ဤသည်မှစ၍ သူတို့၏ တကယ့်ဒုက္ခကား စပေတော့သည်။

တစ်နေ့ လုပ်ခသည်ပင် တစ်နေ့အဖို့ အလျင်မမီသော သူတို့ကား ငုတ်တုတ် ထိုင်နေရသည့် အခါ၌ ငတ်ကြတော့၏။ ငတ်သည်ဆိုသော ဝေါဟာရမှာ ကြားရသူတို့အဖို့ သိမ်မလေးနက်သော်လည်း တကယ်ငတ်နေသူ အဖို့မှာကား အခံရခက်စရာ ကောင်းလှ၏။ သူတို့လယ်သမားတွေရဲ့ လုပ်အားကြောင့် ဖြစ်ထွန်းလာတဲ့ စပါးတွေကတော့ တောင်ပုံရာပုံပဲ ရှိပါသည်။ တက်ဈေးကိုမျှော်ပြီး သိုလှောင်ထားရာ စပါးကျီများထဲ၌လည်း မြင်နိုင်ပါသည်။

အစိုးရဂိုဒေါင်များ၌လည်း တွေ့နိုင်သည်။ နိုင်ငံခြားတင် သင်္ဘောများ၌ အမြောက်အမြား။

ဒါပေမဲ့ သူတို့လယ်သမားတွေတော့ ငတ်နေပြီ။

ဒါကြောင့် ဖြစ်သလို ငွေကိုရှာရသည်။ လူတစ်ယောက်ဖြစ်နဲ့ လူ့အခွင့်အရေးကို ရအောင်တိုက်ဖို့ သူ အသက်ရှင် နေရဦးမည်။ သည်လို တိုက်ရင်းနဲ့ သေရတာက သေရကျိုးနပ်သည်။ ဒါကြောင့်သူက တစ်ညလျှင် တစ်ကျပ်သော အသပြာငွေနှင့် ကင်းအငှားစောင့်ကာ သူတို့၏ အငတ်ပြဿနာကို ဖြေရှင်းရင်း သူက နည်း၍ ကင်းငှားလိုက်မည့် ဒုက္ခသည်က များလွန်းလှသဖြင့် ညစဉ်ညတိုင်း မစောင့်ရသောကြောင့် ဆန်ကွဲ ထမင်းကိုပင် နပ်ကျော်သည်က များပါ၏။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၃)

မိုးကားတဖွဲဖွဲရွာဆဲ.....။ ကိုသံချောင်းသည် ထမင်းစားပြီးပြီဖြစ်၍ လုံချည်ဟောင်း တစ်ထည်ကို ခေါင်းဆောင်းကာ မိုးရွာထဲမှာပင် ကင်းခေါင်း အိမ်သို့ ထွက်လာခဲ့၏။ သတ်မှတ်ထားသော အချိန်မှာ ကျော်လွန် နေပြီဖြစ်၍ သူဒဏ်ခံရမည်မှာ သေချာသလောက် ဖြစ်နေသဖြင့် သူ့ရင်တွင်း၌ ဖိုနေ၏။ ကင်းခေါင်း အိမ်သို့ရောက်သောအခါ ကင်းခေါင်းက သူ့ကိုဆီး၍ အပြစ်ဆို၏။

"ခင်ဗျားခုမှပဲ ပေါ်လာတော့တယ်၊ ကျုပ်တော့ မစောင့်နိုင်လို့ တခြား ကင်းဗှားတွေကို တာဝန်ကျ စစ်သားဆီ သွားအပ်လိုက်ပြီ။ အဲဒါခင်ဗျား ကားဆိပ်ကို လိုက်သွားပေတော့"

အမိပ္ပာယ် ကတော့ ရှင်းနေပါပြီ။ ကင်းခေါင်းသည် သူတာဝန် ထားရသော ကင်းဗှားများကို ကားဆိပ်ရှိ တာဝန်ကျ စစ်သားထံသို့ စာရင်းတကွ သွားအပ်ရသည်။ ခုသူမရောက်ခင် ကင်းခေါင်းသည် ရောက်ရှိပြီး ကင်းဗှားများကို သာသွားအပ်၍ သူ့တော့မရောက် သေးကြောင်း စစ်သားအားတိုင်ကြားခဲ့လိမ့်မည်။ သူသွား၍ သူ့အား ဘယ်လို ဒဏ်ပေးမည်ကို သူနားလည်ထားပါပြီ။ ဒါပေမဲ့ မသွားလို့တော့ မဖြစ်။ သွားရပေမည်။

"ခင်ဗျားဘာဖြစ်လို့ နောက်ကျနေသလဲ" တာဝန်ကျ စစ်သားကလေးက သူ့အား ခပ်ထန်ထန်မေး၏။ သူသည် ညှိုးငယ်သော မျက်နှာနှင့် စစ်သား ကလေးအား မော်ကြည့်လိုက်ကာ "ထမင်းစားနောက်ကျနေလို့ပါ ဗိုလ်ကြီး ရယ်"

"ဘာဖြစ်လို့ ထမင်းစားနောက်ကျသလဲ၊ ၅နာရီထိုး အရောက်ရမယ် ဆိုတာ အသိသားနဲ့ ဘာဖြစ်လို့ အချိန်မီ ထမင်း မစားသလဲ"

စစ်သားကလေးက အချက်ပိုင်ပိုင်နှင့် မေးနေ၏။ သူမှာလည်း လုံလောက်သော အဖြေသည် ရှိပါသည်။ ဒါပေမဲ့ စစ်သားကလေး နားလည်အောင်တော့ သူစီကာ စဉ်ကာနှင့် ဖြေနိုင်စွမ်းရှိမည် မထင်။ တကယ် ဆိုတော့ စစ်သားကလေးသည် အသက်အရွယ် ငယ်ပါသေးသည်။ စစ်တိုက်ရင်း ကြီးပြင်း လာခဲ့ရသူ ဖြစ်ခြင်းကြောင့် စစ်တိုက်ရာ၌ စိတ်ဝင်စားနေသဖြင့် သူတို့၏ အခက်အခဲများကိုတော့ နားလည်မည် မဟုတ်ရာ။ ဒါကြောင့် သူအချိန်မီ ထမင်းမစားနိုင်ခြင်း အကြောင်းရင်းကို ဖော်ထုတ်ရှင်းလင်း၍လည်း စစ်သား ကလေးက ယုံချင်မှ ယုံမည်။ စစ်သားကလေး ယုံလောက်အောင်လည်း သူက စီကာပတ်ကုံး မပြောတတ်။ သူသည် စစ်သားကလေး ကိုသာပဲ ငေးကြည့် နေသည်။

"ပြောလေ.... ဘာကြောင့်အချိန်မီ ထမင်းမစားသလဲ"

စစ်သားကလေးက အဖြေကို မရရှိသေးသဖြင့် နောက်တစ်ကြိမ်ထပ်၍ မေးပြန်၏။ သို့သော် သူ့အဖြေကား နတ္ထိ။ သူသည် ညိုးငယ်စွာပင် ခေါင်းငုံ့ နေလိုက်ပါ၏။ သဘောမှာ ပေးသမျှ အပြစ်ဒဏ်ကို ခံယူပါတော့မည် ဟူသော အထိမ်းအမှတ်ကို ပြလိုက်ခြင်းပင်။

"ကဲ...ခက်ဖျားကို နောက်ကျတဲ့ အတွက် ဒဏ်ပေးရမယ်။ အခုအဲဒီက နေပြီးဟိုဘက် ဖြတ်လမ်းအရောက် ပြေးရမယ်၊ ရောက်လို့ ရှိရင် ချက်ချက် ပြန်လှည့်ပြီး ပြန်ပြေးခဲ့ရမယ် ကြားလား။ ကိုင်း.... ပြေးပေတော့"

စစ်သား ကလေးက သူ့အားအမိန့်ချမှတ် လိုက်လေပြီ။

သူသည် တစ်ဖက်ဖြတ်လမ်းသို့ အရောက်ဒုန်းချ၍ ပြေးနေစဉ် မြို့သူမြို့သား များကား ဝိုင်းကြည့်ကာ ရယ်မောနေ၏။ သည်လိုမြို့သူမြို့သား တွေရဲ့အကြည့်နဲ့ အပြုံးကို ခံယူလိုက်ရလို့ ရှက်သွားမိပေမဲ့ စစ်သားကလေးရဲ့ အမိန့်ကိုတော့ သွေဖယ်ခြင်းမပြုဘဲ ဆုံးခန်းရောက်အောင် ရိုသေစွာပဲ နာယူရှာပါသည်။ တစ်ဖက် ဖြတ်လမ်းမှ တစ်ဖန်ကားဆိပ်သို့ ပြန်လှည့် ပြေးခဲ့၍ စစ်သားကလေး ရှေ့သို့ အရောက်တွင် တိခနဲ ရပ်လိုက်ကာ သူ့ရင်မှာမူ နိမ့်ချည်မြင့်ချည်ဖြင့် လှိုင်းထနေ၏။ ဒါကို စစ်သားကလေးက ကရုဏာမကင်းသော မျက်လုံး အစုံဖြင့် ကြည့်ရှုရင်း..

"နောက်ဆိုရင် အချိန်ကို လေးစားပါဗျာ၊ ကျွန်တော်တို့ကလည်း နောက်ကို အချိန်လေးစားပါ စေတော့လို့ ဒီလိုသာ ဒဏ်ပေးလိုက်ရတယ်၊ စိတ်ထဲကတော့ မကောင်းပါဘူးဗျာ"

စစ်သား ကလေးက လှိုက်လှိုက်လှဲလှဲ ပြောဆိုလိုက်၏။ မိုးဦးညမို့ ပတ်ဝန်းကျင်သည် မှောင်လို့သာ မည်းနေ လေသည်။

တစ်ဖွဲဖွဲမိုးကလေးတော့ဖြင့် စဲပဲ မစဲနိုင်သေး။ ကင်းတဲပေါ်မှ သက်ငယ် အမိုးပေါ်သို့ မိုးပေါက်များ တဖြောက်ဖြောက် ကျနေသံမှာ နားထောင်၍ ကောင်းသလိုလို။

ကိုသံချောင်းသည် မှောင်မည်းမည်း လဟာပြင်ကို စူးစိုက်ကြည့်ရင်း သူ့မွေးရပ်မြေ အကြော်ရွာနှင့် သူ လုပ်သော လယ်ကလေးကို လွမ်းဆွတ်လိုက်၏။ သူတို့ကင်းစောင့်သည့် နေရာနှင့် အကြော်ရွာမှာ လေးမိုင် သာသာခန့်သာ ဝေး၍ သူလုပ်သော လယ်ကွင်းကလေးနှင့်မူ လေးမိုင်ပင် မဝေးချေ။ သည်လို နီးနီးကလေး ဖြစ်ပါသော်လည်း သူသွားရောက်ခြင်း မပြုနိုင်ဘဲ နီးလျက်နှင့် ဝေးနေရခြင်းကား အသည်းနာဖို့ ကောင်းလှသည်။ ခါတိုင်းနှစ် သည်အချိန်ဆိုလျှင်

သူလယ်ထွန်ပြီ၊ ပျိုးကြဲပြီး ဖြစ်နေရုံမျှမက ပျိုးနုတ်၍ပင် ပြီးစီးနေကာ ကောက်စိုက်ရန်ပင် ပြင်ဆင်တော့မည်။

သူ့မျက်စိထဲ၌ စိမ်းလန်းသော စပါးပင်ကလေးများဖြင့် ပြည့်နေသည့် ပျိုးခင်းများသည် လည်းကောင်း၊ သူရိတ်သိမ်းဆဲ စွန့်ပစ်ထားခဲ့ရသော ရွှေဝါရောင်ပြေးနေသည့် ကောက်လှိုင်းများသည် လည်းကောင်း တရစ်ဝဲဝဲ ပေါ်နေ၏။ လှိုင်းများနှင့် သူလယ်ကွင်းကလေးကို ပို၍ပင် လွမ်းဆွတ်တမ်းတမိပါ၏။

ပြီးတော့သူနှင့် လုပ်ဖော်ကိုင်ဖက် ဆင်းရဲဖော် ဆင်းရဲဖက်ဖြစ်သည့် ခြံပေါက်နွားကြီး နှစ်ကောင်ကိုလည်း မနေနိုင် မထိုင်နိုင် ဖြစ်အောင်ပင် သတိရမိ၏။ တစ်ကောင်မှာ ဦးချိုက ကုပ်နေသောကြောင့် "ချိုကုပ်" ဟုအမည်ပေးထား၍၊ တစ်ကောင်မှာမူ နဖူး၌ ကြာကလေးပါသောကြောင့် "ကြာကွက်" ဟု အမည်ပေး ထား၏။ သူဓနုဖြူသို့ လက်လွှတ်တက်ပြေးခဲ့ရစဉ်က သူ့နွား နှစ်ကောင်ကို ကေအင်ဒီအိုများ ဆွဲသွားသည်ကို မြင်ခဲ့ပါ၏။ ခုလောက်ဆိုရင် မိုက်ရိုင်းသော ကေအင်ဒီအိုများသည ရိက္ခာအတွက်ဟု ဆိုကာ သတ်စားပြီး ဖြစ်နေ တော့မည်။ "ချိုကုပ်" နဲ့ "ကြာကွက်" တို့ရေ၊ အမျှ၊ အမျှ၊ အမျှကွယ်၊ ကောင်းရာသုဂတိ လားအောင် သာခုခေါ် လိုက်ကြပေတော့ သားကြီးတို့ရဲ့။ သူသည် မျက်ရည်ကလေးများပင် လည်လာမိ၏။ ကျောက်ပေါက်၍ သေဆုံးသွားသော ရင်သွေး ကလေးများ ထက်ပင် သူနှင့် လုပ်ဖော်ကိုင်ဖက် ဆင်းရဲဖော်ဆင်းရဲဖက် ဖြစ်သည့်နွားကြီးနှစ်ကောင်ကို သူကပို၍ ခင်တွယ်၏။ ပို၍သတိရ၏။

~~~~~~~~~~~~
~~~~~~~~~~~~

(၄)

တဖွဲဖွဲရွာနေကော မိုးကား စဲသွားလေပြီ။ မိုးစဲသွားသည်နှင့်အမျှ ခြင်များကလည်း ပိုကိုက်လာ၏။ ခြင်မှာလည်း ခြင်ရိုင်းကြီးတွေဖြစ်၍ အတင်းနား၊ အတင်းကိုက်သောကြောင့် သူတို့မှာ တဖျတ်ဖျတ် ရိုက်နေရ၏။ ပို၍ ဆိုးသည်ကား နားအနီး၌ တဝီဝီ လာအော်ခြင်းဖြစ်သည်။ သူ့ဘေးနားမှ စစ်သား ကလေးက ခြင်ကိုက်လွန်း၍ ဒေါသထွက်လာသည့်ပုံဖြင့် တောက်တစ်ချက် ခေါက်လိုက်ကာ "ငါရိုးမ ခြင်တွေ"ဟု ဆဲလိုက်၏။

တစ်ချိန်တည်းပင် တုံ တုံ တုံ ဟူသော တုံးခေါက်သံကလေးကို ကြားလိုက်ရ၍ ကိုသံချောင်းသည် အသံလာရာဆီသို့ သူ့မျက်လုံးကို လွှတ်လိုက်၏။ သူတို့ကင်းတဲနှင့် နစ်ဖာလုံခန့်ဝေးသော ဝါးတန်းရှိ ကေအင်ဒီအိုကင်းမှ ခေါက်လိုက်သော တုံးခေါက်သံဖြစ်ကြောင်း အလိုလို သိလာ၏။ မီးရောင်မှာ တစ်နေရာ တည်း၌ ရပ်မနေဘဲ ရွေ့လျားနေ၏။ ဒါကို ထောက်၍ ကေအင်ဒီအိုများသည် စားဖားများကို မီးအုပ်နှင့် လိုက်ရိုက်နေကြောင်း ထင်ရှားသည်။

"ခွေးမသားတွေ … ဖားလိုက်ရိုက်နေတယ် ထင်ပါရဲ့၊ သေနတ်နဲ့ ထိုးပစ်လိုက်ရ ကားခနဲ ကျသွားတော့မယ်"

သူ့ဘေးနားမှ စစ်သားကလေးက သံချောင်းအား ပြောသလိုလိုနှင့် သူ့တစ်ကိုယ်တည်း ပြောဆိုလိုက်၏။ သေနတ် တစ်ကမ်း မီလောက်သောလည်း

ဒီအမြင်မျိုးမှာ ရိုးနေပြီဖြစ်သောကြောင့် ရွှေ့လျားနေသော မီးရောင် ကလေးကို စူးစိုက်ကြည့်ရင်း ကရင်အမျိုးသားများ အကြောင်းကို စဉ်းစားနေ၏။

ကရင်အမျိုးသားများ ဆိုရာ၌ သူတို့၏ ရွာနီးချုပ်စပ်မှ ကရင်အမျိုးသား ကိုသာ ဆိုလိုရင်း ဖြစ်ပါသည်။ သူတို့သည် ရိုးသားသော လယ်သမားများဖြစ်ကြ၍ ထွန်တုံးတိုက်ပွဲ၊ သီးစားခ မပေးရေးတိုက်ပွဲ စသော မြေယာ တော်လှန်ရေး တိုက်ပွဲရပ်များတွင် မြန်မာ လယ်သမားများနှင့် လက်တွဲတိုက်ခိုက်လာကြသူများ ဖြစ်ကြသည်။ ဒီမိုကရေစီသစ် တော်လှန်ရေး၏ ရည်မှန်းချက်တွင် တစ်ခု အပါအဝင် ဖြစ်သော လယ်သမားတို့၏ ဘဝသစ်ဖန်တီးရေး တည်းဟူသော အကျိုးတူ ရည်မှန်းချက်အတွက် တိုက်ပွဲဝင် ရဲဘော်ရဲဘက် များအဖြစ် အချင်းချင်းနားလည်မှု ရှိထားကြသည်။ သို့ပါလျက် ယခုအခါတွင် သူတို့သည် အဘယ်ကြောင့် ကိုယ့်တပ် ကိုယ်နင်းကာ လယ်သမား အချင်းချင်း သတ်ဖြတ် လုယက်၍ အိုးအိမ်များကို မီးတိုက်ပစ် နေဘိသနည်း။

သည်အဖြေကို သူကား မဆွကပင် တွေ့ရှိထားပြီးဖြစ်သည်။ သူကား သာမာန်လယ်သမား တစ်ဦးမဟုတ်ဘဲ တိုက်ပွဲဝင်ခဲ့ဖူးသော လယ်သမားတစ်ဦး ဖြစ်ခြင်းကြောင့် မျက်မြင်ပြဿနာရပ်များကို အသင့်အတင့် ဝေဖန်ပိုင်ခြားနိုင်သူ တစ်ဦးဖြစ်သည်။ ကေအင်ဒီအိုတို့၏ လှုပ်ရှားမှုသည် ကော်သူလေးပြည်နယ်ကို ဗန်းပြ ထားသော်လည်း၊ အဓိကရည်ရွယ်ချက်ကမူ တစ်နေ့တခြား ပြင်းထန် လာသော လူတန်းစားတိုက်ပွဲကို လူမျိုးရေးတိုက်ပွဲသို့ မြားဦးလှည့်ပေးရန်သာလျှင် ဖြစ်သည်ကို သူ့ခေါင်းဆောင်မှ တစ်ဆင့် သူက နားလည် ထားပြီး ဖြစ်နေပါသည်။

မြေမဲ့ယာမဲ့ လယ်သမားထုနှင့် အလုပ်သမားတို့သည် အောင်ပွဲများကို ဆက်ကာ ဆက်ကာ ရယူနေ၍၊ နယ်ချဲ့ အရင်းရှင်နှင့် မြေပိုင်ရှင်ကြီးများသည် ကျဆုံးအံ့ဆဲဆဲ ဖြစ်နေသောကြောင့် နယ်ချဲ့ အရင်းရှင်နှင့် ကရင် မြေပိုင်ရှင်ကြီး များ ပူပေါင်းကာ ထာဝစဉ် ငြိမ်းချမ်းရေး၊ ပြည်သူ့ဒီမိုကရေစီရေးအတွက် လက်တွဲ ချီတက် နေကြသော ကရင်-မြန်မာ လူထုကြီးအား သီးခြားနယ် မက်လုံးပေးပြီး

လူမျိုးရေး မှိုင်းတိုက် လိုက်ခြင်း အားဖြင့် ပစ္စည်းမဲ့အရေးကို ကရင်-မြန်မာ အရေးအဖြစ် ပြောင်းလဲသွားအောင် မျက်လှည့် ပြလိုက်ခြင်း ဖြစ်သည်ကို သူ အမြင်မှန် မြင်ထားပါသည်။

ဤသို့ နယ်ချဲ့ အရင်းရှင်နှင့် ကရင်မြေပိုင်ရှင်ကြီးများ၏ လူမျိုးရေး မှိုင်းတိုက်လိုက်မှုကြောင့် ရိုးသားသော ကရင်လယ်သမား များသည် ကေအင်ဒီအို တို့၏ လူမျိုးရေးမှိုင်းဝယ် နစ်မွန်းသွားကာ၊ လယ်သမားနှင့် မြေပိုင်ရှင်ဟူသော လူတန်းစားအမြင်မှ ကရင်-မြန်မာ ဟူသော လူတန်းစားအဖြစ်သို့ ကူးပြောင်း သွား၏။ သို့ကူးပြောင်း သွားသည်နှင့်အမျှ သူတို့၏ တိုက်ပွဲမှာလည်း မြေယာတော်လှန်ရေးမှသည် လူမျိုးရေး တိုက်ပွဲသို့ အသွင်ပြောင်းသွားတော့၏။ သူတို့သာလျှင် မဟုတ်သေး။ မြန်မာအမျိုးသားများသည်လည်း ကေအင်ဒီအို တို့၏ လူမျိုးရေးမှိုင်းဝယ် ယောင်ကန်းကန်းဖြစ်သွားကာ၊ မူလရည်မှန်းချက်ကို ခေတ္တမျှ မေ့သွားကြပြီး ကရင်-မြန်မာ ဟူသော လူမျိုးရေး တိုက်ပွဲဘက်သို့ ဦးလှည့်သွားကြ၏။ ပို၍ ဆိုးသည်ကား ဖောက်ပြန်သော သတင်းစာဆရာများ၏ အမြင်တိုလှသော လူမျိုးရေးလှုံ့ဆော်မှု အရေးအသား များဖြစ်သည်။ ထို့ကြောင့် အခြေအနေမှာ ပိုဆိုးသွားရ၏။ သို့သော် ဘာပဲဖြစ်ဖြစ် နောက်ဆုံးတစ်နေ့တွင် မူကား ကိုယ့်ဘဝကိုယ် မေ့နေကြသော ကရင်-မြန်မာ လူထုကြီးသည် မိမိဘဝမှန်ကို ပြန်လည်သိရှိပြီး၊ သူတို့၏ တိုက်ပွဲမှာလည်း လူမျိုးရေး တိုက်ပွဲမှသည် လူတန်းစားတိုက်ပွဲသို့ ပြန်၍ ဦးလှည့်လာမည်ကို သူ ယုံကြည် ထားပါ၏။

(၅)

မိုးသည် အတော်ကလေး ရွာချလိုက်ရ၍ ပင်ပန်းသွားဟန်ဖြင့် လုံးဝ အနားယူရပ်စဲသွားလေပြီ။ ပတ်ဝန်းကျင်တွင် ဖားအော်သံနှင့် ပုရစ်ကလေးများ အော်သံက ပြန်၍ မင်းမူလာသည်။ အချိန်ကား ခုနစ်စင်ကြယ်ပြောင် အမြီးထောင်သည့် သန်းခေါင်သို့ပင် ရောက်နေပေပြီ။ ကိုသံချောင်ကား တစ်ချက်တစ်ချက်တွင် အိပ်ငိုက်နေ၏။

"ဟေ့ ဘယ်သူလဲ၊ ရပ်လိုက် ..."

သည်အသံက တိတ်ဆိတ်သော ညသန်းခေါင်ယံ အသံကို ပဲ့တင်ရိုက်လိုက်သည်။ ကိုသံချောင်း၏ မျက်လုံး များသည်လည်း ရုတ်တရက်ပွင့်လာစဉ် သူ့ဘေးမှ စစ်သားကလေးက သေနတ်ဖြင့် လှမ်းချိန် ထားသည့် နေရာသို့ စူးစမ်းကြည့်ရှုလိုက်၏။ ၎င်း မှောင်မည်းမည်းတွင် မသဲမကွဲ ရပ်နေသော လူတစ်ယောက် သဏ္ဍာန်။

"ရန်အောင်"

သူ့ဘေးမှ စစ်သားကလေး၏ အမေးကို မှုန်မွှားမွှားသဏ္ဍာန်က ပြန်ဖြေ၏။ သို့သော် သူ့ဖြေသံမှာ စစ်သံနှင့် ဒေါမာန်ပါပါ ဖြေလိုက်ခြင်း ဖြစ်သောကြောင့် သူတို့၏ လျှို့ဝှက်ထားသော အမှတ်အသားကို နားမလည် ထားသည့် ဘေးလူအဖို့ဆိုလျှင်မူ "ရောင်" ဟူ၍ ကြားလိုက်ရပေသည်။

တစ်ဖက်ကင်းတဲမှ စစ်သားတစ်ဦးသည် ကင်းတဲဝ၌ ရပ်ကာ "ဗိုလ်လေး ဘယ်မှာလဲ"ဟု မေးလိုက်၏။ ကိုသံချောင်း၏ ဘေးနားမှ စစ်သားကလေးက "အိပ်နေတယ်ကွ" ဟု ပြောလျက်၊ တစ်ဆက်တည်း "ဘာလုပ် မလို့လည်း" ဟု ပြန်လှန်မေးခွန်း ထုတ်လိုက်၏။

"ကင်းတဲရှေ့နား တစ်ဖာလုံလောက် ဝေးတဲ့ ချုံပုတ်တွေဆီက ခွေးဟောင်သံ ကြားတယ်ကွ၊ ပထမ ငါလည်း အမှတ်မဲ့ပဲ နေလိုက်တယ်၊ နောက်ခွေးဟောင်သံ ၁၅ မိနစ်လောက်ကြာအောင် မရပ်ဘဲ စူးစူးဝါးဝါး ဟောင်နေလို့က မသင်္ကာတာနဲ့ မီးကျည်ပစ်ပြီး ကြည့်ရအောင်လို့ ဗိုလ်လေးကို လာတိုက်ပင်တာ"

ထိုအချိန်တွင် "ဒိုင်း" ခနဲ မြည်ဟည်းသွားသော သေနတ်သံတစ်ချက် ထွက်ပေါ်လာကာ ကျည်ဆန်မှာ သူတို့ အထက်မှ "ရွှီး" ခနဲ ဖြတ်ကျော်သွား၏။ တစ်ချိန်တည်းပင် လူတစ်ယောက် အော်ဟစ် ပြောနေသော အသံကို ကြားရ၍ သူတို့ နားစွင့်နေ၏။

"ဟေ့ သခင်နရဲ့ ခွေးတွေ၊ လက်နက်ချပါတော့လား၊ နင်တို့ တောလည်း မဆင်းရဲဘဲနဲ့ မြို့ထဲတွင်ပိတ်ပြီး ငါးပိ ငံပြာရည်တောင် မစားရဘဲ ငတ်ပြတ်နေပြီ မဟုတ်လား"

အမှန်က ဒါလည်း မဆန်းတော့ပါ။ ဝါးတန်းရှိ ကေအင်ဒီအိုများ ပျင်းပျင်းရှိလျှင် သည်လိုပင် ချောင်းမြောင်း လာရောက်ပစ်ခတ်ပြီး ဒီလိုပဲ ပြောနေကျဖြစ်ပါသည်။ ကိုသံချောင်း၏ ဘေးနားမှ စစ်သား ကလေးက မြေကတုတ်ကို အကာကွယ်ယူ၍ အသံကြားရာကို မှန်းပြီး "ဒိုင်း ဒိုင်း" ဟု နှစ်ချက်ဆင့် တုံ့ပြန် လိုက်၏။

ဤသေနတ်သံကြောင့် ကင်းတဲတွင် အိပ်ပျော်နေသော ဗိုလ်လေး ဆိုသူလည်း နိုးလာလေပြီ။ သူတို့က အကျိုးအကြောင်း ပြောပြလိုက်သည်နှင့်

တစ်ပြိုင်နက် ဗိုလ်လေးသည် မီးကျည်ပစ်သော ခြောက်လုံးပြူး သေနတ်ပုံနှင့် ခပ်ဆင်ဆင်တူသည့် သေနတ်ကို ဆွဲထုတ်ကာ မီးကျည်ထည့်၍ အပေါ်သို့ မြှောက်ကာ ပစ်ဖောက် လိုက်၏။ "ဖောင်" ခနဲ မြည်ဟည်းသွားသော အသံနှင့် အတူ သူတို့ရှေ့နား တစ်ဝိုက်ဆီတွင်လည်း လင်းထိန်နေ၏။ သူတို့သည် မြေကတုတ် အကွယ်မှနေ၍ သူတို့ရှေ့တည့်တည့် အလင်းရောင်အောက်ရှိ လဟာပြင်နှင့် ချုံပုတ် ကလေး များပါမကျန် စေ့စေ့စပ်စပ် ရှာဖွေကြည့်ရှု ကြသော်လည်း မည်သည့်သတ္တဝါ တစ်ဦး တစ်ယောက်ကိုမျှ မတွေ့ရချေ။ ၅ မိနစ်ခန့် အကြာတွင် မီးကျည်သည် မှိန်သွားရာ ပတ်ဝန်းကျင်ကိုလည်း အမှောင်က ပြန်၍ မင်းမူလိုက်တော့သည်။

ကိုသံချောင်းကား သူ့အလှည့်ကုန်ဆုံးပြီ ဖြစ်သော်လည်း သည့်လောက် ခြင်ကိုက်လှသည့် အထဲတွင် အိပ်၍ရမည် မဟုတ်သဖြင့် ငုတ်တုတ်ပင် ထိုင်နေ၏။ ဗိုလ်လေး ဆိုသူလည်း ပြန်၍ မအိပ်တော့ဘဲ သူတို့ ဘေးနား၌ ထိုင်ကာ စီးကရက် တစ်လိပ်ကို ထုတ်ယူပြီးနောက် မြေကတုတ် အကွယ်၌ မီးညှိသောက်ရှုနေ၏။

"ဦးကြီးက အရင် ဘယ်မှာ နေသလဲ"

ဗိုလ်လေးက ထိုင်နေရမှာ ပျင်းသည့်ဟန်ဖြင့် သူ့အား စကားစတင်ကာ မေးမြန်းလိုက်၏။

"အကြော်ရွာမှာ နေပါတယ်"

"အို.... နီးနီးလေးပါလား၊ ဦးကြီးတို့တော့ ကိုယ့်ရွာကိုယ် သိပ်ပြန်ချင် မှာပဲနော်၊ ကျွန်တော်တို့ကလည်း ဆင်းတိုက်ချင်ပါရဲ့၊ ဒါပေမဲ့ အထက်အမိန့်က မရတော့ ခက်တယ်၊ ဦးကြီးက လယ်သမား ထင်ပါရဲ့..."

"ဟုတ်ပါတယ် ဗိုလ်ကလေးရယ်၊ လယ်သမားပါပဲ၊ ကိုယ့်ရပ်ရွာ ပြန်ချင်တာတော့ မပြောနဲ့တော့ ဗိုလ်လေးရယ်၊ ဒီမှာက အလုပ်မရှိ အကိုင်မရှိနဲ့ ဆန်ကွဲတောင်မှ နပ်မှန်အောင် မစားရတော့ ခက်သားပဲ"

"အေးဗျာ.. တောက ဒုက္ခသည်တွေရဲ့ အဖြစ်ဟာ အတော့်ကို ဆိုးဝါးတယ်နော်၊ ဒါပေမဲ့ အားမငယ်ပါနဲ့ဗျာ၊ တပ်မတော်ထဲက အများစုဟာ ခင်ဗျားတို့လို လယ်သမား၊ ယာသမား၊ အလုပ်သမားတွေရဲ့ သားသမီး တွေမို့ တစ်နေ့တခြား ပြတ်သားလာတဲ့ ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးမှာ နောက်ဆုံးတစ်နေ့ ကျွန်တော်တို့ဟာ ခင်ဗျားတို့ဘက်ကသာ ရှိနေမယ်ဆိုတာ ယုံပါ။ မြန်မာ့နိုင်ငံရေးဟာ အရောရော အထွေးထွေးနဲ့ ရှုပ်ထွေးနေတယ် ဆိုပေမဲ့ အမှန်ကတော့ ပြည်သူအင်အားစုနဲ့ နယ်ချဲ့လက်ဝေခံ အင်အားစု ဒီနှစ်ခုပဲ ရှိပါတယ်၊ ဘယ်ဟာက ပြည်သူ့ဘက်တော်သား၊ ဘယ်ဟာက နယ်ချဲ့အရင်းရှင် နောက်လိုက်ဆိုတာလည်း တဖြည်းဖြည်း ပြတ်သားလာ ပါပြီ။ ခင်ဗျားတို့လည်း သိပ်မစောင့်ရတော့ပါဘူး။ ဟိုတုန်းက ရောကျော် ဆရာတွေ၊ လူ့ပဲပြားတွေ ဟာလည်း အခုအချိန်မှာ မရောနိုင်တော့ပါဘူး။ လမ်းနှစ်ခုက ရှင်းနေပါပြီ၊ ဘယ်သူဟာ ဘယ်လမ်း သွားနေတယ်ဆိုတာ ကျွန်တော် မြင်နေပါပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ကတော့ ခင်ဗျားတို့ ဘက်မှာသာ ရှိတယ်ဆိုတာသာ စိတ်ချထားပါ"

ပထမတော့ ဗိုလ်လေးသည် ခပ်အေးအေး ပြောနေရာမှ ပြောရင်း ပြောရင်း စိတ်ပါလာသလိုလို သူ့အသံမှာ ဒေါသကလေး ရောစွက်လာ၏။ စကားအဆုံး စီကရက်ကို ဖွာရှိုက် လိုက်ရာတွင် ရဲခနဲဖြစ်သွားသော စီးကရက် မီးရောင်ဖြင့် သူ၏ သွေးရောင်လျှမ်းနေသော မျက်နှာကိုလည်း ကိုသံချောင်း မြင်လိုက်ရ၏။ ဒါကို ထောက်၍ ဗိုလ်လေးသည် ဝတ်ကျေဝတ်ကုန် ပြောလိုက်ခြင်း မဟုတ်ဘဲ သူ့ယုံကြည်ချက်ကို စိတ်ပါလက်ပါ ထုတ်ဖေါ်လိုက်ခြင်း ဖြစ်ကြောင်း ရှင်းနေပါပြီ။

ကိုသံချောင်းကား စကားမပြန်နိုင်လောက်အောင်ပင် ဝမ်းသာလုံးဆို့နေ၏။ ကြည့်စမ်း … သူချစ်တဲ့ သားကလေးတွေဆီမှာ သူမျှော်လင့်ခဲ့တဲ့ သစ္စာတရားကို တွေ့နေရပါပြီကော။ လယ်သမား၊ ယာသမား၊ အလုပ်သမားတွေရဲ့သား တပ်မတော်ဟာ တစ်နေ့တခြား ပြတ်သားလာတဲ့ ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့ နိုင်ငံရေးမှာ ပြည်သူ့ဘက်တော်သား အဖြစ်နဲ့သာ တည်ရှိ မယ်ဆိုတာ စိတ်ချထားပါတဲ့။ ကျဉ်းမြောင်း လှတဲ့ လက်တစ်ဆုပ်စာ လူတစ်စုရဲ့သား မဟုတ်တဲ့ ကျယ်ပြန့်တဲ့ ၉၀ ရာခိုင်နှုန်း လယ်သမား၊ အလုပ်သမား တွေရဲ့ သစ္စာရှိသော သားအဖြစ်ကိုသာ ခံယူပွဲ့မယ်တဲ့…။ အို.. လူကလေးရယ်။

သူသည် ဝမ်းသာလွန်းလို့ မျက်ရည်များပင် စို့လာရှာသည်။ နှစ်ပေါင်းများစွာက ကွဲကွာနေသော သားကြီးအား ရုတ်တရက် ပြန်တွေ့လိုက်ရသကဲ့သို့ သူမှာ ခံစားနေရသည်။ သူသည် ရိုးတွင်းချဉ်ဆီမှ စိမ့်တက် လာသော ပီတိဖြင့် ကြည်နူးနှစ်သိမ့်စွာ ကောင်းကင်ပြင်သို့ မော်ကြည့်လိုက်ပါ၏။ မိုးသားများ ကင်းစင်သွား၍ ကြည်လင်စ ပြုနေသော ကောင်းကင်ပြင်မှာတော့ ကြယ်နီသည် တလက်လက်နှင့် တွန်းတောက် နေပါပြီကော။

အား… ကြယ်နီ…။

တစ်နည်းအားဖြင့် မိုးသောက်ကြယ်။ သူ ထွက်ပေါ်လာလျှင် တမိုးသောက်လို့ အလင်းသို့ ရောက်မည့် အချိန်မှာ မဝေးတော့ကြောင်း စိတ်ချထားနိုင်ပါသည်။ အဝေးမှ ပျံ့လွင့်လာသော ကြက်ဦး တွန်သံ ကလေးနှင့် ဘုရားကျောင်းမှ အုန်းမောင်းခေါက်သံက သည်အယူအဆကို တိုး၍ ခိုင်မာစေသည်။ သြော်… ညဦးယံကွယ်ပျောက်လို့ အလင်းသို့ ရောက်လုပေါ့။ သို့သော် အလင်းရောင် ပေါ်ခါနီးမှာ အမှောင်ဆုံး ဖြစ်သော ဆိုတဲ့ စကားအရ လင်းလုခါနီး အချိန်မို့ အမှောင်ဆုံးကို ရင်ဆိုင်ရဦးမယ် ဆိုတာကိုတော့ ကိုသံချောင်း သိမှ သိပါလေစ။

# ခွပ်လိုက်ကြစို့ သူငယ်ချင်းရယ်

(၁)

"ဟေး... ဟစ်တလား ကွ.... အဲဒါမှ"

ကိုသန်းမောင်သည် လက်တစ်ဖက်ကို မြှောက်၍ မြေကြီးပေါ်မှ မြောက်ခနဲ နေအောင် ခုင်လိုက်ရင်း ကျယ်လောင်သော အသံဖြင့် ဟစ်ကြွေးလိုက်၏ သူသည် ဂျာမန်အာဏာရှင်ဟောင်း ဟစ်တလားကို ရည်ညွှန်း၍ ကောင်းချီးသြဘာ ပေးနေခြင်းတော့ မဟုတ်ပါ။ ဟစ်တလားဟု သူ ဘွဲ့ပေးထားသော သူ့ကြက်ကြီးကိုသာ ကောင်းချီးသြဘာ ပေးလိုက်ခြင်း ဖြစ်ပါသည်။ ကြည့်ပါ ဟစ်တလား အမည်ရှိ သူ့တိုက်ကြက်၏ ခြေစွမ်းခြေစကို သိလို၍ အိမ်နီးချင်းတစ်ဦး၏ ကြက်တစ်ကောင်နှင့် ခွပ်လက် ချကြည့်ရာ (ဝါ) အစမ်းတိုက်ပွဲ ကျင်းပကြည့်ရာ၊ များမကြာမီ အတွင်းမှာပင် ဟစ်တလာသည် သူ့ရန်သူတော် ကြက်အား ချက်ကောင်းကို ဆွဲခွပ်လိုက်သဖြင့် ထိုကြက်ခမျာ "ကွတ်" ခနဲ အသံထွက်သွားကာ မြေကြီးပေါ်၌ ပတ်ချာလည်နေ ရှာပါပြီ။ ဒါကြောင့် သူ့ဟစ်တလားကို ကောင်းချီးသြဘာပေးလိုက်ခြင်း ဖြစ်ပါးသည်။

မချိမဆံ့ ခံလိုက်ရသော ကြက်ရှင်ကတော့ သူ့ကြက်ကို ဟစ်တလား နောက်တစ်ကြိမ် မခွပ်နိုင်မီ ကောက်ယူ လိုက်ပါပြီ။ ကိုသန်းမောင်ကတော့ ဟစ်တလားကို ကောက်ယူခြင်း မပြုဘဲ ဘာကိုမှ ထီမထင်သော ဟန်ဖြင့် ကြံ့ခိုင်တောင့်တင်းစွာ ရပ်တည်နေသော ဟစ်တလားအာ လက်ညှိုးကလေး ထိုးကာ ထိုးကာဖြင့်- "ကြက်ဖတိန်ညင်... တောကိုဝင်... မောင်

ရင်လာမှ လေးနဲ့ပစ်၊ မပစ်ပါနဲ့ မောင်ရင်ရယ်၊ ကြက်တက်စူးလို့ သေပါ့မယ်ကွယ်... သေပါမယ်။ ဘယ်ဘက်က စူး.. စူး... ညာဘက်က စူး... စူး... ခွပ်လိုက်ကြစို့ သူငယ်ချင်းရေ..."

ဤနေရာသို့ အရောက်တွင် အသံကို ခေတ္တဖြတ်ထားလိုက်၍ ကြက်ဖများ တွန်ခါနီး တောင်ပံကို တဖျတ်ဖျတ် ရိုက်သည့် ဟန်မျိုးဖြင့် လက်နှစ်ဖက်ကို တဲတောင်ဆစ်မှ နေ၍ ကွေးကာ သူ့ကိုယ်လုံးကို တဖျတ်ဖျတ် ရိုက်လိုက်ပြီးနောက်၊ ခြေဖျားထောက်၍ လည်တံကို ရှေ့သို့ ဆန့်ထုတ်လိုက်ကာ "အောက်... အီး... အီး... အူး" ဟုဆွဲဆွဲ ငင်ငင်နှင့် တွန်လိုက်သဖြင့် ဘေးမှ ကြက်ပွဲကြည့်နေကြသော ပရိသတ်မှာ သူ့အမူအရာကို သဘောကျလှ၍ ဝါးခနဲ ပွဲကျသွား၏။

ဤတွင်မှ သူသည် ဟစ်တလားကို ကောက်ယူလိုက်၍ လက်ပူ ထိုးပေး၏။ အာငွေ့ပေး၏။ ခေါင်းကိုကိုင်၍ မှုတ်ပေး၏။ ကြက်တောင် တစ်တောင်ဖြင့် ကြက်လည်ချောင်ထဲမှ ချွဲများအား ကျပ်ထုတ်ပေး၏။ ခေါင်နှင့် လည်ပင်းတွင် ပေကျံနေသော သွေးစသွေးနများအား ရေနှင့် ဆေးကြော ဆုပ်နယ်ပေး၏။ ထိုနည်းတူ ရင်အုပ်နှင့် ပေါင်တံကိုလည်း ရေဖြင့် ဆေးကြော ဆုပ်နယ်ပေး၏။ သူနားလည်သမျှ ကြက်ကု နည်းမျိုးစုံဖြင့် ကုသပြီးမှ ကြက်ကို လွှတ်လိုက်ရာ နာကျင်ခြင်းမရှိသည့်အလား ရွှင်ရွှင်လန်းလန်းနှင့်ပင် ဆောင့်ကြွား ကြွား လျှောက်နေ၏။ ထိုမှုမက "တော့... တော့... တော့" ဟူ၍ပင် ဖိုသံပေးကာ မြာကို ခေါ်နေပေသေး၏။ အာဂ ဟစ်တလား...။

ကိုသန်းမောင်ကား သူ့ကြက်ကိုသာ စူးစိုက်ကြည့်နေ၏။ ခြေလှမ်းကို ဘယ်ညာ မှန်မှန်နင်း၍ ကြွားကြွား ရွားရွားနှင့် လျှောက်နေပုံ၊ တစ်ချီတစ်ချီတွင် "ဗိုလ်ရှိရင် ထွက်" ဟူသော သဘောဖြင့် ဦးခေါင်းကို မိုးသို့ မျှော်ကာ ခံ့ခံ့ညားညား တွန်လိုက်ပုံ၊ တစ်ခါတစ်ခါတော့လည်း ရန်သူကို ရှာဖွေသော သဘောဖြင့် ဘေးပတ် ဝန်းကျင်သို့ ခပ်စောင်းစောင်း လှည့်လည်ကြည့်ရှုပုံ၊ သူ့အနီးအနားတွင်

ရန်ဖက်မရှိဟု စိတ်ချရမှ "တော့... တော့... တော့" ဟု ဖိုသံပေးကာ မြာခေါ်နေပုံ စသည်တို့ကို စေ့စေ့စပ်စပ်ပင် လိုက်လံကြည့်ရှုနေ၏။

"ဟေ့ သန်းမောင်ရေ... မင်းကြက်ဟာ ခြေစွမ်းခြေစ မခေဘူးကွ၊ ကြက်ကတော့ အခွပ်ခပ်ကြမ်းကြမ်းပဲ၊ တစ်ဖက်သား ကြက်ကို ခွပ်လိုက်တာများ တုတ်နဲ့ ကိုင်ရိုက်သလား အောက်မေ့ရတယ်၊ တော်တော် ခြေပြင်းတဲ့ ကြက်ပဲ" ကြက်ပွဲကြည့် ပရိတ်သတ်ထဲမှ ကိုသန်းမောင်နှင့် ရင်းနှီးသော ကိုရွှေနိုင်က ကြက်ကို စူးစိုက်နေသော ကိုသန်းမောင်အား ပြောကြားလိုက်၏။ ဤတွင် ကိုသန်းမောင်လည်း သူ့ကြက်မှ မျက်စိကို လွှဲခဲ့၍ ကိုရွှေနိုင်အား ပြုံးပြုံးကြီး လှမ်းကြည့်လိုက်ကာ... "ဟာ...ကြက်ခွပ်ကြမ်းပြီး ခြေပြင်းဆို ကြက်ရဲ့ လက္ခဏာ ကိုလည်း အကဲခတ် ကြည့်ဦးမှပေါ့ဗျ၊ တောင်စတိုတိုနဲ့ ချေးခံရိုးကြဲပြီး ခါးဆံမွေး ကတော့ အမွေးပြား ကြီးကြီးနဲ့၊ မွေးဆံတိုရင် ဒီကြက်ဟာ မုချ၊ ကြက်အခွပ် ကြမ်းပြီး ခြေပြင်းရမယ်ဗျ၊ ကျုပ်ကြက်က ဒီလက္ခဏာတွေနဲ့ အကုန်လုံး ညီညွတ်တယ်"

"အေး... အဲဒါကတော့ ဟုတ်ပါပြီ၊ ဒို့ပြင် စာဆိုတွေနဲ့ကော ညီရဲ့လားဆိုတာ ပြောစမ်းပါဦး" ကိုရွှေနိုင်က ထပ်အမေးတွင် သူသည် ရုတ်တရက် ပြန်လှန်ဖြေကြားခြင်း မပြုသေးဘဲ ဤသို့အမေးခံရသည့် အတွက် ဂုဏ်ယူသလို ရင်ကိုကော့၍ ခေါင်းကိုမော့လိုက်ကာ- "အို... ကျုပ်ပြောတာထက် ခင်ဗျားကိုယ်တိုင် ကြက်ကိုဖမ်းပြီး ကြည့်ရင် သိနိုင်ပါတယ်" "ငါက မင်းလောက် စေ့စေ့စပ်စပ် နားလည်တဲ့လူ မဟုတ်လို့ မင်းပဲပြောပြစမ်းပါကွာ"

ကိုရွှေနိုင် ပင်မက ဘေးမှ ပရိသတ်ကပါ ပြောပြရန် ဝိုင်းဝန်း တောင်းပန်နေကြသဖြင့် ကိုသန်းမောင်သည် ပိုမို၍ ဂုဏ်ယူသော မျက်နှာထားဖြင့် "အဟမ်း" ဟု ချွဲရှင်းလိုက်ကာ- "မေးတော့လည်း ပြောရတာပေါ့ဗျာ၊ ဒီလိုဗျ တိုက်ကြက်များရဲ့ ရုပ်လက္ခဏာနဲ့ ပတ်သက်ပြီး စာဆိုကတော့ အမျိုးမျိုး ရှိသပေါ့ဗျာ၊ ဒီထဲက အရေးကြီးဆုံးကတော့" "ဘုတ်မွေးရင်သက်၊

တက်နက်မောက်ချွန်း၊ အမြီးထင်စည်း၊ မောက်လုံးကြီးနဲ့၊ ခြေကြေးသုံးဆယ်၊ ဝိုင်ကြီးများပယ်” တဲ့။ အဓိပ္ပာယ်ကတော့ ကြက်ကောင်းမှန်ရင် ဘုတ်ငှက်ကဲ့ အမွေးမျိုး ရင်မှာ သက်ရမယ်တဲ့၊ နောက်ပြီး အမောက်လုံးကလည်း ကြီးရမယ်တဲ့၊ ခြေတောက်က အကြေးပတ် ဟာလည်း သုံးဆယ်ပြည့်အောင် ရှိရမတဲ့၊ တည့်တည့် အကြေးပတ်အထိ ရေတွက်ကြည့်လို့ စေ့မှ သုံးဆယ်လို့ခေါ်တယ်၊ ဒူးထိအောင် မရေတွက်ရဘူး။

အဲဒီလက္ခဏာနဲ့ ညီတဲ့ ကြက်ဟာ ကောင်းလွန်းအားကြီးလို့ ဝိုင်းကြီးများ ကတောင် လက်မခံဘဲ ပယ်ချ ရသတဲ့ သူ့စကားကို တစ်ထောက် အနားတွင် ပရိသတ်ထဲမှ လူတစ်ယောက်က ဝင်၍ “နို့ ခင်ဗျာကြက်ကော အဲဒီစာဆိုနဲ့ ညီရဲ့လား” ဟု မေးလိုက်၏။ “ငါ့ကြက်လား.... ဘုတ်မွေးရင်မှာ မသက်တာ တစ်ခုက လွဲပြီး ကျန်တဲ့ လက္ခဏာတွေနဲ့ အကုန်ညီတယ်၊ ဒီလို ဘုတ်မွေးရင်မှာ မသက်တာလည်း အပြစ်တစ်ခု မဟုတ်ပါဘူး၊ ငါ့ကြက်က ဖောင်းဆိုတော့ ကျောကုန်းက ဖောင်းရောင်ဟာ ရင်မှာ လာသက်တယ်။ ဒါဆိုရင် ကြက်ကောင်းရဲ့ လက္ခဏာ ပြည့်စုံတာပဲ။

ဒါတွင်မကသေးဘူး၊ အဖီမွေးမှာရော၊ ချေးခံမွေးမှာရော၊ ဒူးကွပ်မွေး မှာရော အကုန်လုံး ဖောင်းရောင် လိုက်တက်တယ်။ ဒါနဲ့တင် မနေသေးဘဲ ငါ့ကြက်မျက်လုံးရဲ့ အရောင်ကလည်း အဲဒီဖောင်းရဲ့ အမွေးအရာင် မျိုးပဲ၊ ပြီးတော့ နှုတ်သီးရဲ့ အရောင်အဆင်းနဲ့ ခြေထောက်ရဲ့ အရောင်အဆင်းကလည်း တူတယ်၊ ခြေသန်း တိုပြီး ဖနောင့်ကလည်း ပါးတယ်။ ကဲ... ဒါထက် ကြက်ကောင်း လက္ခဏာညီတဲ့ ကြက်ကို မင်းတို့ ဘယ်မှာတွေ့ဘူးလဲ” သူကစကားကို တစ်ထောက် နားလိုက်ပြန်၏။ ပရိသတ်အားလုံးကား သူ့စကားကို ထောက်ခံ နေသည့်အလား အားလုံးပင် နှုတ်ဆိတ်နေကြ၏။ အတန်ကြာမှ ကိုရွှေနိုင်က ဝင်၍- “နို့ကွာ” “မြီးမှာ တံစဉ်ကောက်၊ အသံမှာ ပုဆိန်ပေါက်” ဆိုတဲ့စာဆိုကကော ဘယ်သွားထားမလဲ၊ မင်းကပြောတော့ အမြီးဟာ ထင်းစည်းလို စည်းစည်းလုံးလုံး

ရှိရမယ်ဆို၊ အဲဒီစာဆိုကတော့ အမြီးဟာ တံစဉ်လို ကောက်ကွေး နေရမယ် ဆိုပါကလား”

“သူ့စာ အဆိုက မျက်စိဟာ ဖင်ရွေးအရောင်လို ရဲရဲနီနေတဲ့ ကြက်များသာ ရဲရင်လည်း ပြိုင်ဘက်မရှိ ပြေးမိရင်လည်း ဖမ်းလို့တောင် မမိဘူးလို့ ဆိုလိုတာပေါ့ကွာ။ ဒါတွေက တစ်ထစ်ချ သဘောတရားတွေ မဟုတ်ပါဘူး၊ တချို့ကလည်း”

မဂိုမဂဲ၊ အိမ်က မယားက ဆဲ” တဲ့၊ အဓိပ္ပာယ်ကတော့ မဂိုရောင် မဂဲရောင်ကြက်များဟာ တိုက်တိုင်းရှုံးလို့ အိမ်ကမယားကတောင် ဆဲတယ်လို့ ဆိုလိုတာပေါ့ကွာ။ ပြီးတော့” တောင်စွန်ဖြူမြီး ပုန်းကြား၊ တိုက်ပါလေ မောင့်ဘုရား၊ ရှုံးတာကများ” တဲ့၊ အတောင်ပံတွေထဲမှာ အဖြူရောင် ကွက်ကြား ပါပြီး အမြီးတွေထဲမှာလည်း အဖြူရောင် ကြိုးကြားပါရှိရင် ဒီကြက်ဟာ ရှုံးတာက များမယ်လို့ ဆိုလိုတာပေါ့ကွာ၊ အမှန်ကတော့ ဒီလိုလည်း တစ်ထစ်ချ မဆိုနိုင်ပါဘူး။ ရှေး လူကြီးပုံခိုင်းဖူးတယ်၊ “ကြက်ကောင်းမှန် ရာဇာမရှိ” တဲ့၊ ကြက်ကောင်းဆိုတာ ဗိုလ်မရှိဘူး ပေါ့လကွာ၊ ငါ့ကြက်ဟာ ဗိုလ်ဆိုပေမဲ့ နိုင်တဲ့ ကြက်ကတော့ ပေါ်လာသေးတာပါပဲ။ အရေးကြီး တာကတော့ ပေါ်လာသေး တာပါပဲ။ အရေးကြီးတာကတော့ စောစောက ငါပြောတဲ့ ကြက်ကောင်း လက္ခဏာ တွေပဲ၊ အဲဒီ လက္ခဏာတွေနဲ့ ညီရင် ဝိုင်းဝင်ပြီး တိုက်ထိုက်ပါတယ်ကွာ၊ ရှုံးတာ နိုင်တာကတော့ ကံပေါ့”

အားလုံးပင် ကိုသန်းမောင်၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေ၏။ သူကား ငယ်စဉ်ကစ၍ ကြက်တိုက် ဝါသနာကြီးသူဖြစ်ကာ ကြက်နှင့် ပတ်သက် သော စာဆိုများကို အားလုံးလိုလို နားလည်ထားသူဖြစ်၍၊ သူ နားလည်ထား သလောက်လည်း တစ်ဖက်သား သဘောပေါက်အောင် ရှင်းလင်းပြောကြားနိုင် သူဖြစ်၏။ အားလုံး တိတ်ဆိတ်လျက် ရှိစဉ်အတွင်း ဟစ်တလားသည် ကြက်မ တစ်ကောင်အား လိုက်ရစ်နေသည်ကို ကိုသန်းမောင် မြင်လိုက်သဖြင့် စကား

လက်စကို ဖြတ်၍ ဟာစ်တလားကို သွားဖမ်းနေရာ ပရိသတ်လည်း အသီးသီး ထပြန်ကုန်တော့၏။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၂)

တစ်နေ့သော နံနက်စောစော အချိန်ဖြစ်သည်။

ကိုသန်းမောင်သည် အိပ်ရာမှ စောစီးစွာ နိုးလျက်ရှိ၍ စောစောပင် ထလာကာ မျက်နှာ မသစ်အားဘဲ ကြက်အိပ်တန်းရှိရာ မီးဖိုထဲသို့ တန်းဝင်ခဲ့၏။ ကြက်အိပ်တန်းမှာ ဝါးလုံးချောချော တစ်ချောင်းကို မနိမ့်မမြင့် အနေတော် တန်းရိုက် ထားခြင်းဖြစ်၍ ကြက်အတောင် ခတ်လျှင် လွတ်အောင် နံရံနှင့် ခပ်ခွာခွာ ပြုလုပ် ထားသည်။

သူသည် ကြက်တန်းပေါ်မှ ဟစ်တလားအား အတန်ကြာအောင်ပင် စူးစိုက်ကြည့်နေ၏။ အမှန်ကတော့ သူ့ကြက်သည် ကျန်းမာ၍ ရွှင်ရွှင်လန်းလန်း ရှိမရှိ စူးစမ်းကြည့်ရှု နေခြင်းဖြစ်သည်။ ဟစ်တလားကား ကျန်းကျန်း မာမာပင်ရှိသလို လတ်ဆတ်ရွှင်လန်းသော အမူအရာနှင့် ကိုသန်းမောင်ကို ကြည့်ကာ "ကော့ ... ကော့ .... ကော့" ဟု အော်မြည်နေ၏။

ကိုသန်းမောင်သည် အိပ်တန်းထက်မှ ဟစ်တလားအား ညင်သာစွာ ပွေ့ယူလိုက်ကာ "စလုတ်"ဟု ခေါ်သော အစာအိမ်သို့ စမ်းသပ်ကြည့်၏။ အစာအိမ်အတွင်း၌ကား မည်သည့်အစာမှ မရှိဘဲ ပြားချပ်နေကာ ညက စားထားသော အစာများ ကြေညက်သွားပြီဖြစ်ကြောင်း ဖော်ပြနေသည်။ ဤကား ကြက်သည် ကျန်းကျန်းမာမာ ရှိကြောင်း ဖော်ပြသော သက်သေသာဓကပင် ဖြစ်သည်။ အကယ်၍ ညက စားထားသော အစာများ ကြေညက်ခြင်းမရှိဘဲ

အစာအိမ် တောင့်မာနေလျှင် ကြက်သည် ကျန်းမာရွှင်လန်းခြင်းမရှိဟု သိရှိနိုင်၍ ချက်ချင်းပင် အရေးယူကုသရပေမည်။

သို့တိုင်အောင် ကိုသန်းမောင်သည် လုံးဝ ကျေနပ်ဟန် မတူသေးဘဲ ကြက်အိပ်တန်း အောက်ရှိ ကြက်ပါချထားသော ကြက်ချေးတုံးကလေးများကို ကောက်ယူ ကြည့်ရှုနေပြန်၏။ ကြက်ချေးတုံးများကား ကျောက်ခဲကဲ့သို့ မာကျောလှ၍ ကိုင်တွယ် စမ်းသပ်နေသော သူ့လက်ကိုပင် မပေမကျံပါ။ ဤသည်လည်း ကြက်သည် ရာခိုင်နှုန်းအပြည့် ကျန်းမာလျက်ရှိကြောင်း ထောက်ခံသော အထောက်အထားပင် ဖြစ်သည်။ အကယ်၍ ကြက်ချေးသည် ပျော့ညက်၍ စေးထန်းထန်းနှင့် နံစော်ပါက ကြက်သည် ကျန်းမာခြင်းမရှိဟု သိနိုင်သည်။

သူသည် ကျေနပ်နှစ်ခြိုက်စွာ ပြုံးလိုက်ကာ ကြက်ကို ပိုက်၍ အပြင်သို့ ထွက်ခဲ့၏။ နောက် ကမ်းနားရေဆိပ်သို့ ဆင်းကာ ကြက်ကို ရေအဝတိုက်နေ၏။ ပြီးလျှင် ကြက်ကို ရေထဲ၌ ဒူးထိအောင် စိမ်ပြီး အတောင်ကို ရေမစို ရအောင် သတိပြု၍ ရင်အုပ်နှင့် ပေါင်တံကို ရေဆွတ်ကာ ဆုပ်နယ်ပေးနေ၏။ ဒါကို ရေပေးသည်ဟု ခေါ်၏။ ကြက်ရေပေးခြင်း ကိစ္စအဝဝ ပြီးစီးသွားမှ သူ မျက်နှာသစ်၏။

မျက်နှာသစ်ပြီး၍ ဟစ်တလားကို ပိုက်ပြီး ကုန်းပေါ်သို့ ပြန်တက်ခဲ့သောအခါ သူ့ဇနီး မအေးတင်သည် အိပ်ရာမှ ထလာပြီဖြစ်၍ သူ့ကို မကျေနပ်သော မျက်နှာထားဖြင့် ကြည့်ရှုနေသည်ကို သူ တွေ့မြင်ရ၏။ သို့သော် သူသည် မသိမမြင်ဟန်ပြု၍ မြေကြီးပေါ်၌ ငုတ်တိုင်ကလေး တစ်တိုင်ကို စိုက်ကာ ဟစ်တလား၏ ခြေထောက်၌ ချည်ထားသော ကြိုး၏ အခြားတစ်ဖက်အစကို ထိုငုတ်တိုင်၌ ချည်နှောင်ထားလိုက်၏။ ဟုတ်တယ်လေ … “ကြက်ကောင်းကြိုးမကွာ” လို့ စာဆိုရှိတယ် မဟုတ်လား။

"တော့်ကြောင့်လည်း ခက်တာပါပဲ၊ တစ်နေ့တစ်နေ့ ဒီကြက်နဲ့ချည်း အချိန်ကုန်နေတာပဲ၊ အလုပ် အကိုင်တော့ ဘာမှ မလုပ်ချင်ဘူး၊ ကျုပ် တစ်ယောက်တည်း စျေးတောင်း ခေါင်းပေါ်ရွက်ပြီး ရှာဖွေ ခဲ့ရတာကို အေးအေး ကလေး ထိုင်စားတော်မူရုံနဲ့ အားမရသေးလို့ ကြက်ပွဲမှာ ကုန်အောင် လျှောက်ဖြုန်း လိုက်သေး တယ်"

မအေးတင်ကတော့ မကျေမနပ်သံဖြင့် တဖျစ်တောက်တောက် ပြောဆို နေ၏။ သူကတော့ မကြား ဟန်ပြု၍သာ ကြက်ကျွေးရန် အစာခွက်နှင့် ရေခွက်ကို အခြေမပျက်ယူ၍ ဟစ်တလားအနီး၌ ချထား လိုက်၏။ တကယ်ဆိုတော့လည်း မအေးတင်ပြောတာ ဟုတ်လှသည်။ သူမက မနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် စျေးတောင်းကို ခေါင်းပေါ်ရွက်၍ ရွာတကာ့ ရွာအနှံ့ တပင်တပန်း သွားလာရောင်း ဝယ်နေစဉ်၊ သူကတော့ အိမ်၌ အေးအေးကလေးထိုင်ကာ ကြက်တစ်ကောင် နှင့်သာ အချိန်ကုန်နေ၏။

သို့နှင့်ပင် မပြီးသေးဘဲ သူမ ပင်ပန်းကြီးစွာ ရှာဖွေထားရသော ငွေစကလေးများကို အနနှင့်မရ အကြမ်းဖက်ကာ တောင်းယူ၍ ကြက်ပွဲ၌ ဖြုန်းတီး ပစ်လိုက်တတ်သေး၏။ ဒါကို မအေးတင်က တစ်ခါတစ်ရံ စိတ်မရှည် နိုင်တော့သလို တဖျစ်တောက်တောက် ပြောဆိုလာသည့် အခါ၌ သူက ချော့မော့ ယုယ လိုက်လျှင် မအေးတင်ခမျာ ကျေနပ်သွားရရှာ၏။ ချော့၍မရဘဲ ကဲတက်လာသည့် အခါ၌ကား သူသည် မအေးတင်၏ နားရင်းကို ပိတ်အုပ်လိုက် တတ်သည်ဖြစ်၍ သနားစရာကောင်းလှသော မအေးတင်ခမျာ ချော့ရုံနှင့်သာ ကျေနပ် နေရရှာ၏။

သို့စေကာ သူ့၌ မအေးတင်အပေါ် ကရုဏာတရား ကင်း၍တော့ မဟုတ်ပါ။ ပြင်းပြထက်သန်လှသော ဝါသနာကို မစွန့်လွှတ်နိုင်၍သာ သူ့ဇနီးအား အနိုင်ကျင့်လိုသော စိတ်ထား မရှိပါဘဲနှင့် ရွတ်တိရွတ်ထိုး ပြုလုပ်ရခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ မအေးတင်အား သနားလှ၍ ဤဝါသနာဆိုးကို စွန့်လွှတ်

ပါတော့မည်ဟု ကြံရွယ်ဖူးသော်လည်း တကယ့် လက်တွေ့ အားဖြင့်မူ ငယ်ရွယ်စဉ်က စွဲမြဲလာသော ဝါသနာကို စွန့်လွှတ်ရန် မလွယ်ကူကြောင်း သိရသည့် အတွက် မအေးတင်ကို သနားလျက်နှင့်ပင် ဝါသနာကို မစွန့်နိုင်ဘဲ ရှိနေရသည်။

သို့သော် မအေးတင် အဖို့ဆိုလျှင်လည်း သူ့ခင်ပွန်းသည် ကြက်ဝါသနာမှ အပ အခြားလောင်းကစား မှုများ၌ ဝါသနာမပါ၊ အသောက်အစား ကလည်း ကင်းသောကြောင့် တော်သေးသည်ဟူသာ စိတ်ကို ဖြေနိုင်ပါသေးသည်။ ပြီးတော့ ဤကြက်နှင့် ပတ်သက်သော ကိစ္စမှအပ အခြားကိစ္စရပ်များတွင်မူ သူမ အလိုအတိုင်းသာ လိုက်လျော၍ သူမ သဘောအတိုင်း ဖြစ်စေကာ သူမ နိုင်းသလိုသာ ဆောင်ရွက် ပေးတတ်သောကြောင့်၊ တစ်နည်းအားဖြင့် သူ့၌ရှိသော ဤဝါသနာဆိုး အတွက် အပေးအယူ သဘောမျိုးဖြင့် ပြန်၍ လိုက်လျောခြင်း ဖြစ်သည်ဟု ထင်မြင်မိ၍ သူ့ချစ်လင်အပေါ် အချစ်တော် မပြယ်နိုင်ဘဲ ရှိခဲ့ရသည်။

ကိုသန်းမောင်သည် ဟာစ်တလားကို ကျကျနန နေရာချပြီးသည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်သို့ လှမ်းတက်ခဲ့ကာ မအေးတင်၏ ဈေးတောင်းကို ပြင်ဆင်ပေးနေ၏။ ငရုတ်သီး၊ ကြက်သွန်၊ ကွမ်းသီး၊ လက်ဖက်ခြောက်၊ ဆေး စသော တောက်တိုမည်ရ စားကုန်သောက်ကုန်ကလေးများကို တောင်းထဲ၌ သူ့နေရာသူ သပ်သပ်ရပ်ရပ် စီစဉ် ခင်းကျင်းနေ၏။ ချိန်ခွင်နှင့် အလေးများ ကိုလည်း ဟိုမှ သည်မှ လိုက်လံရှာဖွေ ထည့်သွင်းနေ၏။

စောစောက မကျေမနပ်ဖြစ်လျက်ရှိသော မအေးတင်သည် ခုတော့ ကိုသန်းမောင်၏ လုပ်ပုံ ကိုင်ပုံများကို ကြည့်ရင်း စိတ်တွင်း၌ ကျေနပ်လျက် ရှိ၏။ သည်လို အလိုက်သိတတ်တာကလေးတွေ ကြောင့်ပင် သူမ ပင်ပန်းကြီးစွာ ရှာဖွေရသော ငွေစကလေးများကို တစ်ခါတစ်ရံ ကြက်ပွဲ၌ ဖြုန်းတီးပစ်လိုက် စေကာမူ သူမမှာ စိတ်မဆိုး သာဘဲ ရှိနေရသည် မဟုတ်လား။ "အေးတင်ရေ ...

ဈေးရောင်းမထွက်ခင် ရေဆင်းချိုးလိုက်ပါဦးလား၊ ဒါမှ လူတစ်ကိုယ်လုံး လန်းလန်း ဆန်းဆန်း ဖြစ်သွားမယ်"

အင်း ... ဒီလိုဆိုတော့လည်း သူ့ကြက်ကို ဂရုစိုက်သလို ငါ့ကို သူ ဂရုစိုက်ဖော် ရသားပါကလား။ သူမကား သူ့ချစ်လင်၏ လိုအင်ဆန္ဒကို ကြည်နူးစွာ လိုက်လျောသော အားဖြင့် ရေဆင်းချိုးနေလိုက်၏။ သူမ ရေချိုးပြီး ၏၌ တက်လာသည့် အခါ၌ကား ကိုသန်းမောင်သည် ထမင်းအိုး တည်ရန် ဆန်ဆေး နေသည်ကို သူမ မြင်ရ၏။

"အေးတင်ရေ ... ဘာဟင်းနဲ့ စားချင်တယ်ဆိုတာ မှာပစ်ခဲ့ဟေ့။ နင် ဈေးရောင်းက အပြန် ကောင်း ကောင်းမွန်မွန် စားရအောင် ငါကျကျနန ချက်ထားလိုက်မယ်"

ဤမျှလောက်အထိ မအေသေးသော မအေးတင်သည် ကိုသန်းမောင်၏ လောကွတ်များကို သံသယ ဖြစ်စ ပြုလာ၏။ ခါတိုင်း ခါတိုင်းတွင်လည်း ကိုသန်းမောင်သည် သူမ ပင်ပန်းတကြီး ဈေးထွက်ရောင်းနေရသည်ကို ထောက်ညှာ သောအားဖြင့် မိန်းကလေး အလုပ်ဖြစ်သော အိမ်တွင်းမှု ဟဟိရ များ၌ ဝင်ရောက် လုပ်ကိုင် ပေးတတ် သည်မှာ မှန်ပါ၏။ သို့သော် ယနေ့တွင်ကား ခါတိုင်းထက် ပိုမိုထူးခြားကာ သူမအား ဂရုတစိုက်ရှိလှ သဖြင့် ကိုသန်းမောင်၏ လောကွတ်သည် ဘာကို လို၍ ဖြစ်ကြောင်း သူမ နားလည်နေပါပြီ။

"အမယ် ... တော်က ဒီကနေ့မှ စေတနာတွေ ရေစီးကမ်းပြို လိုက်နေပါ ကလား .... ကျုပ် သိပါတယ်တော်၊ ကျုပ်ကို ချော့ပြီး ကြက်တိုက်ပွဲ အတွက် ငွေတောင်းဦးမလို့ မဟုတ်လား"

"ဟော ... အေးတင်ကတော့ ငါ့ကို ဘယ်တော့မှ အကောင်းမထင်ဘူး။ ကြက်တိုက်ပွဲက ချိန်းရက် မစေ့သေးပါဘူး။ ချိန်းရက် ရောက်တဲ့အခါ ငွေ ငါးဆယ်လောက် တောင်းမယ်လို့ ကြံထားတာတော့ မှန်ပါတယ်။ ဒါပေမဲ့

အခုဟာက နင့်ဈေးရောင်းက ပင်ပင်ပန်းပန်း ပြန်လာတဲ့အခါမှာ ကောင်းကောင်း မွန်မွန်ကလေး စားပါစေတော့ လို့ တကယ့်စေတနာနဲ့ ငါ ပြောတာပါဟ”

“တော်ပါရှင် ... ကြက်ပွဲနဲ့ ပတ်သက်ပြီးထားတဲ့ တော့စေတနာကို ကျုပ် ဘယ်တော့မှ အကောင်း မထင်နိုင်ပါဘူး။ ကျုပ်ကို တကယ် သနားတယ်ဆိုရင် ကျုပ် ပင်ပင်ပန်းပန်း ရှာဖွေနေတဲ့ ငွေကို ကြက်ပွဲမှာ ဖြုန်းပစ်ဖို့ စိတ်မကူးဘဲ ကြက်ကို ဖြတ်ပစ်လိုက်မှပေါ့။ အခုတော့ တစ်ဖက်က ကျုပ်ကို သနားချင် ယောင်ဆောင်ပြီး တစ်ဖက်က ကျုပ်ကို ညှဉ်းဆဲနေတယ်။ တောင်းမယ့်ငွေ ငါးဆယ်ကို မပေးရင်လည်း တော် ကျုပ်ကို အကြမ်းဖက်ပြီး နိုပ်စက်ဦးမှာမို့ ချိန်းရက်စေ့တော့ တော်လိုချင်တဲ့ ငွေကို ရပါစေ့မယ်။ အဲဒီငွေကို နတ်လိုက် ရင် ငွေရင်းကလေးတော့ ပြုတ်လုပြုတ်ခင် ဖြစ်သွားမှာပဲ”

ကိုသန်းမောင်ကား အတော်ကလေးပင် စိတ်မကောင်း ဖြစ်သွား၏။ သူ့ဇနီးအပေါ် သူ ထားရှိသော စေတနာသည် ဘယ်လောက်ပင် မွန်မြတ် သန့်ရှင်းစေကာမူ ကြက်ဝါသနာကိုသာ မစွန့်လွှတ်နိုင်သမျှ အလဟဿသာ ဖြစ်နေရပေမည်။ သို့ဖြင့် ငယ်စဉ်ထဲက အစွဲအမြဲ ကြီးလာခဲ့သော ကြက်ဝါသနာ ကိုလည်း မစွန့်လွှတ်နိုင်၊ သူ့ဇနီး၏ တကယ့် စေတနာမရှိဟူသော စွပ်စွဲချက် ကိုလည်း မခံချင်ဖြင့် အကျပ်ကျပြီး ငိုင်တွေ၍သာ နေလိုက်မိ၏။

“ကဲ .... ဒီမှာ တောင်းကလေးကို တစ်ဆိတ်လေမာက် လာပင့်ပေးပါဦး ဆရာကြီးရဲ့၊ လိုတဲ့ငွေကို ရပါစေ့မယ်လို့ ပြောထားမှဖြင့် မျက်စိမျက်နှာ ပျက်မနေပါနဲ့တော့”

သူသည် သူ့ဇနီးဘက်သို့ လှည့်ကြည့်လိုက်၍ အတော်ကလေး ကြာအောင် စိုက်ကြည့်နေ၏။ နောက် တစ်လှမ်းချင်း လျှောက်သွားကာ အနီးကပ် ကြည့်နေပြန်၏။ နေပူခံအတွက် သနပ်ခါးထူထူ လိမ်းထားသော မျက်နှာ ကလေးနှင့် ဖျင်ကြမ်းအင်္ကျီ၊ သရက်ထည်ပွင့်ရိုက် လုံချည်ကလေးများနှင့် တန်ဆာ

ဆင်ထားသော သူ့ဇနီး၏ ရုပ်ရည်ကား ခါတိုင်းရုပ်ရည်မျိုးပင် ဖြစ်ပါသည်။ စိုပြည်တောင့် တင်းသော အသားအရေနှင့် ကိုယ်လုံး ကိုယ်ပေါက်မှာလည်း ယခင်ကအတိုင်းပင် ဖြစ်ပါသည်။ သို့ပါလျက် ဘာ့ကြောင့် အထူးအဆန်း လုပ်ပြီး စိုက်ကြည့်နေမိသည် ဆိုတာကိုတော့ သူ့ဟာသူပင် သတိမထားမိပါ။

"ငါ တကယ်ပြောနေတပါ အေးတင်ရာ ... နင် စားချင်တဲ့ ဟင်းကို ပြောသွားစမ်းပါ"

အတော်ကလေးကြာမှ သူ့နှုတ်မှ စကားလုံးများသည် တစ်လုံးချင်း ထွက်ပေါ်လာ၏။ မအေးတင်ကလည်း သူ့ချစ်လင်ကို တအံ့တဩ ပြန်ကြည့်နေ၏။ ယနေ့ ကိုသန်းမောင်ကား အပြောအဆိုရော၊ အမူအရာပါ ခါတိုင်းနှင့်မတူ တစ်မူထူးနေ၏။ သူမသည် အလုပ်ကို ကြိုးကြိုးပမ်းပမ်း ပြုလုပ်သလောက် အစားအသောက်တွင်မူကား မက်မက်မောမောနှင့် တောင့်တောင့်တတ မရှိလှဘဲ ဖြစ်သလိုနှင့်သာ စားသောက်တတ် သည်ကို သိပါလျက် အထူးအဆန်း လုပ်ပြီး မေးနေ၏။ သို့သော် သူ့ကြက်ပွဲ လောင်းဖို့ ငွေရအောင် တမင် လုပ်နေသည်ဟု ထင်မှတ်၍ ခပ်ပေါ့ပေါ့ပင် ပြန်ပြောလိုက်၏။

"အို တော် ... ချက်ချင်ရာ ချက်ပေါ့။ ကျုပ် အစားအသောက် ဇီဇာကြောင်တဲ့ မိန်းမဟုတ်ဘူးဆိုတာ တော် သိသားနဲ့"

"မဟုတ်ဘူး အေးတင်၊ နင်စားတဲ့ ဟင်းကို မပြောဘဲနဲ့ ငါ တောင်းပင့်မပေးဘူး၊ နင်လည်း ဈေးရောင်း မထွက်ရဘူး"

"ကဲ ... ကဲ ... ဒါဖြင့် ငါးခူငါးပိကောင်ကို ငရုတ်သီးများများနဲ့ ကြော်ထားလိုက်ပေတော့"

သူမသည် ဈေးရောင်းနေမြင့်နေမည်ကို စိုးရိမ်မိ၍ ပြီးစလွယ်ပင် ပြောကြားလိုက်၏။ သို့နှင့်လည်း မပြီးသေးဘဲ -

"ဒါပဲလားဟာ၊ ကောင်းကောင်းမွန်မွန် စားစေချင်လို့ ပြောခါမှ ငါးပိကောင် ကြော်ထားလိုက် ဆိုတော့ နင့်ဟာ မနိမ့် သေးပါဘူး"

"အို တော် ... ကရိကထ ခံပြီး တခြားဟာတွေ လျှောက်ချက်မနေပါနဲ့၊ နောက်ပြီး ကျုပ် ဘာစားချင် တယ်ဆိုတာ ကျုပ်ဟာကျုပ်လည်း မပြောတတ်ဘူး၊ ကဲ... တောင်းကို ပင့်ပါတော့ဘုရား၊ နေမြင့်လှပြီ"

"ဒါဖြင့် နင်ပြောတဲ့ ငါးပိကောင်ကြော်အပြင် တခြား ငါ စိတ်ကူးရတာကိုပါ ချက်ထားလိုက်မယ်နော်"

"သဘော ... သဘော ..."

သူမက မြန်မြန်ပြီးပါစေ ဟူသော သဘောဖြင့် သူ့အလိုသို့ လိုက်လျော လိုက်မှ ကျေနပ်သွားသလို တောင်းကို ပင့်ပေးလိုက်သဖြင့် သူမလည်း ဈေးရောင်း ထွက်ခဲ့ရတော့၏။ ကိုသန်းမောင်သည် ဈေးရောင်း ထွက်သွားသော သူမ၏ နောက်ပိုင်းကို ပျောက်ကွယ်သွားသည့်တိုင် စူးစိုက်ကြည့်ရှု၍ သက်ပြင်း တစ်ချက် ချလိုက်သည်ကို မအေးတင်ကတော့ မသိရှာ...။

~~~~~~~~~~~~
~~~~~~~~~~~~

(၃)

ကိုသန်းမောင် သည် မီးဖိုထဲ၌ တကုပ်ကုပ်ဖြင့် ထမင်းအိုးတည်ရင်း သူဘာစားချင်သည်ကိုမှ ပြောမပြ တတ်သော သူ့ဇနီး၏ ရိုးသားပုံကို တွေးတောသနားနေ၏။ ခါတိုင်း ကြက်တိုက်ရန်အတွက် ငွေတောင်းရာတွင် အလွယ်တကူနှင့် မရလျှင် အကြမ်းဖက်ပြီး တောင်းတတ်သည်ကို သိ၍၊ ယခု သူက မတောင်း ရသေးဘဲနှင့် အလိုက်သိစွာ ပေးပါမည်ဟု လိုက်လျောရှာ ပုံကိုလည်း ပြောမပြနိုင်အောင် ကရုဏာ သက်နေ၏။ ယခင်ကလည်း ဤသို့ပင် ကရုဏာဖြစ်ခဲ့ဖူးသော်လည်း ယခုတစ်ကြိမ်ကား ပို၍ လေးနက်၏။ ထို့ကြောင့် ယခု တစ်ပွဲပြီးလျှင် ကြက်ဝါသနာကို စွန့်လွှတ်ရန် ကြိုးစားပါမည်ဟု သန္နိဋ္ဌာန်ချထားလိုက်၏။

ထမင်းနပ်လျှင် ငါးပိကောင်ကို မအေးတင်မှာခဲ့သည့်အတိုင်း ငရုတ်သီးများများနှင့် ကြော်၏။ ငါးပိကောင်ကြော် ကျက်လျှင် မီးဖိုပေါ်၌ လက်ဖက်ရည်ကြမ်းအိုး တင်ပြစ်လျှက် ဟစ်တလား အနီးသို့ ကြက်မများ လာရောက်ခြင်း မရှိရန် စောင့်ကြပ်ကြည့်ရှုဖို့ မှာကြား ခဲ့ပြီး ရွာထဲသို့ ဘဲဝယ်ထွက်ခဲ့၏။ ရွာထဲရှိ အသိအိမ်မှ ဘဲတစ်ကောင်ကို မရမက ဝယ်ယူခဲ့ပြီး အိမ်သို့ပြန်ခဲ့၏။

နံနက် ၁၀ နာရီထိုးသည့် အခါ၌ကား ချက်ပြုတ်မှုကိစ္စအဝဝ ပြီးစီးသွားပြီဖြစ်၍ ကမ်းနားဆင်းကာ ရေချိုး နေ၏။ ရေချိုးမှ တက်လာသည့် အခါတွင်မူ လက်ဖက်ရည်ကြမ်းအိုးကို မီးဖိုထဲမှ ယူထုတ်ခဲ့၍ အိမ်ဦးခန်း၌ ထိုင်သောက်နေ၏။ မအေးတင်မှာ နေ့လယ် ၁ နာရီ ၂ နာရီလောက်မှ ဈေးရောင်းက ပြန်လာတတ်

သည်ဖြစ်၍ ယနေ့တော့ ဘယ်လောက်ပင် ဆာဆာ မအေးတင် ပြန်လာမှ အတူတကွ စားမည်ဟု အားခဲကာ ကြိတ်မှိတ် အောင့်အည်းနေလိုက်၏။

သူသည် လက်ဖက်ရည်ကြမ်းကို သောက်နေရာမှ ဟစ်တလားကို လှမ်းကြည့် လိုက်၏။ ကြက်မ တစ်ကောင်သည် ဟစ်တလားအနီးသို့ ရောက်လျက် ရှိသည်ကို မြင်လိုက်ရ၍ အလျင်အမြန် ထ မောင်းလိုက်ရ၏။ ဟုတ်သည်၊ လေ့ပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသူသည် အကယ်၍ ဖနီးရှိသူဖြစ်ပါက ဤရက်အတွင်း ဖနီးနှင့် ခေတ္တ ခွဲခွာရေးလုပ်ကာ အားမွေးနေသလို၊ ပြိုင်ပွဲဝင်မည့် သူ့ကြက်ကိုလည်း ခွပ်ရာတွင် အမောလုံ့ရန် ကြက်မများ နှင့် ကင်းကင်းရှင်းရှင်း ဖြစ်အောင် ဂရုစိုက်နေရခြင်း ဖြစ်သည်။

နောက် သူသည် တစ်စုံတစ်ရာကို သတိရသလို အလျင်အမြန်ပင် ဆောင်းနှင့် အုပ်ထားသော ကြက်မိသား တစ်စုထံ လျှောက်သွား၏။ ဆောင်းထဲမှ အရွယ်မရောက်သေးသော ကြက်လုံမငယ် တစ်ကောင်အား ဆွဲထုတ်ခဲ့၍ ခြေထောက်၌ ကြိုးတပ်ပြီး ဟစ်တလားအား ချည်နှောင်ထားသော ငုတ်တိုင်၌ပင် ချည်နှောင် ထားလိုက်၏။ ဟစ်တလားကား အထူးပင် ကျေနပ်သွားသလို ဟန်ရေးတပြပြနှင့် ဂေါ်စတိုင်တွေ ထုတ်နေ၏။ နောက် ကြောက်အားပိုနေ ရှာသော ကြက်မကလေးအား သွေးတိုးစမ်းသလို ဝေ့ကာ ဝိုက်ကာနှင့် အနီးသို့ မသိမသာ ချဉ်းကပ်သွားပြီးနောက် လိုက်ရစ်နေ၏။ သို့သော် ကြက်မကလေးမှာ အရွယ်မရောက်သေးသော အရိုင်းကလေးဖြစ်သဖြင့် ဟစ်တလား၏ ဘေးရန်မှ ကြောက်လန့် တကြား တိမ်းရှောင်နေ၏။

ဒါကိုကြည့်ပြီး ကိုသန်းမောင်သည် ကျေနပ်စွာ ပြုံးလိုက်သည်။ ကြက်မ ကလေးသည် အရွယ် မရောက်သေး သဖြင့် မလိုက်တတ်သေးသောကြောင့် ဟစ်တလား ဂေါ်သမျှ အလဟဿ ဖြစ်ရပေမည်။ တကယ်လို့ အတင်း အကျပ် ဂေါ်သည်တိုင် အရွယ်မရောက်သေးသည့် အတွက် ထမြောက်လိမ့်မည် မဟုတ်။ သည်နည်းဖြင့် ဟစ်တလားအဖို့ အားအင်ဆုတ်ယုတ်ရန် အကြောင်းမရှိဘဲနှင့်

ကြက်မကလေးကို တွေ့မြင်နေရ၍ အစဉ်သဖြင့် စိတ်တက်ကြွနေပေမည်။ ဒါသည် တိုက်ပွဲဝင်မည့် ကြက်တစ်ကောင် အတွက် လိုအပ်သော အချက်ပင် မဟုတ်လား။"

"ဟော့ သန်းမောင်ရ၊ ဘာများ သဘောကျလို့ တစ်ယောက်တည်း ပြုံးနေရတာလဲကွ"

သူသည် အသံလာရာဆီသို့ မော့ကြည့်လိုက်ရာ၊ သူ့အား ပြုံးပြုံးကြီး ကြည့်နေသော ကိုရွှေနိုင်ကို တွေ့ရ သဖြင့် -

"ဩော် ... ကိုရွှေနိုင်၊ လာလေဗျာ ... အိမ်ပေါ်မှာ လက်ဖက်ရည်ကြမ်း ရှိတယ်ဗျ။ ကျုပ်လည်း သုံးလေးခွက်ပဲ သောက်ရ သေးတယ်"

နှစ်ယောက်သား အိမ်ပေါ်သို့ တက်ကြပြီး လက်ဖက်ရည်ကြမ်းဝိုင်း၌ ထိုက်လိုက်ကြ၏။ ကိုရွှေနိုင်သည် လက်ဖက်ရည် ပန်းကန်ထဲသို့ လက်ဖက်ရည် ကြမ်းကို ငှဲ့ထည့်၍ သောက်ရန် ပါးစပ်ဆီသို့ ဟန်ပါပါ မြှောက်ယူ လိုက်ရင်း -

"ဘယ့်နှယ်လဲဟေ့ သန်းမောင်၊ မင့်ကြက်ကို စံကပင် ချိန်းဝိုင်းမှာ ဝိုင်းသွင်းမယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ဝိုင်းသွင်းပြီး တိုက်ဖို့ အခုလို ဂရုတစိုက် မွေးမြူနေတာပါပဲ၊ ဒါပေမဲ့ဗျာ အခုအပတ်မှာ အရင်အပတ်တွေကလောက် စိတ်ပါလက်ပါ မရှိလှဘူး"

"ဟင် ဘာဖြစ်လို့လဲကွ၊ မင့်ကြက်က စိတ်မချရလို့လား"

"မဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်တော် တိုက်လာသမျှ ကြက်တွေထဲမှာ အခု ဟစ်တလား ကို ကျွန်တော်စိတ်တိုင်း အကျဆုံးပါပဲ။ ဟစ်တလားရဲ့ အဖေဟာ ဝိုင်းတကာ့ဝိုင်းမှာ ဇော်ဆွဲခဲ့တဲ့ ကြက်မို့ သဘောကျ လွန်းလှတာနဲ့ ကြက်မ မျိုးကောင်းမျိုးသန့်ရှာပြီး သားဖောက် ယူထားလိုက်ရတဲ့ ကြက်ဗျ။ ငယ်စဉ် ထဲကစပြီး အခုအထိ စနစ်တကျနဲ့

ဂရုတစိုက် မေးလာတာမို့ စိတ်ကြိုက်သာ တိုက်ရရင် နိုင်မယ်ဆိုတာ သေချာပါတယ်ဗျာ။ ဒါပေမဲ့ …”

သူသည် စကားကို ရှေ့မဆက်တော့ဘဲ အဝေးသို့ မျှော်ငေးကာ ရပ်ထားလိုက် သဖြင့် ကိုရွှေနိုင်တွင် အံ့ဩသွားရ၏။ ခါတိုင်းခါတိုင်းက ကြက်ပွဲနီးလေ … အာဝဇ္ဇန်းရွှင်လေနှင့် ဖြစ်ခဲ့သော ကိုသန်းမောင်သည် ယခုလို သေချာပေါက်နိုင်မည့် ကြက်တွင်မှ စိတ်ပါလက်ပါ မရှိလှပဟု ဆိုခြင်းကား သူ့အဖို့ ဆန်းနေ၏။ ထို့ကြောင့် ကိုင်မြှောက် ထားသော လက်ဖက်ရည်ပန်းကန်ထဲမှ လက်ဖက်ရည်ကို ခပ်သုတ်သုတ် သောက်ချ လိုက်ပြီးနောက် -

“ဒါပေမဲ့ ဘာဖြစ်သလဲ၊ ဆက်စမ်းပါဦးကွ” ဟုတိုက်တွန်းလိုက်ရ၏။

“အခုတလော အေးတင်ကို ကျွန်တော် သိပ်သနားတယ်ဗျာ၊ ခမျာ မိုးလင်းထဲက ဈေးရောင်းထွက် သွားလိုက်ရတာ နေ့လယ် ၁ နာရီ၊ ၂ နာရီလောက်မှ ပြန်ရောက်လာပြီး နံနက်ထမင်း စားရတယ်ဗျ၊ သူ အဲဒီလို ပင်ပင်ပန်းပန်း သွားလာ ရောင်းဝယ်နေတုန်း ကျွန်တော်က အိမ်မှာ အေးအေးထိုင်ပြီး စားချိန်တန်စားနဲ့ နေရတာ အားမရသေးလို့ တစ်ခါတလေ သူ့ငွေကို အကြမ်းဖက်တောင်းပြီး ကြက်ပွဲမှာ ဖြုန်းပစ်လိုက်သေးတယ်။ ဒီနေ့ တော့လေ ကြက်ပွဲမှာ လောင်းဖို့ငွေကို ကျွန်တော်ကတောင် မတောင်းရသေးဘူး၊ သူက ရပါစေ့မယ်တဲ့၊ အဲဒါက ကျွန်တော့်စိတ်ကို သာပြီးတော့ ထိခိုက်သေးတယ်။ ဒါကြောင့် အေးတင်လည်း စိတ်ချမ်းသာရအောင် ဒီတစ်ပွဲ ပြီးရင် ကြက်ဝါသနာကို စွန့်လွှတ်လိုက်မယ်လို့တောင် ဆုံးဖြတ်ထားတယ်”

ဤတွင်မှ ကိုရွှေနိုင် ရှင်းလင်းသွားကာ အားရပါးရ ရယ်မောလိုက်ရင်း

“အေးကွာ … ဒီဝါသနာကို စွန့်ပစ်နိုင်ရင်တော့ အကောင်းဆုံးပေါ့ကွာ။ ဒါပေမဲ့ ဒီတစ်ပွဲတော့ လုပ်ပါ ဦးကွာ၊ ငါလည်း မင့်ကြက်ဘက်က ငွေနှစ်ဆယ် လောက် လောင်းမယ်လို့ စိတ်ကူးထားလို့ပါ” ဟု ပြောလိုက်ကာ

"ပြန်ဦး မယ်ကွာ၊ လုပ်စရာလေးရှိသေးတယ်" ဟု နောက်ဆက်တွဲ ထပ်ဆက်၍ ထ ပြန်သွားတော့၏။

အချိန်ကား နေမွန်းတည့်သို့ပင် ရောက်နေလေပြီ။ ကိုသန်းမောင်၏ ဝမ်းထဲ၌ကား တကြုတ်ကြုတ် အော်မြည်ကာ ဆာလောင်လှပြီ။ အစာပေးပါဟု ဆန္ဒပြ တောင်းဆိုနေ၏။ သို့သော် သူသည် တောင်းဆိုချက်ကို မလိုက်လျောဘဲ ဖိစီးချုပ်ချယ်ထားကာ မအေးတင် ပြန်လာမှ ရမည်ဟု သူ့ဝမ်းသူ နှစ်သိမ့်ထားရ၏။

သူသည် မအေးတင် ပြန်လာမည့်လမ်းကို မျှော်မှန်း၍ ကြည့်လိုက်၏။ အလို .... သူ့ရင်ထဲ၌ ဝမ်းသာသွား၏။ ဟိုအဝေးမှ သူ့ဇနီးသည် နွမ်းရိစွာပင် ပြန်လာနေပါပြီ။ နေပူကျဲကျဲ၌ ပြန်လာရသဖြင့် အတော်ကလေး ပင်ပန်း လာဟန် ခြေလှမ်းကို မလှမ်းချင့်ချင့် လှမ်းချင့်ချင့်နှင့် လှမ်းနေ၏။ ယနေ့လို သူမျှော်နေသည့် နေ့ကျမှ ခါတိုင်းထက် စောစွာ ပြန်လာခြင်း အတွက်လည်း သူ့စိတ်တွင်း၌ ကျေနပ်နေ၏။

သူသည် အိမ်ပေးမှ လှမ်းဆင်းခဲ့၍ တစ်လှမ်းချင်း လျှောက်နေသော မအေးတင်ထံသို့ အပြေးကလေး သွားကြိုမိ၏။ ရောက်လျှင် ရောက်ချင်း မအေးတင် ခေါင်းပေါ်မှ ဈေးတောင်းကို ယူထမ်းလိုက်၍ "ဒီနေ့တော့ ငါဟာ ပျင်းလိုက်တာမှ ဝီခေါ်နေတာပဲ၊ နင် လာမယ့်လမ်းကိုသာ ငါ ထိုင်မျှော်နေတာပဲ" ဟု ဝမ်းသာ အယ်လဲ ပြောဆို လိုက်၏။

မအေးတင်၏ မျက်နှာပေါ်မှ မောပန်းနွမ်းနယ်သော အသွင်သည် ချက်ချင်းပင် ပျောက်ကွယ်သွား၍ ကျေနပ်နှစ်သိမ့်သော အရိပ်အယောင် ကလေးများ ယှက်သန်းလာ၏။ ခါတိုင်းနှင့် လုံးဝမတူသော အပြောအဆို အပြုအမူများကြောင့် သူ့စိတ်သည် တကယ်ပင် ပြောင်းလဲလာခြင်းများလားဟု လက်ခံတွေးတောစပြု၏။

အိမ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ကိုသန်းမောင်သည် ဈေးတောင်းကို ချ၍ ရှင်းလင်းနေ၏။ အသွားတုန်းက ပါသွားသော ငရုတ်သီး၊ ကြက်သွန်၊ ဆီ စသည့် ကုန်ကလေးများနှင့် ဖလှယ်လာခဲ့သော ငါးခြောက် ငါးခြမ်းကလေးများကို ဂုန်နီအိတ် တစ်လုံးထဲသို့ ထည့်သွင်းနေ၏။ အားလုံး ရှင်းလင်းသိမ်းဆည်းပြီးမှ မောမောနှင့် ခြေပစ်လက်ပစ် ထိုင်နေသော မအေးတင်ထံသို့ လက်ဖက်ရည်ကြမ်းအိုးကို ရွှေ့ယူသွားကာ "အမောပြေ သောက်လိုက်ဦး၊ ပြီးတော့မှ ထမင်းစားမယ်" ဟု ပြောဆိုလိုက်၏။

မအေးတင်ကား ထူးခြားလှသော သူ့ခင်ပွန်းသည်ကိုသာ မျက်လုံးဝိုင်းကြီးဖြင့် လိုက်ကြည့်နေ၏။ ကိုသန်းမောင် ကတော့ မည်သို့မျှ မထူးခြားသလို လုပ်စရာ ရှိသည်များကို တစ်ခုပြီးတစ်ခု လျှောက်လုပ်ရင်း တစ်ချက်တစ်ချက်တွင်လည်း မအေးတင်ဘက်သို့ စကားလှည့်၍ ပြော၏။

"ငါ့ပဲ နင်နဲ့မှ တစ်ပါတည်း စားမယ်ဆိုပြီး နင့်ကို စောင့်နေလိုက်ရတာ၊ ဆာလိုက်တာမှ လူကို လိမ့်နေတာပဲ"

မအေးတင်အဖို့ ဤစကားသည်လည်း အထူးအဆန်း ဖြစ်နေပြန်၏။ ခါတိုင်းတွင်မူ ထမင်းဟင်းကို ချက်ပြုတ် ထားသော်လည်း သူမ မရောက်မီပင် ခူးခပ် စားသောက်ပြီး၊ ကြက်တစ်ကောင်နှင့် ရွာရိုးလျှောက်နေတတ်၍ သူမ ပြန်လာသည့်အခါမှ သူမဟာ သူမ စားရမြဲဖြစ်၏။ ယနေ့တော့ သူမနဲ့အတူ စားချင်လို့ အစာခံပြီး စောင့်နေ ပါသတဲ့။

"နေပါဦး၊ တော် ဒီနေ့ သိပ်ထူးနေပါကလား။ ကျုပ်တော့ တော့်ကို ကြည့်ပြီး ဝမ်းသာရတော့ မလိုလို၊ ဝမ်းနည်းရတော့ မလိုလိုနဲ့ ကျုပ်ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတာပဲ"

မအေးတင်၏ စကားကို လေ့လာကြည့်လျှင် ကိုသန်းမောင်၏ ပြောင်းလဲမှုများအတွက် ကျေနပ်ဝမ်းမြောက် လျက်ရှိသော်လည်း တစ်ဖက်က

ဟန်ဆောင်နေတာများလား ဟုလည်း သံသယကလေး ရှိနေသေးကြောင်း အထင်းသား ပေါ်လွင်နေသည်။

"အေး .... ရှေ့ကို ဒါထက် ထူးလာဦးမယ်၊ စောင့်သာ ကြည့်ပေတော့၊ ဒါပေမဲ့ အဲဒီ ထူးလာသမျှဟာ ဝမ်းသာဖို့ချည်းပဲ ဖြစ်ရမယ် ဆိုတာကိုတော့ ကြိုပြီး တွက်ထားပေတော့။ ကဲ ဒါထက် ထမင်းစား ကြရအောင်နော်၊ ငါတော့ ဆာလှပြီ" မအေးတင်က ကျေကျေနပ်နပ်ကြီး ပြုံးကာ ခေါင်းညိတ်လိုက်သဖြင့် ကိုသန်းမောင်သည် မီးဖိုထဲသို့ ဝင်ရောက် ရူးခပ်နေ၏။ ဤတွင် မအေးတင်လည်း တစ်စုံတစ်ရာကို သတိရသလို ပြုန်းခနဲ ထရပ်လိုက်ကာ မီးဖိုဘက်သို့ လျှောက်လာရင်းမှ "ဩော် .... ခုမှ သတိရတယ်၊ ထူးထူးဆန်းဆန်း ချက်ထားမယ်ဆိုတာ ဘာတွေများ ချက်ထားသလဲ" ဟုမေးလိုက်၏။

"အိုကွာ၊ ထမင်းပွဲရောက်တော့ ဘာဟင်းဆိုတာ သိရမှာပေါ့၊ သွားပါ။ ပင်ပန်းလာတဲ့သူပီပီ အိမ်ရှေ့မှာ ကုန္နြေရရ သွားနစမ်းပါ" စောစောက သံသယ စိတ်ကလေး တစ်ဖက်နှင့်သာ ဝမ်းမြောက်ရရှာသော မအေးတင်သည် ယခု အချိန် တွင်မူ လုံးဝပင် ပျော်ရွှင်သလို ဖြစ်လာကာ ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် အိမ်ရှေ့သို့ သွားရောက် ထိုင်စောင့် နေရ၏။ အတန်ကြာသောအခါ ကိုသန်းမောင်သည် လင်ပန်း တစ်ချပ်ထဲတွင် ဟင်းရံပွဲများကို စီစဉ် ခင်းကျင်းပြီး ယူထုတ်ခဲ့ကာ သူမ အနီးတွင် ချထားလိုက်၏။ သူမသည် ဘာဟင်းတွေများလဲဟု သိလိုဇောဖြင့် စူးစမ်းကြည့် လိုက်ရာတွင်၊ ဘဲသားဟင်း ပန်းကန်ကို မြင်လိုက်၍ သူမ မျက်လုံးပြူးသွား၏။

"ကြည်းစမ်း..... တော် ဘဲဝယ်ချက်တယ်ပေါ့လေ၊ သက်သက် အကုန်ခံလို့တော်။ ကျုပ်က အိမ်မှာရှိတဲ့ ငါးခြောက် ငါးခြမ်းကလေးနဲ့ပဲ သင့်သလို ကြည့်ချက်လိမ့်မယ် အောက်မေ့နေတာ"

"မပာတ်ဘူး အေးတင်ရ၊ တစ်ခါတလေ ဟင်းကောင်းချက်စားတာနဲ့ ဘယ်လောက်များ ကုန်သွားမှာမို့လဲ၊ ဟင်းကောင်း ကောင်းကလေး စားပါစေဆိုပြီး တပင်တပန်း ချက်ထားရတဲ့ စေတနာဟာ နင်ပြောသလိုဖြင့် အလကား ဖြစ်ကုန်ပါပြီဟာ"

ကိုသန်းမောင်က စိတ်ပျက်သံကြီးနှင့် ညည်းညည်းညူညူ ပြောလိုက်သဖြင့် သူမတွင် ပြောင်းလဲစ ပြုနေသော ကိုသန်းမောင်၏ စိတ်စေတနာကို ထိခိုက်အောင် ပြောဆိုမိလေပြီဟု နောင်တရသွားကာ "ကဲ တော် စိတ်မကောင်း ဖြစ်မနေပါနဲ့တော့၊ ချက်ပြီးမှဖြင့်လည်း စားရုံရှိတာပေါ့။ တော် စေတနာနဲ့ ချက်တဲ့ ဟင်းမို့ ကျုပ်ကလည်း အားရပါးရ စားပြပါ့မယ်"

နှစ်ယောက်သား လက်ဆေး၍ ထမင်းဝိုင်းတွင် ဝင်ရောက်စားသောက်ကြ၏။ ကိုသန်းမောင်က ခေါင်းရင်း ဘက်က ဖြစ်၍၊ မအေးတင်က ခြေရင်းဘက်မှ ဖြစ်၏။ မအေးတင်သည် သူ့စိတ်ကူးနှင့်သူ ခေါင်းငုံ့ စားသောက်လျက် ရှိရာမှ တစ်စုံတစ်ရာ ပြောစရာရှိသလို ခေါင်းပြန်မော့လိုက်ကာ "တော် ကျုပ်ကို အဲဒီလို ဟင်းကောင်း ချက်ကျွေးတာထက် ကြက်ပွဲကိုသာ ဖြတ်နိုင်မယ်ဆိုရင် ကျုပ် သိပ်ဝမ်းသာမှာပဲ၊ အဲဒီလို ကြက်ပွဲ ကိုသာ ဖြတ်နိုင်မယ် ဆိုရင်လေ .... အို ... တော့်ကို ကျုပ် သိပ်ကျေးဇူးတင်မှာပဲ"

ကိုသန်းမောင်သည် မအေးတင်ကို ငေးစိုက်ကြည့်နေ၏။ နောက် တစ်ချက်မျှ မသိမသာ ပြုံးလိုက်ကာ "ဒီမှာ အေးတင်၊ ငါ့အဖို့ ဒီနေ့ဟာ တော်တော် ပျော်စရာ ကောင်းတယ်၊ ရှေ့ကို ဒါထက် ပျော်စရာကောင်းတဲ့ နေ့တွေ ဖြစ်အောင် ကြိုးစားမယ်လို့ ငါဆုံးဖြတ်ထားတယ်။ အခုနေမှာ ငါ ဒါလောက်ပဲ ပြောချင်သေးတယ်"

အမှန်ကတော့ ကိုသန်းမောင်သည် သူ့ဝါသနာအရ မအေးတင်၏ လိုလားချက်ကို သွယ်ဝိုက်၍ ကတိပေးနေခြင်းဖြစ်သည်။ ရိုးသားလှသော

မအေးတင်ကတော့ ဤအချက်ကို မရိပ်မိသော်လည်း ကိုသန်းမောင်၏ စကားအရ ပျော်ရွှင်ဖွယ်ရာ ပြောင်းလဲမှု တစ်ခုခု ဖြစ်လာလိမ့်မည်ဟုကား နားလည်ထား၍ ကျေနပ်နေ၏။ ထိုနေ့ ထိုရက်ကား သူမတို့ နှစ်ဦးအဖို့ ပျော်စရာနေ့ အဖြစ်သာကုန်ဆုံးသွား၏။

~~~~~~~~~~~
~~~~~~~~~~~

(၄)

ကြက်တိုက်ပွဲအတွက် ချိန်းရက်ကား ရောက်လာလေပြီ။ ဤချိန်းဝိုင်းမှာ ဒိုင်လုပ်သူက ပုလိပ်အရာရှိများအား ကျေနပ်အောင် ငွေထိုး၍ အထင်ကရ ပြုလုပ်သော ချိန်းဝိုင်းဖြစ်ရာ၊ အနယ်နယ်မှ ကြက်သမားကြီးများနှင့် နာမည်ကျော် ကြက်သမားကြီးများနှင့် နာမည်ကျော် ကြက်ပေါင်းစုံများ စုံညီလာတတ်၏။ ရောက်လာသမျှ ကြက်များအား ဒိုင်လုပ်သူက လက်ခံစစ်ဆေး၍ အလုံးအရပ်တူ၊ အရွယ်တူ ကြက်များအား ရွေးထုတ်၍ နစ်ဖက်သော ကြက်ရှင်များအား တွေ့ဆိုင် ချိန်းပေး၏။ နှစ်ဦးသဘောတူလျှင် ဝိုင်းသွင်း တိုက်ကြရန် ပင်ဖြစ်သည်။

ဤနေကတွင် ကိုသန်းမောင်သည် အစောကြီးထ၍ ကြက်ကို ရေပေး နေ၏။ ရေပေးပြီး၍ ကြက်ကို ရင်ခွင်တွင် ယုယစွာပိုက်ကာ ပြန်တက်လာခဲ့သည့် အခါ၌ လက်တွင် ဆယ်တန်ငွေစက္ကူ ငါးချပ်ကို ကိုင်ကာ အိမ်ဝမှ အသင့် စောင့်နေသော မအေးတင်ကို တွေ့မြင်ရ၏။ သူမ၏ မျက်နှာတွင်ကား ယခင့် ယခင်တုန်းကလို အလိုမတူ သဖြင့် စူတူတူ အမူအရာမျိုး မဟုတ်တော့ဘဲ ကျေနပ်ကြည်ဖြူ အလိုတူ နေသလို ပြုံးပြုံးရွှင်ရွှင်ပင် ရှိနေ၏။

"ရော့.... တော်လိုချင်တဲ့ ငွေငါးဆယ်၊ အိမ်မှာ ရောင်းချစရာကုန်စည် လက်ကျန် မရှိတော့လို့ ကျုပ် ဒီနေ့ ဈေးရောင်း မထွက်တော့ဘူး၊ တော်လည်း ကြက်ပွဲပြီးရင် ရှုံးရှုံးနိုင်နိုင် ဟိုဟိုဒီဒီဝင်မနေဘဲ အိမ်ကို တစ်ခါတည်း တန်းပြန်ခဲ့နော်၊ ကျုပ်မျှော်နေမယ်"

ကိုသန်းမောင်သည် သူ့အား လက်ကမ်းပေးနေသော ငွေစက္ကူကလေးများအား လှမ်းယူခြင်း မပြုသေးဘဲ အတန်ကြာ အောင်ပင် ခပ်တွေတွေကလေး ငေးကြည့်နေ၏။ နောက် မချိုပြုံးဟု ခေါ်မလား.... ရက်ပြုံး ဟု ခေါ်မလား..... မလုံမလဲသော အပြုံးဟုပဲခေါ်ရမလား၊ အမှန်ကဤသုံးမျိုးစလုံးပင် အကျုံးဝင်သော အပြုံးမျိုးကို ပြုံးလိုက်၍ လေးတွန့်ဆုတ်သော လက်ဖြင့် ငွေစက္ကူများကို လှမ်းယူကာ သူ့အိတ်တွင်းသို့ အသာအယာ ထည့်လိုက်၏။

"ငါ ဒီတစ်ခါ နင့်ဆီက ငွေကိုယူရတာ စိတ်ထဲသိပ်မကောင်းဘူး၊ ဝမ်းနည်းသလိုလို ဖြစ်နေမိတယ်။ ဒါပေမဲ့ကွာ... ဟစ်တလာဟာ ငယ်စဉ်ကထဲက စပြီး မျှော်လင့်တကြီးနှင့် ကရိကထခံပြီး မွေးလာရတဲ့ ကြက်မို့ တစ်ပွဲ တစ်လမ်းမှ မစမ်းလိုက်ရရင် မွေးရကျိုး မနပ်ဘဲ အလဟဿ ဖြစ်သွားမှာမို့သာ ငါယူရတာပါဟာ။ ကဲ... ငါသွားမယ်နော်၊ ကြက်ပွဲပြီးပြီးချင်း ငါပြန်လာခဲ့မယ်၊ စိတ်သာ ချနေနော်....."

မအေးတင်က ကျေကျေနပ်နပ်ကြီး ပြုံးကာ ခေါင်းညိတ်လိုက်သဖြင့် ကိုသန်းမောင်သည် ကိုရွှေနိုင် အိမ်ဘက်သို့ ထွက်ခဲ့တော့၏။ ကိုရွှေနိုင်အား သူ့အိမ်၌ မတွေ့ရဘဲ ကိုရွှေနိုင်၏ ဇနီးကိုသာ တွေ့ရသဖြင့် မေးမြန်း ကြည့်ရာ၊ ဘုံဆိုင်သို့ ညွှန်လိုက်သောကြောင့် အမှိုင်၏ ဘုံဆိုင်သို့ လိုက်လာခဲ့ရ၏။

အမှိုင်၏ အရက်ခန်းထဲသို့ ရောက်သောအခါ ကိုရွှေနိုင်ကိုသာမက ကိုသန်းမောင်၏ ဟစ်တလာဘက်မှ အလောင်းအစား ပြုမည့် အခြားလူရွယ်လေးငါးဦးကိုပါ တစ်ပါတည်းတွေ့မြင်ရ၏။ သူတို့၏ ရှေ့၌ အရက်ပုလင်းကိုထောင်၍ ပဲကြီးလှော်နှင့်မြည်းနေကြ၏။

"ဟုတ်လည်း ဟုတ်တဲ့ လူတွေပဲ၊ မိုးလင်းစ ရှိသေး၊ အရက်ဆိုင်ကို အရင်ရောက်နေကြတာကို....."

ကိုသန်းမောင်က သူတို့ကို စေ့စပ်သေချာစွာ ကြည့်၍ ကဲ့ရဲ့ရှုတ်ချခြင်း မကင်းသော အသံဖြင့် ပြောဆို လိုက်၏။ သူကား ကြက်ကို စနစ်တကျ မွေးမြူ၍ အလောင်းအစားနှင့် တိုက်ရန် ဝါသနာထုံသော်လည်း ဖဲ၊ ကက် စသော အခြား လောင်းကစားခြင်းမျိုးနှင့် အရက်သေစာ သောက်စားခြင်းကိုတော့ လုံးဝ နှစ်သက်သူ မဟုတ်ပေ။

ဟဲဟဲဟဲ၊ ကြက်နဲ့ အရက်ဆိုတာက မိတ်ဖက်ကိုကွ၊ ကြက်သားချက်တဲ့ အခါမှာ အရက်ကိုသာ ပြေးပြီး သတိရတတ်သလို ကြက်ပွဲသွားတဲ့အခါမှာလည်း အရက်ကလေး သောက်သွားမှသာ အချိုးက ဖြစ်သွားမှာပေ့ါ၊ ကဲ ကဲသန်းမောင် စောင့်နေရတာ အားနာစရာကွာ၊ ကျန်တာလေးကို ခပ်မြန်မြန် လက်စသတ် လိုက်ကြဟေ့"

ကိုရွှေနိုင်က အရက်သမား စတိုင်မျိုးဖြင့် အရက်သံပါပါ ပြောဆို လိုက်ကာ ပုလင်းထဲရှိ လက်ကျန် အရက်များအား ဖန်ခွက်ထဲသို့ လောင်းထည့် ပေးလိုက်သဖြင့်၊ လူငယ်တစ်ဦးက ဆတ်ခနဲ ကောက်ယူ လိုက်ကာ တစ်ရှိန်တည်း မော့ချလိုက်၏။ နောက်သူတို့သည် ငွေရှင်းပေးခဲ့၍ စံကပင် ချိန်းဝိုင်းဆီသို့ တပျော် တပါးကြီးထွက်ခဲ့ကြတော့၏။

"ဟေ့ သန်းမောင်၊ မင်းကြက်ဟာ ဘယ်အချိန်မှာ အခါရသလဲ၊ ဘယ်အချိန်မှာ တိုက်ရင် နိုင်မယ်ဆိုတာ မင်း အခါ ရွေးပြီးပြီလား"

ကိုရွှေနိုင်က ကြက်ကိုပိုက်၍ စိုက်စိုက် စိုက်စိုက်နှင့် လျှောက်နေသော ကိုသန်းမောင်အား လှမ်းမေး လိုက်၏။ ကိုသန်းမောင်သည် တွေးကွက်တစ်ခုတွင် နစ်မျောနေရာမှ ကိုရွှေနိုင်၏ မေးခွန်းသို့ အာရုံပြောင်း လိုက်ကာ-

"ဟုတ်ကဲ့၊ ရွေးပြီးပါပြီ၊ နံနက် ၈ နာရီခွဲက နေပြီး ၁၁ နာရီအထိ အခါရမယ်။ အဲဒီအချိန်မှာ တိုက်ရရင်တော့ မလွဲတမ်း နိုင်မယ် ပေါ့ဗျာ"

"အဲဒီ အခါရွေးတာ ဘယ်လိုရွေးသလဲကွ၊ လုပ်စမ်းပါဦး၊ မှတ်သင့်လည်း မှတ်ထားရအောင်ပေါ့ကွာ"

"ဟုတ်ကဲ့ပြောတာပေါ့၊ ကျွန်တော်လည်း ဒီနည်းကို အညာသား ကြက်သမားကြီး တစ်ဦးဆီက ရလိုက်တာပ၊ ဒီလိုဗျ ကြက်အခါကျမ်း အဆိုက ကြက်ငါးမျိုးသာ ပြတယ်။ ဘာလဲဆိုတော့ အ အက္ခရာ၊ ဧ အက္ခရာ၊ ဥ အက္ခရာ၊ ဧ အက္ခရာ၊ ဩ အက္ခရာရယ်လို့ အက္ခရာ ၅ လုံးကို ကြက် ၅ မျိုးအဖြစ် ပြတယ်။

အဲဒီအက္ခရာ ၅ လုံးရဲ့ အဓိပ္ပာယ် လင်္ကာကတော့ "အ မှာ အဖြူ၊ ဧ မှူ အနက်၊ ဥ ဒက် အမွဲ၊ ဧ တွဲ အနီ၊ ဩ ပြီ အပြာ" လို့ ဆိုတဲ့အတွက် အက္ခရာက ကြက်အဖြူရောင်ကို ဆိုလိုတယ်၊ ကျွန်တော့် ဟစ်တလားလို ဖောင်းရောင်လည်း အဖြူထဲ အကျုံးဝင်သွားတာမို့ အ အက္ခရာလို့ ဆိုရမယ်။ ထိုနည်း အတိုင်းပဲ ဧ အက္ခရာ က အနက်၊ ဥ အက္ခရာက ကြက်အမွဲ၊ မဂိုရောင် မဂဲရောင်လို မွဲခြောက်ခြောက် အရောင် မျိုးပေါ့ဗျာ။ ဧ အက္ခရာက ကြက်အနီ၊ ဩ အက္ခရာက ကြက်အပြာ၊ အဲဒီလို ပထမ နားလည်ထား ရမယ်"

ကိုရွှေနိုင်ပင် မက ဘေးမှ လူရှုယ်များကပါ ကိုသန်းမောင်၏ ပြောစကားကို စူးစိုက်နားထောင်ကာ မှတ်သားလျက်ရှိကြ၏။ ကိုသန်းမောင်ကမူ စိတ်ရှည်လက်ရှည်နှင့်ပင် ရှင်းလင်း ပြောကြား နေ၏။

"အက္ခရာ ၅ လုံးရဲ့ အမှတ်အသား အဓိပ္ပာယ်ကို ကျွန်တော်တို့ နားလည်ခဲ့ပြီနော်၊ အဲဒီ အက္ခရာ ၅ လုံးအလိုက် တစ်နေ့ကိုလည်း ၅ ပိုင်း ပိုင်းရလိမ့်မယ်၊ တစ်ပိုင်းလျှင် ၂ နာရီခွဲဆိုတော့ ၆ နာရီက ၈ နာရီခွဲ အထိ တစ်ပိုင်း၊ ၈ နာရီခွဲက ၁၁ နာရီအထိ တစ်ပိုင်း၊ ၁၁ နာရီက ၁ နာရီခွဲအထိ တစ်ပိုင်း၊ ၁ နာရီခွဲက ၄ နာရီအထိ တစ်ပိုင်း၊ ၄ နာရီက ၆ နာရီခွဲအထိ တစ်ပိုင်းရယ်လို့ တစ်နေ့ကို ၅ အပိုင်း ပိုင်းခြားသတ်မှတ်ထားရမယ်။ ပြီးတော့မှ အက္ခရာ ၅ လုံးကို အင်းချသလို အထက်တစ်လုံး၊ အောက် တစ်လုံး၊

တောင်တစ်လုံး၊ မြောက်တစ်လုံး၊ အလယ်မှာ တစ်လုံးသွင်းပြီး ဇယားကွက်ချရတယ်။

အက္ခရာ ၅ လုံး၊ နေ့အပိုင်းအခြား ၅ ပိုင်းမို့ ဇယားကွက်ကိုလည်း ၅ ကွက် ချရတယ်။ ဒီဇယား ၅ ကွက်ဟာ တခြား မဟုတ်ဘူးနော်၊ ဒီအက္ခရာ ၅ လုံးကိုသာ အသုံးပြုပေမယ့် အားလုံး တစ်မျိုးစီ ဖြစ်သွားတယ်။ ဥပမာ ပထမ ဇယားကွက်မှာ အ အက္ခရာ ထိပ်ဆုံးက နေပေမဲ့ ဒုတိယဇယားကွက်ကျတော့ တောင်ဘက် ရောက်လာပြီ။ တတိယဇယားကွက် ကျရင် အောက်ဘက် ပြန်ရောကလို့၊ စတုတ္ထ ဇယားကွက်မှာ မြောက်ဘက် ရောက်သွားပြီး၊ ပဥ္စမ ဇယားကွက်ကျတော့ အလယ်ကို ရောက်သွားတတ်တာကိုး။

တခြားအက္ခရာတွေလည်း ဒီနည်းအတိုင်းပဲ။ အခု ကျွန်တော် ပြောမှာက ကျွန်တော် ဘယ်လို အခါရွေး ရတယ်ဆိုတာ ခင်ဗျားတို့ အကြမ်းနားလည် အောင်သာ ပြေပြမှာနော်၊ ရွေးပုံ ရွေးနည်းကိုသာ ပြောပြမှာ၊ ဇယားကွက် ချနည်းကိုတော့ ပြောပြလို့ မဖြစ်ဘူး၊ ဘာပြုလို့လဲဆိုတော့ ကျွန်တော့်ကို အဲဒီနည်း သင်ပြပေးသွားတဲ့ ကြက်သမားကြီးဆီမှာ ဒီနည်းကို ကျွန်တော်မှတစ်ပါး ဘယ်သူ့ကိုမှ မပေါက်ကြားစေရပါဘူးလို့ သစ္စာ ဆိုထားလိုက်ရလို့ပဲ”

အားလုံးကား ပို၍ စိတ်ဝင်စားလာဟန်ဖြင့် ငြိမ်ငြိမ်သက်သက်ပင် နားစိုက်နေကြ၏။ ကိုသန်းမောင်လည်း မောသွားသလို ခေတ္တမျှ ရပ်နားထား လိုက်ပြီးမှ သူ့စကားကို ပြန်ဆက်၏။

“ကဲ ဇယား ၅ကွက်ကို ချပြီးပြီ ဆိုပါတော့ဗျာ၊ ပထမ ဇယားကွက်က နေ့၏ ပထမပိုင်းဖြစ်တဲ့ ၆ နာရီက ၈ နာရီခွဲ အချိန်အတွင်း သက်ဆိုင်တဲ့ ဇယား။ ဒုတိယ ဇယားကွက်လည်း နေ့၏ ဒုတိယပိုင်းဖြစ်တဲ့ ၈ နာရီခွဲက ၁၁ နာရီ အချိန်အတွင်း သက်ဆိုင်တဲ့ ဇယား။ ကျန်တဲ့ တတိယ၊ စတုတ္ထ၊ ပဥ္စမ ဇယားကွက်တွေ ဟာလည်း နေ့၏ တတိယပိုင်း၊ စတုတ္ထပိုင်း၊ ပဥ္စမပိုင်း

အချိန်တွေအဖို့ ဖယားကွက်တွေ ဆိုပါတော့ဗျာ။ ဒီတော့ ကြက် အဖြူရောင် သို့မဟုတ် အဖြူထဲ အကျုံးဝင်တဲ့ ဖောင်းလို့ ကြက်မျိုးကို ဘယ်အချိန်မှာ တိုက်ထိုက်သလဲဆိုတာ ရှာချင်ရင် အမှာအဖြူဆိုတဲ့အတိုင်း အဖြူရောင်ရဲ့ အမှတ်လက္ခဏာဖြစ်တဲ့ အ အက္ခရာ ပထမ ဖယားကွက်မှာ ဘယ်နေရာမှာ ရှိတယ်၊ ဒုတိယဖယားကွက်ကျတော့ ဘယ်နေရာ ရောက်သွားတယ်။ တတိယ၊ စတုတ္ထ၊ ပဥ္စမ ဖယားကွက် တွေမှာ ဘယ်နေရာမှာ ရှိတယ်ဆိုတာ ကြည့်ပြီး အဖြေရှာရတယ်။

အဲဒီ အဖြေလင်္ကာကတော့ "လယ်ချာ အသေ၊ တောင်နေ အကန်း၊ ထက်ကားမင်းဖြစ်၊ မြောက်ပါးအနိုင် အောက် မှာ အပြေး" လို့ ဆိုတယ်။ ဒီတော့ ပထမဖယားကွက်မှာ အ အက္ခရာဟာ ဖယားကွက်ရဲ့ အလယ်မှာ နေရင် ကြက်ဖြူ သို့မဟုတ် ဖောင်းကို ၆ နာရီက ၈ နာရီခွဲ အချိန်မှာ တိုက်ရင် "လယ်ချာအသေ" ဆိုတဲ့ အတိုင်း ဒီကြက် သေမယ်လို့ ဆိုလိုတယ်။ ဒုတိယ ဖယားကွက်မှာ အ အက္ခရာ တောင်ဘက်မှာ နေရင် နေ့၏ ဒုတိယပိုင်းဖြစ်တဲ့ ၈ နာရီခွဲက ၁၁ နာရီအချိန် အတွင်းမှာ ကြက်အဖြူကို ဝိုင်းသွင်းတိုက်ခဲ့ရင် "တောင်နေ အကန်း" ဆိုတဲ့အတိုင်း မျက်စိ ကန်းမယ်လို့ ဆိုလိုတယ်။ တတိယ ဖယားကွက်မှာ အ အက္ခရာ ထိပ်မှာနေရင် "ထိပ်ကား မင်းဖြစ်" ဆိုတဲ့အတိုင်း နေ့၏ တတိယပိုင်းဖြစ်တဲ့ ၁၁ နာရီက ၁ နာရီခွဲ အချိန်အတွင်း ကြက်ဖြူကို ဝိုင်းသွင်း တိုက်ရင်း မှချနိုင်မယ်လို့ ဆိုလိုတယ်။ ကျန်တဲ့ ဖယားကွက်တွေ ကိုလည်း ဒီနည်းအတိုင်း ကြက်အမျိုးအစား အက္ခရာနဲ့ အချိန်ပိုင်း ဖယားကွက်နဲ့ အက္ခရာ အနေအထားကို ကြည့်ပြီး အဖြေရှာ သွားတာပါပဲ"

သူက စကားကို တစ်ထောက် ရပ်နားလိုက်ပြန်၏။ ကိုရွှေနိုင်နှင့်တကွ လူငယ်များကား နားရှုပ်နေသော အမူအရာဖြင့် မရှင်းမလင်း ဖြစ်နေသလို ခပ်တွေတွေကလေး ငေးနေကြ၏။ နောက်အတန်ကြာမှ ကိုရွှေနိုင်က

"မင်းဟာတွေက နားရှုပ်လှပါတယ်ကွာ၊ မင်း ဟစ်တလားအတွက်သာ ဘယ်အချိန်မှာ တိုက်ရင် ဘာဖြစ်မယ် ဆိုတာ ပြောပြစမ်းပါ"

"ဟစ်တလားက ဖောင်းဆိုတော့ အဖြူထဲ အပါအဝင်မို့ အက္ခရာအားဖြင့် အ အက္ခရာဖြစ်တယ်၊ ကျွန်တော် ဇယားချ ကြည့်တော့ ပထမ ဇယားကွက်မှာ အဲဒီ အ အက္ခရာဟာ တောင်မှာ နေတယ်၊ ဒါကြောင့် ဒီနေ့ ၆ နာရီက ၈ နာရီအတွင်း တိုက်ရရင် "တောင်နေအကန်း" ဆိုတဲ့အတိုင်း ကျွန်တော့် ကြက် မျက်လုံးကန်းမယ်။ ဒုတိယ ဇယားကွက်မှာ အ အက္ခရာ ထိပ်ဆုံးမှာနေတယ်၊ ဒါကြောင့် ဒီနေ့ ၈ နာရီခွဲက ၁၁ နာရီ အချိန်အတွင်း တိုက်ရရင် "ထိပ်ကား မင်းဖြစ်" ဆိုတဲ့အတိုင်း ကျွန်တော့်ကြက် မှချနိုင်ရမယ်။ တတိယ ဇယားကွက်မှာ အ အက္ခရာ မြောက်မှာ နေတယ်၊

ဒါကြောင့် ဒီနေ့၁၁နာရီက ၁နာရီခွဲအချိန်အတွင်း တိုက်ရရင် "မြောက်ပါးအနိုင်" ဆိုတဲ့အတိုင်း ကျွန်တော့် ကြက်ပဲ နိုင်ရမယ်။ စတုတ္ထ ဇယားကွက်ကျတော့ အက္ခရာအောက်မှာနေလို့ "အောက်မှာအပြေး" ဆိုတဲ့ အတိုင်း ၁နာရီခွဲက ၄နာရီ အချိန်အတွင်း တိုက်ရရင် ကျွန်တော့်ကြက် ပြေးမယ်။ ပဉ္စမဇယားကွက်မှာ အက္ခရာ အလယ်မှာ ရှိတဲ့အတွက် "လယ်ချာအသေ" ဆိုတဲ့အတိုင်း ၄နာရီက ၆နာရီခွဲအချိန်အတွင်း တိုက်ရရင် ကျွန်တော်ကြက် သေမယ်။ ဒါကြောင့် ၈နာရီခွဲက ၁၁နာရီ၊ ဒါမှမဟုတ် ၁၁နာရီက ၁နာရီခွဲအထိ အခါရတယ်။ အဲဒီအချိန်မှာ တိုက်ရင် နိုင်မယ်လို့ ပြောခဲ့တာပဲ"

ကိုသန်းမောင်၏ ရှင်းလင်းချက်အပြီးတွင် စံကပင် ချိန်းဝိုင်းသို့လည်း သူတို့ရောက်ကြတော့၏။ စံကပင် ချိန်းဝိုင်း၌ကား ကြက်သမားကြီးများနှင့် နာမည်ကျော် ကြက်များ စုံညီ ရောက်နေကြပေပြီ။

~~~~~~~~~~~
~~~~~~~~~~~

(၅)

ကိုသန်းမောင်သည် ဒိုင်လုပ်သူထံသို့ သူ့ကြက်နှင့် အလုံးအရပ်တူ၊ အရွယ်တူကြက်များရှိပါက ကြေးမရှောင် တိုက်လိုကြောင်း ကြေညာပြီး သူ့ကြက်ကို အပ်နှံလိုက်၏။ ဒိုင်လုပ်သူကလည်း သူ့ကြက်ကို လက်ခံ၍ အလုံးအရပ်များကို တိုင်းထွာ မှတ်သားနေ၏။

ချိန်းဝိုင်းလုပ်သည့် နေရာကား သစ်ပင်ရိပ် ကောင်းကောင်းပင်ဖြစ်၍ ကြက်သမားများမှာ ဟိုတစ်စု ဒီတစ်စုနှင့် သစ်ပင်ခြေရင်းများတွင် ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့၍ ကြက်ပွဲအကြောင်း၊ ကြက် ခွပ်ပုံ ခွပ်နည်းများ အကြောင်းစသည်တို့ကို တစ်ယောက်တစ်ခွန်း ပြောဆို ဆူညံနေကြ၏။ ကိုသန်းမောင်လည်း ခါတိုင်းကဲ့သို့ ဝင်ရောက် ပြောဆိုခြင်း မပြုဘဲ သူတစ်ပါး ပြောဆိုသည်ကိုသာ ငေးမော နားထောင်ရင်း၊ သူ့စိတ်မှာမူ သူအပြန်ကို စောင့်မျှော်နေရှာမည့် မအေးတင်ထံသို့ ရောက်နေသည်။

သို့သော် ဒိုင်လုပ်သူက ဟစ်တလားနှင့် အလားတူ ကြက်ကို တွေ့ပြီ ဖြစ်ကြောင်း ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက်၊ သူ့စိတ်သည် ကြက်ပွဲ၌သာ လုံးဝ အာရုံဝင်စား လာပြန်၏။

"ကိုင်းဟေ့ သန်းမောင်၊ မင်း ဟစ်တလားနဲ့ တန်းတူကြက်ကိုတော့ တွေ့ပြီ၊ ဟောဒီမှာ တောင်းဆီက ချိပ်ကလေးပဲ၊ အဲဒီချိပ်ကလေးက မင်း ဟစ်တလားထက် ဒေါက်နည်းနည်း မြင့်တယ်လို့ ဆိုနိုင်ပေမဲ့ မင်း ဟစ်တလားက

ချိပ်ကလေးထက် အလုံးအထည်မှာ သာတယ်၊ ဒါကြောင့် ဒီနစ်ကောင် တိုက်မယ်ဆိုရင် တိုက် ထိုက်တယ်၊ အဲဒါ မင်းတို့ ကြက်ရှင်နှစ်ဦး သဘောတူရင် တိုက်ကြဖို့ပဲ”

တစ်ဖက်မှ ချိပ်ကလေး၏ ပိုင်ရှင်က ကိုသန်းမောင်၏ ဟစ်တလားကို အကဲခတ် ကြည့်ရှုနေသလို၊ ကိုသန်းမောင်ကလည်း ချိပ်ကလေးကို ကြည့်ရှု အကဲခတ်နေ၏။ ချိပ်ကလေးမှာ အလုံးအထည် ပါးပါးလျားလျားဖြစ်၍ ဒေါက်မှာမူ အနည်းငယ်မြင့်၏။ ကြက်၏ လက္ခဏာ ပုံပန်းကို ကြည့်ရှု အကဲခတ် ရခြင်း အားဖြင့် ပျာပျာယာယာနှင့် သွက်သွက်လက်လက် ခွပ်တတ်မည့် ကြက်မျိုး ဖြစ်ကြောင်း သူ ခန့်မှန်းမိသည်။ ဟစ်တလားမှာမူ လေးလေးမှန်မှန်နှင့် ခပ်ကြမ်းကြမ်း ခွပ်တတ်သည်ကို သူ သိထားပြီး ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ သူ့ကြက်၏ ခြေစွမ်း ခြေစကို သူ သံသယကင်းစွာ ယုံကြည်သည်ဖြစ်၍ လက်ခံပြီး တိုက်ရုံ မှ တစ်ပါး အခြားမရှိ။

“ဟေ့ သန်းမောင်ရ၊ သူတို့ကြက်က “အပျော့ကွဲ” ကွ၊ တို့ကြက်က “အမာကွဲ”။ အဲဒီ တစ်ချက်လည်း ကွာနေသေးတယ်၊ ဒါကိုလည်း ထည့်တွက်ရဦးမှာပေါ့”

(မှတ်ချက်။ ။ “အပျော့ကွဲ” ဆိုသည်မှာ အတက်ရှည်ခြင်းကို ဆိုလို၍၊ “အမာကွဲ” ဆိုသည်မှာ အတက်တိုခြင်းကို ဆိုလိုသည်။)

ကိုရွှေနိုင်က ဝင်ပြောလိုက်သည်ကို ကိုသန်းမောင်က မထီတရီပြုး လိုက်ကာ “အိုဗျာ... သူ့ကြက်က အပျော့ကွဲ ဖြစ်ရော ဘာအရေးလဲဗျ၊ အတက်စူးရုံအပြင် တိုးမရှိနိုင်ပါဘူး။ အမာကွဲ ကြက်မျိုးက ချက်ကောင်းကို တစ်ချက်လောက် တင်ရိုက်လိုက်ရင် စင်းစင်းတောင် သေနိုင်ဗျ။ ကဲ... တိုက်မယ်ဗျာ”

ကိုသန်းမောင်၏ ကြေညာချက်ကို တစ်ဖက်မှလည်း တုံ့ပြန်လိုက်သဖြင့် ဝိုင်းဖြစ်ဖို့ သေချာသွားပေပြီ။ နောက် အလောင်းအစား ပြုကြရာ တစ်ဖက်ကြေးရင်း ၂၂ဝဖြင့် နှစ်ဖက်ကြေး ရင်း ၄၄ဝ တွင် ပြီးဆုံးသွား၏။ ဤတွင် ဒိုင်လုပ်သူသည် တိုက်ပွဲကျင်းပမည့်နေရာ စည်းဝိုင်းအတွင်းသို့ နှစ်ဖက်သော ကြက်ရှင်နှင့် ကြက်များကို ခေါ်ဆောင်လာ၏။ ပြီးနောက် သူသည် စည်းဝိုင်း၏ အလယ်ဗဟို၌ ရပ်ကာ လိုက်နာ ရမည်ဖြစ်သော စည်းကမ်းချက်များကို ပြောကြားလေတော့သည်။

"စည်းကမ်းချက်များကို မပြောခင် ပထမဦးဆုံး အကောက်ငွေနဲ့ ပတ်သက်ပြီး မင်းတို့ သိထားဖို့က ကြက်ဒိုင်သည် အလောင်းအစားပြုသော ငွေ၏ ဆယ်ခိုင့်တစ်ခိုင်ကို အကောက်ငွေအဖြစ် ကောက်ယူလိမ့်မည်။ ဥပမာ ယခု တစ်ဖက်ကြေး ၂၂ဝ ဆိုလျှင် နှစ်ဖက်ကြေးပေါင်း ၄၄ဝ ဖြစ်၍ အရှုံးအနိုင် ဖြစ်လျှင် ၄ဝ နှစ်ဖက်ကြေး ကောက်ယူလိမ့်မည်။ လက်ဖျားဆွဲသော ကြေးကိုမူ တစ်ဖက်ကြေးသာ ကောက်ယူမည်။ အဲဒါ ကျေနပ်ကြရဲ့လား"

နှစ်ဖက်စလုံး ကျေနပ်ပါသည်ဟုဆိုမှ စည်းကမ်းချက်များကို ဆက်လက် ပြောကြား လေသည်။

(၁) "ကြက်နှစ်ကောင် ခွပ်နေစဉ် စည်းဝိုင်းအတွင်း၌ ကြက်လဲ မထူရ၊ ကြက်မွေးမယူရ"

(ရှင်းလင်းချက်။ ။ ဆိုလိုသည်မှာ ကြက်နှစ်ကောင် ခွပ်နေစဉ် စည်းဝိုင်း အတွင်း၌ ကြက်တစ်ကောင်က အခြား ကြက်တစ်ကောင်ကို ခွပ်လိုက်၍ လဲနေလျှင် ကြက်ဆွဲလုပ်သူသည် ၎င်းကြက်ကို သွားရောက် ထူပေးခြင်း မပြုရ။ ကြက်တစ်ကောင်သည် အခြားကြက် တစ်ကောင်အား နှုတ်သီးဖြင့် ဆိတ်လိုက် လျှင် ကြက်မွေးသည် နှုတ်သီး၌ ပါလာတတ်သည်။ ထိုအခါ ထိုကြက်အဖို့ နှုတ်သီးမှ ကြက်မွေး ကွယ်နေသဖြင့် မမြင်မကန်းနှင့် စမ်းတဝါးဝါး

ဖြစ်နေသော်လည်း ကြက်ဆွဲ လုပ်သူသည် ထိုကြက်မွေးကို သွားရောက် ဖယ်ရှား ပစ်ခြင်း မပြုရဟုဆိုသည်။)

(၂) "ငှင်းနည်းအတိုင်း ကြက်နှစ်ကောင် ခွပ်နေစဉ် စည်းဝိုင်းအတွင်း၌ ရေမကူရ၊ လေသာ ကူမှုတ် ပေးနိုင်သည်။"

(ရှင်လင်းချက် ။ ။ ကြက်နှစ်ကောင် ခွပ်နေစဉ်အတွင်း မောပန်းလျက်ရှိသော ကြက်အား ရေဖြင့် တောက်ခြင်း၊ ပက်ဖျန်းပေးခြင်း စသည်ဖြင့် အကူအညီ မပြုရ။ သို့သော် လေနှင့် မှုတ်၍ကား အားပေး နိုင်သည်။)

(၃) "ကြက်၌ ရရှိသော ဒဏ်ရာဒဏ်ချက်များကို အပြင်ဆေးမကူရ၊ အတွင်းဆေးသာ ကူရမည်"

(ရှင်းလင်းချက် ။ ။ အပြင်ဆေးဆိုသည်မှာ အပြင်၌ ကုရိုးထုံးစံရှိသော ဖန်းခါးသီးခြောက်၊ ဆီးဖြူသီးခြောက် ကဲ့သို့ ဖန်သောအရသာ ရှိ၍ သွေးထိန်းစေတတ်သော ကြက်ကုဆေးကို ဆိုလိုသည်။ အတွင်းဆေး ဆိုသည်မှာ ဝိုင်းတွင်း၌သာ ရရှိနိုင်သော ဖုန်၊ မြေမှုန့်၊ ကြက်မွေးတို့ဖြင့် ဒဏ်ရာ ဒဏ်ချက်များအား ပိတ်ဆို့ သုတ်လိမ်း ကုသခြင်းကို ဆိုလိုသည်။)

(၄) "မည်သူ့ကြက်မဆို သတ်မှတ်ထားသော စည်းပေါ်သို့ အမြီး ထောက်မှ ကောက်ယူရမည်။ ထိုသို့ မဟုတ်ဘဲ စည်းဝိုင်းထဲမှ ကောက်လျှင် ဒိုင်ဆုံးဖြတ်ရာ နာခံရမည်"

(၅) "ကြက်နှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် မလိုက်နိုင်၍ ဝိုင်းတွင်းမှ အခွပ် ရပ်ဆိုင်းနေလျှင် သုံးခါစီ လေမှုတ်ပေးနိုင်သည်။ သို့နှင့်မှ မရ၍ ဒိုင်က အကောက်ခိုင်းမှသာလျှင် ကြက်ဆွဲများသည် ကောက်ယူပြီး ကုသရမည်။ ကုပြီးနောက် လွှတ်ရာတွင် တစ်တောင်စီးရေးပေးရမည်။ လွှတ်သည့်အခါ ကြက် ကို တွန်းတိုးပြီး မလွှတ်ရ၊ လက်ဆုပ် ဖြေလွှတ်ရမည်"

(ရှင်းလင်းချက် ။ ။ ကြက်နှစ်ကောင် ခွပ်ရာတွင် တစ်ကောင်နှင့် တစ်ကောင် ပြေးအောင်လည်း မခွပ်နိုင်၊ သေအောင်လည်း မခွပ်နိုင်ဘဲ နောက်ဆုံး တစ်ကောင်နှင့်တစ်ကောင် မလိုက်နိုင်အောင် မောချည် ပန်းချည့်နဲ့သည့် အခြေအနေအတိုင် ရောက်နေပါက ကြက်ဆွဲလုပ်သူများသည် သုံးခါစီ လေနင့် မှုတ်ပေး နိုင်သည်။ သို့တိုင်အောင် မလိုက်နိုင်၍ ဒိုင်လုပ်သူက ကောက်ခိုင်းမှ သာလျှင် ကောက်ယူကုသရသည်။ ကုသပြီးနောက် ပြန်လွှတ်ရာတွင် ဒိုင်က တစ်တောင်ပတ်လည် စည်းဝိုင်း ရေးပေးမည်ဖြစ်သည်။ ထိုစည်းဝိုင်းအတွင်း၌ ကြက်နှစ်ကောင်ကို လွှတ်သည့်အခါ တွန်းထိုးပြီးမလွှတ်ရ၊ လက်ဆုပ် ဖြေလွှတ်ရမည်။ လက်ဆုပ် ဖြေလွှတ်ရမည်ဆိုသည်ကား ကြက်ကို ဆုပ်ကိုင် ထားသည့်အတိုင်း မြေကြီးပေါ်သို့ ကြက်ခြေကျသည်နှင့် တစ်ပြိုင်နက် တွန်းထိုးခြင်း မပြုဘဲ ဆုပ်ကိုင်ထားသော လက်ကို ဖြေလိုက်ခြင်းကို ဆိုလိုသည်။

(၆) "တစ်တောင်စီး ရေးပေး၍ လွှတ်ပြီးသည့်နောက် သုံးခါကောက်လျှင် တစ်ခါ ကုရမည်။ တစ်ခါကုလျှင် လက်ပူ သုံးခါထိုးရမည်"

(ရှင်းလင်းချက် ။ ။ တစ်တောင်ပတ်လည် စည်းဝိုင်းမှာ ကျဉ်းမြောင်းလှသည် ဖြစ်၍ တစ်ကောင်နှင့် တစ်ကောင် ခုန်ပျံ၍ မခွပ်နိုင် သည့်တိုင် နှုတ်သီးနှင့် ထိုးရင်းဆိတ်ရင်း ဝိုင်းအပြင် ရောက်သွားတတ်ရာ၊ ထိုအခါ ကြက်ဆွဲများသည် ကြက်ကို ကောက်ယူပြီး ကုသခြင်း မပြုရဘဲ စည်းဝိုင်း အတွင်း၌ ချက်ချင်း ပြန်လွှတ်ရသည်။ ဤကဲ့သို့ သုံးခါ ကောက်ပြီးမှ တစ်ခါကုနိုင်သည်။ သို့သော် တစ်ခါကုလျှင် လက်ပူ သုံးခါသာ ထိုးရမည်ဟု ဆိုလိုသည်။)

(၇) "သုံးခါလွှတ်ပြီးသည့် နောက်ပိုင်း၌ တစ်ကောင်သုံးချက်ဆိတ်၍မှ တစ်ကောင်က နှုတ်ဘက်မရလျှင် ဒိုင်၏ အရှုံးပေးခြင်းကို ခံရလိမ့်မည်"

(ရှင်းလင်းချက် ။ ။ တစ်ဘောင်ပတ်လည် စည်းဝိုင်းအတွင်း၌ သုံးခါလွှတ်ပြီးသည့် နောက်တွင်မူ တစ်ကောင်က သုံးချက်ဆိတ်၍မှ တစ်ကောင်က ပြန်မဆိတ်လျှင်၊ ထိုပြန်မဆိတ်သော ကြက်သည် ဒိုင်၏ အရှုံးပေး ခြင်း ကို ခံရမည်ဟုဆိုလိုသည်။)

(၈) "သို့သော် ကြက်နှစ်ကောင် တန်းတူ နှုတ်ဘက်ပြန်လျှင် ပထမ ဖြတ်ပိုင်းကြေး ဖြတ်ပိုင်းစဉ်က ဖြတ်ပိုင်းကြေးခံရသော ကြက်ကို ဒိုင်က အကောက်ငွေ အရှုံးပေးခြင်း ဖြတ်ဆိုလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် ဒိုင်သည် အကောက်ငွေကို မည်သည့်အခါမှ အနစ်နာ မခံနိုင်သည့် အတွက် ဖြစ်သည်။"

(ရှင်းလင်းချက် ။ ။ တစ်ကောင်ဆိတ်၍ တစ်ကောင်က ပြန်မဆိတ်လျှင် ထိုကြက်မှာ အရှုံးခံရမည် ဖြစ်သော်လည်း၊ နှစ်ကောင်စလုံး အပြန်အလှန် ဆိတ်လျှင်ကား သရေပွဲဖြစ်သွားလိမ့်မည်။)

အဘယ်ကြောင့်ဆိုသော် ဆိတ်ရုံသာ ဆိတ်နိုင်၍ တစ်ကောင်နှင့် တစ်ကောင် မလိုက်နိုင်၊ အရှုံးအနိုင် ကွဲပြားသည့်တိုင် ခြေထောက်နှင့်ပစ်၍ မခွပ်နိုင်အောင် အားအင် ကုန်းခန်းနေကြသောကြောင့် ဖြစ်သည်။ ထိုကဲ့သို့ သရေပွဲဖြစ်သွားသည့်အခါ ဒိုင်သည် အကောက်မရလိုက်ဘဲ ရှိမည်ဖြစ်ရာ ချွင်းချက် အဖြစ်ဖြင့် ဖြတ်ပိုင်းကြေး ဖြတ်ပိုင်းစဉ်က ဖြတ်ပိုင်းကြေး ခံရသော ကြက်အား ဒိုင်က အကောက်ငွေ အရှုံးပေးခြင်း ဖြတ်ဆို ရလိမ့်မည်ဟု သတ်မှတ်ထားခြင်း ဖြစ်သည်။ ဤချွင်းချက်ကို နားလည်နိုင်ရန် အကျယ်တဝင့် ရှင်းလင်း ရန် လိုပါလိမ့်မည်။ အလောင်းအစား ပြုကြရာ၌ လောင်းကစားသော ကြေးငွေမှာ သုံးမျိုးရှိပါသည်။ (၁) ကြေးရင်း (၂) လက်ဖျားဆွဲသော ကြေးငွေ (၃) ဖြတ်ပိုင်းကြေးဟူ၍ သုံးမျိုးရှိပါသည်။

ကြက်မတိုက်မီ နစ်ဖက် သဘောတူ လောင်းကစားသော ကြေးငွေကို ကြေးရင်းဟု ခေါ်သည်။ ကြက်တိုက်ပွဲ စပြီးသည့်နောက် ကြက်နစ်ကောင်၏ ခြေစွမ်းခြေစကို ကြည့်ရှု၍ မိမိကြက်က ခြေသာသည်ဟု ထင်မြင်သော ကြက်ရှင်က တစ်ဆယ်ချင်းဖြင့် ဖြစ်စေ၊ တစ်ဆယ်နှင့် ငါးကျပ်ပေး၍ ဖြစ်စေ ထပ်မံလောင်းကစားရန် ခေါ်သဖြင့် တစ်ဖက်က လိုက်၍ လောင်းကစားသော ကြေးငွေကို လက်ဖျားဆွဲသော ကြေးငွေဟု ခေါ်သည်။ တစ်ကြိမ်တည်းမဟုတ်၊ အကန့်အသတ်မရှိ အကြိမ်ကြိမ် အထပ်ထပ် အပြန်အလှန်ခေါ်၍ လောင်းကစား ကြသည်။

(ဖြတ်ပိုင်းကြေး ဆိုသည်မှာကား ကြက်နစ်ကောင် အရှုံးအနိုင်ပေါ်သည့် နောက်ဆုံးအချိန်၌ နိုင်ပုံပေါ်သော ကြက်ရှင်က တစ်ဆယ်နှင့် ငါးကျပ်၊ သို့မဟုတ် တစ်ဆယ်နှင့် သုံးကျပ်ပေး၍ပင် လက်ဖျားဆွဲရန် ခေါ်သော်လည်း တစ်ဖက်က လိုက်၍ မဆွဲသည့်အခါမှ ဖြတ်ပိုင်းကြေးကို ဖြတ်ပိုင်းတော့သည်။ ဖြတ်ပိုင်းကြေး မှာ ကြေးရင်းတစ်ရာလျှင် တစ်ဆယ်နှုန်း အတွက်ကျဖြင့်သာ ဖြတ်ပိုင်းနိုင်း၍၊ နစ်ကြိမ် သာလျှင် အပြန်အလှန်ဖြတ်ပိုင်း ခွင့်ပြုသည်။

တစ်ဖက်က ဖြတ်ပိုင်းကြေးကို အခြားတစ်ဖက်က လက်ခံဖြတ်ပိုင်းခြင်း မပြုလျှင် အရှုံးပေးခံရသည်။ အကယ်၍ တစ်ဖက်က ဖြတ်ပိုင်းကြေးကို တစ်ဖက်ကလည်း လက်ခံဖြတ်ပိုင်း၍ နစ်ကြိမ်အပြန်အလှန် ဖြတ်ပိုင်းပြီးသည့် နောက်၌ကား နောက်ထပ်ဖြတ်ပိုင်းကြေး မဖြတ်တော့ဘဲ အရှုံးအနိုင် အဆုံးတိုင် တိုက်ကြရသည်။ အရှုံးအနိုင်မဖြစ်ဘဲ သရေပွဲ ဖြစ်သွာလျှင်ကား ဖြတ်ပိုင်းကြေး ဖြတ်ပိုင်းစဉ် အချိန်စဉ် ဖြတ်ကြေး ခံရသော ကြက်ရှင်က အကောက်ငွေ အရှုံးခံရမည်ဟု ဆိုလိုသည်။)

ဒိုင်က စည်းကမ်းချက်များကို ဖတ်ကြား၍ ပြီးသွားပေပြီ။ နောက်ကြက် တိုက်ပွဲကို စရန်သာ ရှိတော့သဖြင့် ဒိုင်သည် စည်းဝိုင်းအတွင်းမှ စည်းဝိုင်း အပြင်သို့ ထွက်ခွာရှောင်ဖယ် ပေးလိုက်၏။ ကိုသန်းမောင်သည် သူ့ဟစ်တလားကို

ကောက်ယူ၍ ဗဟုသုတများ ပြည့်ပြည့်ဝဝ ဆည်းပူးထားသူ ဖြစ်သဖြင့် သူ့ကြက်ကို သူ ကိုယ်တိုင် ကြက်ဆွဲလုပ်ပြီး တိုက်မည်ဖြစ်သည်။

တစ်ဖက်မှ "ချိပ်ကလေး" ၏ ကြက်ဆွဲသည် ချိပ်ကလေးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး စည်းဝိုင်းတွင်းသို့ ဝင်လာသလို၊ ကိုသန်းမောင်ကလည်း သူ့ဟာစ်တလားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ကြက်လွှတ်လျှင် လွှတ်ချင်း သူ့ကြက်က တစ်ပန်းသာစေမည့် အခွင့်အရေးကို တွေ့ရှိကာ အဆင်သင့် လွှတ်နိုင်ရန် "သတိ"အနေအထား ဖြင့် ဝိုင်းတွင်းသို့ တစ်လှမ်းချင်း လှမ်းဝင် လာခဲ့၏။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၆)

ကြက်တိုက်ပွဲကား စ လေပြီ။

"ကိုင်းဟေ့ ... လွှတ်ကြစို့"

နစ်ဦးသား နှုတ်ဆက်ပြီး ကြက်ကို လွှတ်လိုက်ကြရာ ကြက်နစ်ကောင်သည် တဖျတ်ဖျတ် တခွပ်ခွပ်ဖြင့် သခင်အားရ ခွပ်ကြလေပြီ။ လွှတ်လျှင်လွှတ်ချင်း ဟစ်တလားက တစ်ချက်ဦးအောင် ခွပ်လိုက်နိုင်သဖြင့် ကိုသန်းမောင်ကား ကျေနပ်နေ၏။ နောက်သူည် ဒိုင်လုပ်သူကား "ဘယ်နနာရီ ထိုးပြီလဲ" ဟု လှမ်းမေးလိုက်ရာ ဒိုင်လုပ်သူသည် သူ၏ လက်ပတ်နာရီကို ဟန်ပါပါ မြှောက်ကြည့်ရင်း "ကိုးနာရီ ထိုးပြီ" ဟု ဖြေကြား လိုက်၏။

ကိုသန်းမောင် အထူပင် ကျေနပ်သွားပြန်၏။ ကြက်ပွဲစသည့်အချိန်သည် သူ့ကြက် "အခါ" ရသော အချိန်အတွင်းဖြစ်ရာ မုချနိုင်ရမည်ဟု စိတ်ချထားလိုက်၏။ ကြက်တိုက်ပွဲမှာ ယခုမှ အစသာ ရှိသေးသဖြင့် ကြက် နစ်ကောင်စလုံး မောပန်းနွမ်းနယ်ခြင်း မရှိသေးသောကြောင့် ခုန်ကာ ပျံကာနှင့် အားရပါးရ ခွပ်နေကြ၏။ ကိုသန်းမောင် ကြိုတင်ခန့်မှန်းခဲ့သလိုပင် "ချိပ်ကလေး" မှာ ပျာပျာယာယာနှင့် သွက်သွက် လက်လက် ခွပ်တတ်၏။ ဟစ်တလား တစ်ချက်လောက်ကို ချိပ်ကလေးက နစ်ချက်လောက် မိအောင်ပင် ခွပ်နိုင်၏။ သို့သော ချိပ်ကလေးပစ်ခွပ်လိုက်သော နစ်ချက်လောက်ကို ဟစ်တလားသည် ဏ္ဍခြေမပျက် ခံယူနိုင်ပြီး ဟစ်တလား ပစ်ခွပ်လိုက်သော တစ်ချက်ကိုမူကား ချိပ်ကလေးမှာ ကြံ့ကြံ့ခံယူနိုင်စွမ်း မရှိဘဲ ယိမ်းယိုင် သွားတတ်သည်ကို

ထောက်ခြင်းအားဖြင့် နှစ်ချက်နှင့် တစ်ချက် ကွာစေကာမူ ဟစ်တလားက ခြေသာသည်ဟု ဆိုနိုင်ပေမည်။

"ချိပ်ကလေး" အရေးသာနေသည့် အချိန်ဖြစ်ပေမင့် ကိုသန်းမောင်ကတော့ ဂရုမစိုက်ပါ။ အခြေအနေကို အကဲခတ်ရခြင်းအားဖြင့် ဟစ်တလား၏ အခွင့်အရေးမှာ နောက်ပိုင်းကျမှသာလျှင် ဆိုက်ရောက်လာမည်ကို သူသိပါ၏။ ယခုအချိန်၌ ဟစ်တလား၏ သန်မာလှသော ခြေထောက်ကြီးများဖြင့် ပြင်းထန်စွာ ပစ်ခွပ် လိုက်ခြင်းများကို ချိပ်ကလေးသည် အများအားဖြင့် ရှောင်တိမ်းနိုင်ခဲ့သော်လည်း၊ နောက်ပိုင်းရောက်၍ မောပန်းသည့် အခါ၌ကား တစ်ကောင်နှင့်တစ်ကောင် မရှောင်သာ မတိမ်းသာဘဲ တစ်ချက်ချင်း ပစ်ခွပ် ကြရမည့်အခါဖြစ်ရာ၊ ဤအခါကျမှသာ ဟစ်တလား၏ ပြင်းထန်အားကောင်းသော ခြေထောက်ကြီးများ၏ အစွမ်းသတ္တိကို ထိရောက်စွာ မြင်ကြရပေလိမ့်မည်။

သူသည် ဝိုင်းပတ်လည်တစ်လျှောက် ဟစ်တလား ရှိနေရာဘက်သို့ လျှောက်လိုက်ရင်း ချိပ်ကလေး ပစ်ခွပ်လိုက်သော ခြေထောက်များသည် ဟစ်တလား၏ ခေါင်းကိုပဲ အထိများသလား၊ လည်ပင်းကိုပဲ အထိများ သလား၊ နားထင်ကိုပဲ အထိများသလားဟု လိုက်လံ မှတ်သားလျက် ရှိ၏။ သို့မှသာ စည်းဝိုင်း အပြင်ရောက်၍ ကောက်ယူရာကုသရာတွင် ထိုအထိများသော နေရာကို အရေးတယူ ကုသနိုင်ပေမည်။

ကြက်တိုက်ပွဲစ၍ ၁၀ မိနစ် အတွင်းမှာပင် ကြက်နှစ်ကောင် တစ်ကောင်နှင့် တစ်ကောင် ခုန်ပျံကာ ခွပ်ရင်းလိုက်ရင်းနှင့် သတ်မှတ်ထားသော ၁၀ တောင်ပတ်လည် စည်းဝိုင်းအပြင်သို့ ရောက်သွားသဖြင့် ကြက်ဆွဲနှစ်ဦးသည် ကိုယ်စီကိုယ်င မိမိတို့ ကြက်များကို ကောက်ယူကုသကြ၏။

ကိုသန်းမောင်သည် ရေဇလုံရှိရာသို့ သူ့ကြက်ကို ယူလာကာ အဝတ်စတစ်ခုကို ရေဆွတ်ပြီး ဟစ်တလား၏ ခေါင်းမှ သွေးစ သွေးနများအား

လိုက်သုတ်ပေး၏။ နောက် လက်ပူထိုးပေး၏။ အာငွေ့ပေး၏။ နားထင်နှစ်ဖက်ကို လက်မနှင့် လက်ညှိုးညှပ်ကိုင်ပြီး ရှေ့သို့ ဆွဲဆန့်ကာ ခေါင်းကို ပါးစပ်တေ့၍ မှုတ်ပေး၏။ ခြေထောက်ကို ဆွဲဆန့်ပေး၏။ ပေါင်တံနှင့် ရင်အုပ်ကို ရေဖြင့် ဆုပ်နယ်ပေး၏။ ကြက်တောင် တစ်တောင်ဖြင့် ကြက်လည်ချောင်းထဲမှ ချွဲများအား ထုတ်ပစ်၏။ ဟစ်တလားမှာ ခွပ်လက်ကောင်းစွာ ရထားသော ကြက်ဖြစ်၍ ထုသားပေသား ရနေသောကြောင့် ဤမျှလောက်ဖြင့် ဖြုပင်မဖြုဘဲ သူ့ ရန်သူတော်ကို ခွပ်ရန်သာ စိတ်စောလျက်ရှိသဖြင့် ကိုသန်းမောင်၏ လက်တွင်းမှ ရုန်းကန်နေ၏။

စိတ်ကျေနပ်အောင် ကုသပြီးကြသောအခါ စည်းဝိုင်းတွင်းသို့ တစ်ဖန် ပြန်ယူလာ ပြီးနောက် နှုတ်ဆက်၍ ပြန်လွှတ်ကြပြန်၏။ သွေးစွန်းသွားပြီဖြစ်သော ကြက်နှစ်ကောင်ကလည်း သဲသဲမဲမဲနှင့် မိုက်မိုက်ကန်းကန်း ခွပ်ကြပြန်၏။ တစ်ချက် တစ်ချက်တွင် "တောက်" ခနဲ အသံထွက်သွားအောင်ပင် ချက်ကောင်းကို မိသွားသည့် အခါ၌ကား ခံရသော ကြက်၏ ပရိတ်သတ်ဘက်မှ "ဟာခနဲ" "ဟင်ကနဲ" အာမေဋိတ်သံများ လျှံထွက်လာသလောက်၊ ခွပ်လိုက်ရသော ကြက်၏ ပရိတ်သတ်ဘက်မှမူကား "ကောင်းလိုက်တာကွာ" "ကြိတ်လိုက်ကွ" ဟူသော ဩဘာသံများ ဆူညံသွား၏။ တစ်ခါတစ်ခါတွင် ကြက်တစ်ကောင်ကောင်က ခြေလှမ်းမှားသွား၍ တစ်ဖက်သော ကြက်၏ အခွပ်ကို ခံလိုက်ရသည့် အခါ၌ကား "အေး အဲဒီလိုမှားရင် ခံရမှာပဲကွ၊ နောက် မမှားအောင် ကြည့်လုပ်" ဟု သက်ဆိုင်ရာ ကြက်ဘက်မှ ပရိတ်သက်က လှမ်း၍ သတိပေး လိုက်တတ် သေး၏။

သို့ဖြင့် တစ်နာရီအတွင်း ရှစ်ကြိမ်မျှ ကောက်ယူကုသရပြီး ဖြစ်သော်လည်း အရှုံးအနိုင် ကွဲပြားလောက်သည့် ခြေစွမ်းခြေစကိုမူကား မည်သည့် ကြက်မှ မပြနိုင်ကြသေး။ ဤ တစ်နာရီအတွင်း ဟစ်တလာသည် သုံးကြိမ်မျှ ချက်ကောင်းမိလိုက်သည်ဖြစ်ရာ ပထမအချက်မှာ ချိုပ်ကလေး၏

ငယ်ထိပ်ကို သူ၏ ခြေထောက်ကြီးဖြင့် တင်ရိုက်လိုက်ခြင်းဖြစ်၍ ချိပ်ကလေးခမျာ "ကွတ်" ခနဲ အသံထွက်သွားသော တစ်ခဏမျှ သတိမေ့ပြီး ငိုက်ကျသွား၏။ နောက် ကြက်ဆွဲလုပ်သူက အမြီးကို လေဖြင့် တဖူးဖူး မှုတ်ပေးမှ သတိပြန်လိုက်လာပြီး ဆက်လက်၍ ခွပ်နိုင်ရှာသည်။ ဒုတိယတစ်ချက်မှာ ပါးရိုးကို ပြင်းထန်စွာ ရိုက်လိုက်ခြင်းဖြစ်၍ ချိပ်ကလေး၏ ပါးရိုးမှာ ကျိုးသွားရှာလေပြီ။ တတိယ တစ်ချက်မှာ ပေါင်ထိပ်ကို စိုက်လိုက်ခြင်းဖြစ်ရာ ချိတ်ကလေးခမျာ ထော့နဲ့ထော့နဲ့ ဖြစ်နေရှာသည်။ သို့သော် ကြက်ဆွဲလုပ်သူ၏ အကုအသ ကောင်းမှုကြောင့် ဤမျှလောက်ဖြင့် အရှုံးအနိုင် မပေါ်သေးပေ။

ဟစ်တလားက သုံးကြိမ်မျှ ချက်ကောင်းမိလိုက်သလို ချိပ်ကလေး၏ သုံးကြိမ်မျှ ချက်ကောင်း တွယ်လိုက်ခြင်းကိုလည်း ဟစ်တလား မချိမဆံ့ ခံလိုက်ရသည်။ ချိပ်ကလေး၏ အတက်မှာ ရှည်၍ စူးလှသဖြင့် ပထမနှင့် ဒုတိယနှစ်ချက်မှာ ဟစ်တလား၏ ရင်အုပ်တွင် အစူးခံလိုက်ရ၏ ရင်အုပ်တွင် အစူးခံ လိုက်ရ၏။ တတိယအချက်မှာ နာထင်ကို စူးလိုက်ခြင်းဖြစ်ရာ သွေးများမှာ ဒလဟော ပန်းထွက်လာ၏။ သို့သော် ကိုသန်းမောင်၏ အကုအသ ကျွမ်းကျင်နိုင်နင်းမှုကြောင့် အခြေအနေ ဆိုးဝါးမသွားခြင်းဖြစ်သည်။

ဟစ်တလား သုံးကြိမ်မျှ ချက်ကောင်းမိလိုက်စဉ်က ဟစ်တလားဘက်မှ ပရိတ်သတ်က လက်ဖျားဆွဲရန် ခေါ်သဖြင့် တစ်ဖက်မှလည်း လိုက်၍ လောင်းကစားသလို၊ ချိပ်ကလေး၏ တစ်ဖန်သုံးကြိမ်စလုံး လက်ဖျားဆွဲရန် ခေါ်သဖြင့် ဟစ်တလား၏ ပရိတ်သတ်ကလည်း ဟစ်တလားကို ယုံကြည်သော အားဖြင့် သုံးကြိမ်စလုံး လက်ခံ၍ လောင်းကစား၏။ သို့ဖြင့် ခြောက်ကြိမ်တိုင်တိုင် အပြန်အလှန် လက်ဖျားဆွဲကြသော ကြေးငွေမှာ တစ်ရာ့နှစ်ဆယ်ပင် ဖြစ်သွားလေပြီ။

ဤတစ်နာရီ ကျော်လွန်ပြီးသည့် နောက်ပိုင်း၌ကား ကြက်ပွဲမှာ စိတ်ဝင်စားဖွယ် အခြေအနေသို့ ရောက်လာပေပြီ။ တစ်နာရီကျော်ကျော် ခွပ်လိုက်ရပြီ

ဖြစ်၍ ကြက်နှစ်ကောင်မှ မောပန်းနွမ်းနယ် နေကြပေပြီ။ တစ်ကောင်နှင့်တစ်ကောင် အပြန်အလှန်ခွပ်ထားသော ဒဏ်ရာဒဏ်ချက် များကြောင့်လည်း အားအင်များ ဆုတ်ယုတ်ကာ နုံးချည့်နေကြပေပြီ။ ဝိုင်းအစတုန်းကလို လျင်မြန်ဖျတ်လတ်စွာ ရှောင်တိမ်းပြီး ခြေသွက်သွက်နှင့် မခွပ်နိုင်ကြတော့ဘဲ၊ တစ်ကောင်၏ ခေါင်းကို တစ်ကောင်ကဆိတ်၍ တစ်ချက်ချင်း ပစ်ခွပ် နေရသည့် အခြေအနေသို့ ရောက်နေကြပေပြီ။

ကိုသန်းမောင်ကား ဤအချိန် ဤအခြေအနေကို စောင့်မျှော်နေသူဖြစ်၍ အထူးပင် ကျေနပ်နေ၏။ စောစောက ဟစ်တလား၏ ပြင်းထန်သော ခြေထောက်ကြီးများကို လျင်မြန်ဖျတ်လတ်စွာ ရှောင်တိမ်းနိုင်ခဲ့သော ချိပ်ကလေးသည် ယခုလို ထိုင်းမှိုင်းနွမ်းနယ်နေသည့် အချိန်၌ မရှောင်သာ မတိမ်းသာအောင် အထိအမိ ခံနေရပြီ ဖြစ်၏။ မကြာမီ ဟစ်တလား၏ ခြေစွမ်းခြေစကို သိမြင်ကြပေတော့အံ့။

သို့သော် မမျှော်လင့်သော အဖြစ်အပျက်ကို ကိုသန်းမာင်သည် ချောက်ချားစွာ မြင်လိုက်ရ၏။ နှစ်ကောင်ဆိုင်၍ ခွပ်ကြရာမှ အားချင်းမမျှ၍ နောက်သို့ အနည်းငယ် ဆုတ်ပေးလိုက်ရသော ချိပ်ကလေးအား ဟစ်တလားက မိုက်မဲစွာ ထိုးအလိုက်တွင် ချိပ်ကလေးသည် ဆုတ်ခုန်ခုန်၍ ခွပ်လိုက်ရာ ဟစ်တလား၏ နှုတ်သီးဖျားကို ထိသွားတော့၏။ အရှိက်ကို အထိုးခံလိုက်ရသော လက်ဝှေ့သမားကဲ့သို့ ချက်ကောင်းကို အထိခံလိုက်ရသော ဟစ်တလားခမျာ "ကွတ်" ခနဲ အသံထွက်သွားကာ ငိုင်ကျသွားစဉ်၊ ချိပ်ကလေးက အခွင့်ကောင်းယူ၍ နောက်တစ်ချက် ပစ်ခွပ်လိုက်ရာ ဟစ်တလား၏ လက်ဝဲဘက် မျက်လုံးကို အတက်ဖြင့် ထိုးမိပြီး တစ်ခါတည်း ကန်းသွားတော့သည်။ မည်းနက်သော သွေးတို့သည် ကန်းနေပြီ ဖြစ်သော ဟစ်တလား၏ လက်ဝဲဘက် မျက်လုံးအိမ် အတွင်းမှ ယိုစည်း၍ ကျလာကြ၏။ ဒါကို မြင်လိုက် ရသော ကိုသန်းမောင်ပင်လျှင် သူ့ဟစ်တလားနည်းတူ ငိုင်ကျသွား၏။ နောက်မှ သတိရပြီး

ဟစ်တလား၏ နောက်ဘက်မှနေ၍ လေနှင့် တဖူးဖူး မှုတ်ပေးလိုက်မှ ဟစ်တလား သတိရပြီး ထခွပ်တော့၏။

အရေးသာလိုက်သော ချိပ်ကလေး၏ ဘက်မှ ပရိတ်သတ်က နောကထပ် တစ်ဆယ်လက်ဖျားဆွဲရန် ဆွဲခေါ်လေပြီ။ သို့သော် ဟစ်တလား၏ ပရိတ်သတ်ကမူ လက်ခံ လောင်းကစားခြင်း မပြုကြဘဲ တိတ်ဆိတ်နေ၏။ ထိုအခါ ချိပ်ကလေး၏ ပရိတ်သတ်က တစ်ဆယ်နှင့် ငါးကျပ်ပေး၍ လောင်းကစားမည်ဟု ကြေညာပြန်၏။ ဟစ်တတလား၏ ပရိတ်သတ်ကတော့ မလှုပ်မယှက် ငြိမ်သက်လျက်...။

ကိုသန်းမောင် သူ့နောက်ပါများအား အတော်ပင် ဒေါသထွက်သွား၏။ မျက်လုံး တစ်ဖက်ကန်းသွားရုံမျှနှင့် သူ့ဟစ်တလားကို အထင်သေးကာ တစ်ဖက်မှ တစ်ဆယ်နှင့် ငါးကျပ် လက်ဖျားဆွဲရန် ခေါ်သည်ကိုပင် လက်ခံ လောင်းကစားခြင်း မပြုရဲဘဲ ရှိနေကြသည်ကို သူ အတော်ခံပြင်းနေ၏။ ထို့ကြောင့် ဖြတ်ပိုင်းကြေး ဖြတ်ရန် ချန်ထားသော ငွေထဲမှ ထုတ်နုတ်၍ သူကိုယ်တိုင် လက်ခံလောင်းကစားတော့၏။

ပြီးနောက် သူသည် ဟစ်တလားကို အားပေးသော သဘောဖြင့် ဝိုင်းအပြင်မှနေ၍ ထုံးစံတိုင်း သူဆိုနေကျ သီချင်းကို ဟန်နှင့်ပန်နှင့် သီဆိုတော့၏။

"ကြက်ဖတိန်ညင် တောကိုဝင် မောင်ရင်လာမှ လေးနဲ့ပစ်၊ မပစ်ပါနဲ့ မောင်ရင်ရယ် ကြက်တက်စူးလို့ သေပါ့မယ် ကွယ့်... သေပါ့မယ်... ဘယ်ဘက်က စူး... စူး... ညာဘက်က စူး...စူး၊ ခွပ်လိုက်ကြစို့ သူငယ်ချင်း ရေ..."

ဤနေရာတွင် ထုံးစံအတိုင်း အသံကို ခေတ္တဖြတ်ထားလိုက်၍ ကြက်ဖများ တွန်ခါနီး တောင်ပံကို တဖျတ်ဖျတ် ရိုက်သည့်ဟန်မျိုးဖြင့် လက်နှစ်ဖက်ကို တံတောင်ဆစ်မှနေ၍ ကွေးကာ သူ့ကိုယ်လုံးကို တဖျတ်ဖျတ်

ရိုက်လိုက်ပြီးနောက် ခြေဖျားထောက်၍ လည်တံကို ရှေ့သို့ ဆန့်ထုတ်လိုက်၏။ ပြီးတော့"အော်... အီး... အီး... အူး..." ဟု ဆွဲဆွဲငင်ငင်နှင့် တွန်လိုက်သဖြင့် အကြောင်းမသိသော ချိပ်ကလေး၏ ပရိတ်သတ်က ဝါးခနဲ ပွဲကျသွား၏။

သို့သော် ကိုသန်းမောင် ငယ်စဉ်ထဲက မွေးမြူလာခဲ့သော ဟစ်တလားကား သူ့သခင်၏ ဆန္ဒကိုသိ၏။ ယခင် ပွဲမဝင်မီ အပြင်၌ ခွပ်လှည့်ချစဉ် အခါများကလည်း ဤသီချင်းဖြင့် အားပေးခြင်းကို အကြိမ်ကြိမ် ခံယူခဲ့ဖူးသည်ဖြစ်၍၊ ယခုလည်း သူ့ကို အားပေးလိုက်ကြောင်း နားလည်သလို ကိုသန်းမောင်သီဆိုသည်နှင့် တစ်ပြိုင်နက် သဲသဲမဲမဲ ခွပ်စပြုတော့၏။ တစ်ချက်၊ နှစ်ချက်... ဟော... နောက် အချက် ကျတော့...

ဟစ်တလားသည် ချိပ်ကလေး၏ မေးအောက်အပျော့ကို နှုတ်သီးဖြင့် ကိုက်ဆွဲ၍ အားရပါးရ ခွပ်လိုက်ခြင်းဖြစ်ရာ၊ ချပ်ကလေးခမျာ နာကျင်လွန်းလှ၍ "ကတော် ကတော်" ဟု အော်ရင်း မြေကြီး၌ ဝပ်နေတော့၏။ မူလက ထိမှန်ထားသော လက်ဝဲပေါင်ထိပ်ကိုပင် အရှိန်ပြင်းစွာ ထပ်မံရိုက်ခတ်လိုက်ခြင်း ဖြစ်ရာ ချိပ်ကလေး၏ လက်ဝဲပေါင်မှာ ပိုင်းပိုင်းကျိုးရှာလေပြီ။ ဟစ်တလားက နောက်တစ်ကြိမ် ထပ်ဆင့်တွင်မူ ချိပ်ကလေးမှာ မခံမရပ်နိုင်တော့ဘဲ ခြေတစ်ပေါင်ကျိုး နိမ့်မျိုး နိမ့်မြင့် မလှမ်းချင်ချင် လှမ်းချင်ချင်နှင့် ဝိုင်းပြင်သို့ ပြေးရရှာလေပြီ။

ဤနည်းဖြင့် တစ်ကောင်နှင့်တစ်ကောင် မလိုက်နိုင်၍ တစ်တောင်စည်း ရေးပေးရသော အခန်း၊ ဖြတ်ပိုင်းကြေး ဖြတ်ပိုင်းသော အခန်းများသို့ မရောက်မီပင် ချိပ်ကလေးရှုံး၍ ဟစ်တလား အနိုင်ရ လိုက်လေပြီ။ စောစောက တိတ်ဆိတ်လျက်ရှိသော ဟစ်တလား၏ ပရိတ်သတ်ကား ယခုတော့ ဆူညံ ဆူညံ ကျွတ်စီကျွတ်စီနှင့် ပျော်မဆုံး အပြုံးပြုံး...။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၇)

ဟစ်တလားနှင့် ချိပ်ကလေးတို့၏ တိုက်ပွဲကား ပြီးဆုံးလေပြီ။ နောက်ထပ် တိုက်ပွဲများ အဆက်မပြတ် ရှိနေသေးသော်လည်း ခါတိုင်းကဲ့သို့ စောင့်ဆိုင်း ကြည့်ရှုနေရန် ကိုသန်းမောင် စိတ်မဝင်စားတော့။ ကြက်တိုက်ပွဲ တစ်ချိန်လုံး ကြက်ပွဲ၌သာ လုံးဝ စူးစိုက်လျက်ရှိသော သူ့စိတ်အာရုံသည် ကြက်ပွဲအပြီးတွင်မှ အိမ်မှ စောင့်မျှော်နေရှာမည့် ချစ်ဇနီး မဒေးတင်ထံသို့ ရောက်ရှိနေ၏။ ထို့ကြောင့် ကြက်ပွဲပြီး၍ နိုင်ငွေများကို ရှင်းလင်းပြီးသည်နှင့် တစ်ပြိုင်နက် ဟစ်တလားကို ရင်ခွင်တွင် ပိုက်ကာ ကိုရွှေနိုင်တို့နှင့်အတူ ပြန်ခဲ့တော့သည်။

ကိုရွှေနိုင်နှင့် လူငယ်များကား အနိုင်ရရှိသောသူများပီပီ လမ်းတစ် လျှောက်လုံး ဆူဆူညံညံနှင့် ပြောဆို ရယ်မောရင်း လျှောက်နေနိုင်သော်လည်း၊ ကိုသန်းမောင်မှုကား အနိုင်ရသူ ဖြစ်ပါလျက်နှင့် မရယ်နိုင် မပြုံးနိုင်ဘဲ မျက်နှာသေကလေးနှင့် ဖြစ်နေ၏။ အမှန်ကတော့ အနိုင်ရရှိ ပါသော်လည်း သူ့ဟစ်တလား မျက်လုံး ကန်းသွားသည့်အတွက် သူ့စိတ်ကို ထိခိုက် သွားခြင်းကြောင့် ဖြစ်သည်။

ဟစ်တလားမှာ မျက်လုံးကန်းပြီး ဖြစ်သည်နှင့်အမျှ နောက်ထပ် ပွဲမဝင်နိုင်တော့ဘဲ တန်ဖိုးမရှိသော ဟင်းစားကြက်အဖြစ်သို့ ရောက်ရှိသွားလေပြီ။ သူငယ်စဉ်ထဲက ဂရုတစိုက် မွေးမြူခဲ့ရသော ကြက်ဖြစ်၍ သားရင်းတမျှ သံယောဇဉ် ငြိတွယ်နေပြီ ဖြစ်သောကြောင့်လည်း ဤမျှထိခိုက်သွားရခြင်း

ဖြစ်သည်။ မူလကပင် မအေးတင်ကို သနားလှ၍ ကြက်ဝါသနာကို စွန့်လွှတ်ရန် စိတ်အား ထက်သန်နေဆဲ၊ ဤသို့ ဟစ်တလား၏ အဖြစ်ကို ရင်နင့်သွား လောက်အောင် ထပ်မံ မြင်လိုက်ရပြန်သည့် အခါ၌ကား နောက်ထပ် ကြက်မွေးမြူခြင်း၊ ကြက်တိုက်ခြင်းများ ပြုလုပ်ရန် လုံးဝ စိတ်ကုန်ခန်းသွား၏။ ထို့ကြောင့် ယခု အိမ်ပြန်အရောက်တွင် သူ့အား စောင့်မျှော်နေရှာမည့် မအေးတင်အား နောက်နောင်ကြက်မွေးမြူခြင်း၊ ကြက်တိုက်ခြင်း တို့ကို မပြုလုပ် တော့ဘဲ ကြက်ဝါသနာကို လုံးဝစွန့်လွှတ်ပါတော့မည်ဟု ကတိကို သူ ပေးနိုင် လေပြီ။

သူသည် လမ်းလျှောက် နေရင်းမှပင် သူ့ရင်ခွင်ထဲမှ ဟစ်တလားအား ကြင်နာစွာ ငုံ့ကြည့်လိုက်၏ ဟစ်တလား ကလည်း ရရှိထားသော ဒဏ်ရာ ဒဏ်ချက် များကြောင့် ငိုင်လျက်ရှိရာမှ သူ့သခင်အား မကန်းသေးဘဲ ကျန်ရှိသော လက်ယာဘက် မျက်လုံးဖြင့် စောင့်ငဲ့၍ ကြည့်ရှာ၏။ ကိုသန်းမောင် ရင်ထဲ၌ကား ဆို့ သွားတော့၏ မကြည့်ရက်ပါ။ ဤမျှလောက် သနားစရာကောင်းလှသော ဟစ်တလာအား သူဆက်လက်၍ မကြည့်ရက်တော့ပါ။ နောက်နောင်လည်း မကြည့်လို၊ မမြင်လိုတော့ပါ။

သူသည် မျက်နှာပြန်လွှဲလိုက်၍ အံကြိတ်ကာ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်၏။

"ဒီမှာ ကိုရွှေနိုင်၊ ဒီကြက်ကို ခင်ဗျားပဲ ယူပြီး မွေးပါတော့ဗျာ၊ ကျွန်တော်တော့ ဒီလို မျက်လုံး ကန်းကြီး ဖြစ်နေတာကို မကြည့်ရက်တော့ဘူး။ နောက်ဆိုရင် ကြက်ဝါသနာ စွန့်လွှတ်တော့မှာမို့ ဒီကြက်ကို သံယောဇဉ်ကိုလည်း တစ်ခါတည်း ဖြတ်ပစ်လိုက်ချင်တယ်၊ ဒါကြောင့် ဒီကြက်ကို ခင်ဗျားပဲ ယူပြီး မွေးပါဗျာ နော်"

ပထမတော့ ကိုရွှေနိုင်သည် ကိုသန်းမောင်ကို အံ့အားသင့်စွာ မော်ကြည့်နေမိ၏။ နောက်မှ ကိုသန်းမောင်၏ စိတ်အခြေအနေကို အကဲခတ်မိသွားသည့် အလား တဟားဟား အော်ရယ်လိုက်ရင်း-

"အေးလေ... မင်းစိတ်ကုန်ခန်းလို့ ပေးခဲ့ရင်လည်း ပေးခဲ့ပေါ့ကွ၊ ငါကတော့ အလကားရတဲ့ နွား သွားဖြဲပြီး ကြည့်တတ်တဲ့ လူ မဟုတ်ပါဘူး၊ ပေးရင်တော့ အယူချည်းပဲ"

ဤတွင် ကိုသန်းမောင်သည် သူ့ရင်ခွင်မှ ဟစ်တလားအား ကိုရွှေနိုင်သို့ လက်ကမ်းပေးလိုက်ရာ၊ ကိုရွှေနိုင်ကလည်း သွက်လက်စွာပင် လှမ်းယူပြီးနောက် အမှိုင်၏ အရက်ဆိုင်ရှေ့သို့ ရောက်နေပြီဖြစ်သဖြင့် အရက်ဆိုင် အတွင်းသို့ တစ်ခါတည်း တန်းဝင်သွား၏။ ကိုသန်းမောင်ကတော့ ကြက် သူ့လက်မှ လွတ်သည်နှင့် တစ်ပြိုင်နက် လှည့်၍ မကြည့်တော့ဘဲ သူ့အိမ်ရှိရာသို့ ရှေးရှု၍ သုတ်ခြေတင်တော့၏။

အိမ်သို့ရောက်သောအခါ ခါတိုင်းနှင့်တူ တစ်မှုထူးနေသော သူ့ဇနီးအား စိတ်ကြည်နူးဖွယ် မြင်လိုက်ရ၏။ သန့်သန့်ပြန့်ပြန့်ဖြီးလိမ်း ဝတ်စားထားသော မအေးတင်သည် သူ့ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူမ၏ ထူးထူးခြားခြား ဖြီးလိမ်း ဝတ်စားထားမှုများအတွက် မလုံမလဲ ဖြစ်နေသလို ရှက်ပြုံးကလေးဖြင့် ကြိုဆို နေရှာပါသည်။ သြော်... သနားစရာ ရိုးသားလှတဲ့ အေးတင်ရယ်။

"ဘယ်နယ့်လဲ ဆရာကြီး၊ ဒီတစ်ခါ အိမ်အပြန် မြန်လှချည့်လား၊ မျက်နှာကလည်း ရွှင်ရွှင်လန်းလန်း မရှိဘူး ဆိုတော့ အင်း... ကေနွ ကြက်ပွဲက ရှုံးလာခဲ့ပြီ ထင်တယ်"

မအေးတင်က သူ၏ မျက်နှာရိပ် မျက်နှာကဲ ကြည့်ရှု အကဲခတ်၍ သူမ၏ ထင်မြင်ချက်ကို ထုတ်ဖော် ပြောကြားလိုက်၏။ ကိုသန်းမောင်ကတော့ မည်သို့မှ ခွန်းတုံ့မပြန်ဘဲ မအေးတင်ထံမှ ယူသွားသော ငွေငါးဆယ်နှင့် သူ အနိုင်ရရှိ

လာသော ငွေလေးဆယ်၊ ပေါင်းငွေကိုးဆယ်ကိုသာ မအေးတင်၏ လက်တွင်းသို့ ပေးအပ်လိုက်၏။

"ဩ... နိုင်လာတာကိုး၊ ကျုပ်က တော် မျက်စိမျက်နှာပျက် ဖြစ်လာတော့ ရှုံးလာတယ် အောက်မေ့နေတာ။ အနို့ တော့်ကြက်ကြီးလည်း မမြင်ပါလား၊ ဘယ်မှာ ထားခဲ့သလဲ"

"အေး... နိုင်တော့ နိုင်ခဲ့ပါရဲ့၊ ဒါပေမယ့် ဟစ်တလားတော့ မျက်လုံး ကန်းသွားရှာပြီလေ၊ ငါ့စိတ်ကို သိပ်ထိခိုက် သွားပြီး ကြည့်လည်း မကြည့်ရက် တော့တာနဲ့ ကိုရွှေနိုင်ကို တစ်ခါတည်း အပြီးအပြတ် ပေးပစ်လိုက်ပြီလေ"

"အိုတော်... သနားစရာ၊ ဖြစ်မှ ဖြစ်ရလေ၊ ဒီလိုဆိုရင် တော်တို့ အလုပ်ဟာ ဘယ်မှာ တရားတော့တို့လဲ။ တော်တို့ ပျော်ဖို့ပါးဖို့ အနိုင်ရဖို့အတွက် သူတို့က ကြားထဲက အသေခံ၊ မျက်လုံးမျက်ဆန် အကန်းခံပြီး ခွပ်ပေးရ သလို ဖြစ်နေပါပြီ။ ဘုရားမကြိုက်တဲ့ ဒုစရိုက်ကြီးတွေပါတော်"

မအေးတင်က အချက်ကျကျ ပြောကြားနေ၏။ ဟိုတုန်းကဆိုလျှင် ကိုသန်းမောင်ကလည်း အလျှော့မပေးဘဲ ဆင်ခြေလက်ခြေနှင့် အချက်ကျကျ ပြန်လည်ချေပ ပြောဆိုတတ်ပါ၏။ "ဟေ့... မြို့က ဂုဏ်သရေရှိ လူကြီးလူကောင်း တွေဟာ ဥပဒေရဲ့ ခွင့်ပြုချက်အရ လူနဲ့ လူချင်း လက်ဝှေ့ထိုး သတ်ပုတ်ခိုင်းပြီး သူတို့ကဘေးကနေပြီး တပျော်တပါး လောင်းကစားကြတာနဲ့စာရင် တို့လို တိရစ္ဆာန် အချင်းချင်းကိုသာ ခွပ်ခိုင်းပြီး လောင်းကစားကြတဲ့သူတွေက အများကြီး တော်ပါသေးတယ်။ ဒါနဲ့တောင် လူလူချင်း တိုက်ပွဲဖြစ်တဲ့ လက်ဝှေ့ကိုတော့ ဥပဒေကရော လူတွေကရော အပြစ်တစ်စုံတစ်ရာ မရှိတဲ့ သူရဲကောင်း အလုပ်ကြီး လို ခွင့်ပြုထားကြပြီ တိရစ္ဆာန်အချင်းချင်း တိုက်ပွဲဖြစ်တဲ့ ကြက်ပွဲမှ ဥပဒေကရော လူတွေကရော ဘာကြောင့် ခွင့်မပြုနိုင်ရတာလဲဆိုတာ ငါတော့ စဉ်းစားလို့ကို မရဘူး"

ဤကား ကိုသန်းမောင် အမြဲလက်ကိုင်ထားသော ဆင်ခြေလုံးပင်ဖြစ်သည်။ သို့သော် ယခု တစ်ကြိမ်တွင်မူကား သူသည် မည်သို့မျှ ပြန်၍ စောဒကတက်မနေတော့ဘဲ ဆိတ်ဆိတ် နေလိုက်ခြင်း အားဖြင့် မအေးတင်၏ အယူအဆကို သဘောတူ ထောက်ခံကြောင်း ထင်ရှားနေသည်။

အတန်ကြာ အတွေးကိုယ်စီနှင့် ဆိတ်ငြိမ်လျက် ရှိကြရာမှ ကိုသန်းမောင်သည် မအေးတင်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး "ဒီမှာ အေးတင်... နင်ကြားချင်တဲ့ စကားကိုလေ ငါ အခုပြောနိုင်ပြီ၊ နင်လိုချင်တဲ့ ကတိကိုလေ ငါ အခုပေးနိုင်ပြီ။ နောက်ကိုလေ ငါ ကြက်လည်း မမွေးတော့ဘူး။ တိုက်လည်း မတိုက်တော့ဘူး၊ အိုလေ... ကြက်ပွဲကိုတောင် သွားမကြည့်တော့ဘူး" ဟု ပြောလိုက်ရာ မအေးတင်လည်း အံ့အားအသင့်ကြီး သင့်သော မျက်နှာ၌ ကြည့်လင် ဝင်းလက်လာသော မျက်လုံးကြီးများဖြင့် ကိုသန်းမောင် အား ကြည့်ရင်း ပြုံးယောင်သမ်း၍ လာလေတော့သတည်း။

~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~

# အကွဲအင်းသွားရေလား

(၁)

## လိုက်တော်မူခဲ့

ချစ်သော စာဖတ်သူ၊ ယနေ့ ကျွန်တော်ဟာ အကွီအင်းကို သွားရလိမ့်မယ်။ ကိစ္စကတော့ ရှမ်းပြည်နယ် သုံး "ချောမီးနီ ငါးပိကောင်" ကို ဝယ်ဖို့ပေါ့။ ကားတစ်စီးတင် အချိန်နှစ်ထောင် ကျော်လောက် ဝယ်ပြီး ရှမ်းပြည်နယ်ကို တိုက်ရိုက်တင်ပို့ ရောင်းချမယ်လေ။ ရှမ်းပြည်နယ် တောင်ပိုင်း ညောင်ရွှေ၊ တောင်ကြီးစတဲ့ မြို့တွေမှာ ချောမီးနီ အချိန်တစ်ရာကို နှစ်ရာ့ ငါးဆယ် ဈေးရှိတယ်။ အကွီအင်းကို သွားဝယ်ရင် အချိန်တစ်ရာကို တစ်ရာဈေးပဲ ဝယ်ရမယ်လို့ သတင်းကြားရတယ်။ ဒါကြောင့် အကွီအင်းကို သွားပြီး ချောမီးနီ ငါးပိကောင် ဝယ်မယ်။

စာဖတ်သူကော ကျွန်တော်နှင့်အတူ မလိုက်ချင်ဘူးလား၊ တစ်ခါ တစ်ခေါက်ရောက်ဖူး ပေါက်ဖူး ရှိသွားအောင် လိုက်ခဲ့စမ်းပါလို့ ကျွန်တော် လေးလေးစားစား ဖိတ်ခေါ်ပါတယ်။ တကယ်လို့ စာဖတ်သူ ဟာ အင်းကုန်များကို ကူးသန်း ရောင်းဝယ်နေတဲ့ ကုန်သည်တစ်ဦးဆိုရင် သာပြီးတော့ လိုက်သင့် ပါတယ်။ ဒါမှသာ စာဖတ်သူဟာ ကိုယ်ရောင်းဝယ်နေတဲ့ အင်းကုန်တွေကို ဘယ်သူတွေက ဘယ်ပုံ ထုတ်လုပ် နေတယ်ဆိုတာ မျက်မြင်ကိုယ်တွေ့ သိနိုင်မှာပေါ့။ အခုလို အပြိုင်များတဲ့ ခေတ်မှာ ကုန်သည်တစ်ဦးအဖို့ ကိုယ် ရောင်းဝယ်နေတဲ့ ကုန်စည်နဲ့ ပတ်သက်သမျှ ဗဟုသုတကို အောက်ခြေသိမ်း နားလည်ထားမှသာ ထူးချွန် တိုးတက် နိုင်မယ်မဟုတ်လား။

ဩ… စာဖတ်သူဟာ ကန့်သည် မဟုတ်ဘဲ ကဗျာဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာ စတဲ့ သုခုမ အနုပညာသည် တစ်ဦးမို့လို့ ဒီလို လမ်းခရီးမျိုးတော့ မလိုက်ချင်ပေါင်လို့ ငြင်းမယ် ကြံသလား။ စိတ်ကူး မလွဲကြပါနဲ့ ဆရာတို့ရယ်၊ ဒီလမ်းခရီးကို ဆရာတို့လည်း မုချလိုက်သင့်ပါတယ်။ ဒီလမ်းခရီး တလျှောက် တွေ့မြင်ရမယ် ဩကာသလောကရဲ့ အလှအပတွေ၊ သတ္တလောကရဲ့ သဘာဝတွေဟာ ဆရာတို့ရဲ့ စာဆိုဉာဏ်ကို ထက်မြက်လာအောင် စွမ်းဆောင်ပေးနိုင် ပါလိမ့်မယ်။ အကြောင်းအရာတွေမှာသာ အပ်ကြောင်း ထပ်နေကြတဲ့ ဆရာတို့ဟာ လတ်ဆတ်သစ်လွင်တဲ့ အကြောင်းအရာတွေကို စာပန်းချီ ရေးဆွဲကာ ပြောင်မြောက်တဲ့ ကဗျာစာပေအဖြစ် နှောင်းလူများကို အမွေပေးခဲ့တဲ့ ထုံးဟောင်း သာဓက တွေလည်း ထင်ရှား ရှိနေပါတယ်။ နမူနာအဖြစ် "အရှင်ဇယန္တာဘိဓဇ" ဆို ရေလား ရတုပိုဒ်စုံကို ကောက်နုတ် ရွတ်ဆို ပြပါရစေ။ ဆရာ့ဆရာတွေအပေါ်မှာ ဆရာလုပ်ချင်တဲ့ ချာတိတ်ကလေးပါကလား ရယ်လိုက မျက်မာန်တော် မ ညှိုးလိုက်ပါနဲ့။ ဩော်… သူ့ခမျာ လိုက်စေချင်တဲ့ စေတနာ ထက်သန်ရှာ လွန်းလို့ သူတတ်သမျှကလေးနဲ့ ကြိုးစားပမ်းစား သွေးဆောင် ခေါ်ငင်နေတာပါကလားရယ်လို့ ဆင်ခြင်တော် မူစေချင်ပါတယ်။

**အရှင် ဇယန္တာဘိဓဇဆို**

**ရေလား ရတုပိုဒ်စုံ**

(၁) ကြူးလှရှည်၍၊ နေခြည်အံ့ပျူ၊ လေဝန်းထလျက်၊ မြစ်မသာဟန်၊ ရေလျှင်ထန်မှာ၊ ကြင်ရန်ဘေမဲ့၊ ပါပါခဲ့မူ၊ အံ့ဖွယ့်စတော၊ မျှော်ရလေလိမ့်၊ ရေလည်း ဖက်ဆွတ်၊ ပြင်ကျွန်းထွတ်ဝယ်၊ ညှာဝတ်သောက်ယူ၊ သောသော အူမျှ၊ ဖျိုင်းဖြူကဝဲ၊ ဝမ်းဘဲကကြော်၊ စင်ရော်ကျာကျာ၊ ရွှေဟသာလည်း၊ နွဲကာစုံပေါင်း၊ ရိပ်ခို အောင်း၍၊ တပျောင်းချိုချို၊ မယ်ညိုသံလေး၊ ရင့်ကာကြွေးလျက်၊

ပဲထွေးရေကြက်၊ ကရဝက်က၊ ဝံလက်သောင်တင်း၊ ရွှေတိန်ညင်းလည်း၊ သာချင်းထူးထွေ၊ ကျူးသံချေနှင့်၊ ငွေအရည်ရောင်၊ ပြင်ကျွန်းသောင်၌၊ မောင်နံ့နှစ်ကိုယ်၊ ချစ်သံဆို၍၊ ရွယ်ပျိုချောညို့၊ စောမယ်တို့ဟု၊ တချို့ကပျံ၊ သိုက်နန်းစံလျက်၊ မြစ်ယံရေလှိုင်း၊ ကျွန်းနှင့်ကိုင်းသည်။ ။ မှုန်မှိုင်း ဝေရီရီသကား။

(၂) ဘူးစစည်၍၊ နွေလည်တန်ခူး၊ သင်္ကြန်ဦးတွင်၊ ရွှင်မြူးကြလျက်၊ ရေအချက်မှာ၊ လှော်တက်ကိုင်မြှောက်၊ ရိုလေးကောက်၍၊ နှုတ်ထောက်ရင့်အေး၊ တချေးချေးနှင့်၊ ဟိန်လေးဟေးလာ၊ အေးဟေးလာဟု၊ ကြော်ငြာသောင်းသောင်း၊ ပွဲတင်ခြောင်းမျှ၊ သံညောင်းထွေလာ၊ သူ့ထက်ငါလျှင်၊ ရေမှာအလိုက်၊ ပျော်ပိုက်အူစင်း၊ ယကွင်းဒိုင်းဝန်း၊ မီးထွန်းလုပ်နည်း၊ ဆူးစည်းချသန်း၊ မြားတန်း တလိုက်၊ တံတိုက်ကြမ်းငင်၊ တုရင်ချီထောင်၊ စာပေါင်ရစ်ဖွဲ့၊ ငါးစသွဲ့နှင့်၊ ယက်သဲ့ တခြား၊ စန္ဒားကွန်စွန့်၊ လက်တွန်းလင်းပက်၊ ပိုက်လက်မတန်း၊ သာဆန်းတကြယ်၊ ပလိုင်းလွယ်လျက်၊ ရေဝယ်ပျော်မြူး၊ ခံတိုင်ဦးတို့၊ သန်းကူးယှက်တင်၊ လောင်းလှေလျဉ်မှာ၊ တောင်တင်ခေါ်ခေါ်၊ လပိုင်ခေါ်၍၊ တကြော်ကျူးကျူး၊ အဲအန်ထူးလျက်၊ အုံ့မှူးဖွယ်ပင်၊ ရေသဘင်မှာ၊ ဆွဲငင်တတ်သက်၊ အုတ်ကျက် မည်ံ၊ မြစ်လုံးလျှံမျှ၊ သံမဆိတ်ဘဲ၊ တသဲသဲတိ၊ တစ်ပွဲတစ်လမ်း၊ ကြိုးပမ်းဖြိုဖြိုး၊ လုံ့လစွမ်းရည်၊ မြော်ကြိုက်သည်တွင်၊ မိုးစည်ငြိမ့်ငြိမ့်၊ တိမ်ခိုးနိမ့်လျက်၊ လွှမ်းစိမ့်ဝေမှိုင်း၊ အုံ့ကာဆိုင်းသည်။ ။ မုန်တိုင်းလေ စီစီသကား။

(၃) ကျူးကြမည်၍၊ ဖွေနည်ဆန်းပြား၊ ရေငှက်များတို့၊ စကားလူလို၊ နှုတ်သံချိုနှင့်၊ အဖိုအမ၊ နွဲ့စကြလျက်၊ ချလည်းတညီ၊ ချီလည်းမကွာ၊ နတ်စောင်းသာသို့၊ ထံထျာထုံတျော၊ ရှုတိုင်းမောမျှ၊ သောသော အုတ်အာ၊ လူးလာသွတ်လှယ်၊ သွယ်သွယ်ပျံသန်း၊ မျှော်သူပန်းအောင်၊ သိုက်နန်းခိုဝင်၊ တောင်တင်လည်ယှက်၊ ဝတ်ရက်ချီယူ၊ ချော့ကာမူ၍၊ ရင့်ရှုသံညင်း၊ ဘော်ငယ်ချင်းရို့၊ မယ်မင်းတို့ဟု၊ နှစ်လို့ထွေငေါ်၊ တကြော်ကြော်နှင့်၊ ဘော်သာခွာရောင်၊

ငွေသဲသောင်၌၊ မောင်နံ့စုံပူး၊ ယှဉ်ကြမြူး၏။ ထူးထူးတလည်၊ လေပြည်ညင်းညင်း၊ ဆော်သုတ်သွင်းလျက်၊ ငါးကြင်းဆန်ဆန်၊ ငါးတန်ထွေထွေ၊ လှိုင်းမရေဝယ်၊ ပြတ်ကြွေအူသည်၊ အံ့ရာပည်းမျှ၊ ဆည်လည်းစုပေါင်း၊ ဝတ်မှုန်လှောင်း၍၊ နမောင်းညှာသွယ်၊ ကိုင်းစက်စက်နှင့်၊ မြောက်နွယ်ရှည်လျား၊ ပန်းပြားညွန့်လူ၊ လိုကျူမြင့်ဆောင်း၊ ဘောင်းလည်ညွတ်ယိမ်း၊ ပင်ခပ်သိမ်းတို့၊ ရွက်စိမ်းစိုစို၊ ခက်ညိုညိုကို၊ ကြွေလို့ကြွေဟု၊ ချိုလေလုက၊ ရှုမညောင်းအောင်၊ သာမျိုးဆောင်ရှင့်၊ သောင်လည်း ငွေနှစ်၊ မြစ်လည်းဖန်နှိုင်း၊ ကိုင်းလည်းမြရောင်၊ တောင်လည်းဖီလာ၊ ဆီးကာသန်းသန်း၊ ကျောက်တန်းပေါ်ပေါ်၊ အမော်ခြောင်းခြောင်း၊ ခနောင်းထွေးထွေး၊ ယက်ပြေးစုန်စုန်၊ လျဉ်ဟုန်သီးသီး၊ ရေစီးဆင့်ဆင့်၊ ကျွန်းမြင့်မြင့်မှ၊ စွင့်စွင့်လျှံညီ၊ တသီသီနှင့်၊ စေတီဆိုင်းဆိုင်း၊ မျှော်လိုက်တိုင်းသည်။ ။ ခုန်လှိုင်းရေချီချီသကား။

စာဆိုတော် အရှင်ဟာ သူသွားလာခဲ့တဲ့ ရေလမ်းခရီးမှာ တွေ့မြင်ရသမျှ ရေရဲ့ အလားအလာတွေကို ထည့်သွင်း စပ်ဆိုထားလိုက်တာ စုံလို့ပဲနော်။ ဘာသာဘာဝ အော်မြည် ရင့်ကြွေးနေကြတဲ့ ငှက်ကလေးတွေရဲ့ တေးဂီတ အသံဟာ နားထဲမှာ ကြားယောင်လာပြီး ယကွင်း၊ ဒိုင်းဝန်း၊ ရင်တွန်း၊ လင်းပက် စတဲ့ ငါးဖမ်းကိရိယာ တန်ဆာပလာတွေနဲ့ သားငါးများ ရှာဖွေနေကြတဲ့ ကိုတံငါတွေကိုလည်း မျက်စိထဲမှာ မြင်ယောင်လာတာပဲနော်။ ပြီးတော့ ငွေရောင် ဖွေးနေတဲ့သောင်၊ ဖန်ရောင်နဲ့ အလားတူတဲ့မြစ်၊ မြစိမ်းရောင် တောက်နေတဲ့ ကိုင်းနဲ့ ဖီလာဆီးနေတဲ့ တောင်ကြီးတွေဟာ ကောပန်းချီကားပမာ ပေါ်လွင်မလာပေဘူးလား။ ကျွန်းမြင့်မြင့်မှာ စွင့်စွင့်ဆိုင်း ဆိုင်းတည်ရှိနေကြတဲ့ စေတီကလေးတွေဟာလည်း ကြည်ညိုစရာပဲနော်။ အဲဒီလောက် ပြောင်မြောက်တဲ့ ရေလားရတုကို စာဆိုအရှင် ဖွဲ့ဆိုနိုင်ခြင်းဟာ ရောဝတီ မြစ်ရိုးတစ်လျှောက် သွားလာဖူးတဲ့ အတွေ့အကြုံကြောင့်ပဲ ဆိုတာ မငြင်းနိုင်ပါဘူးနော်။

ကဲ... ဒီတော့ ကျွန်တော်သွားမယ့် ရေလမ်းခရီးကို ဆရာတို့လို သုခုမ အနုပညာသည်တွေလည်း လိုက်သင့်ပါတယ်လို့ ကျွန်တော် ပြောခဲ့တာ မမှားဘူး မဟုတ်လား။ ဒါပေမဲ့ ကျွန်တော်သွားရမယ့် ရေလမ်းခရီးက ဧရာဝတီ မြစ်ရိုးတစ်လျှောက် သွားရမယ့် ရေလမ်းခရီး မဟုတ်ဘဲ၊ ချောင်းငယ် မြောင်းငယ် ကွင်းပြင်ကျယ်ကို ဖြတ်သန်းသွားရမယ့် ရေလမ်းခရီးမို့ "အရှင် ဇယန္တာဘိဓဇ" ရဲ့ ရေလားနဲ့ ကျွန်တော်ရဲ့ အကွိုအင်းသွား ရေလားဟာ တစ်မျိုးစီ တစ်ဘာသာစီ ကွဲပြား ခြားနားနေမှာပါပဲ။ ဆိုလိုတာက ဆရာတို့ဟာ စာပေ သမိုင်းမှာရော၊ မျက်မြင်လောကမှာရော တစ်ခါမှ မတွေ့ကြုံဖူးသေးတဲ့ ရေလား အသစ်အဆန်းကို ကျွန်တော်နဲ့ လိုက်ခဲ့ရင် တွေ့မြင်လေ့လာနိုင်မယ်လို့ ဆိုလိုတာပါပဲ။ အိုလေ ... အင်မတန် စိတ်ဝင်စားစရာကောင်းအောင် ထူးခြားသစ်လွင်တဲ့ ရေလားကို တွေ့မြင်ရပါစေ့မယ်လို့ ကျွန်တော် ရဲရဲကြီး အာမခံပါတယ်။ ကဲ ... လိုက်မယ် မဟုတ်လား။

ဆရာတို့လို သုခုမ အနုပညာသည်တွေသာ မဟုတ်သေးပါဘူး၊ မြန်မာ့မျက်စိနဲ့ လုံးဝကြည့်လို့မရတဲ့ ဟောလီးဝုဒ်ရဲ့ ဝတ်လစ်စလစ် အကတွေကို မျက်စိနောက်နေတဲ့ ခေတ်ပညာတတ်တွေ၊ ပိုးဖဲရောင်၊ နိုင်လွန်ရောင်၊ စိန်ရွှေရောင်၊ စတူဒီဘေကာရောင်၊ အမေရိကန်ဓာတ်မီးချောင်းအရောင် တပြောင်ပြောင်တွေကို မြင်ရလွန်းလို့ မျက်စိကျိန်းစပ်နေတဲ့ မြို့ကြီးသားတွေ၊ ကားသံ၊ ရထားသံ၊ ရေဒီယိုသံ၊ ရောက်သီးဆေးပြားအော်သံ၊ ဘတ်စ်ကားစပယ်ယာ ခေါ်သံတွေကို နားကြားပြင်းကတ်နေတဲ့ လူတွေလည်း ကျွန်တော်နဲ့ လိုက်ခဲ့ သင့်ပါတယ်။ ဒါမှသာ ဩကာသလောကရဲ့ သဘာဝအလှတွေကို ရှုမြင်နိုင်ပြီး နောက် နေကျိန်းစပ်နေတဲ့ မျက်စိဟာ ကြည်လင်လာနိုင်ပါမယ်။ မျက်စိပသာဒ ဖြစ်လာပါမယ်။ သတ္တလောကရဲ့ သဘာဝ တေးသံတွေကို ကြားနာနိုင်ပြီး နားကြားပြင်း ကတ်နေရာက နားဝင်ချို လာပါမယ်။ နားဝင်ပီယံ ဖြစ်လာနိုင်ပါမယ်။

ကဲ ... ဒါလောက်ဆိုရင် စာဖတ်သူဟာ ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်အတန်းအစားပဲဖြစ်ဖြစ် ကျွန်တော်နဲ့အတူ လိုက်ခဲ့သင့်တယ်ဆိုတာ ထင်ရှားလောက်ရောပေ့ါနော်။ ဒါကြောင့်မို့ စာဖတ်သူရေ ... လိုက်တော်မူခဲ့ .... မပျောင်းနွဲ့နှင့် ..... ။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

# (၂)

## ကိုတံငါ

ကျွန်တော် အဆွယ်ကောင်းတာနဲ့ စာဖတ်သူလည်း လိုက်ဖို့ သဘောတူပြီပေ့ါနော်။ ဒီလိုဆိုရင်လည်း အချိန်ဖြုန်းမနေဘဲ သွားကြပါစို့။ ကမ်းနားမှာ ဗျင်းဘွဲ့ရွာ ဘုန်းတော်ကြီး ဦးအဂ္ဂဝံသထံမှ ငှားရမ်းထားတဲ့ လူ ၅ ယောက်လျော် လောင်းလှေကလေး တစ်စင်း အသင့် ဆိုက်ကပ်လျက် ရှိနေပါတယ်။ လောင်းလှေကလေးမှာ "လေယာဉ်ပျံ" ဆိုတဲ့ အမည်စာတန်း ရေးထိုးထား တယ်လေ။ "မင်း ရှမ်းပြည်နယ် သွားတဲ့အခါ ငါ့ကျောင်းဖို့ လက်ဖက်ခြောက် ကောင်းကောင်း ဝယ်ခဲ့မယ်ဆိုမှ ငါ့လောင်းလှေကို ငှားနိုင်မယ်ကွ" လို့ ဘုန်းတော်ကြီးက မိန့်တော်မူသည့်အတွက် ဝယ်ခဲ့ပါ့မယ် ဘုရားလို့ ဝန်ခံလျှောက်ထားပြီး ငှားလာရတဲ့ လောင်းလှေပေါ့ ခင်ဗျာ။ အဲဒီ ဘုန်းတော်ကြီးဟာ ကျွန်တော်တို့ရဲ့ ဆရာရင်းလည်း ဖြစ်ပါတယ်။

အခု သွားရမှာက ဗျင်းဘွဲ့ရွာကနေပြီး ရှစ်မိုင်လောက်ဝေးတဲ့ အကွီအင်းကို သွားရလိမ့်မယ်။ သွားရမယ့်လမ်းက ကွင်းလမ်း၊ ချောင်းလမ်း နှစ်လမ်း ရှိတယ်။ စာဖတ်သူ ပိုပြီး စုံစုံစေ့စေ့ ရှုမြင်လေ့လာနိုင်အောင် အသွားမှာ ကွင်းလမ်းကသွားပြီး၊ အပြန်ကို ချောင်းရိုးလမ်းက လှည့်ပြန်မယ်။ ဒါမှသာ စာဖတ်သူဟာ ကွင်းပြင်နဲ့ ပတ်သက်တဲ့ ရေလားရော၊ ချောင်းရိုးနဲ့ သက်ဆိုင်တဲ့ ရေလားရော ရှုမြင် လေ့လာ နိုင်မှာပေါ့။

လှေလယ်မှာ လှေကပ်ခင်းပြီး လှေကပ်ပေါ်ကမှ သင်ဖျာ အချော တစ်ချပ်ကို ခင်းထားတာမို့ စာဖတ်သူဟာ အဲဒီ သင်ဖျာပေါ်မှာ ကျွန်တော်နဲ့အတူ ထိုင်နိုင်ပါတယ်။ ဟောဒီ ဓာတ်ဘူးထဲမှာ လက်ဖက်ရည် အကြမ်းရှိပါတယ်။ ဟောဒီ ပန်းကန်ကတော့ ငါးရံ့ခြောက်ဖုတ်ကို ထုရိုက်ပြီး ဆီရွှဲရွှဲဆမ်းထားတဲ့ အမြည်းပန်းကန်ပေါ့ခင်ဗျာ။ အရသာရှိရှိ စားသုံးနိုင်ပါတယ်။ အားမနာပါနဲ့။ အခုလို မိုးနှောင်း ဆောင်းဦးဖြစ်တဲ့ တန်ဆောင်မုန်းလရဲ့ ဝေလီဝေလင်းအချိန်မှာ ငါးရံ့ခြောက်ဖုတ် အမြည်း ကလေးကို စားပြီး၊ လက်ဖက်ရည်ကြမ်း ပူပူကလေးကို မှုတ်သောက်လိုက်ရင်း ဖိမ်ပေါ့ခင်ဗျာ။ အချမ်းလည်း လုံသွားနိုင်ပါတယ်။

လှေထွက်ပြီလေ။ လှေဦးက လှော်နေတာ ကျွန်တော်ရဲ့ညီ။ ဆုတ်ကန့်က လှော်နေတာ ညီဝမ်းကွဲ။ ပဲ့ကိုင်ကတော့ ကျွန်တော်ရဲ့ လက်စွဲတော် "အော် ဖရီး" လို့ ဘွဲ့ထူးပေးထားတဲ့ မောင်သန်းကြီးပေါ့။ ကျန်တဲ့ နှစ်ဦးလည်း ကျွန်တော်တို့ ဆွေမျိုးသားချင်းတွေပါပဲ။ သူတို့ ငါးဦးစလုံး အားခွန်ဗလ ကောင်းကြတဲ့ လူတွေမို့ လှေလှော်ကောင်းတွေပေါ့ခင်ဗျာ။ ဘယ်အထိ လှေလှော်ကောင်းတယ် ဆိုတာကိုကော သိချင် ပါသေးသလား။ လှေဦးက လှော်နေတဲ့ ကျွန်တော့်ရဲ့ ညီဆိုရင် တစ်ခါတန်းက မြို့ကို ငါးစိမ်းလှော်ပို့နေတဲ့ ဒေါ်မယ်ရင် သမီး "မမဲတူ" ဆိုတဲ့ မိန်းကလေးနဲ့ လှေပြိုင်လှော်ဖို့ အရပ်က ဝိုင်းမြှောက်ပေးလို့ အုန်းသီး အလုံးနှစ်ဆယ်တမ်း အလောင်းအစားပြုပြီး ပြိုင်လှော်ကြတာ၊ ကျွန်တော်ရဲ့ညီ နှစ်လားစလုံး တစ်လားမှ မလိုက်နိုင်ဘဲ ပြတ်ကျန်ရစ်လို့ ခွက်ခွက် လန်အောင် ရှုံးခဲ့ရဖူးပါပြီကော။ ဒါတောင်မှ ကျွန်တော်ရဲ့ ညီဟာ လေးမနေတဲ့ အားကစား သမားတစ်ဦး ခင်ဗျ။ ကဲ ... ဒါလောက် ဆိုရင် ကျွန်တော် လူများရဲ့ လှေလှော်ကောင်းပုံကို စာဖတ်သူ ရိပ်မိလောက်ရောပေါ့နော်။ ဟော ... အခု လောင်းလှေကလေးဟာ ရေပေါ်ရှပ်ပြီး တရိပ်ရိပ်ပြေးနေပြီလေ။

ဟာ ... စာဖတ်သူကလည်း တယ်ခက်ပါလား။ လောင်းလှေကို မစီးတတ်ဘူး ထင်ပါရဲ့။ ကိုယ်ကို တောင့်တောင့်ကြီး လုပ်မထားရဘူးခင်ဗျ။ ဟောဒီ လိုဟောဒီလို သူ့အရှိန်နဲ့သူ ရှေ့ထိုးနောက်ငင် အလိုက်သင့် ယိမ်းပေးရတယ်။ လှေတော်သားတွေက လှော်တက်ကို ရေထဲနှစ်ပြီး"ဝီး" ခနဲ နေအောင် လှော်ခတ်လိုက်တဲ့အခါမှာ ကိုယ်ကို ရှေ့သို့ ငိုက်ခနဲနေအောင် ယိမ်းပေးလိုက်ရတယ်။ ရေထဲနှစ်ထားတဲ့ လှော်တက်ကို လှေတော်သားများ ပြန်ရုပ်သိမ်းလိုက်တဲ့ အခါ ကျတော့ နောက်ကို အလိုက်သင့် ပြန်ယိုင်လိုက်ရတယ်။ ဒါမှသာ ကြည့်လို့ကောင်းပြီး ဘေးလူတွေရဲ့ အမြင်မှာ တယ်စတိုင်ထွားတဲ့ လူတွေပါလားလို့ အထင်ကြီးလာမှာပေါ့။ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့တဲ့။

ဩော် ... ခက်ပါဘိ။ အလိုက်သင့် ယိမ်းပေးပါလို့ဆို၊ နတ်ပူးသလို အရမ်းမဲ့ ယိမ်းထိုး လှုပ်ရှားနေတာကိုး။ လှေမှောက်သွားလိမ့်မယ် ခင်ဗျ။ လောင်းလှေ ဆိုတာ သိပ်လူးတာမို့ နည်းနည်းလေးမှ အတိမ်း ခံတာမဟုတ်ဘူး။ ဘုန်းကြီးရှုးနဲ့ လှေလူးတော့ တွေ့နေပြန်ပါပြီ။ အို ... သည်းခံပါ စာဖတ်သူရယ်၊ စာဖတ်သူ ရေမကူးတတ်ဘူး ထင်လို့ လှေမှောက်ရင် စာဖတ်သူရဲ့ အသက် အန္တရာယ် ထိခိုက်မှာ စိုးရိမ်မိတာနဲ့ အပြစ်တင်စကား ပြောကြားမိပါတယ်။ ပြောမှား ဆိုမှားရှိရင် သည်းခံပါနော်။

အရှေ့ဘက် ကောင်းကင်ယံကို မျှော်ကြည့်လိုက်စမ်းပါ။ လင်းရောင်နီဦးရဲ့ နီတျာတျာ တိမ်ရိပ်တိမ် သွေးကလေးတွေက ပျို့လို့စို့လို့ပေါ့။ လင်းကြက်တွန်သံ တညံညံဟာလည်း ရွာဘက်မှ ပျံ့လွင့်ပြီး လာနေတယ်။ မိုးသောက်ရောင်ခြည်သို့ ကူးပြောင်းဆဲကာလမို့ မြင်ရတဲ့ ရှုခင်းကတော့ မှိုင်းတမှုန်မှုန် မှုန်တဝါးဝါး မျှသာပါပဲ။ ဒါပေမဲ့ စိတ်နှလုံးကိုတော့ ကြည်လင်ချမ်းမြေ့စေပါတယ်။ အဲဒီ လင်းရောင်နီဦးရဲ့ ပွင့်သစ်စ ရှုခင်းကို ကြည့်မြင်ရတာဟာ ကျွန်တော့် စိတ်ထဲမှာဖြင့် အိပ်ရာမှ နိုးကြားစ သူငယ်ကလေးရဲ့ ကြည်လင်သန့်ရှင်းတဲ့ အပြုံးကလေးကို မြင်လိုက်ရသလိုလို၊ အိပ်ရာမှ ထစ အပျိုမကလေးရဲ့ ကပိုကရို

အလှကလေးကို မြင်လိုက်ရသလိုလို၊ တစ်မျိုးသော စိတ်ဝေဒနာ အရသာကို ရင်တွင်းမှာ ခံစားလိုက်ရမိတယ်။ ကွင်းပြင်ထဲမှ နံနက်ခင်းရဲ့ လတ်ဆတ် သန့်ရှင်းတဲ့ လေချိုလေအေးကို ရှူရှိုက်လိုက်ရတာဟာလည်း ဦးနှောက်ကို ရှင်းခနဲ လင်းခနဲ ဖြစ်သွားတာပါပဲ။

အလို ... နားထောင်စမ်း စာဖတ်သူ၊ ဟိုရှေ့နားဆီက လူသံထင့်။ အစစ်ပေါ့။ လူနှစ်ယောက် အပြန် အလှန် ပြောဆိုနေတဲ့ အသံလေ။ မှန်း ... သူတို့ဘာများ ပြောဆိုနေကြတာပါလိမ့်။

"တောက် .... မျှားတာက ငါးရံ့ကို မျှားပါတယ်၊ ဟပ်တာက သောက်မြွေပတို့တွေချည်း လာဟပ်နေတယ်"

"မြွေပုတို့ချည်းပဲ ဟပ်မှာပေါ့ကွ၊ မင်းက ငါးစာကို ငါးဘဲအစာနဲ့ ချိတ်တာကိုး။ ငါးစင်စပ်ကို ငါးစား လုပ်ပြီး ချိတ်ရတာကွ။ ဒါမှသာ ငါးစင်စပ်ရဲ့ ဆူးတောင်တွေကို ကြောက်လို့ မြွေပတို့တွေ မဟပ်ဝံ့ဘဲ ငါးရံ့ချည်း ရွေးဟပ်တယ်ကွ"

ဩ လက်စသတ်တော့ ငါးမျှားတန် ခိုးဆွဲနေကြတဲ့ သူတွေကိုး။ ဟော ကျွန်တော်တို့ လှေဟာ သူတို့ အနီးကို ရောက်လာပြီမို့ စာဖတ်သူဟာ သူတို့ကို အနီးကပ် တွေ့မြင်နိုင်ပါပြီ။

လှေငယ်နှစ်စင်းလေ၊ တောင်တစ်စင်း မြောက်တစ်စင်းပေါ့။ လှေငယ် နှစ်စင်းပေါ်က လူနှစ်ယောက်ဟာ ၁၀ ကိုက်ခန့် အလျားရှိတဲ့ အုန်းဆံကြိုး တစ်ချောင်းကို တစ်ဖက်တစ်ချက် ကိုင်မြောက်ထားတယ်။ အဲဒီ အုန်းဆံကြိုးရဲ့ အောက်မှာ ငါးမျှားတန်း နှစ်ဆယ်ခန့်လောက်ဟာ တွဲလောင်းကလေးတွေ ဖြစ်နေ တယ်လေ။ အို ... ဟုတ်ပါရဲ့ စာဖတ်သူရယ်၊ ငါးမျှားတန်း နှစ်ဆယ်ခန့် အနက်ငါးရံ့ဆိုလို့ နှစ်ကောင် လောက်သာ ဟပ်ပြီး ကျန်တာတွေက မြွေပတို့တွေ

ချည်းပဲ ပါကလား။ ကြောက်စရာ ရွံစရာကြီးပေးပနော်။ ဒါပေမဲ့ ဒီမြွေပတုံ့တွေဟာ လူ့အသက်ကိုတော့ ရန်မရှာတတ်ပါဘူး။

အခုအချိန်ဟာ ကွင်းကို အင်းသားကြီးတွေ ပိုင်တဲ့ရက်မို့ အခုနေသာ သူတို့ကို သက်ဆိုင်ရာ အင်းသားကြီးများ တွေ့သွားရင် သူတို့ရဲ့ ငါးမျှားတန်း ကလေးတွေဟာ မုချအသိမ်းခံရပြီး လူလည်း အရိုက်ခံရမှာပါပဲ။ အဲဒီလို အင်းသားကြီးများ သိသွားမှာ စိုးလို့လည်း သူ့ခများများ ညဘက်မှာ လာချထားတဲ့ ငါးမျှားတန်းကို အခုလို လူရော ကျီးရော မန်းမီ ဝေလီဝေလင်း အချိန်မှာ တိတ်တဆိတ် လာဖော်ကြရတာပေါ့ခင်ဗျာ။

စာဖတ်သူဟာ သူတို့တစ်တွေကို စိတ်ဝင်စားနေပြီဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ သူတို့ လုပ်ပုံ ကိုင်ပုံတွေကို ဆိုင်းငံ့ကြည့်ရှုနေမယ်ဆိုရင် ခရီးမတွင်ဘဲ ရှိနေမှာမို့ ဆက်ပြီး ထွက်ကြရအောင်နော်။ ကိုင်းဟေ့ … လှေတော်သားများ …ယီးလေလေ့ … ယီးလေလေး …. ။

~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~

## (၃)

## ကောင်းကင်ပိုက်နှင့် စက္ကူဝက်ငှက်မောင်နှံ

အလို ... ဘာသံပါလိမ့်နော်။ "ဟစ် ... ဟစ် .... ဟစ်" နဲ့ စူးစူးရှရှ အော်မြည်သွားလိုက်တာ နားကွဲ လုခမန်းပါလား။ တခြား ဟုတ်ရိုးလား စာဖတ်သူရယ်၊ "ငဟစ်" လို့ ခေါ်တဲ့ ငှက်ဟာ ဒါပေါ့။ ကျွန်တော်တို့ရဲ့ လေ့လေ့ာ်သံကို ကြားလို့ လန့်ပြီးပျံသွားတာလေ။ ကြည့်စမ်း .... အတော် ထွားတဲ့ အကောင်ကြီးပါကလား။ "သုတ်ကိုင်း" လို့ ခေါ်တဲ့ညွှတ်ကွင်းတစ်မျိုးနဲ့ ထောင်ဖမ်းရရင် ကားခနဲ့ နေသွားမှာပဲ။ ဒယ်အိုးတစ်လုံးတော့ အမောက်ပေါ့။ အို ... သည်းခံပါ စာဖတ်သူ၊ ငယ်ငယ်တုန်းက ကလေးစိတ်မျိုး ပြန်ပေါ်လာလို့ ကလေးကလား စကား ပြောကြားမိပါတယ်။ မစားရ မသောက်ရနဲ့ အကုသိုလ် ဖြစ်သွားပြီ ထင်ပါရဲ့။ ဖွဟဲ့ ... လွဲစေ ... ဖယ်စေ။

ဟောဒီအသံက တစ်မျိုးပါလား။ ဘာတဲ့ ... "အော် .... တော် .... အောင် .... တော်" နဲ့ တကြော်ကြော် အော်ပြီး ကျွန်တော်တို့ ခေါင်းပေါ်က ဖြတ်ပြီး ပျံသွားလိုက်တာ ကြော့လို့။ အဖိုအမ နှစ်ကောင်လေ။ အဖိုက "အောင်" လို့ အော်တယ်၊ အမက "တော်" လို့ တုံ့ပြန်အော်တယ်။ ရွှေအဆင်းကဲ့သို့ နီမြန်းသော အသွေး အရောင်နဲ့ ကြည့်လို့က တင့်တယ်ပါဘိသနဲ့။ ခြေထောက်နဲ့ နှုတ်သီး ကတော့ ဝမ်းဘဲရဲ့ ခြေထောက်နဲ့ နှုတ်သီးမျိုး ပါပဲ။ အိုလေ ... အဆင်းအရောင်သာ ကွာခြားပြီး တစ်ကိုယ်လုံး ဝမ်းဘဲရဲ့ ပုံသဏ္ဍာန် အတိုင်းပါပဲ။

အဖိုအမ နှစ်ကောင်အမြဲပင် တွဲလျက် နေတတ်ပြီး ငါး ခရု စတဲ့ သူ့အသက်ကို မစားဘဲ မှော်၊ ရေညှိ များကိုသာ စားတာမို့ သူတော်ကောင်းငှက်လို့ ဆိုရမှာပေ့ါ ခင်ဗျာ။ အဲဒီငှက်ကို ဘာငှက်လို့ အမည် ပေးရပါ့။

အဲဒီအရပ်က လူတွေအနက် တချို့က "ဟင်္သာ" လို့ အမည်ပေးတယ်။ တချို့ကတော့လည်း "အောင်တော်" ဆိုတဲ့ အော်သံကို အစွဲပြုပြီး "အောင်တော်" လို့ပဲ သမုတ်ကြတယ်။ ကျွန်တော်ကတော့ ငါးရှာ့ငါးဆယ် နဝနိပါတ် စက္ကဝက် ဇာတ်တော်လာ စက္ကဝက်ငှက်နှင့် ယခုငှက်မှာ အလေ့အကျင့် အစားအသောက် အားဖြင့် လုံးဝ တူညီနေလို့ စက္ကဝက်ငှက်လို့ မှည့်ခေါ် ချင်ပါတယ်။ ယောအတွင်းဝန် ဦးလှိုင်ကလည်း သူရဲ့ အလင်္ကာ နိဿယထဲမှာ "ဘိန္နလိင်္ဂ" ဟူသော ပြယုဂ်၌ ဟံသသဒ္ဒါ ဟင်္သာဟူသော အနက်ကို ရှင်းလင်းရင်း ဤငှက်မျိုး ကို ဟင်္သာဟူ၍ မခေါ်ရဘဲ စက္ကဝက်ငှက်ဟူ၍သာ ခေါ်ရမည်ဖြစ်ကြောင်း အကိုးအကားများနဲ့ ရှင်းလင်း ဖူးပါတယ်။ အရေးပိုင်မင်း ဦးကျော်ထွန်းကလည်း သူ့ရဲ့ ကိုးခန်းပျို့ဋီကာကျမ်း ပိုဒ်ရေ ၁၉၉မှာ "အတီတေဟု၊ လွန်လေမြင့်စွာ၊ ရှေးသောခါ၌၊ ဟင်္သာအပေါင်း၊ ငှက်ကြံကောင်းတို့" ဟူရာ၌ ဟင်္သာဟူသော အဓိပ္ပာယ်ကို ရှင်းလင်းရင်း၊ ဤငှက်မျိုး စက္ကဝက်ငှက်ဟူ၍သာ ခေါ်ရမည် ဖြစ်ကြောင်း ရှင်းလင်း ထားပါတယ်။ ဒါကြောင့် စက္ကဝက်ငှက်လို့ အမည်ပေးမယ်၊ စာဖတ်သူကော ဘယ်လိုသဘောရပါသလဲ။

ဟောဒီ အသံကိုကော ဘာသံလို့ ခေါ်မလဲ၊ "ကွက် ... ကွက် ... ကွက်" တဲ့၊ စူးစူးရှရှကြီး အော်မြည် လိုက်တာလေ။ စာဖတ်သူ မယုံချင်ရင် နေနိုင်ပါတယ်။ ကျွန်တော်ကတော့ "လင်းဝက်" ငှက်ရဲ့ အော်သံလို့ အတင်ပြော လိုက်မယ်။ သူတို့ဟာ ညဥ့်အချိန်မှာ ကျက်စားတတ်တဲ့ ညဥ့်ငှက်မို့ အခုလို မိုးသောက်ချိန် နီးတဲ့ အခါမှာ အနားယူရအောင် အိပ်တန်းတည်ရှိရာ နေရာကို တစုတဝေးကြီး ပျံသန်းလာကြတာပေ့ါ။ သူတို့ ရဲ့ အိပ်တန်းကတော့ ဟောဟိုနားလောက်မှာရှိတဲ့ ကညင်ကုန်း ရွာကလေးရဲ့ သရက်တော ဥယျာဉ်မှ သရက်ပင်တွေပေါ်မှာပေ့ါဗျာ။

ဟော ... စာဖတ်သူရေ့၊ ရှေ့နားမှ အဆန်းတစ်ခုတော့ တွေ့နေပြန်ပြီ။ ငှက်လောကရဲ့ သေမင်းတမန်လို့ ဆိုရမှာပေါ့ခင်ဗျာ။ အသာနေ၊ ဒီနားမှာ တအောင့်တနား ရပ်တန့်ပြီး ကြည့်ကြရအောင်။

လှေကြီးတစ်စင်းကို မြင်ရဲ့လား၊ လှေကြီးထဲမှာ လူနှစ်ယောက် ရှိနေတယ်။ ဦးတစ်ယောက်၊ ပဲ့ တစ်ယောက်။ သူတို့နှစ်ဦးဟာ တစ်စုံတစ်ရာကို စိတ်အားထက်သန်စွာ ငံ့မျှော်နေပုံပဲ။ သူတို့ရဲ့ ရှေ့နားဆီကို ကြည့်လိုက်စမ်းပါဦး။ အတော်မြင့်တဲ့ ဝါးလုံးတိုင်နှစ်တိုင်ကို တစ်ဖက်တစ်ချက် စိုက်ထူ ထားတယ်။ ဝါးလုံးတိုင်နှစ်တိုင်ရဲ့ ထိပ်ဖျားမှာ ပိုက်တစ်ထည်ဟာ တစ်ဖက်တစ်ချက် ဆန့်တန်းလျက် တည်နေတယ်။ ဝါးလုံးတိုင်ထိပ်ဖျားမှာ စက်သီးကို တပ်ဆင်ပြီး အောက်ကနေ ကြိုးနဲ့ ဆွဲတင်ထားတဲ့ ပိုက်ပေါ့ ခင်ဗျာ။ စက်သီးရဲ့ ကြိုးစကို သူတို့လက်ထဲမှာ ကိုင်ထားတယ်။ အဲဒီ ကြိုးစကို လျှော့ချလိုက်ရင် ပြန်တက်သွားမှာပဲ။ ငှက်လောကရဲ့ သေမင်းတမန် "ကောင်းကင်ပိုက်" ဆိုတာ ဒါပေါ့။

ဟော ... ကြားရဲ့လား စာဖတ်သူ၊ "ဝိုးဝိုး... ဝိုးဝိုး" နဲ့ လေယာဉ်ပျံသံလိုလို အတော်ပြင်းတဲ့ အသံတွေကို ကြားရရဲ့လား။ အဲဒါ တော်ဘဲ အုပ်ကြီးပျံလာတဲ့ အသံပေါ့။ သူတို့ရဲ့ အတောင်ခတ်သံဟာ အတော်ပြင်းထန်ရုံမျှမက အုပ်လိုက်ရှိပြီး ပျံသန်းလေ့ရှိကြတာမို့ သူတို့ရဲ့ အသံကို အဝေးကြီးကနေပင် ကြားနိုင်ပါတယ်။ လှေကြီးပေါ်က လူနှစ်ယောက်ဟာလည်း လှုပ်လှုပ် ရှားရှား ဖြစ်သွားကြပြီ။ အခု ဆိုရင် သူတို့ဟာ စက်သီးရဲ့ ကြိုးစကို သတိအနေအထားနဲ့ ကိုင်တွယ်ပြီး ဝါးလုံးတိုင်ထိပ်ဖျားမှ ပိုက်ဆီကိုသာ စိတ်ဇောကြီးစွာ စူးစိုက်နေကြပြီလေ။ သတိကို မလစ်စေဘဲ သေသေချာချာသာ ကြည့်ထားပေတော့ စာဖတ်သူရေ့။ မကြာမီ တောဘဲအုပ်ကြီးနဲ့ အခြားငှက်များရဲ့ ကံကြမ္မာကို တွေ့မြင်ကြရတော့မယ်။

မိုးသောက်ချိန် မတိုင်သေးလို့ ပတ်ဝန်းကျင်မြင်ကွင်းကတော့ ဝိုးတဝါးအမြင်ပဲ ရှိနေပါသေးတယ်။ စောစောက အသံတွေဟာ တိုးလို့သာ ဆူညံလာတာမို့ ပိုပြီးတော့ နီးကပ်လာပြီလို့ ခန့်မှန်းရပါတယ်။ ဟော ပြောရင်း ဆိုရင်းပဲ စာဖတ်သူရေ့၊ တောဘဲအုပ်ကြီးဟာ ကောင်းကင်ပိုက် အနီးကိုဇတောင် တစုတဝေး ကြီး ရောက်ရှိ လာပါပြီကော။ သူတို့ပျံသန်းတဲ့ အရှိန်ဟာ အင်မတန် လျင်မြန်ပြီး အင်မတန် ပြင်းထန်တာမို့ အနီးရောက်မှ ပိုက်မှန်းသိပေမယ့် ပြန်မဆုတ်သာ တော့ဘူး။ အတင်းပဲ ဝင်တိုးကုန်ပြီလေ… တိုးကုန်ပြီ။ အို … အို လုပ်ကြပါဦး။

ချက်ချင်းပဲ ရုန်းရင်းဆန်ခတ်နဲ့ ရှုပ်ယှက်ခတ် ဖြစ်ကုန်ပြီလေ။ တချို့က တော့လည်း တိုင်နှစ်တိုင် အပြင်ဘက်ကျနေလို့ လွတ်ထွက်သွားတယ်။ တိုင်နှစ်တိုင်ရဲ့ အတွင်းလမ်း ကျနေတဲ့ တောဘဲ၊ ကလကတ်၊ စစ္စလီ ငှက်တွေတော့ ပိုက်ထဲမှာ တစုတဝေးကြီး မိနေပြီပေါ့။ စောစောက ကျွန်တော်တို့ မြင်လိုက်တဲ့ စက္ကဝက် ငှက်မောင်နှံဟာလည်း သည်ထဲမှာ ရောပါလာတယ်။ ဒါပေမဲ့ အဖို တစ်ကောင်သာ ပိုက်ထဲ ဝင်တိုးမိပြီး အမကတော့ တိုင်အပြင်ဘက် ကျသွားတာမို့ လွတ်ထွက် သွားတယ်။

လေ့ပေါ်က လူနှစ်ယောက်ဟာ စက်သီးရဲ့ ကြိုးစကို အနည်းငယ် လျှော့ချလိုက်တာမို့ ပိုက်ဟာလည်း အနည်းငယ် လျှောကျသွားပြီး လျော့ရဲရဲ ဖြစ်သွားလေတော့ ငှက်တွေဟာလည်း ပိုက်ထဲမှာ လုံးထွေးပြီး မိနေပြီလေ။ အဲဒီအချိန်မှာပဲ ပိုက်ထဲက "အောင်" လို့ အော်လိုက်တဲ့ စက္ကဝက်ငှက်ဖိုရဲ့ အသံကို ကြေကွဲဖွယ် ကြား လိုက်ရပြီး၊ မရေးမနှောင်းမှာဘဲ "တော်" လို့ တုံ့ပြန်လိုက်တဲ့ စက္ကဝက်ငှက်မရဲ့ အသံကိုလည်း ဆွေးမြည့်ဖွယ် ကြားလိုက်ရကာ၊ ချက်ချင်း ဆိုသလိုပဲ ပိုက်အနီးကို ရောက်အောင် ပျံဝဲလာတဲ့ စက္ကဝက် ငှက်မ ကိုပါ မြင်နေရပြီလေ။

"အောင် … တော် … အောင် … တော်" နဲ့ သနားစဖွယ် ခေါ်ထူးနေတဲ့ အသံဟာဖြင့် ဆူညံလို့ပေါ့။ စက္ကဝက် ငှက်မကလေးဟာလည်း ကိုယ်လွတ်ရုန်းပြီး

ပျံသန်း မသွားနိုင်ရှာဘဲ ပိုက်အနီးမှာသာ တဝဲလယ်လယ်နှင့် ပျံသန်းပြီး သူ့ချစ်လင်ရဲ့ ခွန်းဆင့်ခေါ်သံကို ခွန်းဆင့်ပင် တုံ့ပြန်နေရှာတယ်။ နောက်ဆုံး တစ်ကြိမ် စက္ကဝက် ငှက်ဖိုထံမှ "အောင်" လို့ မချိတဲ့လေသံနဲ့ လိုက်လိုက်လဲ့လဲ့ အော်သံလည်း ထွက်ပေါ်လာရော၊ စက္ကဝက် ငှက်မကလေးဟာလေ "တော်" လို့ မချိတဲ့ လေသံနဲ့ပဲ ဝမ်းနည်းလှိုက်လှဲစွာ တုံ့ပြန်ရင်း ပိုက်ထဲကို သူပါ အတင်းဝင်တိုးတော့ တာပါပဲ။ စက္ကဝက် မောင်နှံရဲ့ အချစ်ကြီးပုံ၊ သစ္စာကြီးပုံကို မြင်လိုက်ရဲ့ မဟုတ်လား… စာဖတ်သူ။

ကျွန်တော့်ရဲ့ ရင်ထဲမှာဖြင့် တလှပ်လှပ် လှုပ်ရှားသွားအောင် ငှက်မောင်နှံရဲ့ အဖြစ်ကို သနားကရုဏာ သက်မိတယ်။ ငှက်မောင်နှံရဲ့ အဖြစ်ကို ရင်နင့်အောင် သနားမိလို့ လှေပေါ်က လူနှစ်ယောက်ကို "ဗီလိန်" လူကြမ်းကြီး တွေအဖြစ် မုန်းတီးရွံရှာစွာ ကြည့်လိုက်မိပါ့။ စာဖတ်သူရေ … သူတို့နှစ်ယောက် ဟာဖြင့် ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာလွန်းလို့ ပြုံးပြုံးကြီး ဖြစ်နေကြပါကလား။ ငှက်ကလေးတွေကို သနားလို့ သူတို့ကို မုန်းချင်ပေမယ့်လည်း သူတို့ရဲ့ ဘဝကို အောက်ခြေသိမ်း နားလည် ထားသူတစ်ဦး အနေနဲ့ မမုန်းနိုင်အောင် ရှိနေပြန် ပါတယ်။ သူတို့ဟာ ရာသီလိုက် ငှက်ကလေး တွေကို နည်းအမျိုးမျိုးနဲ့ ထောင်ဖမ်းပြီး ရောင်းချ အသက်မွေးနေကြရရှာတဲ့ သူတွေပါ။ အခုအချိန်မှာ သူတို့ဟာ အိမ်အပြန် မျက်နှာပန်းလှနေပြီမို့ အိမ်က ဇနီးသည်များထံမှာ မျက်နှာကောင်း ရတော့ မှာပါကလားဆိုတဲ့ အတွေးနဲ့ ပျော်နေကြတယ်။ ဒီငှက်တွေကို ရောင်းလို့ရတဲ့ ငွေကလေးနဲ့ ဘာပစ္စည်း ကလေးများ ဝယ်လိုက် မယ်ဟဲ့ ဆိုပြီး ပျော်တပြုံးပြုံး ဖြစ်နေကြပြီလေ။

ကျွန်တော်တော့ သူတို့ရဲ့ ကျေနပ်တဲ့ အပြုံးကလေးတွေကို ကြည့်ပြီး သူတို့အတွက် ရောယောင် ဝမ်းသာနေမိပြန်တယ်။ အဲဒီလိုနဲ့ ဘဲငှက်လေး တွေကိုလည်း သနား၊ သူတို့အတွက်လည်း ဝမ်းသာ အားရဖြစ်မိနဲ့၊ ကျွန်တော်ဟာ

မပြတ်မသားကြီး ဖြစ်နေတော့တာပေါ့။ စာဖတ်သူတော့ ဘယ်လို ခံစားရမယ်မသိဘူး။

ကဲလေ ... ဒီနေရာမှာ အချိန် အတော်လင့်သွားပြန်ပြီ။ သွားရမယ့်ခရီးက အတော်ကလေး လှမ်းနေ သေးတယ်။ ဆက်ပြီး ထွက်လိုက်ကြဦးစို့နော်။ ကိုင်းဟေ့ ... လှေတော်သားများ ... ယီးလေလေ့... ယီးလေလေး ...

~~~~~~~~~~~~~
~~~~~~~~~~~~~

(၄)

## ပွင့်သစ်စနေရောင်အောက်မှ ငှက်လောက

မိုးသောက်စ ပြုပြီမို့ လင်းရောင်ခြည်ကလေးလည်း ဖြာဆင်းနေပြီလေ။ မြင်မြင်သမျှ ရှုခင်းများဟာလည်း ပိုးတဝါးအမြင်မှ ထင်ရှားသော သရုပ်ဖော် အမြင်သို့ ဆန်းသစ်ပြောင်းလဲ လာပြီပေါ့။

ကျယ်ပြောလှတဲ့ ကွင်းပြင်ကြီးကို မျှော်ရှုလိုက်စမ်းပါ။ ဗေဒါပင်နဲ့ ဒိုက်ပင်များသာ အများအပြား မင်းမူနေတယ်။ ကန်စွန်းနဲ့ ကညွှတ်ပင် ကလေးများကို လည်းတွေ့နိုင်ပါရဲ့။ "စာကလေးခြေထောက်" လို့ ခေါ်တဲ့ အပင်ကလေးတွေ ဟာလည်း ကွက်တိကွက်ကျား ရှိနေကြပါတယ်။ အဲဒါတွေ ကတော့ ကျွန်တော် တို့ တောသူတောင်သားတွေရဲ့ အာဟာရ ငါးပိရည်နဲ့ အဖက် တို့စရာတွေပါပဲ။ ငါးချဉ်ရည် ဟင်းကလေး ချက်ပြီး အဲဒီကန်စွန်းရွက်တို့၊ ကညွှတ်တို့၊ စာကလေးခြေထောက်တို့ကို ငရုတ်သီးစပ်စပ် ငါးပိရည်နဲ့ အစိမ်း လိုက် တို့စားလိုက်ရရင် မြိန်ပေါ့ဗျာ။

ငုံရာမှ ပွင့်အာလာရန် နေအရှက်ကို ငံ့လင့်နေကြတဲ့ ကြာဖူးကြာငုံ တွေလည်း ရှိနေပါသေးတယ်။ ဟိုအဝေးမှာ ပျပျကလေး မြင်နေရတဲ့ တောတန်း ကလေးတွေကတော့ ကွင်းပြင်ရဲ့ နယ်နိမိတ်ကို သတ်မှတ်ထားတဲ့ စည်းရိုးပါပဲ။ ဒိုက်ပင်များကို ခုတ်ထွင်ရှင်းလင်းပြီး လှေလမ်းလုပ်ထားတာမို့ ရှည်လျား လှတဲ့ လှေလမ်းကြောင်းကြီးဟာဖြင့် မြွေနဂါးကြီးတစ်ကောင်နဲ့ပဲ တူနေပါသေးတော့။ ကွင်းရေကတော့ စိမ်းလဲ့ကြည်လင်နေတယ်။ ရေအောက်မှာ ငါးကလေးတွေ

ကူးသန်းသွားလာ နေတာ ကိုတောင် ဖောက်ထွင်းပြီး မြင်နိုင်ပါတယ်။ ဟောကြည့် စာဖတ်သူရေ၊ ရေအောက်မှာ ပက်လက် ကလေး ကူးနေရှာတဲ့ ငါးကလေး တစ်ကောင်ကို မြင်တယ် မဟုတ်လား။ ငါးနောက်သွားဆိုတာ အဲဒါပေါ့။ ငါးသိုင်းမ ကလေးကို သွားပိုးတာ မရလို့ ရှက်ပြီး ပက်လက်ကူးနေ တာပါတဲ့။ လူကြီး သူမများ ပြောသံကြားဖူးတယ်။ ဟုတ်မဟုတ်တော့ ကျွန်တော်လည်း အတပ်မပြော နိုင်ဘူး။ သနားစရာ ငါးမျက်နှာငယ် ကလေးပေါ့ ခင်ဗျာ။

ငါးသိုင်း၊ ငါးမြစ်ချင်း၊ ငါးဟင်းငံ၊ ငါးခုံးမ၊ ငါးဖယ်အောင်း စတဲ့ ငါးတွေ ကူးသန်း သွားလာနေတာကို လည်း မြင်နိုင်ပါတယ်။ ဒါတွေကတော့ အဆန်း တကြယ် မဟုတ်လို့ စာဖတ်သူရဲ့ မျက်စိကို ရေအောက်မှ ဘေးပတ်ဝန်းကျင်သို့ ပြန်ပြောင်း ကြည့်ရှုလိုက်ပါဦး။ ပွင့်သစ်စ နေရောင်အောက်မှာ နေစာလှုံနေကြတဲ့ ငှက်မျိုးစုံကို ကြည့်ရအောင်ပေါ့ဗျာ။

ဟောဟို ကမ်းစပ် ရေတိမ်ရာဘက်ဆီကို ကြည့်လိုက်စမ်းပါ။ ရေကလေးစပ်စပ်မှာ ခြေတံရှည်ကြီးတွေနဲ့ သွားလာနေတာ "ဗိုလ်စားငှက်" လို့ အဲဒီအရပ်က လူတွေ အသိအမှတ်ပြုထားကြတဲ့ "စနိုက်" ငှက်ပါပဲ။ ဟောဟို ကမ်းစပ်က ကြာတောကြားမှာ ဖြတ်သန်းသွား လာနေတာကတော့ "ကြာဖက်နင်း" လို့ခေါ်တဲ့ ငှက်ငယ်ပေါ့။ သူတို့ အော်တဲ့အခါမှာ "ဗျီ…ဗျီ..ဗျီ" လို့ အော်တဲ့အတွက် "ဘီ" ငှက်လို့လည်း အမည်တွင်သေးတယ်လေ။ သူတို့ ပျံသန်းတဲ့အခါမှာ ခြေထောက်ကို တွဲလျားချပြီး ပျံသန်းတဲ့အတွက် ကြည့်ရတာ တစ်မျိုးကြီးပါပဲ။

ကမ်းစပ်မှာ ခြေတံရှည်ကြီးနဲ့ မတ်တတ်ရပ်ပြီး ရှည်လျားကြီးမားတဲ့ နှုတ်သီးကို ငိုက်စိုက်ချကာ မှိုင်နေ ငိုင်နေတာကတော့ ငှက်ကြီး တုံးစပ်လေ။ အင်မတန် ထိုင်းမှိုင်းလေးလံတဲ့ ငှက်ကြီးတွေပေါ့ခင်ဗျာ။ ဟော … ပြောရင်း ဆိုရင်းပဲ သူ့နှုတ်သီးရှည်ကြီးကို အတောင်ကြားထဲ ထိုးသွင်းပြီး အိပ်ငိုက်နေ ပါပြီကော။ ချမ်းရာလွန်းလို့ထင့်။ သူကတော့ ပျံသန်းတဲ့အခါမှာ လေးလံတဲ့

သူ့ကိုယ်ခန္ဓာကြီးကြောင့် နှစ်ပတ် သုံးပတ်လောက် လှည့်ပတ်ပြီးမှ အမြင့်ကို တဖြည်းဖြည်း ပျံတက်နိုင်ရှာတယ်။

ခြေတံရှည်ကြီးတွေနဲ့ ရေစပ်စပ်မှာ လမ်းလျှောက်နေတဲ့ ခရုစုတ်ငှက်ကြီးတွေကိုကော မြင်ရဲ့ မဟုတ်လား။ ခရုကိုသာ ရှာဖွေစားသောက်တတ်တဲ့အတွက် ခရုစုတ်လို့ အမည်တွင်တာ ဖြစ်မှာပါပဲ။ သူတို့ကို ဖမ်းချင်ရင် အလွယ်ကလေးပေါ့ခင်ဗျာ။ နွေရာသီ ညဘက်မှာဆိုရင် သူတို့ဟာ ရေအိုင်နံဘေး ကမ်းစပ်မှာ အုပ်ဖွဲ့ပြီး နေလေ့ရှိတယ်။ အဲဒီအခါမှာ ခေါင်းလောင်းကို လှုပ်ပေးလိုက်လို့ ခေါင်းလောင်းသံကိုကြားရင် သူတို့ဟာ နားစိုက်ပြီး ငိုင်နေတတ်ကြတယ်။ ပြုန်းခနဲ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးနဲ့ သူတို့ထံကို ထိုးစိုက်ထားပါ။ လက်နှိပ်ဓာတ်မီးရဲ့ အလင်းရောင်ကြောင့် သူတို့မျက်လုံးများဟာ ပြာဝေသွားပြီး ကြောင်နေလိမ့်မယ်။ အဲဒီအခါမှာ သူတို့အနီးကို သူခိုးတက်ပြားရဲ့ ခြေလှမ်းမျိုးနဲ့ ချွတ်နင်းသွားပြီး အသင့်ဆောင်လာတဲ့ ဝါးရင်းတုတ်နဲ့ သိမ်းရိုက်လိုက်လျှင် သုံးလေးကောင်ထက် မနည်းရဖို့ကတော့ အေးဆေးပေါ့။ ဒါပေမဲ့ သူတို့ အသားဟာ မာလွန်းလို့ စားမကောင်းလှပါဘူး။ ဟော ပြောရင်းဆိုရင်းနဲ့ စကားထဲက ကျွန်တော့် ဇာတိတွေကို ပြနေမိပြန်ပြီ။

အကုသိုလ်ဖြစ်သွားပြန်ပြီ ထင်ပါရဲ့။ ဖွဟဲ့ ... လွဲစေ...ဖယ်စေ။ "မယ်ညို" အမည်ရှိတဲ့ ပြာလတ်နွဲ့ရှင်း လှမှန်ကင်း ငှက်ကလေးတွေကိုကော မကြည့်ချင်ဘူးလား၊ ကြည့်ချင်ရင် ဟောစို ကိုင်းတောအကြားမှာ ကြည့်ပေတော့။ နီဝါဝါ အမောက်ကလေးနဲ့ စိမ်းလဲ့ညိုပြာ အမွေးအတောင်ကလေးများကြောင့် အင်မတန် တင့်တယ်နေတဲ့ ညိုချောကလေး "မယ်ညို" ကို မြင်ရဲ့ မဟုတ်လား။ အစုအလုပ်နဲ့ သင်းဖွဲ့ပြီး နေတယ်လေ။ သူတို့ရဲ့ အသံတွေကလည်း ဆူဆူညံညံ ရှိလှပါဘိ။ အရိုးအသားများကတော့ အင်မတန် နုနယ် နူးညံ့လှတာမို့ နည်းနည်းကလေး ထိရုံနဲ့ ကျိုးသွား ကြေသွား နိုင်ပါတယ်။ ဖမ်းယူပြီး အိမ်မှာ မွေးထားရင် ယဉ်လွယ်တဲ့ သဘာဝလည်း ရှိပါတယ်။

အလို... လေ့ဦးနားက နေပြီး ရေထဲ ငုပ်လျှိုးသွားတာက ဘာကောင်ပါလိမ့်။ ဒင်း မပေါ်ဘဲတော့ မနေနိုင်ပါဘူး။ တစ်နေရာရာမှာ လာပေါ်ရမှာပါပဲ။ ဟော ... လေ့နဲ့ အတော်လှမ်းလှမ်း နေရာမှာ လာပေါ် ပါပကော။ သြ ... လက်စသတ်တော့ "ရေကြက်" လို့ ခေါ်တဲ့ ချာတိတ် ငှက်ကလေးပေကိုး။

အလိုလေး ... ဟိုနားက ရေပြောင်မှာ ကြည့်စမ်းပါဦး။ ဒိုက်ဖောင်ကြီး တစ်ဖောင် မျောနေသလား မှတ်ပါ၊ ဘယ်ဟုတ်လိမ့်မတုံး၊ ရောမ ငှက်ကြီး တစ်ကောင် ရေကူးနေတာကိုး။ ထူးပါဘိ၊ ဆန်းပါဘိ။ ဘာငှက်ကြီးများပါလိမ့်။ သြ ... ငယ်စဉ်တုန်းက ကြားနာရဖူးတဲ့ ဒဏ္ဍာရီထဲက မယ်ထွေးလေးကို ချီသွားတဲ့ "ငှက်ကြီးဝန်ပို" ပါလား။ ရှည်လျားလှတဲ့ နှုတ်သီးကို တည့်မတ်စွာ အောက်စိုက် ထားပြီး မျက်လုံးကလည်း ရေအောက်ကိုသာ စူးစိုက်ရင်း ကူးနေတယ်လေ။ ငါးကိုတွေ့ရင် သူ့ရဲ့ နှုတ်သီးရှည်ကြီးနဲ့ အဆင်သင့်ကော်ပြီး ဖမ်းနိုင်အောင် ထင်ပါရဲ့။ ဒါကြောင့်မို့လည်း နဝဒေးကြီးက သူ့ရဲ့ ရေလားရတုထဲမှာ "မြစ်တွေး ဝန်လိုရှူတဆိုလျက်၊ ဝန်ပိုကားဘောင်၊ ယင်ပေါ်ကားလှေ၊ လှော်သော ထွေသို့" လို့ စပ်ဆိုခဲ့တာကို။ ဖောင်နဲ့လည်း တူပါပေရဲ့။

"ယင်ပေါင်" ငှက်ဘကီးတွေကိုတော့ ဒီအချိန်မှာ မြင်ရခဲလို့ စာဖတ်သူကို မပြနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်။ ဝါဆို ဝါခေါင် ရေဖောင်ဖောင်မှာသာ ရေကူးနေတဲ့ ယင်ပေါင်ကို မြင်ရလေ့ရှိတာကိုး။ မမြင်ရတာကို အမြင်လုပ်ပြီး ပြလို့လည်း မဖြစ်ပေဘူးဗျ။ အကြောင်းသိတွေက ဒီကောင် ဖြီးနေတာပဲလို့ ကဲ့ရဲ့မယ့် ဘေးက ရှိနေသေးတယ်။

ဒါပေမဲ့ ဟောဟို ကျူပင်တွေအကြားမှ လည်တိုင်ကိုဆန့်ပြီး ကျွန်တော်တို့ကို မျှော်ကြည့်နေတဲ့ "ငဟစ်" ကိုတော့ ပြနိုင်ပါသေးတယ်။ စောစောက သူ့အသံသာ ကြားလိုက်ရပြီး သူ့ကိုတော့ မမြင်လိုက်ရဘူး မဟုတ်လား။ အခု သေသေချာချာ ပြန်ကြည့်နိုင်ပါတယ်။ ဟော ... ကျွန်တော်တို့

လေ့ပဟာ သူနဲ့ မနီးမဝေး နေရာ ကို ရောက်လာပြီမို့ လန့်ဖျပ်ပျံသန်းသွားပြီလေ။ နှုတ်ကလည်း အငြိမ်မနေဘဲ အော်သွား လိုက်သေး တယ်။ "ဟစ် … ဟစ် … ဟစ် …" တဲ့။

ဒါကြောင့်မို့လည်း အင်းသားကြီးတွေက သူ့ကို ချစ်ကြတာပဲ။ သူဟာ လှုပ်မြင်ရင် လန့်ဖျပ်ပျံသန်းပြီး ကျယ်လောင် စူးရှတဲ့ အသံနဲ့ အော်မြည်တတ်တာမို့ သူ့အော်သံကို ကြားရင် အင်းသားကြီးများဟာ သူတို့ ပိုင်နက်ဖြစ်တဲ့ ကွင်းထဲ ချောင်းထဲမှာ ပိုက်ခိုးချတဲ့သူ ရောက်နေပြီလို့ သိနိုင်ပြီး နောက်တော်ပါ လူမိုက်များနဲ့ ချက်ချင်းလက်ငင်း လိုက်တော့တာပါပဲ။ စင်စစ်တော့ အဲဒီ "ငဟစ်" ငှက်ဟာ အင်းသားကြီး တွေကို အလုပ်အကျွေးပြုနေတဲ့ အင်းသားကြီး များရဲ့ လက်ကိုင်တုတ်ဆိုရင် မမှားပါဘူး"

ဒါကြောင့် "စိန္တကျော်သူ" က "ငဟစ်" ကို "လှုပြတ်" လို့ ဘွဲ့ထူးပေး လိုက်တာ ထင်ပါရဲ့။ မယုံရင် မဟာအဓိကရ ကန်တော်မော်ကွန်းကို ရှာကြည့်။ ဟောဒီလို ပါရှိလိမ့်မယ်။

"ရေကြက်ကား ငြင်း၊ ပိန်ညင်းကား စောင်း၊ မီးတောင်း မိကျောင်း အောင်းကလေးဟသာ၊ ခရာဝမ်းဘဲ၊ နဲကား ဝန်လို၊ ဝန်ပိုပတ်ဝိုင်း ဖျိုင်းကား ကြေးနင်း၊ သောင်တင်းပလွေကျော်၊ စင်ရော် လက်ခုပ်၊ စည်းဆုပ် အောက်ချင်း၊ လင်းကွင်းဘုမ္မတီး၊ ဒုံးကြီးပတ္တလား၊ ငှက်ကျားသံလွင်၊ လွန်းကြင်ကားတေး၊ ပဲ့ထွေး စူးတိုး၊ သံချပ်ထိုးလျက်၊ ကြိုးကြာလက်ဆစ်၊ ငဟစ်လှုပြတ်၊ စက္ကဝတ် နောက်ထိုင်၊ သံတိုင်ချီချ၊ သီကြမှုတ်တီး၊ တင်ကျီးကျွမ်းထိုး၊ မိုးကိုပျံတက်၊ ရေသို့သက်မှ၊ သက်တံ့တက်တံ့၊ အစုံကျွမ်းပစ်၊ ငှက်ပွဲဖြစ်၍၊ နစ်သက် ရွှင်ပျ မြူးထူးကြရှင့်"

ကျွန်းထိုးနေတဲ့ "တင်ကျီး" တို့၊ "အော်ယော" တို့ကိုတော့ ဒီမှာ မမြင်ရပေဘူး။ ချောင်းရိုးရောက်မှ မြင်နိုင်မယ်။ ဗျိုင်းတို့၊ စင်ရော်တို့၊ စွန်တို့ကိုလည်း ချောင်းရိုးရောက်မှ လှေလာကြည့်ရှုပေတော့။

အလို ... လှေတစ်စင်းဟာ လာရိုးလာစဉ် လှေလမ်းက မလာဘဲ ဒိုက်ပင်တွေကြားက ဖြတ်သန်းပြီး ကျွန်တော်တို့ဆီ လာနေပါကလား။ လှေလယ်က လူမှာ နှစ်လုံးပြူး သေနတ်ကြီးနဲ့လေ၊ သူ့နောက်နားက လူနှစ်ယောက်မှာလည်း ဆောင်ဓားကိုယ်စီနဲ့ပေါ့။ သူတို့မျက်နှာတွေကလည်း လူသားကို အစိမ်းလိုက် ဝါးစားမယ်လို့ ခြိမ်းခြောက်နေသလို ခက်ထန်လှပါကြလား။ ဘုရား ... ဘုရား ဓားပြလား ... လူဆိုးလား ... သောင်းကျန်းသူလည်း ဖြစ်နိုင်ရဲ့။

အို ... စာဖတ်သူကလည်း အတွေးခေါ်ပြီး ကြောက်မနေစမ်းပါနဲ့။ အကို အင်းသားကြီးပါဗျ။ ပေါစ်အော်သံ ကြားလို့ သူ့ကွင်းထဲ ပိုက်ခိုးချတဲ့လူ ရောက်နေသလား ဆိုတဲ့ သံသယနဲ့ သူ့နောက်တော်ပါများနဲ့ အတူ ကွင်းလိုက် နေတာပါ။ သူ့လက်ထဲက နှစ်လုံးပြူး သေနတ်ကြီးကတော့ သူ့အင်းပိုင်နက်ကို ပိုက်သမား ငါးမျှားတန်း သမားတွေရဲ့ ဘေးရန် ကာကွယ်ရန်အတွက်၊ ဒါမှမဟုတ် အနီးအနားတစ်ဝိုက်မှာ ဗိုလ်ကျ နိုင်ရန် အတွက်လား မသိ။ အစိုးရမင်းများက လိုင်စင်နဲ့ ထုတ်ပေးထားတဲ့ သေနတ်ကြီးပါ။

ဟော ... အခု သူဟာ ကျွန်တော်တို့ကို ပြုံးပြီး နှုတ်ဆက်နေပြီလေ။ ဒါကြောင့်မို့လည်း စာဖတ်သူကို မကြောက်ပါနဲ့လို့ ကျွန်တော်က ပြောတာပေါ့။ သူဟာ လူထုကို ကျွဲနွားလို သဘောထားပေမဲ့ ဗြူရို ကရက်အရာရှိများ ဆိုရင်တော့ ဖျာလိုလိပ် ထိပ်ပေါ်တင် ကိုးကွယ်ထားပြီး၊ ကျွန်တော်တို့လို ငွေရင်း ကလေး အတော်အတန် ရင်းနှီးနိုင်တဲ့ ကုန်သည်ကလေးများကိုလည်း ထိုက်သင့် သလောက် မျက်နှာသာ ပေးတတ် ပါတယ်။ သူ့အင်းမှာ ငါးကျတဲ့ရက်မို့ ကျွန်တော် လိုချင်တဲ့ ချောမီးနီ ငါးပိကောင် သူ့အင်းမှာ ရနိုင် ပါတယ်တဲ့။

သူ့အင်းတဲက နေပြီး စောင့်နှင့်ပါတဲ့။ သူ ကွင်းလိုက်ပြီးရင် ပြန်လာခဲ့ပါမယ်တဲ့။ အဲဒီတော့မှ အရောင်းအဝယ်စကား ပြောကြတာပေါ့တဲ့။ ကဲ ... သွားလိုက်ကြဦး စို့နော်။ ကိုင်းဟေ့... လေ့တော် သားများ ... ယီးလေလေ့ .... ယီးလေးလေး။

~~~~~~~~~~~~
~~~~~~~~~~~~

# အကွဲ့အင်းမှ ရှုခင်း

ဟောဟို ရှေ့နားက ရွာဟာ အကွီရွာပေါ့။ အိမ်ခြေတစ်ရာလောက်ရှိတဲ့ ရွာသိမ်ရွာငယ် ကလေးပါပဲ။ အကွီရွာကို အစွဲပြုပြီး အင်းကို အကွီအင်းလို့ ခေါ်သလား ၊ ဒါမဟုတ် အကွီအင်းကို အစွဲပြုပြီး ရွာကို အကွီရွာလို့ ခေါ်သလား ဆိုတာကိုတော့ ကျွန်တော်လည်း အတပ်မပြောနိုင်ဘူး။ အခုဆိုရင် ကျွန်တော် တို့ လှေဟာ ကွင်းနဲ့ချောင်းရိုးကို ဆက်သွယ်ထားတဲ့ ရိုးကလေးအတိုင်း ကွင်းထဲမှ ချောင်းရိုးကို ကူးထွက် လာပြီလေ။

ကွင်းလမ်းကမို့ ဒါလောက် မြန်တာပေါ့ခင်ဗျာ။ ချောင်းရိုးအတိုင်းသာ လာရရင် ကောက်ကွေ့တဲ့ ချောင်းရိုး တစ်လျှောက် ကွေ့ပတ်ပြီး လာရမှာမို့ ဒီအချိန်နဲ့ ဘယ်ရောက်နိုင်မလဲ။ ဒါပေမဲ့ ကြာချင်ကြာပါစေ။ အပြန် ကျရင်တော့ ချောင်းရိုးလမ်းကပဲ လှည့်ပြန်မယ်လေ။ စာဖတ်သူကို ထူးထွေတည့် အံ့ရာ သော်လို့ လက်ဖျားခါရမယ့် ချောင်းရိုးနဲ့ သက်ဆိုင်တဲ့ ရေလားကို ပြလိုပါ သေးတယ်။

ဟောဗျာ---- အကွီရွာ တစ်ဖက်ကမ်းက အကွီအင်းတဲကိုတောင် ကပ်လာပါပကော။ အင်းတဲသာ ဆိုရင် ဗိုလ်ဆန်ဆန် ဆောက်လုပ်ထားတဲ့ တစ်ထပ်အိမ် မြင့်မြင့်ကလေးပါပဲ။ ဟောဟိုမှာ ယင်းများနဲ့ ဆည်းတား ထားတဲ့ အကွီအင်း ဆည်ဝကို ကြည့်လိုက်ပါဦး။ ငါးကျတဲ့ရက်မို့ အင်းသားတွေဟာ လှေကြီးတစ်စင်းနဲ့ ဆည်ဝမှာ တပ်ဆင်ထားတဲ့ "ဖုံလုံ" ထဲက ငါးတွေကို လှေထဲ လောင်းထည့်နေကြတယ်လေ။ "ဖုံလုံ" ဆိုတာ ကတော့ ကွင်းထဲမှ ချောင်းရိုးသို့ ထွက်လာတဲ့ ငါးတွေကို ထွက်လမ်းပေးထားတဲ့ ဆည်ဝက အသင့်ထောင် ဖမ်းတဲ့ မြှုံးသဘောမျိုး လက်နက်ကိရိယာပါပဲ။ အသံထွက်ပြီးခေါ်တော့ "ဗလုံ"လို့

ခေါ်ကြတယ်။ စာရေးတဲ့အခါ "ဗုံလုံ" လို့သာ ရေးရမယ်လို့ အင်းသားကြီး တစ်ဦးထံမှ မှတ်သားရဖူးသည့် အတွက် "ဗုံလုံ" လို့ ရေးလိုက်ရတာပဲ။ ဒါဟာ အမှန်ပဲလို့ ကျွန်တော်လည်း အခိုင်အမာ မပြောနိုင်ဘူး။ "ဗုံလုံ" ထဲက ငါးတွေကို လှေထဲ လောင်းချလိုက်တဲ့အခါတိုင်း အင်းသားများထံမှ "ဝေးဟေးဟေး" လို့ အားရ ပါးရ ကြွေးကြော်လိုက်တဲ့ အသံကြီးဟာဖြင့် ပတ်ဝန်းကျင်ကို ဟိန်းထွက် လာတာပဲ။

အားရမှာပေ့ါခင်ဗျာ၊ "ဗုံလုံ" ပြည့်ကျပ်နေအောင် ငါးတွေ မိနေတာကိုး။ သူတို့ရဲ့ လှေကြီးထဲကို ကြည့်လိုက် ပါဦး။ ငါးဖယ်အောင်း၊ ငါးခုံးမမီးနီ၊ ငါးမြစ်ချင်း၊ ကုန်သည်အခေါ် ဒိုး၊ ချောမီးနီ၊ ခေါင်းဖြတ်ငါးများဟာ တဖျတ်ဖျတ် ခုန်နေကြတယ်။ ငါးခုံးမ၊ ကုန်သည်အခေါ် ဘူး ငါးများလည်း ပါပါရဲ့။ ငါးရံ့ကြီးများ ကတော့ လှေနံကို ကျော်ပြီး ရေထဲ ကျလုမတတ် ထခုန်နေကြလို့ ဝါးရင်းတုတ်နဲ့ ဝုန်း ခနဲ့၊ ခွပ်ခနဲ ရိုက်သံဟာလည်း ညံလို့ပေ့ါ။ သည်ကြားထဲ အသည်းယားစရာ မြွေကြီးတွေကလည်း ပါလာလိုက်သေးတယ်။ ငါးပူတင်းတွေကတော့ ကိုယ်ဝန်ဆောင်နဲ့တူတဲ့ သူတို့ရဲ့ဝမ်းဗိုက်တွေကို ဖောင်းပြီး "ကွိ--- ကွ-- ကွိ--ကွ" နဲ့ ကျိန်ဆဲနေကြတယ်။

စာဖတ်သူရဲ့ ဦးခေါင်းကို တစ်ဆိတ်ကလေး အပေါ်မော့ပြီး ကြည့်ရှုလိုက် စမ်းပါ။ စူးရှတဲ့ အသံတစ်မျိုးနဲ့ အော်ပြီး ပျံဝဲနေကြတဲ့ "စင်ရော်ငှက်" တွေကို တွေ့တယ် မဟုတ်လား။ တစ်ခါတစ်ရံ ရေပေါ်မှာ မျောပါ နေတဲ့ ငါးသေကလေး များကို ထိုးသုတ်ကိုက်ချီ သွားတာကိုလည်း တွေ့နိုင်ပါတယ်။ ဟိုမြင့်မြင့် ကောင်းကင် မှာပေ့ါ စွန်ကြီးတွေ ပျံဝဲနေကြတယ်။ အမြင့်ကြီးမှာပေမဲ့ သူတို့မျက်စိဟာ အတော်လျင်တယ်ခင်ဗျ။ ရေပေါ်မှာ မျောပါသွားတဲ့ ငါးပုပ်အသေး ကလေးကိုတောင် သူတို့ မြင်နိုင်တယ်။

ဟော--- စွန်တစ်ကောင်ဟာ ဖြန့်ကားထားတဲ့ အတောင်နှစ်ဖက်ကို စုပြီး ဇွေခနဲ ထိုးဆင်းလာပြီလေ။ သူ ဘာကိုများ ထိုးသုတ်မလို့ ပါလိမ့်။ အလို---

ရေထဲကို မပာတ်ဘဲ ကမ်းစပ် ကုန်းဘက်ကို ထိုးဆင်းလာတာလဲ။ ဟောဗျ--- ကြက်ပေါက်စကလေး တစ်ကောင် သန်မာတဲ့ သူ့ခြေကြားထဲ ပါသွားပါပကော။ "ကျစ်--- ကျစ်--- ကျစ်" နဲ့ အော်သွားလိုက်တာ ဆူလို့ ညံလို့။ မိခင်ကြက်မကြီး ကတော့ ပြေးလာ ပါသေးရဲ့ မမီလိုက်တော့ဘူး။ ကြက်မကြီးဟာ မိုးပေါ်ကိုမျှော်ပြီး "ကတော်--- ကတော်" လို့ အော်နေတယ်။ တစ်ခါတစ်ရံ အားမလို အားမရ မချင့်မရဲ ဖြစ်နေဟန်နဲ့ ထခုန်လိုက်တယ်။ သားငယ်ကို စွန်ချီခံရတဲ့ မယ်ပဋာရဲ့ ဖြစ်ပုံမျိုးလည်း ဒီလိုပဲနေမှာထင်ရဲ့။ ကျန်ရှိနေတဲ့ ကြက်သားပေါက် ကလေးတွေလည်း အပြေးရောက်လာပြီး မိခင်ရဲ့ အတောင်အောက်ကို ကြောက်ကြောက်နဲ့ ဝင်ရောက် ခိုလှုံ နေကြပြီလေ။

"ဆည်တိုင်ပေါ်မှာတော့ ဗျိုင်းဖြူတွေနဲ့ ဗျိုင်းအောက်တွေ ငုတ်တုတ် ကလေး နားပြီး ငါးချောင်း နေကြတယ်။ "ရေကြောင်းပြ" လို့ခေါ်တဲ့ ငှက်ကလေးတွေ ဟာလည်း နိမ့်စွာ ပျံဝဲပြီး မလစ်သော မျက်စိနဲ့ သားငါးများ ရှာဖွေလို့ပေါ့။ အင်းမှာ ငါးကျတဲ့ ရက်မို့လည်း ငှက်သံ၊ လူသံ တညံညံနဲ့ အင်မတန် စည်ကား နေတာပါပဲ။

ဟောဟိုရေထဲက တိုင်ငုတ်ပေါ်ကို ကြည့်လိုက်ပါဦး။ ကတ္တရားစေး ရောင်တောက်နေတဲ့ "တင်ကျီး" တစ်ကောင်ဟာ အဲဒီတိုင်ငုတ်ပေါ်မှာ နားပြီး ရေစိုနေတဲ့ အတောင်နှစ်ဖက်ကို ဖြန့်ကားကာ နေပူလှန်း နေတယ်။ သူကတော့ ဘာအစာဝနေမှကိုး။ သူလိုအစာမဝသေးတဲ့ "အော်ယော" တွေ၊ "တင်ကျီး" တွေ ကတော့ ချောင်းရိုးထဲမှာ ရေငုပ်ပြီး ငါးများရှာဖွေဖမ်းဆီး စားသောက်နေကြသည်။ အင်မတန် ရေငုပ် သန်ပြီး ငါးဖမ်းကျင်လည်တဲ့ ငှက်မျိုးပေါ့ ခင်ဗျာ။တစ်ခါငုတ်ရင် သူတို့ရဲ့ နှုတ်သီးဖျားမှာ တွန့်လိမ်နေတဲ့ ငါးရှင် တစ်ကောင် ပါလာတယ်။ နှုတ်သီးကလည်း မြဲပါပေရဲ့ အင်မတန် ချော်လှတဲ့ ငါးမြွေထိုးတွေ ကိုတောင် အမိဖမ်းပြီး နှုတ်သီးမှာ မလွတ်အောင် စွဲစွဲမြဲမြဲ ကိုက်ချီထားနိုင်တယ်။

ပောဟိုမှာ "တင်ကျီး" တစ်ကောင် ရေထဲမှာ နောက်ကျွမ်းထိုးပြီးတော့ ငုပ်သွားပြီးလေ စောင့်လိုသာ ကြည့်နေပါ။ ပြန်ပေါ်လာရင် ငါးတစ်ကောင်ပါလာမှာ သေချာပါတယ်။ မယုံရင် အလောင်းအစား လုပ်မှာ လားလေ ပောကြည့် ... ပြန်ပေါ်လာတဲ့ သူ့နှုတ်သီးမှာ တွဲလောင်းကလေး ပါလာတဲ ငါးမြွေထိုး တစ်ကောင်ကို မြင်တဲ့မဟုတ်လား။ ဒါကြောင့်မို့ ကျွန်တော်က ရဲရဲကြီး ပြောတာပေါ့။ သူဟာ အလိုဆန္ဒ ပြည့်ဝ သွားသလို ရေကိုရုပ်ပြီး နိမ့်စွာ ပျံသွားပြီးလေ အတောင်တွေ ရေစိုနေလို့ ဝေးဝေးတော့ မပျံနိုင်ပါဘူး။ မနီးမဝေးက ကမ်းစပ်မှာ သူသွားနားတယ်။ အခုဆိုရင် သူဖမ်းရမိလာတဲ့ ငါးမြွေထိုးကို ခေါင်းက စပြီး မျိုချနေပါပကော။

ကဲ အကွီအင်းရဲ့ ပတ်ဝန်းကျင်ရှုခင်းကို ဒါလောက်ကြည့်ရင် တော်ရောပေါ့နော်။ အခု လှေကို ကမ်းကပ်တော့မယ်။ ကမ်းစပ်မှာ ငါးခုတ်ဖို့ ရေစင်ဆောက် လုပ်ထားမှာမို့ အဲဒီရေစင်မှာ လှေကို ကပ်ရမှာပါပဲ။ ရေစင်မှာ ငါးခုတ်နေတဲ့ မိန်းကလေးတွေလည်း ရှိနေပါတယ်။ အနီးရောက်မှ သေသေချာချာ လှေလာ ကြည့်ရှုပေတော့။

ရေစင်မှာ လှေကိုကပ်ပြီး ဦးကြိုးပဲ့ကြိုးပါ အသေအချာ ချည်နှောင်ပြီးပြီမို့ စာဖတ်သူဟာ ရေစင်ပေါ် တက်ပြီး ငါးခုတ်နေကြတဲ့ မိန်းကလေးတွေကို လှေလာ ကြည့်ရှုနိုင်ပါပြီ။ အပျိုပေါက်၊ အပျိုစင်၊ အပျိုကြီး၊ အပျိုဟိုင်း၊ တစ်ခုလပ်၊ မုဆိုးမပါ မကျန် ၁၅ ယောက်ခန့်ရှိတဲ့ မိန်းမတွေဟာ စဉ်းတီးတုံးကလေးတွေ ရှေ့မှာ ကိုယ်စီချပြီး ဆောင့်ကြောင့်ထိုင်ကာ ငါးခုတ်နေကြတယ်။ ငါးခုံးမ၊ ငါးဘဲ စတဲ့ ငါးကလေးတွေကို ဘယ်လက်နဲ့ ဆက်ခနဲ ဆွဲယူပြီး ညာလက်က ဓားမနဲ့ ငါးခေါင်းကို ဒေါက်ခနဲ ခုတ်ဖြတ်လိုက်တယ်။ တစ်ချိန်တည်း ဘယ်လက်နဲ့ ငါးဝမ်းထဲမှ အဆီကို ညှစ်ထုတ်လိုက်ပြီး နောက်တစ်ကောင် ဆွဲယူ၊ ဒေါက်ခနဲ ခုတ်၊ ပြစ်ခနဲ အဆီညှစ်နဲ့ အဆက်မပြတ် သွက်သွက်လက်လက် ခုတ်နေကြတယ်။ သူတို့ ငါးခုတ်ပုံဟာ လျင်မြန်လွန်းလို့ မမြင်ဖူးတဲ့ လူဆို ရင်

လက်ကိုများ ဓားထိသွားမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ အသက်ရှူ မှားလောက်ပါတယ်။ စဉ်းတီးတုံး နဲ့ ဓားနဲ့ ထိတဲ့အခါမှာ ကြားရလေ့ရှိတဲ့ "တောက် ... တောက် ... တောက်" အသံဟာ အဆက် မပြတ်ဘဲ ဆူညံလို့ပေါ့။

သူတို့ဟာ အဲဒီငါးတွေကို ခုတ်ပေးရတဲ့အတွက် အခစားနား မရကြရှာပါဘူး။ ဒါဖြင့်ရင် ဘာပြုလို့ အလုအယက် လာခုတ်ပေးနေကြရတာလဲလို့ မေးနိုင်ပါတယ်။ အဖြေကတော့ ငါးဝမ်းထဲမှ ငါးဆီကို ရလိုမှုအတွက် မေတ္တာရိ လာခုတ်ပေးကြရတာပဲ။ ဒါပေမဲ့ "ငါးဖယ်အောင်း" လို အဆီများတဲ့ ငါးမျိုးကိုတော့ သူ့ခများများ ထိတောင် မထိကြရရှာပါဘူး။ ငါးဆီထဲမှာ အဲဒီငါးဆယ်အောင်းဆီဟာ အကောင်းဆုံးဖြစ်ပြီး "ဝမ်းဖောက်ဆီ" ဆိုတဲ့ အမည်နဲ့ အင်းသားလောကမှာ ထင်ပေါ်ကျော်ကြား ပါတယ်။ ဒါကြောင့်လည်း အင်းသားကြီး ကတော် ကိုယ်တိုင် ကြီးကြပ် အဲဒီ "ငါးဆယ်အောင်း" ကို ဘယ်သူမှ မထိစေဘဲ သူ့လူများကိုသာ သီးသန့်ခုတ်ခိုင်းပြီး သိမ်းပိုက်တော့တာပါပဲ။ ငါးခုံးမ၊ ငါးဘဲ စတဲ့ အဆီပါးရှားပြီး ခုတ်ရတာ လက်ဝင်တဲ့ ငါးကလေးတွေကိုမှ သူ့ခများမှာ မေတ္တာရိ လာခုတ်ပေး ရပြီး ငါးဆီကို ကတ်ကတ်သတ်သတ် ထုတ်ယူကြရရှာတယ်လေ။ လုပ်အားနဲ့ လုပ်ခကတော့ မမျှ လိုက်လေဗျာ။

ဟော ... ပြောရင်း ဆိုရင်းနဲပ အင်းသားကြီးတောင် ပြန်တောင်ပါပကော။ အရာင်းအဝယ် စကား ပြောဖို့ အချိန် ရောက်လာပြီလေ။ အင်းသားကြီးက အင်းတဲပေါ်ကို တက်ဖို့ ကျွန်တော်တို့ကို ဖိတ်ခေါ်နေတယ်။ လာဗျို့ စာဖတ်သူ ... အင်းသားကြီးနဲ့အတူ အင်းတဲပေါ်ကို တက်လိုက်သွားကြရအောင်။

အင်းတဲကလေး ကတော့ နေချင့်စဖွယ် အင်းတဲကလေးပါပဲ။ အိပ်ခန်းတွေ ဘာတွေနဲ့ အကျအန ဆောက်လုပ်ထားတာပေါ့။ သူ ညွှန်ပြတဲ့ စားပွဲဝိုင်းက ကုလားထိုင်မှာပဲ ကျွန်တော်တို့ ထိုင်ကြပါစို့နော်။ အိပ်ခန်းတွေ၊ စားပွဲဝိုင်းတွေ၊ ကုလားထိုင်တွေနဲ့ဆိုတော့ အင်းသားကြီးထဲမှာဖြင့် ဒီအင်းသား

ကြီး အမောက်ဆုံးပေါ့ဗျာ။ မောက်ပေမပေါ့ … သူက ရွာသူကြီးတစ်ဦးလည်း ဖြစ်နေသေးသကိုးဗျ။

စာဖတ်သူကို တိုးတိုးကလေး သတိပေးထားပါရစေ။

သူနဲ့ ပြောဆိုဆက်ဆံတဲ့ အခါမှာ ရိုသေ ကိုင်းရှိုင်းတဲ့ အမူအရာမျိုးနဲ့ အောက်တန်းကနေပြီး ပြောဆို ဆက်ဆံရင် မှားသွားလိမ့်မယ်။ သူလို့ ရွာသူကြီး၊ အင်းသားကြီး တစ်ဦးကို မမှုလောက်တဲ့ အမူအရာမျိုးနဲ့ ဂိုက်ကောင်း ဆိုက်ကောင်း ဟန်ကောင်းကောင်းထားပြီး အထက်တန်းကျတဲ့ လေသံမျိုးနဲ့ တော်ရုံတန်ရုံ လူတွေ နားမလည်တဲ့ စကားကြီး စကားကျယ်တွေကို များများ သုံးပေးနိုင်မှ သူရဲ့ အထင်ကြီးမှုနဲ့ လိုက်လျောမှုကို ခံယူရ ရှိနိုင်မယ်။

တတ်နိုင်ရင် အင်္ဂလိပ်လို "ရွှတ်ရက် … ဒွတ် … ဒက်" တွေ ခပ်များများ လုပ်ပေးပေါ့ဗျာ။ သဒ္ဒါနည်းကျကျ ဝါကျကောင်းကောင်းနဲ့ စကားလုံး အထားအသို မှန်ကန်ဖို့ မလိုပါဘူး။ အင်္ဂလိပ် အစစ်ရဲ့ လေသံနဲ့ တူအောင် တွေ့ကရာ ပေါက်ကရတွေကို လျှောက်ရွှတ်နိုင်ရင် လုံလောက်ပါပြီ။ နောက်ပြီး ဘယ်အရေးပိုင်နဲ့ စာဖတ်သူဟာ ဘယ်ကောလိပ်မှ ကျောင်းနေဖက် သူငယ်ချင်း တွေ ဖြစ်ကြလို့ မနိုင်ရင်ကာ လူတွေဖြစ်ကြတဲ့ အကြောင်း၊ ဘယ်ဝန်ထောက်နဲ့ စာဖတ်သူဟာ အမြဲတမ်း ပုလင်းထောင်ဖက်တွေဖြစ်တဲ့ အကြောင်း၊ ဟိုအကြောင်း ဒီအကြောင်းတွေကို လျှောက်ပြောပေး ပေါ့ဗျာ။ ရာထူးကြီးတဲ့ အရာရှိကြီးများနဲ့ ဆွေမျိုး စပ်ပြနိုင်ရင်သာ ကောင်းမယ်။ အဲဒီလိုဆိုရင် စာဖတ်သူ လိုချင်တာကိုပြော၊ ကောင်းကင်ကြယ်ကိုပင် အလွယ်တကူနဲ့ သူ ဆွတ်ခူးပေး လိမ့်မယ်။

ဟော … သူက သူ့ကုန်များထားတဲ့ ဂိုဒေါင်ကို သွားဖို့ ကျွန်တော်တို့ကို ခေါ်နေပြန်ပြီလေ။ ကုန်ကြည့်ပြီး အရောင်းအဝယ်စကား ပြောရအောင်တဲ့၊ လိုက်သွားကြဦးစို့ဗျာ။ ဂိုဒေါင်ထဲမှာ ဆားကူးထားတဲ့ ချောမီးနီ ငါးပိကောင်

ကျွန်တော် လိုချင်သလောက် အချိန်နှစ်ထောင်ခန့်လောက်ပဲ ရှိနေတယ်။ သူက မီးဖြူဆိုလို့ တစ်ကောင်မှ မပါဘဲ အားလုံး မီးနီချည်းပဲ ဖြစ်တဲ့အပြင် အကောင်ကလည်း ကြီးလို့ တစ်ရာဈေးမှ ရောင်းနိုင်မယ်တဲ့။ ဒီတော့ ကျွန်တော်က မီနီချည်းပဲဖြစ်ပြီး အကောင်ကြီးတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကုန်က အသား မသေသေးဘဲ ပုပ်တုန်း ပွတုန်းမို့ ကျွန်တော့်လက်ထဲမှာ အလျော့တွက် အတော်များ ဦးမှာလို့ အပြစ်ပြပြီး ကိုးဆယ်ဈေး ဆစ်တယ်။ နောက်ဆုံး ငါးကျပ်တိုး ငါးကျပ်ဆုတ်ပြီး ကိုးဆယ့်ငါးကျပ်နဲ့ တည့်ရောပေ့ါဗျာ။ ကျွန်တော်က စရန် ငွေပေးပြီး နက်ဖြန်မှ လာချိန်မယ်လို့ ရက်ချိန်းပေးလိုက်တယ်။

ကဲ … အခုဆိုရင် ကျွန်တော့်ကိစ္စ လုံးဝပြီးပြီမို့ ပြန်ရုံသာ ရှိတော့တာပေ့ါ ခင်ဗျာ။ ချောင်းရိုးလမ်းက လှည့်ပြန် မယ်လေ၊ ကမ်းနားကို ဆင်းပေတော့။ လှေပေါ်ကို တက်၊ ဖြည်းဖြည်းဗျ… ဖြည်းဖြည်း၊ လေမှောက် သွားလိမ့်မနော်။ အဲ … ဟုတ်ပြီ၊ လှေကြိုးကိုဖြေ၊ လှေထွက်ပေတော့။ ကိုင်းဟေ့ လှေတော်သား များ … ယီးလေလေ့ … ယီးလေလေး။

ချောင်းရိုးကလေးကတော့ မကျဉ်းမကျယ် ချောင်းရိုးကလေးပါပဲ။ ချောင်းရိုးရဲ့ ဘေးတစ်ဖက် တစ်ချက် ကမ်းရိုးတန်းပေါ်မှာ ကုက္ကိုပင်တွေရယ်၊ ချုံပုတ်ကလေး တွေရယ်၊ စိမ်းလွင်ညိုညို ဝါးပင်ပျို ကလေးများရယ်၊ အဆက်မပြတ် ဆိုသလိုပဲ တွေ့မြင်နိုင်ပါတယ်။ သရက်ပင်၊ လက်ပံပင်နဲ့ မန်ကျည်းပင် အိုကြီးများကိုလည်း တစ်ခါတစ်ရံ တွေ့နိုင်ပါရဲ့။ ဆူးရစ်ချုံနွယ်များ ပတ်ရစ်ထားတဲ့ ဘုရား ဝတ်တိုများကိုလည်း တွေ့မြင်ရတတ်ပါသေးတယ်။ ရိပ်ငြိမ်သာယာတဲ့ မြေပြန့်ကမ်းနဖူး မှာဆိုရင် ထုံးဖြူဖွေးတဲ့ ကိုးတောင်ပြည့် စေတီကလေးများကိုလည်း ဖူးမြင်နိုင်ပါတယ်။ လေကလေးအသုတ်မှာ တချွင်ချွင် ထွက်ပေါ်လာတဲ့ ဆည်းလေး သံကလေးဟာလည်း သာတောင့်သာယာ ရှိလှပါဘိ။ ငြိမ်သက်သော ဣန္ဒြေဖြင့် ချောင်းရေကို ကသိုဏ်းရှုနေတဲ့ စေတီ

ကလေးရဲ့ ကိုယ်စား ခမ္ဘတေးသံကို ကျူးရင့် ကာ အဝိဇ္ဇာမှောင်အတွင်းမှာ နစ်မြုပ်နေကြတဲ့ လူအပေါင်းအား တရားပြနေ သယောင်ယောင်။

စေတီကလေးရဲ့ ငှက်မြတ်နားပေါ်မှာ ပုစဉ်းထိုးငှက်ကလေး တစ်ကောင် နားနေတယ်။ တစ်ခါ တစ်ရံ နားနေရာမှ ထပြန်သွားပြီး လေဟာပြင်ထဲမှာ ဝဲကာဝဲကာနဲ့ အတန်ကြာအောင် လှပစွာ ပျံဝဲ နေတတ်ပြီး၊ နောက်မှ မူလ နေရာဟောင်း ငှက်မြတ်နားပေါ်ကို ပြန်နားလိုက်တယ်။ ဘာသာဘာဝ မြူးထူး နေရာတာပေါ့ ခင်ဗျာ။

ဟော ... အထူးအဆန်း တစ်ခုတို့ဖြင့် တွေ့ရပြန်ပေါ့။ စိတ်ဝင်စားစရာ ကောင်းလွန်းလို့ စာဖတ်သူတို့ သေသေချာချာ ပြချင်ပါတယ်။ လှေကို ကမ်းကပ်ပြီး တအောင့်တနား ရပ်ထားလိုက်ကြပါ။ အဲ ... ဟုတ်ပြီ၊ ငြိမ်ငြိမ်ကလေး နေကြနော်။ ဆူဆူညံညံ အသံတစ်စုံတစ်ရာကို မပြုကြပါနဲ့။

ရေလယ်မှာ တရွေ့ရွေ့ မျောနေတဲ့ ဗေဒါဖောင်ကြီးကို ကြည့်စမ်းပါ။ ဗေဒါ ဖောင်ကြီးပေါ်မှာ အော်ယောငှက်တစ်ကောင် နားနေတယ်။ ဒါလား၊ အထူးအဆန်းလို့ အလျင်စလို ပြန်မေးမနေပါနဲ့။ စူးစိုက်လို့သာ ကြည့်နေပါ။ ပျံ့လွင့်တဲ့ အကြည့်မျိုးနဲ့ ဆိုရင်တော့ အကြောင်းမထူးလှပါဘူး။ စူးစမ်းတဲ့ အကြည့်မျိုးနဲ့ ဆိုရင်တော့ အထူးအဆန်းကို ရှာတွေ့နိုင်ပါလိမ့်မယ်။

ဗေဒါဖောင်ကြီးကတော့ သူ့ပင်ကို သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ ဗေဒါဖောင်ကြီး မဟုတ်ဘဲ တစ်စုံ တစ်ယောက်သော သူက ပြုပြင်ထားတဲ့ ဗေဒါဖောင်ကြီး ဖြစ်ကြောင်း မြင်နေကျ လူဆိုရင် သိနိုင်ပါတယ်။ အခက်အလက် အရွက်တွေ ဝေဝေဆာဆာနဲ့ ဘေးပတ်ဝန်းကျင်ကို ပြန့်ပွားဖွဲ့စည်းထားတဲ့ ဗေဒါဖောင် ဆိုရင် သူ့ပင်ကို သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ ဗေဒါဖောင်လို့ ဆိုရပါမယ်။ အခုမြင်ရတဲ့ ဗေဒါဖောင်ကတော့ တကွဲတပြား ဖြစ်နေတဲ့ ဗေဒါပင် ကလေးများကို စုပုံထပ်ဆင့်ပြီး ဖွဲ့စည်း ထားတဲ့အတွက် တစ်စုံတစ်ယောက်သော

သူက ပြုပြင်ထားတဲ့ ဗေဒါဖောင်ကြီး ဖြစ်ကြောင်း ထင်ရှား နေပါတယ်။ ဗေဒါဖောင်ရဲ့ နောက်ဘက် ခပ်ကျကျမှာ ကိုင်းပင်ကလေးများကို ပုံပန်းကျကျ မိုးကာ ထားတာကိုလည်း တွေ့နိုင်ပါလိမ့်မယ်။ အဲဒီကိုင်းပင် အမိုးအကာရဲ့ အောက်မှာတော့ ဘာမှ မရှိဘဲ ကွက်လပ်ပေါ့ဗျာ။ တကယ်လို့ လူတစ်စုံ တစ်ယောက်ဟာ ရေထဲက ငုပ်လျှိုးသွားပြီး အဲဒီကိုင်းပင် အမိုးအကာအောက်တွင် ကွက်လပ်ထဲကို ဝင်နေခဲ့ရင် ဘယ်သူမှ သူ့ကို မမြင်နိုင်တော့ဘူး။

ဟုတ်ကဲ့ ... အဲဒီ ဗေဒါဖောင်က ကိုင်းပင် အမိုးအကာရဲ့အောက် ကွက်လပ်မှာလည်း လူ တစ်ယောက် ရှိနေပါတယ်လို့ ကျွန်တော် ပြောလိုက်ရင် စာဖတ်သူ အံ့ဩသွားမလား၊ ကက်သီး ကတ်သတ် ဘာဝင်လုပ်နေတာလဲ လို့ကော မေးဦးမလား။ မမေးနဲ့လေ၊ စောင့်ကြည့် ... အကြောင်း သိလိမ့်မယ်။

စာဖတ်သူဟာ မျက်စိ ခပ်စူးစူးနဲ့ ခပ်စိပ်စိပ်ကလေး ကြည့်နိုင်မယ်ဆိုရင် ကိုင်းပင် အမိုးအကာရဲ့ ရှေ့ဗေဒါဖောင်ပေါ်မှာ ဗေဒါပင်ကလေးများနဲ့ ဖုံးအုပ် ထားတဲ့ ဝါးပြောင်းတံရဲ့ ပြောင်းဝကို ခပ်ရေး ရေးကလေး မြင်နိုင်ပါလိမ့်မယ်။ အဲဒီ ဝါးပြောင်းတံထဲမှာ နောက်မြီးက ငှက်မွေး၊ ကြက်မွေးများ တပ်ချည်ထားတဲ့ မြားတစ်စင်း ရှိနေတယ်လေ။ ပြောင်းဝကို ပါးစပ်ထဲသွင်းပြီး လေပြင်းပြင်းနဲ့ တအား မှုတ်ထုတ်လိုက်မယ် ဆိုရင် မြားတံဟာ တစ်ဟုန်ထိုး ထွက်သွားမှာပေါ့။ ဗေဒါဖောင်နဲ့ ကိုင်းပင် အမိုးအကာ အောက်က ကွက်လပ်မှာ ဝင်နေတဲ့ လူဟာ ဘာအကြံနဲ့ ဝင်နေတယ်ဆိုတာ ရိပ်မိလောက်ရောပေါ့နော်။

အနို့ ... ဗေဒါဖောင်ပေါ်မှာ ကာလကြာမြင့်စွာက နားနေတဲ့ အော်ယောငှက်ကို ဘာကြောင့် အခု အချိန်အထိ မြားစာမကျွေးဘဲ ချမ်းသာခွင့် ပေးထားပါသလဲလို့ စာဖတ်သူက မေးချင်တယ် မဟုတ် လား။ ဟိုး ... ဆရာ ... ဟိုး၊ တစ်ဆိတ်ကလေး သည်းခံစမ်းပါဦး စာဖတ်သူရယ်၊ ဒါလောက်တောင် မလောစမ်းပါနဲ့။ တကယ်ဆိုတော့ အဲဒီ အော်ယောငှက်ကလေး ဟာလေ ... တခြား အော်ယောနဲ့ တင်ကျီးငှက်တွေကို အယုံသွင်းပြီး သွေးဆောင် ဖြားယောင်

ရန်အတွက် သူ တပင်တပန်း လက်သပ် မွေးထားရတဲ့ သူ့လက်စွဲတော် အော်ယော ငှက် အလိမ္မာကလေးပါ ခင်ဗျား။ ဟဲ … ဟဲ ဒါကြောင့်မို့လည်း အခုအချိန်အထိ ကျန်းမာပကတိ ချမ်းသာစွာ ရှိနေတာပေါ့။

အလိုလေး ကံဆိုးရှာတဲ့ အော်ယောငှက်တစ်ကောင်ဟာ ရေထဲမှ ထပျံလာပြီး အော်ယောငှက်လိမ္မာ ရဲ့နံဘေး ဗေဒါဖောင်ပေါ်မှ လာနားနေပါပကော။ မိုက်လိုက်တဲ့ အော်ယောကလေးရယ်၊ မင်း သေနေ့ဖြင့် စေ့ပြီထင့်။ မင်းနဲ့ မျိုးတူ အော်ယော ငှက်လိမ္မာကို ယုံစားပြီး လာနားတာလား၊ မင်းရဲ့ မရှုမလှ ဇာတ်သိမ်းခန်း ကို ငါ ဘယ်လို ရှုရက်ပါ့။ ဘုရား … ဘုရား … ပြောင်းတံကို ဖုံးအုပ်ထားတဲ့ ဗေဒါပင် ကလေးများဖြင့် မသိမသာ လှုပ်ရှားနေချေပြီ။ မင်းရဲ့ ဇီဝိန်ကို ဖြုတ်ချေရန် ပြင်ဆင်နေ တယ်ဆိုတာ မင်းကလေး ဘာမှ မသိပါကလား။

ကြည့်လိုက်တော့ စာဖတ်သူရေ့၊ နောက်တစ်ကြိမ် ပြောင်းတံအလှုပ်မှာ အော်ယော ငှက်ကလေးကို မြားခရှာပြီကော။ အနီးကပ် မှုတ်ရလို့ ချက်ကောင်းကို ထိပဟန်တူရဲ့၊ လန့်ဖျပ်ပြီး သွေးရူးသွေးတန်း ထပျံတာတောင် မပျံနိုင်ရှာဘဲ ချက်ချင်းပြန်ကျပြီး ငြိမ်သက်သွားရှာပြီလေ။ သြော် … အနိစ္စ … အနိစ္စ … အနိစ္စ။

ကဲ … သည်နေရာက ခွာကြပါစို့။ လှေကို ရှေ့ဆက်ပြီး လှော်ခတ်ကြပါ။ အဲ … ဟုတ်ပြီ၊ တရိပ်ရိပ် ပြေးနေတဲ့ ကျွန်တော်တို့ လှေရဲ့ ဝဲယာနစ်ဖက်မှ တံငါ လှေကလေးတွေကို ကြည့်စမ်းပါဦး။ ဟောဟို တံငါလှေကလေးကတော့ ငါးရံမျှားနေတဲ့ တံငါလှေပေါ့။ လှေကလေးရဲ့က ပဲ့မှာ ပဲ့ကိုင်သူ မပါဘဲ တက်မကိုသာ အသေ တပ်ဆင်ထားတယ်လေ။ ကိုတံငါကတော့ လှေဦးက နေပြီး ဘယ်လက်နဲ့ လှော်တက်ကို ကိုင်ကာ လှော်ယက်ရင်း၊ ညာလက်ကလည်း ငါးမျှားတံကို ကိုင်မြှောက်ကာ ငါးပွက်ရာ ငါးစာ လိုက်ချနေတယ်လေ။ သူ့ငါးမျှားမှာ ငါးစာလုပ်ပြီး တပ်ထားတာကတော့ ငါးခုံးမအရှင် ကလေးပေါ့၊ ငါးရံ့ကြီး တွေ ဟပ်လေ့ ရှိတယ်။

ဟောဒီ တံငါလှေကတော့ ကွန်ပစ်တဲ့ တံငါလှေပေါ့။ အဲဒီလှေမှာတော့ လိုရာကို ပဲ့ပေးရန် ပဲ့ကိုင် သူပါလာတယ်။ လှေဦးက ကိုတံငါကြီးကတော့ မတ်တတ်ရပ်ကာ ပိုက်ကွန်ကို လက်နှစ်ဖက်နဲ့ ကိုင် တွယ်ပြီး "ကွန်ချက်"ကို တွေ့တာနဲ့ တစ်ပြိုင်နက် အလိုက်သင့် ပစ်ကြဲနိုင်ရန် ဟန်ပြင်ထားတယ်။ "တံငါကွန်ချက် မပြနဲ့" ဆိုတဲ့ ဆိုရိုးစကားကို စာဖတ်သူ ကြားဖူးတယ် မဟုတ်လား။ "လူချင်းခင်ရင် ငါးဟင်းစား ပေးလိုက်၊ ကွန်ချက်ကိုတော့ မပြနဲ့" လို့ သူတို့ကလည်း ပြောလေ့ရှိကြတယ်။ ချောင်းရိုး ထဲ တွေ့ကရာ လျှောက်ပစ်လို့ ငါးမိတာ မဟုတ်ဘူး။ ငါးအုပ်များ စုဝေးနေတတ်တဲ့ ကွန်ချက်ကို သိလို့ ရွေးချယ်ပြီး ပစ်ကြဲနိုင်မှ ပင်ပန်းကျိုးနပ်ပြီး ငါးမိတာ။

ဟော ... အခု သူဟာ ကွန်ချက်ကို တွေ့သွားပြီထင့်။ လက်ထဲမှ ပိုက်ကွန်ကို ဟန်ပါပါလွှဲပြီး ကိန္နရာ ငှက်ကလေးများ ဝဲသလို ဝဲကာ တအားကုန် ပစ်ကြဲလိုက်ပြီလေ။ ပိုက်ကွန်ရဲ့ စက်ကွင်းထဲ ရောက်နေတဲ့ ငါးတွေတော့ ပြေးရှောင်လို့ မလွတ်နိုင်ဘူးပေါ့။ တအောင့်လောက်ကြာတော့ သူဟာ ပိုက်ကွန်ကို တဖြည်းဖြည်း ဆွဲဖော်ပြီး လှေပေါ်မှ "ကွန်တိုင်"တွင် ပိုက်ကွန်ကို ချိတ်ကာမိတဲ့ ငါးတွေ ကို ဖြုတ်နေပြီလေ။ ဟောဒီ တံငါလှေကတော့ အဆန်းပါလား။ ဦး တစ်ယောက်၊ ပဲ့ တစ်ယောက် လူနှစ်ယောက်က အပြင်း လှော်ခတ်လို့။

လှေလယ်မှ လူတစ်ယောက်ကတော့ ရေနစ်မြုပ်ထားတဲ့ အရာဝတ္ထု တစ်စုံ တစ်ခုမှ လက်ကိုင်ရိုး ဝါးလုံးကို တအား ထိန်းကိုင်ရင်း လိုက်လာတယ်။ သူ ရေထဲ နစ်မြုပ်ထားတဲ့ အရာဝတ္ထုက လှေအရှိန်ကို တန့်စေလို့ လှော်ခတ်ရတဲ့ လူနှစ်ယောက်ခမျာ မသက်သာလှပါဘူး။ အတော်ကလေး ကြာတော့ လှေလယ် က လူဟာ ရေထဲ နစ်မြုပ်ထားတဲ့ အရာဝတ္ထုကို ဆွဲဖော်လိုက်တယ်။ သြ ... လက်စသတ်တော့ ပိုက်ဇောကွက်ကို ဝါးအနားကွပ်ပြီး လက်ကိုင်ရိုး တပ်ထားတဲ့

"ဒိုင်းဝန်း" ပေကိုး။ အဲဒီ ဒိုင်းဝန်းထဲ မိနေတာကတော့ အတော်ကလေးများတဲ့ ငါးစင်စပ်တွေပေါ့။

အလို ဟိုကမ်းစပ်က ဆူဆူညံညံနဲ့ ဘာလုပ်နေကြတာတုံး။ လူစုလူဝေးကလည်း တယ်အားကြီးပါ ကလား။ ဩ ... ဒါလား... ချုံဆို့နေကြတာလေ။ သစ်ပင်အကိုင်းအခက်နဲ့ သစ်တုံးကြီးတွေကို ကမ်းစပ် ရေထဲချထားပြီး အပေါ်က ဗေဒါပင်များနဲ့ ဖုံးအုပ်ထားကာ ရက်ကလေး အတော်ရလာလို့ ငါးတွေ ဝင်ရောက် ခိုအောင်းနေတဲ့ အခါမှ ဂုန်နီပိုက်နဲပ ပိတ်ဆို့ဝန်းဝိုင်းပြီး ဖမ်းယူကြတာပေါ့။ အင်း ... ငါးဖမ်းနည်းကဖြင့် စုံပါပေရဲ့။

ဒါ့ထက် ဆန်းကြယ်တဲ့ တံငါလုပ်ငန်းရပ်တွေလည်း ရှိနေပါသေးတယ်။ ဒါပေမဲ့ စာဖတ်သူကို ကျွန်တော် ခေါ်လာတာဟာ တန်ဆောင်မုန်းလရာသီ ဖြစ်တယ် ဆိုတာကိုတော့ မျက်ခြည်ပြတ်လို့ မဖြစ်ပေဘူး။ တန်ဆောင်မုန်းလမှာ တန်ဆောင်မုန်းလနဲ့ သက်ဆိုင်တဲ့ တံငါလုပ်ငန်းရပ်တွေကိုသာ ပြနိုင်တော့မပေါ့။ တပို့တွဲ၊ တပေါင်းမှ မြင်ရလေ့ရှိတဲ့ တံငါလုပ်ငန်းရပ်တွေကိုပါ ရောထွေးပြီး ပြနေမယ်ဆိုရင် သဘာဝနဲ့ ကင်းလွတ်ပြီး လူရယ်စရာကြီး ဖြစ်သွားလိမ့်မယ်။

ခွဲကြစို့

"စာပေသည် စားပွဲခုံပေါ်ရှိ ရှမျော်ခင်းဖြစ်၍ ရှမျော်ခင်းများကား သဘာဝလောကပေါ်ရှိ စာပေ ဖြစ်လေသည်"လို့ ကမ္ဘာကျော် တရုတ် စာရေးဆရာကြီး "လင်ယူတန်" က ဆိုတယ်။ ဟုတ်တယ် ...။ အခု ကျွန်တော်ဟာ စာဖတ် သူကို သဘာဝလောကပေါ်ရှိ စာပေကို လက်ဆောင် ပါးပြီးခဲ့ပြီနော်။ ကျွန်တော် လက်ဆောင်ပါး လိုက်တဲ့ သဘာဝ လောကပေါ်ရှိ စာပေကို စာဖတ်သူဟာ စားပွဲခုံပေါ်ရှိ ရှမျော်ခင်း အဖြစ်နဲ့လည်း လေ့လာကြည့်ရှုနိုင်ပါ လိမ့်မယ်။

ပြီးတော့ "လင်ယူတန်" က ထပ်ပြီး ဆိုလိုက်သေးတယ်။ "စာဖတ်သူ သဘောတရားကို တကယ် နားလည်သောသူ အတွက်ဆိုလျှင် သူ သွားလေ ရာရာ အရာရာတိုင်းလည်း စာအုပ်များ ဖြစ်နေလေသည်။ တော တောင် မြစ် ချောင်းများသည် စာအုပ်များ ဖြစ်နေသကဲ့သို့၊ အရက်ခွက်နှင့် စစ်တုရင် ခုံများလည်း စာအုပ်များ ဖြစ်နေပေသည်။ လနှင့် ပန်းပွင့်ကလေးများသည်လည်း သူ့အတွက် စာအုပ်များ ဖြစ်ကြလေသည်" တဲ့။ ဒါကြောင့်မို့ စာဖတ်သူနဲ့ ကျွန်တော် လေ့လောင်းနဲ့ ရေကြောင်းကို စုန်ဆန်ခဲ့ရာမှာ လမ်းတစ်လျှောက် တွေ့မြင်ခဲ့သမျှ ရှုမျှော်ခင်းတွေ၊ အရာဝတ္ထုတွေဟာ စာအုပ် တွေသာ ဖြစ်ကြောင်း၊ သဘာဝလောကပေါ်ရှိ စာပေသာလျှင် ဖြစ်ကြောင်း ယုံမှားစရာ မရှိပါဘူးနော်။ ယုံမှားသံသယ ရှိနေတယ်ဆိုရင်လည်း အစကနေ ပြန်ကြည့်လေ။ ဘာတွေကို တွေ့ရသလဲ၊ အက္ခရာ စာလုံးကလေးတွေကိုသာ တွေ့ရတယ် မဟုတ်လား။ ဟဲ … ဟဲ … ဒါကြောင့် ကျွန်တော် ပြောခဲ့တဲ့ သဘာဝလောကပေါ်ရှိ စာပေပါဆိုတာ စာဖတ်သူ လက်ခံရလိမ့်မယ်။ ဒါပေမဲ့ စာဖတ်သူဟာ ဒီအက္ခရာ စာလုံးကလေး တွေကို ဖောက်ထွင်းပြီး၊ အဲဒီအက္ခရာ စာလုံးကလေးတွေနဲ့ တည်ဆောက် ပြသထားတဲ့ ရှုမျှော်ခင်းတွေကိုသာ မြင်နေရမှာမို့ စားပွဲခုံပေါ်ရှိ ရှုမျှော်ခင်းအဖြစ်နဲ့ လည်း လေ့လာကြည့်ရှုနိုင်ပါတယ်လို့ ဆိုစကားဟာလည်း မမှားနိုင်ပါဘူးနော်။

ကဲ … အခုဆိုရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ မျှော်မှန်းသတ်မှတ်ထားတဲ့ ခရီးလမ်းအဆုံးကို ရောက်ပြီမို့ လမ်းခွဲကြစို့နော်။ ခွဲကြဦးစို့ဗျာ … နောက် … တွေ့ကြသေးတာပေါ့။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

# ဘုန်းကြီးကျောင်းသား

## (၁)

အသက် ၁၀နှစ်ခန့်ရှိ "တောင်ကျော်" သည် အင်းတဲပေါ်တွင် ထိုင်ကာ တဲရှေ့မြေကွက်လပ်တွင် မြေကြီးကို ယက်၍ ကောက်စားနေသည့် သူ့မိခင်၏ ကြက်မကြီးကိုသာ အငေးသား ကြည့်နေ၏။

ကြက်မကြီးသည် ရရှိသောအစာကို စားမျိုခြင်း မပြုဘဲ မြေကြီးပေါ် ပြန်ချလိုက်၊ နှုတ်သီးဖြင့် ပြန်ကောက်လိုက် လုပ်နေပြီးနောက် "တော့ ... တော့ ... တော့" ဟူသော အသံမျိုးဖြင့် သူ့ရင်သွေး ကြက်ကလေး များကို ခေါ်နေ၏။ ချက်ချင်းပင် ကြက်ကလေးများသည် အပြေးအလွှား ရောက်လာကာ ကြက်မကြီး ၏ နှုတ်သီးမှအစာကို ဝိုင်းလုကြ၏။ ကြက်မကြီးအား သူ မစားရက်သော အစာကို မြေပြင်သို့ ပြန်ချပေးလိုက်ရာ၊ သွက်လက်သော ကြက်ကလေးတစ်ကောင်က "ဆတ်" ခနဲ ကောက်ယူပြီး ထွက်ပြေးတော့ရာ၊ အခြား ကြက်ကလေးများက နောက်မှ ဝိုင်းလိုက်ကြ၏။

တောင်ကျော်သည် ကြက်မကြီးများနှင့် ကြက်ကလေးများကို ကြည့်ရင်း အကြံတစ်ခု ရလာ၏။ သူသည် ကြက်မကြီးက သူရရှိသော အစာကို မစားရက်ဘဲ သူ့ရင်သွေး ကြက်ကလေးများကိုသာ ကျွေးမွေး လိုက်ခြင်းကို ကြည့်၍ မိခင်မေတ္တာ၏ မွန်မြတ်လှပုံကို တွေးတော ဆင်ခြင်နေသည်တော့ မဟုတ်ပါ။ သူသည် တစ်စုံတစ်ခုကို ပြုလုပ်ရန် အကြံထုတ်ရင်း သည်ကြက်မကြီးကို

ငေးစိုက်ကြည့်နေရာမှ ရုတ်တရက် ကြက်မကြီးကို ရိုက်သတ်လိုက်ရန် အကြံတစ်ခု ရလာခြင်းပင် ဖြစ်ပါ၏။

ဤကြက်မကြီးကား သူ့မိခင် အလွန်ချစ်သော ကြက်မကြီး ဖြစ်ပါသည်။ အခြားကြက်များကို အချိန်တန် အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် ကြက်ထမ်းကုလားလက် ဝ ကွက် အပ်လိုက်လေ့ ရှိသော်လည်း ဤကြက်မကြီး ကိုမူကား ချစ်မြတ်နိုးစွာဖြင့် လက်သပ်မွေးထားပါသည်။ အကြောင်းမူကား ဤကြက်မကြီးသည် သားပေါက်ကောင်း၍ သားဆက် နီးလှသောကြောင့် ဖြစ်သည်။ ဘာကို သားပေါက်ကောင်းတယ်လို့ ခေါ်တာလဲဟု နားမရှင်းသော သူများက မေးနိုင်သည်။ ကြက်ဥ အလုံး နှစ်ဆယ်ဥလျှင် အဖိတ်အစဉ် မရှိသော ကြက်အကောင်နှစ်ဆယ် ပေါက်ဖွားပေးနိုင်ခြင်းကို သား ပေါက်ကောင်းသည်ဟု ခေါ်ပါသည်။

သားဆက်နီးသည်ဆိုတာကော ဘာကို ဆိုလိုတာလဲဟု ဆက်မေးပါ။ တစ်သားနဲ့တစ်သား နီးကပ်စွာဖြင့် အဆက်မပြတ် ပေါက်ဖွားနိုင်ခြင်းကို ဆိုလိုပါသည်။

ယခု ဤကြက်မကြီးမှာလည်း ကြက်ဥ အလုံးနှစ်ဆယ်ဥလျှင် တစ်ဆယ့်ရှစ်ကောင်ထက် မနည်း ပေါက်ဖွားပေးနိုင်၍ ဤတစ်သား မခွဲမီမှာပင် နောက်ထပ် ကြက်ထီးနှင့် မိတ်လိုက်၍ ကြက်ဥများ ဥပေး နေပြန်ရာ သားဆက်ကလည်း နီးလှပါသည်။

ဤနည်းအားဖြင့် တစ်နေ့လျှင် ရွှေဥတစ်လုံးစီ ဥပေးနေသော ဒဏ္ဍာရီထဲက ဝမ်းဘဲလောက် နီးနီး တွက်ကိန်းမိနေသည်ဖြစ်၍ တောင်ကျော်၏ မိခင်မှာ လက်မလွှတ်နိုင်ဘဲ ချစ်ခင်မြတ်နိုးစွာ လက်သပ် မွေးထားခြင်း ဖြစ်သည်။ ဤမျှလောက် အဖိုးတန်လှသော ကြက်မကြီးအား တောင်ကျော်က ဘာဇာကြောင့် သတ်ပစ်ရန် ကြံစည် နေရပါသနည်း။

သူ့မိခင် ချစ်မြတ်နိုးသော ကြက်မကြီး ဖြစ်ပါလျက် သူ့မိခင်၏ ဒေါသကိုမှ ကြောက်ရွံ့ခြင်း မရှိဘဲ ဘာအကြောင်းကြောင့် သတ်ပစ်လိုပါသနည်း။

အဖြေသည် ရှိပါ၏။ အကြောင်းကား လုံလောက်ပါ၏။ သူသည် သူ့မိခင် စိတ်ဆိုးခြင်းကို အလိုရှိသောကြောင့် ဤ ကြက်မကြီးကို သတ်ပစ်ရန် ကြံစည်နေခြင်း ဖြစ်သည်။ စိတ်ဆိုးပုံမှာလည်း သာမန် စိတ်ဆိုးပုံမျိုး မဟုတ်ဘဲ၊ မခံမရပ်နိုင်အောင် စိတ်ဆိုးနေပုံမျိုး ဖြစ်စေလိုသောကြောင့်၊ သူ့မိခင် အမြတ်တနိုး မွေးမြူထားသော ကြက်မကြီးကိုမှ သတ်ပစ်ရန် ကြံစည်ရခြင်း ဖြစ်သည်။ အဘယ့်ကြောင့် သူ့အပေါ်တွင် သူ့မိခင်၏ ပြင်းထန်စွာ စိတ်ဆိုးခြင်းကို သူက အလိုရှိနေရပါသနည်း။ တမြန်နေ့က သူသည် အင်းတဲ၌ ဆွဲထားသော နတ်အုန်းသီးကို ခိုး၍ တိတ်တဆိတ် ခွဲစားနေစဉ်၊ သူ့ မိခင် ဖမ်းမိ တွေ့မြင်သွားသဖြင့် သူ့အား ရိက်နက် ကန်ကျောက်ပြီးနော်

"နင် ငါ့ကို ကြပ်ကြပ်စိတ်ဆိုးအောင် လုပ်နော်။ ငါ စိတ်ဆိုးလွန်းမက ဆိုးလာရင် နင့်ကို ဘုန်းကြီးကျောင်း ပို့ပစ်လိုက်မယ်" ဟု ခြောက်လှန့်ခဲ့၏။ သဘောကတော့ ဘုန်းတော်ကြီးသည် အရိုက်အနက်တွင် တစ်ဖက်ကမ်း ခပ်အောင် ကြမ်းလွန်းသည်ဟု နာမည်ကြီးနေသောကြောင့် ဘုန်းကြီးကျောင်း ပို့ပစ်လိုက်မယ်ဟု ဆိုလျှင် ကြောက်များ သွားမလားဟု မျှော်လင့်ကာ ခြောက်လှန့် လိုက်ခြင်းသာ ဖြစ်ပါသည်။

သို့သော် ဤခြောက်လုံး လှန့်လုံးကြောင့် တောင်ကျော်က ကြောက်မသွားသည့် အပြင် ပို၍ပင် ဝမ်းသာသွားသေသည်။ သူသည် ဘုန်းကြီး အရိုက်ခံရမည်ကို ကြောက်သည်ထက် ဘုန်းကြီးကျောင်းတွင် အခြား ကျောင်းသားများနှင့် လွတ်လပ်စွာ ဆော့ကစားရမည်ကိုသာ မျှော်မှန်း သူဖြစ်၍ အတော်ပင် ဝမ်းသာသွားလေသည်။ အရိုက်ခံရတာကတော့ သူ့အဖို့ မဆန်းပါ။ အိမ်မှာ နေရင်လည်း အရိုက်ခံနေရတာပဲ မဟုတ်လား။ တကယ်ဆိုတော့ သူ့မိခင်၏ လက်သံမှာ အတော်ပြင်းသည်ဖြစ်၍ ဘုန်းတော်ကြီး၏ လက်သံ

ထက်တော့ ညံ့လိမ့်မည် မဟုတ်ပါ။ သူ့မိခင်၏ လက်သံကိုပင် အပျော့ထားနိုင်သည်ဖြစ်၍ ဘုန်းတော်ကြီး၏ လက်သံကိုလည်း ရယ်တာပေ့ါဟု ဆိုကာ ကော့ခံနိုင်လိမ့်မည်ဟု သူက ယုံကြည်ထားပါသည်။

ဤသို့ ဘုန်းကြီးကျောင်းကို ပို့မည်ဟု ဆိုခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံကိုတော့ အပြင် အမူအရာအားဖြင့် ထုတ်ဖော်မပြဝံ့ပါ။ ဤသို့ အမူအရာအားဖြင့် ထုတ်ဖော်ပြမိလျှင် သူ့ကို အလွန်ချစ်သော သူ့ဖခင်က သူ့ဘက်က လိုက်၍ ဘုန်းကြီးကျောင်းပို့ရန် ပြောကြားမည်ဖြစ်ရာ၊ ဤအခါတွင် သူ့ဖခင် ပြောဆိုပြုမူ လုပ်ကိုင်သမျှ အမြဲတမ်း ဆန့်ကျင်ဘက်ပြုရမှ ကျေနပ်လေ့ရှိသော သူ့မိခင်သည် သူ့အား ဘယ်တော့မှ ဘုန်းကြီးကျောင်းကို ပို့မည်မဟုတ်ကြောင်း သေချာစွာ သိရှိထားသည့်အတွက်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည့် အမူအရာအစား ကြောက်ရွံ့သွားသည့်ပုံဖြင့် ခပ်ကုပ်ကုပ်ကလေး နေထိုင်ခဲ့ရပါသည်။ ဒါကို တကယ်ပင် မှတ်သွားသော သူ့မိခင်က -

"ကောင်လေးတော့ ဘုန်းကြီးကျောင်း ပို့မယ်ဆိုလို့ လန့်နေပြီ" ဟု သူ့ဖခင်ကို ဝမ်းသာအားရ ပြန်ပြောဆိုနေသံကိုပင် သူ ကြားရ၏။ တစ်နေ့တော့ သူ့မိခင်၏ စိတ်ကို ပြန်ဆွရပေမည်။ ဘုန်းကြီးကျောင်း ပို့မည်ဆို၍ သူ ကြောက်နေသည်ဟု သူ့မိခင်က အယူရှိနေပြီဖြစ်ရာ၊ သည်တစ်ကြိမ် စိတ်ဆိုးအောင် လုပ်လိုက်လျှင်တော့ ဒေါသထွက်ထွက်ကနှင့် သူ ကြောက်နေသည်ဟု အယူရှိထားသော ဘုန်းကြီးကျောင်းသို့အရောက် ပို့ဆောင်ပေလိမ့်မည်။ ဘယ်လောက် ဟန်ကျလိုက်ပါသလဲဗျာတို့။ အကြံပိုင်တဲ့ တောင်ကျော်ဆိုတာ ဤဖေကိုယ်ပေ့ါ ... ။

အကြံတစ်ခုရလျှင် ထိုအကြံအတိုင်း မဆိုင်းမတွ ချက်ချင်းကောက်လုပ်တတ်သော တောင်ကျော်သည် ဆန်အိုးထဲမှ ဆန်လက်တစ်ခုပ် နှိုက်ယူပြီးနောက် ထမင်းဟင်း ချက်ပြုတ်နေသော သူ့ မိခင်နှင့် ကြိုးကျစ်နေသော သူက

ဖခင်ရှိရာသို့ တစ်ချက်မျှ စောင်းငဲ့ကြည့်ရှု လိုက်ကာ အင်းတဲရှေ့ မြေပြန့်သို့ ဆင်းလာခဲ့၏။

" တီ ... တီ ... တီ ... တီ" ဟု အသံခပ်တိုးတိုးဖြင့် သူ့လက်ခုပ်တွင်မှ ဆန်ကိုပြ၍ ကြက်မကြီးကို ခေါ်၏။

ကံဆိုးသော ကြက်မကြီးကား အားလုံး ချစ်မြတ်နိုးခြင်းကို ခံယူထားရသော ကြက်မပီပီ၊ လူယဉ်နေပြီ ဖြစ်၍ တစ်စုံတစ်ရာ ကြောက်လန့်ခြင်းမရှိဘဲ တောင်ကျော်အနီးသို့ ကပ်လာကာ တောင်ကျော်၏ လက်ခုပ်တွင်းမှ ဆန်များကို ကောက်စားနေ၏။

သန္နိဋ္ဌာန်ချမိလျှင် ရှေ့နောက် မမြော်၊ သနားကရုဏာလည်း ပေါ်ရိုးထုံးစံမရှိသော တောင်ကျော်သည် ကြက်မကြီး၏ ခြေနှစ်ချောင်းကို ရုတ်တရက် သိမ်းကျုံးဆုပ်ကိုင်လိုက်ကာ၊ လက်ကို အရှိန်နှင့် တအားလွှဲလိုက်ပြီးနောက် အနီးရှိ "မဒမ" တိုင်နှင့် ကိုင်ရိုက်တော့၏။

ကြက်မကြီးကား "ကီး ... ကီး ... ကီး"ဟု နာကျင်စွာ အော်ရင်း အကူအညီခေါ်နေ၏။ အနီးရှိ ကြက်ဖ၊ ကြက်မများကလည်း" ကတော် ... ကတော်" ဟု အသံကုန် ဝိုင်းအော်ပေးနေ၏။

ကြက်ဖကြီး တစ်ကောင်ကမူ တောင်ကျော်အနီးသို့ လျင်မြန်သော အဟုန်ဖြင့် ပြေးလာပြီးနောက် တောင်ကျော်အား ခုန်၍ ခွပ်လိုက်၏။ တောင်ကျော်က ထိုကြက်ဖကြီးကို တအားပိတ်ကန်လိုက်ပြီးနောက် သူ့လက်တွင်းမှ ကြက်မကြီးကိုသာ မသေမချင်း ကိုင်ရိုက်နေ၏။ ပတ်ဝန်းကျင်ကား ကမ္ဘာပျက်သလို ဆူညံနေပေပြီ .... ။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

## (၂)

ကမ္ဘာပျက်သလို ဆူညံနေသော အသံများက တောင်ကျော်၏ မိခင်နှင့် ဖခင်အား အင်းတဲရှေ့သို့ ခေးဆောင်လိုက်၏။ ကြက်မကြီးကို ရိုက်သတ်နေသော တောင်ကျော်အား မြင်လိုက်ရသောအခါ တောင်ကျော်၏ မိခင်သည် ရင်ဘတ်စည်တီး ပျာယီးပျာယာ ဟန်မူရာဖြင့် အသံကုန် ဟစ်အော်တော့၏။

"ဟဲ့ ... ဟဲ့ ... ကြည့်စမ်း ... ကြည့်စမ်း၊ ဘာဖြစ်လို့ ဒီကြက်မကြီးကို ရိုက်သတ်နေရတာလဲ ... ဟင်"

သူ၏ အသံကား ဒေါသကြောင့် တုန်နေ၏။ စကားလုံးများမှာလည်း ဒေါသကြောင့် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ၏။ သို့သော် သူကား နောက်ကျခဲ့လေပြီ။

သူ လှမ်းပြောလိုက်သည့် အချိန်၌ ကြက်မကြီးမှာ စင်းစင်းသေပြီဖြစ်၍၊ တောင်ကျော်က မြေကြီးပေါ်သို့ လွှတ်ချလိုက်သည့်အချိန် ဖြစ်နေ၏။

"ကျွန်တော်က စေတနာနဲ့ အစာကျွေးတာကို ကောင်းကောင်းမစားဘဲ ကျွန်တော့်လက်ကို လိုက်ဆိတ်တယ်။ ဒါကြောင့်မို့ ရိုက်သတ်ပစ်လိုက်တယ်"

တောင်ကျော်ကမူ မှုန်ကုပ်ကုပ် မျက်နှာထားနှင့် မှသားပြောကြား လိုက်၏။ သူ မျှော်လင့်ထားသည့် အတိုင်း သူ့မိခင် ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်နေသည်ကို မြင်ရ၍လည်း သူ့ဝမ်းထဲ၌ ကျေနပ်နေ၏။ သူ

ကျူးလွန်ထားသော ပြစ်မှုအတွက် ကြောက်ရွံ့နေသည့် အရိပ်အယောင်ကလေး များကိုတော့ အနည်းငယ်မျှ ဖော်မပြပါ။ ဒါမှသာ သူ့မိခင်သည် ပို၍ ပို၍ စိတ်ဆိုးလာပြီး တိုးလို့ တိုးလို့သာ ဒေါသကြီးလာပေမည်။

"သေမင်းငင်လေး မြန်မြန်လာခဲ့၊ နင့်အသားကို ဒီနေ့တော့ ဝါးစားမယ်"

သူက အင်္ကျီလက်ကို မာန်ပါပါ ပင့်တင်ရင်း အံကြိတ်၍ ပြောလိုက်၏။ တောင်ကျော်ကလည်း ပမာမခန့် အမူအရာဖြင့် သူ့မိခင်အနီးသို့ ဣန္ဒြေရရ ချဉ်းကပ်သွား၏။ လက်လှမ်းမီသည်နှင့် တစ်ပြိုင်နက် သူသည် တောင်ကျော် လက်ကို ဆောင့်ဆွဲလိုက်ပြီးနောက် ငယ်ထိပ်ကို တဒေါင်ဒေါင်ပင် တီး ခေါက်တော့၏။

ခေါင်းခေါက်ရုံဖြင့် အားမရ၍ တောင်ကျော်၏ ကျောပြင်ကို သူက လက်နှစ်ဖက်ဖြင့် စုံထုရင်း -

"သေမင်းငင်လေး" "ဖုံး ... ဖုံး ..." "ကာနာလေး" "ဖုန်း ... ဖုန်း ..." "သေမင်း လက်မခံလေး" "ဖုန်း... ဖုန်း..." စသည်ဖြင့် ဆဲသံနှင့် ထုသံများမှာ အတိုင်အဖောက်ညီစွာ သံစုံထွက်ပေါ်လာ၏။

တောင်ကျော်ကား သူ့မိခင် ပို၍ ဒေါသထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် တစ်ချက်မျှ မအော်မဟစ် မငိုမကြွေးဘဲ တောင့်၍ ခံ၏။ သူ့ဖခင်ကပင် သူ့အား သနားလာဟန်ဖြင့် "မင်းကလဲကွာ၊ ကလေးကို ဒါလောက်ရိုက်ရ တော်ရောပေါ့၊ မင်းကြက်မကြီးမျိုးကို ငါ အစားပြန်ရှာပေးပါ့မယ်" ဟု ဝင်ပြောလိုက်၏။ သို့သော် သူ့ဖခင် ဝင်ပြောသည့်အခါမှ ပို၍ဆိုးလာသည်မှာ သူ့မိခင်၏ ဝါသနာ ဖြစ်ပါသည်။

သူသည် ကျားဟိန်းသလို အသံမျိုးဖြင့် "တော် တစ်ခွန်းမှ ဝင်မပြောနဲ့" ဟု ဟိန်းလိုက်ပြီးနောက် စောစောကထက် ပြင်းထန်စွာ ထုနက်နေသည်။

သူသည် မောသွား၍ လက်များ နာကျင်လာမှ ရပ်နားလိုက်၏။ သို့သော် တောင်ကျော်က မဖြုံသလို ဣန္ဒြေမပျက် ရှိနေ၏။ အကယ်၍ တောင်ကျော်သာ ငိုလျှင် သူမ၏ စိတ်သည် ပြေသွားမည်ဖြစ်၏။ ယခုတော့ ငိုလည်းမငို၊ အော်လည်း မအော်။ ဒါကို သူက အခဲမကျေသလို စေ့ထားသော သွားကြားထဲမှ အတင်းတိုးထွက်လာရသော လေသံမျိုးဖြင့် -

"ကာလနာလေး ... ရိုက်တဲ့လူက လက်နာလို့ ရပ်ထားလိုက်ရတယ်။ သူကတော့ ဖြုံတောင် မဖြုံဘူး။ ဒီလောက် မာတဲ့ အသားမျိုးကို တစ်ခါမှ တွေ့ဖူးပေါင်တော်။ အံ့ရော ... အံ့ရော ..."

သူသည် နှုတ်ခမ်းကို မဲ့ရွဲ့၍ ပြောနေရာမှ ရုတ်တရက် တစ်စုံတစ်ခုကို သတိရသလို မျက်နှာအမူအရာ ပြောင်းသွားပြီးနောက် "ဟင် ... ဒီ မသေခင်ကတည်းက သရဲဖြစ်နေတဲ့ မသာကလေးကို အိမ်မှာ ထားလို့တော့ မဖြစ်ပါဘူး၊ ဘုန်းကြီးကျောင်း ပို့လိုက်တာပဲ အေးပါတယ်။ အိမ်မှာ ထားရင်တော့ ရှိသမျှ ပစ္စည်းကုန်မှာပဲ။ ဟို တမြန်နေ့ကလည်း နတ်ကိုးထားတဲ့ အုန်းသီးကို ခိုးစားတယ်တဲ့တော်။ ဒီလို ကလေးမျိုး မြန်မာနိုင်ငံတော်မှာ တွေ့ဖူးကြ သေးရဲ့လား" ဟု လေရှည်ကြီးဆွဲ၍ မြည်တွန်နေ၏။

စောစောက မျက်နှာထား မှုန်ကုပ်ကုပ်ဖြင့် မတုန်မလှုပ်ရှိနေသော တောင်ကျော်သည် မျက်ရည်များ အဟုတ်တကယ် စီးကျလာအောင်ပင် ရှိုက်ကြီးတငင် ငိုကြွေးရင်း "ဟင့်အင်းဗျ.. ကျွန်တော် ဘုန်းကြီးကျောင်း မနေချင်ဘူးဗျ၊ ဘုန်းကြီးကို ကြောက်တယ်ဗျ" ဟု ငိုရှိုက်သံမျိုးဖြင့် တစ်လုံးချင်း ပြောလိုက်၏။ သူကား မျက်ရည်ကို မထုတ်လိုသော အခါ၌ မည်သူ မည်မျှ နှိပ်စက်စေကာမူ တစ်ပေါက်မျှ ကျမလာအောင် တတ်စွမ်းနိုင်၍၊ သူ အလိုရှိသည့် အခါ၌မူ အခက်အခဲ မရှိဘဲ အလွယ်တကူ ထွက်လာအောင် ထုတ်ယူနိုင်သူဖြစ်၏။

"ဟုတ်သားပဲကွာ၊ ကောင်လေး မနေချင်တဲ့ ကျောင်းကို ပို့မနေပါနဲ့။ ကောင်လေးကို ကျောင်းအပ်ဖို့ ကအသက်ငယ်ပါသေးတယ်"

သူ့ဖခင်က ကြားမှ ဝင်ပြောလိုက်၏။ သည်လို သူ့ဖခင်ကြားမှ ဝင်ပြောအောင်လည်း တောင်ကျော်က မငိုချင်ဘဲနှင့် သဏ္ဍာန်လုပ် သရုပ်နှင့်တူအောင် အဟုတ်တကယ် ငိုပြနေရခြင်းဖြစ်၏။ ဒါမှလည်း သူ့ကိုမုန်း၍၊ သူ့ဖခင်၏ အလိုကို အမြဲတမ်း ဆန့်ကျင်ဘက်ပြုရမှ ကျေနပ်လေ့ရှိသော သူ့မခင်သည် သူတို့နှစ်ဦး၏ အလိုကို ဆန့်ကျင်၍ ဘုန်းကြီးကျောင်းသို့ သူ့အား အရောက်ပို့ပေမည် မဟုတ်လား။

ဟော ... သူ့မိခင်၏ မျက်နှာကို ကြည့်လိုက်ပါဦး။ ယခုမှ နိုင်ပေါက်တွေ့သည်ဟူသော သဘောမျိုးဖြင့် ခပ်ပြုံးပြုံး ဖြစ်လာပြီးနောက်၊ တစ်ထစ်ချ ဆုံးဖြတ်ထားသော မျက်နှာထားမျိုးဖြင့် အမိန့်ချမှတ် လိုက်၏။

"ဟန်ကျတာပဲ၊ အခုမှ နိုင်ပေါက်တွေ့တယ်။ စာတတ်တာ မတတ်တာ အပထားပြီး၊ နားအေးအောင် ဘုန်းကြီးကျောင်း ပို့ပစ်ရမယ်။ ဒါကြောင့် နက်ဖြန်ကို ဘုန်းကြီးကျောင်း သွားဖို့သာ ပြင်ထားပေတော့"

တောင်ကျော်ကား စိတ်ထဲ၌ ထခုန်ချင်လောက် အောင်ပင် ဝမ်းမြောက်သွားသော်လည်း အပြင်သို့ အစွန်းအစကလေးမျှ ထွက်ပေါ်မလာရအောင် ကြိုးစား၍ ဖုံးဖိထားလိုက်ရကာ၊ မည်သို့မျှ မတတ်နိုင်သလို ညှိုးငယ်သော မျက်နှာသေ ကလေးဖြင့်သာ လှုကွယ်ရာသို့ ထလာခဲ့၏။ လှုကွယ်ရာသို့ ရောက်သောခါတွင်မူကား မျိုသိပ်ချုပ်တည်း ထားရသော ဝမ်းသာလုံးကို ဖွင့်ထုတ်လိုက်ကာ၊ မြေကြီးပေါ်သို့ လှဲချလိုက်ပြီးနောက် လူးလိမ့်ရင်း အားရပါးရ ရယ်မောနေတော့၏။

"တိတ်ပါ လူလေးရယ်၊ လူကလေး မနေချင်တဲ့ ကျောင်းကို မနေရအောင် အဖေ အစွမ်းကုန် ကြိုးစားပေးပါ့မယ်"

သည်အသံကို သူ့နောက်နားဆီမှ ကြားလိုက်ရ၍ သူ လှည့်ကြည့်လိုက်ရာ၊ သူ့အား ကြင်နာစွာ ကြည့်နေသော သူ့အဖေကို တွေ့ရသဖြင့် ပို၍ပင် ရယ်ချင်လာသောကြောင့် ထပ်လောင်း၍ ရယ်မိပြန်၏။

"ဟာ ... ငါ့လခွေး၊ လက်စသတ်တော့ မင်းက ရယ်နေတာကိုး၊ ငါက စိတ်ညစ်ပြီး ငိုများ နေမလားလို့။ အနို့ဘာဖြစ်လို့ ရယ်နေရတာလဲကွ"

"ဝမ်းသာလွန်းလို့ ရယ်နေတာပေါ့ အဖေရ၊ ဘုန်းကြီးကျောင်းကို ပို့မယ်ဆိုလို့ ဝမ်းသာလွန်းလို့ပေါ့။ ဘုန်းကြီးကျောင်းမှာဆိုရင် ကျောင်းသားအဖော်နဲ့ ကစားရမှာဗျ၊ သိပ်ပျော်ဖို့ ကောင်းမှာပဲ"

"ဟင် ... အခုနတော့ မင်းက ဘုန်းကြီးကျောင်း မနေချင်ဘူးဆို"

"ဟာ ... ဒါကတော့ အစ်မအကြောင်း အဖေလည်း သိသားနဲ့။ ကျွန်တော်တို့က တောင်ဆိုရင် သူက မြောက်၊ ကျွန်တော်တို့က ဟုတ်တယ်ဆိုရင် သူက မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်က ကျောင်းမနေဘူးဆိုရင် သူက ကျောင်းကို ပို့ဖြစ်အောင် ပို့မှာမို့ ပြောင်းပြန် ပြန်ပြီး ပြောရတာပါ"

"ဟေ ... အတော်လာတဲ့ ငါ့သားပါလား၊ ငါ့ထက်တောင် လာဦးမယ့် လူပဲ။ အေးလေ ... မင်းနေချင် လို့ဆိုလည်း ကောင်းတာပေါ့ကွာ။ ဒီနှစ် အင်းက ရှုံးလိမ့်မယ်ကွ၊ မင်း ဘုန်းကြီးကျောင်းသွား နေလို့ စားတဲ့ ပါးစပ်ပေါက် တစ်ပေါက် လျော့သွားတယ်ဆိုရင် နည်းမှတ်လို့လား"

ဤသို့ဖြင့် တောင်ကျော် ဘုန်းကြီးကျောင်းနေဖို့ကား သေချာသွားပေပြီ။ သို့သော် စာတတ် ပေတတ် ဖြစ်အောင် ဟူသော ရည်ရွယ်ချက်ဖြင့် မဟုတ်ကြ။ တောင်ကျော်၏ မိခင်က နားအေးအောင် ဘုန်းကြီးကျောင်း ပို့ချင်သည်။ တောင်ကျော်ကမူ ကစားဖော်များနှင့် ဆော့လို၍ ဘုန်းကြီးကျောင်း နေချင်သည်။ တောင်ကျော်၏ ဖခင်ကတော့ အင်းရှုံးမှာမို့ စားမည့်ပါးစပ်တစ်ပေါက်

လျော့သွားစေရန် ဘုန်းကြီးကျောင်း သွားနေစေချင်သည်။ မည်သို့ပင်ဖြစ်စေ နက်ဖြန်ဆိုလျှင် ဘုန်းကြီးကျောင်း သွားနေစေချင်သည်။ မည်သို့ပင်ဖြစ်စေ နက်ဖြန်ဆိုလျှင် သူသည် ဘုန်းကြီးကျောင်းသားတစ်ယောက် ဖြစ်ရတော့မှာပါတကား။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

(၃)

နောက်တစ်နေ့ နံနက်တွင် တောင်ကျော်အား ကျောင်းအပ်ရန် တောင်ကျော်၏ မိခင် မအေးတင်က ကျောင်းသို့ လိုက်ပို့၏။ သူ၏ ခေါင်းပေါ်တွင် လင်ပန်း တစ်ချပ်ကို ရွက်လာ၍ ထိုလင်ပန်းထဲတွင် ဆန်တစ်စိတ်၊ ကွမ်းသီး အစိတ်သား၊ လက်ဖက်ခြောက် အစိတ်သား၊ ငါးခြောက်ကောင်းကောင်း အကောင်ကြီး ဆားပေါ့ ငါးရံ့ခြောက် တပိဿာခန့် ပါလာ၏။ ထိုပစ္စည်းစုများကား ကျောင်းအပ်မည့် တောင်ကျော်အတွက် ဘုန်းကြီးအား ကန်တော့ရန်၊ သို့မဟုတ် လှူဒါန်းရန် ယူဆောင်လာသော ပစ္စည်းဝတ္ထုများ ဖြစ်သည်။

တောင်ကျော်ကတော့ သူ၏ ခေါင်းအုံးကလေး၊ စောင်ကလေးနှင့် လုံချည် အင်္ကျီကလေးများကို ထည့်လိပ်ထားသော ဖျာလိပ်ကိုထမ်း၍ သူ့မိခင်၏ နောက်ပါးမှ လျှောက်လိုက်နေသည်။ ဤသို့ အိပ်ရာလိပ် နှင့် လုံချည် အင်္ကျီကလေးများပါ ယူဆောင်လာရခြင်းမှာ သူ့အား ကျောင်းအိပ် ကျောင်းစား အဖြစ် တစ်ခါတည်း အပ်နှံထားခဲ့မည့်အတွက် ဖြစ်သည်။ သူတို့ အင်းတဲနှင့် ရွာမှာ တစ်မိုင်ခန့် ဝေး၍ ဘုန်းကြီးကျောင်းနှင့်လည်း တစ်မိုင်ခန့်ပင် ဝေးသဖြင့် ကျောင်းအိပ် ကျောင်းစား အပ်နှံထားရခြင်းဖြစ်သည်။

တောင်ကျော်ကား သူနေချင်လှသော ဘုန်းကြီးကျောင်း၌ နေရတော့မည် ဖြစ်သဖြင့် ဝမ်းသာရွှင်မြူး၍ နေသော်လည်း၊ သူ့အဖေ ကိုသာခင်နှင့် ခွဲခွာခဲ့ရသည့် အတွက်မူ ဝမ်းနည်းနေ၏။

သူ့အဖေ ကိုသာခင်မှာ သူ့ကို အတော်ချစ်၏။ မိန်းကလေး တစ်ဦးမျှ မပါသော ရင်သွေးငါးဦး ရှိသည့် အနက် အကြီးဆုံးဖြစ်သော သူ့ကိုသာ ပိုချစ်၏။ သွားရာကို ခေါ်၏။ အရက်ဆိုင်သွားလည်း သူပါ၏။ ကြက်တိုက်ပွဲသွားလည်း သူ့ကိုခေါ်သွား၏။ နွားမောင်းပွဲသွားလည်း သူ့ကို ခေါ်သွား၏။ အပြန် သူ့မိခင်၏ အဆူအပူကို ခံရသည့်အခါ၌လည်း သူတို့နှစ်ဦးစလုံး အတူတူ အဆူခံရ၏။

ထို့ကြောင့်ပင် သူတို့နှစ်ဦးမှာ တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်ကာ သူငယ်ချင်း သားအဖ ဖြစ်နေတော့သည်။ ယခု ဤဖခင်နှင့် သူ ခွဲခွာခဲ့ရလေပြီ။ သို့သော် ဤအတွက် ကိစ္စမရှိပါ။ ဘုန်းကြီးကျောင်းမှာ အဖိတ်နေ့တွင် နေ့တစ်ဝက် ပိတ်၍ ဥပုသ်နေ့တွင် တစ်နေ့လုံး ပိတ်သည် မဟုတ်လား။ ဤရက်အား နေ့များတွင် သူသည် သူ့ဖခင်ထံသို့ အလည်အပတ် သွားရောက်နိုင်ပေမည်။

"ဟဲ့ ကောင်လေး၊ ကျောင်းမှာ သေသေဝပ်ဝပ်နေနော်၊ အိမ်မှာလို မကမြင်းနဲ့။ မဟုတ်ရင် ဘုန်းကြီးက နင့်ကို အသေရိုက်သတ်မှာ။ နင် မကြောက်ဘူးလား"

သူ့မိခင်က သူ့အတွက် စိတ်မချသလို သတိပေး သွန်သင်လိုက်ပြီးနောက် မေးခွန်းကိုပါ အပိုထုတ် လိုက်၏။ သူကလည်း သေသေဝပ်ဝပ် နေပါ့မည်၊ ဘုန်းကြီးကိုလည်း ကြောက်ပါသည်ဟူသော သဘော မျိုးဖြင့် ခေါင်းညိတ် အဖြေပေးလိုက်၏။ အမှန်စင်စစ်ကတော့ သေသေဝပ်ဝပ် နေမည် မဟုတ်ပါ။ နင်းကန်ပြီး ဆော့ပစ်လိုက်ပါမည်။ ဘုန်းကြီး အရိုက်ခံရမှာကိုလည်း သူ မကြောက်ပါ။ လူ့ဘဝသို့ ရောက်ရှိ လာသည့် အချိန်ကစ၍ အထုအရိုက် အဆဲအဆိုများ ကြား၌သာ ကြီးပြင်းလာခဲ့ ရသော သူက အရိုက်ခံရခြင်းကို ကြောက်စရာကောင်းသည်ဟု မထင်မှတ်နိုင်ပါ။

"နောက်ပြီး ကျောင်းသားတွေနဲ့ အတူ ထမင်းဝိုင်းစားတဲ့ အခါမှာ လက်နေးမနေနဲ့နော်၊ လက်နေးရင် နင် ငတ်နေလိမ့်မယ်။ ဘုန်းကြီးကျောင်းသား ဆိုတာ ဘာမဆို လက်မြန် ခြေမြန် ရှိရတယ်"

"အို ... အဲဒီအတွက်တော့ အစ်မ ဘာမှမပူနဲ့၊ ကျွန်တော့် အကြောင်းကိုလည်း အစ်မ သိသားမဟုတ်လား၊ ကျွန်တော် လက်မြန်တဲ့နေရာမှာ လေယာဉ်ပျံကတောင် အဖေခေါ်ရတဲ့ လူဗျ။ လက်မြန်လွန်း အားကြီးလို့ ခက်နေ သေးတယ်"

တောင်ကျော်က သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာ ပြောဆိုလိုက်၏။ မှန်သည်။ သူကား လက်မြန်ရာ၌ ဝီခေါ်နေအောင် မြန်သည်။ သစ်ပင်ပေါ်တွင် နားနေသော ငှက်ကလေးများအား ထ၍ မပျံနိုင်မီ အတွင်း သားရေခွနှင့် ထိမှန်အောင် ပစ်ခတ်နိုင်သည်အထိ သူ့လက်သည် မြန်သည်။ သူတို့ အင်းချောင်းထဲ ရှိအောင် ပစ်ခတ်နိုင်သည်အထိ သူ့လက်သည် မြန်သည်။ သူတို့ အင်းချောင်းထဲရှိ ရေမျက်နှာပြင်ပေါ်တွင် စင်းနေသော ငါးရံ့ကြီးများအား သူ့အရိပ်ကို မြင်၍ ရေအောက်သို့ ငုပ်လျှိုး ပျောက်ကွယ် မသွားနိုင်မီ အတွင်း မှိန်းတစ်လက်နှင့် ထိအောင် မိအောင် ထိုးနိုင်သည်အထိ သူ့လက် မြန်သည်။ ကလေး အချင်းချင်း ရန်ဖြစ်ရာ၌လည်း သူကသာ အလျင်ဦးအောင် တစ်ဖက် သား၏ ခေါင်းကို ရိုက်ခွဲနိုင်သည်အထိ သူ့လက်သည် မြန်သည်။ ဤသို့ အစစအရာရာ၌ လက်မြန် ခြေမြန် ရှိလှသော သူ့အား ဘာမဟုတ်သည့် ဘုန်းကြီးကျောင်း ထမင်းဝိုင်းကျခါမှ လက်နေးမနေရန် သွန်သင်ဖို့ လိုအပ်ပါ သလော၊ တောင်ကျော်က မလိုအပ်ဟု ထင်သည်။

တဖြည်းဖြည်းနှင့် သူတို့ သားအမိသည် သူတို့အင်းတဲနှင့် တစ်မိုင်ခန့် ဝေးသော ရွာတွင်းသို့ ဝင်ရောက်လာပေပြီ။ ရွာသူ ရွာသားများက သူတို့ သားအမိ၏ ထူးခြားသော ဟန်အမူအရာကို စူးစမ်း ကြည့်ရှုကြပြီးနောက် - "တောင် ကျော်ကို ကျောင်းအပ်တော့မလို့လား" ဟု သူ့မိခင်ကို ဝိုင်းမေးကြ၏။

သူ့မိခင်က ဟုတ်ကြောင်း အဖြေပေးလိုက်သည်နှင့် တစ်ပြိုင်နက် "ကောင်းတယ် .. ကောင်းတယ်၊ ဒါမှ ဒီကောင်လေး ခြေငြိမ်မယ်" ဟူ၍ လည်းကောင်း၊ "တောင်ကျော်နဲ့ ဘုန်းကြီးနဲ့တော့ တွေ့ကြ တော့မှာပဲဟေ့" ဟူ၍ လည်းကောင်း ထင်မြင်ချက် အမျိုးမျိုး ဝိုင်းမေးနေကြကာ၊ အချို့ကလည်း "အင်း ... တောင်ကျော် ရွာထဲ ပြန်ရောက်လာရင်ဖြင့် တို့စိုက်ပျိုးထားတဲ့ သီးပင်တွေက အသီးအနှံတွေ အစပျောက်တာ မြင်ကြရဦးမှာပဲ" ဟု ကြိုတင်တွေးခေါ် ပူပန်ကာ ညည်းညူနေလိုက်ကြ၏။

သူတို့ ညည်းညူမည် ဆိုလျှင်လည်း ညည်းညူစရာပင် ဖြစ်ကြောင်း တောင်ကျော်က ဝန်ခံပါ၏။ သူတို့ စိုက်ပျိုးထားသော သီးပင်များထက်မှ အသီးအနှံများကို ပိုင်ရှင်များ မဆွတ်ခူးမီပင် တောင်ကျော်က အလျင်ဦးအောင် အစပျောက် ဆွတ်ခူးလိုက်တတ်သည် ဖြစ်၍၊ တောင်ကျော် ဤရွာမှ ဘုန်းကြီး ကျောင်းသို့ ရောက်ရှိလာခြင်းသည် သူတို့အဖို့ မကောင်းသော နိမိတ် ဖြစ်နေတော့သည်။

အကယ်၍ သူတို့သည် သူတို့၏ သီးပင်ထက်မှ အသီးအနှံများကို ညဥ့်သုံးယံတွင် တစ်ယံမှ မအိပ်စက်ဘဲ စောင့်ရှောက်နိုင်မည် မှန်သော်လည်း၊ အနည်းငယ်ကလေးမျှ အိပ်စက်မိသည်နှင့် တစ်ပြိုင်နက် တောင်ကျော်ကလည်း အစပျောက် ဆွတ်ခူးသွားတတ်ပါသည်။ ဒါကြောင့်မို့ပင် တစ်ရွာလုံး တောင်ကျော် တောင်ကျော်နှင့် ဟိုးလေးတကျော် ဖြစ်နေသည် မဟုတ်လား။

ရွာလမ်းအတိုင်း လျှောက်ခဲ့၍ ရွာဆုံးသောအခါ ရွာထိပ်ရှိ ဘုန်းကြီးကျောင်း ပရိဝုဏ်အတွင်းသို့ ဝင်ရောက်စ ပြုတော့၏။ ဘုန်းကြီးကျောင်း ပရိဝုဏ်ကား လွန်စွာပင် ကျယ်ဝန်းပြန့်ပြူးလှပါ၏။ ပရိဝုဏ်အတွင်း အုတ်တိုက် ကျောင်း နှစ်ကျောင်းနှင့် သစ်ကျောင်းတစ်ဆောင်သည် တန်းလျက် တည်ရှိနေ၏။ ထိုကျောင်း သုံးကျောင်းရှေ့ မနီးမဝေးတွင်လည်း မြေစိုက်စေတီ သုံးဆူသည် ယှဥ်လျက်ပင် တည်ရှိနေ၏။ ထိုစေတီ သုံးဆူရှေ့ကမှ ဇရပ်သုံးဆောင်ကို

ချောင်းနှင့် ကပ်၍ ဆောက်လုပ်ထားသည်။ ထိုမှုမက ဓမ္မာရုံတစ်ဆောင်နှင့် တန်ဆောင်း တစ်ဆောင်ကလည်း ဤ ကျောင်းပရိဝုဏ် အတွင်း၌ပင် ရှိနေသေးသည်။ သရက်၊ မရမ်း၊ သြဇာ၊ မာလကာ၊ ပိန္နဲ စသော သီးပင်များနှင့် သော်က၊ စံပယ်၊ ဇလပ်၊ ဆောင်တော်ကူး စသော ပန်းပင်များကလည်း ပေါများလှ သည်။ ကျောင်းနောက်တွင် တစ်ရွာလုံး သုံးသော ရေကန်တစ်ကန်လည်း ရှိနေသေးသည်။ ခြုံ၍ ကြည့်လျှင် အတော်ပင် သာယာခမ်းနား၍ နေချင်စဖွယ် ရှိလှသော ကျောင်းတော် ဝိဟာရပင် ဖြစ်ပေသည်တကား။

တောင်ကျော်က သူ နေရမည့် ကျောင်းကို သူ ကျေနပ်နေ၏။ ဤကျောင်းမှာသာ နေရလျှင် တစ်သက်လုံးနေရလည်း သူ နေနိုင်မည်ဟု ယုံကြည်ထား၏။

ကြည့်စမ်းပါလေ၊ ဟောဒီ ဇရပ်ပေါ်ကနေပြီး ဇရပ်နောက်က ချောင်းရေထဲကို ဒိုင်ဗင် ထိုးချရရင် ဘယ်လောက်ပျော်စရာ ကောင်းလိုက်မလဲ။ ပြီးတော့လည်း ဟောဟို ဓမ္မာရုံခေါင်မိုးမှာ အသိုက်လုပ်ပြီး ဥနေတဲ့ စာဥကလေး တွေကို တက်ပြီး နှိုက်စားလိုက်ရရင်တော့ ဇိမ်ပဲပေါ့။ သြဇာ၊ မာလကာသီး များကို ဘုန်းကြီးအလစ်မှာ ခိုးစားရရင်ဖြင့် အကြောပေါင်းတစ်ထောင်ကို စိမ့်သွားမှာ။ ဟောဟို ရေမြောင်းထဲက စားဖားကြီးတွေကို ဘုန်းကြီးမသိအောင် ညဘက်မှာ မီးအုပ်နဲ့ ထွက်ရိုက်ပြီး ချက်စားလိုက်ရရင် လောကကြီးကို အမေ့ပေါ့။ သရက်ပင်တွေပေါ်မှာ အသိုက်လုပ်ပြီး နေကြတဲ့ ဖျိုင်းတွေကိုသာ လေးခွနဲ့ တိတ်တိတ် ခိုးပစ်လိုက်ရရင်ကော ပျော်စရာမကောင်းလား။ တောင်ကျော်အဖို့ မြင်မြင်သမျှ အရာသည် ပျော်စရာချည်း ဖြစ်နေသည်။ သူ့မိခင်၏ နောက်ပါးမှ ဟိုကြည့်သည်ကြည့်နှင့် လျှောက်လိုက်သွားရင်းပင် ကျောင်းဆောင်ကြီးပေါ်သို့ ရောက်ရှိသွားကြ တော့၏။

~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~

## (၄)

ဘုန်းတော်ကြီးကား သင်ဖျာတစ်ချပ်ပေါ်တွင် ရင်ဘက်အောက်မှ ခေါင်းအုံးတစ်လုံး ခံ၍ အလျားမှောက် စာကြည့်နေ၏။ တောင်ကျော်တို့ သားအမိက ဘုန်းတော်ကြီးရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ကလေးထိုင်ကာ ကန်တော့ ကြသည့် အခါတွင်မှ ဘုန်းတော်ကြီးသည် တောင်ကျော် တို့သားအမိကို မော်ကြည့် လိုက်၏။ နောက် ကြည့်လက်စ စာအုပ်ကို ပိတ်လိုက်၍ အလျားမှောက် နေရာမှ ထထိုင်လိုက်ပြီးနောက် မသေမသပ်ဖြစ်နေသော "ကေသီ" ခေါ် ကိုယ်ရုံကိုပြင်၍ ဝတ်ရုံလိုက်၏။ မိခင် မအေးတင်အား လှမ်းကြည့် လိုက်ပြန်ကား "တောင်ကျော်ကို ကျောင်းအပ်တော့ မလို့လား" ဟု မေးလိုက်၏။ မအေးတင်ကား ခေါင်းကို အောက်သို့ငုံ့၍ ခစားနေရာမှ ဘုန်းတော်ကြီးအား မဝံ့မရဲ မော်ဖူးလိုက်ကာ "မှန်ပါ့ဘုရား"ဟု အဖြေပေးလိုက်၏။

"ဒီကောင် အသက်မငယ်တော့ပါ ကလားဟ၊ ကျောင်းအပ်တာက တယ်နောက်ကျသကိုး၊ ဟကောင် ... နင့်အသက် ဘယ်လောက်ရှိပြီလဲ" တောင်ကျော်သည် မှန်ဗီရိုအတွင်း၌ သပ်ရပ်စွာ စီတန်းထားသော ဣန္ဒြေကြီး၍ သိက္ခာရင့်လှသည့် ရွှေစာလုံးနှိပ် သားရေဖုံး စာအုပ်ကြီးများကို စိတ်နလုံး ချောက်ချားစွာဖြင့် တအံ့တသြ ကြည့်ရှု နေခိုက်၊ ဘုန်းတော်ကြီး၏ မေးခွန်းကို ကြားလိုက်ရသဖြင့် "မသိဘူး" ဟု အဖြေပေးလိုက်၏။

"ဘာမသိဘူးလဲ၊ မသိလို့ရှိရင် "မလျှောက်တတ်ဘူး ဘုရား" လို့ ပြန်ဖြေရတယ်။ ပြန်ပြောစမ်း"

ဘုန်းတော်ကြီး၏ အသံမှာ ဒေါသသံ ပါသွားသဖြင့် မအေးတင်မှာ ဘုန်းတော်ကြီး စိတ်ဆိုးသွားပြီကောဟု တွေးတော စိုးရိမ်ကာ၊ တောင်ကျော်အား "မလျှောက်တတ်ဘူး ဘုရား" ဟု ခပ်မြန်မြန် အဖြေ ပေးလိုက်ရန် တိုက်တွန်း ပေး၏။

"ကျွန်တော် လျှောက်တတ်သားပဲဗျ၊ လျှောက်တင်ရုံမကဘူး၊ ဒုန်းတောင် ပြေးနိုင်သေးတယ်"

တောင်ကျော်က အမိပ္ပာယ် တလွဲတွေးကာ လွဲမှားစွာ အဖြေပေးနေပါ သဖြင့် ဘုန်းတော်ကြီးက စိတ်မရှည်နိုင်တော့သည့်အလား -

"တယ် ဒီကောင်၊ ငါ ထရိုက်ရ ကော့နေပြန်တော့မယ်၊ ဒီနေရာမှာ "လျှောက်" ဆိုတာ လမ်းလျှောက်တဲ့ လျှောက်ကို ဆိုတာ မဟုတ်ဘူးဟ၊ စာရေးတဲ့ အခါမှာ "လျှောက်ထားသည့်" လို့ ရေးရတဲ့ ကြိယာကို အသံထွက်ပြီး ဖတ်လိုက်တော့ "လျှောက်ထားသည့်" လို့ ဖတ်ရတဲ့ လျှောက်ကို ဆိုလိုတာဟ။ နားလည်ရဲ့လား" ဟု ခပ်ကြိမ်းကြိမ်း ပြောလိုက်၏။

သို့သော် တောင်ကျော်ကား ဘုန်းတော်ကြီး၏ လျှောက်ထားသည်တွေ၊ ကြိယာတွေကို တစ်ခုမျှ နားမလည်ပါ။ သူ့မိခင် မအေးတင်အား ဘုန်းတော်ကြီး ဘာကို ဆိုလိုတာလဲဟု မေးမြန်းလိုသော မျက်နှာထားမျိုးဖြင့် မော်ကြည့်နေ၏။ ဤတွင် မအေးတင်က ကြားဝင်၍ လျှောက်ထားရ၏။

"တောင်ကျော်က ဘုန်းကြီးများနဲ့ တစ်ခါမှ စကားပြောဖူးတာ မဟုတ်လို့ အမှားအယွင်းများပါရင် သည်းခံပါ ဘုရား။ အရှင်ဘုရား သိလိုတဲ့ တောင်ကျော်ရဲ့ အသက်ကို တပည့်တော်မလည်း အမှတ် မထားမိလို့ မသိပါဘုရား"

"အေး ... ကောင်းကြရောပေါ့ကွာ၊ ကိုယ့်သားသမီးရဲ့ အသက်ကိုတောင် ကိုယ် မသိဘူးရယ်လို့။ ဟုတ်လဲ ဟုတ်တဲ့ လူတွေပဲ"

ဘုန်းတော်ကြီးက အပြစ်တင်လိုသော အသံဖြင့် ပြောဆိုလိုက်၏။ တစ်ဆက်တည်းပင် တောင်ကျော်အား စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်ကာ -

"ဒီအနားကို တိုး …" ဟု အမိန့် ထုတ်ဆင့်လိုက်သဖြင့် တောင်ကျော်မှာ ဘုန်းတော်ကြီး အနားသို့ တိုးကပ် သွားရ၏။

"တောင်ကျော် … တောင်ကျော်နဲ့ တယ်ပြီး နာမည်ကြီးနေပါကလားကွဟင်၊ မင်းကို ဘာဖြစ်လို့ တောင်ကျော်လို့ ခေါ်ကြတာလဲ"

သူ့ကို ဘာကြောင့် တောင်ကျော်ဟု မှည့်ခေါ်ကြမှန်း မသိသော တောင်ကျော်သည် ဘုန်းကြီး၏ အမေးကို မဖြေတတ်ဘဲ ငိုင်နေမိ၏။ မှန်ပါသည်။ "ဝေရက်" တောင်နှင့် "ဟိမဝန္တာ" တောင်အထိ ကျော်ကြားသောကြောင့် သူ့အား တောင်ကျော်ဟု မှည့်ခေါ်ကြခြင်း ဖြစ်သလားဆိုတာ တောင်ကျော်က စိတ်ချလက်ချ မပြောနိုင်ပါ။ ထို့ကြောင့် သူက "မသိဘူးဘုရား"ဟု ပြန်ကြားလိုက်ပြီးမှ စကားမှားသွားကြောင်း သိလိုက်ရ၍ "မလျှောက်တတ်ဘူး ဘုရား" ဟု ရုတ်တရက် ပြန်အုပ်လိုက်ရ၏။

"ရွာထဲမှာ တောင်ကျော် တောင်ကျော်နဲ့ ဟိုလေးတကျော်ကျော် ဖြစ်နေတာကို ထောက်လိုက်ရင် အင်မတန် ဆိုးသွမ်းလွန်းလို့သာ တောင်ကျော်လို့ မှည့်ခေါ်ကြတာလို့ ငါထင်တယ်။ တောင်ကျော် ဆိုတဲ့ အမည်ကြောင့် မင်းဆိုးသွမ်း ရတာ မဟုတ်ဘဲ မင်းရဲ့ ဆိုးသွမ်းတဲ့ အမူအကျင့်တွေကြောင့်သာ တောင်ကျော်ဆိုတဲ့ နာမည်ကို ရရှိလာခြင်းဖြစ်တယ်လို့ ဆိုလိုတယ်။ ဒီတော့ ရွာထဲမှာ မင်း ဘယ်လောက် ဆိုးလာခဲ့ပေမဲ့ ဒီကျောင်း ရောက်တာနဲ့ တစ်ပြိုင်နက် မင်းရဲ့ ဆိုးသွမ်းတဲ့ အမူအကျင့်တွေကိုတော့ အစပျောက် ပယ်ဖျောက်ရလိမ့်မကွ။ ဟောဒီမှာကြည့်စမ်း … ဒါ ဘာခေါ်သလဲ"

ဘုန်းတော်ကြီးသည် သူ၏ အနီး၌ အသင့်ရှိနေသော ကြိမ်လုံး သုံးချောင်းကို ကိုင်တွယ်ပြရင်း မေးလိုက်၏။ ကြိမ်လုံးတစ်ချောင်းမှာ နွားရိုက်

သော ကြိမ်လုံးမျိုးဖြစ်၍၊ တစ်ချောင်းကား ထားဝယ်ကြိမ် သုံးချောင်းပူး ဖွတ်မြီး ထိုးထားသော ကြိမ်ပင်ဖြစ်ကာ၊ ကျန်အခြားတစ်ချောင်းမှာ ရိုးရိုး ထားဝယ် ကြိမ်ပင်ဖြစ်သည်။

တောင်ကျော်သည် ကြိမ်လုံးများကို မထူးဆန်းသလို တစ်ချက်မျှ ကြည့်ပြီးနောက် "ကြိမ်လုံးလို့ ခေါ်ပါ တယ်ဘုရား" ဟု အဖြေပေးလိုက်၏။ ဤတွင် ဘုန်းတော်ကြီးသည် နွားရိုက်သော ကြိမ်လုံးတစ်ချောင်းတည်းကိုသာ သီးခြား ထုတ်ပြလိုက် ပြီးနောက် -

"ဟောဒီ ကြိမ်လုံးကိုတော့ "သေမင်းငင်" လို့ အမည်ပေးထားသကွ။ ဘယ့်နယ်လဲ၊ မကြောက်ဘူးလား ဟေ့"

သို့သော် တောင်ကျော်က အနည်းငယ်မျှ မကြောက်မိပါ။ နွားရိုက်သော ကြိမ်လုံးမှာ သူ့အမြင်တွင် ရိုးနေပြီဖြစ်၍၊ "သေမင်းငင်" ဟူသော အမည်မှာလည်း သူ့မိခင်၏ ကောင်းမှုတော်ကြောင့် နားရည်ဝပြီး ဖြစ်နေပါသည်။ ထိုကြောင့်ပင် သူက အနည်းငယ်ကလေးမျှ မကြောက်မိပါ။ သို့သော် သူသည် လိမ္မာပါးနပ်စွာ နှင့်ပင် "ကြောက်ပါတယ်ဘုရား" ဟု လိမ်၍ ပြောလိုက်၏။ ထို့နောက် ဘုန်းတော်ကြီးသည် ထားဝယ်ကြိမ် သုံးချောင်းပူး ဖွတ်မြီးထိုးထားသော ကြိမ်လုံးကို ယူပြလိုက်ပြန်ကာ "ဟောဒီ ကြိမ်လုံးကိုတော့ သချိုင်းမျက်စောင်းထိုး" လို့ခေါ်သကွ။ ကြောက်စရာ မကောင်းလားဟေ့"

တောင်ကျော်က ရေးနည်းအတူ မကြောက်မိသော်လည်း "ကြောက်စရာ ကောင်းပါတယ်ဘုရား" ဟူသော အလိုက်သင့် လိမ်၍ ပြောလိုက်၏။ ဘုန်းတော်ကြီးသည် နောက်ဆုံးကျန်နေသော ထားဝယ်ကြိမ်လုံးကလေးကို ယူကာ "ဗိုး" ကနဲ အသံထွက်သွားအောင် လေထဲတွင် ဝှေ့ယမ်း ရိုက်ခတ် ပြလိုက်ပြီးနောက် -

"အဲဒီ ကြိမ်လုံးကတော့ "လူသားစား" လို့ ခေါ်သကွ၊ အမြင်သေးပေမဲ့ အားတကယ် ကောင်းတာမို့ ရိုက်လိုက်ရင် အသားထဲကို မြုပ်ဝင်သွားနိုင်တာ ပေါ့ကွာ။ အဲဒီတော့ ရွာထဲက မင်းရဲ့ ဆိုးသွမ်းတဲ့ အမူအကျင့်တွေကို ဒီကျောင်းရောက်ပြီးတဲ့ နောက်မှ မဖျောက်နိုင်သေးလို့ရှိရင် ငါက ဟောဒီ ကြိမ်လုံး တွေကို ရေလဲနဲ့ သုံးပြီး ဖျောက်ပေးရမှာပေါ့ကွာ။ ကြားရဲ့လား တောင်ကျော်"

"ကြားပါတယ်ဘုရား" ဟု တောင်ကျော်က မြန်မြန်ပြီးအောင် ပြီးစလွယ် အဖြေပေးလိုက်မှ ဘုန်းတော်ကြီးမှာ ကျေနပ်သွားသလို၊ ထိုစကားကို ထပ်မဆက်တော့ဘဲ ကပ္ပိယကိုသာ လှမ်းခေါ် လိုက်ကာ မအေးတင်၏ ကန်တော့ပွဲကို သိမ်းဆည်းသွားစေ၏။

ဤတွင် တောင်ကျော်အား ကျောင်းအပ်သော အခမ်းအနား ပြီးဆုံးပြီ ဖြစ်၍ မအေးတင်လည်း တောင်ကျော်အား ကောင်းကောင်း နေရစ်ရန် မှာကြားပြီး ပြန်သွားတော့ရာ၊ တောင်ကျော်သည် ကျေနပ်ဝမ်းမြောက်စွာပင် ကျန်ရစ်ခဲ့၏။

~~~~~~~~~~~~~
~~~~~~~~~~~~~

(၅)

"ဟော့ကောင် ... မင်း သူတို့နဲ့အတူ ရွာထဲမှာ ဟင်းရံပန်းကန် လိုက်ဝေရမယ်၊ ကြားလား"

တောင်ကျော်သည် ဘုန်းကြီးကျောင်း ပရိဝုဏ်အတွင်းရှိ ရှုခင်းကို ကြည့်၍ အူမြူးနေရာမှ သူ့နောက်မှသည် အသံကြောင့် ရုတ်တရက် နောက်သို့ လှည့်ကြည့်လိုက်သည်။

သူ့ အသက်အရွယ် လောက်ပင်ရှိသော "ဆံရစ်ဝိုင်း" ကလေးနှင့် ချစ်စဖွယ် ကောင်ငယ်ကလေး တစ်ဦးကို သူတွေ့မြင်ရသည်။ အသားဖြူဖြူ အရပ်မှာ ပုပျပ်ပျပ်နှင့် နက်မှောင်သော မျက်ခုံး၊ ကြည်လင် ဝိုင်းစက်သော မျက်လုံး၊ ပေါ်လွင်သော နှာတံများကြောင့် အတော်ပင် ချစ်စရာ ကောင်းနေသည်။ သူ့ ဝိုင်းစက်စက် မျက်နှာကလေးနှင့် သူ့ခေါင်းမှာ "ဆံရစ်ဝိုင်း" ကလေးမှာ အချိုးကျ အဆင်ပြေအောင် လိုက်ဖက် နေသဖြင့် ကြည့်ကောင်းလှသည်။ သို့သော် သူသည် ဘုန်းတော်ကြီး၏ အထူး အရေးပေးခြင်းကို ခံယူရသော အချစ်တော် တစ်ဦးဖြစ်၍ တက်ကြွလျက် ရှိသော မာနက သူ၏ ချစ်စရာ ရုပ်သွင်ကို ဖျက်ဆီး နေသည်။

ယခု တောင်ကျော်ကို အမိန့်ပေးသလို ပြောလိုက်သော မောက်မာသည့် သူ့စကားများကပင် သူ၏ မာနကို ဖော်ပြနေ၏။ တောင်ကျော်သည် စိတ်ဆိုးလှစွာ မျက်မှောင်ကုတ်လိုက်၏။

"နေစမ်းပါဦးကွ၊ မင်းက ဘာကောင်မို့ ငါ့ကို လာပြီး အမိန့်ပေးနေရသလဲ"

"ဟော့ ... ငါ ဘာကောင်ဆိုတာ မင်း မသိသေးဘူးလားကွ။ ဟဲ ... ဟဲ ... ငါ ဘာကောင်လဲဆိုတာ မင်း သိချင်ရင် သူတို့နှစ်ယောက်ကိုသာ မေးကြည့်ပေတော့"

စကားအဆုံးတွင် သူသည် တဟဲဟဲဖြင့် ပမာမခန့် ရယ်မောလိုက်ပြီးနောက်၊ တောင်ကျော်အနီးမှ ဆောင့်ကြွားကြွား ထွက်ခွာသွား၏။ တောင်ကျော်သည် ချစ်စရာ ရုပ်ကလေးနှင့် မုန်းစရာ အသွင်များ ပေါင်းစပ် ထားသည့် ဤဘုန်းတော်ကြီး၏ အချစ်တော်ကလေးကို မုန်းတီးလှစွာ အံကြိတ်၍ ကြည့်ရင်း ကျန်ရစ် ခဲ့၏။

"သူ့ကို သွားမစမ်းပါနဲ့ကွ၊ သူက ဘုန်းတော်ကြီးရဲ့ အချစ်တော်ကလေး ဆရာ၊ နေရာတကာ သူ့လက် သူ့ခြေ သူ့အမိန့်ချည့်ပဲ။ သူ ခိုင်းတာကို မလုပ်ရင် သူက ဘုန်းကြီးကို ဟုတ်တာထက် ပိုပြီး သွားလျှောက်မှာမို့ အတီးခံရမှာ ဆရာ"

တောင်ကျော်၏ အနီးတွင် ရှိနေသော သူငယ်ကလေး နှစ်ယောက် အနက် အသားဖြူဖြူ ကိုယ်ဟန် နွဲ့နှောင်းသော သူကလေးက တောင်ကျော်အား ရှင်းပြလိုက်ခြင်း ဖြစ်၏။ ဤသူငယ် ကလေးကား ရွာထဲမှ ကုန်စုံဆိုင် ပိုင်ရှင် တစ်ဦး၏ သားဖြစ်၍ ညာဏ်ကောင်းလှသောကြောင့် ဘုန်းတော်ကြီးက ကျောင်းအိပ် ကျောင်းစား ခေါ်ယူထားကာ ကိုရင်များနှင့်အတူ စာလိုက်စေ၏။ ယခု သူသည် အရွယ်နှင့် မလိုက်အောင်ပင် သဒ္ဒါနှင့် သင်္ဂြိုဟ်ကို နေ့ဝါ အဖြစ် လည်းကောင်း၊ မာတိကာကို ညဝါအဖြစ် လည်းကောင်း ကိုရင်များနှင့်အတူ စာလိုက်နေရ၏။ ရွာထဲမှာကတည်းက တောင်ကျော်နှင့် ကစားဖော် ကစားဖက် အဖြစ် ရင်းနှီးခဲ့သူဖြစ်၏။

"ဩ ... ဒီလိုလား၊ ဒါကြောင့်မို့ သူက လူပါးဝတာကိုး။ ဒီအတိုင်းသာ လူပါးဝနေရင်တော့ ဒီကောင့်ကို တစ်နေ့ ငါတီးမယ်ကွ"

တောင်ကျော်က တစ်ထစ်ချ ဆုံးဖြတ်ထားသော အသံမျိုးဖြင့် ပြောဆိုလိုက်၏။ ဒါကို ကုန်စုံဆိုင်ပိုင်ရှင်၏ သား အေးမောင်က -

"သူ့ကို မင်း သွားတီးရင် သူ့ကို တီးတာထက် နာအောင် ဘုန်းကြီးက မင်းကို ပြန်တီးမှာပေါ့။ ဘုန်းကြီးက သူ့ကို သိပ်ချစ်ပြီး သိပ်အလိုလိုက်ထားတာကွ၊ ကျက်သရေခန်း သော့ကိုတောင် သူ့ကို အပ်ထားတယ်"

"အို ဘုန်းကြီး တီးမှာကြောက်လို့ ဒီအတိုင်း ခေါင်းငုံ့ခံနေရင် ဒီကောင်က ပိုပြီး လူပါးဝနေမှာကွ၊ ဘာဖြစ်ဖြစ်ကွာ၊ ဒီကောင်ကို ဒီကနေ့ပဲ ငါ တီးမယ်"

တောင်ကျော်က ရက်ကိုပင် ဆွဲမထားဘဲ ဒီနေ့ပင် တီးရန် ဆုံးဖြတ်ပြီး ပြောလိုက်၏။

ဤတွင် ကုန်စုံဆိုင်ပိုင်ရှင်၏ သား အေးမောင် အနီး၌ ထိုင်နေသော မျက်လုံးပြူးပြူး၊ ပါးရိုးကြီးကြီး၊ နာခေါင်း ပွပွနှင့် သူငယ်က ကြားဝင်၍ ပြောလိုက်၏။

"လာစမ်းပါကွာ တောင်ကျော်ရယ်၊ မင်း တီးချင်တဲ့ အခါကျတော့လည်း တီးတာပေါ့၊ အခုတော့ ငါနဲ့အတူ ဟင်းရဲ ပန်းကန် လိုက်ဝေစမ်းပါဦးကွ။ ဘယ်လောက်မှ မပင်ပန်းပါဘူး"

ပြောပြောဆိုဆိုနှင့်ပင် တောင်ကျော်၏ လက်ကို ဆွဲခေါ်သွားသဖြင့် တောင်ကျော်သည် ကန့်လန့် ကန့်လန့်နှင့် ပါသွားရ၏။ တောင်ကျော်ကား ဤသူငယ်နှစ်ဦးနှင့် အိမ်နီးချင်း ကစားဖော် ကစားဖက်များ ဖြစ်ကြ၍ အတော်ပင် ချစ်ခင်ကြ၏။ ဤသူငယ်နှစ်ဦးနှင့် သူ့ဖခင်မှတစ်ပါး အခြားသော သက်ရှိ သတ္တဝါများကိုမူ သူ၏ ပြိုးသူရန်ဘက်ပမာ အမြဲ စွဲမှတ်ထားသူဖြစ်၏။

မျက်လုံး ပြူးပြူး၊ ပါးရိုးကြီးကြီး၊ နှာခေါင်းပွပွနှင့် သူငယ်ကလေး ညိုထွေးနှင့် တောင်ကျော်တို့သည် ဟင်းရံ ပန်းကန် များ ထည့်ထားသော ကြေးလင်ပန်းကြီးမှ သွပ်ဆိုင်းကြိုးတွင် ထမ်းပိုးဝါးကို လျှိုသွင်း၍ ရှေ့နောက် ထမ်းကာ ရွာတွင်းသို့ ထွက်ခွာလာ၏။ အေးမောင်မှာမူ ကိုရင်များနှင့်အတူ စာကြီးပေကြီး များကို လိုက်နေရသူ ဖြစ်သဖြင့် ကျောင်းတာဝန် ဗာဟီရများမှ လွတ်ငြိမ်းခွင့် ရထားသူဖြစ်၏။

ဘုန်းကြီးကျောင်းတွင် ကျောင်းသားအဖော်များနှင့် လွတ်လပ်စွာ ဆော့ကစား ရမည်ကို မျှော်မှန်းထားသော တောင်ကျော်သည် ကျောင်းတာဝန် ဗာဟီရများနှင့် လာတိုးနေရသောအခါ အတော်ပင် စိတ်ပျက် သွားမိ၏။ ဤသို့ စိတ်ပျက်မိလေလေ၊ ဘုန်းတော်ကြီး၏ အချစ်တော်ကလေး ဆိုသူအား ဒေါသထွက် လာလေ ဖြစ်နေမိရာ "ဒီနေ့ပဲ ... တီးမယ်" ဟူသော ဆုံးဖြတ်ချက်မှာ ပို၍ပင် ခိုင်မာသွား၏။

တစ်အိမ်တက် တစ်အိမ်ဆင်းဖြင့် ရွာစဉ်တစ်လျှောက် ဟင်းရံပန်းကန် လိုက်ဝေပြီးနောက် ရွာဆုံး သောအခါတွင် ဟင်းရံပန်းကန် လက်ကျန် မရှိတော့ပေ။ အပြန်တွင် သူတို့သည် ထိုဟင်းရံပန်းကန် များကို တစ်အိမ် တက်ဆင်း သိမ်းဆည်း ယူဆောင် သွားရမည်ဖြစ်သည်။ သို့သော် ယခုအချိန်မှာ ချက်ချိန်ပြုတ်ချိန်မို့ အိမ်ရှင်များသည် သူတို့၏ ဟင်းရံပန်းကန်များထဲသို့ ဟင်းရံများ လောင်းထည့် ထားနိုင်ကြ ဦးမည် မဟုတ်။ သူတို့ လွတ်လပ်စွာ ဆော့နိုင်ရန် အချိန် အနည်းငယ်ရရှိနေပြီ။" လာကွာ ... ဟေ့ ညိုထွေး၊ ထွေပစ်တမ်း ကစားရအောင်"

"လာလေ ... ရှုံးတဲ့သူ အစီးခံတမ်း"

"စိမ်လိုက် .. လူ စီးချင်လွန်းလို့ ငါ့ပေါင်သားတွေ ယားနေတာ ကြာလှပြီကွ၊ နောက်ပြီး ငါက နတ်မြင်းပျံ စီးရတယ်လို့ အိပ်မက် မက်ထားတဲ့ လူကွ"

"ဘယ်သူ ကုန်းပြီး ဘယ်သူ တက်စီးရမယ်ဆိုတာ ကြည့်ကြသေးတာပေ့ါ၊ နောက်ပြီး မင်း မငြင်းနဲ့နော်၊ မင်းက သိပ်ပြီး အငြင်းသန်တဲ့လူ"

မှန်သည်။ တောင်ကျော်ကား ကလေးချင်း ကစားရာ၌ အင်မတန် အငြင်းသန်သူဖြစ်သည်။ အင်မတန် ဆင်ခြေ များ၍ အင်မတန် ဉာဏ်များသူလည်းဖြစ်သည်။ ထို့ကြောင့် ကစားဖော် ကစားဖက်များက တောင်ကျော်အား လန့်ကြသည်။

နှစ်ဦးသား စဥ့်အိုးကွဲ တစ်ယောက် တစ်ခုစီ ရှာဖွေယူငင်လာပြီးနောက် မြေကြီးပေါ်တွင် စည်း (မျဥ်း ကြောင်း) ကို ရေးခြစ်ကြ၏။ ထို့နောက် ထိုစည်းကို မျက်နှာမူကာ စည်းနှင့် ခပ်လှမ်းလှမ်းအကွာတွင် သွားရပ်ကြ၏။ တောင်ကျော်က စ၍ သူ့လက်တွင်းမှ စဥ့်အိုးကွဲဖြင့် စည်းပေါ်သို့ ပစ်လိုက်ရာ စဥ့်အိုးကွဲမှာ စည်းနှင့် တစ်လက်မပင် မကွာသော နေရာ၌ သွားကျသဖြင့် "နိပ်ဟ" ဟု အသံကုန် အော်ပြီး မြေကြီးပေါ်မှ ထခုန်လိုက်၏။ သို့သော် သူ့နောက်မှ ပစ်လိုက်သော ညိုထွေး၏ စဥ့်အိုးကွဲမှာ စည်းပေါ်သို့ တည့်တည့် မတ်မတ် အုပ်ကျသွားသဖြင့် တောင်ကျော်၏ မျက်နှာမှာ ရှုံ့မဲ့သွားတော့သည်။

"အောင်မာ ... အစမို့ပါကွာ၊ နောက်တစ်ခါကျရင် သိကြရောပေ့ါ"

သူသည် ရသေ့စိတ်ဖြေ စကားမျိုး ပြောလိုက်ကာ ခါးကို ကုန်းပေးလိုက်ရ၏။ ညိုထွေးသည် စဥ့်အိုးကွဲ (ထွေ) နှစ်ပြားကို လက်တွင် ကိုင်ကာ တောင်ကျော်၏ ကျောပေါ်သို့ တက်ခွလိုက်၏။ ညိုထွေးမှာ သန်မာတောင့်တင်း သူဖြစ်၍ တောင်ကျော်ကား ပိန်သေးသေးနှင့် ခါးချည့်ကလေးဖြစ်ရာ ညိုထွေး၏ အလေးချိန်ကို မခံနိုင်ဘဲ ယိမ်းထိုးနေ၏။

ညိုထွေးသည် တောင်ကျော်၏ ကျောပေါ်မှနေ၍ တောင်ကျော်၏ ထွေကို ခပ်ဝေးဝေးနေရာသို့ ရောက်အောင် လှမ်းပစ်လိုက်ပြီးနောက် "လိုက်မလား ... မလိုက်ဘူးလား" ဟုမေးလိုက်၏။

တောင်ကျော်သည် ထွေ၏ အကွာအဝေးကို ခန့်မှန်းချင့်တွက် ပြီးနောက် ကျန်ရှိနေသောထွေကို ထိမှန်အောင် သို့မဟုတ် တစ်ထွာကွာနေရာ ရောက်အောင် သူပစ်နိုင် မပစ်နိုင် ချိန်ဆနေ၏။ နောက်ဆုံးတွင် ကျောပေါ်၌ လူတစ်ကိုယ် အလေးချိန် ရှိနေ၍ သူ မပစ်နိုင်ဟု ယူဆကာ "မလိုက် ဘူးကွာ" ဟု ပြောလိုက်၏။

ဤတွင် ညိုထွေးသည် သူ့လက်တွင်းမှ ထွေဖြင့် ထိုထွေကို ပစ်လိုက်ရာ ထွေကို ထိမှန်ခြင်း မရှိသော်လည်း အနီးကပ်၍မူ ကျသွား၏။

"ဟော့ ... မင်း သွားထွာကြည့်ဦး၊ မင်း တစ်ထွာ ရှိမှ ငါ အစီးခံမယ်၊ အခု တစ်ထွာ မရှိရဘူးကွာ"

"အို ... တစ်ထွာရှိတဲ့ ဟိုဘက် နှစ်ဘူတာ လွန်သွားသေးတယ်"

ပြောပြောဆိုဆိုပင် ညိုထွေးသည် တောင်ကျော်၏ ကျောပေါ်မှ ခုန်ဆင်းလိုက်ပြီးနောက် ထွေနှစ်ပြား ရှိရာသို့ အပြေးသွားသဖြင့် တောင်ကျော်လည်း နောက်မှ ပြေးလိုက်သွား၏။ ရောက်သောအခါ ညိုထွေးသည် ထွေတစ်ပြားတွင် သူ့လက်မကို ထိထားစေပြီးနောက်၊ ကျန် အခြားထွေ တစ်ဖက်သို့ သူ့လက်ချောင်း များကို ဆန့်တန်းလိုက်ရာ သူ့ လက်ခလယ်နှင့် ထိရုံကလေးသာ ရှိ၏။ "အံမာ ... ဘာရမလဲ၊ မင်းက လက်ခလယ်နဲ့ ထွာတာကိုး၊ လက်ညှိုးနဲ့ ထွာမယ်ကွ"

"ဟော့ ... ဘယ်အခါမဆို လက်ခလယ်နဲ့ ထွာတာကို အသိသားနဲ့၊ မင်း အစီးခံရမှာ စိုးလို့ ငြင်းချင် လာပြီ"

နှစ်ယောက်သား လက်ခလယ်နှင့် လက်ညှိုး ငြင်းရင်းပင် ညှိုထွေးမှာ လူရိုး စိတ်တို ဖြစ်သဖြင့် -

"တော်ပြီကွာ ... မင်း သိပ်အငြင်းသန်တဲ့ အကောင်၊ နောက်ကို မင်းနဲ့ ဘယ်တော့မှ မကစားဘူး" ဟု ဆိုကာ စိတ်ဆိုးမာန်ဆိုး ထွက်သွားသဖြင့်၊ တောင်ကျော်လည်း သူ အစီးခံရခြင်းမှ သက်သာ သွားပြီဟု ကျေနပ် ဝမ်းမြောက်ကာ -

"မကစားချင်ရင် နေပါလား" ဟု ပြန်ငေါ့လိုက်သေး၏။ သို့ဖြင့် သူတို့ ကစားပွဲမှာ မကြာရှည်ဘဲ ပျက်သွား ရတော့၏။

~~~~~~~~~~~~~
~~~~~~~~~~~~~

(၆)

ဘုန်းကြီးကျောင်းမှ စည်ကြီး ကိုးချက်တီးသည့် အခါတွင် တောင်ကျော်နှင့် ညိုထွေးတို့သည် ဟင်းရံ ပန်းကန်များကို လိုက်သိမ်းကြ၏။ အချို့ အိမ်များမှ ဟင်းရံပန်းကန်တွင် ဟင်းရံအပြည့် ထည့်လျက် ရရှိကြသော်လည်း အချို့ အိမ်များမှ ဟင်းရံပန်းကန်တွင်မူကား "ဟင်း မချက်ရသေး" ဟူ၍ လည်းကောင်း၊ "ဒီနေ့တော့ ကန်တော့ ဆွမ်းပါ" ဟူ၍ လည်းကောင်း မည်သည့် ဟင်းရံမျှမပါဘဲ ဗလာဖြစ် နေ၏။

သူတို့သည် တစ်အိမ်တက်ဆင်းနှင့် ရွာစဉ်တစ်လျှောက် ဟင်းရံပန်းကန် လိုက်သိမ်းပြီးနောက် ဘုန်းကြီးကျောင်းသို့ ထမ်းပြန်လာ၏။ ကျောင်းသို့ ရောက်၍ ဆွမ်းစားခန်းထဲတွင် ဟင်းရံပန်းကန်များ ထည့်ထားသည့် ကြေးလင်ပန်းကြီးကို ချမိသည်နှင့် တစ်ပြိုင်နက် ဘုန်းတော်ကြီး၏ အချစ်တော်ကလေး ရောက်လာ၏။ သူသည် ဟင်းရံပန်းကန်များကို တစ်ခုပြီးတစ်ခု စစ်ဆေးကြည့်ရှုနေရင်းမှ မည်သည့် ဟင်းရံမှ မပါဘဲ ဗလာ ဖြစ်နေသော ဟင်းရံပန်းကန်ကို တွေ့လိုက်ရသည့်အခါတွင် တောင်ကျော်အား ခပ်တည်တည် မော်ကြည့်ကာ -

"ဒီထဲက ဆွမ်းဟင်းတွေက မင်း ခိုးစားတယ် မဟုတ်လား … ဟင်" ဟု စွပ်စွဲ လိုက်၏။

"မင်း ပထွေးတွေက ဟင်း မချက်ရသေးဘူး၊ ဒီနေ့တော့ ကန်တော့ ဆွမ်းပါဆိုပြီး မထည့်ဘဲနေလို့ ဒီတိုင်း ပြန်ယူလာရတာကွ၊ မင်းအမေ့လင် ငါ ခိုးစားရမှာလား"

တောင်ကျော်က ဒေါသထွက်ထွက်နှင့် ခပ်ကြမ်းကြမ်း ပြောလိုက်၏။ ရိုက်ချင်သော စိတ်ဖြင့် လက်ယားလာသည် ကိုလည်း မနည်းချုပ်တည်းထားရ၏။ တောင်ကျော်၏ ဒေါသကို ဘုန်းတော်ကြီး၏ အချစ်တော်ကလေး ထိတ်လန့်သွားပုံရ၏။

"ဟော့ စကားပြောတာ ဒါလောက်တောင် မမိုက်ရိုင်းနဲ့၊ ငါ ဘုန်းတော်ကြီးကို သွားလျှောက်ရင် မင်း အတီးခံရမှာ ဆရာ" တောင်ကျော်က ပမာမခန့် ပြုံးလိုက်၏။ သူ့၌ ပင်ကိုသတ္တိ မရှိဘဲ ဘုန်းကြီးအားကိုးနှင့် စွာနေခြင်း ဖြစ်ကြောင်း သိလိုက်ရ၍လည်း ပို၍ပင် အထင်သေးသွားမိ၏။ "နေနှင့်ဦးပေါ့ကွာ" ဟူ၍လည်း ဝမ်းထဲ၌ ကြိတ်ကာ တေးထားလိုက်၏။

တစ်ကျောင်းလုံးတွင် ဘုန်းတော်ကြီး၏ အချစ်တော်ကလေး အသံသာ လွှမ်းနေ၏။ သူသည် ဘုန်းတော်ကြီးနှင့် ဦးပဉ္စင်း၊ ကိုရင်များအား ဆွမ်းကပ်ရန် အတွက် ဆွမ်းတော်ပွဲကို စီစဉ် ခင်းကျင်းနေ၏။ သို့သော် သူကိုယ်တိုင် လုပ်ကိုင်နေခြင်း မဟုတ်ဘဲ အခြား ကျောင်းသားများကိုသာ အလုပ်ပေး စီမံနေခြင်း ဖြစ်သည်။ အထူးသဖြင့် တောင်ကျော်အား အပြိုးထားကာ ဖိနိုင်းနေ၏။

"ဟို စားပွဲခုံကို ဒီဘက် ရွှေ့လိုက် ဟိုဟင်းပန်းကန်ကို ဒီစားပွဲပေါ် တင်လိုက်" စသဖြင့် တစ်ခဏ ကလေးမျှ အနားမပေးဘဲ အဆက်မပြတ် အမိန့်ပေး စေခိုင်းနေ၏။

တောင်ကျော်မှာ ဘုန်းတော်ကြီး၏ မျက်မှောက်တွင်ဖြစ်၍ မည်သို့မျှ မတတ်နိုင်ဘဲ စေခိုင်းသမျှကို အောင့်သက်သက်နှင့် လုပ်ကိုင်နေရ၏။ သို့သော်

သူ၏ စိတ်တွင်းမှမူ "ဒီ အကောင်ကို ဒီနေ့ ရိုက်ဖြစ်အောင် ရိုက်မယ်" ဟု ရေရွက်နေ၏။

အမှန်ကတော့ ဘုန်းကြီး၏ အချစ်တော်ကလေးသည် လူတော်ကလေး ပင်ဖြစ်သည်။ သူသည် အရာကိစ္စ အားလုံးကို သွက်သွက်လက်လက်နှင့် ချက်ချက် ချာချာ စီမံတတ်သူပင် ဖြစ်သည်။ ဘယ်ဟင်းရံမှာ ဘုန်းကြီးပွဲနှင့် သင့်လျော်၍၊ ဘယ်ဟင်းရံမှာ ဦးပဉ္စင်းများနှင့် ထိုက်သင့်ကာ၊ ဘယ်ဟင်းရံကိုမူ ကိုရင်များ ဝိုင်းသို့ ပို့ရမည် စသဖြင့် ခွဲခြား စီမံတတ်၏။

ဆွမ်းစားရန် အချက်ပေး ကြေးစည်ကို ရိုက်ခတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဘုန်းတော်ကြီးနှင့် ဦးပဉ္စင်းများ၊ ကိုရင်များသည် ဆွမ်းစားခန်းထဲသို့ စုပြုံဝင်လိုက်ပြီးနောက် သက်ဆိုင်ရာ ဆွမ်းပွဲတွင် ဝင်ထိုင်ကာ ဆွမ်းဘုဉ်း ပေးကြ၏။

ကျောင်းသားများမှာမူ မနီးမဝေးနေရာ၌ ပုဆစ်တုပ်၍ ထိုင်ကာ အေးမောင် တိုင်ပေးနေသော "အရှင် မဟာသီလဝံသ" ၏ ဆုံးမစာ လင်္ကာကို လိုက်ရွတ်နေကြ၏။

"တိလောကဟု၊ မရနိုင်းတူ၊ သက်မပြုသည်၊ သုံးဆူရတနာ၊ မာတာပီတ၊ ဆရာ စသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ။ သာမဏေကာ၊ သူငယ် စသား၊ တပည့်များတို့၊ မှတ်သား ကြပ်ကြပ်၊ မပြတ် သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင် အမြဲသွတ်"

တောင်ကျော်သည် အေးမောင် တိုင်ပေးသမျှ လိုက်၍ ဆိုရင်း ဘုန်းကြီးကျောင်းကို စိတ်ပျက်နေ၏။ အလုပ်နှင့် လက် မပြတ်အောင် လုပ်ရ၍၊ ဘာအဓိပ္ပာယ်မှန်း မသိသော စာများကိုလည်း လိုက်ရွတ် နေရ၏။ သူသည် အေးမောင်တိုင်ပေးသမျှ အရိုန်မပျက် လိုက်ရွတ်နေရင်း သူ့ဘေးမှ ညိုထွေးနှင့် စုံမ ဝှက်တမ်း ကစားနေ၏။

"သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါ်ငင် ညီညွတ် သွား၍ခပ်။ ရေခပ် သွားလည်း၊ ကစား၍သာ မနေနှင့်။ ကစား၍သာ၊ ရေမှာကြာသော်၊ သဲဒဏ် ရေဒဏ်၊ ပေးရန်မှန်သည်၊ ခံမည်သာ ကြံတော့၊ မင်းတို့ ကျော့"

တောင်ကျော်သည် ညိုထွေးနှင့် စုံမဝှက်နေရာမှ ယောင်ယမ်းကာ သူ့ကျောပြင်ကို စမ်းသပ်ကြည့်မိ၏။ အမယ်လေးဟဲ့ ... ဆုံးမစာကလည်း ကြောက်စရာကြီးပါကလား။

အရှင်မဟာသီလဝံသ၏ ဆုံးမစာ လင်္ကာပိုဒ်ရေ ၉၁လည်း ဆုံးရော ဘုန်းတော်ကြီးများလည်း ဆွမ်းဝကာ လက်ဖက်ရည် ကြမ်းဝိုင်းပင် ထိုင်နေကြပြီ ဖြစ်၏။

ဤတွင် ကျောင်းသားများအလှည့် ရောက်ပြီဖြစ်၍ ကျောင်းသား များသည် စုပြုံ၍ထကာ သူတို့အတွက် ထမင်းဝိုင်းကို ပြင်ဆင်နေကြ၏။ ကျောင်းသားများလှသဖြင့် (က) ကြီးဝိုင်း၊ (ခ) ကွေး ဝိုင်း၊ (ဂ) ငယ်ဝိုင်း သုံးဝိုင်းခွဲ ၍ ပြင်ရ၏။

တောင်ကျော်သည် (က) ကြီးဝိုင်းသို့ ဝင်ထိုင်လိုက်ရာ ဘုန်းတော်ကြီး၏ အချစ်တော်ကလေးနှင့် လာဆုံနေ၏။ ဘုန်းကြီးပွဲမှ ကျလာသော ကြက်သားဟင်း ပန်းကန်သို့ အလျင်ဦးအောင် သူ လက်လှမ်း လိုက်ရာ၊ သူ့ထက် အကင်းပါး၍ လျင်မြန်လှသော ဘုန်းတော်ကြီး၏ အချစ်တော်ကလေးက "ဒါ ငါဖို့ကွ" ဟု ဆိုကာ ကြက်သားဟင်း ပန်းကန်ကိုယူ၍ သူ့ထမင်းပွဲထဲသို့ အကုန်အစင်လောင်း ထည့်လိုက်၏။

တောင်ကျော်သည် ဘာတစ်ခွန်းမျှ ပြောမနေတော့ဘဲ အနီးရှိ ကြေးစည် လက်ခတ်အဖြစ် ပြုလုပ်ထားသော တင်းပုတ်ကို လက်နှစ်ဖက်ဖြင့် စုံကိုင် လိုက်ကာ -

"ဟောဒါလဲ … မင်းဖို့ … ကွ" ဟု ပြောပြောဆိုဆို ဘုန်းတော်ကြီး၏ အချစ်တော် ကလေးဦးခေါင်းသို့ ဆင့်ကာ ဆင့်ကာ ထုနက်လိုက်၏။

သူတို့၏ ထမင်းဝိုင်းမှာ အုတ်အုတ်ကျက်ကျက် ဖြစ်သွား၍ ဘုန်းတော်ကြီးနှင့် ဦးပဉ္စင်းများ၏ လက်ဖက် ရည်ကြမ်းဝိုင်းမှာလည်း ဆူညံသွား၏။ ဘုန်းတော်ကြီး၏ မျက်မှောက်တွင်ပင် အတင့်ရဲကာ ပြစ်မှု ကျူးလွန်မိခြင်းဖြစ်၍ တစ်ကြောင်း၊ ခံရသူမှာ ဘုန်းတော်ကြီး၏ အချစ်တော်ကလေး ဖြစ်နေ၍ တစ်ကြောင်း ဘုန်းတော်ကြီးမှာ ဣန္ဒြေမဆည်နိုင်အောင်ပင် ဒေါသ ထွက်သွားတော့၏။ သူသည် တောင်ကျော်အား မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်လိုက်ကာ အံကြိတ်လိုက်ပြီးနောက် "လာခဲ့" ဟု အမိန့် ထုတ်ဆင့်လိုက်၏။

တောင်ကျော် ဘုန်းတော်ကြီး၏ ရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဘုန်းတော်ကြီးသည် ရှည်ရှည် ဝေးဝေး ပြောမနေတော့ဘဲ "ထိုးလိုက်" ဟု အမိန့်ထုတ်ဆင့်လိုက်၏။

ဘုန်းတော်ကြီးသည် ဒေါသထွက်သည့်အခါ၌ စကားများများ ပြောနိုင်သူ မဟုတ်၊ "ထိုးလိုက်" ဟု တစ်ခွန်းတည်းသော စကားကိုသာ ဆိုတတ်၏။ အဓိပ္ပာယ်မှာ သူရိုက်တော့မည် ဖြစ်၍ အလျားမှောက် လိုက်ဟု အမိန့်ထုတ်ဆင့် လိုက်ခြင်းသာဖြစ်၏။

သို့သော် ကျောင်းသားသစ်ဖြစ်သော တောင်ကျော်မှာ ဤအဓိပ္ပာယ်ကို နားမလည်ဘဲ "ထိုးလိုက်" ဟူသော အမိန့်အရ ဘာကို ထိုးရမည် မသိဘဲ အူကြောင်ကြောင် ဖြစ်နေ၏။

သို့သော် ဖြစ်နေပုံကို အကဲခတ်မိသော အနီးမှ ဦးပဉ္စင်းတစ်ပါးက "အလျားမှောက်လိုက်လို့ ပြောတာကွ" ဟု ဘာသာပြန်ပေးလိုက်မှ တောင်ကျော်

တွင် နားရှင်းသွားကာ ဘုန်းတော်ကြီးရှေ့တွင် အလျားမှောက် ပေးလိုက်ရတော့သည်။

ဘုန်းတော်ကြီးသည် "သေမင်းငင်" ဟု ဘွဲ့ထူးပေးထားသော နွားရိုက်သည့် ကြိမ်လုံးကြီးကို ဆွဲကိုင် လိုက်ပြီး နောက် "ဟိနနတ္တ၊ မဆဲကြနှင့်၊ ကြီးကငယ်သည်၊ နင် ဟယ်ကိုမျှ၊ မဆိုကြနှင့်၊ ရန်စ ချုပ်ချည်၊ ရှောင်လွှဲ ဖည်၍၊ သတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ မတို့ကြနှင့်၊ ချစ်လှရှိသေ၊ အချင်းချင်းကို၊ သင့်တတ်စေ ဟု၊ မအေအရင်း၊ တစ်ဝမ်းတွင်းသို့၊ သားရင်းတူကွ၊ မှတ်ကုန်ကြ" လို့ ခုနပဲ ဆုံးမစာ လင်္ကာကို နင် ရွတ်ခဲ့သေးတယ်။ အခု ငါ့မျက်မှောက်မှာတောင် မရှောင်ဘဲ ထ သတ်တယ်ပေါ့ ဟုတ်လား။ သိကြ ရောပေါ့ကွာ၊ တောင်ကျော်ဆိုတာ မင်းလားကွ ... မင်းလားကွ"

ဘုန်းတော်ကြီးသည် တပည့်သားမြေးများအား ဆုံးမနေပုံမျိုး မဟုတ်ဘဲ၊ ပြိုးသူရန်ဘက် တစ်ဦးအား စိတ်ရှိ လက်ရှိ လက်စားချေနေသလို အကြင်နာ ကင်းမဲ့စွာဖြင့် ဆင့်ကာ ဆင့်ကာ ရိုက်နေ၏။ အသက် ၁၀ နှစ်ရွယ် ကလေးငယ် တစ်ဦးအဖို့ နွားရိုက်သော ကြိမ်လုံးမှာ အဆမတန် ဖြစ်နေသဖြင့် တောင်ကျော်မှာ ကျွဲအော် နွားအော် အော်ရင်း ထွန့်ထွန့်လူးနေ၏။

ရိုက်လွန်းအားကြီးသောအခါ သူသည် သတိလစ်ချင်သလိုလိုပင် ဖြစ်သွား၏။ သို့သော် သူသည် ချက်ချင်း အကြံကောင်း တစ်ခုကို သွားတွေ့မိကာ သတိလစ်ချင်ယောင် ဆောင်လိုက်၏။ မျက်ဖြူ ဆိုက်နေပုံမျိုးဖြင့် မျစ်စိကို အထက်သို့ လှန်ကာ အကြောဆွဲနေသလို ခြေထောက်နှင့် လက်ကိုလည်း ဆန့်ငင် ဆန့်ငင် လုပ်နေ၏။

"အရှင်ဘုရား ... တောင်ကျော် သတိလစ်ပြီး တက်နေပြီ ဘုရား"

တောင်ကျော် ဖြစ်နေပုံကို သတိပြုမိသော အနီးမှ ဦးပဉ္စင်းတစ်ပါးက ဘုန်းတော်ကြီးအား အရေးတကြီး လျှောက်ထားလိုက်၏။ ဘုန်းကြီးသည်

ရုတ်တရက် အရိုက်ရပ်ပြီးနောက် တောင်ကျော်အား သေချာစွာ ကြည့်လိုက်ရာ၊ တောင်ကျော်မှာ ဤအရာ၌ အလေ့အကျင့် ရထားသဖြင့်၊ အပဟုတ်ပင် သဘာဝကျလှသောကြောင့် ဘုန်းကြီး၏ လက်မှ ကြိမ်လုံးပင် လွတ်ကျသွား၏။

ဦးပဉ္ဇင်းတစ်ပါး အပြေးသွား ခပ်ပြီး ယူလာသော ရေခွက်ထဲမှ ရေဖြင့်တောင်ကျော်၏ မျက်နှာကို တောက်ပေးသော်လည်း အကြောင်းမထူး။ မာလကာရွက်ကို အခူးခိုင်း၍ လက်နှစ်ဖက်ဖြင့် ပွတ်ချေကာ တောင်ကျော်၏ နှာဝ၌ တေ့ပြီး ရှူစေသော်လည်း သတိမလည်၊ အတက်မကျ။ တောင်ကျော် ညဏ်များပြီး တက်ချင်ဟန် ဆောင်နေသည်ကိုတော့ မည်သူမျှ မရိပ်မိကြ။

"အား … ခုမှ သတိရတယ်၊ ဒီလို သတိလစ်ပြီး တက်နေတာကို နှာမှုတ် ပေးရင် အကောင်းဆုံးပဲ ဘုရား"

"အေး … ဟုတ်တယ်"

သူတို့သည် ဦးပဉ္ဇင်းတစ်ပါး၏ နှာဘူးကို သွားယူကာ တောင်ကျော်အား နှာမှုတ်ပေးရန် ပြင်ဆင်ကြ၏။ တောင်ကျော်ကား ဤအချိန်သည် သတိပြန် လည်၍ အတက်ကျဖို့ အချိန်တော်ပြီဖြစ်ကြောင်း နားလည် လာ၏။ နှာမှုတ် ပေးလျှင် သူ အခံရ သက်သာလိမ့်မည် မဟုတ်။ မျက်ရည်တရွဲရွဲ၊ နှာရည်တစိုစို၊ နှာခေါင်း ထဲ ရင်ထဲမှာလည်း ယားကျိကျိနှင့် အင်မတန် အနေခက်၏။ "ဟပ်ချိ … ဟပ်ချိုး" နှင့် မနားတမ်း လည်း "ချေ" ရတတ်သေး၏။

သူသည် "အင်း …" ဟူ၍ အင်းရှည်ကြီး ဆွဲလိုက်ကာ အထက်သို့ လှန်ထားသော မျက်နက်ကို တဖြည်းဖြည်း အောက်သို့ ပြန်ချလိုက်၏။ ဆန့်ငင် ဆန့်ငင် လုပ်နေသော ခြေလက်တို့ကိုလည်း ရပ်မှန်းမသိ တဖြည်းဖြည်း တန့်ရပ်လိုက်၏။

"ဟော … သတိရလာပြီ"

ဦးပဉ္ဇင်းတစ်ပါးက အော်လိုက်၏။

တောင်ကျော်သည် ရုတ်တရက် ထ ထိုင်လိုက်ကာ သူ့အဖြစ်ကိုပင် မသိသော မျက်နှာပေးဖြင့် သူ့အား ဝိုင်းနေသော ဘုန်းကြီးနှင့် ဦးပဉ္ဇင်းများကို ပြူးကြောင်ကြောင် လိုက်ကြည့်နေ၏။

ဘုန်းတော်ကြီးသည် ထိုင်နေရာမှ ထ လိုက်ပြီးနောက် -

"ခွေးမသား .... သူတစ်ပါးကို ရိုက်တော့ သတိမလစ်ရဘူး၊ သူ့ကို ရိုက်တော့ သတိလစ်ပြီး တက်နေ လိုက်သေးတယ်" ဟု ပြောကာ ထွက်သွား၏။

ဘုန်းတော်ကြီး ကွယ်သွားသည်နှင့် တစ်ပြိုင်နက် သူသည် ရုတ်တရက် ထ ရပ်လိုက်ကာ ကျောင်း သားများရှိရာသို့ တစ်လှမ်းချင်း လျှောက်လာ၏။ သူ့မျက်နှာထား၊ သူ့ဟန်မှာ စစ်ပွဲကို အောင်နိုင် လိုက်သော စစ်သူကြီး တစ်ဦးဟန်မျိုး ဖြစ်၏။ သူသည် တစ်လှမ်းချင်း လျှောက်လာရာမှ ကျောင်းသား များအား လှမ်းကြည့် လှမ်းကြည့်လိုက်၏။ ဘုန်းတော်ကြီး၏ အချစ်တော်နှင့် တကွ အားလုံးသော ကျောင်းသား များသည် သူ့အား ကျိုးနွံစွာ ကြည့်နေသည်ကို မြင်ရ၍ ကျေနပ်သွား၏။

တောင်ကျော် ကား ဗိုလ်စွဲလေပြီ ... ။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

# ခဲဖိုး

(၁)

ချစ်သော စာဖတ်သူ၊ တောင်ပိုင်းက ကာလသားခေါင်းက ခဲဖိုးကိစ္စ ဆွေးနွေးရန်အတွက် ညဥ့် ၆ နာရီ အချိန်ခန့်တွင် သူ့ရဲ့ အိမ်ကို ကြွပါလို့ ကျွန်တော့်ကို ဖိတ်ကြားထားတယ်လေ။ ဒီရွာက အင်းသားကြီး သမီးနဲ့ ဟိုရွာက အင်းသားကြီးသားတို့ လူငယ်ချင်းကလည်း ချစ်ကြိုက်၊ လူကြီးချင်း ကလည်း သဘောတူကြတာနဲ့ ဒီရွာက သမီးရှင် အင်းသားကြီးနေအိမ်မှာ တခမ်းတနား မင်္ဂလာ ဆောင်ကြမယ်တဲ့။ အဲဒီ မင်္ဂလာဆောင်မှာ ခဲဖိုးတောင်းရင်း အပေးအယူ မတည့်လို့ အဲဒီကိစ္စကို ဆွေးနွေးရန် အတွက် ကာလသားခေါင်းက ကာလသား လေးတွေကို လိုက်ပြီး ဖိတ်ကြား တာပေါ့ဗျာ။ အဲဒီ မင်္ဂလာဆောင်တော့မယ့် ဒီရွာက အင်းသားကြီး သမီးလေးဟာ အတော် ချောတဲ့ ဇယ်ကလေးပေါ့။

ဒါကြောင့်မို့ ဒီရွာက ကာလသားတွေရော ရွာနီးချုပ်စပ်က ကာလသား တွေပါ ဝိုင်းပြီး ပိုးကြပန်းကြနဲ့။ အချို့များ ပိုးရင်း ပန်းရင်း ကာလသားအချင်းချင်း ရန်ပွဲကြီးတွေတောင် ဆင်ကြလို့ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ရတဲ့ ကာလသား တွေလည်း မနည်းတော့ဘူးဗျ။ ဒါပေမဲ့ မိန်းကလေးလည်း မာနခဲလေးမို့ ဘယ်သူမှ မစွံပါဘူးဗျာ။ အဲဒီကြားထဲမှာ ဟိုရွာက အင်းသားကြီးသားက လူရည်ကလည်း လယ်၊ အပေါင်းအသင်း ကလည်း ကောင်း၊ ခနဂုဏ်ကလေးကလည်း ရှိဆိုတော့ မိန်းကလေးရဲ့ အချစ်ပန်းကို ဆွတ်လှမ်း နိုင်သွားတယ်လေ။ နောက် လူကြီး တွေကို ဖွင့်ပြီး အသိပေးတော့ လူကြီးတွေကလည်း သဘောတူတာနဲ့ သမီးရှင်

အင်သားကြီးနေအိမ်မှာ လူကြီးစုံရာနဲ့ တခမ်းတနား မင်္ဂလာဆောင်ရအောင် စီမံကြတာ ပေါ့ဗျာ။

အဲဒီ မင်္ဂလာသတင်းကိုလည်း ကြားရော ဒီရွာက ကာလသားထုကြီး တစ်ရပ်လုံးဟာ တစ်ခဲနက် အုံကြွ တော့တာပါပဲ။ ဒီရွာက ကာလသား တွေကိုတော့ ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့မှ မအောက်မေ့ဘဲ ရွာလွန်ပြီး ရွက်တိုက်တဲ့ မိန်းကလေးနဲ့ သမီးရှင် မိဘများကို လက်စားချေမယ်လို့ ကြံကြတာပေါ့။ ပြီးတော့ ဒီရွာက ကာလသားနဲ့ ဟိုရွာက ကာလသားတွေဟာ တစ်ခါမှ မျက်နှာကြော မတည့်ဘဲ မြဲတမ်း ချိန်းရိုက်နေကျ ရန်ဘက်တွေမို့၊ ဟိုရွာက ကာလသားကိုမှ လှမ်းကြိုက်တဲ့ မိန်းကလေးနဲ့ သမီးရှင် မိဘများအပေါ်မှာ မစားရတဲ့အမဲ သဲနဲ့ပက်မယ်လို့ သဘောထားပြီး ခဲဖိုး နင်းကန် တောင်းတော့တာပေါ့။ ခဲဖိုး ငွေတစ်ထောင် ပေးရမယ် တဲ့လေ။

များလွန်းအားကြီးတော့ တစ်ဖက်ကလည်း ဘယ်ပေးနိုင်ပါ့မလဲလေ။ ကာလသားတွေ သောက်ဖို့ စားဖို့အတွက် ငွေတစ်ရာဆိုရင် တော်လောက်ပါပြီလို့ စကားပြန်လိုက်တယ်။ ဒီဘက်ကလည်း ငွေတစ်ထောင်က တစ်ပြားမှ မလျှော့နိုင်ဘူး၊ မပေးရင် အိမ်ပြိုအောင် ခဲနဲ့ ဝိုင်းပေါက်မယ်လို့ တင်းမာတဲ့ တစ်ချက်လွှတ် ရာဇသံကို ထုတ်ပြန်လိုက်ကြတယ်။ ဒီတော့ သမီးရှင် မိဘများဘက်ကလည်း အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ဖုံးမယ်ဆိုပြီး တစ်ပြားမှ မပေးနိုင်ဘူးလို့ ခပ်တင်းတင်းပဲ ပြန်ကြား လိုက်တယ်။ သူတို့ ကလည်း ဆွေမျိုးအင်အား တောင့်တင်းတဲ့သူတွေ ဆိုတော့ ရွာက ကာလသားတွေကို ဂရုမစိုက်ဘူးပေါ့ဗျာ။ သူတို့ဆွေမျိုးထဲမှာလည်း လူသတ်ဖူး၊ ထောင်ကျဖူးတဲ့ မိုက်ခဲတွေ ရှိနေတာမို့ အဲဒီ မိုက်ခဲတွေ အားကိုးနဲ့ ကာလသားတွေကို ခဲဖိုး တစ်ပြားမှ မပေးတော့။ အဲဒီနေ့မှာပဲ မင်္ဂလာဆောင် လိုက်ကြပြီလေ။ ညကျရင် ခဲပေါက်တဲ့ လူတွေကို လက်တုံ့ပြန်ရအောင် အဲဒီ မိုက်ခဲတွေကို ဓားလက်နက်

ကိုယ်စီနဲ့ သတို့သမီးရဲ့ အိမ် လေးဖက်လေးတန်မှာ ကင်းချစောင့် ခိုင်းထားမယ် ဆိုတဲ့ သတင်းလည်း ထွက်လာတယ်။

ဒါကြောင့် ကာလသားခေါင်းက ဒီကိစ္စကို ဘယ်လိုလုပ်ကြမယ်၊ လိုလားချက်ကို မရလို့ ရှေ့ကို ခြေတစ်လှမ်းတိုးမယ်၊ ဘယ်လို ခြေလှမ်းမျိုး လှမ်းကြမယ် ဆိုတာတွေ ဆွေးနွေးဆုံးဖြတ်ဖို့အတွက် ရပ်ရွာ ကာလသားတွေကို သူ့ရဲ့ အိမ်သို့ ကြွပါလို့ ဖိတ်ခေါ်တာပါပဲ။

အဲဒီလို ဖိတ်ခေါ်ခြင်းခံရတဲ့ အထဲမှာ ကျွန်တော်လည်း ပါနေတယ်လေ။ ကျွန်တော်က ခဲဖိုးတောင်းတဲ့ ကိစ္စမျိုးကို ဝါသနာ မပါပါဘူး။ မြန်မာ့ယဉ်ကျေးမှု လောကမှာ ခဲဖိုးတောင်းတဲ့ ကိစ္စဟာ အင်မတန် အရုပ်ဆိုးတဲ့ အမည်းကွက်ကြီးလို့ ကျွန်တော်က ယူဆတယ်။ ဒါကြောင့်မို့ သူတို့ရဲ့ အစည်းအဝေးကို ကျွန်တော်က စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ မတတ်နိုင်ဘူးဗျ။ ဒီလိုသာ ကျွန်တော်က ဘေးဖယ် နေမယ်ဆိုရင် ရပ်ရွာကာလသားထုကြီး တစ်ရပ်လုံးက ကျွန်တော့်ကို သစ္စာဖောက် လောက်ကောင်အဖြစ်နဲ့ ဝိုင်းပယ် ကြရုံမျှမက ရန်ညှိုးထားခြင်း ကိုလည်း ခံရဦးမယ်။ ဒီတော့ ကျွန်တော့်ခမျာ စိတ်မပါသော်လည်း မနေသာ ဘူးပေါ့ဗျာ။

ကဲ ... ချစ်သော စာဖတ်သူရှေ့၊ ကျွန်တော်တော့ မနေသာလို့ သွားရတော့မယ်။ ချစ်သော စာဖတ်သူကော ကျွန်တော်နဲ့အတူ လိုက်ခဲ့ပါလားဗျာ။ ဘာပြောတယ်၊ ဒီလို အဓိပ္ပာယ်မရှိတဲ့ အစည်းအဝေးမျိုး သွားလို့ ဘာအကျိုးရှိမှာလဲ၊ ဟုတ်လား။ အို ... ဒီလိုလည်း ဘယ်ဟုတ်မလဲဗျာ။ ကျွန်တော်တို့ဟာ ခဲဖိုး တောင်းတဲ့ လူတစ်ဦးတစ်ယောက် အနေနဲ့ မဟုတ်ဘဲ၊ သူတို့ ပြောဆိုပြုမူ ပုံတွေကို လေ့လာတဲ့လူ အနေနဲ့ သွားကြတာပေါ့။ ခဲဖိုးတောင်းတဲ့ အစဉ်အလာရဲ့ အကောင်းအဆိုးကို ခံဖိုးတောင်းတဲ့နေရာမှာ ကိုယ်တိုင် သွားကြည့်မှ ကိုယ်တွေ့ သိရမယ် မဟုတ်လား။ ဗဟုသုတ တစ်မျိုးပေါ့ဗျာ။

ဒါပေမဲ့ စာဖတ်သူကို ကြိုတင်ပြီး သတိပေးထားပါရစေ။ အစည်းအဝေးဟာ ဆွေးနွေးဆုံးဖြတ်ဖို့ မဟုတ်ဘဲ ဆုံးဖြတ်တဲ့အတိုင်း တကယ်လုပ်ကြမှာမို့ သွေးထွက်သံယိုအထိ ဖြစ်ကြလိမ့်မယ်။ လူသတ်မှု အထိတောင် ဖြစ်နိုင်တယ်။ ဒါကြောင့်မို့ စာဖတ်သူဟာ သတိမလစ်ဖို့၊ ပါးနပ်ဖို့၊ လျင်မြန်ဖို့ လိုတယ်။ သူတို့ အရိပ်အခြည်ကို ကြည့်ပြီး မဟန်တာနဲ့ တစ်ချက်တည်း လစ်ပြေးကြဖို့ပဲ။ ဟုတ်တယ်လေ၊ အဓိပ္ပာယ်မရှိတဲ့ နေရာမှာတော့ အသေမခံနိုင်ဘူးပေါ့။ ဒါကြောင့်မို့ စာဖတ်သူဟာ ကျွန်တော်နဲ့အတူ လိုက်တော့မယ်ဆိုရင် စာဖတ်သူရေ့ ... သတိ ... သတိ ... သတိ ....။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

# (၂)

ဟောဒါ ကာလသားခေါင်းရဲ့ အိမ်ပေါ့။ သုံးပင်နှစ်ခန်း၊ ပျဉ်ထောင် ပျဉ်ခင်း၊ သွပ်မိုး အိမ်ကလေးပေါ့။ အဲဒီအိမ်မှာ ကျွန်တော်တို့ ကာလသားခေါင်း လင်ကိုယ်မယား နှစ်ယောက်ထဲ အေးအေးချမ်းချမ်း နေထိုင်ကြတယ်။ ကျွန်တော်တို့ ကာလသားခေါင်းဟာ အသက်သုံးဆယ်ကျော်လောက် ရှိတဲ့ လူလတ်ပိုင်းထဲက ပါပဲ။ ခေါင်းမှာ သျှောင်တစောင်းနဲ့ ယောက်ျားပီသတဲ့ မဟာနဖူးကြီး ကလည်း ထင်းနေတာ၊ အင်မတန် ခံ့တဲ့လူပေါ့ဗျာ။ ကြယ်သီးတပ် စွပ်ကျယ် အင်္ကျီကို အမြတ်တနိုး ဝတ်တတ်ပြီး ပိုးလုံချည်ကို အမြဲ ဒုံးခံတယ်လေ။ ပိုးလုံချည်အတွင်းက ဒူးဆစ်အထိ ရောက်တဲ့ ပိတ်ဖြူ အတွင်းခံ ဘောင်းဘီတို ကလေးကိုလည်း အမြဲ ခံဝတ်လေ့ရှိတယ်။ သူ့သျှောင်ကို တစောင်းထုံးပြီး ကြယ်သီးတပ် စွပ်ကျယ် အင်္ကျီကလေးနဲ့ ပိုးလုံချည်ကို အတွင်းခံ ဘောင်းဘီပေါ်ရုံ ကလေးလောက် ခါးတောင်းကျိုက်ပြီး ခြင်းခတ်တဲ့အခါဆိုရင် အင်မတန် ကြည့်ကောင်းပေါ့ဗျာ။

သူဟာ စကားနည်းပြီး အနေအေးသလောက် မဟုတ်မခံစိတ်ရှိတယ်။ လုပ်စရာရှိလျှင် နောက်မတွန့်ဘဲ ရှေ့ကနေ ရှပ်ရှပ်ချွံချွံ လုပ်တတ်တယ်။ ဒါကြောင့်မို့လည်း သူဟာ ရပ်ရွာကာလသားတွေ အပေါ်မှာ ကာလသား ခေါင်းတစ်ဦး အဖြစ်နဲ့ ဩဇာညောင်းနိုင်တာပေါ့။ ရပ်ရွာ သာရေးနာရေးကစပြီး မလိုတဲ့ လူကို သတ်ရေး ဖြတ်ရေးများသာမက၊ ဟိုရွာနဲ့ ဒီရွာ ချိန်းရိုက်တဲ့

ရိုက်ပွဲတွေအထိ ရပ်ရွာကာလသားတွေကို သူက ရှေ့ဆောင်မှု ပေးတယ်။ သူ ရှေ့ဆောင်တဲ့ အခါဆိုရင် ရပ်ရွာကာလသားတွေဟာ သူ့ကို ပုဂ္ဂိုလ်စွဲ ခင်မင် အားကိုးမှု တစ်ခုတည်းနဲ့ သူရဲ့ လုပ်ငန်းစဉ် အမှားအမှန်ကို မဝေဖန် မစစ်ကြောတော့ဘဲ မိုက်တိ မိုက်ကန်း လိုက်လုပ်ကြတာပါပဲဗျာ။

အမယ် သူ့အိမ်ထဲ ကာလသားတွေ အတော်များများတောင် ရောက်နေကြပါပကောလို့။ ကဲ... ကျွန်တော် တို့လည်း အိမ်ထဲကို ဝင်ကြပါစို့။ ရပ်ရွာ ကာလသားတွေဟာ ခင်းထားတဲ့ သင်ဖျာပေါ်မှာ သူ့အစုနဲ့ တစုတဝေးကြီး ဝိုင်းဖွဲ့ထိုင်နေကြတယ်။ သူတို့ရဲ့ ဝိုင်းတွေရဲ့ အလယ်မှာ လက်ဖက်ရည်ကရား တစ်လုံးစီနဲ့ လက်ဖက်ရည်ကြမ်းပန်းကန် ကိုယ်စီရှိတယ်။ ဟောဟို ခေါင်းရင်း ဘက်က ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေတာကတော့ အဘိဓမ္မာဆရာကြီး ဦးဖောင်လေ။ သူ့ရှေ့မှာ လက်ဖက်ရည်ကရား တစ်လုံးနဲ့ လက်ဖက်ရည်ကြမ်း ပန်းကန်တစ်လုံး ရှိနေတယ်။ ကျွန်တော်တို့ရဲ့ ကာလသားခေါင်းဟာ လူလတ်ပိုင်း ထဲက ဖြစ်ပေမဲ့ ရှေးဆန်တဲ့ အယူအဆတွေကိုသာ သက်ဝင်ယုံကြည်သူတစ်ဦးမို့ ဘာကိုပဲ လုပ်လုပ် အဘိဓမ္မာ ဆရာကြီး ဦးဖောင်ကို ပင့်ခေါ်ပြီး ဦးဖောင်ရဲ့ ဩဝါဒကိုသာ ခံယူလေ့ ရှိတယ်။ ဦးဖောင်ရဲ့ ဩဝါဒကို ခံယူပြီးမှ ကာလသားတွေ အပေါ် သူက တစ်ဆင့် ခေါင်းဆောင်မှု ပြန်ပေးတယ်။

ဦးဖောင်ဆိုတာကလည်း သာမည ပုဂ္ဂိုလ်ကြီးတစ်ဦး မဟုတ်ပေဘူးဗျ။ အဘိဓမ္မာ ရေးရာမှာပဲ ဖြစ်ဖြစ်၊ ဗေဒင် ကိန်းခန်း ဘက်ကပဲ စမ်းစမ်း၊ သိုက်၊ တဘောင်၊ စနည်း၊ ဘဝေါ ဆိုတာတွေလည်း အရေကျို သောက်ထားတဲ့အပြင် အင်းအိုင် ခလှဲ့ လက်ဖွဲ့ မန္တရားအတတ်တွေပါ မကျန် တစ်ဖက်ကမ်း ခပ်အောင် တတ်မြောက် ထားလေတော့ ကြည်ညိုစရာ ပုဂ္ဂိုလ်ကြီးတစ်ဦးပေါ့ဗျာ။ လူကြီးပိုင်းကို သူရဲ့ အဘိဓမ္မာ တရားနဲ့ ဆွဲယူပြီး၊ မိန်းမပိုင်းကိုတော့ ဗေဒင်ကိန်းခန်း သိုက်တဘောင် စနည်းဘဝေါတွေနဲ့ သူ့ဘက် ကိုပါအောင် သိမ်းသွင်းနိုင်ရုံမျှမက၊ လူငယ်ပိုင်းဆိုရင်လည်း အင်းအိုင် ခလှဲ့ လက်ဖွဲ့

မန္တရားတွေ ပြပြီး သူ့သြဇာကို ခံယူစေတယ်။ ဟော ... အခု သူဟာ လက်ဖက်ရည်ကရားကို ဆွဲယူပြီး လက်ဖက်ရည်ကြမ်း ပန်းကန်ထဲကို ငှဲ့ထည့်နေတယ်လေ။ အလို လက်ဖက်ရည်ကြမ်း အရောင်က နီမနေဘဲ ဖြူလို့ပါလားဗျ။ လက်ဖက်ခြောက် မခတ်ရသေးလို့ ဖြူနေတာများလားလို့ စာဖတ်သူက တွေးချင်တွေးမယ်၊ ဘယ်ဟုတ် လိမ့်မတုံးဗျ။

လက်စသတ်တော့ သူတို့တွေဟာ လက်ဖက်ရည်ကရားထဲ အရက်ထည့်ပြီး လက်ဖက်ရည်ကြမ်း သောက်သလိုလိုနဲ့ ဟန်မပျက် ကြိတ်နေကြတာကိုး။ လမ်းမက လူသွားလူလာတွေမြင်ရင် သူတို့ဟာ အရက်သောက် နေတာ မဟုတ်ဘဲ လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့နေတာလို့ ထင်အောင်လို့ပေါ့ဗျာ၊ အတော်လာတဲ့ လူတွေပဲ။ လူငယ်ကာလသားတွေ သောက်တာကတော့ ရှိပါစေတော့၊ ခေါင်းရင်းဘက်က ဦးဖောင်လို ပညာရှိ ကဝိကြီးတစ်ဦးက ကိုယ့်ပညာကိုယ့်အသက်အရွယ်ကိုမှ အားမနာဘဲ သောက်နေတာ ကတော့ မတော်ပါဘူးလို့ စာဖတ်သူက ပြောချင်တယ် မဟုတ်လား။ သွားမပြောလေနဲ့ဗျို့၊ ဦးဖောင်က သူဟာ အရက်အမှတ်နဲ့ သောက်တာ မဟုတ်ဘဲ ဆေးမှတ် ဝါးအမှတ်နဲ့သာ မှီဝဲနေတာပါ၊ အသက် အရွယ်ကလေး နည်းနည်းထောက်လာလို့ အရက်ကို ဆေးအမှတ်နဲ့ မမှီဝဲရရင်ခံနိုင်မှာ မဟုတ်ဘူးဆိုပြီး စာဖတ်သူ ရေပက်မဝင်အောင် အကိုးအကားတွေနဲ့ ရှင်းပြလိုက်လိမ့် မယ်ဗျ။

ပြီးတော့ သူဟာ လူမိုက်လောက် သောက်တာ မဟုတ်ဘဲ ပညာရှိသောက်သောက်တာပါဆိုပြီး ပညာရှိ ကဝိ တစ်ဦး ဗိဗိ စာဖတ်သူကို ပါဠိပါဌ်သားတွေကိုတောင် ရွတ်ပြလိုက်ဦးမယ်။ အဲဒီလို အခါမျိုးမှာ သူ အမြဲလက်ကိုင်ထားပြီး ရွတ်ပြတတ်တဲ့ ပါဠိကတော့ "ဓေကော ပညော ဒွိဝါစကော၊ တြိကေသရော၊ စတုဥမ္မတ္တကော" တဲ့လေ။ တကယ်လို့ စာဖတ်သူဟာ အဲဒီပါဠိရဲ့ အနက်အဓိပ္ပာယ်ကို နားမလည်ခဲ့လို့ရှိရင် "ဆရာရယ် ဆရာရဲ့ ပါဠိကို ကျွန်တော်တို့လို ဉာဏ်ပညာသေးသိမ်တဲ့ လူပါ္မားတွေအဖို့ နားမလည်နိုင်အောင်

ဖြစ်နေပါတယ်။ ဒါကြောင့် ဆရာကိုယ်တိုင် အနက်အဓိပ္ပာယ်ကို ဖွင့်ပြမှ နားလည်ရမယ့် တပည့်များ ဖြစ်ပါတယ်" လို့ ရှိသေစွာ တောင်းပန်လိုက်ပါ။ အဲဒီလို အခါမှာဆိုရင် သူဟာ ပါးစပ်ကြီးကိုဖြဲ၊ တဟဲဟဲရယ်ပြီး ဟန်တစ်လုံး ပန်တစ်လုံးနဲ့ ဟောဒီလို အနက်ဖွင့်ပြလိုက်လိမ့်မယ်။

"အေးကွ၊ "ပါဠိတစ်ချက် အနက်ဆယ်ထွေ" ဆိုတဲ့ စကားအတိုင်း ပါဠိတစ်မျိုးကို အနက်ဆယ်မျိုးတောင် ထွက်နိုင်တာမို့ မင်းတို့လို လူ့ပါလွှားတွေ ဘယ်နားလည်နိုင်မှာ လဲကွာ။ ငါက မင်းတို့ကို ရင်ဝယ်သားလို သနားတဲ့အတွက် အနက်အဓိပ္ပာယ်နဲ့ တကွ ရှင်းပြမယ်ကွ။ သေသေချာချာ မှတ်ထားကြနော်။ ဟော ... ဇကော - တစ်ခွက်သောက်မူ၊ ပညော - ငါ့လို ပညာရှိကြီးတစ်ဦး ဖြစ်နိုင်၏ တဲ့ကွ။ အင်း ... ဒွိ-နှစ်ခွက်သောက်မူ၊ ဝါစကော - ငါ့လို စကားအရာမှာ အသားပါပါနဲ့ အပြောကောင်း အဟောကောင်း ဖြစ်နိုင်၏ တဲ့ကွ။ အေး ... တြိ-သုံးခွက်ထိ သောက်ခဲ့ပါမူ၊ ကေသရော - ခြင်္သေ့ကြီးကဲ့သို့ မျက်ထောင့်ကြီး နီလာပါရောတဲ့ ဗျာ။ အဲ ... စတု - လေးခွက်တိုင် ရောက်အောင် မိုက်မိုက်ကန်းကန်း သောက်ခဲ့ပါ လျှင်မူကား၊ ဥမ္မတ္တကော - အရူးကြီးစင်စစ် ကောန် ဖြစ်ရလေတော့သတည်း... တဲ့။ ငါက ပညာရှိသောက် သောက်တာမို့ ဇကောပညောဆိုတဲ့ ပုဒ်အရ တစ်ခွက်ပဲ သောက်တယ်။ ဒါပေမဲ့ အခုလို အာဝဇ္ဇန်း ရွှင်ရွှင်နဲ့ ဟောရပြောရမယ့် အခါမျိုးမှာ ဆိုရင်တော့ ဒွိဝါစကောဆိုတဲ့ ပုဒ်အရ နှစ်ခွက်ထိ သောက်ချ လိုက်တာပဲကွ။ ကျန်တဲ့ အပုဒ်တွေက လူမိုက်တွေအဖို့ ဆိုလိုတာမို့ ငါ့အဖို့တော့ အဲဒီ နှစ်ခွက်ထက် မပိုပါဘူး"

သောက်သူကို အဲဒီလို အနက်အဓိပ္ပာယ်နဲ့ တကွ ရှင်းပြလိုက်လိမ့်မယ်ဗျ။ ဒါတင်မကသေးဘဲ "သုရာပါနော ... သဗ္ဗေ ... ဘဝိဿတိ ..." အရက်သောက်ရင် သိကြားမင်းတောင် ဖြစ်နိုင်တယ်ဆိုပြီး ပုံတိုပတ်စကလေး တွေနဲ့ ဆက်ပြီး ရှင်းပြလိုက်ဦးမယ်ဗျ။ သူတို့ အဘိဓမ္မာ ဆရာ ကြီးတွေဟာ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောနိုင်သူတွေမို့ သွားမစမ်းလေနဲ့ စာဖတ်သူရေ့။

ကိုယ် မကြိုက်မနှစ်သက်တာရှိရင် ကိုယ့်ဝမ်း ထဲမှာ မျိုသိပ်ပြီး ထားလိုက်ပေတော့။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၃)

အစ်ကို ကာလသားများနဲ့တကွ အဘိဓမ္မာဆရာကြီး ဦးဖောင်ပါ အတော်ကလေး ထွေလာကြပြီမို့ ခုဆိုရင် အစည်း အဝေးကို စကြတော့မယ်လေ။ ဟော အခု ကာလသားခေါင်းဟာ မိန့်ခွန်းပေးရအောင် မတ်တတ် ရပ်လိုက်ပါပြီ။

"သတို့သမီးများ မိဘဘက်က ကျုပ်တို့ ကာလသားတွေရဲ့ လိုအင်ဆန္ဒကို ဂရုမစိုက်ဘဲ သူတို့ ဆွေမျိုးလူမိုက်တွေ အားကိုးနဲ့ မင်္ဂလာကိစ္စကို ဒီနေ့ နေ့လယ်မှာ အပြီး စီစဉ်လိုက်ကြပြီ။ ဒါဟာ ကျုပ်တို့ ရပ်ရွာ ကာလသား တွေကို ဂရုမစိုက်ဘူးဆိုပြီး စော်ကားလိုက်တဲ့ သဘောပါပဲ။ ဒါကို ကျုပ်တို့က ဘယ်လို လက်စားချေရမယ်ဆိုတာ ဆွေးနွေးဆုံးဖြတ်ပြီး ပြုလုပ်ကြဖို့ပါပဲ။ အဲဒီလို မဆွေးနွေး မဆုံးဖြတ်ခင် ပထမ ကျုပ်တို့ ဒီလို ခဲဖိုးတောင်းတာ တရားသလား မတရားဘူးလားဆိုတာ ဆရာကြီး ဦးဖောင်က ရာဇဝင် အကိုးအကားနဲ့ ရှင်းပြပါလိမ့်မယ်။ မရှင်းလင်းတာများ ရှိရင်လည်း ထပြီး မေးနိုင်ကြပါတယ်"

ကာလသားခေါင်း ပြန်ထိုင်လိုက်တဲ့အခါမှာ ဦးဖောင်က ပက်လက် ကုလားထိုင်ပေါ်က ထမနေတော့ဘဲ မိန့်ခွန်းပေးဖို့အတွက် ပြင်ဆင်သော အနေဖြင့် "အဟမ်း" ဆိုပြီး ချောင်းဟန့် ချွဲရှင်းနေ ပြီလေ။ ခဲဖိုး ရာဇဝင်ကို အကိုးအကားစုံလင်စွာနဲ့ ရှင်းလင်းတော့မှာမို့ ဗဟုသုတတစ်မျိုး အဖြစ်နဲ့ မှတ်သားရအောင် နားစိုက် ထားပေတော့ စာဖတ်သူရေ့။

"ခဲဖိုးတောင်းတာ တရားသလား၊ မတရားဘူးလားဆိုတဲ့ အမေးကို ဖြေရမယ်ဆိုရင် တရားတယ်လို့ ငါကတော့ တစ်ထစ်ချ ဖြေရမှာပဲကွ။ ဘာကြောင့်လဲ ဆိုရင် ခဲဖိုး ကိစ္စဟာ အခုမှ အသစ်အဆန်းရယ်လို့ ပေါ်လာတဲ့ ကိစ္စမဟုတ်ဘဲ၊ လူပေါ်စဦး ခေတ်အခါကစပြီး အစဉ်အလာ တစ်ရပ်အနေနဲ့ ရှိလာလို့ပဲ။ အဲပိုပြီး ရှင်းလင်းအောင် ပြောရမယ်ဆိုရင်တော့ ဒီသတ္တလောကကြီးမှာ လူရယ်လို့ စပြီး ဖြစ်လာတဲ့ အစဉ်အဆက်က အစချီပြီး ပြောရလိမ့်မယ်ကွ။ ဒီတော့ "မဆွရှေးခါ၊ လူတို့မှာတိ၊ ကမ္ဘာဦးက၊ ပြဟ္မကျ၍၊ ပြဟ္မာ့ပမာ၊ ကိုယ်ရောင်ဝါနှင့်၊ အစာမစား၊ ပီတိ အားဖြင့်၊ တည်ပြားကြည်နူး၊ ပျံ့မြူးလေ့လာ၊ ကာလကြာသော်၊ ရသာမေဒနီ၊ မြေဆီထပ်လျက်၊ ရာဂ သက်၍၊ မက်မက်မောမော၊ လောဘဖောဖြင့်၊ လျက်သောခါက၊ စ၍ကိုယ်ဝယ်၊ အရောင်ကွယ်ရှင့်" တဲ့ကွ။အဓိပ္ပာယ်ကို ရှင်းပြပါဦး ဆရာရယ်လို့ ဆိုခဲ့ရင် တပည်တို့ နေလ နက္ခတ်တာရာတို့ မဖြစ်ပေါ်လာမီ အတန်ကြာက အထက် ပြဟ္မာဘုံမှာ ပြဟ္မသတ္တဝါတို့သည် စုတေ စိတ်ကျ၍ ဤလူ့ပြည် ကျွန်းမြေပေါ်မှာ ဥပပတ်ပဋိသန္ဓေအားဖြင့် လူရယ်လို့ ဖြစ်ပေါ်လာကြတယ်တဲ့။

အဲဒီ ကမ္ဘာဦးသူလူသတ္တဝါတွေဟာ နေ နက္ခတ် အရောင်အလင်းတို့ မရှိပါဘဲလျက် မိမိတို့ရဲ့ ကိုယ်ရောင် အလင်းတို့ဖြင့်သာလျှင် အမှောင်ကို ပယ်ဖျောက်ပြီး သွားလာလှည့်လည် နေကြရုံမျှမက အစောအဟာရကိုလည်း မှီဝဲခြင်း မရှိကြဘဲ အဘဿရ ပြဟ္မာကြီးတွေလို ပီတိအကျွဖြင့်သာလျှင် အတန်ကြာ ကာလကို လွန်မြောက်စေနိုင်ကြတယ်တဲ့။ ကာလ အတန်ကြာတဲ့အခါ အဆင်းအနံ့ အရသာနှင့် ပြည့်စုံတဲ့ မြေဆီ မြေလွှာ အပေါ်မှာ လောဘဇောတပ်ပြီး မက်မက် မောမော လျက်တဲ့ အခါကစပြီး ရှန့်ရင်းသောရုပ်တို့ ဖြစ်ပေါ်လာသဖြင့် ကိုယ်ရောင် အလင်းတို့ဟာလည်း ကွယ်ပ သွားပါသတဲ့" စကား များများ ပြောလိုက်ရ၍ အာခြောက်သွားရောထင့်၊ ကရားထဲမှ အဖြူရည်ကို တစ်ခွက်ငှဲ့ပြီး သောက်နေပြန်ပြီလေ။

တစ်ဖက်သူကတော့ ခဲဖိုး ရာဇဝင်ကို ပြောမယ်ဆိုပြီး ဘာတွေ လျှောက်ပြော နေတာလဲလို့ ထင်ချင်ထင်မယ်။ ဒီလိုပဲဗျ၊ သူတို့ အဘိဓမ္မာ ဆရာကြီးတွေဟာ တစ်ခုခုကို ပြောချင်ရင် အရှည်ကြီး ချီပြီးမှ လိုရင်းကို ရောက်လာ တတ်တယ်။ ဒါကြောင့်မို့ သည်းခံပြီး နားထောင်လိုက်ပါနော်။ လိုရင်းကိုတော့ ရောက်ပါ လိမ့်မယ်။ အလို ဟိုထောင့်က လူငယ် တစ်ယောက်က မတ်တတ် ရပ်လိုက်ပါကလား။ မရှင်းမလင်းတာရှိရင် ထပြီးမေးနိုင်တယ်ဆိုလို့ မေးရအောင် ထ တာများလား။ သူကတော့ ဒီရွာက သူကြီးသားလေ၊ မြို့က အတန်းကျောင်းမှာ ကျွန်တော်တို့ တောသူတောင်သား ဝေါဟာရ အားဖြင့်ဆိုရင် လောကဓာတ် ကျောင်းမှာ ၁၀ တန်း အောင်ခဲ့သူပေါ့။ ဟော ... နားထောင်၊ သူ စပြီး ပြောနေပြီ။

"ဆရာကြီးရဲ့ အာဘော်အရဆိုရင် လူတွေဟာ ပြဟ္မာကြီးတွေက စပြီး ဖြစ်လာတယ်လို့ ဆိုထားပါတယ်။ ကျွန်တော်တို့ ကျောင်းမှာ သင်ခဲ့ရတဲ့ သူ့သမိုင်း မှာတော့ လူဟာ တိရစ္ဆာန်ဘဝကနေပြီး အဆင့်ဆင့်နည်းနဲ့ တိုးတက်ဖြစ်ပေါ် လာတယ်လို့ ဆိုထားပါတယ်။ ပထမ သမုဒ္ဒရာ ရေပြင်ပေါ်မှာ သက်ရှိ ကလာပ်စည်းကလေးများ ဖြစ်ပွား ပေါ်ပေါက်လာပြီးနောက် ကုန်း၊ ရေ၊ လေ စတဲ့ နေရာများမှာ ခြေထောက်များ၊ အရေပြားများနဲ့ သွားလာ လှုပ်ရှားရင်း အမျိုးအမည်ပေါင်း အသင်္ချေ အနန္တ တိုးတက်ခဲ့တဲ့ တိရစ္ဆာန် သတ္တဝါပေါင်း များစွာအထိ တိုးတက်ဖြစ်ပေါ်ခဲ့တယ်လို့ ဆိုတယ်။ အဲဒီ တိရစ္ဆာန်တွေ အမျိုးမျိုး အနက် အမွေးပေါက် ခြေလေးချောင်း သတ္တဝါတွေကမှ တစ်ဖန် အဆင့်ဆင့် နည်းနဲ့ လူဝံများကမှ တစ်ဖန် ရှေးလူရိုင်းများ၊ နောက် ယခုခေတ် လူတွေအထိ အဆင့်ဆင့် ကူးပြောင်းတိုးတက်လာခဲ့ခြင်း ဖြစ်တယ်လို့ ဆိုထားပါတယ်။ ဒီတော့ ဘယ်ဟာကို အမှန် ယူရမယ်လို့ မဆုံးဖြတ်တတ်အောင် ဖြစ်နေပါတယ်"

ဩ... လက်စသတ်တော့ သူက "လူသည် တိရစ္ဆာန်ဘဝမှ အဆင့်ဆင့်နည်းနဲ့ တိုးတက်ဖြစ်ပေါ် လာခြင်းဖြစ်သည်" ဆိုတဲ့ သတ္တဝါဗေဒ

သုတေသီကြီးဖြစ်တဲ့ "ဒါဝင်" ရဲ့ အယူအဆကို တင်ပြနေတာကိုး။ ဒါကို ဦးဖောင်ကနားမှ လေသံ မကြားချင်တဲ့ ဟန်မျိုးနဲ့ လက်ဝါးကာပြပြီး -

"ဟော့ ... ရပ်လိုက်စမ်းကွာ၊ မင်းတို့ ကုလားဖြူ ကျောင်းတွေက မဟုတ်မဟတ် သင်ပေးလိုက်တဲ့ မိစ္ဆာ အယူတွေကို ပရိသတ် ဗိုလ်ပုံအလယ်မှာ လာပြောနေတာ နားခါးလွန်းလို့ ရပ်လိုက်စမ်းကွာ" လို့ ခါးခါးသီးသီး ပိတ်ပင်လိုက်တာနဲ့ သူ့ခမျာ မျက်နှာကလေး ငယ်ငယ်နဲ့ ထိုင်ချလိုက်ရပြီလေ။

ဒီလိုပဲဗျ၊ ဦးဖောင်တို့လို ရှေးဆန်တဲ့ အဘိဓမ္မာဆရာကြီးများဟာ တစ်ခုခုကို လက်ခံထားမိရင် တစ်ခါတည်း လှေနံဓားထစ် တရားသေ စွဲမှတ်ထားတော့တာပဲ။ သူ လက်ခံထားတဲ့ အယူအဆနဲ့ ဆန့်ကျင် ကွဲလွဲတဲ့ အယူအဆဆိုရင် မိစ္ဆာ အယူလို့ တစ်ဖက်သတ် ကြေညာတော့တာပဲ။ အပေးအယူ သဘောမျိုးနဲ့ အပြန်အလှန် ဆွေးနွေးဖို့ မလိုလားတတ်ဘူး။ ကဲ ... ဒါလောက် တောင် ဖြစ်လှတာ ကျွန်တော် ကလည်း ဒီကမ္ဘာကြီးပေါ်မှာ အယူအဆ အမျိုးမျိုး၊ မှုကွဲတွေ အမျိုးမျိုးရှိနေ ပါတယ်ဆိုတာ ထင်ရှား သွားအောင် သူတို့ရဲ့ အယူအဆနဲ့ မတူတဲ့ မှုကွဲတစ်ခုကို ထပြီး တင်ပြလိုက် ရသေးတာပေါ့ဗျာ။

"အယူအဆချင်းမတူတဲ့ အမျိုးမျိုးကို နှိုင်းယှဉ်ပြီး လေ့လာရတာ အင်မတန် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒါကြောင့် ကျွန်တော်ကလည်း ခုနက ပြောသွားကြတဲ့ အယူအဆနှစ်မျိုးနဲ့ မတူတဲ့ မှုကွဲ တစ်ခုကို ဖြည့်စွက်ပြီး တင်ပြလိုပါတယ်။ ဒါပေမဲ့ အခုတင်ပြမယ့် အယူအဆဟာ ကျွန်တော် လက်ခံ ယုံကြည်ထားတဲ့ အယူအဆ မဟုတ်ဘူးဆိုတာ ကြိုတင်ပြီး ဝန်ခံထားပါတယ်။ အကယ်၍ ကျွန်တော်သာ ခရစ်ယာန် ဘာသာဝင်တစ်ဦးဖြစ်ခဲ့ရင် (တကယ်တော့ မဟုတ်ဘူးဗျနော်) "လူကို ထာဝရဘုရားသခင် ဖန်ဆင်းတော်မူသည်" လို့ ပြောရပါမယ်။ အဘယ့်ကြောင့် ဆိုရပါမူကား ..."

စာဖတ်သူရေ့၊ ကျွန်တော့်စကား အဲဒီနားလည်းရောက်ရော ကျွန်တော်ဟာ စကားကို ရုတ်တရက် ရပ်ထားလိုက်ပြီး တကယ့် တရားဟောဆရာ တစ်ဦးရဲ့ ဟန်မျိုးနဲ့ လက်ဖဝါးနှစ်ဖက်က ကိုယ်ရှေ့မှာ တစ်ခုပေါ်တစ်ခု ထပ်ပြီး မျက်နှာကြက်ဆီသို့ ခေါင်းကို မော့ထားလိုက်တယ်လေ။ ပြီးတော့မှ ကျွန်တော်ဟာ တကယ့် တရားဟောဆရာ တစ်ဦးရဲ့ လေသံမျိုးနဲ့ ထာဝရဘုရား၏ သမ္မာကျမ်းပါ ဓမ္မကျမ်းဟောင်း ကျမ်း ၃၉ ကျမ်းတွင် ပါဝင်သော ကမ္ဘာဦးကျမ်းမှ အချက်အလက်အချို့ကို ဟောဒီလို ကောက်နုတ်ကိုးကား ရွတ်ဆိုပြလိုက်တယ်။

"တစ်ဖန် ဘုရားသခင်က ငါတို့ ပုံသဏ္ဍာန်နှင့် တညီတသဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကို လည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကို လည်းကောင်း၊ သားယဉ်တို့ကို လည်းကောင်း၊ မြေတစ်ပြင်လုံးနှင့် တကွ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို လည်းကောင်း အုပ်စိုးစေဟု အမိန့်တော်ရှိ၏။ ထိုသို့ ဘုရားသခင်သည် မိမိ ပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်း တော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမတို့ကို ဖန်ဆင်း ပြီးလျှင် အချင်းတို့ များပြားစွာ မွေးဖွားကြလော့၊ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါး တို့ကို လည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကို လည်းကောင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှား တတ်သော တိရစ္ဆာန်အပေါင်းတို့ကို လည်းကောင်း အုပ်စိုးကြလော့ဟု မိန့်တော်မူ၍ သူတို့ကို ကောင်းချီးပေးတော်မူ၏" လို့ ကမ္ဘာဦးကျမ်းမှာ ပါဝင်တဲ့အတိုင်း ထာဝရ ဘုရားသခင်ဟာ အာဒံ အမည် ရှိတဲ့ လူယောကျ်ားနဲ့ ဧဝ အမည်ရှိတဲ့ လူမိန်းမကို ဖန်ဆင်းပြီး သူတို့ နှစ်ဦးကမှ တစ်ဖန် လူမျိုးဆက်ကို ပွားများစေတယ်လို့ ဆိုပါတယ်"

ကျွန်တော်လည်း ထိုင်ချလိုက်ရာ စာဖတ်သူရေ့၊ ဦးဖောင်ဟာ ကျွန်တော့်ကို မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်တဲ့ပြီး ရွံ့ရှာစက်ဆုပ်တဲ့ ဟန်မူရာ

မျိုးနဲ့ "ထွိ" ခနဲ တံထွေးတစ်ချက် ပစ်ထွေးလိုက်တယ်လေ။ အဲဒီ အချိန်မှာပဲ ဟိုနားက လူငယ် တစ်ယောက်က မတ်တတ်ထရပ် နေပြန်ပါပကော။ သူကကော ဘာများ ပြောဦးမလို့လဲ၊ သူ့မျက်နှာကလည်း သရော်လိုတဲ့ သဘောနဲ့ ပြုံးစိစိနဲ့လေ။

"လူဟာ ဘယ်ကနေ စပြီး ဖြစ်ပေါ်လာတယ်၊ လူရဲ့ အစမူလ ဇီဇဟာ ဘယ်ကနေ ဖြစ်ဖွားခံလာတယ် ဆိုတာနဲ့ ပတ်သက်ပြီး အယူအဆ အမျိုးမျိုးကို ပြောသွားလိုက်ကြတာ အင်မတန် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကျွန်တော် ကလည်း ကျွန်တော် လေ့လာသိရှိထားတဲ့ လူရဲ့အစ မူလဇီဇကို အမြင် တစ်မျိုးနဲ့ တင်ပြလိုပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ကိုးကားစရာ ကျမ်းကြီးကျမ်းခိုင်ရယ်လို့ မရပါဘူး။ အင်မတန် သေးနုပ် သိမ်ဖျင်းတယ်လို့ ရှေးပညာရှိများ ယူဆထားတဲ့ SEX လို့ခေါ်တဲ့ လိင်ပညာ ကိုပဲ ကိုးကား ပြောဆိုရမှာပါပဲ။ လူရဲ့ အစမူလ ဇီဇဟာ ဘယ်ကနေ မြစ်ဖွားခံလာတယ်ဆိုတာ ကျွန်တော် လွယ်လွယ် ကလေးနဲ့ ရှင်းပြပါမယ်။ အဖသုတ်ရည်က သန္ဓေထီးနဲ့ အမိသုတ်ရည်က သန္ဓေမတို့ ပူးပေါင်း စပ်ယှက်မိရာကအစ သားသန္ဓေရယ်လို့ ဖြစ်ပေါ်လာပြီး လူရယ်လို့ ဖြစ်လာကြောင်း ကျွန်တော်က လိင်ပညာအမြင်နဲ့ တစ်မျိုး တင်ပြရပါတယ် ခင်ဗျား"

သူဟာ စကားဆုံးလို့ ထိုင်ချလိုက်တဲ့အထိ သူ့ မျက်နှာကတော့ ပြောင်ချော်ချော် ပြုံးစိစိပါပဲ။ လက်စသတ်တော့ သူက နောက်ပြောင်ပြီး ပြောတာကိုး။ သူကတော့ ရှာက စာကြည့်တိုက်မှူးလေ။ ကဲ စာဖတ်သူရေ၊ လူရဲ့ အစမူလကို ပြောရင်း ပြောရင်းနဲ့ မူအမျိုးမျိုး ကွဲကုန်ပါရောလား။ ဒါပေမဲ့ မှန်သည် ဖြစ်စေ၊ မှားသည်ဖြစ်စေ ကျွန်တော်တို့ ကာလသားခေါင်း ဆုံးဖြတ်ရမှုသာ အတည်ဖြစ်မှာ ပါပဲ။ ကျွန်တော်တို့ ကာလသားခေါင်းဟာ ရှေးဆန်သူတစ်ဦးမို့ ဦးဖောင်ရဲ့ အယူကိုသာ အမှန်လို့ အတည်ပြုမှာပါပဲဗျား။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၄)

ကာလသား ခေါင်းဟာ တည်ငြိမ်တဲ့ မျက်နှာထားနဲ့ ကြမ်းပြင်ကို သူ့လက်ဖဝါးနဲ့ သုံးချက်လောက် ခပ်ပြင်းပြင်း ပုတ်လိုက်တယ်။ အဓိပ္ပာယ်ကတော့ အားလုံးငြိမ်ကြလို့ ဆိုလိုတဲ့ သဘောပါပဲ။ မီးရေနဲ့ သတ်လိုက်သလို အားလုံးပဲ တိတ်ဆိတ်သွားကြပြီလေ။ ဒီတော့မှ သူဟာ စကားပြောရအောင် မတ်တတ် ရပ်လိုက်တယ်။

"အချိန် သိပ်မရှိဘူး၊ ပြောစရာရှိတာ မြန်မြန်ပြော၊ ဆုံးဖြတ်စရာ ရှိတာ မြန်မြန်ဆုံးဖြတ်ပြီး လုပ်စရာရှိတာ မြန်မြန်လုပ်ကြရမှာမို့ မင်းတို့ လူငယ်ပိုင်းက တတ်ယောင်ကား လုပ်ပြီး စွာကျယ်ကျယ်နဲ့ ဆရာကြီး ဦးဖောင်ရဲ့ စကားကို ဝင်မစွက်ကြပါနဲ့။ ဆရာကြီးခင်ဗျား၊ ဒီလူငယ်တွေကို ဗွေမယူဘဲ ဆရာကြီးရဲ့ စကားကိုသာ ထပ်ဆက်ဖို့ တောင်းပန်ပါတယ်"

သူတို့ ဆရာတပည့် နှစ်ယောက်ကတော့ လိုက်ပါပေ့ဗျာ။ ကာလသား ခေါင်းက တောင်းပန် လိုက်တယ်ဆိုရင်ပဲ အလိုမကျသလို သုန်မှုန်နေတဲ့ ဆရာကြီး ဦးဖောင်ရဲ့ မျက်နှာဟာ ကျေနပ်သွားသလို ပြုံးဖြီးဖြီး ပြန်ဖြစ်လာပြီး သူ့စကားကို ဆက်ဖို့ ဟန်ပြင်နေတယ်။ တကယ်ဆိုတော့လည်း သမိုင်းအဖြစ်နဲ့မှ ခဲဖိုးရာဇဝင်ကို ဖော်ထုတ်နိုင်မှာကိုး။ ဟော ... အခု သူ ဆက်ပြီး ပြောနေပါပြီ။

"မြေဆီမြေလွှာအပေါ်မှာ တပ်မက်တဲ့ လောဘဇောနဲ့ လျက်တဲ့ အခါက စပြီး ကိုယ်ရောင်အလင်းတွေ ကွယ်ပသွားတဲ့အထိ ပြောခဲ့ပြီးပြီနော်။ အဲဒီနောက် ဘာဖြစ်လာသလဲတဲ့။ "ညဥ့်နယ်မှောင်ကျ၊ ကြောက်လန့်ကြကြောင့်၊ ထိုမျှဤမျှ၊

အလင်းတသော်၊ နေလပေါ်မြောက်၊ မြေဆီပျောက်၍ ထိုနောက် တစ်ခါ၊ တစ်စစတိ၊ လောဘထပ်တိုး၊ လွှမ်းမိုးပွားလာ၊ ထိုတဏှာကြောင့်၊ ထိုပဒါနွယ်၊ ကွယ်ခဲ့ပျောက်ပြန်၊ အဆနချည်းသီး၊ မီးနှိုက်မချက်၊ လိုလို ကျက်၍၊ နံ့သက်ကြိုင်မေး၊ သလေးဖြူဝင်း၊ ဆန်ထမင်းကို၊ စားလျှင်းကုန်ကြ၊ ပွားရာဂနှင့် ဟာရမကျေ၊ စာရေရုန့်ရင်း၊ ကိုယ်တောင့်တင်းလျက်၊ ဝမ်းတွင်းနှိုက်ဝယ်၊ ကြင်ကြီးငယ်တို့၊ အကယ်တည်၍၊ တိုးဖေ့ထိုးကျင့်၊ ဖြစ်သဖြင့်လျှင်၊ ထိုနှင့် လျော်စွာ၊ ထွက်ကြရာသား၊ ဓမ္မတာဟူဘိ၊ ရှေးဇာတိတိုင်း၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝတို့ ပေါ်ကြတုံငြား၊ ယောကျ်ား မိန်းမ၊ ဖြစ်ထထိုစာ၊ တပ်မက်စွာလျှင်၊ ယှဉ်ကာ မောင်နှံ၊ ဒွယံ ဒွယံ၊ မေထုနဖြင့်၊ ရာဂတရား၊ ဆင့်ဆင့်ပွား၍၊ အများသူတော်၊ မြင်မလျော်ဟု၊ ဟစ်အော်သုန်သုန်၊ မြေမှုန့်ပြာစု၊ လွှင့်ပြုပစ်ကာ၊ ဝေးရာရုတ်ရုတ်၊ မောင်းနှင်ထုတ်၏ တဲ့ကွ"

မောသွားသလို တစ်ထောက် ရပ်နားလိုက်ပြန်ပြီလေ။ အဲဒီနောက် ထုံးစံအတိုင်း အမောပြေ အဖြူရည် ကလေးတစ်ခွက် ငုံ့သောက်ရပြန်ပြီဗျ။ ဒါမှလည်း အာဝဇ္ဇန်းရွှင်ရွှင်နဲ့ သူ့စကားကို ထပ်ဆက် နိုင်မှာကိုး။ ချက်ချင်းပဲ သူ့စကားကို ပြန်ဆက်နေပါပြီ။

"လက်ာသွားကို နားမလည်လို့ စကားပြေနဲ့ ရှင်းပြပါဦး ဆရာရယ်လို့ ဆိုခဲ့ရင် ... တပည့်တို့၊ သူတို့၏ ကိုယ်မှ အလင်းရောင် ကွယ်ပသွားပြီး မှောင်အတိ ဖြစ်သွားသဖြင့် သူတို့ဟာ အလင်းရောင်ကို ပြင်းစွာ တောင့်တ ကြတော့ နေ၊ လ ရယ်လို့ ထွက်ပေါ်လာရပါသတဲ့။ သူတို့ရဲ့ လောဘကြောင့် မြေဆီများ ပျောက်ကွယ်သွားပြန်တဲ့အခါ မြေသင်းလွှာနဲ့ ပဒါလတာ မည်တဲ့ နွယ်ချိုနှစ်ပါးကို စားမျိုရင်း တစ်စတစ်စနဲ့ လောဘ ထပ်တိုးလာပြန်တဲ့အတွက် အဲဒီ တဏှာလောဘကြောင့် အဲဒီနွယ်ချိုဟာ ရှေးနည်းတူ ကွယ်ပျောက်ပြန်ပါ သတဲ့။ အဲဒီ အခါကျမှ အခွံမဖုံး၊ ဖွဲလည်း မကပ်၊ အဆန်ချည်း သီးပြီး မီးမှာ

မချက်ရဘဲ အလိုလို ကျက်ရှိမှုမက အနံ့အသက် မွှေးကြိုင်တဲ့ သလေးဆန်ထမင်းကို စားသောက်ကြပြန်ပါရောတဲ့။

အဲဒီလို ရုန့်ရင်း ကြမ်းတမ်းတဲ့ သလေးဆန်ထမင်းကို စားသောက်တဲ့ အခါမှာ အစာမကျေဘဲ ကျင်ကြီး ကျင်ငယ်တွေဖြစ်ပြီး ဝမ်းတွင်းမှာ ထွက်ပေါက်ကို တိုင်တွေ့ကြတဲ့အတွက် ကျင်ကြီး ကျင်ငယ်ထွက်စရာ အမာဝ ပြွန်ပေါက်ပြွန်တံတို့ဟာလည်း ထွက်ပေါ်လာရသတဲ့။ မိန်းမ ဖြစ်ထိုက်သော သူအား မိန်းမ၊ ယောကျ်ားဖြစ်ထိုက်သောသူအား ယောကျ်ား အသွင်သဏ္ဍာန် အင်္ဂါကြီးငယ် ဘာဝရုပ်တို့ဟာလည်း ခြားနား ဖြစ်ပေါ်လာတယ်တဲ့။ အဲဒီလို ယောကျ်ား မိန်းမရယ်လို့ ခြားနားဖြစ်ပေါ်လာတဲ့ အခါမှာ ဆန့်ကျင်တဲ့ လိင်အချင်းချင်း တစ်ဦးရဲ့ အင်္ဂါကို တစ်ဦးက တပ်မက်စွာ ကြည့်ရှုဖန်များတဲ့ အခါမှာ ကာမရာဂစိတ် များအားကြီးစွာ ပေါ်လာတဲ့အတွက် မေထုန်အမှုကို ပြုကြပါရောတဲ့။

အဲဒီလို မေထုန်အမှုကိုပြုတဲ့ သူတွေကို မပြုတဲ့ ပညာရှိ သူတော်သူမြတ်များ မြင်တော့ "ဠီ... ဝသလာ၊ ဠီ... ဝသလာ" ဝသလာ-သူယုတ်တို့၊ ဠီ - ထိရွံ့စရာ။ အဲသို့ကလို ကဲ့ရဲ့ ရေရွတ်ပြီး ခဲ တုတ် စသည်များဖြင့် ပစ်ခတ်ကာ ဝေးရာကို မောင်းနှင် ထုတ်လိုက်ကြတယ်တဲ့။ မင်္ဂလာဆောင်မှာ ခဲပေါက်တဲ့ အစဉ်အလာဟာ အဲဒီက စ လာတာပဲကွ။ အဲဒီလို ပစ်ခတ်ခြင်းဘေးမှ လွတ်ကင်းပြီး ချမ်းသာစွာ မေထုန်မှုကို ပြုရန်အတွက် ပုန်းကွယ်ရာ အိမ်တို့ကို ဆောက်လုပ် နေထိုင်ကြသတဲ့။ နေထုန်မှုကို မပြုတဲ့ သူတွေကတော့ အိမ်ဆောက်ဘဲ သစ်ပင်ရင်း လွင်တီးခေါင် စသည်တို့မှာသာ နေကြတယ်တဲ့။ အဲဒီအခါမှာ အိမ်ထောင် သားမွေးခြင်း အမှုကို ပြုတဲ့ အာဂါရိယလူ၊ အိမ်ထောင် သားမွေးခြင်း အမှုကို မပြုတဲ့ အစဉ်အလာဟာ မျိုးရိုးအစဉ်အဆက်က ဆင်းသက်လာတဲ့ အစဉ်အလာတစ်ရပ်မို့ ခဲပေါက် မခံချင်ရင် ခဲဖိုးငွေ ပေးကြရတယ်ကွ။ အခု

ခဲဖိုးငွေ မပေးဘဲ ဒီအစဉ်အလာကို ဆန့်ကျင်တဲ့ သတိုးသမီးများ အိမ်ကို ခဲနဲ့ ဝိုင်းပေါက်ရက် အပြစ်ရှိတယ်လို့ မဆိုနိုင်ပါဘူး”

ဦးဖောင်ရဲ့ စကားကတော့ဖြင့် ဆုံးပါပြီ။ လိုရင်းကိုလည်း ခုမှ ရောက်လာပါပြီ။ မင်္ဂလာဆောင်မှာ ခဲဖိုးတောင်းတာ၊ ခဲပေါက်တာဟာ ရှေးတုန်းထဲက ဆင်းသက်လာတဲ့ အစဉ်အလာမို့ တရားပါသတဲ့။ ကဲ … ဒါဖြင့် ရှေးတုန်းက အိမ်ထောင် သားမွေးခြင်းကို ပြုတဲ့ အာဂါရိယလူတွေကို အိမ်ထောင် သားမွေးခြင်း အမှုကို မပြုတဲ့ သူတော်စင် အာဂါရိယ လူတွေက ခဲနဲ့ ပေါက်တာတော့ ထားပါတော့။ ဒါပေမဲ့ အခု အိမ်ထောင်သားမွေးခြင်း အမှုကို ပြုတဲ့ အာဂါရိယ သူအချင်းချင်း ခဲနဲ့ပေါက်တာတော့ ဘယ်လိုပြောမလဲ။ ဦးဖောင် ကိုယ်တိုင်လည်း အိမ်ထောင် သားမွေးခြင်း အမှုကို ပြုခဲ့တဲ့ အာဂါရိယ လူတစ်ဦးပဲ မဟုတ်လားဗျာ။ ဘိန်းစားချင်း အတူတူ တစ်မူး ပိုရှုရာ ကျမနေဘူးလား။

ကာလသားခေါင်းလည်း ရုတ်တရက် မတ်တတ်ထရပ်လိုက်ပြီးနောက် “ဆရာကြီး ဦးဖောင်ရဲ့ ဩဝါဒ အတိုင်း သတို့သမီးအိမ်ကို ခဲနဲ့ ဝိုင်းပေါက်ကြမယ်၊ ကန့်ကွက်မယ့် လူများ ရှိနေသလား” လို့ မေးလိုက်တယ်။ “မရှိဘူး… မရှိဘူး” ဟူသော အသံများ၊ “သတို့သမီးအိမ်ကို ဘယ့်နှယ် ဝိုင်းမယ် … ဒီ့နှယ်ဝိုင်းမယ်… ဘာနဲ့ ပေါက်မယ်… အုတ်ခဲ ထက်ပိုင်းကျိုးနဲ့ ပေါက်မယ်… ညီစေနော် …အေး။ အေး အပြင် အဲ မရကြဘူးလား လဟ … ဟား …” ဆိုတဲ့ အသံများဟာလည်း ကာလသားထုကြီးထဲက တစ်ခဲနက် ထွက်ပေါ်လာတယ်။

စာဖတ်သူရေ၊ ဒီထဲမှာ သဘောမတူတဲ့ လူလေးငါးဆယ်ဦးလောက်တော့ ရှိပါရဲ့။ ဒါပေမဲ့ သူတို့ဟာ လူနည်းစုကလေး ဖြစ်နေလို့ ဘယ့်နှယ်မှ မတတ်နိုင်ကြဘူးဗျ။ ဒီအဓိပ္ပာယ်မရှိတဲ့ လုပ်ငန်းစဉ်မှာ မပါဝင်လိုဘူး၊ ဒီအစည်းအဝေးကို သပိတ်မှောက်တယ်လို့ ရဲရဲတောက် ကြေညာပြီး ထွက်လာပြန်ရင်လည်း ကာလသား အများစုရဲ့ ရန်မူခြင်းကို ခံရမယ်ဗျ။ အင်း …

သူတို့ကလည်း အရက်ကလေး မူးမူးနဲ့ဆိုတော့ ထိန်းမနိုင် သိမ်းမရ ဖြစ်ကုန်ကြတော့မှာ ထင်ပါရဲ့ဗျာ။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

(၅)

ကာလသားခေါင်းဟာ သူ့လူတွေကို ဓား၊ လှံ၊ မိုန်း စတဲ့ လက်နက်များကို တပ်ဆင်လိုက်တယ်။ ပြီးတော့မှ တန်းစီခိုင်းပြီး သူ့တပ်ကိုသူ စစ်ဆေးတယ်။ အဲဒီအခါမှာ သူ့မျက်နှာထား၊ သူ့ဟန်၊ သူ့အမူအရာကတော့ တကယ့်ဗိုလ်ချုပ်ကြီး တစ်ဦးရဲ့ ဟန်မူရာမျိုးပါပဲ။

"အခု ကျုပ်တို့ ခဲပေါက်သွားကြမယ်။ ဒါပေမဲ့ ခါတိုင်း မင်္ဂလာ ဆောင်တွေမှာ ခဲပေါက်သွားသလို ပေါ့ပေါ့ဆဆ သွားလို့တော့ မဖြစ်ဘူး။ သတို့သမီးရဲ့ အိမ် လေးဖက်လေးတန်မှာ သူတို့ဆွေမျိုး လူမိုက်တွေကို ဓားလက်နက် ကိုယ်စီနဲ့ ကင်းချစောင့် ခိုင်းထားတာမို့ ကျုပ်တို့ကလည်း လက်နက် ကိုယ်စီ ကိုင်စွဲပြီး သတိဝီရိယနဲ့ သွားကြရလိမ့်မယ်။ ဒါပေမဲ့ ကျုပ်တို့ အဖို့ ကြောက်စရာ မလိုပါဘူး၊ သူတို့နဲ့ နှိုင်းယှဉ်လိုက်ရင် ကျုပ်တို့က ပိုပြီး လူအား ကောင်းတယ်၊ ပြီးတော့ ကျုပ်တို့မှာ အင်မတန် အစွမ်းကောင်းတဲ့ ဆရာကြီး ဦးဖောင်ရဲ့ အဆောင် လက်ဖွဲ့တွေလည်း ရှိထားတယ်။ ဓားတို့ လှံတို့ လောက်တော့ အပျော့လို့သာ မှတ်ထားလိုက်ကြကွ။ အဲ မင်းတို့ အဲဒီ အဆောင် လက်ဖွဲ့တွေကို တစ်ယောက်တစ်ခုစီ လာယူလှည့်ကြ"

ကာလသားတွေဟာ တစ်ယောက်ပြီး တစ်ယောက် ကာလသားခေါင်း ထံမှ အဆောင်လက်ဖွဲ့ကို သွား ယူကြတယ်။ အဆောင်လက်ဖွဲ့ ဆိုတာကတော့ ချည်နီကြိုးတစ်ချောင်းပေါ်မှာ ငွေကို အပြား ခတ်ပြီး စီရရီ လက်ဖွဲ့ထိုးထားတဲ့

ဟာကလေးတွေပါပဲ။ အဲဒီ အဆောင် လက်ဖွဲ့ကြိုးများကို သူတို့ရဲ့ ဘယ်ဘက် လက်မောင်းမှာ ပတ်ချည်ပြီးတာနဲ့ တစ်ပြိုင်နက် သူတို့ရဲ့ မျက်နှာပေါ်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည် စိတ်ချတဲ့ စိတ်ဓာတ်မှ ရောင်ပြန်ဟပ်လာတဲ့ အရိပ်အယောင်ကလေးများဟာ အထင်းသား ပေါ်ပေါက် လာတယ်။

တလောကလုံးကို ဂရုမစိုက်ဘူး ဆိုတဲ့ ဂိုက်ကိုလည်း ဖမ်းလာကြတယ်။ ကာလသား ခေါင်းဟာ သူ့လူတွေကို အစုလေးစုခွဲပြီး တပ်စု လေးစုအဖြစ် ဖွဲ့စည်း လိုက်တယ်။ တပ်စု နှစ်စုကို ရေတပ်အဖြစ် သတ်မှတ်ပြီး တပ်စုနှစ်စုကိုတော့ ကြည်းတပ်အဖြစ် သတ်မှတ်ကြတယ်။ ဘာပြုလို့လဲ ဆိုတော့ သတို့သမီးရဲ့ အိမ်တည် နေရာက အိမ်နောက်မှာ ချောင်းရေ၊ အိမ်ရှေ့မှာ တာလမ်းမနဲ့ ကွင်းပြင်ကြီး ရှိနေတာမို့ အိမ်တည်ရာကို အစွဲပြုပြီး ရေတပ်နဲ့ ကြည်းတပ်လို့ နှစ်တပ် ခွဲခြားလိုက်ရတာပဲ။ ဒါမှသာ သတို့သမီးရဲ့ အိမ်ကို လေးဖက် လေးတန်ကနေ ဝိုင်းနိုင်မှာကိုး။ ရေတပ်အတွက် သတ်မှတ်ထားတဲ့ တပ်စုနှစ်စု အနက် တပ်စုတစ်စုလျှင် လှေသုံးစင်းစီ ပေးအပ် လိုက်တယ်။ လှေတစ်စင်းမှာ အုပ်ခဲများ အပြည့်တင်ဆောင်ပြီး လှော်သူနှစ် ယောက်နဲ့ ခဲပေါက်မယ့်သူ နှစ်ယောက် လိုက်ရပါမယ်။ ကျန်တဲ့ လှေနှစ်စင်းမှာတော့ လက်နက်ကိုင် တပ်သားများ လိုက်ပါပြီး အုတ်ခဲလှေနဲ့ ခဲပေါက်မယ့်လူများကို ရန်သူများ မနှောင့်ယှက်နိုင်အောင် ဘေးမှ ခြံရံပြီး အကာအကွယ် ပေးရမယ်လို့ သတ်မှတ် လိုက်တယ်။

ကျန်တဲ့ ရေတပ်မှ တပ်စုတစ်စုကိုလည်း လှေသုံးစင်းနဲ့ ထိုနည်းတူ ဖွဲ့စည်းထားတာပါပဲ။ ရေတပ်မှ တပ်စုနှစ်စုအနက် တပ်စုတစ်စုက သတို့သမီးရဲ့ အိမ်နောက်ရှိ ချောင်းရေ၏ မြောက်ဘက်တွင် တပ်စွဲထားရမယ်။ ကျန်တပ်စု တစ်စုက သတို့သမီးရဲ့ အိမ်နောက်ရှိ ချောင်းရေ၏ တောင်ဘက်တွင် တပ်စွဲ ထားပြီ၊ သတို့သမီးရဲ့ အိမ်နောက်ဘက်ကို ထောင့်နှစ်ထောင့်မှ ပတ်ဝိုင်းထား ရမယ်လို့ အမိန့်ထုတ်ပြန်လိုက်တယ်။ ကြည်းတပ်မှ တပ်စုနှစ်စုကလည်း

သတို့သမီးရဲ့ အိမ်ရှေ့ရှိ တာလမ်းမနဲ့ သစ်ပင်ကြီးများကို အကာအကွယ်ယူပြီး မြောက်ဘက်နှင့် တောင်ဘက်မှာ တပ်စု တစ်စုစီ တပ်စွဲထားခြင်း အားဖြင့် သတို့သမီးရဲ့ အိမ်ရှေ့ကို ထောင့်နှစ်ထောင့်မှ ပတ်ဝိုင်းထားရမယ် လို့လည်း အမိန့်ထုတ်လိုက်တယ်။ အဲဒီနည်းနဲ့ သတို့သမီးရဲ့ အိမ်ကို လေးဖက်လေးတန်က ပတ်ဝိုင်းမိမှ ခဲနဲ့ စပေါက်ရမယ်။ တပ်စုတစ်စုက အလျင်ရောက်နှင့်ပြီး အလျင်စလို ခဲနှင့် ပေါက်ခြင်း မပြုရ။ အိမ်လေးဖက်လေးတန်မှာ စုံညီစွာ တပ်စွဲ ပတ်ဝိုင်းမိမှ ပေါက်ရမယ်။ အိမ်ကို လေးဖက်လေး တန်က တပ်စွဲပတ်ဝိုင်းပြီး မပြီး သိရအောင် လက်ခေါက်မှုတ်ပြီး အချက်ပေးကြမယ်လို့လည်း သဘောတူ ညီထားကြတယ်။

စာဖတ်သူနဲ့ ကျွန်တော်တို့ နှစ်ယောက်တော့ ကြည်းတပ်ကနေပြီး လိုက်ကြမယ်နော်။ ရေတပ်ကဆိုရင် လှေနဲ့ သွားရမှာမို့ မဟန်လို့ လစ်ပြေး ချင်တောင် ကျွန်တော်တို့ နှစ်ယောက်ထဲ သဘောနဲ့ မပြီးသေးဘူးဗျ။ ကျွန်တော်တို့နဲ့ တစ်လှေတည်းစီးတဲ့ သူတွေကပါ သဘောတူမှ ဖြစ်မှာ။ ကြည်းတပ် မှာဆိုတော့ ကိုယ်ပိုင်ခြေထောက်ကိုသာ အားကိုးရမှာမို့ မဟန်တာနဲ့ တစ်ချက်တည်း တိတ်တိတ် ကလေးလစ်ပြေးနိုင်တယ် ဟုတ်ဘူးလားဗျာ။

ဟော အခုကိုပဲ တပ်တွေဟာ စတင်ပြီး ထွက်ခွာကြပါပြီ။ ရေတပ်မှ တပ်စုနှစ်စုဟာလည်း လှေ ၆ စင်းနဲ့ တပျော်တပါးကြီး ထွက်ခွာသွားကြပါပြီ။ မရှေးမနှောင်းမှာပဲ ကျွန်တော်တို့ ကြည်းတပ်မှ တပ်စု ၂ စုလည်း ထွက်ခွာကြပါပြီ။ ကျွန်တော်ကတော့ သတို့သမီးရဲ့ အိမ်ထောင်ဘက်မှာ တပ်စွဲရမယ့် တပ်စုထဲမှာ ပါတယ်။ ကျွန်တော်တို့ရဲ့ တပ်စုကို ကျွန်တော်တို့ ကာလသားခေါင်းကိုယ်တိုင် အုပ်ချုပ် ကွပ်ကဲပြီး လိုက်ပါလာတာမို့ အားရှိစရာကြီးပေါ့ဗျာ။

ညဉ့်ကိုးနာရီ အချိန်လောက် ရှိနေပြီလေ။ လကွယ်ရက်မို့ လမထွက်တဲ့ အတွက် လရောင်တော့ မရှိဘူးဗျို့။ ကြယ်ရောင်ကလေးတွေကိုသာ အားကိုးပြီး မှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ ချီတက်နေရတယ်။ အို စာဖတ်သူကလည်း တယ်ခက်ပါ ကလားဗျာ၊ အတင့်ရဲပြီး တပ်ရှေ့ကနေ မလိုက်စမ်းပါနဲ့လို့ဆို။

ဟောဒီမှာ ကျွန်တော်နဲ့အတူ တပ်နောက်ကသာ မယောင်မလည်နဲ့ လိုက်ခဲ့စမ်းပါ။ ကျွန်တော် တို့ဟာ တိုင်းပြည်အတွက်၊ အမျိုးအတွက်၊ ဒါမှတပတ် မွန်မြတ်တဲ့ ရည်ရွယ်ချက်ကြီး တစ်ခုအတွက် အသေခံပြီး တိုက်ပွဲဝင်ရအောင် ထွက်လာကြတာ မဟုတ်ဘူးဆိုတာ သတိထားစမ်းပါ။ ကျွန်တော်တို့ဟာ တာလမ်းမနဲ့ သစ်ပင်များရဲ့ အရိပ်ကိုခိုပြီး သတို့သမီးရဲ့ အိမ်ဘက်ကို တရွေ့ရွေ့ ချီတက်နေကြတယ်။ ကျွန်တော်တို့ ကြည်းတပ်မှ တပ်စုတစ်စုကတော့ သတို့သမီးရဲ့ အိမ်မြောက် ဘက်ထောင့်မှာ တပ်စွဲထားရအောင် လမ်းခွဲတစ်ခုကနေပြီး ချီတက်သွားကြပြီလေ။

သတို့သမီးရဲ့ ဆွေမျိုးလူမိုက်တွေ ဘယ်နေရာကင်းချ စောင့်ဆိုင်းနေတယ် ဆိုတာ ကျွန်တော်တို့ ကာလသားခေါင်းက စောစောကပဲ စုံစမ်းထောက်လှမ်းထားလို့ သိနေပြီလေ။ ဒါကြောင့်မို့ ဒီလူတွေ မရိပ်မိအောင် ဘယ်နေရာကနေပြီး ချီတက်ရမယ်။ ဒီလူတွေ မသိနိုင်အောင် ဘယ်နေရာမှာ တပ်စွဲ ထားရမယ်ဆိုတာ အကွက်ကျ စီစဉ်နိုင်တာပေါ့။

ဟော ... အခု ကျွန်တော်တု့ တပ်စုဟာ တစ်ဖက်ရန်သူများ လုံးဝ မရိပ်မိအောင် ကျွန်တော်တို့ တပ်စွဲထားဖို့ သတ်မှတ်ထားတဲ့ သတို့သမီးရဲ့ အိမ်တောင် ဘက်ကို အရောက် ချီတက်နိုင်ပြီး၊ အခိုင်အမာ တပ်စွဲထားမိပြီလေ။ ကျွန်တော်တို့ တပ်စွဲထားတဲ့ နေရာကတော့ ကုက္ကိုပင်ကြီးတစ်ပင်ရဲ့ အောက်မှာပေါ့ဗျာ။ အဲဒီ ကုက္ကိုပင်ကြီးရဲ့ ရှေ့မှာ တာလမ်းမ၊ တာလမ်းမရဲ့ တစ်ဖက်မှာတော့ သတို့သမီးရဲ့ လေးပင်သုံးခန်း ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုး အိပ်ကြီးပေါ့ဗျာ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ တပ်စွဲထားတဲ့ နေရာက နေပြီး သတို့သမီးရဲ့ အိမ်ကို ခဲနဲ့ လှမ်းပေါက်မယ်ဆိုရင် အလှမ်းမီနိုင်ပါတယ်။ ကျွန်တော်တို့ ရင်ဆိုင်ရမယ့် ရန်သူတော်တွေကတော့ ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင် တာလမ်းမရဲ့ တစ်ဖက်က ကုက္ကိုပင်ကြီးအောက်မှာ ရှိနေတယ်လေ။ ဒီလိုနဲ့

ကျွန်တော်တို့ တပ်စုနဲ့ ကျွန်တော်တို့ ရန်သူတော်များဟာ တာလမ်းမကို ဗဟိုထားပြီး တစ်ဖက်တစ်ချက်မှာ တပ်စွဲထားကြတယ်။

ကျွန်တော်တို့ ကာလသားခေါင်းဟာ ကျွန်တော်တို့ တပ်စုကို အစိတ်စိတ်ခွဲပြီး တပ်စိတ်ကလေးများအဖြစ် ပြန်လည်ဖွဲ့စည်းလိုက်တယ်။ နောက် ကျွန်တော်တို့ တပ်စုကို လာရောက်တိုက်ခိုက်မယ်လို့ ထင်ရတဲ့ နေရာတွေမှာ အဲဒီ တပ်စိတ်ကလေးများကို ကင်းချစောင့်ခိုင်း ထားလိုက်တယ်။

အစီအစဉ် အားလုံးလည်း ပြီးရော ကျွန်တော်တို့ ကာလသားခေါင်းက လက်ခေါက်မှုတ်ပြီး အချက်ပေးဖို့ အမိန့်ပေးလိုက်တယ်။ ကာလသားတစ်ဦးက "ရှွီ" ခနဲ လက်ခေါက်မှုတ်ပြီး အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ရဲ့ မြောက်ဘက်ထောင့်ကလည်း "ရှွီ" ခနဲ လက်ခေါက်မှုတ်ပြီး ပြန်ကြားလိုက်တဲ့ အသံ ထွက်ပေါ်လာတယ်။ တစ်ချိန်တည်းမှာပဲ သတို့သမီးရဲ့ အိမ်နောက်ရှိ ချောင်းရေနဲ့ တောင်ဘက်ထောင့်ကရော မြောက်ဘက်ထောင့်ကပါ "ရှွီ" ခနဲ၊ "ရှွီ" ခနဲ အချက်ပြန်ပေးသံကို ကြားရတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ တပ်စု လေးစုဟာ သတို့သမီးရဲ့ အိမ်လေး ထောင့်ကို လေးဖက်လေးတန်ကနေပြီး ပတ်ဝိုင်းတပ်စွဲ ထားမိပြီဆိုတာ သေချာသွားတယ်။

ချက်ချင်းပဲ ကျွန်တော်တို့ ကာလသားခေါင်းက သတို့သမီးရဲ့ အိမ်ကို ခဲနဲ့ပေါက်ဖို့ အမိန့်ပေးလိုက်တယ်။ သူတို့ တအားလွှဲပြီး ပစ်ပေါက်လိုက်တဲ့ အုတ်ခဲ ထက်ပိုင်းကျိုးကြီးတွေဟာ သွပ်မိုးတဲ့ သတို့သမီးရဲ့ အိမ်ခေါင်မိုးပေါ်ကို ကျပြီး တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ မြည်ဟည်းသွားတယ်။ ကျွန်တော်တို့ တင်မဟုတ်ဘဲ အိမ်လေးဖက် လေးတန်ကနေပြီး ဝိုင်းပေါက်ကြတဲ့အတွက် တဒုန်းဒုန်း တဒိုင်းဒိုင်း အသံတွေဟာ အဆက်မပြတ်ဘဲ ဆူညံနေတာပေါ့ဗျာ။ သတို့သမီးရဲ့ အိမ်ထဲက လူသံသူသံနဲ့ ကလေးငိုသံများဟာ ဆူညံစွာ ထွက်ပေါ်လာတယ်။

တိုက်ပွဲကတော့ စပြီဖျို့ စာဖတ်သူရေ၊ သတိရှိရှိနဲ့ လစ်ပြေးဖို့ အသင့်သာ ပြင်ထားပေတော့။ မကြာမီမှာပဲ ပြင်းထန်တဲ့ လက်နက်ကိုင် တိုက်ပွဲဟာ ဆိုက်ရောက်လာတော့မယ်။ မြေလျှောင် တော်လဲသလို အုတ်အုတ် ကျက်ကျက် ညံညံစီစီ ဖြစ်နေတဲ့ အတွင်းမှာပဲ တစ်ဖက်ကုက္ကိုပင်ကြီးမှာ ရှိနေတဲ့ ရန်သူတော်များဟာ လက်နက်ကိုယ်စီ ကိုင်ဆွဲပြီး ကျွန်တော်တို့ ရှိရာကို ပြေးဝင်လာတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ကာလသားခေါင်းဟာ သူ့ရဲ့ လက်စွဲတော် ငှက်ကြီးတောင်ဓားကြီးကို တအားဝင့်ပြီး ရန်သူများကို ပြေးကြိုတယ်။ ကင်းစောင့်နေတဲ့ ကာလသားများလည်း ကာလသားခေါင်းရဲ့ ပတ်ဝန်းကျင်မှာ စုရုံးပြီး အပြေးဝင်လာတဲ ရန်သူများကို ဆီးကြို ရင်ဆိုင် လိုက်ကြတယ်။ နှစ်ဖက်သားဟာ တာလမ်းမပေါ်မှာ ဆုံမိကြပြီး တစ်ဖက်နဲ့ တစ်ဖက် ထိုးကြ ရိုက်ကြ၊ ခုတ်ကြ ထစ်ကြနဲ့ ပွက်လောရိုက်သွားတာပါပဲ။

"စွပ်" ခနဲ အသံများ၊ "အုန်း" ခနဲအသံများ၊ "စွပ်" ခနဲအသံများ၊ "ဗိုင်း" ခနဲ လူတစ်စုံတစ်ယောက် လဲကျ သွားတဲ့ အသံများဟာလည်း ကြောက်ခမန်း လိလိ ထွက်ပေါ်လာနေတယ်။ လရောင်မရှိတဲ့ အမှောင်ထဲမှာ သူတို့ဟာ လုံးထွေးပြီး ရှုပ်ယှက်ခတ်ဖြစ်နေတာမို့ သူ့လူကိုယ့်လူမှ ခွဲခြားနိုင်ကြရဲ့လား မသိပါဘူးဗျာ။ ကျွန်တော့် စိတ်ထဲမှာဖြင့် "ကမ္ဘာကြီး ပျက်စီးလုနီးပြီလော" လို့ အတွေးပေါ်လာတယ်။ အဓိပ္ပာယ်မရှိတဲ့ ခဲဖိုးကိစ္စကလေးအတွက်နဲ့ တစ်ရွာလုံးနဲ့ ချီပြီး လူသတ်ပွဲကြီး ဆင်နွှဲကြတာဟာ လူကြားလို့မှ မကောင်းအောင် ရှိုင်းစိုင်း လွန်းရာ ရောက်နေပါတယ်။ မှားယွင်းတဲ့ ခေါင်းဆောင်မှုအောက်မှာ၊ အကျိုး မရှိတဲ့ လုပ်ငန်းစဉ် တွေနဲ့သာ အချိန်ဖြုန်းပြီး ဘဝတုံးကြရတဲ့ တောရွာ လူငယ် ကာလသားများအတွက် ကျွန်တော့်မှာ ရင်ထုမနာ ဖြစ်နေမိတယ်။

ကဲ ... စာဖတ်သူရေ၊ ဒီ စိတ်မချမ်းသာစရာ ကောင်းတဲ့ လူသတ်ပွဲနဲ့ ဝေးရာကို ပြေးကြပါစို့။ ဒီ လူသတ်ပွဲမှာ ဘယ်နလောင်းသေပြီး ဘယ်နယောက် ဒဏ်ရာ ရတယ်ဆိုတဲ့ သတင်းကိုတော့ အဝေးကပဲ နားထောင်ကြပါစို့ဗျာ။

ပေါ ... သတင်းကတော့ဖြင့် ထွက်လာပြီ။ ကျွန်တော်တို့ ကာလသားများ ဘက်က ပွဲချင်းပြီး နှစ်လောင်းသေပြီး၊ ခြောက်ယောက် ဒဏ်ရာရရတယ်တဲ့။ သတို့သမီးများ ဆွေမျိုးဘက်က သုံးလောင်းသေပြီး၊ ရှစ်ယောက် ဒဏ်ရာရရတယ်တဲ့။ ကောင်းနိုင် ကြသေးရဲ့လားဗျာ။ ဓားတို့၊ လှံတို့ လောက်တော့ အပျော့ ထားတယ်ကွလို့ ဆိုတဲ့ ဦးဖောင်ရဲ့ အဆောင် လက်ဖွဲ့များကို အားကိုးပြီး အတင့်ရဲမိတဲ့ ကာလသား တွေထဲက နှစ်လောင်း သေပြီး၊ ခြောက်ယောက်တောင် ဒဏ်ရာရခဲ့ပါပြီ။

နက်ဖြန်ဆိုရင် မြို့က ပုလိပ်တွေ ဆင်းလာပြီး ဖမ်းဟယ်ဆီးဟယ်နဲ့ ရှုပ်ယှက်ခတ် ဖြစ်ဦးမှာပါပဲဗျာ။ ဒါပေမဲ့ ဒီလို ဖမ်းဆီးမယ့် အထဲမှာ အဘိဓမ္မာဆရာကြီး ဦးဖောင် မပါဘူးဆိုတာတော့ သေချာပါတယ်။ ဘာပြုလို့လဲ ဆိုတော့ ဒီ မလိမ်မိုး မလိမ္မာ လူငယ် ကာလသားကလေးများကို မှန်ကန် ကောင်းမွန်တဲ့ လမ်းစဉ်ကို ပြပြီး ဆွဲခေါင်ရမယ့်အစား၊ လူသတ်ပွဲထဲကိုသာ တွန်းပို့လိုက်သူဟာ ဦးဖောင်သာ ဖြစ်လို့ သူသာလျှင် တစ်တရားခံ ဖြစ်ထိုက်တယ် ဆိုတာကိုတော့ သူတို့မှ မသိကြဘဲကိုးဗျ။

ကိုင်း ... စာဖတ်သူဟာ ကျွန်တော်နဲ့အတူ ခဲဖိုးတောင်းတဲ့နေရာမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပြီး၊ မျက်မြင် ကိုယ်တွေ့ လေ့လာပြီးမို့ ခဲဖိုးတောင်းတဲ့ အစဉ်အလာရဲ့ အကောင်းအဆိုးကို ဆုံးဖြတ်နိုင် လောက်ပါပြီနော်။ ဒါဖြင့် ကျွန်တော်တို့ဟာ ဒါလောက် ရိုင်းစိုင်းတဲ့ ခဲဖိုးတောင်းတဲ့ အစဉ်အလာကို မြန်မာ့ ယဉ်ကျေးမှု လောကမှ အပြုတ်တိုက်ထုတ်ပစ်နိုင်အောင် ကြိုးစားကြပါစို့ လားဗျာ... နော်။

~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~

# မွေးမေလေးတော် သူ စိတ်ဆိုးလို့

(၁)

သူငယ်ချင်းကောင်း ယောက်မတို့တော် ...။

ငါ့ကိုမွေးတဲ့ အမေဖျက်လို့ ချစ်တဲ့သူနဲ့ ကွဲခဲ့ရပြီ။ တစ်ခါတလေ သူ့ကို တွေ့ချင်လွန်းလို့ မျှော်မိပေမဲ့ အမေက အလစ်မပေးလို့ မတွေ့ရပါဘူး ကောင်ရယ်။ အမေက အိမ်ဝင်းခြံကို ဆူးချုံတွေ အထပ်ထပ် ကာရံ ပိတ်ဆို့ပြီး ခြံဝင်းထဲမှ "ရန်လုံ" ဆိုတဲ့ အင်းခွေးကြီးကို အမြဲလွှတ်ထားလေတော့ သူ့ခမျာလည်း ခါတိုင်းလို ငါရှိရာကို အလစ်မဝင်လာနိုင်ဘူး ထင်ပါရဲ့အေ။

ငါ့မောင်ဖားတွေ ဆိုတာကလည်း ဓားလက်နက်ကိုယ်စီနဲ့ ခြံဝင်းထဲမှာ မပြတ် ကင်းလှည့်နေကြလို့ သူနဲ့ငါ တွေ့ဖို့ဖြင့် အဝေးကြီး ဝေးကြရပြီ။ မျက်ခမ်းတွေ ဆိုတာ တဆတ်ဆတ်လှုပ်ပြီး အိပ်မက်ရာမက်တွေ ကလည်း မကောင်းဘူးအေ့။ ဒါကြောင့် ဒီတစ်ခါတော့ သူနဲ့ ငါ တကယ်ပဲ ကွဲကြရပြီ ထင်တယ်အေ။ ဟို "ဗလကြိုင်" ဇာတ် လာကတုန်းက ပြသွားဖူးတဲ့ ကိန္နရာမ ကလေးလိုသာ ငါ့မှာ အတောင်ရှိရင်လား တစ်ခါတည်း ငါ့ချစ်သူ ရှိရာကို အရောက် ပျံသန်းသွားပါရဲ့။

ငါ့ကျောပြင်ကို လှန်ပြီး ကြည့်ကြပါဦးအေ။ ဒဏ်ရာတွေ ဒဏ်ရာတွေ ဆိုတာ အရှိုးချင်းထပ်ပြီး ဖူးဖူး ရောင်လို့ပေါ့။ ပေါင်ကို လှန်ကြည့်လိုက်ဦးမလား၊ ပေါင်တွင်းကြောကို လိမ်ဆွဲထားလို့ ညိုလို့ မည်းလို့လေ။ အဲဒီ ဒဏ်ရာတွေဟာ ငါ့မွေးမေ စိတ်ဆိုးလို့ ရိုက်နှက်ထားတဲ့ ဒဏ်ချက်တွေပေါ့အေ။ ဖြစ် ကြောင်း

ကုန်စင် ကိုတော့ ပြန်လို့တောင် မပြောချင်တော့ပါဘူး အေရယ်။ ဒါပေမဲ့ ပြောချလိုက်ရမှ အေးမှာပဲ အေရဲ့။ ဟောဒီ ရင်နှစ်ခြမ်းဟာ ဖြန်းဖြန်းကွဲသွားပစေ။ ရင်ထဲမှာ ရှိနေ တဲ့ အကျိတ်အခဲတွေကိုတော့ စာအံသလိုဖွင့်ညပြီး အန်ချလိုက်ရမှ ရင်ထဲမှာ ရှင်းပြီး ပေါ့သွား မယ်လို့ ထင်တယ်။ ဒါကြောင့် ဖြစ်ကြောင်းကုန်စင် ကိုတော့ နတ်သံမနှော တောသံနှောပြီး ပြောပြ လိုက်ရဦးမှာပေါ့ ယောက်မရယ်။

~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~

(၂)

ပြောဆို အစကနေပြီး ပြောမှ ညည်းတို့ နားလည်ကြမှာပဲနော်။ ဒါကြောင့် သူနဲ့ ငါ စပြီး ချစ်ကြိုက်ပုံက စပြောရလိမ့်မယ်။ သူ ဆိုတာကတော့ ငါ့တစ်ယောက် မမေ့နိုင်တဲ့ ကြင်စဦး၊ ပန်းဦးပန် ငါ့ ရည်းစားကို ပြောတာနော်။

အဲဒီတုန်းက ငါ့အသက်ဟာ ၁၄ နှစ်လောက်ပဲ ရှိသေးတယ်အေ့။ မရှိသေ့စကား ပြောရမယ်ဆိုရင် ရာသီပန်း ပွင့်ပြီးလို့ အပျိုဘော်ဝင်စပဲ ရှိသေးတယ်ဆိုတာ ညည်းတို့လည်း သိမှာပေါ့။ ကလေးစိတ် မကုန်သေးလို့ ဆော့လို့ ကောင်းတုန်းပေါ့လေ။ ရွယ်တူ ယောကျ်ားလေးတွေနဲ့လည်း ဝင်ပြီးဆော့ လိုက်တာပဲ၊ သစ်ပင်ဆိုလည်း တက်လိုက်တာပဲ။ အမြဲတမ်း ပြေးလွှားခုန်ပေါက်ပြီး နေချင်တယ်။ စကားပြောလို့ ရှိရင်လည်း အမှားအမှန် မစဉ်းစားဘူး၊ စိတ်ထဲ ရှိသလောက် ကက်ကက်လန် ဆတ်ဆတ်ကြဲ ပြောပစ်လိုက်တာပဲ။

အဲဒါ အမေက မကြိုက်ဘူးအေ့။ မိန်းမဆိုတာ မိန်းမပီပီ ဣန္ဒြေရရနဲ့ သိမ်သိမ်မွေ့မွေ့ နေရထိုင်ရ တယ်တဲ့။ ပြောလို့ဆိုလို့ ရှိရင်လည်း ဒီလို ဘောက်ဆတ်ဆတ် မပြောဘဲ တစ်ဖက်သား နားဝင်ချိုအောင် ယဉ်ယဉ် ကျေးကျေး ပြောရတယ်တဲ့။ အဲဒီလိုပြောပြီး ရှေးတုန်းက ခြေတစ်လှမ်းကို ကုဋေ တစ်သန်းတန်တဲ့ မင်းသမီးကလေး တစ်ပါးရဲ့ သိမ်မွေ့ နူးညံ့ပုံတွေကို လျှောက်ပြောလိုက်တာအေ ... နားကို ငြီးယူ လာတာပဲ။

အမေက ဒီမင်းသမီးကလေးကို အတုယူပြီး သိမ်သိမ်မွေ့မွေ့ နေထိုင်ဖို့ ဆိုလိုမှန်း ငါ သိပါတယ်အေ။ ဒါပေမဲ့ ညည်း စဉ်းစားကြည့်စမ်း။ ရှေးတုန်းက ရှေးတုန်းက၊ အခုက အခု မဟုတ်လား။ အခုလို ခေတ်ဆိုး ခေတ်ကျပ်ကြီးထဲမှာ မိန်းကလေးပေမဲ့ ပိုးတီကောင်ကလေးလို သိမ်မွေ့ နူးညံ့နေလို့ ထမင်းငတ်သွားမှာပေါ့။ ပြီးတော့ မင်းသမီးကလေးက မင်းသမီးကလေး၊ ငါက ငါပဲဟာ၊ ဘာဆိုင်လို့တုံး။ သူလည်း သူဟာသူ ကြိုက်သလိုနေ၊ ကြိုက်သလိုထိုင်။ ငါလည်း ငါ့ဟာငါ နေတတ်ထိုင်တတ်သလို နေထိုင်တာ ငါ့အပြစ် လား။ အမေတို့လို ရှေးလူကြီးတွေကိုက အရိုးများသော ချေးခါးသောနဲ့ အင်မတန် ဇီဇာများပါတယ်အေ။

နောက်ပြီး ရွယ်တူ ယောက်ျားကလေးတွေနဲ့ ငါ အရောတဝင် နေတာကိုလည်း အမေက မကြိုက်ဘူး အေ့။ "ဟဲ့ နင့်အသက်ဟာ မငယ်တော့ဘူး၊ ယောက်ျားလေးတွေနဲ့ ထွေးရောယှက်တင် နေလို့ မဖြစ်တော့ဘူး။ အနေအထိုင် အပေါင်းအသင်းကိုလည်း ဆင်ခြင်ဦးမှပေါ့" လို့လည်း တတွတ်တွတ် သတိပေးနေတယ်။ သူ ပြောတော့မှပဲ ငါ့အသက်ဟာ မငယ်တော့ဘူး၊ ငါဟာအပျိုဘော် ဝင်လာပြီလို့ သတိထားမိတာပဲအေ။

ဒါပေမဲ့ ခဏပါပဲလေ။ နောက်ဆိုရင် အမေ ပြောတာမေ့သွားပြီး ငါ့နဂိုနေအတိုင်း ဆော့စရာရှိတော့၊ နောက်စရာရှိ နောက်။ ငါ့ ယောက်ျား သူငယ်ချင်းလေးတွေနဲ့လည်း သတ်ပုတ်လုံးထွေးပြီး နေမြဲတိုင်း နေမိတာပဲ။ အဲဒီတော့ ရွာထဲက ငါ့ကို "မရုပ်တေး" လို့ ဘွဲ့ ထူးပေးလာကြတယ်အေ့။ ဒီကောင်မလေးဟာ ၁၄ နှစ် သမီးအထိတောင် ခံမှာမဟုတ်ဘူး ဆိုတာက တစ်မျိုး၊ လင်ကောင် မပေါ်ဘဲနဲ့ မွေးမယ့် ဟာကလေးပါ ဆိုတဲ့ အပြောမျိုးလည်း ပါရဲ့။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးနဲ့ သားပုပ်လေလွင့် ပြောကြတာ ပေါ့အေ။ ဒါပေမဲ့ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ဘူးဆိုပြီး ငါတော့ မသိသလို၊ မကြားသလို လုပ်နေလိုက်တာပဲ။

ဒါပေမဲ့ သူတို့ ယောက်ျားလေးတွေဟာ မကောင်းဘူးအေ့။ ငါက ခါတိုင်းလို မှတ်ပြီး ရိုးရိုးတန်းတန်း ဆက်ဆံပေမဲ့ သူတို့က ဆန်းလာကြတယ်။ ငါ့ကို ကြည့်ပုံကလည်း တစ်မျိုးကြီး ဖြစ်လာကြတယ်။ အိုကွယ် ... နောက်ဆုံး ငါ့ကို ရည်းစားစာ ပေးကြတယ်၊ လူပျိုစကား ပြောကြတယ်။ တကယ် ပါအေ၊ ငါ ဒါတွေကို နည်းနည်းလေးမှ စိတ်မဝင်စားပါဘူး၊ စိတ်ကူးထဲလည်း မထည့်မိပါဘူး။ ဒါကြောင့်မို့ သူတို့ကို ခပ်ကြမ်းကြမ်းပဲ ပြောပစ်လိုက်ရတယ်။ "ဟဲ့ ဒီစာတွေကို ငါ့ကို မပေးကြနဲ့၊ နင်တို့ နမတွေကို သွားပေးကြ။ ဟဲ့ ... ဒီစကားမျိုးကို ငါ့လာမပြောကြနဲ့၊ နင်တို့ နမတွေကို နင်တို့ သွားပြောကြ" လို့ပဲ ပတ်ကြမ်း တိုက်ပြီး ပြောပစ်လိုက်ရတယ်။ ဒီလို မပြောဘဲ လေနုအေးကလေးနဲ့ ပြောလို့လည်း ရမယ့် လူစား တွေမှ မဟုတ်ဘဲကိုး အေ့။

ဘယ်လိုပဲပြောပြော၊ မရပါဘူးအေ။ သူတို့တွေဟာ ငါ သွားတဲ့နောက်က တကောက်ကောက် လိုက်ပြီး မထိမခိုက် ပြောင်လိုက်၊ စ လိုက်နဲ့ လုပ်တဲ့လူက လုပ်။ ငါ့ကို အလစ်မှ အတင်းအဓမ္မ ကြံစည်မယ်လို့ဆိုပြီး ချုံကြို၊ ချုံကြား၊ ဇရပ်ကြို ဇရပ်ကြားက ချောင်းတဲ့ လူကလည်း ချောင်းနဲ့မို့ ငါဖြင့် သွားစရာလာစရာရှိရင် ဟိုတုန်း ကလို ခပ်ပေါ့ပေါ့ မသွားရဲဘဲ သတိထားပြီး သွားလာနေရတယ်အေ။ နောက်ပြီး သူတို့ ယောက်ျားလေးတွေ ယုတ်မာတာ ရှိသေးတယ်အေ့။ ငါကဖြင့် သူတို့ကို တစ်ခါမှ ပြန်မကြိုက် ရဘဲနဲ့ ငါနဲ့ သူတို့နဲ့ ကြိုက်နေတယ်၊ ဘယ်နေရာမှာ ဘယ်လိုတွေ့ပြီး ဘယ်လို လုပ်လိုက် ရတယ်နဲ့ အသားယူပြီး ရွာထဲ လျှောက်ကြွား ကြတယ်။ ဒီတော့ ရွာထဲမှာ ငါ့သတင်းဟာ အတော်ကြီး နေတာပေါ့။ သူတို့ ယောက်ျားလေးတွေ ယုတ်မာတာနဲ့ ကြားထဲက ငါ့မှာ အချောင် နာမည်ပျက် နေရတယ်။

ရှိသေးတယ်အေ့၊ သူတို့ ယောက်ျားလေးတွေဟာ ငါ့ကို ပိုးရင်း ပန်းရင်းနဲ့ အချင်းချင်း မနာလို မရှုဆိတ်ဖြစ်ပြီး တစ်ယောက်နဲ့ တစ်ယောက် ချောင်းရိုက် ကြလို့ ထိပ်ပေါက် ခေါင်းကွဲဖြစ်တဲ့ လူလည်း မနည်းတော့ဘူးလေ။ အဲဒီလို

ဖြစ်ရတာကို ရွာက ငါ့အပေါ်ပဲ အပြစ်ပုံချပြီး ပြောကြတာပဲ။ "မိန်းမဖျက် ပြည်ပျက်" ဆိုတဲ့ စကားဟာ တယ်ပြီးမှန်ပါကလား။ ဒီ မိတ်န္တားမကလေး တစ်ကောင် မကောင်းတာနဲ့ ရွာက ကာလသား လေးတွေ ဒုက္ခရောက်ကုန် တော့မှာပဲ။ ဒီ ကောင်မလေး လင်တစ်ယောက်ကို မြန်မြန် အတည်တကျ ယူမှ အေးမှာပါ" လို့ ပြောနေကြတယ်။ သူတို့ယောက်ျားတွေ စိတ်သဘောထား သေးသိမ်လို့ ဖြစ်ရတာကို ငါ့အပေါ် ပုံချတာ တရားသလားအေ့။

အဲဒါ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ အမေ့နားကို ပေါက်ကြား သွားပါရောအေ။ ဒီတော့ အမေက ငါ့ကို ဆူဆဲ လုပ်ပါလေရော။ ငါ့မှာ ဘယ်သူနဲ့မှ ဘာမှ မဖြစ်ရဘဲနဲ့ အခြောက်တိုက် အပြောခံရတော့ စိတ်ထဲမှာ မခံချိ မခံသာ ဖြစ်မိတာပေါ့အေ။ ဒါကြောင့် အရွဲ့တိုက်ပြီး ရေးကထက် ပိုသည်းပစ်လိုက်တယ်။ အဲဒီတော့ အမေက ငါ့ကို "ငါးဖယ်မ" တဲ့။ ငါးဖယ်များဟာ ထုလေ မာလေမို့ ဆိုလေ ကဲလေ၊ မန်းလေ ပြဲလေ လုပ်နေတဲ့ ငါ့ကိုလည်း ငါးဖယ်မလို့ ဘွဲ့ထူးပေးလိုက်တာပေါ့အေ။ ဘယ်လိုပဲခေါ် ခေါ် ငါ ကောင်းရင် ပြီးတမ်းမို့ မမှုပေါင်။

(၃)

အဲဒီလို အချိန်မျိုးမှာပဲ သူနဲ့ ငါလာပြီး ကြိုက်ကြရတာပဲအေ့။ ပထမတုန်းကတော့ သူနဲ့ ငါဟာ ရိုးရိုး တန်းတန်း ခင်ကြတာပါအေ။ နောက်မှ မကြိုက်ရင် မနေနိုင်အောင် ဖြစ်သွားတာနဲ့ ကြိုက်လိုက်ကြ ရတာပဲ။ ကြိုက်မိပြန်တော့လည်း ကြိုက်မရက်ဆိုတဲ့ စကားလို မရက်နိုင်၊ မကြောက်နိုင်အောင် ဖျပ် ဖျပ်လူး ကြိုက်မိတာပေါ့အေ။

ငါ့ယောကျ်ားလေး သူငယ်ချင်း တွေထဲမှာ သူတစ်ယောက်တော့ အနေလည်း အေးတယ်၊ သဘောသကာယလည်း ကောင်းတယ်။ ငါ့အပေါ်မှာ တခြားလူတွေ ဆန်းသလောက် သူကတော့ မဆန်းဘူး။ နောက်ဆုံး အချိန်အထိ ရိုးရိုးပဲ ခင်တယ်။ ငါ ထင်ခွေသွားလည်း သူ ပါတာပဲ၊ ကောက်သင်းကောက် သွားရင်လည်း သူပါတာပဲ။ ငါ့ကို ရိုးရိုးတန်းတန်း ခင်ပြီး အိမ်မှုကိစ္စ ဗာဟီရတွေကို ဝိုင်းဝန်း လုပ်ပေး နေတဲ့လူ၊ တို့ မိန်းမသားတွေ မနိုင်တဲ့ ဝန်ကို အမြဲ ကူညီ လုပ်ပေးနေတဲ့သူမို့ သူ တစ်ယောက်နဲ့ အခင် မပျက် နေတာကိုတော့ အမေလည်း ဘာမှ မပြောသာဘူးပေါ့ အေ။

အဲဒီလိုနဲ့ အနေကြာလာတော့ ရွာထဲက သူနဲ့ ငါ့ကို တိတ်တိတ်ပုန်း ညားနေကြတဲ့ အဖြစ်မျိုးရောက်အောင် ဝိုင်းပြီး သမုတ်ကြပြန်ပါရော။ သူတို့ဟာ သူတို့ သမုတ်ရုံတင်မကသေးဘဲ အမေ့ကိုပါ တို့တဲ့လူက သွားတို့ လိုက်လို့ အမေက ငါ့ကို သူနဲ့ အဆက်ဖြတ်ပြီး ခပ်တန်းတန်း နေရမယ်လို့ ပညတ် လိုက်တယ်။

ငါက ရိုးရိုးတန်းတန်း ခင်ကြတာပါဆိုပြီး အကျိုးအကြောင်း ရှင်းပြပါသေးတယ်။ ဒါပေမဲ့ အမေက တစ်ယူသန်ကြီးမို့ မရပါဘူးအေ။ ဒါနဲ့ နောက်တစ်ကြိမ် သူနဲ့ လူချင်း ဆုံမိတဲ့အခါမှာ ငါလည်း ဒီအကျိုးအကြောင်းတွေကို ပြောပြပြီး၊ ငါ့ကို အဆက်ဖြတ်ပြီး ခင်တန်းတန်းနေဖို့ မပြောရက်ဘဲနဲ့ မပြောရင် မပြီးလို့ ဖွတ်နှစ်ပြီး ပြောချလိုက်ရတယ်။ အဲဒီတုန်းက သူ့ဖြစ်အင်ကို ညည်းတို့ မြင်စမ်းစေချင်တယ်အေ။ တစ်ခါတည်း သူ့မျက်နှာဟာ ညိုးသွားပြီး ဇက်ကို ကျိုးကျသွားတာပဲ။ အဲဒီလို သူ့အဖြစ်ကို မြင်လိုက်ရတော့ အင်မတန် စိတ်ကြမ်း ကိုယ်ကြမ်းနဲ့ စိတ်မြန် လက်မြန်ရှိတဲ့ ငါတောင်မှ မခံနိုင်ဘဲ မျက်ရည်မဆည်နိုင်အောင် ဝမ်းနည်းသွားရတာပေါ့အေ။

အတော်ကြာအောင် သူ ဘာမှ မပြောဘဲ ငိုင်နေတယ်။ သူ့မျက်လုံးမှာလည်း မျက်ရည်တွေ ဝိုင်းလို့ ပေါ့အေ။ ပြီးတော့မှ"လူတွေဟာ မကောင်းဘူးနော်၊ တို့ဟာ တို့ ရိုးရိုးတန်းတန်း ခင်ကြတာကို မဟုတ် မတရား လျှောက်ပြောကြတယ်၊ အေးလေ ... တို့ဟာ လူကြီးတွေကို လွန်ဆန်နိုင်တာ မဟုတ်လို့ အဆက်ဖြတ်ပြီး ခပ်တန်းတန်းပဲ နေကြရတော့မှာပေါ့။ ဒါပေမဲ့ ငါတော့ နင့်ကိုမှ မမြင်ရရင် မနေတတ် မထိုင်တတ်ကို ဖြစ်နေတော့မှာပဲဟယ်" လို့ ဝမ်းနည်းသံကြီးနဲ့ ပြောပြီး တစ်ခါတည်း လှည့်ထွက်သွားတော့ တာပဲ။

ငါလေ တစ်နေ့လုံး သူ့ရဲ့ ညိုးငယ်နေတဲ့ မျက်နှာကိုသာ မြင်ယောင်နေပြီး၊ သူ့ရဲ့ ဝမ်းနည်းသံကြီးနဲ့ ပြောလိုက်တဲ့ စကားတွေကိုလည်း ကြားယောင်နေတယ်၊ မနေတတ် မထိုင်တတ်နဲ့၊ ဘယ်နေရာမှာမှ ထိုင်လို့ ဖင်မကျဘူး။ ငါက ဒီလို ဂနာမငြိမ် ဖြစ်နေတာကို အမေက တစေ့တစောင်း လှမ်းကြည့်တဲ့ပြီး "ဟင်းနော် ... ဗိုင်းတာမ၊ နင် တော်တော် ထ၊ ငါလည်း ပျိုရာက အိုလာတဲ့ သူပဲ၊ မသိဘူးမှတ်သလား" လို့ လှမ်းကြိတ် နေသေးတယ်။ အမေက ဘယ်လိုများ ထင်နေ ပြန်တယ် မသိပါဘူး အေ။

ဒီလိုနဲ့ သုံးရက်လောက်ကြာတော့ သူ့ဆီက စာတစ်စောင် ရောက်လာတယ်။ ငါ့ကို သူ မမြင်ရရင် မနေနိုင် ဘူးတဲ့။ ဒါကြောင့် ဒီည အမေအိပ်ချိန်ကို မှန်းပြီး တို့အိမ်ပေါ် သူ တိတ်တိတ်ကလေး တက်လာမယ်တဲ့။ အဲဒါ တွေ့ခွင့်ပြုပါ … ဆိုတဲ့ အကြောင်းပါပဲ။

ငါကလည်း တွေ့ချင်နေတုန်းမို့ ထူးထူးထွေထွေ ဘာမှ စဉ်းစား မနေတော့ဘဲ လာခဲ့ … အတွေ့ခံမယ်လို့ အလွယ်တကူ ပြန်ကြားလိုက်တယ်။ နောက်မှ သေသေချာချာ ပြန်ပြီး စဉ်းစား ကြည့်မိတယ်။ တို့ဟာ ရိုးရိုး တန်းတန်း ခင်တယ်ဆိုပြီး ဒီလို ညကြီးသန်းခေါင်မှာ ချိန်းတွေ့ရင် လူတွေက ဘယ်လို ထင်ကုန်မလဲလို့ ပေါ့လေ။ ဒါပေမဲ့ လူကြီးတွေက ရိုးရိုးတန်းတန်း တွေ့ခွင့်မပြုတော့ ဒီလိုမှ မတွေ့ရရင် ဘယ်လို လုပ်တွေ့မလဲ။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ဆိုပြီး ငါတော့ သူ့ကို အတွေ့ခံဖို့သာ စိတ်နလုံး တုံးတုံးချ ထားလိုက်တယ်။ အဲဒီလို တွေ့ဆုံရမှာကို တွေးပြီး စိတ်ထဲမှာ ကြည်နူးသလိုလိုတောင် ဖြစ်နေမိတယ်။ တစ်ခါမှ အလှပြင်ဖို့ အချိန်လည်းမရ၊ စိတ်လည်း မကူးဘူးတဲ့ ငါဟာ အဲဒီညနေမှာတော့ ရေမိုးချိုး၊ သနပ်ခါးလိမ်းပြီး အစွမ်းကုန် အလှပြင်ထား လိုက်မိတယ်။ ဘာဖြစ်လို့ ဒီလို လုပ်နေမိတယ်ဆိုတာ ငါ့ဟာ ငါလည်း မသိပါဘူးအေ။

ညရောက်လို့ သက်ကြီးခေါင်းချ ကြက်လည်းတွန်ရော၊ အမေလည်း တရှူးရှူးနဲ့ အိပ်မောကျနေပါရော။ တစ်နေ့လုံး လက်မချရအောင် အလုပ်လုပ် ရသူမို့ ညရောက်တာနဲ့ တစ်ချက်တည်း မောမောနဲ့ စောစောအိပ်တော့တာ ပေါ့အေ။

အဲဒီအချိန်မှာပဲ မောင်မင်းကြီးသား ရောက်တော်မူလာတာပါပဲအေ။ ငါက အကြံနဲ့မို့ စောစောထဲက အိမ်နောက် တံခါးက တံခါးချက်ကို ဖြုတ်ထားလေတော့ သူလည်း အဲဒီတံခါးကို တွန်းဖွင့်ပြီး အသာကလေး ဝင်လာ တာပေါ့အေ။ သူ့ဒူးတွေဟာ တဆတ်ဆတ်တုန်နေသလို၊ ငါ့ရင်ထဲမှာလည်း တဒိတ်ဒိတ်

ခုန်နေတယ်။ အမေ နီးမှာကိုပဲ ကြောက်လို့လား၊ ကိုယ့်အချင်းချင်းပဲ ပြန်လန့်နေလို့လား၊ ဒါမှ မဟုတ် ကိုယ့်လိပ်ပြာပဲ ကိုယ် မလုံကြလို့လား ဆိုတာကိုတော့ ငါလည်း မပြောတတ်ပေါင် အေ။

တို့နှစ်ယောက်ဟာ ကွဲနေတဲ့ ရက်အတွင်းမှာ ဘယ်လို မနေတတ် မထိုင်တတ်ဖြစ်အောင် အောက်မေ့ ရပုံတွေကိုသာ အမေ မနီးအောင် တိုးတိုးကလေး ပြောနေမိကြတယ်။ ဒါပေမဲ့ တို့ရဲ့ အသံဟာ မှုမမှန် ဘူးအေ့။ ကတုန်ကယင်နဲ့ တစ်မျိုးကြီး ဖြစ်နေကြတယ်။

နောက်တော့ ဘယ်လိုက ဘယ်လို ဖြစ်သွားတယ် မသိပါဘူးအေ။ တို့နှစ်ယောက်ဟာ တစ်ဦးနဲ့ တစ်ဦး အားမလို အားမရနဲ့ တအား ပွေ့ဖက်နမ်းရှုပ်မိကြပြီး၊ တစ်အိပ်ရာထဲ အတူယှဉ်တွဲ အိပ်ချလိုက်မိတဲ့အထိ ဖြစ်သွားတော့တာပါပဲ။ ဟိုသီချင်းလိုပေါ့အေ "မချစ်ဘူး.. မကြိုက်ဘူး ... ကကလေး မင့်နဖူး ... ညှင်းဘယ်ကကူး ..." ဆိုတာလို တို့လည်း ရှိုးရှိုးခင်တာပါ ရှိုးရှိုးခင်တာပါနဲ့ပဲ သမီးရည်းစားမက၊ လင်မယားလည်း မကျတဲ့ ဘဝအထိ မရည်ရွယ်ဘဲ ရောက်သွားကြရတာပါပဲ အေ၊ တို့အဖြစ်က မဆန်းလားဟေ့။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၄)

အဲဒီလိုနဲ့ တို့နှစ်ယောက်ရဲ့ အချစ်ဟာ သုံးနှစ်သုံးမိုး ကြာတဲ့အထိ ဘယ်သူမှ မရိပ်မိသေးဘူး။ အနေ အထိုင်ကလည်း ပိရိသကိုးအေ့။ လူမြင်ကွင်းမှာ၊ လူရှေ့သူရှေ့မှာဆိုရင် တို့နှစ်ယောက်ဟာ တစ်ခါမှ မသိဖူး၊ မရင်းနှီးဖူးတဲ့ သူစိမ်းတစ်ရံဆံတွေလို မျက်နှာတည်ကြီး လုပ်ထားကြတာကိုး။ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသလို တို့နှစ်ယောက် ဟန်ဆောင်ကောင်းတာနဲ့ပဲ တို့အပေါ် မသင်္ကာသလို ယုံထင်ကြောင်ထင် ဖြစ်နေတဲ့ အမေတောင်မှ မျက်စိလည် လမ်းမှားပြီး ငါ့အပေါ် ခြောက်ပစ်ကင်းကလေး တစ်ဦးလို ယုံကြည်စိတ်ချနေရာတယ်။

ကံဆိုး မိုးမှောင်ကျတဲ့ နေ့တစ်နေ့ကို ရောက်လာပြန်ပြီအေ့။ တစ်နေ့ နေ့လယ်မှာပေ့ါအေ၊ အမေ အပြင်ထွက် နေတုန်း ငါလည်း မီးဖိုချောင်ထဲဝင်ပြီး သိမ်းစရာရှိတာတွေ သိမ်းဆည်း လုပ်ကိုင်နေတုန်းပဲ၊ မောင်မင်းကြီးသား အတင့်ရဲရဲနဲ့ နေ့ခင်းကြောင်တောင်ကြီးမှာ ဖြုန်းဆို ရောက်လာပါရော အေ့။ နေ့ခင်း ကြောင်တောင်ကြီး ဆိုတော့ လူမိသွားမှာ စိုးရိမ်တာနဲ့ ငါလည်း သူ့ကို အတင်းတွန်းထိုးပြီး နှင်လွှတ် ပါသေးရဲ့၊ ဒါပေမဲ့ သူက မသွားဘဲ ပေကတ်နေတယ်အေ့။ မတွေ့ရတာ ကြာလှပြီမို့ လူလစ်တုန်း ဝင်လာရ တာပါ ဆိုပြီး ဖွတ်ပြော၊ ဖွတ်ဆွဲ လုပ်နေတော့ ငါ့မလည်း မဆွတ်ခင်က ညွတ်ချင်နေသူမို့ ကြာရှည် ငြင်းမနေ နိုင်တော့ဘဲ ချော်လဲ ရောထိုင် လိုက်ရတာပေ့ါအေ။

အတော်ကလေးကြာတော့ အိမ်ရှေ့က ခြေသံကြားသလိုလို ရှိတာနဲ့ ငါလည်း ကွင်းလုံးပုံကျနေတဲ့ ထဘီကို အသာပွေ့ပြီး မီးဖိုချောင်တံခါးက အိမ်ရှေ့ကို ချောင်းအကြည့်၊ အမေကလည်း မီးဖိုချောင်ထဲကို လှမ်းဝင် လာတာနဲ့ ပက်ပင်းပါ သွားတိုး နေပါလေရော။ သူတော့ မီးဖိုချောင်ပေါက ခုန်ချပြီး ကဆုန်ပေါက် အောင် ပြေးတော့တာပေါ့။

အမေလည်း ငါ့ကို တအားဆောင့်ဆွဲပြီး ထုလိုက် ရိုက်လိုက်၊ ပေါင်တွင်းကြောကို ဆွဲလိုက် လုပ်ရုံတွင် မကသေးဘဲ ပါးစပ်ကလည်း "ကမြင်းမ … ဖိုင်းတာမ … ဖွေဆိုးမ" နဲ့ မျိုးစုံအောင် ကျိန်ဆဲ လိုက်သေးတယ်။ ဟို ရုပ်သေးမင်းသမီး ဆိုသွားတဲ့ အတိုင်း -

"မွေးမေလေးတော် သူ စိတ်ဆိုးလို့၊ ဖိုင်းတောင့်ကြီးကို ကိုင်ကာ မိုး၊ ရစ်ကျိုးရယ်နဲ့ ရိုက်လိုက်လေ၊ ကျောသိသိကြေ။ ။ အရင်အစက ငါ မပြောလား၊ သဘောမကျ ဟိုအကောင်နှင့်၊ မီးဖိုချောင်မှာ စုံညီတွေ့၊ ထဘီပွေ့၍ နင်ထွက်လာတာ၊ မြင်ရက်စရာ အပုံကောင်းသပ၊ အကြောင်းမသိ မိဖွေဆိုးရဲ့၊ မိန်းမ ဂုဏ်သိန် အလွန်ညှိုးသတဲ့၊ ဟဲ့ ကမြင်းမ မိဖိုင်းတာရဲ့၊ ဟုတ်တိုင်းကိုသာ နင် မပြောက၊ ငါ သဘောရှိ ငါးဖယ်တေတော၊ မနောဝယ် ဇောတွယ်ငြိပါလို့၊ ကျောသိသိ ကြေတယ် လေလေ"

ဆိုသလိုပေါ့အေ။ ငါ့ကို မေးလို့မရတိုင်း စိတ်ရှိလက်ရှိ ထုလိုက် ရိုက်လိုက်နဲ့ ငါးဖယ်တေ တေလိုက်တာ ငါ့ကျောပြင်ကို သိသိကြေ သွားတာပဲအေ။ ဒါပေမဲ့ ငါကတော့ အမေ မေးလေသမျှ တစ်ခွန်းမှ ပြန်မပြော ဘဲ၊ အမေ ရိုက်သမျှကိုသာ မျက်ရည်စက်လက်နဲ့ ခေါင်းငုံ့ခံခဲ့တယ်။

နောက်တော့ အမေက ငါ့ကို အိမ်မှာမထားတော့ဘဲ တို့အဒေါ်ကြီးများ အိမ်ကို ပို့လိုက်တယ်။ တို့အဒေါ်ကြီးများ အိမ်က ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ နှစ်ထပ်အိမ်ဆိုတော့ တို့အိမ်နဲ့စာရင် ပိုပြီး လုံခြုံနေလို့ သူ ဘယ်နည်းနဲ့မှ

လာတွေ့နိုင်မှာ မဟုတ်ဘူး ဆိုပြီး ပို့လိုက်တာပေါ့အေ။ ပြီးတော့ တို့အဒေါ်ကြီးရဲ့ သား ငါ့မောင် ဝမ်းကွဲများလည်း ရှိနေသေးတော့ ငါ့ကို သူနဲ့ မတွေ့နိုင်အောင် ငါ့မောင်များက စောင့်ရှောက် ထားနိုင်မှာပဲလို့လည်း အမေက ယုံကြည်စိတ်ချတယ် ထင်ပါရဲ့ အေ။

ဘာရမလဲအေ၊ အဲဒီလို ချုပ်ချယ်ထားလေ၊ ပိုပြီး တွေ့ချင်လေ ဖြစ်တတ်တာက ဓမ္မတာကိုးအေ့။ ဒီတော့ ကြံရတာပေါ့။ အဒေါ်ကြီးတို့ အိမ်က သူရင်းငှားကို လာဘ်ထိုးပြီး သူ့ဆီ စာပေးခိုင်းရတာပေါ့။ စာထဲမှာ ငါ အိမ်ပေါ်ထပ်မှာ အိပ်တဲ့အကြောင်း၊ ငါ့အိပ်ရာနံဘေးမှာ ပြတင်းပေါက် တစ်ပေါက် ရှိတဲ့ အကြောင်း၊ အဲဒီပြတင်းပေါက်ကို ငါ အမြဲဖွင့်ထားတဲ့ အကြောင်း၊ အိမ်နံဘေးက တွယ်တက်ပြီး အဲဒီပြတင်းပေါက်ကနေ ဝင်လာရင် ငါ့အိပ်ရာကို တည့်တည့်ကြီး ရောက်နိုင်ကြောင်း၊ စုံလို့ပေါ့အေ။ ညဦးဆိုရင် ငါ့မောင် တွေဟာ တုတ် ဓား ကိုယ်စီနဲ့ အိမ်အောက်က ချောင်းနေတတ်လို့ သတိနဲ့လာဖို့ပါ ထည့်ပြီး ရေးလိုက် သေးတယ်။

စာပေးပြီးလို့ နှစ်ရက်လောက်လည်း ကြာရော၊ ဘဿားချောလည်း ပေါက်လာပါရော။ သူ ရောက်လာတာ ငါတောင် မသိဘူးအေ့။ အစောကြီး ရှိသေးလို့ အိမ်အောက်မှာ ညီအစ်မတစ်တွေ စကား ဝိုင်းဖွဲ့တုန်း သူက အိမ်ပေါ်ထပ် ငါ့ခြင်ထောင်ထဲ ရောက်နေတာကိုးအေ့။ စကားဝိုင်းသိမ်းလို့ အိပ်ရအောင် အိမ်ပေါ်ထပ်ကို တက်လာတော့မှပဲ ငါ့ခြင်ထောင်ထဲမှာ သူ့ကို လာတွေ့နေရတာပဲ။ ကံကောင်းလို့ လန့်ပြီး မအော်မိတယ်အေ။ သူဟာ တစ်ညလုံး ငါနဲ့ အိပ်ပြီး ကြက်ဦးတွန်လောက်မှ ပြန်ဆင်းသွားတယ်။

အဲဒီလိုနဲ့ သူနဲ့ငါဟာ အဆက်မပြတ်ဘဲ လစ်ရင် လစ်သလို အိမ်ပေါ်ထပ် ငါ့အိပ်ရာထဲမှာ တွေ့နိုင် ကြတာပေါ့အေ။ တစ်ခါတလေ သူ အတင့်ရဲလွန်းလို့ ငါ့မှာ အမြဲပဲစောင့်ပြီး သတိပေးနေရတယ်။ အဲဒီလို အတင့်ရဲလွန်းရင် တစ်နေ့နေ့မှာ

ဒုက္ခတွေ့လိမ့်မယ်လို့ ငါ သတိပေးတာတောင်မှ သူက အရေးမကြီးသလို ပြုံးဖြီးဖြီး နဲ့လေ။

ငါ သတိပေးတဲ့အတိုင်း တစ်ညမှာ ဖြစ်လာတာပါပဲအေ။ သူဟာ အိမ်ပေါ်ထပ်ကို အစောကြီး ရောက်လာပြီး ခါတိုင်းလို ငါ့ခြင်ထောင်ထဲ ဝင်မနေဘဲ ပြတင်းပေါက် ပေါင်ပေါ်မှာ တင်ပါးလွှဲ ထိုင်နေတယ်တဲ့အေ။ အိမ်ပေါ်ထပ်ကို ညအိပ်ချိန်ကျမှသာ တို့ညီအစ်မတစ်တွေ တက်အိပ်ကြတာမို့ စောလို့ရှိရင် ဘယ်သူမှ မရှိဘူးအေ့။ ဒီတော့ အိမ်ပေါ်ထပ်မှာ သူတစ်ယောက်တည်း ထင်သလို လုပ်နေနိုင် တာပေါ့အေ။

အိမ်ပေါ်ထပ်ကို အကြိမ်ကြိမ် တက်ချည်ဆင်းချည် လုပ်နေဖူးတော့ သူလည်း ရိုးသွားပြီး ကြောက်ရမှန်းတောင် မသိတော့ဘူးတဲ့ အေ။ လုပ်ပုံက ... လုပ်ပုံက ...။

အဲဒီအခါမှာပဲ ငါ့ညီအစ်မတော် တစ်ဦးက စိတ်လိုလက်ရ ဘုရား ရှိခိုးရအောင်ဆိုပြီး အိမ်ပေါ်ထပ်ကို တက်သွားပါလေရော။ ဘုရားစင်က အိမ်ပေါ်ထပ်မှာ ရှိနေတာကိုးအေ့။ ငါကလည်း အိမ်ပေါ်ထပ်မှာ ရှိနေတာ ကိုးအေ့။ ငါကလည်း အိမ်ပေါ်ထပ်မှာ သူရောက်နေမှန်း မသိတော့ ငါ့ညီအစ်မတော်ကို မတားဆီး လိုက်မိဘူးပေါ့အေ။ လှေကားက နေပြီး အိမ်ပေါ်ထပ်ကို တက်လာတဲ့ ခြေသံကို သူလည်း အကြားသားတဲ့။ ဒါပေမဲ့ ငါ မှတ်လို့ ခြင်ထောင်ထဲ ဝင်မနေဘဲ ပြတင်းပေါက် ပေါင်ပေါ်မှာသာ အေးအေး ဆေးဆေး ထိုင်နေတယ်တဲ့။ ကောင်းရော မဟုတ်လားလို့။

ခဏလည်း ကြာရော၊ "အမယ်လေး" ဆိုတဲ့ ငါ့ညီအစ်မတော်ရဲ့ အော်သံကို ကြားလိုက်ရပြီး "လူ လူ လူ" ဆိုတဲ့ နောက်ဆက်တွဲ အော်သံဟာလည်း လုံးထွေးပြီး ထွက်လာတယ်။ ငါ့ရင်ထဲမှာတော့ "ဒိတ်" ခနဲ ဖြစ်သွား တယ်လေ။ သွေးပြောသလို သူပဲဆိုတာ ချက်ချင်းပဲ သိလိုက်ပါရဲ့။

ငှါအစ်မတော်ရဲ့ အော်သံကိုလည်း ကြားရော သူလည်း လူမှားပြီဆိုတာ သိသွားပြီး ကြောက်အား လန့်အားနဲ့ ပြတင်းပေါက်ပေါင်ပေါ်က နေပြီး မြေကြီးပေါ်ကို ခုန်ချလိုက်တယ်တဲ့။ အိမ်ပေါ်ထပ် ပြတင်းပေါက်နဲ့ မြေကြီးဟာ အတော် မြင့်သွားအေ့။ မသေကောင်း မပျောက်ကောင်း ကံကောင်း လို့ပေ့ါအေ။ အကျကောင်းသွားလို့ သူဘာမှမဖြစ်ဘဲ မြေကြီးပေါ်ရောက်တာနဲ့ တစ်ချက်တည်း ထ ပြေးနိုင် ခဲ့တယ်။

အဲဒီအချိန် ငှါမောင်ဖားများလည်း အိမ်ရှေ့မှာ အဆင်သင့် ရှိနေကြလို့ "ဖုန်း" ခနဲ့ အသံကြားတဲ့ဆီကို တုတ်တွေ၊ ဓားတွေဆွဲပြီး အတင်းလိုက်ကြတာ ပေ့ါအေ။ ရှေ့ဆင့်နောက်ဆင့်ကလေး ပြေးတဲ့လူက ပြေး၊ လိုက်တဲ့လူက လိုက်နဲ့ ခွေးဟောင်သံတွေ ရောပြီး ဆူညံသွားတာပဲ။

ငှါမောင်ဖွားများဟာ သူ့အပေါ်မှာ အတော်ကြီး အငြိုးထားနေကြလို့ မိလိုက်ရင်တော့ အရိုးအသားတောင် ရှာတွေ့မှာ မဟုတ်ဘူးလို့ တွေးပြီး ငှါရင်ထဲ သိပ်စိုးရိမ်သွားတာပေ့ါအေ။ ဒါကြောင့် စိန္တေယျကြီး ကယ်ဆယ်တော်မူပါ ဆိုတာက တစ်မျိုး၊ နတ်သိကြားများ ကူညီဝိုင်းလို့ မှိုင်းမတော်မူပါရန် တစ်ဖုံနဲ့ မျိုးစုံအောင် ဆုတောင်းလိုက်ရတာ အမောပါပဲအေ။ ဒါတင် မကျေနပ်သေးလို့ သမ္ဗုဒ္ဓေဂါထာကို ဥုံခံပြီး ရွက်လိုက် ရသေးတယ် အေ့။

တော်ပါသေးရဲ့အေ၊ အတော်ကလေး ကြာတော့ ငှါမောင်တွေ ပြန်ရောက်လာပြီး သူ့ကို မမိလိုက်လို့ တက်တခေါက်ခေါက်နဲ့ မကျေမချမ်း ဖြစ်နေကြတယ်လေ။ သူတို့ မကျေမချမ်း ဖြစ်နေ ကြသလောက် ငှါရင်ထဲမှာတော့ အလုံးကြီးကျပြီး ပေ့ါသွားတော့တယ်။ ငှါမောင့်တွေဟာ သူ့ကို မမိ လိုက်လို့ ငှါကို မဲပြီး "ကမြင်းမလေး ... နင် ကြပ်ကြပ် သတိထားနေလိုက်" လို့လည်း ကြိမ်းလိုက် သေးတယ်အေ့။ ငှါအဖို့ နေရ ထိုင်ရတာ ပိုပြီး ဘေးကျပ်နံကျပ် ဖြစ်ဦးမှာပါပဲအေ။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

(၅)

သူငယ်ချင်းကောင်း ယောက်မတို့တော် ... ငါ့ကိုလေ သူတို့တွေဟာ နည်းနည်းလေးမှ အလစ်မပေး ကြတော့ဘူးအေ့။ ပြီးတော့ ငါ့ကိုလည်း ဒီအတိုင်းထားလို့ မဖြစ်တော့ဘူးဆိုပြီး ရွာထဲက သူတို့ သဘောကျတဲ့ လူတစ်ယောက်နဲ့ ခု လေးငါးဆယ်ရက်အတွင်းမှာ ပေးစားရအောင် စီမံနေကြပြီလေ။ ငါ ဘယ်လို ကြံလို့ ဘယ်လို လုပ်ရပ့ါမလဲ ယောက်မတို့ရယ်။

ချစ်တဲ့သူနဲ့ ကွဲနေရတဲ့ အထဲမှာ တစ်ခါ မချစ်တဲ့ သူနဲ့ ပေါင်းရဦးမယ် ဆိုတော့ သေဖို့သာ ကောင်းတော့တာပေ့ါနော်။ ဒါပေမဲ့ ငါ အားမလျှော့သေးပါဘူး အေ။ သူတို့တွေက အလစ်မပေးလို့ သူ ငါ့ဆီကို မရောက် လာနိုင်ပေမဲ့ သူတို့ နည်းနည်းကလေး လစ်တာနဲ့ တစ်ချက်တည်း သူရှိရာကို ငါ ကိုယ်တိုင် ထွက်ပြေးသွားနိုင်အောင်လို့တော့ ငါ အမြဲ ချောင်းနေလျက်ပါပဲ အေ၊ ချောင်းနေလျက်ပါပဲ။ သူတို့ ကလည်း ငါ့အကြံကို ရိပ်မိ ထင်ပါရဲ့အေ။

ငါ့ကို မျက်ခြည်မပြတ် မခံဘဲ စောင့်ကြည့်နေ ကြတယ်လေ။ ညအိပ်တဲ့အခါ ဆိုရင်လည်း သူတို့ဟာ ငါ မပြေးနိုင်အောင် တစ်ယောက် တစ်လှည့်စီ အလှည့်ကျအိပ်ပြီး ငါ့ကို စောင့်ကြပ်နေကြတာပေ့ါလေ။ ကြည့်သေးတာပေ့ါအေ၊ သူတို့ ဘယ်နှညအထိ မအိပ်မနေ စောင့်နိုင်မလဲ ဆိုတာကို စောင့်ကြည့် ရသေးတာပေ့ါ။

ဘာလိုလိုနဲ့ ငါ့ကို သူတို့ သဘောတူတဲ့ ဟိုလူနဲ့ ပေးစားဖို့ ရက်ဟာလည်း နီးလာပြီအေ့။ ဒီတော့ မဖြစ်ချေဘူးဆိုပြီး ငါလည်း ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော ဟန်လုပ်ပြီး နေထိုင်လိုက်တယ်။ သူတို့ ငါ့ကို စောင့်ထိန်းရာ မှာတော့ နည်းနည်း ပေါ့သွားတယ် အေ့။

အဲဒီညမှာပေါ့အေ၊ ညဦး သန်းခေါင်လောက်အချိန်မှာ ငါ့ ညီအစ်မတော် တစ်ဦးဟာ ငါ့ကို စောင့်ရင်းနဲ့ ငိုက်နေတယ်။ ငိုက်နေရာကပဲ ငါ့ကို စိတ်မချသလို တစ်ချက်တစ်ချက် ဖျတ်ခနဲ ဖျတ်ခနဲ လှမ်းလှမ်း ကြည့်တယ်။ သူ လှမ်းကြည့်တဲ့ အချိန်တိုင်းမှာပဲ ငါလည်း အိပ်မပျော်နေသလို "အင်း အာ" နဲ့လုပ်ပြီး တခေါခေါ ဟောက်နေလိုက်တယ်။ ဒီတော့မှ သူလည်း စိတ်ချသွားပြီး တစ်ခါတည်း အိပ်ပျော်သွား ပါလေရော။

ဟဲ ... ဟဲ ... ဒါဟာ ငါ့အဖို့ အခွင့်ကောင်းပေါ့အေ။ ငါလည်း အိပ်ချင်ယောင် ဆောင်နေရာက အသာထတဲ့ပြီး သူတို့အားလုံး အိပ်ပျော် မပျော်ကို အကဲခတ် ကြည့်လိုက်တယ်။ မိုးကြိုးပစ်ရပါစေရဲ့ တုတ်တုတ်မှ မလှုပ်ဘဲ အိပ်မောကျကုန်ကြပြီလေ။ သူတို့အားလုံး အိပ်ပျက်တာ ဘယ်နည ရှိနေပြီလဲလို့။

အချိန်ကို နည်းနည်းကလေးမှ မဖြုန်းဝံ့ဘဲ ခြေဖျားထောက်ပြီး နောက်ဖေးပေါက်ကို အသာကလေး ထွက်ခဲ့တယ်။ ဇာတ်သမားအခေါ် ဆိုရင်တော့ ချွတ်နင်းပြီး လျှောက်ခဲ့တာပေါ့အေ။ ဒါပေမဲ့ ငါ့ခြေထောက်ကို ဖော့ပြီး နင်းချလိုက်တဲ့ ပျဉ်းပြားတိုင်းဟာ "ဟောဒီမှာဖျို့ ... လူ ... လူ" လို့ ထပြီး အော်နေသလိုလို မှတ်ထင်ရလောက်အောင်ပဲ၊ ငါ့စိတ်ဟာ ချောက်ချားနေတယ်။ ငါ့နလုံးသားဟာလည်း တဒုန်းဒုန်းနဲ့ ခပ်ပြင်းပြင်း ခပ်မြန်မြန် ခုန်နေကြတယ်။ ငါ့တစ်သက်မှာတော့ ဒါဟာ အကြီးကျယ်ဆုံး စွန့်စားခန်းပေါ့ အေ။

နောက်ဖေးတံခါးကို ဖွင့်ပြီး မြေကြီးပေါ် ဆင်းလိုက်တာနဲ့ တစ်ချက်တည်း ဘာမှ မမြင်ရတော့ဘူး။ လမထွက်လို့ မှောင်မည်း နေတာပေါ့အေ။ ခါတိုင်းလို ညမျိုးသာဆိုရင် ရွှေကို တင်းလိုက် ခြင်ပေးမယ် ဆိုတောင် ဒီလို မှောင်မည်းမည်းထဲမှာ ငါ လမ်းထွက်လျှောက်ရဲမှာ မဟုတ်ဘူး။ အခုတော့ ကိုယ်ရေးကြုံတော့ သက်လုံ ကောင်းရမှာမို့ ကြောက်မနေနိုင်ဘူးပေါ့ အေ။ ငါလည်း ငါ့ချစ်သူ ညတိုင်း အိပ်တတ်တဲ့ သူ့အဒေါ်ရဲ့ စပါးစည့်ကို မှန်းပြီး လျှောက်ခဲ့တယ်။ မှောင်ကြီးထဲမှာ ငါတစ်ယောက်တည်း လျှောက်နေရပေမယ့် ဘာကိုမှ ကြောက်ရမှန်းလည်းမသိ၊ သူ့ကို အမြန်ဆုံး တွေ့ဖို့ ဇောတစ်ခုတည်း ငါ့မှာ ရှိနေတယ် အေ့။

အဆင်သင့်ပဲ၊ သူ့အဒေါ်များရဲ့ စပါးစည့်ထဲက စပါးပုံပေါ်မှာ ဖျာခင်းပြီး အိပ်နေတဲ့ သူ့ကို တွေ့ရတယ်။ သူ့ကို အတင်းလှုပ်နှိုးပြီး ငါ အိမ်က ထွက်ပြေးလာတဲ့ အကြောင်း ပြောပြလိုက်ရတယ်။

အို ... သူ သိပ်ဝမ်းသာသွားတယ်အေ့ ... သိလား၊ သူ့စိတ်ထဲမှာ သူနဲ့ ငါဟာ ဒီတစ်ခါတော့ ကွဲကြပြီလို့ တွေးပြီး စိတ်လျှော့ထားလိုက်တယ်တဲ့။ ကဲ ... ကောင်းကြသေးရဲ့လားအေ။ ယောကျ်ားရင့်မကြီး တစ်ယောက်လုံး လုပ်နေပြီး ဒီအထိ ဖျင်းတာအေ့။ ငါသာ စွန့်ပြီး ထွက်မလာဘဲ သူ့ကိုသာ အားကိုးနေမိရင် ငါတော့ ရေတိမ်တိမ်မှာ လှေမငြိမ်လို့ နစ်သလို နစ်ရောပေါ့အေ။ ငါ သူ့ကို လောပေးလိုက်တာနဲ့ သူလည်း အိပ်ရာက လူးလဲထပြီး သူ့ သူငယ်ချင်း တစ်ယောက်ကို သွားခေါ်တယ်။ ပြီးတော့ သူ့အဒေါ်ရဲ့ လှည်းနဲ့ နွားကိုတပ်ပြီး ရွာထဲက ခပ်မြန်မြန် မောင်းထွက်ခဲ့ ကြတယ်။ တို့ရွာနဲ့ မနီးမဝေးက ရွာကလေး တစ်ရွာမှာ သူ့ အဒေါ်များရဲ့ လယ်တဲနဲ့ ဥယျာဉ်ကလေး ရှိနေတယ်လေ။ အဲဒီမှာ ခေတ္တခိုနေရအောင်လို့ အဲဒီကို မောင်းလာကြတာပေါ့ အေ။

တို့ရွာရဲ့ နယ်နိမိတ်ကလည်း လွတ်ကရော၊ ငါရဲ့ စိုးရိမ်ကြောက်လန့် စိတ်တွေဟာ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားပြီး ပျော်သလိုလိုတောင်

အဖြစ်လာတယ်။ ခုလို ညကြီးသန်းခေါင်မှာ လှည်းစီးပြီး ခရီးထွက်လာရတဲ့ အဖြစ်ကို တွေးမိတော့ … ဟိုတုန်းက ဘယ်ရွာမှာ ပွဲရှိတယ်ပေ့ ဆိုရင် အဖော်အပေါင်းတွေစုပြီး လှည်းတစ်စီးနဲ့ ပွဲကြည့်သွားခဲ့တဲ့ အဖြစ်ပေါင်းတွေကို ငါ သွားတွေးမိတယ်။ သူ့အဒေါ်ရဲ့ လယ်တဲဥယျာဉ်ကလေးကို ရောက်တော့ ကြက်ဦးတောင် တွန်ပြီအေ့။

~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~

(၆)

ပထမဆုံး မိဘအရိပ်အောက်က ခွဲထွက်ပြီး ကိုယ့်လင်နဲ့ လွတ်လွတ်လပ်လပ် နေရတဲ့အခါဆိုတော့ ပျော်လို့မဆုံး တပြုံးပြုံးပေါ့အေ။ တို့နေရတဲ့ နေရာကလေးကို ကြည့်ဦးမလား။ လယ်တဲသာဆိုရ သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားတဲ့ တစ်ထပ်အိမ် မြင့်မြင့်ကလေးပဲအေ့။ အဲဒီ လယ်တဲကို ပတ်ဝိုင်း ပြီး ပြုစုပျိုးထောင် ထားတဲ့ ဥယျာဉ်ခြံမြေထဲမှာ ဆိုရင်လည်း သရက်၊ မရန်း၊ သြဇာ၊ ပိန္နဲ၊ ရှောက်၊ သံပုရာပင် တွေဆိုတာ မျိုးစုံလို့ပေါ့။ အပြိုင်အဆိုင်ရှိုင်း သန်စွမ်းနေပြီး အပွင့်လိုက်၊ အပွက်လိုက်၊ အခဲလိုက် သီးနေလိုက် တာတွေဟာ အားရစရာကြီးပါ အေ။

မနက် ဝေလီဝေလင်းဆိုရင် အဲဒီ သစ်ပင်တွေပေါ်က သပိတ်လွယ်ငှက်ကလေးရဲ့ တွတ်တီးတွတ်တာ ပလီပလာ စကားသံကလေးကို ကြားရတာ ကြည်နူးစရာပါပဲအေ။ နေ့ခင်း နေ့လယ် ဆိုရင်တော့ လက်ပံပင်ပေါ်မှာ ရန်ဖြစ်နေကြတဲ့ ဆက်ရက်အုပ်ရဲ့ ဆူဆူညံညံ အသံတွေကို ကြားရ တာကတော့ နားငြီး စရာကြီး ပေါ့အေ။ အဲ ညနေစောင်းလာပြီဆိုမှဖြင့် စိတ်ရှည် လက်ရှည် ကူခွဲနေတဲ့ ချိုးကူသံကလေးကို ကြားရပြန်တော့ ရေချမ်းအိုး ပိုက်ထားရသလို စိတ်နှလုံးကို အေးချမ်းသွားတာပဲ။ စူးရှပေမဲ့ နားဝင်ချိုလှတဲ့ ဥသြ တွန်သံကလေး ကတော့ တို့နှစ်ယောက်ကို အားမငယ်ရအောင် အားပေးယုယ နေသလိုလို။

လယ်တဲပေါ်ကနေပြီး လယ်တဲရှေ့ကို မျှော်ကြည့်လိုက်မယ်ဆိုရင် ဆုံးအံ့မထင်တဲ့ လယ်ကွင်းကြီးထဲမှာ ရှိုးပြတ် ဖွေးဖွေးတွေကိုသာ တစ်မျှော်

တစ်ခေါ်ကြီးတွေ့ရမယ်။ လယ်တဲရဲ့ နောက်ဘက်မှာတော့ အလျားလိုက် စင်းနေတဲ့ ချောင်းရေပြင် ရှိနေတယ်။ ရေမိုးကလည်းနီးလို့ ဘယ်လောက် အဆင်ပြေသလဲ အေ့။ မိုးခေါင်ရေရှား အရပ်မျိုးသာ ဆိုရင်တော့ ငါ စိတ်အပျက်ဆုံး ပါပဲ။

အဲဒီ လယ်တဲနဲ့ ဥယျာဉ်ခြံမြေဟာ သူ့အဒေါ် အပျိုကြီးတစ်ဦးပိုင်ပေါ့အေ။ အခုအချိန်ဟာ လယ်လုပ်ငန်း လုံးဝ ပြီးစီးတဲ့ နွေချိန်ခါမို့ သူ့အဒေါ်ဟာ ရွာထဲကို လယ်ထွက်စပါးတွေ တိုက်သွင်းပြီး ရွာထဲက အိမ်မှာ အငြိမ်းစား နေထိုင်တဲ့ အချိန်ပေါ့။

သူ့အဒေါ် အပျိုကြီးကလည်း သူ့တူကလေးကို အချစ်သားအေ့။ ချစ်ဆို အတိုအထွာ ခိုင်းစရာရှိရင် ဒီတူကလေးကိုပဲ ခိုင်းနေရတာကိုး။ အဲဒီ လယ်တဲနဲ့ ဥယျာဉ်မှာ မင်းတို့ ပျော်သလောက်နေကြ။ စပါးဝမ်းစာ၊ ငါးပိဝမ်းစာလည်း အလုံအလောက် ရှိတယ်၊ ခြံထွက် အသီးအနှံတွေကို မင်းတို့ ရောင်းစားမယ် ဆိုရင်လည်း သုံးမကုန်ပါဘူးဆိုပြီး တို့ကို အပ်သွားတယ်လေ။

သူ့ဘက်က ဆွေဂုဏ် မျိုးဂုဏ်နဲ့ တို့ဘက်က ဆွေဂုဏ် မျိုးဂုဏ်ဟာ ကွာခြားခြင်း မရှိလှဘဲ ဂုဏ်ရည်တူတွေ ဖြစ်ပါလျက်နဲ့ တို့ဘက်က ဘာဖြစ်လို့ သဘောမတူ ရတာလဲလို့ ညည်းတို့က မေးချင်ပေလိမ့်မယ်။ ဂုဏ်ရည်တူတွေ ဖြစ်လို့ လူကြီးချင်း ဂုဏ်တုဂုဏ်ပြိုင် လုပ်ရာက အစ မသင့် မမြတ်ဖြစ်ကြလို့ ပေါ့အေ။ ပြီးတော့ သူ့အဒေါ်နဲ့ တို့အဒေါ်က စီးပွားရေး ပြိုင်ဖက်တွေမို့ တစောင်းစေးနဲ့ မျက်စေ့လို မတည့်ကြဘူးပေါ့အေ။ သူ့အဒေါ် အပျိုကြီးကတော့ ဒါလောက် မဟုတ်ရှာပါဘူးအေ။ တို့အဒေါ်များ ဘက်ကသာ ငါတကော ကောကြတာပါ။ တို့အဒေါ်က သဘောမတူဘူးဆိုရင် စီးပွားရေးမှာ အဒေကို မှီခိုနေရလို့ တို့အဒေါ်ရဲ့ သြဇာကိုသာ နာခံနေရတဲ့ အမေကလည်း သဘော မတူဘူး ဖြစ်လာရတာပေါ့ အေ။

ဘယ်သူတွေ သဘောမတူ တူ၊ တို့နှစ်ယောက် သဘောတူရင် ပြီးတမ်းမို့ တို့နှစ်ယောက်ကတော့ ပျော်တယ်လေ။ ဝမ်းစာစပါးကို မောင်းနဲ့ထောင်း၊ ဆန်ဖွပ်ပြီး ချက်စားတယ်။ ငါးဟင်းစားလိုရင် ငါးမျှားတံ တစ်ချောင်းနဲ့ ကမ်းနားဆင်းပြီး ငါးမျှားတယ်။ တစ်ခါတလေ သူ့ဘက်က အပေါင်းအသင်းတွေ သတင်း လာမေးရင် ပျော်ပွဲစားချင်တယ်ဆိုရင် လယ်တဲမှာ မွေးထားတဲ့ ကြက် ဘဲ တွေကို သတ်ပြီး ချက်စား ကြတယ်။ ငါးပိချက်နဲ့ အဖက်တို့စရာ လိုချင်ရင် ဥယျာဉ်ခြံမြေထဲမှာ ရနိုင်တယ်။ မီးဆိုက်ဖို့ ထင်းလိုရင် ဥယျာဉ်ထဲက သစ်ကိုင်းခြောက်တွေကို လိုက်ချင်တယ်။ ဟင်းချက်ဖို့ ဆီလိုရင် ဟိုဘက်ကမ်းက အင်းထဲမှာ ငါးသွားခုတ်ပြီး ငါးဆီ ချက်ယူတယ်။ သုံးဖို့ငွေလိုရင် ဥယျာဉ်ခြံမြေထဲက အသီးအနှံတွေ ခူးရောင်းတယ်။ ကိုင်း ... ဘာများ ပူစရာရှိသလဲ၊ မပူပေါင်။

သူ့အဒေါ်ရဲ ဥယျာဉ်မှာ နေပေမဲ့ အငြိမ်းစား မနေပါဘူး။ လုပ်စရာ ရှိတာတွေကိုလည်း ကျုံးပြီး လုပ်ပေးတာပါပဲ။ ဥယျာဉ်ကို ပျိုးထောင်တယ်။ မြေတောင် မြှောက်စရာရှိတာ မြေတောင်မြှောက်ပေးတယ်။ ခြံထဲက ပေါင်းပင် မြက်ပင်တွေကိုလည်း ရှင်းပေးတယ်။ လယ်တဲ ဘေးက နွားခြံထဲမှာရှိတဲ့ နွားတွေကို ထိန်းကျောင်း ပေးတယ်။ မွေးထားတဲ့ ကြက် ဘဲတွေကိုလည်း တိုးပွားအောင် ဂရုတစိုက် မွေးမြူပေးတယ်။ မွေးထဲက အလုပ် လုပ်လာခဲ့ ရသူတွေမို့ ဒီလို လုပ်ပေးရတာ ပင်ပန်းတယ်လို့ မထင်မိပါဘူး။ စိတ်တိုင်းကျ လုပ်ရလို့ ပျော်တောင် ပျော်သေး။

ဒါပေမဲ့ ဒီလိုပျော်ရတဲ့ ရက်ဟာ မကြပါဘူးအေ။ မကြာမီမှာပဲ လွမ်းခန်းနဲ့လာတိုးရတာပဲ။ ဖြစ်ပုံများတော့ ပြောပဲ မပြောချင်တော့ပါဘူး အေ။

တစ်နေ့မှာပေါ့၊ မနက်ဘက် တို့နှစ်ယောက် ဥယျာဉ်ထဲမှာ လုပ်စရာ ရှိတာတွေလုပ်ပြီး ကမ်းနားမှာ ရေဆင်းချိုးကြတယ်။ ပြီးတော့ လယ်တဲပေါ် တက်ပြီး ထမင်းလက်ဆုံစားပြီးလို့ လက်ဖက်ရည်ကြမ်း ဝိုင်းမှာ နှစ်ယောက်သား

စကားတပြောပြောနဲ့ ပျော်နေကြတုန်းမှာပေါ့။ ပြုန်းဆို ငါ့အမေရယ်၊ အဒေါ်ရယ်၊ ငါ့မောင်တွေရယ် တဲပေါ်ကို တက်လာတယ်။ သူတို့နဲ့အတူ လူမိုက် ထွန်းစိန်လည်း ပါလာတယ်။ အဆင်မှာတော့ လူမိုက်ထွန်းစိန်ကို ငွေပေးပြီး ငှားလာကြတယ် ထင်ပါရဲ့။

တို့နှစ်ယောက် အံ့သြသင့်ပြီး ငိုင်နေတုန်းမှာပဲ လူမိုက် ထွန်းစိန်က ငါ့လက်ကို အတင်းဝင်ဆွဲပြီး လယ်တဲ အောက်ကို ဆွဲချတယ်။ အမေတို့၊ အဒေါ်တို့ကလည်း ဝိုင်းကူပြီး ဆွဲချလို့ တဲအောက်ကို ငါလည်း တရွတ်တိုက်ပြီး ပါလာရတယ်။ လယ်တဲအောက်ကို ရောက်တော့ လူမိုက်ထွန်းစိန်က သူ့လက်ထဲက ဓားကို ဝင့်ပြီး "မဆိုင်သူ မကပ်နဲ့၊ ခေါင်းပြတ်သွားမယ်" လို့ ကြိမ်းလိုက်တယ်။

ငါ့ချစ်သူကို လှမ်းကြည့်လိုက်တော့ သူဟာ မျက်လုံးကလေး အကြောင်သားနဲ့ ငိုင်နေတယ်။ အို … သူ့ကို ကြည့်ရတာ ယောကျ်ား မဟုတ်သလို အားမရစရာကြီးပါအေ။

တကယ်ဆိုရင် ယောကျ်ားပီပီ ဒေါ်နဲ့ မာန်နဲ့ ထတဲ့ပြီး "ခင်ဗျားတို့ ကျုပ်မိန်းမကို မထိကြနဲ့၊ ခုလွှတ်၊ မလွှတ်ရင် အကြောင်းသိသွားမယ်" ဘာညာဆိုပြီး လက်ရုံးလက်မောင်း တန်းလိုက်ပါလား။ ဒီနေရာမှာ သေရေး၊ ရှင်ရေးပဲဟာ၊ ဘယ်သူ့ကို ကြောက်နေရမှာတုံး။ အခုတော့ ဒီလို မဟုတ်ပေါင် အေ၊ ကြောက်သလို လိုရွံ့သလိုလို ကုပ်ချောင်းချောင်း ငေးငိုင်ငိုင်နဲ့ ဘိန်းခုနစ်ရက်လောက် မစားရတဲ့ ဘိန်းစား ကလေးလိုပဲ။ သူ့နေရာမှာ သူသာ မဟုတ်ဘဲ ငါသာ ဆိုရင်လား တစ်ခါတည်း အသက်ချင်း လဲပစ် လိုက်ပါရဲ့ …. အဟုတ်ပဲ။

ငါလည်း စိတ်ထွက်ထွက်နဲ့ အတင်းဆောင့်ရုန်းတာ မရတော့ လူမိုက်ထွန်းစိန်ရဲ့ လက်ကို တအားကိုက်ဆွဲလိုက်တာပေါ့။ ဒီတော့ ငါ့မောင်တွေ

ကပါ ဝင်လာပြီး အတင်း ဝင်ဆွဲကြတာနဲ့ တစ်ယောက်နဲ့ အများ အားချင်းမမျှလို့ သူတို့ နောက်ကို ပါလာခဲ့ရတယ်။ အိမ်ကိုရောက်တော့ ငါ့ကို ဝိုင်းပြီး ထုကြ ရိုက်ကြတာ ဖွတ်ဖွတ်ကို ကြေသွားတာပဲအေ။ အမေဆိုတာ အသည်းဆုံးပေါ့၊ ငါ့တစ်ကိုယ်လုံး ရစရာ တောင် မရှိပါဘူးအေ။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

(၇)

သူငယ်ချင်းကောင်း ယောက်မတို့တော် ။

ငါ့ကို မွေးတဲ့ အမေဖျက်လို့ ချစ်တဲ့ သူနဲ့ ကွဲခဲ့ရပြီ။ တစ်ခါတလေ သူ့ကို တွေ့ချင်လွန်းလို့ မျှော်မိပေမဲ့ အမေက အလစ်မပေးတော့ မတွေ့ရပါဘူး ကောင်မရယ်။ အမေက အိမ်ဝင်းခြံကို ဆူးတွေ အထပ်ထပ် ကာရံပိတ်ဆို့ပြီး ခြံဝင်းထဲမှာ "ရန်လုံ" ဆိုတဲ့ အင်းခွေးကြီးကို အမြဲ လွှတ်ထားလေတော့ သူ့ခမျာလည်း ခါတိုင်းလို ငါရှိရာကို အလစ်ဝင်မလာရဲဘူး ထင်ပါရဲ့အေ။ ငါ့မောင်ဖွားတွေ ဆိုတာကလည်း ဓားလက်နက် ကိုယ်စီနဲ့ ခြံဝင်းထဲမှာ မပြတ် ကင်းလှည့်နေကြလို့ သူနဲ့ငါ တွေ့ဖို့ဖြင့် အဝေးကြီး ဝေးကြရပြီ။ မျက်ခမ်းတွေ ဆိုတာ တဆတ်ဆတ်လှုပ်ပြီး အိပ်မက်ရာမက်တွေကလည်း မကောင်းဘူးအေ့။ ဒါကြောင့် ဒီတစ်ခါတော့ သူနဲ့ ငါ တကယ်ပဲ ကွဲကြရပြီ ထင်တယ်အေ။ ဟို "ဗလကြိုင်" ဇာတ်လာကတုန်းက ပြသွားဖူးတဲ့ ကိန္နရာမကလေးလိုသာ ငါ့မှာ အတောင်ရှိရင်လား တစ်ခါတည်း ငါ့ချစ်သူ ရှိရာကို အရောက် ပျံသန်း သွားပါရဲ့။

ငါ့ကျောပြင်ကို လှန်ပြီး ကြည့်ကြပါဦးအေ။ ဒဏ်ရာတွေ ဒဏ်ရာတွေ ဆိုတာ အရှိုးချင်းထပ်ပြီး ဖူးဖူး ရောင်လို့ပေါ့။ ပေါင်ကို လှန်ကြည့်လိုက်ဦးမလား၊ ပေါင်တွင်းကြောကို လိမ်ဆွဲထားလို့ ညိုလို့ မည်းလို့လေ။ ငါတော့ နေ့ရှိသရွေ့ ဟို ရုပ်သေးမင်းသမီး ဆိုသွားဖူးတဲ့ သီချင်းကိုသာ ဆိုဆို ဆိုဆိုပြီး ငိုလို့ ငိုလို့သာ နေမိတယ်အေ့။ အဲဒီ သီချင်းကတော့ -

"မွေးမေလေးတော် သူ စိတ်ဆိုးလို့၊ ပိုင်းတောင့်ကြီးကို ကိုင်ကာ မိုး၊ ရစ်ကျိုးရယ်နဲ့ ရိုက်လိုက်လေ၊ ကျောသိသိကြေ။ ။ အရင်အစက ငါ မပြောလား၊ သဘောမကျ ဟိုအကောင်နှင့်၊ မီးဖိုချောင်မှာ စုံညီတွေ့၊ ထဘီပွေ့၍ နင်ထွက်လာတာ၊ မြင်ရက်စရာ အပုံကောင်းသပ၊ အကြောင်းမသိ မိဖွဲ့ဆိုးရဲ့၊ မိန်းမဂုဏ်သိန် အလွန်ညှိုးသတဲ့၊ ဟဲ့ ကမြင်းမ မိပိုင်းတာရဲ့၊ ဟုတ်တိုင်းကိုသာ နင် မပြောက၊ ငါ သဘောရှိ ငါးဖယ်တေတော၊ မနှောဝယ် ဇောတွယ်ပြီပါလို့၊ ကျောသိသိ ကြေတယ် လေလေ"

# ပုထုဇ္ဇနော ဥမ္မတ္တကော

## (၁)

အထက်အညာဒေသရှိ မြို့ကလေးတစ်မြို့မှ ပွဲရုံတစ်ရုံအတွင်း ဧည့်ခန်းအဖြစ် သတ်မှတ် ဖွဲ့စည်းထားသော စားပွဲရှည်တစ်လုံး နံဘေးမှ ကုလားထိုင်တစ်ခုထက်တွင် ထိုင်ကာ ကျွန်တော်သည် လက်ဖက်ရည်ကြမ်းကို သောက်နေသည်။ ပွဲရုံရှေ့ရှိ မြေကွက်လပ်တွင်မူ ကွမ်းရွာဆေးပို အလုံးသုံး ဆယ်ခန့်သည် စီရရီဖြင့် ညီညာစွာ ရှိနေကြသည်။ ပွဲစားကြးသည် သူ့လက်အောက် လုပ်သားများဖြင့် ထိုဆေးပိုများကို ပြုပြင်နေသည်။ ပွဲကတော်ကမူ အိပ်ခန်းတွင်းမှ ထွက်မလာသေး။

ကျွန်တော် ထိုင်နေသော စားပွဲနှင့် မနီးမဝေးတွင် ပွဲစားကြီး၏ စာရေးစားပွဲ ရှိသည်။ ပွဲစားကြီးသည် စာရင်းကိုင် မထားဘဲ ထိုစားပွဲတွင် သူကိုယ်တိုင် စာရင်းများကို ရေးမှတ်သည်။ ထိုစားပွဲ နံဘေးရှိ နံရံတွင် အကွက်အသား ကောင်းလှသော ဆေးရွက်ကြီးတစ်ရွက်ကို မှန်ပေါင်သွင်းကာ အမြတ်တနိုး ဆွဲချိတ် ထားသည်။ ထို ဆေးရွက်ကြီး၏ နံဘေးတွင် ရေဒီယိုတစ်လုံးကို တပ်ဆင်ထားသည်။

အချိန်မှာ နံနက်ခင်းဖြစ်၍ အရောင်းအဝယ် မဖွင့်သေးသည့်အတွက် ပွဲရုံတွင် ခြောက်ကပ် တိတ်ဆိတ် နေသည်။ ကျွန်တော်သည် ပျင်းပျင်းရှိလှသဖြင့် ဆေးပိုများကို စဉ်းစားနေမိသည်။ ကျွန်တော် ဤမြို့ကလေးသို့ ကုန်ရောင်းရောက်ခဲ့သည်မှာ ၁၀ ရက်ခန့် ကြာရှိပြီဖြစ်၍ ပွဲစားကြီး၏ အကြောင်းကို အတော်အတန်ပင် စုံစမ်းသိရှိပြီးလေပြီ။

သူကား "ဆေးဝိဇ္ဇာ" ဟု နာမည်ကျော်ကြားနေသော ပွဲစားကြီးတစ်ဦးပင် ဖြစ်ပါသည်။ ဆေးဝိဇ္ဇာဟု ဆိုလိုက်၍ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာ အစရှိကုန်သော ဝိဇ္ဇာအပေါင်းနှင့် ဆက်စပ်စဉ်းစားယူလိုက် လျှင်တော့ တက်တက်စင်အောင်ပင် လွဲမှားသွားပေမည်။ သူ့အား ဆေးဝိဇ္ဇာဟု ဘွဲ့ထူးပေး ထားကြခြင်းမှာ သူသည် ကွမ်းရာဆေး၊ သစ်ထောင့်ဆေး စသော ဆေးများနှင့် ပတ်သက်၍ တစ်ဖက်ကမ်းခပ်အောင် ကျွမ်းကျင် တတ်မြောက်ထား သောကြောင့် ဟု ဆိုကြပါသည်။

ဤအတွက်နှင့် ပတ်သက်၍လည်း သူက မကြာခဏ ဂုဏ်ယူဝင့်ဝါ တတ်ပါသည်။ အကယ်၍ ကုန်သည် တစ်ဦးသည် သူက ဝယ်ယူရန် တိုက်တွန်း နေသော ဆေးပိုကို "မှားများ သွားမလား" ဟူသော သံသယဖြင့် ဝယ်ယူရန် မဝံ့မရဲ ဖြစ်နေလျှင် သူက "အို ... ကျုပ် ပြောတဲ့အတိုင်း ဝယ်သာ ဝယ်လိုက် စမ်းပါဗျ၊ ဒီလို ဆေးအစမျိုးနဲ့ ဒီဈေးမျိုးဆိုရင် ဘယ်တော့မှ မမှား နိုင်ပါဘူးဗျ။ ကျုပ်ပြောရင် ယုံပါ၊ ကျုပ်က ဆေးနဲ့ ပတ်သက်လာရင် အရည်ကျိုသောက်လာတဲ့ အကောင်ပါဗျ" ဟု ပြောဆို တိုက်တွန်းတတ်ပါသည်။

သို့သော် ကုန်သည်များအဖို့ ဆိုလျှင်လည်း သူ၏ ဤသို့ အရည်ကျိုသောက်လာသည်အထိ ကျွမ်းကျင် နေမှုကြောင့်ပင် ပို၍ မဝယ်ယူရဲဘဲ ရှိနေတတ်ပါသည်။ အကြောင်းမူကား အရောင်းအဝယ် ဖြစ်မှသာလျှင် ဝယ်သူ့ ဘက်ကရော ရောင်းသူထံမှပါ နှစ်ဖက်ပွဲခကို ရရှိမည် ဖြစ်၍၊ အရောင်းအဝယ် ဖြစ်နိုင်ရန်အတွက် သူ တတ်ကျွမ်းနားလည်ထားသော ဆေးနှင့်ပတ်သက်သမျှ အထွေထွေ ဗဟုသုတကို အသုံးပြု၍၊ မကောင်းကို အကောင်းလုပ် ပြောရာ၌လည်း ပါရဂူမြောက်လှပေ သောကြောင့်တည်း။

အကယ်၍ ဝယ်ယူမည့်သူက မဝယ်ယူလိုသောကြောင့် ဖြစ်စေ၊ တတ်ယောင်ကား လုပ်လို၍ဖြစ်စေ၊ သူ ဝယ်ယူရန် တိုက်တွန်းသောဆေးကို

အပြစ်အနာကလေးများ ဖော်ပြ ပြောဆိုမိပါက သူသည် ပြင်းထန်စွာ ချေပ ပြောဆိုတတ်ပါသည်။

"အောင်မာ ... ခင်ဗျားတို့က ခုမှ ဆေးအရောင်းအဝယ် လုပ်မယ် ကြံတာပါဗျ၊ ကျုပ်က ငယ်စဉ်ထဲက ဆေးကြားထဲမှာ ကြီးလာတဲ့ကောင်ပါ။ ဆေး ကောင်းမကောင်း ဆေးပိုကို ဖြဲခွဲပြီး ကြည့်မနေရဘဲ ဆေးပိုနံဘေးက လက်တစ်ဝါး သာသာလောက် လှပ်ပစ်ပြီး ဆေးခေါင်းကို ကြည့်လိုက်တာနဲ့ ဒီဆေးရဲ့ အကြီးအသေး၊ အညံ့ အကောင်း အမျိုးအစားနဲ့ ဘယ်နယ်က ထွက်တဲ့ဆေး ဆိုတာ တပ်အပ်ပြောပြနိုင်တဲ့ အကောင်ဗျ" ဟု တုံ့ပြန် ပြောဆိုတတ်ပါသည်။ မှန်သည်၊ သူကား ဆေးနှင့် ပတ်သက်လာလျှင် "နီးတူး" ဟု စွဲမှတ် ထားသူဖြစ်ရာ၊ သူ့ထက် တတ်သိသလိုလိုနှင့် ဆင်ခြေတက်လာသော အကြောင်းပြချက်များကို သူ လုံးဝ လက်မခံနိုင်ပါ။

ဤသို့ ဆေးဝိဇ္ဇာ ဟူသော ဘွဲ့ထူးကို ခံယူထားသော်လည်း သူ့ပွဲရုံမှာ ဆေးတစ်မျိုးတည်းကိုသာ လက်ခံရောင်းဝယ်ခြင်း ပြုသည်ဟူသော အဓိပ္ပာယ် ကိုတော့ မသက်ရောက်ပါ။ ထန်းလျက်၊ မန်ကျည်း၊ ဆီ စသော အညာကုန်များနှင့် ဆန်၊ ဆား၊ ငါးပိ၊ ငါးခြောက် စသော အောက်ကုန်များကိုလည်း လက်ခံရောင်းဝယ် ပေးပါသည်။ သို့သော် ဆေးကိုသာလျှင် အဓိကထား၍ ရောင်းဝယ်ခြင်း ပြုကာ၊ အခြားကုန်များကို အရံသဘောဖြင့် သာမညမျှသာ ရောင်းဝယ်ခြင်းမပြုပါသည်။

သူကား ဤသို့ ပွဲစားအလုပ်မျှသာမက ကုန်သည်လည်း လုပ်လိုက်ပါ သေးသည်။ သူကား တောနယ်မှ ကိုင်းသမားမိတ်ဆွေ ပေါများသူဖြစ်ရာ၊ ထိုကိုင်းသမားများထံမှ ရောင်းချပေးရန် ပွဲရုံသို့ တင်ပို့ အပ်နှံထားသော ဆေးပိုများကို ငွေမချေရဘဲ အကြွေးသဘောဖြင့် ဈေးဖြတ်သိမ်းယူ၍ ရန်ကုန်သို့ တင်ပို့ ရောင်းချတတ်ပါသည်။ ရောင်း၍ရသမျှ ငွေများကို အပြန်တွင် ကုန်ဝယ်လာခဲ့ပြီး သူ့ပွဲရုံ၌ တင်ကာ ရောင်းချပြန်ပါသည်။ ဤနည်းအားဖြင့်

ဤငွေများကို အသုံးပြုကာ အတန်ကြာ အောင်ပင် ရင်းနီးရောင်းဝယ်ပြီးမှ ကိုင်းသမားများသို့ ပြန်လည် ပေးဆပ်တတ်သည်။ ဤသို့ လုရည်လည်မှု ကြောင့်လည်း တစ်နှစ်တစ်နှစ် သူ့ဝင်ငွေမှာ မနည်းလှပါ။

ဤသို့ ကိုင်းသမားများထံမှ ဆေးပိုများကို ရန်ကုန်သို့ တင်ပို့ ရောင်းချရာ၌ သူ တတ်ကျွမ်းသော ဝိဇ္ဇာပညာကို အသုံးပြုနိုင်သည့်အတွက် သူ့အမြတ်ငွေမှာ ပို၍ ပို၍သာ ရလာပြန်ပါသည်။ ကိုင်းသမား လက်ထွက် ဆေးများမှာ ဆေးမျိုးကောင်းဆိုလျှင် ဆေးမျိုးကောင်းသန့်သန့်၊ ဆေးလက် ဆိုလျှင် ဆေးလတ် သန့်သန့်ဖြင့် သူ့အမျိုးအစားနှင့်သူ၊ သူ့အရွယ်အစားနှင့်သူ ရှိးသား သန့်စင်စွာဖြင့် တစ်ပိုစီ ခွဲခြား ထည့်သိုထားသည်။ ဈေးမှာလည်း ဆေးကိုလိုက်၍ သူ့ဈေးနှင့်သူ ခွဲခြားရောင်းချလိုက်သည်။ ဒါကို သူက ဆေးလတ်နှင့် ဆေးမျိုးညံ့များ ပျောက်ကွက်သွား၍၊ အားလုံး ဆေးကြီးနှင့် ဆေးမျိုးကောင်း ချည်းအဖြစ် ပြောင်းလဲလာအောင် သူ၏ ဝိဇ္ဇာပညာဖြင့် ရောစပ် မွှေနှောက် ပစ်လိုက်နိုင်သောကြောင့် အမြတ်မှာ ပိုလာရခြင်းဖြစ်သည်။

ရောစပ်ပုံမှာ ပိုလွတ်တစ်လုံးထဲတွင် ဆေးမျိုးညံ့ တစ်ကိုင် ထည့်ပြီးလျှင် အပေါ်မှ ဆေးမျိုးကောင်း တစ်ကိုင်ဖြင့် သိုသိပ်ပိပြားစွာ ဖုံးအုပ်လိုက်သည်။ ဆေးလတ်တစ်ကိုင် ထည့်လျှင်လည်း အပေါ်မှ ဆေးကြီး တစ်ကိုင်ဖြင့် သိုသိပ် ပိပြားစွာ ဖုံးအုပ်လိုက်ပြန်ပါသည်။ ပိုပြည့်သွားသော အခါတွင် ဆေးမျိုး ညံ့နှင့် ဆေးလတ်မှာ ပျောက်ကွယ်သွား၍ အားလုံး ဆေးမျိုးကောင်းနှင့် ဆေးကြီး အဖြစ်သာ အမြင်လှ နေတော့သည်။ လွန်စွာ ကျွမ်းကျင်သော ကုန်သည် မဟုတ်လျှင် ရောစပ်ထားမှန်းမသိဘဲ မျက်စိမှားကာ ဆေးမျိုးကောင်းနှင့် ဆေးကြီးဈေးပေး၍ ဝယ်သွားရတတ်သည်။

ဤနည်းအားဖြင့် သူသည် ဝယ်ရာ၌ ဆေးမျိုးညံ့နှင့် ဆေးလက်ကို ဈေးချိုချိုဖြင့် ဝယ်ရသော်လည်း၊ ရောင်းရာတွင်မူကား အားလုံး ဆေးမျိုး ကောင်းနှင့် ဆေးကြီးအဖြစ် ဈေးကောင်း ရောင်းလိုက် ရသည်ဖြစ်ရာ၊ သူ၏

အမြတ်ငွေမှာလည်း အဆမတန် ပိုလာတော့သည်။ ဤသည်ပင်လျှင် ဆေးဝိဇ္ဇာအဖြစ် သူဂုဏ်ယူနေသော ပဥ္စလက်အတတ်နှင့် အောက်လမ်းပညာ ဖြစ်သည်။ သို့သော် ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် ကိုယ် အမြတ်ရဖို့သာ အဓိက မဟုတ်လား။

ကျွန်တော်တို့ ပွဲစားကြီးမှာ ဤသို့သော ပွဲစားကြီးမျိုးဖြစ်ပါသည်။ သူသည် ဤသို့သော ညဏ်နီ ညဏ်နက်၊ ညဏ်ကလိမ်ချို၊ တစ်နပ်စားညဏ်၊ ပေါ်ကြော့ညဏ်မျိုးကို နေရာတကာ၌ လွှာ၍ အသုံး ပြုတတ် သည်ဖြစ်ရာ ကျွန်တော့်မှာ သူ့အား မလစ်သော မျက်စိဖြင့် အကဲခတ် လေ့လာနေရပါသည်။ ကျွန်တော်တို့လို တစ်ရပ်တစ်နယ်မှ ကုန်ရောင်း ရောက်သူများအဖို့ မြို့ခံပွဲ စားက မကောင်း၍ ပွဲစား သတ်လျှင် သေတတ်သည်ဖြစ်ရာ၊ ကျွန်တော့်မှာ သူ့ကို မျက်ခြည်ပြတ် မခံဘဲ စောင့်ကြပ် လေ့လာနေရ ပါသည်။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

## (၂)

ပွဲကတော်သည် ခရီးဝေးသွားမည့်ဟန်ဖြင့် ဖြီးလိမ်းဝတ်စားကာ ထွက်လာပေပြီ။ သူ၏ အသက်မှာ သုံးဆယ်ကျော်၍ လေးဆယ်နားသို့ပင် ချဉ်းကပ်နေပေပြီ။ နဖူးရေနှင့် ပါးရေကလေးများပင် တွန့်စ ပြုနေပါပြီ။ သူ၏ မျက်လုံးအစုံမှာလည်း တောက်ပ ပူနွေးသော ရောင်ခြည်မျှင်များ ယှက်သန်း ကွန့်မြူးခြင်း မရှိဘဲ၊ လူသေ့ မျက်လုံးလို အေးတိအေးစက်နှင့် ထိုင်းမှိုင်း ငြိမ်ဝပ်သည့်အသွင်ကို ဆောင်နေသည်။ ဆွဲငင်ညို့မြူသော မျက်လုံးမျိုး မဟုတ်၊ တွန်းကန် မောင်းနှင်သော မျက်လုံး။ သည်မျက်လုံးက သူ၏ အလှသည် ကုန်ခန်းခဲ့ပြီဖြစ်၍ သူ့၌ တောက်ပသော မျှော်လင့်ချက်များလည်း ခြောက်ခန်း ကုန်ပြီ ဖြစ်ကြောင်း ဖော်ပြနေသည်။

တစ်ခါတစ်ရံတွင် ပွဲကတော်၏ မျက်လုံးအရောင်သည် ပြောင်းလဲ သွားတတ်သည်ကို ကျွန်တော် သတိပြုမိသည်။ ဆွေးရိပ်သန်းနေသည့် မှိုင်းညို့ရီဝေနေသော မျက်လုံးအရောင်မျိုးသို့ ပြောင်းလဲ သွားတတ်ခြင်းပင် ဖြစ်ပါသည်။ ထိုအချိန်တွင် သူ၏ မျက်နှာမှာလည်း ပူပုံပန်း ဟန်မူရာမျိုးသို့ ပြောင်းလဲသွားတတ်သည်။ တစ်နေရာရာကို ငေးစိုက်ကာ တွေးကွက်တစ်ခုတွင် နစ်မျောနေသလို ငြိမ်သက်နေတတ်သည်။

ထို့ကြောင့် ကျွန်တော်သည် ပွဲစားကြီးကို စိတ်ဝင်စားစွာ လေ့လာ နေသလို ပွဲကတော်ကိုလည်း မသိမသာ လေ့လာနေခဲ့ပါသည်။ သို့သော် ကျွန်တော် လေ့လာနေဆဲမှာပင် တစ်နေ့ ပွဲစားကြီး မရှိခိုက် ပွဲကတော်သည်

ငိုကြီးချက်မနှင့် သူ၏ ရင်တွင်း၌ ခံစားနေရသော ဝေဒနာကို ကျွန်တော့်အား ဖွင့်အန် ပါတော့သည်။ ဤတွင်မှ ကျွန်တော် သိလိုသော အဖြေများလည်း ဘွားခနဲ ပေါ်လာပါတော့သည်။ ပွဲစားကြီးမှာ အပျော်အပါး အားကြီးသည်ဟု ဆို၏။

အထူးသဖြင့် မိန်းမ လိုက်စားရန် ဝါသနာထုံသည်ဟု ဆိုပါသည်။ ဈေးသူများ၊ အောက်အရပ်မှ ကုန်ရောင်း ရောက်လာတတ်သည့် မိန်းမများထဲတွင် သူ့အပျော်မယားများမှာ လက်ညှိုးထိုး မလွဲဟုလည်း ဆိုသည်။ ပွဲကတော်၏ မိဘဘက်မှ ရရှိသော အမွေပစ္စည်းနှင့် ပွဲရုံမှ အမြတ်ငွေများမှာလည်း ဤမှာဘက်တွင်သာ သုံးဖြုန်းပစ်လိုက်သဖြင့် နှစ်ချုပ် စာရင်းရှင်းလိုက်သော အခါတွင် လက်ကျန်ငွေဟူ၍ မရှိတော့ဘဲ ကြွေးပတ်လည် ဝိုင်းနေတော့ကြောင်း၊ ပြောမရ ဆိုမရ၍ လက်ပိုက်ပြီး ကြည့်နေရကြောင်း စုံတကာ့ကို စေ့သွား ပါတော့သည်။

ဈေးသူများမှာ သူ့ပွဲရုံမှ ကုန်စည်များကို "ခေါက်ပြန်ချေ" သဘောမျိုးဖြင့် အကြွေးယူရောင်းကြ ရသည်။ သူသည် ဤဈေးသူများအား အကြွေးပေးရာ၌ များစွာ ရက်ရော၏။ အကယ်၍ သူ မျက်စိကျ သော မိန်းကလေး ဆိုလျှင် ပို၍ပင် ရက်ရော၏။ အနမြောမရှိ၊ မတွန့်တို၊ မငြိုငြင်။

"ယူရောင်းပါ၊ ရောင်းပြီးမှ ပေးတာပေါ့၊ အို ... မချောင်လယ်သေး ရင်လည်း နေဦးလေ။ ဩ ... ဈေးရောင်းလို့ကလည်း မကောင်း၊ ကုန်ကလည်း ရှုံးတာနဲ့ ငွေရင်းကလေးပါ ပြုတ်သွားပါသလား။ ကိစ္စ မရှိပါ၊ ပွဲစားကြီးက ငွေစိုက်ပြီး ရှင်းလိုက်ပါမည်။ ထပ်ယူပြီး ထပ်သာ ရောင်းပါ၊ ဒီကြားထဲ တခြား ဗာဟီရ အသုံးအတွက် ငွေလိုရင်လည်း ပြောတာပေါ့။ မယ်ညို ပဒုမ္မာနဲ့ နိုင်လွန် အင်္ကျီကလေးများကော မဝတ်ချင်ဘူးလား။ ဘာ ... ဝတ်တော့ ဝတ်ချင်ပါရဲ့၊ ငွေအတွက်ကြောင့်မို့သာပါ၊ ဟုတ်လား။ အို ... ငွေ ဘာအရေးလဲ၊ ငွေဆိုတာ ပွဲစားကြီးက ဖြစ်တာပါ၊ ဝယ်သာ ဝတ်၊ ဝယ်သာ ဝတ်"

ကြာတော့ ပွဲစားကြီး၏ စေတနာ ကွန်ရက်အတွင်းဝယ် ကံဆိုးလှသော ဤဈေးသူခများ မလူးသာ မလွန့်သာအောင် အမိခံရမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ ဤကား ဆင်းရဲသော ဈေးသူအချို့အား သူ၏ အပျော်မယားအဖြစ် သိမ်းသွင်းရာ၌ ပွဲစားကြီး ကျင့်သုံးသော နည်းပရိယာယ်ပင် ဖြစ်သည်ဟု ဆိုပါသည်။

သူ့ပွဲရုံသို့ တစ်ရပ်တစ်နယ်မှ ကုန်ရောင်းလာတတ်သော မိန်းမကုန်သည် တစ်ဦးဆိုလျှင်တော့ သူသည် အချိန်အတော်ကြာအောင် အကဲခတ် ကြည့်ရတတ် သည်ဟု ဆိုပါသည်။ အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုများတွင် ဖောက်ပြန်သော အရိပ်အယောင်ကလေးများ အစွန်းအစ ထွက်ပေါ်လာမည် မကြံလေနှင့်။ ၃၇ မင်းကို ပန်းမကိုင်ဘဲကျူးပြီး ဖြစ်နေသော ပွဲစားကြီးက ထိုအချက်ကို အခွင့်ကောင်းယူ၍ ပါးနပ် လိမ္မာစွာ စခန်းသွားပြ လိုက်လိမ့်မည်။ ကုန်ရှုံးလွန်း၍ စိတ်ပျက် လက်ပျက်ဖြစ်ပြီး စိတ်လေနေသော အမူအရာ များကိုလည်း ဖော်မပြလိုက်ပါလေနှင့်။ ပွဲစားကြီး၏ ပရိယာယ် ကွန်ရက် အတွင်းဝယ် "ဒက်" ခနဲ နေအောင် အမိခံရလိမ့်မည်။

သို့သော် တကယ့် ဣန္ဒြေရှင် မိန်းမကုန်သည်အစစ် ဆိုလျှင်တော့ ပွဲစားကြီးသည် လူကြီးလူကောင်း ပီသစွာဖြင့် ရိုးဖြောင့်စွာ ဆက်ဆံတတ်သည်ဟု ဆိုပါသည်။

ကျွန်တော်သည် ပွဲကတော်၏ စကားကို ကြားနာရပြီးနောက် ပွဲကတော် ပေါ်တွင် သက်ညှာ သနားမိသော်လည်း ကျွန်တော်လည်း မည်သို့မျှ တတ်နိုင်သော ကိစ္စမျိုး မဟုတ်သဖြင့် ဆိတ်ဆိတ်ပင် နေလိုက်ရ ပါသည်။ ပွဲကတော်မှာလည်း သူ့ရင်တွင်း၌ ခံစားနေရသော အကျိတ်အခဲများကို ကျွန်တော့်အား ဖွင့်အန်ချပြလိုက် ရပြီးဖြစ်၍ ရင်ထဲမှာ ရှင်းပြီး ပေါ့ပါးသွားဟန်ဖြင့် ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း ပြန်ဖြစ် သွားပါတော့သည်။

စင်စစ် ပွဲကတော် ပြောပြသော အကြောင်းအချက်များသည် ယုံမှားသံသယ ရှိစရာ မလိုအောင် မှန်ကန်သည့် အကြောင်းအချက်များသာ ဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ကျွန်တော်သည် ပွဲစားကြီး၏ စားပွဲ အံဆွဲအတွင်းမှ စာရင်းစာအုပ်များ အောက်တွင် လျှို့ဝှက်စွာ ဖုံးဝှက်ထားသော "လူကြီး ချိုချိုစို့နည်း"၊ "ဃရာဝါသ နိသ္သရည်း"၊ "ကာလီဒါသ၏ ကြာခြည်သဘာဝ" ဟူသော စာအုပ် သုံးအုပ်ကို အမှတ်မထင် တွေ့လိုက်ရပြီး ကတည်းက ပွဲစားကြီး၏ ဝါသနာကို ကျွန်တော်သည် ရိပ်စားမိပြီး ဖြစ်နေပါသည်။

ပွဲစားကြီးသည် လူ့ဘဝကို လေးလေးနက်နက် အဓိပ္ပာယ် ပေးလိုသူ မဟုတ်ပါ။ သူ၏ လူ့ဘဝ အဘိဓမ္မာမှာ ပျော်ပျော်နေ သေခဲဖြစ်သည်။ ဘဝတွင် နေရသည့်အခိုက် ပျော်ပျော်ကြီးနေမည်။ ပျော်စရာများ နောက်သို့သာ တကောက် ကောက် လိုက်မည်။ ပျော်စရာများ နောက်သို့ တကောက် ကောက်လိုက်ရင်း ကာမဂုဏ် တရားသည်သာ ပျော်စရာ ဖြစ်သည်။ လူ့ဘဝဆိုတာ ကာမဂုဏ် တရားကို နည်းအမျိုးမျိုးဖြင့် လိုက်စားခြင်း ဖြစ်သည်ဟူသော အချက်တွင် သွား၍ နိဂုံး ချုပ်သည်။

~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~

(၃)

ပွဲကတော်သည် ကျွန်တော့်အနီးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ကာ ပွဲစားကြီးအား စောင့်ဆိုင်း နေသည်။ ကျွန်တော်က သူ့အား "ဖြီးလို့လိမ်းလို့ ပါလားဗျ၊ ဘယ်သွားမလို့လဲ" ဟု မေးကြည့်ရာ၊ ချောက်မြို့တွင် ကုန်ဖိုးငွေ ရစရာရှိနေ၍ ထိုကုန်ဖိုးငွေကို သွားရောက် တောင်းခံရမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားပါသည်။

ပွဲရုံ ရှေ့တွင် ဆေးပိုများနှင့် အလုပ်များနေဟန်ရှိသော ပွဲစားကြီးသည် ဖြီးလိမ်းဝတ်စားပြီး သူ့ကို စောင့်ဆိုင်း နေသော ပွဲကတော်ကို မြင်လိုက်သဖြင့် ပွဲရုံတွင်းသို့ ဝင်လာကာ ကျွန်တော်တို့အနီးတွင် လာထိုင်၏။ နောက် ပွဲကတော်ကို စူးစမ်းသလို တစ်ချက်မျှ ကြည့်ရှုလိုက်ပြီးနောက် "ဩ ... မင်း သွားဖို့ အသင့်ဖြစ်နေပြီကိုး" ဟု ရွတ်လိုက်၏။

"ဟုတ်လယ်လေ၊ သွားဖို့ အသင့်ပဲ ဖြစ်နေရမှာပေါ့။ ရှင်ကပဲ ဒီနေ့ မသွားရင် မဖြစ်ဘူး၊ ဒီငွေကို ဒီနေ့ ရဖို့ အရေးကြီးတယ်လို့ ဆိုထားတာကိုး"

"ဟုတ်တယ်၊ ဒီငွေကို ဒီနေ့ ရဖို့ အရေးကြီးတယ်"

ပွဲစားကြီးသည် ပွဲကတော်၏ စကားကို သံယောင်လိုက်ကာ ပွဲတင်ထပ်လိုက်ပြီးနောက် ရုတ်တရက် ကျွန်တော့် ဘက်သို့ လှည့်၍ -

"ကဲ ... ခင်ဗျား စဉ်းစားကြည့်စားပါဦးဗျ၊ ကျုပ် အောက်အရပ်ကို ဆေးသွားရောင်းပြီး အပြန်မှာ ပါလာတဲ့ ဆန်နဲ့ ဆားအိတ်တွေဟာ ကျုပ်တို့ မြို့နဲ့ဆိုရင် နည်းနည်းများနေလို့ ချောက်မြို့က သူ့ပွဲရုံမှာ ခွဲပြီး ရောင်းဖို့ အပ်ထားခဲ့တာ ခြောက်လလောက် ရှိသွားပြီဗျ။ အဲဒီ ဆန်နဲ့ဆား ရောင်းလို့ ရတဲ့ ငွေကို ကျုပ်ကို ခုအထိ ရှင်းမပေးသေးဘဲ တစ်ဖက်လှည့်နဲ့ သူ့လုပ်ငန်းထဲမှာ ထည့်ပြီး ရင်းနှီးရောင်းဝယ်နေတယ်ဗျ။ ပွဲစားအချင်းချင်း ဒီလိုလုပ်တာ ဘာကောင်းသလဲ၊ ကျုပ်တော့ သည်းမခံ နိုင်လောက်အောင် ဒေါသ ထွက်ပြီဗျို့"

အမှန်ပင် သူသည် သည်းမခံနိုင်လောက်အောင် ဒေါသထွက်နေဟန် တူပါသည်။ အကြောင်းကို ဆိုသော် သူ့မျက်နှာသည် ချက်ချင်းပင် တင်းမာလာပြီးနောက် အံကိုလည်း တအား ကြိတ်ထားကာ၊ မျက်ထောင့်ကြီး မှာလည်း နီရဲနေသောကြောင့် ဖြစ်ပါသည်။ ဒါကို ပွဲကတော်က ဖျောင်းဖျသော လေသံ ဖြင့် -

"အို ... ဒီလိုလည်း ဒေါသ ရှေ့မထားနဲ့လေ၊ ကိုယ်ယုံကြည်လို့ သူ့ကို ရောင်းခိုင်းမိမှကိုး၊ ဒီတော့ သာယာ ညင်းပျောင်းနဲ့ ဖျောင်းဖျောင်းဖျဖျ ပြောတောင်းရတော့မှာပေါ့။ ကဲလေ ... ဟိုရောက်ရင် ကျုပ် ဘယ်လို ပြောတောင်း ရမယ်ဆိုတာသာ မှာလိုက်ပါ၊ ကျုပ် ရအောင်ကို တောင်းခဲ့မပေါ့"

"ဆန်အိတ်နဲ့ ဆားအိတ်ဖိုးငွေဟာ ရက်ကြာလှပြီမို့ အခု အပြေ ရှင်းပေးပါလို့ပြော။ နေပါဦး ... ဘာ ညာဆိုရင် မနေနိုင်ဘူး၊ ကျွန်မတို့မှာ ငွေအသုံးလိုနေလို့ ဒီနေ့ ရမှဖြစ်မယ်၊ အဲဒီလို ပြောတောင်း၊ လေအေး ကလေးနဲ့ လုပ်မနေနဲ့၊ ခပ်မာမာသာ ပြော။ ဒီကောင်တွေက မတောင်းဘဲနဲ့ ပေးချင်တဲ့ ကောင်တွေ မဟုတ်ဘူး"

ပွဲစားကြီးသည် လက်သီးလက်မောင်းတန်းကာ ဒေါနင့်မာန်နင့် ပြောပြနေသည်။ အကယ်၍ သူ့ငွေ ရစရာ ရှိသော သူသာ ယခုမျက်မှောက်တွင်

ရှိနေခဲ့ပါလျှင် သူသည် မှုန်မှုန်ညက်ညက် ဖြစ်အောင် ချေမှုန်း ပစ်လိုက်မည် မလွဲဟု ထင်မှတ်ရပါသည်။

ပွဲကတော် ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ပွဲစားကြီးသည် လုပ်စရာရှိသော အလုပ်များကို သူ့လက်ထောက်သို့ လွှဲအပ်ကာ ရေချိုးနေတော့၏။ ပြီးနောက်တော့ တောက်ပ သစ်လွင်သော ဝတ်စားတန်ဆာ များဖြင့် ဆင်ယင် ပြုပြင်ထားသော ပွဲစားကြီးအဖြစ်သို့ ပြောင်းလဲ ရောက်ရှိသွားပါပြီ။

ပွဲစားကြီးသည် သူ့စားပွဲမှ ကုလားထိုင်တွင် ထိုင်နေရာမှ တစ်စုံ တစ်ရာကို မျှော်လင့်နေသလို ပွဲရုံ ရှေ့သို့ မကြာခဏ လှမ်းကြည့်တတ်၏။ သူ့ ကြည့်ပုံမှာလည်း အမှတ်မထင် ကြည့်ပုံမျိုး မဟုတ်ဘဲ သူ မျှော်လင့်နေသော တစ်စုံတစ်ယောက်သည် ရောက်ရှိလာပြီလောဟု ဂရုတစိုက် စူးစမ်းကြည့်ရှုပုံမျိုး ဖြစ်၏။

ပွဲကတော် ထွက်ခွာသွားသည့် အချိန်မှစ၍ ဂနာမငြိမ် ဖြစ်နေသော ပွဲစားကြီး၏ အမူအရာမှာ တစ်မျိုးပင် ထူးခြားနေသောကြောင့်၊ ကျွန်တော်သည် ပွဲစားကြီးအား မသိမသာ အကဲခတ်နေမိသည်။ နောက်တစ်ကြိမ် ပွဲစားကြီးသည် ပွဲရုံရှေ့သို့ မျှော်အကြည့်တွင် ကျွန်တော်လည်း သူ ကြည့်ရာသို့ လိုက်ကြည့် မိသည်။ အသက် ၂၀ ခန့် အသားဖြူဖြူ မိန်းမရွယ် တစ်ဦးသည် ပွဲရုံအတွင်းသို့ ဝင်လာ နေသည်ကို ကျွန်တော် မြင်တွေ့ရသည်။ သူ၏ ခြေလှမ်းများကား သွက်လက်ခြင်း မရှိဘဲ ပြစ်မှု ကျူးလွန်ထားသော တရားခံတစ်ဦးသည် တရားသူကြီးနှင့် ဂျူရီလူကြီးများ၏ ရှေ့မှောက်သို့ လျှောက်လာ နေရသလို လေးလံ တွန့်ဆုတ်နေ၏။

"ဩော် ... မလှခင် လာလာ၊ နင့်ကုန်တွေတော့ ရောင်းပြီးပါပြီ၊ မျှင်ငါးပိ နစ်ပုံး သုံးပုံးလောက်ပဲ ကျန် တော့တယ်"

ပွဲစားကြီးသည် ဝမ်းသာအယ်လဲ ဖြစ်သွားသည့် အမူအရာကိုမူ ဟန်ဆောင်ဖုံးဖိ၍ မထားနိုင်ဘဲ၊ အရေးတကြီး မူရာဖြင့် ပွဲရုံဝသို့ ကိုယ်တိုင် ထွက်ကြို၏။ မိန်းမပျိုကား ဘေးဘီကို ကြည့်ရှုခြင်း မရှိဘဲ ရက်သွေးရောင် လျှမ်းနေသော မျက်နှာကလေးကို အောက်သို့ ငုံ့ထားကာ မူမမှန်သော ခြေလှမ်းများဖြင့် ပွဲရုံထဲသို့ ဝင်ရောက်လာသည်။

"နင့် ... မျှင်ငါးပိက နည်းနည်းကြမ်းနေလို့ တစ်ရာ့နှစ်ဆယ် ဈေးနဲ့ ရောင်းထုတ်ပစ် လိုက်တယ်လေ။ တစ်ရာ့ သုံးဆယ်ဈေးရအောင် ဆွဲရောင်း ပါသေးရဲ့၊ ဒါပေမဲ့ အဝယ်က မလိုက်တော့ တစ်ရာ့နှစ် ဆယ့်ဈေးနဲ့ပဲ ရောင်းပစ်လိုက်ရတယ်"

ပွဲစားကြီးက ရွှန်းရွှန်းဝေအောင် ပြောဆိုနေသော်လည်း မိန်းမပျိုကား တစ်ခွန်း တစ်ပါဒမျှ ပြန်ကြား ခြင်းမရှိဘဲ ရက်သွေးရောင် လျှမ်းနေသောမျက်နှာ၊ မလုံမလဲ ဖြစ်နေသော အမူအရာဖြင့် ခေါင်းကလေးကိုသာ အောက်သို့ ငုံ့ထားရှာသည်။

ပွဲစားကြီးကား လူပရိသတ်ရှေ့၌ မိန်းမပျိုအား ကုန်သည်တစ်ဦးအဖြစ် နာမဝိသေသန တပ်ဆင်ကာ သရုပ်ဖော် ပေးနေသော်လည်း သရုပ်မှန် မဟုတ်ဘဲ သရုပ်ပျက်သာ ဖြစ်ကြောင်း မိန်းမပျို၏ အမူအရာအားဖြင့် ဝန်ခံနေသည်။ တကယ့် သရုပ်မှန် မိန်းမတစ်ဦးဆိုလျှင် အမူအရာအားဖြင့် ဖျပ်လတ် သွက်လက် ၍ စကားလည်း ကြွယ်ရမည်။ ပွဲစား တစ်ခွန်းကို သူက နှစ်ခွန်း၊ သုံးခွန်း ရအောင် အလုအယက် ပြောနိုင်ရမည်။ အသံမှာလည်း စာစည်ညံ့နှင့် နားမခံသာအောင် ရှိရမည်။

စကားပြောပုံ ဆိုပုံမှလည်း ခေါင်းညိတ်၊ လက်ကာ၊ ရင်ကလေးကို လှုပ်တဲ့ကာ မျက်စကလေးကို ချီး မျက်လုံးကလေးများကိုတော့ စွေချည်တစ်ခါ၊ စောင်းချည် တစ်လှည့်၊ နှုတ်ခမ်းကိုရွဲ့၍ မဲ့သည့်အခါ မဲ့၊ မေးကလေးကို ရှေ့ထိုး၊

အမျိုးမျိုးဖြင့် သုံးဆယ့်နှစ်ကောဋ္ဌသလုံး လှုပ်ရှားခြင်း ရှိရမည်။ ယခုတော့ တကယ့် သရုပ်မှန်နှင့် ကိုက်ညီခြင်း မရှိဘဲ တေမိဇာတ် ခင်းနေခြင်းက ပွဲစားကြီး၏ သရုပ်ဖော်ချက်သည် သရုပ်ပျက် သာဖြစ်ကြောင်း ထင်ရှားနေသည်။

ကျွန်တော်ကား ပွဲကတော် ထွက်ခွာသွားပြီးနောက်မှ ဂနာမငြိမ် ဖြစ်နေသော ပွဲစားကြီးနှင့်၊ ပွဲကတော် မရှိခိုက်မှ ရောက်ရှိလာသည့် သရုပ်ပျက်နေသော မိန်းမပျိုတို့ကို ဆက်စပ်ကာ ဤသူနှစ် ဦးအပေါ်တွင် ထူးထူးခြားခြား စိတ်ဝင်စားမိပေပြီ။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

## (၄)

မွန်းတည့်နေသည် သဲဆန်သော အညာမြေပေးသို့ ပူပြင်းသော ရောင်ခြည်ကို သွန်းလောင်းပေး နေရာ သဲပွင့်ကလေးများမှာ နေရောင်ဟပ်၍ ဝင်းဝင်းတောက်နေသည်။ တမာပင်နှင့် မန်ကျည်းပင် များ အပေါ်ဝယ် အိပ်ငိုက်နေကြသော ကျီးအချို့၏ "အား ... အား ... အား" ဟူ၍ ပျင်းရိလေးတွဲ့စွာ အော်မြည်နေသံသည် တိတ်ဆိတ်ခြောက်သွေ့သော ရှုခင်းကို အသက်သွင်း ပေးနေသည်။

ဆေးပိုများကို ပြုပြင်လျက်ရှိသော ဆေးအလုပ်သမားများကား မောမောနှင့် ထန်းတောသို့ သွားသူက သွား၊ ထမင်းစား ပြန်သူက ပြန်ကုန်ကြသောကြောင့် ပွဲရုံရှေ့တွင် ခြောက်ကပ်တိတ်ဆိတ်နေ၏။ နေ့လယ်နေ့ခင်းဖြစ်၍လည်း အရောင်းအဝယ် မရှိသောကြောင့် ပွဲရုံတွင်း၌ လူသူကင်းရှင်းကာ ဆိတ်ငြိမ်နေ၏။

ကျွန်တော်သည် ညေ့ခန်းရှိ တန်းလျားထက်တွင် တုံးလုံးလျောင်းကာ "ချားလ်စ် ဒစ်ကင်း" ၏ "အိုလီဗာတွစ်စ်" ဝတ္ထုကို ဖတ်နေသည်။ ဝတ္ထုထဲတွင် ပါဝင်သော "အိုလီဗာတွစ်စ်" ၏ ကြေကွဲဝမ်းနည်းဖွယ် ကောင်းလှသော သနားစဖွယ် ဘဝ။ ခိုကိုးရာကင်းမဲ့သော မိဘမဲ့ ကလေးသူ ငယ်များအား ပြုစုစောင့်ရှောက်ရာ ဌာနဟု အဆိုရှိသော ဘုံအိမ်ကို ကြီးကြပ်အုပ်ချုပ်ရသည့် ဘုတ် အဖွဲ့ဝင် လူကြီးမင်း ဘုရားများ၏ အပြင်ပန်း လှသလောက်

အတွင်းသဘော ပုပ်ပောင်လှပုံကို ခြယ်ရေးရာတွင် များစွာ ထိလှ မိလှသည့်အတွက် ကျွန်တော်၏ စိတ်အာရုံတစ်ခုလုံး စာအုပ်ထဲတွင်သာ စုံးစုံးနစ်မြုပ်နေ၏။

"ဗျို့ ဆရာကြီးရဲ့ ... စာအုပ်ကို စိုက်ကြည့်နေလိုက်တာ မျက်လုံးကို ကျွတ်ကျတော့မယ့်အတိုင်း ပါပဲကလားဗျာ ... လက်ဖက်ရည်ဆိုင် သွားပြီး လက်ဖက်ရည် သောက်ချည်ရအောင်"

စာအုပ်ထဲတွင်သာ ဝင်စားလျက်ရှိသော ကျွန်တော်၏ စိတ်အာရုံတို့သည် အသံက ဆွဲဆောင်လိုက် သဖြင့်၊ ကျွန်တော်သည် စာအုပ်မှ မျက်လုံးကိုခွာကာ အသံရှင်ကို မော်ကြည့်မိ၏။ အခြားသူတော့ မဟုတ်၊ ပွဲစားကြီး၏ လူယုံတော် တစ်ဦးပင် ဖြစ်သည်။

ကျွန်တော် ဤမြို့ကလေးသို့ ကုန်ရောင်း ရောက်ရှိခဲ့သည်မှာ ၁၀ ရက်ခန့်ပင် ကြာရှိလေပြီ။ ဤရက် များအတွင်း သူသည် ကျွန်တော့်အား တစ်ခါဖူးမျှ လက်ဖက်ရည် သောက်ရန် ဖိတ်ကြားခြင်း မရှိခဲ့။ ယခုမှ လက်ဖက်ရည်တိုက်ရန် စေတနာ ပေါ်ပေါက်လာခြင်းမှာ အတော်ပင် ဆန်းနေ သည်။

"နေပါဦးဗျ ... ကျွန်တော် ဒီမြို့ကလေးကို ကုန်ရောင်းရောက်နေတာ ၁၀ ရက်လောက် ရှိနေပြီ။ အဲဒီရက်အတွင်း ခင်ဗျား ကျွန်တော့်ကို တစ်ခါမှ လက်ဖက်ရည် မတိုက်ဖူးဘဲနဲ့ အခုမှ လက်ဖက်ရည် တိုက်ချင်တဲ့ စေတနာ ပေါ်ပေါက် လာတာက အတော့်ကို ထူးဆန်းနေသဗျ"

သူသည် ကျွန်တော့်အား မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီးနောက် လေသံခပ်တိုးတိုးဖြင့် "လက်ဖက် ရည်ဆိုင်ကိုသာ လိုက်ခဲ့ပါဗျာ၊ ဟိုရောက်တော့ ပြောပြပါ့မယ်" ဟု ဆိုသဖြင့် ကျွန်တော်ကလည်း ငြင်းဆန်ခြင်းပြုမနေဘဲ ခပ်အေးအေးပင် ထလိုက်ခဲ့သည်။ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ

သူသည် ငါးကျပ်တန် တစ်ချပ်ကို စားပွဲပေါ်သို့ တင်လိုက်ရင်း "အဟီး ... ပွဲစားကြီးရဲ့ ကောင်းမှုတော်ပေါ့ဗျ ..." ဟု ရွတ်ဆိုလိုက်၏။

ထို့နောက် သူသည် လက်ဖက်ရည်နှစ်ပွဲနှင့် မုန့်များပါ ယူလာခဲ့ရန် ဆိုင်ရှင်အား မှာကြားလိုက်ပြီးနောက်၊ ကျွန်တော့်အား အကျိုးအကြောင်းကို ရှင်းပြနေသည်။

နံနက်က ရောက်လာသော မိန်းမပျိုမှာ ပွဲစားကြီး သရုပ်ဖော်ပေးသလို မိန်းမကုန်သည် တစ်ဦး မဟုတ်ဘဲ ပွဲစားကြီး၏ အပျော်မယားသာလျှင် ဖြစ်ကြောင်း၊ ဤအပျော်မယားနှင့် ပျော်ပါးလို၍ ပွဲကတော်အား ကုန်ဖိုး တောင်းခံရန်ဟု ဆိုကာ ချောက်မြို့သို့ ညဏ်ဆင်ပြီး လွှတ်လိုက်ခြင်း ဖြစ်ကြောင်း၊ ယခု ပျော်ပါးသည့် အချိန်တွင်လည်း ကျွန်တော် ရှိနေပြန်၍ သူ့အား ငွေငါးကျပ် ထုတ်ပေးကာ ကျွန်တော့်အား လက်ဖက်ရည်ဆိုင်သို့ ခေါ်ဆောင်သွားရန် စေခိုင်း သည့်အတွက် ယခုလို ခေါ်လာရခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

လက်ဖက်ရည်နှင့် မုန့်များ ရောက်လာပြီဖြစ်၍ စားသောက်ကြရင်းမှ သူက ဆက်ရန် ရှိနေသေးသော နောက်ဆက်တွဲကို ထပ်မံ၍ ပြောပြနေပြန်၏။ ယခုလို ပွဲကတော်အား ချောက်မြို့သို့ ညဏ် ဆင်လွှတ်ပြီး သူ့အပျော်မယား ကလေးနှင့် ချိန်းတွေ့ကြခြင်းမှာ၊ ရိုးရိုးတန်းတန်း ပျော်ပါးရုံမျှ မဟုတ်ဘဲ နည်းသစ်တစ်မျိုးကို စမ်းသပ်ကြည့်ရန် အတွက်လည်း ဖြစ်သည်ဟုဆို၏။

ပွဲစားကြီး၏ ဝါသနာကို အတွင်းသိ အပြင်သိ ဖြစ်နေသော ရန်ကုန်မှ ကုန်သည်တစ်ဦးက ကုန်ရောင်း လာရောက်ရင်း မဖွယ်မရာ စာအုပ်တစ်အုပ်ကို လက်ဆောင် ပေးသွားသည်ဟုဆို၏။ သူသည် ထိုစာအုပ်ကို လူမြင်ကွင်း၌ မဖတ်ဝံ့သော်လည်း ကွယ်ရာတွင် စေ့စေ့စပ်စပ် ဖတ်ရှုလေ့ လာပြီးနောက်၊ ထိုစာအုပ်ထဲမှ သဘောတရားများကို လက်တွေ့ ကျင့်သုံးလိုသော ဆန္ဒမှာ ချုပ်တည်း မနိုင်အောင် ပြင်းထန်ကြွမောက်လာသည်ဟု ဆိုပါသည်။

ထို့ကြောင့် ပွဲကတော်ကို ချောက်မြို့သို့ ကြွေးတောင်းလွှတ်ကာ သူ့အပျော်မယားကလေးကို ချိန်းတွေ့ခြင်းပင်ဟု နိဂုံးချုပ်ပါလေတော့သည်။ ကျွန်တော်ကတော့ ပြုံးလို့သာ နေမိပါသည်။ "ပုထုဇ္ဇနော ဥမ္မတ္တကော"- ပုထုဇဉ်မှန်သမျှ အရူးချည်းသာဟု စာဆိုရှိသော်လည်း၊ ဤလို ပွဲစားကြီးမျိုးနှင့် ထို့ထက် အဆင့်အတန်းမြင့်သော အထက်တန်းစားများသာ အားလပ်ချိန် များများရသဖြင့် ကြဲကြဲဖန်ဖန် အရူးထနိုင်ကြပါသည်။ ဆင်းရဲသားများမှာမူ ဝမ်းရေးအတွက် နေ့မနား ညမနား အပြေးအလွှား ရှာဖွေကြိုးပမ်း နေကြရသဖြင့် ဤသို့ အရူးမထနိုင်အားကြပါ။ အရူး ထတတ်သော အလေ့အလာများလည်း မရှိကြဖူးပါ။

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်တွင် စကားပြောလိုက်၊ လက်ဖက်ရည် သောက်လိုက်ဖြင့် တစ်နာရီခန့် အချိန်ကြာမြင့်သွားမှ ပွဲစားကြီး လက်ဖက်ရည် ဆိုင်သို့ ရောက်ရှိလာသည်။ သူ့မျက်နှာတွင် ချွေးသီး ချွေးပေါက်များ စို့ရွှဲနေကာ အတော်ပင် နွမ်းနယ် မောပန်းလာပုံရပေသည်။

သူသည် လက်ဖက်ရည်ဆိုင်ရှင်အား "အိုဗာတင်း" တစ်ခွက်မှာလိုက် ပြီးနောက် သူ့လက်ထဲတွင် အသင့်ပါလာသော ကြက်ဥ နှစ်လုံးကိုပါ ပေးအပ် လိုက်ကာ၊ ထိုကြက်ဥကိုပါ ထည့်၍ ဖျော်ခဲ့ရန် အမိန့်ပေးလိုက်သည်။ ကျွန်တော် ကတော့ သူ လုပ်နေပုံကိုသာ တည်ငြိမ်စွာ ကြည့်နေမိသည်။ ကျွန်တော်၏ အကြည့်တွင် စက်ဆုပ် မုန်းတီးခြင်းနှင့် ရွံတချက်ရဲ့ခြင်း အရိပ်အယောင်များ ပါရှိသွား ဟန်တူ၏။ သူသည် ကျွန်တော်၏ အကြည့်တွင် မနေတတ် မထိုင် တတ်နှင့် ရှုံးတိုးရှုံ့တန့် ဖြစ်သွား ပုံရပါသည်။

ကျွန်တော်သည် သူတို့နှင့် စကားဆက်လက် ပြောဆိုရန် ဆန္ဒမရှိတော့ သဖြင့် သူတို့ကို ခွဲခွာကာ ပွဲရုံသို့ ပြန်လာခဲ့၏။ ပွဲရုံတွင် သူ၏ အပျော်မယား ကလေးမှာ မရှိတော့ပေ။ ကျွန်တော်၏ မျက်စိထဲ၌ နေပူကျဲကျဲတွင် အဓိပ္ပာယ် မရှိသော ခရီးကို သွားနေရရှာသော ပွဲကတော်၏ သနားစရာ ရုပ်သွင်ကိုသာ

ထင်မြင်နေသည်။

~~~~~~~~~~~~~~
~~~~~~~~~~~~~~

(၅)

ချစ်စဖွယ် ဆည်းဆာသည် အညာမြေ၏ သရုပ်ဖော် ရှုခင်းကို သူ၏ နီရောင်လွှင်သော စုတ်ချက်ဖြင့် လှပစွာ မှုန်းခြယ်၍ နေပေပြီ။ ဆည်းဆာ၏ အလှနှင့် မဟပ်မိသော အညာလေကတော့ တဟူးဟူး တဝီဝီဖြင့် သောင်းကျန်း တိုက်ခတ် နေပေရာ၊ သဲဆန်သော အညာမြေမှ သဲပွင့်ကလေးများသည် တည်ငြိမ်ရာ မရရှာဘဲ လှုပ်ရှားပျံ့ဝဲ၍ နေကြသည်။ လမ်းသွားလမ်းလာ လူအပေါင်းသည် မျက်စိထဲ သဲဝင်မည် စိုး၍ မျက်နှာရှေ့တွင် လက်ဝါးကာပြီး လျှောက်နေကြရ၏။

ချောက်မြို့သို့ ကုန်ဖိုး သွားတောင်းသော ပွဲကတော်ကား ပြန်လာလေပြီ။ ပွဲရုံဝင်းထဲသို့ ဝင်လာသော ပွဲကတော်၏ မျက်နှာတွင်ကား ဒေါသရောင်သမ်းနေ၍၊ သူ၏ နှုတ်ခမ်းမှာလည်း စူတူတူကလေး ဖြစ်နေ၏။ ပုပြင်းလျှသော ရာသီဥတုဝယ် ခရီးအတော်ပန်းလာခဲ့ ဟန်ဖြင့် သူ၏ မျက်နှာမှာ နွမ်းလျှနေ၏။ သို့သော် ဒေါသက ဆောင်ထား၍ နွမ်းလျှခြင်းမှာ မသိမသာ ညှိုးမှိန်နေ၏။ အလိုက်သိတတ်၍ ပါးနပ်လှသော ပွဲစားကြီးကလည်း ပွဲရုံဝသို့ ကိုယ်တိုင် ထွက်ကြိုကာ -

ကြော် ... မင်း ပြန်လာမှကိုး၊ ဘယ့်နှယ် ... ခရီး အတော်ပန်းလာ မှတ်တယ်၊ ကုန်ဖိုးငွေကော တောင်းလို့ ရခဲ့ရဲ့လား” ဟု စကား အဆက်မပြတ်အောင် လေပြေထိုးနေ၏။

"ရှင် ကျုပ်ကို မြန်မြန်သေအောင်လို့ ညှည်းစရာမရှိ ကြံဖန်ပြီး ညှဥ်းဆဲနေတာ မဟုတ်လားဟင်၊ ပေးစရာရှိတဲ့ ကုန်ဖိုးငွေတွေကို လွှန်ခဲ့တဲ့ တစ်လလောက်ထဲက ရှင့်ကို အပြေရှင်းပေးပြီးပြီ ဆိုပါကလား။ ဒါနဲ့များ ကျုပ်ကို သက်သက် ထပ်လွှတ်တာက ဘာသဘောလဲ ဟင်၊ ပြောစမ်းပါဦး"

ပွဲကတော်ကား ခရီးရောက်မဆိုက်ပင် ကောက်ကာငင်ကာနှင့် ရန်တွေ့နေလေပြီ။ သို့သော် ဤအဖြစ်ကို ကြိုတင် မျှော်လင့်ထား၍ အသင့်ပြင်ဆင်ထားပြီး ဖြစ်နေသော ပွဲစားကြီးလည်း မှင်သေ သေနင့်ပင် -

"နေစမ်းပါဦးဟာ ... ငါ စဥ်းစားပါရစေဦး" ဟု ဆိုလိုက်ကာ စူးစိုက်စွာ စဥ်းစားနေဟန်ဖြင့် မျက်နှာကို အပေါ်မော့၍ မျက်မှောင်ကိုကြုတ်ကာ မျက်လုံးကိုလည်း မှေးထားလိုက်ပါသည်။ အတန်ကြာမှ ပြုန်းခနဲ သတိရလာသလို ဟန်မူရာမျိုးဖြင့် ပါးစပ်ကို ဟ ကာ မျက်ခုံးနှစ်ဖက်ကို အပေါ်သို့ မြှင့်ချီလိုက်ပြီးနောက်၊ မျက်နှာကိုလည်း ကြည်ကြည်လင်လင် ဖြစ်သွားအောင် ပြောင်းလဲပစ်လိုက်ရင်း -

"အေး ... ဟုတ်သားပဲဟ၊ ကြည့်စမ်း ... ငါ မေ့တောင်နေတယ်။ အင်း ... အလုပ်ကလည်းများ၊ အသက်ကလေးကလည်း နည်းနည်းထောက်လာပြီ ဆိုမှဖြင့် တယ်ပြီး မေ့တတ် လျော့တတ်သကိုး"

သူ့အမူအရာမှာ မှင်သေသေနင့် သဘာဝကျလွန်းလှ၍ ပွဲကတော်၏ ဒေါသကလေးမှာ ကြက်ပျောက် ငှက်ပျောက် ပျောက်ရရှာပါပြီ။ ဤတွင် ဒေါသကွယ်ပသွားသော ပွဲကတော်၏ မျက်နှာပြင်ကို ခရီးပန်း၍ နွမ်းလျသော အသွင်က လုံးဝပင် လွှမ်းမိုးလိုက်ပါသည်။

"ငါ့မလည်း လွှတ်ပြီးမှ နောင်တရမိတယ်၊ နေပူထဲ သွားရလို့ ခရီးပန်းပြီး ဖျားများနေမလားဟဲ့၊ ကားလမ်း ဓားပြတွေနဲ့များ သွားတိုးနေမလားဟဲ့နဲ့ တစ်နေ့လုံး ပူလိုက်ရတာ၊ အခုမှပဲ စိတ်အေးရတော့ တယ်။ ကဲ ... ကဲ ...

အေးအေး ဆေးဆေး သွားထိုင်ပြီး အနားယူလိုက်ဦး၊ အနားယူလိုက်ဦး။ ဟော့ ... ဖိုးတုတ်၊ ဈေးနားက ဖျော်ရည်ဆိုင်မှာ "လိုင်းမကြူး" တစ်ခွက်လောက် အမြန်သွားဝယ်စမ်း ... မြန်မြန်ဟော့နော် ... မြန်မြန်"

ဒေါ်သ ကွယ်ပ သွား၍ အထီးတည်း ကျန်ရစ်ခဲ့သော ပွဲကတော်၏ မျက်နှာပြင်မှ ခရီးပန်း၍ နွမ်းလျသော အသွင်ကိုလည်း ပွဲစားကြီးသည် ဤစကားလုံးများဖြင့် အောင်မြင်စွာ ဖယ်ရှားပစ်လိုက် နိုင်ခဲ့ပါပြီ။ ယခုအချိန်တွင် ပွဲကတော်သည် သူ၏ ချစ်လင်က ချောက်မြို့သို့ ထပ်လွှတ်ရုံမျှမက "ဧရက်" တောင်ထိပ်ကို တက်ခိုင်းစေကာမူ အပြေးတက်ရန် အသင့် ရှိနေပါပြီ။ သနားစရာ့ ပွဲကတော်။

ကျွန်တော်သည် ပွဲကတော်ကို စူးစိုက်ကြည့်ရင်း "ပွဲကတော် မရှိခိုက်တွင် ပွဲစားကြီးသည် သူ၏ အပျော်မယားကလေးတစ်ဦးနှင့် ကမြင်းထ နေပါသည်" ဟု ထုတ်ပြောလိုသော ဆန္ဒကို မနည်းပင် မျိုသိပ်ထားလိုက်ရပါသတည်း။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~